www.burmeseclassic.com

ဂန္ဓိဂ

ဓာတ္ဂုဏ်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဘုရားရှင်၏ ခြေရာတော်ငါးထောင် စတင်ထုတ်ဝေသည့်

ဒီဒိုး(နီကွန်) စိစဉ်တည်းဖြတ်သည့်

ဂန္ဓာရ

မဂ္ဂဇင်း

အတြဲပေး
ဦးစိန်မျိုးဖြင့်
ဆရာရန်စအောင်ဟိန်း(B.Sc)

အယ်ဒီတာ
မောင်မောင်လတ်



အမှတ်(၂၃၆)၊ ၂၀၁၅ မတ်လ

၆။ ယောနကဘိုးထောင်
ရွှေတိဂုံ ရွှေသားပုံတူ စေတီတော်

၁၀။ သစ္စာမင်းခေါင်
ဗိုလ်ချုပ်အောင်ဆန်း ထီးတော်တင်လျှုခဲ့သည့်
တွံတေးတူးမြောင်း ညာဘက်ကမ်းက
ဆံတော်ဦး အောင်စေတီတော်

၁၈။ ဗိုလ်တထောင်-ကိုဦး
ဝိတ်ချင်းမြောင် မဟာနန္ဒမူလိဏ်ဂူတော်

၂၄။ ရိရိဌေး
မဲလံဆံတော်ရှင်စေတီတော်နှင့် ကုသိနာရုံအလွှမ်း

၃၀။ စေယျာထက်
အဓိဋ္ဌာန်အောင် မဟာအောင်မြေ

၃၄။ မြင်သာ-သောင်းတင်
ချုံနွယ်ဝိတ်ပေါင်းအတွင်းက
ဆင်စီးမြင်းရံဗုဒ္ဓရုပ်ပွားတော်

၃၈။ ဂန္ဓိရ-ဆရာလှမျိုး(B.Sc)
ကျောက်တန်းမြို့နယ် ညောင်ဝိုင်းရှိ
အဓိဋ္ဌာန်အောင် ကိုးမြို့ရှင်ဘိုးဘိုးကြီး၊
နှမတော် ပုလဲယဉ်နတ်နန်းနှင့် ထူးခြားမှုများ

၄၄။ ကိုရွှေမြသန်း(သမိုင်း)
ကြာမြင့်စွာ တည်နိုင်ခြင်း၏
အထောက်အပံ့တို့ ဝေးလွင့်ခဲ့ရာ

၄၈။ နန္ဒာမောင်(သံဖြူဇရပ်)
အနောက်မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်ကို
တိုးချဲ့ပူဇော်သင့်သော နေရာဌာနများ

၅၂။ ညွန့်တင်(တညောင်၊ ကန်ဆွယ်)
ဘဝတစ်သက်တာ ကျင့်စဉ်တရားများ(၃၂)

၆၀။ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)
အကောင်းနှင့်အဆိုး တွဲစပ်လုပ်သော်လည်း
မိမိအလုပ်အတိုင်း သီးသန့်အကျိုးပေးတတ်သည်

၆၆။ မွှာစရိယ-ဦးစောဝင်း
မစင်စားတဲ့ ကျောင်းရှင်ပြိတ္တာ အင်တာဗျူး

www.burmeseclassic.com

www.burmeseclassic.com

၇၀။ ဓမ္မာစရိယ-သန်းထွန်း
ကျော်ကြားထင်ရှားသော သာမဏေများ(၁)

၇၆။ မောင်မိုးဦး
အကုသိုလ်၏ အကျိုးဆက်များ

၈၁။ ဓမ္မဃောသက-အရှင်ဩဘာသ
ဘဝအတွက် မျှော်လင့်ချက်

၈၄။ ကြည်ဝင်း(ဟင်္သာတ)
ဗဟိုရိစည်ဆရာတော်ဘုရားကြီး ဦးသောဘန

၉၄။ ရွှေတလေး(လွယ်လင်)
ပြည်မြို့ နန္ဒဝန်ဆရာတော် ကယ်တင်လိုက်ရသော
ပြိတ္တာ ဦးဘိုးဟန်

၁၀၀။ အရှင်သူရိယ(မိုးကောင်းကင်)
ဝိဋ္ဌကတ်တော်လာ မှတ်သားဖွယ်ရာများနှင့်
(၄)ဂဏန်း

၁၀၅။ ဦးတင်အောင်(ဘော်ဆိုင်း)
အကြောင်းအကျိုးနှင့် စကား

၁၁၀။ ခေတ္တရာ-ဆရာကျော်
ကိုယ်ကိုယ်တိုင် လေ့ကျင့်ယူရမည့်
စိတ်လေ့ကျင့်ခန်း(၄)ချက်

၁၁၈။ ပုရောဟိတ်-ဆရာဦးမြတ်စံ
ဓေဒါသာကုဂါထာပြန်နှင့် ခွေးရူးရောဂါကုသပုံ

၁၂၃။ မင်းနေထွန်း(ကန့်ဘလူ)
နဝင်းဝိတ်ထား နာမည်များ

၁၂၈။ ဂန္ဓီရ-ဆရာလှမျိုး(B.Sc)
မိတ်ဖြိုက်တက်အင်း၊ နေ့အလိုက် သစ်ပင်စိုက်ခြင်း၊
ခိုက်သင့်,မသင့် သစ်ပင်နှင့် အရပ်များ

၁၂၀။ ခေတ္တရာ-ဆရာကျော်
အောင်မြင်စေရာ ခေါင်းဆေးယဘြာ

၁၂၂။ ဆရာကံထူး(ဝေဒသုဗောသီ)
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၁၂၈။ ဆရာရန်အောင်ဟိန်း(B.Sc)
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လဂ်နှင့် မွန်းတည့်မျဉ်းဖြတ်ဇယား

၁၃၀။ ဆရာရန်အောင်ဟိန်း(B.Sc)
ဂန္ဓီရပရိသတ်မေး၍ ဖြေသည်

၁၃၆။ ဆရာရန်အောင်ဟိန်း(B.Sc)
ကမ္ဘာကျော် ဟာသ,သရုပ်ဆောင်များနှင့်
ကေ.ပီနက္ခတ်ဗေဒင်ပညာ

၁၄၁။ မင်းမဟော်ညွန့်
နက္ခတ်ကောစာ ရက်မြတ်ကောင်းအချိန်အခါ

၁၄၆။ ဟိန်း(ဘူမိ)
သင့်ကိုယ်တွင်းမှ အဆိပ်ဓာတ်ထုတ်ဖို့
ဂျူစ်သောက်ကြစို့

၁၅၀။ ရွှေတိုင်-ခင်မောင်ထွေး
နွယ်မြက်သစ်ပင် ဆေးဖက်ဝင်

www.burmeseclassic.com

www.burmeseclassic.com

၁၅၂။ ဝမ်းဆောင်ဦး(ကူမဲ)
ငါးပါးသီလ မြဲကြသော
မြောက်ကျွန်းသူ,မြောက်ကျွန်းသားတို့အကြောင်း

၁၅၈။ တင်အေးကျော်(အောင်လံ)
တရားကိုစောင့်သော နတ်ဒေဝတာများ

၁၆၆။ ထွန်းတောက်
ဦးကျွဲကြီးနှင့် နွားသူခိုးများ

၁၇၂။ ကောင်းသော်
သရဲကြောက်သူ၏ အဖြစ်ဆန်း

၁၈၀။ ဒါရိုက်တာမျိုးစော်အောင်
ကျွန်ုပ်နှင့် ဝိညာဉ်ကြေးမုံ

၁၈၉။ မောင်လှယဉ်(မော်လမြိုင်)
ယုံကြည်ထိုက်လို့ ယုံရဇာပါ

၁၉၆။ ဂါဦးနွန်းကို
သံလမ်းပေါ်က
သေမင်းတမန်တော်တစ်စု

၂၀၈။ အာကာသ(သာစည်)
သိရှိခက်သား ထင်ယောင်ထင်မှား

၂၁၆။ မရည်မွန်(ကျုံပျော်)
ဝိညာဉ်ပျော်တဲ့ စံအိမ်ကြီး

၂၂၂။ ခိုင်မြအောင်(ခင်ဦး)
ရန်္ဓတစ်ခု၏ လေနှင်ရာခရီး

၂၂၈။ မင်းသန့်ကျော်(စီးကုန်း)
ဂန္ဒ်ရလူခြောက်

၂၃၈။ ကိုမောင်သန်းဇင်း
ဝိညာဉ်ခန္ဓာ နာမ်စားပြု၍

၂၄၄။ ဝင်းသောင်(ရမည်းသင်း)
အမှတ်တမဲ့

၂၅၂။ တင့်ထူး(စေယျဝတီ)
အာဂျစ်သရိုင်းတွင်းက ဖြစ်ရပ်ဆန်းတစ်ခု

၂၅၈။ မျိုးတင့်(ညောင်လေးပင်)
ဆန်းပြားထူးခြား ခေါင်းတလားတိုက်ပွဲ

၂၆၄။ ချစ်ဆိုင်
မသေခင် ကြိုတင်ပြီး တစ္ဆေဖြစ်ရသူ

၂၇၀။ မဟာထွန်း
သရဲတို့၏ ပရိယာယ်

၂၇၆။ ဆန်းဝင်း(အောင်မြေ)
မြေကပေးသော အသက်

၂၈၂။ မင်းဟိန်းထိပ်
တောခြောက်ခြင်းအမျိုးမျိုး(၆)

၂၈၈။ ပုရောဟိတ် ဆရာဦးမြတ်စံ
ကားပေါ်မှာ ပါလာတယ်

၂၉၂။ ကျော်စော(စားကုန်)
မှော်ဝင်ပန်းချီကား

၃၀၀။ ကျော်ကျော်
အိမ်အိုကြီးရဲ့ အထပ်ခိုးထဲမှာ

၃၀၇။ ဂန္ဓီရ-လူမော်
မုဆိုးမကြိုက် တောမကြိုက်

၃၁၂။ အလင်္ကာသူရ
လူသတ်တဲ့ကြိုး

၃၂၂။ ကိုမိုး(ရွှေပြည်သာ)
အနုပညာ မေတ္တာစာ

၃၃၂။ ဒါရိုက်တာမျိုးစော်အောင်
သီချင်းဆိုတဲ့ တစ္ဆေ

၃၃၆။ ကျော်ထက်ထွန်း
ထူးထူးဆန်းဆန်းပုံး



ထုတ်ဝေသူ–ဦးသန်းဦး(မြဲ–၀၃၉၉၇)၊ **ဂန္ဓီရ Logo** – မောင်မောင်အောင်၊ **မျက်နှာဖုံး Graphic** – ဖေဖြိုး
အတွင်းသရုပ်ဖော်–ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်၊ ဝင်းနိုင်ဦး၊ ကျော်စိုးညိန်း
မျက်နှာဖုံးပုံနှိပ်–ဦးမြသိန်း(မြဲ–၀၁၄၂၇)၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်–ဦးကျော်စိုး(မြဲ–၀၄၂၅၀)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
အတွင်းသားဖလင်–STARS ။ **စာအုပ်ချုပ်**–ကိုအောင်ဝင်း။
အယ်ဒီတာအဖွဲ့ရုံး ✱ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၅

www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံရွှေသားပုံတူစေတီတော်

ယောနကာဘိုးထောင်

ရွှေတိဂုံစေတီတော်ကြီးသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျက်သရေဆောင် သာသနိကအဆောက်အအုံကြီးဖြစ်သည်။ မြန်မာစာပေပညာရှင်ကြီးတစ်ဦးက ရွှေတိဂုံစေတီတော်ကို နိုင်ငံတော်မျက်နှာဟူ၍ အမွမ်းတင်ခဲ့သည်။ ရွှေတိဂုံစေတီတော်ကြီး၏ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ ညီညွတ်ခြင်း၊ စည်းလုံးခြင်း၊ တက်ကြွခြင်း၊ သစ်လွင်နုပျိုခြင်း လက္ခဏာများကို မဟာရန်ကုန်ဝန်းကျင်မှ လုပ်သားပြည်သူလူထုအပေါင်းတို့သည် နေ့စဉ်နေ့တိုင်း· ခွန်အားသစ် ရနေကြသည်။ မြန်မာနိုင်ငံ အညာအကြေ အရှေ့၊ အနောက်မှ အခါအခွင့်ရသလို လာရောက်ဖူးမြော်ကြသူတို့ လက်တွေ့ မျက်မြင်ရှိကြသည်။ ကမ္ဘာသူကမ္ဘာသား ရပ်ဝေးမြေခြားနိုင်ငံခြားသားများကလည်း လောကသဘာဝ အနှစ်သာရကို သိကြသည်။ မြန်မာတိုင်းရင်းသား လူမျိုးပေါင်းစုံတို့ကလည်း နားလည်သဘောပေါက်ကြသည်။

BURMESE CLASSIC

ရွှေတိဂုံစေတီတော်မြတ်သည် မြန်မာနိုင်ငံတွင် ကိုးကွယ်ယုံကြည်မှုတစ်ရပ် အမှတ်အသားသာ မဟုတ်ပေ။ မြန်မာ့အားမာန်၊ မြန်မာ့သရုပ်၊ မြန်မာ့ဓလေ့၊ မြန်မာ့ရည်မှန်းချက်၊ မြန်မာ့ပန်းတိုင်၊ မြန်မာ့ဗဟိုချက်၊ မြန်မာ့နလုံးသားကို ဖော်ပြနေသည်ဟု ဆိုထိုက်လှပေသည်။ မြန်မာတို့၏ အနုသုခမ ပန်း(၁၀)မျိုးတို့ အလှပန်းပွင့်ရာ အရပ်ဒေသဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု မဏ္ဍိုင်ရုပ်ပုံလွှာကို ဖွင့်ဆိုရှင်းပြနေသော အလှကမ္ဘာကြီးလည်း မည်ပါသည်။

ရွှေတိဂုံစေတီတော်သည် မြန်မာအမျိုးသား တဖုံသနှင့် ဘလွိုက ကုန်သည်ညီနောင်တို့က မြတ်စွာဘုရားရှင်ထံ ဆံတော်ဓာတ်များကို ပင့်ဆောင်ပူဇော် ဌာပနာထားသော စေတီတော်ဖြစ်သည်။ ကမ္ဘာတွင် ပွင့်တော်မူပြီးသော မြတ်စွာဘုရားရှင်တို့၏ ဓာတ်တော်၊ မွေတော်များ စုဝေးတည်ထားအပ်သော စေတီတော်မြတ်ကြီးဖြစ်သည်။ ခေတ်အဆက်ဆက် မြန်မာရှေးမင်းမြတ်အပေါင်းတို့ ဦးခိုက်ပူဇော်ပြုပြင်တည်ထားခဲ့သော စေတီတော်မြတ်ဖြစ်သည်။ ပွင့်တော်မူပြီးသော မြတ်စွာဘုရားလေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးသည် နေ့ရောညပါ ရွှေရောင်ထိန်လင်းလျက် ရှိပါသည်။

နိုင်ငံတော်အစိုးရသည် (၁၉၈၉)ခုနှစ်မှစတင်ကာ ရွှေတိဂုံစေတီတော် ဝတ္ထုကံမြေအတွင်း၌ (၁) သိဂိုတ္တရဉာဏသျှာဉ်တော် တည်ဆောက်ခြင်း၊ (၂) မဟာဗုဒ္ဓဝင်ပြခန်း တည်ဆောက်ခြင်း၊ (၃) ပြတိုက်ပိဋကတ်တိုက်၊ မော်ကွန်းတိုက် တည်ဆောက်ခြင်း အစရှိသော စီမံကိန်းလုပ်ငန်းကြီး(၃)ရပ်ကို (၁၉၈၉)ခုနှစ်မှ (၁၉၉၂)ခုနှစ်ကာလအတွင်း၌ အကောင်အထည်ဖော်ဆောင်ခဲ့သည်။

ဝတ္ထုကံမြေ အနောက်ဘက်မျက်နှာစာနှင့် တစ်ဆက်တည်းတွင် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်ကြီးကို နိုင်ငံတော်မှ ဦးစီးတည်ဆောက်ခဲ့ပေသည်။ ပြည်သူ့ရင်ပြင်၊ သိဂိုတ္တရဉာဉျာဉ်နှင့် ရွှေတိဂုံစေတီတော်တို့ ကူးသန်းသွားလာရာတွင် အဓိကကျသော အနောက်ဘက်စောင်းတန်းကြီးသည် ရှည်လျားမတ်စောက်သောကြောင့် ဘုရားဖူးပြည်သူများ သက်သာလွယ်ကူစွာ တက်ဆင်းနိုင်စေရန် အနောက်ဘက်စောင်းတန်း၌ စက်လှေကားများ တည်ဆောက်ခြင်း လုပ်ငန်းကြီးကိုပါ ဆောင်ရွက်ခဲ့သည်။ (၁၉၉၅)ခုနှစ်တွင် နိုင်ငံတော်အစိုးရသည် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့်တကွ သာသနိကအဆောက်အအုံ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်စေရန် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ရွှေတိဂုံစေတီတော် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရာ၌ လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျဆောင်ရွက်စေရန် နာယကအဖွဲ့တွင် နိုင်ငံတော်အကြီးအကဲတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ ဦးစီးကော်မတီအောက်တွင် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာ လုပ်ငန်းအလိုက် ဆပ်ကော်မတီ အသီးသီးကို စနစ်တကျ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံမွမ်းမံ တည်ဆောက်ရေးနာယကအဖွဲ့ ဦးစီးကော်မတီသည် (၁၉၉၉)ခုနှစ်၊ ဇူလိုင်လ (၂၅)ရက်နေ့တွင် ရွှေတိဂုံဩဝါဒါစရိယ ဆရာတော်ကြီးများထံ ဩဝါဒခံယူကာ စတင်အစည်းအဝေးအသည်ဖော်ဆောင်ခဲ့သည်။ လုပ်ငန်းကြီး(၃)ရပ်ကို

www.burmeseclassic.com

www.burmeseclassic.com

သော်မှတ်ပြီး ပထမဦးစွာ လုပ်ငန်းကြီး(၁၀)ရပ်ကို ဦးစားပေး စတင်လုပ်ဆောင်ခဲ့သည်။

ထိုလုပ်ငန်းကြီး(၁၀)ရပ် အကောင်အထည်ဖော် လုပ်ဆောင်ခဲ့ပါသည်။

ထိုလုပ်ငန်းကြီးများမှာ-

(၁) စေတီတော်ကြီးအား ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းလုပ်ငန်း၊

(၂) အရှေ့ဘက်စောင်းတန်းကြီးအသစ် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း၊

(၃) တောင်ဘက်စောင်းတန်းကြီး အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း၊

(၄) အရှေ့ဘက် ဓာတ်လှေကားနှစ်စင်း အသစ်တည်ဆောက်ခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်း၊

(၅) တောင်ဘက် ဓာတ်လှေကားနှစ်စင်း အသစ်တည်ဆောက်တပ်ဆင်ခြင်းလုပ်ငန်း၊

(၆) ရင်ပြင်တော်ကျောက်ပြားများ အသစ်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်း၊

(၇) ဂျိုက်တိုင်နှင့် ဆီမီးတင်ခုံများ အသစ်မွမ်းမံ ပြုပြင်ခြင်းလုပ်ငန်း၊

(၈) အနောက်ဘက်စောင်းတန်းရှိ တိုင်လုံးများ မှန်စီရွှေချမွမ်းမံခြင်း၊

(၉) အနောက်ဘက်စောင်းတန်းတွင် နိုင်ငံခြားသားဧည့်သည်များ ခေတ္တနားနေဆောင် တည်ဆောက်ခြင်းလုပ်ငန်း၊

(၁၀) သိဂုံတွာရာဇာဂျာတော် ပြန်လည်မွမ်းမံ တည်ဆောက်ခြင်းလုပ်ငန်းတို့ ဖြစ်ပါသည်။

(၁၉၉၉)ခုနှစ်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို ရွှေထီးတော်သစ် တင်လှူပူဇော်ခြင်းနှင့်အတူ လုံးတော်ပြည့်ကြေးပေါင်းကြေးပြား ကပ်လှူခြင်း၊ ရွှေပြားသင်္ကန်းတော် ကပ်လှူခြင်း၊ ရွှေမျက်ပါးသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းခြင်း စသော အလှူတော်လုပ်ငန်းပေါင်းများစွာကို ဆောင်ရွက်နိုင်ခဲ့သည်။

သက်တမ်း(၁၂၈)နှစ် ကြာမြင့်ခဲ့ပြီဖြစ်သော မင်းတုန်းမင်းတရားကြီး၏ ထီးတော်မှာ လေဒဏ်,မိုးဒဏ် အကြိမ်ကြိမ်ခံခဲ့ရသဖြင့် ပျက်စီးယိုယွင်းမှုများ ရှိခဲ့သည်။ ကြံ့ခိုင်မှုစွမ်းရည် နည်းပါးလာသည်ကို လေ့လာသိရှိရသောအခါ ရွှေတိဂုံစေတီတော်ကြီးကို ထီးတော်အသစ် ပြုလုပ်ပူဇော်ရန် စတင်ဆောင်ရွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွှေတိဂုံစေတီတော်ကြီး ထီးတော်အသစ် တင်လှူနိုင်ရေးအတွက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများထံမှ ညြှဝါဒခံယူလျက် နိုင်ငံတော်မှ ကြီးမှူးု၍ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီများ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့နှင့် ဝန်ထမ်းများ၊ အများပြည်သူအားလုံးက ဦးစားပေး လုပ်ငန်းတစ်ရပ်အနေဖြင့် မိမိကျရာ တာဝန်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြပါသည်။

အသစ်တင်လှူမည့် ထီးတော်ကြီးကို ထာဝရတည်တံ့ခိုင်မြဲရန်အတွက် သက်ဆိုင်ရာ အတတ်ပညာရှင်၊ အသိပညာရှင်များနှင့် ခေတ်မီနည်းပညာများ ပေါင်းစပ်ကာ သံချေးမတက်သည့် သံမဏိသံထည်(Stainless Steel) များဖြင့် ပြုလုပ်ထားသော ထီးတော်သစ်ကြီးကို အများပြည်သူတို့မှ ပါဝင်လှူဒါန်းသော အလှူငွေများ၊ ရတနာရွှေ,ငွေ အစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် တင့်တယ်စွာ တန်ဆာဆင်လျက် ခုံညားထည်ဝါစွာ ပြုလုပ်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ဦးစီးလျက် ပြည်သူတစ်ရပ်လုံး တစ်ခဲနက်ပါဝင်သော ရွှေတိဂုံစေတီတော် ထီးတော်သစ် တင်လှူပွဲကို (၁၉၉၉)ခုနှစ်၊ ဧပြီလ (၄)ရက်နေ့မှ ဧပြီလ (၆)ရက်နေ့အထိ (၃)ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့သည်။ ဗုဒ္ဓဘိသေကအနေကဓာတင် ပူဇော်ပွဲအခမ်းအနားကို (၂၄-၄-၁၉၉၉)ရက်နေ့တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

ယခုအခါတွင်မူ ရွှေတိဂုံစေတီတော်ကြီးမှာ ထီးတော်အသစ်နှင့် ပိုမိုတင့်တယ်လျက် မြန်မာ့ဘုရားဖူးများသာမက ကမ္ဘာအရပ်ရပ်မှ ဘုရားဖူးနိုင်ငံခြားသားများနှင့် နေ့,ည မပြတ် စည်ကားလျက်ရှိပေသည်။ ခေတ်သစ်ပြည်သူလူထုအပေါင်းနှင့် နိုင်ငံတော်လူကြီးများ၏ ကောင်းမှုကုသိုလ်တော် မင်္ဂလာကြီးပင် ဖြစ်တော့၏။

မြန်မာသက္ကရာဇ်(၁၂၃၃)ခုနှစ်၊ ခရစ်နှစ်(၁၈၇၁)ခုနှစ်တွင် မင်းတုန်းမင်း တင်လှူခဲ့သော ထီးတော်ကြီးသည် (၁၉၉၉)ခုနှစ်သို့ ရောက်သောအခါ နှစ်ပေါင်း(၁၂၈)နှစ် သက်တမ်းသို့ ရောက်ရှိခဲ့သည်။ သဘာဝ၏ ဒဏ်ရာဒဏ်ချက်များကြောင့် များစွာဟောင်းနွမ်းပျက်စီးနေပြီဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ရွှေထီးတော်အသစ် တင်လှူခဲ့ပါသည်။

ထီးတော်တင်ရန် ကြိုးပမ်းဆောင်ရွက်နေဆဲကာလ၌ မင်းတုန်းမင်း လှူဒါန်းခဲ့သော ထီးတော်ကြီးသည် အမှန်တကယ်ပင် ဟောင်းနွမ်းပျက်စီးလျက်ရှိသည်ကို အများပြည်သူတို့ အနီးကပ်လေ့လာကြည့်ရှု ကြည်ညိုနိုင်စေရန် ရွှေတိဂုံရင်ပြင် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ (၂၀-၁-၁၉၉၉)ရက်နေ့မှ (၃၁-၃-၁၉၉၉)ရက်နေ့အထိ ထီးတော်ကြီးပြပွဲကို စီစဉ်ဖွင့်လှစ်ပြသခဲ့သည်။

ထိုပြပွဲတွင် ထီးတော်ပေါ်၌ မင်းတုန်းမင်းအပါအဝင် ရှေးယခင် အလှူရှင်ပေါင်းများစွာတို့ လှူဒါန်းထားခဲ့သော ရွှေစင်ရွှေသားများ၊ လက်ဝတ်ရတနာမျိုးစုံ၊ ရွှေဆည်းလည်း၊ ငွေဆည်းလည်းမျိုးစုံ စသည့်ထီးတော်ပေါ်ရှိ ပစ္စည်းအားလုံးကို အပိုင်းကဏ္ဍခွဲ၍ ပြသခဲ့သည်။ ထီးတော်အဟောင်း၏ ပျက်စီးချို့ယွင်းမှု အခြေအနေများနှင့်အတူ ရွှေတိဂုံစေတီတော်၏ သမိုင်းဝင်ဓာတ်ပုံများကိုပါ ခင်းကျင်းပြသထားခဲ့သည်။ ထိုပြပွဲ၌ ထီးတော်ဟောင်းအစား အသစ်တင်လှူမည့် Stainless Steel ဖြင့် ပြုလုပ်ထားသော ထီးတော်အစိတ်အပိုင်းများကိုလည်း ပြီးစီးသမျှ၊ ဆောင်ရွက်နေသမျှ အခြေအနေများကို အများပြည်သူတို့ကို ပြသထားခဲ့ပါသည်။

ဘုရားဖူးပြည်သူများသည် ရွှေတိဂုံစေတီတော်၏ ဟောင်းနွမ်းပျက်စီးနေသော ထီးတော်ကြီးနှင့်အတူ အသစ်တင်လှူမည့် ထီးတော်အစိတ်အပိုင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါ ကြည်ညိုသဒ္ဓါစိတ်များ ပေါ်ပေါက်လာကာ ငွေအသပြာများကိုသာမက အဖိုးတန်လက်ဝတ်ရတနာပေါင်းများစွာကို လှူဒါန်းခဲ့ကြပါသည်။ (၂၀-၁-၁၉၉၉)ရက်နေ့မှ (၃၁-၃-၁၉၉၉)ရက်နေ့အထိ ကာလအတွင်း၌ အလှူငွေကျပ်ပေါင်း(၅၆၈၈)သိန်း၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ(၄၅၇၃)၊ လက်ဝတ်ရတနာပစ္စည်းအမျိုးပေါင်း(၆၇၈၆၈)အထိ လှူဒါန်းခဲ့ကြပါသည်။

ရွှေတိဂုံစေတီတော်၌ ရွှေထီးတော်သစ်ကြီး တင်လှူပြီးနောက် မင်းတုန်းမင်းတင်လှူခဲ့သော ထီးတော်ဟောင်းကြီး၏ အစိတ်အပိုင်းအားလုံးကို စနစ်တကျစုစည်းပြီး မူလပုံသဏ္ဌာန်ပေါ်လွင်စေရန် ဆက်စပ်တပ်ဆင်ကာ နောင်တွင် အများပြည်သူတို့ အနီးကပ်ဖူးတွေ့နိုင်ရန် ထီးတော်စေတီတည်ဆောက်လျက် ထည့်သွင်းပြသထားပါသည်။ ထီးတော် ပုံစေတီကို (၁၇-၄-၁၉၉၉)ရက်နေ့တွင် ပန္နက်တင်မင်္ဂလာ အခမ်းအနားပြုလုပ်သည်။ (၁၉-၄-၁၉၉၉)ရက်နေ့တွင် ရတနာအုတ်မြစ်တော်စိမင်္ဂလာအခမ်းအနား ခြုံလုပ်

www.burmeseclassic.com

www.burmeseclassic.com

သည်။ (၂၉-၅-၁၉၉၉)ရက်နေ့တွင် မူလဌာပနာမဂ်လာ အခမ်းအနား ကျင်းပပြုလုပ်ခဲ့သည်။ (၂၄-၁၁-၁၉၉၉)ရက်နေ့တွင် ကြာကလပ်တင်မဂ်လာအခမ်းအနား ပြုလုပ်သည်။ (၆-၁၂-၁၉၉၉)ရက်နေ့တွင် ပန်းလည်တိုင်စိုက်ထူပွဲမဂ်လာအခမ်းအနား ပြုလုပ်သည်။ (၂၂-၁၂-၁၉၉၉)ရက်နေ့တွင်မူ ထီးတော်တင်ပွဲ၊ အထက်ဌာပနာမဂ်လာနှင့် ဗုဒ္ဓါဘိသေကဂ်လာအခမ်းအနားများ ကျင်းပလျက် မြန်မာရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ စနစ်တကျ တည်ဆောက်ခဲ့သည်။

အထူးသဖြင့် ထီးတော့်ပုံစေတီတွင် မင်းတုန်းမင်း၏ ထီးတော်ကြီးနှင့်အတူ အောက်ခံအဖြစ် ထည့်သွင်းပြသထားသော ကြာကလပ်တော်ကြီးသည် (၀.၆)တန်အလေးချိန်ရှိပါသည်။ ရွှေတိုက်စေတီတော်ကြီး၏ အထွတ်ဌက်ပျောဖူးထိပ်တွင် အမှန်တကယ်ရှိနေသော မူလကြာကလပ်တော်ကြီးနှင့် ပုံစံတူ၊ အရွယ်တူ ပြုလုပ်သွန်းလောင်းထားခြင်းဖြစ်သည်။ အများပြည်သူများ အနီးကပ်ဖူးတွေ့နိုင်ရန် စီစဉ်ပြုလုပ် ပြသပူဇော်ထားခြင်း ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရမှ ရွှေတိုက်စေတီတော်၊ ရွှေထီးတော်သစ်တင်လှူသောကာလတွင် ရွှေထီးတော်သစ်တင်လှူခြင်းအထိမ်းအမှတ် အလှူတော်အနေဖြင့် နိုင်ငံတော်မှ ဦးဆောင်ပြီး ဘာဏ်တော်အမြင့်(၄၅)လက်မရှိသော ရွှေသားပုံတူစေတီပြုလုပ်လှူဒါန်းပူဇော်ခြင်းဖြစ်သည်။

အများပြည်သူလူထု စုပေါင်းကောင်းမှုအလှူတော်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းတွင် (၈-၃-၁၉၉၉)ရက်နေ့မှ စတင်ပြုလုပ်ခဲ့ရာ (၂၂-၄-၁၉၉၉)ရက်နေ့တွင် အောင်မြင်စွာပြီးစီး၍ (၂၈-၄-၁၉၉၉)ရက်နေ့တွင် ရွှေတိုက်စေတီတော်သို့ ပင့်ဆောင်ခဲ့ပါသည်။ ရွှေတိုက်ရွှေသားပုံတူစေတီတော်ဆိုင်ရာ အချက်အလက်များကို အောက်ပါအတိုင်း သိရှိမှတ်သားလေ့လာခဲ့ရပါသည်။

ရွှေတိုက်ရွှေသားပုံတူစေတီတော်တန်ဖိုးပမာဏမှာ-

- ကျောက်မျက်တန်ဖိုး (၂၈၉၂၃၀၄-၀၀)ကျပ်၊
- ရွှေသားတန်ဖိုး (၁၁၃၂၈၃၀၆-၇၅)ကျပ်၊
- လက်ခတန်ဖိုး (၂၀၄၇၄၅၀-၀၀)ကျပ်၊

စုစုပေါင်း(၁၄၄၂၅၁၆-၀၀)ကျပ် ဖြစ်ပါသည်။

ရွှေသားအလေးချိန်မှာ-

- စေတီတော်နှင့် အတွင်းဖရိန်ခွေခြင်း (၃၀၉၂၀-၈၃) ဂရမ် (၁၈၉၃.၂၉ ကျပ်သား) ဖြစ်ပါသည်။
- စေတီတော်၌ ကျောက်မျက်ရတနာစီခြယ်ခြင်း (၅၁၉၇.၅)ဂရမ် (၃၁၈.၂၄)ကျပ်သား ဖြစ်သည်။
- မုခ်ဦးစေတီလေးဆူ (၁၉၆၆.၆၉)ဂရမ်၊ (၁၂၀.၄၂ ကျပ်သား)၊
- စေတီရုံ(၆၄)ဆူ (၅၄၈၃.၀၈)ဂရမ် (၃၃၅.၇၃ ကျပ်သား) ဖြစ်ပါသည်။

စုစုပေါင်း(၄၃၅၅၆၈.၁)ဂရမ် (၂၆၆၇.၆၈ ကျပ်သား) ဖြစ်ပါသည်။

ကျောက်မျက်ရတနာများကို အောက်ပါအတိုင်း လေ့လာမှတ်သားပူဇော်ထားရှိပါသည်။

၁။ စိန်(အထွတ်)(၁)လုံး (၁၀)ကာရက်၊ (၂၀၀)ဂရမ် (၁၀၀,၀၀၀,၀၀၀)ကျပ် ဖြစ်သည်။

၂။ စိန်(၂၄၁)လုံး (၄၁.၁၇)ကာရက်၊ (၈.၂၃)ဂရမ် (၆,၀၃၇,၂၀၀)ကျပ် ဖြစ်ပါသည်။

၃။ ကျောက်စိမ်း(၇၀၁)လုံး (၂၇၈.၁၇)ကာရက်၊ (၅၅.၆၃)ဂရမ် (၆၅၃၉၀၀)ကျပ် ဖြစ်ပါသည်။

၄။ ပတ္တမြားတာ(၁၈၉၅)လုံး (၆၃၃.၇၃)ကာရက်၊ (၁၂၆.၇၅)ဂရမ် (၁၁၉၀၆၇၁၄)ကျပ်။

၅။ နီလာတာ(၂၄၂)လုံး (၅၃.၉၀)ကာရက်၊ (၁၀.၇၈)ဂရမ် (၂၀၅၉၉၀၀)ကျပ် ဖြစ်ပါသည်။

၆။ နီလာလုံးချော(၁၉၅)လုံး (၁၅၀.၅၉)ကာရက်၊ (၃၀.၁၂)ဂရမ်၊ စုစုပေါင်း(၃၂၃၉)လုံး (၁၁၆၇.၅၆) ကာရက်၊ (၂၃၃.၅၁)ဂရမ် (၂၈၉၃၃၅၀၄)ကျပ် ဖြစ်ပါသည်။

ရွှေတိုက်ရွှေသားပုံတူစေတီတော်ကို ရွှေတိုက်တောင်ဘက် ဂေါပကအဖွဲ့ရုံးအနီး ရှေးဟောင်းဘုရားများ တန်ဆောင်းအနားတွင် အပူဇော်ခံထားရှိပါသည်။ ရွှေစင်ရွှေသားတို့ဖြင့် ဝင်းဝါထိန်လင်း ရောင်ဝါထွန်းနေသော ရွှေတိုက်ရွှေသားပုံတူ စေတီတော်မြတ်ကြီးမှာ သပ္ပာယ်ကြည်ညိုဖွယ် တည်ရှိနေပါသည်။ ရဟန်း၊ ရှင်၊ လူ ပြည်သူအများတို့၏ အပွင့်အမြင့် ကောင်းကျိုးချမ်းသာ ဆုထူးဆုမြတ်ကို ပေးအပ်ချီးမြှင့်လျက် ရှိပါသည်။

ရွှေတိုက်သို့ တစ်ခါတစ်ခေါက် ရောက်ခဲ့ပါမူ ရွှေတိုက်ရွှေသားပုံတူ စေတီတော်မြတ်တွင် အဓိဋ္ဌာန်ဝင်လိုရာ ဆုမွန်ကောင်းတောင့်နိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

ဇေယာနကာဘိုးထောင်

www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ဦး၊ အောင်စေတီတော်ကို အနီးကပ်ပုံတွေ့ရစဉ်

ဗိုလ်ချုပ်အောင်ဆန်း ထီးတော်တင်လှူခဲ့သည့်

တွံတေးတူးမြောင်း ညွှာဘာက်ကမ်းက

ဆံတော်ဦး အောင်စေတီတော်

သစ္စာမင်းခေါင်

ပေါက္ခရဝတီမြို့မှ ကုန်သည်ညီနောင် တဖုသနှင့် ဘလ္လိကတို့သည် မဇ္ဈိမဒေသ၌ ပွင့်ထွန်းတော်မူသော ဘုရား ရှင်က ချီးမြှင့်ပေးသနားလိုက်သည့် မြတ်ဗုဒ္ဓ၏ ဆံတော် (၈)ဆူကို သိကြားမင်း ဖန်ဆင်းပေးသော ရွှေပြဿာဒ်နှင့် ရွှေကလပ်ပေါ် တင်၍ ပတ္တမြားကြုတ်တွင်ထည့်ပြီး ရွက် သင်္ဘောကြီးဖြင့် ဥက္ကလာပနေပြည်တော်သို့ ပင့်ဆောင်လာ ခဲ့ကြ၏။ လမ်းခရီးတွင် ကွမ်းဒေး(ယခု တွံတေး)အရပ်၌ ခေတ္တနားပြီး ရဟန်းရှင်လူ ပြည်သူတို့၏ အပူဇော်ကို ခံယူ ခဲ့လေ၏။ ထိုကဲ့သို့ မြတ်ဗုဒ္ဓ၏ ဆံတော်(၈)ဆူ ခေတ္တကိန်း ဝပ် စံပယ်ခဲ့သောနေရာတွင် အမှတ်တရအဖြစ် နောင်အစဉ် အဆက် ဖူးမြော်ကြည်ညိုနိုင်ကြစေရန်အတွက် စေဒီတော် တစ်ဆူကို ဒေသခံပြည်သူတို့၏ စုပေါင်းဒါနဖြင့် တည်ထား ပူဇော်ခဲ့ကြလေ၏။

စေတီငုတ်တိုအဖြစ်သို့ ရောက်ရှိသွားခြင်း

အဆိုပါ ဆံတော်ဦးစေတီတော်သည် နှစ်ပရိစ္ဆေဒ များစွာ ကြာမြင့်လာခဲ့ပြီး နောက်ပိုင်းတွင် ချုံနွယ်ပိတ်ပေါင်း များ ဖုံးလွှမ်းကာ စေတီငုတ်တို တစ်ခုအဖြစ်သို့ ရောက်ရှိ သွားခဲ့၏။

အောင်စေတီကျေးရွာ ဖြစ်တည်လာခြင်း

ယင်းနောက်ပိုင်းတွင် ဆံတော်ဦးစေတီတော် တည်ရှိ ရာ ထိုအရပ်သည် အောင်စေတီကျေးရွာဟူ၍ ဖြစ်တည်လာ ခဲ့၏။

ဆရာတော်ဦးတိလောက၊က ဆံတော်ဦးစေတီအား ပြုပြင်ရန် စီစဉ်ဆောင်ရွက်ခြင်း

မြန်မာသက္ကရာဇ်(၁၃၀၇)ခုနှစ်၊ ခရစ်နှစ်(၁၉၄၅)ခုနှစ် တွင် ရန်ကုန်မြို့မှ ဆရာတော်ဦးတိလောက၊က စေတီ ငုတ်တိုအဖြစ်သို့ ရောက်ရှိနေသော အဆိုပါ ဆံတော်ဦး စေတီတော်ကို အသစ်တစ်ဖန် ပြုပြင်တည်ထားရန် စီစဉ် ဆောင်ရွက်ခဲ့၏။ ဆရာတော်ဦးတိလောကသည် ထိုစေတီ တော်အား အသစ်တစ်ဖန် ပြုပြင်တည်ထားရန် စီစဉ်ဆောင် ရွက်ခဲ့သည်မှာ ထိုစေတီတော်နှင့်ပတ်သက်သည့် အစောင့်အ

အရှောက် ပုဂ္ဂိုလ်များက အတိတ်၊ နိမိတ်ပေး၍ တောင်းပန် လျှောက်ထားခဲ့ကြခြင်းကြောင့် ဖြစ်သည်ဆို၏။

ဆရာတော်ဦးတိလောကသည် ရန်ကုန်မြို့၊ အာဇာနည် ကုန်းမြေ ရတနာပုံပိဋကတ်တိုက်သစ်၏ ဦးစီးပဓာနနာယက ဆရာတော်ကြီးဖြစ်ပြီး ရန်ကုန်မြို့၊ အာဇာနည်ကုန်းမြေ မြန်မာပြည်သာသနာပြုခမ္မကထိက အဖွဲ့ကြီး၏ ဦးဆောင် ဆရာတော်ကြီးလည်း ဖြစ်၏။ ရတနာပုံဆရာတော်ဟု ထင် ရှား၏။

ဆရာတော်ဦးတိလောကသည် စေတီငုတ်တိုအဖြစ်သို့ ရောက်ရှိနေသော ဖော်ပြပါ ဆံတော်ဦးစေတီတော်အား အောင်စေတီကျေးရွာမှ ကျေးရွာသူ၊ကျေးရွာသားများ

www.burmeseclassic.com

www.burmeseclassic.com

လုပ်အားဒါန၊ ငွေအားဒါနတို့ဖြင့် အသစ်တစ်ဖန် ပြုပြင်ခွမ်းမံတည်ထားရန် စီစဉ်ဆောင်ရွက်ခဲ့၏။ ဆရာတော်ဦးတိလောကဓ၏ ရန်ကုန်မြို့မှ ဒကာ၊ ဒကာမများကလည်း ထိုစေတီတော် ပြုပြင်တည်ထားရန်အတွက် လိုအပ်သည်များကို လှူဒါန်းကူညီခဲ့ကြ၏။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ ရောက်ရှိလာခြင်း

ထိုအချိန်တွင် မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင် အပါအဝင် အဖွဲ့ဝင်များနှင့်အတူ တွံတေးနယ်ဘက်သို့ ရောက်ရှိလာခဲ့၏။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အဖွဲ့သည် တွံတေးမြို့ ဘစ်ဖက်ကမ်းရှိ ဖော်ပြပါ အောင်စေတီကျေးရွာသို့ ရောက်ရှိလာသောအခါ အသစ်တစ်ဖန် ပြုပြင်တည်ထားနေသော အဆိုပါ ဆံတော်ဦးစေတီတော်ကို တွေ့မြင်ခဲ့ကြလေ၏။

ထိုအခါ ဗိုလ်ချုပ်အောင်ဆန်းက စေတီတော်ပြုပြင်တည်ထားရေး အဖွဲ့ဝင်လူကြီးများအား 'ဒီစေတီတော်ရဲ့ ထီးတော်ကို ကျုပ်လှူမယ်'ဟု ပြောကြားပြီး ထီးတော်လှူဒါန်းရန်အတွက် လိုအပ်သည်များကို ဆောင်ရွက်ရန် မှာကြားခဲ့ပုံနှင့်အတူ ပါလာသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်ကို တာဝန်ပေးထားရစ်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းမှာမူ လွတ်လပ်ရေးအတွက် ဟောပြောပွဲများ ပြုလုပ်ရန် ခရီးဆက်လက်ထွက်ခွာသွားခဲ့လေ၏။

ဆံတော်ဦးစေတီတော်ကို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ထီးတော်တင်ခြင်း

ဆံတော်ဦးစေတီတော်၏ ထီးတော်ကို ရွှေသီတာအမည်ရှိ စစ်သင်္ဘောကြီးပေါ် တင်ဆောင်လာပြီး ငွေပုစွန်စစ်သင်္ဘော ဦးဆောင်သည့် စစ်သင်္ဘော(၃)စင်း ခြံရံလိုက်ပါကာ (၁၃၀၇)ခုစ်၊ ပြာသိုလပြည့်ကျော် (၁)ရက်နေ့ နံနက် (၉)နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရွှေသီတာစစ်သင်္ဘောကြီးပေါ်မှနေ၍ ကြိုးများဆိုင်းကာ ထီးတော်ဘုံဖျားဆီသို့ တိုက်ရိုက်တင်လှူ ပူဇော်ခဲ့၏။ ထီးတင်ပွဲသို့ ဗိုလ်ချုပ်နှင့်အတူ ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်နှင့်မိသားစုလည်း လိုက်ပါလာခဲ့၏။

ဘွဲ့အမည်တွင်ခေါ် ဆံတော်ဦးစေတီတော်

ပြုပြင်တည်ထားပြီးစီးခဲ့သော အဆိုပါ ဆံတော်ဦးစေတီတော်သည် (၁) အောင်စေတီ၊ (၂) အောင်ထီးတော်၊ (၃) အောင်ဆန်းထီးတော်တင်ခြင်း စသည့် အောင်သုံးချက် အောင်အင်္ဂါသုံးပါးနှင့် ညီညွတ်နေသည့်အပြင် မြန်မာ့လွတ်လပ်ရေးအတွက်လည်း အောင်မြင်သော အတိတ်၊ နိမိတ်ကို ဆောင်သော ထူးခြားသည့် စေတီတော်တစ်ဆူဖြစ်သဖြင့် စေတီတော်၏ ဘွဲ့တော်ကိုလည်း 'ဆံတော်ဦး ဆုတောင်းပြည့် အောင်စေတီတော်'ဟူ၍ တညီတညွတ်တည်း ဘွဲ့

ဆံတော်ဦး အောင်စေတီတော်ကို တွံတေးတိုင်းဒေသကြီးအတွင်းမှ လူများကြည်ညိုရာဝဲ

www.burmeseclassic.com

www.burmeseclassic.com

ဆံတော်ဦး အောင်စေတီတော်နှင့် အောင်စေတီဘုန်းတော်ကြီးကျောင်းဆိုင်ရာ ပရိဝုဏ်ခြံဝင်းကွင်း

တော်ဆက်ကပ်ပူဇော်ခဲ့ကြလေ၏။

ဆံတော်ဦး အောင်စေတီတော်၏
ဘုန်းတော်ဘွဲ့ကဗျာကို ရွတ်ဆိုပူဇော်ကြခြင်း

အဆိုပါ ဆံတော်ဦး အောင်စေတီတော် ထီးတော်တင်ပွဲတွင် ရတနာပုံဆရာတော် ဦးတိလောက ရေးစပ်ပူဇော်သော ဘုန်းတော်ဘွဲ့ကဗျာကို ရွတ်ဆိုပူဇော်ခဲ့ကြ၏။

ထိုကဗျာပါ 'အောင်ဆန်းတင်ဆက်၊ အောင်ချက်သုံးလီ' ဟူသော အပိုဒ်မှာ အများ ရှင်လူတို့၏ နှုတ်ဖျားခွန်တအောင် စကားသဖွယ် ဖြစ်ပေါ်ခဲ့သည်ဟု ဆို၏။

ထိုကဗျာမှာ အောက်ပါအတိုင်း ဖြစ်၏။

တွံတေးမြို့ အတိတ်ရ အောင်စေတီဘုရား ထီးတော်

တင်ပွဲကြီးတွင် (၁၃၀၉)ခုနှစ်၊ ကဆုန်လဆန်း (၁၅)ရက်နေ့၌ မင်္ဂလာယူ၍ ကျူးရင့်သီဆိုကြသော ဘုန်းတော်ဘွဲ့ မြန်မာကဗျာ-

၁။ ခေတ်ဆိုးပြောင်းလို့၊
ခေတ်ကောင်းပေါ်ပြီ၊
မြန်မာတို့ဘုန်း၊ မိုးလုံးအည်၊
ရတနာသုံး၊ ညွတ်ရုံးကိုယ်စီ၊
အတိတ်ရ
ဖူးကြ အောင်စေတီ။

၂။ သိကြားစောင့်ရှောက်၊
ချိန်ရောက်လာပြီ၊
မြန်မာနေဝန်း၊
ပေါ်ထွန်းတော့မည်၊
မျှော်တော့စောင့်တော့၊ လာပေါ့အတည်၊
အတိတ်ရ ဖူးကြ အောင်စေတီ။

၃။ နှစ်ထောင်ကျော်က၊ ထွန်းပရောင်ခြည်၊
ပေါ်လွင်ထင်ရှား၊ ဘုရားကိုတည်၊
တွံတေးမြို့မ၊ ဌာနတွင်မည်၊
အတိတ်ရ ဖူးကြ အောင်စေတီ။

၄။ ကွမ်းဒီးကွယ်ပျောက်၊ ထွန်းတောက်သည်၊
တွံတေးမြို့ကြီး၊ ကျော်ဟည်းအမည်၊
ကျောင်းရေပတ်ဝိုင်း၊ ညွတ်ကိုင်းအလည်၊
အတိတ်ရ ဖူးကြ အောင်စေတီ။

ဆံတော်ဦး အောင်စေတီတော်ရင်ပြင်မှ တွံတေးခေတ်ကမ်းရိုးလွှမ်းတွေ့ရစဉ်

၅။ တွံတေးတီစား၊
ကိန်းသွားအည်၊
စနေထိုသား၊ ဘုရားကိုတည်၊
မိစ္ဆာကင်းပျောက်၊
ထွန်းတောက်မြန်ပြည်၊
အတိတ်ရ ဖူးကြ
အောင်စေတီ။

၆။ ပြည်သူပြည်သား၊
ကိုယ်စားကြီးစည်၊
အားကိုးအားထား၊
ဝတ္ထွားအည်၊
ဘေးဆိုးရန်ဆိုး၊
ပယ်ချိုးနိုင်သည်၊

www.burmeseclassic.com

www.burmeseclassic.com

ဆဲတော်ဦး အောင်စေတီတော်အနီး တွံတေးတူးမြောင်းကမ်းပါးပြိုမှုအား တွေ့မြင်ရစဉ်

အတိတ်ရ ဖူးကြ
အောင်စေတီ။
ဆယ်မျက်နှာရင်၊
ဝတ်ပတ်ဆုံသည်၊
သွားလာဝင်ဆိုက်၊
ဦးခိုက်စုံညီ၊
တွေ့မြင်သူတိုင်း၊
ကိုင်းရှိုင်းတင်ချီ၊
အတိတ်ရ ဖူးကြ
အောင်စေတီ။
မထိုက်သူများ၊
ကျော်သွားလေပြီ၊
ထိုက်သူတို့မှ၊
တွေ့ရတော့မည်၊
တအောင်ကိန်းဆိုက်၊ တိုက်ရိုက်ကြစည်၊
အတိတ်ရ ဖူးကြ အောင်စေတီ။
မိန္ဆာတန်ခိုး၊ ပျက်ညှိုးခြိုန်ညီ၊
သမ္မာအုပ်စိုး၊ လွမ်းမိုးတော့မည်၊
နိဗ္ဗာန်ရွေနန်း၊ တက်လှမ်းကိုယ်စီ၊
အတိတ်ရ ဖူးကြ အောင်စေတီ။
ကောလိဓာတ်ဆန်း၊ မှတ်တမ်းတွင်သည်၊
ဘိုးဘေးစဉ်ဆက်၊ မိန့်မြွက်အညီ၊
တိုင်းပြည်ငြိမ်းချမ်း၊ ကိန်းခန်းဆိုက်မည်၊
အတိတ်ရ ဖူးကြ အောင်စေတီ။
ဆောင့်သုံးရာပြည့်၊
ကြိုတွေ့ဆုံသည်၊
ဘာသာမျိုးခြား၊ ဘုရားကိုမှီ၊
ကမ္ဘာအလုံး၊ စုရုံးလိမ့်မည်၊
အတိတ်ရ ဖူးကြ
အောင်စေတီ။
ဗုဒ္ဓဘုရား၊
ချန်းကားရောင်ခြည်၊
နှောလူများ၊
စီတ်ထားရွင်ကြည်၊
သာသနာကား၊
ကြီးပွားချိန်ညီ၊
အတိတ်ရ ဖူးကြ
အောင်စေတီ။
၁၃။ ငါးပါးရှစ်ပါး၊ ကိုးပါးအညီ၊
သီလအထူး၊ ဆည်းပူးကိုယ်စီ၊
ကျောင်းကန်ဘုရား၊ အားထားခိုမှီ၊
အတိတ်ရ ဖူးကြ အောင်စေတီ။
၁၄။ ဘေးရန်ခပ်သိမ်း၊ လွတ်ငြိမ်းဖို့ရည်၊
ချမ်းသာသုခ၊ ရကြတော့မည်၊
အကျင့်တရား၊ ကိုးစားအညီ၊
အတိတ်ရ ဖူးကြ အောင်စေတီ။
၁၅။ အောင်လံထူကြ၊ ကာလချိန်ညီ၊
ပြင်ကြဆင်ကြ၊ ပြုကြအမှီ၊

ဆဲတော်ဦး အောင်စေတီတော် တောင်ဘက်မှ ဗုဒ္ဓရုပ်ပွား ...

www.burmeseclassic.com

www.burmeseclassic.com



ဆံတော်ဦး၊ အောင်စေတီတော် အရှေ့ဘက်မုခ်က
ဗုဒ္ဓရုပ်ပွားတော်

သတိထားလို့၊ စောင့်စားကိုယ်စီ၊
အတိတ်ရ ဖူးကြ အောင်စေတီ။
၁၆။ အောင်အတိတ်နှင့်၊ နိမိတ်ကိုမှီ၊
ဦးတိလောက၊ ပြုရပါသည်၊
ပြည်သူပြည်သား၊ ကိုယ်စားဖို့ရည်၊
အတိတ်ရ ဖူးကြ အောင်စေတီ။
၁၇။ အောင်သပြေနှင့်၊ ညောင်ရေကိုတည်၊
အောင်ပါစေကြောင်း၊ သွန်းလောင်းအညီ၊
အောင်လိုသူများ၊ ဝတ္ထုးခိုမှီ၊
အတိတ်ရ ဖူးကြ အောင်စေတီ။
၁၈။ အောင်ဘုရားနှင့်၊ အောင်ထီးကိုချီ၊
အောင်ဆန်းတင်ဆက်၊ အောင်ချက်သုံးလီ၊
ကမ္ဘာအားလုံး၊ ညွတ်ရုံးခိုမှီ၊
အတိတ်ရ ဖူးကြ အောင်စေတီ။
၁၉။ အောင်စည်အောင်မောင်း၊ ရိုက်ညောင်းစည်စည်၊
ပြည်တော်ဝင်မွဲ၊ ဆင်နွဲစုံညီ၊
ကိုယ့်ပြည်ကိုယ့်မင်း၊ ထွန်းလင်းရောင်ခြည်၊
အတိတ်ရ ဖူးကြ အောင်စေတီ။

ရတနာပုံဆရာတော်မြန်မာပြည်သာသနာပြု ဓမ္မကထိကအဖွဲ့ကြီး ရတနာပုံပဋ္ဌကတ်တိုက်သစ်၊ အာဇာနည်ကုန်းတော် ရန်ကုန်မြို့။

အောင်စေတီဘုန်းတော်ကြီးကျောင်းနှင့် အောင်စေတီဆရာတော်

ထိုကဲ့သို့ ဖော်ပြပါ ဆံတော်ဦးစေတီတော်ကို အောင်မြင်စွာ ပြုပြင်တည်ထား ပြီးစီးခဲ့ပြီးနောက် များမကြာမီ ကာလတွင် စေတီတော်ပရိဝုဏ်အတွင်း၌ အောင် စေတီဘုန်းတော်ကြီးကျောင်း ဖြစ်ပေါ်လာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာနယ်မှ ဆရာတော် ဦးဣန္ဒာစာရ သီတင်းသုံးခဲ့၏။ ဆရာတော်ဦးဣန္ဒာစာရ သီတင်းသုံးနေထိုင်စဉ်ကာလက ဝါးခနဲ တဲငယ်လေးနှင့် ကျောင်းအဖြစ် နေထိုင်သီတင်းသုံးခဲ့သော်လည်း အောင်စေတီကျေးရွာ လူထု၏ ကောင်းမှုကြောင့် သပ်ရပ်ခိုင်ခံ့သော အောင်စေတီဘုန်းတော်ကြီးကျောင်းနှင့်တကွ ဆွမ်းစားဆောင်၊ သံဃာများ သီတင်းသုံးသည့် ကျောင်းဆောင် စသည်ဖြင့် ကြီးရိုလာခဲ့၏။

ဆရာဇတ်ဦးဇဝန ဆံတော်ဦး အောင်စေတီတော်ပရိဝုဏ်အနီးရှိ
တွံတေးတူးမြောင်းကမ်းပါးပြိုမှု အခြေအနေကို ပြသစဉ်

www.burmeseclassic.com

www.burmeseclassic.com

ယင်းနောက် အဆိုပါ အောင်စေတီကျောင်းဆရာတော် ဦးဣန္ဒာစာရသည် အောင်စေတီကျောင်း ပရိဝုဏ်အတွင်း၌ သာသနာရေးဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် (၁၃၁၅) ခုနှစ်၌ အောင်စေတီသာသနာ့ရိပ်သာ အမည်ဖြင့် ကမ္မဋ္ဌာန်းဌာန တည်ထောင်ကာ ကမ္မဋ္ဌာန်းတရားများကို ရဟန်းရှင်လူတို့အား ဟောကြားပြသခဲ့၏။

ထိုမှအစပြု၍ အောင်စေတီ ဘုန်းတော်ကြီးကျောင်းဆရာတော်ဦးဣန္ဒာစာရသည် သာသနာ့ရိပ်သာ ဆရာတော်ဟူ၍ ထင်ရှားခဲ့၏။

စေတီတော်ကြီး မြေခဖြိုလဲခြင်း

ရတနာပုံဆရာတော် ဦးတိလောက ပြုပြင်မွမ်းမံတည်ထားပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းတို့တော်တင်လှူခဲ့သော အဆိုပါ ဆံတော်ဦးစေတီတော်ကြီးသည် တွံတေးတူးမြောင်း၏ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုပြီး မြန်မာသက္ကရာဇ်(၁၃၂၉)ခုနှစ်၊ ဝါခေါင်လပြည့်ကျော် (၁၁)ရက်နေ့ ညနေ(၄)နာရီခွဲ အချိန်တွင် တိုးလုံးလဲမြေခတော်မူခဲ့လေ၏။

အောင်စေတီဆရာတော် ဦးဇဝနက ဒုတိယအကြိမ် ထပ်မံပြုပြင်တည်ထားခြင်း

ထိုကဲ့သို့ မြေခတုံးလုံးလဲတော်မူခဲ့သော အဆိုပါ ဆံတော်ဦး အောင်စေတီတော်ကို မြန်မာသက္ကရာဇ်(၁၃၃၀) ခုနှစ်တွင် အောင်စေတီဘုန်းတော်ကြီးကျောင်း၏ လက်ရှိကျောင်းထိုင်ဆရာတော် ဦးဇဝနက အသစ်တစ်ဖန် ပြန်လည်ပြုပြင်မွမ်းမံ တည်ထားခဲ့၏။

ဘာသာ၊ သာသနာစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့ဖြင့် ဆောင်ရောက်ထိန်းသိမ်းသင့်သည့် ဆံတော်ဦးအောင်စေတီတော်

ဘုရားရှင်လက်ထက်တော်ကာလ တဖုသ၊ ဘလ္လိက ကုန်သည်နောင်တို့ မြတ်ဗုဒ္ဓ ချီးမြှင့်ပေးနားတဲ့ ဆံတော်(၈)ဆူကို ပုထုဇဉ်ဆောင်လာစဉ်က ဒီနေရာ၊ ဒီအရပ်မှာ တစ်ထောက်နားပြီး ဆံတော်တွေကို အပူဇော်ခံခဲ့ကြတယ်။ ဆံတော်ဦး အောင်စေတီတော်ဟာ ဆံတော်တွေ တစ်ထောက်နားခဲ့တဲ့

အောင်စေတီဘုန်းတော်ကြီးကျောင်း၏ မူလကျောင်းထိုင် သာသနာ့ရိပ်သာဆရာတော် ဦးဣန္ဒာစာရ

ဒီနေရာမှာ တည်ထားခဲ့တာဖြစ်တယ်။

ဒါကြောင့်မို့ ဘာသာရေးအရ အလွန်မြင့်မြတ် တန်ဖိုးရှိသလို အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ထီးတော်တင်လှူခဲ့တဲ့ စေတီတော်ဖြစ်တဲ့အတွက်

အောင်စေတီဆရာတော် ဦးဇဝနက ဆံတော်ဦး အောင်စေတီတော်နှင့်တက်ဆက်၍ ရှင်းလင်းပြောကြား

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းရေးအရလည်း အလွန်ပဲ လေးနက်လှပါတယ်။ ဒါကြောင့် ဒီစေတီတော်ကို ဘာသာ၊ သာသနာစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်တို့နဲ့အတူ အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြပါလို့ ဘုန်းကြီးက မေတ္တာရပ်ခံချင်တယ်ဗျ

တွံတေးတူးမြောင်း၏ မြစ်ရေတိုက်စားမှုဒဏ်ကို ခံနေရသော ဆံတော်ဦးအောင်စေတီတော်

ယခုအခါ ဖော်ပြပါ ဆံတော်ဦးအောင်စေတီတော်မြတ်မှာ တွံတေးတူးမြောင်း၏ မြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးယံများ ပြိုကျပြီး စေတီတော်ခြေရင်းသို့တိုင် ရောက်လုနီးနီး အခြေအနေ ဖြစ်ပေါ်နေ၏။ ကမ်းပါးယံကို အချိန်မီထိန်းသိမ်းပြုပြင်နိုင်ခြင်း မရှိခဲ့ပါက စေတီတော်မှာ ယခင်ကကဲ့သို့ မြေခတုံးလုံးလဲတော်မူရမည့် အနေအထားမျိုးသို့ ရောက်ရှိသွားနိုင်ပါ၏။

မှန်ကန်သော တောင်းဆိုတစ်ခုတည်းနှင့် ပြည့်စုံနိုင်သည့် ဆံတော်ဦးအောင်စေတီတော်

ဘုရားရှင်လက်ထက်တော် အစပြု၍ ဖြစ်တည်လာခဲ့ပြီး အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ထီးတော်တင်လှူခဲ့သည့် အဆိုပါ ဆံတော်ဦးအောင်စေတီတော်၏ ထူးခြားမှုမှာ စေတီတော်၌ (၅)ရက်၊ (၉)ရက်၊ (၁၈)ရက်၊ (၄၅)ရက် စသည်ဖြင့် အဓိဋ္ဌာန်ဝင်ပြီး အဓိဋ္ဌာန်အောင်မြင်သောနေ့တွင် မိမိလိုအပ်သော ရိုးသားမှန်ကန်သည့် တစ်ခုတည်းသောဆုကို သစ္စာပြု ဆုတောင်းခဲ့ပါက ထူးခြားစွာ ပြည့်စုံလေ့ရှိသည်ဟု ဆို၏။



ဆံတော်ဦးအောင်စေတီတော်၏ တံခွန်တိုင်

ဆံတော်ဦးအောင်စေတီတော်သို့ သွားရန်လမ်းညွှန်

အကြောင်းဆက် အကျိုးဆက် ရှိသူတို့အနေနှင့် ဗိုလ်ချုပ်အောင်ဆန်း ထီးတော်တင်ခဲ့သည့် အဆိုပါ ဆံတော်ဦးအောင်စေတီတော်သို့ သွားရောက်ဖူးမြော်လိုပါလျှင် တွံတေးမြို့၊ ကမ်းနားပိုင်း၊ မြဂိုးသမ္မန်ကူးတို့ဆိပ်မှနေ၍ တစ်ဖက်ကမ်း အောင်စေတီကျေးရွာသို့ သမ္မန်ဖြင့်ကူးပြီး သမ္မန်ပေါ်မှ ဆင်းလိုက်သည်နှင့် ဆံတော်ဦး အောင်စေတီတော် ပရိဝုဏ်သို့ လွယ်ကူစွာ ရောက်ရှိပြီး ရွှေရောင်တဝင်းဝင်းနှင့် သပ္ပာယ်လှစွာသော ဆံတော်ဦးအောင်စေတီတော်ကို ကြည်ညိုဖွယ်ဖူးတွေ့နိုင်ကြပါ၏။

(၇)ရက်သားသမီးများအားလုံး နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

မေတ္တာရည်ခံ

သစ္စာမင်းဇော်

ဆံတော်ဦးအောင်စေတီတော်သို့ သွားရောက်ဖူးမြော်ရန် တွံတေးဆူးမြောင်းကို လက်စတ်သမ္မန်ဖြင့် ကူးခပ်ခြင်းခံရသည့် ရာဇသံ

www.burmeseclassic.com

www.burmeseclassic.com

ဘေဘီဆေးထည်/တိုး(၀၄၄၆)

တိုင်းရင်းဆေးဝါးမဟာဗိသုကာအဖွဲ့ချုပ်-၀၉၀၁၉၄၄ ၄ ၉၉၁၇

ပဏ္ဍုကြီးစင်ငယ်

လင်ဒိုး

ချဲကျသ့လိပ်ပျော်ရင်လှုံးဆေး

အစာယာသုခဆေးတိုက်

အကြီး-၀၄၀၊ မဟာဗန္ဓုလလမ်းနှင့်လမ်းသစ်လမ်းဆုံဒဂုံ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၂၃၇၇၈၊ ၀၁-၇၀၁၇၃၃
ရန်ကုန်ဆေးဆိုင်ခွဲ

E-mail:

www.burmeseclassic.com

www.burmeseclassic.com

ပိတ်ချင်းမြောင်

မဟာနန္ဒမူလိုဏ်ဂူတော်

ဇိုလ်တထောင်-ကိုဦး

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ(၃၅၁၁)ပေ ခန့်ရှိသော ပန်းမြို့တော် (သို့မဟုတ်) ပြင်ဦးလွင်သို့ ဒုတိယ အကြိမ်မြောက် ဘုရားဖူးရောက်ခဲ့ပြန်ပြီ။

တိုက်တိုက်ဆိုင်ဆိုင်ပင် ပြင်ဦးလွင်သို့ ဘုရားဖူးထွက်လေတိုင်း မန္တလေးမိသားစုသည် ပါလာခဲ့ပြန်၏။ တကယ်တော့ မန္တလေးမိသားစုသည် စာရေးသူတို့နှင့် မည်သို့မျှ ဆွေမျိုးမတော်စပ်ခဲ့ပါ။ လုပ်ငန်းအရ ဆက်ဆံကြရင်း နှစ်အိမ့်တစ်အိမ် မိသားစုအရင်းနယ် ဖြစ်လာကြခြင်းဖြစ်သည်။

သားတော်မောင် ပြင်ဦးလွင်သို့ သင်တန်းတက်ရောက်သောအခါ မန္တလေးမိသားစုသည် အိမ်သားတစ်ဦးပမာ ပြုစုစောင့်ရှောက်ခဲ့ကြ၏။ ဒါကြောင့်ပင် သားတော်မောင် သင်တန်းဆင်းသော (၂၀၀၃)ခုနှစ် ရောက်သောအခါ စာရေးသူ မိသားစုနှင့် မန္တလေး မိသားစုတို့သည် ပြင်ဦးလွင်သို့ ကျောင်းဆင်းပွဲတက်ရောက်ရင်း ပြင်ဦးလွင်ဘုရားစုံ အတူ



ကိုးတောင်မြို့ခံစစ်

ဖူးဖြစ်ကြသည်။ ထိုစဉ်က ပိတ်ချင်းမြောင်သို့ ရောက်ခဲ့ပါ၏။ လိုဏ်ဂူတော်အဝင်ဝနှင့် လိုဏ်ဂူတော်အတွင်းတို့တွင် ဤမျှများပြားသော ဘုရားစေတီများ မရှိသေးချေ။

မန္တလေး-ပြင်ဦးလွင် ကားလမ်းသည်လည်း ကားနှစ်စီး ရှောင်နိုင်ရုံမျှသာ ကျယ်ဝန်းပါ၏။ (၂၁)မိုင်ကျော်လာသောအခါ အကွေ့အကောက် အတက်အဆင်း များပြားလှပြီး အလွန်လှပသော တောင်ပေါ်မြင်ကွင်းနှင့် ကျယ်ပြန့်လွန်းသော မြေပြန့်လွင်ပြင်တို့ကို မြင်ရခြင်းသည် အလွန်မျက်စိပသာဒ ဖြစ်လှပါသည်။ အရှေ့ဆီ၌ ရှမ်းရိုးမတောင်တန်းကြီးက ကာဆီးထား၏။

ယခုတစ်ခေါက်မှာ လွန်စွာထူးခြားနေပါ၏။ တောင်ပေါ် အတက်အဆင်း ကားလမ်းသည် အတက်တစ်လမ်း အဆင်းတစ်လမ်း ရှိသကဲ့သို့ အကွေ့အကောက်၌ရှိသော တောင်များကို ဖြိုချပြီး ကားလမ်းကို ချဲ့ထွင်ထားသဖြင့် ပေလေးဆယ်ရှိ ကုန်အပြည့်တင်ဆောင်ထားသော ကားကြီးများစွာ ဥဒဟိုမောင်းနှင်နေကြသည်ကို မြင်တွေ့ရ၏။

ထို့ပြင် ယခုအချိန်ထိ တောင်များကိုဖြိုကာ ဆက်လက်လမ်းတိုးချဲ့နေသဖြင့် နောင်အခါ မြေပြင်၌ မောင်းရသကဲ့သို့ လွယ်ကူချောမွေ့စွာ ခရီးသွားနိုင်တော့မည်ဖြစ်ကြောင်း တွေးမိပါ၏။

မဟာအုံထူးကံသာ ဘုရားကြီးသို့ ဦးစွာဖူးမြော်ပြီးနောက် ပိတ်ချင်းမြောင်သို့ ခရီးဆက်လက်ထွက်ခဲ့ကြ၏။ ပြင်ဦးလွင်-လားရှိုး လမ်းမကြီးမှ အရှေ့ဘက် ဆယ့်သုံးမိုင်မျှ ကွာဝေးသောနေရာသို့အရောက် လမ်းညာဘက်တွင် ခြေသေ့ကြီးနှစ်ကောင်နှင့်အတူ ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်သို့ အဝင်မုခ်ဦးကို တွေ့လိုက်ရသည်။ မုခ်ဦးအဝင်ဝ လိုဏ်ဂူတော်အထိ လမ်းမှာ အလွန်ကျဉ်းမြောင်းလှပြီး ကားနှစ်စီး ဆုံတွေ့ပါက တစ်စီးမှာ လမ်းဘေးချရပ်ကာ တစ်စီးကို သွားစေပါသည်။

အတက်အဆင်း အနိမ့်အမြင့်ကို ဖြတ်သန်းရင်း ပတ်ဝန်းကျင်မှာလည်း တောင်များ ဝန်းရံလျက်ရှိသည်။ လွန်စွာလှပသည့် ရှုခင်းပါပေ။ မိနစ်နှစ်ဆယ်မျှ မောင်းလာပြီး

www.burmeseclassic.com

www.burmeseclassic.com

နောက် ယခင်က မရှိခဲ့သောတံတားကို ဖြတ်သန်းပြီးနောက် ဒီတစ်ချင်းမြောင်လိုဏ်ဂူတော်သို့ ရောက်ရှိခဲ့ကြသည်။

ပထမအကြိမ် ရောက်ဖူးစဉ်က တောင်ကြောတစ်ဖက်တွင် ကားကို ရပ်တန့်ကာ သီဒို့မင်္ဂလာကြီးတံတားပေါ်မှ ဖြတ်လျှောက်ရင်း လိုဏ်ဂူတော်သို့ လာခဲ့ရသည်။

ယခုတစ်ခေါက်မှာမူ လွန်ခဲ့သောထူးခြားနေပါ၏။ လိုဏ်ဂူတော်အပြင်ဘက် စိတ္တသုခဓမ္မာရုံအနီးတွင် နဂါးရုံဘုရားနှင့်အတူ နှစ်ကျိပ်ရှစ်ဆူဘုရားများကို ပူဇော်ထားရှိလေသည်။ အလွန်သပ္ပာယ်လှပေသည်။

လိုဏ်ဂူအဝင် လမ်းဝဲဘက်တွင် ဒီပင်္ကရာမြတ်စွာဘုရားမှ သုမေဓာရှင်ရသေ့အား နောင်ဘဒ္ဒကမ္ပာတွင် ဘုရားဖြစ်တော်မူမည်ဟု ဗျာဒိတ်ပေးဟန်ပုံကို ထုဆစ်ပုံဖော်ထားဟ်။

လမ်းညာဘက် ကျောက်ထစ်လှေကားသဏ္ဌာန် ပုံဖော်ထားသော တောင်ပေါ် ရေတံခွန်မှ စီးဆင်းလာသည့် စမ်းချောင်းလေးတစ်လျှောက်တွင် ရေဆော့ကစား ပျော်ပါးနေကြသည့် ဘုရားဖူး ပြည်သူများကို မြင်တွေ့ရသောအခါ သဘာဝကို ပြန်လည်အမှတ်ရမိစေသည်။

လိုဏ်ဂူတော် အဝင်ဝသည် ပေနှစ်ဆယ်ခန့်ကျယ်ဝန်းပြီး ဘုရားဖူးများစွာတို့ ဝင်ထွက်သွားလာကြရင်း လှပသော လိုဏ်ဂူဝကို နောက်ခံထားကာ ဓာတ်ပုံရိုက်ကူးနေကြသည်။ လိုဏ်ဂူတော်အတွင်း စဝင်သည်နှင့် ကျောက်စက်ပန်းဆွဲများသည် ဘုရားဖူးများစွာကို ဆွဲဆောင်ဖမ်းစားလေတော့သည်။

ဂေါတမမြတ်စွာသည် ဘုရားဖြစ်တော်မူပြီးနောက် ဦးစွာ ပဉ္စဝဂ္ဂိငါးဦးတို့အား တရားဦးဟောကြားနေပုံကို လိုဏ်ဂူတော်ဝင်သည်နှင့် ပန်းဆွဲပန်းခက်များကြားဝယ် သပ္ပာယ်စွာ ဖူးမြင်ရလေသည်။

တဖြည်းဖြည်း လိုဏ်ဂူတော်အတွင်း ဝင်ရောက်ခဲ့ကြရာ ကျဉ်းမြောင်းသော လူသွားလမ်းတစ်ဖက်တွင် စီးဆင်းနေသော စမ်းချောင်းလေးအတွင်းဝယ် ကျောက်စားနေထိုင်ကြသော ရေပျော်ငါးလေးများစွာကို မြင်တွေ့ကြရသည်။

တစ်ဖက်တစ်ချက်၌ ကျောက်သားပန်းဆွဲပန်းခက်များသည် သဘာဝအလျောက် ဖြစ်တည်နေသော်လည်း ကျွမ်းကျင်တတ်မြောက်သော ပန်းပုပညာရှင်များက လက်ရာမြောက်စွာ ထုဆစ်ပုံဖော်ထားသည်ထက်ပင် မျက်စိပသာဒ

အများစောင်းမှုပြင့် လှုပ်ဒါန်းထားသော မြတ်ဗုဒ္ဓရုပ်ပွားတော်များ

www.burmeseclassic.com

ပိတ်ချင်းမြောင် မဟာန္ဒမုဇိုဏ်ဂူတော်

အလှကို ပေါ်လွင်စေပါတော့သည်။ တစ်ဖန် ကျောက်သားအမိုးပေါ်မှ ကျရောက်လာသော ကျောက်စက်ရေကြည်လေးများကလည်း နှလုံးစိတ်တွင်း အေးမြစေသည်။

လိုဏ်ဂူတော်အတွင်းဝယ် ကျောက်သားစစ်စစ်ဖြင့် ထုလုပ်ထားသော နဂါးရုံဘုရားများ၊ ပလာစတာနဂါးရုံဘုရားများ၊ အများကောင်းမှုဖြင့် ပူဇော်ထားရှိသော ဘုရားဆင်းတုတော်များ၊ မုဒြာအမျိုးမျိုးဖြင့် ဘုရားပုံများစွာသည်လည်းကောင်း၊ စေတီများသည်လည်းကောင်း ဖူးမြော်ကြည်ညိုရှိမဝနိုင်အောင်ပင် များပြားစွာ ရှိနေပါသည်။

လိုဏ်ဂူတော် ဖြစ်တည်လာပုံ

လွန်ခဲ့သော နှစ်သန်းပေါင်း(၂၅၀)နှင့် (၃၁၀)အတွင်း သင်္ဘီးကပ်အကုန်ခန့်၌ ရှမ်း၊ တနင်္သာရီဒေသတွင် တိုက်

ဝေဘဂျရတ်ဂွန်မှ စီးဆင်းလာစဉ် သာယာလှပသည့် ဂန်းဇရွင်းကလေး၏ သဘာဝမြင်ကွင်း

ဖြတ်လှုပ်ရှားမှုများရှိခဲ့၍ လိုဏ်ဂူရှိရာဒေသမှာ ပင်လယ်ရေအောက်မှ ကုန်းမြေအဖြစ် စတင်ကြွတက်လာခြင်းဖြစ်သည်။ လိုဏ်ဂူတော်အတွင်းရှိ ကျောက်များ စတင်ဖြစ်ပေါ်ခိုန်က လိုဏ်ဂူဖြစ်ပေါ်ရာဒေသသည် ပင်လယ်ရေအောက်၌ ရှိခဲ့ပြီး ပင်လယ်မှ ထုံးကျောက်များ စုပြုံ၍ ဂူဖြစ်ပေါ်စေခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်မှစ၍ ကုန်းမြေအဖြစ် ရှိနေပြီဖြစ်သော ကျောက်များကို မိုးရေစီးကြောင်းများအားဖြင့် ဓာတုဓာတ်ခြေခြင်းများ ပြုလုပ်ကာ လိုဏ်ဂူတော်ဖြစ်ပေါ်စေခြင်း ဖြစ်သည်။

ထို့ကြောင့် လွန်ခဲ့သော နှစ်သန်းပေါင်း(၂၅၀)နှင့် (၃၁၀)တွင်း လိုဏ်ဂူဖြစ်ပေါ်မှု စတင်ခဲ့၍ ကျောက်သားနံရံများ၊ ကျောက်ပန်းခက်၊ ပန်းဆွဲများ ဖြစ်လာရသည်ဟု ပညာရှင်များက လေ့လာယူဆခဲ့ကြ၏။

လိုဏ်ဂူတော်ကြီးမှာ ပြတ်ရွေ့ကြောကြီးများမှတစ်ဆင့် ဖြစ်ပေါ်လာသည့် ကျောက်ဂူဖြစ်ပြီး ထုံးကျောက်ကျောက်စက်ရေများကြောင့် ကျောက်စက်ပန်းဆွဲများ လှပစွာဖြစ်ပေါ်ခဲ့ရသည်။ လိုဏ်ဂူအတွင်းရှိ စမ်းချောင်းမှာ သဘာဝအလျောက် နေရာအနှံ့အပြားမှ ထွက်ရှိနေသည်။ မြေအောက်ရေထွက်စမ်းများ၊ စိမ့်ရေထွက်ပေါက်များစုစည်းပြီး ဖြစ်ပေါ်လာသည့် မြေအောက်စမ်းချောင်းအဖြစ် တည်ရှိနေပါတော့သည်။

ဘုရားရှင်၏ ဗျာဒိတ်စကား

ချောင်းချောက်ဂူမြောင်၊ သုံးတွင်းတောင်၊ သုံးအောင် ရေတံခွန်၊ ကံထူထွတ်ခေါင်၊ ပိတ်ချင်းမြောင်၊ အောင်မြေ နတ်လမ်းညွှန်ဟု မြတ်ဗုဒ္ဓမှ ဗျာဒိတ်တော်ထားခဲ့ပါသည်။

ဘုရားရှင်လက်ထက်အခါ မြတ်ဗုဒ္ဓကိုယ်တိုင် ဝေလွဗေဝတောင်တော် ပြင်ဦးလွင်ဒေသသို့ ဒေသစာရီ ကြွချီတော်မူလာစဉ် ဝေလွဗေဝတောင်အနီး၌ နေကုန်သော

www.burmeseclassic.com

www.burmeseclassic.com

သမ္ဘာယ်စွာ ဖုးတွေ့ရသည့် ဝတ္ထုရုပ်ပွားတော်

ကောင်ယာအလုပ်ကို လုပ်ကိုင်စား သောက်သည့် တောင်ယာခင်းရှင် မြွေပါလလုလင်သည် ဘုရားရှင် ကို အလှူမြင်ခဲ့ရာမှ မိမိတောင်ယာ ခြံ ဆွက်ရှိသော သစ်သီးဆွမ်းကို လှူဒါန်းခဲ့ရာ မြတ်ဗုဒ္ဓမှ အထက်ပါ အကြိုင်း ဗျာဒိတ်ထားခဲ့ခြင်း ဖြစ် သည်။

ဘုရားရှင်၏ ဗျာဒိတ်တော် အရ ဗျာဒိတ်တော်နှင့် ကိုက်ညီမည့် ဒေသတွင် သာသနာတော် ထွန်းကားမည်ဖြစ်၍ ယင်းမြေနေရာ ကို စိန္တာပါလမှ ရွာဖွေခဲ့လေသည်။

ပိတ်ချင်းမြောင်ဒေသသည် ပတ်ဝန်းကျင်၌ တောင်တန်းလည်ဝန်းရံလျက် ဒယ်အိုးသဏ္ဌာန် မြေအနေအထား ရှိသည့်အပြင် ဘုရားရှင်၏ ဗျာဒိတ်တော်လာ ဂဲလောင်ချောင်း၊ ပိတ်ချင်းချောင်း၊ ငုတ်တွင်းချောင်းဟူ၍ ချောင်း သုံးချောင်း ရှိလေသည်။

ထို့ပြင် နတ်ကမ်းပါးချောက်၊ ကျိုက်ထီးရိုးချောက်၊ ကြာရောက်ချောက်ဟူ၍ ချောက်သုံးချောက်၊ နှစ်ထပ်ဂူ၊ ပိတ်ချင်းဂူ၊ ကျားပါးစပ်ဂူဟူ၍ ဂူသုံးဂူ ရှိလေသည်။

ပိတ်ချင်းမြောင်၊ ဝက်လူးမြောင်၊ တရော်ခြမြောင်ဟူ၍ မြောင်သုံးမြောင်လည်း ရှိသည်။ ရေလမ်းတောင်၊ ဝါးမျှင်တောင်၊ တောင်ချောင်းတောင်ဟူ၍ တောင်သုံးတောင်သည်လည်းကောင်း၊ သုံးဆင့်ရေတံခွန်၊ ငါးတွင်းကြီးရေတံခွန်၊ ကြာရောက် ရေတံခွန်ဟူ၍ ရေတံခွန်သုံးခု ရှိသည့်အပြင် ငါးတွင်းကြီး၊ ငါးတွင်းလေး၊ စနိတ်တွင်းကြီး၍ တွင်းသုံးတွင်း စသည်ဖြင့် သုံးချီး သုံးသဘာဝ အသွင်သဏ္ဌာန် အချီးမျိုး စုစည်းပေါင်းစုံရာ မြေနေရာဒေသသို့ စိန္တာပါလလုလင်မှ ရွာမွေတွေ့ရှိခဲ့သည်။

ထို့ကြောင့် လိုဏ်ဂူတော်အတွင်း ဘုရားတည်ရန် ရည်သန်ခဲ့သည်။ သို့သော်လည်း လိုဏ်ဂူအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ကျက်စားနေထိုင်သော နဂါးမင်းမောင်နမအား ကျော်လွန်၍ ဂူအတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိခဲ့ပေ။

လုံ့လတက်ကြွသော စိန္တာပါလလုလင်၏ မနားမနေ ကြိုးစားမှုကြောင့် အချိန်ကြာညောင်းလာသည့်အခါ နဂါးမင်း၏နှမတော် နဂါးမနှင့် စိန္တာပါလလုလင်တို့ ရည်ငံခဲ့ကြသည်။ နောင်တော်နဂါးမင်း သိရှိသောအခါ စိန္တာပါလလုလင်အား ပိတ်ချင်းမြောင်လျှိုအထိ ဝင်ခွင့်မပေးတော့ချေ။ သို့သော်လည်း တရားမမှန်မှုလျော်သော နဂါးမင်းဖြစ်၍ လူသားစိန္တာပါလအား မည်သည့်အန္တရာယ်မှ မပေးပေ။

စိန္တာပါလလုလင်သည် ဘုရားရှင်၏ ဗျာဒိတ်အရ ဤအရပ်ဒေသ၌ သာသနာထွန်းလင်းမည်ဖြစ်၍ သာသနာကို

သဘာဝကျောက်ဝက်အလှူနှင့် ဝတ္ထုရုပ်ပွားတော်များ

www.burmeseclassic.com

www.burmeseclassic.com

လိုဏ်ဂူတော်အဝင်ဝ ကျောက်ထစ်လှေကားများနှင့် စပ်ဒရောင်းလေးအား သာယာလှပစွာ တွေ့မြင်ရစဉ်

သက်ဝင်ယုံကြည်သောကြောင့် မလျှော့သောဇွဲ၊ လုံ့လဖြင့် ဂူအတွင်း ဝင်ရောက်နိုင်ရန် ရည်အသွင်ဆင်မြန်းကာ ဂူလွင်ပြင်နှင့် မလှမ်းမကမ်းတွင် တောရကျောင်းဆောက်၍ သီတင်းသုံးနေထိုင်ခဲ့သည်။

တောတွင်းတစ်နေရာမှ ရရှိသော ကျွန်းအမြုတေဖြင့် ဘုရားရုပ်ပွားတော်မြတ်သုံးဆူ ထုလုပ်၍ ဂူအတွင်း၌ တည်ထားကိုးကွယ်နိုင်ရန် နဂါးမင်းအား ပေးအပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

မိဖုရားစောမွန်လှ၏ ကုသိုလ်တော်ဓာတ်တော်၊ မွေတော်များ

အနော်ရထာဘုရင်၏ မိဖုရားတစ်ပါးဖြစ်သော စောမွန်လှသည် ပေါက်ပြည်မှအပြန် ဝေလွှေဗဟတောင်အနီး သက်

တရေးသူ၏မိသားစု သိန္ဓိမင်္ဂလာကြိုတင်တားပေါ်၌ အမှတ်တရ

တန့်ရောင်စုံ အကွေးဆုံးနေရာမှ ရောင်ခြည်တော်အစုံ ကွန့်မြူးနေကြောင်း တွေ့မြင်ရလေသည်။ အကြောင်းစုံ သိရှိနိုင်ရန်အတွက် မောင်တော်ဖြစ်သော ကိုယ်ရံတော်တပ်မှူး စဝ်နောင်လှအား ဓာတ်တော်၊ မွေတော်များ၊ ရဟန္တာဓာတ်တော်များ ပေးအပ်၍ စေလွှတ်ခဲ့သည်။ ကိုယ်ရံတော်တပ်မှူး စဝ်နောင်လှသည် ဓာတ်တော်၊ မွေတော်များနှင့်အတူ သွားရောက်ကြည့်ရှုခဲ့ရာ လိုဏ်ဂူတော်အတွင်းရှိ ရုပ်ပွားတော်များမှ ရောင်ခြည်တော် ကွန့်မြူးနေသည်ကို တွေ့မြင်ခဲ့သည်။

စဝ်နောင်လှတို့အဖွဲ့သည် ၄င်းတို့ ယူဆောင်လာသော ဓာတ်တော်၊ မွေတော်များကို ရုပ်ပွားတော်သုံးဆူအတွင်း ထည့်သွင်း၌ပနာ၍ ကျန်ဓာတ်တော်၊ မွေတော်များနှင့် ရဟန္တာတော်များကို ဂူအတွင်း အမြင့်ဆုံးနေရာသုံးထပ်တွင် ၌ပနာထားခဲ့သည်ဟု မှတ်သားရပါသည်။

သမိုင်းဝင်ဘုရားများရှိသည့် လိုဏ်ဂူတော်

နှစ်များစွာ ကြာမြင့်ခဲ့ပြီဖြစ်၍ မိဖုရားစောမွန်လှ၏ ကောင်းမှုတော် ဓာတ်တော်၊ မွေတော်များကို ရှာဖွေရန် ခက်ခဲသော်လည်း ရဟန္တာဓာတ်တော်များကိုမူ ရှာဖွေတွေ့ရှိခဲ့လေသည်။

ထို့ကြောင့် နဂါးမင်းသုံးခွေအုပ်မိုးသည့် ဗုဒ္ဓရုပ်ပွားတော်တွင် ရဟန္တာဓာတ်တော်များကို ၌ပနာ၍ တည်ထားကိုးကွယ်ခဲ့သည်။

ယခင်ရှိပြီးဖြစ်သော ကျွန်းအမြုတေ ဗုဒ္ဓရုပ်ပွားတော်များအား ကိုးတောင်ပြည့် ကံထူထွတ်ခေါင်ရွှေစေတီနှင့် တစ်ဆယ့်ရှစ်တောင်ပြည့် ကံထူတံခွန်စေတီတော်တို့တွင် ၌ပနာ၍ တည်ထားကိုးကွယ်ခဲ့သည်။

ဤနေရာဒေသတစ်ဝိုက်တွင် အစွမ်းထက်မြက်လှသည့် ဆေး

www.burmeseclassic.com

သိဒ္ဓိမင်္ဂလာကြီးတံတား

ကြောင် သစ်ဥသစ်ဖုများလည်း ပေါများလှသည်။ တစ်ခါတစ်ရံ ဥတ်ဖြူစင်ကြယ်ဝတ် သူတော်စင်များနှင့် လိုဏ်ဂူစောင့် နေရောင်းမောင်နှမတို့အား လပြည့်၊ သင်္ကြာယ် ညများ၌ တွေ့ရတတ်ကြောင်း တစ်ဆင့်စကား ကြားသိရသည်။

ကံဆူထွတ်ခေါင် ရွှေစေတီ၏ ကံဆူတံခွန်စေတီတော်သည် နေရောင်းမောင်နှမ စောင့်ရှောက်ခြင်း ဤဘုရားများကို ယုံကြည်ကြည်ညိုယ်၍ လုပ်ငန်းများလုပ်ကိုင်ရန်အတွက် သစ္စာအဓိဋ္ဌာန်ပြု ဆုတောင်းပါက နဂါးမင်းမောင်နှမမှ အိပ်မက်ပေးကြောင်း သိရသည်။ သမ္မာအာဇီဝ လုပ်ငန်းဖြင့် မိမိ၏ အောင်မြင်လိုသော အကြောင်းကိစ္စရှိပါက နဂါးမင်းဘုရားများတွင် သစ္စာအဓိဋ္ဌာန်ပြုပါက ဆုတောင်းပြည့်ဝကြောင်း၊ အောင်မြင်သော ပုဂ္ဂိုလ်များ၏ ပြောစကားကိုလည်း ကြားသိရသည်။

ဤထူးခြားလှသော အောင်မြေ အောင်ဌာနဖြစ်သည့် ပိတ်ချင်းမြောင်နန္ဒမူလိုဏ်ဂူတော်ကြီးသို့ ဗုဒ္ဓဘာသာဝင်များက ကမ္ဘာအနှံ့မှ ခရီးသွားဧည့်သည်များလှည်း လာရောက်လေ့လာကြကြောင်း မှတ်သားသိရှိရလေသည်။

ပိတ်ချင်းမြောင်နန္ဒမူလိုဏ်ဂူတော်မှ ဖိတ်ခေါ်ပါသည်

လိုဏ်ဂူတော်အဝင်ဝသည် ပေနှစ်ဆယ်ခန့်ရှိ၍ လိုဏ်ဂူအတွင်း အဆုံးထိ အလျား ပေတစ်ထောင် ခြောက်ရာခန့်ခန့် ရှိပါသည်။ လိုဏ်ဂူ၏ အမြင့်ဆုံးနေရာမှာ ပေလေးဆယ်ရှိ၍ အနိမ့်ဆုံးနေရာမှာ ငါးပေခန့်သာ မြင့်ပါသည်။ လိုဏ်ဂူတော်၏ အကျယ်ဆုံးနေရာမှာ ပေသုံးဆယ်ခန့်ရှိ၍ အကျဉ်းဆုံးနေရာမှာ လေးပေခန့်သာ ကျယ်ဝန်းပါသည်။

ကျောက်သားနံရံများနှင့်အတူ လှပဆန်းကြယ်လှသော ကျောက်သားကျောက်ခက် ကျောက်ပန်းဆွဲများသည် ဘုရားပြည်သူများကို ညှို့ယူဖမ်းစားထားသလို လိုဏ်ဂူအတွင်းရှိ စေတီတော်များ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်များလည်း ကြည်ညိုဖွယ်ဖြစ်၍ မဝနိုင်အောင်ပင် လွန်စွာလှုပ်ယှက်လှုပ်ရှားပေသည်။ လိုဏ်ဂူတော်၏ အဆုံးနေရာအရောက် အပေါ်သို့ မော့၍ကြည့်ပါက ဂူအမြင့်တစ်နေရာတွင် လေဝင်ပေါက် အပေါက်တစ်ပေါက်ကို မြင်တွေ့ရပေမည်။

စာရေးသူ၏ မိသားစုများသည်လည်း လိုဏ်ဂူတော်အဝင်ဝ ကျောက်ထစ်လှေကားလေးများရှိ စမ်းရေများအတွင်း ရေဆော့ကစားခြင်း၊ ဓာတ်ပုံရိုက်ခြင်းများဖြင့် ပျော်ရွှင်နေကြပါသည်။

တောတောင်သဘာဝ သာယာလှပ၍ ငေးမောနေခိုက် ပြင်ဦးလွင်သားတစ်ပိုင်း ဖြစ်နေပြီဖြစ်သော သားတော်မောင်ရောက်ရှိလာပြီး ဤလိုဏ်ဂူတော်ကြီးအကြောင်း ရေးသားမှတ်တမ်းတင်ထားသည့် ကျောက်စာရှိ၍ သွားရောက်လေ့လာကြည့်ရှုရန် အကြံပြုပါသည်။

ထို့ပြင် စာရေးသူအား ပိတ်ချင်းမြောင်မဟာနန္ဒမူလိုဏ်ဂူတော်သမိုင်းကြောင်း ရိုက်ကူးဟားသော ဗီစီဒီခွေတစ်ချပ်ကိုလည်း လက်ဆောင်အဖြစ် ဝယ်ပေးလိုက်ပါသည်။

စာရေးသူတို့မိသားစုသည် လိုဏ်ဂူတော်ကြီးမှအထွက် ဈေးဆိုင်တန်းများအား ဖြတ်သန်းရင်း သိဒ္ဓိမင်္ဂလာ ကြီးတံတားပေါ်မှ လျှောက်လှမ်းကာ ကားဆီသို့ ပြန်လာကြရင်း နောက်တစ်ကြိမ် ဤမဟာနန္ဒမူလိုဏ်ဂူတော်သို့ တစ်ခေါက်ပြန်ရောက်ရပါလို၏ဟု ဆုတောင်းရင်း အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် သူတော်စင်များအားလည်း ထူးခြားဆန်းကြယ်လှသည့် ပိတ်ချင်းမြောင် မဟာနန္ဒမူလိုဏ်ဂူတော်သို့ တစ်ခေါက်တစ်ခါ ရောက်အောင်သွား၍ ဖူးမြော်ကြပါဟု ရေးသားတိုက်တွန်းရင်းဖြင့်..။

ခုနစ်ရက်သားသမီးအပေါင်း ဘေးဘယာကင်းဆေးကြပါစေ။

ဗိုလ်တထောင်-ကိုဒို

www.burmeseclassic.com

www.burmeseclassic.com


မဲလံဆတောင်စေတီရှိ ကျောက်တံခါးဆောင်တော်

ဖာလုံအကွာ ဘီးလင်း-ဖာပွန်ကားလမ်း၊ ဘီးလင်းချောင်း အနောက်ဘက်ကမ်းမှာ ရှိပါတယ်။ အမြင့်ပေ(၈၆၀)ရှိ ဖား ပပွတတောင် (ခေါ်) မဲလံတောင်ပေါ်မှာ မဲလံဆံတော်ရှင် စေတီတော် တည်ရှိပါတယ်။

ဘီးလင်းမြို့ဟာ အရင်က သာမန်မြို့လေးဖြစ်ပေမယ့် အခုအခါမှာ ကမ္ဘာ့အကြီးဆုံး ရွှေကြောကြီးကို ပိုင်ဆိုင် ထားလို့ လတ်တလောနာမည်ကြီးနေတဲ့ မြို့တစ်မြို့ ဖြစ် ပါတယ်။ မဲလံစေတီတော်ဟာ (၂၈)တောင်မျှသာရှိပြီး တစ် လုံးပေါ် တစ်လုံးထပ်နေတဲ့ ကျောက်တုံးကြီးသုံးလုံးပေါ်မှာ တည်ထားပါတယ်။ ထီးတည်းမားမား မြင့်မားမတ်စောက် တဲ့ တောင်ထိပ်ဖျားမှာ တည်ထားတာကြောင့် တိမ်တောက် တိမ်စိုင်တွေအကြားမှာ တည်ရှိနေသလို ထင်မှတ်ရပါတယ်။ ဆံတော်တည်ရှိရာတောင်ကို အဝေးကကြည့်ပါက နဂါးကြီး တစ်ကောင် လဲလျောင်းနေသကဲ့သို့ ထင်မှတ်ရပါတယ်။

ရီရီငြေး

မဲလံဆံတော်ရှင်စေတီတော်နှင့် ကုသိနာရုံအလှမ်း

စာရေးသူတို့ စမ်းချောင်း ယောဂီဘုရားဖူးအဖွဲ့ဟာ နံနက်(၁၀)နာရီလောက်မှာ မဲလံတောင်ခြေရင်းကို ရောက်ရှိ လာခဲ့ပါတယ်။ ဒီတောင်ခြေဟာ မွန်ပြည်နယ်၊ ဘီးလင်းမြို့ နယ်အတွင်း၌ရှိပြီး ဘီးလင်းမြို့မြောက်ဘက် (၁၄)မိုင် (၅)

မဲလံဆံတော်ရှင်စေတီတော်ရင်ပြင်ရှိ စေတီစတော်များ

တောင်ပေါ်ကို တောင်တက်ကားနဲ့ တစ်ဆင့်တက်ရပါ တယ်။ တောင်တက်ကားခက အသွား-အပြန်(၁၀၀၀)ကျပ် ဖြစ်ပါတယ်။ ကျွန်မတို့ဟာ တောင်တက်ကွန်ကရစ်လမ်းကို တက်ခဲ့တာ ငါးမိနစ်လောက် အချိန်အတွင်းမှာ တောင်ထိပ် ကို ရောက်ရှိခဲ့ပါတယ်။ စာရေးသူ ဟာ ကားခေါင်းခန်းက ထိုင်ရင်း ကားဆရာနဲ့ စကားစမြည် ပြောဖြစ် ခဲ့ပါတယ်။

'ဒီလမ်းဖောက်ထားတာ တော် တော်ကြာပြီလား'

'ဒီလမ်းဖောက်ထားတာ တစ် နှစ်ကျော်ကျော်လောက်ပဲ ရှိသေး တယ်။ အရင်ကဆိုရင် ဒီနေရာဟာ အမည်းရောင်နယ်မြေဖြစ်လို့ မင်္ဂြိ ချမ်းဘူးပေါ့။ သေနတ်သံတွေ အ ကြားနေရတယ်။ (၂၀၁၂)ခုနှစ် နဝါရီလမှာ အစိုးရနဲ့ ကေအင်

www.burmeseclassic.com

www.burmeseclassic.com

ကို အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးပြီးတဲ့ နောက် ပြည်နှာ ဒီနယ်မြေဟာ သိသိသာသာကြီး တိုးတက်လာခဲ့ တယ်"

"ဟုတ်ကဲ့ပါ"

ထိုသို့ပြောရင်းဆိုရင်း မဲလံတောင်ပေါ်ကို ရောက်ရှိ သွားခဲ့ပါတယ်။

မဲလံဆံတော်ရှင်ရဲ့ သမိုင်းကြောင်းကား-

မြတ်စွာဘုရားရှင်ဟာ ဝါတော်(၈)ဝါ အရောက်မှာ ရဟန္တာ(၅၀၀)နဲ့အတူ သုဝဏ္ဏဘူမိသထုံပြည်ကြီးသို့ ကြွ ရောက်တော်မူလာခဲ့ပါတယ်။ ခုနစ်ရက်တိုင်တိုင် သုဝဏ္ဏ ဘူမိ သထုံပြည်၌ တရားစည်ကြီးကို ရိုက်တီးဆော်ခတ်ခဲ့ပါ တယ်။ များစွာသောပရိသတ်များဟာ အကျွတ်တရားရခဲ့ကြ ပါတယ်။ လာရောက်ပူဇော်ကြသူများအနက် ရသေ့ခြောက် ပါးကို ရှေးဦးစွာ ဆံတော်များ ချီးမြှင့်ခဲ့ပါတယ်။

ရသေ့ခြောက်ပါးကတော့-

- ကျိုက်ထီးရိုးတောင်နေ ဗုဒ္ဓဉာဏရသေ့၊
- ဖွေးပင်တောင်နေ တိဿရသေ့၊
- ကေလာသတောင်နေ တိလရသေ့၊



မဲလံတောင်ပေါ်ရှိ သူတော်စင်ဗိမာန်



မဲလံဆံတော်ရှင်ဘုရားတော်

- ကုသိနာရုံတောင်နေ ဒိဗ္ဗစက္ခုဉာဏရသေ့၊
- နာဂပပ္ပတ (ခေါ်) မဲလံတောင်နေ မဲလံရသေ့တို့ ဖြစ် ပါတယ်။

ထိုဆံတော်ခြောက်ဆူကို ဆကေသမဟာဓာတုဝင် ဆံ တော်များဟု ခေါ်ပါတယ်။ မြတ်စွာဘုရားရှင် ပြန်ကြွသွား ပြီးနောက် ရသေ့အသီးသီးဟာ သူတို့နေထိုင်ရာ တောင် အသီးသီးမှာ ဆံတော်တွေကို ဌာပနာပြီး စေတီတော်များကို တည်ထားကိုးကွယ်ခဲ့ပါတယ်။

မဲလံရသေ့ကြီးဟာ မိမိရရှိခဲ့တဲ့ ဆံတော်မြတ်ကို ဆံ ကျစ်အကြားမှာထားကာ ကိုးကွယ်ခဲ့ပါတယ်။ ရသေ့ကြီး ဟာ သူ မသေခင် စေတီတစ်ဆူတည်လိုသောဆန္ဒ ပြင်းပြ စွာ ဖြစ်ပေါ်လာပါတယ်။ ထိုအကြောင်းကို သိကြားမင်း သိသွားသောအခါ ဆံတော်ကိန်းဝပ်နိုင်မည့် ကျောက်တုံး ကြီးကို ရှာဖွေရာ ယခုတွေ့ရှိရသော ကျောက်တုံးသွေးဆင်

www.burmeseclassic.com

www.burmeseclassic.com

ကျောက်ပိရဟန္တာရှင်ကုမာရကဿပရုပ်တုတော်

အဲဒီ မဲလံတောင်ပေါ်မှာ ကျိုက်ထီးရိုးလေးစေတီတော်၊ ပြည်တော်အေးစေတီတော်၊ ကျောက်တံခါးစေတီတော်တို့အပြင် ဆံတော်ခြောက်ဆူဝေခန်း ဘုရားများလည်း ရှိပါတယ်။

နောက်တစ်ခုကတော့ နာမည်ကြီးနေတဲ့ ကျောက်ပိရဟန္တာရုပ်တုတော် ရှိပါတယ်။ အဲဒီရဟန္တာရဲ့ ဘွဲ့အမည်ဟာ အရှင်ကုမာရကဿပ မထေရ်မြတ်ကြီးပဲ ဖြစ်ပါတယ်။ အရှင်ကုမာရကဿပ ရဟန္တာ မထေရ်မြတ်ကြီးဟာ ရှေးဘဝက ဝဠုကြွေးကံကြွေးကြောင့် မဲလံတောင်ပေါ်က အမြင့်တစ်ပေကျော်၊ အကျယ်သုံးပေခန့်ရှိတဲ့ ကျောက်သားလိုဏ်ကြီးထဲမှာ အထက်က ကျောက်တုံးပိမိပြီး ပရိနိဗ္ဗာန်ပြုခဲ့တယ်လို့ အဆိုရှိပါတယ်။ ဒါကြောင့် ဒေသခံတွေဟာ ရဟန္တာပုံတူကို (၁၂၈၈)ခုနှစ်မှာ ထုလုပ်ပူဇော်ခဲ့ပါတယ်။ အဓိဋ္ဌာန်အောင်ပြီး ဆုတောင်းပြည့်တယ်လို့ အဆိုရှိလို့ မဲလံစေတီတော်နဲ့ ကျောက်ပိရဟန္တာရှေ့မှာ ဆီမီးတိုင်၊ အမွှေးတိုင်၊ ပန်းများနဲ့ ပူဇော်ကြပါတယ်။

ဆင့်ထားသည့် ကျောက်တုံးကြီးကို တွေ့ရှိရပါတယ်။

သိကြားမင်းဟာ အပေါ်ဆုံးမှာရှိတဲ့ ကျောက်တုံးကို မိမိရဲ့ သန်လျက်နဲ့ သုံးတောင် တစ်မိုက် လက်လေးသစ်အနှက်ဖောက်ပြီး ဘုရားရှင်ရဲ့ဆံတော်ကို ဌာပနာခဲ့ပါတယ်။ ရသေ့ကြီးနဲ့အတူ သိကြားမင်းဟာ သက္ကရာဇ်(၁၁၉)ခုနှစ်မှာ မဲလံဆံတော်ရှင်စေတီတော်ကို တည်တော်မူခဲ့ပါတယ်။ ရသေ့မဖြစ်မီ အမည်ဟာ စောမဲလံဖြစ်တာကို အစွဲပြုပြီး မဲလံရသေ့ကြီးလို့ အမည်တွင်ရခြင်း ဖြစ်ပါတယ်။

ကျောက်ပိရဟန္တာရှင်ကုမာရကဿပရုပ်တုတော်

ကျောက်တံခါးစေတီတော်ဟာလည်း အလွန်ထူးခြားပါတယ်။ ကျောက်တုံးကြီး(၂)တုံးပေါ်ကို ကျောက်တုံးကြီးတစ်တုံးက ခပ်စောင်းစောင်းတည်နေပြီး အဲဒီကျောက်တုံးပေါ်မှာ စေတီတော်တစ်ဆူ တည်ထားပါတယ်။ ဘုရားရဲ့ အောက်ခြေမှာ လူတစ်ရပ်ကောင်းကောင်းလွတ်တဲ့ မုခ်တံခါးပေါက် ရှိပါတယ်။ အဲဒီထဲကို လိုရာဆုတောင်းပြီး သုံးခါဝင် သုံးခါထွက် ပြုလုပ်ရင် ဆုတောင်းပြည့်တယ်လို့ အဆိုရှိပါတယ်။ ကျွန်မရဲ့ ခမ္မမိတ်ဆွေယောဂီ တော်တော်များများကတော့ ဘာဆုတောင်းလဲ မသိပါဘူး။ အဲဒီစေတီရဲ့ မုခ်တံခါး

www.burmeseclassic.com

အပေါက်ထဲကို သုံးခါဝင် သုံးခါထွက်ပြီး ပါးစပ်က တတွတ်တွတ်ဆုတောင်းနေတာ တွေ့ရှိရပါတယ်။ ထူးခြားတဲ့ မုခ်ဦးပေါက်ရှိတာကြောင့် ကျောက်တံခါးစေတီလို့ ဘွဲ့အမည်ပေးခဲ့ပါတယ်။

ဓလံတောင်ပေါ်က ဘုရားများကို ဖူးအပြီးမှာတော့ ကျွန်တော့်အုပ်စု တောင်တက်ကားနဲ့ တောင်အောက်ကို ပြန်ဆင်းလာခဲ့ပါတယ်။ တောင်ခြေမှာ အသင့်စောင့်နေတဲ့ အသံ တောင်တက်ကားများနဲ့ ကုသိနာရုံဆံတော်ရှင်စေတီဆောက်သို့ ခရီးဆက်ခဲ့ပါတယ်။ အဲဒီမှာလည်း ခေါင်းခန်းကြီးသွားတဲ့အတွက် ကားဆရာနဲ့ စကားပြောဖြစ်ခဲ့ပါတယ်။

"ကုသိနာရုံတောင်တော်ဟာ တော်တော်ထူးခြားတဲ့ဆောင်ပဲ"

"ဘယ်လိုထူးခြားတယ်ဆိုတာ ပြောပြပါ ကားဆရာရယ်"

ကျောက်တံခါးစေတီတော်နှင့် ထုတောင်းစနှစ်သူများ

ကုသိနာရုံရွှေစေတီတော်

"ကုသိနာရုံတောင်ပေါ်က စီးဆင်းလာတဲ့ တောင်ကျရေတွေဟာ ချောင်းတစ်ခုဖြစ်သွားတယ်။ အဲဒီချောင်းကို ပိတ်ပြီး ရေလှောင်တမံ ဆောက်ထားပါတယ်။ အဲဒီရေတွေကနေ ရေအားလျှပ်စစ် ထုတ်ပေးပါတယ်"

"သြော်..ဟုတ်လား"

"မဇ္ဈိမတိုင်း ပါဠိလိပုတ်ပြည့်ရှင် သီရိဓမ္မာသောကမင်းကြီးဟာ တတိယသင်္ဂါယနာတင်အပြီးမှာ ကိုးတိုင်းကိုးဌာနကို သာသနာပြုရဟန်းတော်များစေလွှတ်ရာ မြန်မာပြည်ကိုတော့ ရှင်သောဏနဲ့ ရှင်ဥတ္တရ ရဟန်းတော်နှစ်ပါးကို သာသနာပြုဖို့ စေလွှတ်ခဲ့ပါတယ်။ အဲဒီရဟန်းတော်နှစ်ပါး ဟာ ကုသိနာရုံတောင်ပေါ်မှာ သီတင်းသုံးပြီး သာသနာပြုခဲ့ကြတယ်။ နောက်ဆုံးတော့ ရဟန္တာအဖြစ်နဲ့ ပရိနိဗ္ဗာန်စံတော်မူခဲ့တယ်"

"သြော်..ဟုတ်ကဲ့၊ ကြားဖူးပါတယ်"

"အဲဒီမှာ ထူးခြားတဲ့ ထူးခြားချက်ကလေးတွေကိုလည်း ပြောပြ၊ ရဦးမယ်"

"ပြောပြပါ ကားဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်သောဇနရဟန္တာမဟာထေရ်မြတ်ကြီး၏ ကျောက်ဖြစ်ရုပ်ကြွင်းဟုတော်

"သာသနာသက္ကရာဇ်(၂၅၂)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၅)ရက်နေ့မှာ ကုသိနာရုံတောင်ပေါ်မှာ နှစ်ပါးအတူ တကွ ပရိနိဗ္ဗာန်စံတော်မူတဲ့ ရဟန္တာကြီးတွေရဲ့ ရုပ်ကလာပ်တွေကို မီးသင်္ဂြိဟ်ခဲ့ကြတယ်။ အဲဒီလိုမီးသင်္ဂြိဟ်တဲ့အခါမှာ ရုပ်ကလာပ်တွေဟာ မီးလောင်ပျက်စီးခြင်းမရှိဘဲ ကျောက်သားရွှေအတိအဖြစ်နဲ့ ကြွင်းကျန်ခဲ့ပါတယ်"

"ဩော်..အဲဒီလိုလား။ ဒီလိုထူးခြားတဲ့ အဖြစ်မျိုးကို တော့ မကြားဖူးပါဘူး။ ဒါနဲ့ အဲဒီရွှေရုပ်ကလာပ်ကြီးက ဘယ်မှာလဲ"

"အဲဒီကုသိနာရုံတောင်ပေါ်မှာပါပဲ။ အရှင်မြတ်ကြီးနှစ်ပါးရဲ့ ကျောက်ဖြစ်ရုပ်ကြွင်းတွေကို အင်္ဂတေနဲ့မံပြီး ဆဲ

ရှင်သောဇနရဟန္တာအရှင်မြတ်ကြီးကို အနီးကပ်တွေ့ရှိရစဉ်

တော်ရှင်စေတီတော်ရဲ့ တစ်ဖက်တစ်ချက်စီမှာ ရုပ်တုတော်တွေ တည်ထားကိုးကွယ်ခဲ့ပါတယ်"

"ဩော်..ဟုတ်လား"

ရွှေတုံးဖြစ်သွားတဲ့ ရဟန္တာအရှင်မြတ်ကြီးနှစ်ပါးရဲ့ ဖြစ်ရပ်ဆန်းကြယ်ကို ကြားသိလိုက်ရတဲ့အတွက် ကြည်ညိုသဒ္ဓါပွားကာ လွန်စွာဖူးမြော်ချင်ခဲ့ပါတယ်။

ကျွန်မ စီးနင်းလိုက်ပါလာတဲ့ တောင်တက်ကားဟာ မကြာမီ ကုသိနာရုံတောင်ပေါ်ကို ရောက်ရှိလာခဲ့ပါတယ်။ ကုသိနာရုံဆံတော်ရှင်ဟာ ကုသိနာရုံရသေ့ကြီးနဲ့ သိကြားမင်းတို့ တည်ခဲ့တဲ့ စေတီတော် ဖြစ်ပါတယ်။ မဟာသက္ကရာဇ်(၁၁၈)ခုနှစ်မှာ ကုသိနာရုံတောင်ထိပ်ရှိ လုံးဝိုင်းသော ကျောက်တုံးဌ ဆံတော်ဌာပနာပြီး စေတီတည်ခဲ့ပါတယ်။ ကုသိနာရုံရွှေဆံတော်လို့ ကမ္ဘည်းထိုးထားပါတယ်။

ဘုရားရဲ့ တစ်ဖက်တစ်ချက်မှာတော့ စေတီတော်နဲ့ ဘုရားကို ခေါင်းပြုပြီး ပရိနိဗ္ဗာန်စံနေတော်မူတဲ့ ရွှေရောင်တောက်ပနေတဲ့ ရှင်သောဇနဲ့ ရှင်ဥတ္တရ မထေရ်ကြီးများရဲ့ ပုံတော်ကို ဖူးတွေ့ရပါတယ်။ ရဟန္တာနှစ်ပါးရဲ့ ထူးခြားဆန်းကြယ်တဲ့ ဖြစ်ရပ်ဆန်းများနှင့်အတူ မြန်မာပြည်သူပြည်သားများအတွက် သာသနာ့အလင်းရောင်ကို ထွန်းပြောင်တောက်ပစေခဲ့တဲ့ ကျေးဇူးရှင် ပုဂ္ဂိုလ်ကြီးနှစ်ပါးကို ဖူးမဝနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ သို့သော်လည်း မကြာမီ ပြန်ရမှာဖြစ်တဲ့အတွက် ကျေးဇူးရှင် ရဟန္တာကြီးနှစ်ပါးရဲ့ ဂုဏ်ရည်ကို ဦးခိုက်ပူဇော်ရင်း အလွမ်းကလေးများ ဖြစ်ပေါ်လာခဲ့ပါတယ်။

ဤတောင်ကို ရှေးယခင်က တောင်စာန်းများနှင့် မဆက်ဘဲ သီးခြားဖြတ်နေတဲ့တောင်ဖြစ်နေလို့ ခါ ပြတ်တောင်လို့ ခေါ်ဝေါ်ခဲ့ကြပါတယ်။ နောက်တော့ ရဟန္တာကြီး

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဥာဏ်ရရှာနန္ဒာမဏ္ဍိုဆရာတော်ကြီးဟာ ဝေဒနာကင်းပြတ်ရုပ်ကြွင်းပုံတော်

ရင်ဆိုင်ခဲ့ရတာနဲ့စဉ်းစားမိတော့ ကျွန်တော်တို့ ကုသိနာရုံတောင်လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။ ဒါ့အပြင် ဆုတောင်းမြတ်နှစ်ပါး သက်နှံးလှန်းရာ ရောက်မှာလည်း သက်နှံးလှန်းစေသော်ကို တည်ထားခဲ့ပါတယ်။ ကျွန်တော်တို့ ယောဂီအဖွဲ့ဟာ မြတ်စွာဘုရားရှင်ရဲ့ ဆံတော်များကို ဌာပနာပြီး တည်ထားတဲ့ စေတီတော်ကြီးကို ဖူးမြော်ရရုံသာမက မြန်မာပြည်သို့ ပထမဦးစွာ ရောက်ရှိလာသော သာသနာပြုခဲ့ကြတဲ့ ရဟန္တာနှစ်ပါးရဲ့ ကျောက်ဖြစ်ကြွင်းအစစ်ကို ဖူးမြော်ရခြင်း၊ ကျောက်ပိရဟန္တာမြတ်ကြီးရဲ့ ကျောက်သားရုပ်တုများကို ဖူးမြော်ရခြင်းတို့အတွက် အကြီးမသေ ဝမ်းသာကြည်နူးမိပါတယ်။

ကျွန်တော်တို့ရဲ့ အပြန်ခရီးမှာတော့ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်များနဲ့ ဖြာဝေနေတဲ့ ယောဂီများရဲ့ရင်ထဲမှာ ဝမ်းသာမှုတွေ အဟုန် လွှမ်းခြုံပြီး သူတို့ရဲ့မျက်နှာမှာလည်း အကြည်လင်အေးချမ်းနေပါတယ်။ မကြာမီမှာတော့ ကျွန်တော်တို့ တစ်တွေဟာ မွန်ပြည်နယ်ကြီးမှ ပြည်သူများကို နှုတ်ဆက်ရင်း ကုသိနာရုံအလွှမ်းဖြင့် ရန်ကုန်မြို့ကြီးကို ပြန်ခဲ့ရပြီတကား။

ရိရိငဉ်း

ကျမ်းကိုး

* မဲလ်ဆံတော်ရှင်စေတီတော်သမိုင်း။

မှတ်ပုံတင်ပြီး.

အမေ့ဆေး

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို

သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား

နေ့လယ် အစာမစားမီ (၃) ပြား

ည အစာမစားမီ (၃) ပြား

ဖုန်း - ၀၁-၃၇၆၇၀၁၊ ၀၁-၃၇၆၇၀၂၊ ၀၉-၇၃၂၀၀၉၇၀

အပြုံးပြုံးအနယ်နယ်ရှိသော

ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်

ဆေးရုံဆေးခန်းများတွင် အမှတ်တံဆိပ် - TMR သောဆေးကိုသာ သုံးစွဲပါရန်

www.burmeseclassic.com

www.burmeseclassic.com

ဝိဇာတပိဟာန်အတွင်း လယ်တီဆရာတော်ရုပ်တုတော် သီတင်းသုံးရာ အာရုံခံတန်ဆောင်း

ဒေယျာထက် အဝိဇ္ဇာနဒီပ မဟာအောင်ပြ

လွန်ခဲ့သည့်လအတွင်းက ဒီပဲယင်းမြို့နယ်သို့ ရောက်သွားဖြစ်ခဲ့ရပါသည်။ ဒီပဲယင်းမြို့နယ်အတွင်းသို့ ရောက်ဖြစ်သည်နှင့် ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး မီးရှူးသန့် ဇ ဖွားမြင်တော်မူခဲ့သည့် ဇာတိချက်ကြွေ စိုင်ပြင်ကြီးေ ျးရွာသို့ အရောက်သွားလိုသည့်ဆန္ဒပြင်းပြလာမိသည်။

ကျေးဇူးတော်ရှင် ပထမလယ်တီဆရာတော်ဘုရားကြီး မွေးဖွားခဲ့ရာ စိုင်ပြင်ကြီးကျေးရွာတွင် ဆရာတော်ဘုရားကြီး ဖွားမြင်စဉ်က နိမိတ်ထူးများ အထင်အရှား ပေါ်ပေါက်ခဲ့သည့်နေရာတွင် အောင်မြေမှန်ရာ ဗိမာန်တော်ကြီး တည်ထားလျက် ရှိနေခဲ့သည်ကို ကြားဖူးနားဝ ရှိနေမိခဲ့သဖြင့် အောင်မြေမှန်ရာ ဗိမာန်တော်ကြီး တည်ရာသို့ အရောက်သွားလိုစိတ် ပြင်းပြနေမိခြင်းပင်ဖြစ်သည်။ ဤသို့ဖြင့် ဗိမာန်တော်ကြီးတည်ရာ စိုင်ပြင်ကြီးကျေးရွာဆီသို့ အရောက်လှမ်းမိဖြစ်တော့သည်။

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးကျေးရွာတွင် ခမည်းတော် ဦးထွန်းသာ၊ မယ်တော် ဒေါ်ကြူးတို့မှ (၁၂၀၈)ခုနှစ်၊ နတ်တော်လဆန်း (၁၃)ရက် အင်္ဂါနေ့ ညဉ့် တစ်ချက်တီးကျော်အချိန် ဖွားမြင်တော်မူခဲ့ခြင်းဖြစ်သည်။

ဦးထွန်းသာ၊ ဒေါ်ကြူးတို့၏ သားသမီးခြောက်ယောက်အနက် လယ်တီဆရာတော် လောင်းလျာသည် ဒုတိယမြောက် သားရတနာပင်ဖြစ်သည်။ လယ်တီဆရာတော် လောင်းလျာ မွေးဖွားသည်နှင့် အိမ်ဥပစာအတွင်း မန်ကျည်းပင်ကြီး၌ ထောင်ထားသော ဝါးလုံးများအကြားမှ ရောင်ခြည်ဖြာကာ လင်းလက်ထွက်ပေါ်လာသည့် သက်တံကြီးသည် မိုးကောင်းကင်ပေါ်သို့ ထိုးတက်သွားပြီး တစ်ဖန် ညွှတ်ကိုင်း၍ လယ်ဆီဆရာတော်လောင်းလျာ မီးရှူးသန့်စင်ရာ အခန်းသို့ဝင်ပြီး အိမ်ခေါင်မိုးကိုဖောက်ကာ အရောင်မျိုးစုံ လင်းလက်ယှက်သန်း၍ ကောင်းကင်သို့ ပြန်လည်ထိုးတက်တော

www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ဆန်းပြားထူးကဲစွာ ထွက်ပေါ်လာသည့် နိမိတ်ကြောင့်ပင် ဆရာတော်လောင်းလျာအား ချစ်စနိုးပြုကာ ဆောက်ခေါင်ဟု မှည့်ခေါ်ထားခြင်း ဖြစ်သည်။

လယ်တီဆရာတော်လောင်းလျာကို မိဘများက ရွာမ ကျောင်း ဆရာတော် ဦးနန္ဒထံ၌ ရှင်သာမဏေပြုပေးခဲ့ကြသည်။ ကိုရင်ဘဝဖြင့်ပင် ဆရာတော်လောင်းလျာသည် ဆယ်သမာ ကျေးစေရတုကို စပ်ဆိုရေးသားခဲ့သည်။ ဆရာ ဦးနန္ဒက ဆရာတော်လောင်းလျာအား ဉာဏ်ပညာ ထူခြောက်သူအဖြစ် ရှင်ဉာဏဓဇဟု ဘွဲ့ပေးခဲ့သည်။

ရှင်ဉာဏဓဇသည် ရဲထွက်ရွာအရှေ့ဘက် ဝေဒပါရဂူ ဆရာတော်ကြီး ဦးဂန္ဓမာထံ၌ ဓာတာဖွဲ့နည်း၊ သင်္ကြန်တွက် နည်း စသည့် လောကီပညာရပ်များကို ထုံးလိုမွေ ရေလို သင်ယူနိုင်သည်အထိ သင်ယူခဲ့သည်။

(၁၂၂၈)ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်နေ့တွင် စိုင် ခြိုရွာပြင်တစ်တိုက်ရှိ သိမ်တော်၌ ငယ်ဆရာ ဦးနန္ဒကိုယ် တိုင် ဦးပန္ဓာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ရဟန်းဖြစ်သည်နှင့် မန္တလေးမြို့ရှိ မင်္ဂလာစံကျောင်း တိုက်သို့ ပညာသင်ကြွတော်မူသည်။

(၈)ဝါအရတွင် မင်္ဂလာစံကျောင်းတိုက်၏ ပထမစာချ အပြစ် ခိုးမြှောက်ခြင်းခံရသည်။ (၁၆)နှစ်တိုင်ကိုင် မင်္ဂလာ ကျောင်းတိုက်၌ သီတင်းသုံးတော်မူစဉ် သုဒဿနဇဝဏီ မဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဒုတိယ အကျောင်းဆရာတော်နှင့် မကုဋ္ဌဂရာမ ဆရာတော်ဘုရားကြီး တို့ဆီတွင် ပိဋကတ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ယူ တော်မူခဲ့သည်။

မင်းတုန်းမင်းတရားကြီး ပဋမ သင်္ဂါယနာ တင်သည့်ပွဲတွင် ဆရာ တော်လောင်းလျာ ရှင်ဉာဏဓဇ သည် ကထာဝတ္ထု ပါဠိတော်ကြီး ကို ရွှေနန်းတော်အတွင်း ဗြတိုက် ဆောင်ရာဇပလ္လင်ပေါ်၌ မြင်းကောင်း ကြီးသကဲ့သို့ ဆစ်ပိုင်းကျန မနား အောင် မရွံ့မကြောက် ပေါက်ပေါက် ဆုတ်ရောက် ပြန်ဆိုတော်မူရာ မင်းတုန်းမင်းတရားကြီးနှင့် ရဟန်း အပေါင်းတို့၊ လူပရိသတ်တို့ ချီးမွမ်း ကြွေးကြော်ပေးခြင်းကို ခံရသည်။

မုံရွာမြို့ မြောက်လေးတစ်ထောင့် ခြေသုံ့ဟောက်လက္ခဏာ ဟူသော တံဆောင်နှင့်အညီ လယ်တီဆရာတော်ဘုရားကြီး သည် (၁၂၄၈)ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၈)ရက်နေ့၌ မုံရွာမြို့၏မြောက်ဘက် ပေတယကုန်းနာဘာဝတို့ အခြောက် အလှန့်အားကြီးသော လယ်တီတောကြီးထဲ၌ ကြွမ်းတမ်း သော နာနာဘာဝတို့ကို မေတ္တာပို့သတော်မူကာ ဝိုင်းဝန်း၍ သာသနာပြုကြရန် မေတ္တာရပ်ခံပြီး လယ်တီတိုက်ကြီးကို တည်ထောင်တော်မူသည်။

(၁၂၅၉)ခုနှစ်၌ ပရမတ္ထဒီပနီမည်သော သင်္ဂြိဟ်မဟာ ဋီကာကျမ်းကိုလည်းကောင်း၊ (၁၂၆၅)ခုနှစ်၌ နိဂုတ္တိဒီပနီ မည်သော သဒ္ဒါကျမ်းကြီးများကို ရေးသားတော်မူပြီးချိန်မှ စ၍ လယ်တီဆရာတော်ဘုရားကြီးကို မြန်မာနိုင်ငံတွင်သာ မက ကမ္ဘာကပါ အလေးထား အသိအမှတ်ပြုလာခဲ့သည်။

(၁၂၇၅)ခုနှစ်တွင် မန္တလေးမြို့၌ နိုင်ငံခြားသာသနာပြု အသင်းကြီးကို တည်ထောင်တော်မူခဲ့သည်။ ဆရာတော် ဘုရားကြီးသည် စာပေရှိမှ လူမျိုးတင့်မည်ကို သိတော်မူ သဖြင့် ဗုဒ္ဓစာပေများကို အများဖတ်ရှုနားလည်စေရန် မြန် မာလိုရေးသား၍ ကျမ်းစာအုပ်ပေါင်း(၁၀၀)ကျော်ကို ပြုစု တော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးသည် (၁၂၅၇)ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက်နေ့တွင် ဗုဒ္ဓဂယာသို့ကြွရန် ရန်ကုန်သို့အကြွ မန္တလေးနှင့် ရန်ကုန်အကြား မီးရထား ပေါ်တွင် ပဋိစ္စသမုပ္ပာဒ်ဒီပနီကျမ်းကို ရေးသားတော်မူခဲ့ပြီး ရန်ကုန်မှ ကိုးလ်ကတ္တားသို့အကြွ သင်္ဘောပေါ်တွင် ပဋိစ္စ သမုပ္ပာဒ်ဋီကာ အဖြေကို ရေးသားတော်မူသည်။

ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဂယာမှ အပြန်တွင်

လယ်တီဆရာတော်ဝိဇာတဝိဟာန်

www.burmeseclassic.com

www.burmeseclassic.com

ဝိဇာတဝိဟာန်အတွင်း ဆရာတော်ဘုရားကြီးရှစ်တုတော် သိတင်းသုံးစဉ်

လယ်တီတိုက်ကြီးသို့ မပြန်တော့ဘဲ တွံတေး-ဒလ တောနက်ကြီးအတွင်း ဝါကပ်တော်မူ၍ တရားမမှုများကို အားထုတ်တော်မူသည်။ (၁၂၆၅)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၁)ရက်နေ့ လက်ပံတောင်းတောင်တော်၌ နေတော်မူစဉ် ကင်းဝန်မင်းကြီးက လူကြုံဖြင့်တစ်မျိုး၊ စာရေးရှင်တစ်တန်အတန်တန်ပင့်လျှောက်သဖြင့် ကင်းဝန်မင်းကြီး၏ အိမ်ဦးခန်း၌ သီတင်းသုံးတော်မူရင်း ကင်းဝန်မင်းကြီး မေးလျှောက်သမျှ ဖြေတော်မူရင်း (၃)ရက် (၃)ညတိုင်တိုင် တရားဟောတော်မူသည်။

ကင်းဝန်မင်းကြီးအား တရားဟောတော်မူပြီးနောက် တွင် အာနာပါနဒီဃနိကို ရေးသားပြုစုတော်မူသည်။ (၁၂၇၀) ပြည့်ပြီး နောက်နှစ်များတွင် မြန်မာနိုင်ငံ၌ ကြောက်စရာ ကောင်းသော ပုလိပ်ရောဂါဘေးဆိုးကြီး ကျရောက်ခဲ့သည်

ဝိဇာတဝိဟာန် လယ်တီဆရာတော်လောင်းဘဝ ပဉ္စာသည်နှင့် သက်တံထွက်၍ နိဗ္ဗိတ်ပြခဲ့သော ပန်းချီးမင်ဆေး

လယ်တီဆရာတော်ဘုရားကြီးသည် စက်ပရိတ်တော် ရွတ်ဖတ်၊ လမ်းဆုံ လမ်းမတို့ ဘုရား အမိန့်တော်ပြန်ခြင်း စသော နည်းလမ်းများကိုသုံးကာ မြန်မာ နိုင်ငံသူနိုင်ငံသားတို့အား ကပ်ရော ဂါဘေးဆိုးကြီးမှ ကယ်တင်တော် မူခဲ့သည်။ (၁၂၆၈)ခုနှစ် အောက် မြန်မာနိုင်ငံ၊ ဟင်္သာတမြို့တွင် ခြင် ကြီး ကြီးစွာခေါင်းဖြင့် လယ် လုပ်သူများနှင့် သက်ရှိ,သက် အားလုံးလိုလို ဒုက္ခတွေ့နေကြ သည်။ အင်္ဂလိပ်လူမျိုး ဧကသ တိုင်းမင်းကြီး၏ လျှောက်ထားခ

www.burmeseclassic.com

www.burmeseclassic.com

အရေ ဝါတွင်းမှာပင် ကြွရောက်ဆောင်မူလေရာ ဟင်္သာတမြို့ပေါ်သို့ ဆရာတော်ဘုရားကြီး ခြေချတော်မူသည်နှင့် မိုးသဲကြီးမဲကြီး ရွာသွန်းတော့သည်။

(၁၂၇၃)ခုနှစ်တွင် အစိုးရက ဆရာတော်ဘုရားကြီးအား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်နှင့် (၁၂၈၃)ခုနှစ်တွင် ဝိဇ္ဇာကက္ကယ ဝါရဂူဘွဲ့ (D. Litt) ကို ဆက်ကပ်ခဲ့သည်။


ဝိဇာတဗိမာန်အတွင်း ဆရာတော်ဘုရားကြီး ရုပ်တုပုံတော်

ဆရာတော်ဘုရားကြီးသည် ချက်လုံးကွယ်သွားသော်လည်း တရားဟောပြောမှုကို မရပ်စားဘဲ မြန်မာနိုင်ငံအရပ်ရပ်သို့ကြွကာ အမဲသား မစားကြရန်၊ အရက်သေစာ မသောက်စားကြရန် တရားဓမ္မများကို ဟောကြားတော်မူခဲ့သည်။

(၁၂၈၅)ခုနှစ် ပထမဝါဆိုလဆန်း (၈)ရက်နေ့ ဝမ်းသာပီတိ နှမ်းနယ်နေသည့်တိုင်အောင် နိဗ္ဗာန်ရောက်ကြောင်း ဆရာတော်ကို ဟောတော်မူရင်း-

"တပည့်တို့...ငါသည် အနှစ်(၂၀)ကျော်မျှ နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ဟောခဲ့သည်သာမက နိဗ္ဗာန်ရောက်ကြောင်း စာအုပ်တို့ကို ရေးခဲ့ပြီးပြီဖြစ်၍ ငါ့တာဝန်ကျေလောက်ပြီ"ဟု မိန့်တော်မူစဉ်မှာပင် ထူးခြားဆန်းကြယ်စွာ မြေငလျင်လှုပ်မှု ဖြစ်ပေါ်ခဲ့သည်။

ဆရာတော်ဘုရားကြီးသည် (၁၂၈၅)ခုနှစ်၊ ပထမဝါဆိုလပြည့်နေ့ နေ့(၂)နာရီ (၃၀)မိနစ်အချိန်တွင် ပျဉ်းမနားမြို့ရှိ ဦးလန်း၊ ဒေါ်လေးတို့အိမ်တွင် ကမ္ဘဏရုပ် ချုပ်ငြိမ်းတော်မူခဲ့သည်။ ထိုအချိန်တွင် ပျဉ်းမနားမြို့ အထက်ဆိပ်မှ သာယာနာပျော်ဖွယ်ကောင်းသော တီးသံမှုတ်သံများ ဖြစ်ပေါ်လာပြီးနောက် လောကဓာတ်တစ်ခွင်လုံး လေပြင်းကျသကဲ့သို့ ဝုန်းဝုန်းဒိုင်းဒိုင်း တော်လဲသံကြီးများ ဖြစ်ပေါ်လာသည်။

ထိုသို့ အံ့ဖွယ်ရာများ ထူးခြားဆန်းကြယ်ဖြစ်စဉ်များ ပေါ်ပေါက်ခဲ့သည်။ လယ်ဆီဆရာတော်ဘုရားကြီး ဇာတိချက်ကြွနေရာတွင် ဗိမာန်တော်ကြီးက ခမ်းနားထည်ဝါစွာ ရုပ်တည်လျက် ရှိနေပြီပင် ဖြစ်သည်။ ဗိမာန်တော်ကြီးအနီးတွင် ဆရာတော်လောင်းလျာ မီးရှူးသန့်စင် ဖွားမြင်တော်မူစဉ်ကာလက ထူးခြားဆန်းကြယ်မှုများ ဖြစ်ထွန်းခဲ့သည့် မန်ကျည်းပင်ကြီးအား အုတ်ပေါင်းများခတ်ထားကာ အဓိဋ္ဌာန်အောင် မဟာအောင်မြေ မင်္ဂလာမန်ကျည်းပင်ဟု ကမ္ဘည်းတိုင်စိုက်ထူထားလျက်ရှိသည်ကို တွေ့ရသည်။ ဝိဇာတဗိမာန်တော်အတွင်းဝယ် လယ်တီဆရာတော်ဘုရားကြီး၏ ရုပ်တုတော် ခံညားထည်ဝါစွာ တည်ရှိနေသည်ကို ဖူးတွေ့ရပါသည်။ ဗိမာန်တော်ကြီးအတွင်း အေးချမ်းတိတ်ဆိတ် ငြိမ်သက်မှုက လွှမ်းခြုံထားလျက်သား ရှိနေသည်။ ထိုဝိဇာတအောင်မြေဗိမာန်၌ မြန်မာပြည်အထက်ပိုင်း လယ်တီဌာနချုပ်မှ ဦးစီးပြီး နယ်ခံလယ်တီဝံသကျောင်းတိုက်ဆရာတော် ဦးကောဝိဒနှင့် ဦးကြည်ဌေး စသောလူပုဂ္ဂိုလ်များ ဦးဆောင်ကာ ဗုဒ္ဓနည်းကျ လယ်တီဆရာတော်ဘုရားကြီး၏ နည်းနာနိသျအတိုင်း တရားစခန်းများ ဖွင့်လှစ်ထားလျက် ရှိသည်ဟု သိရသည်။

မည်သို့ဆိုစေ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်သာမက ကမ္ဘာအရပ်ရပ်ကပါ အသိအမှတ်ပြု အလေးထားကာ ကြည်ညိုခဲ့ကြသည့် ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး ဖွားမြင်ခဲ့ရာ အဓိဋ္ဌာန်အောင် မဟာအောင်မြေသို့ တစ်ခါတစ်ခေါက် အရောက်သွားကာ အဓိဋ္ဌာန်ဝင်ခြင်း၊ အလှူဒါနပြုခြင်း၊ ဆရာတော်ဘုရားကြီး၏ အောင်မာတ်အင်္ဂေအသက်များကို ထိတွေ့ခံစားခြင်းများ ပြုကြမည်ဆိုပါက လောကီ၊ လောကုတ္တရာအကျိုးထူးများ ရရှိခံစား၊ စံစားကြရမည်က အမှန်ပင် ဖြစ်ပါသည်။

အောင်မြေတည်ရာ ရောက်ခွင့်ကြုံနိုင်ကြပါစေ။

ဇေယျာထက်

www.burmeseclassic.com

www.burmeseclassic.com

မြင်သာ-သောင်းတင်

ချုံနွယ်ဝိတ်ပေါင်းအတွင်းက
ဆင်စီးမြင်းရဲ့ ဗုဒ္ဓရုပ်ပွားတော်

လွန်ခဲ့သောနှစ်ပေါင်း(၂၆၀၀)ခန့်၊ အတိအကျဆိုလျှင် မဟာသက္ကရာဇ်(၉၈)ခုနှစ်မှစ၍ ကြက်ပုံမကျ စည်ကားခဲ့သော ပါဒနိုင်ငံတော်ကြီး ပေါ်ပေါက်ခဲ့ပါသည်။ သုဝဏ္ဏဘူမိ (ခေါ်) သထုံပြည်ကို စတင်တည်ထောင်ခဲ့သော တိသဓမ္မသီဟရာဇာမင်း၏သားတော် တိသဘောဂသေနမင်း စတင်တည်ထောင်ခဲ့ကြောင်းကို သမိုင်းအထောက်အထားများအရ သိရှိခဲ့ရပါသည်။ ယိုးဒ်ယားပြည်ထိ တန်ခိုးအာဏာ ပျံနှံ့ခဲ့သော မင်းဘုရင်များ အုပ်ချုပ်ခဲ့သည့် နိုင်ငံတော်ဖြစ်၍ ယိုးဒယားပြည် ဆွဏ်ခနုတ်ဘုရင်က သမီးတော် ဆဏ္ဍဒေဝီကို ဆက်သခဲ့ရသည်ထိ တန်ခိုးကြီးထွားခဲ့သော နိုင်ငံတော်ကြီး ဖြစ်ခဲ့၏။ ထိုမင်းဘုရင်များလက်ထက် မြောက်မြားလှစွာသော ဘုရားပုထိုးစေတီတော်များဖြင့် အထူးစည်ကားခဲ့သော ပါဒနိုင်ငံတော်ကြီးတွင် အုပ်ချုပ်ခဲ့သော မင်းဘုရင်များအနက် ငါးဆက်မြောက် ရာဇာစောနောင်မင်းဘုရင်လက်ထက်တွင် ခြောက်ပါးသော ရောင်ခြည်တော်များဖြင့် ကွန့်မြူးနေသော မြတ်စွာဘုရား၏ ဆံတော်ဓာတ် ဓမကရိဏ်နှင့် ခါးပန်းတော်တို့ကို မြကြွတ်၊ ပတ္တမြားကြွတ်တို့တွင်ထည့်၍ ဌာပနာပြီး သာသနာတော် သက္ကရာဇ်(၃)ခုနှစ်တွင် ပစ္စယာ(၅)ဆင့်၊ ဘဏ်တော် အတောင်(၆၀)ရှိ ယခု ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်မြတ်ကို တည်ထားကာကိုးကွယ်ခဲ့၏။

မင်းကြီး နတ်ရွာစံသောအခါ သားဖြစ်သူ သုခမုခနန်းစောရှင်မင်းဘုရင်က ဖခင်၏ အလောင်းကို ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်၏ တောင်ဘက် တစ်ခေါသာသာ အကွာရှိ တောင်ကုန်းငယ်ပေါ်တွင် ဌာပနာပြီး အပေါ်မှ (၁၅)တောင်ရှိ စေတီတစ်ဆူတည်ကာ ကျိုက်စောနောင်စေတီဟု ကမ္မည်းထိုးလှူဒါန်းခဲ့၏။ ထိုစေတီပုထိုးများသည် ပေါ်တူဂီကပြား လူယုတ်မာ ငေဇင်္ဂါနှင့် အပေါင်းပါတစ်စုတို့၏ လူမဆန်စွာ ဖျက်ဆီးခြင်းကို ခံရပြီးနောက် ဘုရားစေတီဂုတ်တိုများသာ ကျန်ရှိခဲ့သည့် အနေအထား၊ ယခုအချိန်တွင် ကျိုက်ထီးဆောင်းဆရာတော်ကြီး ဦးဆောင်မှုဖြင့် အလှူရှင် ဘုရားဒါယကာ,ဒါယိကာမတို့၏ စေတနာသဒ္ဓါတရားကို့ကြောင့် ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်နှင့် ကျိုက်စောနောင်စေတီတော်တို့မှာ ရွှေရောင်တဝင်းဝင်း ထီးတည်းမားမား သပ္ပာယ်ကြည်ညိုဖွယ် ပြန်လည်ဖူးမြော်နိုင်ခဲ့ပါသည်။

ထိုစေတီတော်နှစ်ဆူမှာ ယခုအချိန်၌ ကျောက်တန်းမြို့နယ်၊ ပါဒကြီးစံပြကျေးရွာအနီး တည်ရှိနေသောကြောင့် ထိုစေတီနှစ်ဆူကြားတွင် ယခု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်ပိုင်ဆိုင်သော မြေ(၄.၅)ဧကကို ဘိုးဘွားရိပ်သာ ဆောက်လုပ်ရန်အတွက် လှူဒါန်းခဲ့သဖြင့် ယခုအခါ သန့်ရှင်းသပ်ရပ် ခံ့ညားထည်ဝါစွာ တည်ဆောက်ထားသော ကျောက်တန်းဘိုးဘွားရိပ်သာအဖြစ် ထီးတည်းမားမား ရပ်တည်လျက် ရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

ထိုဘိုးဘွားရိပ်သာ ဝင်းခြံအတွင်း၌ သုခမုခနန်းစောရှင်မင်းဘုရင် တည်သွားသော ကျိုက်စောနောင်စေတီတော်မှာ တည်ရှိနေသဖြင့် ရိပ်သာကော်မတီဥက္ကဋ္ဌ ဦးထွန်းလှ ရွေနှင့် အဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်တို့မှ ဆက်လက်၍ ပြုပြင်ထိန်းသိမ်းမှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့သောကြောင့် ယခုအခါတွင် ကျိုက်စောနောင်စေတီတော်မှာ ရွှေရောင်တဝင်းဝင်း တောက်ပစွာဖြင့် သပ္ပာယ်ကြည်ညိုဖွယ် တည်ရှိနေသည့်ပြင် ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတစ်ဆူနှင့် လျှပ်စစ်ရောင်စုံမီးများ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာမပြတ် စေတီတော် ဖြစ်နေသည့်အပြင် ပဋ္ဌာန်းပွဲ၊ ဝတ်ရွတ်ပွဲ၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်း ကပ်လှူပွဲ၊ ညောင်ရေသွန်းပွဲတော်များကို အချိန်အခါအလိုက် ဆောင်ရွက်လျက် စည်ကားသိုက်မြိုက်သော ရှေးဟောင်းဘုရားစေတီတစ်ဆူအဖြစ် တည်ရှိနေပါသည်။

စာရေးသားသူ ကျွန်တော်သည် ကျိုက်စောနောင်စေတီတော်အား ဖူးမြော်ပြီးနောက် ပြန်ဆင်းလာသောအခါ ဤစေတီတော်၏ အနောက်တောင်ထောင့်တွင် သံပန်းသင်္ကန်းခါးတို့

www.burmeseclassic.com

www.burmeseclassic.com

ဖြင့် သန့်ရှင်းသပ်ရပ်စွာ တည်ဆောက်ထားသော (၁၀)ပေ ကျယ်လည်ခန့်ရှိ ဂန္ဓကုဋိတိုက်အတွင်းဝယ် ဆင်စီးမြင်းရဲကြေးသွန်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ရသည်။ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်၏ မကိုင်္ခမှာ ရှေးပုဂံခေတ်လက်ရာဖြစ်၍ လာဘမုနိရုပ်ပွားတော်ဖြစ်ပြီး သေသပ်၍ လက်ရာမြောက်သော ဖောင်းကြွပန်းကနုတ်များ ဖော်ထားသည်။ ပလ္လင်တော်အထက်ဝယ် မြင်း(၂)ကောင်ရံထားသော ဆင်(၅)စီးအပေါ်တွင် သပ္ပာယ်စွာ စံပယ်လျက်ရှိနေသော ဗုဒ္ဓရုပ်ပွားတော်ဖြစ်၍နေသောကြောင့် အနီးကပ် ဖူးမြော်ကြည့်မိသည့်အခါ အမြင့်(၁)လက်မခန့်၊ အကျယ်(၁)ပေ ဝန်းခန့်၊ ပလ္လင်တော်နှင့် ပလ္လင်အမြင့်နေရာမှ (၁)ပေ (၅)လက်မကျော်ခန့်ရှိသော ပလ္လင်နောက်မှီကို လှပသေသပ် လက်ရာမြောက်စွာ ဖောင်းကြွပန်းကနုတ်များ ဖော်ထားသည်ကို တွေ့ရှိခဲ့ရ၍ ထိုပလ္လင်အထက်တွင် (၁)ပေ ဝန်းခန့်ရှိ ကြေးသွန်း မြင်း(၂)ကောင် ရံထားသော ဆင်(၅)စီးအပေါ်၌ ဗုဒ္ဓရုပ်ပွားတော်မှာ သပ္ပာယ်စွာ စံပယ်နေသည်ကို ဖူးမြော်ရပါသည်။

ဆင်(၅)စီး၊ မြင်း(၂)ကောင်မှစပြီး ဗုဒ္ဓရုပ်ပွားတော်ထိ တစ်ဆက်တည်း ကြေးသွန်းထားသဖြင့် ကျွန်တော့် စိတ်ဝင်စားမှုများ ဖြစ်လာသောကြောင့် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်အား မေးမြန်းလိုက်သောအခါ ဦးမြင့်အောင်က-

"ဒီလို ဦးသောင်းရေ..ကျွန်တော်ကို ဒီဘိုးဘွားရိပ်သာကြီးကို တည်ဆောက်ဖို့အတွက် အခု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က သူပိုင်မြေ(၄.၅)ဧကကို စတင်လှူဒါန်းတဲ့အခါ ကျွန်တော်စောနောင်စေတီတော်က ဆောက်လုပ်မယ့် ရိပ်သာဝင်းအတွင်း ရှိနေတာကြောင့် စေတီတစ်ဝိုက် ရှင်းလင်းခဲ့ကြတယ်။ စေတီတစ်ဝိုက်မှာ ထူထပ်အုံဆိုင်းနေတဲ့ ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းတဲ့အခါ စေတီတော်ရဲ့ အနောက်တောင်ဘက်မှာ ဆွေးမြည့်နေတဲ့ သစ်သားပျဉ်ချပ်လေးများနဲ့ ဖြစ်သလိုဆောက်လုပ်ထားတဲ့ ကျောင်းဆောင်လေးအတွင်း အခု ဦးသောင်း ဖူးမြော်နေရတဲ့ ဗုဒ္ဓရုပ်ပွားတော်နဲ့ပလ္လင်ကို ချုံနွယ်ပိတ်ပေါင်းတွေကြားမှာ စတင်တွေ့ရှိခဲ့ရတယ်လေ။ ကျွန်တော် တော်တော်လေးစိတ်မကောင်း ဖြစ်သွားမိတယ် ဦးသောင်းရာ။

ချုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းပြီး ဖူးမြော်တဲ့အခါ အဆန်းတကြယ် ဖောင်းကြွပန်းကနုတ်များနဲ့ လက်ရာပြောင်မြောက်စွာ ပြုလုပ်ထားတဲ့ ပလ္လင်အထက်မှာ ဆင်(၅)စီး၊ မြင်း(၂)ကောင် ရံထားတဲ့ ဗုဒ္ဓရုပ်ပွားတော် တစ်ဆူကို ဖူးတွေ့ခဲ့ရတယ်။ ဗုဒ္ဓရုပ်ပွားတော်ကို သေချာစွာ ဖူးလိုက်တော့



ချုံနွယ်ပိတ်ပေါင်းအတွင်းက ဆင်းရိုးမြင်းရံဗုဒ္ဓရုပ်ပွားတော်

www.burmeseclassic.com

ဗုဒ္ဓရုပ်ပွားတော်ရဲ့မကိုဋ္ဌဟာ ရှေးပုဂံခေတ်လက်ရာ ဖြစ်နိုင်တယ်လို့ ကျွန်တော် ထင်မိလိုက်တယ်။ ပြီးတော့ ဆင်(၅)စီးမြင်း(၂)ကောင်မှစပြီး ဗုဒ္ဓရုပ်ပွားတော်အထိ ကြေးသွန်းထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ဖြစ်နေတာကြောင့် အလွန်ပဲ စိတ်ဝင်စားသွားမိတာပေါ့။ ဗုဒ္ဓရုပ်ပွားတော်ဆိုတာ သူခေတ်၊ သူအခါနဲ့ လက်ရာမွန်တွေဖြစ်တယ်လို့ ကျွန်တော် လေ့လာသိရှိထားခဲ့တဲ့အတွက် ဒါဟာ ပုဂံခေတ်က ဗုဒ္ဓရုပ်ပွားတော်ဖြစ်နိုင်ကြောင်း၊ ပုဂံခေတ်လောက်က ဘုရားဒါယကာတစ်ဦး သွန်းလုပ်ပူဇော်ပြီး ကျွဲက်စောနောင်စေတီမှာ ကိန်းဝပ်စံပယ်ကာ ပူဇော်ထားကြောင်း၊ နောင် သားစဉ်မြေးဆက်ခေတ်အဆက်ဆက် ကိုးကွယ်လာခဲ့ရာမှာ ပေါ်တူဂီကပြား သန်လျင် ငဇင်ဂါမင်း လက်ထက်ရောက်တော့ လူယုတ်မာ ငဇင်ဂါနဲ့ အပေါင်းပါ တစ်စုတို့ဟာ ပါဒ၊ သန်လျင်၊ ကျောက်တန်းနဲ့ ဟံသာဝတီနယ်ရှိ ဘုရားပုထိုးစေတီရုပ်ပွားတော်တွေ အမြောက်အမြားကို အကြီးအကျယ်ဖျက်ဆီးခဲ့တယ်လေ။ အင်း..တိုင်းနိုင်ငံတစ်ခုရဲ့ အမျိုး၊ ဘာသာ၊ သာသနာကို လူယုတ်မာ ငဇင်ဂါနဲ့ အပေါင်းအပါတစ်စုဖျက်ဆီးနေကြောင်း အနောက်ဘက်လွန်မင်းတုရားကြီး ကြားသိတဲ့အခါ သန်လျင်ကို ချီတက်တိုက်ခိုက် သိမ်းဆည်းပြီး ငဇင်ဂါနဲ့ အပေါင်းပါတစ်စုကိုဖမ်းကာ မြို့လယ်ကောင်မှာ သံတံကျင်လှျှိုပြီး သတ်ပစ်လိုက်တာပေါ့။ စိတ်မကောင်းစရာတစ်ခုက တောင်ငူဘုရင် နတ်ရှင်နောင်ကိုပါ ဖမ်းဆီးပြီး သုတ်သင်ပစ်တဲ့ထဲ ပါသွားတယ်။ အပေါင်းအသင်းမှားသွားတဲ့ တောင်ငူဘုရင် နတ်ရှင်နောင်ပေါ့ဗျာ

ဦးမြင့်အောင်က ကျောင်းဆရာပီပီ သမိုင်းကြောင်းဘက်ကို ဦးတည်နေသောကြောင့် ကျွန်တော်က ဗုဒ္ဓရုပ်ပွားတော်အကြောင်း ဆက်ပြောရန် တိုက်တွန်းလိုက်ရ၏။

ငဇင်ဂါနဲ့ အပေါင်းပါတွေဟာ ရှေးပါဒဘုရင်တွေ ပြုစုတည်ဆောက်ထားတဲ့ စေတီပုထိုးက ဌာပနာတွေကို ဖောက်၊ ကြေး၊ ငွေ၊ သံ ရုပ်ပွားတော်တွေကို အမြောက်သွန်းလုပ်ဖို့ အတင်းလုယူနေကြတဲ့အချိန်မှာ အခု ဖူးမြော်နေရတဲ့ ဆင်စီးမြင်းရဲ့ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်ကို သားစဉ်မြေးဆက် အစဉ်တစိုက် ကိုးကွယ်လာခဲ့ကြတဲ့ ဘုရားဒါယကာများက ကျွဲက်စောနောင်စေတီတော်ကနေ ပင့်ဆောင်ပြီး စေတီအနီး ချုံနွယ်ပိတ်ပေါင်းတွေကြားမှာ ဝှက်ထားကာ သစ်သားပျဉ်ချပ်များနဲ့ ဖြစ်သလို ကျောင်း၊ ဆောက်လုပ် ပူဇော်ပြီး နေရာရွှေ့ထားလိုက်တာ ဖြစ်နိုင်ဝေးယ်လို့ ကျွန်တော့်စိတ်သန္ဋာန်မှာ ဆက်စပ်ပြီး အတွေးတွေ ဝင်လာတယ်။

ကျွန်တော်တို့ ကော်မတီအဖွဲ့ ကျွဲက်စောနောင်စေတီတော်ကို ရွှေသင်္ကန်းကပ်၊ အာရုံခံတန်ဆောင်းဆောက်၊ နတ်လမ်းများ ပြုလုပ်ပြီးနောက် အခု ဆင်စီးမြင်းရဲ့ ဗုဒ္ဓရုပ်ပွားတော်ရှေ့ သွားရောက်ပြီး ကျွန်တော် သစ္စာဆိုလိုက်တယ်။ တပည့်တော်သည် ကျွဲက်စောနောင်စေတီတော်အား သဒ္ဓါတရားစိတ်အား ထက်သန်စွာဖြင့် ယခုကဲ့သို့ ရွှေရောင်တင်းဝင်း ကြည်ညိုဖွယ်ဖြစ်လာအောင် ဆောင်ရွက်ခဲ့ပါသည်။ ထိုစေတီတော်အနီးတွင် ယခု တပည့်တော် ဖူးမြော်နေရသော ဗုဒ္ဓရုပ်ပွားတော်အားလည်း ကျောင်းဆောင်အသစ် ဂန္ဓကုဋိတိုက်ကျောင်းတွင် ကိန်းဝပ်ပူဇော်ပြီးနောက် လိုအပ်သော ပြင်ဆင်မှုများကို ပူဇော်လှူဒါန်းရန် ဆန္ဒသဒ္ဓါတရားများ ပြင်းပြနေပါသည်။ ဤမှန်သောသစ္စာစကားကြောင့် ယခု တပည့်တော်ဖူးမြော်နေရသော ဆင်စီးမြင်းရဲ့ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်အား ဂန္ဓကုဋိတိုက် စံကျောင်းအသစ်ဖြင့် ပြန်လည်ပူဇော်လှူဒါန်းနိုင်သူဖြစ်ပါစေသားဟု သစ္စာဆိုလိုက်တယ်။

သစ္စာဆိုပြီးတဲ့နောက် ဗုဒ္ဓရုပ်ပွားတော်ရဲ့ ရှေ့တော်မှောက်မှာ ရှေးဦးစွာ မေတ္တာသုတ်တော်ကို ရွတ်ဖတ်ပူဇော်တဲ့အခါ မာတာ၊ ယထာ၊ နိယံပုတ္တ၊ မာယုသာ၊ ဇရာ၊ ပုတ္တမနုရက္ခေ။ ဧဝမ်ဂို သဗ္ဗဘူတေသု၊ မာနသံ ဘာဝယေ အပရိမာဏံ ဆိုတဲ့ အပိဒ်လည်းရောက်ရော တစ်ကိုယ်လုံးကြက်သီးမွေးညင်းတွေထသလို ခံစားမိလိုက်တယ်။ မေတ္တာသုတ်ရဲ့ အဓိပ္ပာယ်ကို ကျွန်တော် ကောင်းကောင်းသိတယ်လေ။ ဒီအပိုဒ်ရဲ့ အဓိပ္ပာယ်က မိခင်သည် မိမိရင်နှစ်သားရင်းဖြစ်သော တစ်ဦးတည်းသောသားကို မိမိအသက်ဖြင့်ပင် အစဉ်စောင့်ရှောက်သကဲ့သို့ ဤအတူလည်း အလုံးစုံသော သတ္တဝါတို့၌ အတိုင်းအတာပမာဏရှိသော မေတ္တာစိတ်ကို အကြိမ်ကြိမ်အခါခါ ပွားများရာ၏လို့ အဓိပ္ပာယ်ဆောင်ထားတော့ ကျွဲက်စောနောင်စေတီတော်ကလည်း တစ်ဦးတည်းသောသားဖြစ်တဲ့ သုခမုခနန်းစောရှင်မင်းဘုရင်က ဖခင် ရာဇာစောနောင်မင်းရဲ့ အလောင်းကို ဌာပနာပြီး တည်ထားကိုးကွယ်ခဲ့တဲ့ စေတီတော်ဖြစ်နေတာကတစ်ကြောင်း၊ ဒီဗုဒ္ဓရုပ်ပွားတော်ကလည်း ယခင်ခေတ်အဆက်ဆက်က ကျွဲက်စောနောင်စေတီတော်မှာ ကိန်းဝပ်စံပယ်ခဲ့တဲ့ရုပ်ပွားတော်လို့ ယုံကြည်မှုတွေ ရှိနေတာကတစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးစိတ်ထဲမှာ အလိုလို ကြက်
ကြည်းတွေထပြီး ပီတိတွေ
ဖြစ်လာပေါ့ဗျာ။

အဘွားသုတ် ရွတ်ပြီးတော့
ဂျွန်ဆောရားတော်ကို ရွတ်လိုက်
ပြီးတော့ ဝုဏ်တော်ကိုးပါး
ကိုလည်း (၉)ပတ်စီပတ်လိုက်တယ်။
အဓိဋ္ဌာန်ကို (၉)ရက်တိတိ
ကျောက်တွေက ဆက်လုပ်ခဲ့တယ်။
(၉)ရက်ပြည့်တော့ ကော်မတီဥက္ကဋ္ဌ
အခွဲဝင်တွေကို တင်ပြပြီး အလှူ
ပစ္စည်းတွေကို ဖိတ်ခေါ်လိုက်တဲ့အခါ
အသိုင်းဝိုင်းရောကောင်းလောက်အောင်
အလှူရှင်တွေ သူထက်ငါ အလုအယက် လှူလာကြတဲ့
အထဲက ဗုဒ္ဓရုပ်ပွားတော်ကို စတင်တွေ့ရှိဖူးမြော်ခဲ့ရတဲ့ ဒီ
ရက်ပွဲမှာပဲ အခု ဦးသောင်း တွေ့ခဲ့တဲ့အတိုင်း သံပန်းသံ
ပုံးနဲ့ ဂန္ဓကုဋိတိုက်စံကျောင်းမှာ ကိန်းဝပ်စံပယ်တော်မူ
နေခိုင်ခဲ့တာပေါ့ဗျာ။ နောက်ပိုင်းမှာတော့ အလှူရှင်တွေ
ဆက်တိုက်,ဆက်တိုက် ပေါ်လာကြတာကြောင့် ဗုဒ္ဓရုပ်ပွား
တော်ကို ရွှေသင်္ကန်းကပ်လှူပြီး ပလ္လင်တော်ကိုလည်း ရွှေ
ပြုံချူတွေ ပြုလုပ်နိုင်ခဲ့တယ်လေ။

ဗုဒ္ဓရုပ်ပွားတော်မှာလည်း ကနက္ကဒဏ်ထီး၊ လျှပ်စစ်
ဆောင်ခုံမီးတွေနဲ့အတူ ပန်း၊ ရေချမ်း၊ အမွှေးနဲ့သာ မပြတ်
ပူဇော်နိုင်တဲ့အတွက် ချုံနွယ်ပိတ်ပေါင်းတွေကြားမှာ ကိန်း
ဝပ်စံပယ်နေရတဲ့ ရွှေဟောင်း ဆင်စီးမြင်းရဲ ကြေးသွန်း
ဗုဒ္ဓရုပ်ပွားတော်ဟာ ခုအချိန်မှာတော့ ဂန္ဓကုဋိတိုက် စံ
ကျောင်းအတွင်း သပ္ပာယ်ကြည်ညိုဖွယ် ဖူးမြော်နိုင်ကြလို့
ပါတကြီးကျေးရွာနဲ့ အနီးပတ်ဝန်းကျင် ကျေးရွာတွေကပါ
ရောက်ဦးခိုက် ပူဇော်နေကြတဲ့ စည်စည်ကားကား ဗုဒ္ဓ
ရုပ်ပွားတော်အဖြစ် စံပယ်တော်မူနေပြီပေါ့ ဦးသောင်းရာ
ဦးမြင့်အောင် သူပြခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို
အောင်မြင်လို့ ပီတိတွေဖြစ်နေကြောင်း တွေ့ရှိခဲ့ရသောကြောင့်
ဦးမြင့်အောင်နှင့်ပတ်သက်၍ ကျွန်တော် စဉ်းစားကြည့်ရာ
ကိုယ်ဘွားရိပ်သာ၏ အုပ်ချုပ်ရေးမှူးတာဝန်ကို (၁၀)နှစ်တိုင်
အောင်းနှံယူခဲ့သော်လည်း အများအပြား တစ်စုံတစ်ရာမရှိ
သည့်ကိုယ်ဘွားရိပ်သာနယ်မြေအတွင်းရှိ ရွေးဘုရားစေတီဖြစ်သော
ကျောက်စောနောင်စေတီတော်နှင့် ယခု ဆင်စီးမြင်းရဲ ကြေး
သွန်းဗုဒ္ဓရုပ်ပွားတော်ကို ဦးတိုက်၍ မြင့်မြတ်သောစိတ်ထား
ဖြင့် ဘာသာရေး၊ လူမှုရေးလုပ်ငန်းတွေကို ဆောင်ရွက်လာ
ခဲ့ရာ ဘိုးဘွားရိပ်သာ စတင်ဖွင့်လှစ်စဉ်က ရိပ်သာပိုင်ဝင်
(သိန်းဆယ်ဂဏန်း)လောက်သာ ရှိရာမှ ယခုဆိုလျှင် သိန်း
(၁၃၀၀)ကျော်ထိ ဖြစ်လာသည့်ပြင် လူမှုဝန်ထမ်းဦးစီးဌာန
၏ ဒုတိယအဆင့် သတ်မှတ်ခြင်းခံရသော ဘိုးဘွားရိပ်သာ
ဖြစ်နေပါသည်။ ဘိုးဘွားရိပ်သာသို့ လာရောက်မှီခို စောင့်
ရောက်မှုကို ခံယူနေကြသော ဘိုးဘွားများမှာလည်း ဘာ
တစ်ခုမျှ လိုအပ်တာမရှိသလောက် အလှူရှင်တွေ နေ့စဉ်
ရက်ဆက် မပြတ်လှူဒါန်းနေကြသည့်အပြင် မြတ်ဗုဒ္ဓ၏
ရင်ခွင်အတွင်း အငြိမ်းဓာတ်များဖြင့် အေးရိပ်ခို ချွေးသိပ်နိုင်
ကြသော ဘိုးဘွားများကို စာရေးသူ ကျွန်တော်ကိုယ်တိုင်
တွေ့ရှိခဲ့ရပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

စာဖတ်ပရိသတ်များ ရွေးဟောင်းစေတီတော်နှင့် ချုံ
နွယ်ပိတ်ပေါင်းများကြားမှ ဖူးမြော်ရရှိခဲ့သော ရွေးဟောင်း
ဆင်စီးမြင်းရဲ ကြေးသွန်းဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်လို
ပါက ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ကျောက်
တန်းမြို့နယ်၊ ပါဒကြီးစံပြကျေးရွာအနီး ရွေးဟောင်းကျိုက်
ပါဒကြီး ဆံတော်ရှင်စေတီတော်မြတ်နှင့် ကျိုက်စောနောင်
စေတီတော် နှစ်ဆူကြားရှိ သန့်ရှင်းသပ်ရပ် ထည်ထည်ဝါဝါ
တည်ဆောက်ထားသော ကျောက်တန်းဘိုးဘွားရိပ်သာသို့
ရောက်ရှိလျှင် ဖူးမြော်နိုင်ပါကြောင်း စေတနာမွန်ဖြင့်
လမ်းညွှန်ဖော်ပြအပ်ပါသည်။

မြင်သာ-သောင်းတင်

www.burmeseclassic.com

www.burmeseclassic.com

ကျောက်တန်းမြို့နယ် ညောင်ဝိုင်းရှိ

အဓိဋ္ဌာန်အောင်

ကိုးမြို့ရှင်ဘိုးဘိုးကြီး၊ နှမတော် ပုလဲယဉ်နတ်နန်း နှင့် ထူးခြားမှုများ

ဂန္ဓိရ-ဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်စာရေးသူသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းဘက်ရှိ သီလရှင်စာသင်တိုက်တစ်ခုသို့ မိတ်ဆွေများနှင့်အတူ သွားရောက်ခဲ့ပါသည်။ သန်လျင်-ကျောက်တန်း ကားစီးပြီး ညောင်ဝိုင်းမှတ်တိုင်တွင်ဆင်းကာ (၅)မိနစ်ခန့် လမ်းလျှောက်သွားလျှင် မြသီတာစာသင်တိုက်နှင့် ခမ္မရိပ်သာသို့ရောက်သည်။

ထိုသီလရှင် ကျောင်းတိုက်ဝင်းအတွင်းတွင် ဆုတောင်းပြည့် အောင်စေတီတစ်ဆူ တည်ထားပြီး စေတီအနီးတွင် ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင် စသည့် ဝိဇ္ဇာဓိရ်ပုဂ္ဂိုလ်များ၊ သိုက်နန်းရှင်ရုပ်တုများ၊ ပဲခူးမယ်တော်နှင့် အဘကိုးမြို့ရှင်နှင့် အမေပုလဲယဉ် နတ်ရုပ်တုပုံတော်များလည်း တွေ့မြင်ရပါသည်။

ကျွန်ုပ်စာရေးသူ၏နေအိမ်တွင် (၃၇)မင်းနတ်ကိုးကွယ်ပူဇော်ခြင်း မပြုသော်လည်း လောကီပညာ လေ့လာလိုက်စားချိန်တွင် ဝိဇ္ဇာနှင့် နတ်တို့ကို အခြေအနေ အချိန်အခါအရ မေတ္တာပို့ အကူအညီတောင်းခံရသည်များ ပြုလုပ်ရပါသည်။ အထူးသဖြင့် ဆရာကြီးအချို့ အကြံဉာဏ်ပေးမှုဖြင့် အဘကိုးမြို့ရှင်ဘိုးဘိုးကြီးနှင့် ပုလဲယဉ်နတ်နန်း

ကိုးမြို့ရှင်ဘိုးဘိုးကြီးနှင့် ပုလဲယဉ်နတ်နန်း

ကိုးမြို့ရှင်ကို ပူဇော်ပ,သ ဆုတောင်းအဓိဋ္ဌာန်ပြုလုပ်လေ့ရှိသည်။ ရှေးလူကြီးတွေ ပြောဆိုမှုအရ ကိုးမြို့ရှင်နတ်ဟာ မြို့စောင့်နတ်၊ မိဆိုင်ဖဆိုင်နတ်၊ စီးပွားရေးတိုးတက်အောင်မ,စနိုင်တဲ့နတ် ဖြစ်တယ်။ ကိုးမြို့ရှင်နဲ့ ပုလဲယဉ်မောင်နှမကို ခဲ့ညားထည်ဝါတဲ့ နတ်ကွန်းတွေနဲ့အတူ ပူဇော်ပ,သကြရတယ်။

အထက်မြန်မာပြည် ခရီးသွားရင် (၉)ယောက်မသွားရဘူး စသည်ဖြင့် ကြားဖူးပါသည်။ အထက်အညာဒေသနှင့် ပဲခူးဘက်ခရီးသွားစဉ် ကားတစ်စီးတွင် (၉)ယောက်သွားဖူးသည်။ တမင်သက်သက် စုသွားခြင်းမဟုတ်ဘဲ တိုက်ဆိုင်သွားခြင်း ဖြစ်ပါသည်။ ထိုသို့ နှစ်ကြိမ်နှစ်ခါ (၉)ယောက်ခရီးသွားခဲ့သည့်အချိန်တိုင်း လမ်းခရီးမှာ တစ်ခုခုပြဿနာကြုံရ၍ ကျောက်ခဲတစ်လုံး ကားပေါ်တင်ပြီး မောင်ကျောက်ခဲ..လိုက်ခဲ့ပါဟုဆိုကာ လမ်းမှ ကျောက်ခဲတစ်လုံး ကားပေါ် တင်သွားပါသည်။ (၁၀)ယောက်ပြည့်ပြီဟု ယုံကြည်ယူဆပြီးသွားလိုက်မှ ခရီးသွားအဆင်ပြေချောမောသွားပါသည်။

အဘကိုးမြို့ရှင်နတ်ကို မြို့ပိုင်နယ်ပိုင် မြို့ရွာဒေသတိုင်းကို စောင့်ရှောက်ထားခိုင်းခဲ့ပုံရသည်။ အချို့ကလည်း ကိုးမြို့၊ ကိုးခရိုင် အပိုင်စားပေးထားသည်ဟု ဆိုကြသည်။ သက်ပျောက်နန်းကို မေမြို့(ပြင်ဦးလွင်)တွင် ပြုလုပ်ထားသည်။ နန်းကြီးတွေကိုလည်း လားရှိုး၊ တောင်ကြီး၊ တာချီလိတ်မြို့တွေမှာ တွေ့သည်။ မြို့ရွာအဝင် သစ်ပင်ကြီး နတ်နန်းတွေလျှင် ကိုးမြို့ရှင် နတ်ပုံတော် (သို့မဟုတ်) ရုပ်တု ပြုလုပ်ပူဇော်ထားကြတာ သတ်

www.burmeseclassic.com

www.burmeseclassic.com

သီလရှင်စာသင်တိုက်ရှိ ကိုးမြို့ရှင်၊ ပုလဲယဉ်

ဖြစ်သည်။ စာရေးသူ ညောင်ဝိုင်းသို့ ဒုတိယအကြိမ် ရောက်လာသောအခါ ကားစပယ်ယာက ဘိုးဘိုးကြီးပါလား ဟု မေးသည်။ ညောင်ဝိုင်း မှတ်တိုင်အနီး အဘကိုးမြို့ရှင် နေနှုန်းကို ရည်ရွယ်ပြောခြင်းဖြစ်သည်။

သီလရှင်စာသင်တိုက်သို့ ဂျာနယ်များ သွားပို့ပေးပြီး အပြန်တွင် အဘကိုးမြို့ရှင်နတ်နန်းကို ဝင်ရောက်လေ့လာ ဖော်ရွေစကားပြောခဲ့ကြသည်။ အဘကိုးမြို့ရှင်နတ်နှင့် အမေပုလဲ ယဉ်နတ် ယှဉ်တွဲပြုလုပ်ထားကြသည်။ သမိုင်းကြောင်း လေ့လာကြည့်သောအခါ ပန်းတောင်းပြည်ကို ထီးနန်း ချပ်စိုးရတဲ့ ဘုရင်မင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီ သားတော် ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ်တို့ ရှိသည်။ ကိုးမြို့ရှင်နှင့် ပုလဲယဉ်မှာ မောင်နှမအရင်းဖြစ်သည်။ သားတော် ကိုးမြို့ရှင်သည် တစ်ဦးတည်းသောသား ဖြစ်၍ ကိုးမြို့၊ ကိုးတံခါး၊ ကိုးဓားနဲ့ ကိုးဖလား ပိုင်ဆိုင်သည့် အိမ်ရှေ့စံကိုယ်တော်ကြီးဖြစ်သည်။

ယခု ညောင်ဝိုင်းတွင်တွေ့ရသော အဘကိုးမြို့ရှင် ပုလဲယဉ်နတ်နန်းကို လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ခန့်က တောင်ပူဇော်ခဲ့ကြသည်ဟု သိရှိရပါသည်။ ယခင်က နတ်ရုပ်မှာ ပုံအသေးလေးများဖြစ်သည်။ သစ်ပင်ကြီးအောက်မှာ တည်ရှိသည်။ ထို့နောက် သိုးဆောင်းမိဖုရားကြီး (နတ်ကတော်ကြီး) အိပ်မက်အရ သွပ်မိုးအကာအရံများပြုလုပ်၊ နတ်ရုပ်အကြီးထုလုပ်ပြီး ပူဇော်ကြသည်။ သိုးဆောင်းမိဖုရားကြီး ဒေါ်ညိုအိမ်မှ သူမ၏ အဖေကြီး၊ အမေကြီးကို တာဝန်ပေးသည်။ ယခုလက်ရှိ နတ်ထိန်းတာဝန်ယူနေသော ဒေါ်ကျင်ဌေး၏ အဘိုး,အဘွားများဖြစ်သည်။ ဦးအုံးမြိုင်၊ ဒေါ်ကျင်တို့ ဖြစ်ကြသည်။ သူတို့ မရှိကြသောအခါ သမီးကြီး ဒေါ်ငွေလိုင်မှ တာဝန်ဆက်ယူသည်။ ဒေါ်ကျင်ဌေးမှာ ဒေါ်ငွေလိုင်၏ သမီးအငယ်ဆုံး ဖြစ်သည်။ ဒေါ်ငွေလိုင်မှာ ညောင်ဝိုင်းဇာတိဖြစ်ပြီး ယခုကျောက်တန်း အောင်ချမ်းသာ(၁) သမီးမှာ နေထိုင်သည်။ အသက် (၃၆)နှစ်ရှိပြီဟု သိရသည်။ သူမ၏ အဖေကြီး၊ အမေကြီးမှာ အခြေအနေအရ ညောင်ဝိုင်းကျောင်းဆရာဆောင်ကို နတ်နန်း(၂)နှစ်ခန့် အပ်ထားခဲ့သည်။ နှစ်စဉ် နတ်ကနားပေးရန်၊ နတ်နန်းပြုပြင်ရန်၊ ပွဲလျှပေးရန် စသည်တို့အတွက် အလှူငွေလည်းမရ၊ အလှူရှင်မရှိ၍ နတ်နန်းပိတ်ထားရသည်။ သိုးဆောင်းနတ်ကတော်ကြီးကို အိပ်မက်ပေးသည်။ အလှူခံပုံးထားခိုင်းသည်။ ထို့ကြောင့် နတ်နန်းရှေ့တွင် အလှူခံပုံးထားပြီး ဦးထွန်းရိန်၊ ဒေါ်ငွေလှိုင်က ဆက်လက်ဝါန်းသိမ်းကြသည်။

နတ်ထိန်းတာဝန်ယူနေသူ ဒေါ်ကျင်ဌေး

www.burmeseclassic.com

www.burmeseclassic.com

အစပထမတွင် ရန်ကုန်မှ သန်လျင်-ကျောက်တန်းသို့ သင်္ဘောစီး၊ ရေတစ်တန် ကုန်းတစ်တန် လာကြရ၍ အလှူငွေ များများမရပေ။ နောက်ပိုင်း တံတားထိုးပြီးသောအခါ အသွားအလာ ဘုရားဖူးပိုများလာ၍ အလှူငွေလည်း တိုးတက်လာသည်။ အရင်က နန်းဟောင်းမှာ (၅)ပေသာရှိသည်။ ယခု နန်းလည်းတိုးချဲ့ပြီး အပြင်သို့ ရှေ့တိုးထုတ်ထားသည်။ နတ်နန်းနှင့် ပုံတော်ရှေ့သို့ တိုးရွှေခြင်း ပြုလုပ်သော်လည်း မူလပုံတော် ထိခိုက်ပျက်စီးခြင်း မရှိပေ။ သင်္ကြန်မကျခင် အဖေကြီးပွဲ ကျင်းပပေးသည်။

နေ့စဉ် ကားအသစ်များသာမက ကားဟောင်း၊ ဆိုင်ကယ်အသစ်၊ ဆိုင်ကယ်ကယ်ရီ၊ ကိုယ်ပိုင်ကား၊ လိုင်းကား (ယာဉ်အားလုံး) ဦးတိုက်ကြသည်။ မယုံကြည်သူတစ်ဦး ဆိုင်ကယ်အသစ်ဝယ်ပြီး ဦးမတိုက်ဘဲထားသည်။ ယောက္ခမကြီး ရုတ်တရက်နေမကောင်းဖြစ်၍ ဇနီးက သွားပြခိုင်းသည်။ ထိုသို့ ဆိုင်ကယ်ဦးတိုက်ပြပြီးသောအခါ ထူးခြားစွာပင် ပြန်လည်နေကောင်းသွားခဲ့သည်ဟု ကိုယ်တွေ့ ပြောပြတာ ကြားရသည်။

အဆာကို မြို့ရှင်နတ်နန်းအနီး ထူးဆန်းဘုရားတောင်ကြီးကို ခြေဆန့်စုန်စွဲ

နာဂစ်မုန်တိုင်းတုန်းကလည်း သစ်ကိုင်းအကြီးကြီး ကျိုးကျတာ နတ်နန်းနဲ့ တစ်မိုက်လောက်အကွာမှာ ပြုတ်ကျသွားတယ်။ နတ်နန်းကို လုံးဝမထိခိုက်ဘူး။ အံ့သြစရာကောင်း တယ်။ သတင်းထောက်တွေတောင် ဓာတ်ပုံလာရိုက်ကြသေးတယ်ဟု သီလရှင်တိုက်မှ ပန်းချီဆရာတစ်ဦးက ပြောပြသည်။

အချို့ကလည်း ထိုသစ်ပင်ကြီးတွင် ရုက္ခစိုးနတ်မင်း ရှိကြောင်း၊ ညဘက်မှာ အဖြူရောင်ဝတ်စုံနှင့် နတ်နန်းကို ဆင်းပြီး ပြန်တက်တာ တွေ့မြင်ရကြောင်း၊ ဆရာတော်က ပြောပြသည်ဟု ဆိုသည်။ ကိုးမြို့ရှင်အဘကို ရုက္ခစိုးက စောင့်ရှောက်တာလား၊ သူတို့ချင်း မိတ်ဆွေဖွဲ့ထားတာလား အတပ်မပြောနိုင်ပေ။

ကားယာဉ်အမျိုးမျိုး အသွားအပြန် ဦးတိုက်သွားကြ၊ နတ်နန်းမှ သပြေညွှန့်ကို ကားဦးခန်းမှာ ဆောင်သွားကြ ပြုလုပ်ခြင်းဖြင့် အန္တရာယ်ကင်းဝေးရုံသာမက ကားဆွဲကောင်းကြောင်း ယာဉ်မောင်းတစ်ဦးက ပြောပြပါသည်။ အချို့လည်း အုန်း၊ ငှက်ပျောပွဲတွေ လာလှူတာတွေ မြင်ရသည်။ နန်းထိန်းကို မေးကြည့်သောအခါ အဓိဋ္ဌာန်အောင်၍ လာလှူခြင်းဖြစ်ကြောင်း သိရပါသည်။ ဖီးကြမ်းငှက်ပျောသီးပွဲတစ်ပွဲ ငါးထောင်ကျပ်နှင့် လှူပါသည်။ လက်ဖက်၊ ဖယောင်းတိုင်တွေလည်း ပူဇော်ကြသည်။ စာရေးသူကိုယ်တိုင် အလုပ်ကိစ္စတစ်ခု အဓိဋ္ဌာန်မူပြု ဆုတောင်းရာတစ်လအတွင်း အောင်မြင်ခဲ့ပါသည်။ ကိုယ်တိုင် ဆုတောင်းမှု ပြုနိုင်သလို နန်းထိန်းမှလည်း နေ့နံ့မေးကာ ဆုတောင်းပေးတာ ကြားခဲ့ရသည်။

စာရေးသူလည်း ယခင်က နေအိမ်တွင် သောကြာနေ့၌ အဓိဋ္ဌာန်ပြုလုပ်ဖူးသည်။ ခုံတစ်လုံးပေါ်တွင် လင်ပန်းတစ်ချပ်တင်၊ ဖယောင်းတိုင်(၉)တိုင်၊ လက်ဖက်(၉)ပုံ၊ ရေတော်(၁)ခွက်၊ အမွေးတိုင်(၁)တိုင် ပူဇော်ပြီး ဆုတောင်းအဓိဋ္ဌာန်ပြုလုပ်ပါသည်။ မိမိအတွက်သာမက သူတစ်ပါးအတွက်လည်း ကိုယ်စားပြုလုပ်ပေးသည်။ ထူးထူးခြားခြား အောင်မြင်မှု ကြုံတွေ့ရသည်။ ဆရာကြီးသုတေသီမြင့်ထွန်း၏ မြန်မာ့ဓလေ့ ကိုးကွယ်ပူဇော်ပ,သနည်းတွင် အောက်ပါအတိုင်း ရေးသားထားသည်။

ကိုးမြို့ရှင်နှင့် ပုလဲယဉ်နတ်ပူဇော်ပသနည်း

အလွန်ချစ်ခင်သော မောင်နှမရင်းဖြစ်သဖြင့် နတ်ကွန်းတွင်လည်း ကန်တော့ပွဲ တစ်ပွဲတည်းဖြင့် ပူဇော်ပသ၍

www.burmeseclassic.com

www.burmeseclassic.com

အမေပုလဲယဉ်အား ပေတ္တာပို့ ရုတော်ဝင်စနှိပ်ခြင်း

စာရေးသူစာဆိုကိုမြို့ရှင်အား ပေတ္တာပို့ ရုတော်ဝင်စနှိပ်ခြင်း

သော နတ်မောင်နှမဖြစ်၏။

အုန်းသီးတစ်လုံး၊

ငှက်ပျောသုံးဖီး၊

ကွမ်းယာ၊

ဝန်းမျိုးစုံ၊

အမွေးတိုင်၊

ဖယောင်းတိုင်။

အမွေးတိုင်၊ ဖယောင်းတိုင် ထွန်းညှိပူဇော်ရသည်။ ကြိုးနည်းမူကွဲ အုန်းသီးတစ်လုံး၊ ငှက်ပျောသုံးဖီး၊ အောင်ပြာဝန်း၊ ကွမ်းယာသုံးယာ၊ အကြော်စုံပါသော လက်ဖက်ခြောက်(ဆားမထည့်ရ)၊ ဖယောင်းတိုင်၊ အမွေးနံ့သာတိုင်၊ ကြိုးစတ်တစ်လုံး၊ မတ်စေ့တစ်စေ့တို့ ဖြစ်ပါသည်။ နတ်နန်းတွင် သွားရောက်လျှပါက အဆင်သင့်ဖြစ်ပြီးသားပွဲ လျှ၍ ပေးရသည်။ အုန်း၊ ငှက်ပျောပွဲနှင့် အောင်သပြေညွှန့်၊ လက်ဖက်ခြောက် ထည့်လျှသည်။ ဖယောင်းတိုင်၊ အမွေးတိုင်ရှေ့မှာ ကိုးကွယ်ကြသည်။

အချို့လည်း ရှမ်းခေါက်ဆွဲ၊ ပဲပုပ်၊ ခေါပုတ်ကြော်၊ ကြက်သီးတို့ကို ပန်းကန်ဖြင့် ထည့်ဆက်သသည်။ ပွဲထိုး

တွင် လိမ္မော်သီးထည့်ထားတာလည်း တွေ့ရသည်။ မိမိတတ်နိုင်သလောက် ဒါနပြုပြီးလျှင် နှုတ်က ဤသို့ရွတ်ဆိုရ၏။

'ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးဓားကို ပိုင်သော ကိုးမြို့ရှင်ကိုယ်တော်ကြီးနှင့် နှမပုလဲယဉ်(အမေပုလဲယဉ်)တို့အား ဤကနဲတော့ပွဲ၊ ဤစားပွဲ၊ ဤအလင်းတိုင်စသည်တို့ဖြင့် သားတော်,သမီးတော်တို့က ဆက်ကပ်ပါသည်။ ကျေနပ်ဝမ်းမြောက်စွာဖြင့် လက်ခံစားသုံးတော်မူကြပါ။ သားတော်,သမီးတော်တို့ရဲ့ နေထိုင်စားသောက်လုပ်ကိုင် ဆက်ဆံမှုများတွင် အတားအဆီး၊ အပိတ်အဆို့၊ အဟန့်အတား၊ အထစ်အငေါ့များ ရှိနေခဲ့ပါလျှင် အဖကိုးမြို့ရှင်နှင့် အမေပုလဲယဉ်တို့က လက်သုံးတော်မှားဖြင့် ခုတ်ပိုင်းရှင်းလင်း၍ လမ်းများကို ဖွင့်ပေးတော်မူကြပါ။ ပိတ်နေသော တံခါးများကိုလည်း ဖွင့်ပေးတော်မူပါ။ တန့်၍နေသော လာဘ်များကိုလည်း ဝင်ခွင့်ပြုပါ။ အစစအရာရာ ပွင့်လင်းနေစေရန် ကရုဏာထား၍ မ,စစောင့်ရှောက်တော်မူကြပါ' ဟု ဆိုရမည်ဟု ရေးထားပါသည်။

အကယ်၍ နတ်နန်းတွင် လောလောဆယ် ပွဲမလှူနိုင်

www.burmeseclassic.com

www.burmeseclassic.com

သေးပါကလည်း လက်ဖက်၊ ကွမ်းယာ၊ အလင်းတိုင်၊ အမွေးတိုင်ထွန်း၍ အဓိဋ္ဌာန်ပါ။ ဥပမာ-တစ်လအတွင်း ဤမည်သောကိစ္စ (လိုရာဆန္ဒ ပြောဆိုပါ) တစ်လအတွင်း အောင်မြင်ပါက အဖကိုးမြို့ရှင်နှင့် အမေပုလဲယဉ်တို့အား ပွဲတော် လာရောက် ဆက်သ,ပါမည်။ ကတိသစ္စာပြုသည် စသဖြင့် အဆင်ပြေသလို စိတ်ဆန္ဒရှိသည့်အတိုင်း ပွင့်လင်းစွာ ပြောဆိုပါ။ မိဘ၊ ဆရာသမားကို အကူအညီတောင်းသည့် ပုံစံ အတိုင်း ရိုသေလေးစား ယုံကြည်စွာ ပြောဆိုအဓိဋ္ဌာန်နိုင်ပါသည်။

ဘုရားပုံ၊ ရုပ်ဆွဲကားများ ဦးဆိုစံပုတော်ဝန်းကြီးခံ

အထက်ပါအတိုင်း ရွတ်ဆိုပြီး ကန်တော့ပွဲကိုမြှောက်၍ ဆက်သ,ပါ။ စားတော်များကိုလည်း မြှောက်၍ဆက်သ, ရသည်။ လုပ်ရိုးလုပ်စဉ် ဝါဝင်,ဝါထွက်မဟုတ်ဘဲ အရေးအကြောင်းကိစ္စကြီးငယ် ပြဿနာတစ်ခုခုကြောင့် တင်ဆက်ပ,သရခြင်းဖြစ်လျှင် ကတိတစ်ခုပြုပါ။ လူကတိ၊ နတ်ကတိ တည်ရသည်။ မိမိကြုံတွေ့နေရသောကိစ္စ၊ ပြဿနာကို ဖွင့်ဟလျှောက်ထားပြီး ဤကိစ္စ၊ ဤပြဿနာ ပြီးစီးအောင်မြင်လျှင် မည်သို့ကန်တော့ပါမည်ဟု ကတိပြုပါ။ အကယ်၍ အောင်မြင်ပြီးစီးသွားလျှင် ပေးထားသော ကတိအတိုင်း တည်ပါစေ။ ကတိပျက်ကွက်ခဲ့လျှင် အခြေအနေသည် ပြောင်းပြန်ဖြစ်သွားတတ်သည်။

နတ်ကိုးကွယ်ပူဇော်နည်း စာအုပ်တွင် အထက်ဖော်ပြပါအတိုင်း ရေးထားသည်။ မည်သည့်ကိစ္စမဆို ယုံယုံကြည်ကြည်လုပ်ဖို့လည်း အရေးကြီးသည်။ နတ်ကို ပူဇော်ဆက်သရုံဖြင့် သရဏဂုံ မပျက်ပါ။ ဗလိနတ်စာကျွေးမွေး ဒါနပြု၊ မေတ္တာပို့၊ အမျှအတန်းပေးဝေ ကူညီစောင့်ရှောက် မ,စနိုင်ခြင်းသဘောသာ ဖြစ်ပါသည်။

ကျွန်ုပ်စာရေးသူကိုယ်တိုင် လက်တွေ့ဆောင်ရွက်ကြည့်ရာ ထူးခြားမှုကြုံတွေ့ရသည်။ ကျွန်ုပ်အနေဖြင့် မိမိတတ်ထားသော ယတြာလည်းချေ၊ ကိုးနဝင်းပွဲလည်းလှူ၊ အဘကိုးမြို့ရှင်ကိုလည်း အဓိဋ္ဌာန်ပြု စသည်ဖြင့် စုံလင်အောင်လည်း ပြုလုပ်သည်။

ရန်ကုန်တိုင်းဒေသကြီးတစ်ဝိုက်တွင် အဘကိုးမြို့ရှင် နတ်နန်း များစွာရှိသော်လည်း ထိုနန်းမှာ နှစ်ပေါင်း(၁၀၀) ကျော် ရှိနေပြီဖြစ်သည်။ ဘုန်းကြီးကျောင်းနှင့် ပြဿနာဖြစ်နေရာ မြို့နယ်က နတ်နန်းကို အနိုင်ပေးလိုက်သည်ပါဟု ကြားသိရသည်။ အမှုဖြစ်သောကာလတွင် နတ်နန်း ယာယီပိတ်ထားရကြောင်း ရှင်းပြသည်။ စာရွက်စာတမ်းအထာည်ပြုပြီး တာဝန်ရှိသူလူကြီးများက နန်းဖွင့်ရန် သော့ပြန်ပေးသည်။ ယနေ့ခေတ် မြေယာသိမ်းပြဿနာတွင် လူတွင်သာမက ဘုန်းကြီးပါ ပါဝင်နေတာ တွေ့ရသည်။

ဤနတ်နန်းသို့ ခရမ်း၊ သုံးခွဘက်မှ လူများလည်း လာရောက်ပွဲလှူကြသည်။ ဌာနဆိုင်ရာ အကြီးအကဲ အပြောင်းအရွေ့ အဓိဋ္ဌာန်အောင်၍ လာကန်တော့ကြသည်။ နေ့စဉ် နံနက်(၆)နာရီမှ (၂)နာရီထိ ဖွင့်ထားပေးသည်။ နတ်နန်းအနီးတွင် ဂန္ဓိရုဆန်သော သစ်ပင်ကြီးတစ်ပင် ရှိသည်။ အောက်ခြေမှ အပေါ်သို့ မြွေနဂါးကြီးတစ်ကောင်ကဲ့သို့ အပေါ်သို့ ပတ်တက်နေသည်။ နဂါးအမောက်ထောင်သော ပုံစံနှင့် တူသည်။ နွယ်သစ်တံခါးနှင့်လည်း တူသည်။ နန်းကြီးအနီး နန်းလေးများလည်း တွေ့ရသည်။

အဘကိုးမြို့ရှင်သည် ရှမ်းပြည်နယ်သို့ ခွန်ချီ၊ ခွန်သာကို ရှာရန် ထွက်သွားစဉ် ရှမ်းပုံစံဝတ်စားသွား၍ ရှမ်းအဝတ်အစားပုံ ဖြစ်နေခြင်းဖြစ်သည်။ အဘကိုးမြို့ရှင်နှင့် အမေပုလဲယဉ်သည် မြန်မာနတ်စင်စစ်ဖြစ်သည်။ ဂန္ဓိရုဆန်သော သစ်ပင်ကြီးနှင့် အဓိဋ္ဌာန်အောင်နတ်နန်းသို့ တစ်ခေါက် တစ်ခါ သွားရောက်လေ့လာသင့်ကြပါသည်။

ဂန္ဓိရ-ဆရာလှမျိုး(B.S

www.burmeseclassic.com

www.burmeseclassic.com

ORGANIC PRODUCTS
FROM KANDARAWADDY ORGANIC HERB FARM

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၂/၂၀၂၂တစ်ဆယ်လ/ထိုး(၁၀၂၄)

ပင်ရင်း ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီဆေးတိုက် အမှတ်-၇၄၁၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်
မရန်းကုန်းမြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း ၀၉ ၅၁၄၀၃၇၀၉၊ ၀၉ ၄၂၀၀၇၀၈၅

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၁၀၀ပါ ဘူးကြီး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

ကြက်လည်ဆံ ဆီးဆေးပြား

အပြား ၄၀ပါ ဘူးငယ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 007860 (1114)

မင်းမကိုင့်

သွေးချို ဆီးချိုကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012254(0916)

ရင်ငြိမ်းဆေး

နှလုံးဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR 012014(0516)

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၆၇/ဝဒသ

www.burmeseclassic.com

www.burmeseclassic.com

ကြာမြင့်စွာ တည်နိုင်ခြင်း၏ အထောက်အပံ့တို့ ဝေးလွင့်ခဲ့ရာ

ကိုရွှေမြသန်း(သဝိုင်း)

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကိမိလမြို့ ဝါးတော၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ အရှင်ကိမိလမထေရ်သည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသောနေရာ၌နေလျက် မြတ်စွာဘုရားအား-

'အရှင်ဘုရား..မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သာသနာတော် ကြာရှည်စွာ မတည်နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ အထောက်အပံ့ကား အဘယ်ပါနည်း'ဟု လျှောက်၏။

'ကိမိလ..ဤသာသနာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် ရဟန်း,ရဟန်းမိန်းမ၊ ဥပါသကာ,ဥပါသိကာမတို့သည်-

မြတ်စွာဘုရား၌ မရှိမသေ မတုပ်မဝပ် နေကုန်၏။

တရားတော်၌ မရှိမသေ မတုပ်မဝပ် နေကုန်၏။

သံဃာတော်၌ မရှိမသေ မတုပ်မဝပ် နေကုန်၏။

အကျင့်သိက္ခာ၌ မရှိမသေ မတုပ်မဝပ် နေကုန်၏။

မမေ့မလျော့ခြင်း အပွမာဒ၌ မရှိမသေ မတုပ်မဝပ် နေကုန်၏။

အစေ့အစပ်ပြုမူ ပဋိသန္ဓာရ၌ မရှိမသေ မတုပ်မဝပ် နေကုန်၏။

ကိမိလ..မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သာသနာကြာမြင့်စွာ မတည်နိုင်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း။ အထောက်အပံ့ကား ဤသည်ပင်တည်း'ဟု မိန့်တော်မူ၏။

'အရှင်ဘုရား..မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သာသနာတော် ကြာမြင့်စွာတည်နိုင်ခြင်း၏ အကြောင်းကား အဘယ်ပါနည်း။ အထောက်အပံ့ကား အဘယ်ပါနည်း'ဟု လျှောက်၏။

'ကိမိလ..ဤသာသနာတော်၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသည်ရှိသော် ရဟန်း,ရဟန်းမိန်း၊ ဥပါသကာ,ဥပါသိကာမတို့သည်-

မြတ်စွာဘုရား၌ ရှိသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

တရားတော်၌ ရှိသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

သံဃာတော်၌ ရှိသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

အကျင့်သိက္ခာ၌ ရှိသေမှု တုပ်ဝပ်မှုရှိလျက် နေကုန်၏။

မမေ့မလျော့ခြင်း အပွမာဒ၌ ရှိသေမှု၊ တုပ်ဝပ်မှုရှိလျက် နေကုန်၏။

အစေ့အစပ်ပြုမှု ပဋိသန္ဓာရ၌ ရှိသေမှု၊ တုပ်ဝပ်မှုရှိလျက် နေကုန်၏။

ကိမိလ..မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်ရှိသော် သာသနာတော် ကြာမြင့်စွာတည်နိုင်ခြင်း၏ အကြောင်းကား ဤသည်ပင်တည်း။ အထောက်အပံ့ကား ဤသည်ပင်တည်း'ဟု မိန့်တော်မူ၏။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ကိမိလသုတ်)

ဤသို့ မြတ်စွာဘုရားရှင်မှ ဟောဖော်ညွှန်ပြခဲ့ပါသဖြင့် အမျိုး၊ ဘာသာ၊ သာသနာကို တန်ဖိုးထားသော၊ လေးစားသော၊ မြတ်နိုးသော မိမိတို့အနေဖြင့် တာဝန်ရှိစွာ၊ တာဝန်သိစွာ၊ အမျိုး၊ ဘာသာ၊ သာသနာတော် ကြာမြင့်စွာ တည်နိုင်ခြင်း၏ အထောက်အပံ့တို့နှင့် ဝေးလွင့်စွာ မနေသင့်ပေ။

ယနေ့မျက်မှောက်ခေတ် ကမ္ဘာကြီးတွင် စီးပွားရေးအရ၊ နိုင်ငံတကာဆက်ဆံရေးအရ ကမ္ဘာ့အရှေ့၊ အနောက်တောင်၊ မြောက် နိုင်ငံရပ်ခြားနှင့် ဆက်ဆံပေါင်းသင်းကြရာတွင် အမျိုး၊ ဘာသာ၊ သာသနာ ယဉ်ကျေးမှုဓလေ့ထုံးစံများလည်း ရောယှက်ပါဝင်လာသည်ပင် ဖြစ်ပါ၏။ သဘာဝတရားပင်ဖြစ်၍ တားဆီး၍မရပါ။ သို့သော် ထိန်းသိမ်းနိုင်တော့ လိုပါမည်။

မတူညီသော အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုထုံးစံများကို မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုထုံးစံများထဲသို့ ပုံစံတူကူး၍ မရနိုင်ပါ။ အတုခိုးများပြီး ပုံစံတူ ကူးချခဲ့သော် အများကြီး များပါလိမ့်မည်။

ယနေ့ကမ္ဘာကြီးသည် ကျဉ်းမြောင်းလာပါပြီ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာအရပ်ရပ်ရှိ မည်သည့်နေရာကမဆို

www.burmeseclassic.com

ရှိနေသည်တို့ကို အင်တာနက်၊ ဖက်(စ်)၊ ရုပ်မြင်သံကြား စသည့် တိုးတက်သော ပစ္စည်းကိရိယာတို့ကြောင့် ချင်းချင်းချင်း ချက်ချင်းကြားမြင် နားထောင်နိုင်သောကြောင့် ဖြစ်ပါသည်။

ရှေ့သံပစ္စည်းများသာမက နိုင်ငံရပ်ခြားမှဝင်လာသော အသိုင်းများမှတစ်ဆင့် နိုင်ငံရပ်ခြား ကျော်ကြားသော ဆေးခေါင်းဆောင်များ၊ အနုပညာရှင်များ၏ လိင်ကိစ္စအထွေးများ၊ အိမ်ထောင်ရေးပြဿနာများ၊ လူမှုရေးပြဿနာများကို ဖတ်ရှုနိုင်ကြပေသည်။

ထို့အခါ အတုမြင် အတတ်သင်တတ်သော လူတို့၏ အိုင်း အတုမခိုးသင့်တာ၊ ခိုးမယူသင့်တာကို ယူဆောင်ရွက်ရန်ကို ဝေဖန်ခွဲခြားပြီး မကျင့်သုံးနိုင်ကြလျှင် ကောင်းလိမ့်မည်။ မြင်ဖန်များတော့ယဉ်ပြီး သူတို့၏ ဉာဉ်တွေကို ယဉ်ကျေးမှုထဲသို့ မပူးဝင်ဖို့ အရေးကြီးပါသည်။ ထို့ထက်ပို၍,ပို၍ အရေးကြီးသည်ကတော့ မိမိတို့ အမျိုး၊ ဘာသာ၊ သာသနာတော် ကြာရှည်တည်တံ့ခြင်း၏ အထောက်အပံ့တို့နှင့် ဝေးလွင့်ရာ၊ ဝေးလွင့်စွာ နေနိုင် ဖြစ်ပါချေ၏။

သို့ဖြစ်ပါ၍ မိမိတို့အနေဖြင့် အမျိုး၊ ဘာသာ၊ သာသနာအတွက် ဆင်ခြင်သုံးသပ် ဆုံးဖြတ်တတ်ရန်၊ ကာကွယ်စောင့်ရှောက်တတ်ရန်အတွက် မျက်မှောက်ကမ္ဘာမှ သာဓကတစ်ခုဖြစ်သည့် သာသနာတော် ကြာမြင့်စွာတည်နိုင်ခြင်း၏ အထောက်အပံ့တို့နှင့် ဝေးလွင့်ခဲ့ရာကို ရေးသားတင်ပြလိုက်ပါသည်။

♦ ♦ ♦

ဗုဒ္ဓခရီးသည် ဖာဟီယန်သည် သာသနာပြုခရီး လှည့်လည်သွားရောက်ပြီးနောက် သာသနာနှစ်(၉၅၈)ခုနှစ်တွင် အိန္ဒိယမှ တရုတ်ပြည်သို့ အပြန်ခရီး၌ အင်ဒိုနီးရှားသို့ ခရီးတစ်ထောက်ဝင်ခဲ့သည်။ အင်ဒိုနီးရှားတွင် ဗြဟ္မဏဝါဒလွှမ်းမိုးနေ၍ ဗုဒ္ဓဘာသာဝင်အနည်းငယ်မျှသာ တွေ့ခဲ့သည်ဟု ဖာဟီယန်က မှတ်တမ်းတင်ခဲ့သည်။

သာသနာနှစ်(၁၀၆၃)ခုနှစ်တွင် ကသ္မီရာဘုရင်၏သားတော် အရှင်ဂုဏဝမ္မသည် ဂျာဗားကျွန်းသို့ကြွ၍ သာသနာပြုခဲ့ရာ သာသနာတော် စည်ပင်ပြန့်ပွားလာကြောင်းကို ကာအိုဆင်ချမ်ဟုခေါ်သော တရုတ်ကျမ်းစာတစ်ခု၌ ဖော်ပြထားသည်။ ထိုခေတ်က အိန္ဒိယနိုင်ငံ နာလန္ဒတက္ကသိုလ်မှ ဆရာတော်ဓမ္မပါလသည်လည်း အင်ဒိုနီးရှားနိုင်ငံသို့ သာသနာပြုကြွတော်မူခဲ့သည်။



ကိုင်လင်ဒရာ(Sailendra)ဘင်းထက်ဓလတ် (၀)ရာစုတွင် တည်ဆောက်ခဲ့ဝသော ဗုဒ္ဓဘုရားကြီးဆုံး ဗောရောဗုဒ္ဓဗုဒ္ဓိုးဘုရားကြီး (ခရစ်နှစ် - ၇၉၅ ခုနှစ်က စတင်ပြီးဆုံး ဒိုးခဲ့ကြောင်း မှတ်တမ်းတင်ခဲ့ဝသော)

www.burmeseclassic.com

ထိုမှ အင်ဒိုနီးရှားတွင် ထင်ရှားကျော်ကြားသော ဗောရောဗုဒ္ဒ စေတီတော်ကြီးအပြင် ကလဆဲစေတီနှင့် မင်ဒတ် စေတီတို့ ပေါ်ထွန်းလာခဲ့သည်။ သာသနာဆက္ကရာဇ်(၁၃၃၃) ခုနှစ်တွင် ရေးထိုးသော ကာလဆဲစေတီကျောက်စာတွင် ဒေဝနာဂရီအက္ခရာဖြင့် ရေးထိုး၍ တာရာနတ်သမီးကျောင်းနှင့် မဟာယာနကျောင်းတိုက်တစ်ခု ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင် ဖော်ပြထားသည်။

တရုတ်ဘုန်းတော်ကြီး အိချင်(ယိကျင်)၏ မှတ်တမ်းအရ အင်ဒိုနီးရှားနိုင်ငံတွင် ၊ သံဃာ(၁၀၀၀)ခန့် တွေ့ခဲ့သည်ဟုဆိုသည်။ ထိုခေတ်က အင်ဒိုနီးရှားကျွန်းကို သုဝဏ္ဏဒီပကျွန်းဟုခေါ်၍ နိုင်ငံကို သိရီဝိဇယနိုင်ငံတော်ဟုခေါ်၏။ (သုဝဏ္ဏဆိုသည်မှာ ရွှေ၊ ဒီပဆိုသည်မှာ ကျွန်းဖြစ်သည်)

သာသနာသက္ကရာဇ်(၁၆၀၀)ပြည့်နှစ်ခန့်တွင် သုဝဏ္ဏဒီပသည် မဟာယာနဗုဒ္ဓဘာသာ၏ ဗဟိုချက်ဖြစ်ခဲ့သည်။ ဝိက္ကမသီလ တက္ကသိုလ်ကျောင်းအုပ်ကြီး အတိဆ(ဒီပင်္ကရ ဉာဏ)သည် သုဝဏ္ဏဒီပရှိ ဆရာတော် စန္ဒြကိတ္တိထံ တန္တရ၊ မန္တရ ပညာရပ်များ ဆည်းပူးရန် သုဝဏ္ဏဒီပသို့ ကြွခဲ့သည်။ အတိဆာသည် တိဗက်သာသနာပြုဆရာတော်ဖြစ်သည်။

ထိုခေတ်က အင်ဒိုနီးရှား(သုဝဏ္ဏဒီပ)ကို သေလိန္ဒြမင်းဆက် အုပ်စိုးသည်။ သေလိန္ဒြမင်းများသည် မလေးကျွန်းဆွယ်အထိ အာဏာစက်ဖြန့်နိုင်ခဲ့သည်။ မဟာယာန ဗုဒ္ဓဘာသာကို အားပေးသည်။ ဗောရောဗုဒ္ဒစေတီတော်ကြီးကို သေလိန္ဒြမင်းဆက်လက်ထက်၌ တည်ခဲ့သည်။ ဤစေတီတော်ကြီးမှ ရုပ်တုများကို စက်ဝိုင်းပုံတည်ထားရာ မဏ္ဍာလလေးမျိုးတွင် ကမ္မမဏ္ဍာလဟု ခေါ်သည်။

ဘင်္ဂေါမှ ပါလမင်းများနှင့် အိန္ဒိယတောင်ပိုင်းမှ စောဠမင်းများသည် အင်ဒိုနီးရှားပြည် ဗုဒ္ဓသာသနာ ပြန့်ပွားရေးကို အားပေးကူညီ ထောက်ပံ့ပေးကြသည်။ သေလိန္ဒြမင်းများသည် နာလန္ဒာတက္ကသိုလ်၌ ကျောင်းဆောက်လှူဒါန်းကြသည်။ ထိုကျောင်းကို စောင့်ရှောက်ထိန်းသိမ်းရန် ပါလမင်းနှင့် စောဠမင်းများက ကျေးရွာများ လှူဒါန်းကြသည်။ နောက်ပိုင်းတွင် ဘုရင်များသည် ဗုဒ္ဓဘာသာကို အားပေးခြင်းမပြုသဖြင့် ဟိန္ဒူဘာသာက လွှမ်းမိုးသွားသည်။ ဂ္ဂ မတြ၊ ဂျာဗား၊ ဘာလီကျွန်းနှင့် ဆော်နီယိကျွန်းများ၌ ဗုဒ္ဓ

လွန်ခဲ့သော နှစ်ပေါင်း (၁၀၀)ခန့်က ဇာတ်ကျွန်းမှ ပွါးတို့ဘုတိုလိုက်ဝု
(ယင်းလိုက်ဂွဲထဲတွင် ဗုဒ္ဓဘုရားရှင်၏ ဒေသစာရီခရီစဉ်ကို ဖော်ကျူးထားသည်)
ယင်းလိုက်ဝုကို ခဉ့်ဂုဂု-ဝုနှစ်တွင် မြန်လည်ရာဝေဖွတွဂုံခဲ့သည်)

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လန်ဒရာမင်းဆက်များ(Sailendra Dynasty) လက်ထက် အေဒီ(၉)ရာစုတွင် တည်ဆောက်ခဲ့သော ဗောရောဗုဒ္ဓုယထိုးတော်ကြီး

သာသာ ထွန်းကားသော်လည်း ဗြဟ္မဏဝါဒက ပြန်လည် ပြန့်ပွားခဲ့သည်။

သာသနာနှစ်(၂၀၀၀)ခန့်တွင် သင်္ဘောသား အာရုပ် ကျန်သည်များသည် မလေးကျွန်းဆွယ် မလက္ကာရေလက် ကြားသို့ ရောက်ရှိနေထိုင်ကြသည်။ အာရုပ်တို့သည် တိုင်း ရင်းသူများနှင့် လက်ထပ်ထိမ်းမြားကြသည်။ ယောကျ်ား ဘက်ဦးလျှင် မယားတစ်ယောက်မက ယူသောစနစ်ကို ကျင့် သုံးရာ မကြာမီ ၄င်းတို့၏ လူမျိုးများက များလာသည်။ ထို့အပြင် အာရုပ်အနွယ်တို့သည် စီးပွားရေးလုပ်ငန်း၌ ကျွမ်း ကျင်ကြရာ လူအင်အား၊ စီးပွားရေးအင်အားတို့ကို အသုံးချ ၍ နိုင်ငံအာဏာကိုပါ သိမ်းယူလိုက်ကြသည်။ အာဏာရပြီး နောက်ပိုင်း၌ကား တစ်တိုင်းပြည်လုံးကို ၄င်းတို့၏ဘာသာ ဖြစ်စေခဲ့သည်။ ဘာလီကျွန်း၌သာ ဟိန္ဒူဘာသာ ဆက် လက်တည်ရှိခဲ့သည်။

အင်ဒိုနီးရှားလူမျိုးများသည် ဘာသာခြားဖြစ်သွားကြ သော်လည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုဖြစ်သော ပါဠိသက္ကတ ဘာသာ သုံးစွဲမှုကို မစွန့်ကြချေ။ အင်ဒိုနီးရှားလေကြောင်း ကုမ္ပဏီကို (ဂရုဋ္ဌ)ဂဠုန်လေကြောင်းကုမ္ပဏီဟု ခေါ်ကြ သည်။ ယခင် အင်ဒိုနီးရှားသမ္မတဟောင်း ဆူကာနို၏ အမည်မှာ ပါဠိအသံထွက်ဖြင့် သုကဏ္ဍဖြစ်သည်။ (သု-လုပသော၊ ကဏ္ဍ-နား)ဖြစ်သည်။ ယခုခေတ် အင်ဒိုနီးရှား တစ်ဦး၏ နောက်ကျောကို အမှတ်တမဲ့ထုလိုက်လျှင် လန့် ဖျပ်၍ ဗုဒ္ဓ၊ ဗုဒ္ဓဟု ယောင်ယမ်းမြည်တမ်းလေ့ရှိကြသည်။

ထို့အပြင် ဗုဒ္ဓမှ ဆင်းသက်လာသော ဟိန္ဒူယဉ်ကျေးမှု အမွေအနှစ်ဖြစ်သည့် ရာမဇာတ်ကို ဆက်လက် ကပြခဲ့၊ အားပေးနေကြဆဲဖြစ်သည်။ ဂျာဗားကျွန်း၌ မဟာယာနဗုဒ္ဓ ဘာသာ၏ အမွေအနှစ်အဖြစ် သံယံ့ ကမဟ ယန် မန္တရနယ နှင့် သံယံ့ ကမဟယနိကံ ကျမ်းနှစ်ဆူ ကျန်ရစ်ခဲ့သည်။ အင်ဒိုနီးရှားတွင် ဗုဒ္ဓဘာသာကိုးကွယ်သူများမှာ ယခုအခါ အနည်းငယ်ခန့်သာရှိပြီး ဂျာဗားကျွန်းတွင် ဗုဒ္ဓအမွေအနှစ် များ ဆက်လက်တည်ရှိနေသည်မှာ ဝမ်းမြောက်ကြည်နူး ဖွယ်ရာဟု ဆိုနိုင်ချေရှိနေပါသေးသော်လည်း သာသနာနှစ် (၉၅၈ မှ ၂၀၀၀)ခန့်အထိ နှစ်ပေါင်း(၁၀၅၀)နီးပါး ဗုဒ္ဓဘာ သာ သာသနာ ထွန်းကားခဲ့ခြင်းတို့သည်ကား သာသနာ တော် ကြာမြင့်စွာတည်နိုင်ခြင်း၏ အထောက်အပံ့တို့နှင့် ဝေးလွင့်,ဝေလွင့်ရာဆီသို့သာ..။

ကိုရွှေမြသန်း(သမိုင်း)

မှီငြမ်း

* ကိမိလသုတ်၊ အင်္ဂုတ္တိရ်ပါဠိတော်(မြန်မာပြန်)။
* ကမ္ဘာ့ဗုဒ္ဓ (ကောင်းစွာန်သိမ်း)။

www.burmeseclassic.com

www.burmeseclassic.com



နန္ဒာမောင်(သံဖြူဇရပ်)

အနောက်မဇ္ဈိမဒေသ ဘုရားဖူးခရီးစဉ်ကို တိုးချဲ့ပူဇော်သင့်သော ဒေသများ

ဘုရားဖူးခရီးသွားများနှင့်စပ်၍ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက မိမိသွားရမည့်အရပ်တွင် သက်တော်ထင်ရှား ဘုရားရှင်ကိုယ်တော်ကြီးကို ဖူးတွေ့ရတော့မည့်အလားကဲ့သို့ ဝမ်းပါးရွှင်ပျ ပီတိသောမနဿနှင့်ယှဉ်သော စိတ်ကိုရွေ့ထား ဘုရားဖူးသွားကုန်ရာ၏ဟူ၍ မိန့်မှာခဲ့ဖူး၏။

ထိုသို့ ဆရာတော်ကြီး၏ မိန့်မှာဆုံးမသည့်အတိုင်း ရှင်တော်ဗြတ်ဘုရားအား ဖူးမြော်ကြည်ညိုတတ်မည်ဆိုလျှင် ဗုဒ္ဓနုဿတိဘာဝနာ ပွားခြင်းမည်၍ အကြင်ပုဂ္ဂိုလ်တို့၌ အပါယ်တံခါး ပိတ်သည်အထိ အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်လေ၏။

ကြည်ညိုဖွယ်ရပ်ကြွင်းများ တည်ရှိရာဒေသ

ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ဘီစီ(၆၀၀)ရာစု အခါက အနောက်မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံကို မဟာဇနပဒ ခေါ် မဂဓတိုင်းကဲ့သို့သော တိုင်းကြီး(၁၆)တိုင်း၊ တိုင်းငယ် (၂၅)တိုင်းနှင့် သာဝတ္ထိ စသည့်မဟာနဂရ ခေါ် မြို့တော်ကြီးများအပါအဝင် မြို့လတ်၊ မြို့ငယ်လေးများ (၂၄၈)ခြင်း နယ်ရှိကြောင်း ဖော်ပြထား၏။

ယနေ့ခေတ်သစ် အိန္ဒိယနိုင်ငံကို အင်ဒရာပရာဒေ့(ရှ်) ဥတ္တရပရာဒေ့(ရှ်) စသည့်ပြည်နယ်ပေါင်း(၂၈)ပြည်နယ်ခြင်း ဖွဲ့စည်းတည်ထောင်ထား၏။ ယခုစာရေးသူတင်ပြမည့် ဗုဒ္ဓ ရေးဟောင်းအမွေအနှစ်များ တည်ရှိရာဒေသမှာ ဗုဒ္ဓပူဇနီ လေးဌာနနှင့် တော်တော်လှမ်းလှမ်း၌တည်သော ဥတ္တရပ ဒေ့ရှ်၊ ဗီဟာပြည်နယ်တို့၏ တောင်ဘက်ကျကျ အင်ဒ ပရာဒေ့ရှ်ပြည်နယ်(Andhrapradesh State)၌ တည်ရှိ ၏။

ယင်းနေရာဌာနများဟူ၍-

www.burmeseclassic.com

www.burmeseclassic.com

(၁) အမရဝတီ၊
(၂) နာဂဇုနကောန္ဒ၊
(၃) သောနကောန္ဒ၊
(၄) ဘောဇနကောန္ဒ စသည်တို့ဖြစ်၏။

အဆိုပါလေးဌာနမှာ အိန္ဒိယနိုင်ငံရှိ ရှေးအကျဆုံး၊ စိတ်ဝင်စားဖွယ်အကောင်းဆုံး၊ သာယာလှပဆုံး၊ ဖူးမြော်ကြည်ညိုဖွယ်အကောင်းဆုံးသော နေရာဌာနများဖြစ်သည်ဟု ဆိုလေးလို၏။

အမရဝတီ (Amaravati)

ယင်းနေရာဌာနသည် အိန္ဒိယနိုင်ငံ၏ အထင်ရှားဆုံးသော ခရစ်ရှုနှစ်မြစ် (Krishna) ၏ ကမ်းခြေတွင် တည်ရှိ၏။ ရွာမက မြို့လည်းမကျသော နေရာဌာနတစ်ခုဖြစ်၏။ ဆောလိုလို မြို့ယောင်ယောင် ဒေသလေးဖြစ်၍ လွမ်းမောဖွယ်ဖြစ်၏။

ဘုရားဖူးသွားလိုက အမရဝတီဌာနသည် ဂွန်ဒူး(Guntur) မြို့မှ မြောက်ဘက် (၃၅)ကီလိုမီတာ အကွာအဝေးတွင် တည်ရှိလေ၏။ ရထားဖြင့်၊ ဘတ်(စ်)ကားဖြင့်သော်လည်း အလွယ်တကူသွားရောက်နိုင်၏။ အမရဝတီတွင် ပြတိုက်တစ်ခု ရှိ၏။ ကြည်ညိုဖွယ်ကောင်းသော ဘုရားနှင့်အတူ စေတီသမိုင်းပြတိုက်တစ်ခု တည်ဆောက်ထားသည့်အပြင် တိဗက်လားမားဘုန်းတော်ကြီး တည်ဆောက်ကိုးကွယ်သည့် စိတ်ဝင်စားဖွယ် ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူလည်း ရှိလေ၏။

ထို့ပြင် ဟိန္ဒူတို့အထွတ်အမြတ်ထားရာ ဘုရားကျောင်း စသည်တို့လည်း တည်ရှိသည်ဖြစ်၍ ဘုရားဖူးသူတို့ ဗဟုသုတများစွာ ရရှိနိုင်လေ၏။ ဗုဒ္ဓဘာသာဝင်များအတွက်မူ စိတ္တဇစေတီနှင့် ပြတိုက်မှာ ဘုရားရှည်သူများအတွက် ဗုဒ္ဓခေတ်ကို ဆောက်မေ့သတိရဖွယ် ဖြစ်လေ၏။

နာဂဇုနကောန္ဒ (Nagarjuna Konda)

ယခုဖော်ပြမည်မှာ နာဂဇုနကောန္ဒဆိုသော နေရာဌာန ဖြစ်၏။ ဤဗုဒ္ဓဆိုက်နေရာမှာ အင်ဒရာပရာဇ(ရှ)၏ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသော လူတို့ ဖန်တီးထားဟန်ရှိသည့် ကျွန်းလေးတစ်ကျွန်းပေါ်၌ တည်ရှိလေ၏။ ကျွန်းလေးပေါ်တွင် ရှေးကရဟန်းသံဃာတော်များ သီတင်းသုံးနေထိုင်ခဲ့သော ကျောင်းဆောင်များစွာ ရှိလေ၏။ ရှေးဟောင်းသမိုင်းပြတိုက်တစ်ခုလည်းရှိသဖြင့် ဗုဒ္ဓဘာသာဝင်တို့အဖို့ လေ့လာဆည်းပူးစရာနေရာလေးဖြစ်၏။

ယင်းနေရာဌာနကို ဘုရားဖူးသွားလိုသူများသည် ဂွန်ဒူးမြို့မှတစ်ဆင့် နာဂဇုနဆာကာသို့ ရှေးဦးစွာသွားရ၏။ ထိုမှတစ်ဆင့် ရေယာဉ်ငယ်လေးစီး၍ သွားပါမှ နာဂဇုနကောန္ဒဆိုသည့် သာယာဖွယ်ကောင်းလှသော ကျွန်းမြို့ကလေးသို့ ရောက်ရှိလေ၏။ ခရစ်ရှုနှစ်မြစ်ကြီးကို အလယ်ဖြတ် တည်ဆောက်ထားသည့် ဆည်ကြီးမှတစ်ဆင့် လယ်ယာများသို့ ဗဟိုပြုရေပေးဝေရာဒေသ အပါအဝင်ဖြစ်၍ ထူးခြားအံ့သြစရာကောင်းလောက်သော ဗဟုသုတဖြစ်ဖွယ် နေရာဌာနလည်း ဖြစ်၏။

နာဂဇုကောန္ဒသည် အေဒီနှစ်ရာစုက နာဂဇုနဟူသော နာမည်ကျော် ရဟန်းတော်ကြီးတစ်ပါး သီတင်းသုံးနေထိုင်ခဲ့သည့်အတွက် ယင်းပုဂ္ဂိုလ်ကြီးအမည်ကို ဂုဏ်ပြုခေါ်ဆိုခဲ့ခြင်းဖြစ်လေ၏။ ယင်းနာဂဇုန ရဟန်းပုဂ္ဂိုလ်ကျော်သည် Philosophy ဆရာကြီးတစ်ဆူဖြစ်၍ ဆရာတော် တည်ထောင်ခဲ့သော တက္ကသိုလ်ကြီးတစ်ခုလည်း ရှိလေ၏။ အဆိုပါတက္ကသိုလ်ကြီးမှာ ဂွန်ဒူးမြို့နှင့် ဝိဂျဝါဒတို့အကြား ဟိုက်ဝေးလမ်းမပေါ်၌ တည်ရှိလေ၏။ လေ့လာဆည်းပူးစရာ စုံ

အမရဝတီ (ဖူးတော်)

www.burmeseclassic.com



နာဂရုန္ဒဝေဘုန်း



ဝေသာန္ဒဝေဘုန်း

လင်လှသော နေရာဌာနတစ်ခုပင် ဖြစ်၏။

သောနကောန္ဒ (Thona Konda)

နောက်တစ်နေရာကား အင်ဒရာပရာဒေ့(ရှ်)ပြည်နယ်၏ သာယာလှပဆုံးသော ဒေသလေးတစ်ခုဖြစ်၏။ ဝိဆာကာပတ္တနား(Viskapatana)ဟု ခေါ်ဆိုသော ဆိပ်ကမ်းမြို့လေးလည်း ဖြစ်၏။ ပင်လယ်ကမ်းခြေမြို့လေး ဖြစ်သည့်အတွက် လွန်စွာကြည်နူးဖွယ်ကောင်းလှ၏။

မြို့ငယ်လေးသည် ကိုး(လ်)ကတ္တားနှင့် ချန်နိုင်းမြို့သို့သွားသော ဟိုက်ဝေးလမ်းပေါ်၌ တည်ရှိသဖြင့် ပတ်ဝန်းကျင်မှာ ရှုပ်ထွေးမနေဘဲ တိတ်ဆိတ်ငြိမ်သက် အေးချမ်းလျက် ရှိ၏။ မြို့၏ တောင်ကုန်းပေါ်တွင် တည်ရှိသည့် စေတီပုထိုးများမှာ ဘုရားရှင်လက်ထက်တော်အခါက ဘုရားရှင်နှင့် ရဟန်းတော်များ ဒေသစာရီခရီးလှည့်လည် ကြွချီတော်မူဖူးသည့် အထိမ်းအမှတ်နေရာဌာန အပါအဝင် ဖြစ်ဟန်တူလေ၏။ အသောကမင်းလက်ထက်က ရဟန်းသံဃာတော်များ သာသနာပြုခဲ့သည့် သာသနိကရွေးဟောင်းအမွေအနှစ်များတည်ရာ စည်ကားလှသော ဒေသတစ်ခုဖြစ်သည်ဟု ဆို၏။

နောက်ပိုင်း မသမာသူတို့ ဖျက်ဆီးခံရ၍ အဆိုပါ သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးသွားသဖြင့် များစွာဝမ်းနည်းစရာကောင်းလှလေ၏။ ယခုအခါ ယင်း သာသနိကရွေးဟောင်းစေတီကြီးကို ပြုပြင်ရန် ဝန်ကြီးဌာန အကြီးအကဲတစ်ဦး၏ ခွင့်ပြုချက်ကို ရယူခဲ့ဆရာတော်တစ်ပါး ဦးဆောင်သော

www.burmeseclassic.com

www.burmeseclassic.com

ဇောခလန်ဝကောန်

သဒ္ဒါတရားကောင်းလှသည့် ဒကာ၊ဒကာမများအဖွဲ့က အောင်အထည်ဖော် ဆောင်ရွက်နေကြောင်း ကြားသိရသဖြင့် ဝမ်းသာအပန်းပင် ဖြစ်ရလေ၏။ ယခု သာသနာပြုရဟန်းပုဂ္ဂိုလ်များ အပြတ်မ်းသီတင်းသုံးနေထိုင်ပြီး သာသနိက ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သာသနာပြုလုပ်ငန်းကို ဆက်လက် ဆောင်ရွက်သွားဖို့ အမှန်ပင် လိုအပ်ပေ၏။

ဘောဇနကောန္ဒ (Bojona Konda)

ဤနေရာဌာနသည် ရှေးနှစ် ပေါင်းနှစ်ထောင်ကျော်လောက်က သမိုင်းဝင်လိုဏ်ဂူ၊ ကျောင်းများ တည်ခဲ့သော ဒေသတစ်ခုဖြစ်၏။ အဂျန်တာနှင့် တစ်ခေတ်တည်းဟု ဆိုရ၏။ သာသနိကလိုဏ်ဂူ အားလုံးလိုလိုမှာ ပုံစံတူများဖြစ်သော်လည်း ဂူအကြီး၊အသေးသာ ကွာခြားလေ၏။ ထို့ကြောင့် သာသနာပြုထေရ်ရှင်ရဟန်းများ အဆိုပါလိုဏ်ဂူများကို ကျောင်းဆောင်အမှတ်ဖြင့် သီတင်းသုံး တရားအားထုတ်ခဲ့၊ သာသနာပြုခဲ့သည့် နေရာဌာနများဖြစ်၍ အပြတ်မ်းလိုလို ငြိမ်သက်အေးချမ်းနေ၏။

ထူးခြားထင်ရှားလှသော ယင်းနေရာလေးမှာ ပင်လယ်ကမ်းခြေဖြစ်သော ဝိဆာကာပတ္တနမြို့လေး၏ အနွှန်းဘက်ကျကျ၌ တည်ရှိလေ၏။ တောင်ကုန်းမြင့်မြင့်လေးတွင် လိုဏ်ဂူများကို ထုထွင်းပြီး ဗုဒ္ဓဆင်းတုတော်များ၊ တရားအားထုတ်သည့်နေရာများ၊ သံဃာကျောင်းဆောင်များအဖြစ် ညီညီရှိနေသည်မှာ တစ်မူထူးခြားလှသဖြင့် မြင်တွေ့ရသူတို့အနေ စိတ်နှလုံးကြည်မွေ့ဖွယ် ဖြစ်ရလေ၏။ ပို၍အံ့ဩဖွယ်ကောင်းသည်မှာ လိုဏ်ဂူကြီး၏ အလယ်ဗဟိုလောက်တွင် ဘုရားစေတီများ ထူးခြားသပွာယ်စွာ ထွင်းထုပူဇော်ထားခြင်းပင် ဖြစ်လေ၏။

သို့သော် ထိုဒေသရှိ အရှေ့ဘက် သာသနိကနေရာဌာနများတွင် ယခုအခါ ဟိန္ဒူဘာသာဝင်တို့က သူတို့၏ ရှိဝလိင်ဘုရားများ ထားရှိကိုးကွယ်ထားကြသဖြင့် ဗုဒ္ဓဘာသာဝင် ဘုရားဖူးသူတော်ကောင်းတို့အတွက် မနှစ်မြို့စရာ ဝမ်းနည်းဖွယ်အဖြစ်လည်း တွေ့ရှိနိုင်လေ၏။

မည်သို့ဆိုစေ ထေရဝါဒဗုဒ္ဓဘာသာဝင်များအတွက် သံဝေဇနီယ လေးဌာနကဲ့သို့ အဓိကရဖူးမြှောက်ကြည်ညိုဖွယ်ရာ မဟုတ်သည့်တိုင် ဘုရားရှင် သက်တော်ထင်ရှားရှိစဉ်အခါ ဘုရားရှင်နှင့် သူပရိသတ်များ ဒေသစာရီလှည့်လည်သွားလာခဲ့ဖူးသည့် သာသနိက သမိုင်းဝင်နေရာဌာနများဖြစ်၍ သွားရောက်လေ့လာ ဆည်းပူးသူတို့အဖို့ ထိုက်သင့်သော အကျိုးထူးကို ရရှိမည်သာဖြစ်၏။ ကုသိုလ်အဖို့ဘာဂဟူသည် ပြုသူပုဂ္ဂိုလ်တို့၌ မတည်။ ကာယကံရှင်တို့၏ စိတ်၊ စေတနာ၊ သဒ္ဓါတရား၌သာ တည်သည်ဖြစ်၍ မည်သူမဆို ဘုရားဖူးကြည်ညိုရာတွင် နှလုံးသွင်းပူဇော်တတ်ဖို့သာ လိုရင်းဖြစ်ပါကြောင်း အသိပေးနှိုးဆော် တင်ပြလိုက်ရပေသတည်း။

နန္ဒာမောင်(သံပြူဇရပ်)

စာကိုးစာရင်း

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့၏ ဒဿမနှစ် နှစ်ပတ်လည် အထိမ်းအမှတ်စာစောင်၊ သာသနာတော်နှစ်(၂၅၅၄)၊ ကောဇာသက္ကရာဇ်(၁၃၀၀)၊ ခရစ်နှစ်(၂၀၁၀)ပြည့်နှစ်၊ အရှင်သုစိတ္တ နာဂဇုန္နတက္ကသိုလ်၏ A.P ရဲ့ ဗုဒ္ဓရုပ်ကြွင်းများ စာမူကို ရည်ညွှန်းကိုးကား ရေးသားရပါကြောင်း။

www.burmeseclassic.com

လောကသားတို့၏ အနှိုင်းမဲ့ကျေးဇူးရှင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် မထင်ရှားသော နတ်သားအား (၃၈)ဖြာ မင်္ဂလာတရားတော်တို့ကို ဟောကြားတော်မူရာ၌ တပေါစ-ဠိုးခြိမ့်စွာကျင့်ခြင်းမင်္ဂလာတရား အပြီး၌ အမှတ်စဉ်အား ဖြင့် (၃၂)ဟုဆိုရမည့် ဗြဟ္မစရိယဆိုမင်္ဂလာတရားတော်ကို ဆက်လက်ဟောကြားတော်မူပါသည်။ ဗြဟ္မ-မြတ်သော၊ စရိယ-အကျင့်ဟု ဖြစ်သောကြောင့် ထိုနှစ်ရပ် ပေါင်းစပ်လိုက်သောအခါ ကောင်းမြတ်သော အကျင့်တရားတို့ကို လိုက်နာကျင့်သုံးခြင်းသည်လည်း မင်္ဂလာကုသိုလ်များ တိုးပွားရင့်ကျက်သည်ဟု အဓိပ္ပာယ်ရပါသည်။

ဗြဟ္မစရိယအကျင့် (၄)မျိုး

ဘုရားရှင်သည် ဗြဟ္မစရိယ မင်္ဂလာ၌ မြတ်သော အကျင့် လေးမျိုးလေးစား ခွဲခြားပြီး ဟောကြားတော်မူပါသည်။

၄င်းတို့မှာ-

၁။ မေထုနဝိရတိ ဗြဟ္မစရိယ-မေထုန်အမှုကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ သမဏဗြဟ္မစရိယ-အဓိသီလ၊ အဓိစိတ္တာ၊ အဓိပညာ ဟူသော သိက္ခာသုံးပါး ရဟန်းတရားကိုကျင့်ခြင်း (၀၊)(၂၂၇)သွယ်သော အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တို့ကို ဆောက်တည်ခြင်း၊

၃။ သာသနဗြဟ္မစရိယ-ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူသော သာသနာတော်သုံးရပ်ကို စည်ပင်ပြန့်ပွားလာစေရန် တစ်စုံတစ်ခုသော ကျောင်း၊ ကမ္မဋ္ဌာန်း ဌာနတို့၌ အမှီပြု ဆောင်ရွက်ခြင်း တစ်နည်း ပိဋကတ်စာပေ သင်ကြားပို့ချ



ဘဝတစ်သက်တာ ကျင့်စဉ်တရားများ

မင်္ဂလာတရားတော် အမှတ် (၃၂)

ကြိုးပိုင်

(တည်ကောင်-ကန်ဆွယ်)

www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ တရားမမှု ဆိုဆုံးမဆွေးနွေးခြင်း၊ ကျင့်ကြံအားထုတ်ခြင်း၊

ဗြဟ္မစရိယ-မဂ္ဂင်ရှစ်ပါး၊ မဟာသတိပဋ္ဌာန်တရား အစရှိတရားများကို ယထာဘူတ မှန်ကန်စွာ ကျင့်သုံးများရှုမှတ်ခြင်း စသည်တို့ ဖြစ်ကြပါသည်။ ယင်း ဗြဟ္မစရိယအကျင့် လေးမျိုးတို့မှာ ရဟန်းတော်များမှလွဲ၍ အခြားတည်ထောင်သော လူပုဂ္ဂိုလ်များအနေဖြင့် ကျင့်နိုင်ဖို့ အတော်ခဲယဉ်းကြပါသည်။ အကြောင်းမူ နံပါတ်(၁)ဖြစ်သော မေထုန်အမှုကိုပြုခြင်းမှ ရှောင်ကြဉ်ခြင်းသည် လူပုဂ္ဂိုလ်ပုထုဇဉ် ဖို့,မများအဖို့ ဖောဋ္ဌဗ္ဗာရုံဆိုသော အတွေ့အထိမေထုန်ကို အခြားသော ကာမဂုဏ်အာရုံတို့ထက် ပိုမိုစွဲလမ်းနေကြခြင်းကြောင့် ဖြစ်သည်။

လူပုဂ္ဂိုလ်တို့အနေဖြင့် ဗြဟ္မစရိယအကျင့်ကို ရှစ်ပါး၊ ငါးပါး၊သီလ၊ ဆယ်ပါးသီလတို့ကို ခံယူဆောက်တည်နေကြသည့်နေ့ ဥပုသ်နေ့မျိုးများတွင်သာ ကျင့်သုံးနေကြပြီး အခြား,အခြားသော သာမန်နေ့ရက်များတွင်မူ ကျင့်သုံးဖို့ ခဲယဉ်းကြပါသည်။ အဘယ်ကြောင့်ဟူမူ ပုထုဇဉ်တို့မည်သည် မစင်တွင်းမှ လောက်များသည် မစင်မှာပဲ ဝိုင်းချေကြသလို မေထုန်အမှုတွင် ပျော်မွေ့လေ့ရှိကြသောကြောင့် ဖြစ်ပါသည်။

ဤနေရာတွင် ဤဗြဟ္မစရိယအကျင့်တို့ကို ရဟန်းများမှလွဲ၍ လူပုဂ္ဂိုလ်များ ကျင့်နိုင်ခဲသည်ဟု ပြောခဲ့သော အချက်နှင့်ပတ်သက်၍ အနှည်းငယ်ရှင်းပါဦးမည်။ ရဟန်းတော်များသည် ဘာကြောင့် လူသာမန်တို့ထက် ကျင့်ကြံရသနည်းဟုဆိုလျှင် အဂါရိယမုနိဟု ခေါ်ဆိုသော ဘဝကိုထွန်ခြင်း၊ နွားမွေးခြင်း၊ ကုန်သွယ်စီးပွားရှာဖွေခြင်း စသည့်အမှုကိစ္စတို့ကို လူပုဂ္ဂိုလ်တို့က လုပ်ကိုင်ဆောင်ရွက်ကြသော်လည်း အနာဂါရိယမုနိဟုခေါ်ဆိုသော ရဟန်းတော်များမူကား ဇနီး၊ ခင်ပွန်း၊ သားသမီးတို့အတွက် စီးပွားရှာဖွေသောက် ကျွေးမွေးပြုစုခြင်းအလုပ်တို့ကို မလုပ်ကိုင်ရသောဘဲ သင်္ကန်းနှင့် သပိတ်ကိုသာ အားကိုးအားထားပြုပြီး အသက်မွေးဝမ်းကျောင်းပြု နေနိုင်ကြခြင်းကတစ်ကြောင်း၊ အပြင် (၂၂၇)သွယ်သော သိက္ခာပုဒ်ကို ထိန်းသိမ်းစောင့်ရှောက် နေထိုင်ကြခြင်းကြောင့် တစ်ကြောင်းတို့ကြောင့်ဟု ဆိုရပါမည်။

အကျယ်ချဲ့ရပါလျှင် မြတ်စွာဘုရားရှင်၏ ဝိနည်းတော်ကြီးကမ်းသတ်မှတ်ချက်အရ (၁) ပါရာဇိက(၄)ပါး၊ (၂) သံဃာဒိသိသ်(၁၃)ပါး၊ အနိယတသိက္ခာပုဒ်(၂)ပါး၊ (၄) နိဿဂ္ဂိယအာပတ်(၃၀)၊ (၅) ပါစိတ်အာပတ်(၉၂)ပါး၊ (၆) ပါဋိဒေသနီအာပတ်(၄)ပါး၊ (၇) သေခိယတ်(၇၅)ပါး၊ (၈) အဓိကရဏသမထ(၇)ပါး စုစုပေါင်းသော် (၂၂၇)ပါးရှိသော သိက္ခာပုဒ်အပေါင်းတို့တွင် ထန်းပင်သည် ဇက်မှုပြုတ်ကျပြီးလျှင် ပြန်လည်အသက်ရှင်ရန် ပြန်ဆက်၍မရတော့သကဲ့သို့ တစ်နည်း မြေသို့ကြွေကျပြီးသော သစ်သီးတို့သည် ကြွေခဲ့သောနေရာတွင် ပြန်ဆက်၍ မရတော့သကဲ့သို့ အတော်ကိစ္စ အမည်ရှိ ကုရာနတ္ထိ ဆေးမရှိသော အဓိကပါရာဇိကအာပတ်(၄)ပါးထဲတွင် ထိုမေထုန်အမှုကို ရဟန်းတော်များအနေနှင့် အသက်ထက်ဆုံး စောင့်ရှောက်ထိန်းသိမ်းနေထိုင်ရမည်ဖြစ်သောကြောင့် ရဟန်းတော်များမှာ ထိုဗြဟ္မစရိယအကျင့်မြတ်ကို လူပုဂ္ဂိုလ်သာမန်ပုထုဇဉ်တို့ထက် ကျင့်နိုင်ကြခြင်း ဖြစ်ပါသည်။

ထို့ကြောင့်လည်း လူတစ်သက် ရှင်တစ်ရက်၊ ရှင်တစ်သက် ရဟန်းတစ်ရက်ဟု ရဟန်းတော်များနှင့် သာမဏေရှင်တို့၏ ဘဝများကို တန်ဖိုးထားသည့် ဆိုရိုးစကားတို့ တည်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် လူပုဂ္ဂိုလ်များနှင့် ရဟန်းတော်များကို နှိုင်းယှဉ်လျှင် ရဟန်းတော်များက လူတို့ထက် သာလွန်သော ဂုဏ်အင်္ဂါ(၁၀)ပါး ရှိနေပြန်ပါသည်။ ထိုရဟန်းတော်တို့၏ ဂုဏ်(၁၀)ပါးကို လူတိုင်းသိထားထိုက်သည့်အတွက် ခွဲခြား၍ ဖော်ပြပါဦးမည်။

ရဟန်းတို့၏ ဂုဏ်အင်္ဂါ(၁၀)ပါးတို့မှာ (၁) အလိုရမ္မက်နည်းပါးခြင်းဟူသော အပ္ပိစ္ဆဂုဏ်၊ (၂) ရရှိသမျှနှင့် ရောင့်ရဲခြင်းဟူသော သန္တုဋ္ဌိဂုဏ်၊ (၃) ကိလေသာတို့မှ ကင်းဆိတ်ခြင်းဟူသော ပဝိဝိတ္တဂုဏ်၊ (၄) မရောနှောခြင်းဟူသော အသံသဋ္ဌဂုဏ်၊ (၅) အားထုတ်ခြင်းဟူသော အာရဒ္ဓဝီရိယဂုဏ်၊ (၆) လွန်ကဲသောတရားကောင်းခြင်းဟူသော နိရာလယဂုဏ်၊ (၇) အိမ်ရာမရှိခြင်းဟူသော အနိကေတဂုဏ်၊ (၈) ပြည့်စုံသည့်သီလရှိခြင်းဟူသော ပရိပုဏ္ဏသီလဂုဏ်၊ (၉) ခေါင်းပါးကြောင်းအကျင့်ဖြစ်သော သလ္လေခိတာစာရဂုဏ်၊ (၁၀) ဓုတင်အကျင့်ရှိခြင်းဆိုသော ဓုတပဋိပတ္တိဂုဏ် စသည်တို့ ဖြစ်ကြပါသည်။

ရဟန်းတို့သည် ကိလေသာမှဆိတ်ခြင်း၊ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း(၄)ပါးတို့တွင် ရသမျှနှင့် တင်းတိမ်ရောင့်ရဲခြင်း၊ လူပုဂ္ဂိုလ်များကဲ့သို့ သားမယား၊ ဇနီး၊ ခင်ပွန်းတို့ စားဝတ်နေမှုအတွက် စီးပွားဥစ္စာရှာဖွေရမှု၊ ပူပန်

www.burmeseclassic.com

ကြောင့်ကြရမှု ပလိဿောမျှားနှင့် ကင်းရှင်းခြင်းတို့ကြောင့် လူပုဂ္ဂိုလ်တို့ထက် ဂန္ဓဓရ၊ ဝိပဿနာဓရ စသော တရား တော်တို့ကို ပိုမိုး၍ ကျင့်သုံးအားထုတ်နိုင်ကြခြင်း ဖြစ်ပေ သည်။ ဤနေရာတွင် သမဏဟူသော အမြတ်ဆုံးရဟန်း ဆိုသည့် ပြဿနာနှင့်ပတ်သက်၍ မိလိန္ဒမင်းကြီးနှင့် အရှင် နာဂသေနမထေရ်မြတ်တို့ မေးလျှောက်ဖြေဆိုခဲ့ကြပုံကို ဗဟု သုတအဖြစ် အကျဉ်းမျှ ထည့်သွင်းဖော်ပြလိုပါသေးသည်။

သမဏရဟန်းပြဿနာ

'အရှင်နာဂသေနဘုရား..မြတ်စွာဘုရားရှင်သည် အာ သဝေါတရား(၄)ပါးတွေရဲ့ ကုန်ခန်းခြင်းကြောင့် သမဏ ဖြစ်တယ်လို့ ဟောတော်မူပြီး သည်းခံခြင်းနည်းပါးသော အစာအာဟာရ ရရှိခြင်း၊ ကာမဋ္ဌ မွေ့လျော်မှုမှ ပယ်ခြင်း၊ ကြောင့်ကြဖွယ်ပလိဿောတို့ မရှိခြင်းကြောင့်လည်း သမဏ ဖြစ်တယ်လို့ ဟောတော်မူပါတယ်။ ထိုစကားနှစ်မျိုး၊ အစွန်း နှစ်ဖက်ထွက်နေတဲ့ ပြဿနာကို ဖြေရှင်းပေးပါဘုရား'

တစ်ခုသောနေ့၌ မိလိန္ဒမင်းကြီးက မြတ်စွာဘုရားမိန့် တော်မူသော သမဏရဟန်းပြဿနာကို ထိုသို့မေးလျှောက် သောအခါ အရှင်နာဂသေနမထေရ်က-

'မင်းမြတ်..ဘုရားရှင်သည် အာသဝေါတရား(၄)ပါး ကုန်ခြင်းကြောင့်လည်းကောင်း၊ သည်းခံခြင်း စသောတရား (၄)ပါးကြောင့်လည်းကောင်း၊ သမဏဖြစ်တယ်ဟု ဟော တော်မူရာ ထို(၂)မျိုးစလုံးသည် အမှန်ချည်းသာဖြစ်တယ်။ အာသဝေါတရား(၄)ပါး ကုန်ခြင်းကြောင့် သမဏဖြစ်တယ် ဆိုခြင်းကတော့ အကြွင်းမရှိတဲ့စကား ဖြစ်ပါစာယ်။

မြတ်သောမင်းကြီး..ဥပမာ-နောက်တစ်နည်းပြောရ ရင် စပါးအားလုံးတို့တွင် သလေးစပါးကိုသာ အထွတ် အမြတ်လို့ ဆိုရပါတယ်။ သလေးစပါးမှ ကြွင်းကျန်တဲ့ အခြားစပါးမျိုး ဟူသမျှလည်း ခန္ဓာကိုယ်ရဲ့ တည်တံ့မှု တခြင်းဘောဧည့်အနေနဲ့ ဖြစ်ကြသလို သလေးစပါးသည် လည်း ဘောဧည့်အဖြစ် သုံးရ၊ စားရပေမယ့် သလေးစပါးကို အခြားစပါးတွေထက် အထွတ်အမြတ်လို့ ခေါ်ဆိုရပါတယ်။ ထို့အတူသာလျှင် ကိလေသာငြိမ်းခြင်းငှာ ကျင့်ကြံနေသူဟူ သမျှ အားလုံးတွေကို ထောက်၍,ထောက်၍ အာသဝေါကုန် ပြီးတဲ့ သမဏကို အထွတ်အမြတ်ရယ်လို့ ခေါ်ဆိုရခြင်းဖြစ် ပါတယ်'ဟု ဖြေရှင်းတော်မူရာ မိလိန္ဒမင်းကြီးက 'ကောင်း လှပါတယ်ဘုရား။ ထိုကဲ့သို့ ဆိုတော်မူတိုင်း ဝန်ခံပါတယ်' ဟု ပြန်လည်လျှောက်ထားခဲ့ပါသည်။

အနှစ်ချုပ်အဓိပ္ပာယ်ကိုဆိုရလျှင် ကျင့်ကြံအားထုတ်၍ အာသဝေါကုန်ခန်းပြီး ရဟန်းကိုလည်း သမဏဟု ခေါ်ရပြီး ကိလေသာကုန်ခန်းခြင်းငှာ ကျင့်ကြံအားထုတ်နေဆဲ ရဟန်း တို့ကိုလည်း သမဏဟု ခေါ်ရသည်။ သို့သော် အာသဝေါ ကုန်ခန်းပြီး ရဟန်းတော်များကိုမူ အထွတ်အမြတ်ဖြစ်သော သမဏဟု ခေါ်ရကြောင်း ဆိုလိုခြင်း ဖြစ်ပါသည်။

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် သမဏရဟန်းနှင့် ပတ်သက်၍ အင်္ဂုတ္တိရ်ပါဠိတော်၌ ဖျက်ဆီးအပ်ပြီး ရမည့် တရားခုနစ်မျိုးကို (၉)သမဏဝဂ်၊ (၁)ဘိက္ခုသုတ်၌-

'ရဟန်းတို့..တရား(၇)မျိုးတို့ကို ဖျက်ဆီးအပ်ပြီးသော သူဖြစ်၍ အကြင်ပုဂ္ဂိုလ်သည် ရဟန်းမည်၏။ အဘယ်(၇) မျိုးတို့နည်းဟူမူ အကြင်ပုဂ္ဂိုလ်သည် (၁) ထင်ရှားရှိသော ခန္ဓာ(၅)ပါး၌ အမြင်မှားမှု သက္ကာယဒိဋ္ဌိကိုလည်းကောင်း (၂) မဝေခွဲနိုင်မှု ဝိစိကိစ္ဆာကိုလည်းကောင်း၊ (၃) ခွေး နွား စသည်တို့၏ အလေ့အကျင့်ကို အမှန်ဟု မှားသောအား ဖြင့် သုံးသပ်မှု သီလဗ္ဗတပရာမာသကိုလည်းကောင်း၊ (၄) စွဲမက်မှုရာဂကိုလည်းကောင်း၊ (၅)အမျက်ထွက်မှု ဒေါသကို လည်းကောင်း၊ (၆)တွေဝေမှု မောဟကိုလည်းကောင်း၊ (၇) ထောင်လွှားမှု မာနကိုလည်းကောင်း ဖျက်ဆီးအပ်ပြီးဖြစ် လျှင် ဤတရား(၇)မျိုးတို့ကို ဖျက်ဆီးအပ်ပြီးဖြစ်သော ကြောင့် ရဟန်းမည်၏'

တိတိကျကျ မိန့်တော်မူခဲ့ခြင်း ဖြစ်ပါတော့သည်။

မြတ်စွာဘုရားရှင်ဟောကြားသော (၃၈)ဖြာမင်္ဂလာ တရားတော်၌ စာရေးသူ ယခုတင်ပြနေဆဲဖြစ်သော ဖြူစင် စရိယာမင်္ဂလာနှင့်ပတ်သက်၍ မြတ်သောအကျင့်တရား

www.burmeseclassic.com

www.burmeseclassic.com

ဘိုက်နာကျင့်သုံးကြသော ဝတ္ထုသာဓကကလေးများကို ပုံမှတ်သားဖွယ်ရာအဖြစ် ဆက်လက်တင်ပြလိုပါသေးသည်။

ညီးသော သည်းခံခြင်း

မြတ်စွာဘုရားရှင်သည် နဗြာဟ္မဏသဿ စသည့်ဒေသနာတော်ကို ဧတဝဓနကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်ကာလတော်ရဲ့ဖြစ်သော ရှင်သာရိပုတ္တရာမထေရ်မြတ်စွာအား အကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါ၏။

အရှင်သာရိပုတ္တရာမထေရ်သည် အလွန်သည်းခံတော်မူသော ခွန်အားနှင့်ပြည့်စုံတော်မူသည်ဟု ကျော်ကြား၏။ ထိုသို့သောရွေ့ မိစ္ဆာဒိဋ္ဌိပုဏ္ဏားတစ်ဦးသည် အမှန်တကယ် သည်းခံနိုင်စွမ်းရှိ,မရှိ စုံစမ်းမည်ဟု ဆွမ်းခံကြွလာသော သာရိပုတ္တရာမထေရ်နောက်မှ ကပ်လိုက်သွား၍ အရှင်ကျောကုန်းကို လက်ဝါးဖြင့် ပြင်းထန်သောအသံမြည်အောင် ရိုက်လိုက်၏။ သို့ရာတွင် မထေရ်မြတ်သည် စောင်းကြည့်တော်မမူဘဲ ကြွမြဲတိုင်း ကြွသွားတော်မူ၏။ ထိုကြောင့် ပုဏ္ဏားမှာ ရပ်၍ကြည့်ရင်း တုန်လှုပ်လာသဖြင့် အရှင်မြတ်နောက်သို့ အမီလိုက်၏။ ပြီးနောက် ကျော်တက် အရှင်မြတ်၏ ခြေတော်ရင်းရှေ့ဘက်တွင် ဝပ်စင်းကာ ခွင့်လွှတ်တော်မူပါရန် လျှောက်ထားလေသည်တွင် အရှင်က အမေး,အဖြေ ပြုတော်မူ၏။

"အသင်ပုဏ္ဏား..ငါသည် ဘာကိုသည်းခံရမည်နည်း"

"အရှင်မြတ်သည် သည်းခံနိုင်စွမ်းရှိ,မရှိ သိလိုရှိ၍မှလိုက်၍ ရိုက်မိသည်ကို သည်းခံရန် လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား"

"ရှိစေတော့ ပုဏ္ဏား၊ အသင့်အား ငါ သည်းခံပါ၏"

"အရှင်မြတ်သည် သည်းခံတော်မူပါလျှင် ကျွန်ုပ်အိမ်သို့ကြွ၍ ဆွမ်းခံကြွတော်မူပါဘုရား"

ပုဏ္ဏားသည် အရှင်သာရိပုတ္တရာမထေရ်အား ပင့်လျှောက်ကြားကာ သပိတ်တော်ကို လှမ်းယူသဖြင့် အရှင်ကို ပေးသနားကာ ပုဏ္ဏား၏နောက်မှ လိုက်ကြွတော်မူစေသော်လည်း များမကြာမီပင် အရှင်မြတ်ကြီး အရိုက်ခံရသည့်အကြောင်းကို ကြားရသော လူအများတို့သည် အမျက်ဒေါသဖြစ်ကြကာ ပုဏ္ဏား၏အိမ်သို့ ခဲ၊ တုတ် လက်နက်တို့ကိုင်ဆောင်လျက် အပြေးရောက်ရှိလာကြပါတော့သည်။ ဝိုင်းအုံဆိုကြပါတော့၏။

"အရှင်ဘုရား..ပုဏ္ဏား၏အိမ်အတွင်းမှ အပြင်သို့ ကြွတော်မူပါ။ အရှင်မြတ်အား စော်ကားသော ထိုပုဏ္ဏားမိုက်ကို တပည့်တော်တို့ ဆုံးမရန် လိုက်လာခဲ့ကြခြင်း ဖြစ်ပါတယ် ဘုရား"

"အသို့ပေနည်း။ ဤပုဏ္ဏားသည် အသင်တို့ကို ထုရိုက်ပုတ်ခတ်ပေသလော။ ငါ့ကို ထုရိုက်ပုတ်ခတ်ပေသလော"

"အရှင်မြတ်ကို ထုရိုက်ပုတ်ခတ်ခြင်း ဖြစ်ပါတယ် ဘုရား"

"သို့ဖြစ်လျှင် ဤပုဏ္ဏားသည် ငါ့ကို ထုရိုက်ပုတ်ခတ်ခြင်းအမှုကို သိသဖြင့် ငါ့အား သည်းခံစေဘိ၏။ ငါက လည်း သည်းခံပါဘိ၏။ ပြဿနာငြိမ်းပေပြီ။ အသင်တို့ ပြန်သွားကြကုန်လော့"

လူအပေါင်းတို့လည်း ရှေ့ဆက်မတိုးသာတော့သဖြင့် ပြန်သွားကြရလေတော့၏။ အရှင်မြတ်သည် ပြဿနာကို ငြိမ်းအေးစေပြီးနောက် ဆွမ်းခံ၍ ကျောင်းတော်သို့ ပြန်ကြွ၏။ ကျောင်းတော်တွင်မူ ထိုအကြောင်းသတင်း ပျံ့နှံ့နှင့်နေပြီဖြစ်၍ ရဟန်းအများက ကဲ့ရဲ့ကြတော့သည်။

"မထေရ်မြတ်သည် မိမိအား ရိုက်နှက်သော ပုဏ္ဏား၏ အိမ်မှ ဆွမ်းခံ၍သာ ပြန်ကြွလာ၏။ သို့ဆိုလျှင် ဤပုဏ္ဏားသည် အဘယ်သူအား ကြောက်တော့မည်နည်း။ အခြားရဟန်းတို့ကိုပါ ရိုက်နှက်ပေတော့အံ့။ ထပ်မံ၍ စော်ကားပေတော့အံ့"

ထိုအချိန်တွင် မြတ်စွာဘုရားရှင် ကြွလာတော်မူ၍ အကြောင်းစုံကို မေးတော်မူသဖြင့် ပြန်လည်လျှောက်ထားကြလေလျှင် ဘုရားရှင်က မကျေမနပ် ဖြစ်နေကြသော ရဟန်းများအား -

"ချစ်သားတို့..သူတော်ကောင်းဗြဟ္မဏကို မပုတ်ခတ်ရာ။ သူတော်ကောင်းသည် မိမိကိုပုတ်ခတ်သော ထိုသူအား အမျက်မထွက်ရာ။ သူတော်ကောင်းအား ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်သည်ကား မှန်၏။ သို့သော် ပုတ်ခတ်သူအား အမျက်ထွက်သူသည် ထိုထက်သာ၍ပင် စက်ဆုပ်ဖွယ်ဖြစ်တော့၏။

ချစ်သားတို့..ရဟန္တာဖြစ်သော သူတော်ကောင်းအား အကြင် တုံ့ပြန်ဆဲရေးခြင်း အားလုံးသည် နည်းနည်းမျှပင် မမြတ်။ ချစ်ခင်နှစ်သက်သောစိတ်ကို မဆုံးမ၊ မတားမြစ်ခြင်းသည်လည်း နည်းနည်းမျှပင်မမြတ်။ အကြင်,အကြင်သို့သော ဆင်းရဲမှုကို ငြိမ်းစေကြရာသတည်း" ဟု ဟောကြားဆုံးမတော်မူ၏။

www.burmeseclassic.com

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေ၏။ ဤကား ဗြဟ္မစရိယဉ္စ-မြတ်သောအကျင့်ကို ကျင့်ခြင်း၏ ကောင်းမြတ်သောမင်္ဂလာ မည်ခြင်းပင် ဖြစ်ပါတော့သည်။

(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ ခုနစ်ခုမြောက် ရှင်သာရိပုတ္တရာဝတ္ထု)

ဆက်လက်၍ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်အခါက ရဟန်းတစ်ပါးကို အကြောင်းပြု၍ (နိဓာယဒဏ္ဍံ) အစခံသော ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည့် မှတ်သားဖွယ်ရာ ဝတ္ထုသာဓကတစ်ပုဒ်ကိုလည်း ဖော်ပြလိုပါသေးသည်။

ရဟန်းတစ်ပါးဝတ္ထု

အခါတစ်ပါး၌ ရဟန်းတော်တစ်ပါးသည် ကမ္မဋ္ဌာန်းကို သင်ယူ၍ တောခွေနေကာ အားထုတ်ပါသဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားထံလျှောက်ကြားရန် တောမှလာ၏။ ထိုအခိုက် ရွာတစ်ရွာတွင် လင်မယားနှစ်ယောက်တို့ စကားများ၍ ရန်ဖြစ်ကြ၏။ မယားဖြစ်သူသည် လင်ထွက်သွားခိုက် မိမိဆွေမျိုးများရှိရာ အခြားတစ်ရွာသို့ သွားတော့မည်ဟု အိမ်မှ ထွက်လာခဲ့၏။ တောလမ်းခရီး၌ မိမိရှေ့မှ ကြွသွားနေသောမထေရ်ကို မြင်သဖြင့် ထိုမထေရ်ကို အမှီပြု၍ သွားတော့အံ့ဟု နောက်ဘက်မလှမ်းမကမ်းမှ လိုက်ခဲ့၏။ မထေရ်ကား ထိုမိန်းမ လိုက်ပါလာသည်ကို မမြင်မသိမိခေ။

လင်ယောကျ်ားသည် အိမ်ပြန်အရောက် မယားပျောက်နေ၍ ထိုတောအုပ်ခရီးမှ လိုက်လေသော် မီလာ၍ မယားကို ပြန်ခေါ်၏။ ဤတောအုပ်အတွင်းခရီး၌ ဤမိန်းမသည် တစ်ယောက်တည်း သွားဝံ့စရာ အကြောင်းမရှိ။ အဖော်တစ်ယောက်တော့ ပါရမည်ဟု ကြည့်ရှုလျှင် မထေရ်ကိုမြင်၍ ဤရဟန်းသည် ငါ့မိန်းမကိုခေါ်၍ ထွက်သွားခြင်းဖြစ်မည်ဟု အထင်မှားကာ မထေရ်ကို ကြိမ်းမောင်းတော့၏။ မိန်းမက "မဟုတ်ပါ၊ အထင်မလွဲပါနဲ့" ဟု တားမြစ်ပါ၏။ မယားက တားမြစ်ပါမှ ပို၍ဒေါသဖြစ်လာပြီး မိန်းမအပေါ် ထားသောရန်ငြိုးဖြင့် မထေရ်အား ထုထောင်းရိုက်ပုတ်ပြီး မိန်းမကိုခေါ်သွား၏။ မထေရ်၏ တစ်ကိုယ်လုံးသည် ဒဏ်ရာဒဏ်ချက်တို့ဖြင့် ရောင်ရမ်းနေတော့၏။

ဘုရားကျောင်းတော်သို့ မထေရ်ရောက်လျှင် ရဟန်းတော်တို့သည် အာဂန္တုကဝတ်ဖြင့် ဧည့်သည်မထေရ်အား နှိပ်နယ်ခြင်းပြုကြရာမှ ခန္ဓာကိုယ်ရှိ ဒဏ်ရာဒဏ်ချက်တို့ကို မြင်၍ မေးမြန်းကြသော် မထေရ်က အကြောင်းစုံပြန်ပြောပြ၏။

ထိုအခါ ရဟန်းတို့က "ထိုယောကျ်ားက ဤသို့ရိုက်နှက်ချိန်တွင် သင်က အဘယ်သို့ပြောဆိုသနည်း။ အမျက်ထွက်ခြင်း ဖြစ်သလော" ဟု မေးကြ၏။

ဧည့်သည်မထေရ်က "ငါ့ရှင်တို့...ငါကား အမျက်ထွက်ခဲ့ခြင်း မဖြစ်ပါ" ဟု ပြန်ကြား၏။

ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြသောအခါ ဘုရားရှင်က အောက်ပါဒေသနာကို ဟောကြားတော်မူ၏။

"ချစ်သားရဟန်းတို့...ဤပုဂ္ဂိုလ်သည် ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခပုဂ္ဂိုလ်တို့၌လည်းကောင်း၊ မကြောက်မလန့် တည်တံ့သော ရဟန္တာပုဂ္ဂိုလ်တို့၌လည်းကောင်း တုတ်,လက်နက်ကို ပယ်ချထားပြီးဖြစ်၍ မိမိကလည်း မသတ်၊ သူတစ်ပါးကိုလည်း မသတ်စေ။ ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါဘုရား ဟော၏"

ထိုဒေသနာတော်၏အဆုံး၌ များစွာသောသူတို့ သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ ၂၂-ခုမြောက် ရဟန်းတစ်ပါးဝတ္ထု)

ထို့ကြောင့် ယခုရေးသားသော မင်္ဂလာအရ မြတ်သော ဗြဟ္မစရိယအကျင့်တို့ကို လူပုဂ္ဂိုလ်များထက် ရဟန်းတော်များက ပလိဗောဓကင်းရှင်းစွာဖြင့် ကျင့်ကြံနိုင်ကြသည့်အတွက် မင်္ဂလာ,ဖိုလ်တရား,ဖိုလ်တရားတို့ကိုလည်း လျင်လျင်မြန်မြန် ရောက်နိုင်ပေါက်နိုင်ကြခြင်းဖြစ်သည်ဟု ဆိုခဲ့ခြင်းဖြစ်ပါ၏။ ဤနေရာတွင် လူပုဂ္ဂိုလ်တွေကလည်း ရဟန်းတော်များကဲ့သို့ မကျင့်နိုင်ကြတော့ဘူးလားဟု မေးစရာရှိလာပါသည်။ ကျင့်၍ ရပါသည်။ ထို့ကြောင့် ဤဗြဟ္မစရိယ မြတ်သောအကျင့်များကို လူပုဂ္ဂိုလ်တွေထဲမှလည်း ကျင့်ကြံနိုင်ကြပြီး မင်္ဂတရာ၊ ဖိုလ်ဘရား၊ နိဗ္ဗာန်တရားများကို ပေါက်ရောက်ကွေ့ကြောင်နိုင်ခဲ့ကြသော သာဓကများစွာရှိသည့် အနက်ဝတ္ထုလေးတစ်ပုဒ်ကို ထည့်သွင်းဖော်ပြရပါဦးမည်။

သည်းခံခြင်းခွန်အား

မြတ်စွာဘုရားရှင်သည် အက္ကောသံဝဓဗန္ဓနာ အစရှိသော ဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါက အက္ကောသကအနွယ်ဝင် ဘာရဒ္ဒါဝဇ်ပုဏ္ဏားကိုအကြောင်းပြု၍ ဟောကြားတော်မူခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထွဏ္ဍုအကြောင်းကား ဤသို့တည်း။

အကြောသကဘာရဒွါဇပုဏ္ဏားဏ၏ အစ်ကိုကြီးဖြစ်သော ဘာရဒွါဇပုဏ္ဏားဏ၏နေး ဓနဥာနီပုဏ္ဏေးမသည် ဗုဒ္ဓဘုရားရှင်၏ တပည့်မအစစ် သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ပြီးသော သောတာပန်အရိယာဒါယိကာမ ဖြစ်လေသည်။ ထိုဓနဥာနီပုဏ္ဏေးမသည် နှာချေဆတ်လျှင်လည်းကောင်း၊ အမှတ်မောင် တစ်စုံတစ်ခုဖြစ်လျှင်သော်လည်းကောင်း နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿဟု သုံးကြိမ် ရွတ်ဆိုတတ်သော အလေ့ရှိ၏။

လင်ဖြစ်သူ ဘာရဒွါဇပုဏ္ဏားမှာမူ မိစ္ဆာဒိဋ္ဌိဖြစ်၏။ ဘုရား၊ တရား၊ သံဃာဟူသော အသံကို နားမှပင် မကြားချင်အောင် ကြမ်းတမ်းခက်ထန်၏။ သို့သော် ထိုပုဏ္ဏားသည် သူနှင့် ဝါဒတူသော ပုဏ္ဏား(၅၀၀)တို့ကိုမူကား မကြာခဏ ဖိတ်၍ ရေမရောသောနို့ခမ်းဖြင့် ကျွေးမွေးလျှဒါန်းလေ့ရှိ၏။ ပုဏ္ဏေးမသည် လင့်အလိုကိုလိုက်၍ မစ္ဆရိယတရားများပြီးလျှင် လင်၏အလှူကို အမြဲကူညီပြုစု ကျွေးမွေးလှူဒါန်း၏။ သို့ရာတွင် ပုဏ္ဏေးမက ရဟန်းတော်များကို ဖိတ်၍ ဆွမ်းကျွေးသည်ဆိုလျှင်တော့ ပုဏ္ဏားသည် ထိုနေ့ဒေသောစောကပင် နေအိမ်မှ ထွက်ခွာသွားလေ့ရှိလေ၏။

တစ်ခုသောနေ့တွင် လင်ပုဏ္ဏားက သူ့မိတ်ဆွေပုဏ္ဏား(၅၀၀)တို့ကို ဖိတ်ကြား၍ ကျွေးမွေးရာ မယားကလည်း သဘောထားကြီးစွာ ကူညီပြုစုလုပ်ကျွေး၏။ ထိုစဉ် ခြေဆေး၍ လဲမည်အပြု ဓနဥာနီပုဏ္ဏေးမသည် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူနေရာ ဝေဠုဝန်ကျောင်းတော်သို့ သတ်အုပ်ချီ၍ နမောတဿကို သုံးကြိမ်ရွတ်ဆိုလိုက်မိ၏။ ထို့အခါ ဧည့်သည်ပုဏ္ဏားတို့သည် စိတ်အလိုမကျစွာဖြင့် စားနေကြဆဲ ဘောဇဉ်တို့ကို စွန့်ပစ်ထွေးပစ်၍ ဘာရဒွါဇပုဏ္ဏားကို ဆဲရေးပြီး ထွက်သွားကြ၏။

ထိုအခါ ပုဏ္ဏားသည် မယားကို ဒေါသဖြစ်ကာ ကြိမ်းမောင်း၍-

'ဟဲ့..သူယုတ်မာ၊ သင့်ဆရာ ဦးပြည်းရဟန်းတို့ရဲ့ အယုဝါဒကို မေးမြန်းပြီး ကဲ့ရဲ့ပြစ်တင်မည်'ဟု ဆိုလေ၏။

ဤတွင် ပုဏ္ဏေးမက-

'အရှင်ပုဏ္ဏား..ဗုဒ္ဓမြတ်စွာဘုရားအား စကားဆန့်ကျင်ပြစ်တင်နိုင်သည့်ပုဂ္ဂိုလ်ကို ငါမတွေ့ဖူးပါ။ သင် ယခုပင် သွား၍ သင်မေးလိုရာ ခက်ခဲသည့်ပုစ္ဆာကို မေးမြန်းပါချေဟု' ဟု တုံ့ပြန်တိုက်တွန်း၏။

ပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ အလျင်အမြန်သွား၏။ ဘုရားရှင်နှင့်တွေ့သော် ရှိမခိုးဘဲ မေးမြန်း၏။

'ရှင်ဂေါတမ..ဘယ်အရာကို ဖြတ်တောက်ပါမှ မပင်မပန်း ချမ်းသာစွာ နေရပါသနည်း။ ဘယ်အရာကို ဖြတ်တောက်ပါမှ စိုးရိမ်ကြောင့်ကြ မဖြစ်ရပါသနည်း။ အဘယ်မည်သော တစ်ခုသောတရားကို တပ်မက်ခြင်းငှာ နှစ်သက်ပါသနည်း'

ထိုအခါ မြတ်စွာဘုရားရှင်က ထိုပုဏ္ဏာတို့ကို တိုတိုနှင့် လိုရင်းကို သဘောပေါက်အောင် ဖြေကြားတော်မူပါ၏။

'အို..ပုဏ္ဏား၊ သင်၏ အမေးပုစ္ဆာသုံးခုကို ငါဘုရား ဖြေတော်မူမည်။ ကောင်းစွာနာယူမှတ်သားပါလော့။ ပုစ္ဆာတစ်-အမျက်ထွက်ခြင်းကို ဖြတ်တောက်ပါမှ မပင်မပန်း ချမ်းသာစွာနေရ၏။ ပုစ္ဆာနှစ်-အမျက်ထွက်ခြင်းကို ဖြတ်တောက်မူ စိုးရိမ်ကြောင့်ကြ မဖြစ်ရပါ။ ပုစ္ဆာသုံး-အညွှန့်ဒများတွင် ချိုသယောင်နှင့် အမြစ်ရင်းတွင် ပြင်းထန်သော အဆိပ်ရှိသော အမျက်ထွက်ခြင်းကို သတ်သောသူကို သူတော်ကောင်းတို့ နှစ်သက်ချီးမွမ်းကြကုန်၏'

ဤသို့လျှင် မြတ်စွာဘုရားရှင် ဖြေကြားဟောပြသည့် အဆုံး၌ ဘာရဒွါဇပုဏ္ဏားသည် ဘုရားရှင်အား ကြည်ညိုလေးမြတ်သောကြောင့် ရဟန်းအဖြစ်သို့ ရယူလိုပါကြောင်း တောင်းပန်လျှောက်ထား၏။ ဘုရားရှင်က ခွင့်ပြု၍ ရဟန်းအဖြစ်ကိုရပြီးနောက် ဗြဟ္မစရိယဓ္မ-မြတ်သောအကျင့်ကို ကျင့်ခြင်းကြောင့် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။

ဤတွင် ညီအငယ်ဖြစ်သော အကြောသက ဘာရဒွါဇပုဏ္ဏားသည် မိမိအစ်ကိုကြီး ရဟန်းပြုသည်ဟုသတင်းကြားလေသော် အမျက်ပြင်းစွာထွက်၍ မြတ်စွာဘုရားရှင်ကို ကြမ်းကြုတ်သောစကားဖြင့် သွားရောက်ဆဲရေးလေသည်။ သို့သော် ထိုအကြောသက ပုဏ္ဏားအား မြတ်စွာဘုရားက တရားဟောပြလိုက်သောအခါ ကြည်ညိုခြင်းသဒ္ဓါစိတ်ဖြင့် ရဟန်းပြုကာ အရဟတ္တဖိုလ်သို့ ရောက်ပြန်၏။ ထို့နောက် တစ်ဖန် ညီအငယ်များဖြစ်ကြသော သုန္ဒရိကဘာရဒွဇ် ဗိလိင်္ဂဘာရဒွပုဏ္ဏား ညီအစ်ကိုနှစ်ယောက်တို့သည်လည်း ၄င်းတို့နောင်တော်များ၏ ရှေးနည်းအတိုင်း အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြပြန်လေသည်။

တစ်နေ့ ဟာအခါ တရားသဘင်ဝယ် ရဟန်းတို့က-

'မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်သည်ကား အံ့ချီးဖွယ် ကောင်းဖေစွ။ ပုဏ္ဏားညီနောင်လေးဦးတို့၏ ဆဲရေး

www.burmeseclassic.com

ခြင်းကို သည်းခံလျက် တရားတော်ကို ဟောပြောခြင်းဖြင့် ထိုသူတို့သည် သာသနာတော်တွင်းသို့ ရောက်ရှိလာကြကုန်၏'ဟု ပြောဆိုနေကြ၏။

ထိုအခိုက် ရဟန်းတို့အနီးသို့ မြတ်စွာဘုရားရှင် ကြွရောက်တော်မူလာပြီး-

'ရဟန်းတို့...အဘယ်အကြောင်းကို စုဝေးပြောဆိုနေကြဘိသနည်း'

ဟု မေးတော်မူ၍ ရဟန်းတို့က ဤအကြောင်းကို လျှောက်ထားကြလျှင် ဘုရားရှင်က-

'ချစ်သောရဟန်းတို့...ငါဘုရားသည် သည်းခံခြင်းခွန်အားနှင့် ပြည့်စုံသည့်အဖြစ်ကြောင့် ပြစ်မှားကုန်သောသူတို့အား ပြန်လှန်ပြစ်မှားခြင်း မပြု။ ထို့ကြောင့် လူများအပေါင်းတို့၏ အားကိုးထောက်တံ်ရာ ဖြစ်တော့သည်'ဟု မိန့်တော်မူပြီးနောက် အောက်ပါဒေသနာတော်ကို ဟောကြားဆုံးမတော်မူပါသည်။

'ချစ်သောရဟန်းတို့...အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ပုတ်ခတ်ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းတို့ကို အမျက်မထွက်ဘဲ သည်းခံ၏။ သည်းခံခြင်းအားတည်းဟူသော စစ်သည်ဗိုလ်ပါရှိသော ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါဘုရား ဟောကြားတော်မူ၏။ ဤကား မြတ်သောဗြဟ္မစရိယာ ကျင့်သောကြောင့်တည်း'

(ဓမ္မပဒ၊ ဗြဟ္မဏဝဂ်၊ ၁၆-ခုမြောက် အကျော်သကဘာရဒ္ဝါဇ ဝတ္ထု)

ယခုဖော်ပြခဲ့သည်များသာမက လူပုဂ္ဂိုလ်များထဲမှ ယင်းဗြဟ္မစရိယာ အကျင့်မြတ်တို့ကို ကျင့်ကြံအားထုတ်နိုင်ခဲ့သော ပုဂ္ဂိုလ်များကို ဆက်လက်ဖော်ထုတ်ရေးသားရလျှင် မာတိကာမတာ အမည်ရှိ ဥပါသိကာမကြီးတစ်ဦးသည်လည်း ရဟန်းတော်များထံမှ နည်းနာခံယူ၍ မြင့်မြတ်သော အကျင့်တရားကို ကြိုးစားအားထုတ်ခဲ့ရာမှ အနာဂါမ်ပုဂ္ဂိုလ် ထူးတစ်ဦး ဖြစ်ခဲ့ဖူးသောသာဓကလည်း ရှိခဲ့ပါ၏။

မြတ်စွာဘုရားရှင်သည် လွန်လေပြီးသော အလောင်းတော်ဘဝ၌ ရှိခဲ့စဉ်တုန်းကလည်း ဗောဓိမင်းသားဆိုသော အမည်နှင့် ချမ်းသာသော သူဌေးသားဘဝ၌ ဖြစ်ခဲ့ဖူး၏။ သူ၏မိဘနှစ်ပါးက သားဖြစ်သူကို အချိန်တန်အရွယ်ရောက်၍ အိမ်ထောင်ချပေးလိုက်ခဲ့၏။ သို့သော် အလောင်းတော်နှင့် သူ၏ကြင်ရာတော်တို့သည် ကာမဂုဏ်စိတ်များ ခေါင်းပါးကြသည့်အတွက် သူတို့ပိုင်ဆိုင်သော ဥစ္စာပစ္စည်းတို့ကို စွန့်ပစ်ကြပြီး နှစ်ဦးစလုံး တောထွက်ကာ နိဗ္ဗာန်ရောက်ကြောင်း တရားတို့ကို ကျင့်နိုင်ခဲ့ကြပါသည်။

ယနေ့မျက်မှောက်ခေတ်အနေဖြင့် ရိပ်သာစခန်းများတွင် ကြည့်မည်ဆိုပါက မိမိတို့ပိုင်ဆိုင်သော စီးပွားဥစ္စာများကို အိမ်မှာထားခဲ့ပြီး ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဝိပဿနာတရားကို အားထုတ်နေကြသည့် ယောဂီအမျိုးသား,အမျိုးသမီးတို့သည်လည်း ဤဗြဟ္မစရိယာအကျင့်မြတ်ကို အားထုတ်နေကြသော သူတော်ကောင်းများဖြစ်ကြသည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် နိဗ္ဗာန်ရောက်ရာရောက်ကြောင်းဖြစ်သော (၃၈)ဖြာမင်္ဂလာ၌ ဤဗြဟ္မစရိယာ အကျင့်မြတ်မင်္ဂလာကို ရဟန်းတော်များသာမကဘဲ မည်သည့်ပုဂ္ဂိုလ်မဆို မိမိတို့တတ်အားသမျှ ဥပုသ်ရက်ရှည်စောင့်ခြင်း၊ အစားအသောက် အနေအထိုင်များ ခြိုးခြံခြင်းတို့ဖြင့် အားထုတ်ကြပြီး သကာလ မိမိတို့အလိုရှိအပ်၊ တောင့်တအပ်သော မင်္ဂလေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ချမ်းသာကို ပေါက်ရောက်နိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုရင်း နိဂုံးချုပ်အားဖြင့် စာရေးသူသည် ဘုရားရှင်ဟောကြားတော်မူခဲ့သော ဤ (၃၈)ဖြာမင်္ဂလာ တရားတော်များကို-

(၁) ဘုရားရှင်၏ အဆုံးအမသာသနာတော်ကြီး စည်ပင်ပြန့်ပွားစေလိုခြင်း၊

(၂) သိရှိလိုက်နာ ကျင့်သုံးကြစေလိုခြင်း၊

(၃) မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြစေလိုခြင်း၊

(၄) အမွန်ရှည်ကြာ တည်တံ့စေလိုခြင်း၊

(၅) ယနေ့မျက်မှောက်လောကရှိ ကမ္ဘာသူကမ္ဘာသားများ မေတ္တာဗြဟ္မစိုရ်တရားများ ခန်းခြောက်မသွားကြဘဲ ပွားများအားထုတ်ကြစေလိုခြင်း စသောရည်ရွယ်ချက်များဖြင့် လက်လှမ်းမီသမျှ ကြိုးစားရေးသားရပါကြောင်း လေးစားစွာ တင်ပြလိုက်ရပါသတည်း။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ညွန့်တင်(တကျောင်-ကန်ဆွယ်)

ကျမ်းကိုး

* (၃၈)ဖြာမင်္ဂလာ အကျယ်ဟောပြောကျမ်း (ဆရာတော် အဂ္ဂဝံသ)။
* ပရိတ်ကြီးနိသယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)။
* သမ္မတဆယ်စောင်တွဲ။
* မင်္ဂလသုတ်၊ ကိုယ်တိုင်သင်ယူ ဆည်းပူးခဲ့ခြင်း။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည်
ဗုဒ္ဓဘာသာဝင်ဟု မိမိတို့
ကိုယ်ကို မိမိတို့ သတ်မှတ်
လက်ခံထားသည့်တိုင် အယူဝါဒ
ခြားနားသူများ စကားပြော
သကဲ့သို့ ပြောတတ်သောသူ
များကို တွေ့တိုင်း စိတ်အနှောင့်
အယှက် များစွာဖြစ်ရသည်။
မနေ့တစ်နေ့ကပင် ကျွန်မ
ဆေးရုံတက်သည့်အတွက်
ရလာသည့် ကျွန်းမာရေး
အကျိုးအမြတ်များ
အဆင်ပြေမှုများနှင့်ပတ်သက်
၍ ညီမငယ်ကဲ့သို့ ခင်မင်ရသော
သူတစ်ယောက်နှင့် စကားပြော
ဖြစ်သည်။

ဘုရားအမ၊ ကျောင်းအမဖြစ်သော
သူကလေးက ဘုရားက စီမံပေးတာလေ
မမရယ် ဟူသောစကားကို ပြောလိုက်သည့် အချိန်တွင်
ကျွန်မမှာ အင်းလည်း မလုပ်နိုင်၊ အဲလည်း မလုပ်နိုင်
ဖြစ်ခဲ့ရသည်။
အကြောင်းမှာ ထေရဝါဒီတို့သည် ဖန်ဆင်းရှင်ရှိသည်
ဟူသော အယူအဆကို လက်မခံကြပေ။ မည်သူက

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)

အကောင်းနှင့် အဆိုး တွဲစပ်လုပ်သော်လည်း
မိမိအလုပ်အတိုင်း သီးသန့်အကျိုးပေးတတ်သည်

www.burmeseclassic.com

www.burmeseclassic.com

[illegible]၏ ကောင်းကျိုး,ဆိုးကျိုးကို စီမံဖန်တီးနေသည် [illegible]။ မိမိတို့ပြုသော ကုသိုလ်က၊ အကုသိုလ်က အတိုင်း [illegible] ခံစား,စံစားရသည်ဟု ယုံကြည်ကြသည်။

မိမိတို့တွင် ကောင်းသည့်အဖြစ်များနှင့် ကြုံနေသည့် [illegible]ကို ကုသိုလ်အကျိုးပေးချိန်ဟု ယူဆမည်ဖြစ်ပြီး [illegible]ကောင်းသည့် အတွေ့အကြုံနှင့် ကြုံနေသည့် အချိန်သည် [illegible]ကုသိုလ်အကျိုးပေးချိန်ဟု ယူဆမည်ဖြစ်သည်။

ကုသိုလ်ကံကောင်းများ အကျိုးပေးနေချိန်တွင် ရတနာ [illegible]၏ အဆုံးအမကို လက်ခံသောသူသည် ကုသိုလ်မှု [illegible]ကို မမေ့မလျော့ ကြိုးစားလုပ်ခြင်းဖြင့် မိမိ၏ ကုသိုလ် [illegible]ပေးကို ခိုင်ခံ့အောင် ဆောင်ရွက်မည်ဖြစ်သည်။ ထို့ [illegible]အကုသိုလ်ကံ အကျိုးပေးသဖြင့် အဘက်ဘက်တွင် [illegible]ပြေဖြစ်နေသည့်သူသည်လည်း ထိုအကုသိုလ်ကံ၏ [illegible]ပေး ပိုမိုဆိုးရွားမသွားစေရန် ကုသိုလ်ကောင်းမှုများ [illegible]ကြိုးစားဆောင်ရွက်တတ်ကြသည်။

မိမိပြုသည့်အလုပ်သည် မိမိပြန်၍ ခံစား,စံစားရမည့် [illegible]ကောင်းကျိုး,ဆိုးကျိုးကို ဖြစ်ပေါ်စေသည်။ မည်သည့် ဖန် [illegible]ဆယ်ကမ္ဘာ နေရာတကျဖြစ်အောင် ကြည့်ရှုဆောင်ရွက် [illegible]ခြင်း မဟုတ်ချေ။ ဤသို့သော ထေရဝါဒီတို့၏ အယူ [illegible]ကို ယခုအချိန်တွင် ထုတ်ဝေနေသော ပိဋကတ်တော် [illegible]ကို ကောင်းစွာကျွမ်းကျင်သည့်ပုဂ္ဂိုလ်များ ရေးသားသည့် [illegible]များတွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။

[illegible]အကြောင်းကိုရေးရင်း ကျွန်မနှင့် အလွန်ရင်းနှီးခဲ့ [illegible]မိတ်ဆွေဟောင်းတစ်ယောက်ကို များစွာသတိရမိပါ [illegible]သူသည် အကုသိုလ်မှုများကို များစွာလုပ်ခဲ့သူဖြစ် [illegible]သူ၏အယူအဆမှာ အကုသိုလ်မှုများကို လုပ်ပြီးလျှင် [illegible]ကုသိုလ်မှုများ လုပ်မည်။ ဤသို့သောနည်းဖြင့် အကုသိုလ်မှု [illegible]ကို ကုသိုလ်မှုနှင့် ချေဖျက်ပစ်နိုင်မည်ဟု သူက ယူဆ [illegible]သည်။

[illegible]ကြောင့် သူတွင် အဆင်မပြေ ဖြစ်လာသည့်အခါ [illegible]"ကုသိုလ်လုပ်ထားတာ အကုသိုလ်တွေ ကျေအောင်လို့ [illegible]ထားတာ၊ မကျေလျှင် ဘာဖြစ်လို့ ကုသိုလ်လုပ်စရာလို [illegible]ကုသိုလ်မလုပ်တော့ဘူး"ဟု ဒေါသသံဖြင့် ပြောပါ [illegible]သည်။

ကျွန်မက ကုသိုလ်မှုကို လုပ်သည့်အချိန်က ကုသိုလ်မှု [illegible]ကြိုးစားလုပ်ဆောင်ရန် စေတနာကောင်းလည်း ပါရ [illegible]သို့သော ထက်သန်သည့် စေတနာကြောင့် ကုသိုလ် အကျိုးပေးချိန်တွင် အကုသိုလ်မှုက အကျိုးမပေးနိုင်ဘော့ဘဲ ပပျောက်သွားတတ်သည်လည်း ရှိပါသည်။ သို့သော် အကု သိုလ်မှု လုပ်ထားတာကို ဖျက်ပစ်နိုင်ရန် ကုသိုလ်မှုများကို လုပ်သည်ဟူသော စိတ်ထားသည်ပင် မမှန်ကန်သောစိတ် ထား ဖြစ်သည်။ ထို့ကြောင့် အကျိုးပေး မမှန်နိုင်ပါဟု ဖျောင်းဖျသော်လည်း သူက သဘောမပေါက်ပါ။

တစ်ခါကလည်း သူသည် ငါးပါးသီလထဲမှ သုံးပါး ကို လုံခြုံအောင် စောင့်ထိန်းသည်ဟု ပညာရှိသူတော်ကောင်း ကြီး တစ်ဦးရှေ့တွင် ပြောနေသည်ကို ကျွန်မ ကြားမိပါ သည်။ သူ မစောင့်ထိန်းသည့် သီလနှစ်ပါးမှာ သူတစ်ပါး ပစ္စည်းကို ခိုးယူခြင်းနှင့် မုသာဝါဒ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းတို့ ဖြစ်ကြသည်ဟုလည်း ဆိုသည်။

ကျွန်မက သူနှင့် နောက်တစ်ခါ ပြန်တွေ့သည့်အချိန် တွင် ငါးပါးသီလကို အလုံးစုံစောင့်ထိန်းရန်လိုသည်။ သာ သနာပ အချိန်များမှာပင် ဂရုဓမ္မသီလဟု ခေါ်ဆိုသည်။ ဘယ်နှစ်ပါးကိုပဲ စောင့်မည်ဟု မိမိဘာသာ သတ်မှတ်ခြင်း မပြုသင့် စသည်ဖြင့် ဆွေးနွေးသည့်အချိန်တွင် 'အို...အဲ သည်လိုဆိုလျှင် လွယ်ပါတယ်။ တစ်ပါးမှ မစောင့်ဘဲ နေ လိုက်ရုံပေါ့'ဟု ခပ်ဆတ်ဆတ် ပြန်လည်ပြောခဲ့သည်။

ထိုမိတ်ဆွေဟောင်းသည် လမ်းကြောင်းမှန်အောင် ယေ စဉ်ကစ၍ ဆုံးမသွန်သင်ခြင်း မခံခဲ့ရခြင်းကို နောင် အခါမှ ကျွန်မ သိခဲ့ရပါသည်။

ထိုသို့သောသူမျိုးနှင့် ကြုံလေလေ မိမိကို ကောင်းစွာ မွေးမြူ၍ သွန်သင်ပေးခဲ့သော အမိ၊ အဖ၊ ဆရာသမား များကို များစွာကျေးဇူးတင်မိပါသည်။

ယခုတစ်လတွင် တင်ပြမည့် ခလွှာဋ္ဌိယ အမည်ရသည့် ပြိတ္တာမတစ်ဦး၏အကြောင်းကို ဖတ်ရှုရာတွင် ကုသိုလ်, အကုသိုလ် အကျိုးပေးမှုများ သူ့အကန့်နှင့်သူ ရှိနေသည့် အကြောင်းကို ထင်ရှားစွာ သိမြင်နိုင်မည်ဟု မျှော်လင့်ပါ သည်။ ဝတ္ထုကြောင်းမှာ ဤသို့ဖြစ်ပါသည်။

ရှေးသရောအခါက ဗာရာဏသီပြည်တွင် ရုပ်ရည် အလွန်ချောမော၍ ရွှမင်းအောင်ဖြစ်ကာ လူတို့၏စိတ်ကို အလွန်ဆွဲဆောင်နိုင်သော ပြည့်တန်ဆာမတစ်ဦး ရှိခဲ့သည်။ ထိုပြည့်တန်ဆာမတွင် အထူးသဖြင့် လှပသည်မှာ ရှည်လျား ပျော့ပျောင်း၍ ဖြန့်ချထားလျှင် အများကောဘက်နေသော ဆံပင်တို့ ရှိကြသည်။ ထိုဆံပင်ကို အကြောင်းပြုကာ အမျိုး သားများက ထိုပြည့်တန်ဆာမကို နှစ်လိုချစ်ခင်နေကြလေ

www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုကဲ့သို့ အမျိုးသားများ၏ စိတ်နလုံးကို သိမ်းကျုံးဆွဲဆောင်နိုင်သော ဆံပင်သည် ကျန်အမျိုးသမီးများအတွက် မလိုမုန်းထားစိတ် ပြင်းထန်လာစေသော အကြောင်းတစ်ရပ် ဖြစ်လာလေသည်။ ခလွာဋ္ဌိယကို မလိုမုန်းထားသောသူတို့သည် အချင်းချင်း စုဝေးတိုင်ပင်ကြပြီးနောက် ထိုပြည့်တန်ဆာမထံရှိ အိမ်ဖော်ကျွန်မကို စည်းရုံးကာ တံစိုးလက်ဆောင်ပေး၍ ဆံပင်ကျွတ်စေသည့် ဆေးကိုသုံးကာ ပြည့်တန်ဆာမကို ခေါင်းလျှော်ပေးစေခဲ့သည်။ အိမ်ဖော်ကျွန်မသည် သူ၏သခင်မ ခလွာဋ္ဌိယနှင့်အတူ ဂင်္ဂါမြစ်သို့ ရေချိုးခေါင်းလျှော်ရန် သွားကြသည့်အချိန်တွင် ဆံပင်ကျွတ်ဆေးနှင့် သုံးနေကျ ရေချိုးရာတွင်သုံးသည့် အမှုန့်တို့ကို ရောနှော၍ ပေးလေသည်။ ခလွာဋ္ဌိယ ဆံပင်ကို ဆံပင်ကျွတ်ဆေးဖြင့် ပွတ်သပ်ပြီးနောက် ရေထဲသို့ ငုပ်လိုက်သည်တွင် ဆံပင်တို့သည် အပင်ရင်းမှ တစ်ပြုလုံး ကျွတ်ထွက်ကုန်ကြလေသည်။

ယခင်က ဆံပင်၏အသရေဖြင့် အတင့်တယ်ကြီး တင့်တယ်နေခဲ့သည့် ခလွာဋ္ဌိယသည် ဆံပင်များ ကျွတ်ထွက်သွားသည့်အချိန်တွင် လွန်စွာမှ အရှုပ်ဆိုးသွားခဲ့လေသည်။ ရုပ်ဆင်းအင်္ဂါကို ဗန်းပြ၍ အသက်မွေးသူသည် ဤကဲ့သို့ မလှမပဖြစ်သွားသည့်အချိန်တွင် မြို့တွင်းသို့ ပြန်၍မဝင်တော့ဘဲ မြို့ပြင်ဘက် တစ်နေရာတွင် ခေါင်းကို လုံအောင်ဖုံး၍ သုံး,လေးရက်ခန့် နေထိုင်ခဲ့လေသည်။

ထိုသို့ ပြင်းပြင်းပြပြ အရှက်ရသောစိတ်ကို ပြေပျောက်အောင် နေပြီးမှ မြို့တွင်းသို့ ပြန်၍ဝင်လာပြီးလျှင် နှမ်းများကို ဆီကြိတ်ခွဲ၍ ဆီနှင့် အရက်တို့ကို ရောင်းကာ အသက်မွေးခဲ့သည်။ တစ်နေ့တွင် ခလွာဋ္ဌိယသည် သူ၏အရက်ကို ဝယ်၍ သောက်ကာ အရက်မူး၍ အိပ်ပျော်နေသူနှစ်ဦးထံက အဝတ်တို့ကိုချွတ်၍ ခိုးယူခဲ့သည်။

များမကြာမီ တစ်နံနက်တွင် ဆွမ်းခံဝင်လာသော ရဟန္တာတစ်ပါးကို ခလွာဋ္ဌိယ မြင်သည့်အခါ ကြည်ညိုသဒ္ဓါ ပွားလာသဖြင့် မိမိအိမ်ပေါ်သို့ပင့်ကာ နေရာထိုင်ခင်းပေး၍ သီတင်းသုံးပါရန် တောင်းပန်ပြီးလျှင် နှမ်းဆီထုတ်ရသည့် နှမ်းမှထွက်သော နှမ်းမှုန့်ညက်ကို ကပ်လှူလေသည်။

ရဟန္တာအရှင်မြတ်သည် အလှူပေးသောသူအား နှစ်သိမ့်ဝမ်းမြောက်မှုကို ဖြစ်စေရန် ရှေ့တွင်ပင် ဘဉ်းပေးသုံးဆောင်တော်မူလေသည်။ အလှူရှင် အမျိုးသမီးသည် လည်း ဝမ်းမြောက်ဝမ်းသာဖြစ်လှသဖြင့် ထိုရဟန္တာအရှင်အား ထီးဖြင့် မိုးပေးပြန်လေသည်။ အရှင်မြတ်သည် ဆွမ်းကိစ္စ ပြီးသည့်အချိန်တွင် ဆွမ်းအနုမောဒနာတရားကို ဟောပြောကာ ပြန်၍ကြွသွားလေသည်။

အလှူရှင်သည် ထိုသို့ အလှူပေးနေစဉ်မှာပင် သူ၏ဆံပင်များ မူလအတိုင်း လှပစွာပြန်လည်ပေါက်ကြစေရန် ဆုတောင်းပြီး ဖြစ်လေသည်။ သို့သော် သူသည် လှပသော ဆံပင်ဖြင့် အသက်ရှည်စွာ မနေရဘဲ သေလွန်ခဲ့ရာ သမုဒ္ဒရာအလယ်ရှိ ရွှေဗိမာန်ကြီးတစ်ခုတွင် ဗလာကိုယ်ထီး အဖော်မရှိဘဲ တစ်ဦးတည်း နေထိုင်ရလေသည်။ ထိုသို့ဖြစ်ရသည်မှာ သူ၏ ကံကောင်းမှုပေးသော အကျိုးပေးကောင်း၊ ကံဆိုးမှုပေးသော အကျိုးပေးဆိုးတို့ကို တစ်ပြိုင်နက်တည်း ခံစားရခြင်း ဖြစ်လေသည်။ အချိန်ကာလအားဖြင့် တစ်ပြိုင်နက် ဖြစ်သော်လည်း အကျိုးပေးအားဖြင့် သီးသန့်ဖြစ်နေသည်ကို သတိပြုရန် လိုအပ်ပါသည်။

ခလွာဋ္ဌိယ၏ ဆံပင်များမှာ ကောင်းမှုလုပ်ကာ တောင်းသောဆုတောင်းပြည့်၍ လှပမြဲလှပကြသည်။ အရက်မူးသူများထံမှ အဝတ်တို့ကို ခိုးယူခဲ့သောကြောင့် အဝတ်မပါ ဗလာကိုယ်ထီး နေရသည်။ ခလွာဋ္ဌိယသည် ဝဋ်ကြွေးမကုန်နိုင်သောကြောင့် အကြိမ်ကြိမ်စုဝေး၍ အကြိမ်ကြိမ်ပင် ထို သမုဒ္ဒရာအလယ်ရှိ ဗိမာန်တွင် ဗလာကိုယ်ထီးဖြင့် တစ်ကိုယ်တည်း နေထိုင်ခဲ့ရလေသည်။ ထိုသို့နေရသည့်ကာလမှာ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင်တို့၏ လက်ထက်တော်များအကြား ရှည်လျားသော ကာလတစ်လျှောက်လုံးပင် ဖြစ်သည်။

ဂေါတမမြတ်စွာဘုရားရှင်သည် တရားဦးကို ဟောတော်မူပြီးနောက် သာဝတ္ထိပြည်တွင် သီတင်းသုံးတော်မူစဉ် သာဝတ္ထိပြည်သား ကုန်သည်(၇၀၀)တို့သည် သုဝဏ္ဏဘူမိသို့ ကုန်သည်လှေကြီးဖြင့် ရောင်းဝယ်ဖောက်ကားရန် ခရီးထွက်ခဲ့ကြလေသည်။ ထိုသို့ လှေဖြင့် သမုဒ္ဒရာကို ဖြတ်သန်းစဉ် လေတိုက်ခတ်သည့်လမ်းကြောင်း မမှန်သဖြင့် လှေကြီးသည် သွားနေကျလမ်းကြောင်းမှ သွေဖည်ကာ ပြိတ္တာမခလွာဋ္ဌိယ နေထိုင်သော ဘုံဗိမာန်အနီးသို့ ရောက်သွားလေသည်။ သမုဒ္ဒပြင်အလယ်တွင် တစ်ကိုယ်တည်း နေထိုင်ရသည်မှာ ကာလကြာပြီဖြစ်သဖြင့် လူသူလေးပါးအသံကြားသည်နှင့် ပြိတ္တာမကလည်း သူ၏ဗိမာန်နှင့်တကွ သူ၏ကိုယ်ကို လူသားများ မြင်သာအောင် ပြသလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကုန်သည်တို့က ခရီးလမ်းတွင် အကြီးအချုပ်အဖြစ် ဆောင်ရွက်ရန် ရွေးကောက်ထားသော ကုန်သည်အကြီး အချုပ်လုပ်သူက 'သူငယ်မ..သင်သည် သမုဒ္ဒရာအလယ် တွင် ဗိမာန်ကြီးဖြင့် နေသူဖြစ်သော်လည်း လူလား၊ နတ် သား မသေချာပါ။ သေချာအောင် သင်သည် ဗိမာန်ပြင် သို့ ထွက်၍ပြသပါ'ဟု ခေါ်လေသည်။

ထိုအချိန်တွင် ပြိတ္တာမခလ္လာဋ်ယက 'ဦးရီးတို့..ကျွန်မ အတွက်မပါ ဗလာကိုယ်ထီး နေရသူဖြစ်၍ မိမိ၏ကိုယ် ကို ဆင်များဖြင့်သာ ဖုံးထားရပါသည်။ ထို့ကြောင့် အပြင် သို့ထွက်၍ ကျွန်မ၏ကိုယ်ကို ကျွန်မ မပြရဲပါ။ ကျွန်မသည် အသည်းငယ်မျှသော နှမ်းမှုန့်ညက်ဆီထွေးကိုသာ လှူဖူးသူ ဖြစ်ခြင့် ကုသိုလ်ကံနည်း၍ ဆင်းရဲလှပါသည်'ဟု ပြော ကြားသည်။

ထိုသို့ ကရဏာသက်စရာကောင်းသည့်စကားကို ကြား သည့်အခါ ကုန်သည်တို့က 'ငါတို့တွင် ပုဆိုးများစွာ ပါသည်။ သင် ထွက်၍ယူကာ ဝတ်လိုက်စမ်းပါ'ဟု ပြောဆိုကြသည်။

ပြိတ္တာမ ခလ္လာဋ်ယက သူ့ကို ကရဏာသက်သည့် အပြာနှင့် အဝတ်အဆင်တို့ကို ပေးလိုသည့်သဘောကို သိသည့်အချိန်တွင် 'ဦးရီးတို့..ဤနည်းဖြင့် ကျွန်မအား ကူညီသူတို့ကို တိုက်ရိုက်ပေးကမ်း၍ မရနိုင်ပါ။ ကျွန်မ ပေးကမ်းလိုပါက ဦးရီးတို့အထဲမှ ရတနာသုံးပါးကို ကိုးကွယ်သူ သီလ၊ သမာဓိ၊ ပညာတို့နှင့်ပြည့်စုံသူ ဥပါ သကာတစ်ဦးတစ်ယောက်များ ပါခဲ့သည်ရှိသော် ထိုသူအား ကျွန်မအတွက် ရည်စူး၍ အဝတ်ပုဆိုးတို့ကို လှူဒါန်းကာ ဆက်ဆင်ပေးကြပါ။ ထို့နောက် ကျွန်မကို မှန်းဆ၍ အမျှဝေ ပေးမှုကြပါ။ ကျွန်မသည် ဦးရီးတို့က အမျှဝေသည်ကို မြင်မြောက်ဝမ်းသာ သာဓုခေါ်ဆိုနိုင်သည်ရှိသော် ကျွန်မ အတွက် နတ်ဝတ်တန်ဆာများ၊ အစားအသောက်များ ရရှိ လာလေသည် ဖြစ်ပါသည်'ဟု ပြောကြားလေသည်။

ကုန်သည်တို့သည် သူတို့နှင့်အတူပါလာသော ရတနာ သုံးပါးကို ဆည်းကပ်၍ သီလ၊ သမာဓိ၊ ပညာတို့နှင့် ပြည့် စုံသည့် ဥပါသကာတစ်ယောက်ကို ကောင်းစွာရေမိုးချိုး ပေး၍ အဝတ်ကောင်း၊ အစားကောင်းတို့ဖြင့် ပူဇော်လှူဒါန်း ကြီးလျှင် ဗိမာန်ရှင်ပြိတ္တာမအား စိတ်ကရည်မှန်း၍ အမျှ အတန်းပေးဝေကြလေသည်။ ပြိတ္တာမ ခလ္လာဋ်ယသည် သူ့ ကို ရည်စူး၍ ပေးဝေသည့် ကုသိုလ်အမျှကို ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ဆိုလိုက်နိုင်လေသည်။ ထိုသို့ သာဓုခေါ် ဆိုပြီးနောက်မှ ဘုရားရှင် တစ်ဆူနှင့်တစ်ဆူအကြား ကြာ မြင့်သောကာလတစ်လျှောက်တွင် မရဖူးသည့် အဝတ်အစား၊ အစားအသောက်၊ သုံးရေ၊ သောက်ရေတို့ကို ရရှိသွားလေ သည်။

ခလ္လာဋ်ယ ပြိတ္တာမသည် ဝမ်းမြောက်ဝမ်းသာဖြင့် အဝတ်အစားပြည့်စုံသော ကိုယ်ခန္ဓာကို ကုန်သည်အား လုံး မြင်သာစေရန် ပြသခဲ့သည်။ သူသည် ကောင်းမှုအဖို့အရာကို သာဓုခေါ်နိုင်သောကြောင့် အဝတ်ကောင်းအစားကောင်းများ ဖြင့် ပြည့်စုံသွားရသည်မှာ ကုန်သည်ဦးရီးများကြောင့် ဖြစ် ပါသည်ဟု ကျေးဇူးစကား ဆိုလေသည်။

ကုန်သည်တို့သည် အလှူဒါန၏ အကျိုးပေးပုံ ထူး ခြားလှသည်ကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ရပြီးနောက် ကောင်းမှုကုသိုလ်၏ အကျိုးပေးကောင်းပုံကို သက်ဝင်ယုံ ကြည်သွားကြလေသည်။ ကောင်းမှုကို ဆောင်ကြဉ်းပေး နိုင်သော သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ဥပါသကာ ကုန်သည်ကိုလည်း များစွာကြည်ညိုလေးစားသဖြင့် ရိုသေ လေးမြတ်စွာ ရှိခိုးကုန်တော့ကြလေသည်။ ဥပါသကာ ကုန် သည်ကလည်း ဒါနအကျိုး၊ သီလအကျိုးတို့ကို ဟောကြား၍ ကုန်သည်တို့ကို သရဏဂုံ၌လည်းကောင်း၊ သီလ၌လည်း ကောင်း တည်စေလေသည်။

ကုန်သည်တို့သည် အဝတ်မဝတ်ရ၊ အစားမစားရသော ပြိတ္တာဘဝမှ လွတ်မြောက်လာသော ခလ္လာဋ်ယကိုလည်း ကောင်း၊ သူနေထိုင်သော ဗိမာန်ကြီးကိုလည်းကောင်း ကောင်းစွာမြင်တွေ့ကြရပြီဖြစ်သဖြင့် 'သင်၏ ဗိမာန်သည် ခြုံးပန်းခြုံးနွယ်များဖြင့် တင့်တယ်လှပ ခမ်းနားလှပေသည်။ အာယ်သို့သော ကုသိုလ်အကျိုးပေးကြောင့် သင်သည် ဤ ကဲ့သို့သောဗိမာန်တွင် နေထိုင်ခဲ့ရသနည်း'ဟု မေးမြန်းကြ လေသည်။

ခလ္လာဋ်ယက 'ကျွန်မသည် ရဟန္တာအရှင်မြတ် တစ် ပါးကို ဆီထွေးမုန့်ညက်ကို ရိုသေလေးမြတ်သော စိတ် စေတနာဖြင့် လှူဒါန်းခဲ့ဖူးပါသည်။ ထိုအလှူဒါန၏ အကျိုး အဖြစ် ဘုရားရှင်တစ်ပါး၊နှင့်တစ်ပါးတို့၏အကြားတွင် ဤမျှ ခမ်းနားသော ဗိမာန်တွင် နေထိုင်ခွင့်ရခဲ့ပါသည်။ သို့သော် ထိုဒါန၏အကျိုးကို နှစ်ပေါင်းများစွာ ခံစားခဲ့ပြီဖြစ်ပါ၍ နောက်လေးလမျှသာ ခံစား,စံစားနိုင်ခွင့် ရှိပါတော့သည်။ ကုသိုလ်အား လွန်စွာနည်းနေပါပြီ'ဟု ဖြေကြားခဲ့လေသည်။

www.burmeseclassic.com

"ဦးရီးတို့..ကျွန်မသည် တစ်ချိန်တည်းမှာပင် ကုသိုလ်ကံ၏ အကျိုးကိုလည်း ခံစားခဲ့ရသဲ့သည်။ အကုသိုလ်ကံ၏ အကျိုးကိုလည်း ခံစားခဲ့ရသည်။ အခု အလွန်တရာ အားနည်းနေပြီဖြစ်သော ကုသိုလ်ကံ ကုန်ဆုံးသွားချိန်တွင် ဤဘဝမှ စုတေ၍ အဝီစိငရဲသို့ သက်ဆင်းရပါတော့မည်" ဟု ဝမ်းပန်းတနည်း ပြောကြားခဲ့သည်။

ပြိတ္တာမ၏စကားကို ကြားကြရသော ကုန်သည်များသည်လည်း များစွာကြင်နာသနားသောစိတ် ပေါ်ပေါက်လာသည်ဖြစ်ရာ ဤပြိတ္တာမကို ငါတို့ ကယ်တင်နိုင်အောင် စဉ်းစားကြစို့ဟု စုဝေးဆွေးနွေးကြပြီးနောက် ဥပါသကာကုန်သည်ကြီးက "အသင်ပြိတ္တာမ..သင်သည် ငါတစ်ဦးတည်းအား ပေးလှူသော ကုသိုလ်အဖို့အစု၏အမျှကို ရရုံမျှဖြင့်ပင် ဆိုးရွားသောအဖြစ်မှ လွတ်မြောက်ခဲ့ပြီဖြစ်သည်။ ယခုအခါတွင် ကုန်သည်အများကို သင်ကိုယ်တိုင် အလှူဒါနပြုပြီးနောက် သဗ္ဗညုဘုရားဇော်တော်ရှင် မြတ်စွာဘုရား၏ ဂုဏ်တော်များကို လေးလေးစားစား ရွတ်ဆိုပွားများခဲ့ပါလျှင် အဝီစိငရဲသို့ ရောက်မည့်ဘေးမှ အမှန်လွတ်မြောက်ရလိမ့်မည်" ဟု ကောင်းသောနည်းလမ်းကို ဟောပြောပြသ၍ ဆုံးမခဲ့လေသည်။

ထိုကဲ့သို့ဆုံးမစကားကို ကြားနာရသည့် ပြိတ္တာမသည် ရွှင်လန်းအားတက် နှစ်သက်ဝမ်းသာစွာဖြင့် နတ်တို့တွင်ဖြစ်သော အဝတ်ပုဆိုးတို့ဖြင့်လည်းကောင်း၊ အစားအသောက်တို့ဖြင့်လည်းကောင်း ကုန်သည်တို့အား ပေးလှူခဲ့သည်။

"မြတ်စွာဘုရားရှင်အား သင်္ကန်းလျာအဖြစ် လှူဒါန်းရန် ဝတ်စုံတစ်စုံကိုလည်း ဗိမာန်ရှင် ပြိတ္တာမက လှူလိုက်ပါသည်ဘုရား။ ဦးရီးတို့ကိုယ်တိုင် ကျွန်မကိုယ်စား သွားရောက်၍ ဘုရားရှင်ကိုဖူးမြင်ကာ ကျွန်မကိုယ်စား လှူဒါန်းပေးကြပါ" ဟု မှာထား၍ သူကိုယ်တိုင်လည်း ဘုရားရှင်ကို ရည်မှန်း၍ ရှိခိုးပူဇော်လိုက်လေသည်။

ကုန်သည်တို့အားလည်း သာဝတ္ထိပြည်သို့ အမြန်ရောက်အောင် သူ၏ တန်ခိုးအစွမ်းဖြင့် ပို့လိုက်လေသည်။

ကုန်သည်တို့သည် ဆိပ်ကမ်းမှ သွားလိုရာခရီးသို့ သွားကြရာ သာဝတ္ထိပြည်သားများသည် သာဝတ္ထိပြည်သို့ ရောက်သည်နှင့် ဇေတဝန်ကျောင်းတော်သို့ အလျင်အမြန်လာခဲ့ကြသည်။

ဇေတဝန်ကျောင်းတော်တွင် မြတ်စွာဘုရားကို ရှိခိုးပူဇော်ကြပြီးနောက် သင်္ကန်းလျာပုဆိုးကို ပြိတ္တာမကိုယ်စား လှူဒါန်းပူဇော်ကြလေသည်။ ပြိတ္တာမ၏ အကြောင်းကိုလည်း မြင်တွေ့ခဲ့ရသမျှကို လျှောက်ထားကြလေသည်။

မြတ်စွာဘုရားရှင်ကလည်း ထိုဖြစ်ရပ်ကို အဓိကအကြောင်းအဖြစ်ထားကာ ပရိသတ်တို့အား တရားကို အကျယ်ချဲ့၍ ဟောကြားတော်မူလေသည်။

ကုန်သည်တို့သည် ဇေတဝန်ကျောင်းတော်သို့ ရောက်ပြီးသည့်နေ့၏ နောက်တစ်နေ့တွင် ဘုရားအမှူးရှိသော သံဃာတော်တို့ကို ဆွမ်းကပ်ခြင်း သင်္ကန်းလျာ အဝတ်ပုဆိုးတို့ကို ကပ်လှူခြင်း စသည့် ကုသိုလ်ကောင်းမှုကို ပြုကြပြီးနောက် ပြိတ္တာမကိုလည်း အမျှဝေကြလေသည်။ ပြိတ္တာမကလည်း ဝမ်းမြောက်ဝမ်းသာ သာခုခေါ်နိုင်ခဲ့သည်။ ထို့ကုသိုလ်အဖို့အစုကြောင့် ပြိတ္တာဘဝမှစုတေ၍ တာဝတိံသာနတ်ပြည်သို့ ရောက်သွားခဲ့သည်။ ကြီးမားခဲ့ထည်သော ဗိမာန်ကြီး၌ နတ်သမီးတစ်ထောင်ခြံရံကာ နေရသော နတ်စည်းစိမ်ကို ရရှိလေသည်။

နိဂုံးချုပ်ရသော် လူတိုင်း,လူတိုင်း ကုသိုလ်ပြုက ကုသိုလ်အကျိုးရ၍ အကုသိုလ်ပြုက အကုသိုလ်အကျိုးရနိုင်သည်။ ကုသိုလ်မှုကို များစွာပြုပါက အကုသိုလ်များ အနည်းကွယ်ပျောက်ကာ အားကြီးသော ကုသိုလ်၏ အကျိုး

www.burmeseclassic.com

www.burmeseclassic.com

ကိုခံစားရတတ်သည်။ သို့သော် အကုသိုလ်ကို ပြုခြင်းဖြင့် ကုသိုလ်မှုကို လုပ်လိုက်မည်။ ပြုထားသမျှ အကုသိုလ်များ ကျေစေသတည်းဟု ဆောင်ရွက်၍ မရနိုင်ကြောင်းကို ဤခလွန်ဒိုယပြိတ္တာ၏ ဖြစ်ရပ်နှင့်ယှဉ်ပြီး ထောက်ပြသွားနိုင်လေသည်။ ထိုပြိတ္တာမသည် ကုသိုလ်အားနှင့် အကုသိုလ်အကျိုးပေးတို့ကို ယှဉ်တွဲ၍ ခံစားနေရသည်။ ကုသိုလ်အားနည်းပါးခိုက်တွင် ကုသိုလ်ပေးသည့်အနေဖြင့် ကလျာဏမိတ္တများ၏ ဆောင်ရွက်ချက်ကြောင့် ကုသိုလ်ပြန်ခွင့်ရခဲ့သည်။ သူ၏ အကုသိုလ်ကံကျေရောက်မီ မြတ်စွာဘုရားအား ကိုယ်တော်တိုင် ကျွေးမွေးအဝတ် လျှဒါန်းနိုင်ခဲ့သဖြင့် ကုသိုလ်အကျိုးကို အကုသိုလ်အကျိုးပေးကို ရှောင်နိုင်ပေသည်။ ထို့ကြောင့်ဆို ကုသိုလ်ကောင်းမှုကို ကြိုးစားဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးကို များစွာရရှိနိုင်ကြောင်း သတိပေးသောအားဖြင့် ရေးသားလိုက်ရပါသည်။

ခလွန်ဒိုယပြိတ္တာ ဝတ္ထုကို ရေးနေသောကြောင့် ထို ပြိတ္တာ၏ အကျိုးပေးကိုညွှန်း၍ ကုသိုလ်,အကုသိုလ်များသူ့အကန့်နှင့်သူ အကျိုးပေးသည့်အကြောင်းကို တင်ပြရခြင်း ဖြစ်ပါသည်။ ဇာတ်တော်များ ခမ္မပဒဝတ္ထုတော်များတွင်လည်း ဝဋ်လည်သည့် အကြောင်းများကို ဖတ်ကြည့်ပါက ကောင်းမှုကြောင့် ကောင်းကျိုးကို ခံစားနေရသည့် အချိန်များမှာပင် မကောင်းမှုကြောင့် မကောင်းသဖြင့် အကျိုးပေးလာသော အကုသိုလ်အကျိုးဆက်ဖြစ်သည့် ဝဋ်ဆင်းရဲကို ခံစားနေရသည့် သာဓကများစွာကို သိနိုင်ပေသည်။

ထို့ကြောင့် မိမိကိုယ်ကို ကောင်းစွာဆောက်တည်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများသည် အကုသိုလ်ကို အတားအဆီးကင်းမဲ့စွာ စိတ်ရှိတိုင်း ပြုလုပ်ပြီးနောက် ကောင်းမှုတစ်ခုခု (သို့မဟုတ်) ကောင်းမှုများကို ကြိုးစားလုပ်လိုက်မည်။ ထိုနည်းဖြင့် မကောင်းမှု၏ ဆိုးကျိုးများ ပပျောက်သွားလိမ့်မည်ဟု တစ်ထစ်ချယုံကာ မေ့လျော့ပေါ့တန်သည့် စိတ်ထားဖြင့် မကောင်းမှုကို မပြုလုပ်သင့်ပါ။ ကောင်းမှုကိုသာ ကောင်းမြတ်သော စေတနာဖြင့် အချိန်ရှိတိုင်း ကြိုးစားလုပ်ဆောင်နေသင့်ပါသည်။

ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"

စန်းသော်တာ

အပျက်ထဲထိပိ

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)

- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး။
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အတိုက်အခဲပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ သေည်တို့ကို အနာတျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3In1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘေဘီ ၁၅၅လမ်းနှင့်၈၈လမ်းထောင့်၊ ဂုန်ကုန်ပြို့၊ ဖုန်း- ၂၂၆၃၅၂

ဆိုင်ခွဲ- စန်းသော်တာဆေးတိုက်၊ R-1 (102) ၊ပန်းလျိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုံမ်းလမ်းရပ်ကွက်၊ ၀မ်းချောင်ပြို့နယ်၊ ဖုန်း-၀၉၉၁၀၆၈

www.burmeseclassic.com

မစင်ခိုကတည်းက အဆင်း၊ အနံ့၊ အရသာ၊ အထိအတွေ့ အားလုံး ရွံရှာစက်ဆုပ်ဖွယ် မသတီစရာတစ်ခုလို့ အလိုလိုနားလည်သွားနိုင်ပါသည်။ စားချင်စရာမကောင်းတဲ့ မစင်ကို နတ်သုဒ္ဓါ ထင်မှတ်ပြီး စားနေသည် ဆိုကတည်းက သူ့ဘဝ၊ သူ့ကံကောဘာသည် လောကနှင့် ဝိရောမိဆန်ကာ ပြောင်းပြန်ကြီး ဖြစ်နေတော့၏။

တစ်ခါက တစ်ဘဝတွင် သူသည် လောကနှင့် ဝိရောမိဆန်တဲ့ တစ်ခုခုကို လုပ်မိလာခဲ့သူလို့တော့ အကြမ်းဖျင်း မှတ်ချက်ချနိုင်ပါသည်။ သူဖြတ်သန်းလာခဲ့တဲ့ သံသရာဘဝကတော့ အထက်တန်းကျတဲ့ ကျောင်းရှင် ရဟန်းဘဝပါ။ အထက်တန်းကျတဲ့ ကျောင်းရှင် ရဟန်း ဘဝကနေ အောက်တန်းကျတဲ့ မစင်စားပြိတ္တာဘဝသို့

မစင်စားတဲ့ ကျောင်းရှင်ပြိတ္တာ အင်တာဗျူး

ဓမ္မာစရိယ - ဦးစောဝင်း

www.burmeseclassic.com

www.burmeseclassic.com

သည် ဆိုကတည်းက သူဟာ အထက်တန်း ကျောင်းတစ်ခုမှာ အောက်တန်းကျတဲ့ အလုပ်တစ်ခု လုပ်လာခဲ့ တာကို အတိအကျ ပြောနိုင်ပါသည်။

သို့သော် ဘာလုပ်လာခဲ့သည်ဟု အလွယ်တကူ မှတ် ချက်ချရခြင်း၊ ဘေးလူချဲတဲ့ မှတ်ချက်ဆိုတာ ဉာဏ်အတိုင်း အားလျော်စွာ မှန်ကောင်း မှန်နိုင်သော်လည်း ကာယ ကံရှင်ကိုယ်တိုင် ထုတ်ဖော်ပြောကြား ဝန်ခံစကားဆိုသည် ထက်တော့ မတိကျနိုင်ပေ။

ဒီကြောင့် တိကျမှန်ကန်တဲ့ အဖြေထုတ်နိုင်ဖို့ရာ အင် တာဗျူးရန်၊ လူတွေ့မေးမြန်းသလို ပြိတ္တာကိုတွေ့ပြီး မေး မြန်း၏။ အင်တာဗျူးခံရသော မစင်စားတဲ့ ကျောင်းရှင် အင်တာဗျူးသူက အရှင်မဟာမောဂ္ဂလာန် ကိုယ် တော်မြတ်ကြီးပင် ဖြစ်ပါသည်။

ဆောတောင်ရေမြေ သမုဒ္ဒရာကြား သွားရောက်လေ့ လာပြီး တင်ပြတဲ့ မျက်မှောက်ခေတ် Discovery ထက် အဆင့်မြင့်သော သာလွန်ခက်ခဲတဲ့ ကမ္ဘနိယာမ Discov-ery ဆိုချင်ပါသည်။ လူအများ မမြင်သာနိုင်တဲ့ သံသရာ ဘဝဆိုးတစ်ခုကို ထုတ်ဖော်ပြသနိုင်လို့ပါပဲ။ မစင် ကြီးမှ ကုဋ္ဌိတွင်းမှ ပေါ်တက်ထင်ရှားလာတဲ့ သက်ရှိ သတ္တဝါတစ်ဦးကို မြင်တွေ့ရတဲ့ အရှင်မဟာမောဂ္ဂလာန် အဆင့်မြင့်ကြီး အံ့သြကြီးစွာ အင်တာဗျူးလိုက်ပါသည်။

"မစင်ဘင်အိမ် ကုဋ္ဌိတွင်းမှ ထင်ရှားထွက်ပေါ်လျက် ဆုပ်ဖွယ်ရာ ရုပ်တည်နေရှာသော သင်သည် အဘယ်သူ ပါနည်း၊ မကောင်းမှုလုပ်တဲ့ ဒုစရိုက်သမားဟုပင် ထင်ရ သင့်ကို ဘယ်ဘုံဘဝက ဘယ်လိုသတ္တဝါဟု ငါ တော်မြတ် ယုံကြည်မှတ်သားရမည်နည်း"

"မဟာမောဂ္ဂလာန်ဟု ထင်ရှားပေလတ် အို...အရှင် ဘုရား၊ ဘုပည့်တော်သည် ယမမင်းပိုင် ဒုဂ္ဂတိနယ်မှ ပြိတ္တာ ဖြစ်ပါသည် အရှင်ဘုရား။ မကောင်းမှုကံကို ကိုယ်တိုင် လာခဲ့၍ လူပြည်လောက လူဘဝမှ ပေတလောက ဘဝသို့ ရောက်လာခဲ့သူပါ အရှင်ဘုရား"

"ကိုယ်၊ နှုတ်၊ စိတ်ဟု သုံးပါးသောကံတို့တွင် သင် အဘယ်ကံကို မကောင်းသဖြင့် ပြုလာခဲ့ပါသနည်း။ အဘယ်ကံကြောင့် ဤဒုက္ခကို သင် ခံစားရပါသနည်း"

"လူမှုရေးတတ်၊ အိမ်သို့ကပ်၍ ကုလုပကမည်တဲ့ ကျောင်းတစ်ပါးသည် တပည့်တော် ဆောက်လုပ်လျှဒါန်းတဲ့ ကျောင်းမှာ အမြဲသီတင်းသုံးတဲ့ ကျောင်းရှင်ရဟန်း ဖြစ်ခဲ့ဖူး ပါတယ် အရှင်ဘုရား။ ဣသာမစ္ဆရိယ အတော်ကြီးမားတဲ့ ရဟန်းတစ်ပါးပါ အရှင်ဘုရား။ သူ့စကားကို နားထောင်မိ လို့ တပည့်တော် ရဟန်းကောင်းတွေကို ဆဲရေးတိုင်းထွာ ပြောဆိုခဲ့ဖူးပါသည် အရှင်ဘုရား။ ထိုဝစီကံကြောင့် လူဘဝ ကနေ ယခု အရှင်ဘုရားမြင်တွေ့နေရတဲ့ မစင်စားပြိတ္တာ ဘဝသို့ ရောက်လာခဲ့ရပါသည် အရှင်ဘုရား"

ကျောင်းဒကာက ကျောင်းရှင်ရဟန်း ပြောတဲ့စကားကို နားထောင်ပြီး အခြားသံဃာကောင်းတွေကို ကြိမ်းမောင်း ဆဲဆို ဝစီကံ ပိုလာခဲ့လို့ မစင်စားပြိတ္တာဘဝ ရောက်နေရ ကြောင်း ကိုယ့်အထုတ် ကိုယ်ဖြေပြနေလေတော့ ရှင်းလင်း လှပါပေ၏။ သို့သော် မြင်ကွင်းက မရှင်းလင်းသေးပေ။

မစင်စား ကျောင်းဒကာပြိတ္တာအောက်တွင် အခြားတစ် ယောက် ရှိနေသေး၏။ သူကရော အဘယ်ကံကို ပြုလာခဲ့၍ ဤသို့ နိမ့်သည်ထက်နိမ့်ပြီး မစင်စားကျောင်းဒကာအောက် ဖြစ်နေရသနည်း။ မစင်စား ကျောင်းဒကာပြိတ္တာ ဖင်အောက် နေပြီး မစင်ကို စောင့်စားနေရတဲ့ ဤသတ္တဝါသည် ကျောင်း ရှင်ရဟန်းများ ဖြစ်လေမလားဆိုတဲ့ အတွေးက အင်တာဗျူး အမေးတစ်ခုကို မွေးဖွားလိုက်ပြန်၏။

"မိတ်ဆွေစစ်မဟုတ်ဘဲ မိတ်ဆွေတုဖြစ်ခဲ့တဲ့ သင့်ရဲ့ ကုလုပက အိမ်ကပ်ရဟန်းဖြစ်သူ ကျောင်းရှင် ဘုန်းကြီးက ရော အဲဒီကျောင်းရှင် ရဟန်းဘဝကနေ သေလွန်ကဲ့အခါ ဘယ်ဘုံဘဝ ဘယ်ဌာနကိုများ ဘယ်လိုရောက်သွားပါ သလဲ"

"ယုတ်မာသောအကျင့်ရှိတဲ့ပြင် မစ္ဆရိယလွန်း ဣသာ ကြီးတဲ့ အဲဒီကျောင်းရှင် ရဟန်းရဲ့ ထိပ်ပေါ်မှာပဲ တပည့် တော် ရပ်တည်နေတာပါ" အရှင်ဘုရား။ သူလည်း မစင် စားတဲ့ ပြိတ္တာဘဝကို ရောက်တာပါပဲ။ တပည့်တော်ရဲ့ အလုပ်အကျွေးလေး ဖြစ်နေတာပါ"

"တပည့်တော် ဒီထက်ရှင်းအောင် ပြောပြဦးမယ် အရှင် ဘုရား။ ဒီမစင်ဘင်အိမ် ကုဋ္ဌိမှာလာပြီး အခြားရဟန်းရှင်၊ လူများ မစင်လာစွန့်ကြပါတယ်။ အဲဒီမစင်တွေက တပည့် တော် နေ့စဉ်စားရတဲ့ တပည့်တော် အာဟာရပါ။ အဲဒီမစင် တွေကို ကျောင်းရှင်ပြိတ္တာ မစားရသေးပါဘူး။ အဲဒီမစင် တွေကို တပည့်တော်စားပြီး တပည့်တော် ပြန်စွန့်တဲ့မစင် ကိုမှ သူက စားရတာပါ။ တပည့်တော်စွန့်တဲ့ မစင်ဟာ သူ့အတွက် နေ့စဉ် အာဟာရပါ။ အဲဒါနဲ့ သူ အသက်ရှင် နေတာပါ အရှင်ဘုရား"

www.burmeseclassic.com

ဤကား အရှင်မဟာမောဂ္ဂလာန်မထေရ်မြတ် အင်တာဗျူး၍ မစင်စားကျောင်းဒကာ ပြိတ္တာကိုယ်တိုင် ပြန်ဖြေတဲ့ ကမ္ဘနိယာမ အမေး,အဖြေကားများ ဖြစ်ပါသည်။ သာဝတ္ထိမြို့နှင့် သိပ်ပြီးတော့မဝေးလှတဲ့ ရွာငယ်တစ်ရွာမှာ ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာလေးတစ်ခုပါ။ ရဟန်းတစ်ပါးက ရဟန်းသိက္ခာ၊ ရဟန်းဂုဏ်ကို လုံခြုံအောင် မစောင့်စည်းနိုင်ဘဲ လူမှုရေးဆန်တဲ့ အပြုအမူ၊ အပြောအဆိုများနှင့် ရွာထဲက ကုဋေကြွယ်သူဌေးအိမ် ခဏ,ခဏ သွား၏။ တဏှာပါတဲ့ ခင်မင်မှုလေးတွေကို သဒ္ဓါတရားယောင် ယောင် သဒ္ဓါဟန်ဆောင်လာသည်ထိ ဆွဲဆောင်နိုင်ခဲ့၏။ သဒ္ဓါဟန်ဆောင်တဲ့ တဏှာပြန်ခင်မင်မှုကြောင့် ကျောင်းဆောက်လုပ်လှူဒါန်းခဲ့၏။

ကျောင်းပြီးတော့ ကျောင်းအပိပြီး ကျောင်းရှင်ရဟန်း အဖြစ် အမြဲနေစေ၏။ ကျောင်းရှိနေလျှင် ရဟန်း၊ ရှင်၊ လူများ လာရောက်တည်းခိုတတ်သည်မှာ ဓမ္မတာပင်ဖြစ်ရာ ထိုထိုဇနပုဒ်အရပ်တွေက အာဂန္တုရဟန်းတော်များ ရောက်လာပြီး သီတင်းသုံးကြ၏။ ရဟန်းကောင်းများ ကြွလာလျှင် သဒ္ဓါကြည်လင် အလှူရှင်များ လာရောက်လှူဒါန်းကြသည်မှာလည်း ဓမ္မတာပင်ဖြစ်လေရာ စေတနာသဒ္ဓါထက်သန်ကြတဲ့ ဒါယကာ,ဒါယိကာအပေါင်းတို့ နေ့မစဲ,ည‌မစဲ တသဲသဲပင် လာရောက်ကြပြီး နိဗ္ဗာန်ရည်မှန်း လှူဒါန်းကြ၏။ ထို ကျောင်း၊ ထိုရွာ၊ ထိုဒကာတို့အကြားဝယ် ပန်းမျိုးတစ်ရာ မပွင့်သော်လည်း အလှမျိုးတစ်ရာ ဝင့်ထည်လျက်ရှိတော့၏။ အလှူရေစက် လက်နှင့်မကွာ သဒ္ဓါသီလ စောင့်ထိန်းကြသည်မှာ မြတ်ဘုရားသာသနာတော်အတွက် ဂုဏ်ယူဝင့်ကြွားစရာ ကောင်းပါပေ၏။

မိမိကောင်းမှု အကြောင်းပြု၍ တောင်းဆုပြည့်ကာ နတ်ရွာသုဂတိ ရှိရှိသမျှ အသီးသီး အသကအသကရောက် သွားကြ၏။ သို့သော် နှလုံးသွင်းအားလျော့စွာ ဝိပါက်အမှန် ဇောအပြန် ဖြစ်တတ်သည်လည်းရှိ၏။ ဥပမာ-မစင်ဆိတာလူတို့အတွက် စက်ဆုပ်ဖွယ်ရာဖြစ်သော်လည်း ခွေးအတွက်တော့ ဇရာမနှစ်သက်စရာ အာဟာရပါ။ လရောင်သည် လူတို့အတွက် သာယာအေးမြသော်လည်း ခွေးအတွက်တော့ လသာနေလျှင် ဟောင်ချင်စရာပါ။

အခုလည်း ထိုနည်းနှင့်နှင့် ဖြစ်ချေ၏။ ဆရာနှင့်ဒကာကိုးကွယ်ခံနှင့် ကိုးကွယ်သူ အပေးအယူတည့်ပြီး ကုသိုလ်တလှူလှူ ကြည်ဖြူနေကြသော်လည်း သဒ္ဓါတရား အခြေမခံဘဲ တဏှာအားသန်သန်နှင့် ဆောက်လုပ်ထားတဲ့ သည်ကျောင်းပေါ်မှာ ငါဆိုတာ ကျောင်းရှင်ပါပဲလို့ မာန်ကဲနေတဲ့ ကျောင်းရှင် ရဟန်းတော် ရင်မှာတော့ သဒ္ဓါဓာတ်မပေါ်စေတနာမြတ် မစေ့ဆော်နိုင်ဘဲ ဟယ်..ငါ့ကျောင်းပေါ်မှာ တကတည်း ဖြစ်နေလိုက်ကြတာ။ ဒီကိုယ်တော်တွေဆိုတဲ့ အတွေးရိုင်း ဝင်ခဲ့ပါသည်။

အတော်ကြာရင် ငါ့ဒကာမတွေ အကုန်ပါသွားချည်ရဲ့ ဆိုတဲ့ အတွေးရိုင်း တိုးဝင်လာတော့ ကျောင်းရှင် ရဟန်းရင်ထဲ၌ ကုလမစ္ဆရိယတရား ဒီရေအလား တိုးပွားလာတော့၏။ ခဏလာတာနှင့်ပင် ရလိုက်ကြတဲ့ ဒီကိုယ်တော်တွေလာဘ်လာဘက မနည်းဘူးပဲဆိုတဲ့ အတွေးရိုင်းတစ်မျိုး ထပ်တိုးလာချိန်မှာ မနာလိုငြူစူခြင်း ဣဿာတရားဏ တောမီးအလား ဟုန်းဟုန်းတောက်သွား၏။ ယင်းဣဿာနှင့် မစ္ဆရိယတို့ကို မရှုပွားနိုင်၍ ယင်းတရားတို့ရဲ့ စေစားခြင်းကို ခံရတဲ့ ကျောင်းရှင်ရဟန်းကား သည်ကိုယ်တော်တွေကို ဆဲရေးတိုင်းထွာ မောင်းထုတ်မှ ရတော့မယ်လို့ တစ်ခါတည်း ဆုံးဖြတ်လိုက်တော့၏။

သို့သော် သူ့ချည်းသက်သက် စွမ်းဆောင်ဝံ့သည်ကား မဟုတ်သေးပေ။ ကျောင်းဒကာကို အပူကပ်ရသေး၏။ အာဂန္တုရဟန်းတော်များရဲ့ အပြစ်အနာဆာကို လုပ်ကြံ လန့်ကြုတ်ပြောဆိုပြီး ကျောင်းဒကာသူဌေး ကဲ့ရဲ့စကားဆိုအောင် တိုက်တွန်းပေး၏။

ကျောင်းဒကာသူဌေးက သဒ္ဓါရော ပညာပါ နည်းပါးပြီး တဏှာအရင်းခံ ရှိနေတာကြောင့် အာဂန္တုကိုယ်တော်တွေကိုရော ကျောင်းရှင်ရဟန်းကိုပါ အပေါ်စီးကနေပြီး လွှမ်းမိုးပြောဆို၏။ ရေရွတ်ခြင်း၊ ကြိမ်းမောင်းခြင်းဆိုတဲ့ ဖရဲသီးဝါစာစကား ပြောဆို၏။ ဒေါသနှင့်ယှဉ်သော ဝစီကံ အကုသိုလ်ဆိုးကို အတိုးချ၍ ယူသွားပေသည်။ ဒေါသနှင့်သေ ငရဲပြည်ဆိုတဲ့ ဒေသနာတော်နှင့်ပြောပါက ကျောင်းဒကာ ငရဲကျသင့်ပါသည်။ သို့သော် ငရဲမကျပေ။ ပြိတ္တာဘဝသို့ရောက်ပြီး ပြိတ္တာဖြစ်ရ၏။ လောဘ ပဋိစ္စ ဒေါသော-ဒေသနာတော်အရ လောဘကို အခြေခံပြီးဖြစ်လာတဲ့ ဒေါသမို့ ထင်ပါသည်။ ငါလှူထားတဲ့ ငါ့ကျောင်း ငါ့ပြောနိုင်တယ်ဆိုတဲ့ အတွေးကြောင့် ဖြစ်ပေမည်။ ကျောင်းဒကာသေလွန်တဲ့အခါ ထိုကျောင်းရှိ ဝစ္စကုဋီ(ကျင်ကြီးစွန့်ရာ အိမ်သာ)၌ ပြိတ္တာဖြစ်ခဲ့ပါသည်။

ကျောင်းရှင်ရဟန်း ပျံတော်မူတော့လည်း ထိုကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ကျူးကျော်ခြင်းပင် ပြိတ္တာဖြစ်နေ၏။ ကျောင်းရှင်ရဟန်းက ဦးစွာ ပုံလွန်တော်မူပြီး အလျင်ဦးစွာ မစင်စားပြိတ္တာ ဖြစ်ရ၏။ ထို့နောက် ကျောင်းဒကာ သေလွန်ပြီး မစင်စားပြိတ္တာ ဖြစ်ပြန်၏။ ထူးဆန်းသည်ကား ကျောင်းရှင်ရဟန်း ဆရာက် ဖြစ်နေရ၏။ ကျောင်းရှင်ရဟန်း ခေါင်းပေါ်၌ ကျောင်းဒကာ မစင်စားပြိတ္တာကြီး အမြဲတည်ရှိနေပေသည်။ ကြားယိုတဲ့ချေး၊ ရဟန်းတကာစွန့်တဲ့ မစင်ကို ကျောင်းရဟန်း တိုက်ရိုက်စားခွင့် မရှိသေးပေ။ ကျောင်းဒကာ စားခွင့်ရှိ၏။ ကျောင်းဒကာပြိတ္တာ ယိုတဲ့ချေးကိုမှ ကျောင်းရှင်ရဟန်း ပြိတ္တာက စား၍၏။ နှစ်ခါပြန် ချေး၊ ပြန်မစင်ကိုစားပြီး ဘဝတစ်ခု ရှင်သန်ရပ်တည်ရ၏။ ကမ္ဘာမငြိမ်းရယတို့ရဲ့ လက်ချက်ကား အခံရခက်အောင် ကြီးမြန်း၏။

အဘယ်ကြောင့် ထိုမျှလောက် ကမ္မနိယာမ ရိုက်ချက်ကြီးသနည်း။ ကျောင်းဒကာသူဌေးသည် သီလကို ချစ်ခင်မြတ်နိုးသော ထိုအာဂန္တုကရဟန်းတော်တို့အား အရှင်ဘုရား..ဒီလိုအာဟာရကို သုံးဆောင်တာထက် မစင်စားတာမှ မြတ်သေးတယ်လို့ ဆဲရေးခဲ့ပါသည်။ ထို့ကြောင့် ဒီအားလျော်စွာ မစင်စားပြိတ္တာ ဖြစ်လာရ၏။ ကျောင်းရဟန်းကတော့ ကျောင်းဒကာသူဌေးကိုလည်း ထိုသို့ တိုက်တွန်းပေး၏။ ကိုယ်တိုင်လည်း ထိုသို့ပင် ဆုံးမခဲ့ပါသည်။ ထို့ကြောင့် ထိုက်(၂)မျိုးအားလျော်စွာ ရဟန်းတကာ ယိုတဲ့မစင် ထိုမစင်မှတစ်ဆင့် ကြားလာတဲ့ ကျောင်းဒကာယိုတဲ့မစင်ကို စားနေရ၏။ ဆင့်ခံတတ်ပြောင်းထားတဲ့မစင်၊ ဘင်ပုပ်အဆီလို့ပဲ ပြောရမည်။ ယင်းမသတီစရာကို နတ်သုဒ္ဓါအလား ထင်ပြီး အားပါးတရ စားသောက်နေရ၏။ ဘဝတစ်ခု ရှင်သန်ရပ်တည်နေရ၏။ လောကမှာ သာမန်မျက်စိဖြင့် ကိုယ်မြင်တွေ့ဖူးတဲ့ အုံသြဖွယ်ရာတို့ထက် အဆပေါင်း ရာသောင်းလွန်တဲ့ အုံသြထိတ်လန့်ဖွယ်ရာ ကမ္မနိယာမ ဖြစ်ပါ၏။

မစင်စားတဲ့ ကျောင်းဒကာ၊ ကျောင်းရဟန်း ပြိတ္တာများကို အင်တာဗျူးပြီး လောကလူသားများတို့ သတိသံဝေဂအောင် အသိပေးတဲ့ အရှင်မဟာမောဂ္ဂလာန် မထေရ်အား ရင်ထဲက လှိုက်လဲစွာ တကယ်ပင် ကျေးဇူးတင်ပါသည်။ ထိုအကြောင်းကို ဓမ္မအဖြစ် အတည်ပြုဟောတော်မူသော ဘုရားရှင်အား ကျေးဇူးတင်ကြောင်း အထူးပြောနေဖွယ် မလိုတော့ပါ။ ကျေးဇူးတကယ်တင်နေလျှင် ကျေးဇူးရှင်အား မည်သို့ကျေးဇူးဆပ်ပါမည်နည်း ဟူသော အတွေးသည် စာရေးသူခေါင်းထဲသို့ လေးနက်စွာ စီးဝင်လာခဲ့ပါသည်။ ကျေးဇူးဆပ်လိုလျှင် ကျေးဇူးရှင်၏ မူလရည်ရွယ်ရင်း စေတနာကို သိဖို့လိုပါသည်။

အရှင်မဟာမောဂ္ဂလာန် အင်တာဗျူးပြီး မြတ်ဘုရားက အတည်ပြု ဟောကြားတော်မူတဲ့ တရားတော်၏ အဓိကရည်ရွယ်ရင်း စေတနာကား ကြောက်လန့်ချွံရွာဖွယ်ရာ ထိုသို့သော ဆိုးကျိုးများ မခံစားရလိုခြင်းပင် ဖြစ်ပါသည်။

ဆိုးကျိုးဆိုးပြစ်ဆိုတဲ့ အကျိုးတရား ကင်းဝေးလိုလျှင် အကြောင်းတရားကို ရပ်သိမ်းထိန်းချုပ်နိုင်ရပေမည်။ ထို့ကြောင့် ဖရသဝါစာ-ကြမ်းတမ်းစွာပြောဆိုခြင်း ဝစီကံကို လွန်ကျူးခြင်းမှ ရှောင်ကြဉ်ကြပါလေဟု သင်ညွှန်တိုက်တွန်းနေရာရောက်ပါသည်။ ထို့ကြောင့် တကယ့်တကယ် ကျေးဇူးဆပ်လိုပါက ထိုသို့သောဝစီကံမှ ရှောင်ကြဉ်အပ်ပါသည်။ ရှောင်ကိုမှ ရှောင်ကြဉ်ရပါမည်။ ဝစီဗေဒ ထိတိုင်းရှသည့် သဘောကို အသေအချာ ဉာဏ်ဖြင့် ရှုမြင်သုံးသပ်ပြီး မရပ်နိုင်သေးတဲ့ သံသရာဘဝများ ဖြတ်သန်းစဉ်မှာ ခါးစပ်တဲ့ ဆိုးကျိုးများ ထပ်မမွှားရအောင် ဝစီကံလေးတော့ ရပ်နိုင်အောင် ကြိုးစားကြည့်ကြပါလို့ စေတနာစကား ရှိပါရစေ။

ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ။

ခင်မင်လေးစားလျက်

ဓမ္မာစရိယ-ဦးစောဝင်း

ကျမ်းကိုး

* ဂူထခါဒက
ပေတဝတ္ထု ဝဏ္ဏနာ။

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာစရိယ-သန့်ထွန်း
ကျော်ကြားထင်ရှားသော သာမဏေများ(၁)

ပဏ္ဍိတ သာမဏေ

သာဝတ္ထိပြည်သည် အမြဲတစေထူးဆန်းမှုများ ပေါ်ထွက်ရာဒေသဖြစ်သည်။ သာဝတ္ထိပြည်အတွင်း နေထိုင်ကြသူ အများစုသည် ဘုန်းရှင်ကံရှင်များ ဖြစ်ကြသည်။ စားမကုန် သောက်မခန်း ကြွယ်ဝချမ်းသာသော သူဌေးများရှိသည့် သာဝတ္ထိပြည်တွင် အရှင်သာရိပုတ္တရာမထေရ်အား ကိုးကွယ်ဆည်းကပ်ကြသည့် သူဌေးမိသားစုတစ်စုရှိသည်။ မိသားစုတွင် သမီးသည် အရွယ်ရောက်လာသည်ဖြစ်၍ မိဘတို့ ပြုကျင့်ရသည့် တာဝန်အတိုင်း ,သမီးအား အိမ်ထောင်ပြုပေးကြသည်။ သမီး ကိုယ်ဝန်ရှိလာသောအခါ မိဘများသည် သမီးအား အိမ်သို့ ခေါ်ယူကြသည်။ အနီးကပ်စောင့်ရှောက်ပေးကြသည်။

'အမေ..သမီး၊ အရှင်သာရိပုတ္တရာမထေရ်နဲ့ ရဟန်းငါးရာကို ပင့်ဖိတ်ပြီး ငါးကြင်းသားဟင်းနဲ့ ဆွမ်းကပ်ချင်တယ်။ ဆွမ်းကပ်တဲ့အခါ သမီးလည်း ဖန်ရည်စွန်းတဲ့အင်္ကျီဝတ်ပြီး ရဟန်းများ ဆွမ်းဘုဉ်းပေးတဲ့အနီးမှာ ထိုင်နေချင်တယ်။ ရဟန်းတွေ ဆွမ်းဘုဉ်းပေးလို့ ကျန်တဲ့စားကြွင်းထမင်းကိုလည်း စားချင်တယ်။ အဲဒါတွေကို ပြုလုပ်ခွင့်ရရင် သိပ်ကောင်းမှာပဲ'

မိန်းကလေးများသည် ကလေးကိုယ်ဝန်ရှိလာသော အခါ၌ ချင်ခြင်းတစ်မျိုးမျိုး ဖြစ်လာတတ်ကြသည်။ တချို့

www.burmeseclassic.com

www.burmeseclassic.com

မိန်းမများသည် ချဉ်ကို စားချင်ခြင်း ဖြစ်ကြသည်။ ချိုသော မိန်းမများသည် ဆေးလိပ်ပြာကို လျက်ချင်ကြသည်။ တချို့သော မိန်းမများသည် မီးသွေးခဲကို ကိုက်ချင်ကြသည်။ ဤသို့ စသည်ဖြင့် မိန်းမတစ်ယောက်နှင့် တစ်ယောက်သည် ချင်ခြင်းဖြစ်တည်မှု မတူညီကြ။ ချင်ခြင်းလျှင် ထိန်းချုပ်ရခက်ကြ၏။ မိန်းမတစ်ရာတွင် ကိုးဆယ့်ကိုးယောက်သော မိန်းမများက မထိန်းချုပ်နိုင်ကြပေ။ ကိုးဆယ့်ကိုးယောက်သော မိန်းမများတွင် သူဌေးသမီးသည် တစ်ယောက်အပါအဝင် ဖြစ်ခဲ့သည်။

သူဌေးသမီးသည် ကိုယ်ဝန်တည်ကတည်းက အရှင်သီလဝံတရာမထေရ်နှင့် ရဟန်းငါးရာတို့အား ငါးကြင်းသားချက်နှင့် ဆွမ်းလှူဒါန်းခြင်း စသည့်ချင်ခြင်းကို ဖြစ်နေခဲ့သည်။ မိဘများ အလုပ်ရှုပ်မည်ကိုစိုးသောကြောင့် ထိုချင်ခြင်းကို သူဌေးသမီးသည် အတတ်နိုင်ဆုံး ထိန်းချုပ်ခဲ့သည်။ ထိန်းချုပ်မရတော့၍ ပွင့်ထွက်ခြင်းဖြစ်သည်။ သူဌေးသမီး၏ ချင်ခြင်းသည် မကောင်းသောချင်ခြင်း မဟုတ်။ ကောင်းသောချင်ခြင်းဖြစ်သည်။ သမီးပြောပြ၍ မိဘများသည် သမီး၏ချင်ခြင်းကို သိသွားကြသည်။ သိသည်နှင့်ဆန္ဒ ပြည့်ဝအောင် မိဘများ စီစဉ်ကြသည်။ ကျွန်တို့ငါးကြင်းသားများ ဝယ်ခိုင်းသည်။ အခြားသော ဟင်းများကိုပါ ချက်ပြုတ်ခိုင်းသည်။ အရှင်သာရိပုတ္တရာနှင့် အခြား ရဟန်းငါးရာအား ပင့်ဖိတ်သည်။ ကရဏာသက်သော ရဟန်းများသည်လည်း ပင့်ဖိတ်သည့်အတိုင်း ရဟန်းများ ကြွရောက်လာကြသည်။ သူဌေးသမီးသည် ဖန်ရည်ကြော်သော အဝတ်ကို ဝတ်ဆင်ကာ ရဟန်းများအနီး၌ ထိုင်ကြည်ညိုသည်။ ရဟန်းများ ဆွမ်းစားပြီးသောအခါ ငါးကြင်းများအား သူဌေးသမီးသည် အားပါးတရ စားလေသည်။

ချင်းကောင်းသော ပဏ္ဍိတ

မိခင်များ၏ချင်ခြင်းသည် ကလေးနှင့် အများအားဖြင့် ဆက်သွယ်မှုရှိသည်။ ကလေးများ၏ ကံအားလျော်စွာ မိခင်သည် ချင်ခြင်းတစ်မျိုးမျိုး ဖြစ်လာတတ်သည်။ သူဌေးသမီး၏ချင်ခြင်းသည် ရဟန်းများကို ပင့်ဖိတ်၍ ဆွမ်းကပ်ခြင်း၊ ငါးကြင်းများကို စားသောက်ခြင်းဖြစ်၍ ကောင်းသောချင်ခြင်းဖြစ်သည်။ သူဌေးသမီးလွယ်ထားရသော ကိုယ်ဝန်သည် ပဏ္ဍိတဖြစ်လာမည့် ကလေးဖြစ်သည်။

သူဌေးသမီးတို့ အိမ်၌ ပဏ္ဍိတ လူလောကထဲသို့ ရောက်ခင် လူလောကထဲသို့ ရောက်နှင့်နေသော ကလေးများ ရှိသည်။ ထိုကလေးများတွင် စကားမပီ ဆွဲအသူများလည်း ရှိသည်။ နားမကြားသူများလည်း ရှိသည်။ ထိုကလေးလူငယ်တို့သည် ပဏ္ဍိတကို ကိုယ်ဝန်တည်သော အခါမှစ၍ စကားပီသသူ၊ နားကြားသူ၊ ဆွဲအခြင်း မရှိသူ အဖြစ်သို့ ရောက်သွားကြသည်။ မိဘနှင့်တကွ ဝန်းကျင်ရှိသူများသည် စကားမပီသသူများ စကားပီသသွားခြင်း စသည့်ပြောင်းလဲမှုတစ်ခု ဖြစ်သွားခြင်းမှာ ပဏ္ဍိတကြောင့်ဟု ယူဆကြသည်။ ဤယူဆမှုကြောင့် ပဏ္ဍိတ အမည်ကို ရလာခဲ့ခြင်းဖြစ်သည်။

'အမေ...သား အရှင်သာရိပုတ္တရာမထေရ်ဆီမှာ ကိုရင်ဝတ်ချင်တယ်'

ပဏ္ဍိတသည် မိခင်ဆီက သာမဏေဝတ်ခွင့် တောင်းခြင်းဖြစ်သည်။ ခွင့်တောင်းစဉ်က ပဏ္ဍိတသည် ခုနစ်နှစ် အရွယ်သာရှိသေးသည်။ မိခင်သည် ချစ်စရာကောင်းသော ပဏ္ဍိတအား ထွေးပိုက်နေဆဲသာဖြစ်သည်။ ဖခင်သည် ချစ်စရာကောင်းသော ပဏ္ဍိတအား ချစ်မဝနိုင်သေး။ တစ်ဦးတည်းသောသား၊ လိမ္မာသည့်သား ကိုရင်ဝတ်ခွင့် တောင်းနေသည်မှာ မိဘ၏ အသည်းနှလုံးကို ဓားနှင့်ထိုးနေသလိုပင်။ အိမ်၌ရှိသော အခြံအရံလူပေါင်းများစွာတို့ကလည်း ပဏ္ဍိတ၏စကားကို လက်ခံကြလိမ့်မည်မဟုတ်။ ချစ်စရာကောင်းသော ပဏ္ဍိတအား ချစ်ချင်နေကြဦးမည်ဖြစ်သည်။ မိခင်သည် သားတောင်းဆိုသောစကားကို ကြားသည်နှင့် ချစ်ခြင်းပြင်းသော သောကမြစ်ပြင်ကျယ်၌ စိတ်အစဉ် နှစ်မြုပ်သွားလေသည်။

အသက်ရှူပေါက် မှားအောင်ထိ ခံစားရသည်။ ပုံမှန်လည်ပတ်နေသော အသက်ရှူနှုန်းတို့သည် ရပ်တန့်သွားသလောက် ဖြစ်သွားသည်။ မွန်းကျပ်မှုတို့ အဖျားတွင်လွင့်ပြင်တစ်ခုလုံးတွင် ပျံ့နှံ့သွားသည်။ တင်းလွန်းသော သံယောဇဉ်က ပူပြင်းမှုဝေဒနာတို့ကို သယ်ဆောင်လာကြသည်။ ရင်တစ်ခုလုံး မီးကင်ခံထားရသလို ပူပြင်းနေသည်။ မျက်ရည်များ စီးဆင်းချင်သည်။ ညှိုးငယ်သောအရိပ်များ မျက်နှာနေရာယူချင်လာသည်။ မိခင်သည် မျက်ရည်မကျအောင် ဝမ်းနည်းရိပ်မပေါ်ရအောင် ထိန်းချုပ်နေရသည်။ ရင်တစ်ခုလုံး ကြေမွနေသော်လည်း ဟန်ဆောင်အပြုံးများ ပီပြင်အောင် မိခင်သရုပ်ဆောင်သည်။ စကားများ လက်ံမချော မည်စိုး၍ ခံစားချက်ကိုထိန်းပြီးကာမှ ခွင့်ပြုသည့်အကြောင်း

www.burmeseclassic.com

ပြောရတော့သည်။

"သား.. ကိုရင်ဝတ်ချင်တယ်ဆိုရင် အမေခွင့်ပြုပါတယ်။ သား ကိုရင်ဝတ်ဖို့အတွက် အမေစီစဉ်ပေးမယ်။ သား ဘာမှမပူပန်နဲ့။ အရှင်သာရိပုတ္တရာမထေရ်မြတ်ဆီမှာ ကိုရင်ဝတ်ရပြီလို့သာ မှတ်လိုက်တော့"

ပဏ္ဍိတ သာသနာထဲသို့ ရောက်လာခြင်း

မိဘတို့သည် သားသမီးတို့၏ ဆန္ဒကို ဦးစားပေးရသည်။ သားသမီးတို့ဆန္ဒ မည်သို့ရှိသည်ကို သိထားရသည်။ သားသမီးတို့၏ဆန္ဒကို မျက်ကွယ်ပြု၍ မိမိ၏ဆန္ဒကို ဦးစားပေး၍မဖြစ်။ သားသမီးတို့ကို မိဘတို့သည် မွေးခဲ့ရတာဖြစ်သည်။ မွေးကင်းစကလေးငယ်တို့သည် မည်သည့်အရာကိုမှ မလုပ်တတ်ခဲ့။ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများကို မိဘတို့ သုတ်သင်ရှင်းလင်းပေးရသည်။ မတွားတတ်၊ မထိုင်တတ်၊ မသွားတတ်သော ကလေးများကို တွားတတ်၊ ထိုင်တတ်၊ သွားတတ်အောင် မိဘများ လေ့ကျင့်ပေးခဲ့ရသည်။ သင်ပြပေးခဲ့ရသည်။ လူလောကအကြောင်း ဘာမှနားမလည်သော သားသမီးများကို မိဘတို့သည် နားလည်အောင် သင်ပြပေးခဲ့ကြသည်။ သားသမီးတို့ကို မိဘတို့သည် ပိုင်လည်းပိုင်သည်၊ ဆိုင်လည်းဆိုင်သည်။ သို့သော် သားသမီးတို့ကို မိဘတို့သည် မိမိဆန္ဒကို ဦးစားပေး၍ ဆုံးဖြတ်ချက်၊ ခိုင်းနှိုင်းချက်၊ လျှောက်လှမ်းချက်များ ပြုလုပ်၍မဖြစ်။

ဤသို့ပြုလုပ်ခဲ့လျှင် မိဘတို့သည် ကျင့်ဝတ်မကျေပွန်သူများ ဖြစ်သွားနိုင်သည်။ မိမိ၏ဆန္ဒကို ဦးစားပေးခြင်းသည် အတ္တဖြစ်သည်။ သားသမီးတို့၏ဆန္ဒကို မိမိ၏အတ္တတံတိုင်းဖြင့် ကာဆီးလိုက်သည်ဖြစ်၍ သားသမီးတို့သည် အကျဉ်းကျသူများ ဖြစ်သွားရသည်။ မိဘဘဝမှ အကျဉ်းထောင်မှူးဘဝသို့ ရောက်သွားသည်။ သားသမီးတို့၏ဆန္ဒကို လေ့လာရသည်။ သားသမီးတို့သည် လောကထဲ၌ မည်သည့်အရာကို ဝါသနာပါသနည်း။ သားသမီးတို့ဖြစ်ချင်သော ဆန္ဒကို သိသောအခါ၌ မိဘများ ဆုံးဖြတ်ရသည်။ သားသမီးတို့၏ဆန္ဒသည် ကောင်းသောဆန္ဒလား၊ မကောင်းသောဆန္ဒလား ဆိုသည်ကို စဉ်းစားရသည်။ သားသမီးတို့၏ဆန္ဒသည် ကောင်းသောဆန္ဒဖြစ်လျှင် မိဘတို့သည် ပြုလုပ်ရန် ခွင့်ပြုရမည်ဖြစ်၏။ သားသမီးတို့၏ဆန္ဒသည် မကောင်းသောဆန္ဒဖြစ်နေလျှင် မိဘတို့သည် မပြုလုပ်ရန် တားမြစ်ရမည်ဖြစ်၏။ တားမြစ်သည့်အခါ မကောင်းသောဆန္ဒ၏ မကောင်းကျိုးများကို ထောက်ပြကာ တားမြစ်ရမည်ဖြစ်၏။ ကောင်းသောအလုပ်၌ ပြင်းပြသောဆန္ဒရှိလာအောင် မိဘတို့သည် သားသမီးတို့အား လေ့ကျင့်ပေးရမည်။ ပျိုးထောင်ပေးရမည်။

ပဏ္ဍိတသည် မိဘများ ပျိုးထောင်စရာ၊ လေ့ကျင့်ပေးစရာ များများမလိုလိုက်ဘဲ ကောင်းသောအလုပ်၌ ပြင်းပြသောဆန္ဒ ရှိလာခဲ့သည်။ ကိုရင်ဝတ်ခြင်းသည် ကောင်းသောအလုပ်ဖြစ်သည်။ ပဏ္ဍိတ၏မိခင်သည် သူ၏ဆန္ဒကို ဦးစားပေးမည်ဆိုလျှင် ပဏ္ဍိတအား သာမဏေပြုရန် ခွင့်မပြုပေ။ သာမဏေပြုခြင်းသည် မကောင်းသောအလုပ်ဆိုလျှင်လည်း ပဏ္ဍိတ၏မိခင်သည် ပဏ္ဍိတအား သာမဏေပြုရန် ခွင့်မပြုပေ။ ကောင်းသောအလုပ်ဖြစ်၍ ပဏ္ဍိတ၏ဆန္ဒကို ဖြည့်ဆည်းပေးခြင်းဖြစ်သည်။ ကိုယ့်ဆန္ဒကို နောက်ဆုတ်လိုက်ခြင်းဖြစ်သည်။ မိခင်တစ်ယောက်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်လိုက်ခြင်းဖြစ်သည်။ ပဏ္ဍိတ၏မိခင်သည် အရှင်သာရိပုတ္တရာမထေရ်အား ဆွမ်းစားပင့်သည်။

"အရှင်ဘုရား.. အရှင်ဘုရား၏ တပည့်လေးဟာ သာမဏေပြုလိုပါတယ်တဲ့ဘုရား။ တပည့်တော်မကလေးကို ညနေ ကျောင်းသို့ ခေါ်ခဲ့ပါမယ်ဘုရား"

အရှင်သာရိပုတ္တရာမထေရ် ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ပဏ္ဍိတ၏မိခင်သည် ပဏ္ဍိတ သာမဏေပြုလိုကြောင်းကို လျှောက်တင်သည်။ အရှင်သာရိပုတ္တရာမထေရ် လက်ခံတော်မူသည်။ သာမဏေပြုမည့်ကိစ္စ ဆွေးနွေးပြီးသည်နှင့် အရှင်သာရိပုတ္တရာမထေရ် ကြွသွားတော်မူသည်။ ပဏ္ဍိတ၏မိခင်သည် ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ကြားသည်။ ဆွေမျိုးမိတ်သင်္ဂဟများ စုဝေးလာသောအခါ ပဏ္ဍိတ၏မိခင်သည် ပဏ္ဍိတအား ရှင်သာမဏေပြုပေးမည့်အကြောင်း ပြောပြ၊ ရှင်းပြသည်။ များပြားလှစွာသော ပူဇော်ဖွယ်ဝတ္ထုများကို ပြုလုပ်စီရင်ကာ ညချမ်းအခါ၌ အရှင်သာရိပုတ္တရာမထေရ် နေတော်မူသော ကျောင်းသို့သွားကြသည်။

"အရှင်ဘုရား.. ဒီကလေးကို သာမဏေပြုတော်မူပါဘုရား"

ပဏ္ဍိတ၏မိခင်သည် အရှင်သာရိပုတ္တရာမထေရ်အား ကြားလျှောက်၏။ အရှင်သာရိပုတ္တရာမထေရ်သည် သားနာထဲ၌ နေထိုင်ရခြင်း၏ အခက်အခဲများကို ပဏ္ဍိတအား ပြောပြသည်။ လူဘဝတွင် နေချင်သလို နေလို့ရသော်လည်း သာမဏေဘဝတွင် နေချင်သလို နေ၍မရကြောင်း ရှင်းပြသည်။ သာမဏေတစ်ပါး ကျင့်သုံးရမည့် ကျင့်ဝတ်စဉ်

www.burmeseclassic.com

ကြောင်းကို ပြောပြသည်။ အရှင်သာရိပုတ္တရာမထေရ် ဆုံးမ
ချက် အရာအားလုံးကို ပဏ္ဍိတ လိုက်နာကျင့်သုံးနေထိုင်မည်
ဖြစ်ကြောင်း ကတိပြုသည်။ အရှင်သာရိပုတ္တရာမထေရ်
သည် ပဏ္ဍိတအား တစပဉ္စကကမ္မဋ္ဌာန်းကို ပြောပြလျက်
ဆုံးမတော်မူသည်။ တစပဉ္စကကမ္မဋ္ဌာန်းဟူသည် ဆံပင်၊
အမွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေတို့၌ ရှိ
တတ်သော ကမ္မဋ္ဌာန်းဖြစ်သည်။

လူခန္ဓာကိုယ်၌ ဆံပင်ပေါင်း နှစ်ကုဋေနှင့် လေးသန်း
ရှိသည်။ မွေးညင်းပေါင်း ကိုးသောင်းကိုးထောင် ရှိသည်။
ခြေသည်း,လက်သည်းပေါင်း နှစ်ဆယ်ရှိသည်။ သွားပေါင်း
သုံးဆယ့်နှစ်ချောင်းရှိသည်။ အရေသည် အရေထူ၊ အရေပါး
ဟူ နှစ်မျိုးရှိသည်။ ဤဆံပင်၊ ဤမွေးညင်း၊ ဤခြေသည်း၊
လက်သည်း၊ ဤသွား၊ ဤအရေတို့တွင် အမာဓာတ်၊ ခက်
ထန်သောဂုဏ်ရှိသည်။ ဖွဲ့စေးမှုသဘောရှိသည်။ ပူမှု၊ အေးမှု
သဘောရှိသည်။ ထောက်ကန်မှု၊ လှုပ်ရှားမှုသဘောရှိသည်။

ဓာတ်ကြီးလေးပါး ရှိနေသည်။ ဤဓာတ်ကြီးလေးပါး
တွင် တစ်ပါးပါးချို့ယွင်းသွားလျှင် ဆံပင် စသည်တို့သည်
ဆောက်ပြန်သွားကြလေသည်။ ကြီးရင့်
ခြင်း အိုမင်းခြင်း၊ ပျက်စီးခြင်း
သဘောသို့ ရောက်သွားရသည်။
မြဲမြံတည်နေခြင်းမရှိ။ အနိစ္စသဘော
ဆောင်သည်။ ချမ်းသာခြင်းမရှိ။ ဒုက္ခ
သဘောသာရှိသည်။ ငါ့ခေါင်းထက်
ဆံပင်ရောက်နေသော ငါ့ဆံပင်၊
ငါ့ခန္ဓာကိုယ်၌ စွဲကပ်နေသော ငါ့အရေ
ဟူသည် ဖြစ်၍ မကြီးရင့်နှင့်၊ မအိုမင်းနှင့်၊
မပျက်စီးနှင့်ဟူ၍ တားဆီး၍မရ။
ဆီးရခြင်းမရှိ၊ အဖိုးမရသည့် အနတ္တ
သဘောသာ ရှိသည်။

အရှင်သာရိပုတ္တရာမထေရ်သည်
ဆံပင်ရိတ်လျက် တစပဉ္စကကမ္မဋ္ဌာန်းကို
ပြောပြနေသည်။ ပဏ္ဍိတသည် အရှင်
သာရိပုတ္တရာမထေရ် ပြောပြနေသည်တို့ကို
ဆန်းလုံးမကျန် လိုက်မှတ်သည်။
ခန္ဓာကိုယ်ထဲ ဆင်ခြင်သည်။ ဆံပင်
ရိတ်၍သာ ပြီးသွားသည်။ ပဏ္ဍိတ တစပဉ္စက ကမ္မဋ္ဌာန်း
နှင့်ပတ်သက်၍ သညာသိအဆင့်သာ ရောက်ခဲ့သည်။

ဝိညာဏ်သိ၊ ပညာသိအဆင့်များသို့ မရောက်နိုင်ခဲ့ပေ။
ဆံပင်ရိတ်ပြီးသည်နှင့် သူဌေးသားတစ်ယောက် ဝတ်ဆင်
ထားသော အဝတ်အစားကောင်းများကိုချွတ်ကာ ရဟန်း
များ ဝတ်ဆင်ကြသည့် ဖန်ရည်စွန်းအဝတ်သင်္ကန်းကို ဝတ်
ဆင်ရသည်။ အရှင်သာရိပုတ္တရာမထေရ်သည် သရဏဂုံ
သုံးပါးနှင့် ကျင့်ဝတ်သိက္ခာပုဒ်ဆယ်ပါးကို ဆောက်တည်
ခိုင်းပြီးသည်နှင့် ပဏ္ဍိတသည် သာမဏေအဖြစ်သို့ ရောက်
သွားလေသည်။

ခဏတွင်းချင်း ပြောင်းလဲသွားသော ဘဝဖြစ်သည်။
လူလောကနေ သာသနာလောကထဲသို့ ရောက်သွားသည်။
ဆံပင်ရှိသော ဘဝကနေ ဆံပင်မဲ့သောဘဝသို့ ရောက်သွား
သည်။ သူဌေးသားဘဝကနေ ရဟန်းများ သားဘဝသို့
ရောက်သွားသည်။ ဤသည် ပဏ္ဍိတသာမဏေကိုယ်တိုင်
ရွေးလိုက်သောဘဝဖြစ်သည်။ ကိုယ်တိုင်ရွေးလိုက်သော
ဘဝ၌ ကျင့်သုံးရသော သိက္ခာပုဒ်များသည် ပဏ္ဍိတ သာ
မဏေအတွက် အခက်ခဲဖြစ်သည်။ လူဘဝ လူလောက၌
စိတ်ကို ထိန်းချုပ်မှုနယ်ပယ်
ကျဉ်းမြောင်းသည်။ ရဟန်း
ဘဝ ရဟန်းလောက၌
စိတ်ကို ထိန်းချုပ်မှုနယ်ပယ်

www.burmeseclassic.com

ကျဉ်းလွန်းသည်။ အမြဲတစေ စိတ်ကို ထိန်းချုပ်၍ နေရသည်။ ပုထုဇဉ်စိတ်သည် မကောင်းမှုဌ် နေသားကျနေ၍ မကောင်းမှု မပြုလုပ်ရအောင် ထိန်းချုပ်သည်ကို မနှစ်သက်။ ကျွဲရိုင်းတစ်ကောင်ကို ကြိုးချည်ရသလိုမျိုး စိတ်ကို ထိန်းချုပ်ရမည် ဖြစ်သည်။ ဤအခက်အခဲကို ပဏ္ဍိတသာမဏေ ဂရုမစိုက်။ သာမဏေဘဝသို့ ရောက်လာသော ပဏ္ဍိတသည် လွတ်နေသောစိတ်ကို ထိန်းချုပ်ရန် ရည်ရွယ်ချက်အပြည့်နှင့် ဖြစ်သည်။

ဖန်ရည်စွန်းသောသင်္ကန်းနှင့် ပဏ္ဍိတသည် ကြည်ညိုစရာဖြစ်သည်။ မိခင်သည် ပဏ္ဍိတသာမဏေကိုကြည့်လျက် ကြည်ညိုနေသည်။ လူဝတ်နှင့်တုန်းက ချစ်စရာ။ သာမဏေဘဝနှင့် ကြည်ညိုစရာဖြစ်သည်။ မိခင်သည် ရင်ထဲ၌ လူးလိမ့်နေသောပီတိကို ထိန်းမနိုင်ဖြစ်နေသည်။ အပြုံးမျက်နှာတွင် ကြည်လင်မှုအပြည့်ရှိသည်။ ပဏ္ဍိတကို သာမဏေပြုပြီးသည်နှင့် မိဘတို့သည် အိမ်သို့ပြန်မသွားဘဲ ကျောင်းမှာ ခုနစ်ရက်လုံးလုံး နေထိုင်ခဲ့သည်။ ဘုရားအမှူးပြုသော ရဟန်းသံဃာအား ခုနစ်ရက်လုံးလုံး ဆွမ်းကပ်ကြသည်။ ခုနစ်ရက်မြောက် ညချမ်းသို့ ရောက်သောအခါမှ ပဏ္ဍိတသာမဏေ၏ မိဘများအိမ်သို့ ပြန်သွားကြသည်။

ပဏ္ဍိတသာမဏေ၏မိဘများ ခုနစ်ရက်လုံးလုံး ဆွမ်းကပ်ခဲ့သည်ထဲမှာ ဟင်းသည် ငါးကြင်းသားဟင်းချည်းဖြစ်သည်။ ထိုဟင်းကို စီရင်ခဲ့သည်မှာ ပဏ္ဍိတသာမဏေ၏ မိခင်ဖြစ်သည်။ ပဏ္ဍိတသာမဏေ၏မိခင်သည် ပဏ္ဍိတကို ကိုယ်ဝန်လွယ်ခဲ့တုန်းကလည်း ငါးကြင်းသားဟင်းနှင့် ဆွမ်းကျွေးဖို့ကို ချင်ခြင်းဖြစ်ခဲ့သည်။ ငါးကြင်းသားဟင်းကိုပဲ ဆန္ဒရှိနေသည်မှာ ထူးဆန်းသည်။ ဤထူးဆန်းမှုသည် ပဏ္ဍိတ၏မိခင်နှင့် ပတ်သက်မှုမရှိ။ ပဏ္ဍိတသာမဏေနှင့် သာ ပတ်သက်မှုရှိသည်။ ပဏ္ဍိတသာမဏေ၏ အတိတ်ပန်းချီ ဘဝတစ်ခုမှာ ငါးကြင်းသားဟင်းနှင့် ဆွမ်းလှူဒါန်းခဲ့ဖူးသည်။

(ဆက်ပါဦးမည်)

ဓမ္မာစရိယ-သုန်းထွန်း

ကျမ်းကိုး

ဓမ္မပဒအဋ္ဌကထာ၊ ပဏ္ဍိတဝဂ် ပဏ္ဍိတသာမဏေ ဝတ္ထု။

ချက်ချင်းသောက်-လက်ငင်းပျောက်

အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်း ထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်နိုင်သောရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအီမလည်ဖြစ်ခြင်း။ အစာအိမ်အချဉ်ပေါက်ခြင်း။ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဗောဝမ်းပျက်ခြင်း။ လေနှင့်ဝမ်း မကွဲခြင်း။ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည် စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

www.burmeseclassic.com

ဆီးချိုဆေးဘုရင်၊ မြင့်မိုရ်ရှင်၊ အောင်မြင်ချမ်းသာရ။

မြင့်မိုရ်ဟိန်း

အမှတ်တံဆိပ်

ဆီးချိုဩွေးချိုကုဆေး

ဆီးချိုရောဂါကြောင့် - ဆီးဝေခြင်းများ၊ အနာမကျက်ခြင်း
သွေးတိုးခြင်းနှင့်ပုံမှန်မရှိခြင်း၊ အကြောတက်ခြင်း၊ မူးဝေခြင်း၊
ကိုယ်အလေးချိန်ကျခြင်း၊ ရေတိုခြင်း၊ အားအင်ကုန်ခမ်း
များကိုထိရောက်လျင်မြန်စွာသက်သာစေပါသည်။

သစ်မင်းတစ်ထောင် စွမ်းအားဆောင်
အကြောဘစ်ထောင်ပွင့်တဲ့ဆေး

သစ်မင်းတစ်ထောင်

အမှတ်တံဆိပ်

အကြောပြေလိမ်းဆေး

ကျဆေးလိမ်းပေးခြင်းဖြင့် အကြောရောဂါအမျိုးမျိုး
လေးဖက်နာရောဂါ၊ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာများကို
လျင်မြန်စွာ သက်သာပျောက်ကင်းစေပါသည်။

ဆိုင်ရုံး - မြင့်မိုရ်ဟိန်း တိုင်းရင်းဆေးဝါးထုတ်လုပ်ငန်း၊
ဆိုတ်ဒု / ၁၀ ၂၊ အငယ္ဆုအောင်မြေသာစည်အိမ်ယာ၊ ကဗျာတိုက်ပြုလုပ်ရေးနှင့်ကုန်သွယ်ရေး

www.burmeseclassic.com

www.burmeseclassic.com

ဘဝရဲ့ စာရင်းပိတ်လက်ကျန် အသားတင်အရှုံးအမြတ် အစစ်အမှန်ကတော့ ကံတရား မှတ်တမ်းအတိုင်း အတိအကျ ဖြစ်ပါတယ်။

(အရှင်ဝီရိယ- တောင်စွန်း)

◆◆◆

ထေရဝါဒဗုဒ္ဓဘာသာ ကိုးကွယ်သော ကျွန်တော်တို့ နိုင်ငံသားများသည် ဘဝကို ဓမ္မဖြင့် တည်ဆောက်ကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တိုင်း၏ အဓိကအခြေခံဖြစ်သည့် ဒါန၊ သီလ၊ ဘာဝနာတို့ကို နေ့စဉ် ကျင့်သုံးနေထိုင်ဖို့ အရေးကြီး၏။ ဒါနဆိုသည်မှာ ပေးကမ်းစွန့်ကြဲခြင်း၊ သီလဆိုသည်မှာ စောင့်ထိန်းခြင်းဖြစ်ပြီး ဘာဝနာဆိုသည်မှာ ရှုမြင်ပွားများခြင်းဖြစ်၏။

ယခု အသက်ရှင်နေထိုင်ကြသောလူများသည် အလွယ်တကူ လှူဘဝရောက်လာခြင်း မဟုတ်။ ဘဝ,ဘဝက ပြုခဲ့သော ကုသိုလ်ကောင်းမှုကြောင့် လှူဘဝရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ကုသိုလ်နှင့် ခြံရံနေထိုင်ဖို့ လိုသည်။ အဘယ်ကြောင့်ဆိုသော် ကုသိုလ်က အဖက်(အဖြူ)ဖြစ်ပြီး အကုသိုလ်က အဆင်း(အမည်း) ဖြစ်သောကြောင့်ဖြစ်၏။

ကျွန်တော်တို့ငယ်ငယ်က ရင်းနှီးခဲ့သော စကားတစ်ခွန်း ရှိသည်။ မကောင်းတာ မလုပ်နဲ့၊ ဝဋ်လိုက်တတ်တယ် ဆိုသော စကားနှင့် ဝဋ်မှာအမြဲ ငရဲမှာအပ ဆိုသောစကား ဖြစ်သည်။ ကျွန်တော်တို့၏ အဘိုး,အဘွား၊ မိခင်,ဖခင်တို့ ဆုံးမခဲ့သော စကားဖြစ်သည်။ ယခု ကျွန်တော်ကိုယ်တိုင် ကလေးအဖေတစ်ယောက် ဖြစ်လာသောအခါ ထိုစကားကိုပင် ပြန်သုံးကာ သားသမီးများကို ဆုံးမရပြန်သည်။ သို့သော် ဝဋ်လိုက်မှာစိုးသဖြင့် ရှောင်ကြဉ်ခိုင်းတာမျိုးထက် မကောင်းသည့်အလုပ်ဖြစ်သောကြောင့် ဆင်ခြင်ဖို့ လိုအပ်

မောင်မိုးညိုး အကုသိုလ်၏ အကျိုးဆက်များ

www.burmeseclassic.com

www.burmeseclassic.com

ဟု နားလည်သွားအောင် သေသေချာချာ ပြောပြရ
ဦးမည်။ ထို့ကြောင့် ဝဋ်နှင့် ဝိပါက်ဆိုသည့် စကားနှစ်ခွန်းကို
ကောင်းစွာ လေ့လာကြည့်ရှုမိသည်။

♦ ♦ ♦

ဝဋ်ဆိုသည်မှာ ဝဋ္ဌဆိုသော ပါဠိစကားမှ ဆင်းသက်
လာ၏။ အကြောင်းအကျိုး ဆက်စပ်ဖြစ်ပျက်ခြင်း၊ သံသရာ
လည်ခြင်း၊ မကောင်းမှုများ ပြုခဲ့သည့်အတွက် သံသရာ
ကြီးဘေးစုံတစ်ရာ ခံစားရခြင်း စသည်တို့ဖြစ်၏။ ဝိပါက်
ဆိုသည်မှာ ဝိပါကမှ ဆင်းသက်လာ၏။ ကုသိုလ်ကံ၊ အကု
သိုလ်ကံတို့၏ အကျိုးတရားဖြစ်သည်။ ကုသိုလ်ကံအကျိုးကို
ဝိပါကဟုခေါ်ပြီး အကုသိုလ်ကံအကျိုးကို အကု
သိုလ်ဝိပါကဟု ခေါ်သည်။ ထို့ကြောင့် ဝဋ်မှာအမြဲ ငရဲမှာ
ကျဆိုသောစကားအရ ဝဋ်သည် ဝိပါက(အကျိုးတရား)
နှင့် သက်ဆိုင်သည်။ ဝဋ်နှင့် ဝိပါက်(ဝိပါက)သည်
ကားလုံးကွဲပြားသော်လည်း အဓိပ္ပာယ်အတူတူပင်ဖြစ်၏။
ထို့ပြင် ထိုစကားလုံးနှစ်လုံးနှင့် ဆက်စပ်နေသော
စကားဆယ် စကားတစ်ခွန်းမှာ ငရဲဆိုသည့်စကား ဖြစ်၏။
ငရဲသည်မှာ နိရယဆိုသော ပါဠိစကားမှလာ၏။ ချမ်းသာ
ကင်းဝမရှိသောကြောင့် ငရဲ(နိရဲ)ဟု ခေါ်ခြင်းဖြစ်သည်။
ငရဲသား သဘောအရ ငရဲကြီးရှစ်ထပ်ရှိပြီး ငရဲကြီး
တစ်ထပ်လျှင် ငရဲငယ်ငါးထပ်စီ တံတိုင်းခတ်သလို ပတ်ရံ
ထားခြင်းဖြစ်၏။ တခြားသော ငရဲငယ်များလည်းရှိသည်။
ထိုကားလုံးကို စုပေါင်းကာရံဟု ခေါ်ခြင်းဖြစ်သည်။

ထို့ကြောင့် မကောင်းမှုကျူးလွန်သောသူသည် ထိုပြစ်
မှုအကြီး,အသေးအလိုက် ငရဲ၌ ဆင်းရဲခြင်းကို ခံစားရ
ခြင်း ဖြစ်၏။ ငရဲမှ လွတ်မြောက်လာသည့်တိုင် ပြုခဲ့သော
ကုသိုလ်ကံများကြောင့် အခါအခွင့်သင့်သော ဘဝများတွင်
နာကြည်းဆင်းရဲတစ်မျိုးမျိုးကို ခံစားရခြင်းသည် ဝဋ်
ကြွေး(ဝဋ်)ပင်ဖြစ်၏။ ထိုအကုသိုလ်ကံကို မည်သူမျှ မရှောင်
လွှဲနိုင်ပေ။ ဘုရားရှင်ကိုယ်တော်တိုင်ပင် ဘဝ,ဘဝ၏ အကု
သိုလ်ကံများကြောင့် (၁၂)ပါးသော ဝိပါက်တော်ကို ခံစား
ခဲ့ရ၏။ ထို့ကြောင့် လူသားတိုင်း သတိထားဆင်ခြင်နိုင်ရန်
ဝိပါက်တော်များကို ဖတ်ထား,မှတ်သားထားသမျှ တင်ပြ
လိုက်ပါသည်။

ဝိပါက်တော်

ဂေါတမဘုရားရှင်သည် ဘုရားမဖြစ်မီ အလွန်ဆင်းရဲ
ခဲ့ကြွေးဖြင့် တစ်ဖက်စွန်းသို့ရောက်သော ဒုက္ခရစရိယာ
ကို (၆)နှစ်တိုင်တိုင် ကျင့်တော်မူခဲ့ရသည်။ ထိုသို့ကျင့်ရ
ခြင်းမှာ ဂေါတမဘုရားအလောင်းတော်သည် ဓောတိပါလ
ပုဏ္ဏားဘဝ၌ ကဿပဘုရားရှင်၏ ဒုက္ခရစရိယာကို (၆)
ရက်သာ ကျင့်ရုံဖြင့် ဘုရားဖြစ်တော်မူခဲ့ကြောင်း ကြားသိ
ရစဉ်တွင် ဒီလိုလွယ်လွယ်နဲ့ ဘုရားဖြစ်နိုင်တယ်ဆိုရင်
ငါဟာ (၆)နှစ်အထိ ကျင့်နိုင်ပါတယ်ဟု ဘုရားရှင်၏
ဉာဏ်တော်ကို သေးသိမ်အောင် ပြောဆိုပြစ်မှားခဲ့၏။ ထို
ကုသိုလ်ဝစီကံကြောင့် (၆)နှစ်ကြာ ဒုက္ခရစရိယာကို အလွန်
ဆင်းရဲပင်ပန်းစွာ ကျင့်ကြံတော်မူခဲ့ရခြင်းဖြစ်သည်။

ဒုတိယဝိပါက်တော်

စိဉ္ဆမာနမိန်းမယုတ်သည် ကိုယ်ဝန်သည်ယောင်ဆောင်
ကာ ဂေါတမမြတ်စွာဗုဒ္ဓအား ပရိသတ်အလယ်တွင် တရား
ခံအဖြစ် စွပ်စွဲပြောဆိုခဲ့၏။ ထိုသို့ စွပ်စွဲပြောဆိုခံရခြင်း
အကြောင်းမှာ ဂေါတမဘုရားအလောင်းတော် နုစဉ်အခါက
ဗာရာဏသီပြည်တွင် ဆင်းရဲသားအရက်သမား ဖြစ်ခဲ့၏။
ထိုစဉ်က ဆွမ်းရပ်နေသော ရဟန်းတစ်ပါးကို အရက်မူးပြီး
ဆဲရေးတိုင်းထွာခဲ့သောကြောင့်ဖြစ်သည်။ ထိုအကုသိုလ်ကံ
ကြောင့် သေလွန်သော် ငရဲကျခဲ့ပြီး ငရဲ၌ လွတ်ချိန်တွင်
လည်း လူဘဝ၊ နတ်ဘဝ အမျိုးမျိုးတွင် သူတစ်ပါးတို့၏
မတရားစွပ်စွဲမှုကို အကြိမ်ကြိမ်ခံခဲ့ရ၏။ နောက်ဆုံး ဘုရား
ဖြစ်တော်မူသည့် အချိန်အထိ လူပုံအလယ်၌ ယခုကဲ့သို့
တရားခံအဖြစ် စွပ်စွဲခံခဲ့ရခြင်းဖြစ်သည်။

တတိယဝိပါက်တော်

ဂေါတမဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်း
တော်၌ သီတင်းသုံးနေစဉ်က ဘုရားရှင်၏ တန်ခိုးတော်
ကြောင့် တိတ္ထိတို့ လာဘ်လာဘနည်းသွားခဲ့၏။ ထို့ကြောင့်
တိတ္ထိတို့၏ စေခိုင်းချက်ကြောင့် သုန္ဒရီ မိန်းမယုတ်သည်
ဘုရားရှင်ဟာ သူမ၏လင်ပါဟု ပြောဆိုကာ မကောင်း
သတင်း လွှင့်ထုတ်ခြင်းကို ခံခဲ့ရလေသည်။ ထိုသို့ဖြစ်ရခြင်း
မှာ အလောင်းတော် နုစဉ်ကာလက မုနော၌ အမည်ရှိ အရက်
သမားတစ်ဦး ဖြစ်ခဲ့သည်။ တစ်ချိန်က ဆွမ်းခံကြွလာသော
သုရာဘိ အမည်ရှိ ပစ္စေကဗုဒ္ဓါတစ်ပါးကို မိန်းမတွေနှင့်
ပျော်ပါးလေ့ရှိသော အလင်္ကာရဒုဿီလ ဖြစ်သည်။ ထိုရဟန်း
မျိုးကို မပေးမလျှာကြနဲ့ဟု ကဲ့ရဲ့ရွဲတ်ချခဲ့သည်။ ထိုအကု
သိုလ်ကြောင့် ဘုရားအလောင်းတော်သည် အဓိစိုင်ရဲသို့
ကျရောက်ခဲ့ပြီး ငရဲမှလွတ်ပြီးနောက်တွင်လည်း လူ၊ နတ်
ဘဝအမျိုးမျိုး၌ သူတစ်ပါးတို့၏ မတရားစွပ်စွဲမှုကို ခံခဲ့

www.burmeseclassic.com

www.burmeseclassic.com

ရ၏။ နောက်ဆုံး ဘုရားဖြစ်တော်မူသည့်အခါတွင်လည်း သုန္ဒရီမိန်းမယုတ်၏ မတရားစွပ်စွဲသတင်းလွှင့်ခြင်းကို ခံခဲ့ရခြင်း ဖြစ်၏။

စတုတ္ထဝိပါက်တော်

တိတ္ထိတို့သည် တပည့်မဖြစ်သူ သုန္ဒရီ မိန်းမယုတ်ကို သတ်ကာ ဇေတဝန်ကျောင်းတော်အနီး၌ ပစ်ထားပြီး သုန္ဒရီကို ဘုရားရှင်နှင့် ရဟန်းတော်များက သတ်ဖြတ်ထားသည်ဟု စွပ်စွဲပြောဆိုခဲ့ကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ ရှေးအခါက ဘုရားအလောင်းတော်သည် ဈာန်မရသော ရသေ့တစ်ပါး ဖြစ်ခဲ့စဉ်က ကောင်းကင်၌ ဈာန်ကြွနိုင်သော ရသေ့တစ်ပါး အပေါ် မနာလိုဖြစ်ကာ အဘိဈာဉ်သာမစ္ဆရိယ တရားဆိုးများဖြစ်လာပြီး ထိုရသေ့သည် အကျင့်ယုတ်သူဖြစ်ကြောင်း၊ ကိုးကွယ်ရန် မလိုကြောင်း ကဲ့ရဲ့ပြောဆိုခဲ့၏။ ထိုအကုသိုလ်ဆက်ကြောင့် ယခုကဲ့သို့ တရားခံအဖြစ် စွပ်စွဲခံရခြင်းဖြစ်သည်။

ပဉ္စမဝိပါက်တော်

ဂေါတမဘုရားရှင် စကြဲလျှောက်နေတော်မူစဉ် ရှင် ဒေဝဒတ်သည် ဂိဇ္ဈကူဋ်တောင်ပေါ်မှ ကျောက်တုံးကျောက်မောင်းဆင်ပြီး ဖြုတ်ချလုပ်ကြံခဲ့၏။ ထိုသို့ လုပ်ကြံခံရခြင်းမှာ ဘုရားအလောင်း နုစဉ်အခါ သူငွေးသားဖြစ်ခဲ့စဉ်က မိဘနှစ်ဦး သေဆုံးသွားခဲ့ရာ ညီငယ်ဖြစ်သူကို အမွေခွဲမပေးလိုသဖြင့် တောထဲခေါ်သွားပြီး ကျောက်တုံးဖြင့် ထုသတ်ခဲ့၏။ ထိုအကုသိုလ်ကံကြောင့် ဘုရားအလောင်းသည် ငရဲကျပြီး ငရဲမှ လွတ်မြောက်လာသောအခါတွင်လည်း ဘဝပေါင်းများစွာ၌ သူတစ်ပါး၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရ၏။ နောက်ဆုံး ဘုရားရှင်ဘဝ ရောက်သည့်အခါ၌ပင်လျှင် အကုသိုလ်၏ အကျိုးဆက်အဖြစ် ယခုကဲ့သို့ ကျောက်မောင်းတပ်ဆင်ပြီး စနစ်တကျ လုပ်ကြံခံခဲ့ရခြင်းဖြစ်၏။

ဆဋ္ဌမဝိပါက်တော်

ဒေဝဒတ်၏ ကျောက်မောင်းဆင် လုပ်ကြံမှုကြောင့် ဘုရားရှင်၏ ခြေမတော်အား ကျောက်စထိမှန်ကာ သွေးစိမ်းတည်၍ နာကျင်ကိုက်ခဲခဲ့ရသည်။ ထိုသို့ဖြစ်ရခြင်းမှာ အလောင်းတော် နုစဉ်အခါက မထင်ရှားသော ကလေးတစ်ဦး ဖြစ်ခဲ့စဉ်တွင် ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတစ်ပါး၏ ခြေမတော်ကို ခဲဖြင့်ပစ်ခဲ့ရာမှ ထိမှန်ပြီး သွေးစိမ်းတည်ခဲ့ရ၏။ ထို့အကုသိုလ်ကံ၏ အကျိုးဆက်အရ ဘုရားရှင်ဘဝ ရောက်သည့်တိုင် ခြေမတော်၌ ကျောက်စထိမှန်ခံခဲ့ရခြင်း ဖြစ်သည်။

သတ္တမဝိပါက်တော်

မြတ်စွာဘုရားရှင်သည် ဒေဝဒတ် လုပ်ကြံမှုကြောင့် ခြေမတော်၌ သွေးစိမ်းတည်ကာ သွေးပုပ်ပြည်ပုပ်များကြောင့် ကိုက်ခဲနာကျင်တော်မူခဲ့ရာ သမားတော်ကြီးဇီဝက၏ ဓားဖြင့် ခွဲစိတ်ပေးမှုကို ခံခဲ့ရ၏။ ထိုသို့ဖြစ်ရခြင်းမှာ ဘုရားအလောင်း နုစဉ်ဘဝ သေသောက်ကျူးသော မင်းတစ်ပါးဖြစ်ခဲ့စဉ်က အရက်မူးပြီး နန်းတော်အတွင်းရှိ အပြစ်မဲ့သူတစ်ဦးကို ကိုယ်တိုင် ဓားဖြင့် ခွဲစိတ်ခဲ့သည့် အကုသိုလ်ကြောင့်ပင် ဖြစ်၏။

အဋ္ဌမဝိပါက်တော်

မြတ်စွာဘုရားအား ဒေဝဒတ်သည် နာဠာဂိရိဆင်ဖြင့် တိုက်သတ်ရန် ကြံစည်လုပ်ကြံခဲ့သည်။ ထိုသို့ဖြစ်ရခြင်းမှာ အလောင်းတော် နုစဉ်ဘဝ ဆင်ထိန်းတစ်ဦး ဖြစ်ခဲ့စဉ်က ပစ္စေကဗုဒ္ဓါတစ်ပါးကို လမ်းဖယ်မပေးဘဲ မိမိစီးလာသော ဆင်ဖြင့် တိုက်ခဲ့ဖူး၏။ ထိုအကုသိုလ်ကံ၏ အကျိုးဆက်ဖြင့် ဆင်ဖြင့် တိုက်သတ်ခြင်းကို ခံခဲ့ရခြင်းဖြစ်သည်။

နဝမဝိပါက်တော်

ဘုရားရှင်သည် တစ်ခါတစ်ရံ ခေါင်းကိုက်ခေါင်းခဲခြင်း ဝေဒနာကို ခံစားရ၏။ ထိုသို့ဖြစ်ရခြင်းမှာ ဘုရားအလောင်း နုစဉ် တံငါမျိုးရိုးတွင် ရှိခဲ့စဉ်က မိဘဆွေမျိုးတို့ငါးများ ထုသတ်နေမှုအား တွေ့မြင်ရစဉ် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ဖူးသည့်အပြင် ကိုယ်တိုင်လည်း ငါးများကို ဝင်ရောက်ထုသတ်ခဲ့ဖူးသည်။ ထိုအကုသိုလ်ကြောင့် ဘုရားရှင်ဘဝ ရောက်သည့်တိုင် ခေါင်းကိုက်ခေါင်းခဲခြင်း ဝေဒနာကို ခံစားတော်မူရခြင်း ဖြစ်သည်။

ဒသမဝိပါက်တော်

ဗုဒ္ဓဘုရားရှင်သည် ရံဖန်ရံခါ ခါးတော်ကိုက်ခဲမှု ဝေဒနာကို ခံစားတော်မူရ၏။ ထိုသို့ဖြစ်ရခြင်းမှာ အလောင်းတော် နုစဉ်ဘဝက လက်လှေကျော်တစ်ဦး ဖြစ်ခဲ့၏။ ထိုစဉ်က စိန်ခေါ်သူ ပြိုင်ဘက်လက်လှေသမားတို့ကို အမြဲတမ်းဆိုသလို ခါးရိုးကျိုးအောင် ထိုးသုတ်ပြီး အနိုင်ယူခဲ့သောကြောင့် ထိုအကုသိုလ်၏ အကျိုးဆက်ကြောင့် ခါးကိုက်ခါးနာဝေဒနာ ခံစားရခြင်း ဖြစ်၏။

ဧကာဒသမဝိပါက်တော်

ဘုရားရှင်သည် နောက်ပါရဟန်း(၅၀၀)နှင့်အတူ ဝေရဉ္ဇပြည်အနီး၌ ဝါဆိုတော်မူစဉ် တစ်ဝါတွင်းလုံး မုယော

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းကိုသာ ဘဉ်းပေးတော်မူခဲ့ရ၏။ ထိုသို့ဖြစ်ရခြင်း ဘုရားအလောင်းနုစဉ်ဘဝက မထင်ရှားသော အမျိုးစည်းဖြစ်ခဲ့စဉ် ရဟန်းများ ဆွမ်းစားနေသည်ကိုမြင်အချောင်သမား ကတုံးတွေက သလေးဆွမ်းလို့ကောင်းနည်းတဲ့ဆွမ်းနဲ့ မတော်ပါဘူး၊ မုယောဆွမ်းကြမ်းနဲ့ပဲ တန်ပါတယ်ဟု ရွှတ်ချပြောဆိုခဲ့သောကြောင့် ဖြစ်ပေသည်။

သဒေဝိပါက်တော်

ဆဒ္ဒန်ဆင်ဆယ်စီးအားကို ဆောင်နိုင်သော မြတ်စွာဘုရားသည် မလွှာမင်းတို့၏ အင်ကြင်းဥယျာဉ်တွင် ဝမ်းသာကား ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ထိုသို့ဖြစ်ရခြင်းမှာ ဆောင်းတော် နုစဉ်ဘဝက ကျွမ်းကျင်လိမ္မာသော ဆေးဆရာတော်တစ်ဦး ဖြစ်ခဲ့စဉ်တွင် သူဌေးသားတစ်ဦးအား ဓာတုကျောက်အောင် ကုသပေးခဲ့သော်လည်း သူဌေးသားက ကုသစရိတ်မပေးချင်သဖြင့် ဓာတုကျောက်ကြောင်း လိမ်ညာပြောဆိုခဲ့၏။ ထိုအခါ ဘုရားအလောင်းဆေးဆရာသည် သူဌေးသား လိမ်ညာမှန်းသိသောကြောင့် အပြန်ပြင်းထန်သောဆေးကို ပေးလိုက်ရာ သူဌေးသားလည်း ထိုဆေးကိုစားကာ ဝမ်းလျှောလေတော့သည်။

ထိုအကုသိုလ်ကြောင့် ဘုရားရှင် ဝမ်းတော်လားခဲ့သော အခါ ဆဒ္ဒန်ဆင်ဆယ်စီးအားကို ဆောင်နိုင်သော ကိုယ်တော်သည်ပင် အားအင်ချည့်နဲ့ကာ ကတိမ်းကပါး ဖြစ်ခဲ့ရ၏။ ထို့ကြောင့် ဆရာဇီဝကက ဘုရားရှင်အား အကောင်းဆုံးဝမ်းပိတ်ဆေးကို ကပ်တော်မူသောအခါ ဘုရားရှင်က ဇီဝက..သင့်ဆေးတွေ သောက်ပေမယ့်လည်း အကျိုးမထူးနိုင်တော့ဘူး။ ငါဘုရား ရှေးဝိပါက်ကြုံလာပြီ။ မကပ်နဲ့တော့ဟု မိန့်တော်မူခဲ့၏။

♦.♦.♦

ထို့ကြောင့် ဘုရားရှင်ကိုယ်တော်တိုင်ပင် မကောင်းမှုအကုသိုလ်၏ အကျိုးဆက်ကို ဘဝများစွာ ခံခဲ့ရသည်ဆိုလျှင် ကျွန်တော်တို့ သာမန်လူများအဖို့ ပြောဖွယ်ရာပင် မရှိတော့ပေ။ ထို့ကြောင့် သီလ(၅)ပါးကို စောင့်ထိန်းပြီး မကောင်းတာရှောင် ကောင်းတာဆောင်ပြီး စိတ်ကို ဖြူစင်အောင်ထားကာ ဒါန၊ သီလ၊ ဘာဝနာတို့ကို ကျင့်ကြံအားထုတ်ကြဖို့သာ လိုအပ်လှပေသည်။

မောင်မိုးဦး



www.burmeseclassic.com

ဘဝအတွက် မျှော်လင့်ချက်

ဓမ္မယောသက-အရှင်ဩဘာသ

ရဟန်းတို့လောကဌ သုံးယောက်ကုန်သော ဤပုဂ္ဂိုလ်တို့သည် ထင်ရှားရှိကုန်၏။ သုံးယောက်ကုန်သော ပုဂ္ဂိုလ်တို့ဟူသည် အဘယ်တို့နည်း။ မျှော်လင့်တောင့်တခြင်းမရှိသော ပုဂ္ဂိုလ်၊ မျှော်လင့်တောင့်တနေသောပုဂ္ဂိုလ်၊ ကင်းပြတ်ပြီးသော မျှော်လင့်တောင့်တခြင်းရှိသောပုဂ္ဂိုလ်တို့ ဖြစ်ပေ၏။

မြတ်စွာဘုရားရှင်သည် မျှော်လင့်ခြင်းနှင့်ပတ်သက်၍ ပုဂ္ဂိုလ်သုံးဦးရှိကြောင်းကို အင်္ဂုတ္တိရ်နိကာယ်၊ တိကနိပါတ်၊ ပဌမပဏ္ဏာသ၊ ရထကာရဝဂ်၊ အာသံသသုတ္တန်၌ ဤသို့ တိတိလင်းလင်း ဟောကြားတော်မူခဲ့၏။ မျှော်လင့်ခြင်းသည် ဘဝတစ်ခု တည်ဆောက်ဖို့ရာအတွက် လမ်းပြကြယ်ဖြစ်၏။ ကောင်းမွန်သောဘဝကို တည်ဆောက်ချင်သောသူသည် ကောင်းမွန်သော မျှော်လင့်ချက်ကို မွေးထုတ်ရမည်ဖြစ်၏။ မွေးထုတ်ပြီးသည်နှင့် မျှော်လင့်ချက်တို့ ကြီးပြင်းရာသို့ဘဝကို ပြောင်းရွှေ့ပေးရ၏။ မျှော်လင့်ချက်တို့ ကြီးပြင်းရာနေရာသည် ဝန်းကျင်တိုင်း၌ ရှိနေသည် မဟုတ်ပေ။

သန်းပေါင်းမြောက်မြားစွာ ချမ်းသာကြွယ်ဝချင်သော လူတစ်ယောက်သည် ငွေတစ်သိန်း၊ တစ်သန်းကိုတောင် မမြင်ဖူးသော ဆင်းရဲသားဝန်းကျင်တွင် နေထိုင်၍မဖြစ်။ သန်းပေါင်းများစွာ ချမ်းသာချင်သည့်အကြောင်းကို ဆင်းရဲသားဝန်းကျင်တွင် ပြောပြ၍မဖြစ်။ သန်းပေါင်းများစွာသော ငွေတို့သည် ဆင်းရဲသားဝန်းကျင်မှာမရှိ၍ မည်မျှပင်ရှာရှာ ရလိမ့်မည်မဟုတ်။ သန်းပေါင်းများစွာသောငွေကို ရှာဖွေနိုင်မည့်နည်းလမ်းကို ဆင်းရဲသားဝန်းကျင်က ဘယ်သူကမှ ပေးနိုင်မှာမဟုတ်။ သန်းပေါင်းများစွာ ချမ်းသာချင်သည့် အကြောင်းကို ပြောသောသူကိုပင် အရူးဟု သတ်မှတ်ကြမည်ဖြစ်၏။

ဆင်းရဲသားဝန်းကျင်သည် သန်းပေါင်းများစွာ ချမ်းသာချင်သောသူ၏ မျှော်လင့်ချက်များ ကြီးပြင်းရာဒေသမဖြစ်။ မျှော်လင့်ချက် ပျောက်ဆုံးရာ သချိုင်းကုန်းဖြစ်၏။ လူတို့ အားပေးမှုကို မြတ်နိုးကြ၏။ လိုလားကြ၏။ အားထုတ်မှုကို ကြောက်ရွံ့ကြ၏။ မကြားလိုကြ။ အားပေးမှု ရှိနေသောအခါ၌ ကြောက်စိတ်တို့သည် ပျောက်ကင်း၏။ ယုံကြည်မှုသည် ဖြစ်လာတတ်၏။ ရဲရင့်မှုတို့သည် ဖြစ်လာတတ်၏။ ယုံကြည်၊ ရဲရင့်မှုများသည် ခံနိုင်ရည်စွမ်းအင်ကို ထုတ်လုပ်ပေးတတ်၏။ မျှော်လင့်ချက်ကို ပြည့်ဝစေ၏။

အားပေးမှုမရှိ၊ အားယုတ်မှုတို့ကို ဖြစ်စေသည့်စကား၊ အမူအရာ စသည်တို့ကို မြင်ရ၊ ကြားရသောအခါ ပြည့်ပြည့်ဝဝရှိနေသော အားတို့သည်ပင် ယုတ်လျော့သွားတတ်၏။ ဖြစ်နိုင်ပါ့မလား စသောသံသယတို့သည် ဝင်လာတတ်၏။ လုပ်ရမှာကို ရဲတင်းခြင်းမရှိသော ကြောက်စိတ်တို့သည် ဖြစ်လာ၏။ သံသယစိတ်၊ ကြောက်စိတ်တို့သည် မျှော်လင့်ချက်တို့ကို ပျောက်ကင်းသွား စေ၏။ သန်းကြွယ်သူဌေး ဖြစ်ချင်သောသူကို သူ၏ ပတ်ဝန်းကျင်တွင် သူအလေးထားရသော ပုဂ္ဂိုလ်ကအစ အကြောင်းအရာစုံစုံနှင့် မဖြစ်နိုင်သော အကြောင်းကို ပြောပြသည့်အခါ သူသည် သူ၏ မျှော်လင့်ချက်အပေါ်၌ ယုံကြည်မှုနည်းပါးလာမည်ဖြစ်၏။ တွေဝေမှုများပြားလာမည်ဖြစ်၏။ မျှော်လင့်ချက်အတွက် ကြိုးစားအားထုတ်မှု၊ ရဲရင့်သတ္တိရှိမှုတို့နှင့် နည်းပါးလာမည်ဖြစ်၏။ တဖြည်းဖြည်း မျှော်လင့်ချက်သည် ရေနှင့်သတ်၍ ငြိမ်းသွားသော မီးများကဲ့သို့ ပျောက်ကွယ်သွားမည်ဖြစ်၏။

မျှော်လင့်ချက်ကင်းမဲ့သောဘဝသည် အစွမ်းအစ ကင်းမဲ့သောဘဝဖြစ်၏။ မျှော်လင့်ချက်ကြီးပြင်းရာဒေသ၌ မနေထိုင်ရခြင်းသည် အကျဉ်းကျနေခြင်းဖြစ်၏။ လူတိုင်းသည် အကျဉ်းသားဘဝကို ငြီးငွေ့ကြ၏။ အကျဉ်းသား မဖြစ်လိုကြ။ မဖြစ်လိုကြ၍ အကျဉ်းကျမည့် လုပ်ရပ်မျိုးတို့ကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြ၏။ မျှော်လင့်ချက်ကြီးပြင်းရာဒေသ၌ မနေထိုင်ရသော သူတို့သည်လည်း အကျဉ်းကျရအောင် အကျဉ်းကျနိုင်သည့် လုပ်ရပ်တို့ကို ရှောင်ကြဉ်ကြသလို မျှော်လင့်ချက်မကြီးပြင်းရာဒေသ၌ နေရခြင်းအကြောင်းကို ရှောင်ကြဉ်ကြရမည်ဖြစ်၏။ အတိတ်က အကျိုးပေးမှု ချို့တဲ့သောကြောင့် နံ့ချာသောဘဝကို ပိုင်ဆိုင်လာရ၏။ တိုးတက်မှုနည်းပါးလွန်းသော ဘဝအရပ်၌

www.burmeseclassic.com

www.burmeseclassic.com

[illegible]၏။ မျော်လင့်ချက်သည် ထိုလူနှလုံးသားဌ် တံ[illegible]လျှက် ပါလာ၏။

ထိုလူသည် ပါလာသော မျော်လင့်ချက်တံဆိပ်အား [illegible]စ်လိုက်မည်ဆိုလျှင် အမှားကြီးမှားခြင်းဖြစ်၏။ မျော်[illegible]ကြီးပြင်းလာဖို့အတွက် ထိုလူသည် နေရာဒေသကို [illegible]ည့်ရ၏။ ကိုယ်ရောက်ရှိနေသော နေရာဒေသသည် [illegible]ချက်ကြီးပြင်းရာဒေသ ဖြစ်,မဖြစ် ဆန်းစစ်ရ၏။ [illegible]ချက်ကြီးပြင်းရာဒေသကို တွက်ဆရ၏။ ကိုယ်[illegible]ရှိနေသော နေရာဒေသသည် မျော်လင့်ချက်ကြီးပြင်း[illegible] မဖြစ်လျှင် မျော်လင့်ချက်ကြီးပြင်းရာဒေသသို့ [illegible]၏။ မျော်လင့်ချက်ပြည့်ဝဖို့အတွက် နေရာဒေသသည် [illegible]ကျ၏။ ပေါင်းသင်းဆက်ဆံမှုဝန်းကျင်သည် အခရာ [illegible]၏။

လူဘဝသို့ ဆင်းလာခဲ့သော ဘုရားလောင်းသိဒ္ဓတ္ထမင်း[illegible]၏ ရည်ရွယ်ချက် (၀၊) မျော်လင့်ချက်သည် [illegible]တဉာဏ်ကို ရရှိဖို့ဖြစ်၏။ ထိုမျော်လင့်ချက်ဖြင့် [illegible]တာနှတ်ပြည်၌ စံစားစရာကောင်းသော စည်း[illegible]ရန်သောကို စွန့်လွှတ်ခဲ့၏။ လူပြည်တွင် ဘုရင့်သား [illegible]လာ၏။ တစ်ဦးတည်းသောသား နန်းတွင်းသူ[illegible]တွင်းသား အားလုံးကလည်း ဖူးဖူးမှတ်ချစ်ကြ၏။ [illegible]ယ်သည့်အရာကို ဖွင့်ဟလိုက်သည်နှင့် ရရှိပြီး[illegible]း သိဒ္ဓတ္ထမင်းသားဝန်းကျင်တွင် သက်ကြီးရွယ်[illegible]များမရှိ၊ နုပျိုနေဆဲ။ လှသွေးကြွယ်နေဆဲ မိန်းမ[illegible]လေးတွေသာ ဝန်းရံလို့။ နွေမှာနေမည့်နန်းဆောင်၊ [illegible]နေမည့်နန်းဆောင်၊ ဆောင်းမှာနေမည့်နန်းဆောင်။ [illegible]ဆောင်သုံးဆောင်ကလည်း နေချင်စရာ အလှတန်[illegible]တွေနှင့်။ အလှပဆုံး မိန်းကလေးများထဲတွင် [illegible]င်လို တော်ဝင်နေသော ဇနီးမယား ယသော်ဓရာ [illegible]ရားနှင့်။ စံစားချင်သလို စံစားနိုင်သော စည်းစိမ်[illegible]ဥစ္စာများနှင့် အပြစ်ဆိုသူ,မရှိ အချစ်ပိုသူတွေကြား [illegible]မှာ စိတ်အလိုတိုင်း နေခဲ့ရ၏။

သို့သော် သိဒ္ဓတ္ထမင်းသားသည် စည်းစိမ်ဥစ္စာ[illegible]များအပေါ်၌ ခံစားမှု နည်းပါးခဲ့၏။ စည်းစိမ်ဥစ္စာများ[illegible]အပေါ် တွယ်တာမှု နည်းပါးခဲ့၏။ စိတ်ချမ်းသာစရာ၊ [illegible]စရာကောင်းသောရုပ်ဝန်း၌ သိဒ္ဓတ္ထမင်းသားသည် [illegible]မျော်ရှုခဲ့။ အမြဲတစေ တွေးတောနေ၍ သိဒ္ဓတ္ထ[illegible]ငး်သား၏ မျက်နှာ၌ ပြုံးရိပ်များ ကင်းပျောက်နေခဲ့[illegible]၏။ သိဒ္ဓတ္ထမင်းသား မပျော်ရွှင်ခဲ့သည်မှာ သူ၏ မျော်လင့်ချက်ကြီးပြင်းရာဒေသ မဟုတ်သောကြောင့်ဖြစ်၏။ သိဒ္ဓတ္ထမင်းသား နေထိုင်ခဲ့သော ဝန်းကျင်တွင် သိဒ္ဓတ္ထမင်းသား၏ မျော်လင့်ချက်ကို နားထောင်ချင်သူ ရှား၏။ မျော်လင့်ချက်ကြီးပြင်းလာအောင်အတွက် နည်းပေးလမ်းပြမည့်သူ မရှိခဲ့။ ဝန်းကျင်တွင်လည်း မရှိ၊ လောကတွင်လည်း မရှိခဲ့ပေ။

သိဒ္ဓတ္ထမင်းသားသည် ဥယျာဉ်တော်သို့ မသွားခဲ့လျှင် နိမိတ်ကြီးလေးပါးကို မြင်ခဲ့လိမ့်မည်မဟုတ်။ နိမိတ်ကြီးလေးပါးကို မတွေ့ခဲ့လျှင် မျော်လင့်ချက်ကြီးပြင်းရာဒေသကို တွက်ဆသိနိုင်ခဲ့လိမ့်မည်မဟုတ်။ ဥယျာဉ်တော်သို့ သွားခဲ့၏။ နိမိတ်ကြီးလေးပါးကို တွေ့ခဲ့၏။ တွေ့သည်နှင့် သိဒ္ဓတ္ထမင်းသားသည် မျော်လင့်ချက်ကြီးပြင်းရာဒေသကို သိခဲ့၏။ သိသည်နှင့် မျော်လင့်ချက်ကြီးပြင်းရာဒေသသို့ ထွက်လာခဲ့၏။ သိဒ္ဓတ္ထမင်းသားသည် ကြည်နူးစရာကောင်းသော စည်း

www.burmeseclassic.com

www.burmeseclassic.com

စိမ်ဥစ္စာများကို စွန့်လွှတ်နိုင်ခဲ့၏။ ပျော်စရာကောင်းသော ဝန်းကျင်ကို ကျော်ခိုင်းနိုင်ခဲ့၏။ ချစ်စရာကောင်းသော ဇနီး ယသော်ဓရာနှင့် မွေးကင်းစသားရတနာ ရာဟုလာအား တွယ်တာမှု၊ မြတ်နိုးမှု သံယောဇဉ်များစွာကို ဖြတ်တောက်နိုင်ခဲ့၏။

သာမန်လူတစ်ယောက်၏ သမားရိုးကျ အတွေးမျိုးဖြင့် တွေးကြည့်မည်ဆိုလျှင် သိဒ္ဓတ္ထမင်းသား၏ လုပ်ရပ်သည် အစွန်းရောက်သကဲ့သို့ရှိ၏။ စိတ္တဇဖြစ်နေသူတစ်ယောက်၏ လုပ်ရပ်ကဲ့သို့ ဖြစ်နေ၏။ လူများစွာသည် အလုပ်များစွာကို ပြုလုပ်ပြီး ငွေကို သဲသဲမဲမဲကြီး လိုက်ရှာနေခြင်းသည် သိဒ္ဓတ္ထမင်းသားကဲ့သို့ စည်းစိမ်ချမ်းသာထက် ထိုင်ချင်ကြ၍ဖြစ်၏။ စည်းစိမ်ချမ်းသာအပေါ်မှာ ယစ်မူးချင်၍ဖြစ်၏။ လူများစွာ၏ စိတ်ကူးနှင့် သိဒ္ဓတ္ထမင်းသား၏ စိတ်ကူးသည် လုံးလုံးဆန့်ကျင်ခဲ့၏။ လူတို့၏သဘောထားသည် ကိုယ့်စိတ်ကူးကိုကိုယ် အမှန်တရားအဖြစ် သတ်မှတ်တတ်၏။ အများသမုတ်က ကြမ်းပိုးကိုပင် လိပ်အဖြစ် ရှုမြင်တတ်ကြ၏။ ဤအတွေးဖြင့်ကြည့်က သိဒ္ဓတ္ထမင်းသား၏ လုပ်ရပ်သည် အစွန်းရောက်သည်မှာ မှန်၏။ စိတ္တဇဖြစ်သည်မှာ မှန်၏။ အဘယ်ကြောင့်ဆိုလျှင် လူများစွာ၏အတွေးနှင့် သိဒ္ဓတ္ထမင်းသား အတွေးတို့ လုံးလုံးဆန့်ကျင်နေခဲ့သောကြောင့်ဖြစ်၏။

သိဒ္ဓတ္ထမင်းသားသည် ပေါင်းသင်းဆက်ဆံမှုဝန်းကျင်နှင့် ဆုံခဲ့၏။ ကောဏ္ဍညသောပုဏ္ဏားငါးယောက်သည် သိဒ္ဓတ္ထမင်းသား၏ မျှော်လင့်ချက်ကို အားပေးကြသူများဖြစ်၏။ သိဒ္ဓတ္ထမင်းသားသည် မျှော်လင့်ချက်ကို ယုံကြည်သကဲ့သို့ ကောဏ္ဍညသောပုဏ္ဏားငါးယောက်သည်လည်း သိဒ္ဓတ္ထမင်းသား၏ မျှော်လင့်ချက်ကို ယုံကြည်ခဲ့ကြ၏။ သိဒ္ဓတ္ထမင်းသားသည် မျှော်လင့်ချက်ကြီးပြင်းရာဒေသသို့ ရောက်သည်နှင့် အရည်အချင်းကို ပင်ပန်းကြီးစွာစုဆောင်းခဲ့၏။ ခြောက်နှစ်ကြာပြီးသည်နှင့် မျှော်လင့်ချက်များ ပြည့်ဝခဲ့၏။ သဗ္ဗညုတဉာဏ်ကို ရရှိခဲ့၏။ လောကသုံးပါး၏ ပူဇော်ရာ၊ ပုန်းအောင်းရာ၊ မှီခိုရာ မြတ်စွာဘုရား ဖြစ်ခဲ့၏။

မျှော်လင့်ချက်ပြည့်ဝသွားသော ပုဂ္ဂိုလ်ကို မြတ်စွာဘုရားက ကင်းပြတ်ပြီးသော မျှော်လင့်ချက်ရှိသူဟု ဆိုထားပါ၏။ သန်းကြွယ်သူဌေး ဖြစ်ချင်သောလူသည် မျှော်လင့်ချက်ကြီးပြင်းရာဒေသကို ရွေးချယ်လိုက်၏။ ယုံကြည်ချက်ဖြင့် ကြီးစားရှာဖွေ၏။ ကာလတစ်ခုနောက်တွင် ထိုလူသည် သန်းကြွယ်သူဌေး ဖြစ်လာ၏။ ထိုလူ သန်းကြွယ်သူဌေးဖြစ်နိုင်သည့် အခွင့်အရေးတစ်ခု ပေါ်လာ၏။ ထိုလူ စိတ်ဝင်စားတော့မည် မဟုတ်သော အဘယ်ကြောင့်ဆိုလျှင် ထိုလူသည် သန်းကြွယ်သူဌေး ဖြစ်နေသောကြောင့်ဖြစ်၏။

ရှင်းပြပါဦးမည်။ ပြိုင်ပွဲတစ်ခု ကြော်ငြာလာ၏။ ပြိုင်ပွဲတွင် ပထမရသွားသောသူသည် နောက်နှစ်များ ကျင်းသော ထိုပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိ။ လူများစွာသည် ယှဉ်ပြိုင်ကြ၏။ လူတစ်ယောက်သည် ပထမရသွားခဲ့၏။ နောက်နှစ်တွင်လည်း ပြိုင်ပွဲကြော်ငြာ ရောက်လာ၏။ ပထမရခဲ့သောလူသည် ပြိုင်ပွဲ၌ မျှော်လင့်ချက်ထားတော့မည် မဟုတ်ပေ။ ဤလူကို ပြိုင်ပွဲနှင့်ပတ်သက်၍ ကင်းပြတ်ပြီးသော မျှော်လင့်ချက်ရှိသူဟု ဆို၏။

မျှော်လင့်ချက်မရှိသောဘဝသည် တိုးတက်မှုမရှိသော ဘဝလည်းဖြစ်၏။ လူဘဝသို့ ရောက်လာသော လူများစွာသည် ဘဝအား တိုးတက်ချင်ကြ၏။ တိုးတက်ချင်သောသူသည် မျှော်လင့်ချက်ရှိရမည်ဖြစ်၏။ ပြီးလျှင် မျှော်လင့်ချက်ကြီးပြင်းရာဒေသသို့ သွားရမည်ဖြစ်၏။ ကင်းပြတ်ပြီးသော မျှော်လင့်ချက်ရှိသူဖြစ်အောင် ကြိုးစားရမည်ဖြစ်၏။ ကိုယ်လုပ်သမျှ အလုပ်တိုင်းမှာ မျှော်လင့်ချက်ပါရ၏။ ကိုယ်လုပ်သမျှ အလုပ်တိုင်းသည် မျှော်လင့်ချက်သို့ ရှေးရှုထားရ၏။ မျှော်လင့်ချက်ပါသောအလုပ်၊ မျှော်လင့်ချက်သို့ရှေးရှုသော အလုပ်တိုင်းသည် အကျိုးကြီး၏။

ဗုဒ္ဓဘာသာဝင်တို့သည် ဒါန၊ သီလ၊ ဘာဝနာအစရှိသော တို့ကို ပြုလုပ်ကြ၏။ အဘယ်ကို မျှော်လင့်၍ ဤကောင်းမှုတို့ကို ပြုလုပ်နေကြသနည်း။ စဉ်းစားသင့်၏။ လူချမ်းသာ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာအတွက်လား။ (သို့မဟုတ်) နိဗ္ဗာန်ချမ်းသာအတွက်လား။ (သို့မဟုတ်) မြတ်စွာဘုရား အရှင်သာရိပုတ္တရာတို့ကဲ့သို့ ဖြစ်ချင်သည့်အတွက်လား။ လူချမ်းသာ စသည်အတွက်ဆိုလျှင် မြတ်ဗုဒ္ဓအလိုမကျသော မျှော်လင့်ချက်ဖြစ်၏။ နိဗ္ဗာန်ချမ်းသာအတွက်၊ အရှင်သာရိပုတ္တရာကဲ့သို့ ဖြစ်ချင်သည့်အတွက် ဆိုလျှင် မြတ်ဗုဒ္ဓအလိုကျသော မျှော်လင့်ချက်ဖြစ်၏။ မြတ်ဗုဒ္ဓအလိုကျသော မျှော်လင့်ချက်အတိုင်း အလုပ်လုပ်လျှင် ထိုအလုပ်သည် ပါရမီထိုက်သောအလုပ် ဖြစ်ပါ၏။

မေတ္တာဖြင့်

ဓမ္မဇောသဂ-အရှင်ဣန္ဒဘာသ

www.burmeseclassic.com

ပြဿနာဆိုင်ဘာ

ဗဟိုရိစည်ဆရာတော်ဘုရားကြီး ဦးသောဘန

ကြည်ဝင်း(ဟသ်တ)

ဟသ်တမြို့ဟာ နှစ်စဉ် ရေကြီးတတ်တာမို့ ရေဘေး အန္တရာယ်က ကာကွယ်ဖို့အတွက် မြို့ရဲ့ ပတ်ပတ်လည်မှာ အတွင်းတာ၊ အပြင်တာတွေ တည်ဆောက်ထားပါတယ်။ မြို့ဟာ ရေမျက်နှာပြင်ထက် နိမ့်တဲ့အတွက် ရေတက်ပြီဆိုတာနဲ့ ရေအောက်ကို ရောက်နေပါပြီ။

ဟသ်တမြို့ရဲ့ မြို့အစွန် မြောက်ဘက်က စရေတွက်ရင် ညောင်ကုန်း၊ ချောင်းဖျား၊ ကိုင်းချောင်း၊ ချောင်းကူး၊ အင်းမ၊ သုံးမြေဆိုင်၊ ဒါးက၊ လိပ်ချောင်းမှာ ဆုံးပါတယ်။ အတွင်းတာ ဖြစ်ပါတယ်။

အပြင်တာ မြစ်ဘက်က ရေတွက်ရင်တော့ ဖောင်ဆိပ်၊ ငှက်ပျောတော၊ တာညွန့်(တာငုပ်)၊ အိပ်ဖျက်၊ သုံးမြေဆိုင်၊ ဒါးက၊ လိပ်ချောင်း ဆိုပြီး စက်ဝိုင်းကြီးလို ဖြစ်နေတဲ့ အတွက် ဘယ်နေရာကသွားသွား နောက်ဆုံးတော့ ကိုယ် စသွားတဲ့ နေရာကို ကိုယ်ပြန်ရောက်တာပါပဲ။

ဆိုက်ကားသမားလေး မောင်လူအေးဟာ ဒီကနေ့ အလွန်ပဲပျော်ရွှင်နေပါတယ်။ သူဟာ နံနက်စောစောက ခရီးသည်အချို့ကို လိပ်ချောင်းအထိ လိုက်ပို့ခဲ့ရပါတယ်။ လိပ်ချောင်းနဲ့ ဟသ်တမြို့ဟာ (၁၄၊ ၁၅)မိုင်လောက် ကွာဝေးပါတယ်။ ဘာပဲဖြစ်ဖြစ် မောင်လူအေးအတွက်တော့ နေ့တွက် တော်တော်စည်လိုက်ပါတယ်။

ဒါကြောင့်ပဲ မောင်လူအေးဟာ သီချင်းတကြော်ကြော် ဟစ်အော်ဆိုရင်း ဟသ်တမြို့ဘက်ကို ပြန်လာခဲ့ပါတယ်။ ဒါးကကျော်လို့ သုံးမြေဆိုင်နား ရောက်တဲ့အခါ ဟိုးရှေ့နားမှာ ဣန္ဒြေရရဲ့ တစ်လှမ်းစီ ကြွလှမ်းနေတဲ့ ရဟန်းတစ်ပါးကို မောင်လူအေး မြင်လိုက်ပါတယ်။

'အိုး..ဘုန်းဘုန်းကြီးပါလား'

မောင်လူအေးဟာ သူရဲ့နှုတ်ဖျားက လွတ်ခနဲ အာမေဋိတ်သံ တစ်ချက်ထွက်သွားပြီး ဝမ်းသာအားရလည်း ဖြစ်သွားပါတယ်။ သူဟာ ဘုန်းဘုန်းကြီးအကြောင်းကို များစွာကြားသိထားပါတယ်။

ဘုန်းဘုန်းကြီးရဲ့ဘွဲ့ဟာ ဦးသောဘနဖြစ်ပြီး ဘုန်းဘုန်းကြီးဘွဲ့ရဲ့ရှေ့မှာ ဗဟိုရိစည်ဆိုတဲ့ ဘွဲ့တံဆိပ် ရှိပါတယ်။ အပြည့်အစုံခေါ်ရရင် ဗဟိုရိစည်ဦးသောဘန အမည်နာမခေါ်တွင်ကြပါတယ်။ ဘုန်းဘုန်းကြီးရဲ့ တရားလက်ဆောင် ပုဒ်ကို နာကြည့်ကြပါ။

ဂိုဂ္ဂင်းဂျါ၊ ဂိုဂျါဂို၊
ကိုယ့်ဝမ်းနာ ကိုယ်သာသိ။
သူများမကောင်း မပြောနှင့်၊
တစ်ယောက်တည်း တည့်အောင်နေ၊
တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်း။

အင်မတန်ရိုးရှင်းတဲ့ ဓမ္မလက်ဆောင်ပါပဲ။ ဒီလိုသံဃာရစရာ ဓမ္မလက်ဆောင်တွေကို ရွတ်ဆိုပြီး တောင်ဝှေးတဒေါင်းဒေါက်ထောက်လို့ သပိတ်တစ်လုံး၊ ယပ်တစ်ချောင်းနဲ့ လမ်းမပေါ်မှာ တရွေ့ရွေ့သွားနေရာတဲ့ ဘုန်းဘုန်းကြီးဟာ မျက်စိမမြင်ရှာပါဘူး။

ဒါပေမဲ့ တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်ဟာ-

'အရှင်ဘုရား..မနက်ဖြန်မနက် တပည့်တော်တို့ရဲ့အိမ်ကို အရောင်ဆွမ်း (သို့မဟုတ်) နေ့ဆွမ်း ဘုဉ်းပေးရန် ကြွတော်မူပါ။ တပည့်တော် အရှင်ဘုရားအား ဆွမ်းစားပင့်ဖိတ်ပါတယ်။ တပည့်တော် ဦး(...)နဲ့ ဒေါ်(...)၊ အိမ်နံပါတ် (...)၊ (....)လမ်း၊ (...)ရပ်ကွက်မှာ နေပါတယ်ဘုရား'လို့ ဆွမ်းပင့်ဖိတ်ခဲ့ရင်း အချိန်၊ နေရာ အတိအကျအတိုင်း အဲဒီလမ်းမှာရှိတဲ့အိမ်ကို ဘုန်းဘုန်းကြီး ကြွရောက်လာပြီး ဆွမ်းဘုဉ်းပေး၊ ဆွမ်းအလှူနဲ့ လိုက်ဖက်တဲ့ တရားဟောလို့ သာဓုအနုမောဒနာပြုပါမယ်။

ဘုန်းဘုန်းကြီးဟာ နံနက်ပိုင်းမှာ ဆွမ်းခံ ဆွမ်းဘုဉ်းပေးပြီး တစ်လမ်းဝင် တစ်လမ်းထွက် ဓမ္မလက်ဆောင်များကို လှည့်လည်ရွတ်ဆိုပါတယ်။ ညချမ်းအခါမှာလေး သခိုင်း

www.burmeseclassic.com

www.burmeseclassic.com

သခ်ၤါင္း လုည့္လည္ျပီး တရားကျင့္ကြဲ အားထုတ္ခဲ့တယ္။ ဟသၤာတျမိဳ့မွာေတာ့ ဘုန္းဘုန္းၾကီး တရားအားထုတ္ခဲ့တဲ့သခ်ၤါင္း မရွိေတာ့ပါဘူး။ အခုအခါမွာေတာ့ ဘုန္းဘုန္းၾကီးဟာ ေမာင္လူအေးတို့ေနတဲ့ ဟသၤာတျမိဳ့အနွံ့ရွိတဲ့ ဆရာေတာ္ေတြ ဘုန္းၾကီးေတြ ရဟန္းရပ္ကြက္မွာရွိတဲ့ ထန္းပင္ကုန္းသခ်ၤါင္းမွာ တရားအားထုတ္ေနပါတယ္။

ဘုန္းဘုန္းၾကီးနဲ့ပတ္သက္လို့ ေမာင္လူအေး သိထားရတဲ့ ျဖစ္ရပ္တစ္ခု ရွိပါေသးတယ္။

ဟသၤာတျမိဳ့ လူဝင္မွုၾကီးၾကပ္ေရးဌာန(လ.ဝ.က)က ဦးစီးမွူးျဖစ္သူ ဦး(...)ဟာ ရုံးကိစၥနဲ့ ပုသိမ္တိုင္းရုံးကို သြားခဲ့ပါတယ္။ အျပန္ခရီးမွာ ဘုန္းဘုန္းၾကီးကို ပုသိမ္ျမိဳ့မွာ ေတြ့ခဲ့ပါတယ္။ တာဝန္နဲ့ လာခဲ့တာကလည္းျဖစ္၊ ေအာက လုမ္းျခင္လိုက္တာလည္းျဖစ္လို့ အမွတ္တမဲ့နဲ့ ဆြမ္းလာခဲ့ပါတယ္။ အျပန္ခရီးမွာ ဘုန္းဘုန္းၾကီးကို ကားနဲ့ လိုက္ပို့ခဲ့ရ အေကာင္းသားလို့ ေတြးမိပါတယ္။

ဟသၤာတျမိဳ့အဝင္ကို ေရာက္တဲ့အခါမွာေတာ့ ကားရွေ့တိုင္း(၂)တိုင္ အကြာေလာက္မွာ သပိတ္တစ္လုံး၊ ယပ္ေတာင္းနဲ့ လုမ္းကြဲေနတဲ့ ဘုန္းဘုန္းၾကီးကိုလည္းျခင္ ေရာ လ.ဝ.က ဒု-ဦးစီးမွူးဟာ အံ့ၾသတၾကီးနဲ့ ကားကို ရပ္ခိုင္းျပီး ကားေပါ္ကဆင္းလို့ ဘုန္းဘုန္းၾကီးကို ေခြေပါမွာ နဖူးတိုက္ျပီး ဖူးလိုက္မိပါေတာ့တယ္။ ဘုန္းဘုန္းၾကီးကေတာ့ ပုသိမ္ကဒကာတွေ ဆြမ္းစားပင့္လို့ ကြွတာလို့ မိန့္ၾကားေတာ္မူပါတယ္တဲ့။ [မွတ္ခ်က္-(၁၉၅၀)ျပည့္ႏွစ္က ျဖစ္ပါတယ္။]

အခုေတာ့ ေမာင္လူအေးဟာ မုတ္ဆိတ္ျဖူးစွဲကဲ့ ကြဲတာပါပဲ။ ဒါနဲ့ ဝမ္းသာအားရ ဘုန္းဘုန္းၾကီးကို မိအေၾကာင္းလိုက္ခဲ့ျပီး-

'ဘုန္းဘုန္းၾကီးဘုရား..ဟသၤာတကို ျပန္ကြွမယ္ဆိုရင္ တပည့္ေတာ္ဆိုက္ကားနဲ့ ကြဲျပါတယ္။ တပည့္ေတာ္လည္း ကုသိုလ္ရေအာင္ တက္စီးေတာ္မူပါဘုရား'

'ေမာင္လူအေးလား'

'တင္ပါ၊ ေမာင္လူအေးပါဘုရား'

ဘုန္းဘုန္းၾကီးဟာ လူတစ္ေယာက္ရဲ့အသံကို ၾကားရရင္လည္း နာမည္နဲ့တကြ မွတ္မိပါတယ္။

'သာခုကြယ်..သာခု..သာခု..ဘုန္းဘုန္းၾကီး ဒီနားမွာ ဝင္စရာရွိသေးတယ္ကြယ့္။ မလိုက္ေတာ့ပါဘူး'

ေအာင္မင္းခ်ိန္ဘြဲ့ တည္ခဲ့သည့္ ျမည္လုံးစေတီတစ္ဆူ

www.burmeseclassic.com

www.burmeseclassic.com

မောင်လူအေးလည်း ဘုန်းဘုန်းကြီးကို ဝတ်ဖြည့်လို့ ဆိုက်ကားကို ဆက်နင်းလာခဲ့ပါတယ်။ အလာတုန်းကလို တော့ အားကြိုးမာန်တက် မရှိတော့ပါဘူး။

ဒီလိုနဲ့ လာခဲ့တာ အင်းမ၊ ချောင်းကူး၊ ကိုင်းချောင်း၊ ချောင်းဖျား နင်းလာလိုက်တာ မြို့ကို လှမ်းမြင်နေရပါပြီ။ မကြာခင် သူနေတဲ့ ညောင်ကုန်းကို ရောက်တော့မယ်ဆိုတော့ အားပြန်တက်လာပြီး လေကလေးတချွန်ချွန်နဲ့ နင်းလာလိုက်တာ ထန်းပင်ကုန်းသခ်ျိုင်းနားကို ရောက်တဲ့အခါမှာတော့ မောင်လူအေး ဟာခနဲ ဖြစ်သွားပါတယ်။

ဘာကြောင့်လဲဆိုတော့ သခ်ျိုင်းထဲကိုဆင်းတဲ့ တာပေါ်က ကျောက်လှေကားထစ်ထိပ်မှာ တည်ငြိမ်တဲ့ ဣန္ဒြေနဲ့ ရပ်နေတဲ့ ဘုန်းဘုန်းကြီးကို ဖူးတွေ့လိုက်ရတာပါပဲ။ သူ ဆိုက်ကားကို အားသွန်ခွန်စိုက်နင်းလာလို့ ကျောက်လှေကားထစ်ထိပ်ကို ရောက်တဲ့အခါမှာတော့ ဘုန်းဘုန်းကြီးဟာ သခ်ျိုင်းထဲကို ဝင်ရောက်ပျောက်ကွယ်သွားပါတော့တယ်။

မောင်လူအေးကတော့ ဆိုက်ကားပေါ်ကဆင်းပြီး ဘုန်းဘုန်းကြီးရပ်ခဲ့တဲ့ ကျောက်လှေကားထစ်ပေါ်က ဘုန်းဘုန်းကြီးရဲ့ ခြေရာအစုံကို အသာကုန်းပြီး ဦးချလိုက်ပါတော့တယ်။

♦ ♦ ♦

ဘုန်းဘုန်းကြီးကို ကြည်ညိုတဲ့ မြို့ထဲက ဒကာတွေက ထန်းပင်ကုန်းသခ်ျိုင်းအစပ်နားမှာ ဘုန်းဘုန်းကြီး သီတင်းသုံးဖို့ ဝါးတဲကျောင်းလေးတစ်ဆောင် ဆောက်လုပ်လှူဒါန်းထားပါတယ်။ တဲလေးရဲ့ဘေးမှာ အဂ္ဂိရတ်ထိုးဖို့ အဖိကလေးတစ်ဆောင်လည်း ဆောက်လုပ်ထားပါတယ်။ မြို့ထဲက ဒကာတချို့ဟာ ဘုန်းဘုန်းကြီးဆီကိုလာပြီး တရားနာတရားအားထုတ် နားနေချိန်ကျ အဂ္ဂိရတ်ထိုးကြပါတယ်။

တစ်နေ့သောအခါမှာ ခင်မောင်မြင့်အမည်ရှိတဲ့ ကုလားတစ်ယောက်ဟာ ဘုန်းဘုန်းကြီးရဲ့ကျောင်းကို ရောက်လာပါတယ်။ နေ့စဉ် နံနက်(၃)နာရီလောက်ဆို ရောက်လာပြီး ထင်းခွဲ၊ ရေခပ်၊ ရေနွေးကျို၊ ယာဂုကျို ဘုန်းဘုန်းကြီးကို ကပ် စဉသည်ဖြင့် နေ့စဉ်ရက်ဆက် လုပ်ပါတယ်။ ဘုန်းဘုန်းကြီး ညောင်းညာတော်မူရင်လည်း နင်းနှိပ်ဝတ်ဖြည့်ရှာပါတယ်။

ဒီလိုနဲ့ (၄၊ ၅)လလောက် ဘုန်းဘုန်းကြီးရဲ့ ဝေယျာဝစ္စတွေကို လုပ်ပေးနေလေတော့ တစ်နေ့သောအခါမှာ ဘုန်းဘုန်းကြီးက ကုလားခင်မောင်မြင့်ကိုခေါ်ပြီး မေးပါတယ်။

'ခင်မောင်မြင့်..မင်း ဘာအလုပ် လုပ်သလဲ'

'တပည့်တော် ဆိုက်ကားနင်းပါတယ်'

'ဘာဖြစ်လို့ ဘုန်းဘုန်းရဲ့ ဝေယျာဝစ္စတွေကို လာလုပ်နေတာလဲ'

'တပည့်တော် ချဲပေါက်ချင်လို့ပါ'

'ငါ့ကို ကြည်ညိုလို့လာတာ မဟုတ်ဘူးလား'

'မဟုတ်ဘူး။ ချဲပေါက်ချင်လို့ပါ'

'ဘယ်လောက်ဖိုးပေါက်ရင် တော်ပြီလဲ'

'ငါးရာဖိုးပေါက်ရင် တော်ပါပြီ'

အဲဒီအချိန်တုန်းက ငွေကြေးဟာ အတော်ကိုတန်ဖိုးရှိပါတယ်။ ကျွန်တော်တို့ ကျောင်းဆရာလစာ တစ်ရာကျော်ရတာဟာ တစ်လ သုံးလို့မကုန်ပါဘူး။

ဒါနဲ့ ဘုန်းဘုန်းကြီးက-

'ကောင်းပြီ၊ ငါပြောတာကို သေသေချာချာမှတ်ထား။ နင် ငါးရာဖိုးထက် ပိုမထိုးနဲ့။ ပိုထိုးရင် သေလိမ့်မယ်'

'မှန်ပါ၊ ကြားပါတယ်ဘုရား'

'ငါးရာဖိုး ပေါက်ပြီးရင်လည်း နောက် ငါ့ကျောင်းကို မလာရဘူး။ ငါပြောတာ သေသေချာချာမှတ်သွား။ သွားတော့'

ကုလားခင်မောင်မြင့်ဟာ ဘုန်းဘုန်းကြီးထံကနေ ဝင်သာအားရဲ့ အိမ်ကို ပြန်လာခဲ့တယ်။ ထူးဆန်းတာကတော့ ချဲထွက်မယ့်နေ့မှာ သူဟာ ကြိုးစားပမ်းစား ဆိုက်ကားကို နင်းပေမယ့် ငွေငါးရာထက် ပိုမရပါဘူး။ အဲဒီငွေငါးရာကျပ်နဲ့ ချဲထိုးလိုက်တာ ချဲပေါက်ပါတယ်။ ရတဲ့ပိုက်ဆံကို သုံးလိုက်တာ ကုလားခပ်တဲ့ရေ ကုလားဖင်ဆေးတာနဲ့ကုန်ဆိုသလို နောက်ဆုံးတော့ ဒုံရင်း,ဒုံရင်းသာဖြစ်ပြီး ဆိုက်ကားပြန်နင်းနေရပါတယ်။ ဘုန်းဘုန်းကြီးထံကိုတော့ မသွားဝံ့တော့ပါဘူး။

တစ်နေ့သော နွေရာသီအချိန်မှာ ဘုန်းဘုန်းကြီးဟာ တဲကျောင်းအတွင်းမှာ တရားထိုင်နေပါတယ်။ ကျောင်းရဲ့ နံဘေးမှာရှိတဲ့ ဆေးရိုးပင်ပေါ်မှာ ချိုးငှက်ကလေးတစ်ကောင် လာကူနေပါတယ်။

'တကူ..ကူး..ကူး'

'တကူ..ကူး..ကူး'

ဘုန်းဘုန်းကြီးဟာ တရားအားထုတ်လို့အပြီးမှာတော့ ချိုးငှက်ကလေးဟာ ကူနေတုန်းပါပဲ။

'တကူ..ကူး..ကူး'

www.burmeseclassic.com

www.burmeseclassic.com

"အကူ..ကူး..ကူး"

ဘုန်းဘုန်းကြီးဟာ ချိုးငှက်ကြီးပေးနေရာကို တစ်ချက်ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်ပါတယ်။

ပြီးတော့-

"အောင်မယ်..ဒီကောင်က ထာပြီး လှောင်နေတာပေါ့"

အဲဒီလိုလည်း မိန့်တော်မူရာ ကျောင်းပေါ်မှာ ဝပ်နေကြတဲ့ ဝါမြီးကုလားကြီးဟာ ဖျတ်ခနဲပင်ပျော် တက်သွားပြီး ကိုယ်ဖမ်း၊ ဘုန်းဘုန်းကြီးရှေ့ ဆာရောပါတယ်။ ချိုးငှက်ဟာ ကြောင်ဝါမြီးကုလားကြီးကို ငုံခဲထားလို့ အတောင်တဖျတ်ဖျတ် ခတ်နေပေမယ့် ပျံမပြေးနိုင်ရှာပါဘူး။

ဘုန်းဘုန်းကြီးက-

"ဟဲ့..မြီးတို၊ သတ္တဝါတွေဟာ သေမယ့်ဘေးကိုတွေ့ ဘယ်လောက်တောင် ကြောက်ရွံနေသလဲ။ တွေ့ပြီလား။ လွှတ်လိုက်ပါကွယ်။ သာဓု..သာဓု..သာဓု"

ဒီလည်း မိန့်တော်မူလိုက်ရော မြီးတိုကြီးဟာ ချိုးငှက်ရဲ့ လည်မျိုကို ငုံခဲထားရာက အသာလွှတ်ပေးလိုက်ပါတယ်။ ချိုးငှက်ငယ်လည်း အတောင်ပံတဖျတ်ဖျတ်ခတ်ကာ ကျောင်းလေးကို သုံးကြိမ်ပတ်ဝဲပျံရင်း ပျံသွားရှာပါတော့တယ်။

တစ်နေ့တော့ မြို့ထဲက ဒကာကြီးသုံးယောက်ဟာ ဘုန်းဘုန်းထံကို တရားနာရောက်လာကြပါတယ်။ ပြီးတော့ တရားထိုင်ကြတော့ ဖိုထိုးရင်းက ငြင်းကြခုန်ကြဖြစ်ကြတော့ ဖိုထိုးနေတဲ့လုံတွေကွဲပြီး သူတို့ထိုးထားတဲ့ ဆေးလုံးဟာ မီးခဲတွေထဲမှာ ပြာတွေနဲ့ရောပြီး ရှာမရတော့ပါဘူး။ ဒီအချိန်မှာ ဘုန်းဘုန်းကြီးက ထလာပြီး-

"ကဲ..ကဲ..ဒကာစံတို့၊ ဒကာဌေတို့၊ ဒကာတင်တို့ ကြ,ဖယ်ကြ"

ဒကာကြီးသုံးယောက် နာမည်က ဦးစံတင်၊ ဦးဌေရန့်၊ ဦးတင်ရီတို့ ဖြစ်ပါတယ်။ ဘုန်းဘုန်းကြီးဟာ လူသုံးယောက်အသာဖယ်ပြီး ပြာနဲ့မီးခဲ ရောနေတဲ့ ပြာပုံထဲကို သူ့ရဲ့လက်နဲ့ ထိုးယက်ပြီး ဓာတ်လုံးကို လိုက်ရှာပါတယ်။

ပြီးတော့မှ-

"ဒါ..ဒကာကြီးတို့ရဲ့ ဓာတ်လုံးမဟုတ်လား"

ဒကာကြီးသုံးယောက်ဟာ ဓာတ်လုံးကို မကြည့်အားပါဘူး။ မီးခဲတွေရဲ့နေတဲ့ ပြာပုံထဲကို လက်နဲ့ယက်နေတဲ့ ဘုန်းဘုန်းကြီးကိုသာ ပါးစပ်အဟောင်းသားနဲ့ ကြည့်နေရှာပါတယ်။

ဘုန်းဘုန်းကြီးက သူတို့(၃)ယောက်ကို အသာခေါ်ပြီး ကြေးဝါ(၂)ကျပ်သားတုံး တစ်တုံးကို ယူလိုက်ပါတယ်။ ပြီးတော့ လုံထဲကို ထည့်ထိုးလိုက်တာ (၁၅)မိနစ်ကြာလို့ ထုတ်လည်းကြည့်လိုက်ရော (၂ ကျပ်သားလောက်ရှိတဲ့ ရွှေတုံးကလေးတစ်တုံးကို တွေ့ရပါလေရော။

အဲဒီရွှေတုံးကလေးကို ပန်းထိမ်သွားပြလို့ ခိုင်းလိုက်တော့ ဒကာကြီးသုံးယောက်ဟာ ဖိုးကျိုင်းတုတ်ဖြစ်သွားပြီး သူတို့အသိ ပန်းထိမ်ဆရာတစ်ယောက်ထံမှာ သွားပြပါတယ်။ ရွှေတုံးကလေးကို မှတ်ကျောက်တိုက်ကြည့်တယ်။ ငရဲမီး စားကြည့်တယ်။ ရွှေအစစ်မှ ရွှေအစစ်ပါပဲ။ ဒါနဲ့ သုံးယောက်သား ဝမ်းသာအားရ ပြန်လာကြပြီး ဘုန်းဘုန်းကြီးကို လျှောက်တဲ့အခါမှာတော့ ဘုန်းဘုန်းကြီးဟာ အနီးမှာရှိတဲ့ ကွမ်းအစ်ထဲက ကွမ်းညှပ်ကိုယူပြီး အဲဒီရွှေတုံးကလေးကို အပိုင်းပိုင်းဖြစ်အောင် ဖြတ်ပစ်လိုက်ပါတယ်။

ပြီးတော့-

"ဒီဟာ ဒကာကြီးတို့နဲ့ မတန်ဘူး"

www.burmeseclassic.com

အဲဒီလို မိန်းကြားတော်မူပြီး ရွှေတုံးအိုင်းအစလေးတွေကို ကျောင်းသားနားက ရေတွင်းထဲကို ပစ်ချလိုက်ပါတော့တယ်။

♦ ♦ ♦

တစ်နေ့သောအခါမှာ ဘုန်းဘုန်းကြီးဆီကို ဘုန်းဘုန်းကြီးရဲ့ ခမ္မမိတ်ဆွေတစ်ဦး ရောက်ရှိလာပါတယ်။ အဲဒီ ခမ္မမိတ်ဆွေရဲ့ အမည်က မင်းခေါင်ကြီးလို့ ခေါ်ပြီး ထိုပုဂ္ဂိုလ်ဟာ နောင်အခါမှာတော့ အောင်မင်းခေါင်ကြီးဆိုပြီး မြန်မာပြည်တစ်လွှား အလွန်ကျော်ကြားတဲ့ ထွက်ရပ်ပေါက် ဝိဇ္ဇာတစ်ဦးပဲ ဖြစ်ပါတယ်။

သူတို့နှစ်ဦးဟာ လောကီ၊ လောကုတ္တရာ အကြောင်းအရာတွေကို ထိုင်ပြီး ဆွေးနွေးနေကြတာ တစ်ပတ်တောင်ကြာပါသတဲ့။ လုံးဝကိုပဲ ထိုင်ရာက မထကြပါဘူး။ ပြန်ခါနီးတော့ မင်းခေါင်ကြီးက ဘုန်းဘုန်းကြီးကို-

'တပည့်တော် ထုံကူးစရာရှိလို့ ဘုန်းဘုန်းရဲ့ တပည့်တစ်ယောက်လောက် တပည့်တော်နဲ့ ထည့်ပေးလိုက်ပါလား'

'စိတ်ချရတဲ့ တပည့်တော့ ရှိပါရဲ့။ ဒါပေမဲ့ အလွန်အ၊တယ်၊ အလွန် နံတယ်'

'အ၊တာ၊ နံတာ ကိစ္စမရှိပါဘူး။ သစ္စာရှိဖို့ပဲ လိုပါတယ်'

'ဒီအတွက်တော့ မပူနဲ့။ အလွန်ပဲ စိတ်ချရပါတယ်'

'ဒါဆို တပည့်တော်နဲ့ ထည့်လိုက်ပါဘုရား'

'ကောင်းပါပြီ'

မင်းခေါင်ကြီးဟာ ဘုန်းဘုန်းကြီးကို ဦးချဝတ်ပြုပြီး ပြန်တဲ့အခါမှာ ဖိုးလူကလေးဆိုတဲ့ ဘုန်းဘုန်းကြီးရဲ့ တပည့်တစ်ယောက်ကို ခေါ်သွားပါတယ်။ ပုပ္ပားကို ရောက်တဲ့အခါ မင်းခေါင်ကြီးက ထုံကူးဖို့ လုပ်ပါတယ်။ ထုံကူးတယ်ဆိုတာဟာ ထွက်ရပ်ပေါက် ဝိဇ္ဇာလမ်းကို လိုက်သူတွေ အသက်ကို ရာနဲ့ ထောင်နဲ့ချီပြီး ရှည်အောင် ဆွဲဆန့်တဲ့နည်းပါပဲ။

ထုံကူးရာမှာ ရေထုံ၊ မီးထုံ ကူးနည်းအမျိုးမျိုး ရှိပါတယ်။ တစ်ခါထုံကူးပြီးရင် နှစ်(၅၀၀)၊ (၁၀၀၀) စသည်ဖြင့် အသက်ရှည်ကြပါတယ်။ အခု မင်းခေါင်ကြီးကတော့ ကျောက်ဂူတစ်ခုထဲမှာ တရားအားထုတ်ရင်း မီးထုံကူးခဲ့ဖြစ်ပါတယ်။ သူ့ရဲ့ကျင့်စဉ် အောင်မြင်သွားလို့ မင်းခေါင်ကြီးကနေ အောင်မင်းခေါင်ကြီးရယ်လို့ မြန်မာပြည်တစ်လွှားမှာ ဟိုးဟိုးကျော်ကြားသွားပါတယ်။

မင်းခေါင်ကြီးက ဖိုးလူကလေးကို ခေါ်ပြီး-

'ကိုင်း...ငါ့တပည့်၊ ဆရာ ဒီကျောက်ဂူထဲမှာ (၄၅) ရက် တရားအားထုတ်မယ်။ ဒီဂူထဲကို ဘယ်သူမှ မဝင်အောင် ငါ့တပည့်က တားဆီးပေးပါ။ ဟုတ်ပြီလား'

'စိတ်ချပါ ဆရာ၊ ကျွန်တော် အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါ့မယ်'

ဒါနဲ့ မင်းခေါင်ကြီးဟာ ကျောက်ဂူထဲကို ဝင်သွားပြီး ဂူတံခါးကိုပိတ်၊ တရားအားထုတ်ပါတယ်။ ဖိုးလူကလေးကတော့ ကျောက်ဂူရှေ့က ကျောက်တုံးတစ်တုံးပေါ်မှာ ဓား၊ လှံ၊ လက်နက်ကိုင်ဆွဲပြီး စောင့်နေပါတယ်။ ဂူထဲကို မဝင်ခင် မင်းခေါင်ကြီးက သူ့ကို ပြဒါးပြာ အနည်းငယ်ကျွေးထားလို့ (၄၅)ရက်တိတိ ဘာမစားဘဲ နေနိုင်ပါသတဲ့။ (၄၅) ရက်ပြည့်တဲ့ နေ့မှာတော့ တောအောက်က လူတစ်ယောက် တက်လာပါတယ်။



ဒါနဲ့ ဖိုးလူကလေးက ထိုင်ရာမတ်မတ်ရပ် ဓား၊ လှံကို ကိုင်ထားပြီး-

'ဟေ့လူ...ရပ်၊ ရှေ့မတိုးနဲ့'

www.burmeseclassic.com

www.burmeseclassic.com

'ဘာကြောင့် ရပ်ရမှာလဲ'

'ဒီဈေးထဲမှာ ငါ့ဆရာ တရားအားထုတ်နေတယ်။ ဘယ်သူမှ မဝင်ရဘူး'

ထိုသူက တဟားဟားနဲ့ အော်ဟစ်ရယ်မောလိုက်ပါတယ်။

'ဝင်တော့ ဘာဖြစ်လဲ'

'ဝင်ရင် သေဖို့သာပြင်ထား။ ဟောဒီမှာကြည့်'

ဖိုးလူကလေးက သူ့လက်ထဲက ဓားနဲ့လှံကို ပြပြီး ထိုသူကို ကြိမ်းမောင်းလိုက်ပါတယ်။

ဒီအခါ ထိုသူက-

'ငါ့တပည့်..သစ္စာရှိပါပေတယ်'

လို့ ပြောလိုက်တော့မှ ဖိုးလူကလေးလည်း-

'ဟာ..ဆရာပါလား' ဆိုပြီး 'ကုန်းကာဦးချပါတယ်။

အောင်မင်းခေါင်ကြီးက-

'ဆရာတော့ ကိစ္စပြီးသွားပြီ။ မင်းစိတ်ကို သိလိုလို့ စမ်းသပ်တာပဲ။ ဆရာ သိဒ္ဓိပေါက်ရတာဟာ ငါ့တပည့်ရဲ့ ကျေးဇူးတွေ အများကြီးပါတယ်။ ကိုင်း..တပည့် လိုရာ တောင်းပါ။ ဆရာ ပေးပါ့မယ်'

ဒီအခါ ဖိုးလူကလေးက သူ့ကို ငွေပွား(၅)ကျပ် လုပ်ပေးဖို့ အောင်မင်းခေါင်ကြီးကို ပြောပါတယ်။ ငွေပွား(ငွေပျဲ)ဆိုတာကတော့ အဲဒီငွေဟာ သုံးပြီးတာနဲ့ မိမိထံကို ပြန်ရောက်လာတဲ့ငွေကို ခေါ်တာပါ။ တစ်ခုရှိတာကတော့ မိမိရဲ့ ငွေပွား(၅)ကျပ်ရှိရင် (၄)ကျပ် (၉၅)ပြားအထိ သုံးလို့ ရပါတယ်။ ဘယ်လိုပဲသုံးသုံး သုံးပြီးတာနဲ့ ငွေ(၅)ကျပ် ပြန်ဖြစ်နေတော့တာပါပဲ။

ငါးကျပ်ပြည့်အောင်တော့ မသုံးရပါဘူး။ သုံးလိုက်ရင် ပြန်လာတော့ပါ။

ဖိုးလူကလေးက သူ့ကို ငွေပွား(၅)ကျပ် လုပ်ပေးဖို့ ပြောတော့ အောင်မင်းခေါင်ကြီးက-

'တပည့်..ငွေပွား(၅)ကျပ်လည်း ယူပါ၊ တခြားအလိုရှိရာကိုလည်း တောင်းဦး'

အောင်မင်းခေါင်က ဘယ်လိုပဲပြောပြော ဖိုးလူကလေးက ငွေပွား(၅)ကျပ်က လွဲလို့ တခြားဘာကိုမှ မတောင်းပါဘူး။

ဒါနဲ့ အောင်မင်းခေါင်ကြီးလည်း စိတ်လျှော့ပြီး-

'ကိုင်း..ကိုင်း..ငါ့တပည့်၊ ဒီမှာ ငွေပွား(၅)ကျပ်၊ ကုန်အောင် မသုံးလေနဲ့။ ကြားလား'

ဖိုးလူကလေးလည်း ဝမ်းသာအားရနဲ့-

'စိတ်ချပါ ဆရာ'

အောင်မင်းခေါင်ကြီးက ခေါင်းတညိတ်ညိတ်နဲ့-

'ကဲ..တပည့်၊ ပြန်ပေဦးတော့။ ဘုန်းဘုန်းကြီးထံ ရောက်ရင် သူ့မိတ်ဆွေကြီးတော့ ကိစ္စပြီးစီးအောင်မြင်သွားပြီ။ ဘုန်းဘုန်းကြီးဆီလည်း လာပြီးကန်တော့ပါဦးမယ်လို့ ပြောလိုက်ကွယ်'

'ဟုတ်ကဲ့ပါ ဆရာ'

ဖိုးလူကလေးလည်း အောင်မင်းခေါင်ကြီးကို ဦးချကန်တော့ပြီး ပြန်လာခဲ့ပါတော့တယ်။ လမ်းတစ်လျှောက်မှာလည်း သုံးလိုက်တာ ဘယ်လိုပဲသုံးသုံး ငွေပွား(၅)ကျပ်ကုန်ကို မကုန်နိုင်ပါဘူး။

ဒီလိုနဲ့ ဟင်္သာတကို ပြန်လာလိုက်တာ လက်ပံတန်း၊ သာရဝေါ၊ ဟင်္သာတဘက်ကမ်းက စိန်တုန်းကို ရောက်ပါလေရော။ စိန်တုံးဆိုတာကတော့ ဟင်္သာတမြို့ရဲ့ သင်္ဘောဆိပ်ကြီး ဖြစ်ပါတယ်။ သင်္ဘောဆိပ်မှာ ဈေးဆိုင်တွေ၊ စားသောက်ဆိုင်တွေဟာ ပွဲစျေးတန်းကြီးတစ်မျှ အလွန်ပဲစည်ကားလှပါတယ်။ ဖိုးလူကလေးလည်း ထမင်းဆိုင်တစ်ဆိုင်မှာဝင်ပြီး ထမင်းစားပါတယ်။ ထမင်းစားနေတုန်း ဆိုင်ရဲ့ အနောက်ဘက်က အသံတွေကြားလို့ ထမင်းစားအပြီး စပ်စုလိုစိတ်နဲ့ သွားကြည့်တော့ လား..လား...ဖဲရိုက်နေကြတာ ပွဲတော်ကြီးကျနေတာပဲ။ အုန်းအုန်း၊အုန်းအုန်းနဲ့ ခြိမ့်ခြိမ့်သဲသဲ အော်ဟစ်ဖဲရိုက်နေကြတာမြင်တော့ ဖိုးလူကလေးလည်း သေားကနေ ဝင်ထိုးပါတယ်။

ပထမတော့ တစ်ကျပ်၊ နှောက် နှစ်ကျပ်၊ နှစ်ကျပ်ကနေ သုံးကျပ် ထိုးရင်၊ထိုးရင်း ကြာလာတော့ စိတ်မရှည်တော့ပါဘူး။ ဒါနဲ့ ငါးကျပ်ဆိုပြီး ပိတ်ပြီးထိုးထည့်လိုက်တာ ရှုံးပါလေရော။ ရှုံးလည်းရှုံးတော့မှ သတိရပါတော့တယ်။ ငွေပွားကလေး(၅)ကျပ်ကတော့ သွားရှာပါပြီ။ ဖိုးလူကလေး ဖဲဝိုင်းထဲမှာ ဝင်ပြီးထိုးနေတာ ရက်ကိုပြန်တွက်ကြည့်လိုက်တော့ တစ်လတောင် ကြာပါတယ်တဲ့။ အိတ်ထဲရှိသမျှလည်း ကုန်ပြီဆိုတော့ စိန်တုံးကနေ ဟင်္သာတမြို့ထဲကိုရောက်အောင် ကုန်းကြောင်းလျှောက်ပြီး ပြန်လာခဲ့ရပါတယ်။

ဘုန်းဘုန်းကြီးထံကိုရောက်လို့ အကျိုးအကြောင်းလျှောက်ထားငဲ့အခါမှာတော့-

'အောင်မင်းခေါင်ကြီး ငါ့ဆီလာသွားပြီ။ တော်တော်မိုက်တဲ့ ငဖိုးလူပဲ'

www.burmeseclassic.com

www.burmeseclassic.com

ဘုန်းဘုန်းကြီးက မိန့်တော်မူပါတယ်တဲ့။

♦ ♦ ♦

'ဟဲ့..ဖွားတင်၊ ငါဒီမှာနေရတာ မွန်းကြပ်လှပြီ။ ငါ့ကို အပြင်ထုတ်ပေးကြစမ်း'

ဒေါ်ဖွားတင်တစ်ယောက် လန့်ဖျပ်ပြီး အိပ်ရာထဲကနေ ခုန်ထမိပါတယ်။

နှုတ်ကလည်း-

'အမယ်လေး..ဘုန်းဘုန်းကြီးပါလား'

ဟိုဟိုဒီဒီကြည့်မိလိုက်တော့ မနက်(၂)ချက်တီးပဲရှိပါသေးတယ်။ အိပ်ရာကထဖို့ စောနေသေးသလို ဆက်အိပ်ရမှာကလည်း မရ။ အခုမှ ဒုက္ခလှလှကြီး တွေ့နေတော့တာပါပဲ။ ဘာလုပ်ရင်ကောင်းမလဲလို့ စဉ်းစားကြည့်မိပါတယ်။

အမှန်ပြောရရင် ဘုန်းဘုန်းကြီး ပျံလွန်တော်မူတာဟာ (၆)လကျော်ခဲ့ပါပြီ။ တကယ်ဆိုရင် ဆရာရင်း၊ ဒကာရင်း တွေဖြစ်လို့ ကြောက်စရာအကြောင်း ဘာမှမရှိပါဘူး။ အမှတ်တမဲ့မို့ လန့်သွားတာပါ။ အချိန်ကလည်း ကုန်နိုင်ခဲလိုက်တာ။ မိုးရယ် မြန်မြန်လင်းပါတော့လို့ ငုတ်တုတ်ထိုင်ရင်း ဆုတောင်းနေမိပါတော့တယ်။

မိုးလင်းတာနဲ့ ဘုရားဒကာကြီး ဦးငွေရကို ညက အိပ်မက်အကြောင်းကိုပြောပြဖို့ အပြေးအလွှားသွားလိုက်ပါတယ်။ ဦးငွေရအိမ်ရောက်လို့ ကြည့်လိုက်တဲ့အခါ ဦးတင်၊ ဦးရီ၊ ဒေါ်စီ၊ ဒေါ်ကြည် စတဲ့ ဘုန်းဘုန်းကြီးရဲ့တပည့်(၄၊ ၅)ယောက်ဟာ ရောက်နှင့်နေပြီး မျက်နှာသေလေးတွေနဲ့ ငုတ်တုတ်ထိုင်နေကြတာကို တွေ့မြင်ရပါတယ်။

ဘုရားဒကာကြီး ဦးငွေရက-

'လာ..လာ..ဒေါ်ဖွားတင်ရေ။ အခုပဲ ခင်ဗျားကို လူလွှတ် ခေါ်ခိုင်းတော့မလို့'

နောက်ဆုံးသတ္တုချလိုက်တော့ ဒီမှာရောက်နေကြသူ အားလုံးဟာ ဒေါ်ဖွားတင်ညက အိပ်မက်,မက်ပြီး ကြားခဲ့တဲ့ အတိုင်း တစ်ချိန်တည်း၊ တစ်ပုံစံတည်း၊ တစ်ထပ်တည်း အိပ်မက်,မက်ခဲ့ကြလို့ ဘာလုပ်ကြမလဲဆိုပြီး ဦးငွေရအိမ်ကို လာရောက်စုဝေးကြတာပါပဲ။

အားလုံးစုပေါင်းပြီး တိုင်ပင်ကြလို့ ပြီးဆုံးတဲ့အခါမှာတော့ ဘုန်းဘုန်းကြီးရဲ့ရုပ်အလောင်းကိုပြန်ဖော်ပြီး အပေါက်ကလေးတွေဖောက်ထားတဲ့ (လေဝင်ပေါက်ကလေးကတွ ဖြစ်ပါတယ်) မှန်ခေါင်းနဲ့ထားကာ ဘုန်းဘုန်းကြီးဆန္ဒ အတိုင်း ထားရှိပူဇော်ကြပါတယ်။

(၆)လကျော် မြေမြှုပ်သင်္ကြိုဟ်ခဲ့ပေမယ့် ဘုန်းဘုန်းကြီး ခန္ဓာကိုယ်ဟာ ပျက်စီးယိုယွင်းမှု မရှိခဲ့ပါဘူး။ မှန်ခေါင်းနဲ့ ထားရှိစဉ် ခြေသည်း၊ လက်သည်းတွေ ရှည်ထွက်လာခြင်း၊ ဆံပင်ရှည်လာခြင်း၊ ကိုယ်ခန္ဓာမှ ချွေးများထွက်ခြင်း စသည်တို့ကို လာရောက်ဖူးမြော်ကြသူတိုင်း တွေ့မြင်ကြရပါတယ်။

ဘုန်းဘုန်းကြီး သက်တော်ထင်ရှား ရှိစဉ်အခါက ကွယ်တော်ဟာ ခမ္မမိတ်ဆွေတစ်စုနဲ့ ဘုန်းဘုန်းကြီးကို သွားရောက်ဖူးမြော်ခွင့် ကြုံခဲ့ရပါတယ်။

ကျွန်တော်တို့ ရောက်သွားတဲ့အခါမှာ ပြုံးပြုံး,ပြုံးပြုံးနဲ့ ဘုန်းဘုန်းကြီးက ဆီးကြိုပါတယ်။

ဘုန်းဘုန်းကြီးကို ဦးချဝတ်ဖြည့်ပြီးလို့ ခဏအကြာမှာ ဘုန်းဘုန်းကြီးက သူ့ရဲ့ ဘုရားခန်းကို ညွှန်ပြပြီး-

'ညက ငါ ဒီနေရာမှာ တရားထိုင်နေတုံး'

ဘုန်းဘုန်းကြီးက ကွမ်းအစ်ကိုယူ ကွမ်းသီးတစ်လုံးကို ကွမ်းညှပ်နဲ့ ညှပ်လိုက်ပါတယ်။ ပြီးမှ-

'ဗြုန်းခနဲဆို လေထဲကိုမြောက်သွားတယ်။ ကြည့်လိုက်တော့ ငါ့ချိုင်းကို တစ်ဖက် လူတစ်ယောက်စီ မ,ထားကြတယ်'

'ဘယ်ကိုခေါ်သွားကြတာလဲဘုရား'

'မသိပါဘူးကွာ။ လေထဲမြောက်တက်သွားပြီး ပျံသွားလိုက်တာ ဟသ်ာညီနောင်နဲ့ စကားများလို့ သေပွဲဝင်ရတဲ့ လိပ်မိုက်ကိုတောင် သတိရလိုက်သေးတယ်'

ဘုန်းဘုန်းကြီးက ကမ်းရွက်ကို ထုံးနဲ့ကွမ်းသီးထည့်ပြီး ကွမ်းတစ်ယာယာပြီး စားလိုက်ပါတယ်။

'ပျံနေတုန်း မြေပြင်ကို ငုံ့ကြည့်လိုက်တော့ အောက်မှာ ရေ၊ မြေ၊ တော၊ တောင်၊ မြစ်၊ ချောင်း၊ အင်းအိုင်တွေ သေးသေးလေးမှ တကယ့်ကို သေးသေးလေးပါပဲ'

'မိန့်တော်မူပါဦးဘုရား'

'တော်တော်သွားမိလို့ အောက်ကိုဆင်းလိုက်တော့ ဝူကြီးတစ်ဂူရှေ့ကို ရောက်နေပါလေရော'

'အံ့သြစရာပါပဲ ဘုန်းဘုန်းကြီးဘုရား'

'ဂူထဲမှာ ဘုန်းကြီးတွေ၊ ရသေ့တွေ၊ ဝိဇ္ဇာတွေစုံလို့ သူနေရာနဲ့သူ တရားထိုင်နေလိုက်ကြတာ ဝိဇ္ဇာညီလာခံပဲ'

'ဝိဇ္ဇာညီလာခံတဲ့လားဘုရား'

'အိမ်း..ဟုတ်သကွယ်။ ငါလည်း ခဏတော့ရပ်နေလိုက်သေးတယ်။ နောက်ကျမှ ဖြစ်ချင်ရာဖြစ်နေပြီး ဂူထဲ

www.burmeseclassic.com

ဗဟိုရာဇဝင်သရုပ်ဖော်ဘုရားကြီး ဦးဘသာစာရေးဆရာတော်

ရှာတော်မင်းသွား၊ နေရာလွတ်တစ်ခုတွေ့လို့ ထိုင်ချလိုက်တယ် လုပ်လိုက်တော့ ဆရာတော်ကြီးက ငါ့ကို..'

အားလုံးက ဘုန်းဘုန်းကြီး ဘာပြောမလဲ စိတ်ဝင်စားစွာ စောင့်နေကြပါတယ်။

ဘုန်းဘုန်းကြီးကလည်း လက်ညှိုးနဲ့ ထုံးစံအတိုင်းပြီး-

'အဲ့..ကလေး၊ ဒီနေရာမှာ မထိုင်ရဘူး။ ငါ့ကို လာလို့ပြောပြီး ငါ့ကို အတင်းဆွဲထားတာပဲ။ ငါ့ကို ကလေးတဲ့ကွာ။ ဟား...ဟား'

ဘုန်းဘုန်းကြီးက သဘောကျစွာ ရယ်နေပါတယ်။ ကျွန်တော်က-

'ဘုန်းဘုန်းကြီး.. သက်တော် ဘယ်ရှိပြီလဲ ဘုရား'

'ရှစ်ဆယ့်ခုနစ်'

'တိုပုဂ္ဂိုလ်တွေအသက်က အနည်းဆုံးငါးရာ၊ တစ်ထောင်တွေပဲ။ ဒါကြောင့် ဘုန်းဘုန်းကြီးကို ကလေးလို့ခေါ်တာလဲ'

'အေးကွယ်၊ ဒါလည်း ဟုတ်တာပဲ။ ငါ့ကို ကလေး ဟား..ဟား..ဟား'

ကလေးငယ်တစ်ယောက်လို ဟန်ဆောင်မှုကင်းစွာနဲ့ ပြောဆိုနေတဲ့ ဘုန်းဘုန်းကြီးကို အခုတိုင်အောင် ကျွန်တော့်မျက်စိထဲမှာ မြင်ယောင်နေမိပါတယ်။ လူ့ဘဝကို ရောက်လာခဲ့တဲ့ သင်ဟာ လူသားတို့ ကောင်းကျိုးအတွက် ဘာတွေဆောင်ရွက်ပေးခဲ့ပါသလဲ၊ ဘာတွေထားရစ်ခဲ့ပါသလဲ။ ဘုန်းဘုန်းကြီးကတော့ သူ့ဘဝတစ်လျှောက်လုံး လူတွေကောင်းကျိုးအတွက် မရပ်မနားသွားလာရင်း ဆောင်ရွက်ခဲ့ပါတယ်။

◆◆◆

ဟင်္သာတမြို့ရဲ့ အရှေ့မြောက်ဘက်အတိုင်း သွားခဲ့ရင် ခြောင်းဆေးကျွန်းဆိုတဲ့ သဲသောင်ပြင်ပေါ်မှာတည်ရှိတဲ့ ရွာကြီးတစ်ရွာကို တွေ့ရပါတယ်။ အဲဒီရွာဘေးကဖြတ် သဲသောင်ပြင်ပေါ် တစ်မိုင်ခွဲ၊ နှစ်မိုင်ခန့် သွားလိုက်ရင်တော့ ကုန်းသင်္ဘောဆိပ်ကို ရောက်ပါတယ်။ သောင်ပြင်ပေါ်မှာ ဆောက် မြစ်ရေကြီးပြီး ပြန်ကျသွားတဲ့အခါ တင်ကျန်ရစ်ခဲ့တဲ့ နှန်းတင်မြေနုတွေ ရှိပါတယ်။ ခေါင်းဆေးကျွန်းရွာက လူတွေဟာ အဲဒီနှန်းတင်မြေနုပေါ်မှာ ဖရဲသီး၊ စိမ်းစား၊ ဘူးသီး၊ သခွားသီး၊ နေကြာ၊ မြေပဲ၊ ပဲအမျိုးမျိုး၊ ပြောင်းစသဖြင့် စိုက်ပျိုးကြပါတယ်။

ဟင်္သာတဘက်ဆိပ်ကမ်းက စိန်တုံးဆိုရင်လည်း အလွန်မှ စည်ကားလှပါတယ်။ ထမင်းဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ အအေးဆိုင်မှစလို့ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ရောင်းတဲ့ဆိုင်တွေဟာ ပွဲစျေးကြီးတမျှ စည်ကားလှပါတယ်။ စိန်တုံးကနေ သဘော်၊ ဂျွန်ဆင်၊ လှေတို့နဲ့ သာရဝေါဘက်ကမ်းကို (၂)နာရီလောက်ကြာအောင်မောင်းသွားရင် ရောက်ရှိပြီး သာရဝေါကမ္ဘတစ်ဆင့် ရထားစီးပြီး လက်ပံတန်း၊ ပြည်၊ ရန်ကုန် စသည်ဖြင့် ဆက်လက်သွားရောက်နိုင်ပါတယ်။

သာရဝေါဘက်ကမ်းမှာလည်း ကမ်းနားဆိပ်မှာ ထမင်းဆိုင်တွေ၊ လက်ဖက်ရည်ဆိုင်တွေ၊ အအေးဆိုင်တွေ ရှိပါတယ်။ အဲဒီဆိုင်တန်းတွေရဲ့ အဆုံးမှာတော့ ဒေါ်စိန်ညိုအမည်ရှိတဲ့ အသက်(၈၀)ကျော် အဘွားအိုတစ်ဦးနဲ့ အသက်(၁၃)နှစ်ခန့် ရှင်ခင်ညိုဆိုတဲ့ မြေးမလေးတစ်ဦးတို့ နေထိုင်ကြပါတယ်။ မြေးအဘွားနှစ်ဦးဟာ ဘူးသီးကြော်၊ ပဲကြော်၊ ကြက်သွန်ကြော် စတဲ့ အကြော်တွေ ကြော်ရောင်းရင်း အသက်မွေးဝမ်းကျောင်းအမှုကို ပြုကြရပါတယ်။

တစ်ခုသော မိုးတွင်းရာသီမှာ မိုးဟာ သဲကြီးမဲကြီး ရွာချနေပါတယ်။ အချိန်ဟာလည်း ည(၇)နာရီသာသာရှိပေမယ့် ကောင်းကင်တစ်ခွင်တစ်ပြင်လုံး မည်းမှောင်နေတာ

www.burmeseclassic.com

ကြောင့် လူအသွားအလာ မရှိပါဘူး။ မိုးနဲ့အတူ တစ်ချက်၊ တစ်ချက်ဘိုက်လိုက်တဲ့ လေပြင်းဒဏ်ကြောင့် ဆိုင်တွေ၊ အိမ်တွေဟာ တံခါးပိတ်ထားကြပါတယ်။

သဲကြီးမဲကြီး ရွာချနေတဲ့ မိုးလေတွေကြားမှာ တစ်ယောက်သောသူကတော့ တရွေ့ရွေ့လှမ်းလျှောက်လာနေပါတယ်။ လက်တစ်ဖက်က ထန်းရွက်နဲ့ လုပ်ထားတဲ့ ယပ်၊ တခြားသော လက်တစ်ဖက်မှာတော့ တောင်ဝှေးတစ်ချောင်းနဲ့ မြေပြင်ပေါ် ဟိုစမ်းထောက် ဒီစမ်းထောက်နဲ့ သပိတ်ကို လွယ် စမ်းတဝါးဝါး လျှောက်လှမ်းနေတာ ရဟန်းအိုကြီးတစ်ပါးပါပဲ။ သူ့ခမျာ မျက်စိလည်း မမြင်ရှာဘူး ထင်ပါရဲ့။ တစ်ခါတစ်ရံ တောင်ဝှေးဟာ ချိုင့်ခွက်ထဲထောက်မိပြီး ခန္ဓာကိုယ် ယိုင်သွားတတ်ပါတယ်။ ဒါကို ရှင်ခင်ညိုဆိုတဲ့ မိန်းကလေးကမြင်တော့ သူအဘွားကို ပြေးခေါ်ပြပါတယ်။

'ဘွားဘွား..ဘွားဘွား..ကြည့်ပါဦး၊ ဘုန်းဘုန်းကြီး တစ်ပါး မိုးရေထဲမှာ လျှောက်နေတယ်။ မျက်စိလည်း မမြင်ဘူး ထင်ပါရဲ့။ ဟိုခလုတ်တိုက် ဒီခလုတ်တိုက်နဲ့ သနားပါတယ်'

အဘွားအိုက မှုန်ဝဲဝေသီတဲ့ မျက်စိတစ်စုံနဲ့ မိုးရေထဲက ရဟန်းအိုကြီးကို လှမ်းမျှော်ကြည့်လိုက်ပြီး-

'အို..ဟုတ်ပါရဲ့ မြေးရေ၊ သွားပြီးတွဲ ခေါ်လိုက်ပါကွယ်။ သူ့ခမျာ အိုကြီးအိုမနဲ့ သနားစရာ။ သွား..သွား..ဘွားဘွားတို့တဲကို ခေါ်လာခဲ့ကွယ်'

အဘွားဒေါ်စိန်ညိုရဲ့ ခွင့်ပြုချက်ကိုရတာနဲ့ မြေးမလေးဟာ သမင်ပျိုမလေးတစ်ကောင်လို မိုးရေထဲကို ပြေးထွက်သွားပြီး ရဟန်းအိုကြီးလက်ကို ပြေးဆွဲလိုက်ပါတယ်။

သူ့ရဲ့ နှုတ်ကလည်း-

'ဘုန်းဘုန်းကြီး..ဘုန်းဘုန်းကြီး လာပါ။ သမီးတို့အိမ်မှာ ဝင်ပြီးမိုးခိုပါဦး။ မိုးတိတ်မှ သွားစရာရှိတာကိုသွားပေါ့'

ရဟန်းအိုကြီးက မမြင်ရတဲ့ မျက်စိအစုံနဲ့ ရှင်ခင်ညိုကလေးကို စိုက်ကြည့်လိုက်ပြီး-

'လိမ္မာလိုက်တဲ့ ကလေးလေးပါလား။ သာဓုပါကွယ်၊ သာဓု...သာဓု'

ရဟန်းအိုကြီး တဲထဲကို ရောက်လာတဲ့အခါ ဒေါ်စိန်ညိုဟာ အကြော်ဝယ်စားတဲ့သူတွေ သောက်ဖို့ထားတဲ့ ရေနွေးကြမ်းပူပူလေးကို ကပ်လှူလိုက်ပါတယ်။

'ဘုန်းဘုန်းကြီး..ရေနွေးကြမ်းပူပူလေး ဘုဉ်းပေးတော်မူပါဘုရား။ ထန်းလျက်တွေလည်း ရှိပါတယ်။ ဘုဉ်းပေးတော်မူပါ'

ရဟန်းအိုကြီးဟာ ရေနွေးကြမ်းတစ်ခွက်နဲ့ ထန်းလျက်တစ်ခဲလည်း ဘုဉ်းပေးပြီးရော တဟီးဟီးနဲ့ ချမ်းတုန်တက်ပြီး အဖျားတက်လာပါတယ်။ ဒေါ်စိန်ညိုတို့ မြေးအဘွားလည်း ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး ရှိသမျှ စောင်ကလေးတွေ ခြုံပေးကာ ဝိုင်းဝန်းပြုစုနေကြစဉ်မှာပဲ ရဟန်းအိုကြီးက အသက်ပြောက်သွားရှာပါတော့တယ်။

'ဒုက္ခပဲ..ဒုက္ခပဲ မြေးရေ၊ ဒါကြောင့် ခြေနှစ်ချောင်းလည်း မကယ်နဲ့လို့ ဆိုကြတာ ထင်ပါရဲ့ကွယ်'

မြေးမလေးကတော့-

'ဒါတော့ ဘယ်တတ်နိုင်ပါ့မလဲ ဘွားဘွားရယ်။ သမီးတို့ကံပေါ့။ လူကြီးတွေကိုတော့ သွားပြီးအကြောင်းကြားရမှာကောင်းမယ်ထင်တယ်'

ဆွမ်းခံရင်း ငှက်သင့်ဆိုသလို ပြဿနာတက်လာတာပါပဲ။ တာဝန်ရှိတဲ့သူတွေ လာရောက်စစ်ဆေးတဲ့အခါ အဆင်မပြေပြီး အဖျားရောဂါနဲ့ သေဆုံးတာဖြစ်လို့ ရဟန်းအိုကြီးသည်သူ၊ ပတ်သက်သူ အထောက်အထားတွေမရှိလို့ (၃)ရက်မျှ ဒေါ်စိန်ညိုတို့အိမ်မှာပဲ ရဟန်းအိုကြီးရဲ့ ရုပ်အလောင်းကို ထားရှိပြီး သခ်ိုင်းမှာ မြေပုံမြှုပ်နှံလိုက်ပါတယ်။

ရဟန်းအိုကြီးနဲ့ပတ်သက်တဲ့ ယပ်၊ တောင်ဝှေး၊ သပိတ်စတဲ့ ပရိက္ခရာ(၈)ပါးကိုတော့ ဒေါ်စိန်ညိုတို့အိမ်မှာပဲ ထားလိုက်ပါတယ်။

ရဟန်းအိုကြီး သေဆုံးပြီးလို့ တစ်လတိတိ ကြာအောအခါမှာ ဒေါ်စိန်ညိုနဲ့ မြေးမလေး ရှင်ခင်ညိုတို့ တစ်ညတည်း၊ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း အိပ်မက်,မက်ကြပါတယ်။ အိပ်မက်ထဲမှာ ရဟန်းအိုကြီးဟာ ပြုံးပြုံးရွှင်ရွှင် ရှင်ခင်ညိုရဲ့ခေါင်းကို ပွတ်သပ်ပေးပြီး သူ့ကို တွေ့ချင်ရမင်းဘူး မယ်ဘေကုန်းကို လိုက်လာဖို့ မှာကြားနေပါတယ်။ ဒီအိပ်မက် တစ်ခုတည်းကိုပဲ မြေးအဘွား(၂)ယောက်စလုံး (၃)ရက်ဆက်တိုက် မက်ပါတယ်။

မြေးအဘွား(၂)ယောက် အိပ်မက်,မက်တဲ့ အချိန်မှာ ဘုန်းဘုန်းကြီး ဗဟိုရှစည်ဦးသောဘန ပျံလွန်တော်မူခြင်း (၆)လအကြာနဲ့ တိုက်ဆိုင်ပါတယ်။

ဘုန်းဘုန်းကြီးကိုထားတဲ့ မှန်ခေါင်းမှာလည်း တစ်ညသော ညအခါမှာ ဝင်းဝင်းဝင်းဝင်းနဲ့ အလင်းရောင်တောက်လာတာ အင်မတန်အားကောင်းတဲ့ သားလိုက်ခြင်း

www.burmeseclassic.com

ကြားသလိုကို လင်းထိန်နေပါတယ်။ အလင်းရောင် ရောက်သွားတော့ မှန်ခေါင်းထဲမှာ ဘုန်းဘုန်းကြီးရဲ့ ရုပ်အောင်း မရှိတော့ပါဘူး။

ရက်သတ္တပတ်ကြာတဲ့ အချိန်မှာတော့ သီလရှင်လေး ခေါ်သွေးသီဟာ ဘုန်းဘုန်းကြီးရဲ့ တပည့်တွေထဲကို ရောက်သွားပြီး ဘုန်းဘုန်းကြီးကို တွေ့လိုသူတွေ မင်းဘူး မယ်အောကုန်းကို လိုက်လာဖို့ လာရောက်ပြောကြားပါတယ်။

မင်းဘူး မယ်အောကုန်းကို လိုက်သွားသူတွေထဲမှာ ဒေါ်လေးက ထိပ်ဆုံးကဆိုတာတော့ ပြောစရာမလိုပါဘူး ဟိုမှာ ဒေါ်စိန်ညိုတို့ မြေးအဘွားလည်း ရောက်ရှိနေပါတယ်။ ဘုန်းဘုန်းကြီးကိုမြင်တော့ အားလုံး ဝိုင်းကန်တော့ကြပြီး ငိုပွဲဆင်ကြပါတယ်။

ဘုန်းဘုန်းကြီးကတော့ ပြုံးရွှင်စွာနဲ့ 'မငိုကြနဲ့ ကလေးတို့ငိုကြနဲ့။ မင်းတို့တစ်တွေ ငိုနေရင် ငါနဲ့ စကားကြာကြာ ပြောလို့မရဘူး။ တို့ ကျင့်ကြံအားထုတ်တဲ့လမ်းစဉ်မှာ ဒီလိုပဲ လူသိရှင်ကြား သေဆုံးပေးရတဲ့ ကျင့်စဉ်တစ်ခုပါတယ်ကွယ်' လို့ မိန့်ကြားပါတယ်။

ဒေါ်စိန်ညိုတို့ မြေးအဘွားကို ကျေးဇူးရှိတယ်ဆိုပြီး ဘုန်းဘုန်းကြီးက အသက်မွေးဝမ်းကျောင်း ရှာဖွေစားသောက်ရတာ လွယ်ကူစေဖို့ ရွှေ(၅)ကျပ်သားသုံးတုံး ချီးမြှင့်ပါတယ်။ ကျန်လူအသီးသီးကိုလည်း သူတို့နဲ့ ထိုက်တန်တဲ့ပစ္စည်း အသီးသီးပေးပါတယ်။

ဖိုးလူကလေးကတော့ ဘုန်းဘုန်းကြီးကို ကုန်းပြီဦးချစဉ်မှာ ဘုန်းဘုန်းကြီးရဲ့ ခြေသလုံးမွေးအချို့ကို ဆွဲနုတ်လို့ ဘုန်းဘုန်းကြီးက-

'ဟဲ့..မောင်ဖိုးလူ၊ ငါဟာ လူအစစ်ပါကွယ်' လို့ မိန့်တော်မူပါတယ်။

ဖိုးလူကလေးက ဘုန်းဘုန်းကြီးကို လူအစစ် ဟုတ်၊ မဟုတ် သေချာအောင် စမ်းသပ်တာပါ။

ပြီးတော့ ဘုန်းဘုန်းကြီးက ဆက်ပြီး 'တော်တော်ရှုပ်တဲ့ ငဖိုးလူပဲ' လို့ မိန့်တော်မူပါတယ်။

ဒါပေမဲ့ ဖိုးလူကလေးကတော့ ဘုန်းဘုန်းကြီးစကားကို သူ့စိတ်ထဲ မထားပါဘူး။ တွေ့တဲ့လူတိုင်းကိုတော့ ဘုန်းဘုန်းကြီးရဲ့ ခြေသလုံးမွေးကို ထုတ်ထုတ်ပြပြီး ဘုန်းဘုန်းကြီး သူ့ကို အမွေပေးခဲ့တာလို့ ကြွားဝါနေလေရဲ့။

ကြည်ဝင်း(ဟသံတ)

နှလုံးတုန်၊ ရင်ခုန်၊ မူးဇောသူများအတွက်

နှန်းထိပ်တင်

နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်မြို့ကစ္စာ အိပ်မရခြင်း၊ အိပ်ရာမှနိုးတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်ဖိုင်းခြင်း အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက်သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(စာနယ်ဇင်း)]

နှလုံးအားတိုးဆေး

မင်ရင်း၊ နန်းထိပ်တင်ဆေးထိုက် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း အလုံပြည်နယ်၊ ရန်ကုန်မြို့
☎ ၀၉၂၀၀၉၉၉၇၊ ☎ (၀၁)၂၁၈၈၃

ရန်ကုန် ပြည်ပြမြန်မာဆေးရိုးရိုးထိုင် - ထိုင်အမှတ်(B-50, 51)ရွှေပြည်စုံစျေး(ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၁၀၁၈၀၂၃၀

ပဲခူးတိုင်းဒေသကြီး ပြန်မာဆေးရိုးရိုးထိုင် - ရောင်းဝယ်ရေး/E ရုံ(သင်ရုံ)၊ အမှတ် - ၉၆(ဖြေညီထပ်)၊ ဈေးရိုး မန္တလေးမြို့ ☎ (၀၂)၃၀၀၈၀

www.burmeseclassic.com

www.burmeseclassic.com

ပြည်မြို့ နန္ဒဝန်ဆရာတော် ကယ်တင်လိုက်ရသော ပြိတ္တာဦးဘိုးဟန်

ရွှေတလေး(လွယ်

လွန်ခဲ့သောနှစ်ပေါင်း(၈၀)ခန့်က ပြည်မြို့ ရွှေဆံတော် စေတီတော်ကြီး၏တောင်ဘက် နှစ်မိုင်ခန့်အကွာ သန္ဓေပင်ရပ် သန္ဓေပင်ရိပ်သာတွင် ဝိပဿနာတရားပြသလျက် သီတင်းသုံးတော်မူလျက်ရှိသော ဆရာတော်တစ်ပါး ရှိလေသည်။ ဘွဲ့တော်မှာ ဦးဝိသုဒ္ဓါစာရဖြစ်၏။ ဆရာတော်သည် နိုင်ငံအဝန်း ကျော်ကြားတော်မမူခဲ့သော်လည်း သက်ဆိုင်ရာ ဒကာ,ဒကာမတို့၏လောကဋ္ဌ နှစ်ပေါင်းများစွာ အရိယာအရှင်မြတ်ကြီးအဖြစ် အသိအမှတ်ပြု ကိုးကွယ်ခံခဲ့ရလေသည်။ နောင်တွင် သန္ဓေပင်ရွာ နန္ဒဝန်ကျောင်း၌ သီတင်းသုံးတော်မူသောကြောင့် နန္ဒဝန်ဆရာတော်ဟူ၍ ခေါ်ဝေါ်သမုတ်မည်တွင်ခဲ့ခြင်းဖြစ်၏။

ထိုဆရာတော်အကြောင်းကို ဟသံတခရိုင်၊ လေးမျက်နှာမြို့၊ လေးထပ်ကျောင်းဆရာတော် ဦးကုဋ္ဌရက (၁၃၁၄) ခုနှစ်၊ ကဆုန်လဆုတ် (၁၀)ရက်နေ့တွင် ရေးသားတော်မူခဲ့ပြီး ပြည်မြို့ ပြည်သူမေတ္တာပုံနှိပ်တိုက်မှ လူစွမ်းကောင်းအမည်တပ်ကာ ရိုက်နှိပ်ထုတ်ဝေခဲ့ဖူး၏။ စာအုပ်မှာ (၁၆) ချိုး၊ စာမျက်နှာ(၂၀၀)ကျော် ဖြစ်လေသည်။ သက်ဆိုင်ရာ ပရိသတ်အတွက်သာ ရည်မှန်းထားဟန်ရှိ၏။ လူသိများသောကျမ်းကား မဟုတ်ပေ။

သို့ရာတွင် ဆရာတော်၏အကြောင်းသည် ကြည်ညိုဖွယ်ရာ ကောင်းသကဲ့သို့ ဆရာတော်ကယ်တင်လိုက်ရသော ပြိတ္တာဦးဘိုးဟန်၏ အကြောင်းမှာလည်း ဝမ်းနည်း,ဝမ်းသာသံဝေဂယူစရာ ကောင်းလှပေသည်။ သို့ကြောင့် ကြည်ညိုဖွယ်ရာ နန္ဒဝန်ဆရာတော်၏ ထေရုပ္ပတ္တိအကျဉ်းနှင့်အတူ ပြိတ္တာဦးဘိုးဟန်၏ ဖြစ်ရပ်ဆန်းများကို ဆက်လက်ရေးသားဖော်ပြလိုက်ရပေ၏။

ထေရုပ္ပတ္တိအစ သာယာကုန်း (ခေါ်) နန်းတော်ကုန်းအရပ်က

ဆရာတော်လောင်းလျာကို ခနဲဖြုံမြို့တောင်ဘက် နှစ်ဖာလုံခန့်အကွာ သာယာကုန်း (ခေါ်) နန်းတော်ကုန်းအရပ်တွင် နေထိုင်ကြသော ဦးဘိုးကြူ၊ ဒေါ်ချွေအိတို့မှ (၁၂၆၀) ပြည့်နှစ်၊ ပြာသိုလဆန်း (၁၅)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သန့်စင်ခဲ့ခြင်းဖြစ်၏။ အမည်မှာ မောင်သင်းဖြစ်ပြီး ဒုတိယသားရတနာဖြစ်၏။ မောင်သင်း(၅)နှစ်သားတွင် ရှင်ပြုသဖြင့် (၉)နှစ်သားအရွယ်ရောက်လတ်သော ရှင်လူထွက်ခဲ့ရ၏။ အသက်(၁၅)နှစ်သားအရွယ်တွင် ဖခင်ကြီး ဆုံးလေသည်။

မောင်သင် အသက်(၂၀)တွင် မဝိုးဆိုသူနှင့် မိဘတို့ပေးစား၍ သားသမီးနှစ်ယောက် ရ၏။ အိမ်ထောင်ကျပင် ရဟန်းပြုလိုသောစိတ်ကို မျိုသိပ်မရသဖြင့် ဇနီး၊ ဧ ရပ်ထဲပြန်ခိုက် စာဖြင့်အကြောင်းကြား၍ (၁၂၉၀)ပြည့်နှ တပို့တွဲလပြည့်ကျော် (၂)ရက်နေ့တွင် ရဟန်းပြုလိုက်ခြ ဖြစ်သည်။ ဘွဲ့တော်မှာ ဦးဝိသုဒ္ဓါစာရဟု မည်တွင်ခေါ် သမုတ်၏။

ဦးဝိသုဒ္ဓါစာရသည် ဇနီးအန္တရာယ်ကြောင့် ရပ်ရွာ ဖယ်ခွာ၍ စလေမြို့နှင့် နှစ်မိုင်အကွာ ဥမင်ဂူဆရာတော်ကြီး ထံတွင် ခိုလှုံ၏။ ဇနီးလိုက်လာပြန်၍ အနီးရှိ ဒကာ,ဒကာ တို့က ဝိုင်းဝန်းချော့မော့ကာ မေတ္တာရပ်ခံပြီး ပြန်လွှတ်လိုက်ရသည်။

ယင်းနောက် ဦးဝိသုဒ္ဓါစာရလည်း ပုဂံ၊ ညောင်ဦး၊ မန္တလေး၊ စစ်ကိုင်းမြို့များသို့ ခရီးရှည်ထွက်ကာ ဘုရားရှိခိုးပြီးနောက် ခြေရာဖျောက်လျက် ပြည်မြို့သို့ရောက်ကာ ဆောရိုးချောင်၊ တောင်ဖွတ်လည်တောင်တို့၌ (၁၂၉၅)ခုနှစ်မှစ၍ ရက္ခမူဓူတင်၊ ပိဏ္ဍာပါတ်ဓူတင်များကိုဆောင်ကာ ဧကာကျင့်သုံးတော်မူ၏။ ထိုအခါ ဒကာ,ဒကာမများက သစ္စာမိုးကျောင်း ဆောက်လုပ်လှူဒါန်းကြသည်။ ပစ္စည်းအဆောင်ကောင်းများမထား၊ ကျောနာသက်သာစေရန် ဧကာလှူလိုသူအား ဂုန်နီအိတ်လေးလုံးလှူစေ၍ (၇)နှစ်ခန့် သုံးစွဲတော်မူသည်။

ထို့နောက် သန္ဓေပင်ရွာ၌ ကျောင်းအာရုံမခြေပါ ဘ ဒါန်းကြသဖြင့် နန္ဒဝန်ကျောင်းသစ်တည်ကာ အတည်တကျ သီတင်းသုံးတော်မူခဲ့၏။ ထို့ကြောင့် ဆရာတော်ဦးဝိသုဒ္ဓါစာရကိုလည်း နန္ဒဝန်ဆရာတော်ဟူ၍ မည်တွင်ခေါ်ဝေါ် သမုတ်ကြလေသည်။ ဆရာတော်သည် ဂျပန်ခေတ်ကာလ

www.burmeseclassic.com

www.burmeseclassic.com

မြို့ပျက်၍ ဒကာ၊ဒကာမများ တောရပ်အသီးသီးသို့ ရွှေ့သွားကြသဖြင့် ရသမျှနှင့်မျှတရောင့်ရဲကာ ဖြစ်အကဲ ဇကစာကျင့်သုံးတော်မူခဲ့ရ၏။ ဤသို့အားဖြင့် သာသနာတော်ကို ထမ်းဆောင်တော်မူသော နန္ဒဝန်ဆရာတော်သည် (၁၃၂၃)ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ သင်္ကော်ခြည်နှစ်၊ ဝါတော်(၃၃)ဝါအရတွင် ပျံလွန်တော်မူ၍ ရုပ်ကာယတော်မှာ ယခုတိုင် ရှိသည်ဟူ၏။

ဦးဘိုးဟန်ကို ကယ်တော်မူ

နန္ဒဝန်ဆရာတော်သည် ပြိတ္တာဦးဘိုးဟန်၏ ဒုက္ခကို ကယ်လိုက်ရသော ဖြစ်ရပ်ဆန်းမှာလည်း အထက်တွင်ရေးခဲ့ပြခဲ့သည့်အတိုင်း တစ်ပါးတည်း ဇကစာ၊ ဝိပဿနာရှုဖြင့် မျှတ၍နေစဉ် (၁၃၀၅)ခုနှစ်၊ သီတင်းကျွတ်လဆုတ်ကာ တွေ့ကြုံရသော အဖြစ်အပျက်တစ်ခုပင်ဖြစ်၏။ ပြိတ္တာဦးဘိုးဟန်ကို နန္ဒဝန်ဆရာတော် ကယ်တင်ခဲ့ရသည့် အကြောင်းအရာ အဖြစ်အပျက်များကို ဆက်လက်ရေးသားတင်ပြရပါမူ…။

♦ ♦ ♦

"အရှင်ဘုရား…ယနေ့ တပည့်တော်အား ချီးမြှောက်သောအားဖြင့် ဆိုင်းငံ့တော်မူပါ။ တပည့်တော်မှာ လူနားလေးခဲ့ပါသည်။ အသံကျယ်ကျယ် အမိန့်ရှိတော်မူ။ ယခုလက်ရှိ ပြိတ္တာဘဝမှ မြင့်မြတ်သော သုဂတိဘုံဆင့်အတန်းသို့ မျှော်မှန်းတောင့်တပါသောကြောင့် အရှင်ဘုရားအား ယခု သမီးအကြီး ချက်ပြုတ်ကြော်လှော်သော ဆွမ်းဟင်းလျာများကို အလှူခံတော်မူ၍ ဤမြေပေါ်တွင် ဘုဉ်းပေးတော်မူပါ။ တပည့်တော်ဟာ အခြားသူတော်ပါ။ မူရာပင်ရပ်မှ မောင်ဘိုးဟန်ဖြစ်ပါသည်။ သို့ဖြစ်၍ ဆွမ်းလှူရင်း တပည့်တော်၏ ဖြစ်ပျက်ခဲ့ပုံ အကြောင်းကို လျှောက်ထားပါရစေဘုရား။ သည်းခံဆိုင်းငံ့တော်မူပါ" အထက်ပါစကားတို့ကို လျှောက်ထားခြင်းအကြောင်းမှာ ဤသို့ပင်ဖြစ်ပေတော့သည်။ ပြည်မြို့၊ မူရာပင်ရပ်၊ ရွာလယ်လမ်းနေ ဦးဘိုးဟန်၊ ဒေါ်ယက်ဖောက်တို့၌ သားသမီးသုံးယောက် ထွန်းကားခဲ့ရာ အငယ်ဆုံးသမီးကလေးမှာ အရွယ်ရောက်သော် (၁၂၆၉)ခုနှစ်၌ ဦးဘိုးဟန်သည် ရောဂါဝေဒနာ ဖိစီးနှိပ်စက်သောကြောင့် စုတိချုပ်ငြိမ်း ကွယ်လွန်ခဲ့ရရှာသည်။

ဦးဘိုးဟန် ကွယ်လွန်ပြီးနောက် (၁၃၀၅)ခုနှစ်သို့ ရောက်သောအခါ ဂျပန်တို့သည် မြန်မာ့မြေကိုခြေတင်ကာ လိပ်၊ ကန်တို့နှင့် စစ်ပွဲခင်းခိုက်ဖြစ်သဖြင့် ပြည်မြို့မှာ ဗုံးအမျိုးမျိုးတို့၏ အန္တရာယ်ကို အလူးအလဲခံရသောကြောင့် မြို့သူမြို့သားတို့ ဘေးကင်းရာသို့ ရှောင်တိမ်းပြောင်းရွှေ့နေထိုင်ကြရာ ဦးဘိုးဟန်၏ သမီးအကြီးသည် အသက် (၂၀)အရွယ်ရှိ သားငယ်နှင့်အတူ မြို့၏တောင်ဘက်အစွန်း

ပြည်မြို့ နန္ဒဝန်ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com

ရှိ ပေါက်ပင်စခန်းမည်သော ရွာကလေးသို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။

ထိုပေါက်ပင်စခန်းရွာကလေးသို့ ရောက်သောအခါ သားငယ်မှာ တော်သလင်းလဆန်း (၁၂)ရက်မှစ၍ အမူးရောဂါစွဲကပ်ပြီး အိပ်ရာပေါ်မှာသာ အိပ်စက်နေလျက် ထမင်းစားချိန်ရောက်လျှင် တစ်လုတ်၊ နှစ်လုတ်မျှသာစားပြီး ပြန်အိပ်နေလေ့ရှိ၏။ ရောဂါမှာ မတိုးမလျော့ပင်။

ထိုအချိန်အခါတွင် နန္ဒဝန်ဆရာတော်သည် နေမြဲကျောင်းမှ မပြောင်းမရွှေ့ဘဲ မြို့ကြီးပျက်စီးသော်လည်း ဆွမ်းခံရန်အတွက် အသင့်ဖြစ်ပေါ်လာသော ကျောင်း၏အနီးရှိ တဲအိမ်များနှင့် ပေါက်ပင်စခန်းကို ဆွမ်းခံရွာပြုနေခိုက် ဖြစ်သဖြင့် ဦးဘိုးဟန်၏ သမီးအကြီးအိမ်သို့ နေ့စဉ်ဆွမ်းခံရောက်သော်လည်း ရောဂါရှင်သူငယ်ကို အမှတ်မထားသတိမမူခဲ့ပေ။

ရောဂါရှင်သူငယ်လေး ရောဂါနှိပ်စက်ခံခဲ့ရသည်မှာ ရက်ပေါင်း(၂၄)ရက်မြောက် သီတင်းကျွတ်လဆန်း(၅)ရက်နေ့ နံနက်(၉)နာရီ အချိန်သည်ကား ရောဂါဖြစ်ခြင်း၏ အကြောင်းရင်းနှင့် နောင် ဥဒါန်းတွင်ရစ်ရန် စကားအထူးကြားရသော နေ့ထူး,အချိန်ထူး ဖြစ်ပေသည်။

အထက်ပါအချိန်သို့ ရောက်သောအခါ နန္ဒဝန်ဆရာတော်သည် ပြုမြဲသောဝတ်အတိုင်း. ဆွမ်းခံကြွလာရာ ထိုအိမ်ရှေ့သို့ရောက်လျှင် ရက်ပေါင်း(၂၀)ကျော်မျှ မစားတစ်ချက်,စားတစ်ချက်နှင့် အမူးရောဂါ စွဲကပ်နေသော သူငယ်သည် လူကောင်းပကတိကဲ့သို့ ထလာပြီး နန္ဒဝန်ဆရာတော်အား-

'အရှင်ဘုရား..တပည့်တော်အား ချီးမြှောက်မ,စသောအားဖြင့် သည်းခံဆိုင်းငံ့တော်မူပါ'

စသဖြင့် အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း အစချီ၍ လျှောက်ထားလျက် ကိုယ်တိုင် ဆွမ်းများခူးခပ်နေသဖြင့် အဓိဖြစ်သူမှာ အံ့အားသင့်ကာ သားဖြစ်သူမှာ ရောဂါမရှိ ပကတိလူကောင်းကဲ့သို့ ပြောဆိုနေထိုင်သည်ကိုလည်းကောင်း၊ လွန်ခဲ့သော(၃၅)နှစ်ကျော်က ကွယ်လွန်သွားသည့်ဖခင်သည် သားဖြစ်သူ သူ၏မြေး၌ ပူးကပ်ပြောဆိုနေပုံမှာ လူကိုယ်တိုင်တွေ့ရသလို ဖြစ်နေသည်ကိုလည်းကောင်း၊ တွေးတောစဉ်းစားရင်း ဝမ်းသာ,ဝမ်းနည်း ဖြစ်နေသော်လည်း ဖြစ်သမျှအကြောင်း အကောင်းချည်းပဲ သဘောထားပြီး ရွှင်ပျသောမျက်နှာထားနှင့် နန္ဒဝန် ဆရာတော်အား အဘဦးဘိုးဟန်လျှောက်ထားသည့်အတိုင်း အိမ်မှာဆွမ်းဘုဉ်းပေးတော်မူပါဟု ထပ်မံလျှောက်ထားသောကြောင့် ဆရာတော်သည် (၁၃၀၅)ခုနှစ်၊ သီတင်းကျွတ်လဆန်း(၅)ရက်နေ့တွင် ထိုအိမ်မှာပင် နေ့ဆွမ်းကို ဘုဉ်းပေးတော်မူလေ၏။

ယင်းသို့ဘုဉ်းပေးပြီးနောက် ဤသို့ယုတ်ညံ့သောပြုဘာဝမှ လွတ်မြောက်နိုင်ခြင်း၊ သုဂတိဘုံအမျိုးမျိုး၌ ခံစားခြင်း၊ ဘိုခြင်း၊ နာခြင်း၊ သေခြင်း စသော သံသရာရန်ဘွဲ့အန္တရာယ်ဟူသမျှတို့၏ အစပျောက်ချုပ်ငြိမ်းရာ နိဗ္ဗာန်တိုင်အောင် ရောက်စေနိုင်သော ကောင်းမှုစေတနာကို နိဗ္ဗာန်တရားခုတည်းကိုသာ အာရုံပြုရန် တိုက်တွန်းနှိုးဆော်ပြီးလျှင် ပြိတ္တာဦးဘိုးဟန်နှင့် သားသမီးများကို ငါးပါးသီလခံယူစေ၍ မေတ္တာသုတ်ပရိတ်တော်ကို နာယူစေပြီး ရေစက်သွန်းခြင်းအမျှပေးဝေရန် ဆုံးမတော်မူသည်။

ယင်းသို့ဆုံးမသည့် အစီအစဉ်အတိုင်း မြေးဖြစ်သူ ပူးကပ်နေသော ဦးဘိုးဟန်သည် သူကိုယ်တိုင်သာ ဟတ္ထိဆရာအဖြစ် ဆောင်ရွက်ပြီးလျှင် အမျှသုံးကြိမ်ပေးဝေကာ သားသုံးကြိမ်ခေါ်ပြီးနောက် ဆရာတော်အား-

'အရှင်ဘုရား ချီးမြှောက်တော်မူသဖြင့် တပည့်တော်သည် ရှေးကလို မဟုတ်တော့ဘဲ မြင့်မြတ်သောဘဝတို့၏ကိုယ်ခန္ဓာကိုရပြီး ချမ်းသာစွာနေရပါပြီ။ ဘောဇဉ်အဟာရတို့လည်း ပြည့်စုံပါပြီ။ သူတစ်ပါးတို့အားလည်း ချီးမြှောင်းနိုင်ပါပြီဘုရား။ သို့ပါသော်လည်း တပည့်တော်နှင့်အတူပါလာကြသော ပြိတ္တာကြီး၊ ပြိတ္တာငယ် အသွယ်သွယ်အဝင်မောင်ဒုက္ခ,မယ်ဒုက္ခတို့မှာ ၄င်းတို့ ခံစားဆဲဘဝမှလည်း မလွတ်နိုင်၊ အရှင်ဘုရား၏ တရားတော်ကိုနာရန်လည်း အားသို့ မကပ်ဝံ့။ ခြံစည်းရိုးအပြင်ဘက်မှ ငတ်မွတ်ဆာလောင်ခြင်းဝေဒနာ နှိပ်စက်သည်နှင့် တအော်အော်ဖြစ်နေကြသည်ဘုရား။ ဆရာတော်အနေနှင့် ထိုပုဂ္ဂိုလ်များကို ချီးမြှောက်တော်မူပါဘုရား' ဟု လျှောက်ထားတောင်းပန်ပြန်၏

ထိုအခါ ဆရာတော်က-

'ကိုင်း..ဒီလိုဆိုလျှင် အဲဒီဒုက္ခသည်တွေကို ဘယ်သို့ ချီးမြှောက်ရမည်နည်း'

ဟု အမိန့်ရှိသောအခါ-

'အရှင်ဘုရားလက်ဖြင့်ကိုင်၍ ဆွမ်းတော်ပွဲကို စွန့်ပါဘုရား' ဟု လျှောက်ထားတောင်းပန်ပြန်လေသည်။

ဆရာတော်သည် ပြိတ္တာဦးဘိုးဟန်လျှောက်ထားသည့်အ

www.burmeseclassic.com

www.burmeseclassic.com

"သံဃာဝင်ရန် ဆရာတော်က တာဝန်ယူပါ။ ချက်ပြုတ်ကြော်လှော်ရန်အတွက် သားသမီးတို့ တာဝန်ရှိပါစေ။ ငွေကြေးရဖို့အတွက် တပည့်တော်က တာဝန်ယူပါမယ်"

"ဒီလိုဆိုက ယခုသီတင်းကျွတ်လဆန်း (၁၀)ရက်နေ့လောက် ငွေရရှိမှ (၁၁)ရက်၊ (၁၂)ရက်နေ့များမှာ ချက်ပြုတ်ကြော်လှော်ပြီး ဒကာကြီးအလိုဆန္ဒရှိသော (၁၃)ရက်နေ့မှာ ကိစ္စပြီးမြောက်ပါလိမ့်မည်"

ဆရာတော်က အမိန့်ရှိသောအခါ ဦးဘိုးဟန်ပူးကပ်နေသော သူငယ်က-

"တပည့်တော်မှာ အသက်ကလည်းကြီး၊ နားကလည်းလေး၊ သတိမေ့တတ်ပါတယ်။ သို့ဖြစ်၍ လဆန်း(၈၊ ၉၊ ၁၀)ရက်နေ့များတွင် ဆွမ်းခံကြွလာတဲ့အခါမှာ ဒကာကြီး..ဤနေ့ (၈)ရက်နေ့ရှိပြီ၊ (၉)ရက်နေ့ရှိပြီ၊ (၁၀)ရက်နေ့ရှိပြီ။ သင်၏ပြဖျယ်ကိစ္စ ပြည့်စုံပြီလောဟူ၍ သတိပေးစကားမိန့်ကြားတော်မူပါ" ဟု တောင်းပန်စကားဆိုကာ လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်သည် သတ္တဝါတစ်ဦး၏ ကောင်းစားရေးကို မျှော်တွေးတာဝန်ခံခဲ့ပြီး နောက် လဆန်း(၅)ရက်နေ့မှစ၍ ဆွမ်းခံသွားရင်း-

"ဒကာကြီး..ယနေ့ကား ဤနေ့ဤရက်ရှိပြီ၊ ဆောင်ရွက်ရန်ကိစ္စ ပြီးပြီလောဟု ဆရာတော်ကမေးလေလျှင် ကိစ္စမရှိပါ။ ရပါလိမ့်မည်ဘုရား"

ဟူသော စကားကိုသာလျှင် လျှောက်ထားလာခဲ့ရာ လဆန်း(၁၀)ရက်နေ့၌ မေးမြန်းသောအခါ အိပ်ရာမှထလာကာ-

"တပည့်တော်၏တာဝန် ပြီးပါပြီဘုရား။ သံဃာဝင်ရန် ဆရာတော်၏တာဝန်သာ လိုနေပါသည်ဘုရား" ဟု လျှောက်

ဆွမ်းတော်တင်ကို ပေးစွန့်ပြီး-

"သင်၏အဖော်ဟောင်းများဖြစ်ကြသော ပြိတ္တာတို့အား ခြေခိုင်။ သင်ကိုယ်တိုင် သူတို့ရှိရာသို့သွား၍ ကျွေးပါလေ"

ဟု မိန့်တော်မူလေလျှင် ပြိတ္တာဦးဘိုးဟန် ပူးကပ်နေသော သူငယ်သည် ဆွမ်းတော်ပွဲကို ယူပြီးလျှင် စည်းရိုးကျိုသွားကာ ဆွမ်းများကို စွန့်ကြဲပြီး-

"သူငယ်ချင်းတို့ရေ..စားကြသောက်ကြဟော့။ မင်းတို့ဘဝချင်းမတူ အမူချင်းခြားနားခဲ့ပြီကွာ။ ငါလှူဒါန်းကောင်းမှုကိုသာ သာခုခေါ်ကြပေတော့" ဟု နှုတ်ဆက်ပြောကြားပြီး ပြန်လာကာ ဆွမ်းတော်ပန်းကန်ပြားကို ကြော့၍ အိပ်ရာထဲ ပြန်အိပ်နေလေ၏။

ထို့နောက် ဆရာတော်သည် ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးခြောက်သဖြင့် ကျောင်းသို့ ပြန်ကြွမည်ပြုသောအခါ အိမ်နီးသား တို့ ဦးချကန်တော့ကြလျှင် အိပ်ရာထဲတွင် အိပ်နေသည့် ဦးဘိုးဟန်ပူးကပ်နေသော သူငယ်သည် ရုတ်တရက်ထလာပြီး-

"ဆရာတော်ဘုရား၏ကျေးဇူး ကြီးမားပါပေသည်။ ဆရာတော်ကိုမှီ၍ တပည့်တော်သည် မြင့်မြတ်သောကိုယ်ကျင့်ရပါသော်လည်း လူဘုံနှင့်နီးကပ်နေသောခန္ဓာကိုယ်အပါသောကြောင့် တင်းတိမ်ရောင့်ရဲခြင်းမရှိပါ။ သို့ဖြစ်၍ ဘဝတိသန္ဓာကို ရောက်လို့၊ရလိုသောဆန္ဒ ပြင်းပြသဖြင့် ဆရာတော်အလိုရှိသော သံဃာတော်ဆယ်ပါးကို ဝင့်ဖိတ်၍ ဤအိမ်သို့ပင် သီတင်းကျွတ်လဆန်း(၁၃)ရက်နေ့ ဆွမ်းဘုဉ်းပေးမီ ကြွရောက်တော်မူပါဘုရား" ဟု လျှောက်ထားပြီး သားသမီးတို့ကိုလည်း "ငါနှင့် လူဘဝက ဝေးကွာခဲ့ပြီဟုတ်ကား မိတ်သဟာဖြစ်ကြသော မည်သူမည်ဝါ ဆိုကို ဖိတ်ကြားပါ" ဟု အမည်ဖော်ပြ၍ ထပ်မံပြောပြန်လေ၏။

ထင်းသို့ လျှောက်ထားသောအခါ စစ်ဘေးစစ်ဒဏ်ကြောင့် ပစ္စည်းဥစ္စာလျော့ပါးနေသော သားသမီးတို့ကို နေ့စွဲမြင်ကြားသိရသည့် ဆရာတော်က-

"ဒါယကာကြီး..ယခုအခါ သားသမီးများမှာ လက်ဆောင်းပါးချိန် ဖြစ်နေကြသည်နှင့် သံဃာတော်ဆယ်ပါးကျွေးရန်တာဝန်ကို ထမ်းဆောင်ရန်အတွက် မလွယ်ကူကား ဒကာကြီး" ဟု အမိန့်ရှိလေလျှင် ဦးဘိုးဟန်ပူးကပ်နေသော သူငယ်က ထပ်မံလျှောက်တင်ပြန်သည်။

www.burmeseclassic.com

ထားလေ၏။

ထိုအချိန်၌ သားသမီးများ မရှိကြသဖြင့် မေးမြန်းခြင်း မပြုတော့ဘဲ ကျောင်းသို့ပြန်လာခဲ့ပြီး နောက်တစ်နေ့ ဆွမ်းခံကြွအသွား သားသမီးများကို တွေ့လိုက်ရသောကြောင့် ငွေရာ့မရ စုံစမ်းကြည့်ရာ ဂျပန်ငွေ(၅၀၀)တန်ပစ္စည်းကို ရောင်းရာ ဝယ်သူက ငွေ(၅၀၀)ကျပ်ရှော့ဟုဆိုပြီး အထုပ်ထားခဲ့သည်နှင့် ဖြေကြည့်ရာ ငွေ(၅၀၀)ကျပ်အပြင် (၇၅၀) ကျပ်အပိုကိုပါ တွေ့ရှိရပုံ လျှောက်ထားပြီး-

'တပည့်တော်တို့ကလည်း အဘဦးဘိုးဟန်၏ ဆွေမျိုး ဥာတကာ မိတ်သဟာများကို ဖိတ်ကြားပါတော့မည်' ဟု လျှောက်တင်တော့မှ ဆရာတော်လည်း သံဃာပင့်ရန် အားထုတ်ပံ့လေတော့သည်။

သီတင်းကျွတ်လဆန်း (၅)ရက်နေ့မှစ၍ ဦးဘိုးဟန် အကြောင်း ကြားသိရသော အနီးအနားရပ်ရွာရှိ လူအပေါင်းတို့သည် ကြည့်ရှုနှားထောင်ရန် အားခဲနေကြရာ လဆန်း(၁၃)ရက်နေ့ ရောက်သောအခါ ကြည့်ရှုနှားထောင်သူ လူပရိသတ်နှင့် ဦးဘိုးဟန်၏ ဆွေမျိုးသားချင်း အပေါင်းအသင်း မိတ်ဆွေသင်္ဂဟတို့ စုံညီလာကြသဖြင့် စည်ကားသော ဆွမ်းကျွေးအလှူပွဲကြီးတစ်ခု ဖြစ်နေပေ၏။

ထိုအချိန်တွင် ပူးကပ်နေသောသူငယ်သည် ကောင်းမွန်စွာထိုင်ပြီး ကြွရောက်လာသည့် သံဃာတော်များအား ဖူးမြော်ဦးချလျက်-

'ဟောဒါက တပည့်တော်၏ သမီးအကြီး၊ ဒါက သားအလတ်၊ ဟိုဟာက သမီးအထွေး၊ တပည့်တော်ပူးကပ်နေတာက မြေးဖြစ်ပါသည်'

စသည်ဖြင့်လျှောက်ထားပြီး ကြွရောက်လာသော ဆွေမျိုး၊ မိတ်ဆွေများ၏ အမည်များကို ခေါ်ငင်ကာ-

'ဒီဘက်ကြွပါ။ ဒီမှာထိုင်ပါ'

စသဖြင့် နှုတ်ဆက်ခရီးဦးကြိုစကား ပြောကြား၍-

'ငါ၏ သားသမီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို သည်နေ့သည်ရက်၌ တွေ့မြင်ရခြင်း၊ စကားပြောရခြင်း စသောအမှုကိစ္စတို့သည် သင်တို့နှင့် ကျွန်ုပ် နှုတ်ဆက်ပွဲအနေအားဖြင့် တွေ့ကြုံဆုံစည်းရခြင်းဖြစ်ပေတယ်။ သို့ဖြစ်သောကြောင့် အားရအောင် ကြည့်ကြ၊ ပြောဆိုကြ၊ ရယ်မောကြပေတော့။ ယနေ့ အလှူဒါနများကို ရေစက်သွန်းချ အမျှပေးဝေ သာဓုအဝှေါကြပြီးသည်နှင့် သင်တို့နှင့် ကျွန်ုပ် ယခုလို အတူတွဲပြီး အလှူပွဲကြီး နောက်ထပ် ပြုရတော့မည်၊ ဆုံရတော့မည် မဟုတ်ဘူးနော်။ ယခုပြုသော ကုသိုလ်အကျိုးဟုန်ကြောင့် တာဝတိံသာနတ်ဘုံသို့ သွားရလိမ့်မည်။ ငါ့သား၊ ငါ့သမီးနှင့် ဆွေမျိုး၊ မိတ်ဆွေအပေါင်းတို့' ဟု ပြောကြားလေ၏။

ထိုအခါ နန္ဒဝန်ဆရာတော်က-

'ဒါယကာကြီး..တာဝတိံသာဘုံသို့ သွားမည်ဆိုတာကိုတော့ အလွန်ဝမ်းမြောက်လှပါတယ်။ သို့ပေမယ့် ဒါယကာကြီးပူးကပ်နေသောမြေးငယ် ပက်လက်အိပ်နေရသည်မှာ ဝေဒနာဖြစ်သည့်ရက်စ၍ ရေတွက်ကြည့်လျှင် (၂၉) ရက်နီးပါး ရှိနေပြီ'

ဟု မိန့်တော်မူလျှင် ဦးဘိုးဟန်ပူးကပ်နေသော သူငယ်က-

'ဒီအတွက်ကြောင့်တော့ စိုးရိမ်ကြောင့်ကြ ပူပင်တော်မမူပါနှင့်ဘုရား။ တပည့်တော် နတ်ပြည်သို့သွားသည်နှင့် တစ်ပြိုင်နက် ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ ရောဂါကင်းစင် ပကတိအသွင်အတိုင်းဖြစ်ပြီး စားသောက်နေထိုင် အလုပ်အကိုင်ပြုလုပ်နိုင်ပါလိမ့်မည်ဘုရား' ဟု လျှောက်ထားလေ၏။

သို့နှင့် ဆွမ်းစားချိန်ရောက်လာသဖြင့် ဆွမ်းပွဲများကို ကိုယ်တိုင်ကပ်ပြီး သံဃာတော်များ ဆွမ်းဘုဉ်းပေးသည်ကို ကြည့်ညိုရင်း မိတ်ဆွေသင်္ဂဟ ဆွေမျိုးများနှင့် အားရပါးရ သာယာ စကားပြောနေလေသည်။

ယင်းသို့သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ သီလဆောက်တည်ခြင်း၊ ဟောပြွန်ပြသော တရားတော်ကို နာယူခြင်း၊ ရေစက်သွန်းချပြီးနောက် သားသမီး၊ ဆွေမျိုး ဥာတကာ မိတ်သဟာတို့နှင့် ရောက်လာကြသော ပရိသတ်အပေါင်းတို့ဘက်သို့ လှည့်ကာ-

'အို..ပရိသတ်အပေါင်းတို့၊ ကျွန်ုပ်မောင်ဘိုးဟန်သည် ရှေးလူဖြစ်စဉ်အခါက ဇနီးမယားနှင့် သားသမီးတို့အတွက် မည်ကဲ့သို့အလုပ်ဖြင့် အသက်မွေးမြူခဲ့သည်ကို သင်တို့အသိပင်။ ယင်းသို့စီးပွားရှာစဉ်က ဒုစရိုက်မှုများ မကင်းခဲ့သဖြင့် ယုတ်နိမ့်အောက်ကျ ဆင်းရဲလှသော အပါယ်ဘုံသို့ (၃၂) နှစ်တိုင်တိုင် ကျရောက်ခဲ့သည်ကို သင်တို့ ကျွန်ုပ်ပြောသောကြောင့် ကြားရပေပြီ။

လောဘဓောတို့က်တွန်းပြီး သံယောဇဉ်အတွက် ကောင်သည်,မကောင်းသည်၊ တရားသည်,မတရားသည်ကို မခြားနားနိုင်ဘဲ ပစ္စည်းရှာလို့ရလာရင် သားမယားများနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com

ရွှင်ပျစွာစားသောက်ကြသော်လည်း နစ်မွန်းစရာ ဇနီးမယားနှင့် သားသမီးတို့က ဆီးတားကာ မကူ ညီခဲ့ကြဘဲ ကိုယ်တစ်ယောက်တည်း ဒုက္ခခံရသည်ကို တွေး ကြည့်ကြ အသည်းနာစရာ။ သံဝေဂရစရာ အလွန်ကောင်း ပါတယ်။ သို့အတွက် ယနေ့မှစ၍ ကျွန်ုပ်ကို စံပြအနေထား ကာ မကောင်းမှုဒုစရိုက်များကိုလုပ်ကာ တစ်သက်လျာ ဖြောင့်ပါဘုရံ့၊ လှရုံအတွက်နှင့်တော့ စီးပွားမရှာကြပါနဲ့။ အမှန်ကြောက်စရာကောင်းပါသည်။

ကျွန်ုပ်သည် ကံအထူးထောက်မ၍ ကျွတ်ခွင့်,လွတ် ကြောကြိုက်သည်နှင့် ယခုလိုဖြစ်ရပါသည်။ ကျွန်ုပ်နှင့် ဆင်းပင်းဖြစ်ကြသည့် ငြိတ္တာအပေါင်းတို့မှာ အစားဆင်း အနေဆင်းရဲ ကျွတ်ဖို့အခွင့်အလမ်းလည်းမမြင်၊ ဒုက္ခဝေ ဒနာစားနေရသည့်ဖြစ်အင်ကို ယခုပြောရင်း ကြက်သီးထ ပါသည်။ အို..ပရိသတ်အပေါင်းတို့'ဟု ပြောဆိုလေ၏။ ထင်းနောက်ဆက်၍-

'ဆရာတော်ဘုရားများကလည်း ရောက်လေရာရာ မြို့ ရွာအသေတို့၌ တပည့်တော်၏ ဖြစ်ပျက်ခဲ့ပုံ အကြောင်းစုံ ကို သာဓကထားပြီး ဒါယကာ,ဒါယကာမများကို ဒု စရိုက်မပွားကြဘဲ သုစရိုက်ပွားများကြရန် တိုက်တွန်းခဲ့ ဆော်တော်မူပါ'

ဟု လျှောက်ထားပြီးနောက် သံဃာတော်များကို ဦးသုံး ကြိမ်ကန်တော့ပြီး-

'သားသမီးများနဲ့ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ရေ.. ငါတော့ တာဝတိံသာနတ်ရွာသို့ သွားတော့မယ်နော်'ဟု နောက်ဆုံးနှုတ်ဆက်စကား ပြောဆို၍ အမျှသုံးကြိမ်ဝေကာ သာဓုသုံးကြိမ် ကျယ်စွာခေါ်ဆိုပြီးနောက် တိတ်ဆိတ်သွား လေ၏။

ထိုအခါ သားသမီးများနှင့် ပရိသတ်အပေါင်းတို့မှာ မျက်ရည်စီးဖြာ မကြည်သောမျက်နှာနှင့် အံ့သြချီးမွမ်း အဖြစ်ဆန်းအကြောင်းကို ပြန်ပြောင်းပြောဆိုကာ ကျန်ရစ်ခဲ့ ကြနေပေတော့သတည်း။

သုခီအတ္တာနံ ပရိဟရန္တု

ရွှေတလေး(လွယ်လင်)

ကျမ်းကိုး

* ဓမ္မာစရိယဦးဌေးလှိုင်၏ ဓမ္မဒူတစာအုပ်၊ (၁၉၈၅)ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ ပထမအကြိမ်။

ရွှေကျောက်မှား

ကမ္ဘီရကျောက်မှားဆေးကြီးမှ

ထုတ်လုပ်သော အထူးဆေးဆွမ်းကောင်းများ

- အကြောပြေဒဏ်ကြေလိမ်းဆေး
- အာရုံကြောအားတိုးဆေး
- နှလုံးသည်းခြေဆေး

နို့ဝဲထုံးဆောင်ထူထားလုံး ထျန်းစာချိန်းထားထြေဝါစေ။

အောက်ပါဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

- ဆီနုံးတစ်ရာဆေးဆိုင် (မြို့မခစား၊ နေပြည်တော်)
- အာရောဂျဆေးဆိုင် (မြို့မခစား၊ နေပြည်တော်)
- ပြည့်စုံဘောင်ဆေးဆိုင် (မြို့မခစား၊ နေပြည်တော်)
- နေးမားဆေးဆိုင် (သဲကျွန်း၊ ပျဉ်းမနား)

နံနက်(၁၀း၀၀)နာရီမှ ညနေ(၃း၀၀)နာရီထိ

(တနင်္ဂနွေတိုင်း ပိတ်သည်)

ရွှေထျောက်ဖားဆေးတိုက်

အမျိုးသမီးတို့၏ ဦးခေါင်းနှင့် အသည်းနှလုံး

ဆရာမ ဒေါ်လွင်ထားထား

B.A (Psycho:)

အမျိုးသမီးတို့၏ အကြိုအစည်၊ အမျိုးသမီးတို့၏ ခံစားချက်တို့မှာ တစ်မျိုးတစ်ဘာသာ ဖြစ်ပါသည်။ အမျိုးသမီးတို့၏ 'ကံသင်္ကေတ'တို့သည်လည်း တစ်သီးတခြား ဖြစ်ပါသည်။ မနော ဗေဒင်ပညာရှင် ဆရာမဒေါ်လွင်လွင်ထားနှင့် အမျိုးသမီးတိုင်း ဆွေးနွေးကြည့်လိုက်ပါ။ ဘဝ၏ မိုးကုပ်စက်ဝိုင်းသစ်တစ်ရပ်ကို တွေ့ကြရပါလိမ့်မည်။ ယနေ့ ပညာခေတ်ကြီးတွင် ဘဝသည် ပဟေဠိ တွေချည်း မဟုတ်တော့ပါ။

(အမျိုးသမီးသီးသန့် ဗေဒင်ဟောခန်း)

နံနက်(၁၀း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ

(တနင်္ဂနွေတိုင်း ပိတ်သည်)

အမှတ်(၈၀)၊ ပြည်ထောင်စုလမ်းမကြီး၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

အရှင်သူရိယ(မိုးကောင်းကင်)

ဝိဇ္ဇာကတ်တော်လာ မှတ်သားဖွယ်ရာများနှင့် (၄)ဂဏန်း

ဗုဒ္ဓဘုရားရှင် လေးဆယ့်ငါးဝါကာလပတ်လုံး မနေမနား ဟောကြားဆုံးမခဲ့တဲ့ သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဒေသနာတော်တွေရဲ့ အကြောင်းအရာတွေ တော်တော်များများကို လေ့လာကြည့်ဖြစ်တဲ့အခါမှာ မြတ်ဗုဒ္ဓက ဝေနေယျသတ္တဝါတွေကို အများအားဖြင့် အချက်လေးချက်နဲ့ ဆုံးမထားတာကို ထူးခြားစွာ တွေ့မြင်နေရပါတယ်။

အပါယ်သံသရာကိုလည်စေတဲ့ အကြောင်းအရာတွေကလည်း အချက်(၄)ချက်၊ သုဂတိဘုံဌာနတွေကို ရောက်စေတာဟာလည်း အချက်(၄)ချက်၊ ဗြဟ္မာဘုံဌာနတွေကို ရောက်စေတာဟာလည်း အချက်(၄)ချက်၊ နောက်ဆုံးစကားကို ကုန်အောင်ပြောရမယ်ဆိုရင် သုံးဆယ့်တစ်ဘုံမှ အပြီးတိုင် လွန်မြောက်သွားတဲ့ နိဗ္ဗာန်ချမ်းသာကို ရောက်အောင်ပို့ဆောင်ပေးတာဟာလည်း အချက်(၄)ချက်ပါပဲ။

ဒါကြောင့် ဂဏန်းသချိုင် အရေအတွက်ထဲမှာ (၄) ဂဏန်းနံပါတ်ဟာ တခြားဂဏန်းနံပါတ်တွေထက်ကို အရေးပါနေပါလားလို့ ခံစားမိလို့ စာရေးသူအနေနဲ့ (၄)ဂဏန်းနဲ့ ပတ်သက်သမျှ အထွေထွေဗဟုသုတများကို ရှာဖွေစုဆောင်းပြီး ကျမ်းဂန်များကို ကိုးကားထောက်ဆကာ စာဖတ်သူအားမျှဝေပေးလိုပြန်ပါတယ်။

(က) ပုဂ္ဂိုလ်(၄)မျိုး

၁။ အကျဉ်းဥဒ္ဒေသကို ဟောရုံမျှဖြင့် ကျွတ်တမ်းဝင်ကြမည့် ဥဋ္ဌဋ္ဌိကညျုပုဂ္ဂိုလ်။

၂။ အကျယ်ဝိတ္ထာရဟောမှ ကျွတ်တမ်းဝင်မည့် ဝိပဉ္စိတညျုပုဂ္ဂိုလ်။

၃။ အကျဉ်းအကျယ်ဟောရုံနှင့် ကျွတ်တမ်းမဝင်၊ သားဘဲအဖန်ဖန်အထပ်ထပ် ပွားများအားထုတ်မှ ကျွတ်တမ်းဝင်မည့် နေယျပုဂ္ဂိုလ်။

၄။ ယခုပစ္စုပ္ပန်ဘဝမှာ မင်္ဂလိမရဘဲ နောက်နောင်ဘဝတို့၌ တရားအထုံ ဝါသနာပါရုံမျှဖြစ်မည့် ပဒပရမပုဂ္ဂိုလ်။ (အင်္ဂုတ္တိရ်)

(ခ) ရတနာသုံးပါး၌ ကြည်ညိုပုံ(၄)မျိုး

၁။ ရုပ်အဆင်းတင့်တယ်လှပခြင်း၌ ကြည်ညိုသောပုဂ္ဂိုလ်၊

၂။ အသံကောင်းခြင်း၌ ကြည်ညိုသောပုဂ္ဂိုလ်၊

၃။ ခေါင်းပါးသောအကျင့်၌ ကြည်ညိုသောပုဂ္ဂိုလ်၊

၄။ သီလ၊ သမာဓိ၊ ပညာတရားတို့၌ ကြည်ညိုသောပုဂ္ဂိုလ်။ (အင်္ဂုတ္တိရ်)

(ဂ) သင်္ဂီဟတရား(၄)ပါး

၁။ ဒါန-ပေးကမ်းစွန့်ကြဲ လှူဒါန်းခြင်း၊

၂။ ပေယျဝဇ္ဇ-ချစ်ဖွယ်သောစကားကို ပြောဆိုဆက်ဆံခြင်း၊

၃။ အတ္ထစရိယ-ပတ်ဝန်းကျင်၏ အကျိုးစီးပွားကို ထူထောင်ပေးခြင်း၊

၄။ သမာနတ္တတာ-မိမိနှင့် ထပ်တူထပ်မျှ ဆက်ဆံခြင်း။ (အင်္ဂုတ္တိရ်)

(ဃ) တွေးတောကြံစည်လျှင် ရူးတတ်သည့်အရာ(၄)မျိုး

၁။ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အရာမှန်သမျှ မကြံနှင့် ရူးတတ်သည်။

၂။ စျာန်အဘိညာဉ်တန်ခိုးအရာ မကြံနှင့်၊ ရူးတတ်သည်။

၃။ ထူးထွေဆန်းပြားလှသော ကံ၏အရာ မကြံနှင့်၊ ရူးတတ်သည်။

၄။ ဖြစ်တတ်၊ပျက်တတ်သော လောကဓာတ်အကြောင်းမှန်သမျှ မကြံနှင့်၊ ရူးတတ်သည်။ (အင်္ဂုတ္တိရ်)

www.burmeseclassic.com

www.burmeseclassic.com

သုခ(၄)မျိုး

- စည်းစိမ်ချမ်းသာ အထင်အရှားရှိသည်ကို ကြောင်းပြု၍ ချမ်းသာခြင်းသည် အတ္ထသုခ၊
- အထင်အရှားရှိသည့် စည်းစိမ်ဥစ္စာတို့ကို သုံးဆောင်စားခြင်းသည် ဘောဂသုခ၊
- အကြွေးကင်းခြင်းကြောင့် ချမ်းသာခြင်းသည် အာနဏျသုခ၊
- အပြစ်မရှိသော ကုသိုလ်တရားတို့ကို အာရုံပြု၍ ချမ်းသာခြင်းသည် အနဝဇ္ဇသုခ။ (အင်္ဂုတ္တိ၅)

အရိယာလည်းဖြစ် သာဝကလည်းဟုတ်(၄)ချက်

- အရိယာဖြစ်သော်လည်း သာဝကမဟုတ်သောသူ ဘုရားနှင့် ပစ္စေကဗုဒ္ဓါများ၊
- သာဝကဟုတ်ပေမယ့် အရိယာမဖြစ်သောသူ ဗုဒ္ဓဘာသာဝင် ပုထုဇဉ်များ၊
- အရိယာလည်းမဖြစ် သာဝကလည်း မဟုတ်သောသူ သာသနာပတိတ္ထိများ၊
- အရိယာလည်းဖြစ်၊ သာဝကလည်းဟုတ်သောသူ အရိယာဘုရား၏ သားသမီးများ။

(အင်္ဂုတ္တရနိကာယ်၊ မြန်မာပြန်)

ဘစ်သခ်ျနှင့် ကမ္ဘာတစ်သိန်း ပြဂ္ဂါအောက်မေ့နိုင်သူ(၄)ဦး

- အိန္ဒြာသာရိပုတ္တရာ၊
- အရှင်မဟာမောဂ္ဂလာန်၊
- အရှင်ဇာကုလ၊
- ဘဒ္ဒကစ္စနာထေရီ။

(အင်္ဂုတ္တရနိကာယ်၊ မြန်မာပြန်)

အလွန်ဝေးရာ(၄)ခု

- ကောင်းကင်နှင့်မြေကြီး၊
- သမုဒ္ဒရာ၏ ဤမှာဘက်ကမ်းနှင့် ဟိုမှာဘက်ကမ်း၊
- နေထွက်ရာအရပ်နှင့် နေဝင်ရာအရပ်၊
- သူတော်ကောင်းနှင့် သူယုတ်မာတို့၏တရား။

(သုဝိဒူရသုတ်၊ အင်္ဂုတ္တိ၅)

ခံယဉ်းကြောင်းတရား(၄)ပါး

- ယုဖြစ်ဖို့ အင်မတန်ခံယဉ်းလေ၏။
- ဘဝရသော်လည်း အသက်ရှည်ဖို့ ခံယဉ်းလေ၏။
- သူတော်ကောင်းတရား နာကြားရဖို့ အလွန်ပင်ခံယဉ်းလေ၏။
- ဤလောကကြီးထဲမှာ ဘုရားရှင်တော် ပွင့်ထွန်းပေါ်ပေါက်ဖို့ရန် အလွန်အလွန်ပင် ခံယဉ်းလေ၏။ (ဓမ္မပဒ)

(ည)ချက်ချင်းအကျိုးပေးသောအင်္ဂါ(၄)ချက်

- အလှူခံပုဂ္ဂိုလ်သည် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတစ်ပါးပါး ဖြစ်ရမည်။
- နိရောဓသမာပတ်မှ ထလာခါစ ဖြစ်ရမည်။
- လှူဖွယ်ဝတ္ထုသည် တရားသဖြင့်ရထားသော ပစ္စည်းဝတ္ထု ဖြစ်ရမည်။
- စေတနာသုံးတန် ညီညွတ်ထက်သန်နေရမည်။ (ဓမ္မပဒ)

(ဋ္ဌ) ဒါန၏အစွမ်းသတ္တိ(၄)ပါး

- အထက်တန်းကျသော ဘဝကိုရောက်ရန် စောင်းတန်းလှောကားနှင့်တူလေ၏။
- ရောက်ရာဘဝ အောက်မကျရန် ရိုက္ခာထုပ်ပိုက်လာခြင်းနှင့် တူလေ၏။
- မိမိရောက်လိုရာခရီး အပိတ်အပင်မရှိ သွားရသောလမ်းဖြောင့်နှင့် တူလေ၏။
- နိဗ္ဗာန်ရောက်ကြောင်း အခြေခံကောင်းမြတ်သောတရားဖြစ်လေ၏။ (ဓမ္မပဒ)

(ဌ) ရာဂဝိနယသုတ်လာပုဂ္ဂိုလ်(၄)မျိုး

- ကိုယ့်အကျိုးသာ ကျင့်ကြံ၍ သူတစ်ပါးအကျိုး မကျင့်ကြံသောပုဂ္ဂိုလ်၊
- သူတစ်ပါးအကျိုးကို ကျင့်ကြံ၍ ကိုယ့်အကျိုးကို မကျင့်ကြံသောပုဂ္ဂိုလ်၊
- မိမိ၊သူတစ်ပါး နှစ်ဦးသားတို့၏အကျိုးကို မကျင့်ကြံသောပုဂ္ဂိုလ်၊
- မိမိ၊သူတစ်ပါး နှစ်ဦးသားတို့၏အကျိုးကို ကျင့်ကြံသောပုဂ္ဂိုလ်။ (အင်္ဂုတ္တိ၅)

(ဍ) မကောင်းမှုပြုလုပ်သူ တွေ့ရမည့်ဘေး(၄)မျိုး

- အတ္တာနုဝါဒဘေး - မိမိကိုယ်ကို စွပ်စွဲသောဘေး- မကောင်းမှုပြုလုပ်ပြီးသောအခါ မှားလေပြီဟု ပူပန်နေခြင်း၊
- ပရာနုဝါဒဘေး - သူတစ်ပါးတို့က စွပ်စွဲသောဘေး- မကောင်းမှုပြုလုပ်သူကို ပတ်ဝန်းကျင်က ကဲ့ရဲ့ခြင်း၊
- ဒဏ္ဍဘေး-မင်းပြစ်မင်းဒဏ်သင့်သောဘေး၊
- ဒုဂ္ဂတိဘေး-အပါယ်ရောက်ရမည့်ဘေး။ (အတ္တာနုဝါဒသုတ်)

www.burmeseclassic.com

(ဃ) အတူမရှိသောတရား(၄)ပါး

၁။ ဤလောကထဲ၌ ရာဂနှင့်တူသော ပူလောင်သောမီး မရှိ၊

၂။ ဤလောကထဲ၌ ဒေါသနှင့်တူသော ဖမ်းယူတတ်သူ မရှိ၊

၃။ ဤလောကထဲ၌ မောဟနှင့်တူသော ပိုက်ကွန်ထောင် ချောက် မရှိ၊

၄။ ဤလောကထဲ၌ တဏှာနှင့်တူသောမြစ် မရှိ။ (ဓမ္မပဒ)

(ဏ) လူစင်စစ်က တာဝတိံသာနတ်ပြည်ရောက်သူ (၄)ဦး

၁။ ဂုတ္တိလစောင်းသမား၊

၂။ သာဓိနမင်း၊

၃။ နေမိမင်း၊

၄။ မန္ဓာတ်မင်း။ (မိလိန္ဒပညာ)

(တ) မြင်းလိမ္မာနှင့်တူသောလူ(၄)ယောက်

(၁) တစ်ဦးတစ်ယောက်သေသည်ဟု သတင်းစကား ကြားရုံမျှဖြင့် ထိတ်လန့်သံဝေဂရကာ ကုသိုလ်တရားအလုပ် အားထုတ်သောသူ၊

(၂) ကြားရုံမျှနှင့် သံဝေဂမရဘဲ ကိုယ်တိုင်မြင်ရမှ ထိတ်လန့်သံဝေဂရကာ ကုသိုလ်တရားအလုပ် အားထုတ်သောသူ၊

(၃) ကြားရုံ၊ မြင်ရုံနှင့် သံဝေဂမရဘဲ မိမိဆွေမျိုးထဲမှ တစ်ဦးဦးသေဆုံးမှ ထိတ်လန့်သံဝေဂရကာ ကုသိုလ်တရား အလုပ် အားထုတ်သောသူ၊

၄။ ကြားရုံ၊မြင်ရုံ၊ ဆွေမျိုးသေဆုံးရုံနှင့် သံဝေဂမရဘဲ ကိုယ်တိုင် ရောဂါကြီးကြီးမားမား ဒုက္ခတွေ့မှ သံဝေဂရကာ ကုသိုလ်တရားအလုပ် အားထုတ်သောသူ။ (ပတောဒသုတ်)

(ထ) အာမခံချက်မရှိသောတရား(၄)ပါး

၁။ အိုတတ်သော ခန္ဓာကိုယ်ကို မအိုဖို့ရန် အာမခံချက်ပေးနိုင်တာ မရှိပါ။

၂။ နာတတ်သော ခန္ဓာကိုယ်ကို မနာဖို့ရန် အာမခံချက်ပေးနိုင်တာ မရှိပါ။

၃။ သေတတ်သော ခန္ဓာကိုယ်ကို မသေဖို့ရန် အာမခံချက်ပေးနိုင်တာ မရှိပါ။

၄။ အကုသိုလ်တွေ ပြုလုပ်ပြီး မကောင်းသောအကျိုး မပေးပါနဲ့လို့ အာမခံချက်ပေးနိုင်တာ မရှိပါ။ (အင်္ဂုတ္တိရ်)

(ဒ) မိဘကျေးဇူးကျေအောင်ဆပ်နည်း(၄)ပါး

၁။ သဒ္ဓါတရားမရှိသော မိဘတို့ကို သဒ္ဓါတရား ရှိလာအောင် တိုက်တွန်းလုပ်ဆောင်ပေးခြင်း၊

၂။ သီလမရှိသော မိဘတို့ကို သီလရှိလာအောင် တိုက်တွန်းလုပ်ဆောင်ပေးခြင်း၊

၃။ နှမြောတွန့်တိုသော မိဘတို့ကို ပေးကမ်းစွန့်ကြဲခြင်း၌ မွေ့လျော်အောင် တိုက်တွန်းလုပ်ဆောင်ပေးခြင်း၊

၄။ ဝိပဿနာဉာဏ်ပညာနည်းသော မိဘတို့ကို တရားထုတ်မှု၌ မွေ့လျော်အောင် တိုက်တွန်းလုပ်ဆောင်ပေးခြင်း။

(ဓ) လူ(၄)မျိုး

၁။ လူငရဲ

လူငရဲဟူသည် ငရဲသို့ ကျရောက်သူများသည် ကောင်းမှုကုသိုလ် ပြုလုပ်ခွင့်မရဘဲ စက္ကန့်မလပ် နှိပ်စက်ညှဉ်းဆဲခံဒဏ်ကို ခံစားနေရသကဲ့သို့ အချို့သောလူများသည် ကောင်းမှုကုသိုလ် ပြုလုပ်ခွင့်မရဘဲ ဒုစရိုက်အမှုတွေကို ကျူးလွန်သောကြောင့် ထောင်ကျအချုပ်ကျနေရကာ နှိပ်စက်ညှဉ်းဆဲခံနေရသူများကို လူငရဲဟု ခေါ်ပါသည်။

၂။ လူတိရစ္ဆာန်

လူတိရစ္ဆာန်ဟူသည် တိရစ္ဆာန်များသည် ကောင်းမှုကုသိုလ်ကို ပြုလုပ်ခွင့်မရဘဲ အိပ်စားကာမ ဤသုံးမျိုးကိုသာ အချိန်ကုန်နေသလို အချို့သောလူများသည် ကောင်းမှုကုသိုလ်ကို မပြုလုပ်ဘဲ အိပ်စားကာမ ဤသုံးမျိုးဖြင့်သာ တစ်ဘဝလုံး ကုန်ဆုံးသွားသော လူများကိုတော့ လူတိရစ္ဆာန်ဟု ခေါ်ပါသည်။

၃။ လူပြိတ္တာ

လူပြိတ္တာဟူသည် ပြိတ္တာများသည် ကောင်းမှုကုသိုလ် ပြုလုပ်ခွင့်မရဘဲ ဝမ်းရေးအတွက် ရှာဖွေစားသောက်ရင်း ဘဝတစ်ခု ကုန်ဆုံးသွားရသလို အချို့သောလူများသည် ကောင်းမှုကုသိုလ် ပြုလုပ်ခွင့်မရဘဲ ဝမ်းရေးအတွက်သာ ရှာဖွေစားသောက် နေထိုင်ကြရင်း ဘဝတစ်ခု ဇာတ်သိမ်းသွားသော လူများကိုတော့ လူပြိတ္တာဟု ခေါ်ပါသည်။

၄။ လူပရမတ္ထ

လူပရမတ္ထဟူသည် မြင့်မြတ်သောလူတစ်ယောက်ဖြစ်၏။ ရခဲလှစွာသောလူဘဝကို အချည်းအနှီး အချိန်ကုန်ခံခဲ့ဘဲ ဒါန၊ သီလ၊ ဘာဝနာအလုပ်ဖြင့် အတ္တဟိတ၊ ပရဟိတလုပ်ဆောင်ကာ နေထိုင်သောသူကိုတော့ လူပရမတ္ထဟု ခေါ်ပါသည်။

www.burmeseclassic.com

ဒဿါ(၄)မျိုး

အာဂမသဒ္ဒါ

ဘုရားအလောင်းတော်တို့၏သဒ္ဒါသည် ဘုရားဆုပန်ခဲ့၍ မပျက်မစီး တည်တံ့လာသောကြောင့် အာဂမ သဒ္ဒါ။

အဓိကမသဒ္ဒါ

အရိယာတို့၏ သဒ္ဒါတရားသည် မဂ်ဉာဏ်ကိုရသည်မှ ပျောက်မစီးသောကြောင့် အဓိကမသဒ္ဒါ။

ဩကပ္ပနသဒ္ဒါ

ရာဂနာသုံးပါး၌ သက်ဝင်ယုံကြည်ခြင်းသည် ဩကပ္ပန သဒ္ဒါ။

သောဒသဒ္ဒါ

ရာဂနာသုံးပါး၌ ယုံကြည်ရဲမျှဖြစ်ခြင်းသည် ပသာဒ သဒ္ဒါ။

ကောင်းတရား(၄)ပါး

ဘူဖြစ်ပါလျက် အပျင်းဖက်လျှင် မကောင်းပါ။

ဗဟုန်းဖြစ်ပါလျက် စောင့်စည်းမှုကုန်ခြေ မရှိလျှင် မကောင်းပါ။

ဆင်းဖြစ်ပါလျက် ဆင်ခြင်နိုင်သောဉာဏ် မရှိလျှင် မကောင်းပါ။

ဃာရိဖြစ်ပါလျက် အမျက်ဒေါသကြီးလျှင် မကောင်းပါ။

သေခြင်း(၄)မျိုး

အာယုက္ခယမရဏ-သက်တမ်းကုန်၍သေခြင်း၊

ကမ္မက္ခယမရဏ-ကံစွမ်းကုန်၍သေခြင်း၊

ဥဘယက္ခယမရဏ-သက်တမ်း၊ ကံစွမ်း နှစ်ပါးကုန်၍ သေခြင်း၊

ဥပစ္ဆေဒကမရဏ - လတ်တလောကံဆိုး ဖြတ်ခြွေ၍ သေရခြင်း။ (အဘိဓမ္မာ)

အကျိုးပေးပုံကံ(၄)မျိုး

ဒိဋ္ဌဓမ္မဝေဒနီယကံ-ယခုမျက်မှောက်ဘဝမှာပင် လက်ငင်းအကျိုးပေးသောကံ၊

ဥပပဇ္ဇဝေဒနီယကံ-သေပြီးဒုတိယဘဝတွင် ပဋိသန္ဓေ အကျိုးကိုပေးသောကံ၊

အပရာပရိယာယဝေဒနီယကံ-တတိယဘဝမှစ၍ နိဗ္ဗာန် ရောက်ချင်း ပဋိသန္ဓေအကျိုး၊ ပဝတ္တိအကျိုး နှစ်မျိုးစလုံး ကိုပေးသောကံ၊

၄။ အဟောသိကံ-လုံးဝအကျိုးမပေးတော့ဘဲ ပျက်ပြယ် သွားသောကံ။ (အဘိဓမ္မာ)

(ဘ)ပျက်စီးတတ်ရာ(၄)ပါး

၁။ နေရာဒေသတစ်ခုမှာ အကြီးအကဲခေါင်းဆောင် မရှိလျှင် အလျှင်အမြန်ပျက်စီးတတ်၏။

၂။ အကြီးအကဲခေါင်းဆောင် များလျှင်လည်း ပျက်စီး တတ်၏။

၃။ မိန်းမအကြီးအကဲ ခေါင်းဆောင်ဖြစ်လျှင်လည်း ပျက် စီးတတ်၏။

၄။ အသက်အရွယ်ငယ်သူကို အကြီးအကဲခေါင်းဆောင် ခန့်လျှင်လည်း ပျက်စီးတတ်၏။

(မ) ဆုံး(၄)ပါး

၁။ မီးတက္ခ မီးထဲမှာ ရာဂမီးသည် အကြီးဆုံးဖြစ်၏။

၂။ အပြစ်တက္ခ အပြစ်ထဲမှာ ဒေါသအပြစ်သည် အညစ် ဆုံးဖြစ်၏။

၃။ ဆင်းရဲတက္ခ ဆင်းရဲခြင်းထဲမှာ ခန္ဓာရခြင်းသည် အဆင်းရဲဆုံးဖြစ်၏။

၄။ ချမ်းသာဟူသမျှထဲမှာ နိဗ္ဗာန်သည် အချမ်းသာဆုံးဖြစ် ၏။

(ယ)မိတ်ဆွေကောင်း(၄)ဦး

၁။ ခရီးသွားရာတွင် ကုန်သည်မှူးကြီးသည် မိတ်ဆွေ ကောင်းဖြစ်၏။

၂။ အိမ်တစ်အိမ်မှာ မိခင်သည် မိတ်ဆွေကောင်းဖြစ်သည်။

၃။ အရေးအကြောင်းကိစ္စ ပေါ်လာသောအခါ ပြေလည် အောင် ဖြေရှင်းပေးနိုင်သူသည် မိတ်ဆွေကောင်းဖြစ် ၏။

၄။ ဘဝသံသရာကျင်လည်ရာတွင် ကုသိုလ်ကောင်းမှုသည် မိတ်ဆွေကောင်းဖြစ်၏။

(ရ) အမြတ်ဆုံးတရား(၄)ပါး

၁။ ကျန်းမာခြင်းသည် အမြတ်ဆုံးလာဘ်တစ်ပါး၊

၂။ ရောင့်ရဲတင်းတိမ်ခြင်းသည် အမြတ်ဆုံးဥစ္စာ၊

၃။ ရင်းနှီးချစ်ခင် ကျွမ်းဝင်ခြင်းသည် အမြတ်ဆုံးဆွေမျိုး၊

၄။ ကိလေသာကုန်ခြင်းသည် အမြတ်ဆုံးချမ်းသာ။

(လ)ချမ်းသာကြောင်း(၄)ပါး

၁။ ဤလောကကြီးထဲ၌ ဘုရားရှင်ပွင့်ထွန်းပေါ်လာခြင်း သည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

www.burmeseclassic.com

၂။ သူတော်ကောင်းတရား နာကြားရခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။

၃။ ရဟန်းသံဃာများ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

၄။ ညီညွတ်သော အဖွဲ့အစည်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။

(ဝ) အရိပ်(၄)မျိုး

၁။ သစ်ပင်၏အရိပ်သည် အေးချမ်း၏။

၂။ ထိုသစ်ပင်အရိပ်ထက် မိဘဆွေမျိုးအရိပ်က ပို၍အေး ချမ်း၏။

၃။ ထိုမိဘဆွေမျိုးအရိပ်ထက် ဆရာသမားအရိပ်က ပို၍ အေးချမ်း၏။

၄။ ထိုအရိပ်တွေ အားလုံးထက် မြတ်စွာဘုရားအရိပ်က အဆများစွာသာလွန်၍ အေးချမ်း၏။

(သ) မြတ်စွာဘုရားထံ အရှင်အာနန္ဒာတောင်းသော ပယ်(၄)ပါး

၁။ မြတ်စွာဘုရား ရအပ်သည့် သင်္ကန်းကောင်းများကို တပည့်တော်အား မပေးပါနဲ့ဘုရား၊

၂။ ဆွမ်း၊ ဘောဇဉ်များကိုလည်း တပည့်တော်အား မစွန့် ပါနဲ့ဘုရား၊

၃။ ဂန္ဓကုဋိတိုက်တော်၌ မြတ်စွာဘုရားနှင့် အတူတကွ တပည့်တော်အား နေခွင့်ကို မပေးပါနဲ့ဘုရား၊

၄။ မြတ်စွာဘုရားအား ပင့်ဖိတ်ရာသို့ တပည့်တော်ကို နောက်ပါခေါ်၍ သွားတော်မမူပါနဲ့ဘုရား။

(ဟ) မြတ်စွာဘုရားထံ အရှင်အာနန္ဒာတောင်းသော ယူ(၄)ပါး

၁။ မြတ်စွာဘုရားသည် တပည့်တော်အားပင့်ဆောင်သော ဒါယကာ,ဒါယိကာမများ ဖိတ်ကြားရာအရပ်သို့ ကြွရောက် တော်မူပါဘုရား၊

၂။ အရပ်တစ်ပါးမှ လာတိုင်း,လာတိုင်းသော ဘုရား ပုဂ္ဂိုလ်များကို ထိုခဏမှာပင် ဖူးမြော်ခွင့်ပေးတော်မူပါဘုရား၊

၃။ တပည့်တော်သန္တာန်၌ ယုံမှားသံသယ ဖြစ်သောအ မြတ်စွာဘုရားထံ ဆည်းကပ်မေးမြန်း လျှောက်ထားခွင့် ပါဘုရား၊

၄။ မြတ်စွာဘုရားသည် တပည့်တော်၏မျက်ကွယ်၌ ကြားတော်မူခဲ့သောတရားကို တစ်ဖန် တပည့်တော်အ ပြန်၍ဟောကြားတော်မူပါဘုရား။

(၄) အမြတ်ဆုံး(၄)ခု

၁။ အလှူအားလုံးတွင် တရားအလှူသည် အမြတ်ဆုံး ၏။

၂။ အရသာအားလုံးတွင် တရားအရသာသည် အမြတ် ဖြစ်၏။

၃။ မွေ့လျော်ရာအားလုံးတွင် တရားဖြင့်မွေ့လျော်ခြင်း အမြတ်ဆုံးဖြစ်၏။

၄။ တဏှာကုန်ခန်းခြင်းတွင် အရဟတ္တဖိုလ်သည် အမြ ဆုံးဖြစ်၏။

(အ) ဥစ္စာ(၄)မျိုး

၁။ ထာဝရဥစ္စာ

ပြောင်းရွှေ့လို့မရသော လယ်၊ ယာ၊ ကိုင်း၊ တူ စသည်တို့သည် ထာဝရဥစ္စာမည်၏။

၂။ ဓင်္ဂမဥစ္စာ

ပြောင်းရွှေ့လို့ရသော ရွှေ၊ ငွေ၊ အိုးအိမ် စသည်တို့ ဓင်္ဂမဥစ္စာမည်၏။

၃။ အင်္ဂသမဥစ္စာ

လက်မှုပညာ၊ နှုတ်မှုပညာ စသောအတတ်ပညာ သည် အင်္ဂသမဥစ္စာမည်၏။

၄။ အနုဂါမိကဥစ္စာ

ဒါန၊ သီလ၊ ဘာဝနာ စသော ကောင်းမှုကုသိုလ် သည် အနုဂါမိကဥစ္စာမည်။

ကဲ..ပဋ္ဌကတ်တော်လာ မှတ်သားဖွယ်ရာ (၄)ဂ မျာကို ရှာဖွေတင်ပြပေးခဲ့တာ ဗျည်းအက္ခရာများလွဲ ပြည့်စုံသွားပြီမို့ ဒီလောက်နဲ့ပဲ ကျေနပ်ကြပါနော်။

စာဖတ်ပရိသတ်အားလုံး ဗဟုသုတအဖြာဖြာ တိုး နိုင်ကြပါစေ။

အရှင်သူရိယ(မိုးကောင်းတ

www.burmeseclassic.com

ဦးတင်အောင်(ဒော်ဆိုင်း)
(စေတလက္ခာသုတေသီ)

အကြောင်းအကျိုး နှင့် စကား

အကြောင်းရှိက အကျိုးရ၏

အကျင့်သီလနှင့်ပြည့်စုံသော ရဟန်းတော်များ အိမ်သို့ ကြွရောက်လာသည်ရှိသော် ထိုအိမ်ရှင်နေသော လူတို့သည် ဒါးမျိုးသော အကြောင်းတို့ကြောင့် များစွာသော ကောင်းမှုတွေကို တိုးပွားစေကုန်၏။

အဘယ်ငါးမျိုးတို့နည်းဟူမူကား-

(၁) အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းသည် အိမ်သို့ ကြွလာသည်ရှိသော် လူတို့သည် ထိုရဟန်းအား ဖူးမြင်ရ၍ ဆွမ်းကြည်နူးမှုရှိရာ ထိုအိမ်သည် နတ်ပြည်သို့ ရောက်စေတတ်သောအကျင့်ကို ကျင့်သည် မည်၏။

(၂) အကျင့်သီလနှင့် ပြည့်စုံသော ရဟန်းသည် အိမ်သို့ ကြွလာသည်ရှိသော် လူတို့သည် ထိုရဟန်းအား ခရီးဦးကြို ခရီးကြ၊ ရှိခိုးကြ၊ နေရာထိုင်ခင်းပေးကြသောအခါ ထိုအိမ်ရှင် လူတို့သည် မြင့်မြတ်သောအမျိုး၌ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည် မည်၏။

(၃) အကျင့်သီလနှင့် ပြည့်စုံသောရဟန်း အိမ်သို့ ကြွရောက်လာသည်ရှိသော် လူတို့သည် ဝန်တို့မှုအညစ်အကြေးကို ဝယ်မျောက်သောအခါ ထိုအိမ်နေလူတို့သည် တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်သောအကျင့်ကို ကျင့်သည် မည်၏။

(၄) အကျင့်သိက္ခာ သီလနှင့် ပြည့်စုံသောရဟန်း အိမ်သို့ ကြွရောက်လာသည်ရှိသော် လူတို့သည် မိမိတို့တတ်နိုင်အားလျော်စွာ ဝေဖန်လှူဒါန်းမှုပြုသောအခါ ထိုအိမ်နေလူတို့သည် ဘုရားပေါများခြင်းကို ဖြစ်စေတတ်သောအကျင့်ကို ကျင့်သည် မည်၏။

(၅) အကျင့်သီလ ပြည့်စုံသော ရဟန်းတော်များ အိမ်သို့ ကြွရောက်လာသည်ရှိသော် လူတို့သည် မိမိတို့ သိလိုသမျှ မေးလျှောက်ကြ၊ တရားတော်တို့ကို နာကြားကြရသောအခါ ထိုအိမ်နေလူတို့သည် ပညာကြီးခြင်းတို့ ဖြစ်စေတတ်သော အကျင့်ကို ကျင့်သည် မည်၏။

အကျင့်သီလ၊ သိက္ခာနှင့် ပြည့်စုံသော ရဟန်းတော်များ အိမ်သို့ကြွလာခြင်းကြောင့် ထိုအိမ်နေ လူတို့သည် ဤငါးမျိုးသော အကြောင်းတို့ဖြင့် များစွာသော ကောင်းမှုတွေကို ပွားစေကုန်၏ဟူ၍ ရှင်တော်ဘုရား မိန့်ကြားတော်မူခဲ့လေသည်။

ထို့ကြောင့် မိမိတို့နေအိမ်သို့ အကျင့်သိက္ခာ၊ သီလနှင့် ပြည့်စုံသော ရဟန်းတော်များ ကြွလာလျှင် များစွာသော အကျိုးတရားတွေကို ရရှိနိုင်ကြောင်း ဗြဟ္မဏဝဂ် ကုလသုတ်ကျမ်း လာသည်ကို ရှာဖွေတင်ပြ ရေးသားလိုက်ရပေသတည်း။

စကားပြောတတ်ရန် လိုသည်

လောကတွင် ရေးဆရာတော်ကြီးများနှင့် သက်ကြီးရွယ်အို လူကြီးသူမများသည် နှောင်းခေတ်လူများ အသိဉာဏ် တိုးပွား၍ လိမ္မာရေးခြားရှိစေရန်အတွက်လည်း ကောင်း၊ စကားအပြောအဆို၊ အနေအထိုင်၊ အသွားအလာ မှအစ တတ်သိနားလည်စေလိုသော ဆန္ဒဖောဖြင့်လည်းကောင်း၊ ရာဇဝင်၊ ဂန္ထဝင်၊ မဟာဝင်၊ စကားပုံ၊ ပုံပြင်များဖြင့် သာဓကပုံ ခိုင်းနှိုင်းပြောဆိုလေ့ရှိကြလေ၏။ ပညာရှိ သတိဖြစ်ခဲ့၊ သတိဆို အပိုမရှိ စသောစကားပုံများဖြင့်လည်းကောင်း၊ မစားရတဲ့အမဲ သဲနှင့်ပက်၊ အလကားရနွားကို သွားဖြဲကြည့်နေ၊ အရိပ်သုံးပါး နားမလည်၊ ကျေ

www.burmeseclassic.com

www.burmeseclassic.com

သူငယ် ကျားစာဖြစ်၊ နားရွော်င်းရောင်ကြောင့် ပါးပြောင်စကားလုံးနည်းနည်းဖြင့် အဓိပ္ပာယ်လေးနက်မှု ရှိလေသည်။

ဆုံးမစာဆန်သော စကားပုံများကိုလည်း ကန်တော်မင်မင်းကျောင်းဆရာတော်၏ မေတ္တာစာ၊ ဦးပုည၊ ဘိုးသူတော်ဦးနု စသောပုဂ္ဂိုလ်တို့၏ ဆုံးမစာ၊ စာပေရသ၊ လင်္ကာများ၊ မပေးဘဲ မလိုနှင့် မမေးဘဲ မဆိုနှင့်၊ အထင်ဟာ မဆီမဆိုင် ဖြစ်တတ်သလို အမြင်နှင့် မညီတာလည်း ရှိတတ်သည်။ ထင်တိုင်းလည်း နှိပ်၍မဆိုနှင့်၊ ဝင်တိုင်းလည်း သိပ်မမျိုနှင့်၊ မတော်လျှင် မဝယ်နှင့်၊ မခေါ်လျှင် မလည်နှင့်၊ မတော်တာ မမြည်းမစားနဲ့၊ အဖော်မပါ ခရီးမသွားနှင့် စသောစကားပုံများ၊ မောင်းထောင်ဆရာတော်၊ ဗန်းမော်ဆရာတော်၊ သစ်ဆိမ့်ဆရာတော်၊ သင်္ကာဆရာတော်၊ ခင်မကန်ဆရာတော်၊ ဘုရားကြီးဆရာတော်မထေရ်မြတ်တို့ကလည်း ပုံပြင်ဝတ္ထုတွေနှင့်နှိုင်းပြီး ဆုံးမတော်မူခဲ့ကြပေသည်။

စကားပြောဆိုရာ၌လည်း ပြောတတ်ဆိုတတ်စေရန် အတွက် နည်းအမျိုးမျိုးဖြင့် စကားကြီးဆယ်ခွန်း ပြောပုံများလည်း ရှိခဲ့ပေသည်။ လောကတွင် လူသားတိုင်း အချိန်တန်လျှင် စကားပြောဆိုတတ်လာကြ၏။ သို့သော် စကားတတ်တိုင်း ပြောတတ်သူ နည်းသည်ဟု ဆိုရပေမည်။ စကားပြောဆိုရာတွင် မိမိဆိုလိုသော အဓိပ္ပာယ်သို့ရောက်အောင်၊ စကားလုံးနေသားတကျရှိအောင် သုံးစွဲတတ်ရန် လိုအပ်ပေသည်။

အရှင်မဟာရဋ္ဌသာရသည် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်း စကားအပြောအဆို လိမ္မာယဉ်ကျေးစေရန် အတွက် တစ်ယောက်စကား တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့မယ်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေဟု သတိပေးဆုံးမစာ ရေးခဲ့လေသည်။ ထို့ကြောင့် ယနေ့ခေတ်ကာလ စကားအပြောအဆိုများ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ပြောတတ်ဆိုတတ်ရန် ဆင်ခြင်သတိရှိကြဖို့ လို၏။ အချို့ စကားပြောဆိုရာတွင် အပြောမတတ်တော့ ဆဲသလို၊ အနေမတတ် ဖြဲသလို ဖြစ်နေသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်သည် စကားပြောဆိုရာတွင် ပြောတတ်ဆိုတတ်ရန် ကြောင်းကျိုးနှင့် ကောင်းဆိုးတို့ကို ခိုင်းနှိုင်းပြီး ဟောကြားဆုံးမတော်မူခဲ့လေသည်။ မင်္ဂလသုတ်တော်၌ သုဘာသိတာစ ယာဝါစာ အကျိုးလည်း ရှိ ဟုတ်မှန်၍ လူတကာ နာခံနိုင်မည့်စကားကို ပြောဆိုခြင်းသည် မြတ်သောမင်္ဂလာတစ်ပါးဟု မိန့်ကြားတော်မူခဲ့လေသည်။ စကားပြောဆိုရာတွင် အင်္ဂါ(၁၀)ပါးနှင့် ပြည့်စုံစေရန်

စကားအရာ အင်္ဂါ(၁၀)ပါး

(၁) ကာလဝါဒီ - ပြောသင့်တဲ့အချိန်မှာပြောခြင်း၊
(၂) ဘူတဝါဒီ - အခြေအမြစ်ရှိတဲ့စကားကိုပြောခြင်း၊
(၃) ဓမ္မဝါဒီ - မှန်ကန်တဲ့စကား တရားနှင့်ယှဉ်၍ပြောခြင်း၊
(၄) အတ္ထဝါဒီ - အကျိုးစီးပွားနှင့်စပ်တာကိုပြောခြင်း၊
(၅) ပိယဝါဒီ - ချစ်ဖွယ်သောစကားကိုပြောခြင်း၊
(၆) မိဟိတပုဗ္ဗင်္ဂဝါဒီ - ပြုံးရွှင်စွာပြောဆိုခြင်း၊
(၇) မိတဘာဏီဝါဒီ - မတိုမရှည် နှိုင်းယှဉ်၍ပြောခြင်း၊
(၈) အတုရိတဝါဒီ - အဆောတလျင်မပြောခြင်း၊
(၉) ပေါရိဝါဒီ - မြို့ကြီးသာဝီသစွာ ယဉ်ကျေးမှုကို ဦးပေးပြောခြင်း၊
(၁၀) ဝိသက္ခဝါဒီ - ပြတ်သားစွာပြောဆိုခြင်းဟူ၍ စကားအရာ အင်္ဂါ(၁၀)ပါးနှင့် ပြည့်စုံစွာ ပြောဆိုတတ်ရပါမည်။

မုသာဝါဒါ - မဟုတ်မမှန်တာကို လိမ်ညာဝါကြွားလှည့်စားတဲ့စကား၊ ပိသုဏာဝါစာ - တစ်ဦးနှင့်တစ်ဦး အထင်မြင်လွဲ သံသယတွေဝင်၍ ကွဲပြဲစေလို၊ အဆင်မပြေစေလို မုန်းကြစေလို ဆန္ဒဖောဖြင့် ကုန်းတိုက်တဲ့စကား၊ ဖရုသဝါစာ - ကြမ်းတမ်းသောစကား၊ သမ္ဖပ္ပလာသဝါစာ - အောတန်းကျ ပြိန်ဖျင်းတဲ့ စကားမျိုးတွေကို မပြောမဆိုမိမိဆင်ခြင်သတိထားပြီးလျှင် အခါအားလျော်စွာ ပြောဆိုခြင်း မှန်ကန်၍ သိမ်မွေ့ပြီး အကျိုးရှိတဲ့ စကားတွေကို မေတ္တာစိတ်ထားဖြင့် ပြောဆိုရပါမည်။ ဗြဟ္မဇာဝဂ်၊ ဝါစာသုတ်အင်္ဂါတို့ရှိပါဦးတော်၌ လေ့လာဖတ်ရှုနိုင်သည်။

စကားသည် (၃)မျိုးရှိပြန်သည်။

(၁) မသိမမြင်တာကို သိတယ်၊ မြင်တယ်လို့ တံစိုးလက်ဆောင် ငွေအသပြာ၊ အစားအသောက်တည်းဟူသော အကြောင်းကြောင့် သူတစ်ပါးကိစ္စကို ကိုယ့်ကိစ္စတွေမှာ သိလျက် မသိပါ။ မြင်လျက် မမြင်ပါဟူသော စကားမျိုးသည် မစင်ကဲ့သို့သောစကားဟု ခေါ်၏။

(၂) မသိတာကို မသိဘူး၊ မမြင်တာကို မမြင်ဘူးဟု တံစိုးလက်ဆောင် ငွေအသပြာ စသည့်အကြောင်းကြောင့် သူတစ်ပါးကိစ္စ၊ မိမိကိစ္စတွေမှာ ပြောတဲ့စကားမျိုးသည် ပန်းအနံ့ကဲ့သို့သောစကားဟု ခေါ်၏။

(၃) ကြမ်းတမ်းတဲ့စကားများကို ရှောင်ကြဉ်ပြီး အပြစ်ကင်း၍ နားချမ်းသာလျက် နှစ်လိုဖွယ်ယဉ်ကျေးတဲ့စကား၊ အများလက်ခံနိုင်တဲ့ စကားမျိုးသည် ပျားရည်ကဲ့သို့သော

www.burmeseclassic.com

ကားဖြစ်၏။ ပုဂ္ဂလဝဂ် ဂူထဘာဏီသုတ်တော်မှာ လေ့ကျင့်ဖတ်ရှုနိုင်သည်။ မှားယွင်းသော စကား၊ သူတစ်ပါး၏ ကဲသိက္ခာတို့ကို ထိပါးပုတ်ခတ်ပြောဆိုတဲ့ အောက်တန်းကျသော စကားမျိုးတို့သည် ယုတ်ညံ့သော မသူတော်တို့၏ ကောက်သုံးစကားများသာဖြစ်၍ မည်သည့်အခါမှ မပြောဆိုမိရန်လို၏။ (ကျမ်းကိုး- အင်္ဂုတ္တိရ်သာခုသုတ်မှာ ကြည့်ရှုရန်)

ဒုတိယဝဂ် ဒုက္ကထာသုတ်

လောကတွင် ပုဂ္ဂိုလ်(၅)မျိုးရှိ၏။

(၁) သဒ္ဓါတရားမရှိသောပုဂ္ဂိုလ်၊

(၂) သီလမရှိသောပုဂ္ဂိုလ်၊

(၃) သုတမရှိသောပုဂ္ဂိုလ်၊

(၄) စာဂမရှိသောပုဂ္ဂိုလ်၊

(၅) ပညာမရှိသောပုဂ္ဂိုလ်ဟူ၍ ပုဂ္ဂိုလ်(၅)မျိုးရှိရာတွင် သဒ္ဓါတရား မရှိသူအတွက် သဒ္ဓါတရားနှင့်ပတ်သက်၍ ပြောဆိုပါက စိတ်ဆိုးမည်၊ အမျက်ဒေါသဖြစ်မည်၊ နှစ်သက်မှုမရှိ ဖြစ်ပေမည်။

ထို့အတူ သီလမရှိသူ ပုဂ္ဂိုလ်ကိုလည်း သီလနှင့်ပတ်သက်၍ ပြောဆိုပါက နှစ်သက်မှုမရှိ။ အမျက်ဒေါသဖြစ်မည်၊ စိတ်ဆိုးမည်။ ၄င်းအတွက် မကောင်းတဲ့စကားလို့သာ ယူဆပေမည်။

လောကတွင် ၄င်းပုဂ္ဂိုလ်(၅)ဦးတို့အပေါ် အကျိုးရှိစေလို၊ ကောင်းစေလိုသောစိတ်ဖြင့် မိမိက လမ်းညွှန်ဆုံးမပြောဆိုတဲ့အခါ မိမိ၏စေတနာနှင့် ပြောဆိုတဲ့ ဟူးသကာကဲ့သို့သော စကားဟာ တစ်ဖက်လူ၏နားမှာ ခါးတမာစကား ဖြစ်သွားတတ်သည်ကိုလည်း ရှိတတ်ပေ၏။

ထို့ကြောင့် စကားအပြောအဆိုနှင့်ပတ်သက်၍ ရှေးလူကြီးသူမတို့၏ နှောင်းခေတ်လူတွေ သိမှတ်ရန်အတွက် အမှတ်အစွဲ သင်္ကေတထားတဲ့ စကားပုံ၊ ပုံပြင်၊ ဩဝါဒများ၊ ရှေးဆရာတော်အရှင်သူမြတ်တို့၏ ဆုံးမဩဝါဒ စကားပုံ၊ ပုံဝတ္ထု ခိုင်းနှိုင်း၍ လိုရင်းတိုရှင်း စကားပြောဆိုမှုပြုကြပုံတို့ကို လေ့လာမှတ်သားကြပြီး စကားတတ်၍ ပြောတတ်သူတွေ ဖြစ်နိုင်ကြပါစေလို့ ဆန္ဒပြုလျက် မိမိလေ့လာ မှတ်ထားမိသမျှ ရှာဖွေတင်ပြ ရေးသားလိုက်ရပေသတည်း။

ဦးတင်အောင်(ဘော်ဆိုင်း)

(စေဒလက္ခဏာသုတေသီ)

www.burmeseclassic.com

ခေတ္တရာ-ဆရာကျော်

ကိုယ်ကိုယ်တိုင် လေ့ကျင့်ယူရမည့် စိတ်လေ့ကျင့်ခန်း(၄)ချ

ဂန္ဓိရမဂ္ဂင်း (၂၀၁၄)ခုနှစ်၊ ဒီဇင်ဘာလထုတ်ပါ စာရေးဆရာ အရှင်သူရိယ(မိုးကောင်းကင်)၏ ကြီးမွားတိုးတက်လိုသူနှင့် (၄)ဂဏန်း ဆောင်းပါးကို ဖတ်အပြီး ကျွန်ုပ်၏စိတ်တွင် မှတ်မှတ်ထင်ထင်ဖြစ်နေသော အကြောင်းအချက်တစ်ခုကို တင်ပြချင်စိတ် ရှိလာသဖြင့် ကောက်ကာင်ကာပင် မဆိုင်းမတွ စဉ်းစားမိသမျှ ရေးသားလိုက်ရသည်။

စိတ်လေ့ကျင့်ခန်း(၄)ချက်ဟု ကျွန်ုပ်စိတ်တွင် မှတ်သားထားပြီး နီးနွယ်ရာ မိတ်ဆွေတို့အားလည်းကောင်း၊ နီးစပ်ရာ လူငယ်တို့အားလည်းကောင်း၊ အထူးသဖြင့် ကျွန်ုပ်၏ မိသားစုအားလည်းကောင်း အခါအခွင့်သင့်တိုင်း ပြောမိ၊ ဆိုမိသော စကားပင်ဖြစ်သည်။

တကယ်တမ်းတွင် စိတ်လေ့ကျင့်ခန်း(၄)ချက်မှာ တရားဓမ္မလာ မှတ်သားဖွယ်ရာသာဖြစ်ပါသည်။ ကိုယ်ကိုယ်တိုင် လေ့ကျင့်ယူရမည့် အချက်အလက် အကြောင်းခြင်းရာများဟုသာ ဆိုရမည်။ မှန်ပါသည်၊ ဘုရားရှင်နှင့်တကွ မိဘ,ဆရာသမားများမှာ လမ်းညွှန်ပြသသြဝါဒသာ ပေးနိုင်ကြပြီး ဆောင်ရန်၊ ရှောင်ရန်၊ လုပ်သင့်၊ မလုပ်သင့်ကို မြော်မြင်ဆုံးမပြသရုံသာ ရှိပါမည်။ မိမိတို့ကိုယ်တိုင် လုပ်ဆောင်မှသာ အောင်မြင်နိုင်ပါမည်။

လူတို့သည် နှစ်သက်စရာ အာရုံရော၊ မနှစ်သက်စရာ အာရုံများပါ တွေ့ကြုံရပါသည်။ နှစ်သက်စရာ အာရုံနှင့်တွေ့လျှင် လောဘဖော၊ လောဘမူစိတ် ဖြစ်တတ်ကြသည်။ လောဘဖောသည် အတွယ်အတာတဏှာနှင့် လာသည်ဖြစ်၏။ ကုသိုလ်ဖော မစောနိုင်ပေ။ ကုသိုလ်မဖြစ်ပေ။

မုန်းတီးစရာ၊ နှစ်သက်စရာ မဟုတ်သော အာရုံကို တွေ့ဆုံပါကလည်း ဒေါသမူစိတ်၊ ဒေါသဖော စောကြသည်။ ကုသိုလ်ဖော မစောနိုင်ကြပြန်။ သူကတော့ ရှင်းသည်။ ဒေါသဖြစ်နေသောကြောင့် ဘယ်လိုမှ ကုသိုလ်မဖြစ်နိုင်တော့ချေ။ ထို့ကြောင့် အကုသိုလ်သာဖြစ်တော့သည်။

ကောင်းသော နှစ်သက်ဖွယ်ရာဖြစ်သော သဘောကျ နှစ်ခြိုက်လှစွာသော ဣဋ္ဌာရုံ အာရုံကို တွေ့ပြီး ကုသိုလ်ဖော မစောနိုင်သည်ကတော့ နည်းနည်းရှင်းစရာလိုလိမ့်မည်။

ကလေးမလေးနှစ်ယောက် ပန်းတစ်ပွင့် လှလှလန်းလန်းလေးကို တွေ့ကြသည်။ တစ်ယောက်က ပန်လိုက်မည် ဟု ဆိုသည်။ တစ်ဦးက ဘုရားလှူမည်ဟုဆိုသည်။ ဣဋ္ဌာရုံ နှစ်ခြိုက်သဘောတွေ့စရာချည်း ဆုံသော်လည်း စိတ်ဖောပုံချင်း မတူချေ။ ဤသည်ကို ကြည့်ခြင်းဖြင့် တစ်ဦးနှင့်တစ်ဦး အလေ့အကျင့်ချင်း မတူတာဖြစ်သည်။ စိတ်ကူးချင်း မတူခြင်းမှာ အလေ့အကျင့် မတူညီမှု (တစ်နည်း) ကွာခြားခြင်းကြောင့်သာ ဖြစ်သည်။ ပန်းကိုမြင်၍ သဘောတွေ့ နှစ်ခြိုက်တာခြင်းတော့ တူသည်။ ကုသိုလ်စိတ်ဖောမှု၊ အကုသိုလ်စိတ်ဖောမှုဟူ၍ နှစ်မျိုးဖြစ်၊ နရပေသည်။

ထို့ကြောင့် သဘောကျ နှစ်ခြိုက်လှစွာသော ဣဋ္ဌာရုံကို တွေ့ချင်တာချင်း တူသော်လည်း

www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်စိတ်ဖောဖြစ်ဖို့ရန် အလေ့အကျင့်(၄)ချက် လိုအပ်ကြောင်း ဓမ္မစာပေတို့တွင် တွေ့ရပါသည်။

ထို (၄)ချက်ကို ဖော်ပြပါမည်။ [အသေးစိတ်သိလိုပါက အဘိဓမ္မာမြတ်ဒေသနာစာအုပ် အပိုင်း(၂/စာ-၁၈၂/ ၁၈၃)တွင် ရှာဖွေဖတ်ရှုနိုင်ပါသည်။]

နံပါတ်(၁)

မိမိစိတ်ကို ဆောက်တည်ထားပါဟူ၍ဖြစ်သည်။ ဆိုလိုသည်မှာ မိမိအဖို့ နေ့စဉ် ဘယ်အာရုံပဲတွေ့တွေ့ အကုသိုလ် မဖြစ်စေရ၊ ကုသိုလ်စိတ်ပဲ ဖြစ်စေရမယ်ဟူ၍ မိမိကိုယ်ကို ဆောက်တည်ထားရန် ဖြစ်ပါသည်။ ပါဠိလို နိယမိတဟု ဆိုပါသည်။

နံပါတ်(၂)

မိမိစိတ်ကို အမြဲတမ်း ကောင်းသောဘက်သို့ ညွှတ်ကိုင်းနေအောင် လေ့ကျင့်ပေးထားရန် ဖြစ်ပါသည်။ ပါဠိလို ပရိဏာမိတဖြစ်သည်။ ထိုသို့ဖြစ်ရန်မှာ မိမိစိတ်ကို သတိကပ်ပြီး လေ့ကျင့်ပေးထားရန် လိုပါသည်။

နံပါတ်(၃)

မိမိစိတ်နှလုံးကို ကုသိုလ်ဘက်သို့ လှည့်တွေးပေးနေရခြင်းဖြစ်သည်။ ကိစ္စရပ်တိုင်းအား အပြစ်ကင်းသောဘက်မှ နှလုံးသွင်းပေးနေခြင်း ဖြစ်ပါသည်။ ကောင်းသော နှလုံးသွင်းမှုပင် ဖြစ်သည်။ အာဘုဇိတဟုလည်းကောင်း၊ ယောနိသောမနသိကာရဟုလည်းကောင်း ဆိုပါသည်။

နံပါတ်(၄)

ဤအချက်မှာ အရေးကြီးပါသည်။ အထက်ပါ(၃)ချက်ကို သတိဖြင့် လေ့ကျင့်ပေးပြီး practice အလေ့အကျင့် လုပ်ပေးရန်ဖြစ်သည်။ နှလုံးသွင်းမှန်ကန်ရုံမက လက်တွေ့လုပ်ဆောင် ကျင့်ပွားပေးရန် အချက်ပင်ဖြစ်သည်။ အလေ့အကျင့် အမြဲတမ်း လုပ်ဆောင်ပေးနေမှသာ ဝသီဘော်ဖြစ်လာ၍ စွမ်းအင်သတ္တိထူးများ ကိန်းလာကာ ကုသိုလ်တရားများ ဖြစ်ထွန်းလာပါမည်။

ပန်းကိုမြင်လျှင် ပန်ချင်စိတ်ရှိသူသည် ပန်လေ့ပန်ထ အလေ့အကျင့်ရှိနေ၍သာဖြစ်သည်။ ဘုရားတင်လှူသည့် အလေ့အကျင့် ထုံနေသူသည် ပန်းမြင်လျှင် ဘုရားကိုသာတင်လှူနေချင်ပေလိမ့်မည်။ ဤသည်မှာ အလေ့အကျင့်ကြောင့်ဖြစ်သည်။

မိတ်ဆွေတစ်ယောက်သည် ဘယ်သောအခါမှ တစ်ဦးတစ်ယောက်တည်း မနေတတ်။ အခြေအနေက တစ်ဦးတစ်ယောက်တည်း ဖြစ်သောအခါ ဟိုအိမ်သွားချင်၊ ဒီအိမ်သွားချင်၊ ဘာလုပ်ရမှန်းမသိ ယောင်ချာချာဖြစ်နေတတ်သည်ကို မြင်ဖူးသည်။

တစ်ယောက်သောသူမှာ တစ်ဦးတည်းရှိလျှင် ကမ္မဋ္ဌာန်းထိုင်တတ်သူဖြစ်သည်။ ထို့ကြောင့် အခြေအနေအရ တစ်ဦးတည်း နေရချိန်တွင် ကမ္မဋ္ဌာန်းအာရုံနှင့်သာ မွေ့လျော်နေသဖြင့် ယောက်ယက်မခတ်၊ တည်တည်ငြိမ်ငြိမ် တွေ့ရသည်။ ဤသဘောမှာ အလေ့အကျင့်ပင် ဖြစ်သည်။

ကောင်းသည်ကို နှလုံးသွင်း၍ အကောင်းများကိုသာ လေ့ကျင့်ပေးခြင်းသည်သာ ကုသိုလ်စိတ်ဖြစ်ကာ ဓမ္မသဘော သက်ဝင်နိုင်ပေမည်။ ဓမ္မသဘော သက်ဝင်သူသာလျှင် ကောင်းကျိုးချမ်းသာရ၍ စိတ်ချမ်းသာနိုင်ပေလိမ့်မည်။

ခေတ္တရာ-ဆရာကျော်

www.burmeseclassic.com

www.burmeseclassic.com

ဝေဒါသာကုဂါထာပြန်နှင့် ခွေးရူးရောဂါကုသပုံ

ပုရောဟိတ် ဆရာဦးမြတ်စံ

ပုပ္ပားမှအပြန် တစ်နေ့သောနံနက်ခင်း အဘအောင်မင်း ခေါင်၏ (၆၂)နှစ်မြောက် အောင်ပွဲအထိမ်းအမှတ်အဖြစ် အဘအောင်မင်းခေါင်ကန်တော့ပွဲကို ပြင်ဆင်လျက် ရှိပါသည်။ ပွဲတင်ရန် ရွှေချထားသောခံတောင်း(တောင်းခံသည့် သဘော) အုန်းသီး၊ ဖီးကြမ်းငှက်ပျောသီးတို့ဖြင့် ကန်တော့ပွဲကို စနစ်တကျဆောင်ရွက်ခဲ့ပါသည်။

မမျှော်လင့်ဘဲ အမွေးတိုင်ထားသော စာအုပ်စင်ထက်မှ ခြကောင်လေးများ ထွက်လာသဖြင့် လွန်စွာမှ အံ့အားသင့်ရပါတော့သည်။ ကန်တော့ပွဲ တင်ပြီးဖြစ်သဖြင့် ပွဲစွန့်ပြီး နောက်ရက်များမှ စာအုပ်စင်ကို ရှင်းလင်းမိပါတော့သည်။ လား..လား..စာအုပ်စင်တွင် ရှေ့နောက်စာအုပ်များ (၂) လိုင်း (၂)ထပ်စီထားရာ နောက်ဘက်မှ စာအုပ်များကို အားလုံးနီးပါး ခြစားနေကြောင်း သိရပါသည်။ စုစုပေါင်း ရှားပါးစာအုပ် တစ်ရာကျော်ခန့် ပါသွားပါသည်။ တန်ဖိုးငွေ(၂)သိန်းခန့် ဆုံးရှုံးသွားပါသည်။ သို့သော် ဖခင်ကြီး အနိစ္စမရောက်ခင်က ပေးထားသော ဝေဒါသာကုကျမ်း ကို သွား၍ ဟင်းချရပါတော့သည်။

တကယ်တော့ ထိုစာအုပ်မှာ ဖခင်၏ မိတ်ဆွေဖြစ်သူ ဒေးဒရဲမြို့ဈေးအနီးမှ မောင်သာလှိုင်(ဆရာကြီးဦးသာလှိုင်) (၁၃၀၄)ခုနှစ်၊ ဝါခေါင်လဆန်း (၁၄)ရက်နေ့တွင် နိဗ္ဗာန်စံရောက်သွားခဲ့ပါသည်။ တန်ဖိုးအားဖြင့် လေးပဲ၊ ယုခု ငွေတန်ဖိုး မတ်(၂၅ ပြား) ဖြစ်ပါသည်။

ဖခင်ကြီးမှာ ဒေးဒရဲမြို့ဇာတိ ဖြစ်ပါသည်။ ဓာတ်ပုံ စက်ရုံအနီးတွင် နေထိုင်ခဲ့ဖူးပါသည်။

ဂန္ဓီရဗေဒင်ပညာကို သင်ကြားပေးသော ဆရာတော် အရှင်သံဝရမုနိလည်း ဂါထာပြန်အဖြစ် သင်ကြားပေးခဲ့သည်။ အသုံးပြုနည်း၊ အင်းစီရင်နည်း၊ အနက်အဓိပ္ပာယ်တို့ကိုလည်း လေးနက်စွာ သိခွင့်၊ အသုံးပြုခွင့် ရရှိခဲ့ပါသည်။

ဝေဒါသာကုဂါထာပြန်နှင့် အင်းအစီအရင်

မိုင်းကိုင်စက္ကူတွင် စီရင်ပြီး ဖယောင်းတိုင်တွင် ပတ်၍ မီးပူဇော်ပါ။ ရွှေပြား၊ ငွေပြား၊ ကြေးပြားတွင် စီရင်၍ ဆောင်နိုင်ပါသည်။ (နံနေရာတွင် ဆောင်သူနံ ထည့်ပါ။)



သိကြားမင်း နေ့စဉ်ရွတ်ဆိုသောဂါထာပြန်

ဝေဒါသာကု ကုသာဒါဝေ၊
ဒါယ သာဒ ဒသာယဒါ၊
သာ သာ မိကု ကုမိသာသာ၊
ကုဒ ကုဘု ဘုကု ဒကု။

www.burmeseclassic.com

www.burmeseclassic.com

အနက်အဓိပ္ပာယ်မှာ

(၁) ဆေ-ရန်သူတို့သည်၊ ဒါ-ဝေးသောအရပ်သို့၊ သာ-လျင်စွာ၊ ကု-ပြေးစေကုန်သတည်း။

(၂) ကု-မကောင်းသောသူတို့သည်၊ သာ-မိမိအလိုလို၊ ဒါ-အကြံအစည်ပျက်သောအားဖြင့်၊ ဝေ-ပျောက်စေကုန်သတည်း။

(၃) ဒါ-ဒါနစေတနာကြောင့်၊ ယသာ-အခြွေအရံ၊ အကျော်အစောတို့သည်၊ ဒ-ပွားများစေသတည်း။

(၄) ဒသာ-ဆယ်ပါးသော ရန်သူတို့သည်၊ ယ-ကုသိုလ်ဆယ်ပါး တန်ခိုးအားကြောင့်၊ ဒါ-ပျောက်စေကုန်သတည်း။

(၅) သာသာ-မက်မောခြင်းဖြစ်သောသူတို့နှင့်၊ ဓိ-ရှည်မြင့်စွာ၊ ကု-မပေါင်းဖော်ရသည်ဖြစ်စေကုန်သတည်း။

(၆) ကုဓိ-အမျက်ဒေါသကြီးသောသူတို့ကို၊ သာသာ-ဆုံးမသြဝါဒပေးခြင်းဖြင့်သာလျှင် အောင်စေသတည်း။

(၇) ကု-သူတော်ကောင်းတို့နှင့်၊ ဒ-မပြတ်၊ ဘု-ဖြစ်လေရာရာ သံသရာဘဝအဆက်ဆက်၌၊ ကု-ပေါင်းဖော်ခြင်းကို ပြုရစေသတည်း။

(၈) ကု-စက်ဆုပ်ရွံရှာ၊ မကောင်းစွာသောသူတို့နှင့်၊ ဘု-ဖြစ်လေရာရာအရပ်၌၊ ဒ-အခါခပ်သိမ်း၊ ကု-မတွေ့ရသည် ဖြစ်စေသတည်း။

ဒေါသကုဂါထာပြန် အသုံးဝင်ပုံ

ဤဂါထာကို၊ မချာနေ့ည၊ တစ်လမြောက်အောင်၊ ကိုးကွယ်ဆောင်မူ၊ ကြီးခေါင်အာဏာ၊ ပညာလျှင်လျား၊ စွမ်းအားနှင့်၊ ခွန်အားကြီးလှ၊ နန္ဒိယမင်း၊ အဆင်းတူစွာ၊ သွားဆေးရာရာ၊ ရပ်မျက်နှာကို၊ မကွာလှည့်ထွေ၊ ရွှတ်ထပေသော်၊ ဝေးလေရှောင်ရှား၊ တောသားဆင်မြင်း၊ ခပင်းအားပြိုး ပြေးပုန်းရှောင်လစ်၊ ကျောက်စရစ်ကို၊ ရှစ်လုံးဆို၏၊ ခုနစ်လို(၇)အုပ်၊ မြို့ပလေရှစ်မျက်နှာ၊ ရောဂါဘယ၊ ကင်းဆေးအန္တရာယ်၊ တစ်သွယ်အိမ်မှာ၊ လေးမျက်နှာကို၊ မြို့ပပါဆေးမူ၊ ခိုးသူမဝင်၊ အောင်မြင်လေတတ်၊ ခေါလေးချပ်ကို၊ တစ်ချပ်(၇)အုပ်၊ စုပ်လေဖြောင့်ဖြောင့်၊ အိမ်လေးထောင့်ကို၊ ကြောင့်မကြ၊ ပစ်လေရမူ၊ ရန်သူကြီးလှ၊ မချဉ်းရတည့်၊ ဆိုမှတစ်ဖန်၊ မြွေကိုက်ပြန်သော်၊ တစ်ဖန်ရေကို၊ စုတ်ဆိုအုပ်၊ မန်းမှတ်သောက်က၊ အဆိပ်ကျ၏၊ ထိုမှတစ်သွယ်၊ သင်္ကယ်(၇)ချောင်း၊ တစ်ချောင်း(၇)စုတ်၊ စုတ်၍နှုတ်စင်၊ သစ်ပင်တင်လေ၊ မဖမ်းလေတည့်၊ မှတ်လေတစ်ခါ၊ နံ့သာဆီရေ၊ မန်းမှုတ်ပေ၍၊ လိမ်းထွေကိုယ်မှာ၊ ပြုရပါမူ၊ ကိုယ်မှာကျက်သရေ၊ တက်ပေသည်ပင်၊ သဲကိုလျှင်မူ၊ ဝန်းကျင်နေရာ၊ မန်းပါအဟုတ်၊ (၇)အုပ်လျှင်၊ ပြုရခြင်မူ၊ ရန်သူဟူသမျှ၊ တုပ်ကွပေလှာ၊ ဤဂါထာကို၊ မှန်စွာလက်ဖွဲ့၊ တစ်ဆယ့်ရှစ်အုပ်၊ စုတ်၍ဆောင်လျှင်၊ မင်းပင်ချစ်ပေ၊ လယ်လုပ်လေလည်း၊ ဆောင်ပေမှန်ငြား၊ စပါးသူထက်၊ တိုးတက်ရငြား၊ အိမ်နီကထားသော်၊ စီးပွားချမ်းသာ၊ သက်တစ်ရာလျှင်၊ ရှာကြာအမြဲ၊ မျိုးပဲစပါး၊ သူထက်များ၏၊ တခြားတစ်ဖန်၊ ဂါထာပြန်ကို၊ အမှန်မကွာ၊ မချာမြတ်နိုး၊ ကိုးကွယ်၍ပင်၊ နေရခြင်မူ၊ ရန်သူကင်းဝေး၊ လေးနှင့်သေနတ်၊ မှတ်လောအမြောက်၊ မရောက်နိုင်ငြား၊ ဖယ်ရှောင်ရှား၏၊ အစားကွမ်းမှာ၊ မန်းရပါမူ၊ ထုံးမှာမပေါက်၊ သဗ္ဗညှိသို့၊ အပြီးရောက်၏။ ထို့နောက်သဗ္ဗ၊ ဆောင်သမျှကို၊ မန်းရပါမူ၊ မကောင်းလည်းပျောက်၊ အကျိုးရောက်၏။ ထိုနောက်တခြား၊ ဆေးဝါးတိုက်လျှင်၊ မန်းမှုတ်ခြင်မူ၊ ထက်ခွင်သိကြား၊ ကုသော်လားသို့၊ ဆေးဝါးလည်းထက်၊ တစ်ချက်ရေမှာ၊ ချိုးသောခါမူ၊ မန်းပါ(၇)ခါ၊ ထိုင်ခါချိုးလေ၊ ပျောက်ပေရောဂါ၊ တစ်နည်းမှာလည်း၊ မှန်စွာသွန်လေ၊ အထွေထွေလျှင်၊ သင့်လေခြင်၏၊ ထို့ပြင်တခြား၊ အရောင်များကို၊ မှတ်သားတိုင်မှာ၊ ကပ်ပါ(၄)ထောင့်၊ အမှောင့်စုံးမင်၊ မဝင်နိုင်တည့်၊ ကြီးခိုင်တည်လောက်၊ မြင့်မောက်ဂါထာ၊ မှန်စွာအဟုတ်၊ (၇)အုပ်စီ၊ ပီပီသသ၊ မန်းမှုတ်ရသော်၊ တန်ခိုးပေါ်သည်၊ ကောင်းကျော်ဂါထာပြန်၏ အကျိုးတည်း။

(လောကီအင်္ဂုတ္တိရ်မန္တန်ကျမ်း)

အနက်အဓိပ္ပာယ်မှာ စကားပြေသဖွယ် ရှင်းလင်းပြီးသဖြင့် အထူးရှင်းပြရန် လိုမည်မထင်ပါ။ ကျွန်ုပ် လတ်တလော တွေ့ကြုံရသော ဂါထာပြန်အသုံးပြုခြင်းအကြောင်းကို ဆက်လက်ဖော်ပြပါမည်။

(၃၁-၉-၂၀၁၄)ရက် အင်္ဂါနေ့နံနက် ဘုရားပန်းဝယ်ရန် ဈေးသို့အသွား ခြေထောက်တွင် ပတ်တီးစည်းထားသော ကိစ္စတွန်းဆိုသည့် မိတ်ဆွေတစ်ယောက်က 'မင်္ဂလာပါဆရာ' ဟု လက်အုပ်ချီဂါရဝပြုပါသည်။ ကျွန်ုပ်က ပတ်တီးဒဏ်ရာကိုကြည့်ပြီး စိတ်ထဲမှ အင်္ဂါဝိဇ္ဇာတိုင်းကို အောက်ပါအတိုင်း ထူလိုက်ပါသည်။

အင်္ဂါနေ့ နံနက်(၆)နာရီမှ (၇း၃၀)နာရီအထိ။

www.burmeseclassic.com



ကျွန်ုပ်က ခြေထောက်ပတ်တီးက ခွေးကိုက်ထားလို့ လားဟု မေးခွန်းထုတ်လိုက်ရာ 'ဟုတ်လိုက်လေ ဆရာရယ်။ အဲဒါ ဆရာ့ဆီမှာ ဆေးလာတောင်းတာပါ' ဟု ကိုစောထွန်း၏ အစ်မက တောင်းဆိုလာပါသည်။

ထိုအခါ ကိုစောထွန်းတို့ မောင်နှမကို ဆေးမကုခင် ဆရာတော်အရှင်သံဝရ သင်ကြားပြဲသခဲ့သော **ခွေးနှင့်မသာ အစဉ်ခွာ** ဟူသော အင်္ဂဝိဇ္ဇာတိုင်ကို သွား၍သတိရမိပါသည်။



ဖခင်၏အစ်မကြီး(ကျွန်ုပ်၏ကြီးဒေါ်)မှာ ခွေးရူးကိုက်ခံရပြီး ရောဂါကုသော်လည်း ခွေးဆိပ်မစင်သဖြင့် အိမ်တစ်လမ်းကျော်မှ အသုဘချသွားရာ ကြေးစည်သံကြားပြီး ပါးစပ်မှ အမြှုပ်ထ၍ ခွေးရူးပြန်ရောဂါပြန်ထကာ အနီစွန်ရောက်ဖူးပါသည်။ ကိုစောထွန်းကို လူမှုရေးကိစ္စတွေလုပ်ရင် အသုဘကိစ္စ ဝင်မပါပါနဲ့ဟု သတိပေးပြောကြားခဲ့ရပါသည်။

အထက်ပါ အတွေ့အကြုံအရ ခွေးရူးကိုက်ခံရသည်ဖြစ်စေ၊ ခွေးကောင်းကိုက်ခံရသည်ဖြစ်စေ အသုဘမပို့ရပါ။ သတိပြုလေ။ အသုဘကို ကိုင်တွယ်ခြင်း၊ အခေါင်းသေတ္တာထမ်းခြင်း မပြုရပါ။

ချက်ချင်းပင် ဘုရားစင်တွင် အလင်းတိုင်၊ နံ့သာတိုင်များထွန်းညှိပြီး ငွေဖလားဖြင့် ရေစင်တစ်ခွက်ကိုပါ တင်လိုက်ပြီး မြတ်စွာဘုရားအမှူးထား၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့အား ပင့်ဖိတ်၍ ပထမဦးစွာ ဝေဒါသာကုဂါထာပြန်ကို (၁၈)ခေါက်မန်းလိုက်ပါသည်။ ကိုစော[illegible] အား ရေစင်ကို သောက်ခိုင်းပြီး ခွေးကိုက်သောနေရာ အထက်မှ ရေလောင်းချကာ အနာတစ်ဝိုက်ကို မန်း[illegible] လိုက်ပါသည်။ ထိုသို့မန်းပြီးသောအခါ ပို၍စိတ်ချရန် [illegible] ဖုဋ္ဌဿ လောက ဓမ္မေဟိ စိတ္တံ ရဿ နကမ္မတိ အသော[illegible] ဝိရဇံ ခေမံ နဘယံ ဘေးမရှိဟူ၍ (၇)အုပ်မန်းပေးလိုက်[illegible] သည်။

ထို့နောက် ကိုစောထွန်း၏ အစ်မဖြစ်သူအား ရေ[illegible] မှ သပြုသီးတစ်လုံး ဝယ်ခိုင်းကာ သပြုသီးကို ဟင်း[illegible] ခိုင်းလိုက်ပါသည်။ အစ်မဖြစ်သူက သပြုသီးဟင်းချက်[illegible] 'ဘာလုပ်ရမှာလဲ ဆရာ' ဟူ၍ မေးရာ 'ခင်ဗျားရဲ့[illegible] ကိုစောထွန်းကို ကျွေးပေါ့ဗျာ' ဟူ၍ အင်္ဂဝိဇ္ဇာအရ အော[illegible] အတိုင်း ရှင်းပြလိုက်ပါသည်။



ခွေးနှင့်သပြု တွဲစပ်ပြု

ခွေးကိုက်ခံရသောသူအား သပြုသီးဟင်းချက်[illegible] လျှင် ခွေးဆိပ်မတက်ဘဲ အနာလျင်မြန်စွာပျောက်ကင်း[illegible] ဖြစ်ပါသည်။ သပြုသားနှင့်ပင် ဝေဒါသာကုဂါထာပြန်ရွ[illegible] ၍ ဦးခေါင်းဆံစပ်မှ ခြေဖျားအထိ ရိုက်ချပါ။ ခွေးဆိပ်[illegible] မတက်တော့ပါ။ အနာပြည်မတည်ဘဲ ချက်ချင်းပျောက်[illegible] သည်။ သပြုသီးဝယ်မရပါက အုန်းသီးခြောက်ခပ်ရွယ်ရွ[illegible] ကို မျက်နှာဝလှပ်ပြီး ထန်းလျက်ခဲအပြည့် ထည့်ပါ။

အောက်ပါ ဂါထာဖြင့် (၃၇)အုပ်မန်းပါ။

ဥဂ္ဃ··ဗျက္ကော ယက္ခော သုနက္ခော၊
ပရလော နိမ်ဆြာ နိမ်။

ထို့နောက် အုန်းသီးနှင့် ထန်းလျက်ကို မိမိစားနိုင်[illegible] သလောက် တစ်ဝစားခိုင်းပါ။ ခွေးရူးရောဂါ (Rabbies) [illegible] Hydophobia ရောဂါပျောက်ကင်းစေကြောင်း မေတ္တာ[illegible] ထား ရေးသားလိုက်ပါသည်။

မေတ္တာရဟန်း

ပုဇော်ဟိတ် ဆရာဦးဥတ္တ[illegible]

www.burmeseclassic.com

www.burmeseclassic.com



မင်းဇေယျာထွန်း(ကန့်ဘလူ)

နဝင်းပိတ်ထားနာမည်များ

မွေးနံကို အရင်းလုံးထားပြီး မွေးနံရဲ့ နဝင်းဂြိုဟ်ကို ရွေးပွတ်နံအုပ်ပြီး နာမည်အဖျားလုံး ထားသူတွေနဲ့ပတ်သက်ပြီး ဗေဒင်ဟောပေးရမယ့် ကိစ္စကြုံတိုင်း၊ ဗေဒင်ပညာနဲ့ ပတ်သက်ပြီး ကျွမ်းကျွန်ပေးရမယ့် ကိစ္စကြုံတိုင်း ကျွန်တော့်စိတ်ထဲမှာ လိုင်းတစ်ခု ရိုက်ခတ်လာတတ်ပါတယ်။ အဲဒီလိုင်းက ဘာကို ပြောပြန်ရင်လည်း အောင်မင်းလွန်ရာကျမယ်လို့ဆိုတဲ့ လိုင်းပါပဲ။

ဟုတ်တယ်လေ။ ရှေးဗေဒင်ပညာရှင်ကြီးတွေ တချို့က အစမွေးနံ အရင်းခံ အုပ်ရန်ပဋ္ဌပွတ်၊ ထိုနာမည်များကို ရည်ရွယ်ထား ကြီးပွားမှုမနချတ်လို့ အဆိုအမိန့်ပြုပြီး ကလေးတစ်ယောက်ကို နာမည်မှည့်ပေးဖို့ကြုံတိုင်း အဲဒီနည်းနာယနဲ့ နာမည်မှည့်မှည့်ပေးတတ်ကြတာကိုး။ ရှေးရိုးဆန်ည်ကောင်း မှည့်နည်းပဲ ဆိုကြပါစို့။

အဲဒီ မွေးနံအရင်းလုံးထား၊ မွေးနံရဲ့ပဋ္ဌပွတ် နဝင်းအုပ်ရာ နာမည်ပိုင်ရှင်တစ်ဦးဦးကို ကျွန်တော်က ခင်ဗျားနာမည်ကြောင့် ဒီလို,ဒီလိုဖြစ်ရတာ၊ ကြုံရတာလို့ ပြောရင် ကျွန်တော် အောင်မင်းဖြစ်သွားတော့မှာပေါ့။ ပြောပြန်ရင်လည်း အောင်မင်း လွန်ရာကျသွားတော့မှာပေါ့။ တော်တော်တော့ ခက်တဲ့ ကိစ္စပဲ။

ဟောဒီ..အခုတော့ မပြောချင်လို့ မရတော့ဘူး။ ပြောရမယ်လူကလည်း အခြားလူစိမ်းသူစိမ်း မဟုတ်ဘူး။ ကျွန်တော့်အစ်မလေးက မွေးထားတဲ့ ကျွန်တော့်တူအရင်းခေါက်ဆွေးကြီး ဖြစ်နေပြီ။ ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောချလိုက်တယ်။ မင်း အခုလိုဖြစ်ရတာ မင်းရဲ့ နာမည်ကြောင့်လို့။

ဒီတော့ တူတော်မောင်က မျက်လုံးလေးကြောင်စီစီနဲ့ ကျွန်တော့်ကိုကြည့်တယ်။ ပြီးတော့ ခပ်ယဲ့ယဲ့ပြုံးပြတယ်။ ဟောမောင် တတ်စွမ်းသလိုသာ ကူညီပါတော့ဆိုတဲ့ အမူအရာပေါ့။ ဗေဒင်ပညာရပ်ကို မယုံကြည်တတ်ပါဘူး၊ အထင်မကြီးတတ်ပါဘူးလို့ ဆိုတဲ့သူ။ သွေးတွေ ပါးစပ်ကထွက်၊ စအိုကထွက်လို့ ဆေးရုံတက် ကုသလိုက်ရပြီကိုး။ ဆေးရုံခုတင်ထက်မှာ ပက်လက်လေးဖြစ်နေပြီကိုး။ ဟို အစောပိုင်း ကာလကတည်းက မင်း ဒီနှစ်ထဲ သတိထား။ သွားသတိ၊ စားသတိ၊ နေသတိ၊ ထိုင်သတိထား။ မင်းနာမည်နဲ့ ဒီနှစ်နဲ့ ဟာမိုနီမကိုက်ဘူးလို့ ပြောခဲ့တုန်းက သရော်ပြုံး,ပြုံးတဲ့သူ။ အခုတော့ မပြုံးနိုင်တော့ပါဘူး။

ဟုတ်တယ်လေ။ သူနာမည်က သိန်းဇော်တဲ့၊ သောကြာနေ့ဖွား။ မွေးနံသောကြာ(သိန်း)ကို နာမည်အရင်းလုံးထားပြီး သောကြာနံရဲ့ ပဋ္ဌပွတ် နဝင်းဖြစ်တဲ့ အင်္ဂါနံ(ဇော်)နဲ့ ပိတ်ထားတဲ့နာမည်။ ကောဇာက(၁၃၇၅)ခုနှစ်၊ မဟာဘုတ်(၃)ကြွင်းတဲ့နှစ်။ ပြီးတော့ သူအသက်က (၄၈)နှစ်ရောက်တဲ့နှစ်။ ရာဟုသက်ရောက်တဲ့နှစ်။

ကောဇာမဟာဘုတ်မှာ မရဏာ သောကြာ(သိန်း)နဲ့ ဘင်္ဂီ အင်္ဂါ(ဇော်)ဖြစ်နေတဲ့နှစ်။ သက်ရောက်တိုင်မှာ နာမည်အရင်းလုံး(သိန်း)က နိစ်ကြီးခံနေပြီး နာမည်အဖျားလုံး(ဇော်)က ပြခံနေပြီလေ။ ဒီလိုနှစ်မှာ သိန်းဇော်တို့လို အစမွေးနံ အရင်းခံ အုပ်ရန်ပဋ္ဌပွတ် နာမည်ပိုင်ရှင်တွေ သတိ



www.burmeseclassic.com

www.burmeseclassic.com





ထားရမယ်နှစ်ပေါ့။ ကြိုပြီးပြောခဲ့တဲ့အတိုင်းပဲ ဟော..အခု ဖြစ်ပြီ။ အိမ်သာသွားချင်လို့ဆိုပြီး ရေအိမ်ဝင်သွားတယ်။ ရေအိမ်ထဲမှာ အခင်းကြီးသွားတော့ ဝေါခနဲ သွေးတွေက ပန်းထွက်လာတယ်။ ဒီတော့ ကြောက်ကြောက်လန့်လန့်နဲ့ သူအိမ်သားတွေကို လှမ်းအော်ခေါ်တော့တာပဲပေါ့။

ထိတ်လန့်သွားတဲ့စိတ်ရော ကျန်းမာရေးယိုင်သွားလို့ အားဆုတ်သွားတာရော လူက ပျော့ကျသွားတယ်။ ရေအိမ် (အိမ်သာ)ထဲက လူနှစ်ယောက် တွဲထုတ်ယူရတော့တယ်။

အိပ်ရာပေါ်ရောက်လို့ ပက်လက်လေးမှိန်းနေတုန်း ဝေါခနဲ ပါးစပ်က သွေးစသွေးနလေးတွေ ထွက်လာတယ်။ မဖြစ်တော့ဘူး၊ ဆေးရုံပို့မှလို့ မိသားစုက ဆုံးဖြတ်ပြီး နှိန်းတော် ကိုယ်ပိုင်ဆေးရုံကို ကားနဲ့ ပို့ကြရတော့တာပေါ့။ ကားပေါ်မှာလည်း ပါးစပ်က သွေးအန်လိုက်၊ စအိုက သွေးတွေ ထွက်ကျလိုက်နဲ့ နှိန်းတော်ဆေးရုံကိုရောက်တော့ သတိမရတစ်ချက် ရတစ်ချက် ဖြစ်နေပြီ။ အထူးကုသမားတော်ဆိုတာတွေရော လက်ထောက်ဆရာဝန်တွေပါ ခေါင်းတယမ်းယမ်းနဲ့ လူနာခန်းထဲက ထွက်လာလိုက်ကြ၊ ပြန်ဝင်သွားလိုက်ကြနဲ့ အလုပ်ရှုပ်ကုန်ပြီလေ။

ကျွန်တော်ကတော့ ကျွန်တော့်ပညာကို ယုံတယ်။ ဒီမောင်သိန်းဇော် လိပ်လိပ်လဲလဲတော့ မဖြစ်နိုင်ဘူး။ အပြင်းအထန်တော့ ကုယူရမှာပေါ့။ အပြင်းအထန်တော့ ဝေဒနာကို ခံစားရမှာပေါ့။ သူ မသေနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ သိန်းဇော်ဆိုတဲ့ နာမည်အရင်းလုံးနဲ့ နာမည်အဖျားလုံးတွေက နိုစ်နဲ့ပြ ခံနေပေမယ့် အဲဒီနိုစ်ပြတွေကို ပူးယှဉ်တွယ်ကပ်လာတဲ့ ကောစာဂြိုဟ်တွေက ဝရဂြိုဟ်နဲ့ ဇေယျဂြိုဟ်တွေ ဖြစ်နေတာကိုး။ ဂြိုဟ်ကောင်းတွေ ပူးတွဲကပ်ယှဉ်နေတာကိုး။

ကျွန်တော် ဘယ်လိုဖြစ်သွားတာလဲ ဘာမောင်တဲ့။ ဆေးရုံပေါ်မှာ ကျွန်တော့်ကို မေးလာတယ်။ သူ သတိလစ်သွားသလိုလို၊ အိပ်ပျော်သွားသလိုလို ခံစားရတယ်တဲ့။ သတိရလာတော့မှ ဆေးရုံရောက်နေတာ သိသတဲ့။ ကျွန်တော်ကတော့ ကျွန်တော့်ထုံးစံအတိုင်း မင်း အခုလိုဖြစ်ရတာ မင်းရဲ့ နာမည်ကြောင့်လို့ပဲ ပြောချလိုက်တယ်။ ပြီးတော့ တစ်ဆက်တည်း ပြောမိတာက မစိုးရိမ်ပါနဲ့။ မင်း မသေသေးပါဘူး။ မင်း ကံတရားမှာ အဆိုးတွေကို ပြန်လည်ကယ်မ,စောင့်ရောက်မယ့် ဂြိုဟ်ကောင်းဂြိုဟ်မြတ်တွေ ရှိတယ်။ ပြီးတော့ ဘာမောင်ကိုယ်တိုင် ယတြာသွန်သင် လုပ်ပေးထားပါတယ်လို့။

နာမည်က ဒီလိုပဲဖြစ်တတ်သလား ဘာမောင်တဲ့ ပြန်မေးတယ်။ သူ လုံးဝမသိတဲ့ ပညာရပ်မို့ သူ အံ့သြစရာအံ့သြမှာပေါ့။ ဒါနဲ့ပဲ သူ့အစ်ကို တနင်္ဂနွေသား မောင်အောင်မြတ် အသက်(၄၁)နှစ်တွင် ရောဂါစပြီးရရှိပုံနှင့် အသက်(၄၃)နှစ်တွင် ဆုံးပါးသွားမှုသည်လည်း မွေးနံကို ပဋ္ဌာန်းအုပ်သည့် နာမည်ကြောင့်ဖြစ်ကြောင်း သူတူ အင်္ဂါသား မောင်စွမ်းရည်ကိုး။ အသက်အရွယ်နှင့်မလိုက် မျက်မှန်ထူးကြီး တပ်လိုက်ရသည့် ကိစ္စသည်လည်း မွေးနံကို ပဋ္ဌာန်းအုပ်သည့် နာမည်ကြောင့်ဖြစ်ကြောင်း ရှင်းပြတော့မှ ခေါင်



www.burmeseclassic.com

www.burmeseclassic.com



(မောင်အောင်မြတ်)





(မောင်စွမ်းရည်တိုး)

ညီတ်ညီတ်နှင့် လက်ခံသွားပါတယ်။

အဲဒီလိုနာမည်အရင်းလုံး နိစ်နာမည်အဖျားလုံး ပြမိတဲ့ ဇော်ဘွေ့၊ သက်ရောက်တွေမှာ ဘယ်သူမဆို သွားသတိ၊ ကသတိ၊ နေသတိ၊ ထိုင်သတိထားနေဖို့ လိုပါတယ်။ ကံကြားမိုးမှောင်ကျနေချိန်မှာ သတိမရှိရင် အန္တရာယ်မြွေဆိုးကို တိုးတတ်ပါတယ်။ နိစ်ပြကြိုးဟာ လူတစ်ယောက်ကို ကယ်ဆိုးစေတဲ့ အနိဋ္ဌကြိုးပါပဲ။

မိမိတို့ရဲ့နာမည် နိစ်ပြကြိုးမမိတဲ့နှစ် ဖြစ်လင့်ကစား ဘဝတို့ရဲ့ သက်ရောက်ကာလ အသက်အပိုင်းအခြားမှာ မိနေတဲ့ နိစ်ပြကြိုးကိုလည်း သတိထားသင့်လို့ ဒီဆောင်းပါးကို ရေးသားတင်ဆက်ရခြင်း ဖြစ်ပါတယ်။

ဥပမာအားဖြင့် တနင်္ဂနွေသား မောင်ထွန်းကျော် ဆိုပါစို့။ သူနာမည်အရ ဘယ်သက်ရောက်တွင်မှ နာမည်ကနိစ်၊ ပြ၊ ကြိုး မမိနိုင်ပါဘူး။ ဒါပေမဲ့ ဗုဒ္ဓဟူးရောက်သက်ထဲမှာ ကိုကျော်သန်းဆိုသူနဲ့ ခရီးတစ်ခု ထွက်မိရာက ကားမှောက်လို့ ဆေးရုံရောက်ရတဲ့အဖြစ်နဲ့ ကြုံရဖူးပါတယ်။

(ဗုဒ္ဓဟူးသက်ရောက်)

ဒီလိုပါပဲ။ ကြာသပတေးသားဖြစ်တဲ့ ကိုမြင့်သောင်းတစ်ယောက်လည်း သူငယ်ချင်းမိတ်ဆွေတစ်စုနဲ့ ပုဂံဘုရားဖူးသွားရာမှ ကားမှောက်တာနဲ့ ကြုံခဲ့ရဖူးပါသေးတယ်။ အဲဒါလည်း နိစ်ပြကြိုးရဲ့ အဆိုးဒဏ်တစ်ခုပါပဲ။



အဲဒီလို နိစ်ပြကြိုးမိတဲ့နံတွေဟာ ကိုယ့်နာမည်နဲ့ ဘာမှမဆိုင်ပေမယ့် နိစ်ပြကြိုးရဲ့ ဆိုးကျိုးအနိဋ္ဌ အရှိန်တွေဟာ သတိမထားရင် အမှားနယ်ထဲ ကျွမ်းပစ်ကျသွားစေတတ်ပါတယ်။ ကိုယ့်နာမည် နိစ်ပြကြိုးမိပြီဆိုရင်တော့ ပိုဆိုးတတ်တယ်ဆိုတာ သိစေချင်လို့ပါ။ ဒါကြောင့်မို့ မွေးနံကို အစထားပြီး ပဥ္စပွတ်နံကြိုဟ်နဲ့ အဝိတ်မှည့်ခေါ်ထားကြတဲ့ နာမည်ပိုင်ရှင်များ အသိတရားနဲ့ သတိထားဆင်ခြင်သင့်တဲ့ နှစ်တွေမှာ မနစ်မွန်းရလေအောင် လက်တို့ သတိပေးလိုက်ရခြင်း ဖြစ်ပါတယ်။

စာရှုသူ၊ ဖတ်ပေါင်း နှစ်ထောင်းရွှင်ပျနိုင်ကြပါစေလို့။

ပညာရှင်အပေါင်းကို မညောင်းသောဂါရဝဖြင့်

မင်းနေထွန်း(ကန့်ဘလူ)

www.burmeseclassic.com

မိတ်ကြိုက်တက်အင်း၊ နေ့အလိုက် သစ်ပင်ဖိုက်ခြင်း၊ ဖိုက်သင့် မသင့်သစ်ပင်နှင့် အရပ်များ

ကမ္ဘီရ-ဆရာလှမျိုး(B Sc)

ယခင်လက (၇)နေ့သားသမီးများအတွက် စီးပွားတိုးတက် အကျိုးထွက် ဂမုန်းပင်များနှင့် မွေးနံ့ပင်များ ဖိုက်ပျိုးနည်း ရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုဆက်လက်၍ အထက်ပါ ခေါင်းစဉ်အရ ရေးသားတင်ပြပေးပါမည်။ အမှန်မှာ ခေါင်းစဉ်တစ်ခု ဆောင်းပါးတစ်ပုဒ် အကျယ်ချဲ့ ရေးပါက ဆောင်ပါးလေးပုဒ်လောက် ရေးရမည် ဖြစ်ပါသည်။

သို့သော် စာဖတ်ပရိသတ်အတွက် အချိန်ကြာ တစ်လပြီး တစ်လ စောင့်ဖတ်နေရမည် ဖြစ်ပါသောကြောင့် နှစ်ပုဒ်နှင့် အပြီးရေးရန် ဆုံးဖြတ်လိုက်သည်။ အကြောင်းအရာသုံးမျိုး ခွဲခြားထားသော်လည်း ဆက်စပ်မှုရှိပါသည်။ သူ့ကဏ္ဍနှင့်သူ ရေးသားတင်ပြပေးသွားပါမည်။

အတုလဆရာတော်၏နည်း

ဤမည်သော (မ)တစ်လုံးကျေအကျော် အတုလဆရာတော် ခင်ကြီးဖျော်၏နည်းသည် တြိရန်း၊ စတုရန်း၊ အမြစ်ဂြိုဟ်တို့ကိုပေါင်း၍ စီရင်အပ်သော မိတ်ဂြိုဟ်တက်အင်းနည်းပင် ဖြစ်ပေသည်။ ထိုမိတ်ဂြိုဟ်တက်အင်းကို ဓာတ်ဖက်၊ အိမ်ထောင်ဖက်အားဖြင့် အရန်ပြု၍ စီရင်ခြင်းဖြင့်လည်း မိတ်ဖက်အားဖြင့်ဖြစ်စေ၊ ဓာတ်ဖက်အားဖြင့်ဖြစ်စေ၊ အိမ်ထောင်ဖက်အားဖြင့်ဖြစ်စေ ကောင်းကျိုးပြုနိုင်သောနည်းပင် ဖြစ်ပေသည်။

ထိုမိတ်ဂြိုဟ်တက်အင်းနည်းဖြင့် ဂမုန်းပင်၊ မွေးနံ့ပင် ဖိုက်ပျိုးရာ၌ အခံအင်းပြုလုပ်၍ ဖိုက်ပျိုးလျှင် ဖိုက်ပျိုးသူတို့အား ကောင်းကျိုးအဝဝကို ရနိုင်၊ ရောက်နိုင်သောနည်းပင် ဖြစ်ပေသည်။

ကျွန်ုပ်စာရေးသူကိုယ်တိုင် ကြေးပြားတွင် မိတ်ဂြိုဟ်တက်အင်းချ၍ ရွက်လှုပင် ဖိုက်ပျိုးဖူးသလို ဂမုန်းပင်လည်း ဖိုက်ထားပါသည်။ တစ်နေ့တခြား ကောင်းကျိုးလိုရာဆန္ဒပြည့်ဝလာပါသည်။ အပင်ရှင်သန်လေ အကျိုးရှိလေ ဖြစ်သည်။ အပင်သေသွားပါက အသစ်ပြန်ဖိုက်ရမည်။ စက္ကူအင်း ပလတ်စတစ်အမာလောင်းပြီး ထည့်ပါ။ ကြေးပြား၊ ငွေပြား ပလတ်စတစ်အပါးဖြင့် ထည့်ပိတ်ပြီး အခံပြုလုပ်နိုင်ပါသည်။ အချို့မွေးနံ့အသားမှာ စိတ်ကြိုက်ဓာ၊ ဂ်အင်း ရေးဆွဲဆောင်ထားကြသည်။

တနင်္ဂနွေသားသမီး၏ မိတ်နံ့ဂြိုဟ်တက်အင်းပုံ

၁၅	၂၄	၃၆	၈	၁၅
၈	၁၄	၂၃	၃၂	၂၄
၃၆	၇၇	၁	၄၁	၃၆
၂၄	၆၈	၅၉	၅၀	၈
၁၅	၈	၃၆	၂၄	၁၅

တနလ်ာသားသမီး၏ မိတ်နံ့ဂြိုဟ်တက်အင်းပုံ

၁၅	၂၄	၃၆	၈	၁၅
၈	၁၀	၁၉	၂၈	၂၄
၃၆	၇၃	၂	၃၇	၃၆
၂၄	၆၄	၅၅	၄၆	၈
၁၅	၈	၃၆	၂၄	၁၅

အင်္ဂါသားသမီး၏ မိတ်နံ့ဂြိုဟ်တက်အင်းပုံ

၁၅	၂၄	၃၆	၈	၁၅
၈	၁၃	၂၂	၃၁	၂၄
၃၆	၇၆	၃	၄၀	၃၆
၂၄	၆၇	၅၈	၄၉	၈
၁၅	၈	၃၆	၂၄	၁၅

ဗုဒ္ဓဟူးသားသမီး၏ မိတ်နံ့ဂြိုဟ်တက်အင်းပုံ

၁၅	၂၄	၃၆	၈	၁၅
၈	၁၆	၂၅	၃၄	၂၄
၃၆	၇၉	၄	၄၉	၃၆
၂၄	၇၀	၆၁	၅၂	၈
၁၅	၈	၃၆	၂၄	၁၅

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေးသားသမီး၏ မိတ်နံကြိုဟ်တက်အင်းပုံ

၁၅	၂၄	၃၆	၇၈	၁၅
၇၈	၁၂	၂၁	၃၀	၂၄
၃၆	၇၅	၅	၃၉	၃၆
၂၄	၆၆	၅၇	၄၈	၇၈
၁၅	၇၈	၃၆	၂၄	၁၅

သောကြာသားသမီး၏ မိတ်နံကြိုဟ်တက်အင်းပုံ

၁၅	၂၄	၃၆	၇၈	၁၅
၇၈	၈	၁၇	၂၆	၂၄
၃၆	၇၅	၆	၃၅	၃၆
၂၄	၆၂	၅၃	၄၄	၇၈
၁၅	၇၈	၃၆	၂၄	၁၅

နေသားသမီး၏ မိတ်နံကြိုဟ်တက်အင်းပုံ

၁၅	၂၄	၃၆	၇၈	၁၅
၇၈	၁၁	၂၀	၂၉	၂၄
၃၆	၇၄	၉	၃၈	၃၆
၂၄	၆၅	၅၆	၄၇	၇၈
၁၅	၇၈	၃၆	၂၄	၁၅

ဝတ်ပတ်လည်တွင် အောင်ပ၊ ကုလား၊ ဆွေသား၊ ဆွေရင်း မိတ်ကြိုဟ်ကိန်းဂဏန်း ရံထားသည်။

အလယ်တွင် ရေးသွင်းထားပုံမှာ တနင်္ဂနွေသားသမီး ဖြစ်ပါက-

တနင်္ဂနွေ ၁ ၂ ၆ / ၃ = မွေးနံ

၃ + ၇ + ၅ = ၁၅

တြိရန်း၊ စတုရန်း၊ အမြစ် သုံးခုပေါင်း (၁၄)မှစ၍ ချပြီး (၉)ခုစီပေါင်းသွားသည်။ (၁၄+၉=၂၃၊ ၂၃+၉=၃၂) စသည်ဖြင့် ပတ်လည်ပေါင်းသွားခြင်းဖြစ်သည်။ အလယ်မှာ မွေးနံဂဏန်း တနင်္ဂနွေ(၁) ထည့်ထားသည်။

ကျန်နေ့သားသမီးများလည်း ထိုပုံစံအတိုင်း ပြုလုပ်ထားခြင်း ဖြစ်ပါသည်။ နံသင့်ဂမုန်း၊ မွေးနံပင်တို့ကို မိတ်နံကြိုဟ် တက်အင်း(ခံအင်း)ပြုလုပ်၍ စိုက်ပျိုးခြင်းဖြင့် မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းရရှိနိုင်မည်။ ဓာတ်လေးပါး ညီမျှ၍ ကျန်းမာရေးကောင်းမွန်နိုင်မည်။ အိမ်ထောင်ရေး ရာသက်ပန် ရိုးမြေကျ ပေါင်းသင်းနေထိုင်ရမည်။ ကြေးပြား၊ ငွေပြား၊ စက္ကူပလတ်စတစ်ပြား၊ နံတူသစ်သားတစ်ခုခုမှာ ရေးဆွဲပြီး သန့်ရှင်းစွာ ဆောင်ရွက်စိုက်ပျိုးပါ။ အချို့ သတ္တုပြားတွင်လည်း ချကြသည်။ ကိုယ်တိုင်ပြုလုပ်ပါက (၅)ကွက်အင်း ညီညာစွာရေးဆွဲပါ။ ဂမုန်းပင်၊ မွေးနံပင်တို့ စိုက်ပျိုးရာတွင် အောင်(၉)အောင်ဂါထာတော်ရွတ်ဆိုစိုက်ပျိုးနိုင်သည်။ ရွှေရည်,ငွေရည်လောင်း စိုက်ပျိုးကြပါ။

အောင်(၉)အောင်ဂါထာတော်

(၁) ဩဘာ...ဟေဟေ တိသျှတ္တ၊
(၂) ဩဘာ...သဗ္ဗဒုဝံ၊ အရံသွားဟုံ၊
(၃) ဩဘာ...ဗုဒ္ဓံ သရဏံ ဂစ္ဆာမ၊ ဟေတာနောခွာ၊
(၄) ဩဘာ...ဓမ္မံ သရဏံ ဂစ္ဆာမ ဟေတာနောခွာ၊
(၅) ဩဘာ...သံဃံ သရဏံ ဂစ္ဆာမ ဟေတာနောခွာ၊
(၆) ဩဘာ...ရံဂီရံ ဝါဝ ရက် လူ မေ ချေစေသွားဟုံ၊
(၇) ဩဘာ...ပတ္တံ နေစာ သွားဟုံ၊
(၈) ဩဘာ...အမတ္တံ ဝတ္တီ ဝိရီ ဟိရိသွားဟုံ၊
(၉) ဩဘာ...ဥံ နာ၊ ဩဘာ နာမနီ သွားဟုံဟုံ။

ဤ၌ ဩဘာဟူသောပုဒ်ကို အောင်ဟူ၍ ဖတ်ရသည်။ ထိုသို့ဖတ်ပြီး ဤဂမုန်းပင်များ စိုက်ပျိုးရာ၌ ကျူးရင့်ပါအံ့။ အောင်မင်္ဂလာ၊ အောင်အတိတ်၊ အောင်နိဗ္ဗိတ်၊ အောင်ဟိတ်သံ မြည်ဟည်း၍ အောင်မြင်မှုကြီး ရရှိပေလိမ့်မည်။ ထို့ကြောင့် အောင်(၉)အောင်ဂါထာနည်းကို အာဘ မဆောင်နှင်း၍ ပြုလိုက်ကုန်သည်ဟူ၏။

သစ်ပင်မစိုက်သင့်,စိုက်သင့် ရွေးချယ်နည်းကို ဆက်လက်ရေးသား ဖော်ပြပေးပါဦးမည်။

မစိုက်သင့်သောသစ်ပင်နှင့် အရပ်

ဤအရပ်ရှစ်မျက်နှာတို့တွင် တူရူဖြစ်သော အရပ်

www.burmeseclassic.com

လေးမျက်နှာတို့၌ မစိုက်သင့်သော သစ်ပင်များသည်ကား ဤသို့ မှတ်အပ်၏၊ သိအပ်၏။

(၁) အရှေ့အရပ်တွင် ညောင်ပင်၊ သပြေပင်၊ ဆီးပင်။

(၂) တောင်အရပ်တွင် သျှိသျှား၊ ငှက်ပျော၊ သင်္ဘောပင်။

(၃) အနောက်အရပ်တွင် လက်ပံပင်၊ ထိန်ပင်၊ တောင်ထန်းပင်။

(၄) မြောက်အရပ်တွင် သျှိသျှားပင်၊ သဖန်းပင်၊ ဗာဒံပင်။

ဤသည်မှာ မိမိနေအိမ် ခြံဝင်းနှင့်သာ အဓိကသက်ဆိုင်ပါသည်။ အမည်တူ နံတူလည်း ရှောင်သင့်သည်ဟု ဆိုပါသည်။ ဥပမာ-အနောက်အရပ်တွင် ထိန်ပင်ဟု ရေးထားသော်လည်း ထန်းပင်၊ တောင်ထန်းပင်၊ ခနီပင်၊ ဒါန်းပင်တို့လည်း မစိုက်သင့်ဟု မှတ်ယူပါ။

ထို့ကြောင့် လောကီသိပ္ပ နေမိတ္တ်က ကျမ်းဆရာသည် ဌာနတည်ရာ၊ အရပ်မှာ၌၊ အိမ်ရာကစ၊ ရှောင်အပ်လှ၏၊ နာမသည်၊ ရှေ့မျက်နှာ၊ မည်သောကျော်ခေါင်၊ ညောင်နှင့် သပြေ၊ မစိုက်လေနှင့်။ တောင်နေသျှိသျှား၊ ထူပြားငှက်ပျော၊ သင်္ဘောအမှန်၊ အနောက်ရံက၊ လက်ပံနှင့်ထိန်၊ မွေ့သိမ်လှစွာ၊ မြောက်မျက်နှာက၊ မည်သာထူးဆန်း၊ သဖန်းသျှစ်သျှား၊ မစိုက်ငြားနှင့်။ ကြေးထွားပျက်စီး၊ ပြုန်းတီးတတ်စွာ၊ ရှောင်အပ်ရာဟု၊ ဆရာရှေ့ဗျာ၊ မိန့်ခဲ့ထားသည်၊ မှတ်သားဆင်ခြင်ရာသတည်း။

ဆန်းကျမ်းပညာ ဆရာကြီးများမှာ မိမိတို့ အိမ်ရှေ့မျက်နှာစာတွင် ဆူးရိုသောအပင်၊ နွယ်ပင်၊ ဒူးရင်း၊ သြဇာပင် စသည့်အပင်တို့ မစိုက်ရဟု ရေးထားပါသည်။ အင်္ဂိရာဆရာကြီးမှ ဘုမ္မိအရပ်တွင် မွေးနံ့ပင်မစိုက်ရဟု မိန့်ဆိုထားပြီး မိမိတို့၏ အမြစ်၊ အညွှန့်၊ နဝင်းတွဲ ပြောင်းပြန်ပင် မစိုက်သင့်ဟု မှာကြားထားရှိခဲ့ပါသည်။

ဥပမာ-ဗုဒ္ဓဟူးသားသမီးဆိုပါက



ဗုဒ္ဓဟူးမွေးနံ့တိုင်

ပုန်းညက်၊ ပင်စိမ်း၊ မြေဇာ ဆိုပါက (၅+၃)ဖြစ်နေ၍ အမြစ်၊ အညွှန့် ပြောင်းပြန်ဖြစ်သည်။ မစိုက်ကောင်း (၃+၅) စိန်ပန်း၊ စံပယ် အမှန်ပါ။ ထို့အတူ (၁+၇) အုန်းဆိုပါက အမှန်၊ (၇+၁)ထန်းအုန်းဆိုပါက အမှား။ (၂+၆)ကသစ်ကြက်သွန်ဆိုပါက အမှန်။ (၆+၂)သော်က သစ်ခွဆိုပါက အမှားဖြစ်သည်။

စိုက်သင့်,မစိုက်သင့်အပင်များ ကျမ်းအချို့တွင် ကွဲလွဲမှု တွေ့ရှိရသည်။ အဓိကမှာ အလွန်ကြီးသောအပင်၊ ဆူးရှိသောအပင်၊ နွယ်ပင်များ၊ ပညတ်မကောင်းသောအပင် ရန်အမည်အပင် (၇+၅)တမာပင်။ ပါပအပင် (ဒူးရင်းသြဇာ) (၇+၈+၁+၃)ပါပလေးလုံး အဆိုးဆုံးအပင် စသည်တို့ စိုက်ပျိုးပါက သတိထားစိုက်ပျိုးရမည်။

မစိုက်သင့်သောအပင် အိမ်ခြံဝင်းမှာ မစိုက်တာ အကောင်းဆုံးဖြစ်သည်။ စိုက်သင့်သောအပင် ဆက်လက် ဖော်ပြပေးပါမည်။

<u>စိုက်သင့်သောသစ်ပင်နှင့် အရပ်</u>

ဤ၌ မစိုက်သင့်သောသစ်ပင်များနှင့် အရပ်များကို ညွှန်ပြခဲ့ပြီး၍ စိုက်ပျိုးသင့်သောသစ်ပင်များနှင့် အရပ်များ နှာကိုလည်း ဤသို့ပြဆိုအပ်ပေသည်။

(၁) အရှေ့အရပ်တွင် သဖန်းပင်၊ ကြခတ်ပင်၊ သပြေပင်

(၂) အရှေ့တောင်ထောင့်အရပ်တွင် သရဖီပင်၊ သီဟိုဠ်ပင်

(၃) တောင်အရပ်တွင် ပုန်းညက်ပင်၊ ပျဉ်းမပင်။

(၄) အနောက်တောင်ထောင့်အရပ်တွင် အုန်းပင်၊ အင်ဂမုန်းပင်။

(၅) အနောက်အရပ်တွင် ရွှက်လှပင်၊ ရှားပင်၊ ဝါးပင်

(၆) အနောက်မြောက်ထောင့်အရပ်တွင် ကံ့ကော်ပင်၊ ကုက္ကိုပင်၊ ကြံပင်။

(၇) မြောက်အရပ်တွင် သီးပင်၊ သီဟိုဠ်ပင်၊ သံသတ်ပင်

(၈) အရှေ့မြောက်ထောင့်အရပ်တွင် အုန်းပင်၊ ဥသျှစ်ပင်

ရှေ့တွင်ဖော်ပြခဲ့သလို ဂမုန်းပင်၊ မွေးနံ့ပင်လည်း နံ့သာလိုပါက စိုက်ပျိုးနိုင်ပါသည်။ ယခုဖော်ပြသော အပင်များမှာလည်း ခြံဝင်းအတွင်း နေရာရှိပါက စိုက်ပျိုးသင့်သည်မဖြစ်မနေစိုက်ပျိုးရမည်ဟု မဆိုလိုပါ။ ဤသို့ညွှန်ပြခဲ့သည် အတိုင်း စိုက်ပျိုးပါကလည်း ချမ်းသာနိုင်ခြင်း၊ မိမိအမြို့ရွာ၊ ရပ်ကွက်၊ အိမ်၊ တိုက်တာ၊ ဥယျာဉ် စသည်တို့ စည်ပင်ပြန့်ပွားနိုင်ခြင်း၊ သားစဉ်မြေးဆက် ချမ်းသာနိုင်ခြင်း အကျိုးတရားများကို ရရှိနိုင်ခြင်းအကြောင်း ရှိပေ၏။ ပင်များကိုလည်း ငှင်းနည်းကိုမှီ၍ စိုက်ပျိုးပါက

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကျိုးရရှိနိုင်သောသဘော ရှိချေ၏ဟု ရတနာဂမုန်းကျမ်းတွင်လည်း ရေးသားဖော်ပြထားပါသည်။

ထို့ကြောင့် လောကီသိပ္ပ နေမိတ္တက ကျမ်းဆရာသည် ဌာနတည်ရာ၊ နေရပ်မှာဌ်၌၊ အိမ်ရာကစ၊ စိုက်ကြပျိုးရန်၊ သစ်ပင်မှန်းကာ၊ သဖန်းရွေ့မှန်၊ တောင်စွန်သရဖီ၊ တောင်ဆီသရက်၊ တုဘက်သာခေါင်၊ အနောက်တောင်မှာ၊ အုန်းစိုက်ရာ၏။ အနောက်မှာရှား၊ နောက်ပါးကဲ့ကော်၊ မြောက်မှာသော်သီး၊ အပြီးအဲ့လောက်၊ အရှေ့မြောက်က၊ ဥသျှစ်စသား၊ စိုက်ကချမ်းသာ၊ ပြည်ရွာအိမ်က၊ စည်ပင်လှသည်၊ ကြွယ်ဝသားမြေး၊ စဉ်ဆက်တည်းဟု ရေးသားဖော်ပြထားပါသည်။

ရတနာ(၇)သွယ် ဂမုန်းခြယ်နည်း

နောက်တစ်နည်းကတော့ (၇)နေ့ (၇)နံ့ ရတနာခံ၍ စိုက်ပျိုးနည်းကို ဖော်ပြထားပါသည်။ အချို့လုံးချင်းတိုက်၊ ကိုယ်ပိုင်တိုက်ခန်း၊ ကုမ္ပဏီရုံးခန်းတို့တွင် ဂမုန်းပင်၊ အလှဖန်းပင် စသည်တို့ကို အလှစိုက်ထားတာ တွေ့ရသည်။ အချို့လည်း အဆောင်သဘော စိုက်ကြသည်။

အပင်အောက်တွင် ရတနာထည့်စိုက်ပါက မင်္ဂလာကျက်သရေ ရှိစေသည်။

တနင်္ဂနွေသားသမီး - ပတ္တမြားရတနာ၊
တနင်္လာသားသမီး - ပုလဲရတနာ၊
အင်္ဂါသားသမီး - သန္ဓာရတနာ၊
ဗုဒ္ဓဟူးသားသမီး - မြရတနာ၊
ကြာသပတေးသားသမီး - ဥဿဖရား (သို့မဟုတ်) ကြောင်ကျောက်၊
သောကြာသားသမီး - စိန်ရတနာ၊
စနေသားသမီး - နီလာရတနာ။

အဆောင်ရတနာအဖြစ်လည်း အသုံးပြုနိုင်သည်။

ဂမုန်းပင်၊ မွေးနံ့ပင်ကို နေ့နံ့အလိုက် ရတနာခံ၍ စိုက်ပျိုးပါကလည်း အန္တရာယ်ကင်းခြင်း၊ ကျန်းမာရေးကောင်းခြင်း၊ ငွေကြေးလာဘ်လာဘဝင်ခြင်း၊ ရာထူးတိုးတက်မှုရနိုင်ခြင်း၊ အကြံအစည်အောင်မြင်ခြင်း စသည့်ကောင်းကျိုးများ ရရှိခံစားနိုင်ကြောင်း ရတနာဂမုန်းကျမ်းတွင် အကျယ်ဖွင့်ထားပါသည်။

မိမိတို့ နှစ်သက်အဆင်ပြေရာနည်း ဆောင်ရွက်နိုင်ကြပါစေသတည်း။

ကမ္ဘီရ-ဆရာလှမျိုး(B.Sc)

အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးပင်မှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(ဝကဂ)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရိုရေးစစ်ရောဂါ၊ ပို့စွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး ကာလသားရောဂါ၊ ဆီးပူညောင်းကျ၊ ဂနိရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရှင်ကရွိုက်၊ရေယုန်၊ မက်ခရ၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို

အဆင့်မြင့် အိန္ဒိယ ယူနာနီ တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

လီယိုမက် အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။

www.burmeseclassic.com

ဒုတိယခြင်္ဂဒသမတန်း ခေါင်းခေါင်းကြီးရောဂါ

ရှေးပဝေသဏီမှစ၍ ယနေ့တိုင်အောင် ခေါင်းဆေးခြင်း အစီအရင်မှာ ထင်ရှားသည်။ အတိုက်အခံဘေးမှ ကင်းဝေးရခြင်း၊ ပိတ်နေသောလာဘ်များ ပွင့်ခြင်း၊ ဂြိုဟ်စီးအညံ့ဘေးမှ ကင်းဝေးရခြင်း၊ ကြီးပွားရေးအတွက်၊ အောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းဖြစ်ခြင်း စာမေးပွဲဖြေဆိုခြင်းနှင့် အခြားသော လူတွေ့၊ စာတွေ့ စစ်ဆေးမှုများအတွက် ကံကောင်းစေရန် အပံ့အပိုးဖြစ်ခြင်း စသည့် ကောင်းမြတ်သော အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ထို့အပြင် မိမိဉာဏ်ရှိလျှင်ရှိသလို အသုံးပြုနိုင်သော အစီအမံလည်း ဖြစ်ပေရာ (၇)ရက်သားသမီးတိုင်းအတွက် အသုံးဝင်နေပါမည်။ ဤယတြာအစီအမံမှာ ရိုးစင်းသည်။

ရှေးနှစ်များစွာကတည်းက အသုံးအစွဲရှိခဲ့သည်။ ကျွန်ုပ်အနေဖြင့်လည်း အလွန်သဘောတွေ့သည်။ လက်တွေ့အားဖြင့်လည်း ယုံကြည်သက်ဝင်သည်။ ထို့ကြောင့်လည်း ဤခေါင်းဆေးယတြာကို တစ်ဆင့်မျှဝေလိုက်ရပါသည်။ ယတြာမှာ အင်္ဂဝိဇ္ဇာပညာမှ ဆင်းသက်လာပြီး ဗေဒင်ပညာရှင်တော်တော်များများ သုံးစွဲကြပါသည်။ (၇)ရက်သားသမီးများအနေဖြင့် မမှားနိုင်သော ယတြာဖြစ်လေရာ အတိုချုံ့ရေးပြော မျှဝေပေးလိုက်ရပါသည်။

(၁) နေ့သားအလိုက် ပဉ္စပွတ်အရပ်ကို မျက်နှာမူ၍ ခေါင်းလျှော်ရမည်။

တနင်္ဂနွေ	အနောက်အရပ်
တနင်္လာ	မြောက်အရပ်
အင်္ဂါ	အနောက်တောင်အရပ်
ဗုဒ္ဓဟူး	အရှေ့မြောက်အရပ်
ကြာသပတေး	အရှေ့အရပ်
သောကြာ	အရှေ့တောင်အရပ်
စနေ	တောင်အရပ်

(၂) စတုရန်းအရွက်ကို ညာခြေအောက် နင်းထားပြီး တြိရန်းအရွက်ကို ဘယ်ခြေအောက် နင်းထားပြီး ခေါင်းလျှော်၊ ခေါင်းဆေး ပြုရမည်။

နေ့	စတုရန်း	တြိရန်း
တနင်္ဂနွေနေ့	ရွက်လှ(၄)ညွှန့်	ဆီးရွက်(၃)ရွက်
တနင်္လာနေ့	မေမြို့(၅)ညွှန့်	ရွက်လှ(၄)ရွက်
အင်္ဂါနေ့	သီဟိုဠ်(၆)ညွှန့်	ပျဉ်းမ(၅)ရွက်
ဗုဒ္ဓဟူးနေ့	ဒါန်းညွှန့်(၇)ညွှန့်	သီဟိုဠ်(၆)ရွက်
ကြာသပတေးနေ့	အုန်း (၁)ညွှန့်	ဒါန်း (၇)ရွက်
သောကြာနေ့	ကဲ့ကော်(၂)ညွှန့်	အုန်း(၁)ရွက်
စနေနေ့	ဆီးရွက်(၃)ညွှန့်	ကုက္ကို(၂)ရွက်

(၃) ခေါင်းလျှော်ရန်မှာ တရော်၊ ကင်ပွန်းဖြစ်ရမည်။

(၄) ခေါင်းလျှော်ရည်၊ ခေါင်းဆေးပြီးကျလာသောရေများကို ဖလား (သို့မဟုတ်) ခွက်ကြီးကြီး (သို့မဟုတ်) ဇလုံတွင် ခံ၍ပြီးပါက တေဇအရပ်သို့ စွန့်ရမည်။

တနင်္ဂနွေ	အနောက်အရပ်သို့ စွန့်ပါ။
တနင်္လာ	အနောက်မြောက်သို့စွန့်ပါ။
အင်္ဂါ	မြောက်အရပ်သို့စွန့်ပါ။
ဗုဒ္ဓဟူး	အရှေ့မြောက်သို့စွန့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

ကြာသပတေး	အရှေ့တောင်သို့စွန့်ပါ။
သောကြာ	အနောက်တောင်သို့စွန့်ပါ။
စနေ	အရှေ့သို့စွန့်ပါ။

(ခေါင်းဆေးရည်များကို စွန့်ရန် ဖြစ်ပါသည်။)

(၅) ညာ,ဘယ်ခြေထောက်မှ နင်းထားသော အရွက်များကို ဘုမ္မိအရပ်သို့ စွန့်ရမည်။ စွန့်ရာ၌ မိမိလက်ဖြင့် လုံးဝ မကိုင်ရ၊ မထိရပါ။ အိတ်တစ်လုံးသို့ တုတ်ဖြင့် ညှပ်၍လည်းကောင်း၊ ခြေတစ်နည်းနည်းဖြင့်လည်းကောင်း ယူထည့်ပါ။ ပြီးမှ အိတ်ကိုကိုင်၍ ဘုမ္မိသို့ စွန့်ပါ။

တနင်္ဂနွေသားသမီး	တောင်အရပ်စွန့်
တနင်္လာသားသမီး	အနောက်တောင်စွန့်
အင်္ဂါသားသမီး	အနောက်စွန့်
ဗုဒ္ဓဟူးသားသမီး	အနောက်မြောက်စွန့်
ကြာသပတေးသားသမီး	အရှေ့မြောက်စွန့်
သောကြာသားသမီး	အရှေ့တောင်စွန့်
စနေသားသမီး	မြောက်အရပ်စွန့်

အားလုံးပြီးပါက သန့်ရှင်းသော အဝတ်အစားကို ဝတ်ဆင်လျက် နေအိမ်ရှိ ဘုရားကျောင်းဆောင်တွင် အလင်းတိုင့်(၁၀)တိုင် ထွန်းညှိပူဇော်ပါ။ အမွှေးတိုင်၊ သောက်တော်ရေ ကပ်လှူပူဇော်ပါ။ အဆင်ပြေနိုင်ပါက အကြော်(၅)မျိုး (သို့မဟုတ်) ဘယာကြော်(၅)ခုကို ပန်းကန်ပြားတွင် ထည့်၍ လှူဒါန်းပါ။ သမ္မုဒ္ဓေဂါထာတော် သက်စေ့ရွတ်ပွားပါ။ ဂုဏ်တော်(၉)ပါး တတ်သရွေ့ရွတ်ပါ။ အခက်အခဲများ ပြေလွယ်စေ၍ စိတ်လက်ပေါ့ပါးကာ ဂြိုဟ်အစီးအနင်းဆုံးဘေးမှ ကင်းဝေးပါမည်။ ဆောင်ရွက်စီမံရာအချိန်မှာ မွေးနေ့ မနက်(၉)နာရီ (၄၅)မိနစ်အချိန်ဖြစ်သည်။ ဥပမာတင်ပြပေးပါမည်။

တနင်္ဂနွေသားတစ်ယောက် ဆိုပါစို့။

တနင်္ဂနွေနေ့ မနက်(၉)နာရီ (၄၅)မိနစ်တွင် အနောက်အရပ်ကို မျက်နှာမူ၍ ညာခြေအောက်ဘက် ရွက်လှ(၄)ရွက်နှင့် ဘယ်ခြေအောက်တွင် ဆီးရွက်(၃)ရွက်ကို ခြေဖြင့်နင်းထားလျက် ဆောင့်ကြောင့်ထိုင်ကာ တရော်ကင်ပွန်းဖြင့် ခေါင်းဆေးချပါ။ ကျလာသော အရည်များကို ရေတစ်ခုဖြင့် ခံထားပါ။ ခေါင်းလျှော်ခေါင်းဆေးနေချိန် သမ္မုဒ္ဓေဂါထာ ရွတ်နေနိုင်ပါသည်။ ပြီးသော် ရေချိုးပါ။ အားလုံးပြီးပါက ခေါင်းမှကျသော အရည်များကို တေဇအရပ်(အနောက်အရပ်)သို့စွန့်ပါ။ ပြီးလျှင် ညာ,ဘယ် ခြေထောက်အောက်မှ အရွက်များကို လက်ဖြင့် မထိ, ကိုင်ဘဲ တစ်ခုခုဖြင့်ယူကာ ဘုမ္မိအရပ်(တောင်အရပ်)သို့ စွန့်လိုက်ရပါသည်။ ထို့နောက် နင်းရှင်းသော အဝတ်အစားများကို ဝတ်ဆင်ကာ ဘုရားအား အလင်းတိုင်(၁၀)တိုင်၊ အမွှေးတိုင်၊ သောက်တော်ရေ ကပ်လှူလိုက်ပါ။ ပြီးတော့ သမ္မုဒ္ဓေဂါထာ သက်စေ့ရွတ်ပွားပူဇော်ရပါသည်။

ဤသို့ဆိုလျှင် တနင်္ဂနွေသားသမီးတို့၏ ခေါင်းဆေးယဇ်ကြာ အောင်မြင်ပါပြီ။ ကျန်နေ့နံသားသမီးများလည်း ထိုဥပမာအတိုင်း မိမိတို့နေ့နံအလိုက် ရွက်ဆောင်နိုင်ပါလေသည်။

ယုံကြည်လျှင် ယုံကြည်နိုင်သရွေ့ လက်တွေ့အကျိုး ခံစားရပါမည်ဟုသာ။

ခေတ္တရာ-ဆရာကျော်

မှတ်ချက်။ * အကြော်(၅)မျိုးမှာ (၁) ဘယာကြော်၊ (၂) ကြက်သွန်ကြော်၊ (၃) ပဲဝါကြော်၊ (၄) အာလူးကြော်၊ (၅) ဘူးသီးကြော်။

www.burmeseclassic.com

www.burmeseclassic.com

[၂၀၁၅]ခုနှစ် နက္ခတ်ဗေဒဇာတာဟောစာတမ်း

နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန်ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နုကြွရွတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့သွန်စိမသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂန္ဓိရုပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍာပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇° ၃၂')၊ မြောက်လတ္တီတွဒ်(၁၆° ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလင်္ဂကို အလွယ်တကူသိနိုင်ပေသည်။ ဂန္ဓိရချစ်သူများအနေဖြင့် မိမိရာသီလင်္ဂကို အတိအကျသိထားလိုပါက ဖုန်း-၀၉၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလင်္ဂသိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လင်္ဂအတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဧနုဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

မွေးချိန်	လင်္ဂ
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ပြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကင္ဋ
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

မွေးချိန်	လင်္ဂ
၆း၄၀ - ၈း၄၀	မကာရ
၈း၄၀ - ၁၀း၄၀	ကုမ်
၁၀း၄၀ - ၁၂း၄၀	မိန်
၁၂း၄၀ - ၁၄း၄၀	မိသ
၁၄း၄၀ - ၁၆း၄၀	ပြိသ
၁၆း၄၀ - ၁၈း၄၀	မေထုန်
၁၈း၄၀ - ၂၀း၄၀	ကရကင္ဋ
၂၀း၄၀ - ၂၂း၄၀	သိဟ်
၂၂း၄၀ - ၂၄း၄၀	ကန်
၂၄း၄၀ - ၂း၄၀	တူ
၂း၄၀ - ၄း၄၀	ဗြိစ္ဆာ
၄း၄၀ - ၆း၄၀	ဓနု

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

မွေးချိန်	လင်္ဂ
၆း၁၀ - ၈း၁၀	မိန်
၈း၁၀ - ၁၀း၁၀	မိသ
၁၀း၁၀ - ၁၂း၁၀	ပြိသ
၁၂း၁၀ - ၁၄း၁၀	မေထုန်
၁၄း၁၀ - ၁၆း၁၀	ကရကင္ဋ
၁၆း၁၀ - ၁၈း၁၀	သိဟ်
၁၈း၁၀ - ၂၀း၁၀	ကန်
၂၀း၁၀ - ၂၂း၁၀	တူ
၂၂း၁၀ - ၂၄း၁၀	ဗြိစ္ဆာ
၂၄း၁၀ - ၂း၁၀	ဓနု
၂း၁၀ - ၄း၁၀	မကာရ
၄း၁၀ - ၆း၁၀	ကုမ်

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

မွေးချိန်	လင်္ဂ
၀၅း၄၅ - ၀၇း၄၅	မိသ
၀၇း၄၅ - ၀၉း၄၅	ပြိသ
၀၉း၄၅ - ၁၁း၄၅	မေထုန်
၁၁း၄၅ - ၁၃း၄၅	ကရကင္ဋ
၁၃း၄၅ - ၁၅း၄၅	သိဟ်
၁၅း၄၅ - ၁၇း၄၅	ကန်
၁၇း၄၅ - ၁၉း၄၅	တူ
၁၉း၄၅ - ၂၁း၄၅	ဗြိစ္ဆာ
၂၁း၄၅ - ၂၃း၄၅	ဓနု
၂၃း၄၅ - ၀၁း၄၅	မကာရ
၀၁း၄၅ - ၀၃း၄၅	ကုမ်
၀၃း၄၅ - ၀၅း၄၅	မိန်

www.burmeseclassic.com

www.burmeseclassic.com

မေလ (၁၄)ရက်မှ
ဇွန်လ (၁၄)ရက်အတွင်း

မွေးချိန်	လင်္ဂ
[illegible] - ၇း၂၅	ပြီဿ
[illegible] - ၉း၂၅	မေထုန်
[illegible] - ၁၁း၂၅	ကရကဋ်
[illegible] - ၁၃း၂၅	သီဟ်
[illegible] - ၁၅း၂၅	ကန်
[illegible] - ၁၇း၂၅	တူ
[illegible] - ၁၉း၂၅	ဗြိစ္ဆာ
[illegible] - ၂၁း၂၅	ဓနု
[illegible] - ၂၃း၂၅	မကာရ
[illegible] - ၂၅း၂၅	ကုမ်
[illegible] - ၂း၂၅	မိန်
[illegible] - ၄း၂၅	မိဿ

ဇွန်လ (၁၅)ရက်မှ
ဇူလိုင်လ (၁၅)ရက်အတွင်း

မွေးချိန်	လင်္ဂ
၅း၂၀ - ၇း၂၀	မေထုန်
၇း၂၀ - ၉း၂၀	ကရကဋ်
၉း၂၀ - ၁၁း၂၀	သီဟ်
၁၁း၂၀ - ၁၃း၂၀	ကန်
၁၃း၂၀ - ၁၅း၂၀	တူ
၁၅း၂၀ - ၁၇း၂၀	ဗြိစ္ဆာ
၁၇း၂၀ - ၁၉း၂၀	ဓနု
၁၉း၂၀ - ၂၁း၂၀	မကာရ
၂၁း၂၀ - ၂၃း၂၀	ကုမ်
၂၃း၂၀ - ၂၅း၂၀	မိန်
၂၅း၂၀ - ၁း၂၀	မိဿ
၁း၂၀ - ၃း၂၀	ပြီဿ
၃း၂၀ - ၅း၂၀	မေထုန်

ဇူလိုင် (၁၆)ရက်မှ
သြဂုတ်လ (၁၆)ရက်အတွင်း

မွေးချိန်	လင်္ဂ
၅း၃၀ - ၇း၃၀	ကရကဋ်
၇း၃၀ - ၉း၃၀	သီဟ်
၉း၃၀ - ၁၁း၃၀	ကန်
၁၁း၃၀ - ၁၃း၃၀	တူ
၁၃း၃၀ - ၁၅း၃၀	ဗြိစ္ဆာ
၁၅း၃၀ - ၁၇း၃၀	ဓနု
၁၇း၃၀ - ၁၉း၃၀	မကာရ
၁၉း၃၀ - ၂၁း၃၀	ကုမ်
၂၁း၃၀ - ၂၃း၃၀	မိန်
၂၃း၃၀ - ၂၅း၃၀	မိဿ
၂၅း၃၀ - ၂း၃၀	ပြီဿ
၂း၃၀ - ၄း၃၀	မေထုန်
၄း၃၀ - ၆း၃၀	ကရကဋ်

သြဂုတ်လ (၁၇)ရက်မှ
စက်တင်ဘာလ (၁၆)ရက်အတွင်း

မွေးချိန်	လင်္ဂ
၅း၄၀ - ၇း၄၀	သီဟ်
၇း၄၀ - ၉း၄၀	ကန်
၉း၄၀ - ၁၁း၄၀	တူ
၁၁း၄၀ - ၁၃း၄၀	ဗြိစ္ဆာ
၁၃း၄၀ - ၁၅း၄၀	ဓနု
၁၅း၄၀ - ၁၇း၄၀	မကာရ
၁၇း၄၀ - ၁၉း၄၀	ကုမ်
၁၉း၄၀ - ၂၁း၄၀	မိန်
၂၁း၄၀ - ၂၃း၄၀	မိဿ
၂၃း၄၀ - ၁း၄၀	ပြီဿ
၁း၄၀ - ၃း၄၀	မေထုန်
၃း၄၀ - ၅း၄၀	ကရကဋ်

စက်တင်ဘာလ (၁၇)ရက်မှ
အောက်တိုဘာလ (၁၆)ရက်အတွင်း

မွေးချိန်	လင်္ဂ
[illegible] - ၇း၁၀	ကန်
[illegible] - ၉း၁၀	တူ
[illegible] - ၁၁း၁၀	ဗြိစ္ဆာ
[illegible] - ၁၃း၁၀	ဓနု
[illegible] - ၁၅း၁၀	မကာရ
[illegible] - ၁၇း၁၀	ကုမ်
[illegible] - ၁၉း၁၀	မိန်
[illegible] - ၂၁း၁၀	မိဿ
[illegible] - ၂၃း၁၀	ပြီဿ
[illegible] - ၁း၁၀	မေထုန်
[illegible] - ၃း၁၀	ကရကဋ်
[illegible] - ၅း၁၀	သီဟ်

အောက်တိုဘာလ (၁၇)ရက်မှ
နိုဝင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လင်္ဂ
၅း၁၅ - ၇း၁၅	တူ
၇း၁၅ - ၉း၁၅	ဗြိစ္ဆာ
၉း၁၅ - ၁၁း၁၅	ဓနု
၁၁း၁၅ - ၁၃း၁၅	မကာရ
၁၃း၁၅ - ၁၅း၁၅	ကုမ်
၁၅း၁၅ - ၁၇း၁၅	မိန်
၁၇း၁၅ - ၁၉း၁၅	မိဿ
၁၉း၁၅ - ၂၁း၁၅	ပြီဿ
၂၁း၁၅ - ၂၃း၁၅	မေထုန်
၂၃း၁၅ - ၁း၁၅	ကရကဋ်
၁း၁၅ - ၃း၁၅	သီဟ်
ကန် ၃း၁၅ - ၅း၁၅	

နိုဝင်ဘာလ (၁၆)ရက်မှ
ဒီဇင်ဘာလ (၁၅)ရက်အတွင်း

မွေးချိန်	လင်္ဂ
၆း၁၅ - ၈း၁၅	ဗြိစ္ဆာ
၈း၁၅ - ၁၀း၁၅	ဓနု
၁၀း၁၅ - ၁၂း၁၅	မကာရ
၁၂း၁၅ - ၁၄း၁၅	ကုမ်
၁၄း၁၅ - ၁၆း၁၅	မိန်
၁၆း၁၅ - ၁၈း၁၅	မိဿ
၁၈း၁၅ - ၂၀း၁၅	ပြီဿ
၂၀း၁၅ - ၂၂း၁၅	မေထုန်
၂၂း၁၅ - ၂၄း၁၅	ကရကဋ်
၂၄း၁၅ - ၂း၁၅	သီဟ်
၂း၁၅ - ၄း၁၅	ကန်
တူ ၄း၁၅ - ၆း၁၅	

ဒီဇင်ဘာလ (၁၆)ရက်မှ
ဇန်နဝါရီလ (၁၃)ရက်အတွင်း

မွေးချိန်	လင်္ဂ
၆း၁၅ - ၈း၁၅	ဓနု
၈း၁၅ - ၁၀း၁၅	မကာရ
၁၀း၁၅ - ၁၂း၁၅	ကုမ်
၁၂း၁၅ - ၁၄း၁၅	မိန်
၁၄း၁၅ - ၁၆း၁၅	မိဿ
၁၆း၁၅ - ၁၈း၁၅	ပြီဿ
၁၈း၁၅ - ၂၀း၁၅	မေထုန်
၂၀း၁၅ - ၂၂း၁၅	ကရကဋ်
၂၂း၁၅ - ၂၄း၁၅	သီဟ်
၂၄း၁၅ - ၂း၁၅	ကန်
၂း၁၅ - ၄း၁၅	တူ
၄း၁၅ - ၆း၁၅	ဗြိစ္ဆာ

(၂၀၁၅)ခုနှစ်၊ မတ်လအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

ဆိုလ်ဂ် (Aries)

ကျန်းမာရေးသတိထားပါ။ ကိုယ်လက်မအီမသာ ဖြစ်တတ်၏။ လျှပ်စစ်ဆိုင်ရာ စက်ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံး၍ စိတ်ဆင်းရဲနေရမည်။ ဘဝရည်ရွယ်ချက်များ ပြီးခါနီး ပျက်စီးသွားတတ်၏။ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ အဆင်မပြေတတ်ပါ။ ရှေ့ပိုင်း နှစ်ပတ်လောက် ဝင်ငွေကောင်းနေမည်။ ခွဲ၊ လုံ့လ၊ ဝီရိယ ကြောင့် အလုပ်အကိုင် အဆင်ပြေသွားမည်။ သက်ကြီးရွယ်အိုများ လေဖြတ်တတ်၏။ လုံခြုံရေးထွေးတဲ့အဝတ် အမြဲဝတ်ထားပါ။ နိုင်ငံခြားသွားမည့်သူများ အစီအစဉ်ပျက်ပြီး နောင်ပြန်ဆုတ်နေရမည်။ အိမ်၊ ခြံ၊ မြေ ရောင်းဝယ်သူ

www.burmeseclassic.com

များ၊ ပွဲစားများ ဝင်ငွေကောင်းတတ်၏။ ဘာသာရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်း ရောင်းဝယ်သူများ မမျှော်လင့်ဘဲ ပြဿနာကြုံတတ်၏။ အာမခံပေးခြင်း မပြုသင့်ပါ။ (၁၄၊ ၁၅၊ ၁၆)ရက်များသည် သင့်အတွက် ကံကောင်းရက်များ ဖြစ်သည်။ စတင်မည့်အရာဟူသမျှ (၇၊ ၈၊ ၉)ရက်များကို ရှောင်ပါ။

ယတြာ

စနေနံပစ္စည်းဟောင်းများရှိပါက လွှင့်ပစ်လိုက်ပါ။ ဘုရားကျောင်းပေါ်ရှိ ပန်းအိုးများကို နေရာအပြောင်းအလဲ လုပ်ပေးလိုက်ပါ။ တိမ်းစောင်းနေသောကံများ တည့်သွားလိမ့်မည်။

ပြိဿလင်္ဂ် (Taurus)

ဒုတိယပတ်အထိ ဝင်ငွေလာဘ်လာဘ အလွန်ကောင်းပြီး ဘဝမြင့်မားနေမည်။ တတိယပတ်လောက်ကစပြီး ရင်းနှီးငွေ လျော့ပါ။ ပျက်စီးဆုံးရှုံးမှုနှင့် ရင်ဆိုင်ရတတ်၏။ အများနှင့် ပူးပေါင်းလုပ်ဆောင်ရတဲ့ အလုပ်များ အထူးသတိထား ဆောင်ရွက်ပါ။ မဆင်ခြင်က ယင်းပြဿနာ အိမ်ထောင်ရေးကို ဒုက္ခလာပေးတတ်ပါသည်။ နေအိမ်နှင့်ပတ်သက်ပြီး ပူပင်သောက ဖြစ်နေရတတ်၏။ မိမိထက်ကြီးကဲသူများနှင့် ပေါင်းသင်းပြီး ငယ်ရွယ်သူများနှင့် ပေါင်းသင်းသွားလာခြင်း ဤလတွင် မပြုသင့်။ အနုပညာ၊ စာပေ၊ သဘင်၊ ဂီတနှင့် ပတ်သက်ဆက်နွယ်သူများ အလုပ်အကိုင်ရော ဝင်ငွေပါ အလွန်အဆင်ပြေမည်။ ကျောင်းသူကျောင်းသားများနှင့်တကွ ပညာသင်များအားလုံး အချစ်ဆိုလျှင် စိတ်မဝင်စားမိအောင် ရှောင်ပါ။ ခါး (သို့မဟုတ်) ခြေဖဝါးတွင် မထင်မှတ်ဘဲ အသေးစား ခွဲစိတ်ကုသမှု ခံယူရတတ်၏။ (၁၂၊ ၁၃)ရက်များကို ဆောင်၍ (၂၃၊ ၂၄)ရက်များကို ရှောင်ပါ။

ယတြာ

ဆီးသီး(၂၇)လုံးကို စက္ကူအိတ်နှင့်ထည့်ပြီး သောကြာသား ရဟန်းတော်တစ်ပါးအား လှူဒါန်းလိုက်ပါ။ ထွက်စရာများ ထွက်ပြီးလျှင် ဝင်စရာများ ဝင်လာလိမ့်မည်။

မေထုန်လင်္ဂ် (Gemini)

ဝန်ထမ်းများ အတိုက်အခံများ၍ စိတ်ပျက်ငြီးငွေ့နေရ

မည်။ အိမ်အိုအိမ်ဟောင်းသို့ ပြောင်းရွှေ့ရတတ်၏။ စမ်းတဝါးဝါး လျှောက်သွားနေတဲ့ စာပေအနုပညာသမားများ လမ်းစပွင့်သွားမည်။ ပညာသင် လူငယ်များ မှားယွင်းတဲ့ အပေါင်းအသင်းကြောင့် မသိမသာ သိသိသာသာကြီး ပျက်စီးသွားတတ်၏။ ရေတွင်း၊ ရေဟောင်းများ မိမိဝန်းကျင်တွင်ရှိပါက တတ်နိုင်သမျှ ပြုပြင်သန့်ရှင်းပါ။ အမှားအယွင်းကင်းကာ ကျန်းမာပျော်ရွှင်ရမည်။ မိမိဆန္ဒကြောင့် ရပ်ထားသော အလုပ်အကိုင်ရေး (၅)ရက်နေ့နောက်ပိုင်း ပြန်လည်လုပ်ဖြစ်မည်။ ဆေးနဲ့ဆေးပစ္စည်း ရောင်းဝယ်သူများ ဝင်ငွေကောင်းနေမည်။ အိမ်ထောင်ရှင်များ အမွေအနှစ်ကိစ္စကြောင့် တင်းမာနေတတ်၏။ အလှကုန်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ ကောင်းလွန်း အလွန်ကောင်းပြီး ဆိုးလျှင် အလွန်ဆိုးမည်။ ပဲမျိုးစုံရောင်းဝယ်သူများနှင့် မြေအရောင်းအဝယ်လုပ်သူများ (၂၄)ရက်နေ့မှစ၍ (၈)ရက်အတွင်း ခိုက်ရန်စကားများရတတ်၏ (၁၀၊ ၁၁)နှင့် (၁၉၊ ၂၁)ရက်များသည် သင့်အတွက် ကောင်းများဖြစ်ပြီး (၁၄၊ ၁၅)ရက်များကို ရှောင်ပါ

ယတြာ

သက်ကြီးရွယ်အိုအား နွားနို့အာဟာရ တိုက်ကျွေးပါ သို့မဟုတ် အပြာရောင်ပန်းတစ်မျိုးမျိုး ဘုရားကို လှူပါ

ကရကဋ်လင်္ဂ် (Cancer)

ခုတလော ငါ ဘာဖြစ်နေလဲလို့ ညည်းတွားနေရတတ်၏။ ကျန်းမာရေး အနည်းငယ်ညံ့နေမည်။ သည်လအတွင်း လက်ထပ်မင်္ဂလာပြုပါက အခက်အခဲများ တွေ့ရမည်။ (၂၇၊ ၂၈၊ ၂၉)ရက်များဆို ဝိုသတိထားပါ။ မင်္ဂလာမခြောက်ဘဲ ဂုဏ်သိက္ခာ နွမ်းပါးရတတ်ပါသည်။ အချစ်ရေးတွင် ပြတ်တယ်ဟော့ဆိုပြီး မပြတ်နိုင်သူများ နောင်တရလောက်အောင် မှားယွင်းသွားတတ်၏။ ပညာသင် လူငယ်များ စိုးရိမ်ပူပန်စိတ် မထားလေ ကောင်းလေ။ ပုံမှန်ကျက်မှတ်ပြီး နေ့စဉ် ရေဝတမြတ်စွာဘုရားကို ရွတ်ရွယ်ပြီး သောက်တော်ရေ ကပ်ပါလေ။ စာအုပ်စာတမ်းများ ဝေလိုသူများ နောက်ဆုံးပတ်ရောက်မှ အဆင်ပြေမည်

www.burmeseclassic.com

အလုပ်နှင့်ပတ်သက်တဲ့ စာမေးပွဲ၊ အင်တာဗျူးများ အဆင်ပြေ အောင်မြင်မည်။ ဆွေမျိုးသားချင်းထဲတွင် အကြောင်းကြောင်နိုင်တဲ့ အရက်သမားရှိနေပါက ပဋ္ဌာန်း(၂၄)ပစ္စည်းပါ အာနုပ်ကလေးတစ်အုပ် လက်ဆောင်ပေးလိုက်ပါ။ ရောသန်၊ ရောကြောင်း၊ ရေထွက်ပစ္စည်း ရောင်းဝယ်သူများ ရေကို ရှောင်ထင်လောက်အောင် အဆင်ပြေမည်။

ဆတ္တာ

စတုမဓူ တစ်ပုလင်းလျှုပါ။ မတတ်နိုင်သူ၊ မလွယ်သူများ ပျားရည်ဆွမ်း လျှုပါလေ။

သိဟ်လဂ် (Leo)

အဖေ (သို့မဟုတ်) ကြီးကဲသူ စကားကြောင့် မိမိဘဝကို အထူးစစ်ဆေးကြည့်ဖြစ်မည်။ တန်ဖိုးရှိတဲ့အဖြေ ရလိမ့်မည်။ တန်ဖိုးမထားပါက အချစ်ရေး၊ ပညာရေး ငွေကြေး၊ ဂုဏ်သိက္ခာများ အားလုံး ကမောက်ကမဖြစ်သွားပြီး ရည်ရွယ်ချက်များ ရပ်တန့်ဆုံးရှုံးသွားတတ်ပါသည်။ နိုင်ငံခြားရှိ လုပ်ကိုင်နေသူများ စုငွေအတွက် မိုက်ရဲသည်မှေးပါက စုမရတဲ့အပြင် ဒုက္ခရောက်တတ်၏။ ပုံမှန်ပဲ ဖြတ်ပါ။ ဘာသာရေးဝန်ထမ်းများ အမှုအခင်းပြဿနာ ဖြစ်တတ်၏။ (၂၅၊ ၂၆) တစ်ရက်ရက်တွင် သင်မျှော်မှန်းထားတဲ့ အလုပ်နှင့်ပတ်သက်တဲ့ ကောင်းသတင်း ကြားရမည်။ နေရေးထိုင်ရေးအတွက် ပူလောင်နေရတဲ့ ငွေကြေး(၁၂၊ ၁၃၊ ၁၄)ရက်များတွင် အဆင်ပြေသွားလိမ့်မည်။ ဆင်းအလှပြင်လိုသူများ (၂၄)ရက်နေ့လွန်မှ ပြင်ပါ။ သွားခြင်း ကျိုးခြင်း၊ သွားနုတ်ခြင်းများ ရှိတတ်၏။ သစ်ပွဲရုံ ကုန်းရှင်များ၊ အဖျော်ယမကာဆိုင်များ မထင်မှတ်ဘဲ အားနာတက်တတ်၏။

ဆတ္တာ

ဆပ်ပြာမှုန့်(၃)ထုပ် ဓမ္မာရုံ (သို့မဟုတ်) သီလရှင်ကျောင်းသို့ ပေးပို့လှူဒါန်းပါ။ အန္တရာယ်ကင်း ဘေးရှင်းမည်။

ဝိရ်ဂိုး (Virgo)

အလုပ်နှင့်ပတ်သက်သော အနာရောဂါများ ဖြစ်လာတတ်သဖြင့် အမှားကို အမှားဟု မထင်တဲ့ကာလ။ သူတစ်ပါးအကြောက်တိုက်ခိုက်သည်ကို တုံ့ပြန်ရာ၌ လက်လွန်၍

အချုပ်အနှောင်ခံရတတ်၏။ အရက်အကြောက်ကြီးလွန်းခြင်းကို သည်လတွင် ခဏလျှော့ထားပေးပါ။ မလုပ်ချင် မကိုင်ချင် ဖြစ်နေတတ်၏။ ဘာသာရေးစာပေများ ဖတ်ပေးမှ ဇွဲကောင်းလာမည်။ အိမ်ထောင်ရှိသူများ (၁၅)ရက်ကနေ (၂၃)ရက်အတွင်း စကားများလိမ့်မည်။ အချစ်ရှာနေသူများ ဝေဒနာမပြင်းထန်ချင်ပါက (၁၇၊ ၁၈)ရက်များတွင် စတင်ပါ။ သက်မွေးဝမ်းကျောင်းပညာရှာမှီးလိုသူများ တစ်ပတ်အတွင်း အဆင်ပြေသွားမည်။ အလုပ်တွင် စကားအချေအတင် ပြောရတတ်၏။ အလုပ်မရှိသူများ ယောင်ချာချာ ဖြစ်နေတတ်၏။ လကုန်ခါနီးမှ အလုပ်ရတတ်ပါသည်။ လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်သော ဝန်ထမ်းများ အမှားအယွင်း ကြုံတတ်၏။ သွေးအေးနေတဲ့အချစ်ဆိုပါက ခဏတာရပ်ထားမှ ကောင်းမည်။ လောင်းကစားဝါသနာပါသူများ အထူးသတိထားပါလေ။ ပညာရေးအတွက် ငွေကြေးခက်ခဲနေသူများ မိမိထက်ကြီးသူ တစ်ဦးဦးက ကူညီလိမ့်မည်။ မပူပါနှင့်။

ယတ္တာ

မွေးနေ့တိုင်းမှာ ဆီမီးပူဇော်ပါ။ ပူဇော်ပြီးလျှင် 'သော ဘဂဝါ ဣတိပိ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္နော ဝတ သော ဘဂဝါ' လို့ အမြဲရွတ်ဆိုပါလေ။

တူလဂ် (Libra)

စိတ်ရှုပ်ထွေးမှုများ ပြေလျော့သွားမည်။ သို့သော် ကျန်းမာရေးအနည်းငယ်ညံ့နေမည်။ ကိုယ်ရေးကိုယ်တာ ရည်ရွယ်ချက်များ အောင်မြင်ရန် နှောင့်နှေးနေမည်။ ဒုတိယပတ်လွန်ပြီး တတိယပတ်အစလောက်မှာ ကျန်းမာရေး ကောင်းမွန်လာပြီး အမိဘက်က ဦးလေး၊ ဒေါလေးထံမှ လက်ဆောင်ရတတ်သည်။ အိမ်ထောင်ပြုရန် ရည်ရွယ်ထားသူများ တတိယပတ်၊ စတုတ္ထပတ်အတွင်း ပြုဖြစ်သွားမည်။ ဆေးကုမ္ပဏီများတွင် လုပ်ကိုင်သူများ အကျိုးအမြတ်သိသိသာသာ ခံစားရမည်။ ဂုဏ်သိက္ခာဖြင့် ရင်းနှီးလုပ်ကိုင်ရသူများ ဝင်ငွေကောင်းမည်။ ကျောင်းသူကျောင်းသားများနှင့် ပညာသင်လူငယ်များ မှတ်ဉာဏ်အားနည်းပြီး စိတ်ကြေ

www.burmeseclassic.com

ကျဆင်းနေတတ်၏။ စီးပွားရေးလုပ်ငန်းရှင်များ လက်ထဲ ငွေမရှိ၍ စိုးရိမ်နေရမည်။ (၁၉၊ ၂၀)နှင့် (၂၇၊ ၂၈)ရက်များသည် သင့်အတွက် အကောင်းဆုံးဖြစ်ပြီး (၇၊ ၈၊ ၉) ရက်များက အဆိုးဆုံး နေ့ရက်များပါ။

ယတြာ

အိမ်ရှိ ခြေသုတ်အဟောင်းကို လွှင့်ပစ်လိုက်ပါ။ ပြီးလျှင် မိမိနှစ်သက်ရာ ခေါင်းလျှော်ရည်တစ်မျိုးမျိုးဖြင့် ခေါင်းလျှော်လိုက်ပါ။ အညံ့အဆိုးများ ကင်းစင်သွားပေလိမ့်မည်။

ပြိုင်္ဂလာ (Scorpio)

ချစ်သူတွေ့လိမ့်မည်။ ချစ်သူရဲ့ သံယောဇဉ်ကြောင့် အတုတ်ပညာတစ်ခု သင် ဖြစ်သွားမည်။ အိမ်ထောင်ရှင်များဆိုပါက လက္ခဏာနိမိတ် စကားများတတ်၏။ အမှားကို အမှန်ထင်သွားအောင် နှစ်ယောက်သား ဆီးသီးစားလိုက်ပါ။ အလုပ်တစ်ဖက်နှင့် ပညာသင်နေသူများ နှစ်ခုလုံး အောင်မြင်ပြီး ပျော်ရွှင်ရမည်။ မည်သည့်လုပ်ငန်းရှင်မဆို ကိုယ်ပိုင်စည်းကမ်းပျက်နေပါက လာဘ်လာဘဝင်ငွေ နည်းမည်။ ကျောင်းသားကျောင်းသူ လူငယ်များ အချစ်ရေး ဦးစားပေးမိပါက ကဏန်းမရ ခွန်းမရ၊ အချစ်လည်းမရ၊ ပညာလည်း ဆုံးရှုံးရမည်။ ထီပေါက်လိုစိတ်နှင့် အိမ်ထောင်ပြုလိုစိတ် ပြင်းပြနေမည်။ အကြံပေးချင်တာက ယင်းစိတ်ကို မျိုသိပ်ပြီး အလုပ်ကြိုးစားပါ။ သင်ဖြစ်ချင်တာ ဖြစ်လာလိမ့်မည်။ စပါးတောင်သူကြီးများ၊ ပဲတောင်သူကြီးများ မှန်ခြေကိုက်မည်။ နှမ်းတောင်သူကြီးများ စိတ်ညစ်ရလိမ့်မည်။ အကောင်းဆုံးနေ့ရက်များက (၇၊ ၈၊ ၉)ရက်များဖြစ်ပြီး (၂၃၊ ၂၄)နှင့် (၂၇၊ ၂၈)ရက်များကို ရှောင်ပါ။

ယတြာ

မုန့်စိမ်းပေါင်းကို ဘုရားဆွမ်းကပ်ပါ။ စွန့်တဲ့အခါ ကိုယ်မစားပါနှင့်။ ကြာသပတေးသားသမီး တစ်ဦးဦးကို ပေးစားလိုက်ပါ။ သင့်ဆန္ဒ ပြည့်ဝပါလိမ့်မည်။

ဓနုလဂ် (Sagittarius)

ဘာပဲပြောပြော သင့်စုငွေများ တဖြည်းဖြည်း ကုန်နေမည်။ မိမိအလုပ်ကို စိတ်မဝင်စားချင်သလိုလို ဖြစ်နေမည်။ ညီ အစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းများအပေါ် အမြင်

မကြည်လင် ဖြစ်နေမည်။ တတိယပတ် အစလောက်မှ ငွေကြေးအဆင်တပြေ ရလာမည်။ ဂုဏ်သိက္ခာ ရှိရှိနှင့် ဝင်ငွေ တိုးလာမည်။ သူဆန္ဒကို နားလည်မည်သူ နှင့်၍ အိမ်ထောင်ဖက်ရဲ့ သံယောဇဉ်က အပူဇွေ့ထင်လာမည်။ ငါ ဘာအမှားလုပ်မိလဲလို့ နေ့စဉ် ဆင်ခြင်နိုင်လာအကျိုးရှိလေပါ။ အလှဖန်တီးသူများ အထူးဝင်ငွေကောင်းမည်။ အိမ်အလှဆင်ပစ္စည်း ရောင်းဝယ်သူများနှင့် ယင်းလုပ်ငန်းလုပ်ကိုင်သူများ လက်ဖျားတွင် ငွေသီးနေမည်။ လက်လုပ်လက်စား အခြေခံလူတန်းစားများဆိုပါက မြေနရာ လုံစိုက်ခံရတတ်၏။ ထီးအဖြူတစ်လက်ဝယ်ပြီး အိမ်ဘုရားမှာ လှူထားပါလေ။ ဓာတုဗေဒ ဓာတ်သတ္တုဗေဒ ဖော်ရေးဆိုင်ရာ ဝန်ထမ်းများ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားများ အထူးသတိထားရမည်။ ရွှေကုန်သည်များ အထူးရောင်းကောင်းမည်။ (၄၊ ၅၊ ၆)ရက်များကိုဆောင် (၁၂၊ ၁၃)ရက်များကို ရှောင်ပါ။

ယတြာ

မွေးနေ့တိုင်း ပဲပြုတ်နှင့် ဆွမ်းကပ်ပါ။ ပဲဟင်းလျာသို့မဟုတ် ပဲပလာတာ နှိုင်သလောက် လှူပေးပါ။ သေသည်ဟု ထင်ထားသည်များ နီးတင်မက လက်ထဲရောလာမည်။

မကာရလဂ် (Capricon)

အလုပ်ကို ဘဝထင်မှတ်ရလောက်အောအလုပ်အကိုင် အဆင်ပြေနေမည်။ သားထားရမှာက အလုပ်ပို၍ ကျန်းမာကသိကအောက် ဖြစ်လာတတ်ပါသည်လက်အောက်ငယ်သား၊ အလုပ်သမားများကို အထူးထားပါလေ။ ကိုယ့်စည်းကမ်းကို သူတို့ ချိုးဖောက်၍ ဒုက္ခရောက်ရတတ်ကိန်း ရှိပါသည်။ ဝါသနာတူ မိတ်များနှင့် ခပ်ကင်းကင်းလေး နေပေးပါ။ အိမ်ထောင်ရည်ရွယ်ထားသူများ (၂၊ ၃၊ ၁၇၊ ၁၈၊ ၂၉၊ ၃၀)ရက်များကို မဖြစ်မနေရွေးပါ။ စိတ်ချမ်းသာရလိမ့်ရွှေငွားရမ်းပေါင်နှံမှုနှင့်ပတ်သက်ပြီး စကားခိုက်ရတတ်၏။ အဖေကျန်းမာရေးအတွက် လုံ့လစိုက်နေ

www.burmeseclassic.com

www.burmeseclassic.com

ခြင်း။ အိမ်ခြံမြေ ရောင်းဝယ်သူများ (၂၄)ရက်နောက်ပိုင်းမှာ ချုပ်,ချုပ်သင့်ပါသည်။ အရေးကြီးကိစ္စများကို (၁၀၊ ၁၁၊ ၁၂)ရက်များတွင် စီစဉ်ဆောင်ရွက်ပါ။ အိမ်တွင် ဘုန်းကံနွေ့၊ စနေ သားသမီးများရှိပါက နို့အေးချောင်း ဝယ်ကျွေးထားလိုက်ပါ။

ယတြာ

သင်္ကြားလုံး နိုင်သလောက်ဝယ်ပြီး ကလေးများကို ဆေးပေးပါ။ လှက်ကျန်ချန်ထားပြီး အရေးကြီးကိစ္စ ဆောင်ရွက်တိုင်း သိမ်းထားတဲ့ သင်္ကြားလုံးတစ်လုံး ငုံထားလိုက်ပါ။

ကုမ္ဘလဂ် (Aquarius)

အိုးအိမ်နေရာထိုင်ခင်းအတွက် စိတ်ပူလောင်နေရတတ်၏။ မပူပါနှင့်။ အလုပ်သာ ပုံမှန်လုပ်ပေးပါ။ လုပ်ရင်းကိုင်ရင်း ငွေစုဆောင်းမိပြီး ပူပန်ရန်မလိုတင်မက ချွေတာရင်ရလိမ့်မည်။ ခေတ်ပေါ်အသုံးအဆောင် စက်ပစ္စည်းတစ်ခု လက်ဆောင်ရတတ်၏။ သို့မဟုတ် ဝယ်ဖြစ်သွားမည်။ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့် စားသောက်ကုန်ဆုတ်လုပ်ဖြန့်ချိ ရောင်းဝယ်သူများ အထူးမြတ်စွန်းမည်။ အိမ်ဆောင်ပြုရန် စီစဉ်သူများ ပထမပတ်အတွင်း လက်ဆေးပ်ဖြစ်ပါ။ အချစ်ရှာသူများ (၉)ရက်နေ့နောက်ပိုင်းမှ အဆင်ပြေမည်။ လက်အောက်ငယ်သားနှင့် မိတ်ဆွေဟောင်းပြောင်းပြီး သိကျွမ်းချလိမ့်မည်။ သတိထားပါ။ အတိုက်အခံ ရှိလာပါက အနိုင်ရလိမ့်မည်။ မုန့်လုပ်ငန်းရှင်များ ထင်သလောက် အဆင်မပြေနိုင်ပါ။ ဟိုတယ်နှင့် ခရီးသွားလာရေးဆိုင်ရာ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ အဆင်ပြေအောင်မြင်မည်။ ရွှေနှေ့၊ ပွဲစားများ လုပ်လက်စ ခဏာရပ်ထားရမည်။ (၁၉၊ ၂၀)နှင့် (၂၇၊ ၂၈)ရက်များကို ဆောင်ပါ။ (၂၊ ၃)နှင့် (၁၇၊ ၁၈)ရက်များကို ရှောင်ပါ။

ယတြာ

သောက်ရေသန့်(၄)ဘူး လှူပါ။ နားတွင် ရွှေဝတ်ထားပါက တစ်ပတ်လောက် ခဏချွတ်ထားပါလေ။ ဖြစ်ချင်တာများ ဖြစ်လာလိမ့်မည်။

မိန်လဂ် (Pisces)

အများနှင့်ပတ်သက်တဲ့ ငွေကြေးများ လက်မခံပါနှင့်။ သူတစ်ပါးအတွက် အာမခံပေးခြင်း မလုပ်ပါနှင့်။ လုပ်လျှင် ရှုပ်ပြီး ပြဿနာတက်လာမည်။ ငွေကြေး၊ အချစ်ရေး၊ ပညာရေး အသင့်အတင့် ပြေလည်နိုင်၏။ ဖခင်ရှိသူများ အဖေ့ကျန်းမာရေး သတိထားရမည်။ ပညာသင်အရွယ် လူငယ်များ ရည်မှန်းချက်ပျောက်ဆုံးနေသလို ဖြစ်နေတတ်၏။ ကိုယ့်ကို မယုံကြည်ဝံ့တဲ့စိတ်ကို ဖျောက်လိုက်ပါ။ ဖြစ်ကိုဖြစ်ရမည်ဟု ချီတက်သူများအားလုံး အဆင်ပြေမည်။ အထူးအားဖြင့် ဗုဒ္ဓဟူးနဲ့သင့်ပစ္စည်း ရောင်းဝယ်သူများ ဝင်ငွေကောင်းမည်။ အုတ်၊ ဘိလပ်မြေ ရောင်းဝယ်သူများ တစ်ခုခု အဆင်မပြေ ဖြစ်လာတတ်၏။ အိမ်ထောင်ပြုရန် သင့်စိတ်က ကြိုးစားနေလိမ့်မည်။ အောင်မြင်ရန် မသေချာသေးပါ။ စပယ်ယာနှင့် သစ်တော ဝန်ထမ်းများ ရာထူးတက်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ အဆင်ပြေခြင်း ကြုံတွေ့ရမည်။ မမှေ့ရတဲ့ အဖြစ်အပျက်တစ်ခု စိတ်ကို လွှမ်းမိုးနေတတ်၏။ ဂုဏ်တော်ပွားရင်း မေ့လိုက်ပါ။ မေ့နိုင်လောအောင်မြင်လေပင်။ သင် အားကိုးရမှာက (၇၊ ၈၊ ၉)နှင့် (၂၁၊ ၂၂)ရက်များဖြစ်ပြီး သင် ရှောင်ကြဉ်ရမှာက (၁၀၊ ၁၁)နှင့် (၁၉၊ ၂၀)ရက်များပါ။

ယတြာ

ပင်လယ်ပြာရောင်အင်္ကျီကို ဝတ်လျက် ဘုရားဝတ်တက်ပါ။ သို့မဟုတ် ပင်လယ်ပုံပါတဲ့ ပန်းချီကားတစ်ချပ် အိမ်တွင် ချိတ်ဆွဲထားလိုက်ပါ။ စိတ်ပျော်ရွှင်ရလိမ့်မည်။

အားလုံးပဲ ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ

ဆရာကံထူး(ဝေဒသုတောသီ)

ပျော်ဘွယ်ကြီးကျောင်း၊ ကျောင်းကြီးတို့က်၊
ရုံးကြီးလမ်း၊ အိုးဘိုရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၄၀ ၁၅၃ ၄၄ ၉၉

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

(၂၀၁၅)ခုနှစ်၊ မတ်လအတွင်း
နေသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လင်္ကာနှင့်မွန်းတည့်မျဉ်းပြတ်ရေယား

(၂၀၁၅)ခုနှစ်၊ မတ်လအတွင်း နေသိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လင်္ကာနှင့် မွန်းတည့်မျဉ်း ဖြတ်ကျော်မည့် အချိန်ဇယားကို နေ့စဉ်နေ့တိုင်းအတွက် အထူးတွက်ချက် ဖော်ပြပေးလိုက်ပါသည်။

ယင်းအချိန်ဝိုင်းများတွင် လာဘ,ဓနဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ဖွားပူဇော်ခြင်း၊ ယတြာအစီအရင်များ ဆောင်ရွက်ခြင်းဖြင့် အကျိုးထူးများ ဇကန်မုချ ခံစားရပါလိမ့်မည်။

အထူးမှာ (၈-၃-၂၀၁၅) ညနေ(၆း၁၅း၄၂)နာရီမှ (၉-၃-၂၀၁၅) ည(၈း၅၃း၁၇)နာရီအတွင်းနှင့် (၂၆-၃-၂၀၁၅) နံနက်(၂း၄၆း၄၀)နာရီမှ (၂၇-၃-၂၀၁၅) နံနက်(၃း၂၈း၁၁)နာရီအတွင်းတို့တွင် စန်း (ခေါ်) ၂လံကြိုဟ်သည် ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်သို့ ကောဇောသွားခြင်းဖြင့် ရောက်ရှိဖြတ်ကျော်နေပါလိမ့်သည်။

သို့ဖြစ်ပါ၍ လင်္ကာဖြတ်ကျော်ခြင်းအတွက် (၉-၃-၂၀၁၅) နံနက်(၄း၃၈း၂၆)နာရီမှ (၅း၂၄း၂၈) နာရီအတွင်းနှင့် (၂၆-၃-၂၀၁၅) နံနက်(၃း၃၁း၃၆)နာရီမှ (၄း၁၇း၃၈)နာရီအတွင်းတို့တွင်လည်းကောင်း၊ မွန်းတည့်မျဉ်းဖြတ်ကျော်ခြင်းအတွက် (၉-၃-၂၀၁၅) နံနက်(၁၀း၁၈း၀၇)နာရီမှ (၁၁း၀၉း၄၅) နာရီအတွင်းနှင့် (၂၆-၃-၂၀၁၅) နံနက်(၉း၁၁း၁၇)နာရီမှ (၁၀း၀၂း၅၅)နာရီအတွင်းတို့တွင် လာဘ, ဓနဆိုင်ရာများ အထူးဆောင်ရွက်နိုင်ကြပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ မတ်လအတွင်း

နေ့သိမ်းဆွဲတက်နှုန်းမြင့်မားသော ရွှေဝယ်ဈေးဆိုင်များ၏ ဈေးနှုန်းများ

ထွက်ခွာချိန်	စုဝင်ချိန်	ရက်
၁၁း၄၁း၁၉	၁၁း၄၁း၁၉	၁
၁၁း၃၈း၁၉	၁၁း၃၈း၁၉	၂
၁၁း၃၅း၁၉	၁၁း၃၅း၁၉	၃
၁၁း၃၂း၁၉	၁၁း၃၂း၁၉	၄
၁၁း၂၉း၁၉	၁၁း၂၉း၁၉	၅
၁၁း၂၆း၁၉	၁၁း၂၆း၁၉	၆
၁၁း၂၃း၁၉	၁၁း၂၃း၁၉	၇
၁၁း၂၀း၁၉	၁၁း၂၀း၁၉	၈
၁၁း၁၇း၁၉	၁၁း၁၇း၁၉	၉
၁၁း၁၄း၁၉	၁၁း၁၄း၁၉	၁၀
၁၁း၁၁း၁၉	၁၁း၁၁း၁၉	၁၁
၁၁း၀၈း၁၉	၁၁း၀၈း၁၉	၁၂
၁၁း၀၅း၁၉	၁၁း၀၅း၁၉	၁၃
၁၁း၀၂း၁၉	၁၁း၀၂း၁၉	၁၄
၁၀း၅၉း၁၉	၁၀း၅၉း၁၉	၁၅
၁၀း၅၆း၁၉	၁၀း၅၆း၁၉	၁၆
၁၀း၅၃း၁၉	၁၀း၅၃း၁၉	၁၇
၁၀း၄၉း၁၉	၁၀း၄၉း၁၉	၁၈
၁၀း၄၆း၁၉	၁၀း၄၆း၁၉	၁၉
၁၀း၄၃း၁၉	၁၀း၄၃း၁၉	၂၀
၁၀း၄၀း၁၉	၁၀း၄၀း၁၉	၂၁
၁၀း၃၇း၁၉	၁၀း၃၇း၁၉	၂၂
၁၀း၃၄း၁၉	၁၀း၃၄း၁၉	၂၃
၁၀း၃၁း၁၉	၁၀း၃၁း၁၉	၂၄
၁၀း၂၈း၁၉	၁၀း၂၈း၁၉	၂၅
၁၀း၂၅း၁၉	၁၀း၂၅း၁၉	၂၆
၁၀း၂၂း၁၉	၁၀း၂၂း၁၉	၂၇
၁၀း၁၉း၁၉	၁၀း၁၉း၁၉	၂၈
၁၀း၁၆း၁၉	၁၀း၁၆း၁၉	၂၉
၁၀း၁၃း၁၉	၁၀း၁၃း၁၉	၃၀
၁၀း၀၉း၁၉	၁၀း၀၉း၁၉	၃၁

(၂၀၁၅)ခုနှစ်၊ မတ်လအတွင်း

နေ့သိမ်းဆွဲတက်နှုန်းမြင့်မားသော ငွေဝယ်ဈေးဆိုင်များ၏ ဈေးနှုန်းများ

ထွက်ခွာချိန်	စုဝင်ချိန်	ရက်
၁၁း၄၁း၁၉	၁၁း၄၁း၁၉	၁
၁၁း၃၈း၁၉	၁၁း၃၈း၁၉	၂
၁၁း၃၅း၁၉	၁၁း၃၅း၁၉	၃
၁၁း၃၂း၁၉	၁၁း၃၂း၁၉	၄
၁၁း၂၉း၁၉	၁၁း၂၉း၁၉	၅
၁၁း၂၆း၁၉	၁၁း၂၆း၁၉	၆
၁၁း၂၃း၁၉	၁၁း၂၃း၁၉	၇
၁၁း၂၀း၁၉	၁၁း၂၀း၁၉	၈
၁၁း၁၇း၁၉	၁၁း၁၇း၁၉	၉
၁၁း၁၄း၁၉	၁၁း၁၄း၁၉	၁၀
၁၁း၁၁း၁၉	၁၁း၁၁း၁၉	၁၁
၁၁း၀၈း၁၉	၁၁း၀၈း၁၉	၁၂
၁၁း၀၅း၁၉	၁၁း၀၅း၁၉	၁၃
၁၁း၀၂း၁၉	၁၁း၀၂း၁၉	၁၄
၁၀း၅၉း၁၉	၁၀း၅၉း၁၉	၁၅
၁၀း၅၆း၁၉	၁၀း၅၆း၁၉	၁၆
၁၀း၅၃း၁၉	၁၀း၅၃း၁၉	၁၇
၁၀း၄၉း၁၉	၁၀း၄၉း၁၉	၁၈
၁၀း၄၆း၁၉	၁၀း၄၆း၁၉	၁၉
၁၀း၄၃း၁၉	၁၀း၄၃း၁၉	၂၀
၁၀း၄၀း၁၉	၁၀း၄၀း၁၉	၂၁
၁၀း၃၇း၁၉	၁၀း၃၇း၁၉	၂၂
၁၀း၃၄း၁၉	၁၀း၃၄း၁၉	၂၃
၁၀း၃၁း၁၉	၁၀း၃၁း၁၉	၂၄
၁၀း၂၈း၁၉	၁၀း၂၈း၁၉	၂၅
၁၀း၂၅း၁၉	၁၀း၂၅း၁၉	၂၆
၁၀း၂၂း၁၉	၁၀း၂၂း၁၉	၂၇
၁၀း၁၉း၁၉	၁၀း၁၉း၁၉	၂၈
၁၀း၁၆း၁၉	၁၀း၁၆း၁၉	၂၉
၁၀း၁၃း၁၉	၁၀း၁၃း၁၉	၃၀
၁၀း၀၉း၁၉	၁၀း၀၉း၁၉	၃၁

www.burmeseclassic.com

ကမ္ဘီရမဂ္ဂဇင်းမှ

ဆရာရန်အောင်ဟိန်း ပြေသည့်

ကမ္ဘီရမဂ္ဂဇင်း (ပေဒင် အမေး-အဖြေ ကဏ္ဍ)

ကမ္ဘီရမဂ္ဂဇင်း၏ ပေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ပေးပို့ရမည့်
လိပ်စာ

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ တောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ----------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ----------
- မွေးဖွားရာ မြို့/ရွာ ----------
- အချိန်နာရီ (နေ့/ည) ----------

မေးခွန်းများ

(၁) ----------

(၂) ----------

(၃) ----------

www.burmeseclassic.com

www.burmeseclassic.com

ပရိုဂရက်မစ် ဇာတာ
သင်ခန်းစာ
၉ ဖြာ သွယ်ညီ

ဒေဟာရီး

(၆-၉-၁၉၈၅၊ ည ၉း၃၀ နာရီ၊ ဟဲဟိုးမြို့)



၁။ ကိုယ်ပိုင်အိုးအိမ်ဖြင့် နေရမည်လား။

(၄)တန်းသခင် ၂လံာကြိုဟ် (၂)တန်းတွင် ရပ်တည်၍ (၂)တန်းသခင် ဖကြောကြိုဟ် (၄)တန်းတွင် ရပ်တည်ကာ ပရိဝတ္တနသမ္ဗန္ဓပြုနေ၍ ကိုယ်ပိုင် အိုးအိမ်၊ ကားဖြင့် နေရမည့် ဇာတ် ပါ၏။

၂။ ဆေး၊ စာရေးကိရိယာ ရောင်းဝယ်ခြင်းလုပ်ငန်း အကျိုးပေးမည်လား။

(၁၀)တန်းသခင် စနေကြိုဟ် (၇)တန်းတွင် ရပ်တည်၍ (၆)တန်းရှိ ဖကြောကြိုဟ်အား (၁၀)တန်းအထူးမြင် ကြိုနေ၏။ အန္တရာယ်(ဆေး)၊ ၄ဟူး(စာရေးကိရိယာ)ကြိုဟ်များ (၅)တန်း (ညီကောဇာ)အိမ်တွင် ရပ်တည်နေကြ၏။ ဆေး၊ စာရေးကိရိယာ အကျိုးပေး၏။ သောကြာ၏ စားသောက်ကုန်၊ အဝတ်ကုန်၊ အထည် ဖြည့်စွက်ရောင်းချသင့်ပါ၏။

၃။ တနင်္ဂနွေသား အိမ်ထောင်ဖက်ဖြင့် စီးပွားရေး အဆင်ပြေမည်လား။

(၂၀၂၀)ပြည့်နှစ်ထိ စားပွင့်မည့် ရာဟုထူလဒသာမှာ စီးပွားရေးအကျိုးသင့်သည်။ (၂၀၁၃)ခုနှစ်မှ (၂၀၁၆)ခုနှစ်ထိ စားဝင်မည့် (၂၊ ၇)တန်းသခင် ဖကြော၏ ဘုတ္တိဒသာကား စီးပွားဖြစ်ပါ၏။ (၇)တန်းမှ (၁၀)တန်းတွင် ရပ်၍ လည်း အိမ်ထောင်ဖက်ဖြင့် စီးပွားဖက်အဖြစ် တိုးတက်မှု ရပါမည်။

ဦးကိုနိ

(၁၆-၂-၁၉၆၂၊ ၂း၄၀ နာရီ၊ ရန်ကုန်မြို့)



၁။ လက်ရှိရောက်ဆဲကာလ ကံကြမ္မာအကောင်း/အဆိုး။

(၂၀၁၄)ခုနှစ်၊ နိဝင်ဘာလနောက်ပိုင်း ငွေကြေးကံ စကောင်းလာပါပြီ။ သို့သော် (၂၀၁၄)ခုနှစ်၊ နိဝင်ဘာလ မတိုင်မီထက်စာလျှင် အဆင်ပြေရုံသာဖြစ်၍ မစုမိနိုင်ပါ။ ထိခိုက်အနာတရ(accident) ကိစ္စများလည်း သတိပြုရမည်။ ငွေကြေးကိစ္စများ သတိပြုပါ။

၂။ လာမည့်(၅)နှစ်အတွင်း လက်ရှိစီးပွားရေး တိုးတက်မှု အလားအလာ။

ကောင်းစပြုလာနေပြီ။ (၂၀၁၅)ခုနှစ်၊ အောက်တိုဘာလနောက်ပိုင်း (၂၊ ၇)အကျိုးဆောင်ဒသာတွင် စီးပွားရေး တိုးတက်မည်။ သို့သော် (၃)နှစ်အလွန် (၂၀၁၈)ခုနှစ်တွင် စတင်စားဝင်မည့် (၆၊ ၁၁)တန်းသခင် (၃)တန်းရပ် သောကြာထူလဒသာတွင်သာ သိသာထင်ရှားသော တိုး

www.burmeseclassic.com

တက်မှုများ ပေါ်မည်။

၃။ *ထီဆုကြိုးပေါက်ကိန်း၊ ကာလ။*

(၃)တန်သခင် စနေ (၂)တန်ဘာဝတွင် ကသစ်မူ၍ ထီပေါက်ကိန်းရှိ၏။ (၂၀၁၆)ခုနှစ်တွင်း စပ်တူဖြင့် ပေါက်ကိန်းအားကောင်းပါသည်။ မိသားစုအတွင်း၌ စနေ၊ ဗုဒ္ဓဟူး၊ ကြာသပတေး သားသမီးရှိက ယင်းတို့နှင့် စပ်တူထိုးကြည့်ပါလေ။

ဒေါ်မြင့်မြင့်ရီ

(၁၄-၇-၁၉၆၆၊ ညနေ ၃း၁၀ နာရီ၊ ရန်ကုန်မြို့)



၁။ *မိသားစုစီးပွားရေး တိုးတက်မှုအလားအလာ။*

(၂၀၁၄)ခုနှစ်၊ ဒီဇင်ဘာလမှ (၂၀၁၅)ခုနှစ်၊ နိုဝင်ဘာလအတွင်း ၅တေးထူလ (၂၊ ၅၊ ၈)နှင့် အင်္ဂါဘုတ္တိ (၁၊ ၆၊ ၇)ဒသာကာလအတွင်း စီးပွားရေးအသင့်အတင့် တက်ပါမည်။ လူယုံလွယ်ခြင်း၊ ငွေကြေးကိစ္စများတွင် သူတစ်ပါးအတွက် အာမခံခံပေးခြင်းမျိုးကား သတိပြု၍ ရှောင်ပါ။ (၂၀၁၆-၂၀၁၈)ခုနှစ်အတွင်း (၆)တန်ရပ် ရာဟု ဘုတ္တိဒသာတွင်ကား စီးပွားသိသာစွာ တက်ပါမည်။ အယုဉ်အပြိုင်ကား များတတ်၏။

၂။ *သားသမီးအကျိုးပေး။*

(၅)တန်တွင် စနေရပ်ပြီး (၅)တန်သခင် (၈)တန်ရပ်၍ သားသမီးအကျိုးပေးကား ညံ့တတ်၏။ အားမကိုးရတတ်ပါ။

၃။ *ကျန်းမာရေး သတိထားသင့်သောကာလ။*

(၂၀၁၅)ခုနှစ်တွင်း ကျန်းမာရေးသတိထားရမည်။ ၅တေး (၈-တန်ရပ်) ထူလ၊ ရာဟု(၆-တန်ရပ်) ဘုတ္တိဒသာဖြစ်ပြီး (၈)တန်တွင်လည်း အင်္ဂါရှိ၍ အစာအိမ်၊ အစာလမ်းကြောင်း၊ သားအိမ်ဆိုင်ရာ ခွဲစိတ်ကုသမှု ခံယူရန်ဧင်းမျိုးကို သတိပြုစရာ ကြုံရတတ်၏။

မခင်အေးမြင့်

(၁၈-၁၂-၁၉၈၈၊ ၁၃း၀၅ နာရီ၊ ရန်ကုန်မြို့)



၁။ *နိုင်ငံခြားတွင် အချိန်ပိုင်း အလုပ်လုပ်နေသည်။ အခြေတမ်းဝန်ထမ်း ဖြစ်မည့်ကာလ။*

(၁၀)တန်သခင် ၅တေး (၃)တန်တွင်ရပ်၍ (၉)တန်ကို မြင်ထားပေရာ နိုင်ငံခြားတွင် အလုပ်ရပေမည်။ လက်ရှိတွင် (၂၂-၄-၂၀၁၅)ထိ ဖြကြာထူလ၊ ၄ဟူးဘုတ္တိ၊ စေ့အန္တရဒသာ စားနေ၏။ ဖြကြာသည် (၃)တန်သခင်အဖြစ် (၉)တန်ဘာဝ (၁၀-တန်ရာသီ)ရပ်၊ (၁၁၊ ၁၂)တန်သခင် စနေပိုင်နက္ခတ်ကို စီးထား၏။ ၄ဟူးသည် (၉)တန်ဘာဝ (၁၀-တန်ရာသီ)တွင် စနေနှင့် နီးကပ်စွာ ပူးယှဉ်ရပ်တည်နေ၏။ စနေသည် (၁၁၊ ၁၂)တန်သခင်အဖြစ် (၉)တန်ဘာဝတွင် ရပ်တည်၏။ ယင်းကာလတွင် အမြဲတမ်းဝန်ထမ်းဖြစ်လာပေမည်။

၂။ *အိမ်ထောင်ကံ၊ ပြုသင့်သောကာလ။*

(၇)တန်သခင် ၄ဟူး (၉)တန်ဘာဝတွင် (၁၁၊ ၁၂)တန်သခင် စနေနှင့် ပူးယှဉ်ရပ်တည်၏။ ဘဝတွင် အိမ်ထောင်ကျမည့်ကံ ရှိ၏။ (၂၀၂၂)ခုနှစ်နောက်ပိုင်း စားဝင်မည့် (၅)၊ ၇)တန်အကျိုးဆောင် ၂လ်ာထူလဒသာတွင်သား အိမ်ထောင်ပြုသင့်ပါသည်။

၃။ *မိဘကို အလုပ်အကျွေးပြုနိုင်မည်လား။*

(၄)တန်သခင် ၄ဟူး (၉)တန်ဘာဝ (၁၀-တန်ရာသီ) (၉)တန်သခင် အင်္ဂါ၊ လင်္ဂါတွင် ပူးယှဉ်ရပ်တည်၍ မိဘကို အလုပ်အကျွေးပြုနိုင်ပါမည်။

ဦးသောင်းစိန်

(၄-၃-၁၉၄၉၊ ၂း၄၀ နာရီ၊ လယ်ဝေးမြို့)

၁။ *ကျန်းမာရေး သတိပြုရမည့်ကာလ။*

ကျန်းမာရေးအညံ့ရှိသော်လည်း ယာယီသဘာဝ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မည်။ လက်ရှိ (၂၀၁၅)ခုနှစ်၊ စက်တင်ဘာလထိ စားသုံးသူ ရာဟုဒသာသည် (၅)တန့်နှင့် အင်္ဂါတို့ကို ကိုယ်စားပြု၏။ (၈)တန့်သခင်နှင့်ပူး၍ ထိခိုက်အနာတရ (accident) ကိစ္စကိုကား သတိပြုရမည်။ (၁၁-၉-၂၀၁၅) ဆောက်ပိုင်း ၅တေးထူလအား (၅)တန့်အထူးမြင့်၍ ကျန်းမာရေးသတိပြုရမည်။ အာရုံကြော၊ မျက်စိ၊ အစာအိမ်၊ အသည်းနှင့် ပတ်သက်၍ သတိပြုရပေမည်။

အိုဇာတာကောင်း/မကောင်း။

(၁၁-၉-၂၀၁၅)နောက်ပိုင်း ၅တေးထူလ (၁၆)နှစ်ကြာ စားဝင်ပေမည်။ (၁၊ ၄)တန့်သခင် လင်္ဂဘာဝရပ်(၉-တန့် သန္ဓိနှင့်ပူး)၍ အိုဇာတာကောင်းပေသည်။ ဌေးကြီးကိစ္စများအတွက် အဆင်ပြေပေမည်။

ဘဝအဆင့်အတန်း။

လင်္ဂသခင် ၅တေး လင်္ဂဘာဝရပ်၍ (၂-တန့်နှင့်ပူး)၊ (၁၀)တန့်သခင် ၄ဟူး (၂)တန့်တွင် ရပ်တည်ပေရာ ဘဝအဆင့် မနိမ့်မပါ။ (၂၀၁၅)ခုနှစ်၊ စက်တင်ဘာလနောက်ပိုင်း လက်ရှိထက် တိုးတက်မှုများ ကြုံပေမည်။

ကိုင်ဝတ်ရည်

(၁၈-၁၉၈၇၊ နံနက် ၁၀း၁၅ နာရီ၊ သာယာဝတီမြို့)

ဝန်ထမ်းအဖြစ် ရာထူးတိုးကိန်း ရှိမည်လား။

(၁၈-၄-၂၀၁၅)အတွင်း ဖြကြာထူလ၊ အင်္ဂါဘုတ္တိဒသာ စားဝင်နေ၏။ ထူလဒသာသခင် ဖြကြာသည် (၁၁)တန့်ဘာဝရပ်၍ ဘုတ္တိဒသာသခင် အင်္ဂါသည် (၁၊ ၆)တန့်သခင်အဖြစ် (၁၀)တန့်ဘာဝတွင် ရပ်၏။ (၁၀)တန့်သခင်အဖြစ် (၁၁)တန့်သန္ဓိနှင့် ပူးသော ၁၆နေ့အန္တရဒသာကာလ (၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလခန့်တွင် ရာထူးတိုးရန် ရှိပါ၏။

၂။ *အိမ်ထောင်က်၊ ကာလ။*

(၇)တန့်သခင် (၁၁)တန့်ဘာဝရပ်၊ ဖြကြာထူလသည် (၂၊ ၅)တန့်သခင် (၅)တန့်ဘာဝရပ်၊ ၅တေးဘုတ္တိဒသာ စားဝင်မည်။ (၂၀၁၈-၂၀၁၉)ခုနှစ်များ၌ အိမ်ထောင်ပြုသင့်ပါသည်။ အိမ်ထောင်က်လည်း ကောင်းပါ၏။

၃။ *လုပ်ငန်းအတိုက်အခံများကို ကျော်ဖြတ်နိုင်ပါမည်လား။*

စားဝင်ဆဲ ဖြကြာထူလသည် (၁၂)တန့်ရာသီ (၁၁-တန့်ဘာဝ)ရပ်၍ (၆)တန့်သန္ဓိအား အမြင်ကြုံနေ၏။ အတိုက်အခံနှင့် ခြေထိုးမှုများ ခံရတတ်သော်လည်း ကျော်လွှားအောင်မြင်ဖို့ ရှိပါ၏။

မခင်ပန်နင်း

(၁၉-၂-၁၉၇၀၊ နံနက် ၅း၀၀ နာရီ၊ လပွတ္တာမြို့)



၁။ *မည်သည့်လုပ်ငန်းမျိုးနှင့် အကျိုးပေးမှာလဲ၊ ကာလ။*

(၁၀)တန့်သခင် ဖြကြာ (၂)တန့်တွင်ရပ်၍ (၁၀)တန့်မှ ၅တေးဂြိုဟ် မြင်၏။ ပညာရေး၊ ဥပဒေ၊ အကျိုးဆောင်၊ စားသောက်ကုန်၊ အလှကုန်၊ အထည် လုပ်ငန်းမျိုးထဲမှ အကျိုးပေး၏။ (၂)တန့်အကျိုးဆောင် (၅၊ ၁၀)တန့်သခင် ဖြကြာထူလတွင် (၁၀)တန့်၌ ရပ်တည်နေသော ၅တေးဘုတ္တိဒသာကာလ ဒသာကား အကျိုးပေး စတင်နေချေပြီ။ သို့သော် (၁၊ ၂)တန့်သခင် စနေ၏ ဘုတ္တိဒသာကာလဖြစ်သော (၁၅-၁၁-၂၀၁၅)မှ (၁၅-၁-၂၀၁၉)အတွင်း စီးပွား



www.burmeseclassic.com

တက်ပါမည်။

၂။ *ကောင်းစွာအောင်မြင်မည့်ကာလ။*

ဗကြာထူလ၊ စနေဘုတ္တိဒသာဖြစ်သော (၂၀၁၆)ခုနှစ်မှ (၂၀၁၈)ခုနှစ်အတွင်း ကောင်းစွာအောင်မြင်ပါလိမ့်မည်။

၃။ *သားသမီးက ကောင်း/မကောင်း။*

(၅)တန့်သခင် ဗကြာ (လဂ်ဘာဝ ၂-တန့်သန္ဓိနှင့်ပူး) တွင် ရပ်တည်နေသည်ကို (၁၀)တန့်မှ ၅တေးဂြိုဟ်က (၅)တန့်အထူးမြင်ထား၏။ ထို့ကြောင့် သားသမီးက ကောင်းပါသည်။ အားကိုးရသောသားသမီး ရရှိမည်။

မတင်တင်မြင့်

(၇-၁၀-၁၉၈၃၊ နံနက် ၂:၀၀ နာရီ၊ ရန်ကုန်မြို့)



၁။ *မိဘနှစ်ပါးကို ကျေးဇူးဆပ်နိုင်မည်လား။*

(၄)တန့်သခင် ဗကြာ (၂)တန့်ရပ်၍ (၉)တန့်သခင် ၅တေး (၅)တန့်တွင် ရပ်တည်ကာ (၉)တန့်အား (၅)တန့်အထူးမြင်ကြဲနေ၏။ မိဘကို ကျေးဇူးဆပ်ခွင့် ကြုံပေမည်။

၂။ *အိမ်ထောင်က၊ ပြုသင့်/မပြုသင့်။*

(၇)တန့်သခင် စနေဂြိုဟ် (၄)တန့်ဘာဝတွင် ရပ်တည်၍ ယင်းရာသီသခင်ဂြိုဟ် ဗကြာ (၂)တန့်ဘာဝတွင် (၁၁)တန့်သခင်အဖြစ် ရပ်တည်နေ၏။ သို့ဖြစ်၍ အိမ်ထောင်မပြုသင့်သော ဇာတာဖြစ်၏။ သို့သော် (၂)တန့်တွင် ဗကြာနှင့် အင်္ဂါဂြိုဟ်တို့ ရပ်တည်ပြီး (၂)တန့်သခင် ၁နွေ (၃)တန့်တွင် ရပ်တည်ရာ အိမ်ထောင်ပြုဖြစ်ပေမည်။ မမြဲခြင်း၊ စိတ်မချမ်းသာခြင်းတို့ ကြုံရတတ်၍ သတိပြုရပေမည်။

၃။ *သင့်တင့်ပြည့်စုံသော ဘဝအဆင့်အတန်းမျိုးဖြင့် နေရပါမည်လား။*

(၂)တန့်သခင် (၃)တန့်ရပ်၍ (၄)တန့်သခင် (၂)တန့်ရပ်ကာ (၅)၊ (၉)တန့်သခင် ၅တေး (၅)တန့်မှနေ၍ လဂ်အား (၉)တန့်အထူးမြင်နေ၍ သင့်တင့်စွာပြည့်စုံသော လူမှုအဆင့်အတန်းဖြင့်ကား နေရပါလိမ့်မည်။

မောင်ရဲလင်းအောင်

(၃-၁၁-၁၉၈၄၊ နံနက် ၉:၀၀ နာရီ၊ ကွင်းကောက်မြို့)



၁။ *ဘဝတွင် ပြည့်ပြည့်စုံစုံ နေရမည်လား။*

(၂)တန့်သခင် (၂)တန့်တွင် နေကာရကာဂြိုဟ်အ[illegible] ဖြင့် ကသစ်မူရပ်တည်ပြီး လဂ်သခင် အင်္ဂါလည်း (၂)တ[illegible] တွင်ပင် ရပ်တည်နေ၏။ ဘဝတွင် ငွေကြေးကံ ကောင်း[illegible] ပြည့်စုံစွာ နေရပေလိမ့်မည်။

၂။ *အောင်မြင်တိုးတက်မည့် အလုပ်အကိုင်။*

(၁၀)တန့်သခင် ၁နွေ (၁၂)တန့်တွင် (၃၊ ၄)တ[illegible] သခင် စနေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်၏။ ရေကြောင်းခ[illegible] နိုင်ငံခြားတွင် လုပ်ကိုင်ခြင်း၊ ခရီးသွားလုပ်ငန်း၊ ပရိသော[illegible] ပစ္စည်း၊ ဆေးဝါးပစ္စည်း လုပ်ငန်းများထဲမှ လုပ်နိုင်[illegible] (၂၀-၁၁-၂၀၁၅)မှ (၂-၅-၂၀၁၆)အတွင်း စနေထူး[illegible] ဗကြာဘုတ္တိ ဒသာတွင် စီးပွားဖြစ်၍ အောင်မြင်ပေ[illegible] စနေသည် (၃၊ ၁၁)တန့်အကျိုးဆောင်၍ ဗကြာသည် [illegible] ၁၂၊ ၁၀)တန့် အကျိုးဆောင်၍ ဖြစ်၏။

၃။ *အိမ်ထောင်က ကောင်း/မကောင်း။*

(၇)တန့်သခင် ဗကြာလဂ်တွင် ပူး၍ ရာဟု၊ [illegible] အကျပ်ခံရ၏။ ဘဝတွင် အိမ်ထောင်ကျတတ်သော်[illegible] အိမ်ထောင်ကံကား မကောင်းတတ်ပါ။

ဆရာရန်အောင်ဟိန်း(B.S[illegible]

(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာ[illegible] အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထ[illegible] (စင်ထရယ်ဟိုတယ်အနီး) ပန်းဘဲတန်းမြို့[illegible] ရန်ကုန်[illegible] ဖုန်း-၀၉ ၇၉၅ ၄၂၀ [illegible]

www.burmeseclassic.com

www.burmeseclassic.com

၂၁ရာစု
ဆရာဦးအောင်မိုးဇော်
(EX. စာပေဓိမာန်)
အထက်တန်းလက္ခဏာ။ နက္ခတ္တဗေဒပညာရှင်
ASTRO-PALMIST EXPERT
သင်တန်းနည်းပြ

စင်ကြယ်သန့်စင်မှန်မြတ်သော
ဘုရားစေတီများအနီးတစ်ဝိုက်တွင်
ဗေဒင်လက္ခဏာပညာရှင်များရှိကြောင်း သည်၊
ထိုသူများအနက် နှစ်ပေါင်း(၂၀)မျှ
သက်တမ်းရှည်ကြာစွာ
လူသိများထင်ရှားနေသည်ဟု၊
ဆရာဦးအောင်မိုးဇော်ပင်ဖြစ်၏။
ကျပန်လူမျိုးအဆိုတော် ရုပ်ရှင်မင်းသမီး
KIYOK ZUIZENGI သည်ပင်
ဆရာဦးအောင်မိုးဇော်ထံတွင်
ဗေဒင်၊ လက္ခဏာမေးမြန်းခဲ့ဖူး၏။
လက္ခဏာကြည့်ရာတွင်
လက်မှအစင်းကြောင်းများကိုသာ
ကြည့်ရှုဟောပြောခြင်းမဟုတ်ဘဲ၊
လက်၏ ထောင့် ဒီဂရီ၊ စစ်တမ်း၊
မှန်းဆချက်များနှင့် အခြားသော
လက်၏အကြောင်းခြင်းရာများအားလုံးကို
ကြည့်ရှုဟောပြောပါသည်။
ထိုသို့ဟောပြောရာတွင်
နက္ခတ္တဗေဒပညာနှင့်ပါ
ပေါင်းစပ်၍ ဆန်းစစ်တွက်ချက်
ဟောပြောခြင်း ဖြစ်လေသည်။

အလုပ်ခန်းနေရာ

အမှတ်(၁၄)၊ ရွှေဘုန်းပွင့်ဘုရားလွှေးတန်း၊ ပုဇွန်တောင်ပြို့နယ်၊ ရန်ကုန်မြို့။

အလုပ်ချိန် - နံနက်(၈း၃၀)မှ ညနေ(၆း၀၀)နာရီထိ

www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

ကမ္ဘာကျော် ဟာသ,သရုပ်ဆောင်များ နှင့် ကေ.ပီနက္ခတ်ဗေဒင်ပညာ

အနုပညာနယ်ပယ်တွင် ဟာသ,သရုပ်ဆောင်များသည် ပို၍ခက်ခဲ၍ ဇဝနည္ဘာဏ်၊ ဟာသဉာဏ် ရွှင်ရလေသည်။ ကေ.ပီစနစ်အရ ဟာသ,သရုပ်ဆောင် ဖြစ်ရခြင်းကို တင်ပြပေးလိုပါသည်။

ကမ္ဘာကျော် ဟာသ,သရုပ်ဆောင် နှစ်ဦးနှင့် မြန်မာ ကျော် ဟာသ,သရုပ်ဆောင်တစ်ဦးတို့၏ ဇာတာများကို တင်ပြပေးသွားလိုပါသည်။ သက် ဆိုင်ရာ အချက်အလက်များကို (၂၀၁၄)ခုနှစ်၊ ဒီဇင်ဘာလထုတ် K.P Ezine မှ ရယူတင်ပြပေးထား ခြင်း ဖြစ်ပါသည်။

ဟာသ,သရုပ်ဆောင် ဖြစ်ရခြင်း အတွက် ကေ.ပီစနစ်အရ အောက် ဖော်ပြပါ စည်းမျဉ်းဥပဒေသများ ဆုံးဖြတ်ရပေမည်။

(၅)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ် သခင်ကြိုဟ်သည် (၅)၊ (၆)၊ (၉)၊ ၁၀ ၁၁)တန့် ဘာဝများနှင့် ကောင်းစွာ ဆက်စပ်ပတ်သက်နေရမည်။ ယင်း အပြင် တနလာ်၊ ဗုဒ္ဓဟူး၊ ကြာသ ပတေးကြိုဟ်များနှင့်လည်း ဝင် သက်နေရမည်။ ထိုအချက်များနှင့် ကိုက်ညီပါက ဟာသ,သရုပ်ဆောင် အဖြစ် ကျော်ကြားထင်ရှားမည်ဖြစ် သည်။

ဇာတာ(၁)

ဖော်ပြပါ ဇာတာ(၁)သည် ကမ္ဘာ ကျော် ဟာသ,သရုပ်ဆောင် ချာ်လီ ချက်ပလင်၏ဇာတာဖြစ်သည်။ ချာ် လီချက်ပလင်ကို (၁၆-၄-၁၈၈၉) ည(၈း၀၀)နာရီတွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ မွေးဖွားခဲ့သည်။ ဇာ တာမှာ အောက်ဖော်ပြပါအတိုင်း

Rasi Chart (Nirayan)

VI 27° 43' 24" MER 25° 35' 8" V 3° 8' 45"	SUN 4° 46' 43" VE 10° 26' 42" MAR 21° 20' 37" VEN 23° 25' 30" (R) JUP 28° 30' 24"	VIII 14° 55' 16"	IX 21° 3' 4" RAH 24° 2' 29"
IV 9° 24' 32"	CHERLY CHAPLIN Date: 16 April, 1889, Tuesday Time of chart: 20: 0: 0 GMT+00:00 Place - LONDON, KP New Ayanamsa - 22° 13' 18" Local Time: 19: 59: 19 Sidereal Time: 9: 39: 55		SAT 21° 12' 27"
			X 3° 24' 22" (MC)
KET 24° 2' 29" III 21° 3' 4" SUP 15° 50' 35"	II 14° 55' 16"	MON 15° 10' 23" ASC 28° 26' 44"	XII 3° 8' 45" XII 27° 43' 24"

Rasi Chart



Ruling Planets

Chart Type	Day Lord	Nkstn Moon Sgnl. St.L	Asc Sgnl.	Asc St.L	Asc Subl.	Nodes
Natal	MAR	VEN	RAH	VEN	RAH	VEN
Transit	JUP	MAR	VEN	JUP	VEN	SAT	KET

Transit Ascendant: 202° 29' 45.44"(at Natal place)
Natal Longitude - 0° 10' 0" W, Latitude: 51° 30' 0"N
Unreg Geocentric Latitude: 51° 18' 44.5" N

VIMSHOTTARI DASA

Dasa Balance at RAH at birth is 3 years, 9 months and 22 days

Details of present Dasa combinations

Planets and Cusps

Planets/ Cusps	Sign Lord	Star Lord	Sub Lord	S.Sub Lord	Navamsa Rasi	Significators (SubLord of)
SUN*	MAR	KET	MAR	MAR	3- TAURUS	3 6 10
MON*	VEN	RAH	VEN	MER	12- PISCES	9 11 VIII
MAR*	MAR	VEN	JUP	SUN	3- LIBRA	7 1 8 2
MER*	JUP	MER	RAH	VEN	11- AQUARI	5 11 12 9 (IV)
JUP	JUP	VEN	SUN	SAT	5- LEO	7 2 8 1 6 3 5 11 (II IV VI VIII IX XII)
VEN*	MAR	VEN	KET	KET	8- SCORPI	7 1 8 (I)
SAT*	MON	MER	VEN	MER	10- CAPRIC	5 9 11 12 4 (XI)
RAH	MER	JUP	MER	MER	2- TAURUS	2 9 1 5 6 (V)
KET	JUP	VEN	MER	MER	8- SCORPI	7 3 1 8 (X)
FORTU NA	MAR	SUN	MAR	MER	9- SAGITT	---
ASC	VEN	RAH	VEN	JUP	MON VEN MAR JUP KET	
II	MAR	SAT	JUP	JUP	RAH JUP MAR	
III	JUP	VEN	JUP	VEN	SUN KET RAH	
IV	SAT	MAR	MER	VEN	SAT	
V	JUP	JUP	RAH	MON	MER SAT MER RAH	
VI	JUP	MER	JUP	RAH	SUN RAH JUP	
VII	MAR	VEN	MON	RAH	VEN MAR JUP KET MAR VEN FOR MAR	
VIII	VEN	MON	JUP	VEN	VEN MAR JUP KET VEN	
IX	MER	JUP	JUP	VEN	MON SUN SAT MER SAT MER	
X	SUN	KET	KET	RAH	SUN	
XI	MER	SUN	SAT	SAT	MER SAT MER	
XII	MER	MAR	JUP	RAH	MER SAT MER	

Rahu(T) also representsHouses - 9 11 12 5 and Planets - JUP MER
Ketu(T) also representsHouses - 3 5 6 2 and Planets - JUP VEN JUP

Astrologer's Notes

Legend for above table
- # - The Planet in said Star
- ~ - Has no planet in its Star
- A-Planets in star of planets in House
- B- Planet in the house
- C- Planet in star of House lord
- D- Sign lord
- The B.N.Lords is retrograde

Consultant Astrologer
Saya Yan Aung Hein (B.Sc.)
No.221/223,upper 31st street,
Panbedan Township,Yangon,MYANMAR
H.P- 1-09731119826
H.P 09250840000

Questions to kpstarone@in.com, visit website http://kpstarone.com for download KPStarOne version 6.7.2a

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်၏။

အထက်ပါ ဇာတာတွင် (၅)တန် သန္ဓိဘုတ္တိနက္ခတ်သခင်ကြိုဟ်သည် ရာဟုဖြစ်၏။ ရာဟုသည် ၄ဟူးပိုင် အထုန်ရာသီ (၉)တန့်ဘာဝ၌ ရပ်တည်ကာ (၂)တန့်(ကား)ဘာဝရှိ ၅တေးကြိုဟ်ပိုင်နက္ခတ်ကို စီးထား၏။ ထိုင်းရာဟုသည် လင်္ကာနှင့် ပူးယှဉ်ရပ်တည်ထားသော ၂လ်ာကြိုဟ်ကို (၅)တန့်အထူးမြင် ကြုံထား၏။

ရာဟုသည် ဗုဒ္ဓဟူးကြိုဟ်အား ကိုယ်စားပြု၍ (၉၊ ၁၂)ဘာဝများနှင့် ဆက်စပ်မှုရှိ၏။ ၅တေးပိုင်နက္ခတ်ကို စီး၍ (၃၊ ၅၊ ၆)တန့်ဘာဝများနှင့် ဆက်စပ်မှုရှိ၏။

ထို့ကြောင့် (၅၊ ၆၊ ၉၊ ၁၁)တန့်ဘာဝများအတွက် အကျိုးဆောင်ပြီး ၂လ်ာ၊ ၄ဟူး၊ ၅တေးကြိုဟ်များနှင့် ဆက်စပ်မှုရှိ၏။ ရာဟုကိုယ်တိုင် ဒွေးဒဟရာသီတစ်ခုဖြစ်သော အထုန်ရာသီတွင် ရပ်တည်ပြီး အခြားဒွေးဒဟရာသီတစ်ခုဖြစ်သော ဓနုရာသီတွင် ရပ်တည်သည့် ၅တေးပိုင်နက္ခတ်ကို စီးထား၏။

ထို့ကြောင့် စွယ်စုံ(ဟန်အမျိုးမျိုး)ဖြင့် သရုပ်ဆောင်နိုင်သော ဟာသ,သရုပ်ဆောင်အဖြစ် ကမ္ဘာကျော်ခဲ့ရခြင်းဖြစ်သည်။

အထက်ပါ ဇာတာတွင် (၁၀)တန့်(အလုပ်)ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ကြိုဟ် ကိတ်သည် ဓနုရာသီတွင် ၅တေးကြိုဟ်ကား ရာဟု၏ အမြင်ခံထား၍ ဟာသ,သရုပ်ဆောင်အဖြစ် အသက်မွေးကာ အောင်မြင်ကျော်ကြားခဲ့ရခြင်း ဖြစ်သည်။

(၂)

ဇာတာ(၂)သည် အမေရိကန်ပြည်ထောင်စု(USA) မှ ကမ္ဘာကျော် ဟာသ,သရုပ်ဆောင်တစ်ဦးဖြစ်၏။ (၁၆-[illegible]) နံနက်(၁၀း၄၁)နာရီတွင် စတုန်းဟမ်း(Stone-





www.burmeseclassic.com

www.burmeseclassic.com



Ruling Planets:

Chart Type	Day Lord	Moon Sgnl.	Moon St.L	Asc Sgnl.	Asc St.L	Asc Subl.	Nodes
Natal	MER	JUP	KET	VEN	RAH	MON	
Transit	JUP	MAR	VEN	JUP	VEN	SAT	KET

Transit Ascendant: 262° 59' 40.04" (at Natal place)
Natal Longitude - 71° 6' 0" W, Latitude: 42° 28' 0"N
Using Geocentric Latitude: 42° 16' 30.17" N

VIMSHOTTARI DASA

Dasa Balance of KET at birth is
5 years, 6 months and 26 days

Details of present Dasa combinations

06-11-14 - RAH-VEN-MAR-VEN 17-11-14
17-11-14 - RAH-VEN-MAR-SUN 20-11-14
20-11-14 - RAH-VEN-MAR-MOO 26-11-14
26-11-14 - RAH-VEN-RAH-RAH 20-12-14
20-12-14 - RAH-VEN-RAH-JUP- 11-01-15
11-01-15 - RAH-VEN-RAH-SAT- 06-02-15
06-02-15 - RAH-VEN-RAH-MER 01-03-15
01-03-15 - RAH-VEN-RAH-KET- 11-03-15
11-03-15 - RAH-VEN-RAH-VEN 07-04-15
07-04-15 - RAH-VEN-RAH-SUN 16-04-15
16-04-15 - RAH-VEN-RAH-MOON 29-04-15
29-04-15 - RAH-VEN-RAH-MAR 09-05-15
09-05-15 - RAH-VEN-JUP-JUP - 28-05-15
28-05-15 - RAH-VEN-JUP-SAT - 21-06-15
21-06-15 - RAH-VEN-JUP-MER- 11-07-15
11-07-15 - RAH-VEN-JUP-KET - 20-07-15
20-07-15 - RAH-VEN-JUP-VEN - 13-08-15
13-08-15 - RAH-VEN-JUP-SUN - 20-08-15
20-08-15 - RAH-VEN-JUP-MON- 02-09-15
02-09-15 - RAH-VEN-JUP-MAR- 10-09-15
10-09-15 - RAH-VEN-JUP-RAH- 02-10-15
02-10-15 - RAH-VEN-SAT-SAT - 29-10-15
29-10-15 - RAH-VEN-SAT-MER- 23-11-15
23-11-15 - RAH-VEN-SAT-KET - 03-12-15
03-12-15 - RAH-VEN-SAT-VEN - 01-01-16
01-01-16 - RAH-VEN-SAT-SUN - 10-01-16

Planets and Cusps

Planets/ Cusps	Sign Lord	Star Lord	Sub-Lord	S Sub Lord	Navamsa Rasi	Significators (SubLord of)
SUN	MER	SUN	RAH	MER	10- CAPRIC	10
MON*	JUP	KET	VEN	MER	1- ARIES	9 2 10 (1)
MAR	SUN	KET	JUP	SAT	3- GEMINI	9 10 2 7
MER	SUN	SUN	VEN	VEN	12- PISCES	10 11 9 12 (8 VIII)
JUP*	MER	MAR	KET	VEN	7- LIBRA	10 8 2 7 3 5 6 (VI XI XII)
VEN*	MON	MER	JUP	RAH	12- PISCES	11 9 12 1 8
SAT	VEN	MAR	VEN	VEN	7- LIBRA	10 12 2 7 4 (III IV IX X)
RAH*	SAT	SUN	KET	MON	11- PISCES	10 3 (V VIII)
KET	MON	SAT	MER	SAT	6- VIRGO	12 4 8
FORTUNA	SAT	MON	VEN	RAH	4- CANCER	---
ASC	VEN	RAH	MON	VEN	VI N	
II	MAR	MER	MER	SAT	MON JUP SAT MAR	
III	JUP	VEN	SAT	KET	RAH FOR JUP	
IV	SAT	MAR	SAT	VEN	KET SAT	
V	JUP	JUP	RAH	RAH	JUP	
VI	JUP	MER	JUP	RAH	JUP	
VII	MAR	VEN	RAH	MER	JUP SAT MAR	
VIII	VEN	MON	MER	VEN	JUP VEN	
IX	MER	JUP	SAT	VEN	MAR MON KET VEN VEN MON	
X	MON	MER	SAT	VEN	MER JUP SAT SUN RAH MAR SUN SAT	
XI	MER	SUN	JUP	SAT	VEN MER VEN MER	
XII	MER	MAR	JUP	RAH	KET SAT VEN VEN	

Rahu(R) also represent Houses - 3 4 12 and Planets - SUN SAT
Ketu(K) also represent Houses - 9 10 2 and Planets - URA SAT SAT MON

Legend for above table

Astrologer's Notes

Consultant Astrologer
Saya Yan Aung Hein (B.Sc.)
No.221/223, upper 31st street,
Panbedan Township,Yangon,MYANMAR
H.P- 1-0973119826
H.P 09078642[illegible]
For questions to kpstarone@in.com, visit website http://kpstarone.com for download

KPStarOne version 6.7.20

(၉)တန်အထူးမြင်ကြိုထား၏။ စနေ (မကာရသခင်)အား ကိုယ်စားပြု၍ (၁၀)တန်အတွက်လည်း အကျိုးဆောင်၏။ ၄ဟူးသည် (၉၊ ၁၁) တန်သခင်ကြိုဟ်လည်း ဖြစ်၏။

သို့ဖြစ်၍ နာမည်ကျော် ဟာသသရုပ်ဆောင် ဖြစ်ရ၏။

(၁၀)တန်(အလုပ်)ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ကြိုဟ်သည် စနေ ဖြစ်၏။ (၁၁)တန်ရပ် (၂၊ ၇)တန်သခင် အင်္ဂါပိုင်နက္ခတ်ကို စီးထားပြီး (၂)တန်ဘာဝရပ် (၁၀)တန်သခင် ၂လ်ာကြိုဟ်အား (၃)တန်အထူးမြင်၏။ (၃၊ ၅၊ ၆)တန်သခင် ၅တေးကြိုဟ်၏ (၅)တန်အထူးမြင်ခြင်း ခံထားရ၏။ သို့ဖြစ်၍ ဟာသသရုပ်ဆောင်အဖြစ် အောင်မြင်ခွင့် အသက်မွေးနိုင်ခဲ့၏။

ဇာတာ(၃)

ဇာတာ(၃)သည် မြန်မာကျော်ဟာသ,သရုပ်ဆောင် ဇာနာ၏ ဇာတာဖြစ်သည်။ (၂၇-၁၀-၁၉၆၁) မွန်းလွဲ(၁း၄၂)နာရီတွင် ရန်ကုန်မြို့မွေးဖွားခဲ့၏။ ဇာတာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်၏။

ဇာတာတွင် (၅)တန်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ကြိုဟ်မှာ ကိုယ် ဖြစ်၏။ (၁၀)တန်ဘာဝ(ကုံရာသီ)တွင် ရပ်တည်ပြီး (၄)တန်ဘာဝ (သိဟ်ရာသီ)ရပ် ရာဟုပိုင်နက္ခတ်ကို စီးထား၏။ ထို့ကြောင့် စနေ၊ ၁နွေကြိုဟ်တို့၏ သဘောများကို လွှဲယူလုပ်ဆောင်ရပေသည်။

စနေကြိုဟ်သည် (၉၊ ၁၀)တန်သခင်အဖြစ် (၈)တန်ဘာဝ(ခန္ဓရာသီ)တွင် ၅တေးကြိုဟ်နှင့် ပူးယှဉ်ရပ်တည်၏။ စနေသည် (၉)တန်တွင် ၄ဟူးကြိုဟ်နှင့် ပူးယှဉ်ရပ်တည်သော ၁နွေပိုင်နက္ခတ်ကို စီးထား၏။ ၁နွေကြိုဟ်သည် (၉)တန် ၄ဟူးကြိုဟ် (၂၊ ၅)တန်သခင်နှင့် ပူးယှဉ်ရပ်တည်နေ

www.burmeseclassic.com

www.burmeseclassic.com

လဂ်နှင့် ပူးယှဉ်ရပ်တည်သော ဂြိုဟ်ကြိုဟ်ပိုင်နက္ခတ်ကို စီးထား၏။

ထို့ကြောင့် ဟာသ,သရုပ်ဆောင်အဖြစ် ကျော်ကြားရ၏။

(၁၀)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ဒနေဖြစ်၏။ ဒနေအကြောင်း ဖော်ပြခဲ့လေပြီ။ သို့ဖြစ်၍ ဟာသ,သရုပ်ဆောင်အဖြစ် အသက်မွေးခဲ့၏။

အထက်ပါ အချက်ကပင် ဘာနာကို နိုင်ငံရေးနယ်ပယ်သို့ ရောက်စေခဲ့ခြင်း ဖြစ်၏။

(၁၂)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ရာဟု (သို့မဟုတ်) စနေဂြိုဟ်နှင့် ဆက်စပ်ပြီး (၃၊ ၁၂)တန့်ဘာဝများအတွက် အကျိုးဆောင်သော် ထိုဇာတာရှင် အချုပ်အနှောင်(ထောင်ကျ) ခံရတတ်၏။

အထက်ပါဇာတာတွင် (၁၂)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ဌဟူးဖြစ်ပြီး စနေပိုင် မကာရ ရာသီ (၉)တန့်ဘာဝတွင် (၃၊ ၄) တန့် အကျိုးဆောင် ဒနေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်နေ၏။ ဌဟူးသည်

Rasi Chart (Nirayan)

XI 7°22'41" VEN 0°58'6"	XII 12°19'27"	ASC 15°52'58" MON 29°12'42"	MAR 7°23'34" (R) II 11°48'30"
KET 14°41'32" X 3°0'45" (MC)	ZARGANAR Date: 27 January, 1961, Friday Time of chart: 13: 42: 0 GMT+06:30 Place - Yangon KP New Ayanamsa: 23° 13' 24" Local Time: 13: 36: 47 Sidereal Time: 22: 2: 6		III 7°11'50"
MER 28°9'42" SUN 13°54'14" IX 7°11'50"			IV 3°8'41" RAH 18°43'17"
SAT 29°27'32" JUP 26°55'25" VIII 11°48'10"	VII 18°52'58"	VI 12°19'27"	V 7°22'41" FOR 27°11'26"

Rasi Chart



Ruling Planets: Asc=ST'L(R), Moon=SSL(R), Magenta=both retro.

Chart Type	Day Lord	Moon Sgnl.	Moon St.L	Asc Sgnl.	Asc St.L	Asc Subl.	Nodes
Natal	VEN	VEN	MAR	VEN	MON	SAT	
Transit	JUP	MAR	VEN	SAT	MON	MER	KET

Transit Ascendant: 289° 2' 35.5"(at Natal place)
Natal Longitude: 96° 12' 0" E, Latitude: 16° 46' 0"N
Using Geocentric Latitude: 16° 39' 38.38" N

VIMSHOTTARI DASA

Dasa Balance of MAR at birth is
6 years, 0 months and 5 days

Details of present Dasa combinations

28-10-14	- SAT-RAH-RAH-SAT	- 22-11-14	22-11-14	- SAT-RAH-RAH-MER	- 14-12-14
14-12-14	- SAT-RAH-RAH-KET	- 23-12-14	23-12-14	- SAT-RAH-RAH-VEN	- 18-01-15
18-01-15	- SAT-RAH-RAH-SUN	- 26-01-15	26-01-15	- SAT-RAH-RAH-MON	08-02-15
08-02-15	- SAT-RAH-RAH-MAR	- 17-02-15	17-02-15	- SAT-RAH-JUP-JUP	- 08-03-15
08-03-15	- SAT-RAH-JUP-SAT	- 30-03-15	30-03-15	- SAT-RAH-JUP-MER	- 18-04-15
18-04-15	- SAT-RAH-JUP-KET	- 27-04-15	27-04-15	- SAT-RAH-JUP-VEN	- 20-05-15
20-05-15	- SAT-RAH-JUP-SUN	- 27-05-15	27-05-15	- SAT-RAH-JUP-MON	- 07-06-15
07-06-15	- SAT-RAH-JUP-MAR	- 15-06-15	15-06-15	- SAT-RAH-JUP-RAH	- 06-07-15
06-07-15	- SAT-RAH-SAT-SAT	- 01-08-15	01-08-15	- SAT-RAH-SAT-MER	- 25-08-15
25-08-15	- SAT-RAH-SAT-KET	- 05-09-15	05-09-15	- SAT-RAH-SAT-VEN	- 01-10-15
01-10-15	- SAT-RAH-SAT-SUN	- 09-10-15	09-10-15	- SAT-RAH-SAT-MON	- 23-10-15
23-10-15	- SAT-RAH-SAT-MAR	- 01-11-15	01-11-15	- SAT-RAH-SAT-RAH	- 26-11-15
26-11-15	- SAT-RAH-SAT-JUP	- 18-12-15	18-12-15	- SAT-RAH-MER-MER	- 05-01-16

Planets and Cusps

Planets/ Cusps	Sign Lord	Star Lord	Sub-Lord	S. Sub Lord	Navamsa Rasi	Significators (SubLord of)
SUN	SAT	MON	JUP	JUP	2- TAURUS	1 9 3 4 (X)
MON	VEN	MAR	RAH	MER	5- LEO	1 7 12 3
MAR	MER	RAH	RAH	SAT	9- SAGITT	8 1 7 12 (IV)
MER*	SAT	MAR	SAT	SAT	6- VIRGO	1 9 7 12 2 5 (III VIII XII)
JUP	JUP	SUN	SUN	JUP	9- SAGITT	9 8 4 11 (VII)
VEN	JUP	JUP	MAR	SAT	4- CANCER	8 10 11 1 6
SAT*	JUP	SUN	RAH	RAH	9- SAGITT	9 8 4 10 (I II VI)
RAH	SUN	VEN	VEN	JUP	5- LEO	10 4 1 6
KET*	SAT	RAH	KET	MAR	11- AQUARI	4 10 (V IX XI)
FORTUNA	MER	MAR	JUP	VEN	6- VIRGO	---
ASC	VEN	MON	SAT	SAT		MER SUN MOON MARRAH VEN
II	MER	RAH	SAT	MON		MER
III	MON	SAT	MER	SAT		SUN MOON
IV	SUN	KET	MAR	SAT		MAR KETRAH JUP SAT SUN
V	MER	SUN	KET	RAH		FOR MER
VI	VEN	RAH	SAT	JUP		RAH VEN
VII	MAR	SAT	JUP	VEN		MER MOON MAR
VIII	JUP	KET	MER	KET		VEN JUP SAT VEN JUP
IX	SAT	SUN	KET	SUN		JUP SAT SUN MER SAT
X	SAT	MAR	SUN	JUP		RAH KET VEN SAT
XI	JUP	SAT	KET	KET		VEN JUP
XII	MAR	KET	MAR	MON		MER MOON MAR

Rahu(M) also represents Nodes - 4 9 and Planets - PLU VEN SUN
Ketu(M) also represents Nodes - 10 3 8 and Planets - PLU RAH SAT

Astrologer's Notes

Consultant Astrologer
Saya Yan Aung Hein (B.Sc.)
No.221/223,upper 31st street,
Pandedan Township,Yangon.MYANMAR
H.P: 1-0973119826
H.P:0097384208886 Emails to kpstarone@in.com, visit website http://kpstarone.com for download

Legend for above table
- The Planet in sub Star
- Also his planet in sub Star
- A Planets in star of planets in House
- In Planet of the House
- C- Planet in star of House-lord
- S- Sign-lord
- The Planet is retrograde

KPStarOne version 6.7.20

(၇၊ ၁၂)တန့်သခင် လဂ်ဘာဝရပ် အင်္ဂါပိုင်နက္ခတ်ကို စီးထား၏။

ထို့ကြောင့် အချုပ်အနှောင် ခံခဲ့ရခြင်း ဖြစ်သည်။

ဘာနာ၏ အနာဂတ်အလားအလာ

လက်ရှိတွင် (၁၅-၉-၂၀၁၄)မှ (၂၃-၇-၂၀၁၇) ထိ စနေထူလ၊ ရာဟုဘုတ္တိဒသာ စားဝင်နေ၏။

ထူလဒသာသခင်ဂြိုဟ် စနေသည် (၂၊ ၆၊ ၉၊ ၁၀၊ ၁၁)တန့်ဘာဝများအတွက် အကျိုးဆောင်သကဲ့သို့ (၄၊ ၈)တန့်ဘာဝများအတွက်လည်း အကျိုးဆောင်၏။

www.burmeseclassic.com

www.burmeseclassic.com

ဘုတ္တိဒသာသခင်ကြီးဟာ ရာဟုသည် (၄) တန်ဘာဝတွင် ရပ်တည်ပြီး (၈၊ ၁၁)ဓာန်သခင် (၈)တန်ရပ် ၅တေားကြီးဟာ၏ (၉)တန်အထူးမြင်ကို ခံထားရ၏။ ရာဟုရပ်တည်ရာ သိဟ်ရာသီကို ၁နွေကြီးဟာပိုင်၏။ ယင်းသည် (၄)တန်ရပ် (၉)တန်ခင်ကြီးဟာ ဖြစ်၏။ ရာဟုသည် (၁)တန်ရပ် (၃)တန်သခင် ၂လာကြီးဟာပိုင်နက္ခတ်နှင့် (၈)တန်ရပ် (၈၊ ၁၁)တန် သခင်ကြီးဟာပိုင် ဘုတ္တိနက္ခတ်တို့ကို စီးထား၏။

အထက်ပါ အကျိုးဆောင်မှုတွင် အာဏာ (power) ကို ဖော်ပြသော (၆၊ ၁၀)တန်ဘာဝများ မပါဝင်ကြောင်း တွေ့ရ၏။

သို့ဖြစ်၍ နိဂုံးရေးနယ်ပယ်သို့ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမျိုး မရှိနိုင်ဘဲ ဟာသ, သရုပ်ဆောင်နှင့် လူမှုရေးအကျိုးဆောင်တစ်ဦးအဖြစ် ဆက်လက်ဆောင်ရွက်ကာ ထင်ပေါ်ကျော်ကြားနေဦးမည်ဟု မှတ်ယူရပါတော့မည်။

ဆရာရန်အောင်ဟိန်း(B.Sc)

မန္တလေး-နေပြည်တော် ဆရာလုံ၏ ပြေးတပည့်

ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဇေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှုမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် တောခန်းဖွင့်ပါသည်။

ဟောခန်း - အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

၀၉ ၇၃ ၂၄၀ ၇၉၆ ၊ ၀၉ ၃၂ ၂၂ ၇၇ ၉၇

www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ မတ်လအတွက် လူနေကုန်းခန့်မှန်းချက်

မိဿရာသီတွင် ကြောပြုံတ်ရှိသဖြင့် အန္တစပါးများ၌ ထူး၊ နွား အသေများအံ့။ ထိုမိဿရာသီတွင် ၃၀ရိပြုံတ် ရောက်လာချိန်၌ ဆန်စပါး ဝေါများလာမည်။ သန္တာကျောက်နီ ရှားပါး၌ မင်းအစိုးရတို့ အမျက်ဒေါသ ထွက်တတ်၏။ ကရကဋ်ရာသီတွင် ၅ကောပြုံတ် ရှိသဖြင့် ဆန်စေ့းကြီး၊ မိုးခေါင်၌ စစ်မတ်ဖြစ်ဟူးအံ့။ ကုမ်ရာသီတွင် ၁၄ပြုံတ်ရှိသဖြင့် ဆန်၊ ဆီ၊ ဆား၊ ဆေး ပေါအံ့။ မိန်ရာသီတွင် ၃၀ရိပြုံတ် တည်ချိန်၌ ထူ၊ နွား၊ ဆင်၊ မြင်း စျေးကြီးအံ့။

၃-၂-၂၀၁၅ (တနင်္ဂနွေ)

(၁၀)ခုနှစ်၊ တပေါင်းလဆန်း (၁၂)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ ရှင်ပြု၊ နားသမင်္ဂလာ ကျင်းပရန်၊ စေ့စပ်၊ လက်ထပ်ရန်၊ ဆံရိတ်၊ ဆံသ၊ အလှပြင်လုပ်ငန်းများ ဆောင်ရွက်ရန်၊ ရေတွင်း၊ ရေကန်၊ မီးတွင်း၊ ဆည်မြောင်း၊ ကန်တို့ တူးဖော်ရန်၊ ကုမ္ပဏီထူထောင်၍ အစုရှယ်ယာခေါ်ရန်၊ အသင်းအဖွဲ့၊ ပါတီ ထူထောင်ရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာ လက်မှတ်ထိုးရန်၊ အောင်လံထီထိုးရန်၊ ဘာသာရေး၊ လူမှုရေးကိစ္စများ ဆွေးနွေးညှိနှိုင်းရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဘုရားတည်၍ အနေတော်ရန်၊ အိမ်၊ ခြံ၊ မြေ၊ ယာဥ်၊ စက်ပစ္စည်း ရောင်းဝယ်ဖလှယ်ခြင်းသွားရန်၊ စာအုပ်ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ပြည့်စုံ၊ မအိသန္တာ...ဟု ပေးနိုင်သည်။ ယနေ့တွင် ယတြာအဆောင်မှာ ကြာပန်းဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ဝင်၍ အနောက်တောင်အရပ်၌ နတ်နေသည်။

၄-၃-၂၀၁၅ (အင်္ဂါနေ့)

(၁၀)ခုနှစ်၊ တပေါင်းလဆန်း (၁၃)ရက်

အစိုးဆန္ဒပြည့်ဝသောယုဂ် ရရှိသဖြင့် ယနေ့ ထီးတော်တင်ရန်၊ ရဟန်းခံ၊ ရှင်ပြုရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ တိုင်ထူ၍ လှေကားတင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင်းရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ ရေတွင်း၊ ရေကန် တူးဖော်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ စက်ပစ္စည်းရောင်းဝယ်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ အနုပညာလုပ်ငန်းနှင့် ပညာရေးဆိုင်ရာကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်ဆွေ၊ မငွေအိမ်စည်...ဟု ပေးနိုင်သည်။ ယတြာအဆောင်မှာ စံပယ်ပန်းဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ဝင်၍ အရှေ့အရပ်၌ နတ်နေသည်။

၄-၃-၂၀၁၅ (အင်္ဂါနေ့)

(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၁၄)ရက်

အမှုကိစ္စပြီးသောယုဂ် ရရှိသဖြင့် ယနေ့ ရေတွင်း၊ ရေကန်၊ အဝီစိတွင်း တူးဖော်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်တူးဖော်ရန်၊ စက်ပစ္စည်းရောင်းဝယ်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ အနုပညာလုပ်ငန်း ဆောင်ရွက်ရန်၊ အောင်ဘာလေထီထိုးရန်၊ အလုပ်သစ်လျှောက်ရန်၊ ဘာသာရေးအဓိဋ္ဌာန်လုပ်ငန်းများ ဆောင်ရွက်ရန်၊ သာသနာပွဲထိုးရန်၊ ဂိုဏ်းပွဲ၊ ဆေးပွဲများ ပြင်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဟိန်းညွှန့်၊ မစိုးစံသူဇာ...ဟု ပေးနိုင်သည်။ ယတြာအဆောင်မှာ ရဲယိုညွှန့်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ဝင်၍ အနောက်မြောက်အရပ်တွင် နတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

၄-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)
(၁၃၇၆)ခုနှစ်၊ တပေါင်းလပြည့်နေ့

ကြွစည်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဂီတ,အနုပညာဆိုင်ရာ အဆို, အကနှင့် ဗီဒီယို,ရုပ်ရှင် လုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ ခြံ,မြေ သန့်ရန်၊ အဆောက်အအုံအတွက် ပန္နက်ရိုက်,ကျင်းတူးရန်၊ အုတ်မြစ်စိုရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်မင်္ဂလာ ပြုလုပ်ရန်၊ အိမ်ဆောက်ရန်၊ နာမည်မှည့် ကင်ပွန်းတပ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ အိမ်, ခြံ,မြေ ရောင်းဝယ်ရန်၊ ဆေးခန်းဖွင့်ရန်၊ ပျိုးကြဲရန်၊ ကောက်စိုက်ရန်၊ လယ်ယာထွက်သီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်တို့ အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ဘင်္ဂီဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လှိုင်မိုးအောင်၊ မလွင်မြတ်ဦး..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ မေမြို့ပန်းဖြစ်ပြီး တောင်အရပ်တွက် လာဘ်ဝင်၍ မြောက်အရပ်တွင် နတ်နေသည်။

၆-၃-၂၀၁၅ (သောကြာနေ့)
(၁၃၇၆)ခုနှစ်၊ တပေါင်းလဆုတ် (၂)ရက်

အလုံးစုံထမြောက်အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ စာအုပ်စာပေ ကျမ်းဂန် ရေးသားပြုစုရန်၊ ကလေးနာမည်ပေး ကင်ပွန်းတပ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်ခန်းသစ်ဖွင့်ရန်၊ ဘဏ်စာရင်း ဖွင့်ရန်၊ ငွေချေးငှားအပ်နှံရန်၊ စပါးရိတ်သိမ်းရန်၊ အနုပညာကိစ္စများနှင့် ပညာစသင်ရန်၊ အောင်ဘာလေထီထိုးရန်၊ ဘာသာရေး,လူမှုရေး ကိစ္စအဝဝတို့ ပြောဆိုရန်တို့ အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သီဟဇော်၊ မသိင်္ဂီစိုး..ဟူ၍ ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ နှင်းပန်းဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်၌ နတ်နေသည်။

၈-၃-၂၀၁၅ (တနင်္ဂနွေနေ့)
(၁၃၇၆)ခုနှစ်၊ တပေါင်းလဆုတ် (၄)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ အမည်ပေးကင်ပွန်းတပ်ရန်၊ ရှင်ပြုနားသရဏ်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပခြင်း ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ခြင်း အိမ်,ခြံ,မြေ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံဇည့်ခံပွဲ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ မေတ္တာရေးရာစကားပြောရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄:၃၀)နာရီမှ (၆:၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကျော်ကျော်၊ မအင်ကြင်ခိုင်..ဟူ၍ ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ကြာပန်းဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ အနောက်တောင်အရပ်တွင် နတ်နေသည်။

၁၀-၃-၂၀၁၅ (အင်္ဂါနေ့)
(၁၃၇၆)ခုနှစ်၊ တပေါင်းလဆုတ် (၆)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ မြေသန့်မင်္ဂလာပြုလုပ်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ ကျင်းတူး၍ အုတ်မြစ်စိုတိုင်ထူရန်၊ အိမ်တက်မင်္ဂလာ ပြုလုပ်ခြင်း ကလေး ထမင်းခွံ့ရန်၊ နာမည်မှည့်ခေါ်ရန်၊ ကုမ္ပဏီ အသင်းအဖွဲ့ ထူထောင်ရန်၊ ဘဏ်စာရင်းဖွင့်၍ ငွေသွင်းငွေအပ်နှံရန်၊ ပျိုးကြဲကောက်စိုက်ရန်၊ ထွန်ယက်စိုက်ပျိုးရန်၊ စက်ပစ္စည်းရောင်းဝယ်ရန်၊ ကုန်ပစ္စည်းသိုလှောင်ခြင်း ဘာသာရေး,လူမှုရေး ကိစ္စအဝဝ ပြောဆိုရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃:၀၀)နာရီမှ (၄:၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်ဟိန်းညွှန့်၊ မစိုးသူစာဟူ၍ ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ ရဲယိုညွှန့်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ပွင့်၍ အနောက်မြောက်အရပ်တွင် နတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆ-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(ဘဂ)ခုနစ်၊ တပေါင်းလဆုတ် (၇)ရက်



အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်လယ်ယာသီးနှံဆွတ်ခူးရန်၊ စပါးရိတ်သိမ်းရန်၊ စာပေဆွေးနွေးမှုများ ရေးသားပြုစုရန်၊ ဂီတ၊အနုပညာဆိုင်ရာ အဆို၊အနှင့် သရုပ်ဆောင် ဒွိဒီယို၊ရုပ်ရှင် လုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းအောင်၊ မဝင်းမေဦး..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ မေမြို့ပန်းဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်၍ မြောက်အရပ်၌ နတ်နေသည်။

ဆ-၃-၂၀၁၅ (ကြာသပတေးနေ့)

(ဘဂ)ခုနစ်၊ တပေါင်းလဆုတ် (၈)ရက်

အမှုကိစ္စပြီးသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ပညာစသင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ရဟန်းခံ၊ရှင်ပြုရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ခရီးသွား၊ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ ခြံဝင်းရန်၊ အဆောက်အအုံပန်းရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ဥစ္စာ စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ ပါတီဇည်ခံပွဲ ကျင်းပရန်၊ အချစ်ရေးစကားဆိုရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ဃနေ့မွေးဖွားသော ကလေးမှာ ဗုဒ္ဓဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ည(၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်သူကျော်၊ မခိုခိုခိုင်..ဟူ၍ ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ သီးညွှန့်ဖြစ်ပြီး မြောက်အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်တွင် နတ်နေသည်။

ဆ-၃-၂၀၁၅ (သောကြာနေ့)

(ဘဂ)ခုနစ်၊ တပေါင်းလဆုတ် (၉)ရက်

ညီညွတ်သမျှ ပြီးမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ သိပ္ပံ၊ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ ပွဲတော်ထိုး၍ ဂိုဏ်းဝင်ဆေးများ ပေါက်ယူရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်းချီ၊ပန်းပု ပန်း(၁၀)မျိုးလုပ်ငန်းများ စတင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ အချစ်ရေး၊မေတ္တာရေး စကားပြောရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဉာဏ်စည်၊ မသွန်းသစ်စာ..ဟူ၍ ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ နှင်းပန်းဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်တွင် နတ်နေသည်။

ဆ၆-၃-၂၀၁၅ (တနလာနေ့)

(ဘဂ)ခုနစ်၊ တပေါင်းလဆုတ် (၁၂)ရက်

အာဘိဓနကွတ်ရရှိသဖြင့် ယနေ့ ဂန္ဓိရဆိုင်ရာ အဓိဋ္ဌာန်ဝင်ရန်၊ ကန်တော့ပွဲတင်ရန်၊ သမထ ဘာဝနာ ပွားများရန်၊ ဂါထာ၊မန္တန် မန်းမူတ်စီရင်ရန်၊ ဆေးဝါးဖော်စပ်ရန်၊ ဝိယဆေး ဖော်စပ်ရန်၊ အဆောက်အအုံအတွက် ပန္နက်ရိုက်ရန်၊ ကျင်းတူး၊အုတ်မြစ်စိုရန်၊ အိမ်တိုင်ထူ၍ အိမ်တက်မင်္ဂလာ လုပ်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်ခန်းဖွင့်ရန်၊ စပါးရိတ်သိမ်းရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်၊ဝတ်ဆင်ရန်၊ စက်ပစ္စည်း ရောင်းဝယ်ရန်၊ အနုပညာနှင့် သိပ္ပံ၊ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဂုဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကောင်းအံ့ကျော်၊ မချောစုခိုင်..ဟု ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ စံပယ်ပန်းဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ပွင့်၍ အရှေ့အရပ်တွင် နတ်နေသည်။

ဆ၈-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(ဘဂ)ခုနစ်၊ တပေါင်းလဆုတ် (၁၄)ရက်

ကြီးပွားတိုးတက်သောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ၊ရှင်ပြု၊နားသမင်္ဂလာ လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊

www.burmeseclassic.com

www.burmeseclassic.com

သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်,မုခ်ဦး,ပြာသာဒ် ဆောက်လုပ်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်မြစ်ချ,အုတ်စီရန်၊ အိမ်တိုင်ထူရန်၊ အိမ်တက်,အိမ်ပြောင်းရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂းဝဝ)နာရီမှ မွန်းလွဲ(၁းခုဝ)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းမင်းဦး၊ မလင်းမြတ်အောင်..ဟု ပေးနိုင်သည်။ ဤနေ့တွင် ယတြာအဆောင်မှာ မေမြို့ပန်းဖြစ်ပြီး တောင်အရပ်တွင် လာဘ်ပွင့်၍ မြောက်အရပ်၌ နတ်နေသည်။

၂၀-၃-၂၀၁၅ (သောကြာနေ့)

(၁၃၇၆)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁)ရက်

အောက်ဥနက္ခတ်၊ အမြိတ္တစုတ်နှင့် ရက်ရာဇာနေ့ ကျရောက်သောကြောင့် ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာခေါ်ရန်၊ အသင်းအဖွဲ့ထူထောင်ရန်၊ အိမ်,ခြံ,မြေ,တိုက်ခန်း အရောင်းအဝယ်လုပ်ရန်၊ ငွေချေးငှားအပ်နှံရန်၊ စက်ပစ္စည်းရောင်းဝယ်ရန်၊ ကုန်ပစ္စည်းသိုလှောင်ရန်၊ ကျန်းမာရေးအတွက် ဆေးဝါးကုသမှု ခံယူရန်၊ ဘာသာရေး,လူမှုရေးကိစ္စ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀းဉဝ)နာရီမှ မွန်းတည့်(၁၂းဝဝ)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်သန်းစံညွန့်၊ မသွေးသစ်စာ..ဟု ပေးနိုင်သည်။ ဤနေ့ ယတြာအဆောင်မှာ နှင်းပန်းဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်တွင် နတ်နေသည်။

၂၂-၃-၂၀၁၅ (တနင်္ဂနွေနေ့)

(၁၃၇၆)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃)ရက်

ဂုဏ်ကျက်သရေ တိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိုက်,ဆံသ ပြုလုပ်ရန်၊ ရှင်ပြု,

နားသရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပအလှူပြင်ရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီပွဲခံပွဲ ကျင်းပရန်၊ အချစ်ရေးရာများ ပြောဆို စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄းဉဝ)နာရီမှ (၆း နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်စည်ကျော်၊ မအိမ်ခိုင်..ဟု ပေးနိုင်သည်။ ဤနေ့တွင် ယတြာအဆောင်ကြာပန်းဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ဝင်၍ အနောက်အရပ်၌ နတ်နေသည်။

၂၅-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)

(၁၃၇၆)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၆)ရက်

အလုံးစုံထမြောက်အောင်မြင်သောယုဂ် ရသဖြင့် ယနေ့ ကျောက်မျက်ရတနာ ဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု ရှာဖွေရန်၊ ရေတွင်း,ရေကန်,အဝိစိတူးရန်၊ အားကစားလုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ ရှင်,ငွေဒီယို,ဂီတ အနုပညာလုပ်ငန်း လုပ်ဆောင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာခေါ်ရန်၊ ကျောက်မျက်ရတနာ ရောင်းဝယ်,ဝတ်ဆင်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂းဝဝ)နာရီမှ မွန်းလွဲ(၁း၃ဝ)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝင်းဇော်ဦး၊ မလင်းထက်အောင်..ဟု ပေးနိုင်သည်။ ဤနေ့တွင် ယတြာအဆောင်မှာ မေမြို့ပန်းဖြစ်ပြီး တောင်အရပ်တွင် လာဘ်ဝင်၍ မြောက်အရပ်၌ နတ်နေသည်။

၂၇-၃-၂၀၁၅ (သောကြာနေ့)

(၁၃၇၆)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၈)ရက်

ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတ်အမည်ကင်ပွန်းတပ်ရန်၊ ဆံရိုက်,ဆံသ လုပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ လာဘ်ထပ်

www.burmeseclassic.com

လာပွဲ ကျင်းပရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ အလှပြင်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပါတီဧည့်ခံပွဲများ ကျင်းပရန်၊ အချစ်ရေးဆိုင်ရာ စကားပြောရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ သိုက်ဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဟိန်းဆက်ညွှန့်၊ မသိဂ်စိုး..ဟူ၍ ပေးနိုင်သည်။ ဤနေ့အတွက် ယတြာအဆောင်မှာ နှင်းပန်းဖြစ်ပြီး အရှေ့အရပ်တွင် လာဘ်ပွင့်၍ အနောက်အရပ်၌ နတ်နေသည်။

၉-၃-၂၀၁၅ (တနင်္ဂနွေနေ့)
(၁၃ဂဖ)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၀)ရက်

ဘုန်းကံကြီးမားသောယုဂ် ရရှိသဖြင့် ယနေ့ရာဟန်း၁၃,ရှင်ပြုရန်၊ စေ့စပ်,လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အိမ်တက်မင်္ဂလာကျင်းပရန်၊ ဘုရားတည်၍ ထီးတော်တင်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ ဆံရိတ်,ဆံသ,အလှပြင်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်းနှင့် ဆည်မြောင်း,ကန်,ချောင်းတူးဖော်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ အစုရှယ်ယာခေါ်ယူရန်၊ အသင်းအဖွဲ့ထူထောင်ရန်၊ စပါးရိတ်သိမ်းရန်၊ လယ်ယာသီးနှံ ဆွတ်ခူးရန်၊ အမည်ကင်ပွန်းတပ်ရန်၊ အိမ်၊ခြံ,မြေ,ဆာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်ကောင်းစံ၊ အေးစန္ဒာအောင်..ဟူ၍ ပေးနိုင်သည်။ ယနေ့တွင် ယတြာအဆောင်မှာ ကြာပန်းဖြစ်ပြီး အရှေ့မြောက်အရပ်တွင် လာဘ်ပွင့်၍ အနောက်တောင်အရပ်တွင် နတ်နေသည်။

၁၀-၃-၂၀၁၅ (တနလ်ာနေ့)
(၁၃ဂဖ)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၁)ရက်

အထွတ်အမြတ်ဖြစ်သောယုဂ် ရရှိသဖြင့် ယနေ့ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ ထီးတော်တင်ရန်၊ ရာဟန်း၁၃,ရှင်ပြုရန်၊ မြေခြင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံ အုတ်

မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူ၍ လှေကားထောင်ရန်၊ မျိုးစေ့ချ အပင်စိုက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်သွင်းရန်၊ အလုပ်လျှောက်လွှာတင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍာပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ လယ်ယာသီးနှံများ ရိတ်သိမ်းဆွတ်ခူးရန်၊ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ရာဇဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၇း၃၀)နာရီမှ (၉း၀၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ကျော်ကျော်စိုး၊ မခိုင်ခင်ဆွေ..ဟု ပေးနိုင်သည်။ ယနေ့ ယတြာအဆောင်မှာ စံပယ်ပန်းဖြစ်ပြီး အနောက်အရပ်တွင် လာဘ်ဝင်၍ အရှေ့အရပ်တွင် နတ်နေသည်။

၁၁-၃-၂၀၁၅ (အင်္ဂါနေ့)
(၁၃ဂဖ)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၁၂)ရက်

အမှုကိစ္စပြီးသောယုဂ် ရရှိသဖြင့် ယနေ့ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့,ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ ရှင်ပြု,နားသ အလှူတော်မင်္ဂလာပွဲ ကျင်းပရန်၊ စေ့စပ်,လက်ထပ်ပွဲ ကျင်းပရန်၊ ကလေးနာမည်ပေးကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ,အလှပြင်ရန်၊ ဘဏ်စာရင်းဖွင့်၍ ငွေချေး,ငွေအပ်နှံရန်၊ အနုပညာကိစ္စများ ဆောင်ရွက်ရန်၊ ဆာသာရေး,လူမှုရေး ကိစ္စအဝဝတို့အတွက် ပြောဆိုရန် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်စိုးစံညွှန့်၊ မစန္ဒီချစ်..ဟူ၍ ပေးနိုင်သည်။ ယနေ့ ယတြာအဆောင်မှာ ရဲယိုညွှန့်ဖြစ်ပြီး အရှေ့တောင်အရပ်တွင် လာဘ်ဝင်၍ အနောက်မြောက်အရပ်၌ နတ်နေသည်။

ဝေဒ-တပသီ
မင်းမဇော်ညွှန့်
ဖုန်း-၀၉ ၂၅၀ ၁၆၇ ၃၁၄

www.burmeseclassic.com



ဟိန်း(ဘူမိ)

သင့်ကိုယ်တွင်းမှ အဆိပ်စတ်ထုတ်ဖို့ ဂျုစ်သောက်ကြစို့

စျေးကွက်တွင်းတွင် အုမကြီး သန့်ရှင်းရေးအတွက် ထုတ်ကုန်များစွာ ရှိပါသည်။ ယင်းတို့ထဲတွင် ဆေးဖက်ဝင် အပင်များနှင့် အာဟာရဓာတ်များစွာ ပေါင်းစပ်ပါဝင်နေတတ်ပြီး အုမကြီးမှ အညစ်အကြေး စွန့်ထုတ်ရန် ကောင်းကျိုးပြုပေးကြပေသည်။ သင်နှင့် သင့်လျော်မည့် ထုတ်ကုန်ကို ရွေးချယ်အသုံးပြုရန်ကား လိုအပ်ပါသည်။ အဓိက ရည်မှန်းချက်ပန်းတိုင်မှာ တစ်နေ့ သုံးကြိမ် ပုံမှန် ကျင်ကြီး စွန့်ထုတ်နိုင်ရန် ဖြစ်ပေသည်။ ကျင်ကြီး စွန့်ထုတ်ရာတွင် လည်း ညင်သာညက်ညောစွာ သက်သောင့်သက်သာ စွန့်ထုတ်နိုင်စေပြီး အုမကြီးနံရံမှ မလိုအပ်သော အညစ်အကြေးများကို အဆိပ်ဓာတ်များနှင့်တကွ ပါဝင်သက်လျောသွားစေနိုင်ရပေမည်။

မဂ္ဂနီစီယမ်ဓာတ်သည် ဝမ်းချုပ်တတ်သူများအတွက် ကျင်ကြီးဆီသို့ ရေဓာတ်ကို ဆွဲယူပေးကာ ပျော့ပျောင်းစွာ စွန့်ထုတ်ပေးနိုင်ရန် အကောင်းဆုံး ထောက်ပံ့ကူညီပေးပါသည်။ ကျင်ကြီးစွန့်ခြင်းကို အထောက်အကူပေးနိုင်သော အပင်များမှာ နံနံပင်၊ သစ်ကြံပိုးခေါက်၊ သဘော်သီး၊ ကြက်သွန်ဖြူ၊ စမုန်စပါး၊ ချင်း၊ ပင်စိမ်း စသည်တို့ ဖြစ်သည်။ မဲဇလီရွက်၊ မွေးကိုင်း စသည်တို့သည် ဝမ်းသက်စေရန် နှိုးဆွပေးသော အရွက်များ ဖြစ်ကြသည်။ သို့သော် အချို့သူများအတွက် ပြင်းထန်သော သက်ရောက်မှု ရှိတတ်ပေသည်။ ယင်းတို့သည် အုမကြီး ဆေးကြောရာတွင် ကောင်းကျိုးသက်ရောက်မှု ရှိစေတတ်သော်လည်း ရေရှည် အသုံးပြုခြင်းမျိုးကိုကား ရှောင်ရှားသင့်ပေသည်။ အချို့ ဝမ်းချုပ်လွန်းတတ်သူများအတွက်ကား အထူးပေါင်းစပ်စီမံထားသော ဝမ်းပျော့ဆေးမျိုး လိုအပ်ပေသည်။ (နောင်တွင် ဖော်ပြပေးပါမည်။)

အုမကြီး ဆေးကြောသော ဂျုစ်ကော့တေး

* သခွားသီး တစ်လုံး။ (အော်ဂဲနစ်မဟုတ်က အခွံခွာပါ)
* ဟင်းနုနယ်ရွက် လက်တစ်ဆုပ်။ (ရေဆေး)
* တရုတ်နံနံပင် လက်တစ်ဆုပ်။ (ရေဆေး)
* နံနံရိုးတံ တစ်ချောင်း။ (ရေဆေး)
* သံပရာသီး လုံးဝက်။ (အခွံခွာ)

သခွားသီးကို ဂျုစ်စာ(Juicer) ခေါ် သစ်သီးရည်ထုတ်စက်တွင်း ထည့်နှိုင်ရန် ဒေါင်လိုက်ခြမ်းပေးပါ။ ဟင်းနုနယ်၊ တရုတ်နံနံ၊ နံနံရိုးတံတို့ကို ရောစပ်ထည့်ကာ ဂျုစ်စာထဲ ထည့်ပါ။ သံပရာသီးတစ်ခြမ်း ထည့်ပါ။ အရည်ထုတ်ပေးပါ။

အုံဖွယ် အစိမ်းရောင်ဖျော်ရည်

* သခွားသီး အလတ်စား။ (အော်ဂဲနစ်မဟုတ်က အခွံခွာပါ။)
* ဟင်းနုနယ် နှစ်ခွက်။ (ဆေးထားပါ။)
* ထောပတ်သီး အလတ်စား တစ်လုံး။ (အစေ့များ ဖယ်ထားပါ။)
* အုန်းဆီ အအေးစနစ်အရထုတ်၊ လက်ဖက်ရည်ဇွန်း (၁)ဇွန်း။ (မထည့်က,ရ)
* သံပရာသီး တစ်လုံး၏ အရည်။
* ရေ အနည်းငယ်။

သခွားသီးကို အနေတော် တုံးပေးပါ။ ဘလန်ဒါ (blender) သစ်သီးရည်မွှေစက်တွင် ထည့်၍ ညက်နေအောင် မွှေပေးပါ။ ဟင်းနုနယ်ရွက်များဖြည့်ကာ ထပ်၍ မွှေပေးပါ။ ထောပတ်သီးအသားချည်းသက်သက်ကို တုံးပြီး ထည့်ပေး။ ထပ်၍ ညက်နေအောင် မွှေပေးပါ။ အုန်းဆီ၊ သံပရာရည်တို့ ထည့်ကာ ထပ်မွှေပေးပါ။ ခွက်ထဲထည့်၍

www.burmeseclassic.com

www.burmeseclassic.com

ထားပါ။ နှစ်ကြိမ်ခွဲ၍ သောက်နိုင်သည်။ ဒုတိယခွက် အတွက် ရေခဲသေတ္တာထဲတွင် နောက်နေ့အတွက် သောက် ရန် သိမ်းထားနိုင်၏။

ဒုတ်ချက်

စမုသီး(smoothie) ခေါ် သစ်သီး၊ သစ်ရွက်စုံ ရောမွှေ သော ဖျော်ရည်ညက်တွင် ဗာဒံစေ့ချေ၍ ထည့်ပေးနိုင်၏။ ဗာဒံစေ့ကို တစ်ညလုံး ရေစိမ်ထားပေးပြီး ချေထည့်ပေးက အစာကြေလွယ်စေ၏။ အခွံမာသီးများကို တစ်ညတာ ရေ စိမ်ပြီး အသုံးပြုပေးနိုင်၏။

အူမကြီး အဆိပ်ဓာတ်ထုတ်ခြင်းအတွက် အထောက်အကူများ

ပရိုဘိုင်အိုတစ်(Probiotic)

အူမကြီး ဆေးကြောသန့်ရှင်းခြင်းတွင် အူမကြီးအတွင်း အကျိုးပြု ဘက်တီးရီးယားများ တိုးပွားလာပြီး အူမကြီး ချုန်းမာရေး ကောင်းမွန်လာစေခြင်းမှာ အရေးကြီးပေသည်။ ထိုင်းကို ပြုပေးနိုင်သော ဆေးဝါး၊ စားစရာကို ပရိုဘိုင် အိုတစ်ဟု ခေါ်ပေသည်။

မကြာခဏဆိုသလို ပဋိဇီဝပိုးသတ်ဆေးများနှင့် အခြားဆေးဝါးများကြောင့်နှင့် နှစ်ကြာရှည်စွာ စားသောက်မှု ပုံစံ ချွတ်ယွင်းခြင်းတို့ကြောင့် အူမကြီးအတွင်း၌ အကျိုးပြု ဘက်တီးရီးယားများ သေဆုံးပြုန်းတီးသွားရတတ်သည်။ ပရိုဘိုင်အိုတစ်က အူမကြီး သန့်ရှင်းပြီးနောက် အူမကြီး ချုန်းခဲ့စေရန် အထောက်အကူပြုပေးပါသည်။ သင့်လျော် သော အကျိုးပြု ဘက်တီးရီးယားများသည် ကိုယ်ခံအား ကောင်းစေခြင်း၊ ဗီတာမင်များ၊ ပရိုတိန်းများ၊ အဆီများ၊ ကာဘိုဟိုက်ဒရိတ်များကို သဟဇာတဖြစ်စွာ ပေါင်းစပ်စေ ခြင်း၊ ဗီတာမင်(ဘီ)အုပ်စုကို ထုတ်လုပ်ပေးပြီး ကန်ဒီဒါ အယ်လ်ဘီကန်ကဲ့သို့ ယိစိမ်များ(မှိုများ)ကို ထိန်းချုပ်ဟန့် တားပေးခြင်း၊ ပါရာဆိုက်များ(parasites) ကို ထိန်းချုပ် ပေးခြင်းတို့ ပြုပေးပါသည်။ (အကြံပေးချက်များကို နောက် ဆက်တွဲတွင် ဖော်ပြပေးသွားရန် ရှိပါသည်။) သင် အသုံးပြုမည့် ထိုင်းစပ် အသုံးပြုပုံ ဖော်မြူလာအရ ပရိုဘိုင်အိုတစ်ကို ရွေးချယ်နိုင်သည်။ သင် နေ့စဉ် စားသုံးမှုတွင် ပရိုဘိုင်အို တစ်ကို လိုအပ်သလို ဖြည့်စွက်စားသုံးပေးရမည်။

ကူလုံနစ်(Colonic)

အူမကြီးအတွက် ရေကုထုံးနည်း(Colon Hydro-therapy) ကို ကူလုံနစ်(Colonic) ဟု ခေါ်သည်။ အူမကြီး ကို ရေဖြင့် ဆေးကြောပေးခြင်းဖြစ်ပြီး သက်ဆိုင်ရာ ပညာ ရှင်များက အသုံးပြုလေ့ရှိတတ်သည်။ အူမကြီးအတွက် ရေကုထုံးသည် အူမကြီးအတွင်းရှိ အညစ်အကြေး အစုအပုံ များကို ဆေးဝါးမပါဘဲ ထိရောက်စွာ ဖယ်ရှားပေးနိုင်ပေ သည်။ အူမကြီးအတွင်းရှိ အညစ်အကြေးများကို ပျော့ ပျောင်းနူးညံ့သွားစေပြီး စစ်ထုတ်ဖယ်ရှားပေးနိုင်ပေသည်။ တစ်ပတ်လျှင် နှစ်ကြိမ်မျှ လုပ်ဆောင်ပေးခြင်းကို နှစ်ပတ် တာမျှ ဆက်တိုက်ဆောင်ရွက်ပေးခြင်းဖြင့် ကောင်းကျိုး များစွာ ရရှိစေနိုင်ပေသည်။ ယင်းက ကိုယ်အလေးချိန် ကျစေရန်လည်း အထောက်အကူပြုပေးပါသည်။

ကမ္ဘာကျော်ပုဂ္ဂိုလ် အတော်များများသည် ယင်းနည်း လမ်းကို ကျင့်သုံးလေ့ရှိတတ်သည်။ ဝေလမင်းသမီး ဒိုင် ယာနာ (ချာစ်မင်းသားကြီး၏ ပထမဇနီးသည်)နှင့် ဟော လီးဝုဒ်မှ နာမည်ကျော် မင်းသမီးများစွာတို့ ဤနည်းလမ်း ကို ကျင့်သုံးခဲ့ကြကြောင်း သိရသည်။

ယင်းက လေပွခြင်း၊ လေထခြင်းကို လျော့နည်းစေ သည်သာမက ဝမ်းဗိုက်ကိုပါ ချပ်ရပ်စေကာ ကိုယ်အလေး ချိန် ကျစေသည့်အပြင် အူမကြီးကိုပါ ကျန်းခဲ့စေသည်။ ထို့ပြင် အသားအရေကိုပါ လှပစေသည်။ အူမကြီး ဆေး ကြောခြင်းကို အစားရှောင်၍ ဂျူစ်သောက်ခြင်း (ဝါ) အခြား ဆေးဖက်ဝင်အပင်များ အသုံးပြု၍ ဆေးကြောပေးခြင်းတို့ပါ တွဲဖက်အသုံးပြုခြင်းကို တစ်နှစ်တာအတွင်း မကြာခဏ ဆောင်ရွက်ပေးခြင်း ပြုနိုင်ပေသည်။ နှစ်ရှည် ကျင့်သုံးနိုင် ၏။ စာရေးသူ(မူရင်း)၏ အတွေ့အကြုံအရ အူမကြီးအတွက် ရေကုထုံး တစ်ကြိမ်ဆောင်ရွက်ပြီးနောက် ကိုယ်အလေးချိန်

www.burmeseclassic.com

www.burmeseclassic.com

(၂)ပေါင်ထိ ကျစေနိုင်ခဲ့ကြောင်း သိရသည်။

အူမကြီးအတွင်းနံရံများတွင် အဆိပ်ဓာတ်များမှာ သွားရေးများကဲ့သို့ တွယ်ကပ်နေတတ်ပေသည်။ သင် ပုံမှန် သွားတိုက်နိုင်က မည်သို့ဖြစ်မည်ကို စဉ်းစားကြည့်ပါလေ။ အူမကြီးအတွက် ရေကုထုံးသည် အစာဟောင်းများသာမက ခွဲများနှင့် အဆိပ်ဓာတ်များကိုပါ စွန့်ထုတ်ပေးနိုင်ပေသည်။

အူမကြီး ရေကုထုံးမှာ ဘေးထွက်ဆိုးကျိုးကင်းကာ သက်သောင့်သက်သာနှင့် အနားရစေသော ခံစားချက်ကို လည်း ပေးနိုင်စွမ်းရှိပေသည်။ သို့သော် ယင်းအတွက် သက်ဆိုင်ရာ လုပ်ဆောင်ပေးနိုင်သော စင်တာများကို ရွေးချယ်သွားရောက်ခြင်းက သင့်လျော်ပါမည်။

ဤအူမကြီး ရေကုထုံးကို လုပ်ဆောင်ပြီးနောက် လူအများစုတွင် ဝမ်းဗိုက်ချပ်ရပ်သွားခြင်း၊ ကိုယ့်အလေးချိန် ကျသွားခြင်း၊ မျက်ဖြူသားများ ပိုမိုကြွယ်လင်လာခြင်း၊ ဆံပင်နှင့် ကိုယ်သားကိုယ်ရေများ ပိုမိုချောမွေ့ တောက်ပြောင်လာခြင်းတို့ကို ကြုံတွေ့လာရကြောင်း သိရပေသည်။ သင့်အနေနှင့် သက်ဆိုင်ရာ ပညာရှင်နှင့် ကုသရာဌာန ရှာမတွေ့ပါက နောက်တစ်နည်းအဖြစ် ဝမ်းချူခြင်းကို အကောင်းဆုံး အသုံးချနိုင်ပေသည်။

ဝမ်းချူခြင်း(The Enema)

ဝမ်းချူခြင်းကို ဝမ်းတွင်း ကျန်းမာရေးအတွက် ရာစုနှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ကြသည်။ ပုံမှန် ဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးများစွာ ရရှိစေပါသည်။ နေထိုင်မကောင်းချင် ဖြစ်လာလျှင် ပုံမှန် ဆောင်ရွက်နိုင်ပေသည်။ အူမကြီး ဆေးကြောမှုပြုစဉ်တွင် ဝမ်းချူခြင်းမှာ အူမကြီးနံရံတွင် တွယ်ကပ်နေသော အညစ်အကြေး ဒဏ္ဍအန များထိ ဖယ်ရှားပေးနိုင်ပေသည်။

ယင်းမှာ ရေကြွက်သီးနွေး အနေအထားကို စအိုမှ ပိုက်ဖြင့် သွင်းပေးရခြင်းဖြစ်သည်။ သင့်လျော်သော ဝမ်းချူ အိုးကို အမြင့်တစ်နေရာတွင် ချိတ်ကာ အသုံးပြုနိုင်ပေသည်။ ကျန်းမာရေးကိရိယာပစ္စည်းများ အရောင်းဆိုင်တွင် အလွယ်တကူ ဝယ်ယူ၍ ရနိုင်ပေသည်။ ဝမ်းချူအိုးအတွင်း ရေကြွက်သီးနွေး တစ်ကွာတကိုထည့်၍ ဘယ်နံစောင်းဖြင့် လဲလျောင်းကာ ဝမ်းချူပိုက်ခေါင်းကို စအိုတွင်းသို့ ထည့်ပေးရသည်။ ယင်းသို့ပြုရခြင်းမှာ ခန္ဓာဗေဒအရ အူမကြီး၏ အောက်ပိုင်းသည် ခန္ဓာကိုယ် ဘယ်ဘက်သို့ ဆင်း၍ ဖြစ်သည်။ ရေများအားလုံး ကိုယ်တွင်းသို့ရောက်ပြီး မိနစ် အနည်းငယ်မျှ ထိန်းထားပေးပါ။ ထို့နောက် ပက်လက်လှန်၍ (၂)မိနစ်၊ (၃)မိနစ်မျှ နေပေးပါ။ (အစပိုင်းတွင် ထိုသို့ ထိန်းထားပေးရန် ခက်ခဲစေတတ်၏။) ထို့နောက် ညာဘက်သို့ စောင်း၍ (၂)မိနစ်မျှ ထိန်းထားပေးပါ။ ထို့နောက် (၁၀)မိနစ်မှ (၁၅)မိနစ်အတွင်း ရေအိမ်သို့ဝင်၍ ဝမ်းစွန့်ထုတ်နိုင်ပေသည်။

ရေအတွင်းသို့ အခြားဝမ်းသန့်စေသောအရာများ ဖြည့်စွက်ပေးနိုင်၏။ ဥပမာ-ဂျုံရွက်အရည်(Wheatgrass Juice) တွင် ကုသပေးနိုင်သော အာဟာရဓာတ်များနှင့် အဆိပ်ဓာတ် ပျက်ပြယ်စေသော ကလိရိဖီးများစွာပါ၍ သင့်လျော်လှပေသည်။ ရေနွေးနွေး(၂)ခွက်တွင် ဂျုံရွက်ရည် (၂) အောင်စထိထည့်၍ အသုံးပြုနိုင်ပေသည်။ အလွယ်ဆုံးနှင့် အရိုးရှင်းဆုံးနည်းကား ရေသန့်သန့်၊ ကြက်သီးနွေးမျိုး ဖြစ်ပါချေသည်။

ဟိန်းဝေဘုန်း

www.burmeseclassic.com

www.burmeseclassic.com

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

ကေသီပန်မြတ်သုခ

အမှတ်တံဆိပ်

အဆီကျဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR ၀၀၀၃၉၇ (၀၃၁၄)

မှတ်ချက်
ပိန်ဆေး
မဟုတ်ပါ

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ဖယ်ထုတ်ပေးပြီး
ဆူပြိုးနေသော ကိုယ်ခန္ဓာကို
အဆီကျ ကျစ်လစ်လှပ သွားစေရမည်

ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးတွင်
ပါဝင်သော ဆေးဖက်ဝင်ပစ္စည်းများမှာ
ဂျင်ဆင်း-4/C (A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊
ဆေးမြီနှယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

အသည်းခြောက်ခန်းစေသောဇာတ်ဝင်

ဇာတိပင်-ခင်ဖေမင့်ဝတ္ထု

မိမိငယ်စဉ်ဘဝ (၁၆)နှစ်သားခန့်က ဖြစ်ပါသည်။ မိမိသည် အချိုအလွန်ကြိုက်၏။ ကြံ့ရည်ကို အထူးကြိုက် နှစ်သက်ပါသည်။ အုန်းယို၊ အုန်းထန်းလျက် မကြာခဏ စားလေ့ရှိပါသည်။ အချဉ် မကြိုက်၊ လက်ဖက်ရည်ဆိုလျှင် ချိုဆိမ့်မှ ကြိုက်သည်။ ယခုအခေါ် ကျောက်ပန်းတောင်း ဖြစ်ပါလိမ့်မည်။

မိမိတို့ငယ်စဉ် (၆)နှစ်အရွယ်ရောက်မှ ကျောင်းစတက်ရသဖြင့် အသက်(၁၆)နှစ်တွင် (၈)တန်း ကျောင်းသားအရွယ်သာ ရှိပါသေးသည်။ ထိုစဉ်က မိမိကျန်းမာရေးမကောင်းပါ။ ည၁၁ အိပ်မပျော်သည်မှာ (၄)လခန့်ရှိပါပြီ။ ကြက် ဦးတွန်ချိန်ကျမှလည်းကောင်း၊ လင်းကြက်တွန်ချိန်ကျမှလည်းကောင်း တစ်မှေးခန့်သာ အိပ်ပျော်သွားတတ်ပါသည်။ ဆီးမကောင်း၍ ဆီးအရောင်မှာ လက်ဖက်ရည်ကြမ်းကျဲအရောင်သာ အမြဲသွားလေ့ရှိပါသည်။

နေရထိုင်ရသည်မှာ မလန်းဆန်းပါ။ အစားအသောက်လည်း ခံတွင်းပျက်လျက် ရှိပါသည်။ လူကလည်း တစ်နေ့တခြား ပိန်လိုက်လာပါသည်။

မှတ်မိသေးတော့သည်။ ဟသံတဘက်သို့ ဆွေမျိုးများနှင့် အလည်အပတ်သွားရာ တာရိုးပေါ်တွင် လမ်းလျှောက်၍မရ၊ လေတိုက်ကြမ်းသဖြင့် ယိုင်ထိုးနေကာ သွားလာ၍ မရပါ။ အင်အားနည်းပြီး ပိန်လှီချည့်နဲ့နေပါသည်။

မိမိတို့ငယ်စဉ်က ယခုကဲ့သို့ ပုဂ္ဂလိကဆေးခန်းများ ရပ်ကွက်အတွင်း မရှိပါ။ ရန်ကုန်ပြည် ရွှေဘုံသာလမ်း(ယခင်အခေါ် မဂိုလမ်း)တွင်သာ ဆေးခန်း တစ်ခန်း၊ နှစ်ခန်း ရှိသည်ဟု ထင်ပါသည်။ မိမိအနေဖြင့် ၄င်းဆေးခန်းများတွင် ပြသနိုင်သည့်အဆင့် မရှိပါ။ မြို့နယ်တွင်တော့ နိုင်ငံတော်အစိုးရ ဒေသန္တရဆေးခန်း ရှိပါသည်။ မိမိသည် မိမိရောဂါအား မြို့နယ်ဒေသန္တရဆေးခန်းသို့ သွားရောက်ပြသပါသည်။

သက်ဆိုင်ရာ ဆရာဝန်မှ ဆေးလိပ်သောက်သလား၊ ချောင်းဆိုးသလား၊ တီဘီမျိုးရိုးရှိသလားမေးပါသည်။ မိမိအနေဖြင့် ချောင်းမဆိုးပါ၊ ဆေးလိပ်လည်း မသောက်ပါ။ အမေနှင့် အဖေတို့တွင်လည်း တီဘီရောဂါ မရှိပါဟု ဖြေကြားခဲ့ပါသည်။ ဆရာဝန်အနေဖြင့် သွေးစစ်ခြင်း၊ သလိပ်စစ်ခြင်းများ ပြုလုပ်စေရန် နောက်တစ်ပတ် ရက်ချိန်းပေးလိုက်ပါသည်။

မိမိသည် မြို့နယ်ဒေသန္တရဆေးခန်းမှ အိမ်သို့ အပြန်လမ်းတွင် စဉ်းစားတွေဝေခြင်းများ ဖြစ်ခဲ့ရပါသည်။ မိမိသည် အမှန်ပင် တီဘီရောဂါ ဖြစ်နေပြီလား၊ တီဘီရောဂါ မဟုတ်ပါက မည်သည့်ရောဂါ ဖြစ်နေသနည်း။

မိမိ အိမ်ပြန်ရောက်သည့်အခါ မွေးမိခင်ကြီးအား အကျိုးအကြောင်း ပြောပြပါသည်။ မိခင်ကြီးသည် ၄င်း၏သားအား မြန်မာတိုင်းရင်းသမားတော်ကြီးနှင့် ကုသစေလိုလှသည်။ ယခင်ကလည်း တိုက်တွန်းခဲ့ပါသည်။ ယခုအခါတွင် အခါအခွင့်ကလည်းသင့်၊ မိခင်ကြီးကလည်း ထပ်မံတိုက်တွန်း မိမိကလည်း ပြသလိုစိတ်ရှိသဖြင့် စမ်းချောင်းမြို့နယ်၊ လင်းလွန်းလမ်းတွင်နေသော မြန်မာသမားတော်ကြီး ဦးသိန်းအောင်ထံ ပြသ၍ ကုသရန် ရောက်ရှိခဲ့ရပါသည်။

ဆရာကြီးဦးသိန်းအောင်မှ မိမိ၏ အခြေအနေများအား ပြည့်စုံစွာမေးမြန်းပြီး မျက်ခွံအောက်ပိုင်းလှန်၍ မျက်စိအား စမ်းသပ်ခြင်း၊ လျှာအား စမ်းသပ်ခြင်း၊ ဆီးအား စမ်းသပ်ခြင်း၊ သလိပ်စစ်ဆေးခြင်းများ ပြုလုပ်ပြီး လက်နှစ်ဖက်ကို ကိုင်စမ်းသပ်ခြင်း ပြုလုပ်၍-

'ကောင်လေး..မင်းမှာ အပူတစောစောတော့ များနေတယ်။ အချိုလုံးဝမစားပါနဲ့။ အအေးစားပါ။ အအေးဓာတ် ကဲပေးပါ'

'ဟုတ်ကဲ့ပါ ဆရာကြီး'

www.burmeseclassic.com

www.burmeseclassic.com

'မင်းအိမ်ဟာ ကြမ်းခင်းလား၊ သမံတလင်းခင်းလား'

'သမံတလင်းခင်းပါ ဆရာကြီး'

'အိမ်း..အဲဒါဆို အိမ်မှာနေရင် ဖိနပ်မစီးပါနဲ့။ အိမ်ရောက်ရင် လင်ပန်းထဲမှာ ရေထည့်၊ ခြေဝါးနှစ်ဖက်စလုံး ရေစိမ်ပေးပါ။ မနက်တစ်ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ တစ်ကြိမ် (၁)နာရီခန့် ရေစိမ်ပေးပါ။ (၃)ရက် ဆက်တိုက်လုပ်ပါ။ မနက်,ည ရေချိုးပါက ခေါင်းလောင်းချိုးပါ'

ဆရာကြီးက ဆက်လက်၍-

'ဆေးကတော့ နွက်မြက်သစ်ပင် ဆေးဖက်ဝင်တဲ့။ မင်း ကြားဖူးရဲ့လား'

'ဟုတ်ကဲ့၊ ကြားဖူးပါတယ် ဆရာကြီး'

မိမိမှာ စာဖတ်ဝါသနာပါသဖြင့် မြန်မာ့ရေမြေတောတောင်မှ ရရှိသည့် ဆေးဖက်ဝင်အပင်များ၊ သစ်သီးသစ်ရွက်များ၏ စွမ်းပကားများအကြောင်း ဖတ်ဖူး၊ မှတ်ဖူးသဖြင့် ဆရာကြီးအား ယခုကဲ့သို့ ဖြေကြားခြင်း ဖြစ်ပါသည်။

'ဒီလိုဆိုရင် မင်းအိမ်အပြန် ကြည့်မြင်တိုင်ဘူတာ ရထားလမ်းဘေးတစ်လျှောက် လမ်းလျှောက်သွား။ ရထားလမ်းဘေးတစ်လျှောက်မှာ ပေါက်နေတဲ့ ကုန်းထိကရုံးပင် (ခြေနှင့်ထိလိုက်လျှင် အရွက်များ အိပ်သွားတဲ့အပင်)များကို ရေဖလားတစ်လုံးခန့် ခူးသွားပါ။ အိမ်ရောက်ရင် လက်တစ်ဆုပ်ခန့်ကို ရေနဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်ပါ။ တစ်နေ့(၃)ကြိမ် နံနက်၊ နေ့လယ်၊ ည (၃)ရက်ဆက်သောက်ပါ။ ပြီးတော့ ငါ့ကို အကြောင်းပြန်။ ဒါပဲ'

ဆရာကြီး၏ စမ်းသပ်ချက်၊ ညွှန်ကြားချက်၊ ကုသချက်များမှာ ပြတ်သားတိကျလှသဖြင့် မိမိ အံ့သြရပါသည်။ ဆရာကြီးအိမ်မှ အပြန်တွင် ကြည့်မြင်တိုင်ရထားဘူတာလမ်းဘေးရှိ ကုန်းထိကရုံးပင်များအား ခူးခဲ့ပါသည်။ အိမ်တွင် ဆရာကြီး၏ ညွှန်ကြားချက်အတိုင်း နေထိုင်ခဲ့ပြီး ဆေးကျိုချက်သောက်ခဲ့ရာ (၃)ရက်အတွင်း ရောဂါသိသိသာသာ ပျောက်ကင်းခဲ့ပါသည်။ ဆီးမှာလည်း အဖြူရောင် ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိသွားပါသည်။ စားကောင်း အိပ်ပျော်၍ ကျန်းမာရွှင်လန်းသွားပါသည်။

မိမိသည် မြန်မာသမားတော်ကြီး ဦးသိန်းအောင်အား ကျေးဇူးတင်မဆုံးတော့ပါ။ မိမိဘဝတွင် ထူးမခြားဆုံး ကြုံတွေ့ရသောရောဂါအား မြန်မာ့တိုင်းရင်းဆေးဆရာကြီး၏ အစွမ်းဖြင့် ပျောက်ကင်းချမ်းသာသဖြင့် ဝမ်းသာပီတိဖြစ်ရပါသည်။ ဆရာကြီးအား ရောဂါပျောက်ကင်းမှု အခြေအနေအား ဝမ်းသာပီတိဖြင့် အကြောင်းပြန်ခဲ့ပါသည်။ ဆရာကြီးအား လက်အုပ်ချီမိုး ရှိခိုးကန်တော့ခဲ့ပါသည်။ ဆရာကြီးသည် မိမိထံမှ ဆေးဝါးကုသမှု အဖိုးအခ မယူခဲ့ပါ။

မိမိသည် ငယ်စဉ်ကလေးဘဝကတည်းက မြန်မာတိုင်းရင်းဆေးများဖြင့်ပင် ကြီးပြင်းခဲ့ရသော မိမိ၏ဘဝအား ကြည်နူးဝီတိ ဖြစ်ခဲ့ရပါသည်။ ဤသည်ဆိုသော အကြောင်းတရားများကပင် မိမိအား မြန်မာ့တိုင်းရင်းဆေးလောကသို့ တွန်းပို့ခဲ့သည် မဟုတ်ပါလော။ မြန်မာ့တိုင်းရင်းဆေးသမားတော်ကြီးများ၏ တတ်ကျွမ်းနားလည်မှု၊ သီလ၊ သမာဓိ၊ ဉာဏ်ပညာဂုဏ်တို့အား လေးစားဂုဏ်ယူမိပါသည်။

ကတိသစ္စာ၊ တည်သောခါမူ၊
သြဇာလေးနက်၊ ပေါ်ဆီတက်၍၊
နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏..

ဟူသော မြန်မာသမားတော်ကြီးများ၏ အဆိုအမိန့်အား ဦးထိပ်ထားလျက် မြန်မာ့သမားတော်ကြီးများအား ပူဇော်ကန်တော့ရပါသည်။

ရွှေတိုင်-ခင်မောင်ထွေး

(တာဆ-၂၂၃၇)

www.burmeseclassic.com

ဝမ်းကြိုး
(ကျမ)

ငါးပါးသီလ မြဲကြသော
မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့
အကြောင်း

လူသက်မမြဲ၊ ကျမ်းကခွဲ၊
မြဲသည့်ကျွန်းရှိ၊
ဘာကြောင့်နည်း။

ကျည်းကန်ရှင်ကြီးသည် အထက်ပါ မေးခွန်းကို ထုတ်ဆိုလိုက်သည်။

ဤမေးခွန်းကို ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးက 'ဓမ္မဒီပ်ကျွန်းသည်သာလျှင် လူအစစ်ဖြစ်သည်။ အခြားကျွန်းသားတို့ကား သဒိသူပစာရဖြင့်သာ လူမည်သတည်း' ဟု ဖြေဆိုလိုက်သည်။

နိုင်ငံတော် ပိဋကတ်ပညာရှင်ကြီးတစ်ဆူဖြစ်တော်မူသော ကျီးသဲလေးထပ်ဆရာတော်ကြီး၏ အထက်ဖော်ပြပါ အဖြေစကားကို ထောက်ထား၍ ဓမ္မဒီပါ လက်ယာတောင်ကျွန်း နိမိတ်ဩဘာထွန်းဆိုသည့် စာရေးသူတို့ တောင်ကျွန်းတွင်သာ လူစစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

မြောက်ကျွန်းသူ မြောက်ကျွန်းသားတို့သည် လူသားစစ်စစ်ဟုတ်ကြကြောင်း သိရှိခွင့်ရလိုက်ကြပေသည်။

ထိုအခါ မြောက်ကျွန်းသူ မြောက်ကျွန်းသား ဆိုသည်အဘယ်ကဲ့သို့ ရှိကြမည်နည်း။ သူတို့အကြောင်းကို ဆရာဦယသုတ်ဦးကာဠ အောက်ပါအတိုင်း ဖွင့်ဆိုထားသည်။

၄င်းကျမ်းမူအတိုင်း တင်ပြပေးရပါလျှင် မြောက်ကျွန်းနေထိုင်ကြကုန်သောသူတို့သည် မျက်နှာပုံသဏ္ဌာန်အားလေးထောင့်အင်းပြည့်ပုံသဏ္ဌာန်ရှိ၏။ ငါးပါးသီလသူတစ်ပါးတို့၏ အသားများကို မစားကြချေ။ အသက်ရှည်အခြားကား တစ်ထောင်အမြဲနေရ၏။

ထိုမြောက်ကျွန်း၌ နေထိုင်ကြသောသူတို့သည် အထူးအားဖြင့် အိမ်ရာဆောက်လုပ်ခြင်းမရှိ၊ သုံတို့၏ ကောင်းမှုဒါနကြောင့် သစ်ပင်တို့သည် အိမ်ခန်းနေရာကဲ့သို့ရှိ၏။ အကြင်သစ်ပင်၌ ချမ်းသာစွာ နေထိုင်ကြရ၏။ လူမနေသော အရပ်လည်း အသီးအပွင့်နှင့်ပြည့်စုံသော သစ်ပင်တို့သည်ကောင်းစွာပေါက်ရောက်ကုန်၏။ ရေရှိရာအရပ်တို့သည်း ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိက် စသည်တို့ဖြင့် ပြည့်စုံထက်ဝန်းကျင်၌ အနံ့တကြိုင်ကြိုင် သင်းပျံ့လှိုင်၏။

ထိုမြောက်ကျွန်းသူတို့သည် ခြောက်ပါးသောအပြစ်ကင်းပျက် အသက်အရွယ်၊ အဆင်းသဏ္ဌာန်၊ ကြွန်အင်အားနှင့် ပြည့်စုံလျက် နတ်သားနတ်သမီးအဆင်းကဲ့သို့၏။ ထိုကျွန်းသူတို့သည် ကုန်သွယ်၊ လယ်လုပ်ခြင်းတို့ကို မပြု။ အလိုလိုသာဖြစ်သော နမသလေးဆန်းမြေးထင်းနှင့် မချက်။ ဓောထိပါသဏမည်သောကျေးသုံးလုံးတို့ကို ဖိုခုံလောက်ပြု၍ ရွှေဖြင့်ပြီးသောအိုးဖြင့်လေးဆန်ကို ထည့်ပြီးလျှင် ၄င်းကျောက်သုံးလုံး၏ တည်ထားလိုက်၏။ ခဏမျှကြာသောကာလတွင် ကျောက်မှ မီးသည် ကျက်၍ ထိုကျက်သော အစာကိုသာ စားကုန်၏။ သားငါးအမဲဟင်းလျာတို့ကို စားသောက်ခြင်းမရှိချေ။

နမသလေးဆန်နှင့်တူသော သြဇာအာဟာရတို့သည် သြဇာနှင့် အတူရှိကုန်၏။ ထိုအစာကို စားသောသူတို့သည်လည်း မွန်မြတ်သောအရသာစိတ်တို့သာ ဖြစ်ကုန်၏။ ထိုကျွန်းသူတို့အား ခပ်သိမ်းသော နူနာ၊ ဝဲ၊ မွေး၊ ကင်းတိပ်မှစ၍ ရောဂါအနာမျိုးတို့သည် တစ်စုံတစ်ယောက်ပြီး ထိုကျွန်းနေသူတို့သည် လိုချင်ခြင်း၊ တပ်မက်မောခြင်း၊ ဝန်တိုခြင်း စသောလောဘ၊ ဒေါသ၊ မောဟ မကောင်းမှုတရားတို့သည် မရှိကုန်။ မိမိတို့အရပ်သို့ ရောက်လာသောသူတို့အား ပေးကမ်းလှူဒါန်းလေ့ရှိ၏။ တန်ခိုးကြီးသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တို့သည် ကြွတော်မူလာ၍ ဆွမ်းရပ်တော်မူကုန်၏။

မြောက်ကျွန်း နေသူတို့သည် လောဘ,ဒေါသ မရှိ၊ ပကတိသဘောအားဖြင့် ငါးပါးသောပဉ္စသီလ အမြဲတည်၏။ ထို့ကြောင့် ထိုကျွန်းသားတို့သည် ကုန်းခြင်း၊ ကွခြင်း၊ အခြင်း၊ ဆွဲခြင်း၊ ကောက်ခြင်း၊ ခွင်ကြီး၊ ကန်းခြင်း၊ ကျိုးခြင်းမှစ၍ အင်္ဂါချို့တဲ့ခြင်းတို့ မရှိကုန်။ မြောက်ကျွန်းသူမိန်းမတို့သည်လည်း မနိမ့်မမြင့်၊ မဖြူလွန်း၊ ရွှေအဆင်းကဲ့သို့ နတ်သမီးနှင့်အတူ အလွန်ရွှဖွယ် ရှိကုန်၏။ ရှည်သောလက်ချောင်း,ခြေချောင်း၊ နီသော လက်သည်း,ခြေသည်း၊ မရှည်သော သားမြတ်၊ ငယ်သော ဝမ်းလုံး၊ သေးသောခါး၊ စေ့စပ်သော ပေါင်၊ ငယ်သော အင်္ဂါဇာတ်၊ ငယ်သော မြင်းခေါင်း၊ ကျယ်သော ရင်ဘတ်၊ ပြေပြစ်သော အဆစ်၊ သေးသော အရိုး၊ ဖြူစင်သော သွား၊ နက်သော ချက်၊ လပြည့်ဝန်းကဲ့သို့ မျက်နှာ၊ ကြည်လင်သော မျက်စိ၊ ပိတုန်းရောင်အဆင်းနှင့်တူသော ဆံပင်၊ ဝါဂွမ်းကဲ့သို့ မျက်နှာ၊ နူးညံ့သိမ်မွေ့သော ကိုယ်၊ မထူသော အမွေး၊ ညီညွတ်သော ဥတု၊ ပြေပြစ်သော စကား၊ အထူးထူးသော တန်ဆာတို့နှင့် ပြည့်စုံသည်ဖြစ်၍ (၁၆)နှစ်ခန့်အရွယ်သာ ရှိကုန်သည်။ ယောကျ်ားတို့လည်း အသက်(၂၀)အရွယ်သာ ဖြစ်ကုန်၏။

ထိုမြောက်ကျွန်းသားတို့သည် လင်မယားကိစ္စ၌ ခုနစ်ရက် တစ်ကြိမ်ဖြစ်သော လင်ကာမဂုဏ်ချမ်းသာကို ခံစားမွေ့လျော်ကုန်၏။ ထိုမှတစ်ပါးသောရက်တို့၌ တပ်မက်ခြင်းကင်းကုန်သဖြင့် ချမ်းသာစွာနေကြရကုန်၏။ ခုနစ်ရက် တစ်ကြိမ်တိုင်လျှင် မိမိတို့ လင်ဟောင်းကိုသာ တပ်စွဲမ်းသောစိတ်ဖြစ်၍ ကိုယ်ဝန်ဆောင်ခြင်း၊ သားမွေးခြင်းတို့၌ ပင်ပန်းဆင်းရဲခြင်းမရှိ ချမ်းသာစွာ ဖွားရကုန်၏။ မွေးကင်းစသူငယ်တို့သည်လည်း ရွှေရုပ်သွန်းသကဲ့သို့ အညစ်အကြေး၊ အမွေးစသည်တို့သည် မလိမ်းကျံသည်ဖြစ်၍ အလွန်လျှင် သန့်ရှင်းစင်ကြယ်တင့်တယ် ချမ်းသာစွာ ဖြစ်ကုန်၏။

အမိတို့သည် သူငယ်တို့ကို မွေးဖွားရာအရပ်၌ ထားခဲ့ကာ ငဲ့ကွက်ခြင်း ကင်းသည်။ ထိုအရပ်၌ တွေ့မြင်ကြသောယောကျ်ား၊ မိန်းမတို့က ထိုသူငယ်ကိုမြင်လျှင် မိမိတို့၏ လက်ချောင်းကို သူငယ်အား နို့အမှတ်ဖြင့် စို့စေသည်။

www.burmeseclassic.com

သူငယ်တို့၏ ကံအစွမ်းကြောင့် လက်ချောင်းက နို့ရည်ယို ထွက်၍ သောက်ရသဖြင့် ကြီးကြရလေသည်။ ထိုသို့ကြီး လာသည့်အခါ သူငယ်မဖြစ်လျှင် မိန်းမတို့ထံ ကပ်ကြကုန်၏။ သူငယ်ဖြစ်လျှင်လည်း ယောကျ်ားတို့ထံ ကပ်ကြကုန်၏။ ထိုမြောက်ကျွန်း၌ နေကုန်သော သူတို့၏ ဝတ်ဆင်ရန် အဝတ်တန်ဆာတို့သည် ပဒေသာပင်၌ ဖြစ်ကြကုန်၏။ အထူးထူးအပြားပြား ဆန်းကြယ်သော ခြူးပန်းခြူးနွယ်တို့ဖြင့် ဝတ်ဆင်ရန် ဥကွောင်းတန်ဆာ၊ ခြေတန်ဆာတို့သည် ရတနာအတိုပြီးသဖြင့် ပဒေသာပင်၌ ဆွဲလျက်ရှိကုန်၏။ မြောက်ကျွန်းသူမိန်းမ ဝတ်ဆင်ရန်ကား ထိပ်အုပ်ချုပ်ပန်း၊ နားဆွဲငှေ့၊ လက်ကြပ်၊ လက်ကောက်၊ ခြေချင်း၊ ခါးစည်း၊ ရင်ဖွဲ့အင်္ကျီ၊ ထဘီ၊ ရွှေခြည်၊ သင်တိုင်း၊ ဘယက်တန်ဆာ၊ ဒွါဒရာတို့သည် ပတ္တမြား၊ စိန်၊ ရွှေတို့ဖြင့် ပြိုးပြိုးပြက်သော အရောင်တို့ဖြစ်စေကာ ပဒေသာပင်တို့၌ တွဲဆွဲထားလျက် အဆင်သင့် ရှိနေတတ်ကြသည်။

ထိုမှတစ်ပါး၊ တိရိစ္ဆာန်အပ်သော နတ်စောင်း၊ နတ်ညှင်း မှစ၍ တူရိယာအမျိုးမျိုးတို့ကိုလည်း ပဒေသာပင်တို့၌ပင် အဆင်သင့် တည်ရှိနေတတ်ကြပြန်သည်။ ထိုပဒေသာပင်မှ တစ်ပါး များစွာသောသစ်ပင်တို့၌ မြိန်မြတ်သော အရသာနှင့် ပြည့်စုံကုန်သော သစ်သီးကြီး,ငယ်တို့လည်း သီးနေတတ်ကြသည်။ ထိုအသီးကို စားရသဖြင့် ခုနစ်ရက်ပတ်လုံး နှလုံးမွေ့လျော်ဖွယ် ရှိကုန်ကြရသည်။ ရေပန်း၊ ကျည်းပန်း တို့ဖြင့် သာယာလှပသော ရေကန်၊ မြစ်ဆိပ်တို့လည်း တည်ရှိနေကြသည်။

ထိုမြောက်ကျွန်း၌ လူတို့ သေသည်ရှိသော် စိုးရိမ်ငို ကြွေးခြင်းတို့ မရှိကြချေ။ သေနေသော အလောင်းကို ကောင်းမွန်စွာတန်ဆာဆင်၍ ထားကုန်၏။ ထိုသို့ထားသော ခဏ၌ လူသေကောင်ကို ချိုပို့ပေးသော ငှက်ကြီးတို့ ရောက်လာ၍ အလောင်းကို ချီသွားပြီး မဟာသမုဒ္ဒရာအတွင်းသို့ ပစ်ချလိုက်လေသည်။ ထို့ကြောင့် မြောက်ကျွန်းတွင် သုသာန်သချိုင်းမရှိ၍ မစင်ကြယ်သော အညစ်အကြေးတို့ မရှိကုန်။ မြောက်ကျွန်း၌ ကွယ်လွန်အနိစ္စရောက်ကုန်သောသူတို့သည် အပါယ်လေးဘုံတို့၌ မရောက်ကြချေ။ တာဝတိံသာ နတ်ပြည်၌လည်းကောင်း၊ မိမိတို့နေရာ မြောက်ကျွန်း၌လည်း ပြန်လည်ဝင်စားတတ်သည်။

ထိုမြောက်ကျွန်း၌ ဖြုတ်၊ ခြင်၊ ယင်၊ မြွေ၊ ဖား၊ သစ်ကျား စသောသားရဲတိရစ္ဆာန်တို့ ရန်အန္တရာယ်များ မရှိဟု သိရပြန်သည်။ အခါခပ်သိမ်း ဥတုသုံးပါး၌ အချမ်း၊ ကင်းသောကြောင့် ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဝမ်းနာခြင်း စသောရောဂါဝေဒနာ တစ်စုံတစ်ခုမျှ မရှိကုန်ဟု သိရပြီး မြောက်ကျွန်းသူမြောက်ကျွန်းသားတို့မှာ သက်တမ်းတစ်ထောင်ရှိမှသာ သေအနိစ္စရောက်ကြရသည်။ မြောက်ကျွန်းသူ မြောက်ကျွန်းသားများသည် သီလမြဲသောကြောင့် တစ်ပါးသော ကျွန်းသူသားတို့ထက် ရုပ်ရည်လှပကြသည်။

၄င်းကျွန်းတွင် ဆန်းကြယ်သော သစ်ခက်တို့သည်လည်းကောင်း၊ ဆန်းကြယ်သော သစ်ပင်တို့လည်းကောင်း တည်ရှိနေသည်။ ၄င်းသစ်ပင်တို့မှာ ထိုကျွန်းသူကျွန်းသားအား နေထိုင်ခြင်းကိစ္စကို ပြီးစီးစေသည်။ ဆန်းကြယ်သော သစ်သီးတို့လည်း သီးစေသည်။ ရေ၌လည်း ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာပဒုမ္မာ၊ ကြာပုဏ္ဍရိက်တို့လည်း ပေါက်လျက် အမြဲရနံ့ကြိုင်လှိုင်စေသည်။ ကျွန်းသူကျွန်းသားသည် နိမ့်၊ မြင့်၊ ကြဲ၊ ဆူ၊ မည်း၊ ဖြူ၊ သန့်ရှင်း ခြောက်ကင်းသော လုံးရပ်သဏ္ဌာန် ကြန်အင်္ဂါလက္ခဏာတို့လည်း ပြည့်စုံစေသည်။ ထက္ကလုံလ,ဝီရိယဖြင့် အားထုတ်ပြုလုပ်ရသော လယ်ယာလှုပ်ကိုင်ခြင်း၊ ကုန်သွယ်ရောင်းအလုပ်မျိုးလည်း မရှိကြသလို အာဟာရအတွက် ရှာဖွေခြင်းလည်း မရှိကုန်။ ပစ္စည်းဥစ္စာကို သိမ်းဆည်းကြရက်ခဲ့ကွာလည်း မရှိကုန်။ ထို့ကြောင့် ကျွန်မိန်းမ၊ ကျွန်ယောကျ်ားစသဖြင့် အမှုလုပ်ကိုင်သောသူတို့လည်း မရှိကုန်။ အရှင်အပူ၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူမှအစ ကိုက်ခဲနှိပ်စက်တို့မှလည်း ကင်းဝေးကြရသည်။

ထိုမြောက်ကျွန်း၌ အချမ်း၊ အပူ၊ မျှတသောဥတုသည်။ တစ်စုံတစ်ယောက်သောသူကို သတ်ဖြတ်သည်ခြင်း မရှိကြကုန်။ ထင်းမပါဘဲကျက်သော သလေးဆန်သည် စင်ကြယ်သန့်ရှင်း၍ ကောင်းသောအနံ့အရသာသည်။ ထိုဆန်တို့ကို အိုးကင်းသောမီးတို့ဖြင့် ကျက်ရသည်။ မြောက်ကျွန်း၌ ဓောတိကမည်သော ကျောက်လည်း ရှိကုန်သည်။ ထိုဓောတိကကျောက်သုံးလုံးကို ခုံလောက်ပြုပြီး ထမင်းအိုးကို တင်ထားလျှင် အကျောက်တို့မှ မီးတို့သည် ထ၍တောက်လောင်ကုန်ကြောင့် သလေးဆန်တို့မှာ ကျက်ခြင်းအဆင့်ကို ရောက်ကြရကုန်သည်။

တစ်ပါးသော ဟင်းလျာ၊ လက်သုပ် စသည်တို့

www.burmeseclassic.com

www.burmeseclassic.com

ကြကုန်။ ထိမင်းစားသောအခါ၌ မိမိတို့ဆန္ဒအားဖြင့် ဆောင့်တကုန်သော ဟင်းလျာ၊ လက်သုပ်၊ အကြော်အလှော်အမျိုးမျိုးတို့ကို စားကြရကုန်သည်။ မြောက်ကျွန်းသူမြောက်ကျွန်းသားတို့သည် နတ်ဩဇာကဲ့သို့ ဟင်းလျာတို့သော စားကုန်သောကြောင့် ကုဋ္ဌနုနာ စသည်တို့မှ ကင်းကြကုန်သည်။ ထိုကျွန်းသူကျွန်းသားတို့သည် ရောက်ကုန်သော အလှူခံပုဂ္ဂိုလ်တို့ကို ပေးကမ်းစွန့်ကြဲကြကုန်သည်။ ဣဿမစ္ဆရိယ မရှိကုန်။ ပစ္စေကဗုဒ္ဓါတို့သည်လည်း အနိုးဖြင့်ကြွ၍ ဆွမ်းခံကြကုန်သည်။

မြောက်ကျွန်းသူ မိန်းမတို့သည်လည်း ခြောက်ပါးသောအစွဲတို့မှ ကင်းရှင်းကုန်သည်။ ထိုမိန်းမတို့၌ ရှည်၍သေသွယ်သော လက်ချောင်းတို့၌ နီမြန်းသောလက်သည်းလည်း ရှိကုန်သည်။ မရှည်၊ မတိုသော သားမြတ်တို့လည်း ရှိကုန်သည်။ ခါးသေး၍ ရင်ချီသောကိုယ်လည်း ရှိကုန်သည်။ လပြည့်ဝန်းကဲ့သို့ ဝိုင်းဝန်းလျက်ကြည်လင်သောမျက်နှာလည်း ရှိကုန်သည်။ သမင်မျက်စိကဲ့သို့ ကြည်လင်တောက်ပသောမျက်လုံး၌ ရှည်၍ ကော့သောမျက်တောင်တို့သည်လည်း ရှိကုန်သည်။ နူးညံ့သောဆံလည်း ရှိကုန်သည်။ မကြေသောသွားလည်း ရှိကုန်သည်။ နက်သောချက်လည်း ရှိသည်။ ငယ်သော မြင်းခြေးလည်း ရှိသည်။ နက်၍ ရှည်လျက် အဖျားကော့သောဆံတို့လည်း ရှိကုန်သည်။ အလွန်မထူလွန်းသော ညီညာသော အမွေးတို့လည်း ရှိကုန်သည်။

ထိုအမွေးတို့သည် ဥတုသဗ္ဘာယ ညီမျှခြင်းကြောင့် နူးညံ့သိမ်မွေ့ချောမွတ်၍ အညစ်အကြေးတို့မှ ကင်းစင်ကုန်သည်။ ထိုကျွန်းသူကျွန်းသားတို့သည် အထူးထူးအပြားပြားသော အရပ်တို့ကို လှည့်လည်လျက် သွားလာနေထိုင်ကြကုန်သည်။ မြောက်ကျွန်းသူတို့သည် အနှစ်တစ်ထောင် အသက်အရွယ်တိုင်အောင် နေထိုင်ကြသော်လည်း ကြည့်လျင် တစ်ဆယ့်ခြောက်နှစ်အရွယ်ပင် ရှိမည်ဟုသာ ထင်ရပေသည်။ ယောကျ်ားတို့မှာလည်း အသက်နှစ်ဆယ်နှစ်ခန့် အရွယ်မျှဟုသာ ထင်မှတ်ကြရလေသည်။

သားတို့သည် အဓိ၊ မိဒ္ဓေး၊ မိကြီး စသည်တို့၌ တဏှာတပ်မက်ခြင်းမှ ကင်းကုန်ကြသည်။ ဤကား သူတို့၏ အထောပေတည်း။ ထိုကျွန်းသူကျွန်းသား မိန်းမတို့သည် ရှည်၊ နတ်ပြည်တို့၌ ကျင်လည်၍သာလျှင် ကာမဂုဏ်ကို ခံလျက် နေကြကုန်သည်။ အချို့သောသူတို့သည်လည်း ရာဂကင်းကုန်သကဲ့သို့ ချမ်းသာစွာ နေလေ့ရှိကုန်သည်။ မြောက်ကျွန်းသူတို့သည် ကိုယ်ဝန်ဆောင်ရခြင်း၊ မွေးဖွားရခြင်းအားဖြင့် ဤစာရေးသူတို့ တောင်ကျွန်းရှိ မိန်းမများကဲ့သို့ ဒုက္ခမများချေ။ မွေးဖွားသောအခါ၌ ရက်တက်ရည်ပင်မှ ရက်တက်ရည်ယိုသကဲ့သို့လည်းကောင်း၊ ရေကရားမှ ရေကို သွန်လိုက်သကဲ့သို့လည်းကောင်း အလွန်ပင်လွယ်ကူလှသည်ဟု ဆိုကြ၏။

မွေးဖွားသောကလေး၌ အမိ၏ဝမ်းတွင်းမှ ကြေးကွေ့တို့သည်လည်း မကပ်ငြိကုန်။ အမိသည် သားသမီးတို့ကို မွေးဖွားပြီး ထိုမွေးဖွားသော အရပ်၌ပင်လျှင် ငဲ့ကွက်ခြင်းမရှိဘဲ အခြားတစ်ပါးသို့ ထွက်ခွာသွားကြကြောင်းကို အထက်တွင် ပြဆိုခဲ့ပေပြီ။ တခြားပုဂ္ဂိုလ် မြောက်ကျွန်းသူကျွန်းသားတို့က ထိုမွေးခါစကလေးကို အိပ်နေသည်ဟုမြင်လျှင် မိမိတို့ လက်ချောင်းကို စုပ်စေသည်။ ထိုလက်ချောင်းတို့မှ ကလေးတို့၏ ကံအဟုန်ကြောင့် နို့ရည်တို့ ထွက်ကြရသည်။ ဤသို့သောနည်းဖြင့် သူငယ်တို့အား မျှတစေလျက် ကြီးထွားခြင်းသို့ ရောက်ကြရကုန်သည်။

ထိုကဲ့သို့ တစ်စ,တစ်စ ကြီးထွားလာသောအခါ၌ မိန်းမများဖြစ်လျှင် မိန်းမအဖော်ရှိရာသို့၊ ယောကျ်ားဖြစ်လျှင် ယောကျ်ားအဖော်ရှိရာသို့ ကပ်ကြကုန်သည်။ အဝတ်တန်ဆာတို့ကိုလည်း ပဒေသာပင်မှဖြစ်သော အဝတ်တန်ဆာတို့ကိုသာ အသင့်ဝတ်ဆင်ကြရပြန်သည်။ ထိုအဝတ်တို့ကား ဆန်းကြယ်ကုန်လျက် နူးညံ့သိမ်မွေ့ကုန်သည်။ ဝတ်ရုံရာ၌လည်း သုခသပ္ပဿရှိကုန်သည်။ အရောင်အဆင်းတို့နှင့် ပြည့်စုံကုန်သော ရတနာတို့လည်း မြွေးယှက်အပ်ကုန်သည်။ ခြူးပန်းခြူးနွယ်တို့ဖြင့် ဆန်းကြယ်စွာသော ခေါင်း၌ဆင်အပ်သောတန်ဆာ၊ လည်၌ဆင်အပ်သောတန်ဆာ၊ လက်၌ဆင်အပ်သောတန်ဆာ၊ နား၌ဆင်အပ်သော တန်ဆာတို့သည်လည်းကောင်း၊ ခြေ၌ ဆင်အပ်သော ခြေကျင်း၊ ဖိနပ် အစရှိသည်တို့လည်း အလုံးစုံ ရွေဖြင့်ပြီးကုန်လျက် ထိုပဒေသာပင်၌ တွဲလောင်းရှိကုန်ကြသည်။

ထို့အတူ စောင်း၊ ညှင်း၊ မုရိုးစည် စသောတူရိယာငါးပါးတို့သည်လည်း ထိုပဒေသာပင်၌ပင် တွဲလောင်းရှိနေကြကုန်သည်။ မြောက်ကျွန်းမှ သစ်သီးတို့ကား အိုးလုံးခန့်မျှကြီး၍ အလွန်ချိုမြကုန်သည်။ တစ်ခါစားလျှင် ခုနစ်ရက်မျှ ဆာလောင်မွတ်သိပ်ခြင်းကို တားမြစ်နိုင်၍ အာဟာရသိဒ္ဓိပြီးကုန်သည်။ မြောက်ကျွန်းရှိ မြစ်ချောင်းတို့၌ ရေတို့သည်

www.burmeseclassic.com

အလွန်ကြည်လင်ကြ၍ ရွှံညွန်တို့ မရှိရုံမက မြစ်ချောင်းရေတို့သည် အလွန်လည်းမအေး၊ အလွန်လည်းမပူကုန်ဘဲ ရှိကြသည်။ ရေ၌ ပေါက်ပွားကုန်သော ပန်းစသည်တို့မှလည်း မွေးကြိုင်သင်းပျံ့သော ရနံ့တို့ဖြင့် ကြိုင်လှိုင်စေသည်။ ရေအရောင်မှာ ရွှေရောင်ရှိပြီး အစဉ်မပြတ် စီးလျက်ရှိကုန်သည်။

စာရေးသူတို့ တောင်ကျွန်း၌ရှိသော ရေတို့မှာ မြအရောင်ရှိသည်။ အရှေ့ကျွန်း၌ကား ငွေအရောင်ရှိသည်။ အနောက်ကျွန်း၌ ဖန်အရောင်ရှိသည်။ ဤကား မြင်းမိရိတောင်မှထွက်သော အရောင်ကိုလိုက်၍ သစ်ပင်၊ တောတောင်၊ ပင်လယ်ရေတို့၏ အရောင်သည် ဖြစ်ပေါ်ရသည်ဟု ဆိုကြ၏။ မြောက်ကျွန်း၌ ဆူးပင်မရှိသကဲ့သို့ ကြမ်းတမ်းသောနွယ်ပင်များလည်း မရှိချေ။ စုန္ဒကူးတို့မှာလည်း မိမိအလိုလို အပင်မှဆီ၊ အမွေးတို့ ယိုစီးကုန်သည်။ မြောက်ကျွန်း နေသူတို့ ရေချိုးသောအခါ မြစ်ကမ်းပါးရေချိုးဆိပ်၌ ရေချိုးကြရသည်။ ထိုရေချိုးဆိပ် သင့်လျော်သော အရပ်၌ အဝတ်အစားတို့ကို ထားကြကုန်သည်။

ဤနည်းအားဖြင့် လာတိုင်း,လာတိုင်းသောသူတို့သည် ထိုအဝတ်ထားရာ အရပ်၌သာလျှင် အဝတ်အစားတို့ကို တစ်ပုံတည်းဆင့်၍ ထားကုန်သည်။ ပထမရေချိုးသောသူတို့ ရေချိုးပြီး တက်လာလျှင် မိမိတို့အဝတ် မဟုတ်ကုန်သော အထက်ဆုံးရှိ အဝတ်တို့ကို ယူ၍ဝတ်ကြသည်။ မြောက်ကျွန်းသူမြောက်ကျွန်းသားတို့၌ ဤသည်ကား ငါ၏အဝတ်၊ ဤသည်ကား သူတစ်ပါးတို့၏ အဝတ်ဥစ္စာဟု မရှိကုန်။ တစ်စုံတစ်ခုသောအကြောင်းကြောင့် တစ်ယောက်နှင့်တစ်ယောက် အငြင်းအခုံ၊ ခိုက်ရန်ဒေါသ၊ ဝိဝါဒဖြစ်ခြင်းတို့လည်း မရှိကုန်။

ထိုသူတို့တွင် ခုနစ်ရက်မျှ ကာမဘုံ၌ မွေ့လျော်လျက် ကစားမြူးထူးကြကုန်သည်။ ထို့နောက် ရာဂကင်းကုန်သကဲ့သို့ နေကြကုန်သည်။ ထိုသူတို့သည် သစ်ပင်ရင်း၌သာ အိပ်လို၏။ သစ်ပင်ရင်း၌ အိပ်ရာကိုရသည်။ သေသောအခါ၌လည်း မြောက်ကျွန်းသူမြောက်ကျွန်းသားတို့မှာ ငို ကြွေးခြင်း၊ စိုးရိမ်ခြင်း မရှိကုန်။ ထိုသေသောသူကို တန်ဆာဆင်၍ ပစ်ကြကုန်သည်။ မြောက်ကျွန်းမှ သေသောသူတို့သည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံတို့၌ မဖြစ်ကုန်။ မိမိတို့ခမ္မတာအားလျော်စွာ သီလ၏ အာနုဘော်ကြောင့် နတ်ပြည်၌သာလျှင် ဖြစ်ကုန်၏။ မြောက်ကျွန်းသူကျွန်းသားတို့သည် သီလမြဲ၍ ထိုသီလ၏ အာနုဘော်အားဖြင့် သက်တမ်းတစ်ထောင် နေကြရကုန်၏။

အထက်ဖော်ပြပါ အကြောင်းအရာ၊ အချက်အလက်များမှာ သာရတ္ထသင်္ဂဟ၊ အင်္ဂုတ္တရဋ္ဌကထာ၊ နဝနိပါတ်သတ္တဝါသဝဂ်တို့ထဲ၌ ပြဆိုထားမှုအတိုင်းပင် ဖြစ်သည်။

မိစ္ဆာပဟာနလောကောဘာသဒီပနီ (ခေါ်) လောကအလင်းပြကျမ်းတွင် ဆရာတော် ဦးသဒ္ဓမ္မသုဒဿနမြောက်ကျွန်းသူ ကျွန်းသားတို့ကို ဝေဖန်ဆွေးနွေးထားပြသည်။

၄င်းကျွန်းနေ ပုဂ္ဂိုလ်တို့မှာ သီလ၏ အဟုန်ကြောင့် အသက်တစ်ထောင်နေရသော်လည်း အမျိုးသမီးသည် (၁၀၀) နှစ်အရွယ်၊ အမျိုးသားသည် (၂၅)နှစ်အရွယ်ထက် မကြီးဘဲ အမြဲပျိုနေသည်။ တခြားကျွန်းသူ,ကျွန်းသားတို့ထက် ပိုမိုလှပသည်။ တူညီသော အင်္ဂါရုပ်နှင့်တကွ ခြောက်ပြောင်းသည်။

ကိုယ်အနေအထား တူညီနေသည်ဖြစ်၍ ရေချိုးဆိပ် အဝတ်ပုံမှ တွေ့ရာအဝတ် ယူဝတ်လျှင် အသင့်အတော်ဖြစ်သည်ဆိုရာ၌ ဖြစ်နိုင်သလောဟု တွေးတောဆင်ခြင်စရာ ကောင်းလှပေသည်။ ထိုအခါ မြောက်ကျွန်းသူတို့ ကျင့်သောသီလသည် အဘယ်မည်သော သီလပေနည်း။ မြန်မာဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာထဲတွင်မူ မြောက်ကျွန်း၌နေကုန်သော လူတို့၏ ငါးပါးသီလကို မလွန်ကျူးခြင်းသည် ပကတိသီလမည်ဟု ဖော်ပြထားသည်။ ဤတွင် ငါးပါးသီလလုံရုံမျှဖြင့် အထက်ပါအကျိုးတို့ကို ခံစားနိုင်ပါမည်လော။

ဘုရားအဆူဆူပွင့်ခဲ့သော စာရေးသူတို့ နေထိုင်ရာ တောင်ကျွန်း၌ ငါးပါးမက ရှစ်ပါး၊ ကိုးပါး၊ ဆယ်ပါးသီလများ ရှိနေသည်။ ကျင့်ကြံအားထုတ်သူတို့လည်း ရှိနေသည်။ မကျူးမလွန် တည်မြဲသောပုဂ္ဂိုလ်တို့လည်း ရှိနေသည်။ ငါးပါးလျက် အသက်တစ်ထောင်မနေရ၊ အမြဲ (၁၆)နှစ် (၂၅)နှစ်အရွယ် မနေရ။ အင်္ဂါရုပ် မတူ၊ လုံးရုပ်သဏ္ဌာန် မတူ၊ အလှ မတူ ဖြစ်နေရသည်။ သို့ဆိုလျှင် မြောက်ကျွန်း နေ ပုဂ္ဂိုလ်တို့မှာ ဗုဒ္ဓမြတ်စွာထက်ပင် သီလကောင်းမွတ်ထူးခြားနေသလောဟု မေးဖွယ်ရှိသည်။

လူသားမှန်သမျှသည် ဇာတိ၊ ဇရာ၊ ဗျာဒိ၊ မရဏတို့ကို လွန်ဆန့်နိုင်အံ့လော။ မြောက်ကျွန်းသူကျွန်းသားတို့သည် ခန္ဓာငါးပါး၊ ရုပ်နာမ်တရားနှင့် ကင်းသူများ မဟုတ်ကုန်သို့ဖြစ်လျှင် အသက်တစ်ထောင် နေရသည်ဆိုခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ပေါ်မည်လော။ ဓမ္မတာစကားကို သုံးစွဲကာ အားကိုးတစ်ခု ပြုခြင်းမှာ နက်ပြည်ရှိ လူမဟုတ်သူတို့အတွက်သာ သင့် လျော်ပေလိမ့်မည်။ လူမှန်လျှင် အသက်နှစ်ရာအောက်သာ နေနိုင်မည်ဟု ဗုဒ္ဓ၏ ဟောကြားချက်ကို စာရေးသူအနေဖြင့် ယုံကြည်မိသည်။

"အို..ရဟန်းတို့၊ လူတို့၏အသက်သည် နည်းလှ၏။ ကိုယ်တောင်းလှ၏။ တမလွန်ဘဝဆီသို့ လားလတ္တံ့။ ထို့ကြောင့် ကုသိုလ်ကို ပြုအပ်၏။ မြတ်သောအကျင့်ကို ကျင့်အပ်၏။ ပဋိသန္ဓေယူသောသူတို့မှာ မသေခြင်းမည်သည် မရှိ။

အို..ရဟန်းတို့၊ ရှည်မြင့်စွာ အသက်ရှင်၏ဟု ဆိုအပ်သော်သည်း အနှစ်တစ်ရာမျှသာ ၄င်းအသက်ရှင်၏"ဟု မြတ်စွာဝါသဒ္ဓိမဂ္ဂ အဋ္ဌကထာ၊ အနုဿတိကမ္မဋ္ဌာနနိဒ္ဒေသ နိဂုံးတွင် ဘုရားဟောကြောင်း အတိအလင်း ပါရှိလေသည်။

လေးကျွန်း တမြင်းမိုရ် အယူအဆအရ ကျွန်းကြီးလေးကျွန်းတွင် အသီးသီးရှိနေကြသော လူများသည် အမျိုးတူသော မြေကြီးပေါ်တွင် နေရောင်၊ လရောင်ကို ညီမျှစွာ ခံယူနေထိုင်ကြပါလျက် သက်တမ်းမတူ၊ ကွဲပြားယုံကြည်ဖွယ် မရှိအောင် ခြားနားမှုကား အဘယ်ကြောင့်နည်း။ ကျွန်းတစ်ကျွန်းတွင် သဘာဝတစ်မျိုးစီ (သို့မဟုတ်) ဓာတ်ကြီးလေးပါးအနက် တစ်မျိုးစီရှိနေသောကြောင့်ပေလော၊ တွေးတောစဉ်းစားဖွယ် ကောင်းလှပေသည်။

ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီး ပြုစုတော်မူခဲ့သော ဇိနတ္ထပကာသနီကျမ်းထဲတွင် ပါနေသည့် ဓောတိက သူဌေးကတော် တူလကာယီ မြောက်ကျွန်းသူအကြောင်း သက်သေသာဓကလည်း ရှိထားပြန်သဖြင့် မြောက်ကျွန်းသူဆိုသည်မှာ ဒဏ္ဍာရီဇာတ်ထုပ် မဟုတ်ချေ။ သို့သော် မြောက်ကျွန်းသူကျွန်းသားတို့သည် ထူးခြားဆန်းကြယ်လွန်းသော ပုဂ္ဂိုလ်များ ဖြစ်ကြောင်းကိုကား စာရေးသူကိုယ်တိုင် လက်ခံယုံကြည်နေမိပါတော့သတည်း။

ဝမ်းဇော်ဦး(ကူမဲ)

မှီငြမ်းပြုစာအုပ်

* အင်္ဂနာဋ္ဌိယသုတ်ဋီကာ။
* သာရတ္ထသင်္ဂဟ အင်္ဂုတ္တရဋီကာ။
* မိစ္ဆာပဟာန လောကောဘာသဒီပနီ။

ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘန.ဝ (တ.ဆ-၁၄၃၂)

ပြည်တော်စံ

ကိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျီးပေါင်း၊ အာရုံကြော အားနည်း၊ လေဇန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

✤ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ✤

လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်ဘေတွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ, လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစာခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနလာနေ့ ပိတ်သည်)
အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (ဗိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းရှေ့)။
(၀၁)၈၆၁၉၀၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄

www.burmeseclassic.com

တရားကိုစောင့်သော နတ်ဒေဝတာများ

လွန်ခဲ့သောနှစ်ပေါင်းသုံးဆယ်ကျော်ခန့်က ရန်ကုန်မြို့၊ သင်္ကန်းကျွန်းမြို့မ ဈေးကြီးတွင် ငါး၊ ပုစွန် စသော ရေထွက်ကုန်ပစ္စည်းများကိုသာ ရောင်းဝယ် လုပ်ကိုင်နေသည့် ဒေါ်မြမေဆိုသည့် အမျိုးသမီးကြီးတစ်ဦး ရှိခဲ့သည်။

အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် သဘောအလွန်ကောင်းသူတစ်ဦးဖြစ်ပြီး ကံအကြောင်း တရားအရသာ သူတစ်ပါးအသက်ကို ရောင်းချ စားသောက်နေရသော်လည်း ဘုံရား,တရား အလွန်မြတ်ပြီး အလှူရေစက် လက်နှင့်မကွာ အလှူအတန်း အလွန်ရက်ရောသူတစ်ဦးဖြစ်သည်။

အရောင်းအဝယ် ပြုလုပ်ရာ၌လည်း သူတစ်ပါး သတ် ထားသည့် ငါး၊ ပုစွန်များကို သာ ရောင်းဝယ်တတ်ပြီး ထို အထဲမှ အသက်မသေ သေးဘဲ ပါလာတတ်သော ငါး၊ ပုစွန်များကို အခြား ဈေးသည်များကဲ့သို့မသတ်ဘဲ ရေအင်တုံတစ်လုံးတွင် ထည့်ထားပြီး ညနေစောင်း ဈေးမှအပြန်တွင် ရေမြောင်း တစ်ခုခုထဲသို့ ဘေးမဲ့လွှတ်ပေးတတ်သည်။

အရောင်းအဝယ်ပြုလုပ်ရာတွင်လည်း အလေးချိန်ခွင် မှန်ကန်သည့်အပြင် ရောင်းချသောဈေးနှုန်းကို အခြားသူများလို အမြတ်အစွန်း အများကြီးတင်မထားဘဲ သင့်တင့်သော အမြတ်အစွန်းဖြင့်သာ ရောင်းချ တတ်သည်။ ထို့အပြင် လက်မတွန့်တိုဘဲ ဝိုဝိုသာသာလည်း ထည့်ပေး တတ်သဖြင့် နေ့စဉ် ဈေးဝယ်သူများဖြင့် အမြဲစည်ကားနေလေ့ ရှိသည်။

မိသားစုမများဘဲ မင်းသူဟုခေါ်သော သားလေး တစ်ယောက်သာရှိသည်။ အရောင်းအဝယ်ကောင်းသည့်အပြင် စားအိုးကလည်း သေးသောကြောင့် ချောင်ချောင်လည်လည် ရှိပြီး အလှူအတန်းကိုလည်း အလှူရေစက် လက်နှင့်မကွာ ဆိုသလို မကြာခဏလုပ်နိုင်ခဲ့သည်။

တစ်နေကုန် အိမ်တွင် မနေရသည့်အတွက် ဈေးထဲမှာသာ ဆိုင်ရှေ့သို့ ကြွလာသမျှသော သံဃာတော်များအား ဆွမ်းလောင်း လှူရသည့်အပြင် လာသမျှ အလှူခံများကိုလည်း အယုတ်အလတ် အမြတ်မရွေး လှူဒါန်းတတ်သည်။

ရပ်ကွက်ထဲရှိ ငွေကြေးချို့တဲ့သည့် မိသားစုမှ ရှင်ပြုမပေးနိုင်သည့် ကလေးငယ်များကိုလည်း နှစ်စဉ် ငွေကြေးစိုက်ထုတ် ကုန်ကျခံကာ ရှင်ပြုပေးလေ့ရှိသည်။

ဤသို့ဖြင့် ပျော်ရွှင်စိတ်ချမ်းမြေ့ဖွယ် နေ့ရက်များကို ကျော်ဖြတ်ရင်း နေထိုင်လာခဲ့ရာ မင်းသူ အသက်နှစ်ဆယ်ပြည့်ခါနီး

www.burmeseclassic.com

www.burmeseclassic.com

လပိုင်းမျှသာ လိုတော့သည့် နေ့တစ်နေ့တွင် ဖြစ်သည်။

♦ ♦ ♦

မနက်ပိုင်းမိုးလင်းကတည်းက ဝယ်သူကျနေ၍ ဒေါ်မြမေတစ်ယောက် မအားရ။ မနက်စောစော စားနေကျ မုန့်ဟင်းခါးကိုပင် ဖြောင့်အောင်မစားရဘဲ တစ်ဖွန်း၊ နှစ်ဖွန်း ခပ်စားလိုက်၊ ဈေးထရောင်းလိုက်နှင့် ဗိုက်ထဲသို့ ဘယ်လိုရောက်သွားမှန်းပင် မသိလိုက်ရပေ။

နေအတော်လေးမြင့်လာမှ ဝယ်သူ အနည်းငယ်ပါးသွားသောကြောင့် ဒေါ်မြမေ ခဏတစ်ဖြုတ် နားရတော့သည်။ နေ့စဉ် သားအမိနှစ်ယောက် မနက်စာအတွက် စောစောထကာ ချက်ပြုတ်ကြော်လှော်ပြီး ထမင်းချိုင့်နှစ်ချိုင့်ဖြင့် ထည့်၍ မင်းသူအတွက် တစ်ချိုင့်ထားခဲ့ပြီး ကျန်တစ်ချိုင့်ဆွဲကာ ဈေးသို့ ပြေးရသည်။

ယနေ့ ဒေါ်မြမေ ဈေးသို့ ထွက်လာချိန် တနင်္ဂနွေနေ့ ဖြစ်သောကြောင့် မင်းသူ သင်တန်းပိတ်၍ အိမ်တွင် အိပ်ကောင်းနေဆဲဖြစ်သည်။

မင်းသူက ဆယ်တန်းအောင်မြင်ပြီးဖြစ်သော်လည်း ကျောင်းဆက်မတက်တော့ဘဲ ငယ်စဉ်ကလေးဘဝကတည်းက ဝါသနာပါခဲ့သော ပန်းချီပညာကို ရန်ကင်းဘောက်ထော်ရှိ ဆရာကြီးတစ်ဦးထံတွင် သင်ကြားနေဆဲဖြစ်သည်။

တက္ကသိုလ်ဆက်တက်ရန် ငွေရေးကြေးရေးအဆင်ပြေ ပြည့်စုံသော်လည်း ပညာဆက်လက်သင်ကြားရန် စိတ်မပါတော့သဖြင့် ဝါသနာပါသည့် ပန်းချီသင်တန်းကိုသာ တက်ခဲ့ခြင်းဖြစ်သည်။ ထိုအချိန်ကာလက ယခုလို အဝေးသင်တက္ကသိုလ်များလည်း မရှိသေးပေ။

မနက်စာ ထမင်းစားချိန်လောက်တွင် ဗိုက်ထဲက ဆာလာသဖြင့် ဒေါ်မြမေတစ်ယောက် ယူလာသည့် ထမင်းချိုင့်ကို ဖွင့်ကာ စားရန်ပြင်ဆင်နေစဉ်မှာပင် ဆိုင်ရှေ့သို့ လူတစ်ယောက် ရုပ်လိုက်သည်ကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် မော့ကြည့်လိုက်မိသည်။

တစ်ဆက်တည်းပင် ခါတိုင်း ဝယ်သူကို မေးနေကျအတိုင်း

www.burmeseclassic.com

မေးလိုက်သည်။

"ဟုတ်ကဲ့၊ ဘာများလိုချင်လို့ပါလဲရှင်။ ပုစွန်တွေ၊ ငါးတွေ အစုံရှိပါတယ်။ ဈေးမှန်၊ အလေးမှန်နဲ့ လတ်လတ်ဆတ်ဆတ်တွေ ရပါတယ်"

ဈေးလာဝယ်သူက မည်းနက်နေသော အသားအရေရှိပြီး ခန္ဓာကိုယ်ဝဖြိုးလှသော ဟိန္နုကုလားမကြီးတစ်ဦးဖြစ်သည်။ တစ်ကြိမ်တစ်ခါမျှ ဤဈေးတွင် မမြင်ဖူးသော မျက်နှာစိမ်းတစ်ဦးလည်းဖြစ်သည်။

"ဟုတ်ကဲ့ပါ အစ်မကြီး၊ ပုစွန် လတ်လတ်ဆတ်ဆတ်ရှိရင် လိုချင်လို့ပါ"

ဟိန္နုကုလားမကြီးသည် ဈေးဝယ်နေရင်း ဒေါ်မြမေ မျက်နှာကို တောက်ပစူးရှသော မျက်လုံးများဖြင့် ခဏမျှ ကြာအောင် စူးစူးစိုက်စိုက်ကြည့်နေပြီး စကားတစ်ခွန်းကို ကောက်ကာငင်ကာ ပြောလိုက်သည်။

"ဒါနဲ့ စကားမစပ် အစ်မကြီး သားသမီးတွေထဲမှာ သောကြာသားသမီးများ ရှိပါသလား။ ရှိခဲ့ရင် အဲဒီကလေးဟာ အသက်နှစ်ဆယ်တိတိပြည့်ရင် မုချသေဆုံးပါလိမ့်မယ်။ အသက်နှစ်ဆယ်ကျော်မှာတော့ မဟုတ်ပါဘူး"

ရုတ်တရက် ဒေါ်မြမေ အံ့သြသွားမိသလို စိတ်လည်း တိုသွားမိသည်။ အဘယ်ကြောင့်ဆိုသော် မိမိ၏ တစ်ဦးတည်းသောသားဖြစ်သူ မင်းသူမှာ သောကြာသားဖြစ်သည့် အပြင် မကြာသောအချိန်ကာလတွင် အသက်နှစ်ဆယ်ပြည့်တော့မည် မဟုတ်ပါလား။

ဒေါ်မြမေ၏ စိတ်တိုသွားသော မျက်နှာအမူအရာကြောင့် ဈေးဝယ်လာသူ ဟိန္နုကုလားမကြီးသည် ချက်ချင်းပင် တောင်းပန်စကားဆိုလိုက်သည်။

"အစ်မကြီး..စိတ်မဆိုးပါနဲ့။ ကျွန်မကလည်း မြင်တဲ့အတိုင်း အမှန်ကိုပြောပြလိုက်ခြင်း ဖြစ်ပါတယ်။ အကယ်၍ များ ကျွန်မပြောတာကို မယုံကြည်ခဲ့ဘူးဆိုရင် တတ်ကျွမ်းနားလည်တဲ့ ဆရာများနဲ့ စစ်ဆေးကြည့်နိုင်ပါကယ်"

စိတ်ထဲတွင် ထူပူသွားသလို သား မင်းသူအတွက်လည်း စိုးရိမ်သောကစိတ်များ ဖြစ်လာသောကြောင့် ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ခပ်မြန်မြန်ပင် ချိန်ပေးလိုက်သည်။

ဟိန္နုကုလားမကြီး ထွက်သွားသောအခါ ထမင်းဆာနေသည်ကိုပင် သတိမရနိုင်တော့ဘဲ ထမင်းချိုင့်ကို ခပ်မြန်မြန် သိမ်းလိုက်ကာ ဘေးကပ်လျက်ဆိုင်မှ မဝင်းမေကို လှမ်းပြောလိုက်ပြီး အိမ်သော့ယူ၍ ကသောကမျော အိမ်ပြန်ခဲ့သည်။

"သမီးရေ..ဆိုင်ကို ခဏလောက်ကြည့်ထားပေးပါဦးဟော့။ အဒေါ် အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့ အိမ်ကို ခဏပြန်လိုက်ဦးမယ်"

"ဟုတ်ကဲ့ အဒေါ်၊ စိတ်ချသွားပါ"

ခါတိုင်း အမြဲတမ်းလိုလို ပြုံးပြုံးရွှင်ရွှင်နှင့် အေးဆေးတည်ငြိမ်လှသော ဒေါ်မြမေတစ်ယောက် ပိုက်ဆံသေတ္တာကိုပင် မသိမ်းနိုင်ဘဲ မျက်စိမျက်နှာပျက်ပျက်နှင့် ထမင်းစားမည့်ဆဲဆဲ အရေးတကြီးပြေးထွက်သွားပုံကိုကြည့်ကာ မဝင်းမေနှင့် ဆိုင်နားနီးချင်းများပင် အံ့သြနေခဲ့ကြသည်။

"မဝင်းမေရေ..ဒေါ်မြမေ ဘာတွေဖြစ်သွားတာလဲ။ တစ်ခါမှ ဒီလောက်ရေးကြီးသုတ်ပျာနိုင်တာ မမြင်ဖူးပါဘူး"

"ကျွန်မလည်း မသိလိုက်ဘူး အဒေါ်၊ ဒါပေမဲ့ စောစောကတော့ အသားမည်းမည်းနဲ့ ဟိန္နုကုလားမကြီးတစ်ယောက် ဈေးလာဝယ်ရင်း စကားပြောနေတာတော့ တွေ့လိုက်မိတယ်"

သားဖောကြောင့် လမ်းခရီးတစ်လျှောက် ဘာကိုမျှ မမြင်ဘဲ အိမ်သို့ ဘယ်လိုပုံနှင့်ရောက်လာမှန်း မသိလိုက်။ ခြံတံခါးနှင့် အိမ်တံခါးသော့ခတ်မထားဘဲ ပွင့်လျက်တွေ့သောကြောင့် သားဖြစ်သူ မင်းသူတစ်ယောက် အပြင်မထွက်သေးကြောင်း သိလိုက်ရသဖြင့် အဆက်မပြတ်ခေါ်ကာ အော်ပေါသို့ အမောတကော ပြေးတက်ခဲ့သည်။

"သား..သားရေ၊ မောင်မင်းသူ"

အိမ်ရှေ့ဘက်ဆီမှ မိခင်ဖြစ်သူ၏ ခေါ်သံနှင့်အတူ လှေကားကို တဒုန်းဒုန်းပြေးတက်လာသော ခြေသံများကို တစ်ဆက်တည်းကြားလိုက်ရသောကြောင့် အိမ်နောက်ဘက်တွင် မနက်စာထမင်းစားနေသော မင်းသူ အိမ်ရှေ့သို့ အမြန်ပြေးထွက်ခဲ့သည်။

"အမေ..အမေ..ဘာဖြစ်လာလို့လဲ။ ကျွန်တော်ရှိတာပဲလေ။ ဘာပြဿနာတွေ ဖြစ်ခဲ့လို့လဲ"

မင်းသူကို မြင်လိုက်တော့မှ ဒေါ်မြမေတစ်ယောက် ဟင်းခနဲသက်ပြင်းချလိုက်ပြီး ကုလားထိုင်တစ်လုံးတွင် ပစ်လက်ပစ် ဝင်ထိုင်လိုက်သည်။

"အမေ..ဘာဖြစ်ခဲ့လို့ ဒီလောက်အမောတကောပြေးလာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာမှမဖြစ်ခဲ့ပါဘူး သားရယ်။ ဒါနဲ့ သား အခု ဆင်းစားနေတာလား။ စားပြီးရင် အမေနဲ့ တစ်နေရာကို သွားလောက်လိုက်ခဲ့စမ်း။ အရေးကြီးတဲ့ကိစ္စတစ်ခုရှိလို့"

မင်းသူ စားလက်စထမင်းကို ခပ်သွက်သွက်စားလိုက်ပြီး မိခင်ခေါ်ရာသို့ လိုက်လာခဲ့သည်။ ရှေးဦးစွာ အိမ်နှင့် အနီးဆုံးတွင်ရှိသည့် ကျူကွန်စံဘုရားကြီးမှ ဗေဒင်ဟောခန်း များဆီသို့ သွားခဲ့ကြပြီး နာမည်ကျော်ဗေဒင်ဆရာကြီး တစ်ဦးထံ ဝင်ခဲ့ကြသည်။

ရှေးဦးစွာ မင်းသူ၏ မွေးနေ့၊ မွေးရက်၊ မွေးလများကို သေသေချာချာ တွက်ချက်စစ်ဆေးကြည့်ပြီး ဟောကြားခဲ့သည်။

"စိတ်တော့မကောင်းပါဘူးဗျာ။ ခင်ဗျားတို့ စောစော စီးကတည်းက တွက်ချက်ကြည့်သင့်တာပေါ့။ အဲဒါမှ သည်း ယတြာတွေဘာတွေ ချေသင့်တာချေ၊ လုပ်သင့်တာ လုပ်ဖို့ အချိန်ရတာပေါ့။ ဆရာ တွက်ချက်ကြည့်ရ လောက်ကတော့ ဒီကလေးရဲ့ ကံဇာတာက ဒီနှစ်ထဲမှာ အရမ်းကိုညံ့နေတယ်။ ပွင့်ပွင့်လင်းလင်း ပြောရရင်တော့ အသုဘကိန်း သေကိန်းရှိနေတယ်။ အခု အသက်နှစ်ဆယ် ကိုတိုအတွင်းမှာတင် တစ်ခုခုဖြစ်သွားနိုင်ပါတယ်။ မွေးနေ့ ကိုတော့ ကျော်မှာမဟုတ်ပါဘူး။ အကယ်၍များ ဆရာ ပြောကြားချက်ကို ခင်ဗျားတို့ မယုံကြည်နိုင်ဘူးဆိုရင်လည်း အခြားတတ်ကျွမ်းနားလည်တဲ့ ဆရာများကို ထပ်ပြီးမေးမြန်း ကြည့်နိုင်ပါတယ်"

သားအမိနှစ်ယောက်လုံး မျက်စိမျက်နှာပျက်သွားခဲ့ကြ သည်။ မိခင်ဖြစ်သူ ယနေ့ ဘာကြောင့် အလောတကြီးပြေး သွားနေသည်ကို မင်းသူ ယခုမှသဘောပေါက်သွားခဲ့သည်။

"လာပါ အမေရယ်၊ တခြားဆရာတစ်ယောက်ယောက် ကို ပြောင်းမေးကြည့်သေးတာပေါ့။ ဆရာတစ်ယောက်နဲ့ တစ်ယောက် တွက်ချက်ပုံနဲ့ အယူအဆက မတူကြဘူးလေ။ ဒီတော့ သားရဲ့လက္ခဏာကလည်း ရှိသေးတာပဲ။ ဘယ် သောက်ပဲ သေကိန်းရှိရှိ လက္ခဏာမှာမပါရင် ဘာမှမဖြစ် ပါဘူး"

မိခင်ဖြစ်သူအား ဖျောင်းဖျပြောဆိုကာ မင်းသူ ခေါ် ခဲ့ရသည်။ တစ်ဖန် ဘုရားဆိုင်ခန်းများထဲရှိ နာမည်ကြီး လက္ခဏာဆရာကြီးတစ်ဦးထံ ဝင်ရောက်၍ မင်းသူ လက္ခ ကို စစ်ဆေးကြည့်ပြန်သည်။

ဆရာမှ သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ရှု၍ ဟော ကြားခဲ့သည်။

"ဆရာ သေသေချာချာ စစ်ကြည့်ပြီးပါပြီ။ ဒီကလေး ရဲ့ အသက်လမ်းကြောင်းက လက်ဖဝါးမှာ လုံးဝမရှိတော့ဘဲ ပျောက်နေပါပြီ။ ဆရာ့အတွေ့အကြုံအရ ပြောရရင်တော့ သိပ်မကြာသောကာလမှာ ဒီကလေးဟာ တစ်စုံတစ်ခုသော အကြောင်းကြောင့် မုချသေဆုံးနိုင်ပါတယ်"

ဒေါ်မြမေရော မင်းသူပါ ဒီတစ်ကြိမ်တွင်တော့ အတော် ပင် စိတ်ဓာတ်ကျသွားခဲ့ကြသည်။ ဒေါ်မြမေမှာ မိခင်တစ် ယောက်ဖြစ်သည့်အပြင် မိန်းမသားတစ်ဦးလည်းဖြစ်သော ကြောင့် ဟန်မဆောင်နိုင်တော့ဘဲ မျက်ရည်တစမ်းစမ်းနှင့် ဖြစ်နေပြီဖြစ်သည်။

ထိုနေ့က နောက်ထပ်ဆရာ နှစ်ဦး၊ သုံးဦး ဆက်မေး ကြည့်ကြသော်လည်း အခြေအနေက သိပ်ပြီးထူးခြားမလာ ဘဲ ပထမဆရာများ ဟောကြားလိုက်သလို အသက်နှစ်ဆယ် ထက် မကျော်နိုင်ကြောင်းသာ ဟောခဲ့ကြသည်။

ဒေါ်မြမေမှာ ဈေးထဲသို့ပင်ပြန်သွားပြီး ဆိုင်မသိမ်းနိုင် တော့ဘဲ အိမ်ပြန်ရောက်သည်နှင့် အိပ်ရာထဲခွေကာ မျက် ရည်သာ တွင်တွင်ကျနေခဲ့သည်။

ညနေမှောင်ခါနီးမှ ဆိုင်နားနီးချင်းများက ဆိုင်ကို ဝိုင်းသိမ်းပေးကြကာ ရောင်းရငွေများကို လာပေးကြသည်။ အကျိုးအကြောင်းကိုတော့ ဈေးမှမိတ်ဆွေများအား သေချာ ရှင်းမပြလိုက်တော့ပါ။

မင်းသူတစ်ယောက် ယခုအသက်အရွယ်အထိ ဗေဒင် ပညာကို သိပ်ပြီးယုံကြည်လှသည် မဟုတ်သော်လည်း နာ မည်ကြီးသော ဆရာကြီးများအားလုံးက တညီတညွတ် တည်း ကွဲလွဲချက်မရှိ ဟောကြားကြသည်ဆိုတော့ မယုံချင် သော်လည်း ကြောက်တော့ အတော်ပင် ကြောက်သွားမိ သည်။

♦ ♦ ♦

နောက်ရက်မှစ၍ ဒေါ်မြမေတစ်ယောက် ဈေးထွက် မရောင်းတော့သလို သားဖြစ်သူ မင်းသူကိုလည်း ပန်းချီ သင်တန်း ပေးမတက်တော့ပေ။ ထို့အပြင် ခဏတစ်ဖြုတ် ကိစ္စရှိ၍ အိမ်ပြင်ထွက်လျှင်လည်း မင်းသူနောက်မှ ထက် ကြပ်မကွာ လိုက်ခဲ့သည်။

မည်သည့်အကြောင်းကိစ္စ မသိရဘဲ မင်းသူ သင်တန်း မတက်သည်မှာ နှစ်ရက်၊ သုံးရက် ကျော်ရှိနေပြီဖြစ်သော ကြောင့် တစ်နေ့ ညနေစောင်းတွင် ဆရာဖြစ်သူ ဦးဘမောင်

www.burmeseclassic.com

မင်းသူအိမ်သို့ လိုက်လာခဲ့သည်။

'မောင်မင်းသူ..မောင်မင်းသူရေ၊ ဘယ်သူမှ မရှိကြဘူးလားဗျို့'

အိမ်ရှေ့ဘက်မှခေါ်သံကြောင့် မင်းသူနှင့် ဒေါ်မြမေတို့ နှစ်ယောက် အိမ်ရှေ့သို့ထွက်ခဲ့ကြသည်။ ခြံဝတွင် ဆရာဖြစ်သူ ဦးဘမောင်ကို တွေ့လိုက်ရသောကြောင့် မင်းသူခြံတံခါးကို အမြန်ပြေးဖွင့်ပေးလိုက်သည်။

'ဟ..မင်းသူ၊ မင်း ဘယ်လိုဖြစ်တာလဲကွာ။ အကျိုးအကြောင်း ဘာမှလည်းမသိရဘဲ ပျောက်နေလိုက်တာ။ မင်းတစ်ခုခုများဖြစ်နေသလားဆိုပြီး ငါ စိတ်ပူလို့ အိမ်ကိုလိုက်လာခဲ့တာ'

'ဟုတ်ကဲ့ပါ ဆရာ၊ အိမ်ပေါ်တက်ပါဦး။ အမေလည်း ရှိပါတယ်။ အိမ်ပေါ်ကျမှ အကျိုးအကြောင်းရှင်းပြပါ့မယ်'

အိမ်အပေါ် စည့်ခန်းထဲတွင် ဒေါ်မြမေတစ်ယောက် မျက်စိမျက်နှာပျက်ကာ ကြိုနေသည်ကို တွေ့လိုက်ရပြီး မင်းသူမျက်နှာကလည်း ခါတိုင်းတွေ့နေကျလို ရွှင်ရွှင်လန်းလန်း သိပ်မရှိလှပေ။

'ထိုင်ပါဦး ဆရာ၊ အမောပြေ ရေနွေးသောက်လိုက်ပါဦး။ ပြီးရင် ကျွန်မ ရှင်းပြပါ့မယ်'

ဒေါ်မြမေက ဖြစ်ကြောင်းကုန်စင် ရှင်းပြလိုက်သည်။ ဆရာဦးဘမောင်က တစ်ခွန်းမှဝင်မပြောဘဲ ဒေါ်မြမေ ရှင်းပြသမျှကို သေသေချာချာဂရုစိုက်နားထောင်နေသည်။

ဒေါ်မြမေ စကားဆုံးသွားတော့မှ-

'တစ်ခုတော့ရှိတယ်။ ဒေါ်မြမေရော မောင်မင်းသူပါ ဆရာ တစ်ခုပြောချင်ပါတယ်။ အဲဒါက တခြားမဟုတ်ပါဘူး။ ဥပဒါန်ကြောင့် ဥပဒ်ဖြစ်တတ်ပါတယ်။ သိပ်တော့လည်း စိတ်ထဲမှာ စွဲစွဲလမ်းလမ်း စွဲမထားကြပါနဲ့ ဒါပေမဲ့ အခုရက်ပိုင်း အသက်နှစ်ဆယ်မကျော်ခင်အတွင်းမှာတော့ အသွားအလာ အနေအထိုင် အတတ်နိုင်ဆုံး ဆင်ခြင်ခြင် နေရမှာပေါ့။ စားသတိ၊ သွားသတိ ရှိနေရမယ်ပြီးတော့ ယတြာတွေဘာတွေလည်း ချေသင့်တာချေ။ သင့်တာတွေ လုပ်ကြည့်ကြတာပေါ့။ အဲဒီတော့ မောင်မင်းသူကို ဆရာ တစ်ခုတိုက်တွန်းချင်တယ်။ မောင်မင်း တရားတွေဘာတွေ ထိုင်ကြည့်ဖူးလား'

'ဟုတ်ကဲ့ ဆရာ၊ တစ်ခါမှတော့ မထိုင်ဖူးပါဘူး နေ့စဉ် ဘုရားရှိခိုး၊ ပုတီးစိပ်တော့ အမြဲတမ်းလုပ်ပါတယ်'

'ရပါတယ်လေ။ ထိုင်ပုံထိုင်နည်းကို ဆရာပြောပေါ့။ လောလောဆယ်တော့ ပန်းချီသင်တန်းကိုလည်း မပါသေးရင် မတက်ပါနဲ့ဦး။ အချိန်တွေ ရှိပါသေးတယ် ဘာပဲဖြစ်ဖြစ် တရားမှတ်နေတော့ ဒီကိစ္စကြီးကို လောဆယ် မေ့နေပြီး စိတ်ဖြေသာတာပေါ့။ ကဲ..ကျွန်တော်တို့ကို ဒေါ်မြမေကရော ဘယ်လိုသဘောရသလဲ'

'ကောင်းပါတယ် ဆရာ။ ဘုရား,တရားအလုပ်ဆိုတာ မကောင်းတာ မရှိပါဘူး။ ဒါကြောင့် ဆရာကပဲ ကြည့်ရှုစောင့်ရှောက်ပေးပါလို့ ကျွန်မ အပ်ပါတယ်ရှင်'

'ဒါဆိုရင် ဒီလိုလုပ် မောင်မင်းသူ၊ အခုတော့ အိမ်မရှိတော့ဘူး။ မနက်ဖြန်ကစပြီး ညနေစောင်းဘက်ကို ဆရာဆီ လာခဲ့။ အိမ်နဲ့ မိုးကောင်းဘုရားကြီးကနီးတော့ ပြီးအဆင်ပြေတယ်။ သိပ်မှောင်သွားရင်လည်း အိမ်မှာပဲ အိပ်လိုက်ပေါ့။ ဒါဆို အဆင်ပြေတယ်မဟုတ်လား'

'ဟုတ်ကဲ့၊ အဆင်ပြေပါတယ် ဆရာ။ မနက်ဖြန် ကတော် ဆက်ဆက်လာခဲ့ပါမယ်'

♦ ♦ ♦

နောက်တစ်နေ့ ညနေကွင် ဆရာဦးဘမောင်နှင့် မင်းသူ မိုးကောင်းဘုရားကြီးတွင် တရားစထိုင်ဖြစ်ခဲ့သည်။ ဦးဘမောင်မှာ ငယ်ရွယ်စဉ်ကတည်းက ထိုင်နေကျဖြစ်တပည့်ဖြစ်သူ မင်းသူအား တရားထိုင်ပုံထိုင်နည်း ဝိပဿနာတရား ရှုမှတ်ပွားများအားထုတ်ပုံ အားထုတ်နည်းတို့ သေချာသင်ပြပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

အစပထမပိုင်းတွင် မင်းသူအာရုံထဲ၌ စိတ်က ဟို ဆောက်သွားလိုက်၊ သည်ရောက်သွားလိုက်နှင့် မတည်မငြိမ် ဖြစ်နေခဲ့သော်လည်း မိမိမှာ မကြာသောကာလတစ်ခုတွင် သေရတော့မည်ဟု သတိရလိုက်မိသောအခါတွင်မူ မည်သည့်ကိစ္စကိုမှ စဉ်းစားချင်စိတ်မရှိတော့ဘဲ စိတ်က တဖြည်းဖြည်းတည်ငြိမ်လာခဲ့သည်။

ထို့အပြင် ယခုအသက်အရွယ်အထိ မည်သည့်ကောင်းကျိုးသိုလ်မှ မလုပ်ခဲ့ဖူးသေးဘဲ သူငယ်ချင်းများနှင့် စားသောက်လိုက်၊ သွားလိုက်၊ လာလိုက်နှင့် ဘဝကို ဖျော်ဖြေကြီးနေလာခဲ့ရာ ယခုလို ရုတ်တရက်သေရတော့မည်ဟု သိလိုက်ရသဖြင့် နောင်ဘဝအတွက် မည်သည့်ကုသိုလ်ကောင်းမှု တစ်ခုတလေမှ မပါရှိသည်ကိုလည်း ပြန်လည်ဆင်ခြင်လိုက်မိသည်။

အာရုံမပျံ့လွင့်တော့ဘဲ စိတ်က တည်ငြိမ်လာသဖြင့် ဖြည်းဖြည်းနှင့် ပတ်ဝန်းကျင်ကိုပင် သတိမထားမိတော့ဘဲ အသိအာရုံက နာသီးဖျားလေးတွင်သာ ကပ်ငြိနေပြီး ဝင်လေ၊ထွက်လေ တစ်ခုတည်းသာ သိတော့သည်။

အချိန်မည်မျှကုန်သွားသည်ကိုပင် မသိတော့ဘဲ ဆရာဖြစ်သူမှ တရားဖြုတ်ရန် သတိပေးမှပင် သတိပြန်ဝင်လာခဲ့ရသည်။

'မောင်မင်းသူက အခုမှ တရားစထိုင်ဖူးတာလို့ပြောသော်လည်း ဆရာ ယုံလိုက်ရတယ်။ စပြီးထိုင်ထိုင်ချင်းမှာ တစ်ခဏခွဲလောက် ထိုင်နိုင်တယ်ဆိုတာ တော်ရုံတန်ရုံဖွဲ့နဲ့ မလွယ်ဘူးကွ။ ဒီလိုပုံဆိုရင် မောင်မင်းသူ မဆိုးဘူး။ ကြိုးစားပြီး ဆက်လုပ်ပါကွာ။ တစ်ခုခုတော့ ထူးလာပါလိမ့်မယ်'

ဆရာဖြစ်သူ၏ ချီးကျူးအားပေးစကားကြောင့် ထိုနေ့ တစ်နာရီခွဲခန့် တရားထိုင်နိုင်ကြောင်း သိလိုက်ရသဖြင့် မင်းသူ ကိုယ့်ကိုယ်ကိုယ်ပင် အံ့သြမိသည်။

နောက်ပိုင်းရက်များတွင်လည်း လုပ်စရာအလုပ် မရှိသောအိမ်တွင် တရားထိုင်ဖြစ်ခဲ့သလို ညနေတိုင်းလည်း ဆည်းဘမောင်နှင့်အတူ မိုးကောင်းဘုရားကြီးတွင် ဝိပဿနာတရားအားထုတ်ခြင်းအလုပ်ကို မပျက်မကွက် လုပ်ဖြစ်ခဲ့သည်။

သမာဓိအားလည်း ကောင်းလာသဖြင့် တစ်ကြိမ်ထိုင်တွင် အနည်းဆုံး သုံးနာရီခန့်ကြာအောင် ထိုင်နိုင်လာသည့်အပြင် သမထဝိပဿနာတရား၏ အနှစ်သာရကိုလည်း သဘောပေါက်လာသဖြင့် သေရမည်ကိုပင် မကြောက်တော့ဘဲ သေကိန်းရှိနေသည်ဟု ဟောကြားထားသည်ကိုပင် မေ့လျော့နေခဲ့တော့သည်။

မိခင်ဖြစ်သူကလည်း မင်းသူအတွက် ဘုရားများတွင် ယတြာချေပေးခြင်း၊ မင်းသူ၏ အဝတ်အစား၊ ဆံပင်၊ ခြေသည်း၊ လက်သည်း စသည်တို့ကိုထည့်၍ ကိုယ်တိုင်ပစ်ပေးခြင်းနှင့် မင်းသူအား ညောင်ကိုင်းထောက်စေခြင်း၊ တံတားဟောင်းများ ပြုပြင်စေခြင်းတို့ကို တတ်နိုင်သမျှ လုပ်စေခဲ့သည်။

တဖြည်းဖြည်းနှင့် မင်းသူ အသက်နှစ်ဆယ်ပြည့်နေသို့ ရောက်လာခဲ့သည်။

♦ ♦ ♦

ယနေ့သည် မင်းသူ အသက်နှစ်ဆယ်တိတိပြည့်သည့် နေ့ဖြစ်ပြီး မနက်ဖြန်ဆိုလျှင် နှစ်ဆယ့်တစ်နှစ်သို့ ရောက်ရှိတော့မည်ဖြစ်သည်။

ညနေစောင်း ဆရာ့အိမ်သို့ မင်းသူ ရောက်သွားသောအခါ ဆရာ့အပြင် မင်းသူနှင့် ပန်းချီသင်တန်း အတူတူတက်နေသော သူငယ်ချင်းဖြစ်သူ မောင်မောင်အောင်ကိုပါ တွေ့လိုက်ရသည်။

သို့သော်လည်း မောင်မောင်အောင်က မင်းသူတို့လို ဗုဒ္ဓဘာသာဝင်မဟုတ်ဘဲ ဘာသာခြားဖြစ်၍ အခြားကိစ္စတစ်ခုခုကြောင့် ဆရာ့ထံလာသည်ဟု မင်းသူထင်လိုက်မိသည်။

'ဟ..သူငယ်ချင်း၊ မတွေ့ရတာလည်း ကြာပြီ။ နေကောင်းရဲ့လား။ မင်း သင်တန်းကိုတော့ မှန်မှန်တက်တယ်မဟုတ်လား'

မင်းသူက တွေ့တွေ့ချင်း ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။ မောင်မောင်အောင်ကလည်း ဝမ်းသာအားရ ပြန်လည်နှုတ်ဆက်ခဲ့သည်။ ဆရာ့ထံ နေ့စဉ် မင်းသူရောက်သော်လည်း ညနေစောင်းအချိန်မှသာ ရောက်တတ်သောကြောင့် မောင်မောင်အောင်နှင့် မဆုံဖြစ်ကြပေ။

ခဏအကြာတွင် ဆရာ အိမ်ခန်းထဲမှ ထွက်လာပြီး ပြောလိုက်သည်။

'ကဲ..မင်းတို့ အဆင်သင့်ဖြစ်ရင် သွားကြရအောင်'

ဆရာ့စကားကြောင့် မင်းသူ အတော်ပင်အံ့သြသွားသည်။ ဘုရားသို့သွားရာတွင် မောင်မောင်အောင်ပါ လိုက်မည်ဆို၍ မစဉ်းစားတတ်အောင်လည်း ဖြစ်သွားသည်။ ဆရာက မင်းသူ အံ့သြနေသည်ကို သတိထားလိုက်မိသဖြင့် ဝင်ပြောလိုက်သည်။

www.burmeseclassic.com

"မောင်မင်းသူ အံ့သြနေတာလား။ လောလောဆယ် မင်းမသိချင်ပါနဲ့ဦး။ ဒီနေ့က အရေးကြီးတယ်ကွ။ ဒါကြောင့် ငါ မောင်မောင်အောင်ကိုလည်း လိုရမည်ရဲ့ အဖော်ခေါ်လာတာ"

ဆရာ့စကားကို မင်းသူ သဘောမပေါက်သေးသော်လည်း အကြောင်းတစ်ခုခုကြောင့် ဖြစ်နိုင်သည်ဟု ယူဆ၍ ဘာစကားမှ ထပ်မမေးတော့ဘဲ ဘုရားသို့ အတူတူထွက်ခဲ့ကြသည်။ ဘုရားသို့ရောက်သောအခါ မင်းသူ ခါတိုင်း ထိုင်နေကျ သောကြာဂြိုဟ်တိုင်ရှိရာသို့ လာခဲ့သည်။

"ကဲ..မောင်မင်းသူရေ၊ ဒီနေ့တော့ အရေးကြီးတယ်ကွ။ ဒါကြောင့် ဆရာ တစ်ခုမှာထားမယ်။ တရားမှတ်နေတုန်း ဘယ်လိုအနှောင့်အယှက် အဟန့်အတားတွေ ဖြစ်လာပါစေ ရပ်မပစ်လိုက်နဲ့။ မောင်မောင်အောင်ကလည်း ဒီနားတစ်ဝိုက်ကို ကလေးတွေ လာဆော့ပြီး ဆူဆူညံညံနဲ့ လာပြီးနှောင့်ယှက်နေရင် ခြောက်သာလွှတ်ပေး။ လိုလိုမည်မည် တုတ်ကလေးတစ်ချောင်းဆောင်ထား။ ဆရာလည်း ရှိနေမှာပဲ။ စိတ်ထဲမှာ ဘာအာရုံမှမထားဘဲ ဝိပဿနာတရားကိုပဲ အာရုံမပျက်အောင် ရှုမှတ်ပွားများနေ။ ကြားလား မောင်မင်းသူ"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်သဘောပေါက်ပါတယ်"

မောင်မောင်အောင်ကိုပါ မည်သည့်အတွက်ကြောင့် ခေါ်လာမှန်း ယခုမှ မင်းသူ နားလည်သွားခဲ့သည်။ သည်လို နှင့် မင်းသူ သောကြာထောင့်တွင်ထိုင်၍ ဝိပဿနာတရားကို ရှုမှတ်ပွားများ အားထုတ်ခဲ့သည်။

စိတ်အာရုံတည်ငြိမ်လာပြီး အသိက နာသီးဖျားလေးတွင်သာ ရှိတော့သည်။ တရားရှုမှတ်၍ အာရုံတည်ငြိမ်နေဆဲမှာပင် မင်းသူစိတ်အာရုံတွင် အဝေးတစ်နေရာမှလာနေသော နီရဲတောက်ပနေသည့် မီးလုံးကြီးတစ်လုံးကို မြင်လာခဲ့သည်။

ထိုမီးလုံးကြီးသည် တဖြည်းဖြည်းနှင့် နီးလာပြီး မိမိရှိရာသို့ တည့်တည့်ကြီးလာနေမှန်း သိလိုက်ရသည်။ မကြာသောအခိုန်အတွင်း ထိုနီရဲတောက်လောင်နေသော မီးလုံးကြီးသည် ပြင်းထန်လှသောအရှိန်ဖြင့် မင်းသူ၏ ရင်ဝတည့်တည့်သို့ ပြေးဝင်ဆောင့်ခဲ့သည်။

ရင်ဝတွင် မဖော်ပြနိုင်သော ပြင်းထန်လှသည့် ဝေဒနာတစ်ရပ်နှင့်အတူ မင်းသူ လဲကျသွားခဲ့တော့သည်။ ရုတ်တရက် သတိလက်လွတ်ဖြစ်သွားခဲ့သော်လည်း ချက်ချင်းပင် စိတ်ကို ပြန်ထိန်းလိုက်ကာ သတိပြန်ကပ်ထားလိုက်မှုလထိုင်နေသည့်ပုံစံကို မဖျက်တော့ဘဲ လဲကျနေလျက်နှင့်ပင် တရားကိုသာ ဆက်လက်ရှုမှတ်နေလိုက်သည်။

အချိန်မည်မျှကြာသွားသည်ကိုပင် မသိလိုက်တော့အာရုံမပျက် တရားရှုမှတ်နေမိသည်မှာ အချိန်တန်၍ တရားဖြုတ်ရန် ဆရာဦးဘမောင် လာသတိပေးမှသာ သတိပြုလည်ဝင်လာခဲ့တော့သည်။

ထိုအခါကျမှ မင်းသူ သတိထားမိလိုက်သောအခါ မိမိခန္ဓာကိုယ်ရှိ ဒွါရကိုးပေါက်မှ အပုပ်ရည်များ စီးထွက်နေပြီး ဝတ်ထားသော အဝတ်အစားများ စိုရွှဲလျက်ရှိကြောင်း တွေ့လိုက်ရသည်။

"မောင်မင်းသူ..ထနိုင်တယ်မဟုတ်လား။ ဘယ်လိုနေသေးသလဲ"

"ဟုတ်ကဲ့၊ ထနိုင်ပါတယ် ဆရာ။ ဘာမှမဖြစ်ပါဘူး"

"ဒါဆိုရင်လည်း အဝတ်အစားတွေ လဲဝတ်လိုက်ဦး ပြန်ကြရအောင်။ တော်ကြာ ဘုရားက တံခါးတွေ ပိတ်ထားမှာ။ လမ်းကျမှပဲ အကျိုးအကြောင်းပြောကြတာပေါ့"

သုံးယောက်သား ဘုရားမှဆင်းကာ အိမ်သို့ ပြန်ခဲ့ကြသည်။ လမ်းတွင် မင်းသူက ယနေ့ တရားမှတ်နေစဉ် ကြုံခဲ့ရသည့် အကြောင်းများကို ဆရာ့အား ရှင်းပြလိုက်သည်။

"ဒါဆိုရင် မင်း ကံကောင်းသွားတာပေါ့ကွာ။ အချိန်မှာသာ မင်း ပေါ့ပေါ့ဆဆနဲ့ နေခဲ့မိမယ်ဆိုရင် အချိန်လောက်ဆို မင်း သေနေလောက်ပြီ။ တရားမှတ်နေအချိန်ဖြစ်နေလို့ မင်း သက်သာသွားတယ်လို့ ဆရာထင်တယ်"

ထိုအခါကျမှ မောင်မောင်အောင်ကလည်း ဝင်ပြောလာခဲ့သည်။

"မင်းသူရာ..ဒီနေ့ကျမှ ကလေးတွေကလည်း တစ်လုံး မင်းတရားမှတ်နေတဲ့နားကိုလာပြီး ဆူနေလိုက်ကြခြောက်လွှတ်လိုက်ရင်လည်း ခဏပဲ။ ဘယ်က,ဘယ်ထရောက်လာကြသလဲ မသိပါဘူး။ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လာနေလို့ ကြာတော့ ငါတောင် စိတ်ပျက်လာတယ်။ ဒါထူးဆန်းတာတစ်ခု မင်းကို ပြောပြရဦးမယ်။ မင်း သွားပြီး တရားဆက်မှတ်နေတုန်း အချိန်တော်တော်ကြာတော့ ဘုရားရင်ပြင်တစ်ခုလုံး အမှောင်နဲ့တွေရလာတာ။ ငါ့တစ်သက်မှာ ဒီလောက်အနှံ့မှောင်တာ တစ်ခါမှ မကြ

www.burmeseclassic.com

သားဘူး။ ရေမွေးနဲ့လည်း မဟုတ်ဘူးကွ။ ပန်းပေါင်းစုံကို အဆီထုတ်ထားသလား ထင်ရတယ်။ အနံ့က ချိုအီနေပြီး ခွေးပျံနေတယ်။ ခဏကြာတော့ ဘုရားရင်ပြင်ထောင့်တစ်နေရာက လူကြီးလေးဦး ထွက်လာတာကို တွေ့လိုက်ရတယ်။ အသားဖြူဖြူ၊ အရပ်ထောင်ထောင်မောင်းမောင်းကြီး ဆွဲနဲ့ ပန်းရောင်ခေါင်းပေါင်းကို ဆင်တူပေါင်းထားကြတယ်။ ဝတ်ထားတဲ့ အဝတ်အစားတွေကလည်း အခုခေတ်သို့ မဟုတ်ဘူး။ ရှေးခေတ်ကလူကြီးတွေ ဝတ်သလို အင်္ကျီလက်ရှည်၊ တောင်ရှည်ပုဆိုးတွေနဲ့။ အရောင်ကလည်း ခေါင်းပေါင်းနဲ့ဆင်တူ ပန်းရောင်တွေပဲ။ တဖြည်းဖြည်းချင်း လျှောက်လာကြပြီး လက်ထဲမှာကိုင်ထားတဲ့ ငွေဖလားကြီး ဆွဲထဲက ပန်းမျိုးစုံတွေကို ကြဲချသွားကြတယ်။ ဒီလိုအချိန်မှာ ထူးထူးဆန်းဆန်းဖြစ်နေလို့ ဆရာရော ငါပါ တော်တော်လေးအံ့သြမိနေကြတယ်ကွ။ ဒါနဲ့ သူတို့ ထွက်သွားပြီး တော့မှ ဒီလောက်တောင်မွေးတာ ဘယ်လိုပန်းတွေလည်း သိချင်တာနဲ့ စောစောက ကြဲချသွားတဲ့ပန်းတွေ ကောက်မလို့ သွားကြည့်တာ ရင်ပြင်တစ်ခုလုံး ပန်းဆိုလို့ တစ်ပွင့်တလေ ဆောင် မတွေ့ရတော့ဘူး။ ရှင်းလင်းပြီး ပြောင်လက်နေတယ်။ ဆရာလည်း တော်တော်အံ့သြသွားလို့ ငါ့ကို ခဏ စောင့်ထားပြီး ဘုရားက လုံခြုံရေးတွေကို သွားမေးကြည့်ဦးတော့ သူတို့ တစ်ယောက်မှမတွေ့ဘူးလို့ ပြောကြတယ်။ ငါတော့ ဒီအသက်အရွယ်အထိ တစ်ခါမှ မတွေ့မကြုံဖူးလို့ တော်တော်ထူးဆန်းတာပဲလို့ ဆရာ့ကို ပြောမိသေးတယ်'

'ဟုတ်တယ် မောင်မင်းသူရေ၊ ဆရာလည်း နှစ်ပေါင်းများစွာတော့ဘူး။ ဒီဘုရားကြီးမှာ တရားထိုင်လာတာ ဒီနေ့ဟိုတစ်ခါမှ မတွေ့ဖူးမကြုံဖူးတာ အမှန်ပဲ။ တစ်ယောက်တည်းဆိုရင် မျက်စိမှားတယ်လို့တောင် ထင်မိမှာ။ အခုတော့ မောင်မောင်အောင်နဲ့ နှစ်ယောက်စလုံး မြင်လိုက်ရတာဆိုတော့ ဘယ်လိုမှမမှားနိုင်တာ သေချာတယ်။ ဘာပဲဖြစ်ဖြစ် ဒါကြောင့်၊ မင်း အခုလိုကျော်ဖြတ်နိုင်ခဲ့တယ်ဆိုတော့ တစ်ခါ သေဖူးသွားပြီလို့သာ မှတ်လိုက်ပေတော့။ ရှေ့လျှောက်လည်း အသက်ထက်ဆုံး တရားအလုပ်ကို ဆက်လုပ်ပါလို့ ဆရာတိုက်တွန်းချင်ပါတယ်။ အတတ်နိုင်ဆုံးလည်း ငါးပါးသီလလုံခြုံအောင် စောင့်ထိန်းပါလို့ ဆရာပြောချင်ပါတယ်'

'ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော်ကတိပေးပါတယ်'

မောင်မောင်အောင်ကမူ မင်းသူနှင့် သူငယ်ချင်းဖြစ်သော်လည်း ဘာသာခြားကိုးကွယ်သူတစ်ယောက်ဖြစ်၍ ထိုနေ့က ဖြစ်ပျက်ခဲ့သည်များကို အလွန်ပင်အံ့သြမိပြီး သူ့တစ်သက်တာတွင် ယခုတစ်ကြိမ်သာ ကြုံဖူးသေးကြောင်း ဝန်ခံပြောကြားခဲ့ပါသည်။

နောက်ပိုင်းတွင် မင်းသူ၏လက္ခဏာကို ပြန်လည်စစ်ဆေးကြည့်ခဲ့ရာ ယခင်ပျောက်ကွယ်သွားခဲ့သော အသက်လမ်းကြောင်းနေရာတွင် အသက်လမ်းကြောင်းအသစ်တစ်ခု ထင်ထင်ရှားရှားကြီးပင် ထပ်မံဖြစ်ပေါ်လျက်ရှိနေကြောင်း တွေ့ရှိရသည့်အပြင် အရန်လမ်းကြောင်းတစ်ခုပင် ဖြစ်ပေါ်နေသည်ကို အံ့သြစွာတွေ့ရှိခဲ့ရသည်။

တစ်သက်တွင် တစ်ကြိမ်သေခဲ့ဖူးသူ မင်းသူတစ်ယောက် ယခုဆိုလျှင် အသက်ငါးဆယ်ကျော် ခြောက်ဆယ်ပတ်ဝန်းကျင်သို့ ရောက်ရှိနေပြီဖြစ်ပြီး နေ့စဉ်မပျက် ဝိပဿနာတရားကို ရှုမှတ်ပွားများ အားထုတ်လျက်ရှိကာ ဆရာဦးဘမောင်မှာ ကွယ်လွန်ခဲ့ပြီးဖြစ်သော်လည်း သူငယ်ချင်း မောင်မောင်အောင်မှာ သက်ရှိထင်ရှားရှိနေပြီး မင်းသူနှင့် တွေ့တိုင်း ထိုတစ်ညက အဖြစ်အပျက်များကို ပြန်ပြောင်းသတိရကာ ပြောဆိုလျက် ရှိနေခဲ့ပါသည်။

စာကြွင်း

ကျွန်တော့်ထင်မြင်ယူဆချက်ကို ပြောရပါလျှင်မူ ထိုညက မင်းသူတစ်ယောက် အမှန်တကယ်ပင် သေနေ့စေ့သောနေ့ ဖြစ်ခဲ့ပုံရပြီး သေခြင်းတရားကို ရင်ဆိုင်တွေ့ကြုံနေရချိန်တွင် ဝိပဿနာကမ္မဋ္ဌာန်းတရားကို သတိမပျက်ဘဲ စွဲမြဲယုံကြည်စွာ အားထုတ်ခဲ့သော အကျိုးတရားကြောင့် တရားကို စောင့်ရှောက်နေကြကုန်သော သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များက ဝင်ရောက်ကယ်တင်ပေးခဲ့ခြင်း ဖြစ်နိုင်ကြောင်း ထင်မြင်ခဲ့ပါသည်။

တင်အေးကျော်
(အောင်လံ)

www.burmeseclassic.com

www.burmeseclassic.com

ထွန်းတောက်
ဦးကျဲကြီးနှင့် နွားသူခိုးများ

ငမဲ့၊ ဂွတိုနှင့် ငကျွေတို့ သုံးဦးသည် ဦးကျဲကြီး၏ ဗိမာန်တော်ဖြစ်သော လက်ပံပင်ကြီးအောက်မှာ ရပ်လိုက်ကြသည်။ သူတို့သုံးယောက် သည်ကား ဤလက်ပံပင်ကြီးကို ဦးကျဲကြီး၏ ဗိမာန်တော်ဟူ၍ မသိကြပေ။ မသိ၍လည်း လာရပ်မိကြခြင်းဖြစ်၏။ သူတို့သုံးယောက်မှာ ဦးကျဲကြီး၏ လက်ပံပင်ကြီးနှင့် နီးသော နဂါးမောက်ရွာ စသည့်ရွာသားများလည်း မဟုတ်ကြပေ။ ပဲပုတ်ရွာသားများသာ ဖြစ်ကြသည်။ ထို့ကြောင့်လည်း ဦးကျဲကြီး၏အကြောင်းကို မသိကြခြင်းဖြစ်သည်။

ဦးကျဲကြီး၏ အကြောင်းကို မသိကြသောကြောင့်ပင် ယခု ဦးကျဲကြီး စောင့်ရှောက်ထားသော ကျောက်ပိုးထိုးရွာသား ငထွန်း၏နွားကို ခိုးရန် လာကြရင်း ဦးကျဲကြီး၏ဗိမာန် လက်ပံပင်ကြီးအောက်မှာသာ ရပ်နားပြီး တိုင်ပင်နေမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့သုံးယောက်သည် ပတ်ဝန်းကျင်ကို တစ်အောင့်ကြာအောင် အကဲခတ်ပြီး ကြည့်နေကြ၏။ မိုးချုပ်နေပြီဖြစ်၍ လူသွားလူလာ ကင်းရှင်းလျက်ရှိသည်။ ထို့ကြောင့် နွားခိုးခေါင်းဆောင်ဖြစ်သော ငမှဲက လေသံတိုးတိုးဖြင့် ဂတိုနှင့် ငကျွေအား ပြောသည်။

"ဟေ့ကောင်တွေ.. တို့က ကျောက်ပိုးထိုးရွာသားထွန်းရဲ့ နွားတင်းကုပ်ထဲက နွားမတမ်းမတစ်ကောင်ကိုသာ ဆွဲကြမှာဆိုတော့ နွားရှင်နဲ့ ရွာသူရွာသားတွေ မျက်စိသည်သွားအောင်၊ ထင်ယောင်ထင်မှားလည်း ဖြစ်သွားအောင် မင်းတို့နှစ်ယောက်က နွားကိုဆွဲသွားပြီး နဂါးမောက်ရွာက ခြေရာပြမှ ဖြစ်မယ်ကွ။ ပြီးတော့ ရှမ်းပြိုးချောင်းဘက်ကို ကြိုးဝိုင်းလမ်းအတိုင်း ပြန်ဆွဲသွားရမယ်။ ဒါဆောင် နှစ်နာရီ၊ သုံးနာရီလောက် ကြာသွားနိုင်တယ်။ ကြာပါစေ၊ တို့လုပ်ငန်း ပီရီအောင်တော့ အချိန်ပေးကြရမှာပေါ့။ ပြီးမှ နွားကို ဒီလက်ပံပင်ကြီးအောက် ပြန်ဆွဲလာခဲ့ကြ။ ဒီကပဲ စောင့်နေမယ်။ နွားကို အသားဖျက်ပြီး လှေပေါ်တင်၊ မိုးမလင်းခင်လည်း စုန်ဆင်းနိုင်အောင်တော့ လုပ်ကြမှ ဖြစ်မယ်ကွ။ ဒီလိုလုပ်ရင် ဒင်းတို့ ဘာတတ်နိုင်တော့မှာလဲ။ လုံးဝလက်စပျောက်ပဲ"

"ကောင်းလိုက်တဲ့အကြံဗျာ။ တကယ့်စံပဲ။ တို့ကိုမှုကြီးလာ လူကသာ မှုန်တုန်တုန်နဲ့၊ ခေါင်းကတော့ အကောင်းကြီးဗျ။ ခိုး..ခိုး"

တပည့်သုံးယောက်တို့က ထိုသို့ပြောပြီး သဘောကျသွား ရယ်ကြ၏။

"ဟ..ဟေ့ကောင်တွေ၊ သူခိုးစကားတွေကို ပြောဆိုဝံ့ဝင့်နေပါတယ်ဆိုမှ အသံဗြဲကြီးနဲ့ ရယ်ကြသလားကွ။ အော်ကြာ လူတွေကြားသွားလို့ ပြေးပေါက်မှားတော့မှာပဲ"

ဆရာငမှဲက ဟောက်သလို ပြောလိုက်၍ တပည့်များ အေးပိတ်သွားကြလေ၏။ အချိန်လည်း ညဆယ်နာရီခန့် ရှိနေလေပြီ။ သူတို့ရည်ရွယ်ထားကြသောအချိန်သည်လည်း ညဆယ်နာရီသာဖြစ်သည်။

ထို့ကြောင့် လုပ်ငန်းစရန် လှုပ်ရှားလာကြသည်။ အစောကားရှိသည့်အတိုင်း ငမှဲက လက်ပံပင်ကြီးအောက်မှာ ကျန်နေခဲ့ပြီး ကျန်သောတပည့်နှစ်ယောက်တို့က ကျောက်ပိုးထိုးရွာသား ထွန်း၏ နွားတင်းကုပ်ရှိရာဘက်သို့ ဦးတည်ပြီး အခြေအနေများကို အကဲခတ်ရင်း ထွက်သွားကြလေသည်။

ညဆယ်နာရီအချိန်သည် တောရွာသူရွာသားများ အိပ်စက်အနားယူနေကြပြီဖြစ်သော အချိန်ဟူ၍ပင် ဆိုရမည်ဖြစ်၏။ တစ်နေ့လုံး လယ်တောယာတောများတွင် နွားနှင့်အတူ ကုန်းရုန်းနေကြရသဖြင့် ပင်ပန်းဆင်းရဲကြ၏။ ထို့ကြောင့် ညတစ်ချိန်သာ အနားယူခွင့်ရကြ၏။ တောသူတောင်သားတို့၏ ဘဝသည်ကား သည်အတိုင်းပင် သုံးရာသီပတ်လုံး သံသရာလည်နေကြရ၏။

သည်အခွင့်အရေးကို နွားခိုးအဖွဲ့တို့ ကောင်းစွာသိထားကြ၏။ ထို့ကြောင့်လည်း ညလူခြေတိတ်သော ဆယ်နာရီအချိန်မှာသာ လုပ်ငန်းစရန် ရွေးထားကြခြင်းဖြစ်၏။

နွားခိုးနှစ်ယောက်တို့သည် ထွန်း၏ နွားတင်းကုပ်နားကိုရောက်လျှင် တစ်အောင့်ကြာအောင် အခြေအနေကို အကဲခတ်ကြည့်နေကြသေးသည်။ ဘာမျှတော့ ထူးခြားမှုမရှိဟု နားလည်လိုက်ကြသည်။

ထို့နောက် နွားခြံကိုဖွင့်ပြီး အထဲသို့ ဝင်လိုက်ကြသည်။ ကြိုတင်စီမံထားကြသည့်အတိုင်း နွားမတမ်းမလေးတစ်ကောင်ကို ကြိုးဖြတ်ပြီး ဆွဲယူကြ၏။ နွားမတမ်းမလေးသည်လည်း အလိုက်သင့်ပင် ပါလာ၏။ အစီအစဉ်အတိုင်း နဂါးမောက်ရွာဘက်ကို တန်းဆွဲကြသည်။

ထို့နောက် ကြိုးဝိုင်းရွာပတ်လမ်းကို ဖြတ်ကြသည်။ တမင်တကာ ခြေရာထင်ပြီး မျက်စိရှုပ်အောင် လျှောက်သွားနေကြခြင်းဖြစ်သည်။

ရှမ်းပြိုးချောင်းရွာလမ်းကိုရောက်လျှင် ခြေရာဖျောက်ကာ ကျောက်ပိုးထိုးရွာဘက်ကို ပြန်ဆွဲကြသည်။ ထို့နောက်မှ လက်ပံပင်ကြီးအောက်သို့ ကွေ့ဝင်လိုက်ကြသည်။ အချိန်ကား ည(၂)နာရီပင် ရှိနေလေပြီ။

"ငါ့အကောင်တွေ၊ အခြေအနေအားလုံး ချောကြရဲ့ မဟုတ်လားကွ" ဟု ဆရာမှဲက အသံအုပ်အုပ်ဖြင့် လှမ်းမေး၏။

"အခြေအနေချောလို့သာ ဆရာ့တပည့်တွေ အခုလို ရောက်လာနိုင်ကြတာပေါ့ ဆရာရယ်။ ဆရာ့စကားကို တစ်သဝေမတိမ်း နားထောင်လိုက်နာပြီးလုပ်မှတော့ အဆင်မချောစရာ ဘာရှိမှာလဲ။ ကဲ..ရော့၊ ဒီမှာ နွားမတမ်းမလေး အပ်ပါပြီ။ ဆရာမှဲ ကြိုက်သလိုသာ စီမံပါတော့" ဟု ပြောပြီး ငကျွေက နွားမတမ်းမလေး ချည်ထားသောကြိုးကို ငမှဲ၏ လက်ထဲသို့ ထည့်ပေးလိုက်၏။

"စီမံမှာပေါ့ကွာ။ မင်းတို့က ဒီလောက်အထိ တာဝန်

www.burmeseclassic.com

ကျွန်ုပ်ကြမှတော့ ကျန်တဲ့အပိုင်းက ငါ့တာဝန်ပဲပေါ့။ ဒီမှာ ညနှစ်နာရီတောင် ကျော်နေပြီဆိုတော့ လက်ကျန်အချိန်လေးကို မြန်မြန်ဆန်ဆန်နဲ့ အကျိုးရှိရှိ အသုံးချမှ ဖြစ်တော့မှာပေါ့' ဟုပြောကာ ငမိုးသည် နွားမတမ်းမလေးကို ကြိုးဖြင့် သိုင်းပြီး မြေပြင်ပေါ်သို့ တုံးခနဲ လဲချလိုက်လေသည်။

ထို့နောက် ငမိုးသည် အလွန်ထက်သည့် ဓားကောက်ကြီးကို နွားမတမ်းမလေး၏ လည်ပင်းပေါ်တင်ကာ-

'ကဲ..နွားမကလေးရေ၊ နင်ဟာ နွားဘဝကို ရောက်လာရပေမယ့် အိမ်ထောင်တောင် မကျရသေးတဲ့ နွားပျိုမလေးပဲ ရှိသေးတယ်ဆိုတော့ နွားရာတောင် မဝင်သေးပါဘူးကွယ်။ ဒါကြောင့်လည်း သနားမိပါရဲ့။ ဒါပေမဲ့ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ ပြောရတော့မှာပေါ့။ အခုတော့ ငါ့ဓားကောက်ကြီးကြောင့် လည်ပင်းပြတ်ရတော့မယ်ကွယ့်'

'ဂူး..ဝုန်း'

ဆူညံသံကြီးနှင့်အတူ လက်ပံပင်ပေါ်မှ နှစ်ပေခန့်ရှိသည့် လုံးဝန်းသော မီးလုံးကြီးသည် သူတို့သုံးယောက်၏ အလယ်သို့ ပြုတ်ကျလာသဖြင့် ငမိုး၏လက်မှ ဓားကောက်ကြီးသည်လည်း လွင့်စဉ်သွားလေသည်။ နွားမတမ်းမလေးသည်လည်း ချည်ထားသောကြိုးများ ပြုတ်ပြေကာ ကုန်းထပြီး အပြီးကိုထောင်လျက် ကဆုန်ပေါက်ကာ သူတဲ့ဘက်သို့ ပြေးသွားလေသည်။

သို့မှ ငမိုးတို့လူစုမှာလည်း အကြောက်လွန်ကာ ငေးနေမိကြရာမှ သတိဝင်လာပြီး 'အောင်မယ်လေး..သေပါပြီဗျ' ဟု တစ်ခွန်းမျှ အော်နိုင်ခဲ့ပြီး ထွက်ပြေးကြလေသည်။ မီးလုံးကြီးလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

ငမိုးတို့ ဦးတည်ပြီးပြေးနေကြသည်မှာ လှေဆိပ်ဘက်သို့ပင်ဖြစ်သည်။ သို့သော် သူတို့ ချွံကွယ်ပြီး ချည်ထားခဲ့ကြသောလှေသည်လည်း သူ့အလိုလို ကြိုးပြေကာ ရေစီးအတိုင်း မျောသွားပြန်သဖြင့် ရေထဲသို့ ခုန်မချရဲကြသည့် အဆုံး ရေဆိပ်မှ တစ်ဖက်သို့ ပြေးကြရပြန်သည်။ မီးလုံးကြီးကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်နေဆဲသာ ဖြစ်သည်။

ထို့ကြောင့် ငမိုးတို့လူစုမှာ ဦးတည်ရာမဲ့ ထွက်ပြေးကြရင်းက လဲသူလဲ၊ ကွဲသူကွဲ၊ ပြဲသူပြဲ အသက်ကိုလုပြီးပြေးနေကြရလေသည်။ ဘာမျှမပါတော့။ ချုံတကာ့ချုံ၊ ပေါင်းတကာ့ပေါင်း ရရာတောတိုး ပြေးနေကြရသဖြင့် ကိုယ်မှာ ဝတ်ထားကြသော ပုဆိုး၊ အင်္ကျီများသည်ပင် အစိတ်အမြွာမြွာ ဖြစ်နေကြလေပြီ။

မီးလုံးကြီးကလည်း နွားခိုး ငမိုးအုပ်စုကို အပြေးလိုဟန်မတူဘဲ နဂါးမောက်ရွာ ဘုန်းတော်ကြီးကျောင်းဘက်သို့သာ ပမ်း၍,ပမ်း၍ မောင်းယူနေလေ၏။ ထိုအခါမှာပင် နဂါးမောက်ရွာ ဘုန်းတော်ကြီးကျောင်းဆီက မောင်းခေါက်သံလေးချက်ကို ကြားလိုက်ကြရ၏။

ငမိုးတို့လူစုမှာလည်း ယခု သူတို့အား လိုက်နေသည်သဘာဝမီးလုံးမဟုတ်ဘဲ သရဲသဘက်၊ ဘီလူးတို့ ဖန်ဆင်းသော မီးလုံးကြီးသာဖြစ်မည်ဟု အတပ်သိနေကြသဖြင့် အသက်ဘေးမှ လွတ်လိုလွတ်ငြား၊ သို့တည်းမဟုတ် ဘုန်းတော်ကြီးကျောင်းခြံထဲကို ဝင်ပြေးလျှင် လွတ်ကောင်းထွက်နိုင်သည်ဟုယူဆကာ တုံးမောင်းခေါက်သံကြားလိုက်ရသည်နှင့် ဦးတည်ပြီး ပြေးကြပြန်သည်။ မီးလုံးကြီးကလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာနေမြဲဖြစ်သည်။

နွားခိုးသုံးယောက်တို့က ရှေ့မှပြေး၊ မီးလုံးကြီးက နောက်မှလိုက်နှင့် ဘုန်းတော်ကြီးကျောင်းခြံထဲသို့ ရောက်လာကြလေသည်။ ဘုန်းကြီးကျောင်းခြံထဲသို့ နွားခိုးများ ရောက်သွားကြသောအခါ မီးလုံးကြီး ဆက်မလိုက်တော့ပေ။ တပ်ဝမှာပင် ကျန်နေခဲ့လေသည်။

မီးလုံးကြီး(ဦးကျွဲကြီး)က ကျောင်းခြံကို ကြောက်မှုမဟုတ်ပေ။ ဦးကျွဲကြီးကိုယ်တိုင် အကြောင်းရှိတိုင်း ဆရာတော်ဆီကို လာနေကျဖြစ်သည်။ ထို့ကြောင့် ဦးကျွဲကြီးသရဲဖြစ်သော်လည်း မိစ္ဆာမဟုတ်ဟူ၍သာ ပြောရပေမည်။

စင်စစ်တွင် အစိမ်း၊ သရဲ၊ ပြိတ္တာ အားလုံးတို့မှာ မိစ္ဆာချည်းသာ ဖြစ်ကြ၏။ မိစ္ဆာဖြစ်သောကြောင့်လည်း အစိမ်း သရဲများ ပူးကပ်လျှင် ဘုရား၊ တရား၊ သံဃာ (သရဏဂုံသုံးပါးကို ဂါထာစုတ်ပြီး) နှင့်ထုတ်လျှင် ထွက်ပြေးကြခြင်းဖြစ်သည်။

ယခု ဦးကျွဲကြီးမှာ သရဲဖြစ်သော်လည်း မိစ္ဆာဖြစ်မဟုတ်သောကြောင့်သာ ဆရာဘုန်းတော်ကြီး၏ကျောင်းကို အလိုရှိတိုင်း ဝင်ထွက်နေနိုင်ခြင်းဖြစ်သည်။ နဂါးမောက်ရွာစသော သူ၏ဇာတိမာန်လက်ပံပင်ကြီးနှင့် အနီးအနားက ရွာသားများကိုလည်း မပူးကပ် မနှောင့်ယှက်သည့်အကျိုးကျေးဇူးကိုလည်း ဦးကျွဲကြီးက ပြုစောင့်ရှောက်နေခြင်းသာ ဖြစ်ပေမည်။

* * *

www.burmeseclassic.com

'ကပ္ပိယကြီး..ဒီကို ခဏလာပါဦး'

ကိုရင်ကြီးက အသံအုပ်အုပ်ဖြင့် လှမ်းခေါ်လိုက်၍ ကြိုနေရာမှ ကပ္ပိယကြီး နောက်ကိုလှည့်ကြည့်သည်။ နောက် မေးလိုက်သည်။

'ကိုရင်ကြီး..ဘာတုံး'

'ဟိုဘက်မှာ လူရိပ်တွေ တွေ့နေရတယ်'

'ရွာထဲက ဆွမ်းပို့လာနေကြတဲ့ လူတွေများလား'

'မဖြစ်နိုင်ဘူး ကပ္ပိယကြီး၊ ရွာထဲက ဆွမ်းဒကာတွေ ရောင် ကျူပ်သိတာပေါ့။ ဆွမ်းပို့လာတဲ့ ဆွမ်းဒကာတွေသာ ရောင်လည်း တန်းလာမှာပေါ့။ အခုတော့ ဟိုခို,ဒီကပ်နဲ့ ဆိုးတွေနဲ့တူတယ်'

ကပ္ပိယကြီး ထင်းပိုင်းကို ကောက်ကိုင်ပြီး ထွက်လာ ထို့နောက် ကိုရင်ကြီးနှင့် ကပ္ပိယကြီးတို့ အခြေအနေကို ောင့်ကြည့်နေကြရင်း ခြံစည်းရိုးထောင့်နားတွင် လူရိပ်တစ် ကို ထပ်တွေ့လိုက်ကြရပြန်သည်။

နှားသူခိုးများကလည်း ကိုယ့်အပြစ်နှင့်ကိုယ်ကြောင့် ကန်းမတ်မတ် မလာရဲကြပေ။ မီးလုံးကြီး၏ရန်မှ လွတ် ချမ်းသာရုံသာ အခိကထားပြီး ကျောင်းခြံထဲသို့ ဝင်လာ ြင်းဖြင့် ဟိုခို,သည်ကပ် လုပ်နေမိကြသည်။

တစ်အောင့်ကြာအောင် စိုက်ကြည့်နေလိုက်ပြီးနောက် ကပ္ပိယကြီးက ပြောသည်။

'ဟုတ်တယ် ကိုရင်ကြီး၊ ခုတင်ကလည်း လူရိပ်ထပ် လိုက်ရတော့ ကိုရင်ကြီးမြင်လိုက်တယ်ဆိုတာ မမှားနိုင် ကျောင်းကို တန်းမလာဘဲ မှောင်ရိပ်ခိုနေတာထောက် လူဆိုးတွေဖြစ်မှာ သေချာတယ်။ ဒီတော့ ကျောင်း ကိုရင်တွေ အကုန်စုခေါ်ပြီး ဝိုင်းဖမ်းကြရင် မကောင်း ဘူးလား'

'အာ..အဲလိုလုပ်လို့ ဘယ်ဖြစ်မလဲ ကပ္ပိယကြီးရဲ့။ ဆိုးတွေသာဆိုရင် ဓား၊ သေနတ် တစ်ခုခုစီတော့ ပါလာ သေချာတယ်။ ပြီးတော့ လူကလည်း တစ်ယောက် ည်းမဟုတ်ဘူး၊ အနည်းဆုံး သုံးယောက်လောက် ဖြစ်မယ် ဒီတော့ တုံးမောင်းခေါက်ပြီး ရွာသားတွေကို စုခေါ် တာပဲ အကောင်းဆုံးဖြစ်မယ် ထင်တယ်'

ကိုရင်ကြီး၏ စကားအဆုံးမှာပင် ကပ္ပိယကြီးသည် ကိုင်ဘုကို ကောက်ကိုင်ပြီး တုံးမောင်းကို အဆက် ခေါက်လိုက်လေသည်။

ထိုအချိန်၌ အရာရာတက်မျှသာ ရှိသေးသော်လည်း ရွာသူရွာသားများသည် လယ်တောယာတောကိုသွားရန် စောစောနိုးထပြီး မျက်နှာသစ်သူ၊ ဘုရားရှိခိုးသူ၊ ရေနွေးတည် သောက်သူဟု အပြည့်အစုံရှိနေကြ၍ လူစုထားသကဲ့သို့ပင် ဖြစ်နေလေ၏။

ထို့ကြောင့် ကပ္ပိယကြီး အဆက်မပြတ် ခေါက်လိုက် သော တုံးမောင်းသံကိုကြားရလျှင် အရေးပေါ်တုံးမောင်းသံ ဟု တစ်ရွာလုံး သိလိုက်ကြ၍ အိမ်တိုင်းတွင် ချိတ်ဆွဲထား ကြသော ကုလားတက်များကိုခေါက်လိုက်ပြီး ချက်ချင်းပင် တုတ်၊ ဓား၊ လုံတံများကို ကိုင်ဆွဲကာ ဆူဆူညံညံဖြင့် ကျောင်းခြံထဲသို့ ပြေးဝင်လာကြလေသည်။

[ထိုအချိန်တွင် ဦးကျွဲကြီး(မီးလုံးကြီး)လည်း မရှိတော့ ပေ။ နှားခိုးများအား အပြေးအလွှား အလဲအကွဲများဖြင့် ကောင်းကောင်းကြီး နှိပ်စက်လိုက်ပြီးနောက် ကျောင်းခြံထဲ သို့မောင်းသွင်းကာ သူ့ဗိမာန် လက်ပံပင်ကြီးဆီသို့ ပြန်သွား လေပြီ။ ကျောင်းခြံထဲသို့ နှားခိုးများအား မောင်းသွင်းလိုက် လျှင် ရွာသားများ၏ ဝိုင်းဖမ်းခြင်းခံရမည်ကို ဦးကျွဲကြီး အတပ်သိထားသည်။ ထို့ကြောင့်လည်း ယခုကဲ့သို့ အကွက် ရိုက်ပြီး ပြုလုပ်လိုက်ခြင်းဖြစ်သည်။]

'ကပ္ပိယကြီး..ဘာဖြစ်လို့ တုံးမောင်းခေါက်တာလဲ'

'ဟင်..ကပ္ပိယကြီး'

'ကျောင်းထဲကို လူဆိုးဝင်လို့များလား'

ရှေ့ဆုံးမှ ရောက်လာကြသူများ ဆူဆူညံညံဖြင့် ဝိုင်း မေးကြ၏။ တချို့က တုတ်၊ ဓားများဖြင့် ကျောင်းကို ဝိုင်း ထားလိုက်ကြ၏။ တချို့က ဓရုပ်ထဲ၊ သိမ်ထဲများကို ဝင်ရှာ ကြ၏။

ကပ္ပိယကြီးကလည်း လက်နက်ကိုယ်စီဖြင့် အပြေး အလွှားရောက်လာကြသော ရွာသားများကို မြင်လိုက်ရ၍ စိုးရိမ်သွား၏။ ထို့ကြောင့် ကျောင်းခြံထဲမှာ လူရိပ်လူယောင် များ မြင်လိုက်သည်ကိုပင် ချက်ချင်းမပြောရဲ ဖြစ်သွားမိ၏။ ပြောလိုက်လျှင်လည်း အနည်းနှင့် အများဆိုသလို ဖြစ်နေ၍ တစ်ယောက်တစ်ချက် ဝိုင်းထုလိုက်ရုံမျှဖြင့်ပင် သေသွားနိုင် ၏။ ထိုအခါ သေသူကသေ၍ ကျန်သူများလည်း အကောင်း မနေရဘဲ အမှုပတ်မည်ကိုလည်း ပြေးမြင်မိ၏။

'ရွာသားတွေ..နေကြဦးကွ။ ဒီကိစ္စကို သတိသထားနဲ့ လုပ်မှဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းခြံထဲမှာ အမည်မသိလူအချို့တို့ ဝင်ရောက်နေကြတာတော့ အမှန်ပဲ။ ဒါပေမဲ့ လက်လွန်ခြေလွန်မဖြစ်အောင် ဝိုင်းဖမ်းကြမှ တော်

www.burmeseclassic.com

လိမ့်မယ်ထင်တယ်'

ကပွဲယကြီးနှင့် ရွာသားများ စကားပြောနေကြချိန်မှာပင် အမည်မသိ လူသုံးယောက်တို့သည် ကုဋီနားမှ ပြေးထွက်ပြီး ကျောင်းပေါ်သို့ ပြေးတက်သွားကြလေသည်။ ထို့နောက် အသံများကိုလည်း ဆက်ကာကြားလိုက်ရသည်။

'ဆရာတော်ဘုရား..တပည့်တော်တို့ကို ကယ်တော်မူပါဘုရား။ တပည့်တော်တို့ရဲ့အသက်ကို ချမ်းသာပေးတော်မူပါဘုရား'

'အေး..ဟေ၊ ဟေး..မင်း..မင်းတို့ ဘယ်သူတွေတုံး။ ဘယ်က ဘာဖြစ်လာကြတာတုံး။ ဟင်..'

'ရွာသားတွေက တပည့်တော်တို့ကို သတ်ကြတော့မှာပါဘုရား။ ဒါကြောင့် ဆရာတော် တပည့်တော်တို့ကို ကယ်တော်မူပါဘုရား'

'ဟင်..ရွာသားတွေက မင်းတို့ကို ဘာလို့သတ်ကြမှာတုံး'

'ဟိုမှာ ကျောင်းအောက်မှာ တုတ်တွေ၊ ဓားတွေနဲ့ ဝိုင်းထားကြပါတယ်ဘုရား'

ဆရာတော် ပြတင်းပေါက်မှ ကျောင်းအပြင်ဘက်ကို ကြည့်လိုက်သည်။ ထိုအခါ ကျောင်းခြံထဲတွင် ဖွေးမွေးလှုပ်နေကြသော တုတ်၊ မား၊ လှံတံ လက်နက်များကို ကိုင်ဆောင်ပြီး အသင့်စောင့်နေကြသည့် လူအုပ်ကြီးကို မြင်လိုက်ရ၏။

'အေး..ဟုတ်ပေသားပဲ။ မင်းတို့က ရွာသားတွေကို ဘာသွားလုပ်ကြမှန်းမှမသိတာ။ ဟင်..မင်းတို့က ရွာသားတွေကို ဘာသွားလုပ်ကြတုံး'

'တပည့်တော်တို့က ပဲပုတ်ရွာက။ အဲဒါ ဆရာတော့် ဒကာတွေကိုကြောက်လို့ ကယ်တော်မူပါဘုရား'

နွားခိုးခေါင်းဆောင် ငမွဲက 'သူတို့ နွားသူခိုးတွေပါ' ဟု အမှန်ကိုမပြောရဲဘဲ ဝေ့လည်ကြောင်ပတ် လုပ်နေ၏။

'အေးလေ..ပဲပုတ်ရွာကဆိုရုံနဲ့တော့ မင်းတို့ကို မသတ်လောက်ပါဘူး။ မင်းတို့က ရွာသားတွေကို တစ်ခုခုသွားလုပ်လို့ပဲ ဖြစ်မှာပေါ့။ ဒီတော့ မင်းတို့က ရွာသားတွေကို ဘာသွားလုပ်ကြတုံး။ ငါ့ကို မှန်မှန်ပြောကြစမ်း'

ငြင်းကွယ်၍လည်း ရမည့်ပုံမပေါ်။ အသက်အန္တရာယ်နှင့်လည်း အလွန်နီးကပ်နေသဖြင့် မတတ်သာသည့်အဆုံး အမှန်ကို ပြောဆိုလျှောက်လိုက်ရလေသည်။

'မှန်လှပါဘုရား။ ထားရင်လည်း ရှင်ရပါမယ်၊ သတ်ရင်လည်း သေရပါမယ်။ အမှန်ကိုပဲ လျှောက်တင်ပါမယ်။ တပည့်တော်တို့ သုံးယောက်လုံးက ပဲပုတ်ရွာသားချည်းဖြစ်ပါတယ်။ အသုံးအစားကျပ်လို့ ကြံမိကြံရာကြံ ငထွန်းရဲ့နွားတင်းကုပ်ထဲက နွားမတမ်းမလေးတစ်ကောင် ကိုခွေပြီး ဟိုအနားက လက်ပံပင်ကြီးအောက်မှာ အသားမလို့ လုပ်ကြပါတယ်။ အဲဒီအချိန်မှာပဲ လက်ပံပင်ကြီးက မီးလုံးကြီးတစ်လုံးကျလာပြီး တပည့်တော်တို့ကို ထိပါတယ်။ ဒါကြောင့် တပည့်တော်တို့လည်း ကြောက်အော်ဟစ်ပြီး ဖရိုဖရဲဖြစ်ကာ ထွက်ပြေးကြပါတယ်။ ညနာရီအချိန်ကပင် ဦးတည်ရာမဲ့ ထွက်ပြေးနေကြရပါတော့။ နောက်တော့ မီးလုံးကြီးက တပည့်တော်တို့ကို ဆရာတော်ကျောင်းဘက်ခပဲ ဖမ်းပြီး လိုက်ပို့နေတယ်လို့ ထင်မိတယ်။ ဒါကြောင့် တပည့်တော်တို့ ဆရာတော့်ကျောင်းဝင်ပြေးကြလို့ အခုလို ရှေ့တော်မှောက်ကို ရောက်လာတာပါဘုရား။ သနားသောအားဖြင့် တပည့်တော်တို့ကို ကယ်တော်မူပါဘုရား'ဟု ငမွဲက သူတို့၏ ဖြစ်ကြောင်းကုန်စင်ကို မချန်မခြွင်း ရှက်လည်း မရှက်နိုင်တော့ဘဲ လျှာစွာဖြင့်ပင် လင်းလင်းကြီး ဆရာတော်အား လျှောက်ထားလိုက်လေသည်။

'ဩော်..ဩော်..လက်စသတ်တော့ မင်းတို့က နွားခိုးရင်း မောင်ကျဲကြီးနဲ့ သွားတိုးကြတာကိုကွ။ ဟင်..'

ဆရာတော်က ပြုံးရင်းဖြင့် ပြောလိုက်၏။

ငမွဲတို့လူစုမှာကား မပြုံးနိုင်ကြတော့ဘဲ အကြောလွန်ကာ မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြစ်နေကြလေသည်။

'ဒါဆိုရင် ငထွန်းနွားက ဘယ်မှာတုံး။ လက်ပံပင်ကြီးအောက်မှာ ကျန်နေခဲ့သလား'ဟု ဆရာတော်က ထပ်မေး၏။

'လက်ပံပင်ကြီးပေါ်က မီးလုံးကြီးကျလာလို့ တပည့်တော်တို့ ထွက်ပြေးကြတာနဲ့ နွားမတမ်းမလေးဟာလည်း အမြီးကိုထောင်ပြီး သူတဲ့ဘကီကို ထွက်ပြေးသွားပါတော့ဘုရား'

'တော်သေးတာပေါ့။ မောင်ကျဲကြီး ဝင်ကယ်လို့။ အဲလိုသာမဟုတ်ရင် နွားလည်းသေ၊ မင်းတို့လည်း အပြစ်ကြီးပြီး ရှင်းမရ ဖြစ်ကြတော့မှာကွ'

'မှန်ပါတယ်ဘုရား'

'မင်းတို့ပြောတဲ့ မီးလုံးကြီးဆိုတာ ဂျပန်ခေတ်လေယာဉ်ဆုံးပြီး သရဲဖြစ်သွားရှာတဲ့ ငါ့တပည့်လေး ဟောင်ကျော်

www.burmeseclassic.com

ကွ။ အဲဒီလက်ပံပင်ကြီးနဲ့ အနီးအနားက တို့ရွာတွေကို အတော်လေးသံယောဇဉ်ကြီးရှာတယ်။ ကူညီစောင့်ရှောက်ခဲ့တဲ့ အကြိမ်ပေါင်းလည်း မနည်းတော့ဘူး။ ဒါကြောင့် တိုင်းပြည်ဖျက်တုန်းကပင် အခုအချိန်ထိ တို့ရွာတွေကို ဘယ်လူဆိုးမှ ကြံစည်လို့ မရနိုင်ကြဘူးကွ'

'မှန်လှပါ၊ ထူးဆန်းလှပါတယ်ဘုရား'

ဆရာတော်သည် တစ်အောင့်လေးကြာအောင် စဉ်းစားနေ၏။ ထိုအချိန်၌ လင်းအားကြီးအချိန်သို့ပင် ရောက်နေလေပြီ။

'အေးလေကွယ်၊ မင်းတို့မှားခဲ့တာလည်း ဝန်ခံပြီးပြီဆိုတော့ ကျေနပ်ရတော့မှာပေါ့။ ဒါပေမဲ့ ဒီကိစ္စကို ငါသက်သက်ဆုံးဖြတ်လို့တော့ မတော်ပေဘူး။ ဒါကြောင့် ဟော်..ကျောင်းအောက်က သူကြီးမောင်ချက်ကြီးနဲ့ အရပ်သူကြီးသုံး,လေးယောက်လောက် ကျောင်းပေါ်ကို တက်လာခဲ့ကြစမ်း။ ကျန်တဲ့လူတွေ ကိုယ့်အိမ်ကိုယ်ပြန်ကြ'

ဆရာတော်က ခေါ်လိုက်၍ သူကြီးဦးချက်ကြီးနှင့် အရပ်သူကြီးသုံး,လေးယောက်တို့ ကျောင်းပေါ်ကို တက်လာကြပြီး ဆရာတော်အား ဝတ်ဖြည့်ကြ၏။

'ဒီမှာ ဒကာလေးသုံးယောက်တို့က သူတို့အမှားကို ဝန်ခံပြီး ပြောဆိုနေကြတယ်။ ဒါတော့ မောင်ချက်ကြီးနဲ့ ဆွေးဒကာကြီးတွေလည်း ကြားကြမှာပေါ့' ဟု ဆရာတော်က စတင်ပြီး မိန့်တော်မူ၏။

'မင်းတို့ကွာ..ရွာနီးနားချင်း လုပ်ရက်ပလေ။ ဒီတော့ မင်းတို့ကို ဒီအတိုင်း ပြန်မလွှတ်ပေးနိုင်ဘူး။ တရားဥပဒေအရ ရဲကို တိုင်ရလိမ့်မယ်' ဟု သူကြီးဦးချက်ကြီးက မျက်နှာကြီးတင်းလျက် ဒေါသသံဖြင့်ပြော၏။

ထို့ကြောင့် ဆရာတော်က-

'ဒကာမောင်ချက်ကြီး၊ အဲဒီလိုစိတ်လိုက်မာန်ပါလည်း လုပ်လိုက်ပါနဲ့။ သူတို့ကလည်း အဖြစ်မှန်ကို ဝန်ခံပြီးပြီပဲ။ နှုတ်လွှတ်သင့်ပါတယ်။ ရဲကိုတိုင်ရင် အလုပ်တွေရှုပ်ကုန်လိမ့်မယ်။ ဖမ်းလာဆီးလာနဲ့ မတော်ပါဘူးကွယ်။ ကြီးတဲ့အမှုဆိုသော်၊ ငယ်တဲ့အမှု ပပျောက်စေဆိုတာမျိုးပဲ ဖြစ်သင့်ပါတယ်။ ဒီဒကာလေးသုံးယောက်တို့ကလည်း နောက်နောင်အမျိုးတွေ မလုပ်တော့ပါဘူးလို့ ဝန်ခံကတိဆိုလိုက်ကြပါ'

'မှန်လှပါဘုရား။ ဒီနေ့ကစလို့ မကောင်းမှုမှန်သမျှကို ထပ်ပြီးမလုပ်တော့ပါဘူးလို့ ကတိပေးပြီး ဆရာတော်ကို လျှောက်ထားပါတယ်ဘုရား' ဟု နှုတ်ခိုးသုံးယောက်လုံးကပင် ပြိုင်တူဆိုကာ ဆရာတော်အား ဦးချလိုက်ကြ၏။

ထို့ကြောင့် ရွာသူကြီး ဘာမျှမပြောတော့ပေ။

ဆရာတော်က မျက်နှာငယ်လေးများဖြင့် အသနားခံသကဲ့သို့ဖြစ်နေကြသော နှုတ်ခိုးသုံးယောက်တို့အားကြည့်ပြီး အတော်လေးပင် သနားသွား၏။ ထို့ကြောင့် သူကြီးဦးချက်ကြီးအား ပြောလိုက်သည်။

'ကဲ..မောင်ချက်ကြီး၊ ဒီဒကာလေးသုံးယောက်တို့က ဆင်းရဲလွန်းလို့သာ မလုပ်သင့်တာတွေကို လုပ်မိကြတာဆိုတော့ သနားပါတယ်ကွယ်။ ဒါကြောင့် တစ်အိမ် ရှောက်သီး တစ်လုံး၊ ငှက်ပျောသီးတစ်ဖီး၊ ကျောက်ပိုးထိုးရွာကလည်း တစ်အိမ် ရှောက်သီးတစ်လုံး၊ ငှက်ပျောသီးတစ်ဖီး သူတို့ တစ်နိုင်ပေးလိုက်ကြကွယ်။ ဒကာလေးတို့ကလည်း နောက်နောင် ဒီရွာကိုလာရင် မကောင်းတဲ့ အကြံအစည်နဲ့တော့ မလာကြနဲ့ကွယ်။ ကောင်းရောင်းကောင်းဝယ်ဖြစ်တဲ့ ခြံထွက်သီးနှံလေးတွေ အကြွေးဝယ် မြို့တက်ရောင်း၊ ပေါက်ဈေးပြန်ချေ။ ဒီလုပ်ငန်းတွေ ပေးလိုက်မယ်။ ဒကာ မောင်ချက်ကြီးကလည်း တို့နဂါးမောက်၊ ကျောက်ပိုးထိုး၊ ကျက်သောင်းချောင်း၊ ပြိုးချောင်း၊ ဒိုးသောင် စတဲ့သောက်ရေခတ်ချောင်းရိုးတစ်လျှောက်မှာရှိကြတဲ့ အသီးဖလံတွေကို ဒီဒကာလေး သုံးယောက်တို့ လာဝယ်ကြရင် အကြွေးရောင်းပေးကြဖို့ကို ဘုန်းကြီးက မေတ္တာရပ်ခံလိုက်တဲ့အကြောင်း ထပ်လောင်းပြီး ပြောပြလိုက်ပါ'

ဆရာတော်က အမိန့်ရှိ၍သာ သူကြီးဦးချက်ကြီး အာမဘန္တေခံလိုက်ရ၏။ စင်စစ်တွင် ယခုအခါသည် တိုင်းရေးပြည်ရေး ပွင့်လင်းကြည်သာခြင်း မရှိသေးပေ။ ထို့ကြောင့် လူဆိုးများကိုလည်း လူဆိုးဟူ၍သာ မြင်သင့်၏။ လူကောင်းများနှင့် ပေါင်းရောရန် မသင့်ဟုထင်သည်။ တစ်နေ့တွင် သူတို့မူ စိတ်ဆိုးစိတ်ယုတ်များ ပေါ်လာပြီး ရွာများကို ဓားပြတိုက်လျှင် လှလှကြီးဒုက္ခရောက်နိုင်သည်။

သို့သော် ဆရာတော်၏ သီလ၊ သမာဓိ၊ ဘုန်းကံအာဏာတော်နှင့် စီမံပေးလိုက်သောကြောင့်ထင်သည် ထိုလူဓိုက်(နှုတ်ခိုး)သုံးယောက်တို့သည် အမှန်တကယ်ပင် လူကောင်းသူကောင်းများ ဖြစ်သွားကြပြီး ဆရာတော်စီမံပေးလိုက်သော ကောင်းရောင်းကောင်းဝယ် လုပ်ငန်းများဖြင့်ပင် ရိုးဖြောင့်စွာ တစ်သက်ပတ်လုံး လုပ်ကိုင်စားသောက်သွားကြလေသည်။

ထွန်းတောအေး

www.burmeseclassic.com

www.burmeseclassic.com

သက်ပန်သည် တောထဲသို့သွားရန် ဆန္ဒစောနေသည်။ နေမဝင်မီ တောသို့ ရောက်ချင်သည်။ မမှောင်ခင်ရောက်မှ အသင့်ယူဆောင်လာသော ထောင်ခြောက်များကို ဆင်နိုင်မည်။ မှောင်သွားပါက မမြင်မစမ်းနှင့် သေသေသပ်သပ် မလုပ်နိုင်ဘဲ ဖြစ်နေမည်။ ရွာအနောက်ပိုင်းတွင် နေသော ခက်ထန်ကိုလည်း ဝင်ခေါ်ရဦးမည်။ ခက်ထန် မပါ၍မဖြစ်။ သူကိုယ်တိုင်က သည်အလုပ်များကို ကျွမ်းကျွမ်းကျင်ကျင် မလုပ်နိုင်သေးခင် ခက်ထန်ကို ဆရာတင်ရမည်။ ခက်ထန်မှာ ဝါရင့်မုဆိုးတစ်ယောက်ဖြစ်၍ ကြောင်ထောင်၊ ယုန်ဖမ်း အလုပ်သည် သူ့အတွက် အသေးအဖွဲသာဖြစ်သည်။

ခက်ထန်ကလည်း ငယ်သူငယ်ချင်းဖြစ်၍ သက်ပန်ကို စိတ်ရှည်လက်ရှည် ပြသပေးသည်။ ထောင်ခြောက်ဆင်ပုံ၊ ကြောင်လာမည့်လမ်းကို ခန့်မှန်းတတ်အောင် သင်ပေးသည်။ သုံးရက်လောက် ခက်ထန် သင်ပေးရုံဖြင့် အတော် အသင့်တတ်ခဲ့ပြီ။ တစ်ညလျှင် ကြောင်နှစ်ကောင်နှင့် ယုန် ငါးကောင် အနည်းဆုံးရခဲ့သည်။

ညနေ နေအိမ်မှ ထွက်ခဲ့ကြသည်။ နေမဝင်မီ တော သို့ရောက်ပြီး ထောင်ခြောက်များဆင်ကာ ကြောင်လာမည့် လမ်းတွင် ချထားခဲ့သည်။ နေဝင်သည်နှင့် ဓာတ်မီးနှင့် ယုန်ဖမ်းကြသည်။ ယုန်ဖမ်းရသည်မှာ လွယ်ပါသည်။ ထို၏မျက်နှာကို ဓာတ်မီးနှင့် ထိုးထားပါက ယုန်သည် နေရာ မရွေ့တော့ဘဲ မီးရောင်ကို စိုက်ကြည့်နေတတ်သည်။ ထို အချိန် နောက်မှ အသာအယာဖမ်းရုံဖြင့် ယုန်ရမည်။ နောက် တစ်နည်းက ပိုက်ဖြင့် ထောင်ဖမ်းနည်းဖြစ်သည်။

သက်ပန်က ညစာကို ထမင်းထုပ် ယူလာသည်။ ခက်ထန်အတွက်ပါ ထမင်းနှစ်ထုပ် ယူလာရသည်။

www.burmeseclassic.com

www.burmeseclassic.com

သရဲကြောက်သူ၏ အဖြစ်ဆန်း ကောင်းသော်

သက်ပန်သည် လယ်သမားဖြစ်သည်။ နွားပိုင်၊ လယ်ပိုင်ဖြင့် မိုးကျသည်နှင့် လယ်ယာလုပ်ငန်းခွင်သို့ ဝင်ရသည်။ လယ်ယာလုပ်ငန်းတစ်ခုတည်း လုပ်ရုံဖြင့် ဇနီးနှင့် သားတွေက လုံလောက်သည့်ငွေကြေး မပြည့်သဖြင့် အပို အလုပ်အောင် လယ်နားခိုနံတွင် ခက်ထန်၏နောက်သို့ လိုက်ခဲ့၍ လိုက်ရခြင်းဖြစ်သည်။

သက်ပန်တို့ ဇရပ်ကုန်းရွာသည် အနောက်ရိုးမနှင့် ကပ်လျက် ရွာတွင် မုဆိုးများ များပါသည်။ မုဆိုးများသည် လယ်သမားထက် ဝင်ငွေပိုရကြသည်။ အကုသိုလ်အလုပ်ဖြစ်၍ မလုပ်လိုသော်လည်း မိသားစုစားဝတ်နေရေးအတွက် ခက်ထန်ထံ တပည့်ခံ၍ လိုက်နေရခြင်းဖြစ်သည်။ ခက်ထန်ကလည်း သူငယ်ချင်းကောင်း ဝိသစ္စာ ကူညီပါသည်။

'မုဆိုးအလုပ်ဆိုတာ သားကောင်ကြီးတွေကို မဖမ်းခင် သားကောင်ငယ်တွေနဲ့ အရင်လေ့ကျင့်ရတယ်။ အန္တရာယ် မရှိတဲ့ သားကောင်ငယ်တွေကို ပိုင်ပိုင်နိုင်နိုင်ဖမ်းနိုင်မှ သားကောင်ကြီးကို တစ်ဆင့်တက်ရတယ်။ ယုန်ဖမ်း၊ ကြောင်ထောင်တဲ့ အလုပ်ဟာ မုဆိုးအစ မူလတန်းအခြေခံအဆင့်ပဲ။ မုဆိုးကောင်းဖြစ်ချင်ရင် အခြေခံက စုရမယ်'

ခက်ထန်က အခြေခံမှစ၍ တစ်ဆင့်ပြီးတစ်ဆင့် သင်ကြားပေးမည်ဖြစ်၍ သက်ပန်က ဆရာတင်ခဲ့ခြင်းဖြစ်သည်။ ညစဉ် ယုန်ဖမ်း ကြောင်ထောင် အလုပ်က စခဲ့ကြသည်။ ရရှိလာသော သားကောင်များကို ဒိုင်တွင်သွင်းပါက သင့်

www.burmeseclassic.com

www.burmeseclassic.com

တင့်သောဌေကြေးကို ရပါသည်။ ယနေ့လည်း ခက်ထန်ဆီသို့ စောစောထွက်ခဲ့ပါသည်။ ခက်ထန်ကို အသင့်တွေ့ရသော်လည်း ခက်ထန်၏စကားကို ကြားလိုက်ရ၍ အားပျက်သွားပါသည်။

"သက်ပန်..ဒီညတော့ ငါ မလိုက်ဖြစ်ဘူးကွာ။ မြို့မှာနေတဲ့ ငါ့ဘကြီး အသည်းအသန်ဖြစ်တယ် အကြောင်းကြားလို့ ငါ ဒီညပဲ မြို့ကို လိုက်သွားရမယ်။ ကြောင်ထောင်၊ ယုန်ဖမ်းတဲ့ အလုပ်ကို မင်း လုပ်တတ်နေပါပြီ။ ဒီညတော့ မင်းတစ်ယောက်တည်း သွားလိုက်ပါကွာ"

"ငါတစ်ယောက်တည်းတော့ မသွားရဲဘူး ခက်ထန်၊ ငါက တောလည်း မကျွမ်းဘူး။ မသွားအပ်တဲ့ နေရာတွေလည်း အကုန်မသိသေးဘူး"

"စိတ်ချလက်ချ သွားစမ်းပါ။ အတွေ့အကြုံရတာပေါ့။ မြောက်ဘက်ကို မသွားမိစေနဲ့။ မြောက်ဘက်မှာ ဦးနီသစ်တောကြီးဝိုင်းရှိတယ်။ နောက်တစ်ခုက သုသာန်ဘေးဘက်မှာ ဦးထောင်ဗိုလ်ခြံ ရှိတယ်။ အဲဒီခြံနားကို မကပ်မိစေနဲ့။ အနောက်တည့်တည့်သာသွား၊ ဘာအန္တရာယ်မှ မရှိပါဘူး"

သက်ပန်သည် တစ်ယောက်တည်း သွားရမည်ကို အားငယ်နေပါသည်။ ခက်ထန်ကို အားကိုးက နောက်လိုက်ဖြစ်၍ တာဝန်မရှိသော်လည်း တစ်ယောက်တည်းသွားပါက ညဘက် တွေ့ကြုံနိုင်သည့် အန္တရာယ်များကို လွတ်အောင် ရှောင်နိုင်ရမည်။ မုဆိုးအလုပ်သည် သားကောင်ရရှိရေးတစ်ခုတည်း မကြည့်ဘဲ အန္တရာယ်ကိုလည်း ကာကွယ်နိုင်ရသည်။

ကြောင်ထောင်သည့် လုပ်ငန်းကို လုပ်တတ်နေပြီဖြစ်၍ တစ်ယောက်တည်း ဆရာ မပါဘဲ စမ်းသပ်ချင်သည်။ ထမင်းထုပ်ကလည်း နှစ်ထုပ်တောင် ပါလာသဖြင့် နောက်ပြန်မလှည့်ချင်ပါ။

"အေးကွာ..ဒီတစ်ညတော့ စမ်းသပ်ကြည့်လိုက်မယ်။ အဆင်မပြေရင် နောက်ည မသွားတော့ဘူး"

"ဒါလောက် စိတ်ဓာတ်မကျပါနဲ့ကွာ။ အနောက်စူးစူး သာသွား၊ ဘာအန္တရာယ်မှမရှိဘူး။ အနောက်ရိုးမအထိ ရောက်သွားရုံပဲရှိမယ်"

သက်ပန်သည် ဆုံးဖြတ်ချက်ချပြီး အနောက်သို့ဦးတည်၍ ထွက်ခဲ့သည်။ နေဝင်ခါနီး မြူများဆိုင်းနေပြီဖြစ်၍ ခြေလှမ်းသွက်သွက် လျှောက်ခဲ့သည်။ တောစပ်သို့ နှစ်မိုင်ခန့် ဝေးသဖြင့် နေမဝင်ခင်ရောက်မှဖြစ်မည်။ ခက်ထန်နှင့် လာစဉ်က စကားပြောရင်း လာကြသည်ဖြစ်၍ ကြာသည်ဟု ရသော်လည်း တစ်ယောက်တည်း လျှောက်ရာတွင် တော သို့ ရောက်ခဲ့လှပါသည်။ နေဝင်စပြုပြီမို့ ဓာတ်မီးကို ထုတ်ထားရသည်။

ရှေ့တွင် သုသာန်ကို တွေ့ရသည်။ ခက်ထန်နှင့် စဉ်က သုသာန်မှဖြတ်၍ အုတ်ဂူကြိုအုတ်ဂူကြား သွားခဲ့သော်လည်း သုသာန်ထဲသို့ မဝင်ချင်ပါ။ သုသာန်ကို ရှောင်ကွင်းသွားပါက မြောက်ဘက်သို့ ရောက်သွားသဖြင့် သတိထား၍ လျှောက်ခဲ့သည်။ တောအုပ်အစပ် ရောက်သည်နှင့် ဓာတ်မီးကို အားကိုးရတော့သည်။ အုပ်မှာ သိပ်မကျယ်ဟု သိထားသော်လည်း ယခုထိ အုပ်ထဲမှ မထွက်နိုင်သေးပါ။ လမ်းမှားစရာ မရှိသော်လည်း တောမှောက်လေသလားဟု စိုးရိမ်လာမိသည်။ ထိတ်နေစဉ် သူ့ရှေ့သို့ အပေါ်မှ ကြီးမားသော အရာကြီးတစ်ခု ပြုတ်ကျလာသည်။

"ဗုန်း" ဟူသော အသံကြီးကြောင့် ဆံပင်များထောင်လောက်အောင် ထိတ်လန့်မိပါသည်။ ဓာတ်မီးနှင့် ထိုးကြည့်သောအခါ ပေါင်လုံးခန့်ရှိသော မြွေကြီးတစ်ကောင် သပင်ပေါ်က ပြုတ်ကျလာခြင်းဖြစ်သည်။ မြွေကြီးမှာ သူ့ဆီ တရွေ့ရွေ့လာနေသဖြင့် နောက်လှည့်၍ ပြေးရသည်။ ရန်မှ လွတ်အောင်ပြေးရာတွင် ချုံနွယ်များကြောင့် ခြေဖြောင့်မပြေးနိုင်ဘဲ ကွေ့ကာကောက်ကာ ပြေးခဲ့ရသည်။ မောလွန်း၍ နောက်သို့ ဓာတ်မီးနှင့်ထိုးကြည့်ရာ မျက်ကပ်အရောင် တဝင်းဝင်းနှင့် လိုက်လာနေသော မြွေကြီးကို တွေ့လိုက်ရသဖြင့် ရပ်နားနေ၍ မဖြစ်တော့ဘဲ ချုံကိုတိုးပြေးခဲ့ရသည်။ သစ်ကိုင်းသစ်ခက်၊ ဆူးချုံများ ထိခိုက်ခြစ်ရာရှရာများကို ဂရုမစိုက်နိုင်ဘဲ အသက်ဘေးက လွတ်အောင် အားသွန်ပြေးရင်း တွင်းကြီးထဲသို့ ကျသွားပါသည်။ ရင်ထဲ အေးပြီး အနက်ဆယ်ပေခန့် ကျင်းထဲသို့ ကျသွားခြင်းဖြစ်သည်။ ကျောပိုးအိတ်က ခံနေသဖြင့် အကျသက်သာသည်။ ဓာတ်မီးမှာ လက်က မလွတ်သဖြင့် ပတ်ဝန်းကျင်ကို လေ့လာကြည့်ရာ ရေတွင်းပျက်တစ်ခု ဖြစ်ဟန်ရှိကြောင်း တွေ့ရသည်။ ကူညီမည့်သူ မတွေ့ပါက ရေတွင်းပျက်မှ တက်နိုင်ရန် မလွယ်ကူကြောင်း သိလိုက်ရသဖြင့် ပျက်သွားပါတော့သည်။

သက်ပန်သည် အုတ်ရိုးကို ကျော်တက်ရန် ကြိုးစားကြည့်သေးသည်။ အုတ်ရိုးမှာ ဆယ်ပေခန့်မြင့်သဖြင့်

www.burmeseclassic.com

ခ်ိတ်မရအောင် ရှိပါသည်။ တောကြီးထဲ ဖြစ်ရုံသာမက ညအခါလည်းဖြစ်သဖြင့် လူရောက်လာရန် အကြောင်းမရှိ ကြောင်းတွေးရင်း စိတ်မကောင်းဖြစ်ရသည်။ မျှော်လင့်ချက် ရှိသဖြင့် တစ်ညလုံး ဆင်းရဲပင်ပန်းစွာ နေရတော့မည်ဟု စိတ်အား လျှော့ချလိုက်စဉ် ရုတ်တရက် ဓာတ်မီးရောင်တွေ့ လိုက်ရ၍ အားတက်သွားပါသည်။ အပေါ်သို့ မော့ကြည့် လိုက်ရာ ဓာတ်မီးရောင်က မျက်နှာပေါ်ကျလာသဖြင့် လက် နှစ်ဖက်နှင့်ကာ၍ ကြည့်ရသည်။ တစ်စုံတစ်ယောက် ရောက် လာသည်ထင်၍ အကူအညီရလိုရငြား အော်လိုက်ပါသည်။

'ကယ်ကြပါဗျာ'

သူ၏အသံမှာ လိုဏ်သံပေါက်နေပါသည်။ ဓာတ်မီး ရောင်ပါ ပျောက်သွားသဖြင့် အားငယ်နေချိန် သုစ်ကိုင်း ဘစ်ကိုင်း ကျလာသဖြင့် လွတ်အောင် ရောင်လိုက်ရသည်။ သစ်ကိုင်းမှာ ရှစ်ပေခန့်ရှိသဖြင့် ရေတွင်းနှုတ်ခမ်းသို့ရောက် ရန် နှစ်ပေလောက် လိုနေပါသည်။ သစ်ကိုင်း၏ဘေးတွင် အက်အလက်များ ပါသဖြင့် ထိုအကိုင်းအတက်များကို ဆုပ်ကားထစ်သဖွယ် နင်း၍ အပေါ်သို့ တက်ရသည်။

'သစ်သားချောင်းကို အားပြုပြီး တက်ခဲ့ပါ'

အပေါ်မှ လူသံကြားရပြီး ဓာတ်မီးနှင့်ပါ ထိုးပြနေ သဖြင့် အားတက်ပြီး အပေါ်သို့ရောက်အောင် ကြိုးစားတက် ခဲ့သည်။ သစ်သားဆုံးသွားသော်လည်း ရေတွင်းပေါင်းကို ဆက်လှမ်းမီရန် အနည်းငယ်လိုနေပါသည်။ ထိုစဉ် လုံချည် ဆောင်းကို ကွင်းလုပ်ထားသည့်ပုံစံ ကျလာသဖြင့် ထိုလုံ ချည်ကွင်းကိုဆွဲ၍ တက်ခဲ့ရာ အပေါ်သို့ ရောက်ခဲ့ရပါသည်။

'မသေကောင်း မပျောက်ကောင်းကွယ်။ မင်းက ဘယ် သူလဲ။ ဘယ်ရွာကလဲ'

'ကျွန်တော်က ဇရပ်ကုန်းရွာက သက်ပန်ပါ'

'ဘာအလုပ် လုပ်သလဲ'

'လယ်သမားပါ။ လယ်ကိုပဲ လုပ်ပါတယ်'

'ဒီအချိန် ဒီနေရာကို ဘယ်လိုရောက်လာတာလဲ'

'ကြောင်ထောင်ရအောင် လာခဲ့တာ။ မြွေကြီးတစ် ကောင်လိုက်လို့ လွတ်အောင်ပြေးရင်း တွင်းကြီးထဲ ကျသွား ခဲ့တာပါ'

'မင်း သိပ်ကံကောင်းတယ်။ ဒီတွင်းထဲမှာ မြွေတွေ ကောင်ပေါင်းများစွာရှိတယ်'

သက်ပန် ကြက်သီးထသွားပါသည်။ မြွေတွင်းထဲ ကျ ခြင်း အခုမှသိရ၍ တုန်လှုပ်မိသည်။ တွင်းထဲနေစဉ်က မြွေ တွင်းမှန်းသာ သိရပါက အသက်ထွက်သွားနိုင်ပါသည်။

ဓာတ်မီးရောင်ကြောင့် အသက်ခြောက်ဆယ်ကျော်ဟု ခန့်မှန်းရသဖြင့် အဘဟုခေါ်ရန် စဉ်းစားလိုက်သည်။

'ကျွန်တော့်အသက်ကို ကယ်တင်လိုက်လို့ ကျေးဇူး တင်ပါတယ်။ အဘက ဘယ်မှာနေလို့ ဒီအချိန် ဒီနေရာကို ရောက်လာရတာလဲ'

'ကျုပ်ခြံက ဟိုဘက်နားမှာပါ။ ခြံဟိုဘက်ထိပ်ကိုသွား ကြည့်ရင်း အပြန် ဒီနေရာရောက်တော့ အော်သံကြားလို့ မောင်ရင့်ကို တွေ့တာပါ။ လာလေ၊ ကျုပ်ခြံကို သွားရ အောင်။ ဟိုရောက်မှ စကားပြောကြတာပေါ့'

သက်ပန်သည် အဘိုးကြီး၏နောက်က လိုက်ခဲ့သည်။ လယ်နှစ်ကွင်းလောက်ကျော်မှ အလွန်ကျယ်ဝန်းသော ခြံ ကြီးတစ်ခြံကို တွေ့ရသည်။ ဝင်းတံခါးကို အခိုင်အမာ လုပ်ထားသည်ကို တွေ့ရသည်။ ခြံပတ်လည်ကို ဝါးဖြင့် ခပ်စိပ်စိပ် ကာရန်ထားသည်မှာ ခွေးပင် တိုး၍မရအောင် လုံနေပါသည်။ ခြံထဲရောက်သည်နှင့် အလွန်သေသပ်သော ရှစ်ပေပတ်လည်ခန့် ဝါးတဲတစ်လုံးကို တွေ့ရသည်။

'ကဲ..ဒါ ကျုပ်စခန်းပဲ။ တဲပေါ်တက်ပြီး အနားယူ လိုက်ပါဦး။ ကျုပ် သစ်သီးတွေ သွားရှာလိုက်ဦးမယ်'

'အဘ..ကျွန်တော့်အတွက် ဘာမှမလုပ်ပါနဲ့။ ကျော ပိုးအိတ်ထဲမှာ ထမင်းထုပ်နှစ်ထုပ် ပါတယ်။ အဘလည်း တစ်ထုပ်စားရမယ်'

'အေးပါကွာ၊ မင်းရဲ့ထမင်းထုပ်လည်း စားတာပေါ့။ သစ်သီးလည်း ကျွေးချင်လို့ပါ'

အဘိုးကြီး ထွက်သွားသည်နှင့် တဲပေါ်တွင် ကြည့် လိုက်ရာ အိပ်ရာဟူ၍ လုံးဝမတွေ့ရဘဲ ဝါးဆစ်ကို ဖြတ် ထားသည့် ဝါးဆစ်ပိုင်းသာ တွေ့ရသည်။ သက်ပိုင်သည် ဝါးဆစ်ပိုင်းကို ခေါင်းအုံးရင်း ပက်လက်လှန်၍ အနားယူ နေခဲ့သည်။ ပြေးရလွှားရ စိတ်ပူပန်ရသဖြင့် ယခုမှ စိတ်ချ လက်ချ အသက်မှန် မှန်ရှူရှိုက်ရတော့သည်။

မကြာမီ အဘ ပြန်ရောက်လာပါသည်။ လက်ထဲတွင် ငှက်ပျောသီးဖီးကြမ်းတစ်ခိုင်ကို ထမ်းလာပါသည်။ သက် ပန်က ထမင်းထုပ်ကိုဖြေ၍ အဘရှေ့တွင် ချပေးလိုက်သည်။

'ကဲ..အဘ၊ ကျွန်တော့်ထမင်းကို စားပါဦး။ ထမင်း စားပြီးရင် ငှက်ပျောသီးစားပါမယ်'

နှစ်ဦးသား ထမင်းထုပ်ကို အားပါးတရ စားသောက် ကြပါသည်။ ညသန်းခေါင်ယံအချိန် ပြေးရလွှားရ၍ ဆာ

www.burmeseclassic.com

လောင်နေသဖြင့် သက်ပန်မှာ ထမင်းထုပ်ကို ပြောင်စင်အောင် စားလိုက်သည်။ ထမင်းစားပြီးသည်နှင့် ငှက်ပျောသီးဖီးကြမ်းကို တစ်လုံးပြီးတစ်လုံး စားလိုက်ကြပါသည်။

'မောင်သက်ပန်၊ မင်း ကြောင်ထောင်စားလာတာ ကြာပြီလား'

'လေးရက်ပဲ ရှိပါသေးတယ် အဘရယ်။ လုပ်ငန်းမကျွမ်းကျင်သလို လမ်းလည်း မသိသေးပါဘူး'

'ဘာပြုလို့ ဒီအကုသိုလ်အလုပ်ကို လုပ်ချင်ရတာလဲ'

'အိုဝင်ငွေရချင်လို့ပါ အဘ'

'အခြားသမ္မာအာဇီဝအလုပ်တွေ လုပ်ရင်လည်း ဝင်ငွေရနိုင်တာပဲမဟုတ်လား'

'ကျွန်တော်လည်း အကုသိုလ်အလုပ်ကို မလုပ်ချင်ပါဘူး။ အခြားလုပ်စရာမရှိလို့ ဒီအလုပ်ကို လုပ်ရတာပါ။ အခြားကောင်းတဲ့ အလုပ်ရှိရင် ကျွန်တော့်ကို လမ်းညွှန်ပေးပါအဘ'

'တောတက်ပြီး သစ်ခုတ်တဲ့အလုပ်ကို လုပ်ကြည့်ပါလား။ အဲဒီအလုပ်က ဝင်ငွေကောင်းတယ်။ သစ်ပင်ခုတ်ရင် သစ်သားက ဈေးကောင်းရတဲ့အပြင် ကိုင်းဖျားတွေက ထင်းအဖြစ် ရောင်းလို့ရသေးတယ်'

'သစ်ပင်က ဘယ်မှာခုတ်ရမှာလဲ အဘ'

'ဒီနားက သစ်တောမှာ ခုတ်ရမှာပါ။ မင်းရွာနဲ့လည်း အနီးလေးပဲ'

'ဦးနီကြီးဝိုင်းလား အဘ'

'ဟုတ်တယ်။ ဒီအနားမှာ ဒီတောပဲ ရှိတာပဲ'

'အမယ်လေး၊ ဦးနီကြီးဝိုင်းတော့ မသွားရဲပါဘူးအဘ'

'မင်းက ဘာကိုကြောက်နေတာလဲ။ ဦးနီနဲ့ တွေ့ဖူးလို့လား'

'မတွေ့ဖူးပါဘူး အဘရယ်။ ဦးနီဆိုတဲ့နာမည် ကြားရုံနဲ့ ကြောက်လှပါပြီ'

'ဦးနီကို မတွေ့ဖူးဘဲ ဘာလို့ ဒါလောက်ကြောက်ရတာလဲ'

'ဦးနီက သူရဲကြီးဆို အဘ၊ ဒီတောကို ဘယ်သူမှ အဝင်မခံဘူး ကြားတယ်'

'ဟုတ်တော့ ဟုတ်ပါတယ်၊ လူတိုင်းကိုတော့ မခြောက်ပါဘူး။ ဦးနီက လူဘဝတုန်းက အဘရဲ့ သူငယ်ချင်းပါ။ သိပ်သဘောကောင်းပါတယ်။ ဝဋ်ကြွေးမကင်းလို့ မကျွတ်မလွတ်သေးဘဲ တစ္ဆေသရဲ ဖြစ်ကောင်းဖြစ်နိုင်ပေမယ့် လူကောင်းတွေကို ဒုက္ခမပေးပါဘူး။ မင်းသာ သစ်ခုတ်မည်ဆိုရင် အဘကိုယ်တိုင် လိုက်မှာပါ'

'ဖြစ်ပါ့မလား အဘ'

'အဘကူညီမယ်လို့ ပြောပြီးပြီလေ'

'အဘ လိုက်မယ်ဆိုရင်တော့ သစ်ခုတ်ရဲပါတယ် အဘ။ အဘပြောတဲ့အထဲမှာ ဦးနီနဲ့အဘ သူငယ်ချင်းတွေလို့ ကြား လိုက်ရတယ်။ ဒါဆိုရင် ဦးနီအကြောင်း ပြောပြပါလား အဘ'

'ဦးနီဟာ ငယ်ငယ်ကတည်းက အဘနဲ့ အလွန်ခင်တဲ့ သူငယ်ချင်း။ ဒီနယ်မှာ သူဌေးကြီးဦးထောင်ဗိုလ်ဆိုတာ ရှိတယ်။ ဦးထောင်ဗိုလ်နဲ့ ဦးနီ ပေါင်းစပ်ပြီး စီးပွားရေးလုပ်ငန်းကြီးတစ်ခု လုပ်ကြတယ်။ တစ်နေ့ ဦးနီရဲ့အမှားကြောင့် ဦးထောင်ဗိုလ်ရဲ့ ပစ္စည်းအများအပြား ဆုံးရှုံးခဲ့ရတယ်။ ဦးထောင်ဗိုလ်က စီးပွားရေးသမားဆိုတော့ ဦးနီကို အမှုမလုပ်စေချင်ရင် ဆုံးရှုံးတဲ့ငွေကို ပြန်ပေးဆပ်ရမယ်လို့ ပြောတယ်။ ဦးနီကလည်း အလျှော့မပေးဘဲ ပြန်ဆပ်ပါ့မယ်လို့ ကတိပေးလိုက်တယ်။ ဦးနီက အခြားအလုပ်တွေ မလုပ်တော့ဘဲ သူကျွမ်းကျင်တဲ့ မုဆိုးအလုပ်နဲ့ စီးပွားရှာပြီး ပြန်ဆပ်ခဲ့တယ်။ ဦးနီဟာ တပည့်ကျော်နှစ်ယောက်နဲ့ ဒီသခင်ကြီးဝိုင်းထဲမှာ အမဲပစ်ကြတယ်။ ရလိုက်တဲ့ သားကောင်တွေ၊ ကျားကိုတောင် ရအောင်ပစ်ခဲ့တယ်။ ရတဲ့ငွေတွေကို ဦးထောင်ဗိုလ်ကို ပြန်ဆပ်ခဲ့တယ်။ အကြွေးကျေခါနီးတော့ ဦးထောင်ဗိုလ်က ကျေနပ်လိုက်မှ မုဆိုးအလုပ်က ရပ်လိုက်တယ်။ သူ သားကောင်တွေပစ်ခဲ့၊ သတ်ခဲ့တာအတွေ့နောင်တ၊ ရပြီး ဒီတောထဲမှာ တရားအလုပ်ကို လုပ်တော့တာပဲ။ တရားအားထုတ်ရင်း ဒီတောထဲမှာပဲ ကွယ်လွန်သွားတယ်။ အကုသိုလ်အလုပ် လုပ်ခဲ့တဲ့လူဆိုတော့ သရဲသဘာဝဖြစ်နေပြီလို့ လူတွေက သတ်မှတ်ယူဆကြတာပါ။ ဒီတောထဲကိုလည်း ဘယ်သူမှ မလာရဲကြတော့ဘူး'

'ဦးနီက သရဲကြီးဖြစ်နေပြီး ဒီတောထဲကို လာသမျှ လူတိုင်းကို ခြောက်လှန့်နေတာလို့ ကြားမိတယ် အဘ'

'ဦးနီက မသေခင်ကတည်းက ဒီတောထဲမှာပဲ နေတော့ သူသေပြီးရင်လည်း ဒီတောထဲမှာပဲ ရှိလိမ့်မယ်လို့ ထင်ကြတာပါ။ တစ်မျိုးတော့ ကောင်းသွားတယ်။ သတ္တဝါကြီးဝိုင်းနဲ့ တူသွားတယ်။ သစ်ပင်တွေ စည်စည်ကားကား ရှိလာတယ်။ ဦးနီ နေသွားတဲ့တောမို့ ဦးနီတောခေါ်ကြသလို လာရဲတဲ့သူလည်း မရှိတော့ဘူး။ သစ်ခုတ်

www.burmeseclassic.com

...လူလည်း မဝင်ရဲ၊ ထင်းခွေမယ့်လူလည်း မသွားရဲ၊ ...ရွက်ခူးတဲ့လူတောင် မလာကြတော့ သစ်တောက လှပ ...ပင်နေတာပေါ့ကွယ်။ ဦးနိုက ဒီတောထဲမှာ မကျွတ် ...ဘဲ တကယ်ရှိနေခဲ့ရင်တောင် အဘကို နှောင့်ယှက် ...မဟုတ်ပါဘူး။ မင်းသာ သစ်ခုတ်မယ်ဆိုရင် အဘ ...တိုင် လိုက်ပါ့မယ်'

'အန္တရာယ်မရှိဘူးဆိုရင် သစ်ခုတ်ချင်ပါတယ် အဘ။ ...သိုလ်အလုပ် မလုပ်ရဘဲ သစ်ခုတ်ရရင် ပိုကောင်းတာ ...'

'ဒါဆို မနက်ဖြန် နွားလှည်းနဲ့ လာခဲ့။ အဘ တော ...ကညင်ပင်ကြီးအောက်က စောင့်နေမယ်'

'ဝမ်းသာလိုက်တာ အဘရယ်။ ကျွန်တော် ဆက်ဆက် ...ခဲ့ပါ့မယ်'

'ဒါဆို မောင်သက်ပန် အိပ်တော့။ မနက်စောစော ...အိမ်ပြန်ဖို့ အဘနှိုးပါ့မယ်။ စိတ်ချသာအိပ်၊ အဘ ...တစ်ပတ်လှည့်ကြည့်လိုက်ဦးမယ်'

အဘထွက်သွားသည်နှင့် သူဘဝဖြစ်စဉ်များကို ပြန် ...တွေးရင်း မောမောနှင့် အိပ်ရန် လဲလိုက်သည်။ ညဉ့် ...သောပြီဖြစ်၍ ချက်ချင်းအိပ်ပျော်သွားပါသည်။ နှစ်နှစ် ...ခြိုက် အိပ်ပျော်သွား၍ တစ်စုံတစ်ယောက် လှုပ်နှိုးမှ ...ပြီး နိုးလာပါသည်။

'မောင်သက်ပန် ထတော့၊ ရောင်နီလာနေပြီ။ မင်းရွာ ...ခြံချိန်ရောက်ပြီ။ ကဲ..ဒီမှာ သစ်သီးတွေ အဘ လက် ...ဆောင်ပေးလိုက်မယ်။ ယူသွားပေတော့'

သက်ပန် ကြည့်လိုက်ရာ ခြင်းကြီးတစ်ခြင်းတွင် နာ ...သီး၊ ဥသျစ်သီး၊ သင်္ဘောသီး၊ ရှောက်သီးနှင့် ငှက်ပျော ...သီးတို့ကို တွေ့လိုက်ရသည်။

'အဘပေးတဲ့ သစ်သီးတွေက များလှချည်လား'

'ဒါ ခြံထွက်သစ်သီးတွေပါ။ မင်းသာ သယ်နိုင်မယ် ...နော်ထပ်ပေးလို့ရသေးတယ်။ ဒီခြံမှာ ဟင်းသီး ...ဟင်းရွက်၊ ပန်းမျိုးစုံ၊ သစ်သီးမျိုးစုံ ရတယ်။ ခြံအကျယ်က ...ကြီးတယ်'

'သယ်နိုင်တော့ပါဘူးအဘရယ်။ ကျေးဇူးတင်လှပါ ...'

အဘပြောသည့်စကားကို ကြားရသည်နှင့် သက်ပန် ...ဦးထောင်ဗိုလ်၏ ခြံကြီးအကြောင်း သတိရမိသည်။ ...ထောင်ဗိုလ်၏ခြံမှာလည်း ထိုသို့ကြီးမည်ထင်၍ အဘကို မေးလိုက်မိသည်။

'ဒီအနားမှာ ဦးထောင်ဗိုလ်ရဲ့ခြံဆိုတာ ရှိသေးတယ် မဟုတ်လား အဘ'

'မောင်သက်ပန်က ဦးထောင်ဗိုလ်တို့ခြံကို သွားချင် လို့လား'

'မသွားရဲပါဘူး အဘရယ်။ ဦးထောင်ဗိုလ်ရဲ့ ခြံက နာမည်ကြီးလွန်းလို့ ကြားရတာနဲ့ ဖျားချင်ပါတယ်။ အဲဒီ ခြံက အစောင့်ချတာတောင် သရဲကြီးကိုမွေးပြီး အစောင့် ထားတယ်လို့ သိရတယ်'

'မဟုတ်တာကွာ။ ဒါ ဦးထောင်ဗိုလ်ရဲ့ခြံပဲ'

'ဗျာ'

သက်ပန်မှာ အံ့သြလွန်း၍ တစ်ကိုယ်လုံး တုန်လှုပ် သွားပါသည်။ ဒါ ဦးထောင်ဗိုလ်၏ခြံဖြစ်ပါက မိမိထိုခြံ တွင် ညအိပ်ခဲ့ရပြီးဖြစ်၍ ကြက်သီးဖြန်းဖြန်းထလာပါသည်။

'မအံ့သြပါနဲ့ကွာ။ မင်း ညက ကောင်းကောင်းအိပ် ရတယ်မဟုတ်လား။ ဒီခြံမှာ ဘာသရဲမှမရှိဘူး။ ခြံထဲကို ဝင်မရတဲ့ သူခိုးတွေက မကျေနပ်လို့ လုပ်ကြံပြောကြတာ ပါ။ ဒီခြံမှာ အဘကလွဲလို့ ဘယ်သူမှမရှိဘူး'

'ဒါနဲ့ အဘရယ်၊ ဒီခြံနာမည်ကြီးတာနဲ့ လူတွေ ဘာ ပြုလို့ ဒါလောက်ကြောက်နေကြတာလဲ'

'အဘပြောခဲ့သလိုပေါ့။ ခြံထဲမှာ တန်ဖိုးကြီးသစ်ပင်၊ ပန်းပင်တွေ ရှိတယ်။ သီးနှံမျိုးစုံရှိတော့ လူမသမာတွေ မဝင်ရဲအောင် ဦးထောင်ဗိုလ်တို့ မိသားစုက သတင်းလွှင့် ထားတာလည်း ပါတာပေါ့'

အဘပြော၍သာ ယုံလိုက်ရသည်။ သည်ခြံတွင် သရဲ ကြီးတစ်ကောင်ရှိသည်။ ဦးထောင်ဗိုလ်က နေ့စဉ် အမဲသား

www.burmeseclassic.com

www.burmeseclassic.com

တစ်ပိဿာ ကျွေးထားသည်။ သရဲကြီးမှာ ခြံနားကပ်လာသူတိုင်းကို ခြောက်တန်ခြောက်ပြီး ခြံထဲအထိ ဝင်ပါက ကြီးမားသော လက်ဝါးကြီးနှင့် ရိုက်တတ်သည်ဟု နာမည်ကြီးလှပါသည်။ ယခု အဘပြောတော့ အဘတစ်ယောက် တည်းသာ ရှိသည်ဟု သိရသည်။

'ကဲ..မင်းပြန်ပေတော့။ မကြာခင် မိုးလင်းတော့မယ်'

သက်ပန်သည် သစ်သီးခြင်းကို မနိုင်မနင်းဆွဲကာ ခြံမှ ထွက်ခဲ့သည်။ အဘသည် ခြံအပြင်ထိ လိုက်လာပြီး သက်ပန်ကို မှာနေသည်။

'မနက်စောစော သစ်တောကို လာခဲ့နော်။ ကညင်ပင်အောက်က စောင့်မယ်'

'ဟုတ်ကဲ့ပါ အဘ၊ ဆက်ဆက်လာခဲ့ပါ့မယ်'

သက်ပန်သည် အိမ်သို့ပြန်ရင်း ခြံကြီးအကြောင်း စဉ်းစားနေသည်။ မည်သူမှ ခြံနားသို့ပင် မကပ်ရဲသော ခြံကြီးထဲတွင် တစ်ည အိပ်ခဲ့ရသည်။ ခြံထဲက သစ်သီးများပင် လက်ဆောင်ရခဲ့သေးသည်။ ပြောပြလျှင် ယုံကြည်နိုင်ဖွယ် မရှိသည့်အဖြစ်ကို ကိုယ်တိုင်ကြုံခဲ့ရခြင်းဖြစ်သည်။ အိမ်သို့ ရောက်သည်နှင့် ဇနီးသည်အား သစ်သီးများ ပေးအပ်လိုက်ပြီး ညက ထူးဆန်းစွာ ကြုံတွေ့ခဲ့ရပုံများကို ပြောပြသည်။ ဇနီးသည်မှာ မယုံချင်သော်လည်း သစ်သီးများ ပါလာခြင်း၊ အကုသိုလ်အလုပ်ကို စွန့်လွှတ်လိုက်ပြီး နောက်နေ့မှစ၍ သစ်ခုတ်တော့မည့် အကြောင်းများကို ကြားလိုက်ရ၍သာ ယုံလိုက်ရသည်။ အားလုံး သိလိုက်ရသောအခါမှ ဇနီးသည်မှာ ဝမ်းသာနိုင်တော့သည်။

'အဲဒီအလုပ်က ကောင်းတာပေါ့။ ရွာထဲမှ သစ်ခုတ်တဲ့လူတွေ ဝင်ငွေကောင်းနေတာ မျက်မြင်ပဲလေ။ သူတို့က ဟိုရိုးမအထိသွားပြီး သစ်ခုတ်ရတာ သုံးရက်ကြာမှ တစ်ခေါက်ပြန်နိုင်တာ။ အခု နေ့ချင်းပြန်နိုင်တယ်ဆိုတာ ပိုပြီး အဆင်ပြေတာပေါ့။ သစ်ဝယ်တဲ့ ဒိုင်ကလည်း ကျွန်မအမျိုးတွေဆိုတော့ ဈေးကောင်းလည်း ရမယ်။ အားလုံးအဆင်ပြေပြီ။ သူတော်ကောင်း နတ်ကောင်းမ,ပြီလို့ ထင်တယ်'

ထိုညက အကုသိုလ်အလုပ်မှ သစ်ခုတ်သည့် သမ္မာအာဇီဝအလုပ် ပြောင်းလုပ်ရတော့မည်ဖြစ်၍ လင်မယားနှစ်ယောက် စကားပြောရင်း ပျော်နေခဲ့ကြသည်။

နောက်နေ့တွင် သက်ပန်သည် သူ၏ညီ သက်နှံကို အကူခေါ်ကာ နွားလှည်းဖြင့် ဦးနီကြီးဝိုင်းသို့ သွားကြသည်။ သက်နှံမှာ ဦးနီကြီးဝိုင်းသို့ မလိုက်ရဲသဖြင့် ချောမွေ့၍ ရအောင် ခေါ်ခဲ့ရသည်။ သစ်တောသို့အဝင် တောစောင့် အဘနှင့် တွေ့လိုက်ရမှ ညီအစ်ကိုနှစ်ယောက် စိတ်ချမ်းသာသွားပါသည်။ အဘက ကညင်ပင်အောက်က ထွက်လာ နှုတ်ဆက်လိုက်သည်။

'လာကြပေ့၊ ဒါ ဦးနီစောင့်ရှောက်တဲ့ ကြီးဝိုင်း ဘယ်သူမှ မဝင်ရဲတော့ သစ်က ပေါမှပေါပဲ။ မင်းတို့ကြိုက်တဲ့အပင်သာ လွတ်လွတ်လပ်လပ် ခုတ်ကြပေတော့။ အလည်း ဦးနီကို မေတ္တာပို့ပြီး ခွင့်ပြုချက်တောင်းပြီးပြီး အကိုယ်တိုင်ပါနေတော့ ဦးနီ ခွင့်ပြုမှာပါ။ ကဲ..အလုပ်စပါ'

ထိုနေ့က ညီအစ်ကိုနှစ်ယောက် ဈေးကောင်းရသော သစ်ပင်များကို လွှနှင့်ဖြတ်၍ လဲကြသည်။ လဲပြီး သစ်များကို အကိုင်း၊ အခက်အလက်များ ဖြတ်ကြရပြန်သည်။ နေ့လယ်စာ စားချိန်တွင် အဘနှင့်အတူ သုံးယောက် သောက်ကြသည်။ စားသောက်ပြီး တစ်နာရီခန့်နားကာ ပင်ခုတ်လဲကြသည်။ လဲပြီးသစ်လုံးများကို လှည်းတင်ကြရာ ညနေတွင် လုပ်ငန်းပြီးစီးခဲ့ကြသည်။

'မင်းတို့ ရွာကို နေဝင်မှ ဝင်ကြပေါ့။ မင်းတို့ ဒီက သစ်ခုတ်လို့ရတာသိရင် သူတို့ လိုချင်မှာပေါ့။ အခြားမသိရင် ကောင်းတာပေါ့'

သက်ပန်တို့ ညီအစ်ကိုနှစ်ယောက် နေဝင်ချိန်လောက်မှန်း၍ ရွာသို့ ပြန်ခဲ့ကြသည်။ သစ်အဝယ်ဒိုင်တွင် ကြည့်ရှုနိုင်းထားပြီးဖြစ်၍ တိုက်ရိုက်ဝင်၍ချသည်။ သစ်လှည်းမှာ ချောမောဖြောင့်တန်းသဖြင့် ဈေးကောင်းရခဲ့ပါသည်။ နေ့စဉ် မိုးမလင်းမီ ရွာမှထွက်၍ နေဝင်ချိန်လောက်မှ ပြန်ရောက်ကြသည်။ သူတို့ ဘယ်က သစ်ခုတ်လာသည်ကို ရွာသားများ မသိကြပါ။ သစ်ပင်မှထွက်သော ကိုင်းခက်ခက်ကိုလည်း ထင်းအဖြစ် သီးသန့်ရောင်းချရပါသည်။ ကြီးဝိုင်းတွင် အဘကိုယ်တိုင်ပါ၍ ကြောက်စရာ လန့်စရာ အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ရသဖြင့် အဆင်ပြေပါသည်။ မိုးကျပါက လှည်းလမ်းများပျက်၍ သွားလာခက်ခဲမည်စိုး၍ မိုးမကျမီ ရနိုင်သလောက် ကြိုးစား သစ်ခုတ်ခဲ့ကြပါသည်။

သစ်များ လှိုင်လှိုင်ရသည်နှင့် စိတ်ကြိုက်သစ်ပင်ကာ သက်ပန်က နေအိမ်တစ်လုံးပင် ဆောက်လုပ်နိုင်ပါသည်။ ဝင်ငွေမှာလည်း အထိုက်အလျောက်ရပြီး အပြင် မိုးကျပါက စပါးစိုက်ပျိုး ရေးအတွက် ငွေ

www.burmeseclassic.com

www.burmeseclassic.com

သည်များကို စီစဉ်နိုင်ရန် သစ်ခုတ်ခြင်းကို ရပ်နားတော့ သည်ဖြစ်ကြောင်း အဘကို တင်ပြလိုက်ပါသည်။ အဘက သူ၏ အစီအစဉ်တစ်ခုကို ပြောပါသည်။

'မောင်သက်ပန်..မင်းတို့ရွာထိပ်က ရှေးဟောင်းရွှေတောင်စေတီပျက်ကြီးကို ပြန်လည်ပြင်ဆင်ဖို့ ဂေါပကအဖွဲ့ အနေနဲ့ အဝေး လုပ်နေကြတယ်။ စေတီအတွက် အုတ်ခဲ အောင် အုတ်ဖုတ်ကြဖို့ ဆွေးနွေးတာ သိရတယ်။ အုတ်ကို ထင်းကို အဘကလှူမယ်။ မင်းတို့က သယ်ယူ ဆောင်ရေးတာဝန် ယူပေးပါ။ ကုသိုလ်ရေးအတွက် မင်း သည်နိုင်ပါ့မလား'

'ကုသိုလ်ရဖို့အလုပ်ပဲ အဘရယ်။ ကျွန်တော်တို့ လုပ် ပါ့မယ်'

'ဒါဆိုရင် မင်း ဂေါပကအဖွဲ့နဲ့ သွားတွေ့ပါ။ ထင်းလှူ သည့်အကြောင်း၊ ထင်းဘယ်လောက်လိုမယ်ဆိုတာ သေချာ အောင် မေးခဲ့ပါ'

အဘပြောသည့်အတိုင်း သက်ပန်သည် ဂေါပကအဖွဲ့ သွားရောက်တွေ့ဆုံပါသည်။ ဂေါပကအဖွဲ့ကလည်း အလှူရှင်ကို အထူးကျေးဇူးတင်ကြောင်းပြောပြီး လှည်း စီးစာလောက် လိုချင်ကြောင်း ပြောပါသည်။ သက်ပန် သည် အဘကို ပြန်ပြောပြီး ထင်းတိုက်ရန် စီစဉ်ရသည်။ သူသည် သူ၏အပေါင်းအသင်းများ အကူအညီဖြင့် တော လဲပြိုနေသော သစ်ပင်များ၊ ကြိုးပဲ့နေသော သစ်ကိုင်း များကို စုပုံပေးသည်။ သက်ပန်တို့ရောက်ပါက လှည်းပေါ် ဆောင့်တင်ရုံသာဖြစ်သည်။ သက်ပန်ပို့ပေးသော ထင်းများ ကို ဂေါပကအဖွဲ့က ကျေကျေနပ်နပ် လက်ခံပါသည်။ ထင်း သည်နှင့် အုတ်ဖုတ်လုပ်ငန်းကို စတင်ပေတော့သည်။ မိုး ရာသီ စေတီဟောင်းကိုပြုပြင်၍ ဝါဆိုလပြည့်နေ့တွင် ထီး အသစ်တင်ရန် စီစဉ်နေကြသည်။

သက်ပန်သည် အချိန်အားတိုင်း စေတီပြုပြင်မှုကို သွား ကူကြည့်ရှုရင်း ပိတိဖြစ်ရပါသည်။ တစ်နေ့,တစ်နေ့ ကြီး ရုပ်လုံးပေါ်လာရာ ဝါဆိုလဆန်းသည်နှင့် ပြီးစီး သည်။ လိုအပ်သည်များကို အချောကိုင်မွမ်းမံ၍ လပြည့် ညွှန့် ထီးတင်ရတော့မည် ဖြစ်ပါသည်။ ဂေါပကအဖွဲ့က သက်ပန်တို့ မိသားစုကို ထီးတင်ပွဲတွင် အလှူရှင်အနေဖြင့် ကြားပါသည်။ သက်ပန်သည် ချက်ချင်း အဘထံသွား ပြောခဲ့သည်။ အဘကိုယ်တိုင် လာသင့်ကြောင်း အားရ ကြောာ ပြောခဲ့ပါသည်။

'အဘ လာနိုင်အောင် ကြိုးစားပါ့မယ်။ သာခု ခေါ် ဖြစ်အောင် ခေါ်ပါ့မယ်'

အဘ လာမည်ဆို၍ သက်ပန် ဝမ်းသာရပါသည်။

လပြည့်နေ့တွင် ဘုရားထီးတင်ပါသည်။ ဖိတ်ကြား ထားသော အလှူရှင်များနှင့် ရွာသူရွာသားများ စုံလင်စွာ လာရောက်ကြပါသည်။ သက်ပန်တို့ ဇနီးမောင်နှံနှင့် သက်နံ ပါ တက်ရောက်ကြပါသည်။ အလှူရေစက်ချသည်အထိ အဘကို မတွေ့ရသဖြင့် သက်ပန် စိတ်မကောင်းဖြစ်ရသည်။ အမျှသုံးကြိမ်ပေး၍ သာခုခေါ်ရာတွင် သက်ပန်မှာ ဝမ်းသာ လွန်း၍ ကြက်သီးများပင် ထပါသည်။ သာခုခေါ်လိုက်သည် နှင့် ပိတောက်ပင်ကြီးမှ ပိတောက်ရွက်များ တသဲသဲလေမှာ ဝဲပျံကျလာသည်ကို ထူးဆန်းစွာဖြင့် မြင်လိုက်သည်။ ထီး တင်ပွဲကြီး အောင်မြင်စွာပြီးစီးခဲ့ပါသည်။ အားလုံးပျော်ရွှင် ဝမ်းသာလိုက်ကြရပါသည်။

ထိုညက သက်ပန် အိပ်မက်,မက်သည်။ အိပ်မက်က အလွန်ထူးဆန်းသည်။ အိပ်မက်ထဲတွင် အဘကို တွေ့ရ သည်။ အဘမှာ တွေ့နေကျအတိုင်း အဝတ်ခပ်နှမ်းနှမ်းနှင့် မဟုတ်ဘဲ တောက်တောက်ပြောင်ပြောင် တွေ့လိုက်ရသည်။ မျက်နှာမှာလည်း အားရကျေနပ်စွာ ပြုံးနေပါသည်။

'မောင်သက်ပန်..မနေ့က ထီးတင်ပွဲကို အဘ လာ တယ်။ မင်းတို့က အဘကို မမြင်ရပေမယ့် အဘက မင်းတို့ ကို မြင်တယ်။ အဘ သာခုခေါ်လိုက်ရလို့ အဘ ပေးဆပ် နေရတဲ့ ဘဝဆိုးကြီးက လွတ်မြောက်ခဲ့ပြီ။ နောက်ထပ် မင်းနဲ့တွေ့ဖို့မရှိလို့ မင်းကို ပြောခဲ့ချင်တာရှိတယ်။ အဘဟာ လူဘဝက ဦးနီ ဆိုတာပဲ။ သစ်တောကြိုးဝိုင်းမှာ လူဘဝက လည်း နေတယ်။ နောက်ဘဝလည်း နေခဲ့ရတယ်။ လူဘဝ က အကြွေးတွေကို ပေးဆပ်နေခဲ့ရတယ်။ အခု အကြွေး တွေ အားလုံးကျေလို့ အဘ ကောင်းရာဘုံကို ရောက်တော့ မယ်။ အဘ မှာချင်တာက သူတစ်ပါးအသက်ကို မသတ်ဖို့၊ လူဘဝရခိုက် တရားအလုပ်ကို လုပ်ဖြစ်အောင် လုပ်ဖို့ပဲ။ အခုလို ဘဝကောင်းမွန်ရာရောက်တာ မင်းရဲ့ကူညီမှုပါလို့ ကျေးဇူးတင်ပါတယ်။ ကဲ..အဘသွားပြီ'

အိပ်မက်ပြီးဆုံးသည်နှင့် သက်ပန် လန့်နိုးခဲ့သည်။ တစ်ညလုံး ပြန်အိပ်၍ မရတော့ပါ။ သူ့ဘဝတွင် ထိုကဲ့သို့ ထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်မျိုး တစ်သက် ကြုံရတော့မည် မဟုတ်ဟု တွေးနေမိပါတော့သည်။

ဇကာင်းဇေယျ

www.burmeseclassic.com

ဒါရိုက်တာမျိုးကော်အောင်
ကျွန်ုပ်နှင့်
ဝိညာဉ်ကြေးမုံ

'ဆရာမျိုး..ဘယ်နေ့
ကျွန်တော်တို့ ခရီးစထွက်ဖို့
စဉ်းစားထားလဲ။ မိုးနဲ့လေနဲ့နော်
ဆရာမျိုး။ မိုးရာသီက ကုန်သေးတာ
မဟုတ်ဘူး။ တော်နေကြာ ကန်ထရိုက်ယူပြီး
ခိုင်ကွဲနေဦးမယ်'

ကင်မရာမင်း ပုံထောင်က ကျွန်တော့်ရှေ့ မျက်နှာချင်း
ဆိုင်ထိုင်ခုံမှာ ဝင်ထိုင်ရင်း ပြောသည်။

'ပုံထောင်..ကန်ထရိုက်နဲ့ရိုက်တာ ငါ လက်မခံဘူး။
ကြိုက်ရင်ရိုက် မကြိုက်ရင် မရိုက်နဲ့။ ဖွင့်ရိုက်တော့ ဇာတ်
ကားလည်း ကောင်းမယ်၊ အဆင့်အတန်းလည်း ရှိတယ်။
ငွေကြေးကို ထုတ်လုပ်သူက ကိုင်မှကောင်းတယ်။ ငါ့အနေနဲ့
ကတော့ ငါ့အတွက် ဒါရိုက်တာကြေးရရင် ပြီးတာပဲ။ အာရုံ
အစားမခံနိုင်ဘူး ပုံထောင်'

ကျွန်တော် ပြောပြီး ထိုင်ရာမှ ထလိုက်သည်။

'ဆရာမျိုး..အပြင်သွားစရာရှိလား'

'ရှိတယ် ပုံထောင်၊ ငါ နီးတော့ပြောမယ်။ ဒါ
မင်းသား,မင်းသမီး ပေးထားတဲ့ ရိုက်ရက်တွေ မဖြ
မရွေ့ဖို့ကို မင်းကြိုရင် ဖုန်းဆက်ပြီး ထုတ်လုပ်သူပါ
လိုက်ဦး။ တို့ နယ်ထွက်ရိုက်ရက်က အလွန်ဆုံး တစ်
ဆယ်ရက်ပေါ့ကွာ။ ငါ့ဇာတ်ဝင်ခန်းအတွက် ပုဂံပစ္စည်း
နဲ့ ရှေးဟောင်းပစ္စည်းတွေ လိုက်စုနေတယ်။ ခုလည်း
ဟောင်းပစ္စည်းဆိုင်တစ်ဆိုင် တွေ့ထားလို့ ငါ သွားလို
မယ်။ မင်းလည်း မင်းစက်အဖွဲ့တွေကို ပြင်ဆင်ထား
ဩော်..ရှူဆက်တင်၊ မှန်ချပ်ဆက်တင်တွေ ပစ္စည်း
လေးကို ငါ အပ်ထားတယ်။ မင်းအားရင် သွား
နယ်အတွက် အဆင်သင့်လုပ်ထားဖို့ ပြောလိုက်ပါဦး

www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်ကဲ့ ဆရာမျိုး၊ ကျွန်တော် သွားလိုက်ပါ့မယ်'
ကျွန်တော် အလုပ်ရှုပ်နေမှန်းသိ၍ ပုံထောင် ကျွန်တော့်
ကို နှုတ်ဆက်ပြီး ထွက်သွားသည်။

သည်နေ့အဖို့တော့ ကျွန်တော် ဘယ်သူ့ကိုမှ ဧည့်
ဆောက်ခံပြီး စကားမပြောနိုင်ပါ။ ပုဂံရဲ့သူရဲကောင်းများ
စတ်ကားအတွက် ဇာတ်ဝင်ခန်းပစ္စည်းများ ဝယ်ဖို့၊ စုဖို့က
ကျွန်တော့်အတွက် သေရေးရှင်ရေးသမျှ အရေးကြီးနေသည်
ဟုတ်ပါလား။ ပုဂံရဲ့သူရဲကောင်းများ ဇာတ်ကားအတွက်
စတ်ညွှန်းဖိုင်ကြီးက ကျွန်တော့်မျက်စိရှေ့ ရောက်နေ၏။
စတ်ညွှန်းဆရာ အပိုင်းကတော့ ဇာတ်ညွှန်းကြီး ပြီးသွား၍
သူ့ဘာဝန်ကျေပြီ။ ဒါရိုက်တာဖြစ်သော ကျွန်တော့်အပိုင်း
ကတော့ တာဝန်မကျေသေးပေ။ တာဝန်ကျေအောင် အစစ
အရာရာ ကြိုးစားရပေတော့မည်။

♦ ♦ ♦

ဘောင်ဒရီလမ်း၊ ကျူရီယိုဆိုင်။

ကျွန်တော် ဘောင်ဒရီလမ်းရှိ ရှေးဟောင်းပစ္စည်း
အရောင်းဆိုင်သို့ ရောက်လာသည်။ ဆိုင်ပိုင်ရှင် ဦးသူတော်
ဆိုသူသည် သူ့ရှေးဟောင်းပစ္စည်းများကဲ့သို့ပင် သူကိုယ်
တိုင်လည်း သျှောင်ကြိုးထုံးထားပြီး မော်လမြိုင် ခါးတို
ရှေ့ဖုံးအင်္ကျီကို ရင်ဘတ်ဟထားပြီး ရင်ဘတ်အတွင်းမှ
အင်း၊ စမများ ထိုးထားသည်ကို အတိုင်းသားမြင်နေရသည်။
ရှေးဟောင်းလူကြီးကဲ့သို့ပင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆိုင်လုံး ရှေးဟောင်းပစ္စည်းများနှင့် ရွှမ်းပွမနေသည်။

ကျွန်တော့်ကိုတွေ့တော့ သျှောင်တစောင်းနှင့် ဦးသူတော်က-

'မနေ့ကလာတဲ့ပုဂ္ဂိုလ်နဲ့တူတယ်'

'ဟုတ်ပါတယ်။ ပုဂံခေတ်နဲ့ပတ်သက်တဲ့ ရှေးဟောင်းလက်ကျန်ပစ္စည်းတွေများ ရနိုင်မလားလို့ လာကြည့်တာပါ။ ရမယ်ဆိုရင်တော့ အဆင်ပြေတာပေါ့ ဦးရယ်'

'ပုဂံခေတ်က အဝေးကြီးပဲကွ။ ကုန်းဘောင်ခေတ်က ပစ္စည်းတွေတော့ နည်းနည်းပါးပါး ကျွမ်း စုဆောင်းထားတာတွေရှိတယ်။ ဟောဒီဘက်က ပစ္စည်းတွေကတော့ ရှေးဟောင်းပစ္စည်းတွေပဲ။ တချို့ အင်္ဂလိပ်လက်ရာတွေ၊ တခြားတိုင်းပြည်က လက်ရာတွေလည်း ပါတယ်။ ကျွမ်းစုဆောင်းထားတဲ့ထဲမှာ ဘကြီးတော်ဘုရားလက်ထက်၊ ညီတော်သာယာဝတီမင်းလက်ထက်၊ သားတော်ပုဂံမင်းလက်ထက်၊ ညီတော် မင်းတုန်းမင်းလက်ထက်၊ နောက်ဆုံး သီပေါမင်းလက်ထက်က ပစ္စည်းအချို့ကများတယ်။ ကျွမ်းအဘိုးက စုဆောင်းထားလို့ ကျွမ်းဆီမှာရှိတာ။ မောင်ရင် လုပ်ငန်းအတွက် အသုံးတည့်မယ်ဆိုရင် လုပ်လိုက်လေ။ အရောင်းအဝယ်စျေးကိစ္စက ညီညွတ်ရင် ကျွမ်းဘက်က ဈေးသက်သာအောင် စီစဉ်ပေးရမှာပေါ့ဗျာ'

ကျွန်တော် သျှောင်တစောင်းကြီး ညွှန်ပြရာသို့ လိုက်ကြည့်သည်။ ထူးဆန်းသော ပစ္စည်းတော်တော်များများကို တွေ့ရ၏။ ကျွန်တော် တစ်ချိန်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော ပစ္စည်းများကို မြင်တွေ့ရ၏။

သည်အထဲတွင် ဆင်စွယ်ရိုးလက်ကိုင်ပါသော မှန်တစ်ချပ်မှာ လွန်စွာစိတ်ဝင်စားစရာကောင်းလေသည်။ မှန်ဟုသာဆိုသော်လည်း အမှန်တကယ်တော့ ရှေးသုံးကြေးပြားအချောတိုက် ကြေးမုံပြင်တစ်ချပ်သာ ဖြစ်လေသည်။

ကျွန်တော် ကိုင်ကြည့်သည်။ တော်တော်တန်တန် အလေးစီးလေ၏။ ကျွန်တော့်စိတ်ထင် ယခုခေတ်နှင့်ဆို အလေးချိန်လေးဆယ်၊ ငါးဆယ်သားခန့် ရှိမည်ထင်သည်။

ကြေးမုံပြင်မျက်နှာသားမှာ ကြေးဝါရောင်ကြေးပြားအထူကို ဘဲဥပုံသဏ္ဌာန်ခတ်၍ ညီညီညာညာဖြင့် လက်ရာကောင်းသလို ဘေးပေါင်များကို ကြေးဝါနှင့် ငွေရောင်ရောနှောပြီး ရှေးပန်းခက်၊ ပန်းလက်များဖြင့် အနားကို သပ်သပ်ရပ်ရပ်ဖြင့် ကနုတ်ပန်းတန်ဆာဆင်ထားသည်မှာ အံ့ဖွယ်ကောင်းလှ၏။ လက်ကိုင်ရိုးမှာလည်း ဆင်စွယ်ရိုးကို ငွေသားစစ်စစ်တို့ဖြင့် အင်း၊ စမဟု ထင်ရသော အကွက်များနှင့် အင်းဆဲဂဏန်းတို့ကိုလည်း တွေ့ရလေသည်။

လက်ကိုင်ရိုး၏ပုံသဏ္ဌာန်မှာ ဆင်စွယ်ခံထား၍ အဝိုင်ရှည်မျောမျောရှိ၏။ ဖြက်အကျယ်မှာ လက်မဝက်ကျော်ကျော်ရှိသည်။ အရှည်မှာ ကြေးမုံပြင်အောက်ခြေမှ အဆုံးအဖျားအထိ တောင်ဝက်ခန့် ရှည်လေသည်။ လက်မအားဖြင့်မူ (၉)လက်မခန့်ရှည်၏။ ဆင်စွယ်၏ အဖျားပိုင်းအဆုံးကို အံ့ဂက်ကဲ့သို့ ငွေသားများဖြင့် အရစ်၊အရစ်ဖြင့် အနည်းငယ် ဖောင်းကြွလျက်ရှိသည်။

ကျွန်တော် လက်ရာမြောက်လှသော ထိုကြေးမုံပြင်ကို လွန်စွာစိတ်ဝင်စားနေသောကြောင့် အသေးစိတ်ကြည့်ရှုအကဲခတ်၍နေလေ၏။ ကြေးမုံပြင်ကို ကြည့်သောအခါ အရုပ်က သိပ်မထင်ချင်။ မှုန်မှုန်ဝါးဝါးဖြစ်နေသည်။ အပွတ်အတိုက် မရှိသောကြောင့် ကြေးရောင်မထွက်ဘဲ စိမ်းမည်းညစ်ညစ်ဖြစ်၍နေလေသည်။

'မောင်ရင့်ကိုကြည့်ရတာ အဲဒီလက်ကိုင်မှန်ကို တော်တော်စိတ်ဝင်စားနေပုံရတယ်။ မောင်ရင် လိုချင်ရင် ကျွမ်းကိုးသောင်းနဲ့ ရောင်းမယ်'

သျှောင်တစောင်းနှင့် ဦးသူတော်က စျေးနှုန်းသတ်မှတ်သည်။ ကိုးသောင်းဆိုသောကြောင့် ကျွန်တော် နည်းနည်းရွံ့သွား၏။ ထိုမျှလောက်ငွေ ကျွန်တော့်၌မပါ၊ မရှိသောကြောင့် ဒီလောက်ရှေးဟောင်းကို ကိုးသောင်းဆိုသောငွေနှင့် မတန်ဟုလည်း ထင်မိသည်။

'ကိုးသောင်းကြီးက မများဘူးလား ဦးရယ်။ အဲဒီလောက်စျေးဆိုရင်တော့ ကျွန်တော့်အနေနဲ့ ချက်ချင်းကြီး ဝယ်နိုင်မယ်မထင်ဘူး ဦး'

'ဒါဆိုလည်း မောင်ရင်ဝယ်နိုင်မယ့်အချိန် လာဝယ်ပေါ့ကွယ်။ ဒီပစ္စည်းမျိုးက ရှားရှားပါးပါးပစ္စည်းဆိုတော့ ဝယ်တဲ့လူ၊ ကြိုက်တဲ့လူက ရှားတယ်။ သိပ်မရှိဘူး။ တစ်ခုတော့ရှိတယ်။ မောင်ရင့်အရင် လာဝယ်သူရှိလို့က ကျွမ်းက ရောင်းလိုက်မှာနော်'

'မှန်တာပေါ့ ဦးရယ်၊ ကျွန်တော့်အရင် ဝယ်တဲ့လူရှိရင် ရောင်းရမှာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ ကျွန်တော့်ကုမ္ပဏီထုတ်လုပ်ရေးမှ စရန်ငွေထုတ်ပြီးရင်တော့ အဆင်ပြေမှာပါ။ တစ်ပတ်လောက်တော့ အချိန်ပေးပါဦး'

'ရပါတယ် မောင်ရင်ရယ်။ တစ်ပတ်မဟုတ်ဘူး တစ်

www.burmeseclassic.com

www.burmeseclassic.com

လ၊ နှစ်လလည်း ဖြစ်တယ်။ ဝယ်မယ့်လူ မရောက်မချင်း ပေါ့။ ဟုတ်ဘူးလား'

'ဟုတ်ကဲ့ ဦး၊ ကျွန်တော် ကြိုးစားဦးမယ်။ ပြန်လိုက်ပါဦးမယ်နော်' ဟုဆိုပြီး ကျွန်တော်ပြန်ခဲ့လေ၏။

ကျွန်တော့်မျက်စိထဲမှာတော့ ဆင်စွယ်ဖြင့် ပြုလုပ်ထားသော ကြေးမုံပြင်ကိုတော့ မြင်ရဆဲ၊ မြင်နေဆဲပင်။

♦♦♦

တစ်ပတ်ပြည့်သောအခါ ကုမ္ပဏီထုတ်လုပ်ရေးဆီသို့ ကျွန်တော်ရောက်သည်။ ထုတ်လုပ်သူပိုင်ရှင် ဦးဖေထွေးမှာ ထားဝယ်မြို့သို့ ခရီးထွက်သွား၍ အဆင်မပြေဘဲ ပြန်လာခဲ့ရ၏။

လက်ထဲမှာလည်း လုံလောက်သောပိုက်ဆံမရှိ၍ ရှေးဟောင်းအရောင်းဆိုင်သို့လည်း မရောက်ဖြစ်တော့။ ထိုညက ကျွန်တော် စိတ်ညစ်ညစ်ဖြင့် ဘလက်လေဘယ် အရက်လက်ကျန်တစ်ဝက်ခန့် ကုန်အောင်သောက်ပြီး အိပ်ရာဝင်လိုက်လေတော့၏။

အိပ်ကောင်းသောအချိန်မှာပင် တံခါးခေါက်သံက ပေါ်လာသည်။

'ဒေါက်..ဒေါက်..ဒေါက်.. ဒေါက်..ဒေါက်.. ဒေါက်'

ဘယ်သူလာခေါက်သည်တော့မသိ၊ ကင်မရာမင်း ပုံဆောင်များဖြစ်နေမလားဟု တွေးသည်။ ကျွန်ုပ်သည် အိပ်ချင်မူးတူးဖြင့်ထပြီး တံခါးသွားဖွင့်ပေးလိုက်သည်။

'ညကြီးအချိန်မတော် အနှောင့်အယှက်ပေးသလိုများဖြစ်သွားရင် ကျွန်မကို ခွင့်လွှတ်ပါရှင်' ဟူသော ပဋိသန္ဓာရကားဖြင့် အစပြု၍ဆိုလာသော သူမကို ကျွန်တော် အံ့သြစွာစိုက်ကြည့်နေမိသည်။

ကျွန်တော် သူမကို မသိပေ။ ကျွန်တော်နှင့်စိမ်းသော မျက်နှာစိမ်းမိန်းကလေးတစ်ယောက် ဖြစ်လေသည်။

'ဘာကိစ္စရှိလို့လဲခင်ဗျ။ ခင်ဗျား ကျွန်တော့်ကို သိလို့လား' ဟု ကျွန်တော်က မေးသည်။

'လူချင်းတော့ မသိပါဘူးရှင်။ နာမည်နဲ့တော့ ရင်းနှီးနေတာ ကြာပါပြီ။ အစ်ကိုက ဒါရိုက်တာမျိုးဇော်အောင်ဟုတ်လား'

'ဟုတ်ပါတယ်။ ကျွန်တော် မျိုးဇော်အောင်ပါ။ ကျွန်တော် ဒါရိုက်တာမှန်း ခင်ဗျား ဘယ်လိုလုပ်သိနေတာလဲ'

'သိတာပေါ့ရှင်။ အစ်ကိုက နာမည်ကြီးဒါရိုက်တာတစ်ယောက်ပဲ'

'ကျွန်မတို့ငယ်ငယ်က မင်းသားတောင် လုပ်ခဲ့သေးတာပဲ၊ မသိဘဲနေပါ့မလား'

ကျွန်တော့်အကြောင်းကို ကောင်းစွာသိနေသော သူမကို အထင်ကြီး၍သွားလေ၏။

'နောက်ပြီး အစ်ကို့အဖေက ရုပ်ရှင်ဒါရိုက်တာ ဦးသန်းကျော်ဌေး၊ အစ်ကို့အမေက ဒေါ်ခင်ယုန် ပန်းတော်ဝင်ရုပ်ရှင်ပိုင်ရှင်လေ'

'ကဲ..ဟုတ်ပါပြီ။ ခင်ဗျားနာမည်က ဘယ်လိုခေါ်လဲ။ အထဲဝင်ထိုင်ပါဦးလေ။ ကျွန်တော့်ကို ယုံကြည်စာယ်ဆိုရင် ပေါ့လေ'

သူမ အိမ်ထဲသို့ဝင်၍ ကျွန်တော်ညွှန်ပြသော ကုလားထိုင်မှာထိုင်ကာ မိတ်ဆက်၏။

'ကျွန်မနာမည်က စောနန်းနွယ်ပါ'

'စော..နန်း..နွယ်၊ ဟုတ်လား'

'ဟုတ်ပါတယ်။ ကျွန်မနာမည်ကို အစ်ကိုကြားဖူးနေလို့လား'

'အဲဒီနာမည်မျိုး ဆရာမင်းသိခိုရေးတဲ့ ဝတ္ထုစာအုပ်တွေထဲမှာ မြင်ဖူး၊ ဖတ်ဖူးသလားလို့'

'ဟင်း..ဟင်း..ဟင်း'

စောနန်းနွယ်က ရယ်သည်။

'စော..နန်း..နွယ် ဘာဖြစ်လို့ရယ်တာလဲ'

'ဩော်..အစ်ကိုက ဝတ္ထုထဲက လူနာမည်ပဲ သိတာကိုး။ အပြင်မှာ

www.burmeseclassic.com

www.burmeseclassic.com

သိတာမှ မဟုတ်ဘဲ။ ကျွန်မက စာအုပ်ထဲက စောနန်းနွယ် မဟုတ်ဘူးလေ'

'ထားပါတော့လေ။ အခု စောနန်းနွယ် ကျွန်တော့်ဆီ ကိုလာတဲ့ကိစ္စ ပြောပါဦး။ ကျွန်တော် ဘာအကူအညီပေးရ မလဲ'

'ဘာအကူအညီပေးရမလဲဆိုတဲ့ စကားကို ကျွန်မ အရမ်းကြိုက်တယ်။ ကျွန်မကလည်း အစ်ကို့ဆီမှာ အကူ အညီတောင်းဖို့ လာခဲ့တာ။ အစ်ကိုကူညီနိုင်မယ်လို့လည်း ထင်လို့'

'ဟုတ်ပါပြီ စောနန်းနွယ်၊ ပြောလေ။ လုပ်ပေးနိုင်တဲ့ ကျွန်တော်တတ်နိုင်တဲ့ အကူအညီမျိုးဆိုရင် ကျွန်တော်ကူညီ ပေးပါမယ်'ဟု ကျွန်တော်က ပြောလိုက်သောအခါ စောနန်း နွယ်ရဲ့မျက်နှာလေး ချက်ချင်းပြောင်းလဲသွားသည်ကို သတိ ထားမိလေ၏။

ညှိုးကျသွားသောမျက်နှာနှင့် ဝဲလာသော မျက်ရည်စ တို့က သူမ၏မျက်ဝန်းတွင် ရွှန်းလက်စွာ အရည်လည်လျက် ရှိသည်ကို မြင်တွေ့ရလေ၏။

'ဒီလိုပါ အစ်ကို၊ ကျွန်မ ကျိန်စာသင့်ခံနေရလို့ အစ်ကို့ ဆီမှာ အကူအညီလာတောင်းတာပါ။ ကျွန်မက လူလောက ထဲက လူတစ်ယောက်မဟုတ်ပါဘူး အစ်ကို'

ကျွန်တော် ထိတ်ခနဲဖြစ်သွားသည်။ အံ့လည်းအံ့သြမိ ၏။ အဘယ်ကြောင့်ဆိုသော် သူမ စောနန်းနွယ်သည် လူ လောကထဲက လူတစ်ယောက် မဟုတ်ပါဘူးဟု ဆိုလိုက် သော် သူမ၏ အဖြေစကားကြောင့် ဖြစ်လေသည်။

'စောနန်းနွယ်က လူလောကထဲက မဟုတ်ဘူးဆိုတော့ လူလောကအပြင် အခြားဘာများရှိသေးလို့လဲဗျာ'

'ရှိတယ် အစ်ကို၊ ပရလောကဆိုတဲ့ လောကတစ်ခု ရှိတယ်။ ကျွန်မက အဲဒီလောက၊က လူတစ်ယောက်ပါ အစ်ကို'

ကျွန်တော့်နားထဲ အဖြေမရှိသောပုစ္ဆာများ ဝင်ရောက် လာသကဲ့သို့ ခံစားရလေသည်။ ဘာမှန်းမသိသော ကြက် သီးမွေးညင်းတွေ တဖျင်းဖျင်း တစ်ကိုယ်လုံး ဖြတ်စီးသွား ကြလေ၏။

သူမကိုကြည့်ပြီး ကျွန်တော် ကြောက်စိတ်တွေ ဝင်လာ သည်။ လူယောင်ဖန်ဆင်းလာသော တစ္ဆေတစ်ကောင်များ လားဟု မဆီမဆိုင် အတွေးပေါက်မိလေသည်။

သည်နောက် ကျွန်တော့်ကြောက်စိတ်ကို ထိန်းပြီး-

'ဒီမယ် စောနန်းနွယ်..ပရလောကထဲက လူဆိုတာ ဘာလဲ။ ဘယ်လိုလူကို ခေါ်တာလဲ။ ကျွန်တော့်အနေနဲ့ ဆန်းနေလို့ပါ'ဟု ကျွန်တော်က မေးသည်။

'ပရလောကလူဆိုတာ ပရလောက၊က လူပဲပေါ့ အစ်ကို။ ကျွန်မလည်း မပြောတတ်ဘူး။ ဒါပေမဲ့ တစ်ခုတော့ ပြောလို့ရတယ်။ အဲဒါက တချို့လောကက လူသားတွေ မလုပ်နိုင်တာကို ပရလောကကလူတွေက လုပ်တတ်တယ်။ လုပ်နိုင်တယ်။ အဲဒီလို ထူးခြားမှု၊ ထူးဆန်းမှုတွေတော့ ရှိတယ် အစ်ကို'

စောနန်းနွယ်၏ စကားတို့က ကျွန်တော့်ကို နားထော မျက်စိရော လည်စေ၊ ရှုပ်စေသည်တော့ အမှန်ပင်။ ကျွန် တော် နားမလည်နိုင်။ သူမကို သေသေချာချာ အနီးကပ်ပြီး လေ့လာကြည့်တော့လည်း သူလိုငါလိုပင်။ သိပ်ထူးခြားလှ သည်တော့မရှိ။ စိတ်မမှန်သော ဦးနှောက်မကောင်းသော ဟူ၍လည်း မဆိုလောက်၊ မထင်လောက်ပေ။ လူကောင်း လူမှန်ကဲ့သို့ပင် အပြောအဆို အမူအရာကအစ ပုံမှန်အနေ အထားအတိုင်းပင်။ ထူးခြားနေသည်က စောနန်းနွယ်သည် လှသည်၊ ချောသည်၊ ယဉ်သည်ဟု ဆိုသာသော်လည်း တခြားမိန်းကလေး အတော်များများထက် သာသည်ဟု ကျွန် တော် ထင်မိသည်။

'စောနန်းနွယ်က ဘယ်မှာနေပြီး ကျွန်တော့်ဆီ ဘယ် ကနေ လာတာလဲ'

'အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ ကျွန်မ သိုက် က လာတာပါ။ သိုက်ဆိုတာကလည်း တကယ်တော့ ပရ လောကသားတို့ရဲ့ တည်ရာနေရာဘုံတစ်ခုပါပဲရှင်'

စောနန်းနွယ်၏ ပြောစကားများက ပို၍ရှုပ်ထွေးခက်ခဲ လာသကဲ့သို့ရှိ၏။ ကျွန်တော်သိသော သိုက်ဆိုသည်မှာ ဥစ္စာ စောင့်များ နေထိုင်ရာအရပ်ဟု သာမန်နားလည်ထားသည် နန်းတော်ကဲ့သို့ ခမ်းခမ်းနားနားရှိသည်ဟုလည်း ဖေဖေရိုက် ကူးသော လူလှနဲ့ရှုပ သိုက်သမိုင်းဇာတ်ကားများကို ကြည့် ဖူးသည်။ ထို့ကြောင့်လည်း သိုက်နန်းဟူ၍လည်းကောင်း ထိုသိုက်နန်း၌ နေထိုင်ကြသော ဥစ္စာစောင့်များကိုလည်း သိုက်နန်းရှင်ဟူ၍ ခေါ်ဆိုကြသည်ကို ကြားဖူးလေ၏။

သို့ဆိုလျှင် စောနန်းနွယ်သည် ဥစ္စာစောင့်လော၊ သိုက် နန်းရှင်လောဟူ၍ တွေးစရာဖြစ်လာ၏။ ထို့ကြောင့် ကွယ် တော်သည် သူမကိုကြည့်ပြီး သုံးသပ်ဆင်ခြင်လျက် တွေး တောစဉ်းစားနေမိလေတော့၏။

www.burmeseclassic.com

"ကဲ..ထားပါတော့ စောနန်းနွယ်။ ကျွန်တော် အခု စောနန်းနွယ်ကို ဘာလုပ်ပေးရမလဲ။ ဘာအကူအညီပေးရ မလဲ။ အားမနာပါနဲ့၊ ကျွန်တော့်ကိုပြောပါ။ စောနန်းနွယ်မှာ အက်အခဲတစ်ခုခု ရှိနေလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ အကျိုး ခုလိုအချိန်မတော်ကြီးကျမှ ရောက်လာတဲ့အတွက် သည်း မိန်းမသားတစ်ယောက်အနေနဲ့ စောနန်းနွယ်ကို ကျွန် တော်နားလည်တယ်။ နားလည်ပေးနိုင်ပါတယ်။ ပြောပါ၊ စောနန်းနွယ် ဘာအခက်အခဲရှိလဲ။ ကျွန်တော် အတတ်နိုင် ဆုံး ကူညီပါ့မယ်"

ရင်ထဲက အရှိအတိုင်း ကျွန်တော်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကို။ ကျွန်မ အကူအညီလို ချင်တာက ဝိညာဉ်ကြေးမုံမှန်ချပ်ကို အစ်ကိုရအောင်ဝယ်ပြီး ဆင်စွယ်နဲ့လုပ်ထားတဲ့ လက်ကိုင်ရိုးထဲက ကျွန်မရဲ့ဝိညာဉ် ကို ထုတ်ပေးဖို့ပါပဲ။ အစ်ကိုဆောင်ရွက်ပေးနိုင်မယ် မဟုတ် ဘူးဟင်"

"ဝိညာဉ်ကြေးမုံမှန်ချပ်ဆိုတာ ဘာလဲ။ အဲဒီမှန်ချပ်က ဘယ်မှာ ရောင်းတာလဲ။ ဘယ်မှာ သွားဝယ်ရမှာလဲ။ ကျွန် တော် သိပ်သဘောမပေါက်ဘူး၊ နားမလည်ဘူး စောနန်း နွယ်"

"ဩော်..အစ်ကိုကလည်း အစ်ကို အဲဒီဆိုင်ကို ရောက် ဖူးတယ်။ သျှောင်တစောင်းနဲ့ ဦးသူတော်ရဲ့ ရှေးဟောင်း ပစ္စည်းအရောင်းဆိုင်လေ။ အစ်ကိုတောင် အဲဒီမှန်ချပ်ကို သေသေချာချာကြည့်ပြီး ဝယ်ဖို့ကြိုးစားခဲ့သေးတာပဲ။ မှတ် မိပြီလား အစ်ကို"

"မှတ်မိပြီ၊မှတ်မိပြီ။ အဲဒီရှေးဟောင်းမှန်ချပ်နဲ့ စော နန်းနွယ်က ဘယ်လိုပတ်သက်နေလို့လဲ။ ပြောစမ်းပါဦး"

"ကျွန်မကို သိုက်ချုပ်ဘိုးတော်ကြီးက ပြစ်ဒဏ်ပေး ထားခဲ့တယ်။ မှန်လက်ကိုင်ဆင်စွယ်ရိုးထဲ ထည့်ထားတယ်။ ကျွန်မ မှန်ချပ်ရဲ့ ဆင်စွယ်လက်ကိုင်ရိုးထဲမှာ ရှိနေတယ်။ ကျွန်မရဲ့ဝိညာဉ်က အဲဒီအထဲ ရောက်နေတယ်။ ထွက်လို့ မရဘူး။ အစ်ကို ဆောင်ရွက်ပေးမှရမှာ။ တခြားဘယ်သူမှ လုပ်ပေးလို့ မရဘူး။ လုပ်ပေးတဲ့လူဟာ သွေးအန်ပြီး သေ သွားလို့ ကျွန်စာတိုက်ထားတယ် အစ်ကို"

"ဟာ..ဒါဆို ကျွန်တော်ဆောင်ရွက်ပေးရင် ကျွန်တော် လည်း သွေးအန်ပြီး သေမှာပေါ့ဗျာ။ အဲဒီလောက်အထိတော့ ကျွန်တော် ကူညီပေးနိုင်မယ်မထင်ဘူး စောနန်းနွယ်"

ကျွန်တော် ငြင်းဆိုလိုက်၏။ သည်ကိစ္စက မလွယ်တဲ့

ကိစ္စ။ အသက်ပေးကူညီရမယ့်ကိစ္စမို့ ကျွန်တော် မလုပ်ရဲ ကြောက်သည်။

"ဒီမယ် စောနန်းနွယ်၊ ဒီအလုပ်မျိုးတော့ ကျွန်တော် မလုပ်ရဲဘူး၊ မဖြစ်ဘူးထင်တယ်"

"အစ်ကို ဘာမှမဖြစ်နိုင်ပါဘူး။ အစ်ကိုက အစ်ကို့ အဖေနဲ့အမေ မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးနေတဲ့ သား ကောင်းရတနာတစ်ယောက်ပဲလေ။ မိဘနှစ်ပါးရဲ့ သေး ကလူ ချေးကလူ လုံချည်၊ ထဘီကအစ ညီအစ်ကိုမောင်နှမ တွေရှိတဲ့ကြားထဲက အစ်ကိုကိုယ်တိုင် လုပ်ကိုင်ကျွေးမွေး စောင့်ရှောက်ခဲ့တဲ့သားကို ဘယ်ကျွန်စာမှတိုက်လို့ ခိုက်လို့ မရပါဘူး အစ်ကို။ နောက်ပြီး အစ်ကိုက ခင်ပွန်းကြီးဆယ် ပါးကို ပွဲပေးပြီး တရိုတသေ ကိုးကွယ်ဆည်းကပ်တဲ့လူပဲ။ အဲဒီလို လူမျိုးကိုလည်း ဘယ်ပုဂ္ဂိုလ်ကမှ ကျွန်စာတိုက်လို့ မရဘူး။ ကျွန်မ အစ်ကို့အကြောင်းကိုသိတယ်။ နောက်ပြီး အစ်ကိုက ကျိုက္ကဆံဘုရားမှာ စာကလေးတွေကို နေ့တိုင်း လိုလို (၉)ကောင်လွတ်တယ်။ သတ္တဝါတွေကိုလည်း နေ့ စဉ်နဲ့ အမျှ ပုတီးစိပ်ပြီးတာနဲ့ မေတ္တာပို့တယ်။ ဒါကြောင့် ကျွန်မ သေသေချာချာ လူရွေးပြီးမှ အစ်ကို့ဆီကိုလာပြီး အကူအညီတောင်းတာပါ။ ကျွန်မကိုကယ်ပါ အစ်ကိုရယ်။ အစ်ကိုမှမကယ်ရင် ကျွန်မ ဝိညာဉ်ချုပ်လိမ့်မယ်။ ကျွန်မကို သနားပါ အစ်ကိုရယ်။ ကျွန်မကို ကူညီပါနော်"

မျက်ရည်များ ဝဲကျလာသောကြောင့် ကျွန်တော် စော နန်းနွယ်ကို သနားသွား၏။

သူမကပင်-

"အစ်ကို ဘာမှမဖြစ်စေရပါဘူး။ အစ်ကို တစ်ခုခုဖြစ်

www.burmeseclassic.com

ရင် ကျွန်မအသက်နဲ့ လဲပေးမယ်။ ကျွန်မပါ လိုက်ပြီးသေပေးပါ့မယ် အစ်ကိုရယ်။ ဒါကလည်း စကားအရ ပြောတာပါ။ အစ်ကို ဘာမှမဖြစ်စေရပါဘူး'

သူမစကားအဆုံး ကျွန်တော် စိတ်ကိုဆုံးဖြတ်လိုက်၏။

'ကောင်းပါပြီဗျာ။ စောနန်းနွယ်ကို ကျွန်တော် အသက်ပေး ကာကွယ်မယ်၊ ကူညီမယ်ဗျာ။ ကျွန်တော် မနက်ဖြန်ပဲ အဲဒီဆိုင်ကိုသွားမယ်။ စောနန်းနွယ်ပြောတဲ့ ဝိညာဉ်ကြေးမုံမှန်ချပ်ကို ရအောင်ဝယ်မယ်။ ညော်..ဒါထက် အဲဒီဝိညာဉ်ကြေးမုံမှန်ချပ်ကိုဝယ်ပြီး ကျွန်တော် ဘာဆက်လုပ်ရမလဲ။ ကျွန်တော့်ကို ပြောပြဦးလေ'

'ဝိညာဉ်ကြေးမုံမှန်ချပ်ကို ဝယ်ပြီးရင် ဆင်စွယ်လက်ကိုင်ရိုးအောက်က အဖုအရစ်ကို လှည့်ဖွင့်ပေးပါ။ ကျွန်မ ဝိညာဉ်ထွက်လာအောင် အဲဒီထဲမှာတွေ့တဲ့ အင်း၊ စမ အစကိုယူပြီး အဲဒီကြေးမုံကို ပွတ်တိုက်ပါ။ အဲဒီမှာ ဟောင်းနွမ်းညစ်ထေးနေတဲ့ ကြေးမုံပြင်ဟာ တလက်လက်လင်းလက်ပြီး ကျွန်မရဲ့ရုပ်နဲ့ ဝိညာဉ် ထွက်လာပါလိမ့်မယ် အစ်ကို။ နောက် အဲဒီဝိညာဉ်ကြေးမုံကို ဒေးစွန်ပါစေတီအရှေ့ဘက် ညောင်ပင်ကြီးအောက်ခြေမှာ ကျွန်မတို့သိုက်နန်းရှိတယ်။ အဲဒီမှာ ဂူငယ်ပေါက်တစ်ခုရှိတယ်။ အဲဒီထဲကို အစ်ကိုဝင်ပြီး ဝိညာဉ်ကြေးမုံကို ကလပ်ပေါ်တင်ထားနိုင်ရင် အစ်ကိုဆောင်ရွက်ပြုလုပ်ချက်တွေ အားလုံးပြီးပါပြီ အစ်ကို'

'နေပါဦး စောနန်းနွယ်။ အဲဒီညောင်ပင်အောက်ခြေက ဂူထဲမှာရှိတဲ့ကလပ်ပေါ် ဝိညာဉ်ကြေးမုံ တင်ထားပေးခဲ့ရင် စောနန်းနွယ် အရင်အတိုင်း မကျွတ်မလွတ် ဖြစ်နေမှာပေါ့'

'မဖြစ်ဘူး အစ်ကို။ ကျွန်မ ဝိညာဉ်ကြေးမုံကို အင်း စမအစနဲ့ တိုက်ချွတ်လိုက်တာနဲ့ တလက်လက်ဖြစ်ပေါ်ပြီး ကျွန်မရဲ့ပုံ ပေါ်လာတာနဲ့ ကျွန်မ အဲဒီထဲမှာ မရှိတော့ဘူး အစ်ကို'

'အဲဒီတော့ စောနန်းနွယ်က..'

'လူပြန်ဖြစ်ပြီပေါ့ အစ်ကို။ ကျွန်မက သိုက်ဆက်ရိုးမယ့် ဥစ္စာစောင့်အစစ်ကြီး မဟုတ်ပါဘူး။ မမတို့က ချစ်ခင်ခင်ခေါ်ထားတာပါ။ ပဋ္ဌာန်းဆက်ရှိတဲ့လူ ကယ်မှ ကျွတ်လွတ်မှာမို့လို့ အစ်ကို့ကို လာအပူကပ်ပြီး အကူအညီတောင်းရတာပါ။ ကဲ..အစ်ကိုလည်း အိပ်ချင်ရောပေါ့။ ကျွန်မပြန်မယ်။ ကျေးဇူးတင်ပါတယ် အစ်ကို' ဟုဆိုပြီး စောနန်းနွယ် ထိုင်ရာမှ ထလိုက်ရာ မီးခိုးလုံးကြီး ဝုန်းခနဲပေါက်ကွဲ၍ တံခါးမကြီး၏ အပြင်ဘက်သို့ လွင့်၍ထွက်သွားသော်၏။

ကျွန်တော်လည်း လန့်ဖျပ်ပြီး အိပ်ရာမှ နိုးထသွားသော်တော့၏။

♦♦♦

ညက ထူးထူးဆန်းဆန်းမက်ခဲ့သော အိပ်မက်ကို ကျွန်တော် ဘယ်သူ့ကိုမှ ပြန်ပြီးမပြောပြခဲ့ပေ။ ပြောလျှင်လည်း ယုံကြည်ချင်မှ ယုံကြည်လိမ့်မည်။ ဆရာက စာရေးဆရာဒါရိုက်တာမို့လို့ စိတ်ကူးယဉ်ပြီး ပြောနေတာပါ။ နောက်ထပ် ဂန္ဓီရဇာတ်လမ်းတစ်ပုဒ် ထပ်ရိုက်ဦးမလို့လား ဘာလားဆိုပြီး ပြောကြမှာ သေချာသည်။

ထို့ကြောင့် ကျွန်တော် နှုတ်ဆိတ်၍ နေလိုက်၏။ ထိုမရာမင်း ပုံထောင်ကိုပင် ထိုအိပ်မက်အကြောင်းကို မပြောပြခဲ့။ အခြားကိစ္စရပ်တွေပဲ ပြောဖြစ်ခဲ့ကြသည်။

နေ့လယ်လောက်ရောက်တော့ ကျွန်တော့်တပည့် မောမြတ်သူနဲ့ ကင်မရာမင်း ပုံထောင်ကို မှာစရာရှိတာမှာပြီး ကျွန်တော် ဘောင်ဒရီလမ်းရှိ ရှေးဟောင်းပစ္စည်းအဆောင်ဆိုင်သို့ ထွက်လာခဲ့တော့၏။

သျှောင်တစောင်းနှင့် ဦးသူတော်သည် မျက်နှာမကောင်းစွာဖြင့် ကျွန်တော့်ကို ကြိုဆိုလျက်ရှိ၏။

သိုကြိုရင်းကလည်း-

'ဦး စိတ်မကောင်းပါဘူးကွာ။ မင်း မလာတော့ဘူးထင်လို့ မနေ့ကပဲ မင်းလိုချင်နေတဲ့ ရှေးဟောင်းကြေး

www.burmeseclassic.com

ခန်ချပ်ကို တရုတ်ကြီးဦးကျင်ဝမ်းကို ရောင်းလိုက်တယ်ဟု အစပျိုးစကားဖြင့် ပြောလေ၏။

ကျွန်တော်သည် ရင်ထဲ မောဟိုက်သွားသလို ခံစားလိုက်ရလေသည်။

'ကျွန်တော် နှစ်ရက်၊ သုံးရက်လောက်ပဲ နောက်ကျသွားတယ်ထင်တယ်။ အဲဒီရက်ပိုင်းလောက်တော့ ကျွန်တော့်ကို စောင့်သင့်တာပေါ့ဗျာ။ အခုတော့ ကျွန်တော့်မှာ အလာကောင်းပေမယ့် အခါနှောင်းခဲ့ပြီဆိုသလို ဖြစ်သွားရသလို ကျွန်တော်ခံစားရတယ် ဦးရာ'

'ကျုပ်လည်း စိတ်မကောင်းပါဘူး မောင်ရင်ရာ။ ကျုပ်လာမယ်မထင်လို့ ရောင်းမိတာကို ခွင့်လွှတ်ပါကွာ။ အဲဒီ နှစ်ရက်၊ သုံးရက်လောက် မောင်ရင် လာမယ်မှန်းသိထားရင်တော့ ကျုပ် မရောင်းပါဘူးလေ'

'ဩော်..ဒါထက် ဦး၊ အဲဒီဝယ်သွားတဲ့ တရုတ်ကြီးဦးကျင်ဝမ်းရဲ့ လိပ်စာကို ဦးသိရင် ကျွန်တော့်ကို ပြောပြပါးဗျာ'

'ဦးကျင်ဝမ်းရဲ့ လိပ်စာကို ပေးလို့ရပါတယ်။ အဲဒီလိပ်စာရတော့ကော မောင်ရင် ဘာတွေထူးလာမှာလဲ'

'ဩော်..ဦးရယ်၊ ကျွန်တော်က လိုချင်နေတဲ့သူဆိုတော့ ဦးဆီက ဝယ်သွားတဲ့ဈေးထက် ထပ်တိုးပေးပြီး ဝယ်ချင်တာပါ'

'အင်း..ဒါဆိုရင်တော့ ဖြစ်နိုင်လောက်တယ်လို့ ထင်ပါပဲ။ အဲဒီဦးကျင်ဝမ်းက ဈေးအရမ်းတင်ပြီး တောင်းနေရင် မောင်ရင် တတ်နိုင်ပါ့မလား'

'ကြိုးစားကြည့်ရမှာပေါ့ ဦးရယ်။ နှစ်သိန်း၊ သုံးသိန်းလောက်တော့ ကျွန်တော်တတ်နိုင်တယ်'

ကျွန်တော့်စကားကြောင့် ဦးသူတော် မျက်လုံးပြူးသွားသည်။

ကျွန်တော့်ကို အံ့သြသောအကြည့်ဖြင့် ကြည့်၍-

'ဟ..မောင်ရင်က အဲဒီလောက်တောင် အရေးတကြီးဖြစ်နေလို့လားကွာ။ အဲဒီဝယ်လက်ကတော့ မြင့်လွန်းပါတယ်ကွာ'

'ဘယ်တတ်နိုင်ပါ့မလဲ ဦးရယ်။ ကျွန်တော်က လိုချင်တဲ့လူပဲ။ ဒါတောင် သူက ရောင်းဦးမှ။ မရောင်းရင် ပါပြီး မေးရဦးမယ်။ ကဲ..ဦး၊ ကျွန်တော့်ကို လိပ်စာသာ ပြန်လိုက်ပါ။ ကျွန်တော် သူ့ဆီသွားပြီး တောင်းတောင်းမရမှန်နဲ့ အကူအညီတော့ တောင်းရမှာပဲ ဦးရေ'

သွောင်တစောင်းနှင့် ဦးသူတော်သည် စာရွက်တစ်ရွက်မှာ တရုတ်ကြီးဦးကျင်ဝမ်း၏ လိပ်စာကိုရေး၍ ကျွန်တော့်ကို ပေးလေသည်။

ကျွန်တော်လည်း ထိုလိပ်စာအတိုင်း ဦးကျင်ဝမ်းအိမ်ရှိရာသို့ ထွက်လာခဲ့တော့၏။

♦ ♦ ♦

'အစ်ကိုက ဘယ်သူနဲ့ တွေ့ချင်လို့လဲ'ဟု ခပ်ရွယ်ရွယ်လူငယ်တစ်ယောက်က အိမ်အဝကနေပြီး ကျွန်တော့်ကို မေးသည်။

'ဒီအိမ်က ဦးကျင်ဝမ်းရဲ့အိမ်လား မသိဘူး'

'ဟုတ်ပါတယ်။ ဦးကျင်ဝမ်းက ကျွန်တော့်အဖေပါ။ ဒါပေမဲ့ အဖေမရှိတော့ဘူး'

'အပြင်သွားလို့လား ညီလေး၊ အစ်ကို စောင့်နေလို့ရမလား'

'မရဘူးဗျာ။ အဖေက လာတော့မှာမဟုတ်ဘူး။ ဆုံးသွားပြီ အစ်ကိုရဲ့'

သူငယ်၏စကားကြောင့် ကျွန်တော် ဟိုက်ခနဲဖြစ်သွားသည်။

'အစ်ကို အိမ်များ မှားသလားမသိဘူး။ မနေ့က ဦးကျင်ဝမ်း ရှေးဟောင်းပစ္စည်းဆိုင်က ရှေးဟောင်းကြေးမုံကြည့်မှန်တစ်ချပ် ဦးသူတော်ဆီက ဝယ်သွားတယ်လို့ ဦးသူတော်က ခုလေးတင် အစ်ကို့ကိုပြောလို့ လိုက်လာတာပါ'

'ဟုတ်ပါတယ်။ အဲဒီရှေးဟောင်းမှန်ကြောင့်ပဲ။ အဖေသွေးအနံ့ပြီး ဆုံးသွားတာဗျာ။ တစ်ညလုံး ကျွန်တော်တို့ မအိပ်ရဘူး။ အဲဒီရှေးဟောင်းမှန်ထဲက ငိုသံတွေ၊ သီချင်းသံတွေ၊ ခြိမ်းခြောက်သံတွေ ထွက်နေလို့ အဲဒီညတွင်းချင်းပဲ အဲဒီမှန်ချပ်ကို အမှိုက်ပုံးထဲ သွားပစ်ချလိုက်တယ်။ အစ်ကို အဖေ့ဆီ လာတဲ့ကိစ္စက..'

'တိုက်ဆိုင်လိုက်တာကွာ။ အစ်ကိုလာတဲ့ကိစ္စက မင်းအဖေဝယ်သွားတဲ့ ရှေးဟောင်းပစ္စည်းမှန်ကို ပြန်ဝယ်မလို့ လာခဲ့တာ'

'မဝယ်ပါနဲ့၊ အလကားသာ ယူသွားတော့ဗျာ။ ဟိုရှေ့က အမှိုက်ပုံးထဲမှာ ရှိဦးမယ်လို့ထင်တယ်။ ကိုးသောင်းတန် ရှေးဟောင်းမှန်ကြီးအကြောင်း မကြားချင်တော့ဘူးဗျာ။ အစ်ကိုလိုချင်ရင်တော့ ယူသွား။ တစ်ပြားမှ မပေးနဲ့'

သူငယ်လေးမှာ တော်တော်စိတ်မကောင်းဖြစ်နေပုံရသည်။ ဖခင်ဆုံးသွားခဲ့ရသည့် ရှေးဟောင်းမှန်ချပ်ကိုလည်း

www.burmeseclassic.com

စိတ်နာနေပုံရလေ၏။

'အစ်ကို သွားကြည့်မယ်။ ရှိရင်တော့ အကျိုးမနည်း စေရပါဘူး။ အစ်ကို ထိုက်ထိုက်တန်တန် ငွေပေးပြီး ဝယ်မှာပါ' ဟု ပြောပြောဆိုဆို အမှိုက်ပုံးရှိရာသို့ ကျွန်တော် သွားကြည့်သည်။

အမှိုက်ပုံးထဲ၌ ရှေးဟောင်းကြေးမုံပြင်မှန်ချပ်ကို တွေ့ ရလေ၏။ ကျွန်တော် အတော်ပင်ဝမ်းသာသွားသည်။ ကျွန် တော် မှန်ချပ်ကိုယူပြီး ထိုသူငယ်ကို ငွေကျပ်တစ်သိန်းခွဲ ပေးလိုက်၏။ ထိုသူငယ်သည် တအံ့တသြဖြင့် ကျွန်တော့် ကိုကြည့်ပြီး ငွေကို လက်ခံယူလေ၏။ ကျွန်တော်လည်း ဝိညာဉ်ကြေးမုံမှန်ကို ရလိုက်၍ ပျော်ရွှင်သွားလေ၏။

♦ ♦ ♦

အိမ်သို့ ချက်ချင်းပြန်လာပြီး မှန်ချပ်တွင်းရှိ ဆင်စွယ် လက်ကိုင်ရိုးအောက်က ငွေဖြင့် ပုံဖော်အရစ်လုပ်ထားသော နေရာကို သေသေချာချာ ဂရုတစိုက်ဖွင့်လိုက်ရာ လက်ကိုင် ရိုးအတွင်းမှ ပေစာအလိပ်လေး ကျလာလေ၏။ ပေစာ အလိပ်မှာ အင်း၊ စမများဖြင့် ရေးထားသော ကတ္တီပါအနီစ လေး ဖြစ်၏။ သေသေချာချာကြည့်ပြီး ဖြန့်ကြည့်လိုက်သော အခါ အောက်ပါစာနှစ်ကြောင်းကို တွေ့ရလေ၏။

'ကြေးမုံပြင်ကို သုတ်ပါ။

မူလရုပ် ပေါ်မည်' ဟူသော စာနှစ်ကြောင်း ဖြစ်၏။

ကျွန်တော် စာညွှန်းအတိုင်း ကြေးမုံပြင်ကို သုတ်ကြည့် လိုက်ရာ ဝင်းဝင်းလက်လက်ဖြင့် ကြေးမုံပြင်မှာ စောနန်း နွယ်အရုပ်သည် ထင်ထင်ရှားရှား ပေါ်လာလေတော့၏။

'ဟာ..ထူးဆန်းလိုက်တာ'

ဟု ကျွန်တော်စိတ်ထဲမှာ ပြောနေစဉ်တွင် ကြေးမုံပြင် အတွင်းမှ စောနန်းနွယ်က-

'အစ်ကို..ကျေးဇူးသိပ်တင်တာပဲ အစ်ကို။ ကျွန်မ ဝိညာဉ်ရပြီ။ ကျွန်မ ကျတ်လွတ်သွားပြီ။ ကျွန်မ ပြောထား ခဲ့တဲ့အတိုင်း အဲဒီဝိညာဉ် ကြေးမုံမှန်ချပ်ကို ဒေးစွန်ပါစေတီ ရဲ့ အရှေ့ဘက်ညောင်ပင်ကြီးအောက်ခြေမှာရှိတဲ့ ဂူပေါက် ထဲကို ဝင်ပါ။ အဲဒီဂူပေါက်ရဲ့ အတွင်းမှာ စေတီတစ်ဆူနဲ့ ကလပ်တစ်ခု တွေ့မယ်။ အဲဒီကလပ်ပေါ်ကို အခုဝိညာဉ် ကြေးမုံ တင်ပြီးရင် ပြီးပါပြီ အစ်ကို' ဟု ပြောပြီး ဝိညာဉ် ကြေးမုံပြင်ထဲမှာ စောနန်းနွယ်၏ ရုပ်ပုံသည် တလက်လက် ဖြင့် မှုန်ဝါး၍ ပျောက်ကွယ်သွားလေတော့၏။

ကျွန်တော်လည်း တပည့် မောင်မြတ်သူနှင့် ကင်မရာ မင်း ပုံထောင်တို့ကို အကျိုးအကြောင်း ပြောပြလိုက်လေ

တပည့် မောင်မြတ်သူနှင့် ပုံထောင်တို့ ကျွန်တော့်ကို ရှေးဟောင်းဝိညာဉ်ကြေးမုံကို ကြည့်ပြီး-

'ဆရာ့စကားမို့လို့သာ ယုံတာ။ တခြားသူတွေပြော အရူးလို့တောင် ပြောမိမလား မသိဘူး' ဟု ပုံထောင် ဆိုလေ၏။

ကျွန်တော်လည်း ဘာမှစကားမပြောတော့ဘဲ ထုတ်၍ ပဲခူးမြို့အလွန် ဒေးစွန်ပါခရီးထွက်ခဲ့တော့သည်

ဒေးစွန်ပါရောက်၍ စောနန်းနွယ် ညွှန်ကြားပြော ထားသည့်အတိုင်း ဒေးစွန်ပါစေတီရှေ့ ညောင်ပင်ကြီး ပေါက်ကို တွေ့ပြီး ဝိညာဉ်ကြေးမုံမှန်ချပ်ကို ကလပ်ပေါ် သေသေချာချာတင်ပြီး ပြန်လာခဲ့တော့သည်။

လာလမ်းအတိုင်း အပြန်ခရီးမောင်းနှင်ခဲ့ရာ ပုံထောင်က 'ဆရာ..ဆရာ..စီယာတိုင်အောက်က လက်ခွက်ထဲမှ တဝင်းဝင်းနဲ့ ဘာအတောင့်လဲ မသိဘူး ကားရပ်ပြီး ကြည့်ရအောင်' ဟုပြော၍ ကျွန်တော် ကား ရပ်လိုက်၏။

မိုင်းလက်ခွက်အတွင်းမှ ဝင်းလက်နေသော အတောင့် ကလေးကို သေသေချာချာ ယူကြည့်လိုက်ရာ ရွှေမန်ကျည် သီးတောင့် ဖြစ်နေသည်ကို အံ့သြစွာတွေ့ရလေ၏။

'ဆရာ့ကို ကျေးဇူးသိပ်တင်ပါတယ်' ဟု ဘေးမှ နန်းနွယ် လာပြောနေသောအသံကို ကြားလိုက်ရသောအခါ ကျွန်တော့်တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖျန်း ထ၍သွားလေတော့သတည်း။

ဒါရိုက်တာမျိုးဇော်အောင်

www.burmeseclassic.com

www.burmeseclassic.com

ယုံကြည်ထိုက်လို့ ယုံရတာပါ

ငယ်သူငယ်ချင်းသုံးယောက် ရိုလေသည်

အခု ကျွန်ုပ်ရေးပြမယ့် အဖြစ်အပျက်မှာ ကျွန်ုပ် ရွာစတန်းကျောင်းသားဘဝက အမှန်တကယ်ဖြစ်ခဲ့တဲ့ အဖြစ်မှန် နတ်ဇာတ်လမ်း ဖြစ်ပါတယ်။ အချိန်က မြန်မာပြည် အမောက်ကမ ဖြစ်နေတဲ့ကာလပါ။ (၁၉၆၂)ခုနှစ် အာဏာရှင် ဦးနေဝင်း အာဏာသိမ်းထားတဲ့အချိန်ပါ။ သည်တုန်းက မြန်မာပြည်မှာ ပညာရေး၊ စီးပွားရေး အစစအရာရာ ချွတ်ခြုံကျနေတဲ့အချိန်။ မိဘတွေကလည်း ဒုက္ခထမ်းတွေဆိုတော့ အစစအရာရာ ခြိုးခြံပြီး ကျွန်ုပ်တို့ ကျောင်းနေနေရပါတယ်။

ကုန်စျေးနှုန်းကလည်း တရိပ်ရိပ်တက်လာသလို ဆန်စျေးကလည်း တက်လာတာဆိုတော့ လူများတဲ့ ကျွန်ုပ်တို့အိမ် ထမင်းကို မနက်တစ်ပြည် ညနေ တစ်ပြည် ချက်နေရတာဆိုတော့ အဖေနဲ့ အမေတို့မှာ လူးလိမ့်ခံနေရပါတယ်။

ဒါကိုသိတဲ့ ကျွန်ုပ်တို့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဟောသကျောင်း ဆရာတော်က ဆွမ်းစားပြီးအချိန် ကျောင်းကို လာပြီး ကျွန်တဲ့ဆွမ်းတွေ အယူခိုင်းလို့ ကျွန်ုပ် နေ့လယ်ကျောင်းဆင်းချိန် သွားယူပြီး အိမ်ကို ပို့ပေးရတာပါ။ ဆွမ်းကျွန် ရတဲ့အတွက် ညနေစာအတွက် လူကြီးနှစ်ယောက်စာ ချက်ရလို့ အမေ နည်းနည်းအဆက်ရှုပ်ချောင်သွားရပါတယ်။

ကျွန်ုပ် ကျောင်းတက်ရတာက ထားဝယ်စုကမ်း(ယခု သိပ္ပံကျောင်းလမ်း) အစိုးရအထက်တန်းကျောင်းပါ။ ဒါက ကျောင်းတွေ ပြည်သူပိုင်မသိမ်းခင်ကဖြစ်ပြီး ပြည်သူပိုင် သိမ်းပြီးတော့ အမှတ်(၁) အထက်တန်းကျောင်း ဖြစ်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ကျောင်းတက်တဲ့ အစိုးရအထက်တန်းကျောင်းမှာ ရှစ်တန်းခြောက်ခန်း ရှိပါတယ်။ အခန်း(A) ကနေ (F) အထိပါ။ သိတဲ့အတိုင်းပါ။ (A) အခန်းက အတော်ဆုံးကျောင်းသားတွေထားပြီး အဆင့်ခွဲသွားတာဆိုတော့ ကျွန်ုပ်တို့က အည့ဆုံးတွေဆိုတော့ (D) အခန်းမှာ တက်ရတာပါ။ ကျွန်ုပ်တို့ထက်ညံ့တာ (E) နဲ့ (F) နှစ်ခန်း ကျန်လို့ တော်သေးတယ် ဆိုရမှာပါ။

ကျွန်ုပ်တို့ (D) အခန်းထဲမှာ အတွဲဆုံးသူငယ်ချင်းသုံးယောက်က စာလည်းညံ့သလို ဆိုးလည်းဆိုးကြတယ်။ ထစ်ခနဲရန်ဖြစ်ရင် ဒီသုံးယောက်ပဲ။ ကျောင်းအုပ်ဆရာမကြီး ဒေါ်အုန်းကြည်ထံ ခဏ,ခဏ ရောက်တာလည်း ဒီသုံးယောက်ပါပဲ။ အုပ်စုလိုက် ရန်ဖြစ်တာဆိုလည်း ဘယ်သူတွေလဲလို့ မေးစရာမလိုပါဘူး။ ဒီငပွကြီးတို့ သုံးယောက်ပါပဲ။ ဆရာ,ဆရာမတွေရဲ့ အော့ကြောလန် မျောက်သုံးကောင် ဆိုလည်း မမှားပါဘူး။

ဒီအော်ကြောလန်သုံးယောက်က ကျွန်ုပ် တင်လှနိုင်ရယ်၊ လှဦးမောင်ရယ်၊ သန်းထွေးလှိုင်တို့ပါပဲ။ သုံးယောက်ပေါင်း လောင်းကျော်ဆိုရင်လည်း မမှားပါဘူး။ ကျွန်ုပ်နဲ့ လှဦးမောင်က ကွန်မြူနစ်လိုလို၊ တစ်ယူသန်သမားလိုလိုနဲ့ လက်တွေ့ကျကျမှ ယုံတတ်ပြီး သန်းထွေးလှိုင်က ဘာသာရေးကိုလည်း လေးစားသူ၊ မိဘကိုလည်း ရှိသေသူ၊ တစ္ဆေသရဲ၊ စုန်း၊ နတ်တို့ကိုလည်း အလွန်အလွန် ယုံကြည်တတ်ပါတယ်။

ဒီအချိန်တုန်းက ကိုးတန်း၊ ဆယ်တန်း ကျောင်းသားတွေတောင် လက်ဖက်ရည်ဆိုင်ထိုင်လေ့ထိုင်ထ မရှိသေးပေမယ့် ကျွန်ုပ်တို့သုံးကောင်က လက်ဖက်ရည်ဆိုင်ထိုင်ကျင့်ရှိနေပါပြီ။ ဒီအကျင့်ပါအောင် လုပ်တာက ကျွန်ုပ်တို့သုံးယောက်ရဲ့ အဖေတွေဆို မမှားပါဘူး။ တနင်္ဂနွေနေ့ ရုံးပိတ်ချိန် ကျွန်ုပ်တို့ အဖေတွေက သူငယ်ချင်းလည်းဖြစ် ဌာနချင်းကလည်းတူတော့ လက်ဖက်ရည်ဆိုင်ထိုင်ပြီး နိုင်ငံရေးစကားပြောနေကျ။ အဖေတို့ လက်ဖက်ရည်ဆိုင်သွားတိုင်း ကျွန်ုပ်တို့သားတွေကို ခေါ်နေကျဆိုတော့ အကျင့်ပါကုန်ကြတာပါ။ အဖေတို့ အလုပ်မအားကြလို့ မထိုင်ဖြစ်လည်း ကျွန်ုပ်တို့ကတော့ ငွေယားလေးရှိတိုင်း၊ တနင်္ဂနွေနေ့တိုင်း လက်ဖက်ရည်ဆိုင်ထိုင်နေကျ ဖြစ်ကုန်ပါပြီ။ အကုန်အကျ အခံရဆုံးက အဘိုး၊ အဘွားတွေ ချမ်းသာတဲ့ လှဦးမောင်ပဲ ဖြစ်တယ်။ ဒီနေ့လည်း လှဦးမောင် ဒကာခံလို့ ကျွန်ုပ်တို့သုံးဦး လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်သောက်လေ့ကျင့်နေကြပါတယ်။

'မင်းတို့နှစ်ယောက် တစ္ဆေ၊ စုန်း၊ နတ်တို့ကို ယုံကြဉာဏ်မဟုတ်လား တင်လှနိုင်။ ငါ တစ်နေ့ မင်းတို့ကို ယောက်ကို လက်တွေ့ခေါ်ပြမယ်။ ဒါမှ မင်းတို့ ယုံကြမှာ'

'လုပ်စမ်းပါ သန်းထွေးလှိုင်ရာ။ ငါနဲ့ လှဦးမောင်က လက်တွေ့သမားဆိုတော့ အမှန်အကန်မြင်ရရင် မင်းတို့က လက်ဖက်ရည် မုန့်အဝကျွေးမယ်ကွာ။ မင်းတို့ လက်တွေ့မပြနိုင်ရင် မင်းက ပြန်ကျွေးရမယ်။ စိန်ခေါ်လား ငကြောင်ရ'

ဟိုတုန်းက ကျွန်ုပ်တို့ငယ်သေးတော့ ဝမ်းစာဘယ်(လ်) မလုပ်တတ်သေးပါဘူး။ ဒါကြောင့် လက်ဖက်ရည်ချင်းပဲ လောင်းရတာပါ။

'အေး..ကြိုက်ပြီ။ မင်းတို့နှစ်ကောင်ကို ငါ့အရှေ့မှာ နတ်ကတဲ့နေ့ကျရင် လက်တွေ့ခေါ်ပြမယ်။ ဒါဆို မင်းတို့ ယုံကြမှာပါကွာ'

'လာခေါ်ပေါ့ကွာ။ ဒါနဲ့ နေပါဦး။ မင်းခေါ်ပြမယ့်နတ်ပွဲက ဟို..တချို့ရပ်ကွက်တွေမှာ နတ်ကနားပေးပြီး နတ်ကတော် ယောကျ်ားလျာအခြောက်တွေ ညာစားနေတဲ့ နတ်ပွဲမျိုးလား သန်းထွေးလှိုင်။ ဒီအခြောက်တွေကတဲ့ နတ်ပွဲနဲ့တော့ လာမခေါ်ပါနဲ့ကွာ။ တို့ လိုက်ကြည့်မှာ မဟုတ်ပါဘူး'

လှဦးမောင်က ခနဲ့တဲ့တဲ့ပြောပြီး ရယ်လိုက်တယ်။

'အေးပါ လှဦးမောင်ရယ်၊ ကြည့်ကြသေးတာပေါ့'

'နေပါဦး သန်းထွေးလှိုင်၊ မင်းတို့ကိုခေါ်ပြမယ့် နတ်က ဘယ်က နတ်ပွဲလဲ'

'ငါနေတဲ့ မောင်ဝံနတ်မော်တန်းလမ်းမှာ နှစ်စဉ်ကျင်းပနေတဲ့ ရေနံပိုင်ဦးရှင်ကြီးနတ်ပွဲပါကွာ'

ဟုတ်ပါတယ်။ ကျွန်ုပ်တို့မော်လမြိုင်မြို့တွင် ကြီးကြီးကျယ်ကျယ် နတ်ကနားပွဲပေးပြီး ရေနံပိုင်ဦးရှင်ကြီးကို ပူဇော်တာ နှစ်နေရာရှိပါတယ်။ တစ်နေရာက မော်လမြိုရဲ့ တောင်ဘက်အစွန်ဆုံး ကျောက်တန်း တံငါရွာလေးမှာ နှစ်စဉ် ပင်လယ်ပြင်ထွက်ငါးဖမ်းတဲ့ တံငါသည်တွေ အန္တရာယ်ကင်းစေဖို့ ရေနံပိုင်ဦးရှင်ကြီးကို ပူဇော်တဲ့ပွဲပါ။

ကျောက်တန်းဆိုတဲ့ တံငါရွာလေးက ပေါ့သေးသေးမဟုတ်ပါဘူး။ မြန်မာ့လွတ်လပ်ရေးရဖို့ ဗိုလ်ချုပ်အောင်ဆန်းတို့နဲ့အတူ လက်တွဲပြီး နိုင်ငံရေးလုပ် တိုက်ပွဲဝင်ခဲ့တဲ့ နာမည်ကျော် အလံနီသခင်စိုးရဲ့ မွေးရာဇာတိရွာလေးပါ။

www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုမောင်နမ ဆွေမျိုးတွေ အခုထိ နေထိုင်ကြတုန်းပါ။

နောက်တစ်ပွဲက သန်းထွေးလှိုင်နေတဲ့ မောင်ငံနတ်မှော်အုန်းလမ်းတိုလေးမှာကျင်းပတဲ့ ဦးရှင်ကြီးပွဲပါပဲ။ ဒီပွဲက မော်လမြိုင်တစ်မြို့လုံးကိုလှည့်ပြီး အန္တရာယ်ကင်းအောင် ဘိုကိုလှည့်ပေးတဲ့ပွဲပါပဲ။

ဒီနတ်ပွဲကိုတော့ ကျွန်ုပ်ငယ်ငယ်က တချို့လှည့်လာသို့ ကျွန်ုပ်နေထိုင်တဲ့ ကျားတံတားလမ်းထိပ်က ကြည့်ရတာပါ။ ကျွန်ုပ်တို့ကလေးတွေ သဘောအကျဆုံးက ရေငန်ပိုင် ဦးရှင်ကြီးရဲ့ စီးတော်ကျားနတ်ကိုပါ။ ကျားနတ်က ကျွန်ုပ်တို့ ကလေးတွေကိုလိုက် ကျွန်ုပ်တို့ကပြေးတော့ လဲသူလဲပြသူပြန့် ငိုဖို့ သတိမရပါဘူး။ အပျော်ကဲနေတာလေ။

အခု သီတင်းကျွတ် ကျောင်း(၁၀)ရက်ပိတ်လို့ ကျွန်ုပ်တို့ လမ်းလူငယ်တွေ မိန်းကလေး၊ ယောကျ်ားလေးတို့ ညဉ့်နက်ပိုင်းထိ မျောက်ရုံးအောင် ဆော့နေကြတယ်။ ကောင်းဆင်ပေါ်က ဖိုးရွှေလကြီးကလည်း သဘာဝဓာတ်မီးကြိုးသွန်းထားသလို ကျွန်ုပ်တို့ ကစားနေတာကို ပြိုးပြိုးကြီးကြည့်လို့ အလင်းပေးနေလို့ ကျေးဇူးပါပဲ လမင်းကြီးရယ်လို့ ရင်ထဲက ဆိုနေကြမှာပါ။

ကျွန်ုပ်တို့ ကားလမ်းပြည့် ကစားကြတာက ထုပ်ဆီးဘူးတမ်းပါ။ မိန်းကလေးတစ်ဖက် ယောကျ်ားလေးတစ်ဖက် ထုပ်ဆီးတိုးကြတာ။ တစ်ဦးကိုတစ်ဦး မည္သာတမ်းဖမ်းကြ၊ ဆောင်းဖက်ကြနဲ့ ညစ်လို့ဆိုပြီး ရန်ဖြစ်ကြနဲ့။ အပျိုပေါက်အပျိုပေါက်တွေ ဖြစ်နေကြပေမယ့် ဟိုစိတ်သည်စိတ်နဲ့ စိတ်ကစားကြပါဘူး။ ဒီခေတ်လူငယ် လုံမငယ်တွေစိတ်မျိုးနဲ့ဆို မီးပွင့်ကုန်ကြမယ် ထင်ပါတယ်။ ညဉ့်နက်လို့ လူကြီးတွေက ခေါ်ကြပေမယ့် ကစားမပျက်ကြပါဘူး။ ညတစ်ခါလောက်မှ လူစုခွဲ ကိုယ့်အိမ်ကိုယ် ပြန်အိပ်ကြမြဲပါ။ ဪ..ငယ်ဘဝကို ပြန်ပြီးသတိရပေမယ့် ပြန်မရတော့ပါလား။

ကျွန်ုပ်ရှုမြင်သန်းထွေးလှိုင်နဲ့ အလောင်းအစား

ညဉ့်နက်မှ အိပ်ရချိန် ကျွန်ုပ် အိပ်လို့ ကောင်းနေပါတယ်။ နေမြင့်နေသော်လည်း မျက်လုံးမဖွင့်ချင်သေးလို့ ဆက်အိပ်နေတုန်း အမေရဲ့ခေါ်သံကို ကြားလိုက်ရတယ်။

"ဟဲ့..သား တင်လှနိုင်၊ ထတော့လေ။ ဘယ်အချိန်ထိနေပြီလဲ။ ဒီမှာ သားသူငယ်ချင်း သန်းထွေးလှိုင် ရောက်နေတယ်"

သန်းထွေးလှိုင် လာတယ်ဆိုလို့ မထချင်ထချင်ဖြင့် ထလာရတယ်။ နာရီကြည့်လိုက်တော့ (၈)နာရီပင်ကျော်နေပြီ။

"တင်လှနိုင် ကာလနဂါး..အိပ်လှချည်လားကွ။ ခွင့်နာရီတောင် ကျော်နေပြီ"

"အပျင်းကြီးတာမဟုတ်ဘူး နတ်ရူးရ။ ညက ထုပ်ဆီးတိုးကစားတာ တစ်နာရီကျော်သွားလို့ကွ"

"မင်းတို့အရပ်ကတော့ လွန်ပါတယ်ကွာ။ ယောကျ်ားလေးလည်း ယောကျ်ားလေးမို့ မိန်းကလေးလည်း မိန်းကလေးမို့ ဖင်မှာ အမြီးပေါက်နေကြလား မသိပါဘူး။ ကဲကို ကဲကြတယ်"

"ဒါ စည်းလုံးခြင်းသည် အင်အားကွ။ စည်းစည်းလုံးလုံး နေကြတာ"

ကျွန်ုပ် သန်းထွေးလှိုင်ကို ပြန်ငေါ့ပြီး မျက်နှာသစ်ရန် ထွက်သွား၏။

"ဟေ့ကောင်..အင်္ကျီဝတ်ကွာ၊ လက်ဖက်ရည်ဆိုင်သွားရအောင်"

"ငါ့မှာ ခြူးတစ်ပြားမှ မရှိဘူးကွ။ အမေ့ဆီတောင်းလည်း ရမှာမဟုတ်ဘူး။ တို့အဖေလစာနဲ့ ဘယ်လိုထမင်းစားရလဲဆိုတာ မင်းသိပါတယ်။ ဘုန်းကြီးသနားလို့ ဆွမ်းကျန်စားနေရတာကွ"

"ငါသိပါတယ်ကွာ။ ငါ့မှာ ငွေနှစ်ကျပ်ပါပါတယ်"

ကျွန်ုပ်တို့နှစ်ဦး လက်ဖက်ရည်ဆိုင်ကို ထွက်လာကြတယ်။ ဆိုင်မှာ ကျွန်ုပ်တို့အဖေတို့ တွေ့မလားလို့ ကြည့်သေးတယ်။ မတွေ့ပါဘူး။ ဩော်..မနေ့ကတည်းက ဈေးဆိုင်ကြီးတွေ၊ ပွဲရုံတွေ၊ ကွမ်းရာဆိုင်တွေကအစ ပြည်သူပိုင်သိမ်းပွဲကြီး ကျင်းပနေလို့ ဝန်ထမ်းတွေ မအားကြရပါဘူး။ အဖေတို့က ကုန်သွယ်ရေးဝန်ထမ်းတွေမို့ ပိုအလုပ်များတာပေါ့။ အသိမ်းခံရတဲ့သူတွေမှာ မျက်ရည်နဲ့ မျက်ခွက်ပါပဲ။

"ဟဲ့..ဟဲ့..ဒကာတော်ရေမြေ့ရှင်လေး ကျန်းမာချမ်းသာပါစေကွာ။ အိမ်မှာဆို အမေက ထမင်းရည်ပဲ သောက်ရမှာကွ။ ကော်ဖီမရတာ အတော်လေးကြာသွားပြီ"

လက်ဖက်ရည်နဲ့ မုန့်စားပြီး ရေနွေးကြမ်းသောက်တုန်း နတ်ရူးက မေးလာတယ်။

"ဟေ့..တင်လှနိုင်၊ တို့သုံးဦး လောင်းထားတာ မှတ်မိသေးလားကွ"

"ဘာလောင်းထားတာလဲ။ ငါမေ့နေပြီ နတ်ရူးရာ"

"တောက်..မင်းကွာ။ မင်းရယ်၊ ငါရယ်၊ လှဦးမောင်

www.burmeseclassic.com

ရယ် ကျောင်းမျက်စောင်းထိုးက လက်ဖက်ရည်ဆိုင်မှာ နတ်၊ တစ္ဆေကိစ္စကို လောင်းထားတာလေ။ ငါ လက်တွေ့မပြနိုင်ရင် ငါအရှုံး၊ လက်တွေ့ပြနိုင်ရင် မင်းတို့အရှုံး။ လောင်းကြေးက လက်ဖက်ရည်တစ်ဝိုင်းစာလေ'

'ဩော်..မှတ်မိပြီ နတ်ရူးရေ၊ မင်း ဘယ်တော့ လက်တွေ့ပြမှာလဲ'

'ဒီညနေပဲကွ။ ဒီညနေ တို့ နတ်မှော်တန်းလမ်းမှာ ရေငန်ပိုင်ဦးရှင်ကြီးနတ်ကနား စမယ်ကွ။ ဒီမှာ မင်းတို့ကို လက်တွေ့ပြမယ်။ ညနေလေးနာရီအရောက် အိမ်လာခဲ့ကွာ။ အိမ်မှာပဲ ထမင်းစားကြ။ ဒီကအပြန် လှဦးမောင်ကို ဝင်ပြောသွားမယ်'

'အေး..ငါ့အမေကို ပြောပြီး လာခဲ့မယ်။ ဒါနဲ့ ငါမသိလို့ မေးစမ်းပါရစေဦး။ ငန်းတေးရွာမှာ ရေငန်ပိုင်ဦးရှင်ကြီး ကတာက ဟိုကလူတွေက ပင်လယ် ငါးဖမ်းထွက်နေလို့ အန္တရာယ်ကင်းအောင် ကကြတာ။ မင်းတို့ဆီမှာက ရေလုပ်သားဆိုလို့ တစ်ယောက်မှမရှိဘဲနဲ့ ဦးရှင်ကြီးနတ်ကနားပေးတာ ထူးခြားနေတယ်နော်။ လမ်းနာမည်ကိုက နတ်မှော်တန်းလမ်းဆိုတော့ နတ်မှော်အောင်တဲ့လူတွေများ ဦးစီးပြီး လုပ်ကြတာလား။ ဒါမှမဟုတ် သရဲအကြောင်းတွေ ရေးသားနေတဲ့ သရဲဆရာကြီး တာတေကြီးကများ နတ်အကြောင်း ရေးဖို့ တာစူနေတာလားကွ။ ဟဲ..ဟဲ'

'ဟော့ကောင် ကွန်မြူနစ်၊ ပေါက်ကရတွေ ပြောမနေနဲ့။ ငါလည်း မသိဘူး။ ဆရာတာတေကြီးကြားလို့ မင်းဆီကို သူမွေးထားတဲ့သရဲ လွှတ်လိုက်ဦးမယ်။ သွားကြမယ်။ အဲ..ငွေရှင်းရဦးမယ်ကွ'

'ကျပ်တန်တစ်ရွက် ပေးလိုက်ကွာ။ လက်ဖက်ရည်တစ်ခွက် တစ်မတ်၊ နှစ်ခွက်ဆိုတော့ ငါးမူး။ အိုကြာကွေးတစ်ချောင်း ဆယ်ပြားကွာ၊ ပြားနှစ်ဆယ်ကွာ။ ပြားသုံးဆယ်ပိတာ ငါယူထားလိုက်မယ်။ ကားခရအောင်'

လက်ဖက်ရည်တစ်ခွက် တစ်မတ်ဆိုလို့ အံ့သြသွားပါသလား။ မအံ့သြနေကြပါနဲ့။ ဒါတောင် ဦးနေဝင်း အာဏာသိမ်းပြီးမှ တက်လာတဲ့ဈေး။ ဟိုတုန်းက တစ်ခွက်ဆယ်ပြား၊ အိုကြာကွေးက ငါးပြား၊ ဆန်ငကျဲအကောင်းစားက ငါးမတ်၊ နို့ဆီတစ်ဘူး သုံးမတ်၊ မြေပဲဆီစစ်စစ်တစ်ပိသာမှ တစ်ကျပ်ကျော်လေးပါဝဲ။ ဒီလောက်ဈေးနှုန်းတွေကိုကြည့်ပြီး ကုန်ဈေးနှုန်းတွေတက်လို့ လူတွေ ဒုက္ခရောက်ကုန်တယ်ဆို ရယ်စရာလို့ထင်မှာပါ။ အဲဒါ တစ်ဆခုနှစ်တက်သွားတာပါ။ ဟိုတုန်းက အနိမ့်ဆုံးဝန်ထမ်းလစာက (၈၂)ထိ စာရေးက (၁၂၆)ကျပ်နဲ့ အိမ်ရှိမိသားစုလေး၊ ငါးယောက်ထိုင်စား၊ ကျောင်းနေနိုင်ကြတာ။ ကျွန်ုပ်အတွေးကို သူ ထွေးလိုင် နတ်ရူးက ဖျက်ဆီးလိုက်ပါတယ်။

'ဟော့ကောင်..ထ၊ ဘာတွေငေးနေတာလဲ။ ညမမှေ့နဲ့ကွ'

ကျွန်ုပ်တို့အိမ်ရောက်တော့ သန်းထွေးလှိုင်က တော့ဘဲ လှဦးမောင်ဆီကို ဆက်သွားလို့ ကျွန်ုပ်လည် အကျိုးအကြောင်းပြောပြပြီး ညနေသွားဖို့ ခွင့်ပန်ရပါတယ်။ ညီမလေးက သူပါ လိုက်ချင်တယ်လို့ ပူဆာလို့ အေ ခေါ်သွားလိုက်ပါ။ သူလည်း မတွေ့ဖူးသေးဘူးဆိုလို့ ကျွ ခေါင်းညိတ်လိုက်ပါတယ်။

ကြားထဲက ခံလိုက်ရတဲ့ ညီမလေး

ကျွန်ုပ်တို့မောင်နှမနှစ်ဦး သန်းထွေးလှိုင်အိမ်ကို ည သုံးနာရီလောက် အမှတ်(၁)ကားစီးပြီး သွားကြတာ ကားခက ငါးပြားသာပေးရတာပါ။ သန်းထွေးလှိုင်အိမ် ကျွန်ုပ်တို့ မောင်နှမရောက်တော့ လှဦးမောင် ရောက် နေတာကို တွေ့ရတယ်။

'ဩော်..သမီးငယ်လေးလည်း ပါလာတာကိုး။ သ တို့မေမေကော နေကောင်းရဲ့လားကွယ့်။ သမီး အခု သ နှစ်တန်း ရောက်ပြီလဲ'

'မေမေနေကောင်းပါတယ် ကြီးကြီး။ သမီး အ ခြောက်တန်းရောက်နေပါပြီ'

'အေး..ကြိုးစားကွယ့် သမီးရယ်၊ အိမ်ရှေ့မှာ သ သူငယ်ချင်းတွေနဲ့ စကားပြောပြီး ကစားနေကြဦး ထမင်းခူးပြီး ကြီးကြီး ခေါ်လိုက်မယ်'

ကျွန်ုပ်တို့သုံးယောက် အိမ်ရှေ့ခန်းတွင် ရောက်တာ ရာ စကားပြောနေကြတယ်။ ခဏနေတော့ သန်းထွေး ညီမနှစ်ဦး ရောက်လာပြီး ညီမလေးနဲ့ ဆူညံစွာစကား နေကြတယ်။ နာရီဝက်လောက်ကြာတော့ နောက်ဖေ ကြီးကြီးခေါ်သံကြားလို့ တစုတဝေးကြီး ဝင်သွား ထမင်းစားကြတော့တယ်။

အချိန်စောနေသေးလို့ ကျွန်ုပ်တို့ အိမ်ပေါ်မှာပဲ စကားဆက်ပြောနေကြတယ်။ ညီမလေးတို့ အုပ်စု သူတို့ နေရာဦးထားတဲ့ဆီကို သွားကြပြီဖြစ်တယ်။ ဆိုင်းသံကြားမှပဲ ကျွန်ုပ်တို့သုံးဦး နတ်ပွဲကျင်းပတဲ့ ကြီးနတ်နန်းနေရာကို လာခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ပိုက်ဆံကော ပါရဲ့လားကွ လှဦးမောင်၊ တင်လှနိုင်က ငွေဆိုတော့ ပါမှာ မဟုတ်ဘူးကွ'

'အကင်းလေးပါ နတ်ရူးရယ်။ တို့ပဲ တိုက်ရမလား၊ မင်းပဲ တိုက်ရမလား ကြည့်သေးတာပေါ့'

သူတို့နှစ်ဦး စကားနိုင်လုရင်း ရေနံပိုင်ဦးရှင်ကြီးနတ်ကနားပေးတဲ့ နတ်နန်းရှိရာကို ရောက်လာကြတော့ ညီမလေးတို့ တစ်သိုက်ကတော့ လူအုပ်ကြားထဲမှာ အကျအနထိုင်နေကြတယ်။ ကျွန်ုပ်တို့သုံးဦးလည်း အနောက်နား မြင်သာတဲ့နေရာက ရပ်ကြည့်ရန် နေရာယူကြတယ်။

မြန်မာ့ဆိုင်းဝိုင်းကြီးက နတ်ချင်းတီးနေလို့ ကျွန်ုပ်တို့ စိတ်မှာ မြူးကြွနေတယ်။ တချို့ကလေးတွေဖြစ်တဲ့ ဖိုးကချင်၊ မကချင်တို့က အပြင်ဘက်မှာ ကခုန်နေကြတာ ပျော်စရာပင် ကောင်းနေပါတယ်။

နတ်ထိန်းများက နတ်နန်းမှာ အမွှေးနံ့သာရည်တို့ ပက်ဖျန်းကြပြီး ဖယောင်းတိုင်မနား ထွန်းညှိနေကြတယ်။ မကြာခင်မှာတော့ ကျွန်ုပ်တို့ မျှော်လင့်နေတဲ့ နတ်ဝတ်နတ်စားနဲ့ လူခပ်ငယ်ငယ်တစ်ဦး နတ်နန်းရှေ့ကို ရောက်လာတာကို တွေ့ရတယ်။ ကျွန်ုပ်က သူ့ကို မြင်ဖူးပါတယ်ဟု တွေးနေပေမယ့် ဇဝေဇဝါသာ ဖြစ်နေပါတယ်။

'တင်လှနိုင်..အခု ဦးရှင်ကြီးနတ်ဝင်မယ့် အစ်ကိုကြီးကို သေသေချာချာကြည့်၊ မင်းသိတဲ့ အစ်ကိုကြီးပဲ'

သန်းထွေးလှိုင်ပြောလာလို့ သေသေချာချာပြန်ကြည့်ပြီး စဉ်းစားလိုက်တော့ ဘယ်သူလဲဆိုတာ ရုပ်လုံးပေါ်လာတယ်။

'ဟုတ်ပြီ၊ ကိုသက်နိုင်ကြီးကွ။ ကျောင်းဆရာ ကိုသက်နိုင် မဟုတ်လား'

'ဟုတ်ပါ့ကွာ၊ ဆရာလေးကိုသက်နိုင် အစစ်ပါပဲ'

'အို..သူက နတ်ကတော်မှ မဟုတ်ဘဲ။ နောက်အခြောက်လည်း မဟုတ်ဘူး။ အခု ဘယ်လိုဖြစ်ပြီး နတ်စင်သည် ဖြစ်သွားရတာလဲကွ'

'တို့ နတ်မှော်တန်းမှာ နှစ်စဉ် နတ်ဝင်နေကြတာက နတ်ကတော်တွေ မဟုတ်ဘူးကွ။ နတ်ကတော်တွေ လာကလို့လည်း လက်မခံဘူး။ ရပ်ကွက်သားတွေကပဲ ကကြရတာ။ က,ချင်တိုင်းလည်း ကလို့မရပြန်ဘူး မောင်။ အိပ်ကော်ရသူတွေကသာ ဝင်ကရတာ။ အိပ်မက်ရလို့ မကချင်ဘူးလို့လည်း ငြင်းလို့မရပြန်ဘူး။ ရေနံပိုင်ဦးရှင်ကြီး အိပ်မက်ပေးခံရသူက ရေနံပိုင်ဦးရှင်ကြီး ဝင်ကရတယ်။ စီးတော်ကျား မက်တဲ့သူက စီးတော်ကျားအဖြစ် ကရတယ်။ ကျွန်တဲ့ ဘိုးတော်ကြီး စတဲ့နတ်တွေကလည်း အိပ်မက်ရသူကပဲ ဝင်ကရတယ်ကွ။ အိပ်မက်မရဘဲ ဝင်ကလို့မရဘူး။ လိမ်ပြီးဝင် ကလို့ကတော့ ဒုက္ခလှလှကြီး တွေ့တာကွ။ အိပ်မက်ရပြီး မကပြန်ကလည်း ခံရတာပဲ တင်လှနိုင်ရေ'

သန်းထွေးလှိုင် ပြောစကားတွေက ကျွန်ုပ်နားထဲကို ဝင်တစ်ချက် မဝင်တစ်ချက်နဲ့ပါ။ ကျွန်ုပ်မျက်လုံးအစုံက နတ်ဝတ်နတ်စားနဲ့ သားနားနေတဲ့ ဆရာလေးကိုသက်နိုင်ကြီးကိုသာ ကြည့်နေပါတော့တယ်။

ဆိုင်းဝိုင်းကြီးကတော့ နတ်ချင်းသံတွေကို မြိုင်မြိုင်ဆိုင်ဆိုင် တီးနေတယ်။ ကိုသက်နိုင်ကြီးကလည်း နတ်ထိန်းပြောတဲ့စကားကို စူးစိုက်နားထောင်နေတာကို ကျွန်ုပ် မြင်နေရပါတယ်။ နောက် နတ်ထိန်းကမ်းပေးတဲ့ သပြေခက်စည်းကို လှမ်းယူပြီး ရေနံပိုင်ဦးရှင်ကြီးရုပ်တုကို ကန်တော့နေပါတယ်။ နတ်ထိန်းတို့က လိုနေတာကို လုပ်ကိုင်ပေးနေတာကိုလည်း မြင်ရတယ်။ မကြာခင်မှာတော့ ကိုသက်နိုင်ကြီး ကိုယ်မှာ တုန်လာပြီး နတ်ဝင်လာတာကို ကျွန်ုပ်တွေ့ရပါတယ်။ နတ်ထိန်းက နတ်နန်းပေါ်မှ စောင်းကိုယူပြီး ရေနံပိုင် ဦးရှင်ကြီးထံကို လှမ်းပေးလိုက်တယ်။

'ဟော့..သန်းထွေးလှိုင်၊ ကိုသက်နိုင်ကြီး စောင်းတီးမယ်ထင်တယ်ကွ။ စောင်းကို ပိုက်ထားတယ်'

'အေး..ကြည့်နေ။ ထူးခြားတာတွေ တွေ့ရတော့မယ်ကွ'

ကျွန်ုပ်လည်း ဆက်မမေးတော့ဘဲ ဆက်ကြည့်နေတယ်။ လှဦးမောင်က တစ်ချိန်လုံး စကားမဆိုဘဲ မျက်လုံးကြီးအပြူးသားနဲ့ ကြည့်နေတာကို တွေ့ရတယ်။ လူတစ်ဦးက ဆွမ်းတင်တဲ့စင်ကိုကိုင်လာတာ တွေ့ရပြန်တယ်။ စင်က သစ်သား။ သံလို ခိုင်ခိုင်ခံ့ခံ့ မဟုတ်ပါဘူး။ လက်မောင်းလုံးလောက်ရှိတဲ့ဝါး လေးပေလောက်ကို ထိပ်က လေးစိတ်ခွဲထားပြီး သပ်လျှိုထားပါတယ်။ ဝါးလေးစိတ်ခွဲထားတဲ့ အပေါ်မှာ တစ်ပေခွဲပတ်လည်လောက် ဝါးနဲ့ ရက်ထားတဲ့ ကြက်နင်းလေးတင်ထားပြီး နှီးနဲ့ ချည်ထားတယ်။

ရေနံပိုင်ဦးရှင်ကြီး ဝင်နေတဲ့ ကိုသက်နိုင်ကြီးက စောင်းပိုက်ပြီး တောင်ရှည်ပုဆိုးကြီးနဲ့ စင်နားလျှောက်သွားကာ စင်ပေါ်ကို သက်သက်သာသာလေး ခုန်တက်လိုက်တာ ကျွန်ုပ်တို့တွေ့လိုက်ရတော့ ကိုယ့်မျက်စိကိုယ်ပင် မယုံချင်တော့ဘဲ မျက်လုံးပြူးမိပါတယ်။ လှဦးမောင်ကို ကြည့်

www.burmeseclassic.com

လိုက်တော့လည်း မျက်လုံးပြူး ပါးစပ်ကြီးဟလို့ အံ့အားသင့်နေတာကို တွေ့ရပါတယ်။

လေးပေကျော် ဝါးခြမ်းပြားစင်လေးပေါ်မှာ ခြေထောက်တစ်ဖက်ချိတ်ထိုင်ကာ သာယာနာပျော်ဖွယ်ကောင်းတဲ့ စောင်းသံကို တီးခတ်နေပါတယ်။ ကျွန်ုပ်နဲ့ ပရိသတ်တို့ဟာ စောင်းသံမှာ နစ်မွန်းနေကြပါတယ်။ ဂီတကျွမ်းကျင်သူများက ယမုံနာပတ်ပျိုးတီးနေတာလို့ ပြောကြပါတယ်။ ကျွန်ုပ်တို့ သိရသလောက်မှာ ဆရာလေးကိုသက်နိုင်ဟာ တီးတတ်မှုတ်တတ်ဖို့နေနေသာသာ လေတောင်ချန်တတ်သူ မဟုတ်ပါဘူး။ သူ့ခေါင်းထဲမှာ ရှိတာက ကလေးတွေကို နားလည်အောင် ဘယ်လိုသင်ပေးရမလဲလို့ တွေးနေတဲ့ အတွေးများသာ ရှိသူပါ။ အခုတော့ အံ့သြကုန်နိုင်ဖွယ်လို ဖြစ်နေပါပြီ။

"စီးတော်ကျား ဝင်လာပြီဟေ့"

ကလေးတစ်အုပ်ရဲ့အသံကို ကြားလိုက်ရလို့ ဆိုင်းဝိုင်းဘက်ကို ကြည့်သော်လည်း ဘာမှမတွေ့ရသေး။ အပြင်ဘက်မှာတော့ ရုတ်ရုတ်သဲသဲနဲ့ ပြေးသူပြေး၊ ရှဲသူရှဲသွား စဉ်မှာ အပေါ်ပိုင်းဗလာနဲ့ လုံချည်ခါးတောင်းကျိုက်ထားတဲ့ အသားမည်းမည်းလူတစ်ဦး ဆိုင်းဝိုင်းရှေ့ကို နောက်ပြန်ကျွမ်းပစ်ကာ ခုန်ပေါက်ကနေတာကို ကျွန်ုပ်တွေ့ရတယ်။

ကျွန်ုပ်တို့ လူအုပ်ဘက်ကိုကြည့်ပြီး ကျားလိုမာန်ဖိနေတာကိုတွေ့ရတော့ ဒီလူကို မြင်ဖူးပါတယ်လို့တွေးပြီး သေသေချာချာကြည့်မိတော့ အလို..ဆိုက်ကားဆရာ ကိုစီနား ဖြစ်နေတာကိုး။ ကိုစီနားဟာ အမြင့်သုံးပေလောက်က ခုန်ချဖို့ မဝံ့တဲ့လူ။ အခု သူက ရှေ့ကျွမ်း၊ နောက်ကျွမ်းကို လေးပေလောက်မြင့်အောင် ထိုးနေပြီး ကျားလိုမာန်ဖိလိုက်တာလည်း တကယ့်ကျားအတိုင်းပါပဲ။ ကလေးတစ်သိုက်ကတော့ ပျော်လို့ပေါ့။ ကျားဝင်နေတဲ့ ကိုစီနားက ကလေးတစ်သိုက်ဘက်ကို ခုန်ဟပ်သလိုလုပ်လိုက်တော့ ကလေးအုပ်စုမှာ ပြေးသူပြေး၊ တိုက်လဲသူလဲနဲ့ ဖြစ်ကုန်တော့တယ်။

စီးတော်ကျားကို လူတွေ အုန်းသီးဆက်ကြတာမှာလည်း ကြည့်လို့ကောင်းနေပြန်တယ်။ ကိုယ်တိုင်တော့ ဆက်လို့ မရပါဘူး။ နတ်ထိန်းကတစ်ဆင့် ဆက်ကြရတာပါ။

အခွံနွာ အချောသပ်ထားတဲ့ အုန်းသီးကို နတ်ထိန်းက ကျားနတ်ဝင်တဲ့ ကိုစီနားကိုပြလိုက်တော့ ကိုစီနား ကျားနတ်က အပေါ်ကို ခေါင်းဆတ်ပြရင်ပဲ လေးပေလောက် အပေါ်ကို မြှောက်ပစ်လိုက်တော့ နတ်ကျားဝင်တဲ့ ကိုစီနားက ခုန်ပျံပြီး ဦးခေါင်းနဲ့ တိုက်ခွဲလိုက်တာ။ အလယ်တည့်တည့် ထက်ခြမ်းကွဲပါက အုန်းသီးဆက်သူတို့မိသားစု ကျန်းမာရေးကောင်းမွန်ပြီး စီးပွားရေးတိုးတက်တယ်လို့ အယူရှိကြပါတယ်။

"ဒီညာ ကျားနတ်ကို အုန်းသီးဆက်သ,သူတွေ များတယ်ကွ။ နတ်ကျား လက်မလည်အောင် ခေါင်းနဲ့ တိုက်ခွဲရ ပါးစပ်နဲ့ ကိုက်ခွဲရ လုပ်ပေးနေရတဲ့ ကိုစီနားခေါင်း ဘာမှ မဖြစ်တာ မင်းတွေ့တယ်နော် တင်လှနိုင်။ အမှန်အကန် ဆိုတာ ယုံပြီလားကွ"

ကျွန်ုပ်က ဘာမှမဆိုဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်ရပါတယ်။ အုန်းသီးတစ်လုံး လေမှာလွင့်လာတာ တွေ့ရပြီး ကျားဝင်နေတဲ့ ကိုစီနားကလည်း ခုန်ပြီးတိုက်လိုက်တာ အုန်းသီးနှစ်ခြမ်းကွဲသွားပြီး တစ်ခြမ်းက နတ်နန်းဘက် လွင့်သွားသလို တစ်ခြမ်းက လူအုပ်ကြားထဲကို လွင့်စဉ်ကျသွားတာနဲ့ လူအုပ်ကြားထဲက မိန်းကလေးငယ်တစ်ဦး ငိုသံကို ကြားလိုက်ရပါတယ်။

ကျွန်ုပ်တို့လည်း ဘယ်ကလေးများ ထိသွားသလဲလို့ တိုးကြည့်ကြတာပေါ့။ ညီမလေးတို့ အုပ်စုကလည်း ရှိနေကြတာမဟုတ်လား။ စိုးရိမ်စိတ်တော့ ဝင်မိတာပေါ့။ မဟုတ်ပါစေနဲ့လို့ ဆုတောင်းပေမယ့် ဆုတောင်းမပြည့်ခဲ့ပါဘူး။ ငိုနေတဲ့ကလေးနား ရောက်သွားလို့ ကြည့်လိုက်တော့ ကျွန်ုပ် ညီမလေး ထိသွားတာကို တွေ့လိုက်ရလို့ အလွန်စိုးရိမ်သွားပြီး ဒဏ်ရာကို ကြည့်လိုက်ရပါတယ်။

"ကိုလေး..နာတယ်..နာတယ်။ ဟီး..ဟီး..ဟီး"

ညီမလေးက ကျွန်ုပ်ကို အတင်းဖက်တွယ်ပြီး ငိုနေလို့ ချော့မော့ပြီး ကွဲသွားတဲ့ဒဏ်ရာကို ကြည့်လိုက်တော့ ချိုစောင်းမှာ တစ်လက်မကျော်ကျော်လောက်ကွဲသွားပြီး သွေးလည်း အတော်လေးထွက်နေလို့ ညီမလေးကို ပွေ့ချီလိုက်ပါတယ်။

"ဟော့ကောင်..ငိုင်မနေနဲ့။ လာ..ဆေးခန်းသွားမယ်။ သွေးထွက်လွန်ရင် မကောင်းဘူးကွ"

သန်းထွေးလှိုင်က အိမ်ရှင်ပီပီ စိုးရိမ်ပြီး ဆေးခန်းသွားဖို့ ပြောလာမှ ကျွန်ုပ် သတိဝင်လာပြီး ဆေးခန်းသွားဖို့ အပြင် ကိုတိုးထွက်နေတုန်း လူကြီးတစ်ယောက် ရောက်လာတယ်။

"ဘိုးဘိုးက ကလေးကို သူ့ဆီခေါ်ခဲ့ဖို့ လာခေါ်တာပဲ တူမောင်"

ကျွန်ုပ်လည်း ဦးခေါင်းပူနေလို့ မမေးမြန်းနိုင်တော့ ဘူး

www.burmeseclassic.com

www.burmeseclassic.com

ဦးကြီးခေါ်ရာကို လိုက်သွားတော့ ထိုဦးကြီးက ရေနံပိုင် ဦးရှင်ကြီးနတ်ဝင်နေတဲ့ ကိုသက်နိုင်ထံကို ခေါ်သွားတာပါ။ အနားရောက်သွားတော့ ကိုသက်နိုင်ကြီးက ကျွန်ုပ်ကို ပြုံးပြုံးကြီးနဲ့ ကြည့်နေတာ တွေ့ရပါတယ်။

'သားတော်က ဘိုးဘိုးကို မယုံကြည်သလို ဖြစ်နေတာ ကိုးကွယ်။ သားတော်ညီမလေး ဘာမှမဖြစ်ပါဘူး'

ရေနံပိုင်ဦးရှင်ကြီးက ညီမလေးရဲ့ဒဏ်ရာကို လက်နှင့်အုပ်လိုက်ပြီး သပ်ချပေးလိုက်ကာ လက်ရုပ်လိုက်ပါတယ်။ ပြောမယုံ ကြုံဖူးမှသိ ဆိုသလိုပါပဲ။ ညီမလေး ရထားတဲ့ ဒဏ်ရာက ဘယ်ရောက်သွားမှန်း မသိတော့ပါဘူး။ ဒါ မျက်လှည့်ပြတာ မဟုတ်တာတော့ ကျိန်းသေပါတယ်။

'သားတော်..ညီမလေးက ဘာမှမဖြစ်တော့ပါဘူးနော်။ ပြန်ရမှာဝေးတယ်ဆိုတော့ ကောင်းကောင်းပြန်ကြနော်။ သွားကြတော့'

ရေနံပိုင်ဦးရှင်ကြီးဝင်ပူးနေတဲ့ ကိုသက်နိုင်မျက်နှာကို ကျွန်ုပ် သေသေချာချာ ကြည့်လိုက်မိတယ်။ အရင် ကျွန်ုပ်တို့မြင်နေကျ မျက်နှာမျိုးမဟုတ်တော့ဘဲ မျက်နှာက တော်တော်ရင့်နေပြီး ရုပ်ပါပြောင်းနေတာကို တွေ့ရပါတော့တယ်။

'တင်လှနိုင်..မင်းတို့က ရုပ်ဝါဒီသမားတွေဆိုတော့ မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်တွေက ဒီလူလောကထဲမှာ အတူရှိနေတယ်ဆိုတာ မင်းတို့နှစ်ကောင် ယုံကြပြီလို့ ငါထင်တယ်။ မင်းကို ဘိုးဘိုးဦးရှင်ကြီး ပြောလိုက်တဲ့စကားက ကွက်တိပဲနော်။ သားတော်က မယုံဘဲကိုးကွယ်လို့ ပြောလိုက်တာ ကွက်တိပဲနော်။ ညီမလေးက ကြားထဲက ခံလိုက်ရတာတော့ စိတ်မကောင်းပါဘူး သူငယ်ချင်းရယ်။ ခံရမှာက မင်းတို့နှစ်ယောက်ပဲကွ'

ကျွန်ုပ်တို့နှစ်ဦး ဆိတ်ဆိတ်နေ ဝန်ခံခြင်း ဆိုရိုးစကားလို တိတ်တိတ်သာနေလိုက်ကြပါတယ်။ အိမ်ပြန်ရောက်ရင် အမေရဲ့ အဆူအရိုက်ခံရမှာ ကျိန်းသေသလို နောက်နေ့ သန်းထွေးလှိုင်ကို လက်ဖက်ရည်တိုက်ဖို့ လှဦးမောင်နဲ့ ကျွန်ုပ်တို့ ပိုက်ဆံရှာရဦးမည် ဖြစ်ပါတယ်။

ကောင်းကျိုးလိုရာပြည့်ပါစေ

မောင်လှယဉ်(မော်လမြိုင်)

ဝန်ခံချက် * ကျွန်ုပ် (၈)တန်းကျောင်းသားဘဝက ညီမမြင့်မြင့်သိန်း ခံခဲ့ရတဲ့ ကိုယ်တွေ့ဖြစ်ရပ်မှန်ကို ခံစားရေးဖွဲ့ပါတယ်။

မိုးကုတ်ဦးသန်းမောင်
နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်

အဆောင်ကောင်း

၁။ ကျွန်ုပ်တွင် သားသမီးသုံးဦး ထွန်းကားခဲ့ရာ ရတနာအဆောင်တစ်မျိုးကို ဝတ်ဆင်စေခဲ့သည်။ သုံးဦးလုံးမှာ ဆရာဝန် ဖြစ်သွားကြသည်။ ကျွန်ုပ်ကမူ 'နဝရတ်ကိုးပါး'ကိုသာ ဝတ်ဆင်၏။

၂။ ကျန်းမာရေး လက်တွေ့ကောင်းမွန်စေသည့် 'အာယုဂ္ဂြိဟ်ကျောက်'ဖြင့် စီမံပြုလုပ်သော 'ကျန်းမာရေးလက်စွပ်' ဓနသိဒ္ဓိနက္ခတ်၌ ပွဲတင်စီမံပြုလုပ်သည်။

မိုးကုတ် ဦးသန်းမောင်

နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်

အခန်း(B 2)၊ ကျောက်မျက်အရောင်းခန်းမ၊ ကမ္ဘာအေးဘုရားလမ်း။

☎ (၀၁)၇၀၅၀၇၀ ၊ ☎ ၀၉၅၁၁၃၀၉၇၄ ၊ ၀၉ ၇၃ ၂၀ ၅၀ ၂၈

www.burmeseclassic.com

ယမန်နေ့ နေ့လယ်က ကျွန်တော်တို့သူငယ်ချင်းတင်စုရောက်တတ်ရာရာ စကားပြောဖြစ်ကြသည်။ အများစု ပြောဖြစ်သည်က ယနေ့ခေတ် July-August လတွင် ခေတ်စားလျက်ရှိသော PR အကြောင်း၊ နောက်ပြီး အဲသည့်ကိစ္စနှင့် ပတ်သက်သည့် နိုင်ငံတွင်း ဆန္ဒပြပွဲများအကြောင်း၊ တိတိကျကျ သိကြသည်လည်းမဟုတ်ဘဲ လူငယ်များပီပီ အင်တာနက်နှင့် သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရှုမှတ်သားထားသလောက်ဖြင့် လူတတ်ကြီးများလုပ်ကြ၊ အကုန်လုံးကောင်းကောင်းသိကြတာလည်းမဟုတ်ဘဲ အလုအယက် ငြင်းကြခုံကြ၊ အမေစုကိုပဲ သမ္မတဖြစ်စေချယ်တယ်ကွာဟု အော်သူကအော်နှင့် ဆူညံသွားခဲ့၍ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကပင် မျက်စောင်းထိုးလာသောကြောင့် ကျွန်တော်ကပဲ-

'ဟေ့ကောင်တွေ၊ တော်တော့..တော်တော့၊ ဟိုမှာ မင်းတို့ ပထွေးက လက်ဖက်ရည်သုံးခွက်သောက်ပြီး လာအော်နေတဲ့ ငါတို့ကို မောင်းထုတ်ချင်နေပြီ။ မငြင်းရ၊ မအော်ရမယ့်အကြောင်း ပြောကြစမ်းပါကွာ' ဟု ပွဲထိန်းလိုက်ရသည်။

သည်တော့မှပဲ ပါးစပ်ပြဲပြဲ အသံကျယ်ကျယ်နှင့် အော်လဲက ကျဉ်းမြောင်းလှသည့် သူမျက်လုံးများဖြင့် လက်ဖက်ရည်ဆိုင် ကောင်တာဆီသို့ မသိမသာ စောင်းငဲ့ကြည့်ပြီး 'အေးကွ..ဟုတ်တယ်၊ ကြည့်ကြပ်နေမှ။ ယောကျ်ားကြီးတာ အကဲခတ်နေပြီ' ဟု အားမနာတမ်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂါဠီးမွန်းကို



သံလမ်းဖေါ်ကာ

သေမင်း တမန်တော်တစ်စု

www.burmeseclassic.com

www.burmeseclassic.com

ဤဆိုင်တွင် ကျွန်တော်တို့သုံးယောက် ဆုံတိုင်း သောက်နေကျ လက်ဖက်ရည်ဆိုင်။ သောက်နေကျဟု ဆို ရာတွင် ကျွန်တော်တို့သုံးယောက် ဆုံမှသာ သောက်ဖြစ် လေ့ရှိခြင်းကို ဆိုလိုပါသည်။ ကျွန်တော်တို့ သုံးယောက် ကလည်း တစ်ပတ်နေမှ တနင်္ဂနွေနေ့ တစ်ခါသာ ဆုံဖြစ် ကြ၏။ သည်တော့ တစ်ပတ်တစ်ခါ လာထိုင်နေကျဆိုင် ဆိုလျှင်လည်း မမှား။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်၏ နာမည်က ဦးစိန်ရွှမ်း။ တရုတ်စပ်ပုံရသည်။ အသားက ဖြူစုတ်စုတ်၊ ဗိုက်ကရွဲရွဲ။ သို့ပေမယ့် သူသမီးလေးကတော့ တော်တော်လှသည်။ နာ မည်က မကြင်နှင်း။ အသားလေးက ဝင်းမွတ်ဖြူဖွေးနေပြီး မျက်လုံးမှေးမှေး ပါးမို့နီတာရဲလေးများဖြင့် အမြဲတမ်း သနပ် ခါး အဖွေးသားနှင့်။ ဝတ်ပုံစားပုံကလည်း မကလက်ဘဲ မြန်မာဆန်ဆန်လေးဖြစ်၍ မြင်လိုက်ရသည့်အခါတိုင်း ကျွန် တော်တို့ရင်ထဲ ကလိ၊ကလိဖြစ်ကာ သဘောကျသွားရသည် ချည်း။ သူမကလည်း တနင်္ဂနွေနေ့မနက် ကိုးနာရီဆို လက် ဖက်ရည်ဆိုင်၏ နောက်ဘက်ရှိ သူမ၏နေအိမ်မှနေ သင် တန်းသွားတက်ရန် ထွက်လာပြီ။ ကျွန်တော်တို့ကလည်း နာဝီရိသမားများမို့ အချိန်ကိုက်ရောက်ပြီးသား။ ကျွန်တော် တို့က သူမကို မခင်နှင်းဆီဟု Nick Name ပေးထားသည်။ ယခု အော်လံက မခင်နှင်းဆီကိုမှန်းကာ ဦးစိန်ရွှမ်းကို အမနာပ ယောက်မ ခေါ်လိုက်ခြင်း ဖြစ်၏။

'အောင်မာ၊ မင်းကများ မတန်မရာ။ ဖြစ်နိုင်တာ ပြောစမ်းပါ'

'အေးလေ'

ကျွန်တော်က နှပ်တော့ အီကျိမည်းကပါ ဝိုင်းလှောင် သည်။

အော်လံတစ်ယောက် မျက်လုံးကလယ်၊ကလယ် ဖြစ် သွားပြီးမှ 'အမယ်..ငါနဲ့ သူနဲ့က ရုပ်ချင်းဆင်တယ်နော်' ဟု ဇွတ်မှိတ်ပြောပြန်သည်။

'မြတ်စွာဘုရား..ဒီရုပ်နဲ့ဒီရုပ် နဲ့သာဆီနဲ့အီးလို တကွဲ တပြားစီ ခြားနားနေတာကိုများ ဘယ်နားက ဆင်တာလဲ'

အီကျိမည်းက အားမနာတမ်း ပြောချေပြီ။ ရည်းစား လူလု အူနက္ကျဲခတ်တော့ မဟုတ်၊ အပြောင်အပြက်သဘော မျှပါ။

'သူလည်း မျက်လုံးမှေးတယ်။ ငါလည်း မျက်လုံးမှေး တယ်လေကွာ။ ကဲ..ရုပ်ချင်း မဆင်ဘူးလား'

ကြည့်ပါဦး။ ထိုတစ်ခုသာ မတူလျှင် သူလည်း ငါလည်း လူပဲဟု ဆိုဦးမလားမသိ။

ကျွန်တော်လည်း အမြင်ကတ်ပုဒ်မဖြင့် သူ့ကို စဉ်းစားလျက်ရှိစဉ် -

'မင်းကြီးဒေါ်ပဲ။ ဟိုမှေးတာ ချစ်စရာလေး၊ မှေးတာက ဖြတ်ရိုက်ချင်စရာကြီး' ဟု အီကျိမည်းက အော်ငင် ဖဲ့လိုက်လေသည်။

'ဟွန်း..သူများကျပြော မင်းရုပ်ကလည်း ချောလို့ ဆိုတော့'

အော်လံကလည်း ငြိမ်မခံဘဲ အီကျိမည်းကို ပြန်ခွန်း ပြီ။ အီကျိမဲ၏မျက်နှာ မည်းသထက် မည်းသွားကာ အော် ကို မျက်စောင်းကြီး ပေထိုးလိုက်သည်။

အီကျိမည်းဟု အမည်တွင်သည်မှာ ကိုရီးယားရုပ် ဇာတ်ကားတစ်ကားဖြစ်သော အီကျိမဲ ဇာတ်ကားထဲက သားနှင့်တူ၍ မှည့်ခေါ်ထားခြင်းတော့ မဟုတ်။ ကော လေး တွေ့သမျှကို အီတတ်ပြီး အရက်များလာလျှင် တတ်သောကြောင့် ဘော်ဒါအားလုံးက တညီတညွတ်တည် ဝိုင်းခေါ်ကြခြင်း ဖြစ်သည်။ နောက်ပြီး သူက နေ အညာသားဖြစ်၍ အသားကလည်း မည်းသကိုး။

'ငါက မခင်နှင်းဆီကို မမှန်းပါဘူးကွာ။ အော် ငေးနေရရင် ကျေနပ်နေတာပါ။ ငါ့ရုပ်မျိုးကို သူသာ မကျဘူးဆိုတာ ငါသိပါတယ်။ နောက်ပြီး..'

အီကျိမည်းက မမူးဘဲ ရစ်နေသလားမသိ။ စကား ထိုနေရာတွင်ရပ်ကာ မျက်လုံးဝိုင်းလေးဖြင့် ကျွန်တော့် လှည့်ကြည့်သည်။ ကြည့်တာမှ မျက်နှာတင်မဟုတ် ဆုံးခေါင်းဆုံး ကြည့်နေခြင်းဖြစ်၍ ကျွန်တော် နေ သွားပြီ။

'ဘာဖြစ်တာလဲကွ၊ ဟေ့ကောင်ရ' ဟု မ ထအော်မိသည်။

သူက တဖျတ်ဖျတ်တောက်နေသော အကြည့်နှင့် များနှင့် ကျွန်တော့်ကို ကြည့်နေပြီးမှ 'အားကျလို့ပါ ရာ။ မင်းကို အားကျလွန်းလို့ပါ' ဟူ၍ မချိတင်ကဲ သံကြီးဖြင့် ပြောလိုက်သည်။

သည်တစ်ခါမှာ မျက်လုံးလေး ကလယ်၊ကလယ် သွားရသူက ကျွန်တော်။

'ဘာကြီးကို အားကျရတာလဲ။ မင်းဟာက မရှင်း မလုပ်နဲ့ကွာ'

www.burmeseclassic.com

www.burmeseclassic.com

'မင်းကို အားကျတာလေ။ မင်းက အသားကလည်း သေး၊ အရပ်ကလည်းမြင့်သေး။ ဒီကြားထဲမှ ရုပ်က လည်း ဖြောင့်သေး။ မခင်နှင်းဆီက ဒီအနားက ဖြတ် ကိုင်း မင်းကိုပဲ လှည့်ကြည့်သွားတတ်တာကွ။ ဟင့်' သည်လိုဆိုတော့လည်း ကျွန်တော် မနေတတ်တော့။ ယောင်ယမ်းကာ လက်နှစ်ဖက်ဖြင့် ကိုယ့်ပါးကိုယ် ညာပွတ်သပ်လိုက်မိပြီး ခေါင်းကိုလည်း ခပ်ဖွဖွ ဆုတ်လိုက်ရင်း 'မင်းတို့ကလည်းကွာ ဒီလောက်လည်း ရတ်ပါဘူး' ဟု အရှက်ပြေဆိုလိုက်သည်။

'ဝါးဟားဟားဟား'

'ဟီး..ဟီး..ခွီ..ခွီ..ဟား..ဟ..အဲဒီလိုသာ အသံ ထွေးခုလုပ်ပြီး ရယ်လိုက်ချင်သေးတယ် သောက်ပေါ ကောင်'

ဆိုအခါမှ ဟိုနှစ်ကောင် သက်သက်ချွန်နေကြောင်း တော် သဘောပေါက်တော့သည်။ စောစောက အားနာ သည့်စိတ်ကိုပင် ထုထောင်းရိုက်ချင်သွားမိပြီ။

'ခွေးကောင်တွေ..ငါက မင်းတို့ တကယ်ပြောတယ်လို့ အားတောင်နာသွားသေး'

'ပေါ ဝေယံ၊ မင်းအခွက်ကိုမင်း ဒီလောက်တောင် ကြီးလား'

'တော်တော့ကွာ၊ တခြားအကြောင်း ပြောရင်ပြော ရင် ငါတင်းလာပြီ'

'ဟား..ဟား..စတာနောက်တာကို စိတ်မဆိုးကြေး ပြာမနိုင် ဆိုမနိုင် နှစ်ယောက်က ဆက်ပြီး လှောင် ကြပြန်၍ ကျွန်တော်လည်း အရေးစိုက်မနေတော့ဘဲ သတင်းစာကို ကောက်ယူကာ ဖတ်လိုက်တော့ တော်တော် 'မြင်းကျား စာဖတ်တာ ဒီတစ်ခါပဲ မြင်ဖူး သော့' ဟု ပါးစပ်သရမ်းနေကြသေးသည်။

သတင်းစာက (...)နေ့ထုတ်သတင်းစာ။ ဖတ်ကြည့် သတင်းတစ်ပုဒ်က ကျွန်တော့်စိတ်ကို ဝင်စားသွား

'သွားကောင်တွေ..ဒီမှာ နောက်တစ်ယောက် ရထား ပြေခဲ့ပြန်ပြီကွ'

ကျွန်တော်က ပြောလည်းပြော လက်ထဲက သတင်းစာ သူတို့ရှေ့သို့ ထိုးပေးလိုက်တော့ ပြစ်မှုမှန်လျှင် စိတ်ပါဝင်စားကြသော သူတို့နှစ်ယောက်က ခုထောင်ဒဏ်ခံ ရှား ဒီဇိုင်းဖြင့် ပဲတစ်ခွဲသားနှင့် လှမ်းကြည့်သည်။

'အေးကွ..ဟိုတစ်ပတ်ကတင် အဘိုးကြီးတစ်ယောက် သံလမ်းပေါ်မှာ အိပ်နေမိလို့ ရထားကြိတ်သွားသေးတယ် မဟုတ်လား။ ခုလည်း အရက်မူးသမားတစ်ယောက် ရထား လမ်းပေါ်မှာ သေရပြန်ပြီ။ အင်း..လူတွေ၊ လူတွေ၊ အသက် ဉာဏ်မစောင့်တာပေါ့။ တကယ်ဆို စဉ်းစားကြည့်လေ၊ အိပ် စရာနေရာ ဒီလောက်ရှားသလား။ ပလက်ဖောင်းပေါ်ပဲအိပ် အိပ်၊ ကားဂိတ်မှာပဲအိပ်အိပ် ကြိုက်တဲ့နေရာအိပ်လို့ရလျက် သားနဲ့ သံလမ်းပေါ်မှ သွားအိပ်တာကိုး။ ခုတော့ အကြိတ် ခံရပြီ။ ဖတ်ရကြားရတဲ့လူလည်း စိတ်မကောင်းရဘူး။ ဟင်း'

အိုကျိမည်းက ဓမ္မကထိက လေသံမျိုးတုကာ အသံ ကို မတူ၊တူအောင် နိမ့်တုံမြင့်တုံဖြင့် ပြောလိုက်သည်။ နာပျော်ဖွယ် မရှိသော်လည်း သူ့စကားက အမှန်။ လူဆိုတာ အသက်ကို ဉာဏ်က စောင့်ရှောက်ထိန်းသိမ်းရမည်သာ။ ယခုကဲ့သို့ အချိန်မရွေး ရထားလာနိုင်သည့် သံလမ်းပေါ် တွင် သွားအိပ်နေမှတော့ ရထားအကြိတ်ခံရပြီပေါ့။ သို့သော် ကျွန်တော်က သူ့စကားကို မှန်ပါသည်ဟု ထောက်ခံ၍ မဖြစ်။

ထောက်ခံမိလျှင် ကမ်းတက်ကာ ကြိုးကြိုးကျယ်ကျယ် တွေ ဆက်ပြောနေလိမ့်ဦးမည်စိုး၍-

'မိုးရာသီကြီးလေကွာ၊ ပလက်ဖောင်းမှာ သွားအိပ်ရင် ရေနှစ်သေသွားမှာပေါ့။ ရန်ကုန်မှာ ရေတွေ ဒီလောက်ကြီး နေတာကို။ ကားဂိတ်ထဲမှာလည်း ထိုင်ခုံတွေမှ မရှိတော့ ဘဲ။ သူတို့ ဘယ်နှယ်လုပ်အိပ်မလဲ' ဟု ဘုတောပြောလိုက် သည်။

ကျွန်တော့်စကားကြောင့် အိုကျိမည်းက သူ့ဝသီအတိုင်း မျက်စောင်းကြီး ပေထိုးလိုက်ပြီး 'မြင်းပိန်တာစုတ်၊ အဲဒါ တော့ မင်းကြီးဒေါ် သွားမေး' ဟူ၍ လှမ်းဆဲလေသည်။

ထိုအချိန်ထိ ဘာတစ်ခွန်းမျှ ဝင်မပြောသေးဘဲ ငိုင်တွေ ငေး တွေးနေသူက အော်လဲ။ အော်လဲက သတင်းစာကို ကြည့်နေဆဲဖြစ်သည်။ သို့သော် မျက်လုံးများက သတင်းစာ ကို မြင်ပုံမရ။ တစ်ခုခုကို တွေးတောနေသည့်ဟန်ပန်။

'ဟိတ်ကောင် အော်လဲ၊ ဘာဖြစ်တာလဲ။ မင်းနှမ မြရီ လင်နောက်လိုက်သွားမှာကို စိုးရိမ်နေလို့လား။ မပူပါနဲ့ကွာ၊ သူ့ချစ်သူတစ်ယောက်လုံး ဒီမှာ ရှိနေတာပဲ။ ဟဲ..ဟဲ'

www.burmeseclassic.com

ကျွန်တော်က အော်လုံပခုံးကိုပုတ်ကာ နောက်လိုက်သည်။ ထိုအခါတွင် အော်လံက ဖျတ်ခနဲလှည့်ကြည့်သည်။ မျက်လုံးများကို အဆမတန်ပြူးထားသော်လည်း ကျဉ်းမြောင်းနေတုန်းဖြစ်သဖြင့် ကြောက်စရာမကောင်းဘဲ ရယ်စရာကြီးဖြစ်နေ၏။ သို့သော် သူ့နှမနှင့် ပတ်သက်လာလျှင် ဒေါသကြီးတတ်သည့် သူ့စရိုက်ကို သိနေ၍ သိပ်လည်း မစရဲ။

'ဆောရီးပါ သယ်ရင်းရာ၊ မင်းက ငိုင်နေလို့ နောက်လိုက်တာပါ။ စိတ်မဆိုးနဲ့နော်'

'ဟွန်း..တောင်းပန်တာ စောသွားလို့ ကံကောင်းတယ် မှတ်။ ဒီမှာက တွေးနေတာကွ။ အင်မတန် နက်နဲတဲ့ အကြောင်းအရာကို စဉ်းစားနေတာ'

'မိန့်ပါဦးဘုရား'

အီဂျိမည်းက လှမ်းရွဲ့သည်။ အော်လံ၏ မျက်လုံးပြူးမှေးကြီးက အီဂျိမည်း၏ မျက်နှာဆီသို့ ခိုင်းခနဲ ကူးပြောင်းရောက်ရှိသွား၏။

'မင်းဘိုးအေပဲ၊ ဘာမိန့်ပါဦးလဲ။ တော်ပြီကွာ။ မပြောတော့ဘူး'

'ဟာ..မင်းကလည်း ပြောစမ်းပါကွာ။ ဒီမှာက စိတ်ဝင်စားနေပြီ။ ဘယ်လိုနက်နဲတဲ့အကြောင်းလဲ'

'မင်းက ဂန္ဓီရမဂ္ဂဇင်းတွေမှာ တို့ထိ,တို့ထိ စာရေးနေတဲ့ ဟိမရောက် ဒီမရောက် စာရေးဆရာဆိုတော့ အင်း..ကုန်ကြမ်းလေး ပေးတဲ့အနေနဲ့ ပြောပြလိုက်ပါမယ်လေ'

'တော်..အော်လံ၊ ငါ့ကလောင်ကိုတော့ မဟုတ်တာ မပြောနဲ့ကွာ၊ ငါ မကြိုက်ဘူး။ တခြားအကြောင်း နောက်ချင်နောက်'

'အမယ်လေး..ဘာမှတောင် မနောက်ရသေးဘူး။ သူ့ကလောင်နဲ့ပတ်သက်ရင် စိတ်က လက်သည်းစိတ်လောက်တောင် သည်းမခံချင်ဘူး။ ငါ့နှမကိုတော့ ပြောချင်ရာပြောပြီး'

'မင်းနှမကိစ္စကို တောင်းပန်ပြီးပြီလေကွာ။ ဒါမှမကျေနပ်ရင် ဇာဝန်ယူဆိုလည်း ယူပါ့မယ်'

'မသာ..သေလိုက်'

ကျွန်တော်နှင့် အော်လံက အထိမခံစရာ ရှိသူချင်း အတူတူ တစ်ဦးနှင့်တစ်ဦး စကားနိုင်လုလျက်ရှိရာ နံဘေးမှ သူ့အသားအရေနှင့်ပတ်သက်၍ လှောင်ပြောင်ပါက စိတ်ဆိုးတတ်သော အီဂျိမည်းက 'ကဲ..မင်းတို့ ငြင်းလိုပြီးဦးမှာ လား'ဟု မျက်နှာပုပ်ပုပ်ဖြင့် လှမ်းဟောက်သည်။

မျက်နှာကြီးကလည်း မည်းသထက်မည်းပေါ့။ တော်က လင်ပုပ်ဖမ်းပြီဟူ၍ လှမ်းအော်နောက်ရန် လိုက်မိပေမယ့် စကားရှည်နေမည်စိုး၍ မနောက်ဖြစ်ဘာကြောင့်လဲဆိုတော့ အော်လံ ပြောသွားသော သည့် အကြောင်းကိစ္စကို ကျွန်တော် စိတ်ဝင်စားနေပြီ

'ကဲပါ အော်လံရာ၊ မင်းတွေးနေတာလေး ပါဦး။ ရထားသံလမ်းနဲ့ ဆိုင်လို့လား'

'အင်း..ဟုတ်တယ်၊ ငါကိုယ်တိုင် ကြုံခဲ့ရတာ အဲ..မဟုတ်သေးပေါင်၊ ငါ့သူငယ်ချင်း ကြုံခဲ့တာ။ ငါကိုယ်တိုင် ပါတယ်'

'ဟာ..ရွှပ်နေတာပဲ အော်လံရာ။ မင်းဟာက လိုကြီးတုံး'

'ဒီလိုကွာ၊ ငါပြောပြမယ်။ ခုနက အီဂျိမည်း တယ်ဟုတ်၊ အသက်ကို ဉာဏ်မစောင့်လို့ ရထားကြေ သေတာဆိုတဲ့ ကိစ္စလေ'

'အင်းလေ..ဟုတ်တာပဲ'

'မင်းတို့ပဲ စဉ်းစားကြည့်လေ။ အသက်(၅၀) အဘိုးကြီးတစ်ယောက် လယ်တဲက အပြန်မှာ အိမ်မပြန်ဘဲ ဘာဖြစ်လို့ ရထားသံလမ်းပေါ်မှာ ရထားကြေ အထိ အိပ်ပျော်သွားတယ်လို့ ထင်လဲ'

'ဟာ..ငါသိပြီ အော်လံ၊ မင်းဆိုလိုတာကို ငါ ဒါ..ဒါလူသတ်မှုပဲ ဖြစ်ရမယ်။ ဒီကိစ္စကို သေချာသွား ပြီး ပြစ်မှုမဂ္ဂဇင်းမှာ ထည့်ရေးရမယ်ကွ'

ချက်ဆို နားခွက်က ကိုယ့်အတွေးနှင့်ကိုယ် သလိုတွေးကာ မီးတောက်တက်သော ကျွန်တော်က ချင်းဆိုသလို သဘောပေါက်လိုက်၍ ဝမ်းသာအားရ သည်။ နံဘေးဝိုင်းမှ အမျိုးသားကြီး(၃)ယောက် တော်အသံကိုကြား၍ တအံ့တသြလှည့်ကြည့်တော့ တော်လည်း သတိဝင်ကာ ကိုယ်ရှိန်သတ်လိုက်

'မင်းမေလွှား၊ ကဲ..ငါ ဆဲပြီ။ ပြောတာလည်း ထောင်ပါဦးကွ။ လူသတ်မှုသာဆို ရဲတွေက ဓာတ် မလား။ သူတို့လည်း မျက်စိနဲ့ပဲဥစ္စာ။ မင်းထက် လုပ်သက်ရှိတဲ့လူတွေ။ သူတို့ သိမှာပေါ့။ အခုဟာ သေမှုလေ'

အော်လံက ဆရာကြီးလေသံဖြင့် လူတတ်ကြီး လုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အီကျီမည်းက "မင်းပထွေးတွေကို မင်းက တော်တော် အထင်ကြီးနေ။ မပေါ်တဲ့အမှုတွေမှ တစ်ပုံကြီး" ဟု ခပ်တိုးတိုး ပြန်တုံ့ပြန်သည်။

ကျွန်တော်က အေးဘီကို ဝေဝဲကြည့်ကာ သူ့ကို တံတောင်နှင့် တွပ်လိုက်ရ၏။ နောက်ဘက်စားပွဲခုံတွင် ထိုင်နေသူများက အစိမ်းဝမ်းဆက် ဝတ်ထားသော ဦးလေးကြီးများလေ။ သည်တော့မှ အီကျီမည်းလည်း သဘောပေါက်ကာ ခေါင်းလေးငုံ့သွားသည်။ သူလည်း ကြောက်တတ်သကိုး။

"ကဲ..ငါပြောချင်တာကို မင်းတို့ တိတ်တိတ်လေး နားထောင်ပေးမယ်ဆိုရင် ငါ ဆက်ပြောမယ်။ ငါက ဒီတစ်ခါတကယ်အတည်ပြောမလို့။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ဘဝမှာ ဘယ်တော့မှ မမေ့နိုင်တဲ့ အဖြစ်အပျက်တစ်ခု ဖြစ်နေလို့ပဲ"

အော်လံက တကယ်ပင် အတည်ပြောလိုဟန်ရှိသည်။ မှေးစင်းသော မျက်လုံးအိမ်ထဲမှ မျက်လုံးများက လေးနက်တည်ကြည်သော အရိပ်အယောင်များဖြင့် ပြည့်နှက်နေပြီး ခဏ်ဝန်းအိမ်ထောင့်စွန်းများ၌တော့ ဝမ်းနည်းကြေကွဲသည့် ဒဏ်ရိပ်များ ပြေးလွှားနေသည်။ သူ့ရင်ထဲတွင် ထိုအကြောင်းကို ရင်ဖွင့်လိုပုံရသည်။

ကျွန်တော်တို့ သုံးယောက်ဆိုတာကလည်း အလယ်တန်း ကျောင်းသားဘဝကတည်းက တတွဲတွဲ သူငယ်ချင်းတွေ။ တက္ကသိုလ်တက်မှ ရည်ရွယ်ချက်ကိုယ်စီဖြင့် တစ်ယောက် တစ်နေရာစီ ကွဲကွာသွားပေမယ့် အားလပ်သည့် ဘုန်ကန့်နွေနေ့တိုင်း လက်ဖက်ရည်ဆိုင်တွင် တွေ့ဆုံကာ ရောက်တတ်ရာရာ ပြောတတ်ကြစမြဲ။ ခု သူ့ရင်ထဲ၌ ပြောပြဖွင့်ဟရာ ခံစားချက်တစ်စုံတစ်ရာရှိလျှင်လည်း ကျွန်တော်တို့တစ်တွေက သူငယ်ချင်းကောင်းပီသစွာဖြင့် နားထောင်အားပေးရမည် မဟုတ်ပါလား။

"အင်းပါ သယ်ရင်းရာ။ ပြောပါ၊ မင်း ဘာပြောချင်လဲ အောင်လင်း"

"ပြော..အောင်ကြီး၊ ငါလည်း နားထောင်နေတယ်"

"ဒီလိုကွ..ငါပြောချင်တာက အခု ရထားသံလမ်းပေါ်မှာ ရထားအကြိတ်ခံရလို့ သေသွားတဲ့လူတွေက ဘယ်လိုဖြစ်ပျက်ပြီး သေသွားသလဲဆိုတာတော့ သူတို့ဘာသာသူတို့ သိသင့်သိထိုက်ဆုံးပဲ ဖြစ်လိမ့်မယ်။ ဒါပေမဲ့ ငါ့သူငယ်ချင်းရဲ့ကိစ္စမှာတော့ ရထားသံလမ်းပေါ်မှာ ဘာတွေရှိသလဲဆိုတာကို ငါတို့ သေချာသိခဲ့ရတယ်"

အော်လံ၏စကားကြောင့် ကျွန်တော် ရေးတေးတေး သဘောပေါက်သွားသည်။ ကြည့်ရတာ အော်လံ၏ သူငယ်ချင်းတစ်ယောက်ဟာလည်း သံလမ်းပေါ်တွင် ရထားအကြိတ်ခံရကာ သေဆုံးသွားခဲ့ပုံရသည်။

အော်လံက စားပွဲပေါ်မှ အအေးခံထားသော ရေနွေးကြမ်းခွက်ကို အကြောင်းမဲ့ စိုက်ကြည့်နေပြီး-

"အင်း..အဲဒီတုန်းက ငါ့အသက်က (၁၂)နှစ်၊ (၁၃)နှစ်ပဲ ရှိသေးတယ်။ မင်းတို့လည်း မှတ်မိမှာပါ။ ငါ နွေရာသီ ကျောင်းပိတ်ရက်တစ်ခုမှာ ရွာပြန်သွားခဲ့တယ်လေ"

"အေး..ငါတို့မှတ်မိတာပေါ့"

အီကျီမည်းက စကားထောက်သည်။ အော်လံက ဆွေးဆွေးမြည့်မြည့်ဖြင့် ဆက်ပြောသည်။

"ငါ့ရွာမှာ ငါနဲ့ ငယ်ငယ်ကတည်းက ဆော့ဖော်ဆော့ဖက်တွေရှိတယ်။ သာတိုး၊ အောင်စိန်၊ မြင့်လေးနဲ့ သန်းဇော်ဆိုတာ ငါ့သူငယ်ချင်းတွေပေါ့။ ငါပြန်ရောက်တော့ သူတို့ဝမ်းသာကြတာပေါ့။ မတွေ့တာလည်း တစ်နှစ်ကျော်ပြီဆိုတော့လေ။ သူငယ်ချင်းငါးယောက် ရွာရိုးကိုးပေါက် လျှောက်လိမ့်ကြတာ ပျော်စရာကြီးကွာ။ ဒါပေမဲ့ အပျော်တွေ အားလုံး မကြာခင်မှာပဲ ပျက်ရတော့တာပဲ"

အော်လံက ဟင်းခနဲ သက်ပြင်းရှိုက်လိုက်သည်။ ထို အချိန်ထိ ကျွန်တော့်မှာလည်း မယုံမရဲ။ ဒီကောင် နောက်နေတာများလား၊ အမှုအရာလုပ်နေတာလား၊ တကယ်ခံစားနေရတာလား ဝေခွဲမရနိုင် ရှိနေသည်။ သို့သော် သူတွင် ထိုသူငယ်ချင်းလေးယောက် ရှိသည်ကိုတော့ ကျွန်တော်နှင့် အီကျီမည်း သိသည်။ သူက မွန်ပြည်နယ်ဘက်က ပြောင်းလာသူ။ သူ့ရွာကလေးသည် ရထားသံလမ်းနံဘေးတွင် တည်ရှိပြီး အင်းအိုင်လယ်ကွင်းများဖြင့် သိပ်သာယာလှပကြောင်း မကြာခဏ ပြောလေ့ရှိ၍ ယခုပြောပြနေသည့် အကြောင်းအရာမှာလည်း အမှန်ပဲ ဖြစ်ပေလိမ့်မည်။

"ငါတို့သုံးယောက် လယ်ကွင်းထဲမှာ ပုစွန်လုံးနဲ့ ငါးသွားဖမ်းပြီး ပြန်အလာ သံလမ်းဘေးမှာ ကန်စွန်းခင်းတွေတွေ့လို့ ကန်စွန်းရွက် ဆင်းခူးကြတယ်ကွာ။ ခူးတာက ငါရယ်၊ သာတိုးရယ်၊ မြင့်လေးရယ်။ အောင်စိန်ကတော့ မခူးချင်ဘူးဆိုပြီး မြက်ခင်းမှာ ဖင်ချထိုင်နေတယ်။ သန်းဇော်ကတော့ ရထားသံလမ်းပေါ်မှာ။ သူပုံစံက အသားဖြူဖြူ၊ လူပုံနဲ့နဲ့ကွ။ သူအမေက သူ့ကို သိုက်က လာတယ်လို့ ပြောတာပဲ။ ဟုတ်,မဟုတ်တော့ ငါတို့လည်း မတွေးမိပေါင်ကွာ။ ဒါ..ထားတော့။ အဲဒီတုန်းက ငါတို့သုံးယောက်

www.burmeseclassic.com

က ကိုယ့်လောဘနဲ့ကိုယ် ကန်စွန်းရွက်တွေ ခူးကြတာပေါ့။ အိမ်ရောက်ရင် ငါးယောက်သား ကန်စွန်းရွက်ကြော်၊ ကန်စွန်းရွက်နဲ့ ပုစွန်လုံးနည်းနည်းကို ချဉ်ဟင်းချက်၊ ငါးကိုကြော်၊ ပုစွန်လုံးကို ငရုတ်သီးစပ်စပ်လေးချက်ပြီး ခွေးဗိုက်နမ်းတဲ့အထိ စားမယ်လို့ဆိုတဲ့ အတွေးကိုယ်စီနဲ့ပေါ့။

အဲဒီအချိန်မှာ ဂျုန်း‥ဂျုန်း‥ဂျုန်း‥ဂျုန်းနဲ့ ရထားလာနေတဲ့ အသံကြီးကို ကြားလိုက်ရတယ်။ ငါတို့ လှည့်ကြည့်တော့ ရထားက တော်တော်ဝေးသေးတယ်။ သန်းဇော်က တော့ ရထားသံလမ်းကို ခွရပ်ပြီး ရထားကြီးလာနေတာကို ကြည့်နေတယ်လေ။ အဲဒါကိုမြင်တော့ သာတိုးက ဟဲ့ကောင် သန်းဇော်‥စတန့်သိပ်မထွင်နဲ့။ ရထားကြိတ်သွားဦးမယ်လို့ နောက်သလို ပြောင်သလိုနဲ့ လှမ်းသတိပေးတယ်။ ဒါပေမဲ့ သန်းဇော်က လှည့်ကြည့်ဖော်တောင်မရဘူး။ ရထားက လည်း တော်တော်ဝေးသေးတော့ ငါတို့လည်း ဂရုမစိုက်တော့ဘဲ ကန်စွန်းညွှန်လေးတွေကိုပဲ လိုက်ခူးနေလိုက်တာပေါ့။ ကလေးတွေဆိုတော့ တစ်ဦးနဲ့တစ်ဦး စကားရည်လုနေကြတာနဲ့ သန်းဇော်ကိုလည်း မေ့သွားပြန်တယ်။ နောက်ပြီး သူဟာသူ ရထားကပ်လာရင် ခုန်ဆင်းလာလိမ့်မယ်ပဲ မှတ်တာပေါ့။

အဲဒါနဲ့ တိုတိုပြောရရင် ရထားဆီက ဥသြသံကြီးကြားမှ ငါတို့လန့်သွားတယ်။ လှည့်ကြည့်လိုက်တော့ သန်းဇော်က ရထားသံလမ်းပေါ်မှာ ခပ်ပေပေရပ်နေတုန်း။ ရထားက တော်တော်ကြီးကပ်နေပြီ။ ငါတို့က ကန်စွန်းခင်းထဲမှာ ဆိုတော့ သန်းဇော်ကိုကယ်ဖို့ ပြေးသွားဦးတော့ မမီတော့ဘူး။ ဒါကြောင့် ဟိတ်ကောင် သန်းဇော်‥ရထားလာနေပြီ။ နောက်မနေနဲ့တော့၊ ဆင်းခဲ့။ ဟဲ့‥မသာပေါ်ချင်နေပြီလား ငသန်း စသဖြင့် တစ်ယောက်တစ်ပေါက် ဝိုင်းအော်ကြတာပေါ့။ ဒါပေမဲ့ကွာ၊ သန်းဇော်က တစ်ချက်မှ လှည့်မကြည့်ဘူး။ နောက်ပြီး မျက်နှာကလည်း ရထားလာတိုက်မှာကို ကြောက်တဲ့ပုံစံ တစ်စက်မရှိဘူး။ အေးအေးဆေးဆေးနဲ့ကွာ။ ငါဖြင့် စိုးကလည်းစိုးရိမ်၊ အရူးထနေတဲ့ သန်းဇော်ကိုလည်း စိတ်ကတိုနေလို့ ဘာလုပ်ရမှန်းကို မသိတော့ဘူး။

အဲဒီအချိန်မှာပဲ ရထားကြီးက သန်းဇော်ဆီ တည့်တည့်ဝင်တိုက်မလို ဖြစ်တာကိုလည်း တွေ့လိုက်ရရော ငါလည်း ကြောက်အားလန့်အားနဲ့ မျက်လုံးတွေကို မှိတ်ပစ်လိုက်မိတယ်။ ဘယ်ကြည့်ရဲမလဲကွာ။ ငါ့သူငယ်ချင်းရဲ့ အသားတွေ တစ်စစီလွင့်ထွက်သွားမယ့် မြင်ကွင်းမျိုးကို။ နောက်ပြီး စောစောစီးစီးကသာ သတိထားမိခဲ့ရင် ငါ့သူငယ်ချင်းကို ရထားဝင်တိုက်မှာ မဟုတ်ဘူးလို့တွေးပြီး ယူကျုံးမရဖြစ်ရင်း မျက်ရည်တွေကလည်း ကျနေတာပေါ့။

'ဒါဆို သန်းဇော်ကို မင်းတို့ရှေ့မှာတင် ရထားကြိတ်သွားတာပေါ့၊ ဟုတ်လား သယ်ရင်း'

ကျွန်တော်က စိတ်မကောင်းခြင်းကြီးစွာဖြင့် ဆေးသည်။ စိတ်ထဲ၌လည်း အသားဖြူဖြူ၊ လူပုံနဲ့နှိုင်းနှင့် သိုက် က လာသည်ဟုဆိုသော လူမိုက်ကန်းလေး သန်းဇော်သော ကောင်လေးကို မြင်ယောင်ကြည့်နေမိသည်။

'ကံကောင်းချင်တော့ မသေဘူး မောင်'

'ဟင်'

'ပေါက်ကရရှစ်ဆယ်။ ရထားကြိတ်မှတော့ မသေနိုင်မလား ဟိတ်ကောင်။ မင်းနော် သူများရဲ့ကရဏာကို လှုံ့ကြွယူဖို့ မကြိုးစားနဲ့'

'သြော်‥ငါက သန်းဇော်ကို ရထားကြိတ်သွားပြီလို့ ပြောသေးလို့လား။ သန်းဇော်ကို ရထားကြိတ်ခါနီးမှာ ငါက မျက်လုံးမှိတ်လိုက်တာလေ။ အဲဒီအချိန်မှာ ရထားလမ်းသော့ မြက်ခင်းပေါ်မှာထိုင်နေတဲ့ အောင်စိန်က သန်းဇော်ဆီ ပြေးဝင်သွားပြီး ရထားမကြိတ်ခင်မှာပဲ လှမ်းဆွဲလိုက်နိုင်တယ်။ အောင်စိန်ကလည်း စောစောကအထိ သန်းဇော် နောက်နေတယ်ပဲထင်တာ။ ဒါပေမဲ့ ဘယ်လောက်ပဲ နောက်ချင်ဦးတော့ ရထားကြိတ်ဖို့ စက္ကန့်ပိုင်းပဲ ကျန်တော့တဲ့အထိ တော့ သန်းဇော် မနေရဲဘူး။ သန်းဇော်က ငါတို့အားလုံးထဲမှာ စိတ်အားအငယ်ဆုံးနဲ့ အကြောက်တတ်ဆုံးကောင်လေ။ ဘယ်လိုလုပ် နောက်ရဲမှာလဲ။ အဲဒီလို သိလိုက်လို့လည်း အောင်စိန်က သန်းဇော်ကို ပြေးဆွဲချလိုက်တာ တော်တော်သတိရှိပြီး ဖျတ်လတ်တဲ့ကောင်မို့ပေါ့ကွာ။ နို့သာဆို သန်းဇော်ရဲ့ဘဝ မတွေးဝံ့စရာဘဲ'

အော်လဲက မောသွားပုံရသည်။ တစ်ချိန်လုံး သူ့ကို ကြည့်နေသော ရေနွေးကြမ်းခွက်ကို ယူပြီး မော့သောက်လိုက်ကာ စကားဆက်၏။

'ငါတို့တစ်တွေလည်း အဲဒီအခါမှ ကန်စွန်းခင်းထဲက ပြေးတက်လာပြီး သန်းဇော်ကို ဝိုင်းဆဲကြတာပေါ့။ ဆဲဘာအရူးထတာလဲ။ တော်တော်သေချင်နေလား။ ဒါ နောက် စရာမဟုတ်ဘူးလို့ ဝိုင်းအော်ဆဲကြတော့မှပဲ သန်းဇော် သဘောင်လာတယ်။ သူ့ကို ဝိုင်းဆဲနေတဲ့ ငါတို့ကို ပြုံးကြည့်ကြောင်နဲ့ ငေးကြည့်ပြီး ငါ ဘာဖြစ်သွားတာလဲလို့ပြော

www.burmeseclassic.com

ငါတို့လည်း နည်းနည်းလန့်သွားတာပေါ့။ သန်းဇော်ရဲ့ပုံစံက နောက်နေတာနဲ့မတူဘူး။ နောက်ပြီး စောစောက အခြေအနေမျိုးဆိုတာ တော်ရုံသတ္တိမျိုး၊ တော်ရုံမိုက်ရူးရဲဆန်ပုံမျိုး ဆောက်နဲ့ နောက်ရဲမှာမဟုတ်ဘူး။ သန်းဇော်က ငါပြောခဲ့သလိုပဲ။ အားလုံးထဲမှာ ကလေးလိုပဲ။ ငကြောက်ကောင်။ ဒီလိုကောင်က အဲဒီလို အသက်အားကိုရင်းနှီးပြီး မနောက်ရဲဘာ သေချာတယ်။

အဲဒီတော့မှ ငါတို့လည်း တော်တော်အံ့အားသင့်သွားပြီး မင်းကို ရထားကြိတ်မလို ဖြစ်ခဲ့တာလေလို့ ပြောပြလိုက်ဆာမှ သူ တော်တော်လန့်သွားတယ်။ ဟုတ်လို့လားကွာလို့ ယုံမရဲမေးတော့ ငါတို့က စောစောက အဖြစ်အပျက်ကို ပြန်ပြောပြပြီး ထွက်ခွာသွားပြီဖြစ်တဲ့ ရထားကြီးကိုလည်း သက်ညှိုးထိုးပြလိုက်မှပဲ သူယုံသွားတယ်။ ငိုလိုက်တာဆိုဘာ ကြုံကြုံကိုပါရော။ အောင်စိန့်ကိုလည်း ကျေးဇူးတင်သွန်းလို့ အတင်းကိုဖက်ထားတာ။ ငါတို့မှာလည်း သူ့ကို ဆဲဖို့လာတာ မဆဲရဘဲ ဝိုင်းနှစ်သိမ့်နေရတာနဲ့ အချိန်ကိုကုန်ဆော့။ နောက်မှ ဘာဖြစ်ခဲ့သလဲဆိုတာ သူ ပြောပြလို့ ငါတို့သိခဲ့ရတယ်။ ရထားသံလမ်းပေါ်မှာ ဘာတွေရှိသလဲ ဆိုတာကိုရောပေါ့'

အော်လံက ကိုရီးယားဇာတ်လမ်းတွေ၏အထာကို အပီအပြင် အတုခိုးထားဟန်တူသည်။ ကောင်းခန်းရောက်မှ ဇာတ်လမ်းကို ဖြတ်ပစ်လိုက်ပြီး လက်ဖက်ရည်ဆိုင်ရှေ့ရှိ သမ်းမကြီးဆီသို့ အဓိပ္ပာယ်မဲ့စွာ ငေးကြည့်နေလေသည်။ အဓိပ္ပာယ်မဲ့လှသည်တော့မဟုတ်။ လမ်းမပေါ်မှာ ရောင်စုံမီးကလေးများက ကြွားကြွားရွရွ လမ်းသလားနေကြသည်ပဲကိုး။

'ဟိတ်ကောင်..ရထားသံလမ်းပေါ်မှာ ဘာတွေရှိသလဲ ပြောဦးလေကွာ။ ကောင်းခန်းရောက်မှပဲ'

စိတ်မရှည်သည့် ကျွန်တော်ကပဲ အလောတကြီး မေးလိုက်ရသည်။ အော်လံက ထိုအခါမှ ကျွန်တော့်ဘက်သို့ အောင့်ငဲ့ကြည့်ကာ ခေါင်းတညိတ်ညိတ်ပြုသည်။ နောက် အီဂျီမည်းကို လှည့်ကြည့်သည်။

'ပြောပြရင်ရော မင်းတို့က ယုံမှာကျလို့။ ဒီတော့ ပြောတာဘဲ ကောင်းပါတယ်ကွာ။ သန်းဇော် မသေဘူးဟေ့။ ငါတို့အားလုံးလည်း ပုစွန်လုံးဟင်းနဲ့ ထမင်းမြိန်ခဲ့တာပေါ့။ ဒါဆို လျှို့ဝှက်သည်းဖို ဝတ္ထုတစ်ပုဒ်အနေနဲ့ ရေးလို့ရမှာပါ။ ဒါပေမဲ့ တကယ်ဖြစ်ရပ်အမှန်က ထူးခြားဆန်းကြယ်လွန်းလို့ ဂန္ဓိရန္ဓယ်တယ်လို့ ဆိုရမလားပဲ'

'ကဲ..အောင်လံ၊ စာရေးတာ,မရေးတာ အဟောဇာတ်လမ်းကိုသာ အကုန်ပြောပြကွာ'

'အေးလေ..ငါ့ကိုလည်း အဖက်လုပ်ပါဦး။ ငါလည်း နားထောင်နေတယ်လေ'

အီဂျီမည်းကပါ ဝင်ပြောမှ အော်လံက သက်ပြင်းကို လေးလေးချလိုက်ပြီး-

'ပြောပြရင် မင်းတို့ ယုံမှာမဟုတ်ဘူးကွ။ ငါတို့တောင် ကလေးဘဝကမို့ ယုံကြည်ခဲ့ကြတာ။ သန်းဇော်က ငိုယိုလို့ ဝမှ ငါတို့မေးတာကို ဖြေတယ်။ ငါတို့က မေးတယ်လေ။ မင်း ဘာဖြစ်လို့ ရထားကြီးတစ်စီးလုံး လာနေတာတောင် မရွံ့မကြောက်ဘဲ ပေရပ်နေတာလဲလို့ပေါ့။ သန်းဇော်ရဲ့အဖြေက တော်တော်အံ့သြဖို့ကောင်းတယ်ကွ။ သူက ရထားကြီးကို လုံးဝမမြင်ဘူးတဲ့။ သူမြင်တာက ရှင်လောင်းလှည့်နေတာတဲ့ကွ။ မောင်ရင်လောင်းတွေက မြင်းဖြူ၊ မြင်းညိုချောကြီးတွေကို ကိုယ်စီစီးလို့။ အိုးစည်ဗုံမောင်းတွေကလည်း မြိုင်ဆိုင်နေတာပဲတဲ့။ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်တွေကလည်း လှလိုက်,ချောလိုက်တာ မပြောနဲ့တော့။ လူပျိုပေါက်အရွယ်ဆိုတော့ အချောအလှတွေကို ငေးကြည့်နေလိုက်တာ အချိန်ကြာလို့ကြာမှန်း မသိလိုက်ဘူးတဲ့။ သူမြင်နေတာက ရထားမဟုတ်ဘဲ ရှင်လောင်းလှည့်နေတာတဲ့ကွာ။

ငါတို့မှာ သန်းဇော်ရဲ့အပြောကို ယုံရခက်ခက်နဲ့ စဉ်းစားရကျပ်ခဲ့တာပေါ့။ ရထားကြီးတစ်စီးလုံး လာနေလျက်သားနဲ့ ရှင်လောင်းလှည့်တယ်လို့ မြင်သတဲ့။ မယုံလို့လည်း မရပြန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူလို အင်မတန် လန့်တတ်,ကြောက်တတ်တဲ့ကောင်က ရထားကြီးလာနေတာကို ပြီးတဲ့တဲ့ လှမ်းကြည့်နေခဲ့တာကို ငါတို့အားလုံး လှမ်းမြင်ခဲ့ရတယ်လေ။ မင်းတို့ စဉ်းစားကြည့်စမ်း ဝေယံ။ မင်း ဘယ်လိုထင်လဲ။ အဲဒါ သူ့စိတ်က လှည့်ဖြားတာလား၊ ဒီ



www.burmeseclassic.com

လိုမှမဟုတ် သူကပဲ ငါတို့ကိုနောက်ပြီး သက်သက်လျှောက်ပြောတာလား၊ ဒါမှမဟုတ်ရင် ပရလောကသားတွေရဲ့ လှည့်စားချက်လား'

အော်လံက ထိုကိစ္စကို တွေးတွေးဆဆဖြင့် မေးလိုက်၍ ကျွန်တော်လည်း ဖြေရခက်သွားသည်။ ရင်ထဲတွင် အဖြေရှိနေပြီဖြစ်သော်လည်း လူတကာ လက်ခံနိုင်လောက်မည့် အဖြေမျိုး မဟုတ်သဖြင့် ထုတ်ဖော်မပြောဖြစ်ခဲ့။

'ဒါကဲတော့ကွာ..အမျိုးမျိုး ကိုယ်ကြိုက်သလို တွေးလို့ရတာပေါ့။ သန်းဇော်က မင်းတို့ကို နောက်ပြောင်ခဲ့တာလား၊ ဒါမှမဟုတ် တကယ်တွေ့မြင်ခဲ့တာလား ဆိုတာကိုတော့ သူ အသိဆုံးပဲ နေမှာပေါ့ကွာ။ ဒါပေမဲ့ ငါယုံကြည်တာတစ်ခုကိုပြောရရင် ရထားသံလမ်းဆိုတဲ့နေရာမျိုး၊ ကားလမ်းဆိုတဲ့ နေရာမျိုးတွေက နတ်ကြီးတယ်။ တစ်နည်းဆိုရရင် ပရလောကသားတွေ ဖြစ်တည်ဖို့ အများဆုံး အခွင့်အရေးရှိတဲ့နေရာတွေဖြစ်လို့ အဲဒီလိုနေရာမျိုးတွေရောက်ရင် ဘုရား၊ တရား မမေ့တာ အကောင်းဆုံးပေါ့ကွာ။ ကံနိမ့်နေမယ်ဆိုရင်တော့ မင်းသူငယ်ချင်းသန်းဇော်လို အဖြစ်မျိုးကို ကြုံနိုင်ကောင်း ကြုံနိုင်လိမ့်မယ်လို့ ထင်တာပဲ'

ကျွန်တော်က မတင်မကျ ဖြေလိုက်သော အဖြေကို အီကျိမည်းက လက်မခံပါ။ သရဲတစ္ဆေဆိုတာ လောကမှာ မရှိဘူး။ ဒါဟာ သန်းဇော်ဆိုသော ကောင်လေး၏ အကျင့်ချ နောက်ပြောင်မှုဟု တစ်ဖက်သတ် ပြောဆိုလျက်ရှိသည်။

ကျွန်တော် သူနှင့် မငြင်းတော့။ ငြင်းခုံအော်ဟစ်နေတော့။ သရဲအမှန်ရှိ,မရှိ သိရ၍လည်း ကျွန်တော်တို့အတွက် အကျိုးထူးလိမ့်မည်မဟုတ်။ အကယ်၍ ထိုအကြောင်းကို ငြင်းခုံနေမှသာ လက်ဖက်ရည်ဆိုင်ပိုင်ရှင်ကြီး၏ မောင်းထုတ်မှုကို ခံရကာ လက်ငင်းအကျိုးယုတ်သွားပေလိမ့်မည်မဟုတ်ပါလား။

မည်သို့ပင်ဖြစ်ပါစေ အော်လံ၏ကိုယ်တွေ့ဟု ယူဆ၍ရသော ဤဖြစ်ရပ်ဇာတ်လမ်းကို အဆင်ပြေပြေနှင့် ဖတ်ရှု၍ကောင်းအောင် ရေးသားပြီး စာဖတ်သူတို့ထံ တင်ပြလျှင် ကောင်းမည်ဟု တွေးလိုက်မိရင်း လူသားအားလုံး ဥပဇ္ဈာဒကကံဖြင့် အသက်ကုန်လွန်ရခြင်းမှ ကင်းဝေးကြပါစေဟု ဆုတောင်းခြွေမိပါတော့၏။

စေတနာရှေ့ထားလူငယ်
ဂျင်းနွန်းကို

ဆရာကြီးဦးဇေားထွန်း

[အဇေကြာပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ် အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကို လှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ခါးနာ၊ ဒူးနာ၊ ကျီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- လေဖြတ်ခံရပြီး ပုံမှန်ခြေ,လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄ ၊ ၀၉ ၂၅၀ ၁၅၄၇၃၁

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သီရန်ခက်သား
ထင်ယောင်ထင်မှား
အာဏာသိ

(သံ



မန်ကျည်းပင်တစ်ရွာလုံးက ဒေါ်အုန်းကို စုန်းတတ်သည်ဆို၍ ရှောင်ဖယ်ပြီး နေကြသည်။
ခိုးနိုး မလှ စုန်းမျိုးဟု ယိုးစွပ်ကြသော်လည်း ဒေါ်အုန်းကား အရပ်အဆိုးကြီးတော့မဟုတ်။ တင်
ရစ်ရစ် အသားမည်းညစ်ညစ်နှင့် မျက်လုံးမျက်ဖန်ကောင်းသဖြင့် ကြည့်ပျော်ရှုပျော် ရှိသည်။
လင်သေမိန်းမ လုံးကြီးပေါက်လှ မုဆိုးမ ဒေါ်အုန်းသည် အသက်အရွယ် အလွန်မကြီး

www.burmeseclassic.com

သူ့အသက်ရှိလှမှ သုံးဆယ်၊ သုံးဆယ့်ငါးပဲ ရှိဦးမည်။ စကားပြောလျှင် ဟောင်ဖွာ,ဟောင်ဖွာနှင့် ဒိုးခနဲ,ဒက်ခနဲ ဆိုးခနဲ,ဆတ်ခနဲ ပြောတတ်သည်။

ဒေါ်အုန်းနှင့် မလွဲမရောင်သာတွေ့လျှင် ခြေတို့,လက်တို့ ပြောတတ်သော သူ့အကျင့်ကိုကြောက်၍ ခပ်ကွာကွာ နွားပြီးပြောကြသည်။ ကလေးသူငယ် ချိုပိုးလာသူတို့က ရုတ်တရက် ဒေါ်အုန်းကို မြင်လိုက်သည်နှင့် ခြေလှမ်းတွန့်ခဲ့ ဖြစ်သွားတတ်၏။ မမြင်ဟန်၊ မကြားဟန်ဆောင်၍လည်း မယောင်မလည် လုပ်သလိုလိုနှင့် လှည့်ထွက်သွားကြလေရှိသည်။

ဒေါ်အုန်းကလည်း စကားပြောလျှင် တို့ပြုပြီးပြောရမှ အားရသည်လားတော့ မပြောတတ်။ မကြိုက်မှန်း ကြိုက်နှန်းမသိ၊ ဆင်ခြင်တုံတရား နည်းပါးလွန်းလှ၏။ တချို့လည်း ပြန်တို့လျှင် တန်ပြန်သည်ဆိုကာ စကားရောဖောရောနှင့် ပြန်တို့ပစ်ကြသည်။

လန့်ဖျပ်၍ ကလေးငိုလျှင် ဒေါ်အုန်းနဲ့ တွေ့ခဲ့သေးလား၊ ကလေးကို ဘယ်လိုလုပ်လိုက်သေးတုံးက အရင်မေးသည်။ ကမန်းကတန်းနှင့် ဘုန်းကြီးရေမန်းတိုက်၊ ပရိတ်ကြိုးချည်ပေး။ လွယ်လင့်တကူရသောအပင်က သြဇာရွက်ခူးပြီး ပွတ်သပ်ပေးကြသည်။

တကယ်ဆိုတော့ ဒေါ်အုန်းကား ဒီမန်ကျည်းပင်ရွာသူတော့မဟုတ်။ ရွာချင်းကပ်လျက်ရှိသော ဟိုဘက်ကုန်းကြီးရွာကဖြစ်၏။ စုန်း၊ ကဝေ ပေါသည့်နေရာတွင် နာမည်ကြီးခဲ့၏။ မြောက်တွင် မြို့ကြီး တောင်မှာ ကုန်းကြီးဟူ၍ ကျော်စောလေသည်။

ကုန်းကြီးရွာတွင် နေထိုင်သော ဦးကဲနှင့် ဒေါ်ဗျားတုတ်တို့တွင် မအုန်းဟူသော သမီးတစ်ယောက်ရှိ၏။ သူတို့ဒီသားစုက တစ်နေ့ရုတစ်နေ့စား ကျပန်းအလုပ်များနှင့် အသက်မွေးကြ၏။ တစ်နေ့တွင် စပါးပျိုး အငှားလိုက်နုတ်သော ဦးကဲသည် ပိုးထိ၍ သေဆုံးသွား၏။

ဒေါ်ဗျားတုတ်ကို စုန်းမကြီး၊ ဇော်ဂနီမကြီးဟူ၍ လူကကာက ရှောင်ကြသည်။ အချင်းချင်းပညာပြိုင်ရာ ကဲနိမ့်နေသော ဦးကဲ ခံသွားရသည်ဟုလည်း တကြိတ်ကြိတ် ပြောနေကြ၏။ မအုန်းကိုပင် အရွယ်တူ မိန်းကလေးများက သူ့အမေကိုရှိန်၍ အလွန်ကြီး ရောရောနှောနှောမနေဝံ့ကြသေး။

မအုန်းသည် ညှိုပြာညက်ကလေးနှင့် ကျစ်လျစ်တစ်ရစ်ပြီး ငယ်ဂုဏ်ရှိ၍ လှနေသည်။ ဆူးများဝန်းရံ၍ ငွားငွားစွင့်စွင့် ပွင့်ပွင့်ကားကားရှိသော နှင်းဆီမန်းလိုမျိုး၊ ခူးဆွတ်ချင်သော်လည်း ဆူးနှင့်တူသော သူ့မိခင်ကြီးကိုကြောက်၍ နောက်ဆုတ်သွားကြသူချည်းဖြစ်၏။

မန်ကျည်းပင်ရွာသား ကိုဖိုးထွားသည် အိမ်တကာသူရင်းငှားလိုက်လုပ်ပြီး ရူးထောင်ထောင်နေလေ့ရှိသည်။ မျက်ကန်းတစ္ဆေ မကြောက်သလို တစ်ရွာသူ မအုန်းကို သဲကြီးမဲကြီး ပိုးပန်းလျက်ရှိ၏။ ဒေါ်ဗျားတုတ်လည်း ယောကျ်ားသားတစ်ယောက် အားကိုးလောက်သဖြင့် သူ့သမီးအား ကိုဖိုးထွားနှင့် ပေးစားလိုက်လေ၏။

ကိုဖိုးထွားကား အိမ်ထောင်ကျပြီးနောက် ဇနီးရှိရာကုန်းကြီးရွာသို့ လိုက်လာနေထိုင်ပြီး ဒိုးတူပေါင်ဖက် လုပ်ကိုင်စားသောက်ကြ၏။ ကိုဖိုးထွားက မူလအလုပ်ဖြစ်သော သူရင်းငှားနေ၍ မအုန်းလည်း နေ့စားလိုက် ကောက်စိုက် အစရှိသဖြင့် ခေါ်သူရှိလျှင်ရှိသလို လိုက်လုပ်သည်။ သူတို့သုံးယောက် စားအိုးလေးက မပိုမလျှံသော်လည်း ချောင်ချောင်လည်လည် ရှိကြသည်။

တစ်နေ့တွင် ဒေါ်ဗျားတုတ်သည် အကောင်းနေရာမှ ဗြုန်းစားကြီး ရုတ်တရက်သေဆုံးသွားသည်။ မဖျားမနာဘဲ အကောင်းပကတိရှိရာက ရုတ်ခြည်းသေဆုံးသွားခြင်းဖြစ်၏။ အောက်လမ်းဆရာက တစ်ချက်လွှတ်လုပ်လိုက်တာ။ မအုန်းကိုလည်း သူ့အမေက ပညာကုန်ပေးခဲ့တာ။ သူကမှ သူ့အမေထက်စွမ်းတာ အစရှိသဖြင့် ရပ်ရွာထဲတွင် မစားရဝခမန်း ပြောနေကြသည်။

မအုန်းလည်း ကုန်းကြီးရွာမှ သူတို့နေသော အိမ်ဝိုင်းလေးအား ရောင်းချပြီး ယောကျ်ားနေရာ မန်ကျည်းပင်ရွာသို့ လိုက်လာနေထိုင်၏။ နှစ်ရွာတစ်ရွာ မဝေးကွာသဖြင့် လူသတင်းလူချင်းဆောင်၍ မအုန်း၏ အကြောင်းကိုလည်း ကောင်းကောင်းသိနေကြသည်။

အစက မအုန်းသည် တစ်ရွာသူ ကစ်ကောင်ကြွက်ဖြစ်၍ လူတိုင်းနှင့် သဟဇာတဖြစ်အောင် သည်းညည်းခံပြီးနေသည်။ ရိုကျိုးပျပ်ဝပ်စွာ အောက်ကျိုခံကာ ဆက်ဆံသည်။ အိမ်နီးနားချင်း တစ်ရွာတည်းများနှင့် ကူညီရိုင်းပင်း၍ စည်းလုံးညီညွတ်အောင် နေသည်။

သို့သော်လည်း မအုန်းကို ကြားဖူးနားဝနှင့် လူတကာက ရှောင်ဖယ်,ရှောင်ဖယ် လုပ်နေကြသည်။ မအုန်းကလည်း အနည်းအကျဉ်းလေးမှ အလိုက်ကန်းဆိုး မသိ။

www.burmeseclassic.com

နေရာတကာ သူကချည်းရှေ့က။ လူမှုရေးကိစ္စများတွင် မအုန်း သုပ်နယ်ချက်ပြုတ်ထားသည်များကို ဘာသီဘာသာ နှင့် မစားကြချေ။

ကြာတော့ မအုန်းကလည်း သူကောင်းသလို အနှံ့ အတာခံသမျှ ပြန်မကောင်းကြ၍ အိုးရွဲ့ကို စလောင်းရွဲ့ နှင့် ဖုံးသလိုမျိုး လုပ်လာ၏။ မျက်နှာကြော မတည့်သူနှင့် ကတောက်ကဆတ်ဖြစ်လျှင် ရုန့်ရင်းကြမ်းတမ်းစွာ နှုတ်လှဲ ထိုးလာတတ်၏။ မအုန်းနှင့် ပြောဆိုရမည်ကိုကြောက်၍ အစကတည်းက ကင်းကင်းရှင်းရှင်း နေလာကြသည့်ထဲ တဖြည်းဖြည်း သူ့ကို ဖယ်ကြဉ်ထားသလို ရှိလာသည်။

မြေနိမ့်ရာ လှဲစိုက်ဟု ဆိုရမည်လားတော့မသိ။ ကိုဖိုး ထွားခမျာ ရေချိုးမှားကာ အင့်ပလွန်၍ သေဆုံးသွားရပြန်၏။ တချို့က သူ့ယောကျ်မကြီး ဦးကဲတုန်းကလည်း ဒီလိုပဲ လူလုပ်လို့ သေသွားတာ။ အခု ကိုဖိုးထွားလည်း အဲလိုနေမှာပဲ အစရှိသဖြင့် ပြောမဆုံးပေါင် တောသုံးတောင် ဖြစ်နေကြလေ၏။

♦ ♦ ♦

ညဉ့်နက်သန်းခေါင်ဖြစ်၍ မန်ကျည်းပင်တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက် အိပ်မောကျလျက်ရှိ၏။ တစ်ခွင်တစ် ပြင်လုံးလည်း မှောင်နှင့်မည်းမည်း ဖြစ်၍နေချေ၏။ ရွာစွန် တွင်ရှိသော ညွန့်အောင်၏ အိမ်တွင်းသာ မီးရောင်တလက် လက် ထွန်းထားလျက် ရှိနေသည်။

'ဝုတ်..ဝုတ်..ဝုတ်..ဝုတ်..ဝုတ်..ဝုတ်'

'ဟဲ့ခွေး..ဘာဖြစ်နေတာတုံး'

ညွန့်အောင်အိမ်မှ ခွေးနက်ကြီးသည် ညကြီးမင်းကြီး တစ်ကောင်တစ်မြီးတည်းချည်း တဝုတ်ဝုတ်နှင့် ဟောင်နေ သည်။ အိပ်မပျော်နိုင်သေးသော ညွန့်အောင်မိန်းမ ရွှေမြ က အိပ်ရာထဲ ကလေးနို့တိုက်နေရင်း လှမ်းငေါက်လိုက်၏။ ရွှေမြကား တအင့်အင့် တအယ်အယ်နှင့် ကော့ကန်ထိုးနေ သော ကလေးကို ချော့မြူသိပ်လျက် ခုထိ အိပ်မပျော် သေး။ ဟိုသည်လှိမ့်၍ တစ်ရေးနိုးလာသော ညွန့်အောင် လည်း ညက အရှိန်လေးနှင့် ရေဆာလာ၍ ထထိုင်လိုက်၏။

'ရွှေမြ..ကလေးကို ဘာတွေကျွေးသေးတုံး'

အိပ်ချင်မူးတူးဖြစ်နေသော ညွန့်အောင်က အာလေး လျှာလေးသံကြီးနှင့် မေး၏။ ကလေးက တကျည်ကျည် တကျာကျာလုပ်၍သာ နေသည်။ တောက်ခနဲ တောက် တက်တစ်ချက် ခပ်ပြင်းပြင်းခတ်၍ ညွန့်အောင် ရေအိုး ရှိရာ ထသွားပြီး ရေတစ်ဝကြီး သောက်ချလိုက်၏။

'အိမ်ကို ဒေါ်အုန်း လာသေးလား'

အိပ်ရာထဲ ပစ်လဲချလိုက်ရင် သူ့မိန်းမကို မေးပြန်၏။

'ညနေကတော့ လာသေးတယ်။ ဆန်နို့ဆီနှစ်ပုံး ပေး ပါဦးဆိုတာ ကျုပ်လည်း အဆင်သင့်မရှိလို့ မချေးလိုက် ရဘူး။ ဒေါ်အုန်းလည်း ဆောင့်ကြီးအောင့်ကြီးနဲ့ ပြန်သွား လေတာပဲ'

'ဟုတ်ပါပြီ၊ ဒီဟာမကြီးနေမှာပါ။ နေနှင့်ဦးပေါ့ကွာ ငါနဲ့ တွေ့ကြသေးတာပေါ့'

ညွန့်အောင်လည်း မြည်တွန်တောက်တီး အချည်းနှီး ဒေါသဖြစ်လျက်ရှိနေ၏။ တတွတ်တွတ်ဆဲရေးတိုင်းထွာပြီး ခဏအကြာတွင် တလူးလူးတလဲလဲနှင့် အိပ်ပျော်သွားသည်။

ညွန့်အောင်သည် အငှားလိုက် သားသတ်သမားဖြစ် ၏။ အမဲ၊ ဝက်ပေါ်ချင်လျှင် ညွန့်အောင်ကိုလုပ်ခိုင်း၍ အတွက် သူကြိုက်သော အသားကောင်းကောင်း ငါးဆယ် သား ပေးရ၏။ ပိုက်ဆံပေးစရာမလို။ အရက်လေး၊ ကွမ်း လေးလောက်နှင့်ဆို ပြီးသည်။

ညွန့်အောင်အလုပ်က ဟင်းလျာကိုင်စရာရှိလျှင်ရှိ မရှိလျှင် အရက်ဝိုင်း၊ လောင်းကစားဝိုင်းနှင့် အချိန်ကုန်သည် တစ်လုံးထိုး၊ နှစ်လုံးထိုး အကုန်ပေါင်းစုံအောင်လည်း လုပ် သည်။ ဆိုရလျှင် နှုတ်ပူလက်ကြမ်း လူဆိုးသွမ်းထဲက ဖြစ် သည်။

လင်ဆိုးမယား တဖားဖားဟူသော စကားက ရွှေမြ အတွက် ဆိုထားသောစကားလား မပြောတတ်။ မူးရူးပြီး အချိန်မတော် ပြန်လာတတ်သော သူ့ယောကျ်ားစားကို ထမင်းဟင်း ခူးခပ်ကာ စားပွဲပေါ် အဆင်သင့် အုပ်ဆောင်း ထားရ၏။ သူပြန်မလာမချင်း အိပ်ချင်လျက်နှင့် အိပ်မပျော် အောင် မအိပ်ရဲ။ နားတစ္ဆင့်စွင့်နှင့် ကြက်အိပ် ကြက်နိုး စောင့်နေရသည်။

ညွန့်အောင် ပြန်လာတော့လည်း အပြင်က သောက် စားလာရုံနှင့် မပြီးသေး၊ ကလေးတန်းလန်းနှင့် တငုတ်တုတ် တုတ်ထိုင်၍ စောင့်ပေးလုပ်ပေး နေရသေး၏။ ဒီကြားထဲ ဟင်းများ သဘောမကျလျှင် မိန်းမကို ကြိမ်းမောင်းခြိမ်း ပန်းကန်ခွက်ယောက်များ လွှင့်ပေါက်ပစ်တတ်သေးသည်။

ရွှေမြလည်း ညကြီးသန်းခေါင်ထ၍ ကြက်ဥကြော် ကြော်၊ သုပ်နယ်ပေးတန် ပေးရသေးသည်။ သောက်ရေး

www.burmeseclassic.com

ပေး၊ ဆားပေါ့၊ဆားငန်လုပ်ပေး၊ လက်ဆေးရေ၊ လက်သုပ်သည့်အားဖြင့် ဗာဟီရကိစ္စ များလွန်းလှ၏။ အိုးခွက်ပန်းတန်များ သိမ်းဆည်း၍ အိပ်ရာထဲ သူရောက်မှပဲ စိတ်တုံးတုံးချ အိပ်ရတော့သည်။

ဒေါ်အုန်းနှင့် ညွန့်အောင်၏အိမ်က ဝိုင်းချင်းထိစပ်လျက်ရှိကာ ခြံစည်းရိုးကို မည်မည်ရရ ကာရံမထား။ ငုတ်တိုင်လေး သုံး၊လေးတိုင်နှင့် သစ်ပင်ငယ်အချို့သာရှိ၍ တိုးလျှိုပေါက်ဖြစ်သည်။ တစ်အိမ်နှင့်တစ်အိမ်က အဆင်ပြေနေကြလျှင် သောသောရုတ်ရုတ်နှင့် အရောတဝင်နေကာ ဟုတ်နေကြ၏။ မပြေပြန်လျှင်တော့ တစီးတစောင်းရှိကြလေသည်။

♦ ♦ ♦

အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်၏အိမ်ရှေ့ သွပ်အဖြောက်တွင် လူများ စုပြုံဝိုင်းအုံနေကြ၏။ ဦးဝင်းမောင်သည် ပါဝါမျက်မှန် တပြောင်ပြောင်နှင့် တကုပ်ကုပ် စာရေးနေ၏။ ရံဖန်ရံခါ၌ သူ့ရှေ့တွင် ရှိသူများကို မျက်မှန်ဆေမှကျော်၍ စူးစမ်းသလိုမျိုး ကြည့်နေသည်။

ထောင့်ကျကျ တစ်နေရာတွင်လည်း မျက်နှာကို ဘာက်နှင့် ခပ်ဖုံးဖုံးလုပ်၍ ဒေါ်အုန်းတစ်ယောက်တည်း ထိုင်နေ၏။ နေ့လယ်ခင်းဖြစ်သဖြင့် ထရံအကာကြားမှ ပြောက်တိပြောက်ကျား နေရောင်များက ဒေါ်အုန်းမျက်နှာဆက် ထိုးကျလျက်ရှိနေ၏။ ဖူးရောင်ညိုမည်းနေသော သူ့မျက်နှာကို တဘက်နှင့် ကွယ်ကာဝှက်ကာ လုပ်နေလေသည်။

ထိုစဉ် ကွမ်းတံတွေး တဗျစ်ဗျစ်ထွေး၍ ညွန့်အောင် ဆောက်လာပြီး အုပ်ချုပ်ရေးမှူး၏ရှေ့ မလှမ်းမကမ်း ခုံတန်းတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ ဦးဝင်းမောင်လည်း ညွန့်အောင်ကို ဆတ်ခနဲ မျက်မှန်ပင့်ပြီး တစ်ချက်ကြည့်၍ ရေးဆက်စစာအား ခဏနားပြီး ဘောပင်ကိုပါ ချထားလိုက်သည်။

'ကဲ..ညွန့်အောင်၊ ယောကျ်ားတန်မယ့် ဒေါ်အုန်းကို ဘာလို့ ကိုယ်ထိလက်ရောက် လုပ်ရတာတုံး'

အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်သည် ညွန့်အောင် ထိုင်သွင်ထိုင်ချင်းပင် ကောက်ခါငင်ခါ မေးလိုက်သည်။ ညွန့်အောင်က ချက်ချင်းမဖြေသေးဘဲ ဒေါ်အုန်း ထိုင်နေရာဘက်ဆီ တစ်ချက်စောင်းငဲ့၍ ကြည့်လိုက်ရာ ဒေါ်အုန်းလည်း ရှုခနဲ မျက်နှာလွှဲသွားသည်။

'ဥက္ကဋ္ဌကြီး..သူက ကျုပ်ကလေးကို ပြုစားလို့ပါ။ ကျုပ်လည်း စိတ်မထိန်းနိုင်တာနဲ့..'

'ဘာတုံး ခွေးက မွေးတဲ့ကောင်၊ နင်က ငါ့ကို စုန်းမလို့ ဆိုချင်တာပေါ့။ နင်သာ ခွေးမျိုး။ ခွေးမို့လို့ ငါ့ကို ကိုက်တာ'

'ဟုတ်တယ်လေ။ ဇော်ဂနိုကမွေးတာ စုန်းမ မဟုတ်လို့ ဘာဖြစ်ရမှာတုံး'

'တော်..တော်..ညွန့်အောင်လည်း တော်၊ ဒေါ်အုန်းလည်း တော်။ ကျွန်တော့်စကား နားမထောင်ရင် ခုချက်ချင်း ရဲခေါ်ပြီး ဖမ်းချုပ်ရလိမ့်မယ်။ တကယ်တည်းဗျာ..မေးမယ် စမ်းမယ်မှ မလုပ်ရသေးဘူး'

မေးမည်စမ်းမည် လုပ်ခါရှိသေး၊ နှစ်ဦးစလုံးက နှုတ်သီးကောင်း လျှာပါးတွေ လုပ်နေကြသည်။ ဦးဝင်းမောင်လည်း စားပွဲခုံကို လက်ဝါးနှင့် ဗျင်းခနဲ ခပ်ပြင်းပြင်း ပုတ်ကာ လက်ကာပြီး တားမြစ်လိုက်၏။ ကြာလျှင် နှုတ်ကျူး လက်လွန်ဖြစ်၍ ထိန်းမနိုင်သိမ်းမရ ဖြစ်သွားနိုင်ပေသည်။

'ညွန့်အောင်ကို မေးမယ်။ ဒေါ်အုန်း တစ်ခွန်းမှလိုက်မပြောပါနဲ့။ ကျွန်တော်မေးမှ ခင်ဗျားပြောပါ။ မင်း ဒေါ်အုန်းမျက်နှာကို ဒီလောက်ကြီး ထိုးကြိတ်ပစ်ရအောင် သူက မခံရင် ထောင်ကျလိမ့်မယ်။ ရဲက ဖမ်းလိမ့်မယ်လို့ မင်း မသိဘူးလား'

ညွန့်အောင် ဘာမျှပြန်မဖြေ။ ခေါင်းကြီးစိုက်၍ ကွမ်းတမြို့မြို့သာ ဝါးနေသည်။

'ကြည့်ပါဦးတော် ဥက္ကဋ္ဌကြီး။ အစ်မချင်း၊ နှမချင်း မစာနာဘဲလုပ်တာ ကျုပ်ကတော့ မကျေနပ်နိုင်ဘူးတော်။ ဒီကောင် ထောင်ကျကိုကျမှ ကျေနပ်မှာ'

ဒေါ်အုန်း ရုတ်တရက်ထလာကာ သူ့မျက်နှာမှ ဒဏ်ရာဒဏ်ချက်များကို အုပ်ချုပ်ရေးမှူးအား ပြသည်။

'ကျုပ်က ဘာမှမလုပ်ရသေးဘူး။ သူက အရင်စလုပ်တာ။ ကြည့်ပါဦး၊ ကျုပ်ကိုလည်း ဆွဲကုတ်ထားတာ ဘာမှကို ရစရာမရှိဘူး'

ညွန့်အောင်လည်း အင်္ကျီကြယ်သီးဖြုတ်၍ သူ့ရင်ဘတ်မှ ဒဏ်ရာများအား ပြသည်။ ဟုတ်ပါရဲ့၊ အသားမည်းမည်း သူ့ရင်အုပ်ပြင် တစ်ခုလုံးလည်း လက်သည်းကုတ်ခြစ်ရာများချည်း ဖြစ်သည်။

'ငါပြောမယ် ညွန့်အောင်၊ တပ်တပ်အပ်အပ် မမြင်ရ

www.burmeseclassic.com

ဘဲနဲ့ ဒေါ်အုန်းကို စုန်းမပါလို့ ယိုးစွပ်တာက မင်းဘက်က မှားတာပဲ။ ဒေါ်အုန်းသာ တကယ် စုန်းတတ်ရင် မင်းကို ငါ့ဆီ လာတိုင်နေမှာလည်း မဟုတ်ဘူး။ သူတတ်တဲ့ပညာနဲ့လုပ်လို့ ခုလောက်ဆို မင်း သေပြီပေါ့'

ဒေါ်အုန်းလည်း ဦးဝင်းမောင်၏စကားအား ထောက်ခံသည့်အနေနှင့် ညွန့်အောင်ဘက် မျက်စောင်းတစ်ချက် လှည့်ထိုးလိုက်၏။ ညွန့်အောင်က ခပ်မဆိတ်နေ၍ ကုပ်ချောင်းချောင်းနှင့် ခေါင်းမော့ဘဲ ရှိချေ၏။

'ဧော်ဂနိတို့၊ စုန်းတို့ဆိုတာ အခုခေတ်ကျမှ ယိုးစွပ်ကြတာ မဟုတ်ပါဘူး။ ဟိုးပုဂံခေတ်ကလည်း ရှိခဲ့ဖူးတာပဲ။ တစ်ယောက်နဲ့တစ်ယောက် မနာလိုဝန်တို မစ္ဆရိယစိတ် ရှိတဲ့အခါမျိုး၊ အခန့်မသင့်တဲ့အခါမျိုးမှာ ငယ်ကျိုးငယ်နာတွေ ဖော်ပြီး မနိုင်,နိုင်အောင် ပြောကြတဲ့ စကားတွေပါ'

ဦးဝင်းမောင်သည် ဇနီးသည် မဖြူမြင့် လာချပေးသော ရေနွေးပွဲမှ လက်ဖက်ရည်တစ်ခွက်ငဲ့ကာ သောက်လိုက်၏။ ဒေါ်အုန်းနှင့် ညွန့်အောင်ကိုလည်း မျက်စိဝှေ့၍ အကဲခတ်လိုက်သည်။

'ပုဂံခေတ်တုန်းက ပထမမြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်ခဲ့တဲ့ အနော်ရထာမင်းကြီးဟာ သာသနာပြု မင်းတစ်ပါးပေါ့။ တစ်နေ့ ဂန္ဓာလရာဇ်တိုင်း တရုတ်ပြည်က ဥတည်ဘွားဆီကို ဗုဒ္ဓစွယ်တော်မြတ် ပင့်ဆောင်ဖို့ သွားတော်မူခဲ့တယ်။ ဒါပေမဲ့ စွယ်တော်မြတ်က ကောင်းကင်မှာတင်၊ စကြဲကြွပြီး ဆင်းသက်တော်မမူလာလို့ မတွေ့ခဲ့ရပါဘူး။ ဒါနဲ့ သိကြားမင်းကူညီပြီး ရုပ်တုတော်တစ်ဆူကို ကောင်းကင်ထက်မှာ စွယ်တော်မြတ်နဲ့အတူတူ စကြဲကြွစေတော်မူလေတယ်။ ဒီလိုနဲ့ မြဘုရားရုပ်တုတော်လည်း ကောင်းကင်က ဆင်းကြွလာပြီးတော့ မင်းနှစ်ပါး ကြည်ကြည်သာသာနဲ့ပဲ ပင့်ဆောင်တော်မူခဲ့တယ်ပေါ့။

ဒေါ်အုန်းနဲ့ ညွန့်အောင် ကြားလား၊ သေချာနားထောင်ကြပါ။ ဂျွန်တော် အဓိပ္ပာယ်မဲ့ပြောနေတာ မဟုတ်ဘူး'

ကိုယ့်အတွေးနှင့်ကိုယ် ခေါင်းစိုက်၍ ထိုင်နေကြသော ဒေါ်အုန်းနှင့် ညွန့်အောင်ကို ဦးဝင်းမောင် လှမ်းပြောသည်။ ဦးဝင်းမောင်က ဆက်၍ပြောပြန်သည်။

'အနော်ရထာမင်းကြီးလည်း အဲဒီဂန္ဓာလရာဇ်တိုင်းက အပြန်မှာ မောကိုးပြည်ထောင်ကိုအစိုးရတဲ့ စော်ဘွားကြီး ဝင်နားတာပေါ့။ စော်ဘွားကြီးကလည်း အနော်ရထာမင်းကြီးကို ရိုသေပျပ်ဝပ်စွာနဲ့ ရွှေသင်ဖြူးငါးချပ်ကို ခင်းကျင်းတယ်။ အနော်ရထာမင်းကြီး ချက်ချင်းထိုင်တော်မမူသေးဘဲနဲ့ အရိန္ဒမာကြိမ်လုံးနဲ့ ခတ်လိုက်တာ ဘာပြောကောင်းမလဲ ရွှေသင်ဖြူးတွေဟာ တစ်ထပ်တည်း ဖြစ်ကုန်ကြတယ်။ အဲဒီကြီးလည်း အဲလိုဖြစ်သွားမှ ရွှေသင်ဖြူးထက် တက်ကြွစံတော်မူခဲ့တယ်။

စော်ဘွားလည်း မင်းကြီးရဲ့ ဘုန်းအာဏာကိုမြင်တော့ ကောင်းခြင်းငါးပါးနဲ့ ပြည့်စုံတဲ့ သူ့သမီး စောမွန်လှကို ဆက်သ,တယ်။ မင်းကြီးလည်း စောမွန်လှကို အဆက်ခံပြီးတာနဲ့ ပုဂံပြည်ကို အလုံးအရင်းနဲ့ ပြန်တော်မူခဲ့ကြတယ်လေ။

မင်းကြီးက စောမွန်လှကို သူ့အနားမှာပဲထားပြီး ဆပါးခံစားတော်မူခဲ့တယ်။ အဲလိုနေတော့ ဒို့ပြင် မိဖုရားမောင်းမမိသံတွေက မနာလိုဝန်တို ဖြစ်ကြတယ်လေ။ တကယ်နေမှာတော့ စောမွန်လှကို မင်းကြီး အထင်မှားအမြင်မှား ဖြစ်အောင် ဉာဏ်ဆင်ကြတော့တယ်။

စောမွန်လှ ဝတ်ဆင်ထားတဲ့ နားတောင်းဟာလည်း မွေတော်မြတ်တွေ ကိန်းဝပ်တော်မူနေလို့ အရောင်အဆင်းတောက်နေလေတယ်။ ဒါကို မိဖုရားမောင်းမတွေမြင်တော့ စောမွန်လှက ဧော်ဂနိစုန်းမပါဆိုပြီး မင်းကြီးနား ခိုင်းလျှောက်ကြတယ်။ ဒါနဲ့ မင်းကြီး ကြည့်တော်မူတော့ စောမွန်လှ နားတောင်းက အရောင်အလျှံတွေ ထွက်နေတာ တကယ်ဟုတ်နေပြီး မိဖုရားတွေ လျှောက်ကြတာကိုလည်း ကြည်တော်မူခဲ့တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

မင်းကြီးလည်း ဇော်ဂနီစုန်းမ စောမွန်လှဟာ ငါ့ရဲ့ အနုန်းတော်နဲ့မတန်၊ နေရင်းရပ်ထံ ခုချက်ချင်း ပြန်စေလို့ အမိန့်တော်မူတာပေါ့။ စောမွန်လှလည်း စုန်းမဟုတ်ဘဲ စုန်းမ လို့ ဝိုင်းဝန်းပြီး ယိုးစွပ်ခံရတော့ ရှက်လည်းရှက်၊ နာလည်း နာကြည်းပြီး ငိုကြီးချက်မ ဖြစ်တော့တယ်'

တစ်ချိန်လုံး ငြိမ်သက်စွာနားထောင်နေသော ဒေါ်အုန်းညိုသည် စောမွန်လှအား သနားကိုယ်ချင်းစာသွားဟန်တူ၏။ ခဏခဏ ပြင်ထိုင်၍ နဖူးမှချွေးစများကို တဘက်နှင့် အသာအယာ သုတ်နေသည်။

စောမွန်လှလည်း မင်းကြီးကစပြီး သူ့ရဲ့ အခြေအရံညီစောင့်နတ်၊ နန်းတော်စောင့်နတ်တွေကို တိုင်တည်ရှိခိုးပြီးမှ ကနန်းတွင်းက ထွက်ခွာသွားရှာလေတယ်။ ဒါနဲ့ သူနေရပ်ဌာနေ ကမ္ဘောဇဆီကို တရွေ့ရွေ့ပြန်လာလိုက်တာ နှစ်ခြောင်းတစ်ခုနားရောက်တော့ ဇဏနားပြီး ရေသောက်တယ်။ ဒီမှာတင် သူ့ကိုဒုက္ခပေးတဲ့ နားထောင်းက ရေထဲကို ခုန်ချသွားတော့တယ်။

သူမြတ်နိုးတဲ့ နားတောင်းဖြစ်လို့ ပါလာတဲ့ အခြေအရံတွေနဲ့ ဝိုင်းဝန်းပြီး ရေထဲ လိုက်ရှာကြတာ မတွေ့ရဘူး။ အမှန်တော့တော့ စာသူငယ်တွေ သောသောညည်းပြီး ကောင်းထက်မှာ မွေတော်ပြာဦးဟာ ပြနေတာကို အံ့သြဘာနန်းတွေကြတယ်။ စောမွန်လှလည်း နားတောင်းမွေတော်ကျည်ရာ ကောင်းကင်ကို လက်အုပ်ချီပြီး ဝမ်းသာသွားတော့တယ်။ စောမွန်လှလည်း အတော်ကြာအောင် လက်အုပ်ချီပြီးနေတာ မွေတော်နားတောင်း ကောင်းကင်က ဆင်းသက်လာပြီး စောမွန်လှရဲ့ ဝဲဘက်နားမှာ ဝတ်ထားမြဲ ပြန်ဖြစ်သွားခဲ့တယ်။ ဒါနဲ့ စောမွန်လှလည်း မွေတော်မြတ် နားတောင်းကို ဌာပနာပြီး ဘုရားတစ်ဆူ တည်ချင်စိတ် ဖြစ်သွားတယ်လေ။

သိကြားမင်းကလည်း သာသနာငါးထောင်တိုင်အောင် ပေါင်းတို့ ကိုးကွယ်ကြလိမ့်မယ်ကိုမြင်လို့ အဆင်သင့်ရှိနေတဲ့ အုတ်ပုံတွေကို ညွှန်ပြတယ်။ စောမွန်လှလည်း ဘုရားတောင်းကို ဌာပနာပြီး ဥဏှတော်အမြင့်ငါးတောင် စေတီတော်တည်ကာ ဘွဲ့တော်ကိုလည်း ရွှေစာရံလို့ ခေါ်ဝေါ်ခဲ့ကြတယ်။

အနော်ရထာမင်းကြီး ကြားသိတော်မူတော့ မိဖုရားမွန်လှကို ပြန်လည်တမ်းတ လွမ်းဆွတ်သတိရသွားဟန်တူတယ်။ မြန်မာနှစ်(၄၁၆)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၀)ရက်နေ့မှာ ရွှေစာရံဘုရားဝန်းကျင်ရှိတဲ့ မြေတောတစ်ထောင်ကို လျှဒါန်းတော်မူခဲ့တယ်လေ'

ဦးဝင်းမောင်သည် သူပြောချင်သောစကား ပြီးဆုံးသွားပြီဖြစ်၍ ညွန့်အောင်နှင့် ဒေါ်အုန်းဆီ တစ်ချက်လှမ်းကြည့်ကာ ရေနွေးကြမ်းတစ်ခွက် ကောက်သောက်လိုက်ပြန်၏။

'ကျွန်တော်ဆိုချင်တာက စုန်းတို့၊ ဇော်ဂနီတို့ဆိုတာ ရှိချင်လည်း ရှိမှာပေါ့။ ဒါပေမဲ့ ဘယ်သူမှ လက်ဆုပ်လက်ကိုင် မပြနိုင်ဘဲနဲ့ တစ်ယောက်ကိုတစ်ယောက် မနိုင့်အနိုင် ပြောနေကြတာပါ။ နောက်ကို တစ်ယောက်နဲ့တစ်ယောက် စောင်းချိတ်ပြီး မပြောကြပါနဲ့။ ညွန့်အောင်က ယောကျ်ားနေရာ ယောကျ်ားနေပါ၊ မိန်းမတွေနဲ့ ဝင်မပါနဲ့။ ဒေါ်အုန်းကလည်း သူတို့ မကြိုက်ဘူးထင်ရင် ဘာလို့ သူတို့ဘက်သွားနေမှာတုံး။ ကိုယ့်အိမ် ကိုယ်နေမှပေါ့။

ကဲ..ကဲ..ကဲ..ပြန်လို့ရပါပြီ။ သန်ဘက်ခါ ဒီအချိန်ကို အဆင့်ရလွတ်လာခဲ့ကြပါ။ အဲဒီနေ့ကျမှ မကျေနပ်လို့ တိုင်ချင်သပဆိုလည်း သက်ဆိုင်ရာဆီ လွှဲပေးလိုက်ပါ့မယ်'

'ကျုပ်ကတော့ တိုင်မှာပဲတော်။ အဲဒီနေ့ကျ လွှဲစာသာရေးပေးပါ'

ဒေါ်အုန်းသည် ပြောပြောဆိုဆို ထိုင်ရာမှ သုတ်ခနဲထ၍ ဆောင့်ကြိုးအောင့်ကြိုးနှင့် ပြန်ရာ ညွန့်အောင် ထိုင်နေသော ခုံစောင်းအား ပွတ်တိုက်သွား၏။ ညွန့်အောင်လည်း တစ်ခဏအကြာတွင် ထကာ ပြန်သွားလေသည်။

♦ ♦ ♦

ဦးဝင်းမောင်ကား မြို့နယ်ရုံးသို့ အစည်းအဝေးသွားရန် တပြင်ပြင်ရှိနေ၏။ နေထွက်တပြူကတည်းက ဆိုင်ကယ်ဘီးလေဖြည့်၊ ချိန်းတင်း၊ ဖုန်သုတ်နှင့် အလုပ်ရှုပ်နေလေသည်။

မန်ကျည်းပင်ရွာနှင့် သာစည်မြို့က တစ်ဆယ့်နှစ်မိုင်ဝေး၍ မြေသားလမ်းဖြစ်၏။ အစည်းအဝေးကား ကိုးနာရီဖိတ်ထားသည်ဖြစ်၍ မြို့ရောက်အောင် တစ်နာရီခန့်သာမောင်းရသော်လည်း ကြိုကြိုတင်တင်သွားမှ ဇော်ကာကျရုံရှိ၏။ ဦးဝင်းမောင်လည်း ခုနစ်နာရီထိုးပြီးလောက် အိမ်က ထွက်မည်ဟု စိတ်ကူးထားသည်။

ဇနီး မဖြူမြင့်ပြင်ပေးသော မနက်စောစာကို စားမည်လုပ်ကာ စားပွဲဝိုင်းတွင် ထိုင်လိုက်၏။ ထိုစဉ် ရွာဆော်ကြီး ဦးလှပိုင် ရောက်ရှိလာသည်။

'လာ..ဘပိုင်၊ ထမင်းကြမ်းစားပြီးပြီလား။ ရေနွေး

www.burmeseclassic.com

လာသောက်လေ'

ဦးလှပိုင်သည် ရပ်ရေးရွာရေးကိစ္စများတွင် တောက်တို မည်ရ ခိုင်းနေရသော ရွာဆော်တစ်ဦးဖြစ်၏။ အရပ်ရှည်ကာ အသားမည်းပြီး ခေါင်းတုံးတို့တွင် ဖျင်ကြမ်းတဘက် ပေါင်းထား၏။ အရပ်ရှည်ရသည့်ထဲ ပုဆိုးကို ခပ်တိုတို ဝတ်တတ်၍ အပေါ်ဝတ်အင်္ကျီ ဖိုသီဖတ်သီနှင့်ဆို ငှက်ကြီး ဝန်ပိုနှင့် တူ၏။

ဦးဝင်းမောင်နှင့် မျက်နှာချင်းဆိုင်တွင် စွေ့ခနဲဝင်ထိုင်၍ ရေနွေးကြမ်းတစ်ခွက် ကောက်သောက်လိုက်၏။

'ဥက္ကဋ္ဌ..သာစည်သွားမလို့လား'

အုပ်ချုပ်ရေးမှူးခေတ်ဖြစ်သော်လည်း ဥက္ကဋ္ဌ နှုတ်ကျိုးနေကာ ဥက္ကဋ္ဌဟုပဲ ခေါ်သည်။

'ဟုတ်တယ်လေ ဘဝိုင်၊ ဘာမှာစရာရှိသေးတုံး'

'ဘာမှတော့ မှာစရာမရှိပါဘူး။ ညကို စိုက်ပျိုးဘဏ် အသင်းသားတွေ ဆင့်ခိုင်းတာ ဘယ်အချိန်လောက် ဆင့်ရမတုံးလို့ လာမေးတာ။ ဥက္ကဋ္ဌပေးတဲ့ စာရွက်ထဲမယ်က အချိန်ရေးမထားလို့'

'ထုံးစံအတိုင်းပေါ့ဗျာ။ ညခုနစ်နာရီအရောက်ဆင့်မှ ရှစ်နာရီခွဲ၊ ကိုးနာရီဆို စုံကြမှာလေ။ ကျွန်တော်လည်း ညနေပြန်ရောက်မယ့်ဟာ'

ဦးလှပိုင်ကလည်း ခိုင်းတော့ခိုင်းရပါရဲ့၊ သူကချည်း ကျော်ကျော်လုပ်ပစ်တတ်လွန်း၍ ထိန်းထိန်းနေရသည်။

တစ်ခါကလည်း ထူးထူးခြားခြား အသံချဲ့စက်ဖွင့်သံကြား၍ 'ဘဝိုင် ဘယ်ကဖွင့်တဲ့ အသံချဲ့စက်သံတုံးဗျ' ဟု ပြောကာရှိသေး သုတ်ခနဲပျောက်သွားပြီး တသီတတန်းကြီး ခေါ်လာခဲ့ဖူး၏။

တစ်နေ့က ရပ်ကွက်ထဲ လောင်းကစားဝိုင်းလုပ်သံကြား၍ အိမ်ရှင်အောင်ပုကို ခေါ်ပြောရန် ဆင့်ခိုင်းလိုက်၏။ ဘဝိုင်က နားကျအောင်မထောင်ဘဲ နာမည်ချင်းတူနေသော ဘုရားဒကာ၊ ကျောင်းဒကာ ဦးအောင်ပုကို ဆင့်လာ၏။ ဦးအောင်ပုလည်း ဘုမသိဘမသိနှင့် ရောက်လာရာ ဦးဝင်းမောင် ကြောင်တက်တက်ဖြစ်သွားပြီး ဘယ်က စပြောရမှန်း မသိအောင်ပင် အားနာသွားရဖူးသည်။

'ဒီလိုဆို သွားဆင့်ထားလိုက်ဦးမယ်လေ ဥက္ကဋ္ဌ။ တော်ကြာ ခရီးလွန်ကုန်လို့ ခက်နေမယ်'

ဦးလှပိုင်သည် သောက်လက်စ ရေနွေးခွက်ကို ကုန်အောင်သောက်ပြီး ပြန်ချကာ နေရာမှ ထလိုက်သည်။

'နေ..နေဦး ဘဝိုင်၊ တစ်မြန်နေက ဒီနေ့ကို ချိန်းတဲ့ ညွန့်အောင်နဲ့ ဒေါ်အုန်းကို သွားပြောလိုက်ဦး။ အဲ အဝေး တက်စရာရှိလို့ မြို့ကို သွားတယ်လို့။ နော် တစ်ရက်ရက်ကျမှပဲ ပြန်ချိန်းတော့မယ်လို့။ တော်ကြာ လာ တဒုတ်တုတ်တုတ်ထိုင်ပြီး နှစ်ယောက်သား ရှိ နေမှ ဟုတ်နေဦးမယ်'

ရွာဆော်ကြီး ဦးလှပိုင်လည်း ဦးဝင်းမောင်၏ ကို ကြားမှ တွန့်ခနဲဖြစ်ကာ လှမ်းနေသောခြေလှမ်း တို့ သွားကာ အံ့သြဘနန်းဖြစ်သွားသည်။ ပြန်မထိုင်တော့ အပေါက်ဝတွင်ပင် မတ်တတ်ရပ်လျက်။

'ရော်..ဥက္ကဋ္ဌ၊ မကြားသေးဘူးလား။ ဥက္ကဋ္ဌက ပြောနေ၊ ဟိုမယ် ညွန့်အောင် လေဖြတ်ထားတာ သေ ရှင်မလားတောင် မသိဘူး'

'ဩော်..ဟုတ်လား၊ ကျွန်တော် တကယ်မသိဘူး ဒီကောင် တစ်မြန်နေ့ကတောင် ဒီကိုလာတော့ အ ကြီးရှိသေး။ ဘယ်လိုဖြစ်တာပါလိမ့်ဗျာ'

'ဟုတ်တယ် ဥက္ကဋ္ဌရေ၊ ရပ်ထဲရွာထဲ ပြောနေကြ တော့ သူ နေ့တိုင်း အရက်မူးပြီး လေတိုက်ထဲ ကြ ပေါ် အိပ်လို့ဖြစ်တာကို ဒေါ်အုန်းလုပ်လို့ဆိုပြီး သား လေလွင့် ဖြစ်နေကြတယ်ဗျို့'

'အေးဗျာ..မသိအပ်၊ မမြင်အပ်၊ သိပ်ပွန်းနဲ့ တိုင် လို့မရတာတွေကလည်း အများသားကလားဗျ။ ဘာပဲ ဖြစ်လေ သူတို့ချင်း အဆင်မပြေမှ ဖြစ်တာဆိုတော့ ထန် ကြွေခိုက် ကျိုးနင်းခိုက် ဖြစ်နေတာကတော့ အမှန်ပဲ

စိတ်ချမ်းသာ ကိုယ်ကျန်းမာ ဝေဒနာများကင်း လောက၊ သာသနာ နှစ်ဖြာအကျိုး သယ်ပိုးနိုင်ကြ

အာကာသသားသား

www.burmeseclassic.com

www.burmeseclassic.com

မရည်မွန် (ဘုန်းဝင်း)

ဝိညာဉ်ပျော်တဲ့ စံအိမ်ကြီး

အလင်းရောင်ဟူ၍ လုံးဝမရှိ။ ပိန်းပိတ်အောင်မှောင်နေသည်။ အသံဟူသရွေ့လည်း မည်သည့်အသံမျှ မကြားရ၊ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ ထိုခဏာ အလင်းရောင်တန်းတစ်ခုသည် ထိုအမှောင်ထုအတွင်း၌ ဖျတ်ခနဲပေါ်လာသည်။ ကျွန်မ၏ မျက်လုံးအစုံက ထိုအလင်းရောင်ရှ သေချာစွာ စူးစိုက်ကြည့်လိုက်ရာတွင် ဖန်မီးအိမ်ငယ်တ ဖြစ်ကြောင်း မြင်တွေ့လိုက်ရသည်။

ဖန်မီးအိမ်သည် အပေါ်သို့ မြင့်တက်သွားသည်အ

www.burmeseclassic.com

www.burmeseclassic.com

ီးပချုိမြသော မိန်းမလှမျက်နှာတစ်ခုကို မြင်တွေ့လိုက်ရ
သည်။ သူက ကျွန်မကိုကြည့်ကာ ပြုံးပြပြနေသည်။ ဖန်မီး
သည် အပေါ်မှအောက်သို့ နိမ့်ဆင်းသွားပြန်ရာ ထိုမိန်းမ
၏ ဝတ်စားဆင်ယင်မှုအလုံးစုံကို တွေ့မြင်လိုက်ရသည်။
ောက်မှ ဖန်မီးအိမ်မှာ ထိုမိန်းမလှလက်ထဲတွင် ဆွဲကိုင်
းသည်ကို သိလိုက်ရသည်။

ကျွန်မ သူ့ကို စူးစမ်းသောအကြည့်ဖြင့် သေချာစွာ
ကြည့်လိုက်သည်။ ကြိုးကြီးချိတ်နှိုက်ပြီရောင်ထဘီနှင့် ပန်းနု
ောင်အင်္ကျီရင်ဖုံးလက်ရှည်ကို ဝတ်ဆင်လျက် ကျစ်ဆံမြီး
ုံး၍ ရှေ့သို့ချထားသည့် ဒူးဆစ်တိုင်အောင် ရှည်လျား
ော ဆံပင်တို့မှာ မြန်မာဆန်ဆန်လှသော သူမ၏ရုပ်သွင်
ုံ လိုက်ဖက်ညီလှသည်။ သူမသည် အပေါ်ထပ်တက်
ားကားတစ်ဝက်မှရပ်၍ ကျွန်မအား ပြုံးပြကာ လက်ယပ်
နေပြန်သည်။

ထိုစဉ်-

'အမယ်လေး..ကယ်ကြပါဦး၊ ကျွန်တော့်ခြေထောက်
အတင်းဆွဲနေတယ်။ ကျွန်တော် လှုပ်လို့မရဘူး။ ကယ်
ကြပါဦး'

သက်တင်၏ ထအော်သံကြောင့် ကျွန်မတို့ဇနီးမောင်နှံ
ဦးနီထွေးသူ၊ တင်ထွန်းပါမကျန် အိပ်ပျော်နေကြသူများ
နှိုးလာကြသည်။ ထိုသောအခါမှ ကျွန်မ အိပ်မက်,မက်
ုန်း သတိထားမိသည်။ ကျွန်မတို့အားလုံး ခြင်ထောင်
ထွင်ထွက်၍ သက်တင် အိပ်ရာဘက်ဆီသို့ ဓာတ်မီးနှင့်
ကြည့်လိုက်ကြသည်။ အကြောက်လွန်ကာ တုန်တုန်
ယင်ဖြစ်နေသော သက်တင်ကို တွေ့ရသည်။

'ဘယ်လိုဖြစ်တာလဲကွာ၊ မထိတ်သာ မလန့်သာနဲ့။
ည်သူတလေ ကောင်းကောင်းအိပ်ရမလား အောက်မေ့
ယ်။ ရော့..ရေသောက်လိုက်'

ဦးနီထွေးသူက ပြောပြောဆိုဆို သူ၏အိပ်ရာဘေးတွင်
ားသော ရေဘူးထဲမှရေတစ်ခွက်ကို ငဲ့တိုက်လိုက်သည်။

သက်တင်က ရေကို ယူသောက်ရင်း-

'ကျွန်တော်လည်း အိပ်ပျော်နေတာပဲ။ ဒါပေမဲ့ ကျွန်
ခြေထောက်ကို လာစမ်းသလို ခြင်ထောင်ကို ဆွဲလှုန်
သလို ခံစားရလို့ ကျွန်တော်နိုးလာတယ်။ အဲဒီအချိန်
ကျွန်တော့်ခြေထောက်ကို အတင်းဆွဲတော့တာပဲ။ ကျွန်
ရုန်းကြည့်တယ်၊ ရုန်းမရဘူး။ လက်ကလည်း အေး
နေတာ ရေခဲတုံးကျနေတာပဲ။ အဲဒါကြောင့် ကျွန်တော်
လည်း လန့်ပြီး အော်လိုက်မိတာပါ'

သက်တင်က အဖြစ်အပျက်ကို ပြန်လည်ရှင်းပြကာ
ဖယောင်းတိုင်မီးထွန်း၍ ခြင်ထောင်ဘေးတွင် ထိုင်နေကြ
သည့် ဦးနီထွေးသူနှင့် တင်ထွန်း၏ကြားထဲသို့ ဝင်ထိုင်ကာ
ဟိုဒီလိုက်ကြည့်နေသည်။

ကျွန်မတို့ဇနီးမောင်နှံ တည်ထောင်သော ပန်းကမ္ဘာ
ာတ်ပွဲကို ပုသိမ်မြို့အောက်ဘက်ရှိ ကံရွာမြို့ကလေးဌ
ကထိန်ပွဲတော်အတွက် ကပြတင်ဆက်ရန် ငှားခဲ့ပြီးဖြစ်
သည်။ ထို့ကြောင့် ဓာတ်ပွဲကရန် ငှားရမ်းထားသော ကံရွာ
မြို့ကလေးသို့ တစ်ရက်ကြိုတင်ကာ ရောက်ရှိသွားသည်။
ကျွန်မတို့ဓာတ်အဖွဲ့ ကပြတင်ဆက်ရန် ဆောက်လုပ်ထား
သည့် ဓာတ်ရုံမှာ ဘုန်းကြီးကျောင်းနှင့် လူနေအိမ်များကြား
တွင် ဆောက်လုပ်ထားသောကြောင့် ဓာတ်သူဓာတ်သား
ပေါင်း ငါးဆယ်ကျော်ပါသည့် ကျွန်မတို့ဓာတ်အဖွဲ့အတွက်
နေရာထိုင်ခင်းမှာ မလုံလောက်ဖြစ်နေသည်။

'ဓာတ်ဆရာတို့ ဇနီးမောင်နှံကို တောင်းပန်ပါတယ်။
ကျွန်တော်တို့က ဓာတ်ရုံကို လူနေအိမ်ကြားထဲမှာ ဆောက်
ရတော့ ဓာတ်သူဓာတ်သားတွေ နေဖို့နေရာက ဒီဓာတ်အဖွဲ့နဲ့
ဆိုရင် ကျဉ်းနေမှန်း အခုမှ သိရတယ်။ ဒါပေမဲ့ ကိစ္စမရှိ
ပါဘူး။ ဟောဟိုမှာမြင်နေရတဲ့အိမ်မှာ တည်းခိုလို့ပါတယ်။
အိမ်ကြီးမှာတော့ ဘယ်သူမှ မနေကြဘူးလေ။ အိမ်ရှင်တွေ
က တခြားမြို့မှာ အခြေကျနေပြီလေ။ တန်ဆောင်တိုင်ပွဲတော်
ရက်အတွင်းမှာ ဧည့်သည်တွေ တည်းခိုဖို့ကို စီမံပေးထား
တယ်။ ကျွန်တော် လိုက်ပြမယ်။ ဓာတ်ဆရာတို့ဇနီးမောင်နှံ
လိုက်ကြည့်ပါနော်'

ကန်ထရိုက်၏ ပြောစကားကြောင့် ကျွန်မတို့ ဇနီး
မောင်နှံ နှစ်ဦးလည်း ကန်ထရိုက်ခေါ်ဆောင်ရာသို့ လိုက်
ပါသွားခဲ့ကြသည်။ ကန်ထရိုက်လိုက်ပြသော အိမ်ကြီးမှာ
လေးပင်နှစ်ထပ်အိမ်ကြီးဖြစ်သည်။ အိမ်ကြီးမှာ နှစ်အတော်
ကြာက ဆောက်လုပ်ထားပုံရသည်။ ရေနံချေးများဝကာ
မည်းမှောင်နေသည်။ အိမ်မည်းကြီး၏ အနေအထားကို ဝင်
လုလု နေရောင်ဖျိုးဖျအောက်၌ တွေ့ရသည်။ နှစ်ဖက်ဟတ်
သစ်တံခါးရွက်များမှာ တံခါးမင်းတုပ်များ မရှိတော့ပေ။
နောက်ဘေးမီးဖိုဆောင်သို့ဆင်းသော အပေါက်မှ တံခါး
ရွက်များကို အုတ်နီခဲနှင့်ခု၍ ပိတ်ထားသည်။ အပေါ်ထပ်
ကိုတက်သည့် လှေကားကို တွေ့ရသည်။ အောက်ထပ်တွင်
အခန်းဖွဲ့စည်းထားခြင်းမရှိဘဲ ခေါင်းရင်းဘက်ထောင့်တွင်

www.burmeseclassic.com

ရှေးဟောင်းခုတင်ကြီးတစ်လုံးနှင့် ခုတင်ကြီး၏ဘေးတွင် ရှေးဟောင်းစားပွဲတစ်လုံးကို ကပ်လျက် တွေ့ရသည်။

ကျွန်မတို့ ဇာတ်သမားများသည် ဇာတ်ကသောညများတွင် နားနားနေနေ အိပ်စက်ရန် အချိန်မရပေ။ ကန်ထရိုက်လိုက်ပြသော ထိုအိမ်မည်းကြီးမှာ ဇာတ်ရုံနှင့် မနီးမဝေးဌ ရှိသောကြောင့် ထိုအားလပ်သော တစ်ရက်တာတွင် သက်သောင့်သက်သာနှင့် ကျယ်ကျယ်ပြန့်ပြန့် နားနေနိုင်ရန် အိမ်မည်းကြီးဌ တည်းခိုရန် သဘောတူလိုက်ကြသည်။ ကျွန်မတို့ ဇနီးမောင်နှံသည် ဇာတ်ရုံအတွင်းဌ စီစဉ်ဆောင်ရွက်စရာရှိသည်များကို စီစဉ်ဆောင်ရွက်ပြီး ညစာထမင်းကို ည(၈)နာရီမှ စားကြရသည်။

သို့နှင့် ကျွန်မတို့ ဇနီးမောင်နှံနှင့် ခေတ်ပေါ်တီးဝိုင်းမှ စန္ဒရားဆရာ ဦးနီထွေးသူ၊ လိဒ်ဂီတာသမား သက်တင်၊ ဘေ့(စ်)ဂီတာသမား တင်ထွန်း စုစုပေါင်းငါးယောက်တို့သည် ခေတ္တတည်းခိုရန် ထိုအိမ်မည်းကြီးသို့ ည(၉)နာရီခန့်တွင် ရောက်ရှိသွားကြသည်။ ကျွန်မတို့ငါးယောက်တို့သည် ထိုအိမ်ကြီး အောက်ထပ်တွင် နေရာအသီးသီးယူကြကာ ခေတ္တစကားပြောဆိုကြပြီးလျှင် ကျွန်မသည် ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှဝေလျက် အိပ်ရာဝင်သောအချိန်မှာ ဆယ့်တစ်နာရီထိုးပြီဖြစ်သည်။ ကျွန်မ နှစ်ခြိုက်စွာအိပ်ပျော်ပြီး အိပ်မက်,မက်နေသောအချိန်တွင် သက်တင်မှ ထအော်ခြင်းဖြစ်သည်။

'ကဲ..သက်တင်၊ မင်းစိတ်ထင်လို့ ဖြစ်ပါလိမ့်မယ်ကွာ။ ငါတို့အားလုံး အိပ်ရေးပျက်ခဲ့ရတဲ့ရက်တွေ မနည်းတော့ဘူး။ ဒီညမှ အေးအေးလူလူ အိပ်ရမှာကို ပြန်အိပ်ကြရအောင်'

'ကျွန်တော့်စိတ်ထင် မဟုတ်ဘူး၊ တကယ့်ကိုဖြစ်တာ အစ်ကိုရဲ့'

ကျွန်မ၏ခင်ပွန်းမှ သက်တင်အား ဖျောင်းဖျပြောဆိုလိုက်သော်လည်း သက်တင်မှ ပြန်လည်ပြောကာ တင်ထွန်း၏ ခြင်ထောင်တွင်းသို့ အတင်းဝင်အိပ်နေလေသည်။ အားလုံးသည် ပြန်လည်တိတ်ဆိတ်သွားသည်။ အိမ်ကြီးမှာလည်း မှောင်နဲ့မည်းမည်း ရှိနေသည်။ ကျွန်မမှာ စောစောက အိပ်မက်နှင့်ပတ်သက်၍ စဉ်းစားမိကာ တော်တော်နှင့် အိပ်မပျော်ပေ။

ထိုစဉ်-

'ဟေ့..ဘယ်သူလဲကွ၊ ငါ့ခြင်ထောင်ကြီးကို ဖြုတ်ချတာ'

ဦးနီထွေးသူမှ လက်နှိပ်မာတ်မီးကို ဟိုဟိုဒီဒီ ကာ အော်ပြောလိုက်ခြင်းဖြစ်သည်။ မည်သည့်အသံမျှ မကြားရ။ ဦးနီထွေးသူသည် ခြင်ထောင်ကြီးကို ပြန်အိပ်ရာထဲ ဝင်သွားပြန်သည်။

ကျွန်မသည်လည်း မှေးခနဲ ပြန်အိပ်ပျော်သွားခဲ့

'ဦးနီထွေးသူ..ဦးနီထွေးသူ..ကျွန်တော့်ခြင်ထောင်ကြီးတွေ ပြုတ်ကျကုန်ပြီ။ ထပါဦး'

တင်ထွန်းနှင့် သက်တင် အိပ်နေကြသော ခြင်ထောင်ကြီးများ ပြုတ်ကျပြန်သဖြင့် ဆူဆူညံညံ ထဖြစ်ကြသည်။ ထိုအခါ ခင်ပွန်းမှ လက်နှိပ်မာတ်မီးနှင့် လှမ်းပေးထားစဉ် ဦးနီထွေးသူမှ ဖယောင်းတိုင်မီးကို ထွန်းညှိ လက်မှကိုင်လျက် အိမ်ကြီးအပေါ်ထပ်ကို မော့ကြည့် ခပ်ရွတ်ရွတ် လှမ်းပြောလိုက်သည်။

'မင်းတို့ ဘယ်သူတွေလဲ။ အဲဒီလိုတော့ မစ စကားပြောချင်ရင် ဒီကိုလာခဲ့'

'ရှိ..ဒုတ်'

ဦးနီထွေးသူ၏ ပြောစကားကြောင့် အကြမ်းသည့် အနုံးတံမြက်စည်းဖြင့် ဦးနီထွေးသူအား လှမ်း လိုက်ခြင်းဖြစ်သည်။ ကျွန်မတို့အားလုံး လှုပ်လှုပ်ရှား ထိတ်ထိတ်လန့်လန့် ဖြစ်သွားကြပြန်သည်။ ကျွန်မ ထိတ်လန့်တုန်လှုပ်စွာ ရင်တဆတ်ဆတ် ခုန်နေသော် ခင်ပွန်း၏လက်ကို ဖက်တွယ်ထားကာ တံမြက်စည်းသံ သို့ စူးစမ်းကြည့်မိသည်။ မည်သည့်အရိပ်အယောင်မျှ မရပေ။

'မင်းက ငါ့ကို တံမြက်စည်းနဲ့ ပစ်တယ်ပေါ့ သတ္တိရှိရင် ထွက်လာခဲ့'

ဦးနီထွေးသူမှ တံမြက်စည်းလာရာဘက်သို့ကြည့် ပြောလိုက်ပြန်သည်။ ထိုတွင် အပေါ်ထပ်တက် လှေ အောက်တွင် ထောင်ထားသည့် ထမင်းစားစားပွဲခုံမှာ လာပြန်သည်။

'ဟာ..ဟိုမှာ ထမင်းစားစားပွဲခုံ လိုမ့်လာပြန်ပြီ'

သက်တင်နှင့် တင်ထွန်းက ပြိုင်တူပြောလိုက်ခြင်း သည်။

'ဒီလောက်ဆို ငါသိပါပြီကွာ။ ငါတို့က မင်း ကထိန်ပွဲတော်အတွက် ကပြဖျော်ဖြေတင်ဆက်ဖို့ ခေါ် တဲ့ ဧည့်သည်တွေပါ။ မင်းတို့အိမ်မှာ တည်းခိုဘာပါ။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ငါတို့ကို ခဏတည်းခိုခွင့်ပြုပါ။ ငါတို့ တောင်းဆိုတယ်'

ဦးနီထွေးသူသည် အသက်အရွယ်အားဖြင့် ခြောက်ဆယ်ကျော်ပြီဖြစ်သောကြောင့် အတွေ့အကြုံရင့်ကျက်သူပီပီ ဧည့်ခိုခွင့်ပြုရန် အပေါ်ထပ်ကို မော့ကြည့်၍ လှမ်းလှမ်းလိုက်ခြင်းဖြစ်သည်။ ထိုအချိန်သည် ညနှစ်နာရီခွဲလေ ခန့်။

'ကျီ..ရှပ်..ရှပ်..ရှပ်.. ကျီ..ရှပ်..ရှပ်..ရှပ်'

အိမ်နောက်မီးဖိုဆောင်ဘက်ဆင်းသော တံခါးရွက်မှာ ကြမ်းတမ်းယောက် ဖွင့်လိုက်,ပိတ်လိုက် လုပ်နေသကဲ့သို့ လမ်းသွားလာသည့် အသံများကိုလည်း ကြားနေရသည်။ မည်သည့်အကောင်အထည်ကိုမျှ မတွေ့ရပေ။ အပေါ်ထပ်တွင်လည်း တရုပ်ရုပ်လမ်းလျှောက်သံကြားနေရသည်။ ဦးနီထွေးသူ ခေတ္တခဏ တည်းခိုခွင့်ပြုရန် ပြောပြီးနောက်ပိုင်းတွင် ကြောက်ကြမ်းတမ်းတမ်း မပြုလုပ်တော့။

နံနက်လင်းအရဏ် ရောက်ရှိလာပြီဖြစ်သည်။ လမ်းသွားလာသံ၊ နောက်ဖေးဘက်ရှိ သစ်သားတံခါး ဖွင့်လိုက်, ပိတ်လိုက်အသံများလည်း ပျောက်ကွယ်သွားပြီဖြစ်သည်။ ထို့အပြင် အေးလက်အေး မအိပ်ရမယ့်အတူတူ ဓာတ်ရုံကိုပြန်၍ ဆက်သွယ်ကိုင်ဆောင်ရွက်စရာ ရှိသည်များကို လုပ်ကိုင်မည်။ ဓာတ်သူဓာတ်သားတို့အား နံနက်စာထမင်းနှင့် ညနေစာ ထမင်းဟင်းအတွက် ထိုမြို့ကလေးရှိ ဈေးသို့ သွားရပေဦးမည်။ ဓာတ်ရုံကိုမပြန်ခင် ကျွန်မ သိချင်စရာ၊ ကြည့်ချင်စရာ ရှိသည်များကို ကြည့်သွားချင်သည်။ ထို့ကြောင့် ဧည့်ခိုခွင့်ပြုခြင်းဖြစ်သည်အား ပြောလိုက်သည်။

'ကို..ကျွန်မတို့ ဓာတ်ရုံကို ပြန်ကြမယ်။ မပြန်ခင် အပေါ်ထပ်ကို တက်ကြည့်ချင်တယ်။ ကို လိုက်ခဲ့ပါနော်'

'အို..ဆွေကလည်း ဘာလို့ ဒီအိမ်အပေါ်ထပ်ကို တက်ချင်ရတာလဲ။ မတက်ပါနဲ့ကွာ'

ကျွန်မ၏ ပြောစကားကို ခင်ပွန်းမှ ငြင်းပယ်ကာ တားရန်ပြောသည်။ ကျွန်မတို့ပြောနေကြသည့်စကားကို ဦးနီထွေးသူမှကြားသောကြောင့် ကျွန်မတို့ကို လှမ်းပြောသည်။

'ဓာတ်ဆရာမ..အပေါ်ထပ်ကို တက်ကြည့်ချင်လို့လား။ လာပါ ဓာတ်ဆရာ၊ ကျွန်တော်လည်း လိုက်မယ်လေ'

'ဩော်..ဆရာဦးနီထွေးသူပါ လိုက်မလား။ ဒါဆို အပေါ်ထပ်ကို တက်ကြည့်ကြမယ်လေ။ သက်တင်နဲ့ တင်ထွေးရော လိုက်ဦးမလား'

ခင်ပွန်းမှ အပေါ်ထပ်သို့တက်ကြည့်ရန် သဘောတူပြီး နောက် သက်တင်နှင့် တင်ထွေးအား မေးလိုက်သည်။

'ကျွန်တော်တို့ မလိုက်တော့ပါဘူး ဆရာ။ ဆရာတို့ပဲ တက်ကြည့်ကြတော့နော်'

'အေးပါကွာ၊ မင်းတို့ မလိုက်ဘူးဆိုတာ သိပါတယ်။ တမင်ခေါ်ကြည့်တာပါ'

ခင်ပွန်းမှ ပြောပြောဆိုဆို အိမ်ကြီးအပေါ်ထပ်ကိုတက်ရန် ထလိုက်သည်။ ဦးနီထွေးသူလည်း ထိုင်နေရာမှထလာကာ ရှေ့ဆုံးမှနေ၍ အိမ်ကြီးအပေါ်ထပ်ကို တက်သည်။ ခင်ပွန်းသည်က အလယ်မှဖြစ်၍ ကျွန်မမှ နောက်ဆုံးမှဖြစ်သည်။

လှေကားထစ်များကိုနင်း၍ တဖြည်းဖြည်းတက်နေကြစဉ်-

'ဖလပ်..လပ်..လပ်..လပ်'

'အမယ်လေး..အား'

လင်းနို့တစ်ကောင် ကျွန်မတို့သုံးဦးရှိရာ လှေကားထစ်သို့ ရုတ်တရက် ထိုးဆင်းလာသောကြောင့် ရှေ့ဆုံးမှ တက်နေသည့် ဦးနီထွေးသူမှ လန့်ဖျပ်ကာ ပက်လက်လန်ကျလာခြင်းဖြစ်ကာ ခင်ပွန်းနှင့် ကျွန်မမှာ နောက်မှနေ၍ ဆီးတွန်းကာထားရသည်။

'တော်သေးတာပေါ့။ ဓာတ်ဆရာတို့ ဇနီးမောင်နှံနောက်က တွန်းပေးထားလို့၊ နို့မဟုတ်ရင် ကျွန်တော် ဇက်အကျိုးပဲ'

ဦးနီထွေးသူက ပြောလည်းပြော၊ အိမ်ကြီးပေါ်လည်း ဆက်တက်နှင့်မို့ ကျွန်မတို့ဇနီးမောင်နှံလည်း တက်လိုက်သွားကြသည်။ ထိုအိမ်ကြီးသည် လူမနေသည်မှာ ကြာပြီဖြစ်ကြောင်းကို ဖုန်အထပ်ထပ်က သက်သေခံနေပါသည်။ အိမ်ကြီး၏ အပေါ်ထပ်မှာလည်း အောက်ထပ်ကဲ့သို့ပင် ခန်း စည်းဖွဲ့ထားခြင်း မရှိဘဲ အောက်ထပ်၊ အပေါ်ထပ် အတက် အဆင်း လှေကား၏



www.burmeseclassic.com

ဆောင့်ဘက်တွင် ရှေးဟောင်းခုတင်၊ ရှေးဟောင်းဗီရို၊ ရှေးဟောင်းမှန်တင်ခုံတို့ကို တွေ့ရသော်လည်း ဘုရားကျောင်းဆောင်ဟူ၍ လုံးဝမတွေ့ရပေ။ ပင့်ကူအိမ်များက တိုးလိုးတွဲလောင်း ဖြစ်နေသည်။ အိမ်ပေါ်ရှိ အရာအားလုံးသည် အလိုအလျောက် ချောက်ချားဖွယ်ဖြစ်အောင် ဖန်တီးပေးသည်သို့ ရှိသည်။ ကျွန်မ၏စိတ်ထဲတွင် တစ်စုံတစ်ယောက်က ကြည့်နေသကဲ့သို့ ခံစားရသဖြင့် ကျောထဲ စိမ့်သွားသည်။ ခင်ပွန်းအားလည်း ပြောလိုက်မိသည်။

'ကို..ကျွန်မတို့ ပြန်ဆင်းကြရအောင်နော်'

'အိမ်ကြီးအပေါ်ထပ်ကို တက်ချင်တုန်းကလည်း ဆွေပဲ၊ ဆင်းချင်တော့လည်း ဆွေပဲ။ ဆရာဦးနီထွေးသူ..ကျွန်တော်တို့ အောက်ထပ်ကို ပြန်ဆင်းကြရအောင်'

'ကျွန်တော် စောစောက ပက်လက်လန်ကျမလို ဖြစ်သွားကတည်းက ပြန်ဆင်းချင်တာ။ ဇာတ်ဆရာတို့ကို အားနာလို့ ဆက်တက်လာတာ'

ကျွန်မခင်ပွန်း၏ ပြောစကားကြောင့် ဦးနီထွေးသူမှ ပြန်ပြောကာ အိမ်ကြီးအပေါ်ထပ်မှ ပြန်ဆင်းခဲ့ကြပါတော့သည်။ အောက်ထပ်တွင် သက်တင်နှင့် တင်ထွန်းကို မတွေ့ရပေ။ သို့နှင့် ကျွန်မတို့လည်း အိပ်ရာများကို သိမ်းဆည်းကာ ဇာတ်ရုံသို့ ပြန်ခဲ့ကြသည်။ ဇာတ်ရုံသို့ ပြန်ရောက်သောအခါ သက်တင်နှင့် တင်ထွန်းတို့မှာ လူကြမ်းမင်းသားကြီး ဦးသိန်းနိုင်နှင့် စကားပြောနေသည်ကို တွေ့ရသည်။

လူကြမ်းမင်းသားကြီး ဦးသိန်းနိုင်သည် ကျွန်မတို့ သုံးယောက်ကို တွေ့သောအခါ-

'ဇာတ်ဆရာတို့တွေ..ပြန်လာကြပြီလား။ ညတုန်းက အိမ်မည်းကြီးက အဖြစ်အပျက်တွေကို သက်တင်တို့ ပြန်ပြောပြနေတယ်လေ။ ကျွန်တော့်ကို ညဦးက ရွာသားတစ်ယောက် အဲဒီနှစ်ထပ်အိမ်မည်းကြီး ကြမ်းတဲ့အကြောင်းကို ပြောပြလို့ ကျွန်တော်က နောက်နေတယ်ထင်တာ'

'ကျွန်တော်တို့က ဘာမှမသိပါဘူး ဦးသိန်းနိုင်ရယ်။ ကန်ထရိုက်က အဲဒီအိမ်မည်းကြီးမှာ တည်းခိုလို့ရတယ်ဆိုလို့ ကျွန်တော်တို့ သွားအိပ်ကြတာပါ။ အဲဒီအိမ်မည်းကြီးနဲ့ ပတ်သက်ပြီး ဦးသိန်းနိုင်က ဘယ်လိုကြားထားလို့လဲ'

ဦးသိန်းနိုင်၏ ပြောစကားကို ခင်ပွန်းမှ ပြန်လည်ပြောကြားရင်းမှ မေးလိုက်သည်။

'ဒီလို ဇာတ်ဆရာရဲ့..အဲဒီအိမ်ကြီးရှင် အဘိုးကြီး၊ အဘွားကြီးနဲ့ သမီးအပျိုကြီးတို့ ရှေ့ဆင့်နောက်ဆင့် ဆက်တိုက် ကွယ်လွန်ခဲ့ကြတယ်တဲ့။ သူတို့ သေဆုံးပုံကတော်တော်ထူးဆန်းတယ်။ အိမ်ကြီးအပေါ်ထပ် ထူးကနေ ဖြုတ်ကျပြီး သေကြရတာ။ အစိမ်းသေလို့ပြောတာ'

'အင်း..သူတို့မိသားစုရဲ့ အဖြစ်အပျက်က သနားပဲ။ အိမ်ကြီးပေါ်မှာ မကောင်းဆိုးဝါးရှိနေလို့နဲ့တူတယ်'

ဦးသိန်းနိုင်၏ပြောစကားကို ဦးနီထွေးသူမှ ဝင်ထောက်လိုက်ခြင်းဖြစ်သည်။

'အဲဒီအိမ်ကြီးရှင် အဘိုးကြီးနဲ့ အဘွားကြီးမှာ ဇာတ်ထပ် သားနဲ့သမီး သုံးယောက်ရှိသေးတယ်လို့ပြောတာ အမွေဆိုင်အိမ်ကြီးဖြစ်ပေမယ့် တစ်ယောက်မှလည်း မကြဘူးတဲ့'

'ဒါဆိုရင်လည်း တစ်ယောက်မှ မနေကြတဲ့အတွက် အဲဒီအိမ်ကြီးကိုရောင်းပြီး အမွေခွဲယူကြပေါ့'

'အိမ်ကြီးကို ရောင်းချပေမယ့် အိမ်ကြီးက ကြောင်လို့ ဝယ်မယ့်သူ မရှိဘူးလို့ ပြောတယ်။ အဲဒီအိမ်ကြီးညဘက် သွားအိပ်တဲ့သူဆိုရင် အိမ်ပေါ်ကနေ ဆွဲချတာပြောတယ်'

ကျွန်မ၏ခင်ပွန်း၊ ဦးနီထွေးသူ၊ ဦးသိန်းနိုင်တို့ အလှန်ပြောဆိုနေကြသည့် စကားများကို နားထောင်ထိုအိမ်ကြီးသည် ညဘက်ကို မဆိုထားနှင့်၊ နေ့ဘက်ကြီးမျှနှင့်ပင်လျှင် လွန်စွာချောက်ချားဖွယ် အိမ်ကြီးတစ်လုံးနေသည်ကတော့ ကျွန်မကိုယ်တွေ့ပင်ဖြစ်သည်။

ထို့အတူ ကျွန်မ အိပ်မက်,မက်စဉ်က အိပ်မက်မြင်တွေ့ခဲ့ရသော ဆံပင်ရှည်ရှည်နှင့် မြန်မာဆန်ဆန်နေသူ အမျိုးသမီးမှာ ထိုအိမ်မည်းကြီး၏ အိမ်ကြီးရှင်လား။ (သို့မဟုတ်) အိမ်ကြီးရှင်၏သမီး အပျိုကြီးမလား ဆိုသည်ကိုတော့ ကျွန်မ မသိနိုင်ပါ။

သို့သော် မီးအိမ်ကိုကိုင်မြှောက်လျက် ကျွန်မအား ပြုံးပြကာ လက်ယပ်ခေါ်သည့် ချောမောလှပလွန်းသော အိမ်ကြီးရှင် အမျိုးသမီးသည် ကျွန်မအား မည်သည့်အတွက်ကြောင့် လက်ယပ်ခေါ်သည်ကို အဖြေရှာမရခဲ့သော်လည်း ယနေ့တိုင် ကျွန်မ၏ နှလုံးသားအတွင်း၌ ဖျောက်ဖျက်၍မရအောင် ထိုအကြောင်းအရာအားလုံးတို့က စွဲမြဲစွာထင်ကျန်ရစ်ဆဲ ရှိနေပါတော့သည်။

မရည်မွန်(ကျုံတော်)

[လွန်ခဲ့သည့် (၁၈)နှစ်ခန့်က ဖြစ်ရပ်အမှန်အား လည်ခံစား ရေးဖွဲ့တင်ပြပါသည်။]

www.burmeseclassic.com

www.burmeseclassic.com

ရောဂါဝေဒနာ တစ်ခုခုကြောင့် မခံမရပ်နိုင်သည့် အနေအထားမှ ထွက်ပေါ်လာသော ညည်းတွားသံဖြစ်ကြောင်း သိလိုက်ရသည်။

ထိုအသံကို ကြားရသည်မှာ သည်နေ့ရောဆိုလျှင် (၂) ညမြောက်ခဲ့လေပြီ။ အရင်ရက်ကတော့ အိပ်မှုန်စုံမွှားနှင့် မို့ မေ့မေ့ပျောက်ပျောက်နေခဲ့ပြီး သည်နေ့ညကျမှ ထိုအသံကြောင့် လန့်နိုးပြီး အိပ်ရာထဲမှာ နိုးနေခိုက် ညည်းတွားသံအဆုံး တောက်ခေါက်သံကိုပါ ကြားလိုက်ရလေ၏။

သူနံဘေးတွင် အိပ်နေသော မိန်းမဖြစ်သူကတော့ တရှူးရှူးဖြင့် အိပ်နေမြဲ။ မီးဖွင့်ပြီး သားသမီးများ အိပ်နေသည့် အခန်းဘက်ကို လှမ်းကြည့်လိုက်တော့လည်း မည်သည့်သားသမီးမှ နိုးပုံမရ။

ခဏကြာတော့ ဆိုင်ရှေ့က လမ်းပေါ်မှာ ခွေးများ ဆွဲဆွဲငင်ငင်အူနေသည့် အသံများကို ဆူညံစွာ ကြားနေရတော့သည်။ ထိုအချိန်တွင် ခေါင်းရင်းဘက် ချိတ်ထားသော တိုင်ကပ်နာရီကို ကြည့်လိုက်တော့ ည(၁၂)နာရီတိတိဝင် ရှိနေလေပြီ။

သည်နောက်တွင်တော့ အိမ်နောက်ဖေးပေါက်ဖွင့်ကာ အပေါ့အပါးသွားပြီး အိပ်ရာ၌ ပြန်ဝင်အိပ်နေမိတော့၏။ ထိုအချိန်တွင် ခွေးအူသံများ ရပ်တန့်သွား၍ ညသည် တိတ်ဆိတ်လျက်ရှိရာ တိုင်ကပ်နာရီသံက ကျယ်လောင်လှသည်ဟုပင် သူ ထင်နေမိပြန်၏။

မျက်လုံးကို အတင်းမှိတ်ပြီး အိပ်ကြည့်သည်။ အချိန်

ခိုင်မြအောင် (စင်ဦး)

ရန်တစ်ခု၏ လေနှင်ရာ ခရီး

ကြာလာတော့ ဟိုဘက်လှည့်လိုက်၊ သည်ဘက်လှည့်လိုက် ကတစ်မျိုး၊ ခြေထောက်ကို ကွေးလိုက်ဆန့်လိုက်ကတစ်ခု တဖြည်းဖြည်းဖြင့် အချိန်တွေသာ ကြာလာခဲ့ရသည် ဟူသို့မျှ အိပ်၍မရ။

www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ် လက်ဖက်ရည်ဆိုင်ဖွင့်ပြီး ရောင်းနေရသူဆိုတော့ ပင်ပန်းမှုဒဏ်ကြောင့် ညအိပ်ချိန်တွင် မည်သည့်အကြောင်းအရာကိုမှ စဉ်းစားချိန်မရ ခေါင်းနှင့် ခေါင်းအုံးထိသည်နှင့် အိပ်ရာထဲဗုန်း သစ်တုံးဆိုသလိုပင်။

ယခု ရက်ပိုင်းတွင်တော့ ထိုကဲ့သို့မဟုတ်၊ အိပ်ပျော်သော်လည်း မကြာခဏ နိုးနိုးနေလေသည်။ ထိုကဲ့သို့ နိုးနိုးနေသည့် အကြောင်းရင်းမှာ လက်ရှိလုပ်ကိုင်နေသော ရပ်ကွက်ကာလသားခေါင်း လုပ်ငန်းကြောင့် ဖြစ်လေသည်။

ကာလသားခေါင်း လုပ်သက်မှာလည်း (၅)နှစ်တင်းတင်း ပြည့်ခဲ့လေပြီ။ သူ၏ လက်ရှိစားဝတ်နေရေးအလုပ်က သည်ရပ်ကွက်ကလေးအတွင်း အိမ်တွင်း၌ လက်ဖက်ရည်ဆိုင်အဖြစ် ဖွင့်လှစ်ထားသော ဈေးနှုန်းချိုသာသည့် မိသားစုလက်ဖက်ရည်ဆိုင်ကလေး ဖြစ်လေသည်။

သားသမီးများ အကြီး(၉)တန်း၊ အလတ်(၇)တန်း၊ အငယ်(၃)တန်းမှာလည်း အတန်းများ ကြီးလာလေပြီ။ ကျောင်းစရိတ်၊ ကျူရှင်စရိတ်များကြောင့် ငွေကုန်ကြေးကျများလာခဲ့လေပြီ။ ဆိုင်ကတစ်ဖက်၊ ကာလသားခေါင်းကတစ်ဖက်နှင့် မနိုင်ဝန် ဖြစ်နေလေပြီ။

သူကာလသားခေါင်း စလုပ်သည့်ရက်မှစ၍ ယခုအချိန်ထိ ပန်းကန်ခွက်ယောက်အသစ်၊ စားပွဲ၊ကုလားထိုင်အသစ်၊ ဘယ်တုန်းကမှမရှိဘူး။ သာရေး၊ နာရေး၊ မင်္ဂလာဆောင်စသည်တို့ကို ထူထောင်နိုင်ခဲ့လေသည်။ ထိုပစ္စည်းများကို ရပ်ကွက်အတွင်းရှိ လမ်းသာသောအိမ်တွင်သာ ထားရလေသည်။ အရင်ကာလသားခေါင်း လက်ထက်တွင်လည်း ထိုကဲ့သို့ ထားလေ၏။ သို့သော်လည်း တစ်အိမ်တည်း၌ ထား၍ မရ။

သည်အိမ်ကို ပန်းကန်ခွက်ယောက်များ ထားလျှင် အခြားတစ်အိမ်ကို စားပွဲ၊ ကုလားထိုင်များ ထားရသည်။ ထိုကဲ့သို့ တကွဲတပြားထားရခြင်းကို သူ မကြိုက်တော့ပေ။ ရွာဘုံ ထိုပစ္စည်းများကို တစုတဝေးတည်း ထားရှိနိုင်ရန် ကြံရွယ်နေလေသည်။

ထိုကဲ့သို့ ကြံရွယ်နေရာတွင် ထိုရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၏ အရှေ့တောင်ထောင့်တွင် လူနေအိမ်နှင့် လမ်းကွေ့ကလေးအကြား မြေကွက်လပ်ကလေး ရှိနေလေသည်။ ထိုမြေကွက်လပ်ကလေးမှာလည်း အမှိုက်များဖြင့် ရှုပ်နေလေ၏။ ထိုအမှိုက်များကိုရှင်းလိုက်လျှင် ထိုနေရာ၌ ရွာဘုံပစ္စည်းထားရန် အဆောက်အအုံတစ်ခု ဆောက်လုပ်နိုင်ကြောင်း သူ ကောင်းကောင်းသိလေသည်။

ချက်ချင်းဆိုသလိုပင် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသွားပြီး အကျိုးအကြောင်းပြောကာ ခွင့်တောင်းလေ၏။ ရပ်ကွက်ပိုင်အဆောက်အအုံဖြစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးကလည်း ခွင့်ပြုလိုက်လေသည်။

ခွင့်ပြုချက်ရသည်နှင့် ရှုပ်ပွနေသည့် အမှိုက်များကို စုပုံ၍ မီးရှို့ပြီး ချက်ချင်းဆိုသလိုပင် ရပ်ကွက်အတွင်းရှိ ကာလသားများနှင့် သန့်ရှင်းရေးလုပ်သည်။ သည်နောက်တွင်လည်း ရပ်ကွက်အတွင်းရှိ သာရေးများမှ ထမင်းကျွေးခ၊ စားပွဲ၊ ကုလားထိုင်ငှားခ၊ မဏ္ဍပ်ငှားခ စသည်တို့မှရသည့် ကာလသားရန်ပုံငွေဖြင့် မြေကွက်ကို ဝင်းထရံ(ဝါး) ကာလေ၏။

နောက်ရက်များတွင်လည်း ချက်ချင်းပင် (၅)တောင်ပတ်လည် သုံးခန်း၊ နှစ်ခန်း အဆောက်အအုံ ဆောက်လုပ်ပြီး ချက်ချင်းဆိုသလိုပင် သွပ်မိုးလိုက်လေ၏။ ရက်တိုတို အတွင်း၌ပင် ဝင်းခတ်ပြီး ထိုဝင်းအတွင်း၌ အဆောက်အအုံကို သွပ်မိုးအဆင့်ထိ ပြီးသွားလေတော့၏။ ထိုဝင်း၏ အကျယ်မှာ တောင်-မြောက် အတောင်(၂၀)ကျော်နှင့် အရှေ့-အနောက် (၁၅)တောင်ကျော် ရှိလေသည်။

ထိုမြေကွက်လပ်ကို ရှင်းပြီး ဝင်းထရံကာလိုက်ကတည်းက သူ့ဆိုင်၏ရှေ့မှာ ည,ည လူခြေတိတ်ချိန် အမှောင်ထဲ၌ လူပုံသဏ္ဌာန်မည်းမည်းကြီး လာလာရပ်နေသည်ကို အိမ်နီးချင်းများက တစ်ရေးနိုး အပေါ့အပါးသွားချိန်၌ မြင်တွေ့ရကြောင်း ပြောကြသော်လည်း သူကတော့ နားမဝင်ချေ။

ယခုရက်အတွင်း ထိုကဲ့သို့ညည်းသံ ကိုယ်တိုင်ကြားရပြီး ခွေးဆွဲသံတွေကြားမှ ဘေးအိမ်ကပြောသော စကားများကို ပြန်စဉ်းစားမိတော့သည်။ သို့သော်လည်း ကြာကြာမစဉ်းစား၊ ခဏသာပင် မှေမှေပျောက်ပျောက် ဖြစ်သွားသည်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ရွာဘုံပစ္စည်းများ တစုတစည်းတည်းထားရန် ကာလသားရန်ပုံငွေဖြင့် အဆောက်အအုံဆောက်လိုက်ရသဖြင့် ကြည်နူးနေရခြင်းကြောင့် ဖြစ်လေသည်။

ညည်းသံများ ကြားရသည့် ထိုကဲ့သို့ (၂)ရက်မြောက်သော ညကပင် သူအိပ်မပျော်ဘဲ အိပ်ရာထဲရှိနေခိုက် သမီးဖြစ်သူ အငယ်မ တစ်ရေးနိုးချိန်တွင် အပေါ့အပါးသွားရန် အိပ်ရာမှ ထလေ၏။ နောက်ဖေးပေါက်ကိုမဖွင့်ဘဲ ယောင်

www.burmeseclassic.com

ကာ အိမ်ရှေ့အပေါက်ကို အိပ်မှန်စုံမွားဖြင့် ဖွင့်လိုက်၏။

အိမ်ရှေ့ပေါက် ဖွင့်လိုက်သည့်နှင့် အိမ်ရှေ့လမ်းကို တန်းရှုမြင်ရသည်။ ထိုအချိန်တွင် အိမ်ရှေ့လမ်းပေါ်၌ လူပုံသဏ္ဌာန် မည်းမည်းကြီး ရပ်နေသည်ကို တွေ့ရသဖြင့် သမီးဖြစ်သူ အငယ်မမှာ လန့်အော်ကာ အိမ်တွင်းသို့ ပြန်ဝင်ပြေးလာခဲ့လေ၏။

ထိုကဲ့သို့လန့် အော်သံကြောင့် သူတို့တစ်အိမ်လုံး နိုးရုံတင်မက အိမ်နီးချင်းများပါ နိုးလာကြလေသည်။ ထို့ကြောင့်လည်း အိမ်မီးများကို အကုန်ဖွင့်လိုက်လေတော့၏။ အိမ်နီးချင်းများကလည်း သွဲ့အိမ်သို့ ရောက်လာပြီး အကျိုးအကြောင်းကို မေးကြလေ၏။ သမီးဖြစ်သူ အငယ်မမှာလည်း လန့်သွားသဖြင့် သတိလစ်မလို ဖြစ်သွားလေရာ ထိုညက သမီးဖြစ်သူကို သူတို့လင်မယားကြား၌ သိပ်ရလေတော့သည်။

သူ၏ လက်ဖက်ရည်ဆိုင်မှာ မနက်လင်းသည်နှင့် ထိုသတင်းမှာ ဟိုးလေးတကျော်ကျော် ဖြစ်လေတော့သည်။ သည်ရက်ပိုင်းအတွင်း ရပ်ကွက်အတွင်း၌ ည,ည ခွေးများဆူဆူညံညံ အူနေကြကြောင်းသာ လူတွေက ပြောနေကြပြီ။ သူ့ဆိုင်ရှေ့၌ လူပုံသဏ္ဌာန် မည်းမည်းကြီး တွေ့နေရသဖြင့် အဘယ်ကြောင့်ဆိုသည်ကို မည်သူမျှ မပြောနိုင်သော်လည်း အိမ်နီးချင်းများက ခုရက်ပိုင်းအတွင်း၌ ည,ည တစ်ရေးနိုးချိန်တွင် ထိုလူပုံသဏ္ဌာန် မည်းမည်းကြီးကို သူ့အိမ်ရှေ့တည့်တည့်၌ ရပ်နေကြောင်း ပြောကြလေသည်။

မည်သူကပင် မည်သို့ပြောနေစေကာမူ ထိုနေ့က လက်ဖက်ရည်ကလေး ရောင်းလိုက်၊ လူရှင်းသည့်အခါ ရွာဘုံအဆောက်အအုံဆီ သွားကြည့်လိုက်နှင့် သူ့အတွက်တော့ အချိန်ကုန်၍ ကုန်မှန်းမသိ။ သူ့ ရွာဘုံအဆောက်အအုံဆောက်သည့် ထိုနှစ်က ထိုတောမြို့ကလေး၌ အလှူပွဲနှင့် မင်္ဂလာပွဲများ ပေါလေသည်။

အချိန်အားတိုင်းလည်း ပြက္ခဒိန်ကို လှန်ကြည့်ပြီး ကာလသားအဖွဲ့များ လိုက်ရမည့်ပွဲများကို ရေတွက်နေရသည်မှာလည်း သူမှာ မမောနိုင်။ ထိုကဲ့သို့ ရွာဘုံအဆောက်အအုံ ဆောက်လုပ်ရာတွင် ကာလသားလုပ်အားခ၊ စားပွဲ၊ ကုလားထိုင်ငှားခ၊ ပန်းကန်ခွက်ယောက်ငှားခ၊ မဏ္ဍပ်ငှားခ စသည့် ငွေကြေးတင်မကဘဲ အသလွတ်လှူဒါန်း (ထုံး၊ ဘိလပ်မြေ၊ သဲ၊ သွပ်၊ ငွေ)သူများလည်း ရှိလေသည်။

'ဒီကောင်ကွာ..ဒီရပ်ကွက် ကာလသားခေါင်းအလုပ်က တစ်သက်လုံး လုပ်ရမှာကျနေတာပဲ။ ဒီလိုအခိုင်အာ အဆောက်အအုံကြီး ဆောက်နေလိုက်တာ'

ရပ်ကွက်ထဲမှာ လူအချို့က ထိုကဲ့သို့ ပြစ်တင်ပြောကြပြန်သည်။ စိတ်ကူးသစ်၊ ခြေလှမ်းသစ်များနှင့် သမာန်ကျ လုပ်နည်းလုပ်ဟန်မှ လမ်းခွဲထွက်သောလူတိုင်း အတားအဆီးများ၊ ဝေဖန်ကန့်ကွက်သံများနှင့် ရင်ဆိုင်ရမည်။ ထိုအရာများကို မလွန်ဆန်နိုင်ပါက ရည်မှန်းချက်ပန်းတိုင်သို့ ရောက်နိုင်မည် မဟုတ်ကြောင်း သူသိလေ၏။

'ကျုပ်က ဒီအဆောက်အအုံ ပြီးစီးသွားရင် ဒီကာသားခေါင်းအလုပ်က ထွက်မှာ။ လက်ရှိရော၊ နောင်လာမယ့် ကာလသားတွေအတွက် ဒီအဆောက်အအုံကို မတည်ခဲ့တာပဲ။ ကျုပ်တို့ တောမြို့ကလေးမှာ ရပ်ကွက်(၅)ရပ်ကျော် ရှိတယ်။ ရပ်ကွက်တိုင်းလည်း ကာလသားအဖွဲ့ ရှိကြတယ်။ အခြား ရွာဘုံပစ္စည်းတွေလည်း ကျုပ်တို့အရပ်လို ရှိချင် ရှိမယ်။ ဒီလို ရွာဘုံအဆောက်အအုံနှင့် ရွာဘုံပစ္စည်းအားလုံး တစုတဝေးတည်းထားနိုင်တာ ကျုပ်တို့ တစ်ရပ်ကွက်တည်း ရှိတယ်ဆိုတာ ပြလိုက်တာပဲ။ ငှားချင်တဲ့ပစ္စည်းငှား တန်နေရာတည်းမှာပဲ လွယ်လွယ်ကူကူ ရနိုင်မယ်'

ရှေ့က လက်တွေ့အကောင်အထည်ဖော် လုပ်ပြတော့ နောက်က ကာလသားတွေကလည်း နိုင်ဝန်ကို ထမ်းကြသည်။ သို့သော်လည်း မကောင်းမြင်သူများကတော့ အကောင်းမမြင်ကြပေ။

မည်သို့ပင်ဖြစ်စေ သူ့အတွက် မဟုတ်၊ ရပ်ကွက်အတွက်ဖြစ်သည်။ သူတစ်ယောက်တည်း လုပ်သည်မဟုတ်၊ ရပ်မိရပ်ဖများနှင့် ကာလသားများပါ ပူးပေါင်းလုပ်ဆောင်ကြသော လုပ်ငန်းဖြစ်သဖြင့် သူ့ခြေလှမ်းများက တစ်လှမ်း ပြီးတစ်လှမ်း ရှေ့သို့သာ။

မြေကွက်လပ်အား အမှိုက်များရှင်းပြီး အဆောက်အအုံဆောက်သည့်နေ့နှင့် ဝင်းခတ်သည့်နေ့မှာ ရပ်ကွက်လုပ်အားကြောင့် တစ်ရက်တည်း ပြီးလေသည်။ သူက စိတ်မဝင်စားသော်လည်း ဒေနာရောဂါတစ်ခုကြောင့် မခံမရပ်နိုင်သည့် အရေအထားမှ ထွက်ပေါ်လာသော ညည်းတွားသံမှာ ထိုကဲ့သို့ ဝင်းခတ်ပြီး အဆောက်အအုံဆောက်ပြီးသည့် နောက်ရက် ညမှစ၍ သူ့အိမ်ရှေ့တွင် ကြားရခြင်း ဖြစ်လေ၏။

သည်လိုနှင့် (၃)ရက်မြောက်သောညသို့ ရောက်ခဲ့ပြီ။ ခါတိုင်းလိုပင် ဆိုင်ပိတ်ချိန်ပိတ်ပြီး သိမ်းစရာရှိသည်များကို သိမ်းကြလေ၏။ မိသားစုလက်ဖက်ရည်ဆိုင်ဖြစ်

www.burmeseclassic.com

၍ တစ်ယောက်တစ်လှည့် ကျောင်းသားလက် ဆိုသလိုပင် အချိန်အနည်းငယ်အတွင်း လုပ်ငန်းအားလုံး ပြီးဆုံးသွား လေတော့၏။

သည်နေ့ သည်ရက်မှာတော့ ကျသည့်အကြွေး ယနေ့ ရောင်းရသောငွေသည် မနက်ဖြန်အတွက် အရင်းဖြစ်သည် ကိုပင် တွက်မနေတော့ဘဲ ကာလသားခေါင်းစိတ်ဖြင့်သာ စိတ်ချလက်ချ သူအိပ်လေသည်။

သူက ဟုတ်ကဲ့ပါ၊ ကျူပ်လုပ်ပေးပါမယ်လို့ ဘယ် နှစ်ကြိမ်မြောက် ပြောမိမှန်းမသိ။ ဇနီးဖြစ်သူကလည်း ဘယ် သူက ဘာတွေလုပ်ခိုင်းလို့ ဘာတွေလုပ်ပေးမယ် ပြောနေ ဘာလဲဟု ဘယ်နှစ်ခါမေးမိမှန်း မသိသလို မေးသည်မှာ လည်း မေးစေ့ကိုကိုင်၍ လူပ်မေးသဖြင့် အကြိမ်ပေါင်း များစွာလူပ်သည်ကို မသိနိုင်တော့ပေ။

အချိန်အနည်းငယ်ကြာမှ သူ အိပ်ရာမှ ထထိုင်လေ သည်။ မျက်နှာနှင့် ခန္ဓာကိုယ်တစ်ခုလုံးလည်း ချွေးများဖြင့် သာ။ အသက်ရှူလည်း မြန်၍နေလေသည်။ မောနေမှန်းသိ၍ ဇနီးဖြစ်သူက ရေတစ်ခွက်ခပ်တိုက်ပြီး စိတ်အေးလက် အေးထားကာ ဘယ်လိုဖြစ်တာလဲဟု မေးယူရလေတော့၏။

'လူပုံသဏ္ဌာန် မည်းမည်းကြီးက ငါ့ကို အိပ်မက်ထဲမှာ ပြောတယ်။ ကျူပ်နေတဲ့ အမှိုက်ပုံကိုလည်း မီးနဲ့ရှို့ပစ်လိုက် ကြတယ်။ နောက်ပြီး အဲဒီမြေနေရာကိုလည်း ဝင်းခတ်ပစ် သေး။ ကျူပ်မှာ နေစရာမရှိလို့ လမ်းပေါ် လျှောက်သွားနေရ တယ်တဲ့။ ကျူပ် ဒီဘဝက ကျွတ်ချင်ပြီတဲ့။ ကျူပ်အတွက် ညှဉ်မှန်းပြီး ကောင်းမှုကုသိုလ်ပြုလုပ်ကာ အမျှဝေပေးပါတဲ့။ ဒါကြောင့် ငါလည်း သူ့ခိုင်းသလို လုပ်ပေးမယ်လို့ ပြန်ပြော နိုက်တယ်'

ထိုစကားကိုကြားမိမှ ဇနီးဖြစ်သူမှာ အိမ်နီးချင်းတွေ ပြောသော ည,ည ဆိုင်ရှေ့ လူပုံသဏ္ဌာန် မည်းမည်းကြီးနှင့် ချွေးများ ဆူဆူညည် အူသည်ဟူသော ပြောစကားများကို ပြန်လည်ကြားယောင် သတိရမိလေသည်။

သူ အိပ်မက်က လန့်နိုးချိန်မှာ ည(၂)နာရီခွဲလေပြီ။ ခင်၏ အိပ်မက်ယောင်သံ။ အိပ်မက်မှ လန့်နိုးချိန် ဖခင်နှင့် ခင်၏ စကားပြောသံများကြောင့် သားသမီးများပင် လန့် နိုးလာပြီး 'အဖေ့အမေ..ဘာဖြစ်ကြတာလဲ'ဟုပင် အိမ် အနီးပေါက်အဝသို့လာ၍ မေးမြန်းရသည့် အဆင့်သို့ပင် ရောက်ရှိသွားလေတော့၏။

သူသက်တမ်းတစ်လျှောက် ယခုကဲ့သို့ အဖြစ်အပျက်

မှာ ပထမဆုံးအကြိမ် ဖြစ်လေသည်။ အဖြစ်အပျက်များကို ပြန်စဉ်းစားကြည့်လိုက်တော့ ယုံရမလိုလို၊ မယုံရမလိုလို ဖြစ်နေပြန်သည်။ ဆောင်းတွင်းအိပ်မက် ကယောက်ကယက် ဟု ပြောရအောင်ကလည်း ယခုရာသီက နွေရာသီဖြစ်နေပြန် သည်။

အရင်ရက် ညက သမီးအငယ်မ လန့်၍သတိမေ့မလို ဖြစ်သွားသည်ကတစ်ကြောင်း၊ လက်ရှိဆောက်လုပ်နေသည့် ရွာဘုံအဆောက်အအုံကို အနှောင့်အယှက်များပေးမည်လား ဟူသော အတွေးကတစ်ကြောင်း စသည့်အကြောင်းများ ကြောင့် အိပ်မက်ပေးသည့်အတိုင်း ပြုလုပ်ပေးမည်ဟု သူ ဆုံးဖြတ်လိုက်လေတော့၏။

မိုးလင်းသည်နှင့် ခါတိုင်းလိုပင် လက်ဖက်ရည်ဆိုင် မှာ အဆင်သင့်ဖြစ်လေပြီ။ ဖြစ်နိုင်လျှင် မနက်ခင်းကတည်း က အိပ်မက်ကို အကောင်အထည်ဖော်ချင်သည်။ သို့သော် လည်း သူ့ဆိုင်က မနက်ခင်း၌ လူကျသည်။ နေ့ခင်းနှင့် ညနေပိုင်းက ခပ်ပါးပါးမျှသာ။

မနက်(၉)နာရီဝန်းကျင်မှာ သူ့ဆိုင်က လူကျဲစပြုလာ ပြီး ထိုအချိန်မှစ၍ ဇနီးဖြစ်သူက စျေးသွားပြီး လိုအပ်သည် များကို ဝယ်လေတော့သည်။

'တပည့်တော် ယခုဆောက်လက်စ ရွာဘုံအဆောက် အအုံကို အန္တရာယ်ကင်းပရိတ် ရွတ်ချင်လို့ ဒီနေ့ ညနေ(၄) နာရီ ရွာဘုံအဆောက်အအုံသို့ ကြွပါဘုရား'

သူက ထိုရပ်ကွက်အတွင်းရှိ ရွာဘုံအဆောက်အအုံနှင့် နီးသည့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်းမှ ကျောင်း

www.burmeseclassic.com

ထိုင် ဆရာတော်များကို ပင့်လျှောက်လေသည်။ အိပ်မက်ပေးသည့် အကြောင်းအရာများကိုလည်း ဘုန်းတော်ကြီးများကို လျှောက်ထားခဲ့လေ၏။ သည့်နောက် အိမ်နီးချင်းများကိုလည်း တရားနာဖိတ်ကြားလိုက်လေသည်။

နေ့ခင်းပိုင်းရောက်သည်နှင့် ကာလသားအချို့ကိုခေါ်ကာ ရွာဘုံအဆောက်အအုံသို့သွားသည်။ ရှင်းတန်သည်များကို ရှင်းသည်။ အနီးအနားရှိ အိမ်များမှ ခုံတန်းရှည်များ ငှားသည်။ ဘုန်းတော်ကြီးများ ထိုင်ရန်ဖြစ်သည်။ တရားနာ လာသူများအတွက် မြေကြီးပေါ်တွင် မိုးကာခင်းထားပေးလိုက်၏။

ညနေ(၃)နာရီခွဲတွင် ကန်တော့ပွဲများနှင့်အတူ တရားနာသူများပါ ရွာဘုံအဆောက်အအုံသို့ ရောက်ရှိနေကြပြီဖြစ်သည်။ (၄)နာရီထိုးရန် (၅)မိနစ်အလိုတွင် ဘုန်းတော်ကြီးများ ကြွလာလေတော့၏။

"ကဲ..ကဲ..ဒကာကြီး၊ လူစုံရင် ဝင်းအပြင်ဘက်ထွက်ပြီး မြင်အပ်,မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို တရားနာဖို့ ဖိတ်လိုက်တော့" ဟု ဘုန်းတော်ကြီးမှ မိန့်လေ၏။

"ဤရွာဘုံအဆောက်အအုံဝန်းကျင်ရှိ မြင်အပ်,မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့ခင်ဗျား..တရားနာရန်အတွက် ရွာဘုံအဆောက်အအုံအတွင်းသို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်ခင်ဗျား"

ဘုန်းတော်ကြီး မိန့်သည့်အတိုင်း သူက တရားနာဖိတ်ကြားပြီး ရောက်ရှိလာသူအားလုံး ဘုရား၊ တရား၊ သံဃာကို အာရုံပြုကာ ကန်တော့ကြလေတော့၏။

သည့်နောက် ဘုန်းတော်ကြီးမှ တရားနာသူများအား သီလဆောက်တည်ပေးပြီး ဇာတ်ဖွယ်ဝတ္ထုအစုစုအတွက် စက်သွန်းချကာ အမျှပေးဝေလိုက်တော့၏။ အမျှပေးဝေခြင်း သာဓုခေါ်ဆိုလိုက်ကြပြန်၏။ သည်နောက်တွင် ဘုန်းတော်ကြီးများ အန္တရာယ်ကင်းပရိတ် ရွတ်ဖွားနေချိန် ပန်းတိမ်မျိုး၏ ရနံ့တစ်မျိုး မွှေးကြိုင်သွားသည်ကိုတော့ တရားနာသူအားလုံး ရှုရှိုက်လိုက်ရသည်။ သို့သော်လည်း မည်သူမျှ ထုတ်ဖော်မပြောကြပေ။

ခိုင်မြဲအောင်(ခင်ဦး)

(ခင်ဦးမြို့၊ အောင်မင်္ဂလာရပ် ကာလသားများနှင့် ကာလသားခေါင်း ကိုမြင့်အေးအား ဤစာမူဖြင့် ဂုဏ်ပြုပါသည်။)

တောင်တွင်းကြီးမဟာတံခွန်

နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ (အကြံးအမြင်) ပညာရှင်

အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွတ်ဈေးဧရိယာ၊ တာဇွမ်မြို့နယ်၊ ရန်ကုန်မြို့။

☎ ၇၀၈၆၂၁ ၊ ၀၉ ၅၀ ၆၉၇၆၄ ၊ ☎ (၀၁) ၄၀၁၁၆၅

အဝိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရုံဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည်သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ လစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. စသည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရသူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြှင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာရလူခြောက်

မင်းသန့်ကျော်

(ဇီးကုန်း)

(၁)

လွန်ခဲ့သော အနှစ်(၂၀)ခန့်က ကျွန်ုပ်သည် ခဲ့ကိစ္စ ဆောင်ရွက်ရန်အတွက် ရန်ကုန်-ပြည် အခြံရထားဖြင့် ရန်ကုန်မြို့သို့ စီးနင်းလိုက်ပါ ခဲ့ရာ မျက်နှာချင်းဆိုင် ထိုင်ခုံမှ ဦးမောင်ထွေး ဆိုသူနှင့် စကားစမြည်ပြောရင်း ခင်မင်ရင်းနှီးခဲ့ပါသည်။

သူနှင့်ကျွန်ုပ်သည် ဘောလုံးပွဲများအကြောင်း၊ ရုပ်ရှင် အကြောင်း၊ စီးပွားရေး၊ လူမှုရေးအကြောင်းများကို ရောက် တတ်ရာရာ ပြောဆိုရင်း ဘယ်လိုကဘယ်လို စကားစပ်မိ သွားသည်မသိ၊ လူခြောက်အကြောင်းသို့ ရောက်ရှိသွားပါ သည်။

သူက ပြောရာတွင်-

'လူခြောက်ကလေးတွေဟာ ဆန်းကြယ်တယ်ဗျ။ မိဘ အကျိုးကိုလည်း ကျေးဇူးပြုတတ်တယ်'

'မိဘတွေကို ကျေးဇူးပြုတယ်ဆိုရာမှာ သူကိုယ်တိုင် က လူခြောက်ဖြစ်နေလို့ ဘာမှတတ်နိုင်မှာမဟုတ်ဘူး။ ကံ အကြောင်းကြောင့် လုပ်ငန်းတွေ အောင်မြင်တယ်။ စီးပွား တွေ တက်တယ်ပေါ့ဗျာ'

'မဟုတ်ဘူးဗျ၊ ကံလည်းကံပေါ့ဗျာ။ ကျွန်တော် တွေ့ ဖူးတဲ့ လူခြောက်က ထူးခြားတယ်'

'ပြောစမ်းပါဦးဗျာ။ ကျွန်တော်က ပင်စင်ယူပြီးရင် စာလေးဘာလေးရေးမယ် စိတ်ကူးထားတာ'

www.burmeseclassic.com

www.burmeseclassic.com

သူက စဉ်းစဉ်းစားစားဖြင့် ပြောလေသည်။

"ကျွန်တော့်အလုပ်က ကားမောင်းတဲ့အလုပ်ဗျ။ ရှေ့ဖြစ်ဟော ဆရာမကြီး ဒေါ်ပြည့်စုံတို့အိမ်ရဲ့ ခြေရင်းကပ်လျက်က ကျွန်တော့်အိမ်ပေါ့။ ဒေါ်ပြည့်စုံဆိုတာ အဲဒီ လူခြောက်ကလေးရဲ့ အမေလေ"

"အဲဒါနဲ့..."

"ကျွန်တော်တွေ့ဖူးတာ အဲဒီ ဒေါ်ပြည့်စုံရဲ့သား လူခြောက်ကလေးပဲ။ အိမ်ချင်းကပ်နေတာရယ်၊ သူတို့ကားကို အကြောင်းရှိရင် မောင်းပေးရတာရယ်ကြောင့် တချို့အတွင်းရေးတွေကို သိနေတယ်ပေါ့ဗျာ"

ကျွန်ုပ်က မှတ်စုစာအုပ်ကလေးကိုထုတ်ကာ ဦးမောင်ထွေး ပြောသမျှကို လိုက်လံရေးမှတ်နေလိုက်သည်။

"အဲဒီလူခြောက်က ရိုးရိုးမဟုတ်ဘူး။ ဂန္ဓိရလူခြောက်ဗျ"

ဦးမောင်ထွေး ပြောပြချက်များမှာ မယုံနိုင်လောက်အောင် ဆန်းကြယ်လှသဖြင့် ခံစားရေးဖွဲ့၍ စာဖတ်ပရိသတ်သို့ တင်ပြလိုက်ပါသည်။

(၂)

မြန်မာနိုင်ငံမြေလတ်ပိုင်းရှိ မြို့ကလေးတစ်မြို့တွင်ဖြစ်၏။ ကားစီးလာမည်ဆိုပါက ကားဂိတ်သို့ရောက်လျှင် ဆင်းး၍ အရှေ့ဘက်သို့ နာရီဝက်ခန့် လမ်းလျှောက်လာခဲ့ပါက ကားလမ်းဘေးတွင် အောက်တိုက်ခံအိမ်ကြီးတစ်အိမ်ကို တွေ့ရမည် ဖြစ်လေသည်။

အပေါ်ထပ်မှာ ပျဉ်များကာထား၍ ရေနံချေးဝအောင် သုတ်ထားသဖြင့် ခပ်မှိုင်းမှိုင်းအရောင်ရှိလေသည်။ ခြံကြီးတစ်ခုလုံးတွင် သရက်ပင်၊ ပိန္နဲပင်များ အုံ့ဆိုင်းနေသဖြင့် ခြံတစ်ခြံလုံးသည် မှောင်လျက်ရှိလေသည်။

ထိုခြံကြီးအဝင်ဝတွင် ဆိုင်းဘုတ်တစ်ခုကို ရေးသားထားလေသည်။

ဒေါ်ပြည့်စုံ
ရှေးဖြစ်ဟော ဗေဒင်ဆရာမကြီး
ဥပုသ်နေ့တိုင်း ပိတ်သည်။

ထိုဆိုင်းဘုတ်ကြီးကိုကျော်၍ အိမ်အတွင်း ဝင်လိုက်ပါက အောက်ထပ်တွင် ဆရာမကြီးဒေါ်ပြည့်စုံ ဟောခန်းဖွင့်ထားသောအခန်းသို့ရောက်လေသည်။ ဘုရားစင်သည် အပေါ်ထပ်တွင်ရှိပြီး ခြေရင်းခန်းသည် ဒေါ်ပြည့်စုံ၏အခန်းဖြစ်လေသည်။

အောက်ထပ်တွင် အခန်းနှစ်ခန်းကပ်လျက်တည်ရှိသော ဒေါ်ပြည့်စုံ၏ သားနှစ်ယောက်သည် တစ်ယောက်တစ်ခန်းစီ နေလေသည်။ သားအကြီး မောင်သစ္စာမှာ ခေါင်းရင်းခန်းတွင်နေပြီး သားအငယ် မောင်မေတ္တာမှာ ခြေရင်းခန်းတွင် နေလေသည်။

မောင်မေတ္တာအား ကိုယ်ဝန်ရှိချိန်တွင် ဒေါ်ပြည့်စုံသည် ထူးဆန်းသောအိပ်မက်ကို မြင်မက်လေသည်။ အိပ်မက်တွင် မြတ်စွာဘုရားသည် ကောင်းကင်မှ စွာန်ဖြင့် ကြွနေသည်ကို ဒေါ်ပြည့်စုံ ဖူးမြင်ရပြီး ဒေါ်ပြည့်စုံ၏ လက်တွင် ပန်းများကိုကိုင်ကာ ဘုရားအား ကပ်လှူရန် လက်နှစ်ဖက်ကို အပေါ်သို့ မြှောက်လိုက်ချိန်တွင် ပန်းများသည် ဒေါ်ပြည့်စုံလက်ထဲမှ ပျံထွက်သွားပြီး မြတ်စွာဘုရားရှင်ထံ ဦးတည်သွားကာ ဘုရားရှင်ထံ ရောက်သောအခါ ရွှေပန်းများအဖြစ် ပြောင်းလဲသွားပြီး မြတ်စွာဘုရားရှင်ထံတွင် ထိုရွှေပန်းခိုင်များသည် လေထဲ၌ဝဲလှည့်ကာ ဘုရားရှင်အား ပူဇော်နေကြောင်း ဒေါ်ပြည့်စုံ မြင်တွေ့ရလေသည်။

မောင်မေတ္တာအား မွေးဖွားချိန်တွင် အရပ်လက်သည်များနှင့် ကူညီပေးသော အမျိုးသမီးများမှာ အလွန်အံ့အားသင့်သွားကြလေသည်။ အဘယ်ကြောင့်ဆိုသော် မွေးလာသောကလေးမှာ လူခြောက်ကလေးဖြစ်နေသောကြောင့် ဖြစ်လေသည်။ သူ့အား မောင်သစ္စာ၏ညီ မောင်မေတ္တာဟု ခေါ်ရန် အမေဒေါ်ပြည့်စုံကိုယ်တိုင် နာမည်ပေးခဲ့လေသည်။

ကိုယ်ဝန်ရှိစဉ်က မက်ခဲ့သော အိပ်မက်အရ မောင်မေတ္တာသည် လူခြောက်ကလေးပင် ဖြစ်သော်ငြားလည်း တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဒေါ်ပြည့်စုံအား အကျိုးများစွာ လိမ့်မည်ဟု ဒေါ်ပြည့်စုံ ယုံကြည်လေသည်။

မောင်မေတ္တာအား မွေးဖွားပြီး (၂)နှစ်ခန့်အကြာတွင် ဒေါ်ပြည့်စုံ၏ခင်ပွန်း ဦးသူတော် ကွယ်လွန်သွားလေသည်။ ဒေါ်ပြည့်စုံတို့သည် ပထမတွင် စံပယ်မြို့ငှာ၌ နေထိုင်ကြပြီး မောင်မေတ္တာလေးအား မွေးဖွားပြီးချိန်မှစ၍ မြို့သို့ ပြောင်းရွှေ့နေထိုင်ကြခြင်း ဖြစ်လေသည်။

မောင်မေတ္တာ (၃)နှစ်သားအရွယ်ခန့် ရောက်သည့်တိုင် မကွေးမြို့တွင်နေသော ဒေါ်ပြည့်စုံ၏ မိခင်ကြီးသည် သားမှမွေးသော မြေးများကို ရှင်ပြုမည်ဖြစ်ကြောင်း သဖြင့် ဒေါ်ပြည့်စုံတို့သည် အိမ်ကိုသော့ခတ်ပိတ်ကာ ခရီးသို့ တစ်အိမ်သားလုံး သွားခဲ့ကြလေသည်။ မောင်သစ္စာ

www.burmeseclassic.com

ပြီးဖြစ်၍တစ်ကြောင်း၊ အိမ်တွင် ဒေါ်ပြည့်စုံ၏ အဖော်ဖြစ် ရပ်တည်နေရ၍တစ်ကြောင်း ရှင်ပြုရာတွင် ထည့်ခြင်းမပြုတော့ချေ။

မောင်မေတ္တာကိုကား ဖာအသစ်ကလေးတစ်လုံးတွင် ပါးကလေးများဖြင့် ပတ်၍ ခေါ်ဆောင်လာခဲ့ကြလေသည်။

ဒေါ်ပြည့်စုံတွင် ကားရှိသော်လည်း ကားမောင်းမည့်သူကို ခြေရင်းအိမ်မှ ဦးမောင်ထွေးအား ခေါ်ယူမောင်းစေခဲ့သည်။ သူတို့သည် ညနေပိုင်းတွင် အိမ်မှ ထွက်လာကြသည်နေ(၅)နာရီခန့် အောင်လံမြို့သို့ ရောက်လုနီးအချိန်တွင် ကားဘီးပေါက်လေသည်။

ဒရိုင်ဘာဦးမောင်ထွေးသည် ကားဘီးလဲလှယ်တပ်ဆင်ရန် ဆောင်ရွက်နေဆဲတွင် ဒေါ်ပြည့်စုံသည် အနီးအနားစိုက် လှည့်လည်ကြည့်ရှုရာ သူတို့နှင့် ခပ်လှမ်းလှမ်းရှိပင်ကြီးတစ်ပင်အောက်တွင် ထက်ဝယ်ဖွဲ့ခွေထိုင်နေသော ပိတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်တစ်ဦးကို မြင်တွေ့လေသည်။

ဒေါ်ပြည့်စုံသည် မောင်မေတ္တာကလေးကို ထည့်ထားသော ဖာကလေးအား ပိုက်ကာ အိမ်ဖော်မကလေးအား လိုသောမုန့်များကို ယူစေလျက် ပုဂ္ဂိုလ်ကြီးအား ကန်တော့ရန် သွားလေသည်။

ရောက်သောအခါ ဝတ်ဖြည့်လျက် ပါလာသောမုန့်များကို လှူဒါန်းပြီး ပုဂ္ဂိုလ်ကြီးရှေ့တွင် ငြိမ်သက်စွာထိုင်နေကြသည်။

ခဏကြာသော် ပုဂ္ဂိုလ်ကြီးသည် မျက်စိများဖွင့်ကြည့်ကာ ဒေါ်ပြည့်စုံတို့အား စကားပြောလေသည်။

ဒေါ်ပြည့်စုံသည် ဖာကလေးကို ဖွင့်ထားသဖြင့် လူခြောက်ကလေးအား ပုဂ္ဂိုလ်ကြီး မြင်သွားလေသည်။

'အင်း..တော်တော်ထူးခြားမယ့် လူခြောက်ကလေးပဲ။ ဘိုးတော်နဲ့တွေ့ရတာက ကံကောင်းတယ်သမီး။ ဘိုးတော်သူခြောက်ကလေးကို ဂါထာမန္တန်တွေနဲ့ သိဒ္ဓိတင်ပေးလိုက်မယ်။ အရွယ်ရောက်လာတဲ့အခါ သမီးတို့ကို တစ်စုံတစ်ရာ အကျိုးပြုပါလိမ့်မယ်'

ပုဂ္ဂိုလ်ကြီးသည် မောင်မေတ္တာ၏နဖူးအား ညာဘက်ဖြင့်ထိကာ နှုတ်မှ တစ်စုံတစ်ရာကို ရွတ်ဖတ်နေလေသည်။

ပြီးသော် မောင်မေတ္တာအား ဒေါ်ပြည့်စုံလက်ထဲသို့ ပြန်လည်ပေးအပ်လိုက်ပြီး-

'ကဲ..ကဲ..ခရီးဆက်ကြပေဦးတော့။ ဘိုးတော်တော့ အလုပ်စခန်းကလေး မပြီးသေးလို့ ဆက်လုပ်လိုက်ဦးမယ်'

ဘိုးတော်သည် ထိုသို့ပြောကာ မျက်စိကို မှိတ်လိုက်သဖြင့် ဒေါ်ပြည့်စုံတို့လည်း ဝတ်ဖြည့်ပြီး ကားဆီသို့ ပြန်ခဲ့ကြလေသည်။

ယခုအခါ မောင်သစ္စာမှာ အသက်(၁၈)နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်ပြီး (၁၀)တန်းကျောင်းသားဖြစ်နေလေပြီ။ မောင်မေတ္တာမှာ မောင်သစ္စာထက် (၂)နှစ်ငယ်သဖြင့် (၁၆) နှစ်သားအရွယ် ရောက်ရှိနေပြီဖြစ်လေသည်။

ဒေါ်ပြည့်စုံသည် သားနှစ်ယောက်အား အခန်းခွဲထားသော်လည်း အသုံးအဆောင်ပစ္စည်းတို့ကို အတူတူပင်ဆောင်ရွက်ပေးထားလေသည်။ ခုတင်၊ ခြင်ထောင်၊ မွေ့ရာ၊ ခေါင်းအုံးမှစ၍ အဝတ်ထည့်ရန် ဗီရိုအထိ အားလုံးအတူတူပင် ထားပေးလေသည်။

မောင်မေတ္တာမှာ ခုတင်ပေါ်တွင် ပက်လက်ကလေး အိပ်နေကာ စောင်ပါးပါးကလေးကို ခြုံထားလေသည်။ ခုတင်ခြေရင်းတွင် သားရေဖိနပ်တစ်ရန်ကို ချထားလေသည်။ ဒေါ်ပြည့်စုံသည် အနံ့အသက်များ ကင်းစင်စေရန် အတွက် ပေါင်ဒါ၊ ရေမွေးများ ဖျန်းပေးထားလေသည်။

တစ်နေ့သ၌ ဒေါ်ပြည့်စုံသည် ဈေးသို့သွားပြီး သားကြီးမောင်သစ္စာအတွက် ပုဆိုး၊ ရုပ်အင်္ကျီ၊ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီများ ဝယ်လာပေးလေသည်။ မောင်သစ္စာသည် အမေဝယ်လာသော ပစ္စည်းများကို ကိုင်ကြည့်ကာ အလွန်ပီတိဖြစ်နေလေသည်။

ညတွင် ဒေါ်ပြည့်စုံ အိပ်မက်,မက်လေသည်။

အိပ်မက်ထဲတွင် မောင်မေတ္တာက ဒေါ်ပြည့်စုံအား-

'အမေရယ်..နေ့ခင်းက ကိုကို့အတွက် ဝယ်လာတဲ့ အဝတ်အစားတွေ သား သိပ်ဝတ်ချင်တာပဲ။ သားကိုလည်း ဝယ်ပေးပါနော်။ သား အသက်လည်း (၁၆)နှစ်ရှိပြီ အမေ။ အဲဒီလိုလေးတွေ ဝတ်ချင်တယ်'

ဒေါ်ပြည့်စုံသည် သားလေးမောင်မေတ္တာ၏ အသက်ကို ယခုမှပင် သေသေချာချာတွက်စစ်မိတော့သည်။ သို့နှင့် သူမသည် ဈေးသို့ တစ်ခေါက်သွားကာ မောင်မေတ္တာအတွက် အဝတ်အစားများကို ဝယ်ယူကာ မောင်မေတ္တာအခန်းထဲတွင် အင်္ကျီချိတ်များဖြင့်ချိတ်ကာ ချိတ်ဆွဲထားပေးလေသည်။

www.burmeseclassic.com

ဒေါ်ပြည့်စုံသည် ညတွင် အိပ်မက်,မက်ပြန်လေသည်။

အိပ်မက်ထဲတွင် မောင်မေတ္တာက-

'မမေ..သားအတွက်ဝယ်လာတဲ့ အဝတ်အစားတွေ သား အရမ်းကြိုက်တာပဲ။ ဒါနဲ့ မမေမေကို ပြောရဦးမယ်။ သားအခန်းတံခါးကို အမြဲသော့ပိတ်မထားပါနဲ့ မမေရယ်။ သား မွန်းကြပ်နေလို့ပါ။ နေ့ခင်းဘက်တွေမှာ တံခါးကို သော့ပိတ်ချင် ပိတ်ထားပါ မမေရယ်။ ညမှာတော့ အခန်းကို သော့မခတ်ဘဲ တံခါးကို စေ့ရုံစေ့ထားပေးပါနော်'

ဒေါ်ပြည့်စုံသည် မောင်မေတ္တာ ပြောသည့်အတိုင်း အခန်းတံခါးကို နေ့ခင်းပိုင်းတွင် သော့ပိတ်ထားပြီး ညဘက်တွင် သော့မခတ်ဘဲ တံခါးအားဖွင့်ကာ စေ့ရုံစေ့ထားလေသည်။

နေ့ဘက်တွင် ဗေဒင်မေးရန် လာကြသူများ မရောက်လာမီတွင် ဒေါ်ပြည့်စုံသည် မောင်မေတ္တာအခန်းသို့ ဝင်ကြည့်လေ့ရှိ၏။ နောက်မှ မိမိ၏ဗေဒင်ဟောခန်းသို့လာကာ ဗေဒင် ဟောပြောလေ့ရှိ၏။ ဗေဒင်မေးမည့်သူများသည် တဖွဲဖွဲနှင့် အဆက်မပြတ်ရောက်လာလေ့ရှိသဖြင့် ဒေါ်ပြည့်စုံ မအားလပ်ပေ။ ထို့ကြောင့် မောင်မေတ္တာအခန်းသို့ နောက်တစ်ကြိမ် ဝင်မကြည့်နိုင်တော့ချေ။

ညဘက်တွင်မူ ဒေါ်ပြည့်စုံသည် အိပ်ရာသို့မဝင်မီ မောင်မေတ္တာအခန်းသို့ တစ်ခေါက်ဝင်ကြည့်လေ့ရှိလေသည်။ ပြီးမှ တံခါးစေ့ထားခဲ့ကာ အပေါ်ထပ်သို့ တက်လေ့ရှိလေသည်။

မောင်သစ္စာကား (၁၀)တန်းကျောင်းသား ဖြစ်နေ၍ ကျောင်းစာများဖြင့် အလုပ်ရှုပ်နေလေသည်။ မောင်မေတ္တာအခန်းသို့ အရောက်အပေါက်မရှိသလောက် ဖြစ်လေသည်။

တစ်နေ့တွင် ဒေါ်ပြည့်စုံသည် ဗေဒင်မေးမည့်သူများ မရောက်လာသေးမီ မောင်မေတ္တာအခန်းသို့ ဝင်ရောက်ခဲ့လေ၏။

မောင်မေတ္တာသည် ဒေါ်ပြည့်စုံ ထားသည့်အတိုင်း ခုတင်ပေါ်တွင် စောင်ပါးကလေးခြုံကာ အိပ်နေ၏။ ဒေါ်ပြည့်စုံ အခန်းတွင်းမှ ပြန်ထွက်မည်ပြုသည်တွင် ခြေထောက်ဖြင့် တစ်စုံတစ်ရာကို တိုက်မိသဖြင့် ငုံ့ကြည့်လိုက်ရာ ပိုက်ဆံများကို တွေ့ရလေသည်။

ပိုက်ဆံများမှာ တစ်သောင်းကျပ်နီးပါးရှိလျက် အသစ်များချည်းဖြစ်လေသည်။ ဒေါ်ပြည့်စုံသည် အလွန်အံ့အားသင့်လျက် မည်သူ၏ပိုက်ဆံများဖြစ်သည်ကို စဉ်းစားရကျပ်နေလေသည်။ ထို့နောက် ဒေါ်ပြည့်စုံသည် ပိုက်ဆံများ ရေတွက်ကာ နေ့စွဲနှင့်တကွ မှတ်သားလျက် ဆည်းထားလိုက်လေသည်။

သားမောင်သစ္စာအား ထိုပိုက်ဆံများနှင့်ပတ်သက်မေးကြည့်ရာ မောင်သစ္စာက ထိုပိုက်ဆံများသည် သူ့ပိုက်ဆံများ မဟုတ်ကြောင်းနှင့် မည်သူ၏ပိုက်ဆံများဖြစ်သည်ကို မသိကြောင်း ဖြေကြားလေသည်။

ဒေါ်ပြည့်စုံသည် ညတွင် အိပ်မက်,မက်ပြန်လေသည်။

'မမေမေတွေ့တဲ့ ပိုက်ဆံတွေဟာ သားရှာထားတာပါ။ သားလည်း အရွယ်ရောက်လာပြီ မမေရဲ့။ ဒါကြောင့် မမေမေ့ကို လုပ်ကျွေးချင်လို့ သား ညကရှာလာတဲ့ ပိုက်ဆံတွေပါ'

'သားရယ်..မမေလည်း အလုပ်လုပ်နေတာပဲ။ ငွေလည်း သင့်တင့်ပါတယ်ကွယ်။ သားရှာလာတဲ့ ပိုက်ဆံတွေဆိုတာ ဘယ်လိုနည်းနဲ့ ရလာမှန်းမသိလို့ မမေ မယူရစေနဲ့'

'မမေရယ်..,ယူထားလိုက်ပါ။ ဘာမှမဖြစ်စေရဘူး။ သားပြောတာကို ယုံပါ'

ဒေါ်ပြည့်စုံသည် အိပ်ရာမှ လန့်နိုးလာလေသည်။

'ဘုရား..ဘုရား..မောင်မေတ္တာ ဘာတွေလုပ်နေလိမ့်။ တကယ်တော့ သူဟာ လူခြောက်ကလေးပဲ။ ဘာလုပ်နိုင်တာမှတ်လို့။ အင်းလေ..ဒါပေမဲ့ သူငယ်ငယ်တုန်းကတော့ မကွေးကိုအသွားမှာ လမ်းမှာ ကားဘီးပေါက်နားတုန်း ဘိုးတော်တစ်ပါးနဲ့တွေ့ပြီး သူ့ကို ဂါထာမန္တန်တွေနဲ့ သိဒ္ဓိတင်ပေးလိုက်တာပဲ။ တစ်နေ့မှာ အကျိုးပြုမယ်လည်း မှာလိုက်တယ်။ စောင့်ကြည့်ရမှာပဲလေ။ ဒီကိစ္စကတော့ ပေါ့သေးသေးသဘောထားလို့ မရတော့ဘူး'

ဒေါ်ပြည့်စုံသည် နံနက် အလုပ်မစခင် မောင်မေတ္တာအခန်းတွင်းသို့ ဝင်ကြည့်ခြင်း၊ ဗေဒင်မေးသူများကို ပြောခြင်း စသောလုပ်ငန်းများကို နေ့စဉ် ပုံမှန်ဆောင်ရွက်နေလေသည်။

နောက်နေ့ရောက်သောအခါ ဒေါ်ပြည့်စုံသည် မောင်မေတ္တာအခန်းထဲသို့ ထုံးစံအတိုင်း ဝင်ရောက်ကြည့်ရှုခုတင်ခြေရင်းတွင် ပိုက်ဆံများစုပုံထားသည်ကို တွေ့ရလေသည်။ ရေတွက်ကြည့်သောအခါ (၁၂၀၀၀)ကျပ်ကျော်ရှိကြောင်း တွေ့ရှိရလေသည်။

ဒေါ်ပြည့်စုံသည် ခုတင်ပေါ်တွင်အိပ်နေသော

www.burmeseclassic.com

www.burmeseclassic.com

ဟောအား ကြည့်ကာ ပြောလိုက်သည်။

"သားလေးရယ်..သားလေး ပိုက်ဆံတွေကို ဘယ်က လာသလဲ မေမေ့ကို မှန်မှန်ပြောစမ်းပါ။ ဒီပိုက်ဆံတွေကို အပေါ်ပြောပြော ပိုင်ရှင်မသိအောင် ယူတာမို့ ခိုးတာပဲဖြစ်ရယ်။ ဒီလိုလုပ်တာကို ဘုရားလည်း မကြိုက်ဘူး။ မေမေလည်း မကြိုက်ဘူး။ နောက်မလုပ်ပါနဲ့ သားရယ်။ မေမေ့မှာ ဒုက္ခလိုပါဘူး"

ဒေါ်ပြည့်စုံသည် ထိုသို့ပြောကာ ပြန်ထွက်လာခဲ့သည်။ ညနေစောသောအခါ ဒေါ်ပြည့်စုံသည် အိပ်မက်,မက်ပြန်သည်။

အိပ်မက်ထဲတွင် မောင်မေတ္တာက-

"မေမေရယ်..သားက ပိုက်ဆံတွေကို ပိုင်ရှင်မသိအောင် ယူတာတော့ မှန်ပါတယ်။ ဒါပေမဲ့ သားတွေ့တာက အများကြီးပဲ။ ဒါပေမဲ့ သားက တွေ့တိုင်း အကုန်မယူပါဘူး။ သား နည်းနည်းပဲ ယူတာပါ။ ပိုက်ဆံတွေ လျော့နေရယ်၊ ပျောက်နေတယ်ဆိုတာကို ပိုင်ရှင်တွေ မသိနိုင်ပါဘူး။ ညဘက်တွေမှာ အဲဒီလို ခိုးကြောင်ခိုးဝှက်သွားရတာကို သား သိပ်သဘောကျတာပဲ"

ဒေါ်ပြည့်စုံသည် သားအား ပြောမရသည့်အဆုံး သူ ယူလာသည့် ပိုက်ဆံများကို နေ့စွဲနှင့်တကွ မှတ်သားကာ သိမ်းထားလိုက်လေသည်။

ဤသို့ဖြင့် မောင်မေတ္တာ ညတွင် ထွက်သွားလိုက် နေ့လာလျှင် ပါလာသည့်ပစ္စည်းနှင့် ငွေများကို ဒေါ်ပြည့်စုံက စာရင်းနှင့် မှတ်ထားလိုက်ဖြင့် အကြိမ်ကြိမ်ဖြစ်လေသည်။

ဒေါ်ပြည့်စုံသည် ယနေ့ညတွင် မောင်မေတ္တာ၏ အခန်းဝတွင်ထိုင်ကာ တစ်ညလုံး စောင့်ကြည့်မည်ဟု ဆုံးဖြတ်ထားလေသည်။ မောင်သစ္စာကား သူ့ကျောင်းစာများကို ကပ်ကာ စောစောပင် အိပ်ရာဝင်သွားလေသည်။

ဒေါ်ပြည့်စုံသည် ကော်ဖီတစ်ခွက်ကို ခါးခါးလေးဖျော်ကာ သောက်လိုက်ပြီး ည(၉)နာရီခန့်မှစ၍ မောင်မေတ္တာ၏ အခန်းဝ၌ ထိုင်ကာစောင့်လေသည်။ ကော်ဖီခါးခါးသောက်သားဖြင့် မအိပ်ချင်ပေ။

သို့သော် (၁၂)နာရီကျော်လာသောအခါ အိပ်ငိုက်လာသည်။ အိပ်မပျော်စေရန် စိတ်ကို တင်းထားရလေသည်။ ဤသို့ဖြင့် နံနက်(၂)နာရီထိုးခန့်တွင် ဒေါ်ပြည့်စုံသည် အိပ်ငိုက်လာကာ အိပ်မပျော်စေရန် စိတ်ကို တင်းထားပါသော်လည်း မည်သို့မျှ တင်းထား၍မရတော့ဘဲ အိပ်ပျော်မည်ကဲ့သို့ ဖြစ်သွားလေသည်။

ထိုစဉ် မောင်မေတ္တာ၏ အခန်းတံခါးသည် တဖြည်းဖြည်းပွင့်လာကာ အခန်းတွင်းမှ လူတစ်ယောက်ထွက်လာသကဲ့သို့ ခြေသံကို ကြားရ၏။ ထွက်လာသူမှာ အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးနှင့် အသားမှာ ချောကလက်ရောင်ပေါက်နေလေသည်။ ဂျင်းဘောင်းဘီနှင့် ဂျင်းအင်္ကျီကို ဝတ်ဆင်ထားပြီး ဦးထုပ်ဆောင်းထားလေသည်။

ဒေါ်ပြည့်စုံသည် အိပ်တစ်ဝက် နိုးတစ်ဝက် ပုံစံမျိုးဖြင့် ထွက်လာသူကို ဝိုးတိုးဝါးတားမြင်ရပြီး ထိုသူ အခန်းတွင်းမှ ထွက်လာကာ ပြတင်းပေါက်တစ်ပေါက်ဆီသို့ သွားနေသည်ကို ကြက်သေ,သေလျက် ကြောင်ပြီးကြည့်နေစဉ်မှာပင် ဒေါ်ပြည့်စုံသည် အိပ်ပျော်သွားလေသည်။

ဒေါ်ပြည့်စုံသည် မောင်မေတ္တာ၏ အခန်းဝတွင် အိပ်ပျော်သွားသည်မှာ နံနက်လင်းမှ နိုးလေတော့သည်။

ဒေါ်ပြည့်စုံသည် အိပ်ရာမှနိုးလျှင်နိုးချင်း ကပျာကသီထကာ အခန်းတွင်းသို့ ဝင်ကြည့်ရာ ခုတင်ပေါ်တွင် လူခြောက်ကလေး မောင်မေတ္တာသည် စောင်ပါးကလေးခြုံလျက် အိပ်ပျော်နေသည်ကို တွေ့ရလေသည်။

ခုတင်ခြေရင်းတွင်ကား ပိုက်ဆံနှင့် လက်ဝတ်လက်စားအချို့ကို တွေ့ရလေသည်။ ဒေါ်ပြည့်စုံသည် ထိုပိုက်ဆံနှင့် ရွှေများကိုယူကာ စာရင်းနှင့်တကွ မှတ်သားထားပြီး သိမ်းဆည်းထားလိုက်လေသည်။

ထို့နောက် ဒေါ်ပြည့်စုံသည် ဈေးသို့ ဈေးဝယ်သွားလေသည်။ ဈေးတွင် ဟင်းချက်စရာများဝယ်ပြီးနောက် ခရမ်းချဉ်သီးအချို့ဝယ်ရန် ဟင်းရွက်တန်းမှ မပေါက်စတို့ဆိုင်သို့ ထွက်လာခဲ့လေသည်။

ခရမ်းချဉ်သီးဝယ်နေစဉ် မပေါက်စသည် တစ်စုံတစ်ရာ ပြောစရာစကားရှိသကဲ့သို့ ဒေါ်ပြည့်စုံအား မငုံ့မရဲကြည့်နေလေသည်။

ဒေါ်ပြည့်စုံသည် ရှေးဖြစ်ဟော ဗေဒင်ဆရာမကြီးဝိဝိချက်ဆို နားခွက်က မီးတောက်ကာ မပေါက်စ၏အကြည့်ကို သိလိုက်၏။

"သမီး..အဒေါ်ကို ပြောစရာတစ်ခုခု ရှိတယ်မဟုတ်လား။ ပြောလေ သမီး"

"သမီး ပြောမယ့်သာ ပြောရတယ်၊ ဆရာမကြီးကို မပြောရဲပါဘူး။ ဒါကြောင့် အမှားအယွင်းပါရင် ခွင့်လွှတ်

www.burmeseclassic.com

ပါနော်"

"အိုကွယ်..ဒီလောက်တောင်းပန်စရာ မလိုပါဘူး။ ပြောစရာရှိတာ ရဲရဲသာပြောပါ"

"ညက (၂)နာရီလောက်မှာ သမီး မီးခွက်ဈေးကို ဈေးရောင်းရအောင် ဆရာမကြီးတို့လမ်းထဲက ဖြတ်လျှောက်လာပါတယ်။ ခါတိုင်းတော့ ဟိုဘက်လမ်းက လာတာပါ။ ညကတော့ ဆရာမကြီးတို့လမ်းထဲက လာခဲ့မိတယ်။ ကျွန်မတို့ ဆရာမကြီးအိမ်ရှေ့အရောက်မှာ လူတစ်ယောက် ပြတင်းပေါက်က ခုန်ချပြီး ခြံစည်းရိုးဆီလာပါတယ်။ ဒီနောက် ခြံစည်းရိုးကို ခုန်ကျော်ပြီး လမ်းဘက်ကိုခုန်ချပါတယ်။ ပြီးတော့ အမှောင်ထုထဲမှာ ပျောက်ကွယ်သွားပါတယ်"

"အို..ဟုတ်လား"

"ဟုတ်ပါတယ်ရှင်။ ပထမတော့ ကျွန်မလည်း သံသိုးတို့ဘာတို့ ထင်တာပေါ့။ နောက်မှ မောင်သစ္စာ ဖြစ်ချင်ဖြစ်နေမှာ။ သူလည်း လူငယ်တစ်ယောက်ပဲ ရည်းစားတွေဘာတွေနဲ့ သွားတွေ့တာလည်း ဖြစ်နိုင်တယ်လို့ တွေးမိပြီး ဘာမှမလုပ်တော့တာ။ ကျွန်မကိုလိုက်ပို့တဲ့ ကျွန်မယောကျ်ားလည်း မြင်ရတယ်ရှင့်"

ဒေါ်ပြည့်စုံသည် ညကအဖြစ်အပျက်ကို ပြန်တွေးလိုက်သောအခါ လူခြောက်ကလေးမောင်မေတ္တာ ဖြစ်လေမလားဟု စဉ်းစားမိ၏။

နောက်မှ-

"အေးလေ..မောင်သစ္စာ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သမီးရယ်..ဒီသတင်းကို ဘယ်သူမှ မပြောပါနဲ့ကွယ်။ ဒေါ်ဒေါ် တောင်းပန်ပါတယ်၊ ဟုတ်လား"

မောင်သစ္စာတွင် ရည်းစားမရှိသည်ကို ဒေါ်ပြည့်စုံသိသဖြင့် ညက မြင်လိုက်ရသူသည် အငယ်ကောင် မောင်မေတ္တာသာ ဖြစ်ရမည်ဟု ဆုံးဖြတ်ကာ ယနေ့ညတွင်လည်း ညကကဲ့သို့ အိပ်ရေးပျက်ခံကာ စောင့်ဦးမည်ဟု စဉ်းစားရင်း ဈေးမှ ပြန်လာခဲ့လေသည်။

ဒေါ်ပြည့်စုံသည် ထိုညတွင်လည်း ယခင်ညကကဲ့သို့ မောင်မေတ္တာ၏ အခန်းဝတွင် တစ်ညလုံး ထိုင်စောင့်လေ၏။ သို့သော် မိုးလင်းသွားသော်လည်း အခန်းတွင်းမှ မည်သူမျှ ထွက်လာသည်ကို မမြင်ရချေ။

နောက်ညများတွင် ဆက်စောင့်သော်လည်း အခန်းတွင်းမှ ထွက်လာသူကို မမြင်ရချေ။

ထို့ကြောင့် ဒေါ်ပြည့်စုံသည် အခန်းဝ၌ စောင့်ကြည့်ခြင်း အလုပ်ကို မလုပ်တော့ချေ။ ထုံးစံအတိုင်း အိပ်မြဲတိုင်း အိပ်လေ၏။

ညတွင် အိပ်မက်ပေးပြန်လေသည်။

"သားရှာထားတဲ့ ပစ္စည်းတွေကို မေမေမသုံးဘဲ သိမ်းထားတာ သားသိပါတယ်။ သားလည်း ဒီအလုပ် မကောင်းမှန်းသိလို့ မလုပ်ခဲ့တာ ကြာပါပြီ။ ဟိုရက်တွေတုန်းကတော့ မလုပ်ရမနေနိုင်လို့ပါ မေမေရယ်။ မကြာခင် သား ဒီအလုပ်ကို အပြီးအပိုင် စွန့်လွှတ်ပါတော့မယ်"

ဤသို့ဖြင့် တစ်ခုသော ကျောင်းပိတ်ရက်တွင် ကျောင်းမှ မောင်သစ္စာ၏ သူငယ်ချင်းများသည် မောင်သစ္စာအား လာလည်ကြလေသည်။

သူငယ်ချင်းများသည် မောင်သစ္စာနှင့်တွေ့ကာ ထွေလေးပါးစကားတွေပြောရင်း သူငယ်ချင်းသန်းထိုက်က-

"ဟေ့ကောင် သစ္စာ၊ ဟိုဘက်ခန်းက ဘာလုပ်တာလဲ"

မောင်မေတ္တာနေသည့်အခန်းကို မေးခြင်းဖြစ်သည်။

"ဩော်..အဲဒါ ငါ့ညီလေး မောင်မေတ္တာနေတဲ့ အခန်းပါ။ သူက လူခြောက်ကလေးလေ"

"ဟာ..တိုက်ဆိုင်လိုက်တာ။ ငါ့အဖေ မန္တလေးမှာ ပြန်လာတုန်းက ပြောဖူးတယ်။ သူမိတ်ဆွေတစ်ယောက်က လူခြောက်ဆိုတာ ကြားသာကြားဖူးပြီး မမြင်ဖူးလို့ လူခြောက် ရမယ်ဆိုရင် မြင်ဖူးအောင် ဝယ်ချင်တယ်လို့ ပြောတယ်"

မောင်သစ္စာသည် သူငယ်ချင်း၏စကားကိုကြားသောအခါ ဒေါသဖြစ်ကာ-

"ဟေ့ကောင် သန်းထိုက်၊ ဒါ ငါ့ညီကွ။ ရောင်းစားမဟုတ်ဘူး။ သူဟာသူ လူခြောက်ဖြစ်ရုံမကလို့ ဘာသာနေ,ဖြစ်နေ ငါမွေးထားရမှာပဲ"

သန်းထိုက်သည် မောင်သစ္စာအား တောင်းပန်သည့်အနေဖြင့်-

"ဆောရီးကွာ၊ ငါမှားသွားတယ်။ ငါ စကားပြောလောသွားတယ်။ မင်းညီကို ရောင်းရမယ်လို့ မဆိုလိုပါဘူး။ ငါကြားတဲ့ သတင်းကိုသာ ပြောတာပါ"

အတူပါလာသည့် မင်းမင်းက-

"ငါတော့ လူခြောက်ဆိုတာ မမြင်ဖူးဘူး၊ သိပ်မြင်ချင်တာပဲ။ ဟေ့ကောင် သစ္စာ၊ မင်းညီလေး ငါ့တို့ကိုပါကွာ။ ကြည့်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com

'အခန်းသော့က မမေ့ဆီမှာကွ။ ခုလို နေ့ခင်းဘက် ဆွမ် သော့ခတ်ထားတယ်။ ညကျရင် သော့မခတ်ဘဲ တံခါးကို စေ့ရုံစေ့ထားရတယ်ကွ'

မောင်သစ္စာသည် ဒေါ်ပြည့်စုံထံသွားကာ မောင်မေတ္တာ၏ အခန်းသော့ကိုတောင်းကာ တံခါးဖွင့်ပြီး သူ့သူငယ်ချင်းများကို အခန်းတွင်းသို့ ခေါ်သွားလေသည်။

သန်းထိုက်နှင့် မင်းမင်းတို့သည် မောင်မေတ္တာအား အံ့တဲတြဖြင့် ကြည့်ရှုကြလေသည်။

သန်းထိုက်က-

'လူခြောက်ရှိတဲ့အိမ်မှာ စီးပွားရေးအရမ်းတက်တယ်ဆိုပဲ။ လုပ်သမျှ ကိုင်သမျှ အားလုံးအဆင်ပြေတယ်တဲ့။ ဘို့အမေကြီး ပြောဖူးတယ်'

'ဟုတ်ချင် ဟုတ်မှာပေါ့ကွာ။ လူခြောက်ကတော့ ဘာမှ မတတ်နိုင်မှာမဟုတ်ဘူး။ စီးပွားရေးတွေက သူ့အလိုလိုကောင်းလာလို့ တိုးတက်တာနေမှာ'

သူငယ်ချင်းများသည် မိမိတို့ ထင်မြင်ယူဆချက်များကို တစ်ယောက်တစ်ပေါက် ပြောဆိုကြလေသည်။

နောက်ဥပုသ်နေ့ အလုပ်ခန်းပိတ်ရက်သို့ ရောက်သော အခါ ဒေါ်ပြည့်စုံ ခရီးထွက်ရန်ကိစ္စ ပေါ်လာလေသည်။

မကွေးမြို့တွင် သားထံ၌နေသော ဒေါ်ပြည့်စုံ၏မိခင်သည် နေမကောင်းကြောင်း၊ ဒေါ်ပြည့်စုံလာနိုင်လျှင် လာလိုကြောင်း လူကြုံတစ်ယောက်ကပြော၍ ဒေါ်ပြည့်စုံကွေးသို့သွားရန် စီစဉ်လေသည်။

ဒေါ်ပြည့်စုံတို့တွင် ကားဝယ်ထားသော်လည်း ဒရိုင်ဘာ မရှိသေးသဖြင့် ထုံးစံအတိုင်း ဘေးအိမ်မှ ဦးမောင်ထွေးအား မောင်းစေကာ မကွေးသို့ ထွက်ခွာလာကြလေသည်။

မောင်သစ္စာသည် ကားမောင်းတတ်သော်လည်း ဒေါ်ပြည့်စုံက အိမ်စောင့်ထားခဲ့သဖြင့် ခရီးတွင် မလိုက်ရချေ။ သို့အတွေ့ဒေါ်ကြီးကိုလည်း မောင်သစ္စာအတွက် ထမင်းချက်ရန် ထားခဲ့လေသည်။ မောင်မေတ္တာလေးအား ဂရုစိုက်ရန်တွက်လည်း ဒေါ်ပြည့်စုံသည် မောင်သစ္စာအား အတန်းကြားခဲ့လေသည်။ အခန်းသော့ကိုလည်း ပေးခဲ့လေသည်။

ဒေါ်ပြည့်စုံတို့သည် (၂)ညအိပ် (၃)ရက်ခရီးဖြစ်ရာ မောင်သစ္စာသည် ကျောင်းသို့ ခွင့်(၂)ရက် တိုင်ကြားရလေသည်။ မောင်သစ္စာသည် အိမ်လည်ခြင်းမရှိဘဲ အခန်းထဲကာ စာဖတ်နေလေသည်။

ဒေါ်ပြည့်စုံတို့ ပြန်ရောက်မည့်ရက်တွင် မောင်သစ္စာ၏ သူငယ်ချင်းများဖြစ်သော သန်းထိုက်နှင့် မင်းမင်းတို့သည် အလည်လာကြလေသည်။

'သူငယ်ချင်း..မင်း ကျောင်းမတက်လို့ နေမကောင်းဘူးထင်ပြီး တို့ လာကြည့်တာ'

'ငါ နေကောင်းပါတယ်ကွာ။ မေမေတို့ အညာကို ခရီးသွားလို့ ငါ့ကို အိမ်စောင့်ထားခဲ့လို့ အိမ်စောင့်နေရတာ။ ဒီနေ့ ပြန်လာမယ့်နေ့ပဲကွ'

သန်းထိုက်သည် ဟိုဟိုသည်သည် ကြည့်ကာ-

'ငါ ဟိုဘက်ခန်းက မင်းညီလေးဆီ ခဏသွားချင်တယ်ကွာ။ အခန်းသော့ မင်းမှာရှိရင် လိုက်ပို့ပါလား'

မောင်သစ္စာသည် အပန်းကြီးသည့်ကိစ္စ မဟုတ်သဖြင့် မောင်မေတ္တာ၏ အခန်းသော့ကိုဖွင့်ကာ သူငယ်ချင်းများအား အခန်းထဲသို့ ခေါ်သွားလေသည်။

သန်းထိုက်သည် အခန်းထဲ ရောက်သောအခါ မောင်မေတ္တာအနားသို့ တိုးကပ်သွားကာ အနီးကပ်ကြည့်ရှုရင်း မောင်မေတ္တာအား ကိုင်ကြည့်လျက်-

'ငါတော့ကွာ ဒီလူခြောက်ကလေးကို ယူသွားချင်နေပြီ။ အဖေကပြောတယ်။ လူခြောက်ရရင် ယူခဲ့တဲ့၊ ပိုက်ဆံအများကြီး ရမယ်တဲ့'

မောင်သစ္စာသည် စိတ်တိုသွားကာ-

'ဟေ့ကောင် သန်းထိုက်၊ မင်း ငါ့ညီကို ယူရဲယူကြည့်စမ်း။ မင်းတို့ ကြည့်ချင်တယ်ဆိုလို့ ငါက လိုက်ပြတာကောင်းကောင်းကြည့်ပြီး ပြန်ပေါ့ကွ'

မင်းမင်းက-

'ဟုတ်တယ် သန်းထိုက်၊ သူများပစ္စည်း မယူချင်ပါနဲ့ကွာ'

သန်းထိုက်က-

'ဟေ့ကောင် မင်းမင်း၊ မင်း သစ္စာမဖောက်နဲ့နော်။ ဖေဖေ့ရှေ့မှာတုန်းကတော့ ငါ လူခြောက်ကလေးကို အတင်းယူရင် ငါ့ဘက်က မင်းကူညီပါ့မယ်ဆိုကွ'

သန်းထိုက်က ပြောပြောဆိုဆို လူခြောက်ကလေး မောင်မေတ္တာအား ပွေ့ချီကာ အခန်းတွင်းမှ ပြေးထွက်သွားလေသည်။

မောင်သစ္စာသည် သန်းထိုက်နောက်သို့ ပြေးလိုက်သွားလေသည်။

မင်းမင်းသည် သန်းထိုက်အား ကူညီပါမည်ဟု ကတိ

www.burmeseclassic.com

ပြုထားသည်ကို သတိရကာ မောင်သစ္စာ ပြေးလာရာလမ်းမှ ခြေထိုးခံလိုက်လေသည်။

ထိုအချိန်တွင် ဧည့်သည်များအတွက် အအေးလာပို့သော အိမ်ဖော်အဒေါ်ကြီးသည် အခန်းဝသို့ ရောက်လာရာ မင်းမင်း ခြေထိုးခံလိုက်သဖြင့် မောင်သစ္စာသည် အဒေါ်ကြီးအား တိုက်မိကာ ဟတ်ထိုးလဲကျလေသည်။

အဒေါ်ကြီးလက်ထဲမှ လင်ပန်းသည် လွတ်ကျကာ အအေးဖန်ခွက်များ ကျကွဲကုန်လေသည်။

မောင်သစ္စာသည် လဲကျရာမှ ခြေထောက်နာသွားပြီး မထနိုင်သဖြင့် သန်းထိုက်နောက်သို့ ဆက်မလိုက်နိုင်ချေ။

"အဒေါ်ကြီး..အဒေါ်ကြီး၊ ဟိုကောင့်နောက်ကို လိုက်ပါ။ သူ့ဆီမှာ ညီလေးပါသွားတယ်"

"အဒေါ်ကြီးသည် သန်းထိုက်နောက်သို့ ပြေးလိုက်လေသည်။ အိမ်တံခါးဝသို့ သန်းထိုက် ရောက်သည့်အချိန်တွင် အိမ်ရှေ့တွင် အိမ်ပေါက်ဝကိုပိတ်၍ ကားတစ်စီးထိုးဆိုက်လာလေသည်။ ထိုကားသည် ဒေါ်ပြည့်စုံတို့ကားဖြစ်ပြီး မကွေးမှ ပြန်ရောက်လာခြင်း ဖြစ်လေသည်။

ဒေါ်ပြည့်စုံသည် ကားပေါ်မှ ကပျာကသီဆင်းရင်း-

"ဟင်..ဘာဖြစ်ကြတာလဲ အဒေါ်ကြီး။ သူက သားသူငယ်ချင်းပဲ။ မင်းလက်ထဲက ဘာလဲ"

ဒေါ်ပြည့်စုံသည် သန်းထိုက်လက်ထဲမှ မောင်မေတ္တာအား ဆွဲယူကာ ပွေ့ထားလိုက်လေသည်။

"ဟင်..ငါ့သား သစ္စာရော။ မင်းတို့ကွယ်၊ လုပ်ရက်ပါလေ။ ဒီလူခြောက်ကလေး ရတော့ကော မင်းတို့ ဘာဖြစ်သွားမှာလဲ။ ဘာအသုံးကျမှာမို့လဲ"

ထိုအချိန်တွင် မောင်သစ္စာမှာ လဲရာမှ ခြေထောက်ထော့နင်း၊ ထော့နင်းဖြင့် လျှောက်လာရင်း-

"သူ့ဘွေးတစ်ယောက်က လူခြောက် မမြင်ဖူးလို့တဲ့။ သူတို့ကို ငွေပေးပြီးယူခိုင်းတာ အမေ ကံကောင်းလို့ ညီလေးရောင်းစားခံရတော့မလို့"

ဒေါ်ပြည့်စုံသည် သန်းထိုက်နှင့် မင်းမင်းကို ကြည့်ကာ-

"ကဲ..ဒီတစ်ခါတော့ မင်းတို့က သားသူငယ်ချင်းတွေ ဖြစ်နေလို့ရယ်၊ လောဘဖောတက်ပြီး ငွေမျက်နှာတစ်ခုတည်းကိုကြည့်ပြီး မလုပ်သင့်တာကို လုပ်ခဲ့တဲ့ မင်းတို့ကို အဒေါ် ခွင့်လွှတ်လိုက်ပါမယ်။ ရဲတွေဘာတွေလည်း တိုင်မနေတော့ပါဘူး။ နောက်ကို သူတစ်ပါး အမြတ်တနိုးထားတဲ့ ပစ္စည်းကို မယူချင်ပါနဲ့"

"သားတို့မှားပါတယ် အဒေါ်ရယ်။ နောက်ကို ဒီအလုပ်မျိုး မလုပ်တော့ပါဘူး။ ခုဟာက ပိုက်ဆံရမယ်လို့ လောဘနောက် လိုက်မိတာပါ"

ညတွင် ဒေါ်ပြည့်စုံသည် အိပ်မက်,မက်ပြန်လေသည်။ အိပ်မက်ထဲတွင် မောင်မေတ္တာက ဒေါ်ပြည့်စုံအား

"မမေရယ်..သားတော့ ဟိုကောင်တွေ ရောင်းစား တာ ခံရပြီမှတ်နေတာ။ မမေ အချိန်မီပြန်ရောက်လာ တော်သေးတယ်နော်။ သားလည်း ခုဆို ညကို အပြင်မထွက် တော့ပါဘူး။ မမေမကြိုက်တဲ့ ဟိုအလုပ်တွေကိုလည်း လုံးဝစွန့်လွှတ်လိုက်ပါပြီ"

နောက်နေ့မှစ၍ ဒေါ်ပြည့်စုံသည် မောင်မေတ္တာအား ကို နေ့ရောညပါ သော့ခတ်ထားလိုက်လေသည်။ အကြောင်း ရှိမှသာ အခန်းတံခါးဖွင့်ကာ ဝင်လေသည်။

မောင်မေတ္တာယူလာသော ရွှေများကိုမူ သူတို့မြို့ တည်ထားသောဘုရား ဌာပနာတိုက်တွင် ထည့်သွင်း ဒါန်းလိုက်လေသည်။

ငွေများကိုမူ မိဘမဲ့ကလေးများအား သင်္ကန်းပရိက္ခာ အစုံအလင်ဖြင့် သာသနာ့ဘောင်သို့ သွတ်သွင်းသည့် အဒါနကို ပြုလုပ်လေသတည်း။

(၃)

ကျွန်ုပ်သည် ပင်စင်ယူပြီးသောအခါ မှတ်စုစာအုပ် မှတ်သားထားချက်များမှ ထုတ်နုတ်ကာ စာမူများရေး လေသည်။ ဂမ္ဘီရလူခြောက်စာမူကို ရေးသားပြီးသောအခါ စာမူပါ အချက်အလက်များကို အတည်ပြုရန်အတွက် ဒေါ်ပြည့်စုံတို့မြို့သို့ ကိုယ်တိုင်သွားရန်ဖြစ်သော်လည်း ထွန်းသည် လေငန်းရောဂါဖြစ်ပွားခံစားနေရသောကြောင့် မသွား နိုင်သဖြင့် တပည့်ကလေးတစ်ယောက်အား ဒေါ်ပြည့်စုံ မြို့သို့ စေလွှတ်လိုက်ပါသည်။

ကျွန်ုပ်တပည့်ကလေး ပြန်လည်ပြောပြချက်အရ ဒေါ်ပြည့်စုံမှာ ဗေဒင်ဟောခြင်းမပြုတော့ဘဲ လွန်ခဲ့သော(၅) ခန့်ကပင် ရန်ကုန်မြို့သို့ ပြောင်းရွှေ့သွားခဲ့ကြောင်းနှင့် ဒေါ်ပြည့်စုံ၏ကားကို မောင်းခဲ့သော ဒရိုင်ဘာဦးမောင်ထွန်း လွန်ခဲ့သောနှစ်က ကွယ်လွန်သွားပြီဖြစ်ကြောင်း သတင်း သာ ရရှိခဲ့ပါကြောင်း တင်ပြလိုက်ရပါသည်။

မင်းသန့်ဇော်(ဦးကျော်)

www.burmeseclassic.com

ညဘက်သည်ကား လွန်စွာနေလို့ကောင်း၊ အလုပ်လုပ်
လို့ ကောင်းလေ၏။ အထူးသဖြင့် စာဖတ်ခြင်းကို ညဘက်မှ
ပြုလုပ်လေ၏။ ကျွန်ုပ်သည်ကား စာဖတ်ထုံး၏
အင်မ်းမရ ဖတ်လေ၏။ ညဉ့်နက်သန်းခေါင်
တိုင်အောင်ပင် ဖတ်မှတ်လေ၏။

ယခုလည်း လွန်စွာစိတ်ဝင်စားဖွယ်
ကောင်းလှသော ဂမ္ဘီရဆန်ဆန် ဝတ္ထုတစ်အုပ်ကို
ဖတ်မှတ်နေလေ၏။ ပရလောကသားတစ်ဦး၏

ကိုယ်တော်သမ်းဝန်း ဝိညာဉ်ခန္ဓာ နာမ်စားပြု၍

နေ့ပူလို့ ညချမ်း တပေါင်းလသရမ်းဟူသော
အဆို စကားလိုပင် တပေါင်းနေသည် အတော်
ပူလှလေ၏။ နေ့လယ်နေ့ခင်း ဘာမှလုပ်၍မရ။
လူပ်လိုက်သည်နှင့် ချွေးတွေ တပြိုက်ပြိုက်
ထွက်လာ၏။ ကျွန်ုပ်ကလည်း ချွေးထွက် ချွေးသန်
လှသည်ဆိုတော့ တရွဲနစ်နစ်နှင့် အနေရခက်လှပေ၏။

ချွေးထွက်များမှ သွေးထွက်နည်းသည်ဟု ဆိုကြပေ
မယ့် ကျွန်ုပ်သည်ကား ချွေးထွက်များလျှင် မူးဝေတတ်လေ
၏။ အားကုန်သလိုလည်း နွမ်းချည့်၍လာတတ်၏။ သို့ဖြင့်
ရေနွေးကြမ်းကို အဆက်မပြတ် သောက်ရလေ၏။ တစ်ခါ,
တစ်ခါ ဓာတ်ဆားရည်ပင် သောက်ရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အကူအညီကို ရယူပြီး ကလဲ့စားလိုက်ချေသည့်ဇာတ်လမ်း ဖြစ်လေ၏။ ဇာတ်လမ်းတစ်ခုလုံးသည် သည်းထိတ်ရင်ဖို စရာ ကောင်းလှပေ၏။ ဖြစ်ရပ်ဆန်းတွေ ရောပြွမ်းပါနေ သဖြင့် လက်က မချချင်လောက်အောင် ဆွဲဆောင်နိုင်စွမ်း ရှိသော စာအုပ်ကောင်းတစ်အုပ် ဖြစ်လေ၏။

ကျွန်ုပ် စာဖတ်နေစဉ် ရုတ်တရက် ကျွန်ုပ်၏ တစ် ကိုယ်လုံးအား ရေခဲရေနှင့် ဖျန်းပက်လိုက်သလို လေအေး တစ်သိုက် က ဝင်ရောက်လာ၏။ ချမ်းစိမ့်စိမ့်ဖြစ်သွားပြီး ကြက်သီးမွေးညင်းပင် ထမိလေတော့၏။ နေပူသလို ညချမ်း သည့် တပေါင်းလပါတကား။

ကျွန်ုပ်သည် ဟင်းလင်းပွင့်နေသော ပြတင်းတံခါးကို ပိတ်ရန် ထလိုက်လေ၏။ ထိုစဉ် 'ကလင်..ကလင်' ဟု မှုန်သံ ကြားရလေ၏။

'ဟဲလို..အမိန့်ရှိပါခင်ဗျာ'

'တာလော့ကုန်းရဲစခန်းကပါလားရှင်'

'ဟုတ်ပါတယ်ခင်ဗျာ။ ဒုရဲအုပ်အောင်မြင့်ဆန်းပါ။ အများအကူအညီ..'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါရှင်။ ကျွန်..ကျွန်မကို ကယ် ပါ။ အို..မကယ်ပါနဲ့တော့ရှင်။ ကျွန်မ သေခဲ့ပြီးခဲ့ပါပြီရှင်'

'ဗျာ..ဘယ်လို..ဘယ်လို၊ ကျုပ်ကို နောက်ပြောင်နေ သလား'

ကျွန်ုပ်သည် ရုတ်တရက် ဒေါသထွက်သွားလေ၏။ ဆဲသံမာဖြင့်လည်း ပြောလိုက်မိချေ၏။

'ဘယ့်နယ် သေပြီးသူက ဖုန်းဆက်ရတယ်လို့ အရူး သား'

တစ်ဖက်မှ ငိုရှိုက်သံကြားနေရလေ၏။ ကျွန်ုပ်လည်း စိတ်ပျက်ပျက်ဖြင့် ဖုန်းကို ပွပ်ခနဲမြည်အောင်ပင် ချလိုက်မိ သေတော့၏။

စာဖတ်ချင်စိတ်ကား ကုန်သွားချေပြီ။ ကျွန်ုပ်၏ ဘဝ တစ်သက် ဤကဲ့သို့သော ဖုန်းသံမျိုး မကြားခဲ့ဖူးပါ။ လူ တစ်ယောက်က မဟုတ်တရုတ် ဇာတ်လမ်းထွင် နောက် ပြောင်ခြင်းလား။ ကျွန်ုပ် ဒီနယ်ပယ်သို့ ရောက်သည်မှာ ကြာသေးလေတော့ တမင်သက်သက် လုပ်လိုက်ခြင်းပေ သား။

♦ ♦ ♦

ကျွန်ုပ်သည် နယ်စပ်မြို့ကလေးရှိ တာလော့ကုန်း ရဲ စခန်းသို့ ရောက်လာခဲ့သည်မှာ (၁၅)ရက်ခန့်ပင် ရှိသေး၏။ မူးယစ်ဘာဝန်ဖြင့် ရောက်ခဲ့ခြင်းဖြစ်လေ၏။ ဤနယ်စပ်မြို့ လေးတွင် တစ်ဖက်နိုင်ငံနှင့် ဆက်နွယ်လုပ်ကိုင် ရောင်းဝယ် နေကြသော မူးယစ်ကုန်သွယ်မှုများကို ဖော်ထုတ်အရေးယူ ရန်ဘာဝနဲ့ဖြင့် ရောက်လာခဲ့ခြင်းဖြစ်လေ၏။ ကျွန်ုပ်သည် ကား ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းခံရပြီလား မသိ ချေတော့။

ကျွန်ုပ်အား ဖုန်းဆက်၍ နောက်ပြောင်သူသည်ကား အဘယ်သူနည်း။ အဘယ်ကပါနည်း။ အဘယ်ကြောင့်ပါ နည်း။ မည်သို့ဆိုစေ အနီပုဂ္ဂိုလ်ကိုကား ကျွန်ုပ်ဖော်ထုတ် ရမည်ဟု တေးမှတ်၍ ထားလိုက်ပါ၏။

နောက်တစ်နေ့ ညဆယ်နာရီခွဲခန့် ကျွန်ုပ် စာဖတ်နေ စဉ်အတွင်း မနေ့ကဖုန်းသံ ကြားရလေမည်လားဟု စိတ် အတွင်း ဖြစ်ပေါ်မိလေ၏။ ငံ့လည်းငံ့လင့်နေမိ၏။ ထိုစဉ် တိုက်ဆိုင်လွန်းလှသေး၏။

'ကလင်..ကလင်..ကလင်'

ဖုန်းမြည်သံ ကြားရလေ၏။

အံ့သြစွာဖြင့် ဖုန်းကို ကိုင်မိလေရာ-

'ကျွန်မ စခန်းမှူးကြီးကို နောက်ပြောင်ပြီး ပြောတာ မျိုး မဟုတ်ရပါဘူးရှင်။ ကျွန်မနာမည် မမျိုးမျိုးသွယ်ပါရှင်။ ပြီးခဲ့တဲ့ ရက်တစ်ပတ်ကျော်ကျော်က မယ်ဆိုင်ချောင်းနံဘေး မှာ အသတ်ခံခဲ့ရပါတယ်။ ကျွန်မရဲ့ ရုပ်အလောင်းဟာ ချောင်းနံဘေး လမုတောထဲမှာ ပစ်ထားတာမို့ ပုပ်ပွနေပါ ပြီ။

'ဗျာ..ဘယ်လို..ဟဲလို'

ရှိုက်သံတစ်ချက် ကြားလိုက်ရပြီး-

'ကျွန်..ကျွန်မကို သတ်တဲ့သူတွေက မောင်ရှမ်းနဲ့ လှတင်ပါ ဆရာ။ သူတို့ကိုဖမ်းပြီး စစ်ဆေးလိုက်ရင် အမှု ပေါ်မှာပါ ဆရာ'

'ခင်ဗျား..ဘယ်ကဆက်နေတာလဲ'

'ကျွန်မက သေပြီးသူဆိုတော့ ရုပ်ခန္ဓာမရှိတော့ဘူး ပေါ့နော်။ စိတ်ခန္ဓာလို့ပြောပြော ဝိညာဉ်ခန္ဓာလို့ပဲဆိုဆို အဲဒီ ခန္ဓာနဲ့ ကြုံရာနေရာက ဆက်သွယ်လိုက်တာပဲ ဆရာ'

ထို့နောက် ငိုရှိုက်သံထွက်ပေါ်လာပြီး တစ်ဖက်မှ ဖုန်း ချလိုက်လေ၏။

ကျွန်ုပ်သည် 'အဟတ်' ဟု အသံထွက်အောင် တစ် ချက်ရယ်လိုက်ပြီး တစ်ဆက်တည်းပင် လက်ပတ်နာရီမှ နာရီလက်တံတို့ကို ကြည့်လိုက်လေ၏။ ထို့နောက် ကျွန်ုပ်

www.burmeseclassic.com

လက်ချောင်းများသည် တယ်လီဖုန်းနံပါတ်များအပေါ် ပြေးလွှားစေလိုက်၏။ တယ်လီဖုန်းအော်ပရေတာရုံး ထိုမှတစ်ဆင့် တာလော့ဈေးရှိ စတိုးဆိုင်သို့ အချိတ်အဆက်မိလိုက်လေ၏။

'ညဆယ်နာရီခွဲလောက်က အမျိုးသမီးတစ်ယောက် ကျွန်တော့်ဆီ ဆက်တယ်။ အမျိုးသမီးပါ။ အဲဒါ ဘယ်သူလဲ၊ ဘယ်ကလဲဆိုတာ သိချင်ပါတယ်'

ကျွန်ုပ်အမည်နဲ့ စခန်းကိုပြောပြီး တာလော့ဈေးစတိုးဆိုင်ကို ဖုန်းနဲ့ မေးလိုက်လေတော့ ဆိုင်ရှင်က-

'ဟုတ်ကဲ့ပါရှင်၊ အမျိုးသမီးတစ်ဦး ကျွန်မတို့ဖုန်းနဲ့ လာဆက်ပါတယ်။ ဘယ်ကိုဆက်တာလဲတော့ မသိဘူးပေါ့နော်။ ငိုယိုပြီးတော့ ဆက်နေပါတယ်။ ဆံပင်ဖားလျားချထားတယ်။ မျက်နှာက ဖြူဖြဖြူရော်ရဲနဲ့ ပြောရရင် လူသေကောင်နဲ့ တူသလိုပဲ'

'ရော်..ခက်ချေပြီ။ မျက်နှာဖြူရော်ရော်၊ ဆံပင်ဖားလျားချ၊ လူသေကောင်မျက်နှာလိုတဲ့'

ထူးတော့ ထူးနေပြီတည်း။

ကျွန်ုပ်သည် အဆိုပါ တာလော့ဈေးရှိ စတိုးဆိုင်လေးသို့ ဥဒဟိုသွားလာနေမိချေ၏။ တစ်ကိုယ်ရေ စုံစမ်းမှုတွေလည်း ပြုနေလေ၏။

ဖုန်းဆက်သည့် အမျိုးသမီး၏ သဲလွန်စကား စုံးစုံးမြုပ်ပျောက်ကွယ်နေလေ၏။ မိမိထံသို့လည်း ဖုန်းမဆက်ချေတော့။

♦ ♦ ♦

'ဆရာ..မယ်ဆိုင်ချောင်းဘေး လမုတောထဲမှာ အမျိုးသမီးအလောင်း တွေ့တယ်ဆရာ။ မှတ်တမ်းမှတ်ရာတွေလည်း ယူလာခဲ့ပြီးပါပြီ'

ဟု တပည့်လေး မောင်သော်မှ ပြောလေရာ-

'အလောင်းကိုရော ဆေးရုံပို့ပြီး စစ်ချက်တွေယူဖို့ လုပ်ထားပြီးပြီလား'

'အားချင်းလုပ်ခိုင်းထားပါတယ် ဆရာ'

'ဒါဖြင့် သေသူအမျိုးသမီးရဲ့ နာမည်ကိုရော နေရပ်လိပ်စာရော တည်ဆောက်ထားချက်တွေ ငါ့ကိုပေး။ သေသူက မမျိုးမျိုးသွယ် ဟုတ်,မဟုတ် သိချင်လို့'

'ဗျာ..ဆရာ၊ ဆရာက ဘယ်လိုလုပ် ကြိုသိနေတာလဲ ဆရာ'

'ဟဲ..ဟဲ..ဟဲ..ငါက မင်းရဲ့ဆရာလေကွာ။ သိတယ် မဟုတ်လား'

ကျွန်ုပ်သည် တပည့်လေး မောင်သော်အား ရှင်းပြလည်း သူလည်း ဉာဏ်မမီနိုင်၊ ကိုယ့်အမူလည်း မလိုလား အပ်ဘဲ ကြန့်ကြာနေမည်စိုးသဖြင့် ဟန်ကိုယ့်ဖို့လုပ်ထားဖြေလိုက်လေ၏။

မည်သို့ဆိုစေ ကျွန်ုပ် မှန်းဆ၍ပြောလိုက်သော အချေရာ၊ နေရပ်တွေပါ မှန်နေလေရာ ကျွန်ုပ်ကိုယ်ပင် ကျွန်အံ့သြမိသော်ငြား-

'ကဲ..မောင်သော်ရေ၊ မောင်ရှမ်းနဲ့လှတင် ဘယ်ရှိတယ်၊ ဘယ်မှာနေတယ်၊ ဘာလုပ်နေတယ်ဆိုတာ စုံစမ်းကွာ။ ပိပိရိရိရှိစေနော်' ဟု အမိန့်ပေးစေခိုင်းလိုက်လေ၏။

ကျွန်ုပ်သည် တပည့်ဖြစ်သူ မောင်သော်အား စေခိုင်းလိုက်ပြီး အလောင်းတွေ့ရှိမှုကိစ္စပြီး အခြေအနေ၊ အမှုခိုင်မာစွာ တည်ဆောက်ပြီး အမှုပေါ်စေရေးအတွက် အချက်အလက်ဆုံး အကောင်အထည်ဖော်ပါမည့် အကြောင်းကိုလည်း အထက်သို့ အဆင့်ဆင့်တင်ပို့ အကြောင်းကြားလိုက်လေ၏။

တစ်နေ့သော ညနေချမ်းတွင် ကျွန်ုပ်သည် တပည့်ကျော်လေး မောင်သော်ကိုခေါ်ကာ စားသောက်ဆိုင်တစ်ဆိုင်သို့ သွားလေ၏။ စားသောက်ဆိုင်သည် မီးရောင်ပျပျစည်ကားနေလေ၏။ ရှမ်းသံဝဲဝဲနှင့် သီဆိုနေသော အမျိုးသမီးငယ်တစ်ဦး၏ မောင်ဟူသော သီချင်းတေးသံသည် လွှင့်ပျံလို့နေ၏။ အားပေးလက်ခုပ်သံများလည်း ဝေလျက် ရှိလေ၏။

ကျွန်ုပ်သည်ကား ကောင်တာရှိ လူငယ်လေးထံ အမှတ်မထင်သွားရောက်ပြီး လိုအပ်သည်များကို စုံစမ်းမြန်းလေ၏။

'သူတို့ ည(၁၂)နာရီလောက်မှာ ရောက်လိမ့်မယ်။ တစ်ဖက်ကမ်းကပစ္စည်းတွေ သယ်ယူဖို့ သွားနေကြတာ အဲဒါကို သိလိုက်ရတယ် ဆရာ' ဟု ပြောလေရာ ကျွန်ုပ်လည်း တပည့်လေး မောင်သော်အား မျက်ရိပ်မျက်ခြည်ပြလိုက်ပြီး တစ်နေရာသို့ စေလွှတ်လိုက်လေ၏။ မောင်သော်လေးသည်လည်း ကျွန်ုပ်၏အထာကို သိနေသည့်အတွက် လိုအပ်သည်များကို ပြင်ဆင်ကာ ထွက်သွားလေ၏။

ထို့နေ့ ညတွင် မောင်ရှမ်းနှင့် လှတင်တို့ နှစ်ယောက်အား ဖမ်းဆီးမိခဲ့လေတော့၏။

♦ ♦ ♦

www.burmeseclassic.com

'ကဲ..မောင်ရှမ်းနဲ့ လှတင်၊ မင်းတို့ကို ငါမေးမယ်။ နှစ်မှန်ကန်ကန်ပဲ ဖြေစေချင်တယ်ကွာ။ ဟုတ်လား'

ကျွန်ုပ်၏ ပြောပြချက်ကို သူတို့က တစ်ယောက်ကို တစ်ယောက် ကြည့်လိုက်ရင်း-

'မေးပါ ဆရာ' ဟု နှစ်ယောက်သား သံပြိုင်ထွက်ဆို ကြလေ၏။

'ဒီလိုကွာ..မင်းတို့ကို ငါဖမ်းတယ်ဆိုတာက မူးယစ်သုံးစွဲဖူးတာလောက်ပဲ။ မဆိုသလောက် မင်းတို့ဆီက မူးယစ်ဆေးပြားလေးတွေ မိခဲ့တာပါနော်။ အပြစ်ယူရင်လည်း သိထိထိရောက်ရောက်ရှိလှမယ် မထင်ပါဘူး'

ကျွန်ုပ်သည်ကား သူတို့၏ အကြောင်းခြင်းရာကို စုံစမ်းထောက်လှမ်း သိရှိထားပြီး ဖြစ်လေ၏။ သူတို့အား အချုပ်ထဲ ထည့်ထားသော်ငြား အကြောင်းကြောင်းဖြင့် သုတ်ယူမည့်သူ မရှိမဟုတ်၊ ရှိနေသည်ကိုလည်း သိထားနှင့်ပြီးပြီ ဖြစ်လေ၏။ သူတို့သည် မည်သူတို့နှင့်ပူးပေါင်း၍ ယုပ်ဆောင်နေကြသည်ကိုလည်း မှတ်တမ်းမှတ်ရာ အစုံအလင် ရှိထား၊ သိထားပြီး ဖြစ်လေ၏။

'ဒဲ့ပဲ ပြောမယ်ကွာ၊ မယ်ဆိုင်ချောင်းအနားက လမှာမှာ သေနေတဲ့အလောင်းနဲ့ မင်းတို့နဲ့ ပတ်သက်မှု ရှိ၊ မရှိဆိုတာ သိချင်တယ်။ မင်းတို့နဲ့ မပတ်သက်ဘူးဆိုရင်လည်း ဘယ်သူနဲ့ ပတ်သက်သလဲ။ အဲဒါပါပဲ။ မင်းတို့ကို ငါက အကူအညီတောင်းနေတဲ့သဘောပဲ မှတ်ယူထားစေချင်တယ်ကွာ။ ဟုတ်လား'

ကျွန်ုပ်၏ အမေးစကားကြောင့် ၄င်းတို့၏မျက်နှာသည် ကြက်ခနဲ ပျက်သွားကြလေ၏။ ပြီးနောက် တစ်ယောက်ကို တစ်ယောက် ကြည့်ကြပြန်လေ၏။ ကျွန်ုပ်လည်း မသိကျိုးကျန်ပြကာ ဆေးလိပ်ကို မီးညှိ၍ မင်သေသေဖြင့် သောက်နေလေ၏။

'ကျွန်..ကျွန်တော်တို့က ဘိန်းဖြူသုံးစွဲနေသူတွေပါဗျာ။ ဟုတ်စ်ယောက်ကိုသတ်ဖို့ ကျွန်တော်တို့မှာ လုံးဝသတ္တိမရှိပါဘူး ဆရာရယ်' ဟု မောင်ရှမ်းက ထစ်ငေါ့စွာ ပြောလေ၏။

လှတင်ကတော့ ခေါင်းငုံ့လျက်အနေအထား ရှိနေလေ၏။

'လှတင်..မင်းကရော ဘာများပြောချင်သေးသလဲ။ ပြောစရာရှိ ပြောနော်'

'ဗျာ..ကျွန်တော် အဲဒါတွေ ဘာမှမသိပါဘူး ဆရာ။ တကယ်ကို မသိ..မသိပါဘူး ဆရာရယ်'

လှတင်၏ အသံကား တုန်ယင်နေဟန် ရှိသော်ငြား ကျွန်ုပ်သည်ကား ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး-

'အေး..ငါလည်း မထင်ထားပါဘူးကွာ။ ငါစာဖတ်နေတုန်း ဖုန်းကနေ ပြောတယ်ကွ။ သေတဲ့သူဟာ ဝိညာဉ်ခန္ဓာနဲ့ ပြောတာ။ သူက မမျိုးမျိုးသွယ်တဲ့ကွာ။ ငါလည်း အတော်လေးကို ဖြိုသွားတယ်။ မင်းတို့ပဲ စဉ်းစားကြည့်လေ။ လူသေကြီးက ငါ့ကို ဖုန်းဆက်တယ်ဆိုတော့ ငါ မလန့်ဘဲ ရှိပါ့မလား။ ငါလည်း ကြောက်ကြောက်နဲ့ နားထောင်မိတယ်ကွာ။ သူက၊ အင်း..မမျိုးမျိုးသွယ်က ဘာပြောသလဲ သိလား။ သူ့ကို မင်းတို့နှစ်ယောက်က ပြီးခဲ့တဲ့ တစ်ပတ်ကျော်လောက်က သတ်ပစ်လိုက်တာပါတဲ့'

'ဗျာ..ဆရာ၊ မဖြစ်နိုင်ပါဘူး။ သေပြီးတဲ့သူက ဖုန်းဆက်တယ်ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး'

'အေး..ငါလည်း ဇဝေဇဝါပါပဲကွာ။ သူက စွပ်စွဲတာကို ပြောတာနော်။ ဖုန်းဆက်တာကလည်း တစ်ကြိမ်တည်း မဟုတ်ဘူး၊ နှစ်ကြိမ်တောင်ကွ'

'ဆရာရော ယုံရဲ့လား'

'ငါလား မယုံဘူး၊ လုံးဝမယုံဘူးကွ။ ငါက သိပ္ပံသမားလေ။ ဝိညာဉ်တို့၊ ပရလောကသားတို့ကို မယုံတတ်ဘူး။ ဒါပေမဲ့ နားနဲ့ ဆတ်ဆတ်ကြားရတော့ အံ့သြမှုတော့ ဖြစ်တာပေါ့ကွာ။ ငါ အခု စိတ်တွေလေးနေတယ်။ အဲဒီလို ဖြစ်တဲ့အခါမျိုးမှာ သူ့ဆီက ဖုန်းလာတတ်တယ်။ သူ ဖုန်းဆက်တဲ့ အချိန်က ညဆယ်နာရီခွဲလောက်ပါကွာ'

'တကယ်..တကယ်ပြောနေတာလား ဆရာ'

'ထားပါတော့ကွာ။ တကယ်လို့ ဒီည သူ့ဆီက ဖုန်းလာတယ်ဆိုရင် မင်းတို့ကို ခေါ်လိုက်မယ်။ ဟုတ်လား'

မောင်ရှမ်းနှင့် လှတင်တို့နှစ်ဦးသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြပြန်လေ၏။

ကျွန်ုပ်သည် ညဆယ်နာရီခွဲခန့်တွင် သူတို့နှစ်ယောက်အား ကျွန်ုပ်၏ အခန်းအတွင်းသို့ အချုပ်ခန်းဆီမှ ခေါ်ယူလိုက်လေ၏။

'ဘာရယ်မဟုတ်ပါဘူးကွာ၊ ငါလည်း ပျင်းပျင်းရိတာနဲ့ မင်းတို့နဲ့ စကားစမြည်ပြောရအောင်ရယ်၊ ဟိုသရဲမ..အင်းလေ..သေပြီးသွားတဲ့ မမျိုးမျိုးသွယ်ဆီက ဖုန်းဆက်မယ်ဆိုရင်လည်း မင်းတို့ သိရအောင်လို့ပါ'

'ဟုတ်..ဟုတ်ကဲ့ပါ ဆရာ'

www.burmeseclassic.com

ထိုစဉ် 'ကလင်...ကလင်' ဟု ဖုန်းသံမြည်လာလေ၏။

'ကဲ..မောင်ရှမ်း၊ မင်းပဲ ကိုင်လိုက်ကွာ။ မမျိုးမျိုး သွယ်ဆီက မဟုတ်ရင် ငါ့ကိုပေး။ ဟုတ်လား'

မောင်ရှမ်းသည် သွေးဆုတ်သွားသလိုမျက်နှာဖြင့် ဖုန်းကို ကိုင်လိုက်လေ၏။

ထို့နောက် တုန်ယင်သော အသံဖြင့်-

'ဘာတွေလာပြောနေတာလဲ။ နင့်ကို ငါမသတ်ဘူး။ ငါ နင့်ကို မသတ်ဘူး'

မောင်ရှမ်းသည် ထိတ်ထိတ်ပြာပြာနှင့်ပြောရင်း ကျွန်ုပ်အား ငဲ့စောင်းကြည့်လေ၏။

'ဘာ..နင်က ငါ့ကို လာသတ်မယ်၊ ဟုတ်လား။ နင်က ဘယ်လိုလာသတ်မှာလဲ။ အဓိပ္ပာယ်မရှိတာ လာပြောမနေနဲ့။ နင်က သေပြီးတဲ့သူလေ'

'... ...'

'ဘာ..ငပြူးက ပြန်ပြဲရတယ်ရှိသေး။ နင် ငါတို့ကို သတ်သွားတယ်မဟုတ်လား။ ပစ္စည်းတွေရော၊ ရွှေတွေရော ဘယ်မှာလဲ။ ပြောစမ်း'

'... ...'

'ဟေ့..ငါ မသိဘူး၊ ဘာမှမသိဘူး။ နင့်ကိုလည်း မသိဘူးဆိုနေ'

'... ...'

'လာမယ် ဟုတ်လား။ ဒီည ငါတို့ဆီ လာမယ်ပေါ့ ဟုတ်လား။ နင်..နင် လာရဲလာကြည့်၊ နင် နှစ်ခါပြန်သေစေရမယ်နော်'

မောင်ရှမ်းတစ်ကိုယ်လုံး ဖုန်းပြောရင်းက ချွေးတွေရွှဲနစ်နေလေ၏။ စကားတွေကလည်း ရှေ့သွားနောက်လိုက် မညီချေတော့။

ကျွန်ုပ်လည်း သူ့အား မသိကျိုးကျွန်ပြုလျက်ကပင်-

'ဘာတွေပြောနေတာလဲ မောင်ရှမ်း၊ မင်းကလည်း ဒေါသကြီးပါဘိသနဲ့။ ဘာတဲ့၊ ကြားလိုက်ရပါတယ်။ သူက ဒီည လာပြီး မင်းတို့ကိုသတ်မယ် ဟုတ်လား'

'ဟုတ်..ဟုတ်တယ် ဆရာရယ်။ သူက ကျွန်တော်တို့ကို လာသတ်မယ်တဲ့။ မဖြစ်နိုင်တာ။ သူက သေပြီးနေပြီလေ'

'ထားပါတော့ကွာ။ တကယ်လို့ သူလာရင် ဘယ့်နယ်လုပ်မလဲ။ တကယ်လာရင် ငါလည်း မနေရဲဘူး။ ငါက ဘယ်သူကိုမှ မကြောက်ပေမယ့် အင်း..သရဲတော့ကြောက်တယ်ကွ။ အဲဒါ အမှန်ပြောတာ'

ကျွန်ုပ်သည် တုန်ယင်သောအသံဖြင့် ပြောလိုက်လေ၏။ ထို့နောက် သူတို့အား အမှတ်မထင်ငဲ့စောင်းကြည့်လိုက်လေရာ သူတို့မှာ နေစရာပင် မရှိလောက်အောင် ဖြစ်နေလေ၏။

ထိုစဉ် လေတိုက်သံများ တရှဲရှဲမြည်လာလေ၏။ တင်းတံခါးရွက်များ လူပ်ခတ်၍နေလေ၏။ တစ်ဆက်တည်းပင် ခွေးအူသံများ ပေါ်လာလေ၏။ ခွေးအူသံတို့သည် သရဲတစ္ဆေများကို တွေ့မြင်၍ အူနေသံများနှင့် တူလွန်းလေ၏။

မောင်ရှမ်းနှင့် လှတင်တို့သည် ဝန်းကျင်တစ်ဝိုက်ကို ကြိုးကြည့်ကြောင်ကြည့် ဖြစ်နေကြလေ၏။

'ဆရာ..ဆရာ၊ သူ..သူ လာနေပြီ ဆရာ'

မောင်ရှမ်း ညွှန်ပြရာ ပြတင်းသို့ ကျွန်ုပ် အလိုက်သင့်ကြည့်မိလေ၏။

'မောင်..မောင်ရှမ်း၊ ဘယ်သူကိုမှ မတွေ့မမြင်ရပါဘူးကွာ။ မင်း..မင်း..စိတ်ထင်ရာစိုင်းပြီး စွတ်မပြောနေစမ်းပါနဲ့'

'ဟို..ဟိုမှာ ဆရာရဲ့၊ ဆံပင်ဖားလျားကြီးနဲ့။ ဟော့..ဟော့..နင်မလာနဲ့၊ မလာနဲ့နော်။ လာရင် သတ်ပစ်လိုက်မယ်။ ဘာလဲ၊ နှစ်ခါပြန်သေချင်လို့လား'

'ကဲပါ မောင်ရှမ်းရယ်၊ စိတ်လျှော့လိုက်စမ်းပါတော့။ မင်းတို့က သူ့ကို ဘယ်နှစ်ခါတောင် သတ်ဦးမလို့လဲ။ ထားပါတော့ကွာ'

ကျွန်ုပ်သည် မောင်ရှမ်းအား ပြောဆိုလိုက်ပြီး လက်ခုပ်နှစ်ချက် တီးလိုက်လေ၏။

ဆံပင်ဖားလျားချထားသော ရှမ်းတရုတ်အမျိုးအနွယ်ဝင် အမျိုးသမီးတစ်ယောက်နှင့်အတူ တပည့်လေး မောသော်အပါအဝင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးတို့ ဝင်ရောက်လာလေ၏။

'ဟင်..နင်..နင် တကယ်မသေဘူး၊ ဟုတ်လား'

မောင်ရှမ်းက တအံ့တသြဖြင့် မေးလေရာ ကျွန်ုပ်မှ မောင်ရှမ်းအား အေးအေးဆေးဆေးနေရန် လက်ဖြင့်ပြလိုက်ပြီး အသံဖမ်းစက်ကို ပိတ်လိုက်လေတော့၏။

'ကဲ..မောင်ရှမ်းနဲ့ လှတင်၊ မင်းတို့ ဇာတ်ရည်ဇာတ်ခင်းအောင် ငါပြောပြမယ်။ နားထောင်ပေရော့'ဟု ဆိုကာ

www.burmeseclassic.com

www.burmeseclassic.com

ဘာတစ်စုံခင်းပြရလေတော့၏။

"မောင်ရှမ်းနဲ့တင်လှ..နားထောင်၊ မင်းတို့ဟာ ဘိန်းဖြူရဲ့ကျေးကျွန်တွေ ဖြစ်နေပြီ။ ဘိန်းစား၊ ဘိန်းရှူဖို့အတွက် ကလွဲလို့ ဘာမှမသိတော့ဘူး။ မင်းတို့ ဆရာကြီးတွေ ခိုင်းတိုင်း ဘိန်းဖြူရှူရ၊ သောက်ရတယ်ပေါ့လေ။

ဘိန်းဖြူသံသရာထဲမှာမျောရင်း လမ်းဘေးမှာ မရှုမလှ သေခဲ့ရတဲ့ မောင်လေးတစ်ယောက်ရဲ့အဖြစ်ကို ရင်ထုမနာ ဖြစ်ပြီး ဘိန်းဖြူ ရောင်းသူ၊ ဝယ်သူ၊ သောက်သုံးသူတွေကို မျိုးမျိုးသွယ်က သက်ဆိုင်ရာတွေဆီကို လှုံ့ဆော်အသိပေးတယ်။ မင်းတို့ဝှက်ထားတဲ့ ဘိန်းဖြူတချို့နဲ့ ငွေတွေရယ်၊ ရွှေချောင်းတချို့ရယ်ကို မမျိုးမျိုးသွယ်က သိထားလို့ အဲဒါတွေကိုယူပြီး သက်ဆိုင်ရာကို ပို့တယ်။ မင်းတို့ကလည်း အဲဒီဖြစ်စဉ်ကိုသိတော့ မမျိုးမျိုးသွယ်ကို လိုက်သတ်တယ်။ ဒါပေမဲ့ မင်းတို့သတ်တာ မမျိုးမျိုးသွယ် မဟုတ်ဘူး။ သူရဲ့အမြွာညီမ မမျိုးမျိုးနွယ် ဖြစ်ခဲ့တာယ်။ လူမှားသတ်လိုက်တာယ်ပေါ့ကွာ။ မမျိုးမျိုးသွယ်ကလည်း မင်းတို့ရန်ကို ကြောက်ပြီး ပုန်းအောင်းနေရတယ်။ ပြီးတော့ ညီမဖြစ်သူအတွက် လက်စားချေဖို့ ကြံတယ်။ နောက်ဆုံး သူကိုယ်သူ ဝိညာဉ်တစ်ကောင်လိုဖန်တီး၊ ငါနဲ့ အဆက်အသွယ်လုပ်တိုင်တန်းခဲ့တာပါပဲ။

မင်းတို့ရဲ့ ဆရာကြီးတွေရော ပစ္စည်းတွေပါ ဖမ်းမိသိမ်းမိပြီးပါပြီလေ။ ကဲကွာ..ငါပြောတာကို မင်းတို့ ဘာများ ချေပပြောချင်သလဲ။ ပြောကွာ..ပြော"

ကျွန်ုပ်ပြောသမျှကို မောင်ရှမ်းနှင့် လှတင်တို့သည် မည်သို့မျှ ဝင်ရောက်ပြောဆိုခြင်း မပြုကြတော့ဘဲ ခေါင်းငိုက်စိုက်ကျနေလေပြီ။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်း မဟုတ်ပါလော။

မမျိုးမျိုးသွယ်၏ ငိုရိုက်သံကား ရဲစခန်းတစ်ခုလုံး လွှင့်ပျံလို့နေလေ၏။ ငိုနေခြင်းသည် သူမ၏ မောင်လေး အတွက်လား၊ အမြွာညီမ မမျိုးမျိုးနွယ်အတွက်လား၊ သို့တည်းမဟုတ် သူမောင်လေးနှင့် ညီမလေးတို့ နှစ်ယောက်လုံးအတွက် လက်စားချေခွင့်ရ၍လား၊ ဘိန်းဖြူနှင့် လူသတ်မှုကို သူမ၏ စွမ်းပကားဖြင့် ဖော်ထုတ်နိုင်ခွင့် ရခဲ့ခြင်းကြောင့်ပေလား။ လားပေါင်းများစွာဖြင့် စိတ်အတွင်းဝယ် မေးခွန်းများ ထုတ်မိပါလေတော့သတည်း။

ကိုမောင်သန်းဝင်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

ဒေအောင်ကောင်းမြ(သာကေတ)

ကြေတိုင်းဒေသာင် ဗဟင်ဗဟာခန်းနှင့် နဝင်းယဘြောစာတ်နန်းမှ (၇)နေ့သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အတိုက်အစံ ရန်အနှောက်အယှက် ကိစ္စအဝဝအတွက် အစွမ်းထက် နဝင်းစာတ်ယဘြော၊ ကံပွင့်လာဘ်ပွင့်၊ အန္တရာယ်တင်း အစီအရင်များ၊ (လက္ခဏာစစ်ဆေး၊ ဆီဂဏန်းဇွေး၊ အကျိုးပေးအဆောင်နှင့် အလုပ်၊ ဆိုင်လုပ်ငန်း၊ တရေးအမည်ပေးခြင်း) တစ်နှစ်တာ ဆောင်ရန်၊ ဧရှာင်ရန် ဗဟာစာတမ်းရေးပေးခြင်းတို့ကို အထူးဆောင်ရွက်ပေးပါသည်။ နယ်မှ ဗဟာစာတမ်းမှာပါက ဥာဏ်မူစက်စ (၁၈၀၀)ကျပ် ကြိုတင်ပေးပို့ပါ။

ဒေဟာခန်းလိပ်စာ – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

• ၀၉ ၄၂၀၀ ၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် – ၃၅၊ ၆၅၊ ၃၂၊ ရွှေညောင်သည်(၂)၊ ၄၈၊ ၁၇ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၉၊ ဟားမွေ-ကျောက်တန်း ကားများစီး ၈ ဂိတ်မှတ်တိုင်ဆင်း၊ ၃၄၊ ၆၂ စီး ဓမ္မာရုံမှတ်တိုင်ဆင်းပါ။

နေ့စဉ် - နံနက်(၈)နာရီမှ (၂)နာရီအထိ (ဗုဒ္ဓဟူးနေ့တိုင်း နားသည်)

www.burmeseclassic.com

www.burmeseclassic.com

ခက်တယ်။ အန္တရာယ်ရှိတယ်ဆိုတဲ့ ကိစ္စတွေထဲမှာ လှေအဆင်း မြင်းအတက်ဆိုတဲ့ ကိစ္စလည်း ပါတယ်။ ဒီနေ့ လူမှုနယ်ပယ်မှာ ခက်လည်းခက်၊ အန္တရာယ်လည်းရှိတဲ့ ကိစ္စမျိုး ကြုံလာရင် ပမာပြု တင်စားပြောကြဆိုကြတဲ့အခါ အထူးတလည်ပမာပြု ပြောကြဆိုကြလေ့ရှိတယ်။ အဲဒီစကားကတော့ လှေအဆင်း မြင်းအတက် ဆိုတဲ့ စကားပဲ။ ဒီပမာပြုပြောတဲ့စကားကို လူအများစုက ဘယ်လိုနားလည်ကြ သလဲဆိုရင် လှေဆိပ်ရောက် လှေကမ်းကပ်တဲ့အခါမှာဖြစ်ဖြစ်၊ လှေဆိပ် မရောက်ခင် အကြောင်းတစ်ခုခုကြောင့် လက်ရှိစီးလာတဲ့ လှေပေါ်က အခြားလှေတစ်စင်းစင်းပေါ် ပြောင်းဆင်းပြောင်း တက်လုပ်တဲ့အခါ အလွန်သတိထားရပါတယ်။ အမှုမဲ့ အမှတ်မဲ့ လုပ်လို့မရဘူး။ လုပ် လို့ကတော့ လှေပေါ်က တလိမ့် ခေါက်ကွေး ရေထဲကျမှာ သေ ချာပါတယ်။ ဒါကြောင့် ရှေးရှေး က ပညာရှိလူကြီးသူမတွေက အများ သူငှာ သိရှိသတိထားကြ

ဝင်းသောင်
(ရမည်းသင်း)

အမှတ်တမဲ့

www.burmeseclassic.com

www.burmeseclassic.com



ခို့ တိုကိုတုတ်တုတ် သတိပေးထားတဲ့ စကားပါ။ မှန်
်းလို့ အလွန်တန်ဖိုးရှိပါတယ်။

လေ့ဆိုတာကိုကြည့်၊ သူ့ကို ပဲ့ကိုင်နိုင်တဲ့ လေ့ထိုး
းပါမှ လိုရာခရီး ဘေးကင်းစွာရောက်မှာ။ ပဲ့မနိုင်လို့က
ာ့ ချာလပတ်လည် တိမ်းမှောက်ပြီး အသက်အန္တရာယ်
ွေ့နိုင်တယ်။ မြင်းဆိုတဲ့ သတ္တဝါကိုလည်း ကြည့်ဦး။
ကို စီးတော့မယ်ဆို သူ့ဇက်ကို နှိုင်နိုင်နင်းနင်းကိုင်
ထိန်းနိုင်မှ စီးလို့ရတယ်။ အကယ်၍များ သူ့
်ကို နိုင်အောင် မထိန်းနိုင် မကိုင်နိုင်ဘဲ
်စီးရင် စောစော
ပြာသလိုပဲ

်အန္တရာယ်ဖြစ်တဲ့အထိ၊ ဒါမှမဟုတ် ကိုယ်လက်အင်္ဂါ
ပြတ်ကျိုးပဲ့သွားတဲ့အထိ ကြုံရတတ်တယ်။ ပေါ့တီး
ဆက်ဆံလို့ မရတဲ့အထဲမှာ မြင်းဆိုတဲ့ သတ္တဝါက
ဆိုးက ပါတယ်ဆိုတာ အများအသိပဲ။

မြင်းဆိုတဲ့ သတ္တဝါတွေဟာ သူ့ဇက်ကြိုး ကိုင်လိုက်
ဒီလူဟာ ငါ့ကို နိုင်နိုင်နင်းနင်း ထိန်းနိုင်ကိုင်နိုင်
လား၊ မထိန်းနိုင်သူလားဆိုတာ ချက်ချင်းသိတယ်။

တချို့မြင်းဆို သူ့သခင် မဟုတ်တဲ့သူ
သူ့ကျောပေါ် ခွလိုက်တာနဲ့တစ်ပြိုင်နက်
မကျေနပ်ကြောင်း ပြတဲ့အနေနဲ့ အသံခပ်
ပြင်းပြင်းဟီပြီး ပတက်ရပ် ခါချပစ်လိုက်တာ
ခါးကျိုး၊ ခြေကျိုး၊ လက်ကျိုး တစ်ခုခုတော့
ကျိန်းသေကျိုးရောပဲ။

www.burmeseclassic.com

www.burmeseclassic.com

(၁၉၅၈)ခုနှစ်၊ မတ်လမှာ စာရေးသူ တပ်ထဲ ဝင်ခဲ့တယ်။ တက်ရမယ့် စစ်ပညာမှာ သင်တန်းတွေတက်အပြီး အမြောက်တပ်လို့ အမည်ရတဲ့ အမြောက်တပ်ဝင်းကြီးထဲမှာ နေခဲ့ဖူးတယ်။ အဲဒီတပ်ဝင်းကြီးဟာ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်ဆိုတဲ့ ရပ်ကွက်ထဲမှာ ရှိတယ်။ အဲဒီနေရာကို လိပ်စာပေးဆိုရင် ဘောက်ထော်အမြောက်တပ်ဝင်းဆို ပြည့်စုံပါတယ်။ တချို့ကတော့ အမှတ်(၁၅)တပ်မြေ ဘောက်ထော်တဲ့။

အဲဒီတုန်းက ဘောက်ထော်အမြောက်တပ်ဝင်းနဲ့ မနီးမဝေးမှာ မြင်းပြိုင်ကွင်းကြီး ရှိပါတယ်။ စနေ၊ တနင်္ဂနွေနေ့များဆို မြင်းတစ်ရောင်းသူ (ပြိုင်ပွဲဝင်မယ့် မြင်းများ၏ အချက်အလက်တွေ အပြည့်အစုံပါတဲ့ စာအုပ်ငယ်)၊ မြင်းလောင်းကစားသူ အသီးသီးဟာ မြင်းပြိုင်ကွင်းပတ်ဝန်းကျင်မှာ ဖွေးဖွေးလှုပ်နေတာပဲ။ အဲဒီလူတွေ အများစုဟာ သူတို့တွက်ထားတဲ့မြင်း ဒီနေ့ အောင်ပန်းဆင်ရမယ်ဆိုတဲ့ အတွေးကိုယ်စီနဲ့ ဘယ်မြင်းကိုထိပ်ထားပြီး ဘယ်မြင်း၊ဘယ်မြင်းကိုတော့ အရန်ဝင်းပလေးအဖြစ် လောင်းမယ်ဆိုတဲ့ အတွေးကိုယ်စီထား စိတ်ကူးပုံဖော်နေတဲ့ လူတွေချည်းပဲ။ စိတ်ကူးစိတ်သန်းမှန်တဲ့သူတွေရှိသလို မမှန်လွဲသွားသူတွေကတော့ စီးလာတဲ့ကား တစ်စုံတစ်ယောက်ဆီ လွှဲအပ်ခဲ့ရသူရှိသလို အိမ်ခြံမြေဂရန် ပေးခဲ့ရသူတွေလည်း အနေမတဂွပဲ။

မြင်းပြိုင်ကွင်းကြီးဟာ အပတ်စဉ်တိုင်း မြင်းပြိုင်ပွဲဖြစ်တဲ့ စနေ၊ တနင်္ဂနွေနေ့တွေမှာ သူ့ထံမှောက် ရောက်လာတဲ့ မြင်းဝါသနာအိုး လောင်းကစားသမားတွေကို ပျော်ရွှင်ကျေနပ်အောင်လည်း လုပ်နိုင်သလို ခြေမကိုင်မိ လက်မကိုင်မိ သောကပွားအောင်လည်း လုပ်နိုင်တယ်။

ပြိုင်ပွဲဆိုမှတော့ အရှုံး၊အနိုင် လောင်းကစားကြတဲ့ပွဲလေ။ အနိုင်၊အရှုံးဆိုတာ ရှိတာပေါ့။ အဲ..အဲ..တစ်ခုတော့ ရှိတယ်။ နိုင်တာနည်းနည်း ရှုံးတာများများ ဖြစ်တဲ့သဘော ရှိတယ်။ ဒီသဘောတွေကို မြင်းလောင်းတာ ဝါသနာပါတဲ့ လောင်းကစားသမားတွေအားလုံး သိကြတယ်။ သို့သော်လည်း မြင်းပွဲကို မသွားဘဲ မနေနိုင်၊ မလောင်းဘဲ မနေနိုင်ဘူး။ စကားလုံးလှလှလေး ရွေးပြောရရင် မြင်းပြိုင်ကွင်းကြီးကို မမှန်းမမေ့နိုင်ကြဘူးပေါ့။

ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်က မြင်းပွဲ ဆိုရှယ်လစ်အစိုးရလက်ထက်ရောက်တော့ ခေတ်စနစ်နဲ့ လိုက်လျောညီထွေ မရှိတာမို့ ဖျက်ပစ်လိုက်ပါပြီ။ မြင်းပွဲဆိုတာကြီး မရှိတော့ပါဘူး။ မြင်းပွဲရှိစဉ်က အဲဒီမြင်းပွဲကို သဟဲပြုပြီး မြင်းပြိုင်ကွင်းကြီးပတ်လည်က ရပ်ကွက်ရန်ကင်း၊ ကျောက်ကုန်း၊ ဘောက်ထော်၊ ဂွတ္တလစ်၊ ပြည်ယာ၊ တာမွေ စတဲ့မြို့နယ်ရပ်ကွက်တွေမှာ မြင်းဖောင်အပြိုင်အဆိုင်ရှိကြတယ်။ ပြိုင်မြင်းဆိုတဲ့အတိုင်း မြင်းတွေက အားကောင်းမောင်းသန် လုံး၊ ရပ်၊ ဒေါက် တည်းမားမားမို့ အပြစ်ဆိုဖွယ်မရှိဘူး။ သိပ်ကြည့်ကောင်းအလွန်လှကြပါတယ်။ ကောင်းကောင်းစား၊ ကောင်းကောင်းနား၊ ပြိုင်မယ့်နေ့မှ ထပြိုင်ဆိုတော့ မြင်းလှည်းဆွဲတဲ့ မြင်းတွေနဲ့တော့ အကွာကြီး ကွာတာပေါ့လေ။

မြင်းထရိန်နာတွေကလည်း သူတို့ ကိုင်တွယ်ထိကျောင်းရတဲ့မြင်းတွေကို သိပ်ဂရုစိုက်ကြတယ်။ မနက်စောထ၊ မြင်းကျောကုန်းပေါ်မှာ ကတ္တီပါ ဒါမှမဟုတ် သူလပ်ခြုံထည်ကို လှလှပပဆင်ပေးပြီး ရပ်ကွက်ထဲမှာ မြင်းကွင်းဘေးမှာ လမ်းလျှောက်ဟန်ရေးပြကြတယ်။ တစ်ဆတည်းမှာပဲ အများသိအောင် သူ့မြင်းက ဒေါက်ဘယ်လောက်ကောင်းတယ်။ အချိုးအစားတွေက မြင်းကောင်းအင်္ဂါရုပ်တွေနဲ့ ဘယ်လောက်ညီတယ်။ လျင်မြန်ချက်ကြွဉီးမလား၊ ဘယ်ပွဲ၊ဘယ်ပွဲတွေမှာ ပထမရဖို့လိုဆွဲခဲ့တဲ့မြင်းလုံးတူဒေါက်တူလို့ကတော့ ဘယ်မြင်းကိုမှ ဖိုလ်မထောအောင်ပန်းဆွတ်မယ့်မြင်း စသည်ဖြင့် တိုးတိုးတစ်မျိုး၊ ကျယ်တစ်ဖုံ ခပ်ကြွားကြွားလေးပြောပြီး သူထိန်းကျောင်းရတဲ့မြင်းကို ကြော်ငြာတဲ့အပြင် သူ့မြင်းကို ပြိုင်ပွဲမှာ ဘယ်ကျော်ကီစီးမှာဆိုတာလည်း မသိမသာ တိုးတိုးလေးပြောပြသွားသေးတာ။ ဘာကြောင့်တိုးတိုးလေးပြောပြရတာလဲဆိုတာက မြင်းပန်းဝင်ဖိုလ်ဆွဲဖို့အရေးမှာ မြင်းကလည်းကောင်း၊ စီးမယ့်ကျော်ကီကလည်း ကောင်းမှဖြစ်မှာလေ။ သူမြင်းဟာ မြင်းရော ကျော်ကီပါ ကောင်းနေပြီ။ ဘယ်သူမှ တိုင်ပင်မနေနဲ့။ ပုံအောပြီးလောင်းတော့လို့ ပြောသဘောပါ။ အဲဒီစကား နားယောင်မိလို့ လင်ကွဲမယားသူ အိမ်ဆုံး၊ကားဆုံး လူဖြစ်ရှုံးပြီး လူမွေးလူတောင် မခြွေသူတွေလည်း ဒုနဲ့ဒေးပဲ။

ဟိုတစ်ခါနှိုက်ထင်ရှားတဲ့ ပြိုင်မြင်းတွေထဲမှာ စိန်ဆိုတဲ့ မြင်းက ထင်ရှားသလို ကျော်ကီတွေထဲမှာလည်း ကျော်ကီဘရင်လေးက ထင်ရှားတာ သတိပြုမိပါတယ်။ အခြားသော မြင်းတွေနဲ့ ကျော်ကီတွေလည်း ထင်ရှားကြတယ်။ တကယ်တမ်းပြောချင်တာက လှေအောင်း မြင်း

www.burmeseclassic.com

အတက်ဆိုတာ ဘယ်လောက်ခက်လဲ၊ ဘယ်လောက် အန္တရာယ် ကြီးလဲ ကြုံဆုံလာတဲ့အခါ အမှတ်တမဲ့ မလုပ်သင့်ဘူးလို့ ပြောချင်တာပါ။ ပြောရင်း၊ ပြောရင်း မြင်းပွဲအကြောင်း ပါသွားတယ်။ မြင်းပွဲအကြောင်း ပြောဖြစ်ပြန်တော့ သူငယ်ချင်း မြင်းထရိန်နာကြီး ကျော်ဟန်ကို သတိရပြန်တယ်။

♦ ♦ ♦

မြင်းအတက် ဘယ်လောက်ခက်သလဲဆိုတာ သူငယ်ချင်းကျော်ဟန်ရဲ့ မြင်းဇောင်းမှာ စာရေးသူ မျက်မြင်ကိုယ်တွေ့ကြုံဖူးပါတယ်။ ခြေခြေမြစ်မြစ်နားလည်အောင် ပြောပြပါမယ်။

ကျော်ဟန်၊ ဇော်ဝင်း၊ ဖေအောင်၊ လှသိန်း(လှိုင်မင်း)၊ အောင်နိုင်နဲ့ စာရေးသူတို့ဟာ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းတွေ ဖြစ်ကြပါတယ်။ တစ်နေ့ သူငယ်ချင်းတစ်စု ကျော်ဟန်ရဲ့ မြင်းဇောင်းမှာ ဆုံဖြစ်ကြပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ သူငယ်ချင်းတွေဟာ မကြာခဏဆုံဖြစ်ပြီး ကျော်ဟန်ရဲ့မြင်းအောင်းမှာ ပျော်ပျော်ပါးပါး ထမင်းဟင်းချက်ပြုတ်စားလေ့ရှိပါတယ်။ အဲဒီအချိန်က ဇော်ဝင်းမှအပ ကျန်သူငယ်ချင်းအားလုံးက လူပျိုလူလွတ်တွေ။ နေ့စဉ် မက်(စ်)စားရိပ်သာ အချိန်ကိုက်စားနေရတဲ့ အိုးကြီးချက်ထမင်းဟင်းအစားအောင်းအလဲဖြစ်အောင် သူငယ်ချင်းတွေ ပျော်ပျော်ပါးပါး ချက်စားရင်း မိဝေးဖဝေး၊ ဇာတိနဲ့ဝေးနေရတဲ့အချိန်မှာ ကျော်ဖြတ်ကြတဲ့သဘောပဲ။ အားလုံးက စစ်သည်တွေ အကြပ်ငယ်အဆင့်မှ အကြပ်ကြီးအဆင့် အသီးသီးရရှိထားတာမို့ဆောင်နေကြသူတွေပါ။ အားလုံးထဲမှာ ကျော်ဟန်က အသက်အကြီးဆုံးဖြစ်သလို တောင့်တောင့်တင်းတင်း သန်မာသူတစ်ယောက်လည်းဖြစ်တယ်။ သူက စစ်သည်တစ်ယောက် မဟုတ်ပါ။ တပ်နဲ့နှယ်သည့် အရပ်ဘက်ဆေးတစ်ဦးသာ ဖြစ်ပါတယ်။

တစ်နေ့ မြင်းဇောင်းမှာ စုမိကြတော့ ဇော်ဝင်းက စာရေးသူကို-

'ဟေ့ကောင်..မြင်းစီးရဲလား'

'ဘာလို့မြင်းစီးရမှာလဲ ငတုံးရဲ့၊ ငါက ဆင်စီးမယ့်ကောင်ကွ'

'ဖွီ..စကြောက်၊ မစီးရဲရင် မစီးရဲဘူး မပြောဘူး။ ကြီးစီးမတဲ့။ ရှိုး'

'ဟာ..ဟား..ဟား'

ဇော်ဝင်းပြောတာကို သဘောကျသွားသော သူငယ်ချင်းအားလုံး ဝိုင်းရယ်လိုက်ကြတယ်။

'ဟေ့ကောင် ဖေအောင်၊ မင်းရော စီးရဲလား'

'ဆားနဲ့ပဲ စားမယ်'

'ဒါဆို လှသိန်းရော စီးရဲလား'

'ဟေ့ကောင်..ဟိုမေးဒီမေး လျှောက်မေးမနေနဲ့။ မြင်းထရိန်နာကို ပေးစီးမလား အရင်မေး။ နောက်မှ ဆက်ပြောမယ်'

'ဒါဆို ကျော်ဟန် ဘယ်လိုလဲ၊ မြင်းပေးစီးမှာလား'

'ဟေ့ကောင်တွေ..ဇောင်းထဲမှာ မြင်းနှစ်ကောင်ရှိတယ်။ တစ်ကောင်က ဇီးနဲ့ စီးလို့မဖြစ်ဘူး'

'ဒါဆို ကျန်တဲ့တစ်ကောင် စီးမယ်ကွာ'

'ဟ..အဲဒီကောင် မရဘူး၊ သိပ်ဆတ်တယ်။ ငါတောင် နိုင်ချင်ဘူး'

'ဒီမှာ ကျော်ဟန်၊ မင်းပဲ မြင်းစီးတတ်တယ်။ မြင်းဇက်ကိုင်နိုင်တယ်ထင်သလား။ ငါလည်း ကောင်းကောင်း စီးနိုင်တယ်'

'ငါ ပေးမစီးချင်လို့ မဟုတ်ပါဘူး ဇော်ဝင်းရာ၊ ဒီကောင်ကြီးက ဆတ်လွန်းလို့ မင်း အန္တရာယ်ဖြစ်မှာစိုးလို့ ပြောတာပါ'

'သုခိတာလမ်း မြင်းဇောင်းက အလွန်အထိန်းအကွပ်ခက်တဲ့ တစ်လက်ကိုင် ဒိုင်းမွန်းစတားဆိုတဲ့မြင်းတောင် အလောင်းအစားနဲ့ ငါစီးခဲ့တဲ့ကောင် မင်းရဲ့အောင်လံဆိုတဲ့ မြင်းလောက်တော့ သနားတယ်။ ငါစီးမယ်'

ဇော်ဝင်းသည် ကျော်ဟန် ဘယ်လိုပြောဆိုတောင်းပန်လို့မှမရတဲ့ မြင်းဇောင်းတွင် အသင့်ချိတ်ထားသော မြင်းပါးချပ် မြင်းကုန်းနီးများကိုယူကာ ပြိုင်မြင်းကြီးအောင်လံအားစီးရန် အသင့်ပြင်လိုက်တယ်။

'သူငယ်ချင်းရေ..တားမရလို့ စီးကိုစီးမယ်ဆိုလည်း အမှုမဲ့အမှတ်မဲ့တော့ မစီးနဲ့၊ အချိန်တိုင်း ဂရုစိုက်ကွာ။ အောင်လံကြီးက မင်း သူနားကပ်တာ ကြိုက်ပုံမရဘူး။ နှာလည်းမှုတ်၊ ခွာလည်းရှပ်ပြီး နားရွက်တွေ တဆတ်ဆတ်တုန်လှုပ်နေတယ်'

'ဟိတ်ကောင် ကျော်ဟန်..မင်းမြင်းအတွက် သိပ်လည်း ပရမ်းပတာမနေစမ်းပါနဲ့။ မြင်းဟာ မြင်းပါပဲ။ မင်းကောင် ဘယ်လောက်ဆတ်ဆတ် ငါနဲ့တွေ့ရင် ပြတ်သွားစေရမယ်'

www.burmeseclassic.com

ကျော်ဟန်ပြောတာ မှန်ပါတယ်။ ပြိုင်မြင်းကြီး အောင်လံ၊ ဇော်ဝင်း သူဇက်ကြိုး ကိုင်လိုက်သည်နှင့် ဂနာမငြိမ် ခွာတရှပ်ရှပ်လှုပ်တာ အားလုံးသတိပြုမိကြတယ်။

သူငယ်ချင်းအားလုံး ဇော်ဝင်းတစ်ယောက် ပြိုင်မြင်းကြီးအောင်လံကို မြင်းဇောင်းကထုတ်ကာ ကျောပေါ်ခွလိုက်သည်အထိ စိုးရိမ်စိတ်များစွာနဲ့ စောင့်ကြည့်ခဲ့ကြသည်။ ကျော်ဟန်ပြောသလိုပင် မြင်းကြီးအောင်လံက စိတ်ဆတ်တယ်။ သူလည်ကို ဘယ်ဝိုက်ကာ ညာယမ်း၍ လှုပ်ယမ်းပြီး ပါးစပ်က အသံပြင်းပြင်းနဲ့ဟည်၍ ပတ်တ်ရပ်လိုက်ရာ အဝိုက်မို့ ဇော်ဝင်း မြင်းကြီးအောင်လံပေါ်က ပြုတ်ကျတော့မလို ဖြစ်သွားတယ်။ ဒါပေမဲ့ ဟန်ချက်ပျက်သွားတဲ့ ဇော်ဝင်းဟာ အချိန်မီ မြင်းဇက်ကြိုးကို ထိန်းလိုက်နိုင်တယ်။ ဒီလိုအခြေအနေမျိုးကိုတောင် အောက်ပြုတ်မကျအောင် မြင်းဇက်ကို နိုင်အောင်ထိန်းနိုင်တဲ့ ဇော်ဝင်းကို လျှော့တွက်လို့တော့ မရဘူး။ ညော်..သူလည်း မြင်းစီးတကယ်ကျွမ်းပါလားလို့ သူငယ်ချင်းအားလုံး လက်ခံလိုက်ပြီး အာဇော်ဝင်းဟု တညီတညွတ်တည်း ဂုဏ်ပြုလိုက်ကြတယ်။ တကယ်တော့ ဂုဏ်ပြုထိုက်လို့ ဂုဏ်ပြုကြတာပါ။ မြင်းဇောင်းက ထွက်ကတည်းက ဇော်ဝင်းဟာ မြင်းကြီး အောင်လံကို ညှို့မှလွတ်လိုက်တဲ့ မြားသဖွယ် တစ်ဟုန်ထိုး စီးသွားတယ်မဟုတ်လား။

'ဟာ..အောင်လံကြီး ပြန်လာပြီ။ ဇော်ဝင်း ပါမလာဘူးကွ'

မြင်းကြီးအောင်လံသည် ခြံဝရောက်သောအခါ သူ၏လည်တိုင်မှ ပန်းဖွားကဲ့သို့ လှပတောက်ပြောင်နေတဲ့ လည်ဆံမွေးများ လှုပ်ခါသွားသည်အထိ လှုပ်ယမ်းကာ အောင်နိုင်သူကြီးသဖွယ် မြင်းဇောင်းတွင်း ဝင်သွားပြီးနောက် ကျော်ဟန်နဲ့ သူငယ်ချင်းတစ်စု လှုပ်ရှားနေမှုများကို ခပ်စိမ်းစိမ်းကြည့်နေတာ သတိပြုမိကြတယ်။

စာရေးသူနဲ့ လှသိန်း မိုးကောင်းဘုရားလမ်းအတိုင်း ပြေးလိုက်သွားပြီး ဇော်ဝင်းကိုရှာရာ ဘုရားအနောက်ဘက် မုခ်ဝအနီး ဘုရားလမ်းဘေး ဓာတ်တိုင်ခြေရင်းတွင် ခွေခွေလေးလဲနေသော ဇော်ဝင်းကို တွေ့ရပါတယ်။ ဒီဖြစ်စဉ်ဟာ တကယ်တော့ ဇော်ဝင်းနဲ့ အောင်လံ မြင်းဇောင်းက ထွက်သွားပြီး (၃)မိနစ်အကြာမှာဖြစ်တာမို့ ယုံနိုင်စရာမရှိအောင် မြန်လွန်းလှပါတယ်။

'ဇော်ဝင်း..မင်း ဘာဖြစ်သွားသေးလဲ'

'နံရိုးကျိုးသွားတယ် ထင်တာပဲကွာ။ အရမ်းနာတယ်။ ငါ့ကို ဆေးရုံအမြန်ပို့ပေးကြကွာ။ တောက်..အလေး..နာလိုက်တာကွာ။ ဟင်း'

အခန့်သင့်သွားတယ်။ ဝိုင်းကြည့်နေသူတွေထဲမှာ အဘမ်းဘီးဆိုင်ကယ်ကားသမားပါလို့ သူ့ကားနဲ့ပဲ ဆေးရုံလိုက်နိုင်တယ်။ (ဟိုအချိန်က အင်္ဂါယာဉ်အနေဖြင့် သုံးဘီးလေးဘီးနဲ့ ဘမ်းဘီးသုံးဘီးကားများသာရှိသည်။)

'ကျော်ဟန်ပြောတာ မှန်တယ်၊ အောင်လံဆိုတဲ့ကောင့်ကို မကျေနပ်ဘူးကွ။ လမ်းတစ်လျှောက်လုံး ငါက သူ့ဇက်ကြိုးကို ထိန်းထားနိုင်တော့ သူ ဘယ်လိုခါချ၊ခါချ ငါ သူ့ကျောပေါ်က ပြုတ်မကျဘူး။ သူ့အကြံမအောင်တော့ သူ့ဒေါသ အထွတ်အထိပ်ရောက်သွားသလားမသိဘူး။ သေ ကိုယ်သေ နှစ်ယောက်လုံးသေ ဆိုတဲ့အကြံကို ခြေတော့တာပဲ'

'ဟာ..ဒီကောင် ရှာရှာဖွေဖွေ ပြောရော့မယ်'

'တကယ်ပြောတာ ဟော့ကောင်၊ သူ့ဇက်ကို ငါ ကောင်းကိုင်နိုင်တော့ ဘယ်လိုခါချ၊ခါချ ငါမကျဘူးဆိုတာ သူသိတယ်။ ဒါကြောင့် သူနဲ့ငါ နှစ်ယောက်လုံး သေရေးသေဆိုပြီး လမ်းဘေးကဓာတ်တိုင်နဲ့ ငါ့ကိုကိုင်ရိုက်လိုက်တာ ငါလည်း ထိချက်နာပြီး အောက်ပြုတ်ကျသွားတယ်'

'ဒါကြောင့် ကျော်ဟန်က အမှုမဲ့အမှတ်မဲ့ မလုပ်နဲ့ မင်းကိုမှာတာ တို့ကြားတာပဲ။ မင်းက ကျော်ဟန်စကားမှမထောင်ဘဲကွာ'

'အမှုမဲ့အမှတ်မဲ့လုပ်တာမဟုတ်ဘူး၊ ဒီလိုမျိုး သူကို သူ အနာခံပြီး ဓာတ်တိုင်နဲ့ ရိုက်ချမယ်လို့ ဘယ်ထင်မှတ်သောက်မြင်း တော်တော်ကောက်ကျစ်တယ်။ နေနှင့်ဦးကွာ။ ငါ ဆေးရုံကဆင်းမှ ပြန်တွေ့ကြသေးတာပေါ့'

♦ ♦ ♦

(၁၉၉၅)ခုနှစ်၊ သင်္ကြန်ပြီးလောက်မှာ လှသိန်း(လှိုင်မင်း)ကို ဖျာပုံခရိုင်၊ ဖျာပုံမြို့မှာ မမျှော်လင့်ဘဲ ပြန်တွေ့ရတယ်။ ကွဲကွာနေတာ အနှစ်(၂၀)ကျော်ပြီမို့ ပြန်တွေ့ရတာကို သိပ်ဝမ်းသာမိကြတယ်။ အဲဒီအချိန်မှာ သူက မိုးလှိုင်လှသိန်း(လှိုင်မင်း) မဟုတ်တော့ဘဲ ထောင်ပိုင်ကြီးဦးလှိုင်မင်း ဖြစ်နေသလို စာရေးသူကလည်း ခရိုင်ရဲတပ်ဖွဲ့မှူးယောက် ဖြစ်နေပြီ။ ဝန်ထမ်းဆိုတာ ဒီလိုပါပဲ။ ထားစေရာသွားရတဲ့ သူတွေပဲကိုး။

'ထောင်ပိုင်ကြီး ကျွန်တော့်အိမ်မှာတည်းကျ။ ခင်...

www.burmeseclassic.com

www.burmeseclassic.com

ဘုပုံမှာရှိနေချိန် ခင်ဗျားသွားချင်တာသွားဖို့ ကျွန်တော့်မှာ ဆောင်ရော ကားပါရှိတယ်။ ကြိုက်သလိုသုံး'

(၁၉၉၅-ခုနှစ်က ယခုကာလလို လမ်းပန်းဆက်သွယ်မှု မကောင်း။ တစ်နေရာက တစ်နေရာသွားဖို့ ရေတစ်တန်းတစ်တန် ဖြတ်သန်းသွားလာရသည်။ အထူးသဖြင့် မိုးသင့်တာ ရေလမ်းမို့ ဧရာဝတီတိုင်းတွင် တာဝန်ထမ်းဆောင်ရသည့် အရာရှိကြီးများအတွက် မော်တော်ကားအပြင် လှေများ၊ ပုဇွန်ဖောင်များပါ သက်ဆိုင်ရာက စီစဉ်ပေးထားသည်။)

'ခရိုင်ရဲမှူးကြီးရဲ့ တာဝန်ယူမှုနဲ့ စေတနာကို ကျွန်တော် လေးစားပါတယ်။ ကျွန်တော်လာခဲ့တာ တာဝန်နဲ့။ ဒီတာဝန်ကလည်း ဖျာပုံအကျဉ်းဦးစီးဌာနက အရာရှိများနဲ့ ဆက်စပ်ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်နေတယ်။ ဒါကြောင့် အကျဉ်းဦးစီးဌာန အရာရှိရိပ်သာမှာပဲ တည်းမှဖြစ်မယ်'

'ဒါဆိုလည်း ခင်ဗျားကြိုက်တဲ့နေရာ တည်းဗျာ။ ဒီနေရာ ကျွန်တော်ကျွေးမယ်။ နှစ်ပေါင်းကြာရှည် ကွဲကွာနေကြတဲ့ ရဲဘော်ရဲဖက် ချစ်သူငယ်ချင်းနှစ်ဦး မမျှော်လင့်ဘဲ တွေ့လည်ဆုံတွေ့တဲ့ အထိမ်းအမှတ်ပေါ့'

'ကောင်းပါပြီဗျာ၊ ကောင်းပါပြီ'

ထိုနေ့ညစာကို ဖျာပုံ ပထမလမ်းက အဆင့်မြင့်စားသောက်ဆိုင်ကြီးတစ်ဆိုင်တွင် စားဖြစ်ကြပြီး တစ်ချိန်က ဆော်ရဲဖက်သူငယ်ချင်းများအကြောင်း အမှတ်တရပြန်ပြောကြတယ်။ မြင်းကြီးအောင်လံပေါ်က ပြုတ်ကျနံရိုးကျိုးခဲ့ဝင်းအကြောင်း ထိပ်ကပါတယ်။

'ဒါနဲ့ ခရိုင်မှူးကြီးရေ...အဲဒီတုန်းက ဇော်ဝင်းဆိုတဲ့ ကျောင်ဟန်စကား နားမထောင်ဘဲ တစ်ဇွတ်ထိုးလုပ်မြင်းကြီးအောင်လံကို တက်စီးတယ်။ စီးတော့လည်း ရိုက်ဘဲ အမှုမဲ့အမှတ်မဲ့စီးတယ်။ ကံကောင်းလို့ မသေ ရှေးလူကြီးတွေပေးခဲ့တဲ့ သတိပေးစကား လေ့အဆင်းအတက်ဆိုတဲ့ သတိပေးချက် အတော်မှန်တယ်ဗျာ'

'အန္တရာယ်ဆိုတာ လေ့အဆင်း မြင်းအတက်ကိစ္စမှ မဟုတ်ပါဘူး ထောင်ပိုင်ကြီးရယ်။ အမှုမဲ့အမှတ်မဲ့ ဟင်းချက်ဖို့ ငါးကိုင်တာတောင် အန္တရာယ်များတယ်ဗျ။ အဲဒီအကြောင်းက ကျွန်တော့်ကိုယ်တွေ့အဖြစ်။ ဂန္ဓီရဆန်တဲ့အကြောင်းအရာတွေ၊ ပုံရိပ်တွေလည်း ပြောပြဦးမယ်။ စားရင်းသောက်ရင်းပဲ နားထောင်ဗျာ'

ထိုနေ့က ထောင်ပိုင်ကြီးဦးလှိုင်မင်းနဲ့အတူ ထောင်မှူးတစ်ဦး စာရေးသူနဲ့က တပည့်တွေဖြစ်တဲ့ ဖျာပုံမြို့နယ်ရဲတပ်ဖွဲ့မှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဦးစီးအရာရှိရဲအုပ်တစ်ဦး၊ ဒုစရိုက်မှုစုံမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်တစ်ဦး ပါဝင်သဖြင့် ဝိုင်းကစည်ကားပြီး ပျော်စရာကောင်းပါတယ်။

'ကဲ...ဆိုစမ်းပါဦး ခရိုင်ရဲတပ်ဖွဲ့မှူးကြီး၊ ဂန္ဓီရဆန်တဲ့ အဖြစ်အပျက်ဆိုရင် ကြားချင်ပါတယ်'

'ကျွန်တော့်အိမ်မှာ ကျွန်တော့်ဇနီးမဒေါင်းရဲ့တူမ မချို မြ ဆိုတာရှိတယ်။ ငယ်စဉ်ကတည်းက မဒေါင်းဟာ တူမဖြစ်တဲ့ မချိုမြကို အချက်အပြုတ်ပညာကို အနီးကပ်ထားပြီး သင်ပြထားတာမို့ ကျွမ်းကျွမ်းကျင်ကျင် ချက်တတ်ပြုတ်တတ်တဲ့အပြင် ဟင်းလျာအတွက် သားငါးလည်း ကိုင်တတ်တယ်။ သူကိုယ်တိုင် အချက်အပြုတ်ဝါသနာပါတာမို့ နောက်ပိုင်း မီးဖိုဆောင် စားဖိုမှူးတာဝန်ကို သူ့ပဲ လွှဲထားပါတယ်'

'တစ်နေ့ ဖျာပုံစျေးကို စျေးသွားဝယ်တော့ ငါးစိမ်းတန်း(ငါးသည်တန်း)ကိုရောက်ပြီး ငါးခူလတ်လတ်ဆတ်ဆတ် အကောင်ကြီးတွေကို တွေ့တယ်။ သူ့စိတ်ကူးက ဒီငါးခူကြီးတွေကို မန်ကျည်းသီးမှည့် ဂေါ်ရင်ဂျီမဆလာနိုင်နိုင်နဲ့ ဆီပြန်ချက်၊ ဂေါ်ရခါးသီးဟင်းချို၊ ဖျာပုံငါးပိရည်ချိုချိုမွေးကို ကုလားအော်သီး၊ ရွှေပုစွန်ခြောက်ထောင်းခတ်ပြီး တည်းသီးပြုတ်၊ ခံတက်ချဉ်လေးနဲ့များ တို့မြှုပ်စားရရင် ထမင်းမြိန်မယ်လို့ စိတ်ကူးတယ်။ နောက်ပြီး ကျွန်တော့်အတွက်လည်း ကြော်မယ်ပေါ့။ တစ်ခါတစ်ရံ ကျွန်တော်က ငါးကျည်း၊ ဒါမှမဟုတ် ငါးခူကြော်၊ ဘာလချောင်ကြော်နဲ့ ပေါင်မုန့်စားပြီး ကော်ဖီခါးခါးသောက်ရရင် စိတ်တိုင်းကျတာ မချိုမြကသိတယ်။ တစ်ဆက်တည်းပြောရရင် အိမ်မှာ သူမွေးထားတဲ့ ကြောင်မလေးကို ကျွေးချင်တဲ့စိတ်ကူးလည်း ပါတာပေါ့ဗျာ။

မချိုမြက အိမ်မွေးတိရစ္ဆာန်တွေကို ချစ်တတ်တယ်။ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ကြောင်၊ စာ အားလုံးကို သူချစ်တယ်။ ဘယ်လောက်ဆိုးတဲ့ သတ္တဝါပဲဖြစ်ဖြစ် သူကို ရန်မမူဘူး။ ကုန်ကုန်ပြောမယ်ဗျာ၊ ကျွန်တော် မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှူးတာဝန် ထမ်းဆောင်ခဲ့စဉ်က ဌာနဆိုင်ရာအနေနဲ့ ကျွန်တော်နေဖို့ပေးတဲ့ ကျွန်းအိမ်ကြီးတစ်အိမ်မှာ နေခဲ့ရတယ်။ သူ့ကျွန်ခေတ်ကတည်းက ရှိခဲ့တဲ့အိမ်ကြီးပေါ့။ ရှေးရှေးက ဗြိုလ်ရိုကရက်အရာရှိကြီးတွေ အဆက်ဆက်နေသွားတဲ့ အိမ်ကြီးပဲ။

www.burmeseclassic.com

အဲဒီအိမ်ကြီးအောက်မှာ မြွေကြီးတစ်ကောင်ရှိတယ်။ မြွေကြီးက မချို့မြဲကို အိပ်မက်ပေး အလှူခံလို့ နေ့စဉ် နွားနို့ဝယ်ပြီး စတီးပန်းကန်မှာထည့်ပြီး ဒါနပြုခဲ့ရဖူးတယ်။ သူ့ပန်းကန်ထဲ နွားနို့ထည့်ပေးပြီး မကြာခင် အိမ်အောက်က မြွေကြီးထွက်လာပြီး နို့လာသောက်တော့တာပဲ။ ကျေနပ်ဝလင်အောင် နို့သောက်ပြီးတဲ့ မြွေကြီးဟာ ပန်းကန်နှားက မြေမှာ လူးလှိမ့်တယ်။ ပြီးတော့ အိမ်အောက်ဝင်ပြီး ပျောက်သွားတတ်ပါတယ်။ (ဒီအကြောင်းကို ၂၀၀၆ ခုနှစ်၊ ဇူလိုင်လထုတ် မနောကြာဖြူမဂ္ဂဇင်းတွင် မြွေမင်းသားနှင့်ချစ်ပုံပြင်အမည်နှင့် ဝတ္ထုတစ်ပုဒ်ရေးခဲ့ဖူးပါသည်။ စာရေးသူ)

အဲဒီလိုသတ္တဝါမှန်သမျှ ချစ်တတ်တဲ့ မချို့မြဟာ ချက်ဖို့ပြုတ်ဖို့ဝယ်လာတဲ့ ငါးခူကို ခုတ်ထစ်ဖြတ်တောက်ရင်း ငါးခူတစ်ကောင်ရဲ့အစွယ် သူ့ဘယ်ဘက်လက်ညှိုးနဲ့ လက်ခလယ်ခွကြား အမှုမဲ့အမှတ်မဲ့ စူးဝင်မိတယ်။ ထမင်းဟင်းချက်သူဟာ ချက်ရင်းပြုတ်ရင်း ကြက်ကိုင်၊ ငါးကိုင်ရင်း ဓားရှမယ်၊ အရိုးစူးမယ်။ ဒါ ဆန်းသလားဗျာ။ အဲဒီလိုကိစ္စမျိုး ကြုံလာလည်း သေလောက်တဲ့ကိစ္စမဟုတ်လို့ ဘယ်သူမှ စာဖွဲ့မနေဘူး။ မီးဖိုချောင်မှာ အသင့်ရှိတဲ့ နနွင်းမှုန့်သိပ်တာနဲ့ ပြီးတာပဲ'

'ဒါနဲ့ တူမ မချို့မြကျတော့ မပြီးဘူးလား ရဲမှူးကြီး'

'ကံကောင်းလို့ မသေတာ'

'ဩော်...ဒါဆို တစ်မျိုးကြီးပဲ။ ဗဟုသုတအဖြစ် ကျွန်တော်သိချင်တယ်။ ဆက်ပါဦးဗျာ'

'မချို့မြဟာ တော်တန်ရုံထိခိုက်ရှနာဖြစ်တာလောက်တော့ မမှုတတ်ဘူး။ ဒါကြောင့် သူ့လက်ခွကြား ဝင်သွားတဲ့ ငါးခူအစွယ်ကို ကြိတ်မိုတ်ပြီး ဆွဲထုတ်ပစ်လိုက်တယ်။ အရင့်အရင်က ကြက်ရိုး၊ ငါးရိုး အကြိမ်ကြိမ်စူးဖူးတော့ ခုကိစ္စလည်း အရင်လိုပဲ ပြီးသွားမယ်ထင်တယ်။ ဒါပေမဲ့ မပြီးဘူး။ စက္ကန့်ပိုင်းအတွင်းပဲ သူ့ကိုယ်ရဲ့ ဘယ်ဘက်တစ်ခြမ်းလုံး ဦးခေါင်းက ခြေဖျားအထိ တဆတ်ဆတ် တုန်ပြီး မခံမရပ်နိုင်လောက်အောင် နာလာတယ်။ ပြောရမယ်ဆိုရင် ဆောက်တည်ရာမရလောက်အောင် တစ်ကိုယ်လုံး ယိမ်းထိုးလှုပ်ခါနေတယ်

တော့ဗျာ။ သူ ဒီလောက်ဖြစ်တော့လည်း ကျွန်တော်ဆေးရုံ၊ ဆေးခန်းသွားပြဖို့ ချက်ချင်းစီစဉ်ကြပါတယ်။ အချိန်မှာပဲ ကျွန်တော့်ရုံးက ဦးစီးအရာရှိ ရဲအုပ်ကျော်သောင်းရောက်လာတယ်။ ဟော်ဒီ ကိုကျော်သောင်းပေါ့'

စာရေးသူက ညစာစားပွဲတွင် အတူရှိနေသော ရဲအုပ်ကျော်သောင်းကို ညွှန်ပြပြောလိုက်ပါတယ်။

'ရဲအုပ်ကျော်သောင်းက သူ့အစ်မရဲ့ဆေးခန်းမှာ ပြဆေးကုသခံဖို့ စီစဉ်ပေးလို့ ချက်ချင်းပဲ ဆရာဝန်ထံ သွားကြပါတယ်။

အဲ့ဩဖို့ကောင်းတာက ဆရာဝန်မကြီးဟာ မချို့ဘာဝေဒနာခံစားနေရတယ်ဆိုတာ သိပုံပဲ။ ဘာကြောင့်လဲတော့ မချို့မြနဲ့ ကျွန်တော်တို့ကို သူ့ဆေးခန်းမှာ စစ်ဆေးသပ်မှုမပြုသေးဘဲ သူ့အိမ်အပေါ်ထပ်မှာရှိတဲ့ ဘုရားခန်းခေါ်သွားတယ်။ ကျွန်တော်တို့အားလုံး လိုက်သွားတဲ့ ဘုရားခန်းက အတော်ကျယ်ဝန်းပြီး သပ္ပာယ်ကြည်ညိုရာကောင်းတဲ့ ဘုရားဆင်းတုတော်တွေ၊ ပုံတော်တွေ ရတဲ့အပြင် ရက်ကန်းစင်တောင်ဆရာတော်ကြီးရဲ့ တော်ကြီးပါ ဖူးတွေ့ရတယ်။

ကနဦး မချို့မြကို ဘုရားဝတ်ပြုခိုင်းတယ်။ အထက်ဆုံး အမဲသားမစားဘဲ လှူနိုင်မလားလို့ မေးတာ။ မချို့မြကလည်း လှူပါ့မယ်လို့ ကတိပြုတယ်။ တကယ်တော့ ကျွန်တော်တို့တစ်အိမ်လုံး အမဲသားမစားကြပါဘူး။ တရားဝင်တော့ ဘုရားလှူထားတာ မဟုတ်ပါဘူး။

မချို့မြဆီက အမဲသားလှူပါကြောင်း ကတိရတာ ရက်ကန်းစင်တောင်ဆရာတော်ကြီးရဲ့ ပုံတော်ရှေ့မှာ တော့စေပါတယ်။

ကန်တော့ပြီးတော့ ဆရာတော်ကြီးပုံတော်ရှေ့ ပေါ်က ဆီမန်းပုလင်းကိုယူ ဆရာမကြီးကိုယ်တိုင် သူ့ဖဝါးပေါ် ဆီမန်းအစက်ချ ငါးစွယ်စူးဝင်ထားတဲ့ အနာကစပြီး ဘယ်ဘက်လက်တစ်ခုလုံး အထက်ကအောက် သပ်လိမ်းပေးပါတယ်။ သိပ်အံ့သြဖို့ ကောင်းတာက မချို့မြ တဆတ်ဆတ်တုန်ခါနေတာ ချက်ချင်းရပ်သွားတာပဲ။

ပြီးတော့ တဗွမ်းဗွမ်းပွက်ပွက်ဆူနေတဲ့ ရေနွေးကြိုးထဲထည့် ဆားထည့်ပြီးတော့ ငါးစွယ်စူးတဲ့လက်ကို နှစ်ပြီးစိမ်ခိုင်းတယ်။ မချို့မြ မဝံ့မရဲဖြစ်သွားတယ်။ ဘဲနေမလား၊ လက်ကနာရတဲ့အထဲ ပွက်ပွက်ဆူနေတဲ့

www.burmeseclassic.com

နေးကို စိမ်ရမှာဆိုတော့ ဘယ်လောက်ပဲ အသည်းမာမာ ကြောက်တာပေါ့ဗျာ။

မကြောက်ပါနဲ့။ လက်ကို ရေနွေးပူထဲ ထည့်စိမ်လိုက်၊ စိမ်လိုက်၊ ခံစားနေရတဲ့ဝေဒနာတွေ ပျောက်ချင်တယ်မဟုတ်သား။ စိမ်လိုက်၊ စိမ်လိုက်လို့ ဆရာဝန်မကြီးက တိုက်တွန်းတိုက်တာနဲ့တစ်ပြိုင်တည်း မချိုမြ မျက်စိမှိတ်ပြီး ငါးစွယ်ဖားသွားတဲ့ သူလက်ကို ရေနွေးဇလုံထဲ နှစ်ထည့်လိုက်တယ်။ ကျွန်တော်တို့ ဘေးကကြည့်နေကြတဲ့လူတွေလည်း ဆိုင်တမမပေါ့။ ဘယ်လိုလဲ၊ တော်တော်ပူသလားလို့ ဝိုင်းမေးဆော့ မချိုမြက မပူဘူးလို့ ပြုံးပြီးဖြေတယ်။ ဒီလောက်ဝေဒနာခံစားနေရတဲ့သူက အချိန်တိုတွင်း ပြုံးနိုင်တယ်ဆိုတော့ အံ့သြစရာကောင်းတာပေါ့။ နောက်ထူးခြားတာတစ်ခုက မချိုမြရဲ့လက် ရေနွေးဇလုံထဲ စိမ်လိုက်တာနဲ့ ဒဏ်ရာက ညီညစ်ညစ်သွေးပုပ်တွေ ရေနွေးဇလုံထဲ ကျလာတာ တွေ့ရတယ်။ ဒါ ဂန္ဓီရဆန်တဲ့အဖြစ်ပဲလို့ ကျွန်တော်ထင်တယ်။

နောက်ဆုံး ဆရာဝန်မကြီးပြောတာက ကျွန်မမောင်နဲ့ သက်တော့ မိသားစုလို သဘောထားပြီး ရဲမင်းကြီးသမီးကို ဘုရားကုလည်း ကုတဲ့အပြင် သမ္မဇဉ်အတိုင်းအဆီပဲဖြေဆေးလည်း ထိုးပေးပြီးပြီမို့ ဘာမှစိုးရိမ်စရာ မရှိတော့ပါဘူး။ ကျွန်မက ဒီလိုဝေဒနာရှင်မျိုး မကြာခဏတွေ့တယ်။ ဘုရားကုလည်းကု၊ သိပ္ပံနည်းကျလည်းကုမှ မြန်မြန်ပျောက်ကင်းသက်သာတယ်။ ခုတော့ အားလုံးကောင်းသွားပါပြီ၊ စိတ်ချရပါပြီလို့ ပြောတယ်။ ပြီးတော့ နောက်ဆောင် ပင်လယ်ငါးခူ ကိုင်မယ်ဆိုရင် သတိထားပါလို့ မှာတယ်။ ဘာကြောင့် ပါလိမ့်လို့ ကျွန်တော်သိချင်လာတယ်။ ဘာကြောင့် ဆရာဝန်မကြီးကို အကြောင်းစုံမေးကြည့်မိတယ်။

ပင်လယ်ငါးခူဆိုတဲ့ ငါးမျိုးက အသားစားငါးဖြစ်တယ်။ သူက တခြားသတ္တဝါ ငါးသေးငါးမွား-ပင်လယ်ထဲသမျှ ပုစွန်လုံး၊ ပုစွန်ဆိတ်မကျန် အားလုံးတွေ့သမျှ စားခိုက်စားသတဲ့။ သူလိုပဲ အခြားသတ္တဝါတွေက သူ့ကို စားတိုက်ခိုက်လာရင် ခုခံကာကွယ်ဖို့ သူဘက်ကလည်း ကိုက်ဆင်ထားသတဲ့။ အဲဒါကတော့ တခြားမဟုတ်ပါဘူး။ သူ့အစွယ်တွေပဲ စူးမိရင် တစ်ဖက်ကသတ္တဝါဟာ သူ့ကို အသုံးမဲ့ မလွယ်တော့ဘူးတဲ့။ ဟုတ်တယ်၊ မချိုမြတောင် ဘယ်လောက်ခံလိုက်ရသလဲဆိုတာ ကျွန်တော့်ကိုယ်တွေ့ပဲ။

ဆရာဝန်မကြီး ဆက်ပြောတာကတော့ တချို့ ကိုယ်ခံအားနည်းတဲ့သူတွေဆို နာကျင်တဲ့ဒဏ်ကြောင့် ရုတ်တရက် သတိမေ့မြောသွားတာတို့ ကိုယ်တစ်ခြမ်းသေတာတို့တောင် ဖြစ်နိုင်သတဲ့ဗျာ။ နောက်ပြီး အလွန်ထူးခြားအံ့သြဖို့ကောင်းတာက ရရှိထားတဲ့ဒဏ်ရာဟာ ဆေးဝါးဘယ်လောက်ပဲ ကောင်းပါစေ။ ချက်ချင်းမပျောက်ဘူး၊ သက်သာရုံပဲတဲ့။ အရှင်းပျောက်မှာကတော့ ဒီရေကျချိန်မှ ပျောက်မှာတဲ့။ ကဲ..ကြည့်ဦး။ ဝေဒနာခံစားရတာတောင် ဒီရေအတက်အကျလိုက်ပြီး ခံစားရတယ်ဆိုတော့ မဆန်းဘူးလား'

'ရဲမှူးကြီးရေ..ဒီကိစ္စကတော့ ဂန္ဓီရဆန်လွန်းသွားပြီဗျာ။ ဒါနဲ့ တူမ မချိုမြတစ်ယောက် ဘာဆက်ဖြစ်သေးလဲဟင်'

'ည,ည အနာရှိန်တက်ပြီးဖျားတယ်။ ဖျားတဲ့အခါရိုးရိုးဖျားတာမဟုတ်ဘဲ ငန်းဖမ်းသလိုမျိုးဖြစ်တယ်။ အိပ်မက်တွေလည်း မက်တယ်တဲ့။ ဆရာဝန်မကြီးက ဖြစ်တတ်တဲ့အကြောင်းတွေ ကြိုတင်ပြောပြလိုက်ပြီး သောက်ရမယ့်ဆေးတွေလည်း ပေးလိုက်တော့ ကနဦးကလို သိပ်မစိုးရိမ်တော့ဘဲ အိပ်နေတဲ့အခါအိပ် အစာပုံမှန်စား အစာစားပြီး ဆရာဝန်မကြီး ပေးလိုက်တဲ့ ဆေးတွေသောက်ရင်း (၇)ရက်မြောက်တဲ့နေ့မှာ မချိုမြ ခံစားနေရတဲ့ဝေဒနာ အရှင်းပျောက်သွားတယ်။

ထူးခြားတာက ဝေဒနာအရှင်းမပျောက်ခင် ညက မချိုမြ ထူးခြားတဲ့အိပ်မက် မက်သတဲ့။ အိပ်မက်ကတော့ သူ့အိပ်မက်ထဲမှာ ဥပဓိရုပ်ကောင်းကောင်းနဲ့ အဘိုးတစ်ဦး ရောက်လာပြီး ဟဲ့..ကလေးမ၊ မင်းက တိရစ္ဆာန်လေးတွေကို ချစ်တတ်၊ ကြင်နာတတ်၊ ကျွေးမွေးစောင့်ရှောက်တတ်တာလည်း တစ်ကြောင်း၊ ဆရာတော်ကြီးရဲ့ အရိပ်အာဝါသကို ခံလိုက်ရတာလည်းတစ်ကြောင်းကြောင့် ကံကောင်းတယ်ကွယ့်။ နောက်ဆို ပင်လယ်ငါးခူကို သတိထားလို့ပြောပြီး အဘိုးကြီး ပျောက်သွားသတဲ့'

'ကြည့်စမ်း၊ ကြည့်စမ်း၊ အမှုမဲ့အမှတ်မဲ့ ငါးခူအစွယ်စူးမိရာက ဒုက္ခများတော့မလို့'

ဝင်းသောင်(ရမည်းသင်း)

ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ် ဦးအောင်မြင့် (သင်္ဘန်းပရိက္ခရာ)နှင့် သမီးများ၊ ပန်းထိမ်ရပ် (အင်ဂြိမ်းစား ကျောင်းဆရာ) ဦးအုန်းမောင်နှင့် သမီးများ၊ ကျော်ဇင်ရပ် ဒေါ်နန်းကျင်(နဂါးနက်မိသားစု)နှင့် သမီးများသို့ အမှတ်တရ..။ (စာရေးသူ)

www.burmeseclassic.com

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၏ တောင်ခြေရှိ အာကျစ်တောင် သန်ချိုင်းတွင်း၌ တပ်စွဲထားရာမှ စစ်ရေးလေ့ကျင့်နေကြချိန်ဖြစ်သည်။ အရေးပေါ် စစ်ထွက်ရန်အတွက် စစ်ရေးများကို အပူတပြင်းလေ့ကျင့်နေကြရ၏။ သင်တန်းနည်းပြများ၏ အမိန့်အတိုင်း တစ်သင်္ဃမတိမ်း လိုက်နာလေ့ကျင့်ကြရသည်။ သင်တန်းတွင် ချွေးထွက်များမှ စစ်မြေပြင်ရောက်က သွေးထွက်နည်းနိုင်ကြမည်ပင်ဖြစ်သည်။

လေ့ကျင့်ရာတွင် လက်တွေ့လေ့ကျင့်ကြရသည်ဖြစ်ရာ သေနတ်သံကြားသည်နှင့် ရောက်ရာနေရာတွင် ဝပ်မှောက်တိမ်းရှောင်ကြရ၏။ တံ့နေးနေးလုပ်နေပါက တစ်ဖက်ရန်သူနှင့်တွေ့ပြီး ပစ်ခတ်ခဲ့ပါလျှင် ကျဆုံးနိုင်လေသည်။

အကျအဆုံး နည်းနိုင်သမျှ နည်းလေအောင် သင်တန်းလက်တွေ့ကျကျ လေ့ကျင့်နေကြရခြင်းဖြစ်သည်။

'ဟိုကောင်တွေ..တစ်ဖက်က ပစ်ခတ်နေသံ ကြားရဘူးလား။ ဘာကြောင့် တံ့နေးနေးလုပ်နေကြတာလဲ။ မြန်မြန် ဝပ်ချပြီး ရှောင်ရှားလေ။ ဘာလဲ၊ သေချင်လို့လား။ အဲဒီလို တံ့နေးနေပုံမျိုးနဲ့သာဆိုရင် တရုတ်မ လက်ညှိုးညွှန်ရာမှာ ထာဝရမနိုးတမ်း အိပ်နေကြရလိမ့်မယ်နော်'

သင်တန်းသားတချို့က တံ့နေးနေး လုပ်နေကြသည်ကြောင့် တကယ့်စစ်မြေပြင်တွင် ရန်သူနှင့်တွေ့ပါက ပစ်ခတ်ခံရကာ သေကြရသည်ဖြစ်ပြီး သန်ချိုင်းတွင် ထာဝရအိပ်ပျော်ကြရမည်ဖြစ်ကြောင်း ရှင်းပြနေခြင်းဖြစ်သည်။

ထိုသင်တန်းနည်းပြဆရာမှ ဥပမာပေးသော တရုတ်လက်ညှိုးညွှန်ရာနေရာ ဆိုသည်မှာ အာကျစ်တောင်သန်ချိုင်းတွင် မြှုပ်နှံခံရကာ ထာဝရနေရမည်ဟု ဆိုခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသင်တန်းနည်းပြဆရာ ဥပမာပေးခဲ့သော အာဂျစ် တောင်သခ်ျိုင်းမှ တရုတ်မ လက်ညှိုးထိုးရာနေရာဟု တင်စားကာ ဥပမာပေး၍ ပြောဆိုခဲ့ခြင်းမှာ အတိတ်ဓာတ်လမ်း ရှိခဲ့လေသည်။ အတိတ်ဓာတ်လမ်းကို မသိခဲ့လျှင် ဘာကြောင့် တရုတ်မ လက်ညှိုးထိုးရာနေရာကို ဥပမာပေးတာပါလိမ့် ဆိုသည်ကို သိနားလည်နိုင်မည် မဟုတ်ပါ။

ထိုတရုတ်မ လက်ညှိုးထိုးပြရာနေရာကို ဥပမာပေးပြောကြားခဲ့ခြင်းမှာ အတိတ်ဓာတ်လမ်း ရှိခဲ့သောကြောင့်ပင် ထိုအတိတ်ဓာတ်လမ်းကို ရှင်းပြမှပင် ဘာကြောင့် ဥပမာပေး ပြောကြားသည်ကို သိနိုင်ကြမည်ဖြစ်၍ ထိုအတိတ်ဓာတ်လမ်းကို ပြန်လည်ရှင်းပြရန် လိုအပ်သည့်အတွက် ထိုအတိတ် ဓာတ်လမ်းအား အောက်ပါအတိုင်း ရှင်းလင်းပြပေးလိုက်ပါသည်။

♦ ♦ ♦

ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် တောင်ခြေခ္ခ အာဂျစ် သခ်ျိုင်း တည်ရှိလေသည်။ ထိုသခ်ျိုင်းခ္ခ သခ်ျိုင်းစောင့်ကြီး ရှိ၏။ ထိုသခ်ျိုင်းစောင့်ကြီးမှာ ဘိန်းစွဲနေလေသည်။ သခ်ျိုင်းစောင့်ကြီးသည် သခ်ျိုင်းခ္ခပင် အစောင့်အဖြစ် နေထိုင်ပြီး သခ်ျိုင်းသို့ မြှုပ်နှံသင်္ဂြိဟ်ရန် ရောက်လာသော အလောင်းများအား မြေတွင်းတူးခြင်း၊ မြှုပ်နှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ သူ၏ လုပ်ကိုင်ဆောင်ရွက်ပေးမှုအတွက် အသုဘအလောင်းပိုင်ရှင်များက ထိုက်သင့်သည့် အခကြေးငွေများ ပေးကမ်းကြသည်။ သခ်ျိုင်းစောင့်ကြီးကတော့ ဘယ်လောက်ပဲပေးပေး သူ့အတွက် ဘိန်းဖိုးရလာသဖြင့် ကျေနပ်နေလေသည်။

တစ်နေ့တွင် စစ်တွေမြို့ထဲက တရုတ်မတစ်ယောက်၏ သူငယ်အရွယ် သမီးကလေးတစ်ယောက် အသက်ရှူရပ်သွား သတိလည်လာခြင်း မရှိသဖြင့် မိဘများက အာဂျစ် သခ်ျိုင်းသို့ လာရောက်သင်္ဂြိဟ်ကြသည်။ သခ်ျိုင်းထုံးစံအတိုင်း သခ်ျိုင်းစောင့်ကြီးအား မြှုပ်နှံသင်္ဂြိဟ်ပေးရန် တာဝန်ပေးခဲ့လေသည်။

ကလေး၏ မိဘများကလည်း သူတို့၏ တစ်ဦးတည်းသော သမီးငယ်လေးကို လွန်စွာချစ်ကြပြီး သေဆုံးခဲ့ရသဖြင့် ဤသမီးငယ်လေးတွင် ဆွဲပေးထားသော ရွှေဘယက်ကလေးကို မဖြုတ်တော့ဘဲ မြေမြှုပ်သင်္ဂြိဟ်ရန်ပြောသဖြင့် သခ်ျိုင်းစောင့်ကြီးက သခ်ျိုင်းဝတွင် မြေတွင်းတူ၍ မြှုပ်နှံသင်္ဂြိဟ်ပေးခဲ့တော့သည်။

ညဘက်ရောက်လာသောအခါ သခ်ျိုင်းစောင့်ကြီးမှာ ဘိန်းရှူရန် ဘိန်းပြတ်ခဲ့သဖြင့် နေမရဖြစ်လာကာ ဘိန်းဖိုးရန်ငွေ ကြံစည်လေတော့သည်။

'ဆရာ..နေ့ခင်းက မြေမြှုပ်သင်္ဂြိဟ်လိုက်တဲ့ ကလေးငယ်ရဲ့လည်ပင်းမှာ ရွှေဘယက်တစ်ကုံးပါတယ်လေ ဆရာ'

'အေး..ဟုတ်ပေသားပဲ။ အဲဒီရွှေဘယက်ကို ပြန်ဖော်ယူပြီး ဘိန်းဝယ်နိုင်တာပဲ'

'ကဲ..တပည့်ရေ၊ အဲဒီကလေးမြှုပ်ထားတဲ့ မြေပုံကို သွားပြန်ဖော်ပြီး ရွှေဘယက်ကို ယူချေကွာ'

တပည့်ဖြစ်သူကလည်း သူ့ဆရာ သခ်ျိုင်းစောင့်ကြီး ပြောသည့်အတိုင်း တူးရွင်းတစ်လက်ကိုယူကာ ကလေးငယ် မြှုပ်ထားရာ မြေပုံကို တူးလေတော့သည်။

ကလေးငယ်မြှုပ်ထားရာ မြေပုံဖြစ်၍ တွင်းက သိပ်မနက်လှသဖြင့် သုံး,လေးချက်တူးလိုက်သည်နှင့် အလောင်းမြှုပ်ထားရာသို့ ရောက်ခဲ့လေသည်။

'ဒုတ်..ဒုတ်'

'ဝါး...အား..ဝါး..အား'

'ဟင်..မြှုပ်ထားတဲ့အလောင်းကို တူးရွင်းနဲ့ တူးမိသွားလို့ ကလေးငိုတဲ့ငိုသံ ကြားလာပါလား'

တူးနေသော တပည့်က ကလေးငိုသံကြားသဖြင့် အလောင်းအား အသေအချာကြည့်မိလေသည်။

'ဟာ..ငါ မြေတူးလိုက်တာ ကလေးရဲ့ မျက်ခုံးတစ်ဖက်ကို တူးရွင်းနဲ့တူးမိတာကြောင့် ကလေးက သတိရလာပြီး ငိုလာတဲ့ အသံပါလား'

'ဆရာ..ဆရာ..ကျွန်တော်တို့ မြေမြှုပ်သင်္ဂြိဟ်ထားတဲ့ကလေးက သတိလစ်ပြီး မေ့မြောနေခဲ့တာပဲ ဆရာ။ အခု တူးရွင်းနဲ့ တူးမိခဲ့လို့ သတိရလာပြီး နာကျင်လို့ ငိုလာတာပဲ ဆရာ'

'ဟေ့..ဟုတ်ရဲ့လားကွာ'

'ဟုတ်ပါတယ် ဆရာရဲ့၊ ကလေးရဲ့ မျက်ခုံးတစ်ဖက်ကို တူးရွင်းနဲ့ တူးမိသွားလို့ ဒဏ်ရာရထားပြီး သွေးတွေတောင် စီးကျနေတယ်လေ ဆရာ'

'အေး..ဟုတ်ပါကွာ၊ ဒဏ်ရာက တူးရွင်းနဲ့ပွတ်ထိမိလို့သာ တော်သေးတယ်ဟေ့'

'ကုန်တော် ဘာဆက်လုပ်ရမလဲ ဆရာ။ ကလေးကို မြေပြန်မြှုပ်ပေးရမှာလား။ ရွှေဘယက်တော့ ယူလိုက်ပြီ ဆရာ'

www.burmeseclassic.com

'ဟာ..ကလေးက သေမှ မသေသေးတာဘဲကွာ။ မြေတွင်းထဲက ပြန်ဖော်ယူပြီး မြေကြီးတွေ သန့်ရှင်းပေးလိုက်ကွာ။ ပြီးတော့ ဒဏ်ရာကို ဆေးထည့်ပေးပြီး ငါ့ရဲ့သမီးကလေးအဖြစ် ငါ ဆက်မွေးမယ်ကွာ'

'ဟင်..ဖြစ်ပါ့မလား ဆရာ။ တော်တော်ကြာ ကလေးရဲ့မိဘတွေ သိသွားခဲ့ရင် ပြဿနာဖြစ်နေမှာပေါ့ ဆရာရယ်'

'ဖြစ်ပါတယ်ကွာ။ မိဘတွေက သူတို့ရဲ့သမီးကလေးသေဆုံးသွားပြီဖြစ်လို့ မြှုပ်နှံသင်္ဂြိဟ်ခဲ့ပြီးပြီပဲ။ ငါတို့ မြှုပ်နှံသင်္ဂြိဟ်ပြီးခါမှ ရွှေဘယက်ဖော်ယူရအောင် ပြန်တူးဖော်ရာမှာ ကလေးကို တူးရွှင်းထိပြီး သတိပြန်လည်လာခဲ့တာဆိုတော့ ငါတို့နဲ့ပဲ ဆိုင်တော့တယ်လေကွာ။ ဒီအကြောင်းကို မင်းနဲ့ငါပဲ သိကြတာပဲ။ ငါတို့က ဖြစ်ပျက်တဲ့အကြောင်းကို ပြန်မပြောပြရင် မိဘတွေ ဘယ်နည်းနဲ့မှ မသိနိုင်ပါဘူးကွာ'

သခ်ၤိုင်းစောင့်ကြီးလည်း အသားက ဖြူဖွေးဖွေးနှင့် ချစ်စရာကောင်းသော သမီးငယ်လေးကို သူ၏ မွေးစားသမီးအဖြစ် မွေးခဲ့လေသည်။

သုံးလသားအရွယ် သမီးကလေးဖြစ်၍ နို့ဘူးတိုက်ကာ ခက်ခက်ခဲခဲ မွေးခဲ့ရသည်။

'အင်း..ငါဟာ တစ်ကိုယ်တည်းနေခဲ့စဉ်က ကြိုသလိုစားသောက်ပြီး ဖြစ်သလိုနေခဲ့ပေမယ့် ခုချိန်မှာတော့ ငါ့မှာ သမီးကလေးတစ်ယောက် ရလာခဲ့ပါလား။ ငါ ဒီသမီးကလေးကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် မွေးရမယ်'

သခ်ၤိုင်းစောင့်ကြီးမှာ ယခင်က တစ်ကိုယ်တည်းဖြစ်သလိုနေခဲ့တာ ရလာသမျှ ဘိန်းဝယ်၍သာ ဘိန်းမူးနေခဲ့လေသည်။ ယခုတော့ သူတွင် ဖြူဖြူဖွေးဖွေးနှင့် ဝဝကစ်ကစ် သမီးချောလေးတစ်ယောက်ကို မထင်မှတ်ဘဲ ရလာခဲ့သဖြင့် ထိုသမီးကလေး၏ နောင်ရေးအတွက်ပါ တွေးလာခဲ့မိသည်။

'ငါဟာ သမီးကလေးကို လူလောကအလယ်မှာ လူတစ်လုံးသူတစ်လုံးဖြစ်လာအောင် မွေးမယ်ဆိုရင် အစစပြည့်စုံနိုင်အောင် ထားနိုင်ဖို့အတွက် ငါ ငွေရှာရတော့မှာပါလား။ ခါတိုင်းလို ရလာသမျှ ဘိန်းရှူပစ်လို့ မဖြစ်တော့ဘူး။ သမီးကလေးရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်အောင် ငါ အစစဆင်ခြင်ပြီး စုဆောင်းရမှာပါလား'

ထိုအသိ ထိုအတွေးများကြောင့် သခ်ၤိုင်းစောင့်ကြီးလည်း သူ့ရဲ့လုပ်ငန်းမှ ရလာသမျှကို သမီးကလေးအတွက် ရည်ရွယ်ပြီး ကြိုတင်စုဆောင်းလာခဲ့လေသည်။

'ဖေကြီး..သမီး ကျောင်းနေပြီး စာသင်ချင်တယ်'

'သင်ရမှာပေါ့ သမီးလေးရယ်'

သမီးငယ်၏ အလိုဆန္ဒအတိုင်း နီးရာရပ်ကွက် မူတန်းကျောင်းတွင် ကျောင်းအပ်ပေးကာ ပညာသင်ယူခဲ့သည်။

သခ်ၤိုင်းစောင့်ကြီးမှာ သူ့အနေနှင့် စာမတတ်ပေမတတ်ခဲ့သဖြင့် လူတကာ မလုပ်နိုင်သော အလောင်းကောင်များအား မြေမြှုပ်ပေးရသော အလုပ်ကို လုပ်ခဲ့ရကာ ဘဝရဲ့တည့်ခဲ့ရသည်။ နေ့ပြန်တော့လည်း သခ်ၤိုင်းဧရပ်ကိုသာ အိမ်လုပ်၍ နေခဲ့ရရှာသည်။

သမီးကလေးကို မွေးစားခဲ့ပြီးနောက်တွင်တော့ အစဉ်ပြုပြင်ခဲ့ကာ ချစ်သမီးဂ်လေး ပညာတတ်စေရေး၊ လူတန်းစားလုံးသူတစ်လုံး ဖြစ်လာစေရေးနှင့် လူဘဝတွင် အရာရောက်လာစေရေးအတွက်သာ ရည်မှန်းခဲ့ပြီး သမီးကလေးအတွက် လိုလေသေးမရှိရအောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက်သာ စဉ်းစားလုပ်ဆောင်လာခဲ့သည်။

သမီးဖြစ်သူကလည်း ဒီအဖေမှအဖေ ဖြစ်နေ၏။ သူ့ဖခင်ကိုလည်း ချစ်ခင်တွယ်တာ၏။ ကျောင်းစာကိုလည်း ကြိုးစားသင်ယူခဲ့၏။ ယခုဆိုလျှင် မူလတန်းဆင့်၊ အလယ်တန်း၊ အထက်တန်းဆင့် ကျောင်းသူကြီးတစ်ယောက်အဖြစ်လာခဲ့၏။ အရွယ်ရောက်လာခဲ့သဖြင့် သူ့ဖခင် ပြောသောကြောင့် သူမမှာ လူဘဝတွင် အသက်ဆက်လက်ရှင်သန်ခွင့် ရလာခဲ့ရသည်ကို သိလာခဲ့သောအခါ ဖခင်သခ်ၤိုင်းစောင့်ကြီးကို ပို၍ပင်လေးစားချစ်ခင်ခဲ့လေသည်။

တစ်နေ့တွင် သုသာန်ဧရပ်တွင်ရှိနေစဉ် အလောင်းတလောင်း မြေမြှုပ်သင်္ဂြိဟ်ရန် ရောက်လာခဲ့လေသည်။

ဖခင်ကြီး၏ တပည့်များက အလောင်းအား မြေမြှုပ်သင်္ဂြိဟ်ပေးရန် မြေကျင်းတူးနေကြသည်။ ထိုစဉ် သမီးငယ်သူက အလောင်းနားသို့ ရောက်ရှိလာကာ အလောင်း၏ ခေါင်းတ်ကို စမ်းသပ်ကြည့်ခြင်း၊ အလောင်းကောင်၏ နှာခေါင်းနားကို နားနှင့်ကပ်၍ နားထောင်ကြည့်ခြင်း၊ အလောင်းကောင်၏လက်ကို မြှောက်ကိုင်၍ သွေးခုန်နှုန်းရှိ,မရှိ စမ်းသပ်ခြင်းတို့ကို မရှဲမရွာ မကြောက်မလန့်ဘဲ အမျိုးမျိုး သပ်ကြည့်နေလေသည်။

'ဒီမိန်းကလေးက ဘယ်ကလဲ။ အလောင်းကို ဘာကြောင့်စမ်းသပ်ကြည့်နေရတာလဲ'

'ဒီမိန်းကလေးဟာ သခ်ၤိုင်းစောင့်ကြီးရဲ့ သမီး အလောင်းကောင်ဟာ မြေမမြှုပ်မီမှာ တကယ်တော့သမီး

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်,မဟုတ် စမ်းသပ်ကြည့်ခဲ့တာပါကွယ်'

'ဟင်း..သေဆုံးခဲ့တာ မှန်ကန်လို့ပဲ မြေမြှုပ်သင်္ဂြိုဟ်ဖို့ သခ်ျိုင်းကို ရောက်လာခဲ့ပြီပဲ'

'ဟုတ်ပါတယ်ရှင်၊ အမှန်တကယ်သေဆုံးတာ ဟုတ်,မဟုတ် သေချာအောင် စမ်းသပ်ကြည့်ခဲ့တာပါ။ ပြောရရင် တော့ ကျွန်မလို အဖြစ်မျိုးနဲ့ မကြုံကြစေဖို့ စမ်းသပ်ကြည့်ပေးတာပါ'

အမှန်တကယ် သေဆုံးခဲ့သော အလောင်းဖြစ်နေပါက ထိုမိန်းကလေးကပင် သူဖခင်၏ကိုယ်စား ထိုအလောင်းကောင်ကို ဘယ်နေရာတွင် မြေမြှုပ်သင်္ဂြိုဟ်ရမည်ကို လက်ညှိုးညွှန်ကာ နေရာပြသပေးခဲ့လေသည်။

သခ်ျိုင်းသို့ မြှုပ်နှံသင်္ဂြိုဟ်ရန်ရောက်လာသော အသုဘရှင်တချို့က သေပြီးလို့ သင်္ဂြိုဟ်ရန်ပင် သုသာန်သို့ သယ်ယူလာခဲ့ကြပြီးဖြစ်၍ သေ,မသေ ထပ်မံစမ်းသပ်ရန် မလိုတော့ဟု မကျေမနပ်ဖြစ်ကြသည်။ သို့သော်လည်း ထိုမိန်းကလေး၏ စမ်းသပ်ပေးခဲ့မှုကြောင့် ရှားရှားပါးပါး အလောင်းအချို့မှာ သတိလစ်မေ့မြောနေရာမှ သုသာန်သို့ သယ်ယူလာကြရာတွင် သုသာန်တွင်း၌ အလောင်းကစားလေ့ရှိကြရာ သတိလစ်ကာ မေ့မြောပြီး သေဆုံးပြီဟု သင်္ဂြိုဟ်ရန် ရောက်ရှိလာသည့် အလောင်းတချို့မှာ အလောင်းကစားကြရာမှ နုတ်ပြန်ခုန်ကာ သတိပြန်ဝင်ပြီး အသက်ပြန်ရှင်ခဲ့သည့် အလောင်းတချို့ပင် တွေ့ရှိလာခဲ့ကြ၍ ထိုမိန်းကလေး၏ မြေမြှုပ်မီ စမ်းသပ်ပေးမှုကို လက်ခံလာကြလေသည်။

'ဟင်..သုသာန်က သခ်ျိုင်းစောင့်ကြီးမှာ မိန်းမရှိတယ်ဆို မကြားမိပါဘူး။ မိန်းမ,မရှိဘဲ သူသမီးက ဘယ်က ရောက်လာခဲ့တာလဲပဲ'

'အလောင်းတွေ တကယ်သေဆုံးတာ ဟုတ်,မဟုတ် စစ်ဆေးပေးတဲ့ မိန်းကလေးက သူမလို အဖြစ်ဆိုးမျိုးနဲ့ ကြုံရအောင်လို့ ဆိုပြန်တယ်။ ဒီတော့ ဒီမိန်းကလေးဟာ သေဆုံးပြီဆိုပြီး မြေမြှုပ်သင်္ဂြိုဟ်ပြီးကာမှ အသက်ပြန်ရှင်ခဲ့လို့ သခ်ျိုင်းစောင့်ကြီးက မွေးစားခဲ့တာလားပဲ'

ထိုသို့ဖြင့် သခ်ျိုင်းသို့ အသုဘချလာသူများ၊ အသုဘသို့ လိုက်လာကြသူများက တစ်ယောက်တစ်မျိုး ထင်ကြေးပေးခဲ့ကြရာမှာ မိန်းကလေး၏ မိဘများကလည်း ထိုမိန်းကလေးမှာ အသားက ဖြူဖြူချောချောလေးဖြစ်၍ သူတို့သေဆုံးခဲ့သော သုံးလသားအရွယ် သမီးကလေးမှာ ဆုံးပြီဟု သင်္ဂြိုဟ်ခိုင်းခဲ့ရာမှ မသေဘဲ ပြန်ရှင်လာခဲ့၍ သခ်ျိုင်းစောင့်ကြီးမှ သူတို့အား အသိမပေးခဲ့ပဲ သမီးအဖြစ် မွေးစားခဲ့ခြင်းဖြစ်မည်ဟု ယခု ထိုမိန်းကလေး ရောက်ရှိနေသော အသက်အရွယ်နှင့် သူတို့ သင်္ဂြိုဟ်ခိုင်းခဲ့သော ကာလကို ပြန်တွက်စစ်ကြည့်ကာ သံသယဝင်ခဲ့လေသည်။

'ဒီမိန်းကလေးဟာ အသားကလည်းဖြူတယ်၊ ရုပ်ရည်ကလည်း သင်္ဂြိုဟ်ခိုင်းခဲ့တဲ့ မိခင်ရဲ့ရုပ်ရည်နဲ့ တစ်ထပ်တည်း နီးနီးတူနေတယ်ဆိုတော့ ဒီမိန်းကလေးဟာ သခ်ျိုင်းစောင့်ကြီးက မသေဆုံးသေးတာသိပြီး မွေးစားခဲ့တာပဲဖြစ်မယ်'

ထိုအကြောင်းများဖြင့်ပင် သခ်ျိုင်းစောင့်ကြီးမှာ ကလေးအလောင်းတွင် ဆွဲပေးလိုက်သော ရွှေဘယက်ကို ပြန်လည်ဖော်ယူရာမှ အသက်မသေသေးသော သူတို့၏ သမီးကလေးကို တွေ့ခဲ့ပြီး မွေးစားခဲ့ခြင်းဖြစ်ကြောင်း အမှုဖွင့်တိုင်ကြားခဲ့တော့သည်။ တရားရုံးတွင် နှစ်ဖက်အမှုရင်ဆိုင်ကြရသော အခါ သခ်ျိုင်းစောင့်ကြီးက မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့သော ကလေးငိုသံ ထွက်ပေါ်လာ၍ ပြန်လည်တူးဖော်ကြည့်ခဲ့ရာမှ အသက်မသေသေးမှန်းသိ၍ မိဘများစွန့်ပစ်ပြီးသော ကလေးမလေးအား ကရုဏာဖြစ်ကာ နို့ဘူးတိုက်ကျွေး၍ ခက်ခက်ခဲခဲ မွေးလာခဲ့ရကြောင်း၊ ယခုဆိုလျှင် ကလေးမလေးမှာ ပညာတတ်ပြီး အရွယ်ရောက်လာသော သမီးချောလေးတစ်ယောက်ပင် ဖြစ်လာခဲ့၍ သူ့အား ဖခင်ရင်းတစ်ယောက်အဖြစ် ခင်တွယ်နေပြီဖြစ်ကြောင်း ပြန်လည်ထုချေလေသည်။

'ကဲ..တရားလို၊ တရားခံများကတော့ သူ့သမီး၊ ကိုယ် သမီးအဖြစ် ထွက်ဆိုပြီး ရင်ဆိုင်နေကြပြီ။ ဒီအမှုမှာ သမီးဖြစ်သူသာ အဓိကဖြစ်တယ်။ သမီးဖြစ်သူက အရွယ်ရောက်၊ ပညာတတ်တစ်ယောက်ဖြစ်နေ၍ သမီးဖြစ်သူ၏ ဆန္ဒအရသာ အဆုံးအဖြတ်ပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် နှစ်ဖက်မိဘများရှေ့မှောက်မှာ မေးပါမယ်။ သမီးဖြစ်သူ၏ ဆန္ဒသဘောထားသာလျှင် အတည်ဖြစ်ပါစေ'

တရားသူကြီးလည်း နှစ်ဖက်မိဘများ သူ့သမီး၊ ကိုယ့်သမီးလုကာ အငြင်းပွားနေမှုကို ဖြေရှင်းပေးနိုင်ရန် အဓိကကျသော မိန်းကလေးကို စတင်မေးလေတော့သည်။

'ကဲ..သမီး၊ သမီးဟာ ဟောဟိုရုံးရှေ့က မိဘရင်းများရော၊ မွေးစားဖခင်ရော နှစ်ဖက်စလုံးကို သိရပြီနော်။ ဒီတော့ သမီးအနေနဲ့ မိဘအရင်းများနှင့် အတူနေမှာလား၊ ဒါမှမဟုတ် ၁၂လသမီးအရွယ်ကတည်းက သမီးအမှတ်နဲ့ မွေးစားလာခဲ့တဲ့ သခ်ျိုင်းစောင့်ကြီးနဲ့ အတူနေမှာလားဆိုတာ ပြောပြပါ'

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မဟာ မိဘအရင်းများက သေဆုံးပြီလို့ ယူဆပြီး သူသာန်မှာစွန့်ပစ်ဖို့ ဟောဒီက သခ်ၤိုင်းစောင့်ကြီးကို မြေမြှုပ်သင်္ဂြိဟ်ပေးဖို့ တာဝန်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ သခ်ၤိုင်းစောင့်ကြီးက ကျွန်မ သတိပြန်လည်လာပြီး မသေသေးဘဲ ငိုသံကြားလို့ မြေတွင်းမှ ပြန်ဖော်ယူခဲ့ပြီး ကျွန်မ ဒီအသက်အရွယ်ရောက်ရှိလာခဲ့အထိ ကျွေးမွေးစောင့်ရှောက်ပညာသင်ပေးခဲ့လို့ ကျွန်မဟာ ဘွဲ့ရဆရာဝန်မတစ်ယောက် ဖြစ်လာခဲ့ရပါတယ်။ ဒါကြောင့် ကျွန်မ ဒီအရွယ်အထိ လူ ဘဝမှာ အသက်ရှင် ရပ်တည်လာနိုင်ခဲ့တာဟာ မွေးစားဖခင်ကြီး သခ်ၤိုင်းစောင့်ကြီးရဲ့ ကရုဏာစိတ်နဲ့ ကျွေးမွေးပေးခဲ့တဲ့ ကျေးဇူးတရားကြောင့်ပဲ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မအနေနဲ့ မွေးစားဖခင်ကြီး သခ်ၤိုင်းစောင့်ကြီးနဲ့ပဲ အတူ တစ်သက်မခွဲဘဲ နေသွားပါ့မယ် တရားသူကြီးရှင့်"

"ကဲ..နှစ်ဖက်မိဘများ ကြားကြတဲ့အတိုင်းပါပဲ၊ ကာယကံရှင်ကိုယ်တိုင်ရဲ့ ဆန္ဒအရသာ ဆုံးဖြတ်ပေးရမှာဖြစ်လို့ အရွယ်ရောက်ပြီးဖြစ်တဲ့ မိန်းကလေးအား မွေးစားဖခင်ကြီးဖြစ်တဲ့ သခ်ၤိုင်းစောင့်ကြီးနဲ့သာ အတူနေရန် ဆုံးဖြတ်လိုက်ပါတယ်"

ထိုသခ်ၤိုင်းစောင့်ကြီး၏ မွေးစားသမီးဖြစ်သော ဆရာဝန်မလေးမှာ သခ်ၤိုင်းစောင့်ကြီးနှင့်သာ သားအဖနှစ်ယောက် အတူနေထိုင်ကြကာ နီးရာရပ်ကွက်တစ်ခုတွင် ဆေးခန်းဖွင့်ခဲ့ပြီး ရောက်လာသမျှ လူနာများအား သူမ သင်ယူတတ်မြောက်ထားသည့် ဆရာဝန်ပညာဖြင့် ကုသပေးခဲ့လေသည်။ တချို့ ဆေးဖိုးဝါးခ မတတ်နိုင်သူများကိုလည်း စေတနာဖြင့် ကုသပေးခဲ့သည်။

ထိုတရုတ်မ ဆရာဝန်မလေးမှာ သုသာန်သို့ သင်္ဂြိုဟ်ရန် ရောက်လာသော အလောင်းများကို အမှန်တကယ် သေဆုံးခြင်းဟုတ်,မဟုတ် စမ်းသပ်ပေးကာ အမှန်တကယ် သေဆုံးသော အလောင်းဖြစ်ပါက သူမ၏ ဖခင်ကြီးကိုယ်စား ဘယ်နေရာတွင် မြှုပ်နှံသင်္ဂြိဟ်ရမည်ကိုပါ လက်ညှိုးထိုးကာ ညွှန်ပြပေးခဲ့လေသည်။

တင့်ထူး(ဇေယျဝတီ)

မှတ်ချက် * *(၁၉၇၃)ခုနှစ်တွင် စစ်တွေမြို့၊ အာဂျစ်တောင် သခ်ၤိုင်းတွင် တကယ့်အဖြစ်အပျက်ကို ပြောပြသော ရဲဘော်လှဝင်း(တပ်မတော်ရေ)၏ ပြောပြချက်ကို ဇာတ်လမ်းဆင်ကာ ရေးဖွဲ့ပါသည်။*

သင်၏လက်ဝါးပြင်သည် သင့်ဘဝ၏ ကြေးမုံပြင်ဖြစ်သည်...

☞ ဒါတွေကို ဟောဇင်္ဂကိုပေးနေပါတယ်။

(၁) ဗေဒင်/လက္ခဏာ ဟောပြောခြင်း။
(၂) အကျိုးပေးသော ကလေးအမည်၊ စီးပွားရေးလုပ်ငန်းအမည်များ ရွေးချယ်ပေးခြင်း။
(၃) ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပေးခြင်း၊ မင်္ဂလာရက်များ ရွေးပေးခြင်း။
(၄) ဗေဒင်/လက္ခဏာပညာ သင်ကြားပေးခြင်း။
(၅) ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာများ ပြုလုပ်ပေးခြင်း။
(၆) နယ်မှ ပရိသတ်များကို ဖုန်းဖြင့်ဟောခြင်း၊ ဟောစာတမ်းပို့ပေးခြင်း။

နယ်မှ မေးလိုပါက ဘာဏ်ပူဇော်ခကို ဘဏ်မှ လွှဲပေးရမည်။
(ချမ်းသာသုခ ပြည့်ဝကြပါစေ)

လက္ခဏာဆရာကြီး

မူလ-ဆရာနေရောင် (ဓညဝတီ)

အမှတ်-၂၇(B) (ပထမထပ်)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ (ကားပွဲစားတန်းအနီး) 09 420 718130 sirnayrung@gmail.com

www.burmeseclassic.com

ဒီဇာတ်လမ်းကို ရေးမယ်လို့ စိတ်ကူးရခဲ့တာက ဦးမထုလကြောင့်ပါ။ ကျွန်တော်တို့က သဘာပတိကြီး ဦးမထုလလို့ခေါ်တဲ့ ကချင်အမျိုးသားကြီးကြောင့် ရေးဖြစ်တာပါ။ ဦးမထုလဆိုတာ ကျွန်တော်တို့ (၁၄၊ ၁၅)နှစ်သား အရွယ်က ကျွန်တော်တို့ ရွာကလေးရဲ့ မီးရထားဘူတာရုံမှာ ရုံပိုင်ကြီး လုပ်ခဲ့သူပေါ့။ ရုံပိုင်ကြီးဆိုလို့ အထင်တော့မကြီးလိုက်ပါနှင့်။ ရုံပိုင်ကြီးလည်းသူ၊ လက်မှတ်ရောင်းလည်းသူ၊ ဒလဝမ်လည်းသူပါပဲ။ သူတစ်ယောက်တည်းပဲ ဝန်ထမ်းက ရှိတယ်လေ။

မျိုးတင့်
(ဇော်လေးပင်)

ဆန်းပြားထူးခြား ခေါင်းတလားတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့တစ်တွေ ရွာအလယ်တန်းကျောင်းက (၇) တန်းအောင်တော့ ညောင်လေးပင်မြို့က အထက်တန်းကျောင်းကြီးကို ပြောင်းရွှေ့ပညာသင်ကြားခဲ့ရတယ်။ ကျွန်တော်တို့ရွာနဲ့ ညောင်လေးပင်မြို့ဟာ (၄)မိုင်လောက်ဝေးပါတယ်။ ခြေကျင်မလျှောက်နိုင်ကြဘူး။ စက်ဘီးလည်း ဝယ်စီးနိုင်ကြဘူး။ ဒီတော့ မီးရထားကိုပဲ အားကိုးကြရပါတယ်။ အချိန်ကာလကတော့ (၁၉၅၉)ခုနှစ်လောက်ကပါ။ မီးရထားဆိုလို့ အခုခေတ်လို ဒီဇယ်ခေါင်းတပ်ရထားကြီး မဟုတ်ဘူး။ ရှူးရဲ့,ရှူးရဲ့နဲ့ အရှိန်ယူပြီး ကျွန်းကျွန်းကျက်ကျက်နဲ့ မောင်းရတဲ့ ရထားပါ။ ဘွိုင်လာအိုးထဲမှာ ရေတွေထည့်ပြီး ကျောက်မီးသွေးတို့၊ ထင်းတို့နဲ့ အပူပေးပြီး ရေနွေးငွေ့အားကို အသုံးပြုတဲ့ ကျော့စတီဗင်ဆင်ဆိုတဲ့ ပုဂ္ဂိုလ်ကြီး တီထွင်ခဲ့တဲ့ မီးရထားမျိုးပါ။ ညောင်လေးပင်၊ ပုစွန်မြောင်း၊ အင်းဝိုင်းကနေ မဒေါက်အထိ တစ်နေ့ (၂)ခေါက် ခုတ်မောင်းခဲ့ပါတယ်။ မဒေါက်ကတော့ မီးရထားလမ်းဆုံးပေါ့။

ရုံပိုင်ကြီးဦးမထုလအကြောင်း ပြောပါဦးမယ်။ သူဟာ အသက်(၄၅)နှစ်လောက်သာ ရှိသေးတဲ့ စစ်ပြန်ရဲဘော်အောင်းကြီးပါ။ နဖူးပြောင်ပြောင် ဆံပင်က ပါးကျဲကျဲ၊ မျက်နှာက ပြားပြား၊ အသားက ကြေးနီရောင် သဘောကောင်းကောင်းနဲ့ အမြဲတမ်းပြုံးနေတတ်ပါတယ်။ စစ်သားဘဝနဲ့ ကျွန်တော်တို့ရွာမှာ တာဝန်ကျရင်းက ကျွန်တော်တို့နဲ့ မြောင်းရွာသူနဲ့ငြိပြီး ရွာသားဖြစ်လာခဲ့သူပေါ့။

ကျွန်တော်ရယ်၊ အောင်သစ်၊ ကျော်ခိုင်တို့ (၃)ယောက်ဟာ ကျောင်းသွားဖို့ မနက်ခင်းမှာ မဒေါက်ရထားကြီးကို စောင့်ကြရတယ်။ အဲဒီလိုအခါမျိုးမှာ တစ်ခါတစ်ရံ မဒေါက်ရထားကြီးက ပုံမှန်အချိန်ရောက်မလာဘဲ မီးပေါင်ကျနေတတ်တယ်။ ရထားစောင့်ရင်းနဲ့ လူငယ်တွေကို ချစ်ခင်တတ်တဲ့ ဦးမထုလဟာ သူရဲ့ဘဝအတွေ့အကြုံတွေကို ပြောပြလို့ ကျွန်တော်တို့ နားထောင်ခဲ့ရပါတယ်။ ရထားကြီး မီးပေါင်းကျတယ် ဆိုတာကို ဒီခေတ်လူငယ်လေးတွေ မသိနိုင်ပါဘူး။ နည်းနည်းတော့ရှင်းပြမှ အဆင်ပြေမယ်ထင်ပါတယ်။ ရထားကြီးရဲ့ ဘွိုင်လာအိုးဆူဖို့ ကျောက်မီးသွေးတွေ၊ ထင်းတွေ အရှိန်အားနည်းရင် ရေနွေးငွေ့အား မကောင်းတော့ပါဘူး။ ရထားကြီးဟာ ရှေ့ဆက်ခရီးမနှင်နိုင်ဘဲ ရပ်တန့်သွားတာကို ရထားမီးပေါင်ကျတယ်လို့ ခေါ်တာပါ။

ဦးမထုလကို သဘာပတိကြီးလို့ ကျွန်တော်တို့ ခေါ်တာကိုလည်း နည်းနည်းရှင်းပြပါရစေ။ ကျွန်တော်တို့ မြို့နယ်မှာ တစ်နှစ်တစ်ခါ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲကျင်းပပါတယ်။ အဲဒီမှာ တိုင်းရင်းသားလူမျိုးစုံ ကိုယ်စားလှယ်တွေကို သဘာပတိတင်ဖို့ ရှာကြဖွေကြရပါတယ်။ ရှားရှားပါးပါး ကချင်တိုင်းရင်းသားကြီး ဦးမထုလဟာ ကချင်ရိုးရာဝတ်စုံနဲ့ သဘာပတိစင်မြင့်ပေါ်မှာ နှစ်စဉ် မြို့လူထုရဲ့ အလေးပြုခြင်းကို ခံရပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ လူငယ်တွေက သူ့ကို သဘာပတိကြီးလို့ ခေါ်ကြတာပါ။ သူကလည်း အဲဒီလိုခေါ်တာကို တော်တော်လေး သဘောကျပုံရပါတယ်။ သူ့ရဲ့ ကျယ်ဝန်းတဲ့ပါးစပ်က နူတ်ခမ်းထူကြီးရဲ့ အစွန်းနှစ်ဖက်ဟာ နားရွက်နှစ်ဖက်မှာ ချိတ်နေမတတ်။ ကြီးမားတဲ့သွားဝါဝါကြီးတွေ အခွေလိုက်ပေါ်အောင် ပြုံးပြုံးကြီး ရှိနေခဲ့တာပါ။

ဦးမထုလ ပြောပြခဲ့တဲ့ ဇာတ်လမ်းဟာ လွန်ခဲ့တဲ့ နှစ် (၅၀)ကျော်က ဖြစ်ပါတယ်။ နှစ်တွေ ဒီလောက်ကြာတဲ့တိုင်အောင် သူရဲ့ ပြောဟန်ဆိုဟန်နဲ့ အကြောင်းအရာရဲ့ ထူးခြားဆန်းကြယ်မှုကြောင့် ယနေ့တိုင် မမေ့နိုင်ဘဲရှိနေလို့ ပြန်လည်တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

♦♦♦

ငါဟာ ကချင်လူမျိုးပါ။ ကချင်ပြည်နယ်မှာ မွေးတာတော့မဟုတ်ဘူး။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်ဘက်မှာ မွေးခဲ့တာ။ အဲဒီမှာ ကချင်၊ ရှမ်း၊ ပလောင်လူမျိုးတွေ နေကြတယ်။ ငါတို့တိုင်းရင်းသားတွေဟာ တစ်ယောက်နဲ့ တစ်ယောက် လူမျိုးမခွဲဘဲ ချစ်ခင်ခဲ့ကြတယ်။ တစ်ရွာ အရေးကို တစ်ရွာက ကူညီခဲ့ကြတာပါ။

အချိန်ကတော့ (၁၉၄၈-၄၉)ခုနှစ်လောက်ပေါ့။ မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရပြီး ပျော်ရမလား အောက်မေ့တယ်ကွာ။ ဘာကြာမလဲ၊ တို့ ရှမ်းပြည်မြောက်ဖျားကို တရုတ်ဖြူတွေ ဝင်လာကြတယ်ကွ။ အဲဒီအချိန်မှာ တရုတ်ပြည်မှာ တပ်မီတော်နဲ့ တရုတ်ဖြူတွေ စစ်ဖြစ်ပြီး အားပြိုင်ခဲ့ကြတယ်။ မော်စီတုံး ဦးဆောင်တဲ့ တပ်မီတော်က အောင်ပွဲရတော့ တရုတ်ဖြူတပ်တွေဟာ နယ်စပ်ချင်းထိနေတဲ့ တို့နိုင်ငံရဲ့မြောက်ဖျား ရှမ်းပြည်နယ်ထဲကို ထွက်ပြေးခိုလှုံခဲ့ကြတယ်။ ထွက်ပြေးလာပေမယ့် သူတို့က အေးအေးဆေးဆေး လာတာမဟုတ်ဘူး။ စစ်ဦးဘီလူးဆိုတာမျိုး တို့တိုင်းရင်းသားတွေကို ကောင်းကောင်းနှိပ်စက် အနိုင်ကျင့်ခဲ့ကြတာ။ ရွာတွေဂုံ့ မီးရှို့တယ်။ တွေ့သမျှ လုယက်တယ်။ တရုတ်ဖြူတပ်မကြီးရဲ့ ခေါင်းဆောင်က ကျူးဘူတဲ့။

www.burmeseclassic.com

ငါတို့ တိုင်းရင်းသားတွေက ဗမာစကားကလည်း မတတ်၊ တရုတ်စကားဆိုလည်း နားမလည်၊ ဗမာကိုလည်း မမြင်ဖူးဘူး၊ တရုတ်ဆိုလည်း မမြင်ဖူးကြဘူး။ အဲဒီဘုန်းက တရုတ်တွေကို မမြင်ဖူးလို့ သွားကြည့်ခဲ့တာ။ တရုတ်ဖြူတွေဟာ စစ်ရှုံးပြီး စိတ်ဓာတ်ကျလာကြတာ။ လူမမာတွေလိုပဲ အားပြတ်ပြီး ဖျော့တော့နေကြတယ်။ ဖြူဖပ်ဖြူရော်တွေနဲ့ပါ။ သူတို့ဆီမှာ ဆန်လော်နဲ့ ပဲပုပ်ထောင်းတွေကို လွယ်သိုင်းပြီး ယူလာကြတယ်။ ပိတ်ဖြူအိတ်တွေကို ခါးမှာလည်း ပတ်ထားတယ်။ ပခုံးနှစ်ဖက်မှာလည်း လွယ်ထားကြတယ်။ အဲဒါဟာ သူတို့ရဲ့ရိက္ခာပဲ။ စစ်မြေပြင်မှာ ပဲပုပ်ထောင်းနဲ့ ဆန်လော်ကို လက်တစ်ခုပ်လောက် ပါးစပ်ထဲပစ်ထည့်ပြီး ရေသောက်ပြီး စစ်တိုက်ကြရတာလေ။ သူတို့ရဲ့ အဓိကလိုအပ်တဲ့ အသုံးအဆောင်ကတော့ ဘိန်းပဲ။ ဘိန်းမစားရရင် မနေနိုင်ကြတော့ဘူး။

တရုတ်ဖြူတွေဟာ လူအင်အား အင်မတန်များတယ်။ တို့ရှမ်းပြည်မြောက်ပိုင်းက ကွတ်ခိုင်၊ ကွမ်းလုံ၊ မုန်းကိုင်း၊ ပေါင်းဆိုင်း၊ ကြူကုတ်၊ ပန်ဆိုင်း၊ မုန်းပေါ်၊ မုန်းယား၊ မုန်းဟုန်၊ မုန်းစီးဆိုတဲ့နယ်တွေမှာ သူတို့တပ်တွေ အလုံးအရင်းနဲ့ ရှိနေကြတာပေါ့။

ငါတို့ရွာကလေးက တောင်ထိပ်တစ်ခုပေါ်မှာရှိတယ်။ တို့ရွာကို သူတို့ ဝင်လာကြတော့မယ်ဆိုတာက သေချာပေါက်ဖြစ်နေပြီ။ တို့ရွာမှာ ရှမ်းဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းကြီးရှိတယ်။ တို့ရှမ်း ပလောင်၊ ကချင်တွေဟာ အဲဒီဘုန်းကြီးကျောင်းကြီးမှာ လူစုလိုက်ကြတယ်။ တို့ ဘာလုပ်မလဲ။ ဘာပဲဖြစ်ဖြစ် ရန်သူကို ခေါင်းငုံ့ခံရတာတော့ ရာဇဝင်ရိုင်းတယ်။ သေပါစေ၊ ခံချကြမယ်လို့ တို့ ဆုံးဖြတ်ခဲ့ကြတယ်။

ကြည့်ပါဦးကွာ၊ တို့ရွာမှာရှိတဲ့ သေနတ်က မီးပေါက်သေနတ်တွေကွ။ မုဆိုးတွေ အမဲလိုက်ရင် သုံးကြတာ။ တူမီးသေနတ်၊ မြေပါသေနတ်၊ ကောင်းမွတ်သေနတ်လို့ခေါ်တဲ့ ကချင်သေနတ်တွေတော့ ရှိပါရဲ့။ အဲဒါတွေဟာ ယမ်းထောင်းပြီးရင် ကျည်ဘူးလုပ်ဖို့ ပြောင်းဝထဲကို ခဲဆန်သွင်းကြရတယ်။ မီးနဲ့ရှို့ဖောက်မှ ထွက်တဲ့သေနတ်မျိုးတွေပါ။ ရန်သူတရုတ်တွေကတော့ စက်သေနတ်အကြီး၊ အသေး၊ ပြောင်းရှည်၊ ရိုင်ဖယ်၊ စက်သေနတ်တွေ သုံးနေကြတယ်။ လက်ပစ်ဗုံးတွေလည်း ရှိနေတယ်။ သူတို့ ကျည်(၂)ကတ်လောက်ဆွဲလို့ လူတွေ အတုံးအရုံးလဲကုန်ပြီးမှ တို့ဘက်က ကျည်တစ်ခါ ထွက်နိုင်တာ။ ကျည်တစ်ခါထွက်ပြီးရင်လည်း ချုံထဲကို အပြေးအလွှားဝင်ပြီး ယမ်းကို ထောင်းနေရတာလေ။ လူရော လက်နက်အင်အားပါ ဘယ်လိုမှယှဉ်ပြိုင်မရဘူး။ ဒါပေမဲ့ သူတို့ကို တို့ခံတိုက်ခဲ့တယ်။ မတိုက်လည်း သေမယ်။ ကျွန်ုပ်ပြုခံရမယ်။ ဒီတော့ တိုက်သေပါစေလို့ ဆုံးဖြတ်ခဲ့ကြတာပေါ့။

တို့တွေ ရှမ်းဘုန်းကြီးကျောင်းမှာ လူတွေစုကြတယ်။ အဲဒီကျောင်းမှာ နီးနဲ့ရက်လုပ်ထားပြီး ရှေးဘိုးဘွားတွေကိုးကွယ်ခဲ့တဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီး ရှိတယ်။ အဲဒီရုပ်ပွားတော်ကြီးဟာ တန်ခိုးကြီးတယ်။ တိုတစ်တွေ အဲဒီနီးဘုန်းကြီးကို အားကိုးကြတယ်။ တို့ရှမ်းဘုန်းကြီးတွေက နီးဘုန်းကြီးရှေ့မှာ မန်းမူတ်ပေးကြတယ်။ ပရိတ်ရေတွေ၊ မန္တန်ရေတွေ၊ ဂုဏ်တော်တွေ ရွတ်ဆိုပူဇော်ပြီး တို့ကို သိဒ္ဓိတင်ပေးတယ်။ တို့ ပရိတ်ရေတွေ သောက်ကြတယ်။ ပရိတ်ဆီတွေကို လိမ်းကျံတယ်။ တို့အားကိုးစရာကလည်း ဒါပဲရှိတယ်။ တို့လုပ်တဲ့အလုပ်ကို တို့တန်ဖိုးထားတယ်။ အဲဒီမှာ တန်ခိုးပါဝါတွေ ရှိနေတယ်လို့ တို့က ခိုင်ခိုင်မာမာ ယုံကြည်ထားကြတယ်လေ။

တို့ နီးဘုရားကြီးရှေ့မှာ လုပ်စရာရှိတာတွေ လုပ်ကြတုန်းမှာ တို့အားလုံး အသံကြီးတစ်ခုကို ကြားလိုက်ကြရတယ်။ အဲဒီအသံကြီးဟာ ဘာသံကြီးမှန်းမသိအောင် ကြောက်ခြားဆန်းကြယ်တယ်။ တောင်တွေပြိုသံလိုလို၊ မြေကြီးထဲက ဟည်းသံလိုလို၊ ကောင်းကင်ကြီးထဲကပဲ ထစ်ချုန်းအော်သံလိုလို အလွန်ကြောက်မက်ဖွယ်အသံကြီး ဖြစ်နေတယ်။

ဒါကို တို့ကချင်တွေက ကောင်းကင်ကလာတဲ့အသံ၊ ရှမ်းတွေက အနောက်ဘက်ကလာတဲ့အသံ၊ ပလောင်တွေက အရှေ့ဘက်ကအသံနဲ့ အမျိုးမျိုးထင်ကြေးတွေ ပေးနေကြတယ်။ ရှမ်းကြီးတစ်ယောက်ဟာ ကတုန်ကယင်ဖြစ်လာပြီး ရှေ့လုံးကြီးတွေနီရဲအောင် ပြုံးထွက်လာတယ်။ အသံကြီးနဲ့ ဘာမှန်းမသိတဲ့ စကားတွေကို ပြောနေခဲ့တယ်။ စကားအဓိပ္ပာယ်ကို တို့ဘာမှန်းမသိကြဘူး။ အဲဒီလို အမျိုးသားကြီး ပြောဆိုနေတဲ့အခါမှာ ထူးဆန်းတဲ့ တောင်ကမ်းပြိုသလို ကြောက်မက်ဖွယ်အသံကြီးတွေဟာ တစ်စတစ်စနဲ့ ပျောက်ကွယ်သွားခဲ့တယ်။ ရှမ်းဘုန်းတော်ကြီးတစ်ပါးက ဝင်ပြောတယ်။

"ဒကာတို့...မင်းတို့ရဲ့ နားရွက်တွေကို ပဋိဟာရေတွေ

www.burmeseclassic.com

www.burmeseclassic.com

သုတ်လိမ်းပြီး နားထောင်ကြည့်ကြ။ အဲဒါမှ မင်းတို့ ဒီအသံရဲ့ အဓိပ္ပာယ်ကို နားလည်ကြလိမ့်မယ်' တဲ့။

တို့တွေလည်း ပရိတ်ရေတွေကို နားမှာဆွတ်ပြီး နားထောင်ကြတာပေါ့။ ဟာ..တော်တော်ကိုထူးဆန်းတယ်။ ဘို့အားလုံးဟာ အသံသြသြကြီးနဲ့ပြောနေတဲ့ စကားသံတွေကို နားလည်ကုန်ကြတယ်။ အဲဒီမှာ မျက်လုံးကြီး ပြူးထွက်နေတဲ့ ရှမ်းကြီးက ပြောတယ်။

'အသင်တို့..ကျုပ်ပြောတာကို နားထောင်ကြပါ။ ငါဟာ ဒီမံဘုရားကြီး(နီးဘုရားကြီး)မှာ စောင့်နေတဲ့ နတ်ဘီလူးကြီးပဲ။ သင်တို့နဲ့အတူ ငါပါ တိုက်ပွဲဝင်မယ်။ သင်တို့အားလုံး မကြောက်ကြနဲ့။ ကျုပ်ပြောတာ နားလည်ကြရဲ့လား'

'နားလည်တယ်။ ချကြမယ်။ တရုတ်နယ်ခဲ့တွေကို ဘိုက်ကြမယ်'လို့ တို့တစ်တွေအားလုံး တက်တက်ကြွကြွ အော်ဟစ်ပြီး ပြောခဲ့ကြတယ်။

'အေး..ကျုပ်ဟာ ရှေးနှစ်ပေါင်းများစွာကတည်းက ဒီဘုရားကြီးကို စောင့်နေခဲ့ရတာပါ။ သင်တို့ကိုပြောပြမယ်။ မြန်မာဘုရင် အလောင်းမင်းတရားကြီးရဲ့သားတော် ဆင်ဖြူရှင်မင်းတရားကြီးဆိုတာ ရှိခဲ့တယ်။ သူလက်ထက်တော်မှာ တရုတ်တွေနဲ့ (၄)ကြိမ်တိုင်တိုင် တိုက်ပွဲကြီးတွေဖြစ်ခဲ့တယ်။ အဲဒီတုန်းက ကျုပ်ဟာ ဘုရင့်တပ်မှူးကြီးဘဝနဲ့ ဒီနယ်မြေမှာ ကျဆုံးခဲ့ရတယ်။

ကျုပ် မကျဆုံးခင်မှာ ဒီအရပ်မှာရှိတဲ့ ဘုန်းကြီးဆီကို သင်ရောက်ဖူးမြော်ခဲ့တယ်။ ဒီရှမ်းဘုန်းတော်ကြီးက ကျုပ်ကို ပြောပြခဲ့တယ်။

ဒကာကြီး..သင်ရဲ့ကံဟာ ကုန်တော့မယ်။ ဒီတိုက်ပွဲမှာ သင်ကျဆုံးလိမ့်မယ်။ ဒါပေမဲ့ တို့ဗမာဘုရင်ရဲ့ တပ်ဦးတွေဟာ တရုတ်တွေကို အောင်နိုင်ပြီး စေ့စပ်ဆွေးနွေး စစ်ပြေငြိမ်းကြမယ်။ နောက်နှစ်ပေါင်းများစွာကြာရင် တရုတ်တွေဟာ တို့နိုင်ငံကို ထပ်ပြီးကျူးကျော်ရန်မူကြဦးမယ်ကွယ့်။ အဲဒီလို တိုက်လာတဲ့အခါမှာ ဘဝတစ်ခုကို ဆုံးရှုံးနေပြီး တိုက်ပွဲကို သင်ဆင်နွှဲရပေဦးမယ်လို့ ပြောခဲ့တယ်။

တို့တိုင်းရင်းသားတွေဟာ နတ်ဘီလူးကြီးပူးပြီး ပြောနေတဲ့ ရှမ်းကြီးရဲ့စကားတွေကို တအံ့တသြနားထောင်ခဲ့ကြတာပေါ့။ နတ်ဘီလူးကြီး ပူးနေသူက ဆက်ပြောပြန်တယ်။

'ရှမ်းဆရာတော်ကြီး ပြောပြခဲ့တဲ့ နှစ်တွေကြာလာရင် တရုတ်တွေ တို့နိုင်ငံကို ကျူးကျော်လာကြမယ်ဆိုတာ ဒီအချိန်ပဲ။ အဲဒီတော့ ကျုပ်တို့ ပြန်ချကြဖို့ပဲ။ ဆရာတော်ကြီးရဲ့ စကားကို ဆက်ပြီး ကျုပ်ရှင်းပြဦးမယ်'

'ဆရာတော်ကြီး ပြောတာက နောက်ထပ်ဖြစ်မယ့် တိုက်ပွဲမတိုင်ခင်မှာ မင်းဟာ ဘဝပြောင်းခဲ့ဖို့မို့ မင်းရဲ့ အလောင်းကို တို့ရွာသားတွေက ကြေးခေါင်းမှာထည့်ပြီး ဂူသွင်းထား ကြလိမ့်မယ်။ နောက် တရုတ်တွေ ကျူးကျော်လာရင် ဂူကိုဖောက်ပြီး ဒီအခေါင်းကို ယူလိမ့်မယ်။ အထဲကို တစ်စုံတစ်ယောက်က ဝင်လိုက်ပြီး လဲလျောင်းလိုက်တာနဲ့ ကျဆုံးသွားပြီဖြစ်တဲ့ သင်ရဲ့ဝိညာဉ် (နတ်ဘီလူးကြီး၏ ဝိညာဉ်)ဟာ ဝင်ပူးပြီး တိုက်လိမ့်မယ်။ အဲဒါမှ တိုက်ပွဲကို အောင်မြင်မယ်။ တို့ရဲ့ အမျိုး၊ ဘာသာ၊ သာသနာကို ကာကွယ်နိုင်မယ်'

'အဲဒီတုန်းက ကျုပ်ဟာ ဘုရင့်တပ်မှူးကြီးတစ်ယောက်အနေနဲ့ ရှမ်းဆရာတော်ကြီး ပြောတာတွေကို နားမလည်နိုင်အောင်ဖြစ်နေလို့ ဘုန်းဘုန်းကြီးမိန့်ခဲ့တာတွေကို တပည့်တော် ဉာဏ်မမီလို့ ဘာမှမသိအောင် ဖြစ်နေပါတယ် ဘုရားလို့ လျှောက်ထားလိုက်မိတယ်။

အဲဒီတော့ ဆရာတော်ကြီးက-

'အေး..ဟုတ်တယ်။ မင်း ဘာမှမသိနိုင်ဘူး။ ဒါတွေကို ငါပဲ သိနေတာပါ။ နောက်မှ မင်းသဘောပေါက်လိမ့်မယ်။ ခုပြောနေတာတွေကိုသာ သေသေချာချာနားထောင်ထားပါ'လို့ မိန့်ပြီး ဒီနေ့ရောက်လာမယ့်အချိန်ကို ဆရာတော်ကြီးက ကြိုတင်ပြီး ကျုပ်ကို ခုလိုဆက်ပြောပြခဲ့ပါတယ်။

နောင်ဖြစ်လာမယ့်စစ်ပွဲမှာ မင်းရဲ့ရုပ်အလောင်းကြီး ထည့်ထားတဲ့ ကြေးဝါခေါင်းတလားကြီးကို ဂူဖောက်ပြီး ယူလာတဲ့အခါမှာ ပရိတ်ရေမန်းတွေကို သပြေပန်းမှာဆွတ်ဖျန်းပြီး ရိုက်ပေးရမယ်။ အဲဒီအခါမှာ ကြေးဝါခေါင်းရဲ့အဖုံးကြီး ပွင့်လာမယ်။ သဲတို့ရှိတဲ့လူ တစ်စုံတစ်ယောက်ဟာ အရိုးသာကျန်တော့တဲ့ အခေါင်းကြီးထဲကိုဝင်ပြီး လှဲချလိုက်ရမယ်။ ပြီးရင် ပွင့်နေတဲ့ ကြေးဝါခေါင်းတလားကြီးရဲ့ အဖုံးကို ပရိတ်ရေဖျန်းထားတဲ့ သပြေပန်းတွေနဲ့ ရိုက်လိုက်ရင် ပြန်ပိတ်မယ်။ ဒီအခါမှာ မင်းရဲ့ နောက်တစ်ဘဝခန္ဓာဟာ အရိုးစုတွေနဲ့အတူ လဲလျောင်းနေတဲ့ခန္ဓာထဲ ဝင်ပူးပြီး တိုက်ပွဲဝင်လိမ့်မယ်။ ဒါတွေကို သေသေချာချာ မှတ်ထားပါ။ ကဲ..အချိန်မရှိဘူး။ မင်းလည်းစစ်ထွက်ရပေမယ်'လို့

www.burmeseclassic.com

ပြောခဲ့တယ်။

ကျုပ်လည်း ကျူးကျော်လာတဲ့ တရုတ်စစ်ကို သူရဲကောင်းပီပီ ခုခံရင်း တိုက်ပွဲမှာ ကျဆုံးခဲ့ရတယ်။ လိုရင်း ချုပ်ပြောရရင် ကျုပ် တိုက်ပွဲကျပြီး ဒီမံဘုရား(နီးဘုရားကြီး)မှာ ခုလို အစောင့်နတ်ဘီလူးကြီးဘဝနဲ့ စောင့်ရှောက်နေခဲ့ရတယ်။

အဲဒီတုန်းက ရှမ်းဘုန်းတော်ကြီးဆိုတာ ဦးပညာသိဒ္ဓိလို့ခေါ်တဲ့ ထွက်ရပ်ပေါက်ဆရာတော်ကြီးပါပဲ။ အခုဆိုရင် မဟာမြိုင်တောကြီးမှာ သီတင်းသုံးတော်မူနေပါတယ်။ သင်တို့ အချိန်မရှိတော့ဘူး။ ကျောင်းခေါင်းရင်းမှာရှိတဲ့ ထင်ရှူးပင်ကြီးအောက်ကဝူကို ဖောက်ပြီး အလောင်းကို ထုတ်ခဲ့ကြပေတော့။

ငါတို့တစ်တွေလည်း ထင်ရှူးပင်အောက်က အုတ်ဂူကြီးကို ဖြိုလိုက်တော့ တကယ်ပဲ ကြေးဝါခေါင်းတလားကြီးတစ်ခုကို တွေ့ကြပါတယ်။

ကြေးဝါခေါင်းတလားကြီး ကျောင်းရှေ့က နီးဘုရားကုန်းပေါ်ကို ရောက်လာချိန်မှာ ခုနက ရှမ်းကြီးဟာ မျက်လုံးကြီးပြူးပြီး အသံသြသြကြီးနဲ့ နတ်ဘီလူးကြီးဝင်စီးပြီး ပြောနေပြန်တယ်။ တို့လည်း ပရိတ်ရေတွေကို နားမှာ ဆွတ်လူးပြီး နားထောင်မှ အသံတွေကွဲပြားပြီး အဓိပ္ပာယ်ပေါက်ကြရတယ်။

'မင်းတို့ထဲက ဒီကြေးဝါခေါင်းတလားကြီးထဲကို ဘယ်သူဝင်ရဲသလဲ' လို့ နတ်ဘီလူးကြီးက မေးတယ်။

စိုင်းအိုက်ပေါင်းဆိုတဲ့ ရှမ်းမုဆိုးကြီးက 'ကျုပ် ဝင်မယ်ဗျို့' လို့ အော်ပြောလိုက်တယ်။

'အေး..မင်း ဝင်ပါ။ မင်း မသေပါဘူး။ စိတ်ချ' လို့ ပြောပါတယ်။

တို့လည်း နတ်ဘီလူးကြီးရဲ့ ညွှန်ကြားချက်အတိုင်း သပြေပန်းခက်တွေကို ပရိတ်ရေတွေနဲ့ဖျန်းပြီး ကြေးဝါခေါင်းဖုံးကို ရိုက်လိုက်ကြတယ်။ အခေါင်းကြီးဟာ ဂျိုင်းခနဲ မြည်ဟည်းပြီး ပွင့်ထွက်သွားတယ်။ အခေါင်းထဲမှာတော့ အရိုးတွေကျနေတဲ့ လူတစ်ယောက်ရဲ့ ခန္ဓာအစိတ်အပိုင်းတွေကို တွေ့ရတယ်။ စိုင်းအိုက်ပေါင်းဟာ မကြောက်မရွံ့ဘဲ အရိုးစုတွေရှိတဲ့ ခေါင်းကြီးထဲဝင်ပြီး လဲလျောင်းလိုက်တယ်။

နတ်ဘီလူးကြီး ပူးနေသူရဲ့ ညွှန်ကြားချက်အတိုင်း တို့လည်း ပရိတ်ရေဖျန်းထားတဲ့ သပြေပန်းခက်တွေနဲ့ ခေါင်းတလားအဖုံးကို ရိုက်လိုက်ကြတယ်။ နတ်ဘီလူးကြီး ဆက်ပြောပြန်တယ်။

'အခု ခေါင်းတလားကြီးထဲမှာ ဝင်နေတဲ့လူရဲ့ ခ ကိုယ်ထဲကို ငါကိုယ်တိုင် ပူးဝင်ပြီး ရန်သူကိုတိုက်မ သင့်တို့အားလုံး ရွာတောင်ဘက်မှာရှိတဲ့ ချောင်းကူးတံတ ဆီကို အမြန်ပြေးကြပါ။

အဲဒီကမှ တစ်ဖက်ကမ်းမှာရှိတဲ့ ချုံတွေ၊ တောအုပ် ထဲမှာပုန်းပြီး ပြေးလာတဲ့ ရန်သူတွေကို ဓား၊ လံ့၊ လေးမြား သေနတ်တွေနဲ့ အနီးကပ် အဆုံးစီရင်သုတ်သင်ကြ။ အ မရှိဘူး။ မြန်မြန်လုပ်' လို့ ပြောနေတုန်းမှာပဲ တရုတ်တပ် ဟာ ညာသံပေးပြီး လှိုင်းလုံးကြီးတွေလို ငါတို့ရွာ ကုန်းပေါ်ကို တလိပ်လိပ်တက်လာကြတာကို တို့ တွေ့ ရတယ်။

တို့ ရွာတောင်ဘက်ကို ပြေးကြမယ်လုပ်တုန်း အိုက်ပေါင်း လဲလျောင်းနေတဲ့ ကြေးဝါခေါင်းတလား ဟာ ဝုန်းခနဲ အသံကြီးမြည်ဟည်းပြီး ကောင်းကင်ပေါ် မြောက်တက်သွားပါတယ်။ ငလျင်ကြီးလှုပ်သလို မြေ တွေဟာ သိမ့်သိမ့်တုန်နေတယ်။ သစ်ပင်တွေလည်း မုန်တိုင်း ကျသလို တရှဲရှဲမြည်ပြီး ယိမ်းထိုးလှုပ်ခါနေတယ်။ ဝါးဝါး ဟိန်းသံကြီးတွေ၊ ကြိမ်းမောင်းသံကြီးတွေ အ မပြတ်ပေါ်လာတယ်။ ခေါင်းတလားကြီးဟာ ပန်ကာတ လို လည်ပတ်မွှေယမ်းနေတယ်။ ကြေးဝါခေါင်းတလား ဆီက လျှပ်စီးလက်သလို ဝင်းခနဲ,လက်ခနဲ အလင်းရောင် တန်းတွေ ပေါ်ထွက်လာတယ်။

ငါတို့လည်း အချိန်မဆိုင်းဘဲ သတ်မှတ်နေရာကို ခဲ့ကြတယ်။ ခေါင်းတလားတိုက်ပွဲကြီး စပြီ။ တရုတ်တွေ ချီတက်ရာလမ်းကြောင်းမှာ ဒီခေါင်းတလားကြီး ရင်ဆိုင် တိုက်ခိုက်ခဲ့တာ။ တရုတ်တပ်တွေဟာ နတ်ဘီ ကြီးရဲ့ ကြေးဝါခေါင်းတလား လက်နက်ရောင်ခြည်သဲ့ကို ကျဆုံးကြတယ်။ မွှေယမ်းလည်ပတ်နေတဲ့ ခေါင်းတ ကြီးနဲ့ ထိမိခိုက်မိပြီး တချို့လည်း လဲပြိုသေဆုံးကုန်တ ဆောက်တည်ရာမဲ့ဖြစ်နေတဲ့ တရုတ်ဖြူစစ်သားတွေ ချောင်းရိုးပေါ်က တံတားလေးဆီကို သွေးရူးသွေးတန် ဖရိုဖရဲထွက် ပြေးနေကြတယ်။ တချို့လည်း ချောင်းထဲ ခုန်ချကြတယ်။ တို့တိုင်းရင်းသားတွေဟာ ထွက်ပြေး တရုတ်တွေကို စောင့်ပြီး ဓားနဲ့ ပိုင်းကြ၊ လှံနဲ့ ရက်ရက်စက်စက် ချေမှုန်းခဲ့ကြတယ်။ တရုတ်စစ်

www.burmeseclassic.com

ချို့တလေပဲ လွတ်မြောက်သွားကြတယ်။ သူတို့ဟာ တို့ဆရာနဲ့ နယ်ချဲ့ထိစပ်နေတဲ့ လောက်ကိုင်ဘက်ကို ပြေးကြလေရဲ့။

အမှန်တော့ ဒီအစီအစဉ်တွေကို ထွက်ရပ်ပေါက်တော်သွားပြီဖြစ်တဲ့ ရှမ်းဆရာကြီးဦးပညာသိဒ္ဓိဟာ သာသနာ့ဆရေးကိုရှေးရှုပြီး ဂန္ဓာရီအတတ်နဲ့ စီစဉ်ထားခဲ့တာပါ။

♦♦♦

ဦးမထုလပြောပြသော ရှမ်းပြည်မြောက်ဖျားမှ နယ်ချဲ့ကို ခုခံတွန်းလှန်သော ခေါင်းတလားကြီးနှင့် ထူးခြားဆန်းပြားတဲ့တိုက်ပွဲကို ကျွန်တော်တို့ ရင်တထိတ်ထိတ်နှင့် ကြားထောင်ခဲ့ကြပါတယ်။

'အဲဒီကြေးခေါင်းတလားကြီးက ဘယ်လိုဆက်ဖြစ်သွားလဲဗျ' ဟု အောင်သစ်က မေးခွန်းထုတ်လိုက်ပါတယ်။

'အေး...တို့ တိုက်ပွဲပြီးလို့ ရွာကိုပြန်ရောက်တော့ရင် ကြေးခေါင်းတလားကြီးကို ကျောင်းရှေ့မှာ မြင်ကြရတယ်။ တို့လည်း နတ်ဘီလူးကြီးပြောသလို ပရိတ်သပြေးတွေနဲ့ ခေါင်းတလားကြီးကို ရိုက်လိုက်ကြတယ်။ ကျိုင်းဆဲအသံကြီးနဲ့အတူ ခေါင်းတလားဖုံးကြီးပွင့်လာတော့ အထဲတောင့်တောင့်ကြီးဖြစ်နေတဲ့ မုဆိုးကြီးစိုင်းအိုက်ပေါင်းကို တွေ့ရတယ်။ လက်ရိုဆရာတော်ရဲ့ အစီအမံနဲ့ စိုင်းအိုက်ပေါင်းကို ပရိတ်ရေစင်နဲ့ ဖျန်းလိုက်တော့မှ မျက်လုံးဖွင့်သွားတယ်။ လူးလွန့်လှုပ်ရှားပြီး သူ ဘာမှမဖြစ်သလို ခေါင်းထဲက အုပြင်ကို ထွက်လာခဲ့တယ်။

ငါတို့ရွာက တိုင်းရင်းသားတွေလည်း ပျော်ရွှင်တက်ကြွနေကြတယ်။ အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီလို့ ကြွေးကြော်ကြတယ်။ ဗမာလိုတော့မဟုတ်ဘူး။ ကိုယ့်တိုင်းရင်းသားဘာသာနဲ့ကိုယ် အော်ကြတာပေါ့။

ဒီအချိန်မှာ ကြေးဝါခေါင်းတလားကြီးဟာ ကျိုင်းခနဲအသံလိုလိုပြန်ပိတ်သွားတယ်။ ပြီးတော့ ဝုန်းခနဲအသံကြီးပေါ်ပြီး မီးတောက်မီးလျှံတွေ ထွက်လာတယ်။ အဲဒီမီးလျှံကြားမှာ နတ်ဘီလူးကြီးလို့ယူဆရတဲ့ ပုံရိပ်တစ်ခု ထွက်ပေါ်လာတယ်။ လက်ရှိကျောင်းထိုင်ရှမ်းဘုန်းတော်ကြီးက တို့ကို ဆေးကြဖို့ သတိပေးတော်မူတယ်။ တို့လည်း အမျှ...အမျှ...ယူတော်မူကြပါလို့ အားရပါးရ အမျှပေးဝေခဲ့(၃)ကြိမ် ခေါ်လိုက်တယ်။ အဲဒီအခါမှာ ကြေးဝါခေါင်းတလားကြီးဟာ မီးလျှံမီးခိုးတွေကြားက တစ်စ၊တစ်စ လွင့်ပျောက်ကွယ်သွားပါတော့တယ်'

'ဟာဗျာ...သဘာပတိကြီးရယ်၊ ခင်ဗျားဟာက စိတ်ကူးပြီး လျှောက်ပြောနေတာနဲ့ တူပါတယ်'

ကျော်ခိုင်က ဝေဖန်ပါတော့တယ်။

'ဟေ့ကောင်တွေ...မင်းတို့က ခေတ်ပညာတတ်ဆိုပြီး မင်းတို့သိထားတဲ့ပညာလေး မတောက်တစ်ခေါက်နဲ့ မယုံကြဘူး ဆိုပါတော့'

'ငါပြောမယ်ကွ။ ငါဆိုတဲ့ကောင်က မိရိုးဖလာ ခရစ်ယာန်ဘာသာ ကိုးကွယ်ခဲ့တာပါ။ ငါက ခရစ်ယာန်ဆိုပေမယ့် ဒီဖြစ်ရပ်ဟာ ငါ့ကိုယ်တွေ့ကွ။ ဗုဒ္ဓဘာသာဘုရားဟာ တကယ်တန်ခိုးကြီးတယ်။ တရားတော်တွေကလည်း တန်ခိုးထက်တယ်။ ပြီးတော့ ဗုဒ္ဓဘာသာရဟန်းတော်တွေကလည်း သီလဖြူစင်ကြလို့ စေတစ်လုံးပိုင်ကြတဲ့ ရဟန်းတော်တွေဖြစ်ကြတယ်ကွ။ ငါလိုခရစ်ယာန်တစ်ယောက်ကတောင် ယုံကြည်ပြီး မင်းတို့က မယုံရင် မင်းတို့ဟာ လူနုံလူအ၊ လူနလပိန်းတုံး...'

သူ့စကားက မဆုံးသေး တူဝေး...တူဝေးဝေးဆိုသော မီးရထားဥဩမှုတ်သံနှင့်အတူ မည်းမှောင်သော မီးခိုးလုံးကြီးများဟာ ဘူတာရုံအနီး မိုးကောင်းကင်မှာ တလိပ်လိပ်တက်လာနေကြတာကို ကျွန်တော်တို့ တွေ့လိုက်ကြရတယ်။

မဒေါက်ရထားကြီး ဝင်လာပြီလေ။

လူမမာကြီး အမောဖောက်နေသလို ရှူးရှူးရဲရဲအသံကြီးဟာ မီးရထားခုတ်သံနှင့်အတူ ထွက်ပေါ်လာနေတယ်။

'ရဲဘော်တို့...သတိ'

'သဘာပတိကြီး ဦးမထုလကို အလေးပြု'

အောင်သစ်က ရုတ်တရက် မတ်တတ်ရပ်ပြီး အမိန့်ပေးလိုက်တာကြောင့် ကျွန်တော်တို့က ဦးမထုလကို ရဲဘော်များကဲ့သို့ သတိဆွဲရင်း အလေးပြုလိုက်ကြတယ်။

ဦးမထုလက ပြုံးရွှင်နေတဲ့ မျက်နှာကြီးနှင့် 'ရဲဘော်တို့...ဆက်လုပ်' လို့ ဟန်ပါပါ အမိန့်ပေးလိုက်ပါတော့တယ်။

ကျွန်တော်တို့ သုံးယောက်သားလည်း ထွက်ခွာစပြုနေပြီဖြစ်တဲ့ မီးရထားကြီးပေါ်ကို အပြေးအလွှားခုန်တက်လိုက်ကြပါတော့တယ်။

မေတ္တာရည်လျက်

မျိုးတင့်(ညောင်ဇေးပင်)

ဝန်ခံချက် - *ဘဒ္ဒန္တအရိယဝံသ(ကချင်) ဆရာတော်ကြီး၏ ကိုယ်တွေ့မှတ်တမ်းများပါ 'အော်ဟစ်သတိပေးသော ရုပ်ပွားတော်များ'ကို အခြေခံ၍ ရေးဖွဲ့ပါသည်။*

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မှန်ကင်းရွာတွင် နေထိုင်လျက်ရှိသော ကိုထွန်းလှဆိုသူမှာ သူ၏ဝသီအတိုင်း တစ်စိတ်ကို တစ်အိတ်ဖြစ်အောင် ပြောတတ်သူ၊ တစ်နည်းအားဖြင့် ကိုယ်လိုရာ ကိုယ်ချပြီး ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောဆိုတတ်သူဖြစ်သည်။ သူ့ရွာသားများက သူ၏ ပုံကြီးချဲ့ပြောဆိုတတ်မှုကို သိပင် သိကြသော်လည်း တစ်ခါတစ်ရံမှာတော့ သူ၏ အပြောအဟောများ၏အောက်တွင် နစ်မျောသွားတတ်ကြသည်က အမှန်ပါ။

ယခုလည်း ကြည့်ဦး။ ယနေ့ည‌နေ သူ၏ တောတွင်းသို့ ကျဲသွားရှာရာမှ တွေ့ကြုံခဲ့ရသော အတွေ့အကြုံများကို တစ်အိမ်တက် တစ်အိမ်ဆင်း လျှောက်လည်နေရင်းက ရှင်းပြနေသည်။ အချိန်ကတော့ဖြင့် ည(၁၀)နာရီလောက် ရှိနေပြီ။ သို့သော် ထိုအချိန်ဆိုသည်မှာ တောသူတောင်သားများအဖို့ အိပ်ချိန်မဟုတ်သေး။ တစ်အိမ်တက် တစ်အိမ်ဆင်းဖြင့် ရွာလည်၍ ကောင်းနေဆဲအချိန်ဖြစ်သည်။ ညဉ့်သန်းခေါင်အထိ လည်ပတ်တတ်ကြသည်။

အချို့သောသူများက မိမိအိမ်တွင် လုပ်စရာရှိသော်လည်း၊ တောင်းရက်၊ ကျဲ၊ နွားချည်ရန် ကြိုးကျစ်ရသော်လည်း၊ အလုပ်များကိုပင် ကုန်ကြမ်းပစ္စည်းများ ယူသွားကြကာ အိမ်တို့ရောက်ရှိသွားသော နေအိမ်များတွင် စာရင်းသောက်ပြောဆိုရင်းဖြင့် နှီးဖျာ၊ တောင်းရက်၊ ကြိုးကျစ်ခြင်းအလုပ်များကို ပြုလုပ်တတ်ကြသေးသည်။ အိမ်လည်ရင်း အိမ်တို့၏ အိမ်အလုပ်ကိုလည်း အပျက်မခံကြ။ ပြီးတော့ ရွာနွေးကြ၊ အမြင်ချင်း ဖလှယ်ကြ၊ ဒီကြားထဲ တောင်ပေါ်ရေမရ အကြွားအမွားများ ပါလာတတ်သလို ဗဟုသုတရော စကားများလည်း ပါလာတတ်၏။ တစ်ခါတစ်ရံ ပြဿနာထိတ်ရင်ဖိုဖွယ်ရာ အကြောင်းအရာများလည်း ပါလာတတ်၏။

တောခလေ့၊ တောအရပ်ဆိုသည်မှာ သူ့အိမ်ကိုယ့်အိမ်ခြင်း သီးသန့်နေထိုင် ရပ်တည်နေကြသည် ဆိုလင့်ကစား အနီးစပ်ဆုံး တစ်ရွာလုံးပေါင်းမှ တစ်အိမ်တည်း၊ တစ်အုတ်တည်းလိုမျိုး ဆိုးတူကောင်းဖက် ပြောဆိုလုပ်ကိုင်ဆက်ဆံတတ်ကြသည်။ ထိုကဲ့သို့နေထိုင်တတ်ကြသော ရွာတွင် ကိုထွန်းလှတို့ ရွာကလေးလည်း ပါသည်။ အပြေးအပြား ရေတွက်ကြည့်မှ အိမ်ခြေ(၄၀)ပင်မပြည့်သော ထိုရွာမျိုးသည် စည်းလုံးနိုင်သမျှ စည်းလုံးထားမှ တော်သူမည်ဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ ကိုထွန်းလှက အိမ်နှင့်နည်းခဲသော လက်ဖက်သုပ်နှင့် ရေနွေးကြမ်းကို သောက်ရင်း အလည်လာကြသော လူတစ်စုအား-

"တကယ်တော့ မြတ်စွာဘုရားဟောကြားခဲ့တဲ့ (၃၁) ဘုံသားဆိုတာ ရှိတယ်ဗျ။ အဲဒီအထဲကမှ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်ဘုံသားတွေ ရှိတယ်ဆိုတာကို ကျုပ် အခုတော့ ယုံသွားရပြီဗျ။ အရင်ကဆိုရင် နာနာဘာဝ၊ ဝိနာဘာဝ၊ တဏှာ,သရဲတွေ ရှိတယ်ဆိုတာ ကျုပ် လက်မခံခဲ့ပါဘူး။ ရှိတယ်ဆိုတာကို မယုံခဲ့ဘူး ဆိုပါတော့ဗျာ။ ကြောက်လည်း မကြောက်ခဲ့ပါဘူး။ အဲဒီနေ့ည‌နေ မှောင်ရီဖျိုးဖျအချိန်မှာ ကျုပ်ကိုယ်တိုင် မြင်တွေ့လိုက်ရတော့မှပဲ လက်ခံယုံကြည်သွားရတယ် ဆိုပါတော့ဗျာ။ သူများတစ်တွေ မကြာခဏဆိုသလို အခြောက်အလှန့်ခံရတယ် ဆိုတာမျိုးကို ကျုပ် မကြာခဏကြားခဲ့ရဖူးပါတယ်။ ဒါတွေဟာ ကျုပ်ကိုယ်တွေ့ မဟုတ်ခဲ့လေတော့ မယုံခဲ့ပါဘူး။ ဒါတွေက သူတို့ရဲ့စိတ်ထဲမှာ ရှိနေနှင့်တဲ့၊ အခြေခံအကြောက်တရားကြောင့် ကြောက်လန့်သွားပြီး တစ္ဆေ,သရဲအခြောက်ခံရတယ်ဆိုပြီး ပြောတာလို့ ကျုပ်က ထင်ထားခဲ့တာပါ"

ထိုအချိန်တွင် ကိုသာစိန် အိမ်လည်ရောက်ပြီး တစ်နေရာတွင် ဝင်ထိုင်ကာ နားထောင်ဖြစ်တော့သည်။

"အဲဒီတော့ဗျာ..ကျုပ်က ကျုပ်ရဲ့ တစ္ဆေအခြောက်ခံရတဲ့ အတွေ့အကြုံလေးကို ပြောမပြခင် သူတို့တစ်တွေဟာ ဘာကြောင့် သရဲ,တစ္ဆေတွေ သွားဖြစ်ကြရတာလဲဆိုတဲ့ ကျုပ်ရဲ့ အသိအမြင်လေးကိုတော့ အရင်ရှင်းပြချင်တယ်။ တကယ်တမ်းကျတော့ သူတို့တစ်တွေဟာ လူဘဝမှာက တည်းက ဘာတစ်ခုမှ ကောင်းမှုကုသိုလ်တွေကို ပြုလုပ်ခဲ့ကြပုံမပေါ်ဘူးဗျ။ ကောင်းမှုကုသိုလ်ဆိုတာက ဒါန၊ သီလ၊ ဘာဝနာ အစရှိသည်ဖြင့် ပြောတာပါ။ ဒီဘဝမှာ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုစခန်းသွား၊ တစ်နည်းအားဖြင့် ဘုရားမသိ၊ တရားမရှိတဲ့သူတွေပဲ ဖြစ်မယ်ဗျ။ ဒီဘဝ ဒီကိုယ်နဲ့ စံမယ်၊ နောင်ဘဝဆိုတာ မရှိဘူး။ ရှိခဲ့ရင်လည်း နောင်ဘဝ နောင်ကိုယ်နဲ့ ခံမယ်ဆိုတဲ့ လူအတွေးတွေပဲ ဖြစ်မယ်ဗျ။

ကျုပ်တို့ မြတ်စွာဘုရားကလည်း ကိုယ်လုပ်သမျှ ကိုယ်ပဲ ပြန်ခံရမယ်ဆိုတဲ့သဘောနဲ့ ဟောကြားတယ်။ ဒီလို မလုပ်နဲ့၊ ဒီလိုလုပ်ရင် ဒီလိုခံရမယ်။ ဒီလိုလုပ်၊ ဒီလိုလုပ်ရင်

www.burmeseclassic.com

ဒီလိုစံရမယ်။ အဲဒီလို နည်းပေးလမ်းပြ ဆရာအဆင့်မှာပဲ ရပ်တည်ခဲ့တာပါ။ သတ္တဝါတွေရဲ့ မကောင်းမှုကို ကောင်းမှု ဖြစ်သွားအောင်ဆိုပြီး လိုက်မကယ်ပါဘူး။ ပြောရရင် ကယ်တင်ရှင်မဟုတ်ဘူး ဆိုပါတော့ဗျာ။ ကိုယ့်ဟာကိုယ် ဘူးပင်စိုက်ရင် ဘူးသီးပဲ သီးလာမှာပေါ့။ ရွှေဖရုံသီးတွေ ဘယ်သီးလာမှာလဲ။ ဒါကတော့ တရားဓမ္မအရပဲကြည့်ကြည့်၊ လောကရဲ့ နိယာမအရပဲကြည့်ကြည့် မှန်နေတယ်လို့ ဆိုရမယ်။

ပြီးတော့ အဲဒီတစ္ဆေ၊သရဲ ဖြစ်ရတဲ့ အကြောင်းရင်းတွေထဲမှာ လူတွေဟာ သေခါနီးအချိန်မှာ ဖြစ်ပေါ်လာတတ်တဲ့ အာသန္နကံဆိုတာ ရှိတယ်ဗျ။ စွဲလမ်းစိတ်ပေါ့ဗျာ။ ဘုရားရှင်လက်ထက်က ရဟန်းတစ်ပါးတောင်မှ ပျံလွန်တော်မူခါနီး သင်္ကန်းကိုစွဲလမ်းမိလို့ သန်းမဖြစ်ရတာကိုပဲ ကြည့်။ အဲဒီလိုပေါ့ဗျာ။ သေခါနီးမှာ ဟိုကစွဲ ဒီဟာစွဲနဲ့ နောက်ဆုံးမှာတော့ မကျွတ်မလွတ်တဲ့ နာနာဘာဝ၊ ဝိနာဘာဝ၊ တစ္ဆေ၊သရဲ၊ ပရလောကသားတွေဖြစ်တယ်လို့ ကျုပ် ပြောချင်တယ်။ ဒါက ကျုပ်ဉာဏ်မီသလောက် ပြောပြတာနော်။

အဲ..လူဘဝမှာတုန်းကတည်းက ကောင်းမှုတွေ များများလုပ်ခဲ့တဲ့ သူတစ်ယောက်ဟာ သေခါနီးမှာလည်း အဲဒီကောင်းမှုတွေကိုပဲ အဖန်တလဲလဲနဲ့ ပြန်လည်အမှတ်ရစေပြီး သေဆုံးပြီးတဲ့အခါ ကောင်းရာမွန်ရာဘုံဘဝကို ရရှိ၊ရောက်ရှိသွားမှာပေါ့။ မကောင်းမှုတွေကို တစ်စိုက်မတ်မတ် လုပ်ခဲ့သူတစ်ယောက်ဆိုရင်လည်း အဲဒီမကောင်းမှုတွေကိုဘဲ ပြန်လည်အမှတ်ရနေစေမှာ အမှန်ပဲ။ အဲဒီလို မကောင်းမှုအလုပ်တွေကို ပြန်လည်အမှတ်ရစေပြီး သေသွားမှတော့ ဘယ်လို လုပ်ပြီး ကောင်းတဲ့ဘုံဌာနကို ရောက်နိုင်တော့မှာလဲ။

ခုပဲကြည့်၊ ကျုပ်တွေ့ခဲ့တဲ့တစ္ဆေဟာ လူဘဝမှာတုန်းက သူအသုံးပြုခဲ့တဲ့ပစ္စည်းကို သေခါနီးမှာ အာရုံပြန်ရလို့ စွဲလမ်းမိရာကနေ တစ္ဆေဘဝကို ရောက်သွားရခြင်းပါပဲ။

ကဲ..ကျုပ် အဲဒီတစ္ဆေနဲ့ တွေ့ကြုံရပုံကို ဆက်ပြီးပြောပြမယ်။ ခင်ဗျားတို့ စိတ်ဝင်စားကြပြီမဟုတ်လား။ သူများတွေ တွေ့ကြုံဖူးတဲ့ 'တစ္ဆေသရဲဆိုတာက လူလိုလို၊ အမွေးစုတ်ဖွားနဲ့ လူဝံလိုလို မထင်ရှားတဲ့ မြူခိုးမြူငွေ့တွေလိုလို မျိုးတွေနဲ့သာ အတွေ့များတာပါ။ ကျုပ်တွေ့ခဲ့တဲ့တစ္ဆေက အဲဒီလို မဟုတ်ဘူးဗျ။ ထူးခြားတယ်။ ပစ္စည်းတစ်မျိုးလို တစ္ဆေမျိုးပါဗျာ။

ဒီနေ့ ညနေပိုင်းမှာ ကျုပ်က သူငယ်ချင်းတစ်စုနှင့် ထုံးစံအတိုင်း ငါးသိုင်းချောင်းဘက်ကို ကျဲသွားရှာတာပေါ့။ အဲဒီဘက်မှာက ကျုပ်ရဲ့ကျဲတွေက ညနေချိန်ရောက်တိုင်း ရေစိမ်တတ်ကြတယ်။ သူတို့ ရေစိမ်တတ်တဲ့နေရာကို ရောက်တော့ အခြားသူငယ်ချင်းတွေရဲ့ ကျဲတွေကိုတော့ အလွယ်တကူနဲ့ တွေ့ရပါရဲ့။ ဒါပေမဲ့ ကျုပ်ရဲ့ကျဲကိုတော့ မတွေ့ရပါဘူး။ တစ်ခါတစ်ရံမှာတော့ ချောင်းရဲ့ အောက်အပေါက်ဝနားတစ်လျှောက်မှာသွားပြီး ရေစိမ်တတ်တာ ဒါကြောင့် ကျုပ်က ချောင်းပေါက်ဝဘက်ကိုဆက်ပြီး ဆင်းခဲ့တယ်။ ချောင်းအပေါက်ဝကိုသာ ရောက်ခဲ့တာ ကျုပ်ရဲ့ကျဲကို မတွေ့ရဘူး ဖြစ်နေတယ်။

ဒါကြောင့် ကျုပ်က ခါတိုင်း သူတို့ ရေစိမ်တတ်တဲ့ အထက်နားက ဝက်လူးအင်းဆိုတာ ရှိတယ်လေ။ ကျုပ်ကျဲတွေက အဲဒီဘက်ကို သွားခဲပါတယ်။ သွားခဲပေမယ့် ဒီရောက်လို့မရတော့တာ။ ဒါနဲ့ပဲ ကျုပ်က အထက်ဘက်သို့ ဆင်းပြီးဆန်တက်ခဲ့ပြန်တယ်။ ကျုပ်ပြန်ဆန်တက်လာတော့ ကျုပ်ရဲ့သူငယ်ချင်းတွေကိုလည်း မတွေ့ရတော့ပါဘူး။ အရိပ်အရောင်မရှိကြတော့ဘဲ။ သူတို့ကျဲတွေကိုမောင်းပြီး ရွာကိုပြန်ကြပြီပေါ့။

ဒီတော့ ကျုပ်တစ်ယောက်တည်း တောတိုးပြီး ချောင်းအောက်ပိုင်း ဆန်တက်ခဲ့ရတော့တာပေါ့။ ကောင်းကင်ကလဲ ကြယ်ရောင်၊လရောင်တွေတောင် တဖြည်းဖြည်းနဲ့ ထွက်ပေါ်လာပါပြီ။ အတန်အသင့် မှောင်စပျိုးလာပြီဆိုပါတော့ ချောင်းရဲ့တစ်ဖက်ကမ်းမှာရှိတဲ့ လယ်ကွင်းထဲမှာတော့ အုပ်(၄၊ ၅)အုပ်လောက် မြင်တွေ့နေရပါတယ်။ ဒါတွေ ကျုပ်ရဲ့ကျဲတွေက အဲဒီဘက်ကမ်းကို ကူးလေ့ကူးထ မရှိဘူး။ ပြီးတော့ ကြားနေရတဲ့ ခလောက်သံတွေကလည်း ကျုပ်ရဲ့ကျဲခလောက်သံတွေ မဟုတ်ဘူးဆိုတာကို ထင်သိရတယ်။ ဒါကြောင့် ကျုပ်က အဲဒီဘက်အခြမ်းကိုထွက် စိတ်ကူးမရှိပါဘူး။

ကျုပ်ကလည်း အဲဒီဝက်လူးအင်းကို ရောက်လို့မှ ကျဲတွေကို မတွေ့ရတော့ရင် ရွာကိုပြန်တော့မယ်ပေါ့။ ဆက်မရှာနိုင်တော့ပါဘူး။ မှောင်လည်းမှောင်လာပြီလေ။ ဝက်လူးအင်းရဲ့ ထိပ်အစပ်မှာ လယ်ကွင်းကနေ ရွာကိုပြန်တဲ့ လူလမ်းကြီးကလည်း ရှိနေတာကိုး၊ ကျဲမတွေ့ရင် အဲဒီအတိုင်း ရွာပြန်မယ်ပေါ့။ ဒါကြောင့် ကျုပ်က ဆူးကြိမ်တော၊ သစ်ပင်တောထဲကို မားမတိုတစ်ခေါက် တောတိုးပြီး လာခဲ့ရတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို တောတိုးလာရင်းနဲ့ ဝက်လူးအိုင်ကိုလည်း ရောက်ရော ဘယ်ကျွဲအုပ်ကိုမှ မတွေ့ရတော့ပါဘူး။ တစ်ကောင်မှ မရှိကြတော့ဘူးပေါ့။ ဒါကြောင့် ကျူပ်က စိတ်ကို ဒုံးဒုံးချပြီး ရွာပြန်မယ်ပေါ့။ ဒီတော့ အင်းထိပ်မှာ ဘန့်လန့်ကြီးရှိနေတဲ့ လှည်းလမ်းကိုရောက်အောင် ဆက်ပြီး တိုးလာတယ်။ အဲဒီလို တိုးလာရင်းနဲ့ပဲ လှည်းလမ်းအနားကိုသည်း ရောက်ခါနီးဆိုပါတော့။ အဲဒီမှာ ဘာပြောကောင်းလဲဗျာ၊ လှည်းလမ်းပေါ်မှာ တစ္ဆေတစ်ကောင်က လယ်ဘင်းဘက်ကနေပြီး ကျူပ်တို့ရွာဘက်ရှိရာဆီကို ဦးတည်ပြီး သမ်းလျှောက်နေတာကို တွေ့ရပါပေါ့လားဗျာ'

ထိုကဲ့သို့ အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေရင်းကားကို ခေတ္တရပ်ကာ အိမ်ရှင်ဧည့်ခံကျွေးမွေးသော ရေနွေးကြမ်းနှင့် လက်ဖက်သုပ်ကို စားလေတော့သည်။ ဝိုင်းပြီး နားထောင်နေကြသော အိမ်လည်လာသူများကလည်း ဝိုင်းပြီး နားထောင်နေကြသည်။ ဇာတ်ရှိန်၏ အမြင့်ဆုံးနေရာကို ရောက်ရှိလို့လာခဲ့ပြီဖြစ်သည်နှင့်အညီ ဝိုင်းပြီး နားထောင်နေကြသူများမှာလည်း ဘာအသံမှ မထွက်နိုင်ကြတော့။ အသြဘာနန်းဖြစ်ရပ်ဆန်း အတွေ့အကြုံကို စိတ်အာရုံတွေက ရောက်ရှိလို့နေကြသည်။

နောက်ထပ်ပြောပြပါမည့် အတွေ့အကြုံကို ရင်တမမနဲ့ စောင့်နေကြဆဲ ကိုထွန်းလှက-

'အဲဒီတစ္ဆေကို ကျူပ်က ဥစ္စာရှူးတစ္ဆေလို့ ပြောချင်တာ။ ဘာကြောင့်လဲဆိုတော့ အဲဒီတစ္ဆေဟာ လူဘဝမှာ ဘန်းက သူအသုံးပြုခဲ့တဲ့ပစ္စည်းကို တပ်မက်စွဲလမ်းပြီး ထားခဲ့ရာကနေ တစ္ဆေဖြစ်လာတာပဲ ဖြစ်မယ်ဗျ။ ဟို ခုနက ပြောခဲ့တဲ့ ဘုရားမသိ၊ တရားမရှိတဲ့ လူအတ္တဘော လူဟောလောကြီးပဲ ဖြစ်ခဲ့မှာပါဗျာ။ တစ်လောကလုံး ဘာတစ်ခုမှ အကောင်းလုပ်ခဲ့ဟန် မတူပါဘူး။ သေတဲ့အခါမှာ သွားစွဲလမ်းမိတဲ့ ယက်သဲကြီးကို သွားစွဲလမ်းမိရာကနေ ဟော--အခု တစ္ဆေဘဝကိုလည်းရောက်ရော တစ္ဆေဖြစ်ရတာ ကြီး ဘူတာတောင်မှ သူများတွေ ပြောပြောနေတဲ့ တစ္ဆေ သရဲတွေနဲ့ မတူဘူး။ သူကျမှ တစ်မူထူးပြီး ယက်သဲလို့ ခေါ်တဲ့ ကိုယ်ကြီးနဲ့ တစ္ဆေသရဲဖြစ်နေရတယ်ဗျ။ အဲဒီလို ယက်သဲလို့ ခန္ဓာကိုယ်ကြီးနဲ့ လူပ်စိ,လူပ်စိနဲ့ သွားနေတာများ ကျူပ်ကသာ အဖော်သူငယ်ချင်းပါရင် ပြေးပြီးကန်မိမှာ သေချာပဲ။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီတစ္ဆေက ခေါင်းရယ်လည်း သီးသန့်မရှိသလို လက်တွေလည်း မပါဘူး။ ခြေထောက်ကတော့ ပါကောင်းပါမှာပါ။ ချုံတွေကခံနေတော့ ကျူပ်က ကောင်းကောင်းကြီးမမြင်ရပါဘူး။ အကုသိုလ်များ ဘယ်လောက်ကြီးခဲ့သလဲ မဆိုနိုင်ပါဘူး။ တစ္ဆေသရဲဘဝ ရောက်ခဲ့ရတာတောင်မှ ကိုယ်လက်အင်္ဂါက မစုံဘူးဖြစ်နေတယ်။ တစ္ဆေတွေထဲမှာတော့ အနိမ့်စား၊ အညံ့စား၊ ဒုက္ခိတ တစ္ဆေကြီးပါပဲ' ဟု မှုချုံးမျှစ်ချုံးပြောနေစဉ် နောက်မှရောက်လာသော အိမ်လည်လာသူ ကိုသာစိန်က ချောင်းဟန့်သံ တဟမ်းဟမ်းဖြင့် ဖြစ်နေရလေတော့သည်။

တစ်ခုခုဝင်ပြီး ပြောချင်နေပုံရသည်။ ရေပက်မဝင်အောင် ပြောနေသော ကိုသာထွန်းကိုလည်း မျက်စောင်းတခဲခဲဖြစ်နေ၏။ ကိုထွန်းလှက ဂရုမစိုက် သူ၏ ပြောလက်စ တစ္ဆေအတွေ့အကြုံကို ဆက်ပြီးပြောနေသည်။

'ကျူပ် တစ္ဆေသရဲ၊ နာနာဘာဝတွေကို တစ်သက်လုံး မကြောက်ခဲ့ပါဘူး။ ဒါပေမဲ့ အခုလို နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရတဲ့အခါမှာတော့ ရုတ်တရက်ဆိုသလို ကြောက်စိတ်တွေ ဖြစ်ပေါ်သွားခဲ့မိတာ အမှန်ပါပဲ။ ကျူပ်က လန့်ဖျပ်သွားပေမယ့် အသံမထွက်မိအောင် အောင့်အည်းချုပ်တည်းထားတဲ့ကြားက အောင်မယ်လေးဆိုပြီး အသံထွက်ဖြစ်အောင် ထွက်သွားမိတယ်ဗျ။ အဲဒီလို အသံထွက်ပြီးတော့ နောက်ကြောင်းကို ပြန်လှည့်လို့ ထွက်ပြေးရတော့တာပေါ့ဗျာ။

ကျူပ်က အသံထွက်ပြီး နောက်ကြောင်းကို ပြန်ပြေးခဲ့တာကို အဲဒီအစုတ်ပလုတ်တစ္ဆေက သိသွားဟန်တူပါရဲ့။ ကျူပ်ရဲ့နောက်ကိုတော့ လိုက်မလာဘူး။ ဒါပေမဲ့ ကျူပ်ကို ကြည့်ပြီး တဟားဟားနဲ့ ရယ်ပြလိုက်သေးသဗျ။ လူဘဝမှာ ကတည်းကကို မိမဆုံးမ ဖ,မဆုံးမ ဖြစ်ခဲ့ဟန်တူပါတယ်ဗျာ။ သူများတစ်တွေ ကြောက်လန့်ပြီး စိတ်ဒုက္ခရောက်အောင် ခြောက်ပြနေလို့လေ။ ကျူပ်မှာတော့ နောက်ကျတဲ့ ခြေထောက် သစ္စာဖောက်လို့ သဘောထားပြီး အလဲလဲအကွဲကွဲနဲ့ ထွက်ပြေးလိုက်ရတာ မပြောပါနဲ့တော့၊ ခန္ဓာကိုယ်တစ်ခုလုံးလည်း ဆူးခြစ်ရာ ဒဏ်ရာဗရပွနဲ့ ပြေးပေါက်မှားခဲ့ရတာပေါ့။ အတော်ဆိုးတဲ့ မိမဆုံးမ ဖ,မဆုံးမ အပါယ်ဘုံ

www.burmeseclassic.com

သားထဲက ဒုက္ခိတတစ္ဆေကြီးပါပဲဗျာ'

ထိုအခါ ဝိုင်းပြီးနားထောင်နေကြသောသူများက အံ့သြထိတ်လန့် တုန်လှုပ်ချောက်ချားနေကြသည်။

ထိုအခါ နောက်မှ အိမ်လည်လာသော ကိုသာစိန်က ကိုထွန်းလှအား-

'ဟေ့ကောင်..မင်းရဲ့ တစ္ဆေအတွေ့အကြုံဇာတ်လမ်းကို ရပ်တန်းကရပ်တော့။ အဲဒါ ငါ့ရဲ့လယ်တဲမှာရှိတဲ့ ယက်သဲကြီးကို အသုံးမလိုတော့တာနဲ့ ငါအိမ်ကို ပြန်သယ်လာတာကွ။ ထမ်းပြီး ပြန်သယ်လာတာပါပဲ။ ဒါပေမဲ့ အဲဒီအင်းထိပ်နားကိုရောက်တော့ ခြင်တွေ၊ ဖြုတ်တွေက တစ်အားကိုက်လွန်းလို့ ယက်သဲကြီးကို ခန္ဓာကိုယ်ပေါ်မှာ ခဏလောက် အုပ်ဆောင်းပြီး ဟိုကုတ်ဒီကုတ်နဲ့ လှည်းလမ်းအတိုင်း လျှောက်ခဲ့မိတာပါ။ အဲဒီအချိန်မှာ လူတစ်ယောက်က ငါ့ကိုတွေ့ပြီး ကြောက်ကြောက်လန့်လန့်နဲ့ တောထဲထွက်ပြေးသွားတာကို တွေ့လိုက်ရတယ်။ ထွက်ပြေးသွားတဲ့သူက ဘယ်သူမှန်းတော့ ငါမသိခဲ့ပါဘူး။ ဒါပေမဲ့ သူက ငါ့ကိုကြောက်ပြီး ထွက်ပြေးတော့ ငါကလည်း သဘောကျပြီး ရယ်ချင်တာနဲ့ ရယ်လိုက်မိတာပါ။

အခု မင်းပြောခဲ့ဆိုခဲ့ပုံအရ ငါ့မှာလည်း ရစရာ မရှိတော့ပါဘူး။ တကယ်ဆိုရင် တစ္ဆေဆိုတာမျိုးက ဘဝကနေ သေဆုံးပြီးမှ တစ္ဆေသရဲဖြစ်ရတဲ့ ကိစ္စကြီး အခု မင်းလုပ်ပုံအရ ငါ့မှာ သေတောင် မသေရသေးဘူး လောလောဆယ် တစ္ဆေဖြစ်နေရပြီ'

ဟု ပြောလိုက်ရာ အပြောသန်သော ကိုထွန်းလှ ငိုရမလို ရယ်ရမလို ဖြစ်နေစဉ် ဝိုင်းပြီး နားထောင်နေသူများထဲမှ တစ်ယောက်က-

'ဟုတ်တယ်ဟေ့..ဟုတ်တယ်။ အခု ကိုထွန်းလှ ပုံအရဆို ကိုသာစိန်ကြီးကတော့ မသေခင်မှာကိုပဲ တင်ပြီး တစ္ဆေဖြစ်နေရပြီ' ဟု ဝင်ရောက်ပြောဆိုလိုက်သော အားလုံးက မပြုံးဘဲ ဝါးလုံးကွဲရယ်မောလိုက်ကြရပါသည်။

'ဟား..ဟား..ဟား..ဟား'

'ဟီး..ဟီး..ဟီး..ဟီး'

'ခစ်..ခစ်..ခစ်..ခစ်'

ရွှင်လန်းချမ်းမြေ့ကြွယ်ဝေ
ချစ်ဆိုင်

ကြယ်ပြုံမြစ်ဝကျွန်း

အမှတ်တံဆိပ်

ဆီးချို၊ သွေးချို သောက်ဆေး

ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေတက်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ ပျက်စီ ဝဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရုနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တိုကို သုံးစွဲနိုင်ပါသည်၊

အဖြူ၊ မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်၊

ပင်ငုံ ကြယ်ပြုံမြစ်ဝကျွန်း ဆေးတိုက်

အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ၊
☎ ဝဋ္ဌ-၇၃၀၁၄၀၄၄ ၊ ဝဋ္ဌ-၅၀၀၁၄၃၆၊ ဝဋ္ဌ-၅၁၁၉၀၇၂၊ ဝဋ္ဌ-၅၁၉၀၇၈၅

ပြန်ရရှိရေးနေရာ (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (ဇောင်ဂူမြို့ - ဇရူဖေခင်းလောင်းဆေးဆိုင်)
(ပုသိမ်မြို့ - မြရွှေပွင့်ဆေးခန်း)၊ (ပဲခူးမြို့ - ဟသံကုန်းသူသန်ဆေးဆိုင်၊ ဟသံကုန်းဟသင်းဆိုင်)

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃(တ)ဆထလ၊(၂၃၀၅)

www.burmeseclassic.com

ဆရာကြီးရာဇာဇော်ဝင်း (LL.B)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောတိန်းများ

ရင်သွေးငယ်များ နာမည်ပေးခြင်း၊ ကင်ပွန်းတပ်ရက် အခမဲ့ရွေးပေးခြင်း၊ ရေနုမွေးဘဝ နာမည်လှလှလေးများ ရွေးချယ်ပေးခြင်း၊ ရင်သွေးငယ်များ ဘဝတစ်သက်တာဟောစာတမ်း၊ ကုမ္ပဏီများ နာမည်ရွေးခြင်း၊ ကုန်အမှတ်တံဆိပ်များ၊ အောက်ခံအရောင်စာလုံးများ၊ ကုဒ္ဒဏီ ဖွင့်ပွဲ အချိန်၊ နာရီ၊ နေရက်များ၊ မြန်မာဇာတာ၊ အင်္ဂလိပ်ဇာတာ၊ မြန်မာဟောစာတမ်း၊ အင်္ဂလိပ်ဟောစာတမ်း၊ နိုင်ငံခြားမှ မြန်မာများအတွက် နာမည်ပေးခြင်း စသည့် နာမည်ပေးပါရဂူ ဆရာကြီးတစ်ဦးဖြစ်ပါသည်။ (ဘဂဝါပူဇော်ခ ၇၀၀၀-ကျပ်) သဲတမန်ဝန်ထမ်း အင်္ဂလိပ်နာမည်နှင့် မိဘနာမည် တွဲဖက်၍ အထူးဆောင်ရွက်ပေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ ခွဲစိတ်မွေးဖွားမည့် ရက်ကောင်းရက်မြတ်ကို နာရီ၊ မိနစ်၊ စက္ကန့် အပါအဝင် လိုအပ်သောယတြာများ OG ဆရာဝန်နှင့် တိုင်ပင်ပြီးပါက ဆက်သွယ်နိုင်သည်။ လူကြီးများအတွက် ရက်၊ လ၊ နှစ် ပိုင်းခြားထားသော ဟောစာတမ်းများ လက္ခဏာဖြင့်ဟောခြင်း၊ နိုင်ငံခြားသံတော်သားများ လိုင်းကောင်းကောင်းရစေရန်၊ နိုင်ငံခြားသွားသူများ မိမိရောက်သည့်နိုင်ငံတွင် အဆင်ပြေစေရန်၊ ချစ်သူမောင်နှံများ စုံတွဲဇာတာ စစ်ဆေးခြင်း၊ အကြွေးပြန်ရစေရန် အမူနိုင်/မနိုင်၊ ပညာရေး ထူးချွန်မှုရှိ/မရှိ၊ အိမ်ထောင်ရေးတွင် အနှောင့်အယှက်များ ဖယ်ရှားပေးခြင်း၊ ရုပ်ရည်ချောမော သော်လည်း အဆင်ပြေဖြစ်နေသည့် လူမျိုကြီး,အမျိုကြီးများ ကံပွင့်အောင်ပြုလုပ်ခြင်း၊ အိမ်, ခြံ,ကား ရောင်းထွက်စေရန် ဆောင်ရွက်ပေးခြင်း၊ အင်းပညာ၊ ဝိဇ္ဇာအစီအရင်ပညာ၊ ဓာတ်ရိုက် ဓာတ်ဆင်ပညာများဖြင့် ဆရာထံရောက်လျှင် သင် အောင်မြင်စေရမည်ဟု မှတ်ပါ။ (နှုတ်ဟောဘဂဝါပူဇော်ခ ၅၀၀၀-ကျပ်) နာမည်ပေးခြင်းနှင့် ဟောစာတမ်းများ ဒီနေ့အပ်လျှင် မနက်ဖြန်ရမည်။ နယ်သို့ VPI. ဖြင့်လည်းကောင်း၊ ဘဏ်မှ ငွေလွှဲလျှင် ချက်ချင်းပို့ပေးမည်။ နယ်မှ မွေးသက္ကရာဇ်၊ နေရပ်လိပ်စာ ဖော်ပြ၍ မေးမြန်းနိုင်ပါသည်။ ရန်ကုန်မြို့အတွင်း နာမည်ပေးနှင့် ဟောစာတမ်းများကို ငွေကြိုပေးစရာ မလိုဘဲ ပို့ပေးမည်။ ဖုန်းသာ ဆက်လိုက်ပါ။

တိုက်-၃၅(မြေညီထပ်)၊ (၈၇)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ (ပိတ်ရက်မရှိ)

☎ (01)394727, (01)399426, 09 730 09994, 09 730 78260, 09 51 52521

မြန်မာ့နည်းပညာ၊ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီကံ၊ ငွေကြေးကံ၊ အလွေကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီကံ၊ အထူးပေါကနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်မြို့။

နံနက်(၁၀း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လဆုတ်ကွယ်)

www.burmeseclassic.com

www.burmeseclassic.com

မဟာထွန်း သရဲတို့၏ ပရိယာယ်

ညနေမိုးချုပ်စအချိန်တွင် ဖြစ်၏။ ကိုရင် မောင်အေးချမ်း ကျောင်းမှ ထွက်လာခဲ့သည်။ ကျောင်းနှင့် ရှာသည် တစ်မိုင်နီးပါး လှမ်း၏။ လယ်ကွင်းတစ်ကွင်းနှင့် တောင်ငယ်နှစ်လုံးအကြားကို ဖြတ်ထားသော တစ်ဖာလုံခန့် ရှည်လျားသည့် ချုံတန်းတစ်ခုကို ဖြတ်သန်းပြီးမှ ရွာကို ရောက်နိုင်သည်။

ထိုချုံတန်း၏ ဟိုဘက်သည်ဘက် တောင်ကမ်းပါးယံများတွင် သစ်ပင်ကြီးများ၊ ချုံနွယ်ပိတ်ပေါင်းများ ထူထပ်သည်။ အနောက်ဘက် တောင်ကမ်းယံ၏ အခြေတွင် ညောင်ကြပ်ပင်ကြီးလည်း တစ်ပင်ရှိသည်။

ထိုညောင်ကြပ်ပင်ကြီးကို ချုံနွယ်ပိတ်ပေါင်းများ ရစ်ပတ်အုံဖွဲ့လျက်ရှိနေပြီး လူသွားလမ်းကလေးကိုလည်း အုပ်မိုးနေသည်။ ထို့ကြောင့် အဝေးကကြည့်လျှင် သစ်ပင်တစ်ပင်နှင့်မတူဘဲ သရဲကြီးတစ်ကောင် လမ်းမကို ခွထိုင်နေသည်နှင့်သာ တူနေလေသည်။

သည်အထဲ ထိုညောင်ကြပ်ပင်က သရဲခြောက်သည်ဟုလည်း နာမည်ကြီးသည်။ ကိုရင်မောင်အေးချမ်းကိုယ်တိုင် အခြောက်မခံဖူးသေးသော်လည်း ထိုအနားမှ ဖြတ်သွားဖြတ်လာရှိကြသည့် လူအတော်များများပင် အခြောက်ခံကြရကြောင်း ပြောကြသည်။ အရပ်၊ အသံ၊ အနံ့ အမျိုးမျိုးနှင့် ခြောက်သည်ဟု ဆိုကြသည်။ တချို့ ထွက်ပြေးကြရသည်အထိပင် လိုက်ခြောက်ကြောင်းလည်း သိရသည်။

ညောင်ကြပ်ပင်ကြီး၏ ခြေရင်းမှာလည်း မကြာခဏ ခေါစာလာပစ်ကြသဖြင့် ခေါစာခွက်များ ပုံနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ကိုယ်တိုင် အခြောက်မခံဖူးသေးလျှင်လည်း ထိုညောင်ကြပ်ပင်၌ သရဲရှိနေသည်မှာ သေချာနေလေသည်။

ညောင်ကြပ်ပင်သရဲကြီးက အရပ်၊ အသံ အမျိုးမျိုးဖြင့် ခြောက်လှန့်ဖမ်းစားနေ၍သာ အခြောက်အလှန့် အဖမ်းအစား ခံရသူများ ခေါစာလာပစ်ကြခြင်း ဖြစ်ပေမည်။

(ခေါစာပစ်သည်ဟုဆိုခြင်းမှာ သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စသော မကောင်းဆိုးဝါးများ ခြောက်လှန့်ဖမ်းစားခြင်း ခံရသူများသည် နတ်ကတော်ကိုပင့်ကာ နတ်သွင်းပြီး မေးကြသဖြင့် ထိုဖမ်းစားထားသည့် မိစ္ဆာကြီး ဝင်ပူးကာ တောင်းဆိုသော အမဲသား စသည့်အသားတစ်ခုခုကို ခေါစာခွက်ဖြင့် ထည့်ယူလာပြီး ၄င်းနေသော ပင်ခြေတွင် ပစ်သွား ကျွေးမွေးကြခြင်းပင် ဖြစ်သည်။)

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်ခေတ်က သည်ညောင်ကြပ်ပင်အောက်မှာ ဂျပန်များ တပ်စွဲနေခဲ့ကြကြောင်းလည်း သိရသည်။ ထို့ကြောင့် စစ်ဘီလူးဟု တင်စားကြသော ဂျပန်များသည် စည်းမဲ့ကမ်းခဲ့ လူသတ်ခြင်း၊ နွားသတ်ခြင်း စသောအမှုများကိုလည်း သည်ညောင်ကြပ်ပင်အောက်မှာ အကြိမ်များစွာ ပြုလုပ်ခဲ့ကြသည့် အကြောင်းကို ကြားဖူးသည်။

ဂျပန်များ စစ်ရှုံးသွားပြီးနောက် သူတစ်လူ ငါတစ်မင်း အချင်းချင်းစစ်ဖြစ်နေကြချိန်၌လည်း လူဆိုးအုပ်စု အတော်များများ ဤညောင်ကြပ်ပင်အောက်မှာ နေခဲ့ကြဖူးသေးသည်။ ထိုအချိန်ကလည်း လူသတ်၊ နွားသတ် ကိစ္စများ အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့သည်ဟု ဆိုကြသည်။

ထို့ကြောင့် အစိမ်းသေနှင့် သေဆုံးသွားကြရသည့် လူများ မကျွတ်မလွတ်ဖြစ်ကာ သည်ညောင်ကြပ်ပင်မှာ အမြဲရှိနေ၍ ဂျပန်ခေတ်ကရော လူဆိုးခေတ်မှာပါ အမဲသားမျောက်ခြင်း၊ ညောင်ကြပ်ပေါ်က မည်းမည်းအလုံးကြီး လိမ့်ဆင်းလာပြီး အမဲပေါင်ကို ဆွဲသွားခြင်း၊ အမဲသားအိုး မိုးပေါ်ကို မြောက်တက်သွားခြင်း စသော နာမည်ဆိုးများလည်း အကြိမ်ကြိမ်ရှိခဲ့ဖူးသည်။

ထို့ကြောင့် လူတိုင်းပင် သည်ညောင်ကြပ်ပင်ကြီးကို ကြောက်လန့်ကြသည်။ ကြောက်လန့်လျက်နှင့်ပင် မလွဲမရှောင်သာ၍ သည်ညောင်ကြပ်ပင်ကြီးအောက်မှ ဖြတ်သွားကြရင်း အမျိုးမျိုးသော ခြောက်လှန့်ဖမ်းစားခြင်းကို ခံနေကြရသည်။ ယခု ကိုရင်မောင်အေးချမ်းလည်း သည်ညောင်ကြပ်ပင်ကြီးအောက်မှပင် ဖြတ်သွားရပေမည်။

ကိုရင်မောင်အေးချမ်းမှာ အသက်(၁၇)နှစ်အရွယ်ကတင် အဖေကွယ်လွန်သွား၍ ခေါင်းမူရောဂါစွဲနေသော ဂိလာန မိခင်ကြီးအား ပြုစုလုပ်ကျွေးရန်အတွက် လူထွက်ခဲ့ရသည်။

ထို့နောက် လူဘဝတွင် သုံး,လေးနှစ်ကျင်လည်နေခဲ့ပြီး ယခုမှ မိခင်ကြီး ကျန်းမာရေးပြန်ကောင်းလာ၍ ကိုရင်ပြန်ဝတ်လိုက်သည်။ ထို့ကြောင့် ရွာသူရွာသား အပေါင်းအသင်း သူငယ်ချင်းများနှင့် ဆွေမျိုးအားလုံးတို့ တအံ့တသြဖြစ်သွားကြသည်ဟု ဆို၏။

လူဘဝတွင် သုံး,လေးနှစ်တိုင်တိုင် လူပျိုလုပ်နေခဲ့ပြီးမှ သည်သည့်နည်းနှင့်မှ မောင်အေးချမ်းသည် သာသနာတော်သို့ ပြန်မရောက်နိုင်ဟု ထင်နေကြရာမှ ယခု မောင်အေးချမ်း ကိုရင်ပြန်ဝတ်လိုက်၍ မယုံကြည်နိုင်လောက်အောင် ဖြစ်သွားကြလေသည်။

တချို့ရွယ်တူကောင်မလေးများ ဝမ်းနည်းပြီး ငိုကြသည်။ ကောင်လေးများလည်း စိတ်မကောင်းဖြစ်ကြသည်။ ဆွေမျိုးအချို့တို့လည်း ဝမ်းနည်းဝမ်းသာဖြစ်ပြီး မျက်ရည်ကျကြသည်။

ထို့နောက် ရပ်ဝေးက ဆွေမျိုးများလည်း မောင်အေးချမ်း ကိုရင်ပြန်ဝတ်လိုက်သည်နှင့် ပတ်သက်သောသတင်းကို ကြားရလျှင် မယုံနိုင်အောင်ပင် ဖြစ်သွားကြသည်ဟု ဆို၏။

ထို့ကြောင့်ပင် ရပ်ဝေးက ဆွေမျိုးများသည် ဝမ်းသာကြည်ညိုစိတ်ဖြင့် တစ်သုတ်ပြီးတစ်သုတ် ရောက်လာပြီး ကိုရင်မောင်အေးချမ်းအား ကြည့်ကြ(ကြည်ညို)ကြ၏။ တအံ့တသြဖြစ်ပြီး ဝမ်းသာစကား ဆိုကြ၏။

သည်နေ့လည်း ရပ်ဝေးက တစ်ဖွဲ့ရောက်လာကြ၏။ သည်နေ့ ရောက်လာကြသောအဖွဲ့တွင် အဘိုး,အဘွားများပါလာကြ၍ မိုးချုပ်နေပြီဖြစ်သောကြောင့် ကျောင်းကိုလည်း မလာနိုင်။ မနက်စောစောလည်း ပြန်ချင်ကြသည်။ ထို့ကြောင့် ကိုရင်မောင်အေးချမ်းကိုသာ အိမ်ကိုကြွလာပါဟု ညနေစာစားရန် ရွာထဲသို့ ဆင်းသွားကြသည့် ကျောင်းသားများနှင့် တစ်ဆင့်လျှောက်ထားလိုက်ကြသဖြင့် ယခု ကိုရင်မောင်အေးချမ်း ကြွသွားရခြင်း ဖြစ်၏။

♦ ♦ ♦

ကိုရင်မောင်အေးချမ်း ကျောင်းတပ်ပြင်ကို ရောက်သောအခါ အတော်လေးပင် မိုးချုပ်နေလေပြီ။ ထို့ကြောင့် ခပ်ဝါးဝါးမျှသာ မြင်ရသော ရိုးပြတ်ကွင်းထဲက လမ်းကြောင်းလေး ပျောက်မသွားအောင်ပင် အားပြုကြည့်ပြီး လျှောက်သွားနေရသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေသည်။ ရခိုင်ရိုးမကြီး၏ တောင်ခြေ၊ တောင်စွယ်၊ တောင်တန်းများနှင့် ဆက်စပ်နေသော အရပ်ဖြစ်၍ တောရိပ်တောင်ရိပ်ကြီးသောကြောင့် စောစောအမှောင်ကျသလို အမှောင်ကိုလည်း သာ၍ပင် ကဲစေသည်။

လမ်းမ၌ ဝပ်နေကြသော မြေဝပ်ငှက်(ညငှက်)များ ကိုရင်မောင်အေးချမ်းနှင့် နီးလာလျှင် ထပြန်သွားကြပြီး တစ်နေရာ၌ ပြန်ဝပ်ကြပြန်သည်။ ကောင်းကင်ပြင်တွင် လင်းနို့ကလေးများ ပျံဝဲနေကြသည်ကိုလည်း မှုန်ဝါးဝါးမျှတွေ့နေရသည်။ ခွေးအ(ခဲဝါ)များ၏ အသံကိုမူ နောက်မှာ ကျန်နေခဲ့သော ကျောင်းတောင်ခြေဘက်ကသာ ကြားရ၏

www.burmeseclassic.com

ခွေးအများမှာ မိုးချုပ်သည်နှင့် ကျောင်းနားသို့ ရောက်လာကြ၏။ ထို့နောက် ကျောင်းခွေးများ၏ အလစ်ကိုချောင်းပြီး ဆွမ်းကျန်ဆွမ်းပိုများ၊ အခြောက်လှန်းထားသော ထမင်းခြောက်များကို စားသောက်ကြသည်။

'ကွက်ကျိ..ကွက်ကျိ..ကွတ်ကျိ'

ကိုရင်မောင်အေးချမ်း ညောင်ကြပ်ပင်ကြီးနားကို ရောက်လျှင် ဇီးကွက်တစ်ကောင် ညောင်ကြပ်ပင်ကြီးပေါ်က အော်သံကို ကြားလိုက်ရသည်။ သည်ဇီးကွက်သည် ညောင်ကြပ်ပင်ပေါ်မှာ အမြဲနေခြင်းပင် ဖြစ်ပေလိမ့်မည်။ ညောင်ပင်ကြီးကို ချုံနွယ်ပိတ်ပေါင်းများ ရစ်ပတ်ဖွဲ့နှောင်ထား၍ အလင်းရောင်နည်းပြီး အကာအကွယ်လည်း ရနေသောကြောင့် ဇီးကွက်စသော ညဉ့်က်များ ခိုအောင်းရန် အဆင်ပြေသည်။

ကိုရင်မောင်အေးချမ်း ညောင်ကြပ်ပင်ကြီး လွန်လာခဲ့ပြီ။ မည်သည့်သရဲတစ္ဆေ ခြောက်လှန့်သည်ကိုမျှ မခံခဲ့ရပေ။ ကိုရင်ဖြစ်၍ သရဲ မခြောက်ရဲဟု ထင်သည်။

ကိုရင်မောင်အေးချမ်း ရှေ့ကို ဆက်လျှောက်လာခဲ့သည်။ အိမ်မှာ အောက်လင်းဓာတ်မီးကြီး ထွန်းထားသည်ကို အဝေးကပင် လှမ်းမြင်နေရသည်။ ကိုရင်မောင်အေးချမ်း ကြွလာမည်ကို သိ၍ထင်သည် ခေါင်းရင်းဘက်မှာ ထိုင်ခုံကို ခင်းပြီး ခေါင်းအုံးသုံးလုံး ဆင့်ထားသည်ကို တွေ့ရသည်။

ဆွေမျိုးများ အတော်လေးပင် စုံစုံလင်လင် ရောက်နေကြသည်။ ရပ်နီးရွာနီးက ဆွေမျိုးများအပြင် ဝန်ထမ်းဖြစ်၍ နယ်ဝေးကို ရောက်နေကြသော ဆွေမျိုးများနှင့် စီးပွားရေးအရ မြို့ကို ပြောင်းနေကြသည့် ဆွေမျိုးများကိုပါ တွေ့ရသည်။ ထိုထိုဆွေမျိုးများထဲက ခင်အေးသီနှင့် သူမိဘများ ရောက်နေကြသည်ကိုမူ ကိုရင်မောင်အေးချမ်း အံ့သြသလို ဖြစ်မိသည်။ ခင်အေးသီ၏ဖခင်မှာ မောင်အေးချမ်း မိခင်၏ မောင်အရင်းဖြစ်သည်။

ထို့ကြောင့် ဒေသထုံးစံအတိုင်း မျိုးမပျက်စေလိုသဖြင့် ဆွေမျိုးများမှာ မောင်အေးချမ်း ကိုရင်ဝတ်မှ လူထွက်လာစဉ်က ခင်အေးသီနှင့် လက်ဆက်ပေးရန် တိုးတိုးစီစဉ်ခဲ့ကြဖူးသည်။

ထိုအခါ သိန်းပေါင်းများစွာ ချမ်းသာကြွယ်ဝနေသော ခင်အေးသီ၏ မိခင်က သူတို့၏ တစ်ယောက်တည်းသော သမီးချောလေးကို မုဆိုးမသား မောင်အေးချမ်းနှင့် မပေးစားနိုင်သည့်အကြောင်းကို တစ်စွန်းတစ်စ ပြောဖူးသည်ဟု အမေရော မောင်အေးချမ်းပါ ကြားသိရ၏။

ခင်အေးသီ၏မိခင်က မောင်အေးချမ်းတို့ မိသားစု ဖခင်လည်းသေဆုံး၊ မိခင်လည်း ကာလကြာကြာ ဆေးကုသနေရသဖြင့် ဆင်းရဲမွဲတေသွားပြီဟုထင်၍ ထိုကဲ့သို့ ပြောသည်ကို မောင်အေးချမ်း၏မိခင်လည်း သိ၏။ ခင်အေးသီ၏ မိခင်သည်ကား စီးပွားရာထူး စသော ဂုဏ်ယသနများကို လွှန်လွန်ကဲကဲ မက်မောတတ်သူ ဖြစ်၏။

ထိုအချိန်က ခင်အေးသီ၏ ဖခင်ဖြစ်သူမှာ ရွာသူကြီးအလုပ်ကို နှစ်သက်စေ့၍ နားလိုက်ပြီးနောက် မြို့နယ်ကောစီ(Ec) တာဝန်ကို ထမ်းဆောင်နေဆဲလည်း ဖြစ်၏။ တစ်ဖက်တွင်လည်း ဒေသထွက်ကုန် အရောင်းအဝယ်များကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်နေသလို မြို့နယ်ထဲက အရိုးကန်ထရိုက်လုပ်ငန်းများကိုလည်း မလွတ်တမ်းလုပ်ကိုင်၍ လျှမ်းလျှမ်းတောက် အောင်မြင်နေချိန်လည်း ဖြစ်၏။

ထို့ကြောင့် စီးပွားမာန်၊ သူယောကျ်ား၏ ရာထူးမာန်တက်နေသော ခင်အေးသီ၏ မိခင်က မောင်အေးချမ်းကို သူတို့သမီးနှင့် မတူမတန်ဟု ပြောလိုက်သည်ကို ကြားလေရာ မောင်အေးချမ်း၏ မိခင်ကြီးမှာ အရှက်ရပြီး မျက်ရည်ကျလေ၏။ ထို့နောက် ဒေါသလည်း ထွက်သွားပုံရ၏။ ထိုအချိန်က ခင်အေးသီနှင့် သူမိဘများလည်း မောင်အေးချမ်းတို့ အိမ်ပေါ်မှာ ရှိနေကြသည်။

ထို့ကြောင့် မောင်အေးချမ်း၏မိခင်က ပြောလိုက်၏။ မောင်အေးချမ်း၏ မိခင်ပြောသည်မှာ ခင်အေးသီ၏ မိခင်ကဲ့သို့ မာန်ပါပြီး ဂုဏ်မက်သောစကားမျိုး မဟုတ်ပေ။ အနှစ်ကိုသာ ဆိုခြင်းဖြစ်၏။

'ကလေးတွေရဲ့အဖေ ဆုံးသွားပြီး ငါ့ကိုလည်း နှစ်နဲ့ချီ ဆေးကုနေရပေမယ့် ကလေးတွေရဲ့အဖေ ရှာဖွေစုဆောင်းထားခဲ့တာကို ငါ တစ်ပြားတစ်ကျပ်မှ မသုံးပါဘူး။ အခု တုန်းက ဝတ်ဆင်ခဲ့တဲ့အထဲကပဲ သုံးတာပါ' ဟုဆိုကာ မျက်ရည်သုတ်၏။

ထို့ကြောင့် မောင်အေးချမ်းလည်း အမေ၏ မျက်ရည်ကို မြင်ရ၍ အလွန်အမင်းဒေါသထွက်သွားပြီး ဝရန်တာမှာ ရပ်နေသော ခင်အေးသီ၏ဖခင်(မောင်အေးချမ်း၏ဦးလေး)ကို လက်ပြန်ရိုက်ချလိုက်၏။ ခင်အေးသီ၏ မိခင်ကိုလည်း ထိုကဲ့သို့ လုပ်ချလိုက်ပြီး ခင်အေးသီကိုလည်း အိမ်ပေါ်က ကန်ချလိုက်ကာ ဒေါသဖြင့် ပြောလိုက်သည်။

'ခင်ဗျားတို့သမီးကို ဘယ်သူက ယူမယ်ပြောလို့လဲ

www.burmeseclassic.com

www.burmeseclassic.com

မိန်းမငတ်လို့ ကိုရင်က ထွက်လာတာမဟုတ်ဘူး။ ကျေးဇူးရှင် ဂိလာနမိခင်ကြီးကို ကျေးဇူးဆပ်လုပ်ကျွေးဖို့ ထွက်လာတာ။ ခင်ဗျားတို့သမီးကို ယူဖို့နေနေသာသာ မစင်ဘင်အိမ်လို့ပဲ ထင်တယ်။ နောက် အဲဒီစကားမျိုးကိုပြောကြည့်၊ တစ်ယောက်မကျန် ဓားနဲ့ ခုတ်သတ်ပစ်ရလိမ့်မယ်။ မယုံရင် အခုပဲ ပြောကြည့်စမ်းပါ'

ခင်အေးသီနှင့် သူမိဘများ ဘာမျှပြန်မပြောဘဲ သူတို့အိမ်ဘက်ကို ထွက်သွားကြ၏။ ပြောလျှင်လည်း မောင်အေးချမ်း ပွဲကြမ်းတော့မည်ဟု ရူးရူးမိုက်မိုက် ဆုံးဖြတ်ထားမိသည်။

ထိုကဲ့သို့ ရုန်းရင်းဆန်ခတ် ဖြစ်သွားကြသော်လည်း နောက်ပိုင်းကာလများတွင် ခင်အေးသီရော သူဖခင်ပါ မောင်အေးချမ်းတို့အိမ်သို့ လာကြပြီး နဂိုအတိုင်းပင် ခေါ်ပြောဆက်ဆံကြ၏။ ခင်အေးသီ၏ မိခင်သည်ကား တစ်ကြိမ်တစ်ခါမျှ မလာရဲတော့ပေ။ မောင်အေးချမ်းလည်း ထို အချိန်မှစ၍ ခင်အေးသီတို့ တစ်အိမ်လုံးနှင့် ခပ်တန်းတန်းသာ နေလေသည်။ ထို့နောက်ပိုင်းတွင် သူတို့မိသားစုလည်း အပြီးတိုင် မြို့ကို ပြောင်းရွှေ့သွားကြ၏။

ထို့ကြောင့် ယခု ခင်အေးသီ၏မိခင်ပါ ဆွေမျိုးများနည်းတူ ရောက်နေသည်ကို တွေ့လိုက်ရ၍ ကိုရင် မောင်အေးချမ် အံ့သြသွားခြင်းဖြစ်၏။ ခင်အေးသီ၏ မိခင်သည်သည်း ကိုရင် မောင်အေးချမ်းကို ဦးချရှိခိုးပြီး ဖော်ရွေစွာ စကားဆို၏။

ခင်အေးသီကမူ ကိုရင်မောင်အေးချမ်းကို တစ်သက်တစ်ခါ မမြင်ဖူးသလိုပင် ငေးကြောင်ပြီး စိုက်ကြည့်နေ၏။

ကိုရင်မောင်အေးချမ်းလည်း တစ်အောင့်ကြာအောင် ဆွေမျိုးများနှင့် စကားပြောနေခဲ့ပြီးနောက် ပြန်ခါနီးတွင် ခင်အေးသီက ပြုံးရွှင်သောအမူအရာဖြင့် ပြော၏။

'ကိုရင်..ညဉ့်နက်နေပြီလေ။ တစ်ပါးတည်း ပြန်ရဲသား။ တော်ကြာ ညောင်ကြပ်ကြီးက မည်းမည်းကြီး ဆင်းသိုက်လို့ ပြေးပေါက်တိုးနေမယ်နော်'

'လူဘဝတုန်းကတောင် သရဲတစ္ဆေကို မကြောက်ခဲ့ဘူး အခု ကိုရင်ဖြစ်နေပြီပဲ၊ ဘာလို့ကြောက်ရမှာလဲ'

ထို့မျှသာပြောပြီး ကိုရင်မောင်အေးချမ်း ထွက်လာခဲ့၏။ ပြောသာ ပြောရသည်။ ကိုရင်မောင်အေးချမ်း၏ စိတ်ထဲတွင် ညဉ့်နက်နေပြီဖြစ်၍ နာမည်ကြီးညောင်ကြပ်ပင်ကြီးအောက်မှ ဖြတ်သွားရမည်ကိုတွေးပြီး ကြောက်စိတ်တော့ အနည်းငယ်ရှိနေ၏။ သို့သော်လည်း လိုက်ပို့ကြပါဟု ပြောရမည်ကိုရွက်၍ တစ်ပါးတည်း ခပ်မှန်မှန်ပင် လျှောက်လာခဲ့၏။

'ကွက်ကျိ..ကွက်ကျိ..ကွက်ကျိ'

ညောင်ကြပ်ကြီးနားသို့ရောက်လျှင် ဇီးကွက်အော်သံကို ကြားလိုက်ရပြန်သည်။ တစ်ဆက်တည်းပင် ညောင်ကြပ်ပင်ကြီးကို လွန်လာသည်နှင့် နောက်မှလိုက်လာနေသော ခြေသံတစ်ခုကို ကြားရ၏။

ဤသည်မှာ လူခြေသံ မဖြစ်နိုင်ဘဲ သရဲလိုက်လာခြင်းသာ ဖြစ်ဖွယ်ရှိသည်။ လူသာဆိုလျှင် အနည်းဆုံး စကားသော်လည်း လိုက်ပြောပေမည်။ သို့တည်းမဟုတ် အသံသော်လည်း ပြုပေလိမ့်မည်။ ယခုမူ နောက်မှ လိုက်လာနေသော ခြေသံကိုမျှသာ ကြားနေရသည်။

ထို့ကြောင့် ညောင်ကြပ်ပင်သရဲကြီးနှင့် မလွဲမသွေ ရင်ဆိုင်ရတော့မည်ကိုသိ၍ ကိုရင်မောင်အေးချမ်း ခါးပန်းကြိုးကို ဖြုတ်ပြီး ကျစ်ကျစ်ဆုပ်ကာ အသင့်အနေအထားပြင်လိုက်၏။ ပရိက္ခရာရှစ်ပါးတွင် ခါးပန်းကြိုးသည်လည်း သင်းပိုင်၊ သင်္ကန်းများနည်းတူ အစွမ်းထက်၏။ ထို့ကြောင့် သရဲတစ္ဆေများ ကြောက်ကြသည်ဟုလည်း ကြားဖူးသည်။

နောက်မှလိုက်လာသော ခြေသံသည် အတော်လေးနီးလာသဖြင့် ကိုရင်မောင်အေးချမ်း (၁၊ ၂...၁၀)ထိ ရေတွက်ကာ ခါးပန်းကြိုးဖြင့် နောက်ပြန်လှည့် ရမ်းသတ်လိုက်လေသည်။

'အီး..'ဟု အော်သည်းသံကြီးနှင့်အတူ ခါးပန်းကြိုးသည်လည်း တစ်စုံတစ်ခုကို ရစ်ပတ်သွားသည်ဟု သိလိုက်၍ လွှတ်ချထားခဲ့ပြီး ကိုရင်မောင်အေးချမ်း ကျောင်းဘက်သို့ သုတ်ခြေတင်လေသည်။

♦ ♦ ♦

မနက်အရောဆွမ်းကိစ္စ ပြီးသည်နှင့် ကိုရင်မောင်အေးချမ်းသည် ကိုရင်ဓောတိကအား ခေါ်ပြီး ညောင်ကြပ်ပင်ကြီးဆီကို လျှောက်လာခဲ့၏။ ကိုရင်မောင်အေးချမ်း ညက ကြုံတွေ့ခဲ့ရသည့်အကြောင်းကို ကိုရင်ဓောတိကအား ပြောပြထား၍ ကိုရင်ဓောတိကလည်း အတော်လေးပင် စိတ်ဝင်စားပြီး တက်တက်ကြွကြွလည်း ရှိနေ၏။

စောလွန်းနေသေး၍ တောစပ်တောင်စပ်များသည်ပင် အမှောင်ရိပ်များ ရှိနေသေး၏။ ထို့ကြောင့် လူသွားလူလာလည်း ကင်းဆိတ်နေ၏။

www.burmeseclassic.com

ကိုရင်မောင်အေးချမ်း နှင့် ကိုရင်ဓောတိကတို့ စကားတပြောပြောဖြင့် လျှောက်လာကြရာ ညောင်ကြပ်ပင်ကြီးနားသို့ ရောက်လာကြ၏။ ထိုအချိန်၌ မိုးလည်း စင်စင်လင်းလာလေပြီ။

ညောင်ကြပ်ပင်ကြီးအောက်ကိုရောက်၍ ကြည့်လိုက်ကြရာ လည်ပင်းမှာ ခါးပန်းကြိုးရစ်ပတ်ပြီး ဓီးကွက်ကြီးတစ်ကောင် သေနေသည်ကို တွေ့လိုက်ရ၍ ကိုရင်မောင်အေးချမ်းနှင့် ကိုရင်ဓောတိကတို့ တအံ့တသြဖြစ်သွားကြ၏။

ဓီးကွက်များမှာ အမျိုးများစွာရှိ၏။ အငယ်ဆုံးမှာ နီစပ်စပ်အရောင်ဖြင့် ကြက်တူရွေးအရွယ်အစားခန့်ရှိသည့် ဝက်ကြက်ခြောက်ကောင် အမည်ရှိသော ညဉ့်မျိုးဖြစ်၏။ (ဝက်ကြက်ခြောက်ကောင်များမှာ ကိုရင်မောင်အေးချမ်းတို့ အရပ်ဒေသတစ်ခုမှာသာ တွေ့ရ၊ မြင်ရ၊ အသံကိုလည်း ကြားရပြီး အခြားအရပ်ဒေသများတွင် မတွေ့မကြားဖူးပေ)

အကြီးဆုံးဓီးကွက်မျိုးမှာ ဒီးဒုတ်ငှက်ကြီးပင် ဖြစ်၏။ ဓီးကွက်အနွယ်ဝင် ငှက်အားလုံးပင် ညဉ့်များချည်း ဖြစ်ကြ၏။ နေ့ခင်းနေ့လယ်တွင် ချုံပုတ်နှင့် အခက်အရွက်ရှုပ်ထွေးပိတ်လှောင်နေသော သစ်ပင်ကြီးများမှာသာ ပုန်းအောင်းနေကြ၏။ ယခု လည်ပင်းမှာ ခါးပန်းကြိုးရစ်ပတ်ပြီး သေနေသော ဓီးကွက်မှာ အလတ်စားမျိုးဖြစ်၏။ အနီနှင့် အနက်ရောင် ရောပြီး ကြက်မတမ်းနီးပါး ရှိ၏။

တစ်အောင့်ကြာအောင် စိုက်ကြည့်နေကြပြီးနောက် ကိုရင်ဓောတိက ပြော၏။

'ဟ...ကိုရင်၊ မင်းပြောတော့ သရဲနောက်က လိုက်လာတာကို ခါးပန်းကြိုးနဲ့ ရမ်းသတ်ခဲ့တယ်ဆို။ အခု ဓီးကွက်ကြီးသာ သေနေပါလားကွ'

'ဟုတ်တယ်လေ။ ငါ့နောက်က သရဲလိုက်လာတာကို တိတိကျကျကြားလို့ ခါးပန်းကြိုးနဲ့ ရမ်းသတ်ထားခဲ့တာ အမှန်ပဲ'

'ဒါဆို ဘယ်မှာလဲ။ အခုသေနေတာ သရဲလည်း မဟုတ်ဘဲ ဓီးကွက်ကြီးပါလား'

ကိုရင်မောင်အေးချမ်း မရှင်းတတ်တော့ပေ။ ထို့ကြောင့် ဓီးကွက်သေကြီးကိုသာ ငေးကြည့်နေမိ၏။ ထို့နောက် ကိုရင်ဓောတိက,က ပြောသည်။

'မင်းတော့ ကိုရင်ဖြစ်နေပြီးမှ ဓီးကွက်သတ်တာကိုပြီး ဒကာ,ဒကာမတွေ သိသွားရင် အကြည်ညိုပျက်ကြတော့မှာပဲ'

'ဟ...ငါက သရဲကိုသတ်တာပဲ။ ဓီးကွက်သတ်တာ မဟုတ်တာလေ'

'ဒါဆို ဘယ်မှာလဲ သရဲ။ ဒီမှာ ဓီးကွက်ကြီးပါလား'

'သတ်တုန်းက သရဲ၊ အခုသေနေတာ ဓီးကွက်ကြီးနေတော့ ငါလည်း ပြောတတ်တော့ဘူးကွာ။ မင်းပြောစမ်း ဒီကိစ္စကို ဘယ်သူမှတော့ မပြောပါနဲ့။ မင်းပြောရင် ဒကာ,ဒကာမတွေ သိသွားရင် မကောင်းဘူးလေ'

ခါးပန်းကြိုးနှင့် ရမ်းသတ်ခဲ့စဉ်က သရဲ၊ ယခုသေသည်က ဓီးကွက်ကြီးဖြစ်နေ၍ အဖြစ်မှန်ကို နားမလည်ကြတော့။ ထို့ကြောင့် အမှတ်မထင် ရွာသားတစ်ယောက် ရောက်လာပြီး ကိုရင်မောင်အေးချမ်း ဓီးကွက်သည်ကို တွေ့သွားမြင်သွားမည်စိုး၍ ခါးပန်းကြိုးကို ချွတ်ယူပြီး ဓီးကွက်သေကြီးကို ချုံထဲသို့ပစ်သွင်းကာ ခပ်သုတ်ပင် ကျောင်းသို့ ပြန်လာခဲ့ကြလေသည်။

မဟာထူး

စာကြွင်း * *အစိမ်းသရဲစသော မိစ္ဆာကောင်များမှာ သွားကြသောအခါ သူတို့၏ အလောင်းကိုယ်စား တစ်ကောင်ကောင်၏ ကိုယ်ကိုသာ ထားခဲ့တတ်ကြသည်ဆို၏။ တန်ခိုးကြီးသော မိစ္ဆာကောင်ကြီးများဖြစ်လျှင် သမင် စသောအကောင်ကြီးများ၏ကိုယ်ကို ထားခဲ့ပြီး တန်ခိုးမကြီးသော သရဲမိစ္ဆာကောင်များမှာ ရှဉ့်၊ ငှက်ကလေး စသောကိုယ်တစ်ခုခုကို ထားခဲ့တတ်ဟုလည်း ပြောကြသည်။ ထို့ကြောင့် ယခု ကိုရင်မောင်အေးချမ်း သတ်ထားခဲ့သည့် ဓီးကွက်အသေကောင်ကြီးမှာ ညောင်ကြပ်ပင်သရဲကြီး၏ (ကိုယ်)အလောင်းသာ ဖြစ်ရှိလေသည်။ ထင်ရှားသည်မှာ ထိုအချိန်မှစပြီး တစ်ခါမျှ ညောင်ကြပ်ပင်က သရဲခြောက်သည်၊ သည်ဟူ၍ မကြားရတော့ပေ။*

www.burmeseclassic.com

www.burmeseclassic.com

(ယောမြို့) ဆရာပြောင်၊ ဆရာအောင်၊ ဆရာထွန်းမင်းအောင်တို့၏ သားတပည့်

ရှမ်းဆရာ ဦးစိုင်းငွေးလှိုင်

(ဝမ်းတွင်းမှော်စက်ရှင်)

လူအများ၏ ကောင်းကျိုးချမ်းသာအတွက် အံ့ဖွယ်နက်နဲသော ပညာရပ်များဖြင့်သာ ကူညီဆောင်ရွက်မည်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး(အချစ်ရေး)၊ နိုင်ငံရပ်ခြားကိစ္စများနှင့် ဘာသာ၊ သာသနာရေး ကိစ္စရပ်များ၊ အိမ်မြေ၊ ခြံမြေ၊ တိုက်တာ၊ ကား ရောင်းဝယ်ခြင်းများ၊ အိမ်တွင်း/အိမ်ပြင် မည်သည့်ပယောဂနှင့်ယှဉ်သော အနှောင့်အယှက်၊ အတိုက်အခိုက်များမဆို ရက်ပိုင်းအတွင်း တိကျမှန်ကန် မြန်ဆန်အောင်မြင်စွာ ဖြေရှင်းဆောင်ရွက်ပေးပါသည်။

ဆရာနှင့်တွေ့ချိန် – နေ့စဉ် (ဟနလုံးနေ့မှအပ)

• နံနက်(၉)နာရီ မှ ညနေ(၄)နာရီ အထိ

အမှတ်-၄၀၇၊ လှော်ကားလမ်းမကြီး (ဘုန်းကြီးကျောင်းကွေ့ကားမှတ်တိုင်ရှေ့)၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်။ ☎ ၀၉ ၇၃၀ ၇၂၉၇၀

ယတြာဆရာမ ဒေါက်တာခင်မျိုးတင့်

Ph.D (Hon - Doctor of Astrology)

[နက္ခတ္တဗေဒ၊ မြန်မာ့ဗေဒင်၊ နဝင်းစီးပညာ]

အရေးကြီးတဲ့ ကိစ္စရှိရင် လာခဲ့ပါ။

အမျိုးသမီးများ၏ အခက်အခဲများကို ဦးစားပေးဆောင်ရွက်ပေးပါသည်၊
စာမေးပွဲ၊ အောင်ပွဲဝင် ယတြာများ၊ ထိရောက်ထက်မြက်သော နဝင်းစီးပွဲယတြာများ ဆောင်ရွက်ပါသည်၊

အခန်း(၄)၊ အနောက်ဆက်မုခ်၊ ခြေဆုံးနှစ်ကောင်အိန်း၊ မဟာဝိဇယစေတီ၊ ရန်ကုန်မြို့ ☎ ၀၉ ၅၁၀ ၇၅၅၂၇

ဒေါက်တာယတြာလေဒီ

Ph.D (India)., M.Sc (Chemistry)

ရွှေဖြစ်တွေ၊ နောက်ဖြစ်တွေ လုပ်မနေနဲ့
ဘာဖြစ်နေလဲ၊ ဘာဖြစ်ချင်လဲ၊ ဘာလုပ်ပေးရမလဲ
လက်ရှိကြုံတွေ့နေတဲ့ အခက်အခဲတွေ ဖြေရှင်းဖို့အတွက်
ထိထိမိမိ ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာဆောင်ရွက်လိုလျှင်...

ကြိုတင်ရက်ချိန်းယူပါ

လူမှုရေးပိုင်း၊ ဂုဏ်သိက္ခာပိုင်းနှင့် ပတ်သက်၍ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အမှတ်(၆၆)၊ အခန်း(၄)၊ ဒုတိယထပ်၊ ကုန်ဈေးတန်းလမ်း၊(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ☎ ၀၉ ၅၀ ၁၀၇၃၃

www.burmeseclassic.com

www.burmeseclassic.com

မြေကပေးသော အသက် ဆန်းဝင်း

(အောင်မြေ)

စာရေးသူ၏ ဘဝတစ်လျှောက် ဤမျှထူးခြားဆန်းပြားသော ဖြစ်ရပ်
မတွေ့ရဖူးသေးပေ။ ကျွန်ုပ်ကိုယ်တိုင် လွန်စွာအံ့သြရသော ထူးခြားလှသည့်
ဤဖြစ်ရပ်ဆန်းမျိုး အများသူငါအား ပြောပြချင်စိတ်ကား လွန်
ဖြစ်ရလေတော့သည်။ သို့သော် ထိုအချိန်က ကျွန်ုပ် လေး
ကျောင်းသားအရွယ်မျှသာ ရှိသေးသဖြင့် မှတ်ဉာဏ်တစ်နေရာ
သာ သိမ်းဆည်းထားရလေသည်။ ယနေ့ အများသူငါအား အသိပေး
ကြုံသော စာရေးဆရာတစ်ယောက်အနေဖြင့် အသင့်အတင့် ရေးသားတင်
လာပြီဖြစ်သဖြင့် ဤထူးခြားဆန်းကြယ် ဖြစ်ရပ်မှန်ဇာတ်လမ်းအား စိတ်ကူး
ဖွဲ့နွဲ့ချဲ့ထွင်ခြင်း မပါ၊ အရှိအတိုင်း
သည်ချ တင်ပြလိုက်ပါသည်။ (စာရေး

♦ ♦ ♦

အချိန်ကာလကား မြန်မာပြည်
အနှံ့တွင် ရောင်စုံ
သူပုန်များ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းကျန်းနေသောအချိန် ကွန်မြူနစ်ပါတီ၊ အလံဖြူ အလံနီများ နယ်စွန်နယ်ဖျား အုပ်ချုပ်မှု အလှမ်းဝေးရာဒေသများတွင် အခြေစိုက် နေရာယူလျက် ဆက်ကြေးတောင်းခံခြင်း၊ လယ်ခွန်၊ မြေခွန် စသည်တို့အား အစိုးရကဲ့သို့ပင် အနုံးဖွင့် လက်ခံဆောင်ရွက်လျက်ရှိပြီး မကျေလည်သူအား အပြစ်ဒဏ်ခတ်ခြင်းမှသည် သေဒဏ်ပေးသည်အထိ ပြင်းထန်စွာ စီရင်အုပ်ချုပ်နေသော အစိုးရဘက်တော်သား မှန်ပြီပါက နေရာမရွေး၊ အချိန်ရွေးမနေ ကျည်ဆန်စာ ကျွေးလိုက်လေသည်။ ဤသို့ အုပ်ချုပ်ကြခြင်းဖြစ်သော ကာလင်း ဖြစ်လေသည်။

နေရာဒေသကား ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နှင့် နီးမဝေးဟု ဆိုရသော်လည်း ခုနစ်မိုင်ခန့်ကွာဝေးသော ဗဟ္ဓမင်းကုန်းရွာ၊ ကွမ်းခြံကုန်းရွာဟူသော တောင်-မြောက် ဆန့်ပိုးထမ်းတန်းနေသော မကွာမလှမ်း ရွာနှစ်ရွာရှိသည်။ စာရေးသူတို့မိသားစုနေသောရွာကား နတ္ထမင်းကုန်းရွာဖြစ်၍ စာရေးသူ၏ ဖခင်နှင့် ညီအစ်ကိုတော်စပ်သောသူ (ကိုဦးသိန်းတန်)တို့ မိသားစုကား ကွမ်းခြံကုန်းရွာတွင် နေထိုင်ကြပြီး လယ်ဧကများစွာ ပိုင်ဆိုင်ကြသည့်အလျောက် ကွမ်းခြံကုန်းရွာတွင် ရွာမျက်နှာဖုံးဖြစ်၍ လူသိများသော မိသားစုဖြစ်သည်။

စာရေးသူတို့ မိသားစုကား ဆင်းရဲသောမိသားစုဖြစ်သောကြောင့် အနည်းငယ်မျှသော လယ်ဧကကိုသာ စိုက်ပျိုးပြီးလျှင် အခြားသူများ၏လယ်များသို့ အငှားလိုက် အခစားဆောင်ရွက်ရလေသည်။ စာရေးသူမိသားစုတွင် ဖခင်၊ မိခင် စာရေးသူနှင့် ညီမငယ် ပေါင်း လေးယောက်သာရှိပြီး ဖခင်ကြီးကား ဘာသာရေးအထူးအလေးထားဆောင်ရွက်သောသူရှိလ်ဖြစ်လေသည်။ သီလဆောက်တည်ခြင်း၊ ပရိတ်တော်များ ရွတ်ဖတ်ခြင်း၌ လုံးဝပျက်ကွက်ခြင်း မရှိသကဲ့သို့ ရုပ်ရေးရွာရေးတွင်လည်း အများသူငါ လေးလေးစားစားဦးပင်ဆောင်ရွက်ကြသည်ချည်းသာ။ အမည်ကား ဦးဘိုးထိပ်ဟု ခေါ်ကြလေသည်။ တစ်နယ်လုံးတွင် တစ်ဦးတည်း ချန်၍ နာမည်ရလောက်အောင် ကျမ်းကျင်လှသော အလုပ်တစ်ခုကား နွားချည်ကြိုး၊ လယ်ထွန်ကြိုးနှင့် နွားနဖားထိုးသောကြိုးကျစ်ခြင်း ဖြစ်လေသည်။

သင်အူဖြင့် ကျစ်ပြီးလျှင် ကြိုးတစ်စုံလျှင် (၃)ကျပ်ခွဲး(၅၀)မှ (၄)ကျပ်အထိရလေသည်။ (ထိုအချိန်က ဆန်တစ်ပြည်လျှင် တစ်ကျပ်ပြဲးငါးဆယ်သာ ရှိလေသည်။) အလွန်ဈေးရလှသောအချိန် ဖြစ်လေသည်။

တစ်နေ့သော နေ့လယ်ခင်းတွင် စာရေးသူတို့နေအိမ်သို့ အသက်(၄၀)ခန့် နီးခမောက်ကိုယ်စီဆောင်းလျက် လက်ထဲတွင်လည်း နွားမောင်းကြိမ်လုံးတစ်ချောင်းစီကိုင်ကာ ရောက်ရှိလာကြသည့် ဧည့်သည်သည်ကား နှစ်ယောက်။

'ကြိုးကျစ်တဲ့ ဦးဘိုးထိပ်တို့အိမ်ပါလားခင်ဗျာ'

အိမ်အောက်က ခွေးက ဟောင်သဖြင့် အိမ်ရှေ့ခြံဝတွင် လူနှစ်ယောက်ရပ်လျက် မေးလိုက်သောအသံကြောင့် စာရေးသူဖခင်ကား တစ်ချက်ကြည့်လျက်-

'ဟဲ့..ရန်လုံ၊ ဝင်နေစမ်း။ လာသာ လာပါ။ ခွေးက မကိုက်ပါဘူး'

ဧည့်သည်နှစ်ယောက် အိမ်မဆင့်ပေါ် ထိုင်ကြပြီးလျှင် ရေနွေးအိုးနှင့် ကွမ်းအစ်၊ ဆေးလိပ်ခွက်တို့အား စာရေးသူက ချပေးရလေသည်။ လာဖူးသွားဖူး မျက်နှာသိများထဲမှ မဟုတ်ကြောင်း စာရေးသူ သတိထားမိလိုက်လေသည်။

'ဘယ်ရွာကများ လာကြလဲ။ ဘာကိစ္စများရှိလဲ မသိဘူး။ ပြောပါဦး'

'ဟုတ်ကဲ့၊ ကြိုးလိုချင်လို့ပါ။ မိတ်ဆွေတစ်ယောက်က လမ်းညွှန်လိုက်လို့ပါ။ ကျွန်တော်တို့က သီတာကုန်းပြင်သွားတဲ့လမ်း သဲနုကုန်းရွာကပါ'

'ကြိုးကတော့ လယ်ထွန်းကြိုးတစ်စုံပဲ ကျစ်ပြီးသားရှိတယ်။ လိုတဲ့ကြိုးအရွယ်အစားကတော့ မှာထားခဲ့ပြီး ရက်ချိန်းပေးပါ့မယ်'

'ကျွန်တော်တို့လိုချင်တာ လယ်ထွန်းကြိုးမဟုတ်ဘူးဗျ။ တုပ်ကြိုးအတောင်ရှည်ရှည် လိုချင်တယ်။ သုံးမတ်လုံးလောက်၊ အရှည်က အတောင်(၂၀)ပါ။ လျှော်နဲ့ ကျစ်ပေးလို့ ရပါတယ်'

'အင်း..ဟုတ်ကဲ့၊ ပြောပါဦး။ အဲ..ဘာပြုလို့လဲခင်ဗျ'

'ဘာမှတော့ မဖြစ်ပါဘူး။ ဒီနှစ် ဘိုးသိန်းတန်လယ်ကစပါးတော်တော်လေးရတယ်လို့ ကြားတယ်။ ရစရာကြွေးလေးရှိလို့ သွားတောင်းရင် ကောင်းမလား စဉ်းစားတာပါ'

'စပါးရတာတော့ ဟုတ်နိုင်ပါလိမ့်မယ်။ လယ်ဧက၊ ကလည်း များတာကိုးဗျ'

ထိုသို့ ဧည့်သည်များ အခြားစကားများ ပြောဆိုပြီးနောက် ပြန်လည်ထွက်ခွာသွားလေတော့သည်။ ဦးဘိုးထိပ်ကား မူမှန်ပုံမပေါက်ဟု ယူဆရသော ဧည့်သည်၏ အမေးစကားကြောင့် စိတ်ထဲအနည်းငယ် တစ်မျိုးဖြစ်သဖြင့် လွှဲ

www.burmeseclassic.com

နေသောကြိုးထုံးအား အစသတ်၍ ဒုန်းခနဲ ဘေးသို့ ပစ်ချပြီးလျှင် စာရေးသူ၏အမေအား လှမ်းခေါ်လိုက်လေသည်။

'မအေးကွန့်'

'ရှင်..ကိုဘိုးထိပ်'

'ငါ ကွမ်းခြံကုန်း ခဏသွားလိုက်ဦးမယ်'

'တော် ပြန်လာမှ ထမင်းစားကြမှာနော်။ သိပ်မကြာစေနဲ့'

ဦးဘိုးထိပ်ကား စကားပြန်မပြော။ ပုဆိုးကို တိုတိုပြင်ဝတ်လျက် ခမောက်တစ်ချပ်အား ဆောင်းပြီး ကွမ်းခြံကုန်းရွာဘက်သို့ ထွက်သွားလေတော့၏။

'ဟ..ဘိုးထိပ်၊ ဘယ်ကလှည့်လာလဲ။ ထမင်းစားသွားကွာ'

'ဟေ့ကောင် ဘိုးသိန်းတန်၊ လာ..ထိုင်ဦး။ ငါပြောမယ်။ ဒီနေ့ တော်တော်စောစောက လူနှစ်ယောက် ငါ့အိမ်ရောက်လာတယ်။ ဒါပေမဲ့ အဲဒီလူတွေကို ငါမသိဘူး။ တုပ်ကြိုးကျစ်ပေးပါတဲ့ လာအပ်တာ။ အဲ..မဆီမဆိုင် မင်းနာမည် မေးတယ်။ စပါးတော်တော်ရသလားတဲ့။ မင်းဆီမှာလည်း ကြွေးရစရာရှိသတဲ့။ သဲနုကုန်းရွာမှာနေတယ်လို့လည်း ပြောတယ်ကွာ'

'အင်း..သဲနုကုန်းကတဲ့၊ ဟုတ်လား။ အဲဒီမှာ ငါကြွေးပေးစရာလူ တစ်ယောက်မှ မရှိပါဘူး။ အသိမိတ်ဆွေအဆက်အဆံလည်း မရှိဘူး။ မင်း နားကြားများလွဲ သလားဘိုးထိပ်'

'လုံးဝမလွဲဘူး။ ငါ အဲဒီလူနှစ်ယောက်ကို စိတ်ထဲမှာ တစ်မျိုးဖြစ်နေတာ မသက်ဘူး။ မင်း သတိနဲ့သာ နေပေတော့ ဘိုးသိန်းတန်ရေ'

'အေးပါကွာ၊ မပူပါနဲ့။ ထမင်းစားသွားဆို မင်းကလည်း'

'မစားတော့ဘူး၊ ငါ ပြန်မယ်။ ငါပြောတာသာ မင်းသေသေချာချာ သတိ၊ ဝိရိယနဲ့ မျက်စိဖွင့်၊ နားဖွင့်နေ။ တတ်နိုင်ရင် အိမ်ကလူတွေ တခြားရွှေ့ထား။ ဒါမှမဟုတ် သုံး,လေးယောက်လောက်ခေါ်ပြီး အိမ်မှာ သတိအနေအထားလုပ်ထား၊ ကြားလားဟေ့။ ပေါ့လို့ မရဘူးနော်'

'အေးပါ ဘိုးထိပ်ရာ။ ကလေး မဟုတ်ပါဘူး။ စိတ်ချစမ်းပါ။ မင်းကလည်း ဒါလောက်ကြီး မစိုးရိမ်စမ်းပါနဲ့ကွာ'

ဦးဘိုးထိပ်က ညီအစ်ကိုတော်စပ်သူ ဘိုးသိန်းတန်းအား သတိပေးစကားပြောခဲ့ပြီး နောက်တစ်ပတ်မျှ ကြာသောအခါ သတင်းတစ်ခုကား နတ္ထမင်းကုန်းရွာတွင်းသို့ ပျံ့နှံ့ဝင်ရောက်၍ လာလေတော့သည်။

♦ ♦ ♦

ကွမ်းခြံကုန်းရွာက ကိုဘိုးသိန်းတန်ကို ပြန်ပေးဆွဲလို့တဲ့ဟူသော သတင်းနှင့်အတူ အိမ်တွင် စာရေးထားသည်ဟုလည်း သိရလေသည်။ စာမှာ အောက်ပါအတိုင်း ရေးထားလေသည်။

ဘိုးသိန်းတန်၏ အသက်ခန္ဓာကိုလိုချင်လျှင် ရှေ့ (၅၀၀၀)ကျပ်နှင့် ရွှေတစ်ကျပ်သားယူ၍ မြင်းကုန်းမြောက်ဘက် ကျူတောအင်းစပ်တောကို တစ်ယောက်တည်း လှေဖြင့် လာရွေးပါ။ တိုင်လျှင်၊ လူပိုခေါ်လာလျှင် သတ်မည်။ သုံးရက်မြောက် ညနေ(၄)နာရီလာ။

စာကား လက်ရေးမညီမညာနှင့် ဤမျှသာဖြစ်သည်။ ဦးဘိုးသိန်းတန်တွင် သမီးတစ်ယောက်သာရှိသားယောကျ်ား မရှိပေ။ ဦးဘိုးသိန်းတန်၏ဇနီးကား မေမီးတောက်လျက် မည်သို့လုပ်ရမည်မှန်းမသိ စဉ်းစားနေဦးနှောက်တွင်းသို့ အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာလေသည်။ အခင်းမဖြစ်မီက သတိမပေါ့ရန် အတန်တန်ကြိုးထား၍ နေ့လယ်ခင်း လာရောက်သတိပေးသွားသော နတ္ထမင်းကုန်းရွာမှ ကိုဘိုးသိန်းတန်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်သော ဦးဘိုးထိပ်အား သတိရသဖြင့် ဓားပြပြန်ပေးရေးထားခဲ့သောစာကိုပါယူ၍ ဦးဘိုးထိပ်နှင့် တွေ့ဆုံပြီးလျှင် စာအတိုင်း ဆောင်ရွက်ပေးပါရန် ဦးဘိုးထိပ်အား အကူအညီတောင်းရလေတော့သည်။ အရေးကြီးတော့ သွေးနီးသားသာ။ အနီးတွင်နေသော ယောက်ဖသားချင်းတို့ကား သတင်ပင် မေးဖော်မရကြပါပေ။

'တောက်..ဖြစ်မှဖြစ်ရလေကွာ။ ငါ အသေအချာမှာထားပါလျက်ကယ်နဲ့ ဒီကောင် ပေါ့ဆလို့။ အေးလေ..ထားပါတော့၊ ပါသွားပြီပဲဟာ။ ငါ့တာဝန်ထားပါ။ ကဲ..စာအကအတိုင်း လိုအပ်တာ သေသေချာချာလုပ်ထား။ လှေလည်း အဆင်သင့်ရှိတယ်မဟုတ်လား'

'ရှိပါတယ် အစ်ကိုဘိုးထိပ်'

'ကဲ..ဒါဆို ပြန်တော့။ ဘယ်သူမေးမေး ဘာမှ ပြန်ပြောဖြေရှင်း မပြောနဲ့။ စကားမများနဲ့။ ကြားလား'

'ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ'

♦ ♦ ♦

သတ်မှတ်ထားသောရက်၏အချိန် ကြုံတွေ့၍ လိုအ

www.burmeseclassic.com

www.burmeseclassic.com

ထွေနှင့် ရွှေတစ်ကျပ်သားပါ လှေဦးဘက်တွင် လေး
ဦးဝင် တင်းတောင်းတစ်လုံးနှင့် ပိုက်ဆံနှင့် ရွှေထုပ်တို့
ထည့်၍ ကျူတောအင်းဘက်သို့ ရွာလှေလမ်းရိုးမှ
ထွက်လာခဲ့လေသည်။ အချိန်ကို ကြိုတင်ထွက်ခဲ့ခြင်းက
အခြေအနေလေ့လာရန်ဖြစ်ပြီး လမ်းတစ်လျှောက်လည်း
အလွန်အားကိုး၍ အမြဲတမ်းရွက်ဖတ်သော မေတ္တာသုတ်
ရွတ်တော်အားလည်းကောင်း၊ လှေကို လှော်လာခဲ့ရာ
ရွတ်ကြိုး(၁၁)သုတ်လုံးပင် ရွတ်၍ကုန်လေတော့သည်။

မိုးဦးကျ မကြာလှသေးသော်လည်း သုံး,လေးရက်မျှ
နေရာညပါ ဆက်၍ သဲသဲမဲမဲရွာသွန်းလိုက်သောမိုးကြောင့်
ကျူတောအင်းကြီးတစ်ခွင် ရေဖွေးဖွေး လှိုင်းကွေးကွေး။
ကျူတောအင်းနှင့် တစ်ဆက်တည်းရှိနေသော တောထဲသို့
ဆင်းဖြင့် ဝင်ရပေမည်။ လှေဝင်နိုင်သောလမ်းကလည်း များ
စွာ။ ရေကလည်း နက်လှစွာ။ ဆောက်ချုံတောများက
လည်း ထူထပ်လှစွာ။ သစ်ပင်ကြီးများတော့မဟုတ်။ ချုံနွယ်
သစ်ပင်များက ပိန်းပိတ်အောင်ထူထပ်လှစွာ။ လှေတစ်စင်း
ဝင်နိုင်မည့် (လှေလမ်း)နေရာအား ကျူတောအင်းစပ်မှ
စ၍ဖြည်းဖြည်းလှော်ခတ်ရင်း မျက်စိကစား၍ ရှာရလေသည်။

ဦးဘိုးထိပ် ချွေးပြန်လျက်ရှိပေပြီ။ တောင်မှမြောက်၊
မြောက်မှတောင် ကျူတောအင်းစပ်တစ်လျှောက် လှေလမ်း
ကား ရှာမတွေ့သေး။ အခက်ပင် တွေ့ရတော့သည်။ ထိုစဉ်
ဆဒေါက်ဒေါက်နှင့် လှေလှော်သူ တက်နှင့်လှေ ထိခတ်သံ
အား တောချုံဘက်မှ ကြားရသဖြင့် ဦးဘိုးထိပ် ချုံမြင့်မြင့်
ကြီးတစ်ခုဘေးတွင် နေရိပ်ခိုရင်း ကပ်ရပ်လျက် ဆေးတံ
အား ဆေးဖြည့်ကာ မီးညှိဖွာရှိုက်ရင်း ထိုလှေသံအား နား
သည်းစွင့်ရသည်။ မျက်စိကိုလည်း ကြည့်ရသေးသည်။
ဆိုခဏ၌ လှေကပ်၍ ရပ်ထားသော ချုံဘေး ကျီးပင်နှင့်
ဆည်သည့်အပင်မှန်း မသိရသော နွယ်ချုံပင်ကြီးများအကြား
မှ သဲခနဲ,သဲခနဲ အသံလှုပ်ရှားမှု ကြားရသဖြင့် ဖျတ်ခနဲ
လှေဦးပိုင်းဘက်သို့ ကြည့်လိုက်ရာ ကလေးလက်ကောက်
တစ်ခန့်နှင့် အရှည်လူကြီးလက်တစ်လံမျှရှည်သော မည်း
နက်ပြောင်ချောနေသော မြွေဟောက်ကြီးတစ်ကောင် လျှော
ခနဲ လှေဦးပိုင်း အကန့်ထဲသို့ ကြိုးခွေတစ်ခုအား ပစ်ချလိုက်
သည့်နှယ် အလိုက်သင့်ကျသွားလေသည်။

ထိုလှေဦးပိုင်းအကန့်တွင် ငွေငါးထောင်နှင့် ရွှေတစ်
ကျပ်သားအား (လက်စွပ်၊ ဆွဲကြိုးရောရာ) အထုပ်ငယ်တစ်
ထုပ်ပြုလုပ်၍ လေးပြည်ဝင်တောင်းနှင့်ထည့်ပြီးလျှင် အပေါ်
က ပုဆိုးတစ်ထည်ဖြင့် အုပ်ထားလေသည်။ မိမိထိုင်နေရာ
လှေပဲနှင့် ရှစ်တောင်ခန့်(လှေကား ၁၂ တောင် ရှိလေသည်)
ရှိ လှေပေါ်သို့ မြွေဟောက် လျှောကျလာကတည်းက ဘာ
လုပ်ရမှန်းမသိ၊ လှေပဲ့ဘက်သို့ ဆက်လာလေမလားဟု ရင်
တထိတ်ထိတ်နှင့် ကဲကြည့်နေရသည်။ ထွက်မလာဘဲ မြွေ
ဟောက်ကား ပျောက်ခြင်းမလှ ပျောက်၍သွားလေတော့၏။

အဝတ်အုပ်ထားသော တောင်းဟိုဘက်တွင်လည်း
မမြင်တွေ့ရပေ။ ရေထဲ ဆင်းသွားသည်လည်း မဖြစ်နိုင်။
လှေဦးပိုင်း အကန့်တစ်နေရာတွင် ခွေနေသည်လား မသိနိုင်။
အသာအယာ မတ်တတ်ရပ်၍ လှေဦးပိုင်းဘက်သို့ ဖြည်း
ဖြည်းချင်း လျှောက်လာသည်။ လက်ထဲတွင် လှော်တက်က
အဆင်သင့်။ တောင်းအနီး ရှေ့လှေဦးပိုင်း အကန့်များတွင်
ရှင်းလျက် မြွေကို မတွေ့ရတော့ပေ။ သေချာသည်။ ရေထဲ
ဆင်းသွားလောက်သည်။ တောင်းထောင့်တစ်နေရာ အုပ်
ထားသော ပုဆိုးတွန့်နေသဖြင့် အနည်းငယ်ဆွဲဆန့်ပေးခဲ့ပြီး
လှေပဲ့သို့ ပြန်ထိုင်ပြီးနောက် လှေကို နောက်ဆုတ်ပြီး စော
စောက လှေတက်သံကြားရာဘက်သို့ ဦးတည်လျက် အနည်း
ငယ် သောချုံများအား ဖိဖြတ်လှော်ခတ်လျက် ရှေ့သို့တိုး
လိုက်ရာ ရှင်းလင်းသော လှေသွားလမ်းတစ်ခု ဘွားခနဲ
ရတ်တရက် တွေ့လိုက်ရလေတော့သည်။

ထိုလှေလမ်းအတိုင်း ဘေးဘယ်ညာ မျက်စိဖွင့် နားစွင့်
အကဲခတ်လျက် ခပ်ဖြည်းဖြည်းလှော်ခတ်လာသော ဦးဘိုး
ထိပ်၏လှေအား ခပ်လှမ်းလှမ်း ကုက္ကိုပင်ပေါ်မှ မျက်နှာ
အဝတ်နက်စည်းထားပြီး ဦးထုပ်ဆောင်းထားသူတစ်ယောက်
က စောင့်ကြည့်နေသည်ကိုကား ဦးဘိုးထိပ် မမြင်,မသိပါ
ပေ။

"တကူကူး..ကူး..ကူး"

ချိုးတွန့်သံ ကြားရသည်။ ဦးဘိုးထိပ်ရင်ထဲ ရှိန်းခနဲ
ဖြစ်သွား၏။ ကတယ့်ချိုးတွန်းသံ မဟုတ်မှန်း ဦးဘိုးထိပ်
သိလေသည်။ လက်ဝါးနှစ်ဖက်ကိုအုပ်၍ ပါးစပ်နှင့်မှုတ်
သော ချိုးတွန်သံကား သေချာသည်။ ရောက်လိုရာအား
ရောက်တော့မည်ဟုလည်း ရင်ထဲမှ အလိုလိုသိ၍လာလေ
သည်။

ထိုစဉ် ကုက္ကိုပင်ပေါ်မှ မျက်နှာအဝတ်စည်းထားသူက
အောက်ဘက်နားသို့ အနည်းငယ်ဆင်းလာပြီး-

"ကွမ်းခြံကုန်းက လှေလားဗျို့"

ဦးဘိုးထိပ် ကုက္ကိုပင်ပေါ် မျက်စိဖွင့်ခဲ့ ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com

၏။

'ဟုတ်တယ်ဗျို့'

'မှာတဲ့စာအတိုင်း ပါရဲ့လား'

'ပါ..ပါတယ်'

'ဟုတ်ပြီ။ သစ်ပင်နား လှေကပ်ပေးပါ'

ရေလူတစ်ရပ်မကနက်သော ရေနုက်ကွင်း တောတွင်း သစ်ပင်ပေါ်တွင် ဒီလူ မည်သို့တက်နေသနည်း။ အဖော်လေ တစ်နေရာတွင် ရှိနိုင်သည်ဟု စဉ်းစားနေစဉ် ထိုမျက်နှာ အဝတ်စည်းထားသူကား ဦးဘိုးထိပ်ရှေ့ လှေအလယ်ပိုင်းခန့် တွင် လှေပေါ်သို့ ဆင်း၍ထိုင်လိုက်သည်။

'ဟိုဘက်ကို လှော်ပါ'

လက်ညှိုးထိုးလိုက်သည်။ ၄င်းလည်း ဦးဘိုးထိပ်နှင့် မျက်နှာချင်းဆိုင် ပြောင်း၍ ထိုင်လိုက်သည်။ ကျောတွင် ဓားအိမ်နှင့် ဂျပန်ကင်ဒိုဓားတစ်လက် လွယ်ထားသည်။ ၄င်းဓားပြ လက်ညှိုးထိုးရာဘက်သို့ လှော်ခတ်လာရာ မကြာမီ ကြိုးမားသောချုံကြိုးတစ်ခုအနီးတွင် ဆယ့်နှစ်တောင် လှေတစ်စင်းအား တွေ့ရလေတော့သည်။ လှေပေါ်တွင် ကိုဘိုးသိန်းတန်အား လက်နောက်ပြန်ကြိုးတုပ်ထားလျက် လှေပေါ်တွင် ထိုင်နေသည်ကိုလည်းကောင်း၊ နောက်ဘက် လှေပဲ့နေရာတွင် မျက်နှာဖုံးစွပ်နှင့် ခါးတွင် ဓားမြှောင် ခါးပတ်နှင့် ကျောတွင် ၄က်ကြိုးတောင်ဓားအား ဓားအိမ်ဖြင့် လွယ်ထားသော လူတစ်ယောက်ကို တွေ့ရလေတော့သည်။

လှေဘေးချင်းယှဉ်၍ကပ်ရန် လက်ပြသဖြင့် ဓားပြ ရှိရာ လှေပဲ့သို့ ဦးဘိုးထိပ်လှေဦးအား ခပ်ဖြည်းဖြည်း ကပ် ပေးလိုက်လေသည်။

လှေပေါ်မှ ဒုတိယလူက အသံခပ်အုပ်အုပ်ဖြင့်-

'ပစ္စည်းပါလား၊ ပေးစမ်း'

'အဲဒီလှေဦးက တောင်းထဲမှာ ပုဆိုးအုပ်ထားတယ်'

'သူ့ကို ကြိုးဖြေ၊ သူတို့လှေပေါ် တင်ပေးလိုက်။ ပြီး မင်းပစ္စည်းထည့်တဲ့တောင်း ဒီယူလာခဲ့။ ခင်ဗျားတို့လှေ မသွားနဲ့ဦး၊ ခဏနေဦး'

ဦးဘိုးထိပ်က တစ်ဖက်က လှေဦးခေါင်းကို ကိုင်ထား သကဲ့သို့ တစ်ဖက်မှ (ဒုတိယလူ)ဓားပြကလည်း ဦးဘိုးထိပ် ၏လှေဦးကို ကိုင်ထားဆဲ။ ဦးဘိုးထိပ်လှေပေါ်မှဓားပြသည် ဦးဘိုးသိန်းတန်အား ကြိုးဖြေ၍ ဦးဘိုးထိပ်လှေပေါ်သို့ ကင် ပေးလိုက်သည်။ ထို့နောက် ပုဆိုးအုပ်ထားသော တောင်း ငယ်အား ပုဆိုးအုပ်လျက်အတိုင်းမ,၍ ၄င်းတို့နှစ်ဦးမျက်နှာ ချင်းဆိုင် ထိုင်ပြီးလျှင် ဒုတိယလူက အုပ်ထားသောပုဆို အား ဆွဲဖယ်လိုက်လေသည်။ ထို့နောက် နှစ်ဦးသား ခေါင်း ချင်းဆိုင်၍ တောင်းအတွင်းသို့ ငုံ့အကြည့် စက္ကန့်ပိုင်းအတွင်း မည်းနက်ပြောင်ချောနေသော မြွေဟောက်ကြီးကား လက် ဝါးခန့်မျှသော သူ၏ပါးပျဉ်းကိုခွက်လျက် တစ်တောင်စာ တောင်းနှုတ်ခမ်းအထက်သို့ ထောင်တက်လာပြီးလျှင် ဓား နှစ်ဦး၏ လွန်စွာနီးကပ်လျက်ရှိသော မျက်နှာနှစ်ခုအား ဒေါ သနဲ့,ဒက်ခနဲပေါက်လျက် လျှပ်တစ်ပြက် တောင်းအတွင်း လျှောထွက်လိုက်ပြီး လှေနံကိုကျော်၍ လှေအနီး ကပ်လျက် ရှိသော ကြိုးမားသော ချုံကြိုးအတွင်းသို့ လျှောခနဲ တိုး ပျောက်ကွယ်သွားလေတော့သည်။

'အ..ဟ..အား..အမယ်လေး'

'ဟား..မြွေဟောက်၊ အောက်..အ'

ဓားပြနှစ်ယောက် အံ့သြချိန်ပင်မရတော့ဘဲ မိမိတို့မျက် နှာအား လက်ဝါးဖြင့်အုပ်၍ ခဏအတွင်း ဒုန်းခနဲ၊ ဝုန်းခနဲ နောက်သို့ ပက်လက်လန်လဲကျသွားလေတော့သည်။

ဦးဘိုးထိပ်နှင့် ဦးဘိုးသိန်းတန်တို့ကား တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်၍ မျက်စပစ် မေးထိုးလိုက်ကြ ပြီး လှေကို ရှေနည်းနည်းတိုး၍ ပစ္စည်းတောင်းကိုယူလျက် ဓားပြနှစ်ဦးအား အကဲခတ်ကြည့်ရာ အသားများပင် ပြာ လျက်ရှိလေပြီ။ အသက်ကင်းမဲ့နေသော ဓားပြများအား ကြည့်လျက် အံ့သြကုန်နိုင်ဖွယ် ဖြစ်ရလေတော့သည်။

♦♦♦

တစ်ပတ်ခန့် ကြာသောအခါ စာရေးသူတို့အိမ်သို့ အထုပ်တစ်ထုပ်ကိုကိုင်ဆွဲလျက် ခမောက်ဆောင်းထားသော ဦးဘိုးသိန်းတန် ရောက်ရှိ၍လာလေတော့သည်။

'ကိုဘိုးထိပ်..အေ..ကိုဘိုးထိပ်'

'ရှိတယ်ကွ။ ဘိုးသိန်းတန်လား၊ လာ..လာ..ဝင်ခဲ့ ဝင်ခဲ့'

ဦးဘိုးသိန်းတန် အိမ်ပေါ်ရောက် ရေနွေးကြမ်းဝိုင်း ထိုင်မိသောအခါ-

'ကဲ..အစ်ကိုဘိုးထိပ်၊ မင်း ငါ့အပေါ် ကျေးဇူးရှိ မကဘူး၊ အသက်ပါကယ်ရတဲ့အတွက် ဒီငွေငါးထောင် ကို တော့ပါရစေကွာ။ လက်ခံပေးပါ'

'အား..မလိုချင်ပါဘူးကွာ။ ညီအစ်ကိုချင်း လုပ်ရတဲ့ တာဝန် လုပ်တာပဲကွာ မင်းကလည်း'

'ဟ..ဘယ်ဟုတ်မလဲ အစ်ကိုဘိုးထိပ်ရဲ့။ အရေး

www.burmeseclassic.com

www.burmeseclassic.com

ကြောင်းဟဲ့ဆို မင်းပဲ ငါ့ကိုကူညီတာ။ မဟုတ်ရင် သေ
သေကွာ။ ကဲ..ကဲ..လက်ခံ၊ ငါ့အတွက် ဘာမှပြဿနာ
မရှူး အေး..အဲဒါထားတော့။ ငါလည်း မမေးဖြစ်သေး
မေးခွန်းတစ်ခု မေးရဦးမယ်။ မင်း အဲဒီတုန်းက
ကောင်းထဲကို ဘယ်လိုလုပ်ပြီး မြွေဟောက်ကို ဖမ်းထည့်
ထားလဲဟာ။ ဒီလိုမျိုးဖြစ်အောင် ကြိုတွက်ထားတာလား။
ပြောစမ်းပါ။ ငါ အံ့သြလွန်းလို့'

ဦးဘိုးထိပ်ကား ရေနွေးတစ်ခွက် သောက်ပြီးနောက်
ကြောင်းကုန်စင် ပြောပြလိုက်လေသည်။

'သြော်..ဒီလိုလား ကိုဘိုးထိပ်ရာ၊ ကြည့်စမ်း။ ငါက
ဖမ်းထည့်ထားတယ်ပဲ မှတ်နေတာ။ ထူးဆန်းပါပေ့
ဗျာ'

'အဲဒါထက်ဆန်းတာက ငါ တောင်းနားသွားပြီး ပတ်
လည်ရှာကြည့်သေးတာ မတွေ့တော့ အောက်ဆင်းသွား
တယ်ပဲ မှတ်နေတာ။ ကြံကြံဖန်ဖန် ပုဆိုးအုပ်ထားတဲ့တောင်း
ဆို ဘယ်လိုဝင်သွားသလဲ မသိပါဘူးကွာ'

'ကဲအကြောင်းတရားတွေပဲပေါ့ ကိုဘိုးထိပ်ရာ။ အင်း..
ဒီလူနှစ်ယောက်ကတော့ ကံဆိုးသွားရှာတယ်။ သေက
လည်း မကောင်းဘူး'

ထို့နောက် ဦးဘိုးသိန်းတန်ကား စာရေးသူတို့ အိမ်ခန်း
နံရံတွင် ချိတ်ဆွဲထားသော ငှက်ကြီးတောင်မားအား တစ်
ချက်ကြည့်၍ ပြုံးမိလေလျက် ငှင်းလည်း ကင်ဒိုမားအား
ဧည့်ခန်းတွင် ချိတ်ရဦးမည်ဟု စဉ်းစားလျက် ခဏအကြာ
တွင် နှုတ်ဆက်၍ ပြန်သွားလေတော့သည်။

ထိုကိစ္စဖြစ်ပြီး တစ်ပတ်အကြာတွင် ကျူတောအင်း
အနီး တောတွင်းတစ်နေရာ၌ အမည်မသိ မျက်နှာဖုံးစွပ်နှင့်
ခါးမြွောင်ခါးပတ်ရှိသူတစ်ဦး ပေါင်းနှစ်ဦးတို့တစ်ကိုယ်လုံး
ပြာနှမ်းပုပ်ပွလျက် လှေတစ်စင်းပေါ်တွင် ရုပ်ပျက်ဆင်းပျက်
ဖြစ်နေခြင်းကို မြင်းကုန်းရွာမှ မြို့ထောင်လှေသမားများ
တွေ့ရှိကြကြောင်း၊ ကျူတောအင်းတစ်ခွင်သာမက လေး
မျက်နှာမြို့ အနောက်ဘက်တစ်ခွင်လုံး ဟိုးလေးတကျော့
သတင်းပျံ့နှံ့၍ သွားလေတော့သတည်း။

ဆန်းဝင်း(အောင်မြေ)

မှတ်ချက် * ဤဇာတ်လမ်းတွင် ကိုယ်တိုင်ပါဝင်ခဲ့ရသော
ကွယ်လွန်သူ ဖခင်ကြီးဦးဘိုးထိပ်အား ဤစာစုဖြင့် ဂါရဝ
ပြုပါသည်။

ဆရာဦးရဲမြင့် (အာဆင့်မြင့်နက္ခတ်ဗေဒဒင်ပညာရှင်)

B.Sc (Physics), B.A (Astrology) Kolkata India

(မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့)

ဤစက္ကဇာတာ-သီရိပတိဇာတာ-ဟောစာဒာမ်း

ပညာရေး၊ ကလေးအမည်ပေး၊ ကုမ္ပဏီအမျိုးမျိုး၊ ဆိုင်အမျိုးမျိုး နာမည်ကောင်းရွေးပေးခြင်း၊ နိုင်ငံခြားပညာသင်၊ ကျန်းမာရေး ကောင်းမွန်တိုးတက်ရန် အစီအရင် ပြုလုပ်ပေးခြင်း၊ ကား၊ တိုက်ခန်း၊ အိမ်ခြံမြေ ရောင်း/ဝယ် ကောင်းစေရန် စီမံပေးခြင်းနှင့် (အမျိုးသား/အမျိုးသမီး)သီးသန့်၊ မိမိအပေါ်တွင် သစ္စာရှိရန်၊ ကတိတည်ရန်၊ အမြန်ပြန်လာရန်၊ စီးပွားရေး မနာလိုဝန်တို အတိုက်အခိုက်၊ အန္တရာယ်ကင်းစေရန် မေတ္တာ၊ သစ္စာ၊ စေတနာ၊ သမာဓိ၊ ပညာတို့ဖြင့် အောင်မြင်ရန် ဆောင်ရွက်ပေးပါသည်။

ဖုန်း - ၀၉ ၂၅၄၁၀၀၆၆၃

မဟာဝိဇယစေတီတော် မြောက်ဘက်မုခ်၊ အခန်း(၄)။

နံနက်(၈း၀၀)နာရီမှ ညနေ(၆း၀၀)နာရီအထိ ဝိတ်ရက်မရှိ ဟောကြားပေးပါသည်။

www.burmeseclassic.com

ကျပန်တို့၏ ခေတ်နှောင်းကာလတွင်ဖြစ်သည်။ ကျပန်တို့သည် မြန်မာနိုင်ငံကို သုံးနှစ်တို့ပတ်လုံး အုပ်ချုပ်ခဲ့သော်လည်း ပြည်သူလူထုတို့၏ တစ်စုံတစ်ခုသော အကျိုးကျေးဇူးကိုမျှ မပြုလုပ်နိုင်ခဲ့ကြပေ။

စစ်အုပ်ချုပ်ရေးမှ အရပ်ဘက်အုပ်ချုပ်ရေးသို့ လွှဲပေးနိုင်ခြင်း မရှိခဲ့သဖြင့် စစ်အုပ်ချုပ်ရေးအတိုင်း စစ်ဘီလူးထွက်လိုက်သောကြောင့် စစ်ဒဏ်ကို မခံနိုင်ကြသော တိုင်းပြည်လုံးက ဝိုင်းဝန်းသတ်ဖြတ်ကြသဖြင့် နောက်ဆုံးတွင် တစ်ဝက်မကသေပြီး ကျန်တစ်ဝက်မှာလည်း ခွေးပြေးဝက်ပြေး ပြေးသွားကြရသည်။

သို့သော် ယခု ကျပန်များ၏ရန် အေးစအချိန်တွင် ကျပန်လက်ကျန် ဗုံး၊ သေနတ်၊ လက်နက်ကျည်ဆန်မျိုးစုံတွင်

တောခြောက်ခြင်းအမျိုးမျိုး (၆)

မင်းဟိန်းထိုင်



www.burmeseclassic.com

www.burmeseclassic.com

[illegible]လူ ငါတစ်မင်း အချင်းချင်း စစ်မက်ဖြစ်ပွားလာ[illegible]ကို သာ၍ပင် ကြောက်လန့်နေကြရပြန်သည်။ [illegible]၏ လက်နက်ကျည်ဆန်များကို အသုံးပြုပြီး အုပ်စု[illegible]သူခိုးဓားပြ ထကြသောင်းကျန်းလာနေသော အဖြစ်ဆိုး[illegible]လည်း မသေးပေ။

ထို့နောက် ဂျပန်များ သောင်းကျန်းခဲ့စဉ်က မြို့ရွာ[illegible]များကို စွန့်ခွာထွက်ပြေးနေဆဲ၌ သခင်မဲ့နေသော [illegible]နွား စသည့်အိမ်မွေးတိရစ္ဆာန်များနှင့် လူသေကောင်[illegible]ကို စားသောက်ရသော ကျားဆိုးကြီးများမှာလည်း [illegible]အခါ အသေနှင့်မလောက်၍ အရှင်များကိုပါ ကိုက်[illegible]လာသဖြင့် အတော်လေးပင် အခြေအနေဆိုးလာနေ[illegible]သည်။

ထို့နောက် ဆိုခဲ့သည့်အတိုင်း သခင်ကင်းမဲ့နေသော [illegible]ခင်းလယ်ယာများကို အထိန်းမဲ့ စားသောက်ခွင့်ရသွား[illegible]သော တောဝက်များမှာလည်း လူတို့၏ လုပ်ခင်းလယ်[illegible]နှင့်နီးသည့် တောတောင်များမှာရှိနေကြသော ဌာနေ[illegible]ဝက်များအပြင် ရခိုင်ရိုးမကြီးမှ ရာချီပြီး အုပ်ပေါင်း[illegible]များစွာ ကျလာကြသော တောဝက်များမှာလည်း ကြောက်[illegible]နေလိလိကြီးပင် ရှိနေလေသည်။

ထို့ကြောင့် ရွာသူရွာသား၊ နယ်သူနယ်သား လုပ်ခင်း[illegible]များမှာ ဒေသလက်ဖြစ် တူမီးသေနတ်ကြီးထက် များစွာ[illegible]သော ဂျပန်လက်ကျန် သေနတ်ကောင်းများဖြင့်ပါ ပစ်[illegible]တ်သတ်ဖြတ်နေကြရလေသည်။ ကျားသတ်လိုက်၊ တော[illegible]က်သတ်လိုက်နှင့် ရွာသူရွာသားများမှာလည်း နေ့စဉ်လိုလို[illegible]ပင် သတ်ဖြတ်နေကြရလေသည်။

ထိုအထဲ၌ မောင်အေးချမ်း၏အဘိုး ဦးထွန်းမြအောင်[illegible]သည်လည်း တစ်ယောက်အပါအဝင် ဖြစ်လာရသည်။ အဘိုး[illegible]က မုဆိုးစစ်စစ်တော့ မဟုတ်ပေ။ ဝါသနာမုဆိုးဟုသာ ဆိုရမည် ထင်သည်။ တောစတောင်စွယ်များမှာသာ လယ်[illegible]ယာဥယျာဉ်များကို လုပ်ကိုင်စားသောက်ရသောကြောင့် သားရဲသားကောင်များနှင့် မကင်းပေ။

လုပ်ခင်းထဲသို့ ချေ၊ တောဝက်၊ ဆတ် စသော လယ်[illegible]ယာဖျက်အကောင်ဗလောင်များက လုပ်ခင်း၏အနီးအနား[illegible]က တောတောင်များမှာပင် မပြတ်ရှိနေကြသည်။ ထိုထို အကောင်ဗလောင်များထဲတွင် တောဝက်များက အဆိုးဆုံး ဖြစ်သည်။

တောဝက်များက တစ်ကောင်၊ နှစ်ကောင်တည်းလည်း ရောက်လာတတ်သလို ရာချီပြီး အုပ်လိုက်လည်း ရောက်လာတတ်ကြသည်။ တောဝက်တစ်အုပ် လုပ်ခင်းထဲသို့ဝင် လျှင်ပင် မျိုးတုံးရလေသည်။

ထို့နောက် တောစတောထဲက လုပ်ခင်းလယ်ယာများတွင် ကျင်လည်ရရာ၌ ကျားဆိုးကြီးများ၏ ရန်ကိုလည်း မပြတ်ကြောက်လန့်နေကြရပြန်သည်။ ကျားဆိုးကြီးများက ညဘက်တွင် ရွာထဲအထိဝင်ပြီး သောင်းကျန်းတတ်သလို တောစတောများက လုပ်ခင်းလယ်ယာတွင် လုပ်ကိုင်နေကြ သော တောလုပ်သားများကိုလည်း များစွာပင်ဒုက္ခပေးတတ် လေသည်။ မကြာခဏ လူနှင့် ကျဲ၊ နွားများ ကျားစာဖြစ် သွားကြရသည့် သတင်းဆိုးများကို ကြောက်မခန်းလိလိပင် ကြားနေကြရသည်။

ထို့ကြောင့် ထိုထိုသားရဲသားကောင်များကို ကိုယ်တိုင် တော်လှန်တိုက်ခိုက်ရန် ကျေးရွာများတွင် ရှိကြသည့် ဝါ သနာ မုဆိုးများကို အကူအညီခေါ်ရင်းက အဘိုးမှာ ကိုယ် တိုင်ပင် မုဆိုးဖြစ်လာခဲ့ရသည်။

လက်သင်ဆရာ ဝါသနာမုဆိုးများထဲမှ နည်းခံကာ ကိုယ်တိုင် လေး၊ မြား၊ တူမီး ပြုလုပ်ခြင်း၊ ဂျပန်လက်ကျန် သေနတ်၊ ကျည်ဆန်များ စုဆောင်းခြင်း၊ မုဆိုးများနှင့် ကိုယ်တိုင်ပါဝင် သတ်ဖြတ်ခြင်းမှစခဲ့ပြီး ယခုအခါ အထိုက် အလျောက် လူသိများသော မုဆိုးတစ်ယောက်အဖြစ်ကိုပင် ရောက်ခဲ့ချေပြီ။

သို့သော်လည်း မိမိ၏ လုပ်ခင်းလယ်ယာထဲကိုဝင်၍ သတ်ဖြတ်သော သားရဲသားကောင်များ၏ အသားကိုဖြစ်စေ၊ သူတစ်ပါးတို့က အကူအညီခေါ်၍ သတ်ဖြတ်သော သားရဲ သားကောင်တို့၏ အသားကိုဖြစ်စေ မည်သည့်အခါမျှ ရောင်း စားခြင်းမရှိဘဲ မိသားစုစားလောက်အောင် ယူထားပြီး နောက် နီးစပ်ရာလူများကို ဝေငှလိုက်ခြင်းသာဖြစ်သည်။

♦ ♦ ♦

"ထွန်းမြအောင် ရှိသလားဗျော့"

အဘိုးသည် မုဆိုးကြီးဦးသက်စု၏အသံကို ကြားလိုက် ရ၍ မနက်စာစားပြီး ရေနွေးထိုင်သောက်နေရင်းက အိမ် ရှေ့ကို ထွက်ကြည့်၏။

ရွာထဲက ဝါသနာမုဆိုးများထဲတွင် ဦးသက်စုသည် အထက်မြက်ဆုံးဖြစ်၏။ သေနတ်ပစ်၊ လေးပစ်၊ လုံပေါက်၊ သုတ်ကိုင်းထောင် စသော တောလိုက်မုဆိုးအလုပ်တွင် အလွန်တော်၏။ ထို့ကြောင့် ရွာခံမုဆိုးအားလုံးတို့က ဦးသက်

www.burmeseclassic.com

စုကို လေးစားကြသည်။

"ကိုသက်စု..ဝင်ခဲ့လေ။ ကျွန်တော့်ဆီကို လာတယ် ဆိုတော့ အကြောင်းများရှိလို့လား"

ဦးသက်စု ခြံထဲသို့ဝင်လာကာ သရက်ပင်မြစ်မှာ ထိုင် လိုက်ပြီး-

"ဒီမနက်က မောင်စံမြ ဝါးခုတ်သွားရင်း. ကျောက် ပုံတောင်ကြောမှာ တောဝက်တစ်အုပ်တွေ့ခဲ့တယ်လို့ လာ ပြောသွားတယ်။ တောဝက်အုပ် ကျောက်ပုံကြောတန်းကို ရောက်နေတယ်ဆိုရင် ဒီည မင်းလယ်ထဲဆင်းမှာ သေချာ တယ်ကွ" ဟု မုဆိုးတို့၏ အတွေ့အကြုံအရ ကောက်ချက် ချ၏။

"ဟာ့..ဒုက္ခပဲ"

အဘိုး ညည်း၏။

"ဘာဒုက္ခစရာ ရှိသလဲကွ။ ကိုယ်က မုဆိုးပဲ။ အခု နေ့လယ် ကျောက်ပုံတောင်ရေစမ်းကို သွားစောင့်ပြီး ပစ် သတ်လိုက်ရုံပဲပေါ့"

အဘိုး တစ်အောင့်လေး စဉ်းစားလိုက်ပြီး-

"ဒါဆိုရင် အခုသွားမှဖြစ်မယ် ကိုသက်စု။ ဒီတော့ ကျွန်တော်. အောင်ကျော်ဇောကိုလည်း ခေါ်သွားချင်တယ်။ ဖြစ်မလား"

"ဘယ်က အောင်ကျော်ဇောတုံး"

"တစ်လောက ကျွန်းစဉ်ရွာက ပြောင်းလာတဲ့ အောင် ကျော်ဇောပေါ့။ အောင်ကျော်ဇောက မုဆိုးအလုပ်ကို တော် တော်ဝါသနာပါပုံရတယ်။ ငယ်ငယ်ကတည်းက ကြောင် လိုက်၊ ချေလိုက်၊ မျောက်လိုက် စတဲ့မုဆိုးအလုပ်ကလေး တွေကိုလည်း မကြာခဏလုပ်လာခဲ့ဖူးတယ်လို့ပြောတယ်။ သူတို့ ကျွန်းရွာတွေမှာက အဲဒီအမဲကလေးတွေပဲရှိတော့ အခု ကျွန်တော်တို့ဆီ ရောက်လာတဲ့အခါ သူစိတ်ကြိုက် အမဲကြီးတွေကို လိုက်တတ်ချင်တယ်လို့ ဆိုတယ်"

ဦးသက်စု တစ်အောင့်လေး စဉ်းစားနေလိုက်ပြီး-

"မုဆိုးအလုပ်ကို ဝါသနာပါတယ်ဆိုတာတော့ သဘော ကျပါတယ်။ တို့ရွာတွေမှာက မုဆိုးလုပ်ချင်တဲ့လူ နည်းပြီး မုဆိုးက များများလိုနေတယ်။ သားရဲသားကောင်တွေဆိုတာ က သတ်လို့မကုန်ဆိုသလို ဖြစ်နေတော့ မုဆိုးများလေ ကောင်းလေပါပဲ။ ဒါပေမဲ့ မင်းလူက လူစိမ်းဖြစ်နေတော့ ကျောက်ပုံတောင်နဲ့ အဆင်ပြေပါ့မလား။ ကျောက်ပုံတောင် အကြောင်းကို မင်းလည်း သိသားပဲ။ တို့လို နယ်ခံမုဆိုးတွေ ကိုတောင် မကြာခဏဆိုသလို လှည့်စားချင်နေတာလေ

ကျောက်ပုံတောင်သည် နတ်ကြမ်း၏။ တောမကြီး သော စကားများကို ပြောမှားဆိုမှား ပြုမူမှားရှိလျှင် သတ်ထားသောအမဲ ထပြေးသွားခြင်း၊ ချုပုတ်ကိုပင် ထူး လို မြင်လာတတ်ခြင်း၊ ကျားဟိန်းသံများကို ကြားယောင် လာတတ်ခြင်း၊ တောင်ပြိုသံကို ကြားရတတ်ခြင်း၊ သစ် ကြီးများ ပြိုလဲသံကိုလည်း ကြားရတတ်ခြင်း စသည်ဖြင့် ကျောက်ပုံတောင်၏ အကျင့်ဆိုးများ ရှိတတ်လေသည်။

"ကျောက်ပုံတောင် တောကြမ်းတာကို ကိုသက်စု ကျွန်တော် သိနေကြပြီပဲ။ ဒီတော့ ကျွန်တော်တို့ကပဲ အောင် ကျော်ဇောကို တောစည်းကမ်းအကြောင်းတွေ ကြိုတင် ပြောပြထားရင် အဆင်ပြေလောက်ပါတယ်"

"ကောင်းပြီလေ။ ဒါဆိုရင် မင်း အောင်ကျော်ဇော သွားခေါ်လိုက်တော့။ အချိန်မနည်းတော့ဘူး။ အခုတော် နေမွန်းတည့်နေပြီ"

အဘိုးသည် ချက်ချင်းပင် ဦးအောင်ကျော်ဇော၏ အိမ် ဘက်ကို လျှောက်သွားလေသည်။ ထိုအချိန်၌ ဦးအောင် ကျော်ဇောသည် သူ့အိမ်သစ်ကြီးကို မွမ်းမံပြင်ဆင်နေ အဘိုး လျှောက်လာနေသည်ကို မြင်သည်နှင့် ဦးအောင် ကျော်ဇောသည်လည်း ဝမ်းမြောက်ဝမ်းသာပင် ဆီးကြိုပြီး စကားဆိုလေသည်။

"ကိုထွန်းမြအောင်ကြီး..ဘယ်ကိုတုံးဗျ"

"မင်းဆီကို လာတာကွ။ အခု ကျောက်ပုံတောင်မှ တောဝက်တစ်အုပ် ရောက်နေတယ်လို့ ကိုသက်စုက ပြောတယ်။ ဒါကြောင့် အခုသွားပြီး စမ်းကို သွားစောင့် မှာဖြစ်လို့ မင်းကို လာခေါ်တာ။ လိုက်မယ်မဟုတ်လား"

"ဟာ..လိုက်တာပေါ့ဗျာ။ ဘယ်ပြောကောင်းမလဲ အခုချက်ချင်း လိုက်တာပေါ့"

ထိုအခါ သူ၏ လူပျိုဖြန်းအရွယ် သားလေးလား ယောက်ကပါ လိုက်လိုကြောင်းကို တောင်းဆိုလာလေ

"ဘကြီးထွန်း(ဦးထွန်းမြအောင်)..သားလည်း လိုက် မယ်ဗျာ။ သားလည်း အမဲလိုက်ရတာကို သိပ်ဟော်တာ အသက်ကြီးလာရင်လည်း မုဆိုးပဲ လုပ်မှာ"

အဘိုးက တစ်ချက်ပြုံးလိုက်ပြီး-

"မုဆိုးလုပ်တာ ကောင်းတာပေါ့ကွ။ အမဲသား စား တာပေါ့။ ဒါပေမဲ့ အခုတော့ မလိုက်နဲ့ဦး။ သား သူ ရောက်လာတဲ့အခါ ဘကြီး ခေါ်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ..ဘကြီးကလည်း အခုခေါ်ရင် ဘာဖြစ်လဲ။ သားက ဘကြီးတို့ခိုင်းတာ လုပ်မှာပေါ့။ ဘာကောင်ကြီးပဲ ဖြစ်ဖြစ် သား မကြောက်တတ်ပါဘူး။ ဘကြီးက ချဆိုရင် ဆင်ဖြစ်ဖြစ်၊ ကျားဖြစ်ဖြစ် အကုန်ချမှာပဲ"

အဘိုးက အသံထွက်အောင် တစ်ချက်ရယ်လိုက်ပြီး-

"သား..အဲလို မပြောကောင်းဘူးလေကွာ။ အဲလိုပြောသိုက်တော့ ကိုယ်သွားမယ့်တောကို စိန်ခေါ်ရာကျသွားလို့ ဆာစောင့်တွေကလည်း မကြိုက်ဖြစ်သွားတတ်တယ်။ ဒါကြောင့် အဲလိုမပြောပါနဲ့။ ပြီးတော့ အခု သားက အသက်ငယ်သေးတယ်လေ။ သွားရမယ့်တောကလည်း တောရိုင်းဆောကြမ်းကြီးကွ။ ဒါကြောင့် သား မလိုက်နဲ့ဦး။ နောက်နှစ်နှစ်၊ လယ်နားက တောတွေမှာ အမဲပစ်ခွင့် ကြုံတဲ့အခါသော်လည်း ဘကြီး ခေါ်ပါ့မယ်"

"တောကြမ်း တောရိုင်းကြီးတွေအကြောင်းဆို ပိုပြီး ဆောင်မှ သိထားသင့်တာပေါ့ဗျ။ ဒါကြောင့် သားလိုက်မှာပေါ့။ တကယ်လိုက်မှာပဲ"

အဘိုး စိတ်ပျက်သွားမိ၏။ အောင်ကျော်ဇောမှာ သားသမီးများကို အသေအချာ ဆုံးမထားပုံမရဟုလည်း တွေးလိုက်မိသည်။ ထို့နောက် ပြောလိုက်သည်။

"အခုသွားမယ့်တောက တကယ့်တောကြမ်းကြီးကွ။ ဘို့ ဌာနေမုဆိုးတွေတောင်မှ အဆင်မသင့် ထွက်ပြေးကြရတယ်။ အခု မင်းအဖေကို လာခေါ်တာတောင်မှ တို့ရွာကို ပြောင်းနေခါစ လူသစ်တစ်ယောက်သာ ဖြစ်သေးတယ်ဆိုပြီး မုဆိုးကြီးဦးသက်စုက သိပ်ပြီးမကြိုက်ချင်ဘူး။ ဘကြီးက ဖျောင်းဖျပြီး ပြောလိုက်မှ လက်သင့်ခံတာ။ ဒီတော့ အခု သားပါ လိုက်လာမယ်ဆိုရင် ဘယ်ဖြစ်တော့မှာလဲ။ သားအဖေကိုတောင် မလိုက်နဲ့ ဘာညာပြောပြီး ပြန်မောင်းသွတ်နိုင်တယ်ကွ။ ဒါကြောင့် သား ကျန်နေခဲ့"ဟု အတင်းပြောပြီး ထားခဲ့ရ၏။

ဦးအောင်ကျော်ဇော၏ သားသည်လည်း ငိုရှိုက်ပြီးသာ ကျန်နေခဲ့လေသည်။

♦ ♦ ♦

ရွာမှထွက်၍ လယ်ကွင်းလေးနှစ်ကွင်း ဖြတ်ပြီးနောက် ဆောစပ်ကို ရောက်၏။ တောစပ်မှ မုဆိုးခြေထောက်ဖြင့် ဘစ်နာရီမတ်တင်းခန့်လျှောက်လျှင် ကျောက်ပုံတောင်ကြောကို ရောက်သည်။

ကျောက်ပုံတောင်ကြောတန်းကြီးက တစ်ဖက်တွင် ရရိုင်ရိုးမကြီးမှ ဖြာထွက်လာသော မြောက်ဦးလောင်းတောင်ကြီးနှင့် ဆက်သွယ်နေသလို တစ်ဖက်တွင် တန်းတောင်တောင်ကြီးနှင့်လည်း ဆက်သွယ်လျက်ရှိသည်။

ထို့ကြောင့် ကျား၊ ဆင်၊ သားရဲသားကောင်များ မပြတ်ဖြတ်သွားဖြတ်လာရှိသလို ကျောက်ပုံတောင်ကြောတန်းကြီးက ကျယ်ပြန့်လွန်းသောကြောင့်လည်း သားရဲသားကောင်များ ခိုအောင်းလေ့ရှိပြန်သည်။

ကျောက်ပုံတောင်ကြောတန်းကြီး၏အလယ် (တောင်ရင်ခွင်)တွင်လည်း စမ်းပေါက်ကြီးတစ်ခုက ရှိနေပြန်သည်။

မွန်းလွဲနှစ်နာရီခန့်အချိန်တွင် တောဝက်များ စမ်းပေါက်သို့လာပြီး ရေသောက်ဆင်းအိပ်ပြီးနောက် လယ်တော၊ ယာတောများဘက်ကို ဆင်းလာတတ်သည်။ သည်အကြောင်းကို သိထားကြသောကြောင့်ပင် ယခု ဦးသက်စု ဦးဆောင်သော မုဆိုးအဖွဲ့က ကြိုတင်ပြီး စမ်းစောင့်ရန် လာကြခြင်းဖြစ်သည်။

စမ်းပေါက်ကြီးကိုရောက်လျှင် ပတ်ဝန်းကျင်၏ အခြေအနေများကို ကြည့်ရှုအကဲခတ်ပြီး စမ်းပေါက်ကြီးကို အုပ်မိုးနေသော ညောင်ပင်ကြီး၏ ကိုင်းခွဆုံတစ်နေရာတွင် အုံဖွဲ့ပြီး လင့်အိမ်လုပ်လိုက်ကြသည်။

"ကိုင်း..တို့လူတွေ၊ လင့်အိမ်ပေါ်ကိုမတက်ခင် ဆေးသောက်၊ ကွမ်းစား၊ ယိုပေါက် အကုန်လုပ်ကြ။ လင့်အိမ်ပေါ်ကို ရောက်သွားရင် ဘာမှလုပ်လို့မရတော့ဘူး"ဟု မုဆိုးကြီးဦးသက်စုက ပြောသည်။

ကျောက်ပုံတောင်တောသည် နတ်ကြမ်းသောကြောင့် အပေါ်၊ အလေး၊ တံတွေးမှစ၍ အရမ်းကာရော စည်းမဲ့ကမ်းမဲ့ မစွန့်ရဲကြပေ။ စွန့်မိသည့်အရာအားလုံးကိုပင် မြေထဲသို့ ကျင်းတူးပြီး မြှုပ်ထားခဲ့ကြရသည်။

ထိုသို့လုပ်ထားခဲ့လျှင် အမဲသားရဲများ လာလျှင်လည်း အနံ့မရနိုင်တော့ပေ။ တချို့အမဲသားရဲများသည် လူတို့၏ စွန့်ပစ်နံ့တစ်ခုခုကို ရှူရှိုက်ရလျှင်ပင် တစ်ချိုးတည်း လှည့်ပြေးသွားတတ်၏။

ကိစ္စအားလုံးပြီးပြီးနောက် လင့်အိမ်ပေါ်ကို တက်သွားကြ၏။ အချိန်အားဖြင့် မွန်းလွဲနှစ်နာရီခန့်ရှိသည်။ လင့်အိမ်ပေါ် ရောက်ပြီးနောက် ပတ်ဝန်းကျင်များကို အကဲခတ်ပြီး စောင့်ကြည့်နေကြသည်။

တစ်အောင့်ကြာမျှ ငြိမ်ဆိတ်နေပြီးနောက် တောနက်တောရိုင်းတို့၏ သဘာဝအတိုင်း ဘယ်ကမှန်းမသိ ချဲ့တိုး

www.burmeseclassic.com

သံလိုလို၊ တောကောင်သံလိုလို၊ လူသံလိုလိုအသံအချို့ကို ကြားကြရ၏။ မုဆိုးများ၏စိတ်ကို ချောက်ချားစေသော သဘောမျိုးပင်ဖြစ်သည်။

မုဆိုးများအနေဖြင့်လည်း အမဲသားကောင်များကို ရလို လျှင် ဤမျှနက်ရှိုင်းပြီး နတ်ကြီးသောတောကို လာရန်ပင် မလိုပေ။ လုပ်ခင်းလယ်ယာများနှင့် မနီးမဝေးသော တောတန်းတောင်စွယ်များမှာပင် အမဲသားကောင်များကို ရှာဖွေပစ်ယူ၍ ရရှိနေကြမြဲဖြစ်သည်။

ယခု ဤကျောက်ပုံတောင်ဧတာကို အမဲပစ်ရန် လာကြသည်မှာ ရခိုင်ရိုးမကြီးမှ ရာချီသော တောဝက်အုပ်ကြီး ဆင်းလာနေသည်ကို လယ်တောယာတောသို့ မရောက်စေရန်အတွက် ကြိုတင်ပစ်ခတ်သတ်ဖြတ်ရန်သာ လာကြခြင်းဖြစ်သည်။

ကြိုတင်ပစ်ခတ်သတ်ဖြတ်ခြင်းကိုသာ မလုပ်နိုင်လိုက် လျှင်လည်း တောဝက်အုပ်ကြီးသာ လယ်တော,ယာတော ကို ကျသွားလျှင် အဖတ်ဆယ်၍ပင် ရနိုင်ဖွယ်မရှိတော့ပေ။ အမဲသားကောင်များ ပေါသောအရပ်၌ လုပ်ကိုင်စားသောက် ကြရသည့် တောသူတောင်သားတို့၏ ဘဝသည်ကား သနားစဖွယ်ကောင်းလှ၏။

လင့်အိမ်ပေါ်ကိုရောက်၍ တစ်နာရီခန့်အကြာမှာပင် လူတစ်ယောက် လျှောက်လာနေသည့် ခြေသံကိုကြား၍ ကြည့်လိုက်ကြရာ ဦးအောင်ကျော်ဇောသားလေး ဖြစ်နေလေသည်။ ထို့ကြောင့် မုဆိုးများ မျက်လုံးပြူးသွားကြလေသည်။

"ဒကွဲပဲ" ဟု မုဆိုးခေါင်းဆောင်ကြီး ဦးသက်စုက ညည်း၏။ ထို့နောက် အခြေအနေကို အကဲခတ်ကြည့်သည်။

"အဖေ..သားလိုက်လာတယ်ဗျ" ဟု ကလေးက လင့် အိမ်ပေါ် မော့ကြည့်ပြီး အော်ပြော၏။

ဦးအောင်ကျော်ဇောက စကားမပြောရဲသေးဘဲ ဦး သက်စုနှင့် ဦးထွန်းမြအောင်တို့အား အကဲခတ်ပြီး ကြည့်နေ သေးသည်။

မုဆိုးခေါင်းဆောင်ကြီး ဦးသက်စုက သူ၏လက်ခွဲ တူမီးသေနတ်ကြီးကို မောင်းထိုးလိုက်သည်။ ဦးသက်စုက ဂျပန်သေနတ်များကိုထက် သူသဘောကျ ပြုလုပ်ထားသော တူမီးသေနတ်ကြီးကိုသာ အဓိကကိုင်သည်။

"အဖေ..သား လင့်အိမ်ပေါ်ကို တက်လာခဲ့မယ်နော်"

"အေး..သား၊ ခြေချော်လက်ချော်ပြုတ်ကျမယ်။ သတိ ထားပြီး တက်လာခဲ့"

ဟု ဖခင်ဖြစ်သူက ခွင့်ပြုလိုက်ရာ ဦးသက်စု၏ မျက် လုံးများမှာ သာ၍ပင် ပြူးကျယ်သွားပြီး-

"ဟာ..ဒီကောင် ဘာလို့ တက်ခွင့်ပြုလိုက်တာလဲ။ အားလုံးဒုက္ခရောက်ကြတော့မှာပဲ"

ဟု ပြောပြီး တူမီးသေနတ်ကြီးနှင့် ကလေးအား ထိုး ချိန်လိုက်ရာ ဦးအောင်ကျော်ဇောက-

"ကိုသက်စု..ကျွန်တော့်သားလေးကို အဲလိုမလုပ်ပါ နဲ့။ အဲလိုမလုပ်ပါနဲ့" ဟု အော်ပြောပြီး အတင်းဆွဲလိုက် သဖြင့် ဦးသက်စု၏လက်ထဲမှ တူမီးသေနတ်ကြီး ပြုတ်ကျ သွားလေ၏။ ထို့ကြောင့် ဦးသက်စုက အော်ပြီးပြောလိုက် သည်။

"ဟိုက်ကောင်..အဲဒါ မင်းသား မဟုတ်ဘူး။ အဲ လောက်ထိ ဒီနေရာဟာ တောရိုင်းတောကြမ်းကြီးပါလို့ ပြော ထားလျက်သားနဲ့ အားလုံး သေကုန်ကြတော့မှာပဲ" ဟု အော် ပြောပြီး တူမီးသေနတ်ကြီးကို ကောက်ကိုင်လိုက်ရာတွင် လည်း ဦးအောင်ကျော်ဇောက အတင်းလုထားသဖြင့် ပစ် ခွင့်မရ ဖြစ်နေလေ၏။

ကလေးသည်လည်း ခပ်သွက်သွက်ပင် တက်လာ နေလေသည်။ ဦးသက်စုနှင့် ဦးအောင်ကျော်ဇောတို့ သေနတ် လုရင်း ရန်းရင်းဆန်ခတ် ဖြစ်နေကြချိန်တွင် ကလေးသည် လင့်အိမ်နှင့် သုံးလံမျှ အနီးသို့ပင် ရောက်လာနေလေ၏။

ထို့ကြောင့် ဦးသက်စုသည် မတတ်သာသည့်အဆုံး ဒေါသထွက်ကာ ဦးအောင်ကျော်ဇော၏ မျက်နှာကို လက်

www.burmeseclassic.com

ပြန်တစ်ချက် ဖြတ်ရိုက်ဆောင့်ကန်ပြီး ကလေး လင့်အိမ်သေသို့တက်ရန် လက်တစ်ကမ်းအလိုမှာပင် တူမီးသေနတ်ကြီးဖြင့် တော့ပစ်လိုက်လေ၏။

ဝုန်းဟူသော မာန်ဖီဆူညံသံကြီးနှင့်အတူ အောက်သို့ ပြုတ်ကျသွားသည်ကို ကြည့်လိုက်ကြရာ ကလေးမဟုတ်ဘဲ ကိုးတောင်ကျားကြီးတစ်ကောင်သာ ဖြစ်နေလေသည်။ သို့မှ ဦးအောင်ကျော်ဇောမှာလည်း မျက်လုံးများပြူးကျယ်ငေးမောပြီး ဦးသက်စုနှင့် ဦးထွန်းမြအောင်တို့ကိုသာ မရဲတရဲ စိုက်ကြည့်နေလေသည်။

ဦးသက်စုလည်း အလွန်အမင်း ဒေါသထွက်သွားပြီး "ဟောတောင်အကြောင်းကို မသိတဲ့ အကောင်တွေနဲ့ မုဆိုးဖုပ်ရတာ ဒါပဲကွ" ဟု အော်ပြောပြီး သူ့တူမီးသေနတ်ကြီးကို လင့်အိမ်ကြမ်းပြင်မှာ ဆောင့်ပစ်လိုက်လေ၏။

ထိုအချိန်၌ ဦးအောင်ကျော်ဇောမှာ ဘာမှမပြောရဲတော့ဘဲ လင့်အိမ်အောက်က ကျားသေကြီးကိုကြည့်လိုက်၊ ဒေါသဆက်နေသော ဦးသက်စု၏ မျက်နှာကြီးကို မရဲတရဲကြည့်လိုက်နှင့်သာ။

"သုံးယောက်လုံး ကျားစာဖြစ်မသွားတာ ကံကောင်းတယ်လို့ မှတ်ကွ"

ဦးသက်စုက ဒေါသအရှိန် မပြယ်နိုင်သေးဘဲ ဟောက်အော်၍ ပြောလိုက်၏။

ထို့နောက် ဦးထွန်းမြအောင်က ဦးအောင်ကျော်ဇောအား ပြော၏။

"အိမ်မှာတုန်းကပဲ မင်းရဲ့သားလေး တကျိကျိနဲ့လိုက်မယ်ဆိုပြီး ပူဆာနေတာကိုက တောဝင်ဖို့ရာအတွက် နိမိတ်ပြနေသလိုပဲ။ အခုတော့ ဖြစ်ပြီမဟုတ်လား။ အတွေ့အကြုံရင့်တဲ့ မုဆိုးတွေဖြစ်လို့ တော်သေးတာပေါ့။ မင်းတို့လို အကောင်မျိုးတွေသာဆိုရင် အားလုံး ကျားစားခံကြရမှာ"

ဦးအောင်ကျော်ဇောသည်ကား ဘာမျှမပြောနိုင်တော့ပေ။ ငေးကြောင်ပြီး ခေါင်းတညိတ်ညိတ်ဖြင့်သာ နေလေ၏။

ထိုမျှအထိ တောတောင်များ ဆူညံသွားသဖြင့် ဆက်ပြီး စမ်းစောင့်နေ၍ အကြောင်းမထူး၍ လင့်အိမ်မှဆင်းကာ တစ်လမ်းလုံး ဦးအောင်ကျော်ဇောအား ဆဲဆိုပြီး ပြန်လာကြလေသည်။

(ဆက်ရန်)

မင်းဟိန်းထိုင်

နယ်လှည့်သာသနာပြု ဖိုးဓမ္မသိဒ္ဓိ၏တပည့်

ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအာမြင်)

သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်

ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး.... စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

ခရီးအပ်ပါက ယာဉ်ကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလောမြို့။ ● ၀၉၄၅၂၁၇၂၉၉

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရှေ့စည်းခုန်းတွင် အသွင်မတူ၊ အမျိုးမတူ၊ ဘာသာ မတူသည့် မိသားစု(၃)စု ရောက်ရှိနေပါသည်။ အကြောင်း အရာချင်း ခပ်ဆင်ဆင်တူသော်လည်း ဖြစ်ရပ်များ သီးခြား စီ ဖြစ်ကြပါသည်။

နာမည်ရင်းတော့ မသိပါ။ လူ၏ရုပ်အင်္ဂါကိုကြည့်ပြီး မှည့်ခေါ်ထားသောနာမည် ဖြစ်မည် ထင်ပါသည်။ ဦးဝတုတ်ဟု ခေါ်သူ ကခေါ်၍ ကား လောကတွင် မွတ်တားဆိုလျှင် ဗိုလ်တစ်ထောင်၊ ချက်ဗလက်ခေါင်းတို့ ကုန်ကားဂိတ်တွင် မသိသူ မရှိပါ။ ထိုစဉ်က ကွန်မြိုင်(Convoy) ကားတန်း(ကားအစုလိုက် သွားရာတွင် ခေါင်းဆောင်အဖြစ် တာဝန်ယူသူမှာ ဦးသောင်းဖြစ်ပါသည်။ စာရေးသူ၏ ဦးလေးကဲ့သို့ ခင်မင် လေးစားရသူဖြစ်ပါသည်။ စာရေးသူ၏ဖခင်နှင့်လည်း မိတ်ဆွေများဖြစ်ကြပါသည်။

ယခုလည်း ဦးလှသောင်း၏ ညွှန်ကြားဆက်သွယ်မှုဖြင့် စာရေးသူ၏ ဖခင်ဖြစ်သူထံ ကိုမွတ်တား ခံစားနေရသော ရောဂါကို လာ၍ပြသခြင်းဖြစ်ပါသည်။ စာရေးသူ၏ဖခင်က ပယောဂဆရာ မဟုတ်ပါ။ ဖခင်၏ စရဏအားကောင်း သီလအား၊ သမထအားကြောင့် ပယောဂကြောင့်ဖြစ်သော ရောဂါများကို မေတ္တာဖြင့် ပေးလေ့ရှိပါသည်။ ရောက်လာသည့်သည်များအနက် ပထမဦးဆုံးလာသော ကိုမွတ်တားနှင့် ဇနီးဖြစ်သူအား က ပထမဆုံး မေးခွန်းထုတ်လိုက်ပါသည်။

ကားပေါ်မှာ ပါလာတယ် ပရောဟိတ်ဆရာ ဦးခြွေတ်စံ

www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ကိုမွတ်တားက-

'ဆရာကြီးရယ်..ကျွန်တော်က ထောက်ပံ့ရေးပစ္စည်း (အထူးသဖြင့် အိမ်ဆောက်ပစ္စည်း၊ ဘိလပ်မြေ၊ သွပ်ပြား)ကို အလုံလမ်းနဲ့ ကြည့်မြင်တိုင်လမ်းထောင့်မှာရှိတဲ့ ဒေါင်တွေကို နဝလီကား အငှားလိုက်ပို့ရပါတယ်။ ဆိပ်ကမ်းဂိုဒေါင်က ပစ္စည်းတွေကို ပုတ်ပြတ်ဂိုဒေါင်ဆီ ကားနဲ့ ပို့ရပါတယ်။ တစ်ခါတလေ မိုးချုပ်ပါတယ်။ အပြန်ဆိုရင် အလုံလမ်းဂိုဒေါင်ကနေ 'ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ဦးဆောင်ဘိုကုန်းကတစ်ဆင့် တိရစ္ဆာန်ရုံဘေးလမ်းကဖြတ်ပြီး ကျွန်တော်နေထိုင်တဲ့ မအူကုန်း၊ စက်ရုံလမ်းကို ပြန်ရပါတယ်။ အကူအဖော် မပါ,ပါဘူး။ သူတို့က ဂိုဒေါင်မှာ ချပြီးရင် ကိုယ့်အစီအစဉ်နဲ့ကိုယ် ပြန်ကြပါတယ်။

ကန်တော်ကြီး ရေလွှဲပေါက်ကရေဟာ တိရစ္ဆာန်ရုံရဲ့ အင်ပေါက်ဘေးနားမှာ ရေနုတ်မြောင်းတစ်ခုထဲ စီးဝင်သွားပါတယ်။ အဲဒီနားမှာ လက်ခုပ်ပင်ကြီးတစ်ပင် ရှိပါတယ်။ လက်ခုပ်ပင်အောက်က ဆာရီအဖြူဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်က ကျွန်တော့်ကားကို တားပါတယ်။ ပထမဆုံး စိတ်ထားစေတနာမှန်နဲ့ ကူညီဖို့ ကားပေါ် ခေါ်တင်ခဲ့ပါတယ်။ နောက်တော့ ဖောင်္ဂဗွဲအာရုံကို မလွန်ဆန်နိုင်ဆုံး ကားမောင်းရင်း သူ့ရဲ့လက်ကို ဆွဲကိုင်လိုက်တာ သက်တံက ဘယ်လောက်ရှည်သလဲဆိုရင် ကျွန်တော်ရဲ့နေတဲ့ခန္ဓာကိုယ်ရဲ့ ခါးတစ်ခုလုံးကို ပတ်လျက်သားဖြစ်နေပါတယ်ဆရာ' ဟု ကိုမွတ်တားက ရှင်းပြပါသည်။

ခဏနားရင်း စာရေးသူချပေးသော လက်ဖက်ရည်ကို တစ်ကျိုက်သောက်လိုက်ပါသည်။

'အဲဒီတော့ ကျွန်တော်လည်း အတော်လန့်သွားပါတယ်။ ကျွန်တော်တို့ ဘာသာအရ ဘုရားစာတွေဖတ်တာ အထစ်ထစ်အငေါ့ငေါ့တွေဖြစ်ပြီး ရှေ့ကိုကားက ဆက်မသွားတော့ဘူးဆရာ။ နောက်ပြီး လီဗာ(အရှိန်မြှင့်ခြေနင်း)ကို ဘယ်လောက်နင်းနင်း ကားက လုံးဝမသွားတော့ဘူးဆရာ။ ဒါနဲ့ ထိုစဉ်က Boat Club (ယခု ကန်တော်ကြီးပဲလေ့စ်ဟိုတယ်)ကနေ အထက်ပန်းဆိုးတန်းလမ်းအတိုင်း ဆင်းပြေးပါတော့တယ်။ လော်ရီကားကြီးကို Boat Club ရှေ့က ကုက္ကိုပင်ကြီးရှေ့မှာရပ်ပြီး ကားပေါ်က ဆင်းပြေးခဲ့တာပါ။ နောက် ဆိုက်ကားတစ်စင်းတွေ့တော့ အကူအညီတောင်းပြီး သိမ်ဖြူကွင်း၊ မဆလာစက်ဘက်ကနေ မအူကုန်းအိမ်ကို ပြန်ခဲ့တာပါ' ဟု မွတ်တားက ရှင်းပြပါသည်။

မွတ်တားနှင့်အတူ ပါလာသော ဇနီးဖြစ်သူက-

'ဆရာရယ်..အခု သူ ကားမမောင်းတာ တစ်ပတ်ကျော်သွားပြီဆရာ။ ညမှောင်လာရင် ကားပေါ်မှာ ပါလာတယ်ဆိုပြီး ပါးစပ်က တတွတ်တွတ်ရွတ်နေပါတယ်။ သတိပေးလိုက်တော့မှ အမှောင်ထဲကို လက်ညှိုးထိုးနေပါတော့တယ်' ဟု ရှင်းပြပါသည်။

ဇနီးဖြစ်သူကပင် 'ဆရာရယ်..ကိုမွတ်တား ကားမမောင်းတော့ ကျွန်မတို့ စားဝတ်နေရေး အဆင်မပြေဘူး။ သားသမီးငါးယောက်ရဲ့ ပညာရေးကလည်း ရှိသေးတယ် ဆရာရယ်။ ဖြစ်နိုင်ရင် ကျွန်မတို့ကို ကယ်ပါဦး။ ကိုမွတ်တားရဲ့ရောဂါကို အမြန်ပျောက်အောင် ကုပေးပါရှင်' ဟု ငိုသံပါနှင့်ပြောရင်း ငိုချလိုက်ပါသည်။

နောက် လူကြီးပိုင်း အသက်(၅၀)ခန့်နှင့် လူငယ်ပိုင်း (၂၅)နှစ်ခန့်တစ်ယောက်က 'ဒီလိုပါဆရာ' ဟု သံပြိုင်ပြောရာ ဖခင်ဖြစ်သူက 'တစ်ဦးချင်းပြောပါ' ဟု ပြောလိုက်ပါသည်။ ထိုအခါ ထိုအမျိုးသား(၂)ဦးက တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တံတောင်ဆစ်နဲ့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်တို့ကာ 'မင်းပြောလိုက်လေ' ဆိုသည့် သဘောဆောင်နေပါသည်။ ထိုအခါ အသက်(၅၀)ခန့် လူကြီးက စကားပထာမစချီပြီး ပြောပါတော့သည်။

'ဆရာရယ်..ကျွန်တော်တို့က နဂါးဘတ်(စ်)ကားလိုင်းကပါ။ (ထိုစဉ်က နဂါး၊ ပုစွန်၊ မြင်းဖြူ၊ မြင်းကျား အရပ်များဖြင့် ဘတ်(စ်)ကားခရီးစဉ်လမ်းကြောင်းကို ဖော်ပြသတ်မှတ်ပါသည်။) နဂါးဘတ်(စ်)ကားလိုင်းက ဆူးလေ၊ သိမ်ကြီးစွေးနဲ့ ကုက္ကိုင်းကတစ်ဆင့် တဘက်သိုလ်ရိပ်သာလမ်းကို ဆွဲတာပါ။ ကျွန်တော်တို့က ဝေပုံကျစနစ်ဆိုတော့ စီနီယာကျတဲ့အတိုင်း မနက်စောစော ထွက်ရပါတယ်။ အုံနာက ဗဟန်း(၃)လမ်းမှာ နေပါတယ်။ ဗဟန်း(၃)လမ်းကနေ ကားကို နံနက်(၄)နာရီလောက်ထွက်ပြီး ကုက္ကိုင်းတက္ကသိုလ်ရိပ်သာလမ်းကို ဂိတ်ထိုးဖို့ သွားရပါတယ်။ အဲဒီကမှ ဂိတ်ဖွင့် Way Bill (ကားသမားအခေါ် ဝေဘယ်)ရေးပြီး ကားလက်မှတ်စာအုပ်ကို ထုတ်ရပါတယ်။ (ထိုစဉ်က ခရီးသည်အား ကားစပယ်ယာက ကားလက်မှတ် ပေးရပါသည်။) ဗဟန်းရောခဲ့ဆိုင်အလွန်မှာ ဝက်ပါလမ်းထိပ်က မိန်းကလေးတစ်ယောက်က ကားကို လှမ်းတားပါတယ်။ ကျွန်တော်လည်း ရပ်ပေးလိုက်ပါတယ်။ အဲဒီတုန်းက ကုက္ကိုင်းကို ဆယ်ပြားပဲ ရပါတယ်။ ဂိတ်မဖွင့်ရသေးတော့ ကျွန်တော်တို့

www.burmeseclassic.com

ဆေးလိပ်ဖိုး ရပါတယ်။ စပယ်ယာက အခု ဒီကောင် ရာ ဂျူးပါ။ ကျွန်တော်က ဦးဘညွှန့်ပါ။ အများကတော့ ကား ဒုက္ခဦးဘညွှန့်လို့ ခေါ်ပါတယ်။ (ရုပ်ရှင်မင်းသား ကိုဝင်းဦး၏ ဖခင်ချစ်ဒုက္ခ ဦးဘညွှန့်၊ သမိုင်းပါမောက္ခကို ရည်ညွှန်းခေါ်ခြင်းဖြစ်ပါသည်။) ကားမောင်းရင်း အကြွေးတွေ ဝိုင်း၊ ဒုက္ခတွေရောက်လို့ ကားဒုက္ခ ဦးဘညွှန့်လို့ ခေါ်တာ ပါဆရာ' ဟု ခဏနားရင်း သောက်လက်စဆေးလိပ်ကို တစ် ရှိုက်ဖွာလိုက်ပါသည်။

ဦးဘညွှန့်ကပင် ဆက်၍ 'ဒီကောင်ရာဂျူး စိတ်ပြောင်း ပြီး ကျွန်တော့်အနားလာပြီး ကောင်မလေးကို အင်းယား ကြက်ကျွန်း(ဆီဒိုးနားဟိုတယ်ရှေ့ အင်းယားကန်နယ်မြေ)ကို ခေါ်ပြီး မဟားတရားလုပ်ဖို့ ပြောပါတယ်။ ဒါနဲ့ ကျွန်တော် လည်း စိတ်ရိုင်းဝင်လာပြီး ခေါင်းညိတ်သဘောတူလိုက်ပါ တယ်' ဟု ပြောပါသည်။

တစ်ဖန် လက်ဖက်ရည်ကို တစ်ကျိုက်သောက်ပြီး ဆက်၍-

'ဒါနဲ့ ကောင်မလေးကအော်ရင် ဘယ်လိုလုပ်မလဲလို့ ရာဂျူးကိုမေးတော့ ကားစက်နှိုးတဲ့ သံဂေါက်စာမိသွားမှာ ပေါ့လို့ စပယ်ယာရာဂျူးက ပြောပါတယ်။ ပြောပြောဆို ဆို ကျွန်တော်က နောက်ကြည့်မှန်ကို လှမ်းကြည့်လိုက်တော့ ကားပေါ်ပါလာတဲ့ ကောင်မလေးတ ကားအမိုးနဲ့တွယ်ထား တဲ့ လက်တန်းမှာ ဦးခေါင်းဖောက်ထိုးခိုနေတာ တွေ့ရပါ တယ်။ ကျွန်တော်ရော စပယ်ယာရာဂျူးရော ကားကို ချင်း ချောင်းခြံရေ့မှာရပ်ပြီး ဆင်းပြေးကြပါတယ်။ အုံနှာကိုတော့ ပွိုင်းပြုတ်သွားလို့ပါလို့ လိမ်ပြောရတာပေါ့ဆရာ' ဟု ဦး ဘညွှန့်က ရှင်းပြပါသည်။

'အခု ကျွန်တော်တို့(၂)ယောက် ကားမထွက်တာ ကြာ ပြီ ဆရာ။ အုံနှာကလည်း တခြားဒရိုင်ဘာနဲ့ စပယ်ယာကို တင်ဖို့ စီစဉ်နေတယ်လို့ ကြားရပါတယ်။ ညနေစောင်းရင် ကျွန်တော်တို့အမြင်အာရုံထဲမှာ ဖောက်ထိုးဖြစ်နေတဲ့ကောင် မလေးကိုပဲ မြင်နေပါတယ်။ အာရုံပျောက်သွားအောင် အရက်သောက်လည်း မရပါဘူး။ ရာဂျူးတို့ဘုရားကျောင်း က ကန်တော်ကြီး သံချပ်ကားရှေ့မှာပါ။ အဲဒီနားမှာ ဆရာ ကြီးဝယ်လို့ရပါတယ်။ (ဆရာကြီးဆိုသည်မှာ ဆေးခြောက် ကိုဆိုလိုပါသည်။) ဆရာကြီးပင့်လည်း မရဘူးဆရာ။ ကား ပေါ်မှာပါလာတာကိုပဲ မြင်ယောင်နေမိတယ်ဆရာ။ ကျွန် တော်တို့(၂)ယောက်ကို ကယ်ပါဦး' ဟု တောင်းပန်အားကိုး သောအသံဖြင့် ပြောပါသည်။

ယင်းဖြစ်ရပ်များမှာ (၁၉၆၅)ခုနှစ်ပတ်ဝန်းကျင် စာ ရေးသူ အထက်တန်းကျောင်းတွင် ပဉ္စမတန်းစတက်ခါစဖြစ် မည် ထင်ပါသည်။ ဖခင်ဖြစ်သူက စာရေးသူအား နံနက်(၇) နာရီထိုး ကျောင်းမသွားခင် ဘုရားရှိခိုးခိုင်းပါသည်။

ဘုရားရှိခိုးလျှင် နမောတဿ(၃)ကြိမ် ထည့်သွင်းရွတ် ဆိုခိုင်းပြီး 'သား...ဒီဂါထာကိုလည်း ရွတ်သွားပါဦး။ သား တို့ကျောင်းက ကန်တော်ကြီးနဲ့နီးတော့ လူငယ်သဘာဝ ကန် တော်ကြီးထဲ လျှောက်ဆော့ရင် ပရလောကမှာရှိတဲ့ပုဂ္ဂိုလ် တွေက ဒုက္ခပေးနိုင်၊ အနှောင့်အယှက်ပေးနိုင်တယ်' ဟုဆို ကာ အောက်ပါဂါထာကို နှုတ်တိုက်သင်ပေးခဲ့ပါသည်။

ဂါထာ၏ ထိရောက်သည့်အစွမ်းမှာ ပယောဂစက် သိုက်ကြိုးမှော်စက်၊ နာနာဘာဝစက်တို့၏ အနှောင့်အယှက် မှ လွတ်ကင်းစေကြောင်း ဖခင်မှ ရှင်းပြခဲ့ပါသည်။

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သတော တမ္ဘုဟ ဂနမ္ဟာ အဿဒ္ဓတော ဝမောသရဘာဿ ဝမ္ဟာ ကရဒ္ဓ ဂဿမော အမ္ဘုဘာတော နတော သဿဟဿ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ဂါထာအစအဆုံး ၁၃ ခေါက်ကို တစ်ကြိမ်ဟုသတ် မှတ်၍ ၇ကြိမ် = ၉၁ခေါက် ရွတ်ပါ။)

ယခုလည်း ဖခင်ဖြစ်သူမှာ ရောဂါသည်သုံးဦးဖြစ် သော မွတ်တား၊ ကားဒုက္ခ ဦးဘညွှန့်၊ ရာဂျူးတို့ကို ဘုရား စင်ရှေ့တွင် လက်အုပ်ချီ၍ ထိုင်ခိုင်းထားပါသည်။ သောက် ရေခွက် ကြေးဖလားဖြင့် စာရေးသူအား သောက်ရေတစ် ခွက် ခပ်ခိုင်းပါသည်။ ဘုရားစင်ရှေ့တွင် စာရေးသူအား သင်ပေးခဲ့သောဂါထာဖြင့် (၉၁)ခေါက်ရွတ်ဆိုပြီး ရောဂါ သည်သုံးဦးကို သစ္စာပြုစေ၍ ရေမန်းကို နဖူးဆံစပ်တွင် ဆွတ်ပေးပြီး တစ်ယောက်လျှင် တစ်ငုံကျတိုက်ပါသည်။

သစ္စာပြုခိုင်းခြင်းမှာ 'ဘုရားတပည့်တော်တို့သည် အုပ် ထိန်းခြင်းမကင်းသော အမျိုးသမီးများနှင့် ကာမဝိုင်ရှိသော အမျိုးသမီးတို့ကို ကာယက်မြောက် ပြစ်မှားကျူးလွန်ခြင်း မပြုပါ' ဟု ဖြစ်ပါသည်။ သိပ်မကြာလိုက်ပါ၊ ဖော်ပြပါ ရောဂါသည်သုံးဦးမှာ 'ကားပေါ်မှာ ပါလာတယ်' ဆိုသော အစွဲများ ပျောက်ကင်းပြီး စိတ်ပုံမှန်ဖြစ်ကာ အလုပ်ကိုယ်စီ ပြန်၍လုပ်ကိုင်နိုင်ကြောင်း သိရှိရပါသည်။

မေတ္တာသည်၌

ပုရောဟိတ်ဆရာ ဦးမြတ်စံ

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

ပုရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂန္ဓိရေဒညာ၊ ဓာတ်ရိုက်ဓာတ်ဆင်ယဉ်ကြာပညာရှင်

အယ္ဘုတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏
ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား
ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။
ဝိဇ္ဇာထိပ်ခေါင် အဘာအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊
အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော
အနန္တဒီပံဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်

ဘဝရောင်မြင်ရေးကို ရယူပါ။

သား, သမီးရတနာများအတွက် မွေးဖွားချိန်မဂ်လာအခါပေးခြင်း၊ ထန်းဖူး၊ ဂုက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊
မြန်မာ့ဝိုးထု နာမကရဏမဂ်လာနှင့်အညီ ကလေးနာမည်ပေးခြင်း၊
နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)
S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊
အိမ်၊ ခြံ၊ မြေ၊ ကား၊ တျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်
အာမခံဖြင့် အထူးယတြာ စီရင်ပေးပါသည်။

Prediction in English Language is offered.

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)
ဆွေးနွေးချိန် ❖ နံနက်(၉း၀၀)နာရီမှ ညနေ(၃း၀၀)နာရီအထိ
09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com
Website : http://sayamyatsan.blogspot.com
ကြိုတင်ရက်ချိန်းဆိုမှု

www.burmeseclassic.com

www.burmeseclassic.com

ကျော်ထော
(စားကုန်)

ခွေ်ဝင် ပန်းချီကား



အသည်းအထူးကု သမားတော် ဒေါက်တာ နိုင်ဝင်း။

သူ၏ ဝါသနာက ပန်းချီကားများ စုဆောင်းခြင်းပင် ဖြစ်သည်။ ထူးခြားသည်က် သာမန်ရှုခင်းပုံ ပန်းချီကားများ မဟုတ်။ အံ့များနှင့်မတူဘဲ ရှေးဟောင်းဘုရားကျောင်းကန်နှင့် အဆောက်အအုံပုံများကိုသာ ရွေးချယ်ဝယ်ယူလေ့ရှိခြင်းပင် ဖြစ်သည်။

တစ်နေ့တွင် ဝယ်နေကျ ရှေးဟောင်း ပစ္စည်း အရောင်းဆိုင်က ပန်းချီကားဈေးနှုန်းစာရင်းတစ်ခု ပေးပို့လာခဲ့သည်။ ခင်မင်ရင်းနှီးနေသော ဆိုင်ပိုင်ရှင် ဦးဘနောင်းသည် ဈေးနှုန်း စာရင်း အောက်ဘက်တွင် မှတ်ချက်တိုကလေး တစ်ကြောင်းကိုပါ ရေးထည့် ပေးလိုက်လေသည်။

'ဆရာကြီးခင်ဗျား..ပန်းချီကားအမှတ်(၄၂၈)ဟာ ရှားပါးလက်ရာတစ်ခုဖြစ်ပြီး ဆရာကြီးအကြိုက်နှင့် မုချအံ့ကိုက်လိမ့်မယ်လို့ ယုံကြည်ပါတယ်'

ဈေးနှုန်းအနည်းငယ်မြင့်သော်လည်း အနှီပန်းချီကားအား ကြည့်မြင်လိုက်သည့် အာလယကို မတားဆီးနိုင်ခဲ့။ သို့ဖြင့် အမြန်ဆုံးပို့ခိုင်းလိုက်ရန် ချက်ချင်းပင် ဆုံးဖြတ်လိုက်တော့သည်။

♦ ♦ ♦

နောက်သုံးရက်ခန့်အကြာတွင် ပန်းချီကားကြီး ရောက်ရှိလာခဲ့သည်။

ဒေါက်တာနိုင်ဝင်းသည် ထုပ်ပိုးထားသည့် စက္ကူများအား စိတ်လှုပ်ရှားစွာဖြင့် ဆွဲခွာလိုက်သည်။ ရှေးခေတ်ဘုရား ဟောင်းကြီးတစ်လုံးပုံ သာမန်ပန်းချီကားတစ်ချပ်သာဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ကြောင်း တွေ့လိုက်ရလေသည်။ နှစ်ထပ်တိုက်ကြီးတစ်လုံး ပြီး ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်ကြီးများ အုပ် ဆိုက်ရှိသည်။ တိုက်အရှေ့ဘက်တွင်တော့ ပန်းခြံကလေး တစ်ခုကို တွေ့ရသည်။

ပန်းချီကား လက်ယာဘက်အောက်ထောင့်တွင် အစဖ သော အက္ခရာသုံးလုံး ရေးထိုးထားခဲ့သည်။ ပန်းချီဆရာ အမည်အတိုကောက် ဖြစ်ပုံရလေသည်။ နောက်ကျော တွင် ကပ်ထားသည့် စာရွက်က တစ်ပိုင်းပြတ်လျက် သည်။

အထက်အောက် ရေးထားသည့် စာနှစ်ကြောင်းက သည်း တစ်ပိုင်းတစ်စသာ ကျန်နေခဲ့ရာ-

'လာ..စံအိမ်'

'ဆည်မြို့'ဟူ၍ ဖြစ်သည်။

ရှေးဟောင်းလက်ရာဖြစ်သည်ကလွဲ၍ ထူးခြားမှုတစ်စုံ တစ်ရာမျှ မတွေ့ရပေ။ မိမိ မုချကြိုက်နှစ်သက်လိမ့်မည်ဟု ဦးဘနှောင်းက အာဃာတကြောင့်ညွှန်းခဲ့ရပါသနည်း။ သာမန် လက်ရာတစ်ခု၏ တန်ဖိုးကလည်း မတန်တဆဖြစ်နေပြန် သည်။ ဒေါက်တာနိုင်ဝင်း ဦးနှောက်စားသွားရသည်။

ဦးဘနှောင်းထံသို့ ပြန်ပို့လိုက်တော့မည်ဟုလည်း ဆုံး ဖြတ်လိုက်လေသည်။

♦ ♦ ♦

ထိုနေ့ ညနေပိုင်း-

ပျောက်ချက်သားကောင်းနေသော သူငယ်ချင်း ရှေ့နေ ဟိန်းကျော် ရုတ်တရက် ပေါက်ချလာခဲ့သည်။

'ဟာ..ပန်းချီကားအသစ်ပါလားဟေ့။ ကြိုက်တယ် ကွာ။ အလင်းအမှောင် ပေးထားတာ သဘာဝကျတယ်။ အဲဒါထက် ဟိုသစ်ပင်အောက်ကလူကို ပိုစိတ်ဝင်စားတယ် ကွ'

ဟိန်းကျော်သည် ဧည့်ခန်းအတွင်းသို့ ရောက်သည်နှင့် ဆိုင်းမတွ ပြောလိုက်ခြင်းဖြစ်သည်။

'သစ်ပင်အောက်ကလူ ဟုတ်လား'

ဒေါက်တာနိုင်ဝင်းသည် မယုံကြည်နိုင်ဟန်ဖြင့် ပြန် ပြောလိုက်သည်။ ပန်းချီကားအနီးသို့ သွားကပ်ကြည့်ပြီး ခဲ့ပြီးတကြိုး ဆက်ပြောလိုက်သည်။

'ဟုတ်ပါရဲ့ကွာ။ လုံးဝသတိမထားမိခဲ့ဘူး'

ပန်းချီကား ညာဘက်ရှိ သစ်ပင်ရိပ်အောက်တွင် လူ တစ်ယောက် ရပ်လျက်ရှိသည်။ အိမ်ကြီးကို လှမ်းကြည့်နေ သည်။ ကျား,မခွဲခြား၍တော့မရ။ ဒေါက်တာနိုင်ဝင်းသည် ဟိန်းကျော်ဘက် လှည့်ကြည့်ရင်း ပြောလိုက်သည်။

'မင်းပြောသလို အလင်းအမှောင် ဆေးရောင်သုံးထား တာကတော့ လက်ရာမြောက်တာ အမှန်ပါပဲ။ ဒါပေမဲ့ စွေး နည်းနည်းများနေလို့ ဆိုင်ကို ပြန်ပို့လိုက်တော့မယ်ကွ'

'အဲဒါ အသာထားပြီး အခု ငါနဲ့ လိုက်ခဲ့'

'ဟေ..မပြောမဆို ဘယ်ကို ဘာကိစ္စနဲ့'

'ပေရှည်မနေနဲ့ကွာ။ ကျောင်းတုန်းက သူငယ်ချင်းတွေ နဲ့ ဆုံကြမှာ။ ကဲ..အဝတ်အစား မြန်မြန်လဲ'

♦ ♦ ♦

'စွဲစွဲလမ်း စားတော်ဆက်'

ဟင်းချက်လက်ရာ ကောင်းလှသဖြင့် လူကြိုက်များ သော စားသောက်ဆိုင်။

အထက်တန်းကျောင်းသားဘဝကတည်းက လက်တွဲ လာခဲ့ကြသည့် သူငယ်ချင်းငါးယောက်။ မဆုံဖြစ်သည်မှာ ကြာပေပြီ။ ရှေ့နေဟိန်းကျော်က ဦးဆောင်၍ တွေ့ဆုံပွဲ ကလေး ကျင်းပခဲ့ကြခြင်းဖြစ်သည်။ ရှေးဟောင်းနှောင်း ဖြစ်များ ပြောသူကပြော၊ ငယ်ကျိုးငယ်နာ ဖော်သူကဖော် ပျော်ရွှင်စွာ စားသောက်ခဲ့ကြသည်မှာ ဘောလုံးပွဲတစ်ပွဲစာမျှ ကြာသွားခဲ့သည်။

'ကဲ..ဘယ်သူမှ မပြန်ကြနဲ့ဦး။ ငါ့အိမ်မှာ အစာပိတ် ကော့ညက် လိုက်သောက်ကြ'

စားသောက်ပွဲ လက်စသိမ်းပြီးနောက် ဒေါက်တာ နိုင်ဝင်း၏ ဖိတ်ခေါ်မှု။ ကန့်ကွက်မည့်သူ,မရှိ။ ဖိတ်ခေါ်သူ နောက်မှ တက်ညီလက်ညီ ချီတက်ခဲ့ကြတော့သည်။

'ဟေ့ကောင် နိုင်ဝင်း..ဟိုမချိတ်ရသေးတဲ့ ပန်းချီကား လက်ရာကတော့ ရှယ်ပဲကွ။ အထားအသို၊ အလင်းအမှောင် အားလုံး စံမီတယ်။ ဒါပေမဲ့ အိမ်ကြီးရှေ့က လူကတော့ ကြောက်စရာကြီးကွ။ တစ်ခုခု မကောင်းကြံတော့မလိုဘဲ။ မင်း မတွေ့ဘူးလား၊ကွ'

အနုပညာဝါသနာပါသည့် သူငယ်ချင်းတစ်ယောက်က ဝေဖန်လိုက်ခြင်းဖြစ်သည်။ သို့သော် ဒေါက်တာနိုင်ဝင်း သည် ကော့ညက်ခွက်များ လိုက်ဖြည့်ပေးနေရသဖြင့် မည် သို့မျှ မတုံ့ပြန်နိုင်ခဲ့။ ပန်းချီကားကိုလည်း လှမ်းမကြည့် အားခဲ့ပေ။

နာရီဝက်ခန့် ကြာပြီးသည့်နောက် ဧည့်သည်အားလုံး ပြန်သွားခဲ့ကြသည်။ ဒေါက်တာနိုင်ဝင်းသည် သူငယ်ချင်း

www.burmeseclassic.com

များအား တံခါးဝအထိ လိုက်ပို့ပြီး ဧည့်ခန်းအတွင်း ပြန်လှည့်ဝင်ခဲ့သည်။ ထို့နောက် ပန်းချီကားအနီးသို့ အပြေးအလွှား သွားကြည့်လိုက်သည်။

"ဟာ..ဘယ်လိုဖြစ်ရတာလဲ"

အံ့သြလွန်းသဖြင့် တစ်ယောက်တည်း ယောင်ယမ်း၍ အော်လိုက်မိသည်။ ရှေ့နေဟိန်းကျော် စတွေ့ခဲ့သည့် သစ်ပင်ရိပ်အောက်မှ လူပုံသည် ယခုအခါ တိုက်အိမ်ကြီး ရှေ့တည့်တည့်သို့ ရောက်ရှိနေသည်ကို တွေ့လိုက်ရသောကြောင့် ပင်ဖြစ်သည်။ ၄င်းသည် အိမ်ကြီးဘက်သို့ လျှို့ဝှက်စွာ လေးဖက်ထောက် သွားနေပုံရသည်။ ပိန်လွန်းလှသည်မှာလည်း လူပုံပင်မပေါက်ဘဲ အရိုးစုတစ်စုနှင့် တူလှသည်။ တစ်ကိုယ်လုံး အမည်းရောင်ဝတ်စုံ ဝတ်ထားလေသည်။ ဒေါက်တာနိုင်ဝင်းသည် ပန်းချီကားအား ဧည့်ခန်းထောင့်ရှိ ဗီရိုကြီးအတွင်းထည့်ကာ သော့ခတ်ထားလိုက်တော့သည်။

"ငါဦးနှောက်တွေများ ချောင်ကုန်ပြီလား မသိဘူး။ ဒီပန်းချီကား စရောက်ချိန်ကစပြီး ကြုံတွေ့ခဲ့ရသမျှကို ရေးမှတ်ထားရမယ်။ ဒါမှ မနက်ကျရင် အိပ်မက်မဟုတ်ဘဲ တကယ့်ဖြစ်ရပ်မှန်တွေဆိုတာ မငြင်းနိုင်တော့မှာ"

ပန်းချီကား၏ ထူးခြားဆန်းပြားပုံများကို အသေးစိတ် ရေးမှတ်ပြီးသည့်တိုင် အိပ်ချင်စိတ် မပေါ်ခဲ့။ သူ့အတွက် ညတာရှည်ခဲ့ရသည့် ကာလကလေးတစ်ခုပင် ဖြစ်သည်။

နောက်နေ့တွင် သူငယ်ချင်းတစ်ဦးဖြစ်သူ စာရေးဆရာ အောင်ထိပ်ကို ခေါ်ပြဦးမည်ဟု ဆုံးဖြတ်ကာ ဇွတ်မှတ်၍ အိပ်ခဲ့ရတော့သည်။

♦ ♦ ♦

နောက်တစ်နေ့ နံနက်ပိုင်း-

"ဒီပုံထဲမှာ မင်းမြင်တွေ့သမျှ တစ်ခုမကျန် အသေးစိတ် ပြောပြစမ်းကွာ"

စာရေးဆရာအောင်ထိပ် ရောက်လာသည်နှင့် ဗီရိုတွင်းက ပန်းချီကားအား ထုတ်ယူပြရင်း ဒေါက်တာနိုင်ဝင်းက ပြောလိုက်ခြင်းဖြစ်သည်။

"မင်းဟာကလည်း နိဒါန်းမပျိုး စာမချိုးနဲ့ပါလား"

"ကဲပါ စာရေးဆရာရယ်၊ ပြီးတော့ ရှင်းပြပါ့မယ်။ ငါ ပြောသလိုသာ ကြည့်ပေးစမ်းပါ"

"အေးပါကွာ..အေးပါ၊ မင်းဟာက ဘိုးတော်ဘုရားလက်ထက်က အိမ်ကြီးပုံပဲ။ မင်းစိုးရာဇာတွေနဲ့ ပတ်သက်နေတဲ့နေရာ ဖြစ်ပုံရတယ်။ ပြီးတော့ လရောင်ကြောင့်.."

"ဟေ..နေဦး..နေပါဦး။ လရောင်ဟုတ်လား။ ဘာရဲ့လားကွ။ ငါဖြင့် လနဲ့တူတာဆိုလို့ ဆေးစက်ကတောင် တစ်စက်တောင် မမြင်ခဲ့ပါဘူး"

စာရေးဆရာသည် စကားဖြတ်ပြောလာသည့် ဒေါက်တာနိုင်ဝင်းကို မျက်ခုံးများ ပင့်ကြည့်လိုက်သည်။ ထို့နောက် ပန်းချီကားကို လက်ညှိုးထိုးပြရင်း စကားဆက်ခဲ့သည်။

"ငါ ဆက်ပြောမယ်နော်။ ဟုတ်ပြီ၊ တစ်၊ နှစ်၊ ပြတင်းပေါက်တန်း နှစ်တန်းရှိတယ်။ ပြီးတော့.."

"ဟိုကွာ..လူ..လူတစ်ယောက်ပုံကိုရော မမြင်ဘူးကွ"

ဒေါက်တာနိုင်ဝင်းက ဒုတိယအကြိမ် ဝင်ဖြတ်ပြောလိုက်ပြန်သည်။ စာရေးဆရာအောင်ထိပ်သည် မျက်မှောင်ကြုတ်လိုက်ရင်း စိတ်ရှုပ်ထွေးသွားဟန်ဖြင့် ပြန်မေးလိုက်သည်။

"တစ်ယောက်မှ မပါ,ပါဘူးကွာ။ နေစမ်းပါဦး။ မင်းဟာက ဘာတွေလဲကွ"

"ပြီးတာနဲ့ ရှင်းပြပါ့မယ်ကွာ။ နှောက်ထပ် ဘာမှတွေ့သေးလဲ။ သေသေချာချာ ကြည့်စမ်းပါဦး"

"အေး..ကောင်းပြီ။ မင်းက ဖြတ်ဖြတ်မပြောနဲ့ကွာ။ ငါ ကြည့်လိုက်ဦးမယ်။ အင်း..ထူးခြားတာဆိုလို့ တစ်ခုပဲတွေ့တယ်။ အောက်ထပ်က ပြတင်းပေါက်တန်း ပေါက် ပွင့်နေတယ်ကွ"

"ကောင်းရောကွာ။ ဟိုလူက အခု အိမ်ကြီးထဲ ဝင်သွားပြီပေါ့"

ဒေါက်တာနိုင်ဝင်းသည် အလန့်တကြား အော်လိုက်သည်။ ထို့နောက် ပန်းချီကားအနီးသို့ ထပ်ပြေးကြည့်လိုက်သည်။ စာရေးဆရာ ပြောသည့်အတိုင်း ကွက်တိမှန်နေသည်။ ဒေါက်တာနိုင်ဝင်းသည် ဧည့်ခန်းထောင့်ရှိ စာအုပ်စားပွဲသို့ပြေးကာ တစ်စုံတစ်ရာကို ခပ်သွက်သွက် ရေးနေခဲ့သည်။ တစ်မိနစ်၊ နှစ်မိနစ်ခန့် အကြာတွင် စာရွက်နှစ်ရွက်ကိုင်၍ ထလာသည်။ စာရွက်တစ်ရွက်အား အောက်ထိပ်ထံ လှမ်းပေးရင်း ပြောလိုက်သည်။

"အဲဒါ အခုလတ်တလော မင်းမြင်ခဲ့တဲ့ ပန်းချီကားအခြေအနေပဲ။ အောက်မှာ မင်းလက်မှတ်ထိုးပေး"

စာရေးဆရာအောင်ထိပ်သည် ဘုမသိဘမသိဖြင့် ရွက်ကို လှမ်းယူဖတ်လိုက်သည်။ ထို့နောက် အောက်ဦး လက်မှတ်ထိုးပြီး ပြန်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ရော့..ဖတ်ကြည့်၊ ငါ့လက်မှတ် ထိုးထားတယ်။ မနေ့ညက ငါတွေ့ခဲ့ရတဲ့ ဒီပန်းချီကားရဲ့အခြေအနေ မှတ်တမ်းတင်ထားတာပေါ့ကွာ'

စာရေးဆရာအောင်ထိပ်သည် စာရွက်အား လှမ်းယူကြည့်လိုက်သည်။ ထို့နောက် မျက်ခုံးဝင့်ရင်း ပြောလိုက်သည်။

'ဒီလောက်ထူးဆန်းတာ တစ်သက်နဲ့တစ်ကိုယ် မတွေ့ဖူးပါဘူးကွာ။ ကဲ..မင်းကငမရာ သွားယူခဲ့။ အဲဒီပန်းချီကား တစ်ခုခုထုပ်ပြီးမပြောင်းခင် ဓာတ်ပုံရိုက်ယူထားရမယ်။ ပြီးရင် အဲဒီအိမ်ကြီး ဘယ်မှာရှိတယ်ဆိုတာကို စုံစမ်းဦးမယ်။ ဟိုမှာ အန္တရာယ်တစ်ခုခုနဲ့ ကြုံနေရပြီ ထင်တယ်ဗျ'

'အေး..မင်းအိုင်ဒီယာ ကောင်းတယ်။ ဟိုကောင်အိန်းကျော်ကို ဖုန်းဆက်ခေါ်လိုက်မယ်။ သူမြင်ခဲ့တာတွေကိုလည်း မှတ်တမ်းရေးခိုင်းရမယ်။ သစ်ပင်အောက်မှာ ရပ်နေတဲ့ လူတစ်ယောက်ပုံကို သူ စတွေ့ခဲ့တာကွ'

ဤသို့ဖြင့် နာရီဝက်မကြာမီတွင်ပင် ရှေ့နေဟိန်းကျော်စံယောက် အပြေးအလွှားရောက်လာတော့သည်။ ဧည့်ခန်းအတွင်းသို့ လှမ်းဝင်လာရင်း အပြစ်တင်သံနှောရွဲ့ ပြောလိုက်သည်။

'ဒေါက်တိုတို့ကတော့ လုပ်လိုက်ရင် ဒီပုံချည်းပဲ။ ဘာတွေများ အရေးပေါ်၊ သြော်..ရွှေကလောင်ကြီးလည်း ရောက်နေတာကိုး။ ဟုတ်ပြီ၊ မင်းတို့နှစ်ယောက် ပူးပေါင်းဆုပ်ကြံလိုက်ကြတာ မဟုတ်လား'

'အေး..မင်းထင်တာတွေ အဲဒီနား ထားခဲ့။ ဒီမှာ ဘာထိုင်ပြီး မနေ့ညက မင်းမြင်ခဲ့တဲ့ ပန်းချီကားအကြောင်း အတိအကျရေးပေး။ ဘာမှမမေးနဲ့၊ နောက်တော့ သိလာလိမ့်မယ်'

စာရေးစားပွဲအနီးတွင် ရပ်နေသည့် ဒေါက်တာနိုင်ဝင်းက လှမ်းပြောလိုက်ခြင်းဖြစ်သည်။ ဟိန်းကျော်သည် စားပွဲတွင် ဝင်ထိုင်ရင်း အသင့်ချပေးထားသည့် စာရွက်ပေါ်တွင် ရေးနေလိုက်သည်။ ထိုစဉ်တွင် စာရေးဆရာအောင်ထိပ်သည် ပန်းချီအနီးကပ်၍ ရွှေထောင့်စုံမှ ဓာတ်ပုံရိုက်ယူခဲ့လေသည်။

'ကဲ..ဒီမှာ မနေ့ညက မြင်ခဲ့သမျှ အတိအကျရေးပြီးပြီ။ ဒါပဲ မဟုတ်လား'

'အိုကေ၊ လောလောဆယ်တော့ ဒီလောက်ပဲ။ ကဲ..ဒီနေ့လယ်စာကို ငါ စပွန်ဆာပေးမယ်။ စားရင်းသောက်ရင်း ပြောကြတာပေါ့'

သူငယ်ချင်းလူပျိုကြီးသုံးယောက်သည် စားသောက်ဆိုင်သို့ တက်ညီလက်ညီ ချီတက်သွားကြတော့သည်။

♦♦♦

နောက်တစ်နာရီခန့်အကြာတွင် ဖြစ်သည်။

ဒေါက်တာနိုင်ဝင်းတို့ သူငယ်ချင်းသုံးယောက် စားသောက်ဆိုင်မှ ပြန်ရောက်လာကြသည်။ ထိုအချိန်တွင် ဒေါက်တာနိုင်ဝင်း ကူဖော်လောင်ဖက်ခေါ်လာသည့် မောင်ကောင်းစံသည် ဧည့်ခန်းအတွင်းထိုင်လျက် ပန်းချီကားကို မမှိတ်မသုန်ကြည့်လျက် ရှိသည်။ ၄င်းတို့ ဝင်လာသည်ကို တွေ့လိုက်ရသဖြင့် မောင်ကောင်းစံသည် မလုံမလဲဖြစ်သွားကာ ထရပ်ရင်း ပြောလိုက်သည်။

'ဟို..ဆရာခုံမှာ ဝင်ထိုင်မိတာကို ခွင့်လွှတ်ပါ။ သန့်ရှင်းရေးလာလုပ်ရင်း အဲဒီပန်းချီကားကို မကြည့်ဘဲ မနေနိုင်အောင် ဖြစ်သွားလို့ပါ'

'ရဲဝယ်..ရတယ်၊ ကိစ္စမရှိဘူး။ ပန်းချီကားထဲမှာ ဘာများထူးခြားတာ တွေ့လို့တုန်းကွ။ အမှန်အတိုင်း ပြောပြစမ်းပါဦး'

ဒေါက်တာနိုင်ဝင်းသည် လက်ကာပြရင်း ပြေရာပြေကြောင်း ပြောလိုက်သည်။ မောင်ကောင်းစံသည် ပန်းချီကားကို လက်ညှိုးထိုးပြရင်း ပြောလာခဲ့လေသည်။

'အဲဒါက ရိုးရိုးပန်းချီကားနဲ့ မတူဘူးဆရာ။ ဟို..ဟိုလေ၊ ကလေးလေးချီထားတဲ့ အရိုးခြောက်လိုပုံကြီးကို ကြည့်ရတာ ကြက်သီးထစရာကောင်းလိုက်တာ'

ဒေါက်တာနိုင်ဝင်းတို့ သုံးယောက်သား တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်မိကြသည်။ စကားသံလုံးဝထွက်မလာကြ။ ဧည့်ခန်းအတွင်းမှ မောင်ကောင်းစံ ပြန်ထွက်သွားသည်အထိ မတ်တတ်မေ့နေခဲ့ကြသည်။ မောင်ကောင်းစံ တံခါးပြန်ပိတ်လိုက်မှသာ ပန်းချီကားအနီးသို့ အပြေးတစ်ပိုင်း ရောက်သွားကြလေသည်။

မောင်ကောင်းစံ ပြောသွားသည့်အတိုင်းပင်ဖြစ်သည်။ ထူးဆန်းသည့် အရိုးစုပုံစံ လူတစ်ယောက်သည် အိမ်ကြီးကို ကျောခိုင်းထွက်သွားလျက်ရှိသည်။ ၄င်း၏ လက်မောင်းများကြားတွင်တော့ လသားအရွယ် ကလေးငယ်တစ်ယောက်အား ပွေ့ချီထားလျက်ရှိကြောင်း မြင်တွေ့လိုက်ကြရတော့သည်။

♦♦♦

www.burmeseclassic.com

www.burmeseclassic.com

ညနေငါးနာရီ ထိုးပြီးသွားလေပြီ။

ဒေါက်တာနိုင်ဝင်းတို့ သုံးယောက်လုံး ခါးများ ဆောင့်တင်းလာကြသည်။ မွန်းလွဲနှစ်နာရီ ကျော်ကျော်ခန့်ကတည်းက ပန်းချီကားရှေ့တွင် ထိုင်စောင့်ကြည့်နေခဲ့ကြခြင်း ဖြစ်သည်။ ယခုအချိန်အထိ ပြောင်းလဲမှု စဉ်းငယ်မျှမရှိ။ ဝမ်းချောင်းများကလည်း ဟာလာကြပြီဖြစ်သည်။ သို့ဖြင့် သုံးယောက်သား ညနေစာစားရန် အပြင်ထွက်ခဲ့ကြတော့သည်။ စားသောက်ပြီး၍ ပြန်လာကြသောအခါ ဧည့်ခန်းအတွင်းသို့ ရှေ့ဆုံးမှဝင်သွားသူ စာရေးဆရာအောင်ထိပ်က အလန့်တကြား အော်ပြောလိုက်သည်။

'ဟာ..ဟေ့၊ ပန်းချီကားကို ကြည့်လိုက်ကြစမ်း။ မရှိတော့ဘူးကွ'

'စာရေးဆရာကတော့ ကယောင်ကယင် လုပ်ပြန်ပြီ။ ဟိုမှာ ပန်းချီကား မဟုတ်လို့ ဘာကြီးလဲကွ'

ရှေ့နေဟိန်းကျော်က ပန်းချီကားကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။ နောက်ဆုံးမှ လိုက်လာသော ဒေါက်တာနိုင်ဝင်းသည် ၄င်းတို့နှစ်ယောက်ကို ကျော်တက်ကာ ပန်းချီကားအနီးသို့ သွားကြည့်ပြီး လှမ်းပြောလိုက်သည်။

'စာရေးဆရာပြောတာ မှန်တယ်ကွ။ ပန်းချီကားထဲက လူပုံကြီး မရှိတော့ဘူး။ ပျောက်သွားပြီ'

လရောင်အောက်တွင် ကျန်ခဲ့ကြီးတစ်ခွဲသားဖြင့် ငြိမ်သက်တိတ်ဆိတ်နေသည့် တိုက်ဟောင်းကြီးတစ်လုံးပုံ ပန်းချီကားကို သူငယ်ချင်းသုံးယောက် ဝိုင်းကြည့်ရင်း မှင်တက်မိသွားကြသည်။ အတန်ကြာမှ ရှေ့နေဟိန်းကျော်က စကားစလိုက်သည်။

'ကဲ..လာကြကွာ။ ခေါင်းအေးအေးနဲ့ ထိုင်စဉ်းစားကြရအောင်။ ကော့ညက်လက်ကျန်ရှိသေးရင် ထုတ်ခဲ့ကွာ ဒေါက်တိုကြီး'

ဤသို့ဖြင့် ကော့ညက်ခွက်ကိုယ်စီကိုင်ရင်း ပန်းချီကား နောက်ကျောရှိ တစ်ဝက်စုတ်ပြဲနေသော စာရွက်ပါ အမည်များ၏ ပဟေဠိကို အဖြေသိနိုင်ရေး ဝိုင်းဆွေးနွေးခဲ့ကြလေသည်။ ဒေါက်တာနိုင်ဝင်းက စတင်ပြောလိုက်သည်။

'အပေါ်က အိမ်ကြီးရဲ့နာမည်ကို ခဏာဖယ်ထားလိုက်။ အောက်ဘက်က မြို့နာမည်ကို ဦးစားပေး စဉ်းစားကြရအောင်'

'အေး..ဟုတ်တယ်။ ဆင်တွေ့ရင် ဆင်ခြေရာအတွက် အပင်ပန်းခံစရာ မလိုတော့ဘူး။ ကဲ..ဒီနေရာမှာတော့ ဒေသန္တရဇာတ်သုတ ကြွယ်ဝတဲ့ စာရေးဆရာကြီးကို အား ကိုးရတော့မှာပဲကွ'

ရှေ့နေဟိန်းကျော်သည် ဖန်ခွက်ကို အသာချလိုက်ပြီး စာရေးဆရာအောင်ထိပ်ကို မေးငေါ့ပြရင်း ပြောလိုက်သည်။ အောင်ထိပ်သည် တစ်ကျိုက်မော့လိုက်ပြီးမှ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ပြောလာသည်။

'အင်း..မင်းက ဒီနေရာမှာ နောက်ကပဲ နေတော့မယ်ပေါ့။ ကဲ..ကဲ..ဆည်နဲ့ အဆုံးသတ်တဲ့မြို့ ဘယ်နှစ်ခြောက်များ ရှိမလဲဆိုတော့..'

အောင်ထိပ်စကားမဆုံးမီ ဒေါက်တာနိုင်ဝင်းက ခြေ ပြောလိုက်သည်။

'ထင်ရှားတာကတော့ ကျောက်ဆည်ပဲကွ။ နောက် ထပ် စဉ်းစားကြဦး'

'အေး..ကျောက်ဆည်က မန္တလေးဧရိယာထဲမှာ တော့ နီးစပ်တယ်။ အဲဒီလက်ရာမျိုးနဲ့ တိုက်ဟောင်းတွေ အညာဘက်မှာ အတွေ့ရပိုများတယ်ကွ'

စာရေးဆရာအောင်ထိပ်က မှတ်ချက်ဝင်ပေးလိုက်သည်။ ရှေ့နေဟိန်းကျော်သည် မျက်စိစုံမှိတ် စဉ်းစားနေက ဝင်ပြောလိုက်သည်။

'စစ်ကိုင်းဘက်မှာလည်း ရှိနိုင်တာပဲကွ'

'နေဦး..နေဦး၊ ရွှေဘိုဆိုတာ မင်းပြောတဲ့ စစ်ကိုင်း တိုင်းထဲမှာပဲ။ စာပေဟောပြောပွဲသွားရင်း တစ်ခေါက် ရောက်ဖူးခဲ့တယ်။ အဲဒီ ရွှေဘိုဧရိယာထဲမှာ ဆည်နဲ့ဆုံးတဲ့ မြို့တစ်မြို့ ရှိတယ်ကွ။ တန့်ဆည်တဲ့'

ထိုစဉ် ဒေါက်တာနိုင်ဝင်းက တွေးတွေးဆဆ ပြော လိုက်သည်။

'လောလောဆယ် မြို့ကိုတော့ အဲဒီနှစ်ပွင့်မှာ အား ထားလိုက်။ အိမ်နာမည်ကျတော့ ဘယ်လိုလုပ်မလဲ'

'အေး..ဟုတ်တယ်ကွ။ အဲဒါကတော့ တော်ကော ဦးနှောက်စားနိုင်တယ်'

ရှေ့နေဟိန်းကျော်က ဝင်ထောက်ခံလိုက်သည်။ စာရေး ဆရာအောင်ထိပ်သည် မေးစေ့ကို အသာပွတ်သပ်ရင်း အကြံ ဝင်ပေးလိုက်သည်။

'အဲဒီအတွက် မင်းတို့ ပူပင်စရာအကြောင်းမရှိ။ စပွန်ဆာလုပ်မယ်'

'ဒါကြောင့် မင်းကို အားကိုးပါတယ်လို့ အစကတည်း က ပြောခဲ့တာပေါ့ကွ'

www.burmeseclassic.com

www.burmeseclassic.com

ဟိန်းကျော်က ဝမ်းသာအားရပြောလိုက်သည်။ ဒေါက်တာနိုင်ဝင်းကလည်း ချွင့်ချွင့်ချိန်ချိန် သုခမိန်စကား ဆိုလိုက်သည်။

'မင်းရဲ့ အိုင်ဒီယာကိုလည်း ပြောပြဦးလေကွာ'

'အေး..ရွှေဘိုနဲ့ မန္တလေးက ရေးဖော်ရေးဖက်တွေကို အကူအညီတောင်းမလားလို့။ မင်းပန်းချီကားမာတ်ပုံကိုလည်း ပို့ပေးလိုက်မယ်လေ'

'ဟုတ်ပြီ၊ ကောင်းတယ်ကွ။ သူတို့က ထဲထဲဝင်ဝင် မြန်စပ်စပ်ရှိကြမှာ သေချာတယ်။ ဆက်လုပ်ပေတော့ သူငယ်ချင်းရေ'

♦ ♦ ♦

နောက်ကိုးရက်ခန့်အကြာတွင် ဖြစ်သည်။

'ဒီစာရေးဆရာကလည်း နောက်ကျလိုက်တာကွာ' ရှေ့နေဟိန်းကျော်က စိတ်မရှည်သဖြင့် ပြောလိုက်သည်။

'အချိန်တန်ရင် ရောက်လာမှာပေါ့ကွာ။ မင်းက ဆန္ဒ ဘာနေလို့ပါ'

ဒေါက်တာနိုင်ဝင်းက ဖြေသိမ့်လိုက်သည်။ ရွှေဘိုနှင့် မန္တလေးတို့မှ အကြောင်းပြန်စာများ ရောက်လာသဖြင့် သန့်နှက် ပြန်ဆုံကြရန် စာရေးဆရာအောင်ထိပ်က ချိန်းဆိုခဲ့သည်။ ထို့ကြောင့် ရှေ့နေဟိန်းကျော်က ဒေါက်တာနိုင်ဝင်းအိမ်သို့ ဦးစွာရောက်နှင့်လာပြီး လည်ပင်းရှည်နေခဲ့ခြင်းပင် ဖြစ်လေသည်။

နံနက်ကိုးနာရီတိတိတွင် အောင်ထိပ် ရောက်လာခဲ့သည်။ စိတ်စောနေသည့် ဟိန်းကျော်က အစာမကြေသဖြင့် သုမ်းပြောလိုက်သည်။

'မင်းကလည်း ကြာလိုက်တာကွာ။ မျှော်ရတာ စိတ်ကို မောရော'

'ညက စာထိုင်ရေးခဲ့တာ တစ်ချက်တီးကျော်မှ အိပ်ရာဝင်ခဲ့တယ်လေ။ ဒီလောက်တော့ ရှိမှာပေါ့'

'ဟုတ်ပါပြီကွာ။ ပန်းချီကားသတင်း မြန်မြန်ပြောစမ်းပါ'

ဒေါက်တာနိုင်ဝင်းက အလျင်စလို တိုက်တွန်းလိုက်သည်။ အောင်ထိပ်သည် လွယ်အိတ်အတွင်းက ဖောက်ပြီး သား စာအိတ်နှစ်အိတ်ထုတ်ယူကာ စားပွဲပေါ်တင်ရင်း မေးလိုက်သည်။

'မန္တလေးနဲ့ ရွှေဘို ဘယ်နေရာက အလုပ်ဖြစ်မယ်ထင်ကြတုန်းကွ'

'အရေးထဲမှာ စကားထာဝက်နေပြန်ပြီ။ လိုရင်းသာ ပြောစမ်းပါကွာ'

ဟိန်းကျော်က ဒေါသသံစွက်၍ ပြောလိုက်သည်။ ဒေါက်တာနိုင်ဝင်းကမူ နှုတ်ကမပြောဘဲ မေးတဆတ်ဆတ် လှုပ်ပြနေခဲ့သည်။ အောင်ထိပ်သည် စားပွဲပေါ်က စာအိတ်တစ်လုံးအတွင်းရှိ စာရွက်အား ဆွဲထုတ်ရင်း ပြောလိုက်သည်။

'ဒါက ရွှေဘိုကစာ၊ ကျောက်ဆည်ဘက်မှာ အဲဒီအိမ်မျိုး မရှိတဲ့အကြောင်း မန္တလေးက ရေးလိုက်တဲ့စာက ဟိုအိတ်ထဲမှာ။ ငါတို့ပစ်မှတ်က ရွှေဘိုနယ် စာနှစ်ဆည်မြို့စွန်မှာ ရှိတဲ့အကြောင်း ဟောဒီစာထဲမှာ ရေးထားတယ်။ ရော့.. ဖတ်ကြည့်'

ဒေါက်တာနိုင်ဝင်းသည် စာရွက်ကို လှမ်းမယူဘဲ ခေါင်းခါပြရင်း ပြန်ပြောလိုက်သည်။

'ဟာကွာ..မင်းပဲ ဖတ်ပြပါ စာရေးဆရာရယ်။ ငါတို့က မင်းလောက် ဥာဏ်ကရိဏ်းကျမှာ မဟုတ်ဘူးကွ'

'ဒါဆိုရင်လည်း သေသေချာချာ နားစိုက်ထားကြ။ လိုရင်းနေရာက စဖတ်ပြမယ်'

'ဆရာစုံစမ်းခိုင်းတဲ့ ကိစ္စအတွက် တန့်ဆည်ကို သုံးခေါက်သွားခဲ့ရတယ်။ အဲဒီမှာ သူငယ်ချင်းကဗျာဆရာတစ်ယောက် ရှိတယ်လေ။ ပန်းချီကားမာတ်ပုံကို ပြလိုက်တာနဲ့ သူတို့မြို့ တောင်ဘက်စွန်းက တိုက်ပျက်ကြီးမှန်း တန်းသိခဲ့တယ်။ သူလိုက်ပြလို့ သွားကြည့်တော့ ပြိုပျက်ပြီး ဆူးချုံတွေဝိုင်းနေတာ တွေ့ခဲ့ရတယ် ဆရာရေ။ အဲဒီအရှေ့ဘက်မလှမ်းမကမ်းမှာ ဘုန်းကြီးကျောင်းပျက်ကြီးတစ်လုံးလည်း ရှိတယ်ဗျ။

တစ်ချိန်တုန်းက.. အတိအကျဆိုရရင် မင်းတုန်းမင်းလက်ထက်မှာ မိသားစုတစ်စု အဲဒီမှာ နေထိုင်သွားခဲ့ကြတယ်တဲ့။ သာမန်မျိုးရိုးတော့မဟုတ်ဘူး၊ ကနောင်မင်းသားကြီး အနွယ်တော်ထဲကဖြစ်ပြီး အဲဒီမှာ လာဇာတ်မြှုပ်နေခဲ့ကြတာတဲ့။ အကြောင်းရင်းခံက သိပ်မသေးလှဘူးဗျ။ မြင်ကွန်း မြင်းခုံတိုင် အရေးတော်ပုံကာလအတွင်း အဲဒီမိသားစုအကြီးအကဲရဲ့စနက်ကြောင့် မြင်ကွန်းမင်းသားရဲ့ လက်ရုံးတစ်ယောက် ကွပ်မျက်ခံခဲ့ရတယ်တဲ့။

အဲဒီအာဃာတနဲ့ လက်တုံ့ပြန်ခံရမယ့် ဘေးကိုရှောင်ရင်း တန့်ဆည်ကို ရောက်ခဲ့ကြတာလို့ ပြောတယ်။ ဖြစ်နိုင်

www.burmeseclassic.com

တော့ အဲဒီအိမ်ကြီးရောက်ပြီးမှ ကလေးတစ်ယောက်ကို မီးဖွားခဲ့ကြတယ်။ အဲဒီကလေး သုံးလေးလအရွယ်အရောက် ညတစ်ညမှာ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်ဆိုပဲ။ လက်သည်အစအနတောင် ရှာမရခဲ့ဘူးတဲ့။ အဲဒီနောက်ပိုင်းမှာ အိမ်ကြီးကို ပစ်ထားခဲ့ပြီး မိသားတစ်စုလုံး ခြေရာဖျောက်သွားကြတာ ဘယ်သူမှတောင် မရိပ်မိလိုက်ကြဘူးတဲ့ ဆရာရေ။

ဒီအကြောင်းတွေကို သူငယ်ချင်းကဗျာဆရာရဲ့အဖေက ပြောပြခဲ့တာဗျ။ သူကိုလည်း သူ့အဖေက ပြန်ဖောက်သည်ချခဲ့တာတဲ့။ လူမသိသူမသိ ကုန်းဘောင်ရာဇဝင် အပိုင်းအစတစ်ခန်းရပ်ပြတာလေးပေါ့ ဆရာရယ်။ သြော်..ပြောဖို့ကျန်သေးတယ်ဗျ။ အိမ်ကြီးအဝင်ခြံဝမှာ ရွှေညီလာလို့ ကမ္ဘည်းထိုးထားတာကို တစ်ချို့ကုန်းက တွေ့ခဲ့ကြဖူးတယ်တဲ့။ ခုတော့ အဲဒါလည်း အနီစွသဘောဆောင်သွားမှာပေါ့ ဆရာရယ်တဲ့။ ကဲ..ရှင်းတယ်နော်။ အဖြေကတော့ ရွှေညီလာစံအိမ်၊ တန်ဆည်မြို့ပဲ။ တို့က ရာဇဝင်ခြေတစ်ပေါင်ကျိုးနဲ့မှ လာတိုးနေကြတာကွ"

"အင်း..စာရေးဆရာ ပြောခဲ့သလို အဲဒီနေရာမှာ ဖြစ်တော့မယ့် မသမာမှုတစ်ခုခုကို နိမိတ်ပြတာများလားလို့ တို့က ထင်မိခဲ့တာ။ အခုတော့ကွာ"

ရှေ့နေဟိန်းကျော်သည် ဤတစ်ကြိမ်တွင် ဣန္ဒြေတစ်ခွဲသားဖြင့် အလေးအနက်ဝင်ပြောလာခဲ့သည်။ ဒေါက်တာနိုင်ဝင်းကလည်း အတွေးနက်နက်ဖြင့် ပြောလိုက်သည်။

"အေး..ဟုတ်တယ်။ လွန်ခဲ့တဲ့အနှစ်တစ်ရာကျော်က အဲဒီအိမ်ကြီးမှာဖြစ်ခဲ့တဲ့ ရာဇဝတ်မှုကို ပြန်ပြီးသရုပ်ဖော်ပြခဲ့တာပဲ။ အဲဒါကို ဘယ်သူဘက်က ပြောချင်တာလဲ။ ဘယ်လိုနည်းပညာတွေ သုံးခဲ့တာလဲ။ မယုံနိုင်စရာပါဘဲကွာ"

အောင်ထိပ်သည် စာရွက်ကိုခေါက်၍ စာအိတ်အတွင်း ပြန်ထည့်ပြီး စားပွဲပေါ် တင်ထားလိုက်သည်။ ထို့နောက် သူ၏ အယူအဆကို ပြောပြလာသည်။

"အင်း..ဒီပန်းချီကားကို အိမ်ကြီးရှင်တွေက ဆွဲခိုင်းတာဖြစ်ဖို့များတယ်။ ပြီးတော့ သူတို့မျိုးဆက်သွေးကလေး ပျောက်သွားပုံကို ပြန်ပေါ်လာအောင် တစ်နည်းနည်းနဲ့ စီရင်ထားခဲ့လိမ့်မယ်။ ပန်းချီကားကို သားစဉ်မြေးဆက် ထိန်းသိမ်းပြီး အဲဒီဖြစ်စဉ်အတွက် လက်တုံ့ပြန်ဖို့ နှိုးဆော်ခဲ့တာများလား"

"ဟော..ကဲ..မင်းတွေးပေါက် မှန်တယ်ပဲထား၊ အဲဒီဖြစ်စဉ်ပေါ်လာအောင် ဘယ်လိုနည်းတွေ သုံးခဲ့တာလဲ။ တီဇို၊ ဗီဒီယို စနစ်တွေက အဲဒီခေတ်နဲ့ အဝေးကြီး"

ဟိန်းကျော်က ဝင်ထောက်လိုက်ပြန်သည်။ အောင်ထိပ်ကလည်း အတွေးလမ်းကြောင်း အစောင်းမခံဘဲ ဆက်ပြောခဲ့သည်။

"ဒီမှာ ကိုယ့်လူတို့..မှော်ဝင်ဓားတဲ့၊ တိုက်မြွေတဲ့။ ပြီးတော့ သိုက်နွားဆိုတာတွေ ကြားဖူးကြတယ်မဟုတ်လား။ သိပ္ပံပညာ လက်လှမ်းမမီတဲ့ ဘလက်မက်ဂျစ်တွေ ရှိနေတယ်လေ။ အဲဒီလိုများ.."

"ဘာလဲ၊ မင်းက အဲဒါကို မှော်ပညာနဲ့ စီရင်ထားတယ်လို့ ထင်နေတယ်ပေါ့။ ဒါဆိုရင် လူတိုင်းတို့လို မြင်ရမှာလား။ ပြီးတော့ အချိန်မရွေးဘဲ အဲဒီလို ပြန်ပေါ်လာမှာလား"

ဒေါက်တာနိုင်ဝင်းက ဖြတ်မေးလိုက်သည်။ ရှေ့နေ ဟိန်းကျော်ကလည်း မျက်လုံးများပြူးလျက် အော်ပြောသည်။

"ဟေ့..ဟေ့..ကိုယ့်လူတို့ ဒါဆိုရင် နောက်ထပ် လျှို့ဝှက်ဇာတ်ကွက်တွေ ပေါ်လာမလဲဆိုတာ စောင့်ကြည့်ကြရအောင်"

"အဲ..အဲ..မင်းက အနှစ်တစ်ရာကျော်က အမှုတွေ့ရှေ့နေလိုက်ချင်လို့လား။ တရားလိုရော တရားခံတွေ့သန်ရှိုင်းထဲက ထလာကြမှ ပြေးပေါက်မှားနေပါဦးမယ်ကွာ"

အောင်ထိပ်စကားကြောင့် ဟိန်းကျော် ခေါင်းပုခြေတော့သည်။ ဒေါက်တာနိုင်ဝင်းသည် ပန်းချီကားကြီးအား သွားဆွဲယူလျက် ဧည့်ခန်းထောင့်ရှိ ဗီရိုကြီးအတွင်း ထည့်ပိတ်ထားလိုက်သည်။ ထို့နောက် သူငယ်ချင်းများဘက်သို့ လှည့်ပြောလိုက်လေသည်။

"ဒီပန်းချီကားကြီး နေရာမှားပြီး ရောက်နေတာပဲ ဖြစ်မယ်ကွ။ အလကားရရင်တောင် မယူသင့်ဘူး။ ဦးဘနောင်ကို အကျိုးအကြောင်း ရှင်းပြပြီး ပြန်ပေးလိုက်မယ်။ သူကြိုက်သလို ဆက်လုပ်ပေါ့။ အကြောင်းဆက်ရှိတဲ့သူတွေလိုက်ရှာချင် ရှာနေကြမှာ။ မင်းတို့လည်း မှေလိုက်ကြတော့"

စာရေးဆရာနှင့် ရှေ့နေသူငယ်ချင်း နှစ်ယောက်တို့သည် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်ရင်း ပါးစပ်အဟောင်းသား ဖြစ်သွားကြလေတော့သည်။

ကျော်ဇော(စားကျက်)

M.R JAMES ၏ THE PAINTING OF AGLET HALL ကို မြန်မာမှုပြုပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သဘာဝဆေးဖြစ်စုံဆေးပေါင်းဆီ

အငဝဉ်းဃုဝင်း + အငဝဒေါ်ခင်အေး ၏သမီး

ဇေတနာ

ဒေါ်စန်း ဓိတများနှင့် အတူ

ဇေတနာ ဒေါ်စန်း

သဘာဝဆေးဖြစ်စုံဆေးပေါင်းဆီသည် တောင်နီ၊ ဝိဿနိုး၊ ရွှေထိုးတောင်ရိုးများမှ ခုံ့ထျက်ခွေးကြိုင်ဝေ ဆေးဖြစ်စုံများဖြင့်သာ ပြုလုပ်ထားပါသည်။ သဘာဝဆေးဖြစ်စုံဆေးပေါင်းဆီသည် ပူးနာ၊ ပူးထိတ်ခြင်း၊ ခါးနာ၊ ခါးထိုတ်ခြင်း၊ ထိုထ်လတ်ညောင်းညာထိုတ်ခဲခြင်း၊ ဒနွာထိုထ်တောရောင်ခြင်း၊ ခြေလတ်ထုံထျင်ခြင်း၊ အဆစ်အဖြစ်ရောင်ခြင်းနှင့် ထွေးတိုး၊ ဇထျာထ်ထင်ရောင်ခြင်း၊ ဇထ်ကြောတတ်ခြင်း၊ လေးဇတ်နာ၊ အရိုးထျိုးပေါင်းတဆ်၊ ခိတ်ထားနာ၊ လေဖျန်းခြင်းရောဝါများနှင့် တလေးဇွေးဗြိုးမီးနေသည် များဝါဇျန် ထောထျာ–မိန်းဇရောဝါများကို လိမ်းရုံဖြင့် သက်သာပျောက်ထင်းစေပါသည်။

ရတန်း သံသရာတို့လည်း လျှုဒါန်းနိုင်ပါသည်

မှတ်ချက်

သုံးစွဲသူအပေါင်း ၅၀၀၀ အထက်ယူသူများ အိမ်တိုင်ရာရောက် ပို့ပေးပါသည်။ ဤဆေးကိုလိမ်းခြင်း အားဖြင့် အပူများထွက်၍ ခြောက်သွေးရင် သနပ်ခါးလိမ်းထားသလိုဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်ပါသည်။ နှံသာပြု – တောင်နံကတိုး၊ ကရမက် စစ်စစ်များလည်းရနိုင်ပါသည်။

ဤဆေးတို့သုံးနှုံသုံးနှုံ သော (၅)ရက်သားသမီးအပေါင်း ကျန်းမာရွှမ်းသာကြပါစေ ကျန်းမာရွှမ်းသာကြပါစေ

အစွမ်းထက်ဆေးဖြစ်စုံဆေးနှင့် ဆေးနှံးဆေးဝဲတို့ခြင်းအား အစေးခြင်ပါသည်။

အတုအပသတိပြုပါ

www.burmeseclassic.com

ပင်ကိုင်း
ကျောင်းပြုဒေါ်ပြောက်ပိုင်း (၄၉) ရပ်ကွက်၊ ပဒုမ္မာ(၂)လမ်း "ဒေါ်စန်း" အိမ်တွင်ရရှိနိုင်ပါသည်။
ဖုန်း (၆၂) ၆၁၁၂၊ ၆၁၁၃ (နိ)၊ ဇရုပရန်ကုန် ကားများဂိတ်ဆိုး။ ဖုန်း ၀၉ ၄၂၀၀၆၁၇၀၊ ၀၉ ၄၂၀၀၆၁၇၁၊ ၀၉ ၄၂၀၀၆၁၇၂

www.burmeseclassic.com

မာရီဝယ်သာ၏ စိတ်ကူးအကြံအစည်ကို တိတိကျကျ သိပြီးသောအခါ အင်းနက် ပါဝင်ပတ်သက်ရန် ငြင်းပယ် လိုက်ပါသည်။ တစ္ဆေခြောက်သည့်အိမ်ဟု လူပြောများနေ သောအိမ်ကို တစ္ဆေခြောက်သည့်အိမ်ဟူ၍ပင် လက်ခံထား သင့်သည်ဟု ယူဆပါသည်။ သို့တိုင်အောင် ဖြစ်ပျက်ခဲ့သမျှ တို့၏ အရင်းခံအကြောင်းသည် သူအပေါ် မူတည်နေပါ၏

www.burmeseclassic.com

www.burmeseclassic.com

အပြစ်ကင်းသော အရင်းခံအကြောင်းဟု ဆိုနိုင်သော်လည်း ဤကိစ္စ မာရီဝယ်သာကို အသိပေးခဲ့သည်မှာ သူဖြစ်နေပါသည်။

မာရီဝယ်သာက သူဇနီးကို ခြောက်လှန့်လိုစိတ် ရှိနေပါသည်။ သူဇနီး ကိုယ့်ကိုယ်ကိုယ် အထင်ကြီးနေခြင်းကို အပြောင်းအလဲလုပ်ပေးချင်သောကြောင့်ဖြစ်၏။ သူစိတ်ဆန္ဒကို လွန်ကဲသည်၊ ကြမ်းတမ်းသည်ဟု မှတ်ယူ၍ မဖြစ်ပါ။ အကြောင်းမှာ သူဇနီး ဂျနစ္စသည် အေးဆေးတည်ငြိမ်၍ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှု လွန်ကဲသူဖြစ်ပြီး တစ်ခါတစ်ရံတွင် ကျိုးကြောင်းဆင်ခြင်တတ်သူတို့ကိုပင် စိတ်ဆိုးခါသထွက်စေတတ်သောကြောင့် ဖြစ်သည်။

သူတို့လင်မယား နယူးအော်လင်းရှိ ဝေါ်(လ်)တာနှင့် အင်းနက်တို့မိတ်ဆွေ ဇနီးမောင်နှံတို့ထံ နှစ်စဉ်ပြုလုပ်သည့် ဘာနီဗယ် ကခုန်ပျော်ရွှင်ပွဲဆင်နွှဲရန် အလည်အပတ်ခရီး ထွက်လာခဲ့စဉ်က မာရီဝယ်သာတွင် သူစဉ်းစားထားခဲ့သည့် ဇရေမရာစိတ်ကူးတို့ ရှိခဲ့ပါသည်။

တနလ်းမနက်တွင် ပွဲတော်အကြိုနေ့ဖြစ်၍ အိုဝင်၏ ကားဖြင့် သူတို့လေးဦးသား စိတ်ဝင်စားဖွယ်ကောင်းသည့် နေရာများသို့ သွားကြည့်ကြပါသည်။ အင်းနက်မှာ လမ်းညွှန်ကောင်းတစ်ယောက် ဖြစ်သည်။ သွားကြသော အရပ်ဒေသများနှင့်ပတ်သက်၍ ဒေသ၏သမိုင်း၊ ဒဏ္ဍာရီ စသည်တို့ကို နှုံနှုံစပ်စပ်သိထားသူဖြစ်၏။ နောက်ဆုံးတွင် ထုံးစံအတိုင်း တစ္ဆေခြောက်သည့်အိမ်ဆိုသည့် အကြောင်းအရာကို ပြောဆိုနွေးနွေးကြေကြေသည်။

အိုဟောင်းနေသော ရပ်ကွက်တွင်းရှိ အိမ်အိုအိမ်ဟောင်းကြီးများကဲ့သို့ပင် ထိုအိမ်ကြီးသည်လည်း မကောင်းသည့် ဘက်မှ ရှုမြင်ခြင်းကိုသာ အများဆုံးခံခဲ့ရသည်။ လောလောဆယ်တွင် အိမ်ကြီး၌ နေထိုင်သူ မရှိဘဲ စွန့်ပစ်ထားသလို ဖြစ်နေပါသည်။

စီစီလီယန် အမျိုးသားတစ်ဦးက ထိုအိမ်ကြီးကို ဝယ်ထားသည်မှာ ကောလာဟလသတင်းတစ်ခု ဖြစ်ပေါ်နေပါသည်။ လိုအပ်သလို ပြုပြင်မွမ်းမံပြီး စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ရန် ရည်ရွယ်ကြောင်းလည်း ပြောဆိုနေကြပါသည်။ သို့ရာတွင် ရှေးဟောင်းသုတေသနအဖွဲ့ကြီးက သမိုင်းဝင် ရှေးဟောင်းအမွေအနှစ်တို့ကို ဖျောက်ဖျက်သွားစေရန် မွမ်းမံမှုမှန်သမျှ ခွင့်မပြုကြောင်း တားမြစ်ချက်ထုတ်ခဲ့သည့်အတွက် ထိုအစီအစဉ် အကောင်အထည် မပေါ်လာတော့ပါ။

သို့ဖြစ်ရာ အိမ်အိုကြီးမှာ ခေါက်ဆွဲစက်အဖြစ် အသွင်ပြောင်းမည့် ရှက်စရာအခြေအနေမှ လွတ်မြောက်ခဲ့ရတော့သည်။ ထိုသို့ဖြစ်သွားရခြင်းသည် ဒဏ္ဍာရီသမိုင်းပုံပြင်ကယ်တင်လိုက်ခြင်းကြောင့်ဟု အင်းနက်က မှတ်ချက်ချ၏။ ထိုမှတ်ချက် မှန်ကောင်းမှန်နိုင်သော်လည်း အိုဝင်လင်မယားမှအပ ထိုအိမ်ကြီးကို ဒဏ္ဍာရီတို့နှင့် ဆက်စပ်ပြောဆိုသူမှာမူ မရှိသလောက် ဖြစ်ပါသည်။

ထိုနံနက်တွင် စီစီလီယန်တို့၏ မျိုးဆက်ဖြစ်ဟန်ရှိသည့် အဘွားအိုတစ်ဦးက ပွဲတော်ကျင်းပရက်ကို အခွင့်ကောင်းယူလျက် အိမ်ကြီးရှိ မဒမ်လီမွိုင်း၏ အထပ်ခိုးကို တက်ကြည့်လိုသူများအား တစ်ဦးလျှင် (၂၅)ဆင့်ဖြင့် ကြည့်ခွင့်ပေးပါသည်။ အင်းနက်က သူ့အဖွဲ့ကို အပေါ်ထပ်သို့ ဦးဆောင်ခေါ်သွားပြီး ဒဏ္ဍာရီဖြစ်စေခဲ့သည့် အထပ်ခိုးမှ တစ္ဆေခြောက်သည်ဆိုသော အခန်းအကြောင်း ရှင်းပြပါသည်။

'လွန်ခဲ့တဲ့အနှစ်တစ်ရာလောက်ကပဲ'

သူ စ၍ပြော၏။

'အိမ်ကြီးမှာ မဒမ်လီမွိုင်းဆိုတဲ့ အမျိုးသမီးနေခဲ့တယ်။ သူ့ခင်ပွန်း မွန်ဆီယာလီမွိုင်းဆိုတာ ရှိပေမယ့် သူက မဒမ်လီမွိုင်းရဲ့ ခင်ပွန်းဆိုတာထက် ဘာမှပိုထူးပြီး လူသိခြင်းမရှိတာကြောင့် ဒီအိမ်ကြီးဟာ ခုထိ မဒမ်လီမွိုင်းအိမ်ကြီးလို့ပဲ အများက လက်ခံထားကြတယ်'

'မဒမ်လီမွိုင်းဟာ ချမ်းသာတဲ့ ပါရီမိသားစု ဖြစ်နေတော့ အဲဒီအချိန်က တန်ခိုးဩဇာကြီးသူတွေ စုစည်းလည်ပတ်တဲ့နေရာဖြစ်ခဲ့တယ်။ မဒမ်ဟာ ဆွဲဆောင်မှုရှိသူ၊ စည်ခံကောင်းတဲ့အိမ်ရှင်မ၊ စည်းရုံးရေးကျွမ်းကျင်သူလို့ လူတိုင်းက အသိအမှတ်ပြုကြရပါတယ်။ လူတွေကို စွဲလမ်းမှုနဲ့ သိမ်းသွင်းတတ်သူလို့တော့ ဘယ်သူကမှ သူ့ကို မထင်ကြပါဘူး။ သူ့အိမ်ပေါ်ထပ်က အထပ်ခိုးခန်းထဲမှာ ဘာတွေသိမ်းဆည်းထားသလဲဆိုတာလည်း ဘယ်သူမှ မစုံစမ်းတဲ့အပြင် သိလည်းမသိချင်ကြပါဘူး။ အိမ်ကို မီးလောင်တဲ့အချိန်အထိ ဆိုပါတော့'

'မီးက အများကြီးလောင်တာမဟုတ်ဘူး။ မီးသတ်တွေကလည်း ပုံမှန်လိုမဟုတ်ဘဲ ချက်ချင်းပဲ ရောက်လာကြတာကို။ မီးလောင်တာက အထပ်ခိုးခန်းမှာဖြစ်နေတော့ အဲဒီထဲ ဘာတွေရှိနေလဲဆိုတာ ပေါ်လာတော့တာပေါ့လေ။ နောက်ဆုံးမှာ မဒမ်ရဲ့ လျှို့ဝှက်ချက်ကြီး ပေါ်ထွက်သွား

www.burmeseclassic.com

တယ်ဆိုရမှာပါ။ စွန့်စွန့်စားစားငြိမ်းကြတဲ့ မီးသတ်ရဲဘော်တွေဟာ သံကြိုးတွေနဲ့ ချည်ထားတဲ့ လူမည်းကျွန်ခုနစ်ယောက်ကို တွေ့လိုက်ရပြီး အတော်ကိုဆိတ်လန့်သွားကြရတယ်။ အကျဉ်းသားတွေဟာ ခြေတွေ၊ လက်တွေ ခုတ်ထစ်ဖြတ်တောက်တာ အပါအဝင် အမျိုးမျိုးညှဉ်းပန်းနှိပ်စက်ခံထားကြရသတဲ့'

'အင်မတန်ချောမောတယ်ဆိုတဲ့ ပါရီမြို့သူကြီးဟာ သူ့အိမ်မှာ နှိပ်စက်ခန်းတစ်ခန်းလုပ်ထားပြီး သံကြိုးချည်ထားတဲ့ နီဂရိုးတွေကို အမျိုးမျိုးနှိပ်စက်ရင်း သူ့စိတ်အာသာကို ဖြေဖျောက်ခဲ့တာတဲ့။ အသေးစိတ်သတင်းတွေတော့ မထွက်လာပါဘူး။ ဒါပေမဲ့ ကြောက်စရာသတင်းတစ်ခု ထွက်လာတဲ့အထဲမှာ အဖမ်းခံအမျိုးသမီး နီဂရိုးတစ်ယောက်ဟာ နည်းလမ်းတစ်ခုရပြီး အထပ်ခိုးကို မီးနဲ့ရှို့နှိုင်ခဲ့တာတဲ့။ နှိပ်စက်ညှဉ်းပန်းခံပြီး သေရမှာထက် မီးလောင်ခံပြီး မြန်မြန်သေမယ်ဆိုတဲ့ သဘောပေါ့'

အင်းနက်က သူဇာတ်လမ်းအရှိန်တက်အောင် ခဏလေး နားလိုက်၏။ ဂျနစ္စမာရီဝယ်သာ သဘောမကျဟန်ဖြင့် မျက်နှာအနည်းငယ်မဲ့လိုက်ပါသည်။ သူ့ကို စောင့်ကြည့်နေသော ခင်ပွန်းဖြစ်သူက အေးဆေးတည်ငြိမ်သည်ဆိုသော သူဇနီး အနည်းငယ် စိတ်လှုပ်ရှားနေဟန်ကိုကြည့်ပြီး ရယ်မောလှောင်ပြောင်လိုက်၏။ အင်းနက်၏ဇာတ်လမ်း အထွတ်အထိပ်မှာလည်း ပျောက်တော့မလို ဖြစ်သွားရသည်။

'အမျိုးသမီးကြီးကော ဘယ်လိုဖြစ်သွားသေးလဲ'

မာရီဝယ်သာက မေးပါသည်။

'ကံကောင်းတယ် ပြောရမယ်။ သူက မီးလောင်ချိန်မှာ မရှိဘဲ အဝေးကိုရောက်နေတယ်။ သိပ်ကိုကံကောင်းသွားတာပါ။ တဝန်ရှိသူတွေက သူ့ကိုလိုက်ရှာနေကြတုန်း ပြင်သစ်သံဘေးတစ်စင်းနဲ့ သူ လိုက်ပြီးထွက်ပြေးတော့တာပေါ့။ သူဘဝရဲ့ နောက်ဆုံးအချိန်တွေကို ပါရီမှာပဲ ကုန်ဆုံးစေခဲ့တယ်။ အဲဒီမှာ ဘာသာတရားကိုင်းရှိုင်းသူ၊ အလှူအတန်းရက်ရောသူရယ်လို့ လူသိများခဲ့တယ်တဲ့။ သက်ကြီးရွယ်အို ဘဝရောက်မှ သေတာပါ'

'ကောက်ကျစ်စဉ်းလဲတဲ့သူ ကြီးပွားသွားတာပေါ့ဗျာ'

မာရီဝယ်သာက ကြီးကြီးကျယ်ကျယ် လေသံဖြင့် မှတ်ချက်ချ၏။

'ဒါပေမဲ့ ဒီနေရာဟာ တစ္ဆေခြောက်တယ်လို့ ပြောကြတာ ဘာကြောင့်လဲဗျ။ အဲဒါ ခင်ဗျားမပြောသေးဘူး'

'အာ...ဟုတ်တာပေါ့'

အင်းနက် သတိရသွား၏။

'ကျွန်တော်လေ၊ သူတို့ဟာ ဒီအထပ်ခိုးထဲမှာ ခြောက်လှန့်ဖို့ အမြဲရှိနေကြတာတဲ့။ တစ်နေ့နေ့မှာ မဒမ်ပြန်ရောက်လာမယ်လို့ သူတို့ မျှော်လင့်တကြီးနဲ့ စောင့်နေကြတာပေါ့'

'သူပြန်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့တဲ့လား'

မာရီဝယ်သာ စိတ်ထက်သန်စွာ ပြော၏။

'ဒါဆိုရင် သူတို့ ကလဲစားချေဖို့ အခွင့်အလမ်းကို စောင့်နေကြတဲ့ အဓိပ္ပာယ်ပေါ့'

အင်းနက် ခေါင်းညိတ်ပြသည်။

'ဟုတ်တယ်၊ လူမည်းတွေထဲက အားတောင့်ပြီး ဘီလူးလို သန်မာတဲ့ ကျွန်တစ်ယောက်ရဲ့လျှာကို သံညှပ်နဲ့ ဆွဲဖြတ်ပစ်ခဲ့တယ်။ အဲဒီလူမည်းကြီးက သူ့ကို သံခြေခွင်းတွေ၊ လက်ထိပ်တွေ၊ သံကြိုးတွေ ဖြုတ်ပေးလိုက်ပေမယ့် အဲဒီအခန်းထဲကထွက်ဖို့ အကျောက်အကန်ငြင်းတယ်။ မဒမ်ပြန်လာမှာကို အခန်းထဲကနေ သူစောင့်မယ်လို့ ပြောတယ်။ အားကလည်းသန်၊ ခြေ၊လက်တွေမှာ အထိန်းအချုပ်တွေလည်း မရှိတော့ဘူးဆိုတော့ သူ့ကို အခန်းထဲကထွက်ခဲ့ဘယ်လိုပဲကြိုးစား၊ကြိုးစား သူ ကြမ်းကြမ်းတမ်းတမ်းနဲ့ အပြင်းအထန် ဆန့်ကျင်တာမို့ လူတွေလက်လျှော့ပြီး အခန်းထဲမှာပဲ ထားခဲ့ကြရတယ်။ အဲဒီနောက် သိပ်မကြာပါဘူး ရက်ပိုင်းအတွင်းမှာပဲ ဆုံးသွားတယ်'

'ကျွန်တော်တော့ သူတို့ကို အပြစ်မတင်ဘူး'

ဝေါ်(လ်)တာအိုဝင်က မှတ်ချက်ချသည်။

'သင်္ဘောဆိပ်ခံတွေပေါ်မှာ အလုပ်လုပ်တဲ့ နီဂရိုးတွေတွေ့ဖူးတယ်။ သူတို့ လက်မောင်းတွေဆိုစာ ကျွန်တော့်ပေါင်လောက်ရှိတယ်။ မာဆယ်တွေ ဖုထစ်နေလိုက်တာများ ဝက်သစ်ချပင် အကိုင်းကြီးတွေအတိုင်းပဲ'

'ကျွန်မကတော့ တစ္ဆေတွေရဲ့ လက်တွေဟာ သိပ်အန္တရာယ်များမယ်လို့ မထင်ဘူး။ သူတို့ကို ဒုက္ခမပေးရင်ပေါ့လေ'

ဂျနစ္စ၏ထင်မြင်ချက် ဖြစ်ပါသည်။

'အိုး...ခုလိုကိစ္စမျိုးမှာတော့ သူတို့ အန္တရာယ်များတာအမှန်ပဲ'

အင်းနက်က ခပ်သွက်သွက် ပြန်ပြောပါသည်။

'သူတို့ ကမ္ဘာပေါ်မှာ နေနိုင်တယ်ဆိုရင် အဲဒီဂိုဏ်းတွေဟာ သူတို့ကို သတ်ခဲ့သူတွေကို လက်စားချေဖို့ အခိုက်

www.burmeseclassic.com

အတန်ပဲဖြစ်ဖြစ် ကိုယ်ထင်ပြဖို့အစွမ်းမျိုး ရှိကြမှာပဲ။ အခြေအနေပေးခဲ့ရင်ပေါ့။ အထူးသဖြင့် ရာဇဝတ်မှုခင်း ဖြစ်ပွားခဲ့တဲ့ နေရာမျိုးမှာပေါ့။ လူကြီးတွေ အဲဒီလိုပြောတာ ကြားဖူးတယ်'

ဂျနစ္စ အသာအယာရယ်ရင်း 'ကျွန်မစိတ်ထင် ရှင် ကိုယ်တိုင် အဲဒါမျိုးတွေကို တစ်ဝက်လောက်တော့ ယုံထားပုံရတယ်'ဟု အင်းနက်ကို ကျီစယ်လိုက်ပါသည်။

အင်းနက် ချက်ချင်းတုံ့ပြန်ပါသည်။

'ဒါဆိုရင် ဟောဒီအခန်းထဲကို ညဥ့်သန်းခေါင်မှာ ရှင်တစ်ယောက်ထည်း လာဝံ့ပါ့မလား'

'နေကြဦးလေ'

အိုဝင်က ဝင်ပြောပါသည်။

'ဘယ်သူမှ အဲဒါမျိုးကို ယုံတယ်လို့ မရှိပါဘူး။ ဒါပေမဲ့ ဒီလိုနေရာမျိုးမှာ ညဥ့်သန်းခေါင်ဆိုရင် ကျောချမ်းဘာမျိုးတော့ ဖြစ်ကြမှာပေါ့။ အခုတောင် ဒီအခန်းထဲ နေရတာ စိတ်မသန့်စရာကြီး။ ကားဆီကို သွားကြပါစို့။ နေရောင်လင်းလင်းကလေးမှ ပိုကောင်းမယ်'

သူတို့ လမ်းမပေါ် ထွက်ခဲ့ကြပါသည်။ လမ်းတွင် အင်းနက်စိတ်ထဲ၌ ဂျနစ္စ၏ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမှုအပေါ် သူ့ခင်ပွန်း သည်းမခံနိုင်ဖြစ်နေလိမ့်မည်ဟု တွေးမိပါသည်။

♦ ♦ ♦

မာရီဝယ်သာ ဤကိစ္စ ဤမျှနှင့် ရပ်သွားခြင်းကို သဘောမကျပါ။ နောက်နေ့တွင် သူ အစပြန်ဖော်ပါသည်။

'အဲဒီတစ္ဆေခြောက်တယ်ဆိုတဲ့ အထပ်ခိုးခန်းထဲကို သန်းခေါင်ချိန်မှာ မင်း တကယ်မသွားနိုင်ပါဘူး။ ဟုတ်တယ်မဟုတ်လား'ဟု သူမိန်းမကို မေး၏။

'ဘာလို့မသွားနိုင်ရမှာလဲ'

ဂျနစ္စက ခပ်အေးအေးတုံ့ပြန်ပါသည်။

'တကယ်သွားနိုင်လို့လား'

သူခင်ပွန်းက ဆက်မေး၏။

'သွားနိုင်တယ်'

ဂျနစ္စ ပြန်ဖြေသည်။

'သွားစရာ အကြောင်းတစ်ခုခုရှိရင်ပေါ့'

'လောင်းမယ်လေ။ မင်း ဒီည သွားနိုင်,မသွားနိုင်ဆိုဘာ'

မာရီဝယ်သာက စိန်ခေါ်လိုက်သည်။

ဂျနစ္စ ရယ်လျက် အိုဝင်တို့နှစ်ဦးကိုလှည့်ကြည့်ပြီး 'ဘာမှအရေးမပါတဲ့ ကိစ္စအပေါ် ဒီလောက်ခေါင်းမာမာပြောတာမျိုး ရှင်တို့ကြုံဖူးကြမယ်မထင်ဘူး'ဟု ပြောလိုက်သည်။

'ကောင်းပြီလေ။ ရှင် ဒီလောက်စိတ်ထက်သန်နေရင် သွားမယ်။ ဒီည ကပွဲအပြီးပေါ့'

'တမင်အနိုင်ယူချင်လို့ မဟုတ်ဘူးနော်'

မာရီဝယ်သာ အားရကျေနပ်စွာ လက်ဖျောက်တီးလျက် ပြန်ပြော၏။ သူမိန်းမ၏ အဆုံးအဖြတ်အတွက် သူ အတော်ကျေးဇူးပုံရပါသည်။

'အိုး'

အင်းနက် စိတ်မသက်မသာဖြင့် ကန့်ကွက်လိုက်သည်။

'ကျွန်မသာဆိုရင်တော့ သွားဖြစ်မှာမဟုတ်ဘူး'

'ဘာကြောင့်လဲ'

'အို...အဲဒါတော့မသိဘူး။ ကျွန်မ မကြိုက်လို့ဘဲ။ ရှင် ဝတ်သွားမှာကလည်း မဒမ်လီမွှိုင်းခေတ်က သူဝတ်တဲ့ဝတ်စုံမျိုး မဟုတ်လား'

'ဘယ်လိုအဓိပ္ပာယ်လဲ'

ဂျနစ္စက မေး၏။

'ဘာမှမဟုတ်ပါဘူး'

အင်းနက်ကို ပြတ်ပြတ်ပြန်ဖြေသည်။

'ရှင်တို့ သွားချင်တယ်ဆိုရင် အားလုံးသွားကြပါ။ ကျွန်မတော့ မလိုက်ဘူး'

♦ ♦ ♦

သန်းခေါင်ရောက်ရန် ဆယ့်ငါးမိနစ်သာ လိုသောအခါ မာရီဝယ်သာ ကပွဲလူအုပ်အတွင်းမှ အိုဝင်ကို ခေါ်ထုတ်လာခဲ့သည်။ သူတို့နှစ်ယောက်စလုံး ဝတ်စုံကိုယ်စီ၊ မျက်နှာဖုံးကိုယ်စီနှင့် ဖြစ်ကြသော်လည်း အချင်းချင်း ကြိုသိထားကြသောကြောင့် ခက်ခက်ခဲခဲမရှာရပါ။ အိုဝင်ကလည်း မာရီဝယ်သာကို ရှာနေခဲ့သည်။

တွေ့သောအခါ သူက 'အမျိုးသမီးတွေ ကားဆီသွားကြပြီ'ဟု အသိပေးလိုက်၏။

'လမ်းအတိုင်း နှစ်ဘာလောက်အကွာလောက်မှာရှိတယ်။ ခင်ဗျားကို ရှာရမှာ ဘယ်လောက်ကြာမယ် မသိလို့ သူတို့ကို ကြိုပြီးသွားခိုင်းခဲ့တာ။ အချိန်ကုန်သက်သာအောင်ပေါ့'

'ကောင်းပါတယ်'

မာရီဝယ်သာ လက်ခံ၏။

www.burmeseclassic.com

'ဒါဖြင့် အင်းနက်လည်း သွားဖို့ဆုံးဖြတ်လိုက်ပြီပေါ့'
အိုဝင် ခေါင်းညိတ်ပြသည်။
'ဟုတ်တယ်။ ဂျနစ္စက ဘာအန္တရာယ်မှမရှိတဲ့ ရယ်စရာကိစ္စပါလို့ စည်းရုံးတာကိုး'
'ကောင်းတာပေါ့'
မာရီဝယ်သာ ထပ်ပြောပြန်သည်။
'ကဲ..နားထောင်ဗျာ။ ကျွန်တော် ခင်ဗျားနဲ့ အတူတူ မလိုက်သေးဘူး။ ကျွန်တော့်ကို ရှာမတွေ့ဘူးလို့ သူတို့ကို ပြောလိုက်ပါ။ ကျွန်တော်တို့ လူချင်းကွဲနေရင် ကျွန်တော် တက္ကစီနဲ့ လိုက်လာမယ်လို့ ကြိုညှိထားပါတယ်ပေါ့။ ခင်ဗျားတို့ အဲ့ဩသွားအောင် လုပ်ချင်လို့'
သူ ဆက်၍ရှင်းပြ၏။
'ပြီးတော့ ထပ်ခိုးထဲမှာ ဂျနစ္စရောက်တာနဲ့ ခင်ဗျားတို့ အဲဒီမှာ စောင့်နေကြ။ သူကိုယ်သူ အထင်ကြီးနေတာတွေကို ကျွန်တော် တစ်ခါတည်းနဲ့ အပြီးပြောင်းလဲသွားအောင် ခြောက်လှန့်ပြမယ်'
အိုဝင်က ပြင်းပြင်းထန်ထန် ကန့်ကွက်သော်လည်း မာရီဝယ်သာက အတင်းတိုက်တွန်းပါသည်။
'ကျွန်တော် အင်းနက်ကျေနပ်ဖို့ လုပ်တာမဟုတ်ဘူး။ ဒီကိစ္စကြောင့် သူစိတ်လှုပ်ရှားရတယ်ဆိုရင် ပုံမှန်ဖြစ်တဲ့ ဘယ်အမျိုးသမီးမဆို သူလိုဖြစ်မှာလဲ။ ဂျနစ္စကတော့ ဒီလို မဟုတ်ဘူးဗျ။ ကျွန်တော် သူ့ကို တုန်လှုပ်သွားအောင် လုပ်ကောင်းလုပ်နိုင်လိမ့်မယ်။ ဒါပေမဲ့ သိပ်သိသိသာသာကြီးတော့ မဖြစ်လောက်ဘူး'
ညဦးပိုင်းကတည်းကပင် မာရီဝယ်သာမှာ ကျွန်လူများနှင့် တခြားစီရှိနေခဲ့၏။ ပွဲခေတ္တနားချိန်တွင် အရက်ပုန်းရောင်းသူတစ်ဦးနှင့် သူတွေ့ခဲ့ကြောင်း အိုဝင် သိထားသည်။ သူဖန်း၏ ဘဝင်မြင့်နေမှုကို အဆုံးသတ်ပေးရန် မာရီဝယ်သာ အစွဲကြီးကြီးဖြစ်နေခြင်းသည် အရက်မပါဘဲနှင့်လည်း ဖြစ်မှာပဲဟု အိုဝင် နားလည်ထားပါသည်။
'ကဲ..သွားပေတော့'ဟု မာရီဝယ်သာက တိုက်တွန်း၏။
'ကျွန်တော် တက္ကစီနဲ့ လာခဲ့ပါ့မယ်။ လေကားဆီသွားတဲ့တံခါး ဖွင့်ထားပါလိမ့်မယ်။ ညနေစောစောကတည်းက ဟိုအဘွားကြီးနဲ့ ကျွန်တော် ညှိထားပြီးသားပါ'
ထိုသို့ပြောပြီး သူထွက်သွားတော့သည်။ အိုဝင်လည်း အမျိုးသမီးများထံ လိမ်ညာလှည့်ဖြားထားသော သတင်းကို ပြောရန် လိုက်သွားပါသည်။
ဂျနစ္စက သတင်းကြားပြီး ပြုံးပါသည်။
'ကျွန်မသိတယ်။ သူ ဘာတွေကြံစည်နေတယ်ဆိုတာ'ဟု ပြော၏။
'ဒါပေမဲ့ ကျွန်မထင်တယ်။ သူစီစဉ်သလို မဖြစ်လို့ စိတ်ညစ်သွားရမှာပါ'

♦ ♦ ♦

အိမ်ကြီးဆီသို့ ကားဖြင့် ထွက်သွားကြသောအခါ အိုဝင်က ဘာမှမပြောတော့ပါ။ သို့ရာတွင် သူသည်လည်း အင်းနက်ကဲ့သို့ပင် ယူဆပါသည်။ ကိုယ့်ကိုယ်ကိုယ် ဟိုကြည့်စိတ် ပြင်းထန်သူ အမျိုးသမီးတစ်ယောက်သည် ခင်ပွန်းဖြစ်သူ၏စိတ်ကို အစွန်းရောက်သွားစေနိုင်သည်ဆိုသော အချက်ဖြစ်သည်။
မဒမ်လီမွိုင်း၏အိမ်ကြီးသို့ ရောက်သောအခါ မာရီဝယ်သာ ပြောခဲ့သလိုပင် လေကားခန်းတံခါး စေ့ရံသာစေ့ထား ကြောင်း တွေ့ရပါသည်။
'ကဲ..ဟုတ်ပြီ'
အိုဝင် လက်ပတ်နာရီကိုကြည့်ပြီး ပြော၏။
'အပေါ်ထပ်တက်ကြစို့။ သန်းခေါင်အချိန်ရောက်ရင် တစ်မိနစ်လောက်ပဲ လိုတော့တယ်'
'ကျွန်မတစ်ယောက်တည်း သွားမှာနော်'ဟု ဂျနစ္စက သူ့ကို သတိပေးသည်။
'ပြောထားပြီးသားပဲ'
နောက်ထပ် စကားမဆက်တော့ဘဲ သူတို့ကိုဖြတ်၍ လေကားအတိုင်း ပေါ့ပါးသွက်လက်စွာ တက်သွားတော့သည်။ ဝေါ်(လ်)တာက အင်းနက်ကို စိုးရိမ်သောမျက်ဝန်းများနှင့် ကြည့်လိုက်သည်။
'သူ လက်နှိပ်ဓာတ်မီးတောင် ယူမသွားဘူး'ဟု ပြော၏။
'တို့ သူ့နောက်ကလိုက်သွားရင် ကောင်းမလား'
'သူ့ဘာသာသူ သွားပါစေ'
ဂျနစ္စ၏ ရယ်သွမ်းသွေးခဲ့မှုကို အင်းနက် မမေ့သေး၊ ရယ်သွမ်းသွေးခံရခြင်းကို သူ လက်ခံခဲ့ရသည်။ ထိုလေကားထစ်များကို သူ တကယ်တက်ချင်တာမဟုတ်ဟု ဆိုလည်းထားပါသည်။ ချက်ချင်းဆိုသလို သူသဘောပေါက်အတွက် သူနောင်တ,ရမိသလို ဖြစ်သွားသည်။ ထိုဆုံးဖြတ်ချက်ကို ပြန်ပြင်လိုက်၏။

www.burmeseclassic.com

'ကဲပါလေ၊ ကျွန်မ အဲဒီလိုဖြစ်စေချင်တာ မဟုတ်ပါ လိုက်သွားကြတာပေါ့'

လှေကားပထမအဆင့်ကို တက်သွားကြပြီး ဂျုန္စွာ၏ သံုးတို့ကို နားထောင်ကြသော်လည်း အိမ်ကြီးတစ်ခုလုံးမှာ ဆာန်တစ်စပြင်လို တိတ်ဆိတ်နေပါသည်။ ရုတ်တရက် သာသော စိတ်ကူးကြောင့် အင်းနက်ဝေါ်(လ်)တာ၏ အင်္ကျီလက်ကို ဆွဲကိုင်ပြီး 'မြန်မြန်..မြန်မြန်' ဟု အိုးလေးပြောလိုက်၏။

ထို့နောက် ထပ်ခိုးခန်းသို့ ရောက်နိုင်ရန် လှေကား ယအဆင့်အထစ်များကို တက်လိုက်ကြတော့သည်။

ထိုအချိန်မှာပင် တစ်နေရာရာရှိ တိုင်ကပ်နာရီမှ ည သံုးနာရီထိုးသံကို ကြားကြရ၏။ ဝေါ်(လ်)တာ လှေ ထစ်များပေါ်တွင် အလိုလိုသိစိတ်ဖြင့် ရပ်နေလိုက်မိ သည်။ အင်းနက်ကလည်း သူ့အနားသို့ ကပ်လိုက်၏။ နာရီ သံ ဆယ့်နှစ်ချက်မှာ ငြိမ်သက်နေသော ညသန်းခေါင် နတွင် ကြေကွဲစရာလိုလို၊ စိုးရွံ့စရာလိုလို ခံစားမှုကို းနေပါသည်။ နာရီထိုးသံ နောက်ဆုံးတစ်ချက်အပြီးတွင် အကြောင်းကြောင့်မှမဟုတ်ဘဲ သူတို့နှစ်ယောက်စလုံး ဆက်မရှူနိုင်အောင် ငြိမ်ငြိမ်ကလေး ရပ်နေမိကြသည်။ တ်ဆိတ်မှုမှာ အတော်ပင်ချောက်ချားစရာဖြစ်နေပြီး လေ တွင် တင်းမာမှုတို့ ဖန်တီးသည့်စွမ်းအားများ လွှင့်မျောနေ သို့ ထင်ရပါသည်။

'အိုး'

အင်းနက် ညည်းညူလိုက်သည်။

သူ့ခင်ပွန်းကို ထိပ်ထိပ်ပျာပျာနှင့် ဆွဲကိုင်လိုက်ပြီး-

'ကျွန်မ သိတယ်။ အိုး'

ဆို့နစ်နေသည့် အော်ဟစ်သံတို့ ကျယ်ကျယ်လောင် ဆောင် ကြားလိုက်ရသောကြောင့် အိုဝင် လှေကားထစ်များ ခပ်သွက်သွက်ပြေးတက်သွားလိုက်သည်။ အော်ဟစ်သံ ရုတ်တရက်ပြတ်တောက်သွားလေရာ ပို၍ပင်ကြောက် ရွံစရာဖြစ်လာပါသည်။

နောက်ဆုံးလှေကားထစ်ကို အားပြင်းပြင်းနှင့် တက် ိုက်ပြီး ဝေါ်(လ်)တာ အထပ်ခိုးခန်းဝသို့ ရောက်သွား သည်။ သူဦးရေပြားပေါ်တွင် ရွှဲစိစိနှင့် လှုပ်ရှားလာပြီး ကွတ်တွင် ဘာမှမမြင်ရသည့် အမှောင်ထဲ၌ တစ်စုံတစ်ရာရှိနေ သည်ဟု ခံစားလိုက်မိပါသည်။ ထိုတစ်စုံတစ်ရာမှာ ကြောက် ရွံ၊ ကြီးကြီးမားမား မည်းမည်းမှောင်မှောင်နှင့် စက်ဆုပ် စရာဟု စိတ်တွင် ဖြစ်ပေါ်လာမိ၏။

သူ့နောက်ရှိ လှေကားထစ်ပေါ်မှ အင်းနက် ညည်းညူ အော်ဟစ်လိုက်သံ ကြားရသည်။ ရှေ့ရှိ ပိန်းပိတ်အောင်မှောင် နေသော အခန်းထဲမှ ဗလုံးဗထွေး မဝိမသာအသံ ထွက်လာ သည်။ အဓိပ္ပာယ်ဖော်မရသော စိတ်ညှိုးငယ်စရာ၊ စိတ် မသက်သာစရာအသံမျိုးဖြစ်သည်။ ထိုအသံနှင့်အတူ တစ်စုံ တစ်ရာ၊ ဘာမှန်းမသိသော တစ်စုံတစ်ရာ။

ရုတ်တရက်ပင် လှေကားထစ်များကို တက်လာစဉ်က သိမှတ်မဲ့စွာ ပိတ်ထားခဲ့မိသော လက်နှိပ်ဓာတ်မီးကို သူ ပြန်ဖွင့်လိုက်၏။ သူ့စိတ်ထင်ပဲလားမသိ၊ ဓာတ်မီးရောင် လင်းလင်းချင်း မှောင်နေသော တစ်စုံတစ်ရာသည် ထိုးထိုး ထောင်ထောင် ရှိနေရာမှ ချက်ချင်းပျောက်သွားသလို သိ လိုက်ရသည်။

အလင်းရောင် ပေါ်ထွက်လာသည်နှင့် ဝေါ်(လ်)တာ စိတ်သက်သာရာရသွားပြီး စိတ်ခွန်အားသစ်တို့လည်း ပေါ် ပေါက်လာတော့သည်။

သို့ရာတွင် သူ့စိတ်သက်သာရာရမှုမှာ ကြာကြာမခံပါ။ မီးအလင်းတန်းအောက်တွင် ကွေးကွေးလိမ်လိမ်နှင့် ကြောက် စရာ အပုံတစ်ခုကို အထပ်ခိုးကြမ်းပြင်၏ ထူထပ်လှသော ဖုန်များပေါ်တွင် တွေ့လိုက်ရသောကြောင့်ဖြစ်သည်။ ထို အပုံမှာ ဂျုန္စွာဖြစ်နေပြီး သူမျက်နှာကို ပေကျံနေသောလက် နှင့်ပွတ်ရင်း ကုန်းကွကွတွေ့ရသူမှာ ရှေးက ဇာတ်လူပြက် များဝတ်သည့် ရောင်စုံမှန်ကူကွက်ဝတ်စုံ ဝတ်ထားသည့် မာရီဝယ်သာပါပင်တည်း။

'မာရီဝယ်သာ' ဟု အိုဝင် အော်လိုက်သည်။

ကြမ်းပြင်ပေါ်ရှိ ဂျုန္စွာကို သူ့ရင်ဘတ်ဆီ ဆွဲပွေ့ပြီး မာရီဝယ်သာ ဗလုံးဗထွေးနှင့် ငိုရှိုက်ရင်း သူ့ကို ပြန်ကြည့် နေပါတော့သည်။

♦ ♦ ♦

မာရီဝယ်သာ၏ ပြက်လုံးထုတ်မည့် အစီအစဉ်မှာ ဤ သို့ဖြင့် ပြီးဆုံးသွားခဲ့ပါသည်။ ဥပဒေအရဆိုလျှင် သေဒဏ် ကျခံရမည်ဖြစ်သော်လည်း ရဲများက သူ့ကို ရူးသွပ်နေသူ အဖြစ် တွေ့ခဲ့ကြရပါသည်။ အလောင်းကို ပွေ့ပိုက်ထား သော သူလက်တို့ကို အတင်းဖယ်ရှားကြရပါသည်။ ပြစ်မှု နှင့်ပတ်သက်၍ စစ်ဆေးဆုံးဖြတ်ရန် တာဝန်ရှိသူတို့က လေး နက်စွာ စဉ်းစားကြပြီး အားလုံးလက်ခံနိုင်ကြမည့် သီဝရီ တစ်ခုကို ချမှတ်နိုင်ခဲ့ကြပါ၏။ အိုဝင်၏ ထွက်ဆိုချက်အရ

www.burmeseclassic.com

မာရီဝယ်သာသည် သူဇနီး၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အစွဲအလမ်းကို ပယ်ဖျောက်ပစ်ရန် လွန်လွန်ကဲကဲ စိတ်ထက်သန်နေပြီး အထပ်ခိုးထဲတွင် ဂျနစ္စကို ခြောက်လှန့်ရန် အစီအစဉ် မအောင်မမြင်ဖြစ်သွားသောအခါ စိတ်ပြိုကွဲယိမ်းယိုင်သွားရသည့်အတွက် သူ၏ ပြက်လုံးထုတ်ရန် ရည်ရွယ်ချက်သည် ဝမ်းနည်းကြေကွဲဖွယ် ဇာတ်သိမ်းခန်းအဖြစ် ပြောင်းလဲသွားရကာ ဇနီးဖြစ်သူကို လည်ပင်းညှစ်သည်အထိ ဖြစ်သွားရပါကြောင်း၊ ထိုသီဝရီချမှတ်မှုမှာ တရားဥပဒေကို ငြင်းချက်ထုတ်ခြင်းဖြစ်သည့်တိုင်အောင် သတင်းသမားတို့နှင့် ပြည်သူလူထုက သိမ်မွေ့သော လူသဘာဝကို ဦးစားပေးစဉ်းစားခြင်းဖြစ်၍ လက်ခံခဲ့ကြပါသည်။

ဝေါ(လ်)တာအိုဝင်နှင့် သူဇနီး အင်းနက်တို့အဖို့မှာမူ သံသယများ ရှိနေကြရပါသည်။ ထိုသံသယများကို သူတို့စိတ်ထဲမှာပင် သိမ်းဆည်းထားခဲ့ကြပါသည်။ အိုဝင်သည် မဒမ်လီမွိုင်း၏ အထပ်ခိုးခန်းထဲတွင် ကြမ်းပြင်ပေါ်ရှိ အပုံကို တွေ့ခဲ့ရာတွင် အဝတ်တို့မှာ မဒမ်၏ ဝတ်စုံဝတ်ခဲ့သည့် အတိုင်း ဖြစ်နေသည်ကို ခန့်မှန်းမိပါသည်။ ထို့ပြင် သေသူဂျနစ္စ၏လည်ပင်းတွင် တွေ့ရသည့် လက်ချောင်းရာတို့မှာ သာမန်လူတို့၏ လက်ချောင်းရာထက် သိသိသာသာ ကြီးပြီး မာရီဝယ်သာ၏ လက်ချောင်းများနှင့်ယှဉ်ပါက နှစ်ခန့် ရှိနေသည်ကို တွေ့ခဲ့ရသည်။

သူဇနီး၏ မိန်းမ,မဆန်သော ခံယူနားလည်မှုအား စိတ်ပျက်ဒေါသထွက်နေခြင်းဖြင့် မာရီဝယ်သာသည် ရည်ရွယ်ချက်ကို သူကိုယ်တိုင် ချိုးဖျက်ခဲ့သည်ဟု ဆိုမယုံကြည်နိုင်ပါ။ သူ အထပ်ခိုးထဲက တစ်စုံတစ်ရာကို ထုလန့်ခြင်းကြီးစွာ သိရှိခံစားခဲ့ရကြောင်း ကောင်းကောင်းမိနေပါသည်။ ဆိုပါစို့။ မာရီဝယ်သာသည် ထိုတစ်စုံတစ်ရာကိုတွေ့မြင်ပြီး ဂျနစ္စကို ကူညီရန် ကြိုးပမ်းခဲ့သည်ဆိုတစ်ချက်ရှိပါသေးသည်။ အမှုစစ်အရာရှိက လေးနက်ကန်စွာ သုံးသပ်လျက် သတင်းထုတ်ပြန်ပေးခြင်းမရှိသော်လျှို့ဝှက်ချက်မှာ ဂျနစ္စမာရီဝယ်သာ၏လျှာကို အရင်းမှ ထုတ်ပစ်ခြင်း ခံထားရသည်ဟူသောအချက် ဖြစ်ပါ၏။

ကျော်ကျော်

50 Ghost stories စာအုပ်မှ *W.K Mashburn* ရေးသားသော *The Garret of Madame Lemoyne* ကို ဘာသာပြန်ခြင်း ဖြစ်ပါသည်။

စိတ်မနောဒာရုံ အကြားအမြင် လက္ခဏာ

ဆရာမကြီး ဒေါ်အေးမိုးမိုး၏သမီး

ဆရာမထက်ဦးခိုင် သိပ္ပံလက္ခဏာဗေဒပညာ

(ဂ)ရက်သားသမီးအပေါင်းတို့မှာ ဖြစ်ပေါ်တတ်သည့် ပညာရေး၊ စီးပွားရေး၊ အချစ်ရေးနှင့် အိမ်ထောင်ရေး၊ အမည်ပေးခြင်း၊ ကလေးအမည်ပေးခြင်း၊ ဆိုင်အမည်ပေးခြင်း၊ အိမ်၊ ခြံ၊ ကား တိုက်ခန်း၊ မြေကွက်၊ ကောင်းရန်၊ ဝယ်ရန်နှင့် ရာထူးတိုးရန်အတွက် ပြောင်းရွှေ့မင်္ဂလာရွေးခြင်းနှင့် အခြားသောကိစ္စအဝဝ အားလုံးတို့ကိုပါ ဆရာမက မေတ္တာ၊ ဓေတနာ ရွှေထားပြီး "အယူး" စီစဉ် ဆောင်ရွက်ကူညီပေးနေပါသည်ရှင်..

အားလုံးသောသူအပေါင်း ကိုယ်ရော စိတ်ပါ ကျန်းမာပြီး ချမ်းသာကြပါစေ...

မဟာဝိဇယဘုရား အနောက်ဘက်မုခ်၊ လိပ်ကန်အနီး၊ ဆိုင်ခန်းအမှတ်(၂)၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။ (တာနလ်ာနေ့တိုင်း နားသည်) Ph : 09 730 27732 , 09 253 361 368

www.burmeseclassic.com

ကမ္ဘာကြီးကို အနိုင်ယူတိုက်ခိုက်ခြင်း

ဝါဆိုလပြောင်း မိကျောင်းဖွေးဖွေး မိုးအေးအေးနှင့်၊
ဝါခေါင်တစ်ကြောင်း ထနောင်းကြောင်ခြစ်၊
ဆူးရစ်ပွင့်ကာ မိုးမရွာ၊
ရွာပါသော်လည်း မိုးမစဲ။

ထိုစာညွှန်လေးက အညာဒေသရာသီကို ညွှန်းထားသကဲ့သို့ရှိ၏။

ဝါဆိုလရောက်ပြီဆိုလျှင် မိကျောင်းနွယ်ပင်လေးများသည် ချောင်းရိုးကမ်းပါး တစ်ဖက်တစ်ချက်တွင် ပေါက်နေသည့် ချဉ်များပေါ်၌ ဖွေးဖွေးဖြူစွာ ပွင့်ကြသောကြောင့်ဖြစ်၏။

စစ်ကိုင်းတိုင်းဒေသကြီး၊ ယောလေးဒေသ၊ ပုလဲမြို့နယ်၊ အိုင်းမှမှ နဂါးလယ် ကျွန်းစိုက်ခင်းသို့သွားရာ လမ်းဝဲ,ယာတို့တွင် တွေ့နိုင်ပါ၏။

နဂါးလယ်သည် သစ်တောဦးစီးဌာနလက်အောက် သစ်ကြိုးဝိုင်းအတွင်း၌ရှိပြီး တောလိုက်သူများ မျက်စိကျစေသည့် နယ်မြေလေးဖြစ်၏။

တောကောင်ကြီးများမရစေကာမူ ဟင်းစားအတွက် စားကျက်ဖြစ်နေ၏။ ထိုနေ့က မိုးမရွာပါ။

သုံးယောက်သော ထိုသူများသည် အိုင်းမှမှ နဂါးလယ်သို့ လာနေကြ၏။ အိုင်းမှမှ ကံရွေ၊ သက်ကယ်ချင်းမှ ဘနိုင်နှင့် ဆယ်ကြီးမှ ချိုအေးတို့ ဖြစ်၏။

ဘနိုင်မှာ မုဆိုးတစ်ပိုင်းဖြစ်ပြီး ကံရွေနှင့် ချိုအေးတို့က ဟင်းဇားရရန် လိုက်လာကြခြင်း ဖြစ်လေသည်။

"ဗဒတ်ရရင် ငါ့ကို အရင်ပေးနော် ဘနိုင်"

ဗဒတ်စာများပွင့်နေသောအခင်းကို တွေ့လိုက်သည်။

www.burmeseclassic.com

ကံရွှေက စကားဦးသန်းလိုက်၏။

'ကြိုမတောင်းနဲ့ကွာ၊ ငါမကြိုက်ဘူး'

'ဗဒတ်ရလိုက်ရင် မီးကင်ပြီး နှိကြန့်ကြန့်လေးကို ထန်းရည်နဲ့မြည်းဖို့ ပြောတာပါ'

'ပြောပြန်ပြီလား။ ဟင်းစားရဖို့ မင်းလိုက်လာတာ မဟုတ်လား။ ငါရတဲ့ဟာကိုယူ'

'ကံရွှေကလည်းကွာ၊ ဘနိုင် မကြိုက်တာ မပြောနဲ့ပေါ့'

ချိုအေးက ဝင်ဟန့်လိုက်ရ၏။

'အကောင်ကြီးရလေ ကောင်းလေပဲ'

ပြောဖြစ်အောင်ပြော၍ ဗဒတ်စာများပွင့်နေသော ထိုအခင်းထဲသို့ ဝင်သွား၏။

ဗဒတ်စာများပွင့်လျှင် ဗဒတ်များ ရောက်လာသည်ကို သူသိထားသောကြောင့်ဖြစ်၏။

ချိုအေးက လိုက်မည်ပြုသော်လည်း ဘနိုင်က ဆွဲထားပြီး စောင့်ကြည့်နေကြ၏။

ကံရွှေ အတန်ငယ်ရှာသော်လည်း တစ်ကောင်မှမတွေ့ရဘဲ ရှိနေ၏။

'လာ..ကံရွှေ၊ မတွေ့ဘူးမဟုတ်လား'

'ဟုတ်တယ်ကွ'

'အဲဒါ မင်းပါးစပ်သရမ်းလို့ တို့ ဗဒတ်ရှာထွက်လာတာမဟုတ်ဘူး၊ တောလိုက်လာတာ။ သွားကြမယ်'

သူတို့သည် နဂါးလယ်သို့ ထွက်ခဲ့ကြ၏။

'ဟော့..ဟိုမှာ ဝက်ကလေး'

'ငါသိတယ် ကံရွှေ၊ မင်းမပြောနဲ့'

ချုခပ်ထူထူအနီးတွင် ဝက်လေးအား တွေ့နေရ၏။

'ဗဒတ်မရတော့လည်း ဝက်သားစားရသေးတာပေါ့'

ဘနိုင်က ကံရွှေအား မျက်စောင်းထိုးကြည့်နေ၏။ ဝက်လေးသည် ချုထဲသို့ တိုးဝင်သွားသည်ကို တွေ့လိုက်ရ၏။

'ကဲ..မင်းတို့ ဝိုင်းထားကြ'

ကံရွှေတို့ လူခွဲ၍ နေရာယူထားလိုက်ကြ၏။

ဘနိုင်သည် တူမီးသေနတ်ကို သူပခုံးသို့ ပြန်လွယ်လိုက်ပြီး ဝါးချွန်တံကိုကိုင်၍ ခြေဖွလျက် ချုနားသို့ ကပ်သွားလေ၏။

ကံရွှေသည် ဝါးခုတ်စားကောက်ကြီးကိုကိုင်၍ အသင့်အနေအထားဖြင့် စောင့်နေလိုက်၏။

ဘနိုင် အနီးကပ်ပြီး ဝါးချွန်ဖြင့် ဝက်တင်ပါးကို ထိုးစိုက်လိုက်၏။

'ဝူး'

'ဝူး..ဝူး'

ကျယ်လောင်သော အသံကြီးနှင့်အတူ ဝက်ကြီးတစ်ကောင်နှင့် ဝက်လေးများ ချုအတွင်းမှ ကံရွှေဆီသို့ ပြေးထွက်လာသဖြင့် ကံရွှေ မည်သို့လုပ်ရမှန်းမသိ ဖြစ်ရတော့၏။

'ဝူး..ဝူး'

လျင်မြန်စွာရောက်လာသဖြင့် ဓားမကြီးကိုရမ်းကာ နောက်သို့ဆုတ်လိုက်သောအဖြစ်ကြောင့် ကံရွှေ ပက်လက်လန်လဲကျသွားလေ၏။

ထိုအဖြစ်သည် အရှိန်ဖြင့်ထိုးဝင်လာသော ဝက်ကြီးကို ရှောင်လိုက်သလိုရှိသွားပြီး ပွတ်သီခါသီ လွဲချော်သွားခဲ့ရ၏။

ချက်ချင်းပြန်မထနိုင်သေးဘဲ ကြောက်စိတ်များဖြင့် တုန်လှုပ်စွာရှိနေ၏။

ဘနိုင်သည် ဝါးချွန်တံကို ပစ်ချလိုက်ပြီး တူမီးသေနတ်ကိုကိုင်၍ ဝက်များနောက်သို့ လိုက်သွား၏။

'တော်သေးတာပေါ့ ကံရွှေရာ။ မင်း အရှောင်ကောင်းလိုက်လို့'

ချိုအေး ရောက်လာပြီး ထူပေးနေ၏။

'ကြောက်ကြောက်နဲ့ လဲကျသွားတာကွ'

'ဘာပဲဖြစ်ဖြစ် မင်းက်ကောင်းသွားတယ်။ အဲဒါ ဝက်ကြီး ပက်သွားတာ။ မလွယ်ဘူးနော်'

ဘနိုင် မောကြီးပန်းကြီးနှင့် ပြန်ရောက်လာ၏။

'မမီလိုက်တော့ဘူး၊ လွတ်သွားပြီကွ'

'ဟုတ်လား'

'ငါ သတိလက်လွတ်သွားတာပါကွာ။ ဝက်လေးတွေ ရှိရင် ဝက်မကြီးရှိရမယ်ဆိုတာ မေ့သွားလို့ ငါ့အမှားပဲ'

ကံရွှေ ကြောက်ရွံ့ဆဲသာရှိနေ၏။

'ဒီကောင်စကားတွေ နားစွင့်လိုက်မိလို့။ တို့ နေရာပြောင်းမယ်'

'ဘယ်ကိုလဲ'

'စိုင်တလင်းပြန့်ဘက် သွားမယ်'

စိုင်တလင်း ပြန်ရောက်သည်နှင့် ခွေးဟောင်သံများကြားနေရ၏။ ခွေးရှိလျှင် သာဌေးရောက်နေမည်သာဖြစ်၏။ နေသာရွာမှ သာဌေးသည် ခွေးများဖြင့်သာ အမဲလိုက်

www.burmeseclassic.com

www.burmeseclassic.com

ဘတ်သူဖြစ်၏။ အဝေးကပင် တွေ့နေရ၏။

ကုန်းလေးတစ်ကုန်းပေါ်တွင် သူခွေးနှစ်ကောင်က ဘီဒီသို့ အနံ့လိုက်ခံနေသဖြင့် သာဌေးက စောင့်ပေးနေ၏။

ခွေးနီမကြီးက မြေကြီးများကို ကုတ်ခြစ်ဆွနေသကဲ့သို့ ခွေးညိုလေးသည် ဂယ်ပေါက်ကို အနံ့ခံချောင်းမြောင်းနေ၏။

ဂယ်ပေါက်သည် ဖွတ်၊ ဗဒတ်များ လျှို့ဝှက်စွာထွက်ပြေးတတ်ကြသော လမ်းအပေါက်ဝဖြစ်၏။

ဘနိုင်တို့ ရောက်လာသဖြင့် သာဌေးက နေဦးဟုမျက်စိပြကာ အနီးရှိ ဝါးပင်မှ ဝါးကိုင်းဝါးရွက်ကို ခူးနေ၏။

ထိုဝါးကိုင်းဝါးရွက်များနှင့် ဂယ်ပေါက်ဝကို အုံထားသိုက်လျှင် ဖွတ်၊ ဗဒတ်များ ထွက်ပေါက်မရဘဲ ရှိကြ၏။

သာဌေးသည် ဗဒတ်ကြီးဟုဆိုကာ ခွေးနီမကြီးတို့ရှာဖွက်သွား၏။

'တွေ့လား၊ ဗဒတ်ကြီးတဲ့ကွ။ ကြီးကြီးရတော့ ပိုကောင်း'

ကံရွှေက စကားဦး သန်းလိုက်၏။ 'ပြောပြန်ပြီလား' ဟု ချိုအေးက မကျေမနပ်ကြည့်နေ၏။ ကံရွှေသည် ဓားကောက်ကြီးကိုင်၍ သာဌေးနောက်သို့ လိုက်သွား၏။

သာဌေးက ညှိုလေးအနံ့ခံရာ ဂယ်ပေါက်ဝကို ဝါးရွက်များအုံလိုက်ပြီး စောင့်နေသော်လည်း ခွေးနီမကြီး ကုတ်ခြစ်နေရာဘက်မှ မြေကြီးများအုံကြွလာရာမှ ဗဒတ်ကြီးထွက်လာတော့၏။

တစ်ပေခန့်ရှိ ထွားကြိုင်းသည့်ဗဒတ်ကြီးကို တွေ့လိုက်ရသဖြင့် ကံရွှေက သူ့ဓားကောက်ကြီးနှင့် လှမ်းပေါက်လိုက်၏။

ဗဒတ်ကြီးကိုမထိဘဲ နောက်မှလိုက်သော ခွေးနီမကြီးနှုတ်သီးကို မှန်လိုက်သောကြောင့် တဂိန်ဂိန်အော်၍ ကျန်ရစ်ခဲ့ရ၏။

ကံရွှေနှင့် သာဌေး ပြဿနာတက်ကြလေ၏။

ဘနိုင် ရောက်လာပြီး ဝိုင်းတောင်းပန်သောကြောင့် တအိအိဖြင့်အော်နေသော ခွေးနီမကြီးကိုပို့က်၍ သာဌေးထွက်သွား၏။

'ငါပါလာလို့ပေါ့ ကံရွှေရာ။ မဟုတ်ရင် မင်း သာဌေးလက်ချက်နဲ့ တွေ့သွားမယ်။ သူခွေးထိ သူ မခံဘူး'

'ဒီကောင်ပါးစပ်ကိုက မနေနိုင်မထိုင်နိုင်။ ဟင်း..'

ချိုအေးက ဝင်ငေါက်နေလိုက်၏။

'ကဲ..တို့ ပြန်လှည့်တာပဲကောင်းတယ်'

စိတ်ပျက်သွားသော ဘနိုင်၏နောက်မှ ကံရွှေတို့လိုက်လာခဲ့ကြရာ သရက်ချောက်သို့ ရောက်လာကြ၏။

'ကလုံး..ကလုံး..ကလုံး'

ကမ်းပါးပေါ်မှ ထန်းသီးလုံးခန့် ခဲလုံးကြီးတစ်လုံး လိမ့်ဆင်းလာသည်ကို တွေ့လိုက်ရ၏။

ကြည့်လိုက်သောအခါ လိပ်တစ်ကောင်ဖြစ်နေ၏။

'ဒါ ကုန်းလိပ်ကွ။ ရေလိပ်က သူ့ထက်ပိုကြီးတယ်'

'သေးလည်း စားလို့ရတာပဲဟာ'

'မယူချင်စမ်းပါနဲ့ ကံရွှေရာ'

'ဟ..ဟင်းစားရဖို့ပဲ အရေးကြီးတယ်'

'မင်းကပြောရင် နားလည်းမထောင်ဘူး။ ဒီအသားမျိုးစားတာကို ဒီတောပိုင် ဒီတောင်ပိုင်တွေက မကြိုက်ဘူးကွ'

ကံရွှေသည် မည်သို့မျှထပ်မကွန့်ဘဲ ဘနိုင်တို့မသိအောင် သူ့လွယ်အိတ်လေးထဲတွင် ငှက်ယူလာခဲ့၏။

'ကံရွှေ'

'ဟေ'

'အထက်သရက်ပင်လှည်း တံတားကူးရောက်ရင် မင်းပြန်တော့'

'မင်းပြန်ဆိုဟော့လည်း ပြန်ရဲပဲပေါ့ကွာ'

သူတို့သည် စသာချောင်းဘေးမှ ဆက်လာခဲ့ကြလေ၏။

'ဟေး..ဒီမှာ ဘာခြေရာတွေ မသိဘူး'

ချိုအေးက လှမ်းအော်ပြောလိုက်၏။

ဘနိုင်တို့ လှည့်လာပြီး ကြည့်လိုက်ကြ၏။

ခြေလှမ်းအကွာ တစ်ပေကျော်ကျော်ရှိပြီး မှိုးသူးခေါ်အမြီးအရင်းပိုင်းက လေးလက်မသာသာ လုံးပတ်ရှိမည်ဟု ခန့်မှန်းရသော ဖွတ်ကြီးသွားထားသည့်ခြေရာကို တွေ့ရ၏။

'ဒါ မကြာသေးခင်က ဖွတ်သွားထားတဲ့ ခြေရာပဲကွ။ ဒီအနီးအနားမှာပဲ ရှိရဦးမယ်ကွာ။ လာရာကြရအောင်'

ပြောပြောဆိုဆို ဘနိုင်က ဖွတ်တိုးပေါက်ကို လိုက်ရှာသဖြင့် ကံရွှေတို့က ဘေးမှရပ်လိုက်သွားကြ၏။

'ဝုန်း..ဝုန်း..ဝုန်း'

အသံနှင့်အတူ မည်သည့်နေရာက ပြေးထွက်လာမှန်းမသိသော ဖွတ်ကြီးသည် စသာချောင်းထဲသို့ ခုန်ဆင်းထွက်ပြေးသွားသဖြင့် ချောင်းထဲသို့ ဆင်းလိုက်ကြရပြန်၏။

ချောင်းအထက်နှင့် အောက်ကို ခွန်ဆောက်က ပိတ်

www.burmeseclassic.com

www.burmeseclassic.com

ထားပြီး ကံရွှေက အလယ်တွင် ရှာနေ၏။

ကံရွှေသည် ရွှံထဲတွင် ပျော့ပျော့အရာကြီးတစ်ခုကို တက်နင်းမိလိုက်သဖြင့် ဆွဲတင်လိုက်၏။

လုံးပတ်လက်သီးဆုပ်ခန့်တုတ်ပြီး အရည်တစ်ပေခန့် ဖွတ်ကြီးအမြီး ဖြစ်နေ၏။

'ဟာ..ဖွတ်ကြီး..ဖွတ်ကြီး'

ပြေးမလွတ်ရန် အမြီးအထက်ပိုင်း နောက်ခြေနှစ်ဖက်သို့ ပြောင်းရွေ့ကိုင်လိုက်ရာ ဖွတ်ကြီးသည် အမြီးနှင့်ရိုက်ပြီး နောက်ခြေနှစ်ဖက်ဖြင့် ရုန်းကန်၍ ရွံများဖြင့် ချောနေသည့် သူ့ကိုယ်လုံးကို အလွတ်ရုန်းထွက်ပြေးသွားတော့၏။

'လွတ်သွားပြီကွ၊ လွတ်သွားပြီ'

ရေထဲပြန်ရောက်သွားသော ဖွတ်နောက်သို့ လိုက်ကြရပြန်၏။

လျင်မြန်သောဖွတ်ကြီးသည် ငုပ်လျှိုးရာမှ ဆယ်ပေခန့် အကွာ ချောင်းကမ်းဘေးရှိ (ရေချိုခေါင်း) ရေဖြတ်သန်းဝင်ပေါက် လိုဏ်ခေါင်းပေါက်အတွင်းသို့ ဝင်သွားသောကြောင့် လက်လျှော့လိုက်ရ၏။

'မိုက်ပါ့ကွာ ကံရွှေရာ။ မိလျက်သားနဲ့ လွတ်သွားရတယ်လို့ကွာ'

'ငါလည်းဖမ်းတာပဲ ချိုအေးရ။ ငါသာဆို မိပြီ။ မင်းအသုံးမကျလို့ ကံရွှေ ဘာမှမပြောနဲ့။ ချိုအေး ဒီကောင် တောမကြိုက် တောင်မကြိုက်တာတွေ လုပ်ထားလို့'

ဘနိုင်က ချိုအေးအား လှမ်းပြောလိုက်ပြီ။

နေကို မော့ကြည့်လိုက်၏။

'တို့ လမ်းခွဲတာပဲကောင်းမယ်'

'မင်းပါလာလို့ပဲ ကံရွှေ'

'ရပါတယ်ကွာ။ ငါ့မှာ ဟင်းစားတော့ ရခဲ့ပါသေးတယ်'

'ဘာကွ'

'လိပ်ကလေး..လိပ်ကလေး၊ ကုန်းလိပ်ကလေးလေ'

ကံရွှေသည် သူ့လွယ်အိတ်ကိုပြလိုက်ပြီး အိတ်အတွင်းသို့ နှိုက်လိုက်၏။

'ဟာ..ငါ့လိပ် ဘယ်ရောက်သွားလဲ။ လုပ်ပါဦး'

'ဟားး..ဟားး..ဟားး..ငါ ဘာမှမပြောတော့ဘူး ကံရွှေ။ နောက်တစ်ခါ မင်း တို့နဲ့ မလိုက်နဲ့။ ချိုအေးကိုပဲ မင်းအတွက် ဟင်းစားပေးလိုက်တော့မယ်။ သိပြီလား'

ကံရွှေ ပြန်မပြောသာပဲ ရှိနေ၏။

'တို့က သက်ကယ်ချင်းနဲ့ ဆယ်ကြိုးပေါက်ပြန်ရမှာ မင်းဘာသာပဲ ပြန်တော့'

'အေး'

ကံရွှေ အိုင်းမသို့ ပြန်ခဲ့ရတော့၏။

ဖလန်ပင်ရွာကိုကွင်း၍ သွက်သွက်လေးလျှောက်ခဲ့ရာ ရွာအစွန်၌ ဝက်ကြီးတစ်ကောင်ကို ဖျက်နေသော ရွာသားများကို တွေ့ရသဖြင့် ရပ်ကြည့်လိုက်၏။

ထိုလူအုပ်ထဲတွင် အိုင်းမမှ သန်းစိန်ကို တွေ့ရ၏။

'ဟာ..ကိုကံရွှေပါလား။ အတော်ပဲဗျာ၊ ကျွန်တော်နဲ့ အတူတူပြန်ကြတာပေါ့။ ဦးသော်အလှူအတွက် ဝက်သားလာယူတာ။ ခဏလေးပါ'

'ရပါတယ်ကွာ'

ကံရွှေ အမောဖြေနေ၏။

လုပ်ကိုင်ဝေခြမ်းနေကြရသဖြင့် မိုးချုပ်စပြုလာ၏။ သန်းစိန်သည် သူ့အတွက် ဝက်သားတွဲဆိုင်းများကို တွဲလောင်းချည်လျက် ကမန်းကတန်းထွက်လာ၏။

'သွားစို့ ကိုကံရွှေ'

ဝက်သားတွဲဆိုင်းများကိုဆွဲ၍ ထွက်လာခဲ့ကြ၏။

'ဒီအချိန်ပြန်ရတာဆိုတော့ ကြောက်ကြောက်ပဲဗျ'

'ဘာဖြစ်လို့လဲ'

'အသားစိမ်းတွေပါလို့လေ။ အချို့ကွင်းတွေက မကြိုက်ကြဘူးမဟုတ်လား'

'ငါ ပါသားပဲကွာ'

'ကျေးဇူးတင်ပါတယ်ဗျာ။ အိုင်းမရောက်ရင် ခင်ဗျားကို အရက်အဝတိုက်မယ်'

အမှောင်ရိပ်များ သန်းလာနေ၏။

သူတို့သည် ဖြတ်လမ်းကိုရွေး၍ သွားနေကြ၏။

သန်းစိန် ဆွဲလာသော ဝက်သားတွဲဆိုင်းများသည်

www.burmeseclassic.com

အောက်မှဆွဲလိုက်သကဲ့သို့ တုံ့ခနဲ၊တုံ့ခနဲ ဖြစ်ဖြစ်နေ၏။

'လုပ်ပါဦး ကိုကံရွှေ'

'ဘာလဲကွ'

'ဒီအချိန်မျိုး သားစိမ်းငါးစိမ်းတွေ ပါလာလို့လားမသိဘူး။ လိုက်တောင်းနေကြပြီရဲ့တူတယ်'

'မဟုတ်တာဘဲကွာ'

ကံရွှေက အောက်သို့ကြည့်လိုက်၏။

တွဲလောင်းကျနေသော အသားတွဲဆိုင်းသည် ကျပ်ရိုင်းဝင်များ၏ အရွက်ကြမ်းများနှင့် ငြိတစ်ချက် လွတ်တစ်ချက် ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

'ကျပ်ဝင်ငြိတာပါကွာ'

'ညော့..ကွင်းပိုင်နယ်ပိုင်တွေဆိုတာ သူနေရာနဲ့သူရှိနေတယ်မဟုတ်လား'

'မင်းက ကြံဖန်တွေးတယ်'

'ဟော..ဆွဲပြန်ပြီ'

သန်းစိန်က ဟိုဟိုဒီဒီလျှောက်ကြည့်နေ၏။

'လိုက်တောင်းနေကြတာလားမသိဘူး'

'မဟုတ်တာဘဲ'

'အို..ဘာပဲဖြစ်ဖြစ် သူတို့အကြိုက်လုပ်ပေးဦးမှပဲဖြစ်မယ်'

'ဘာလုပ်ဦးမလို့လဲကွာ'

သန်းစိန်သည် မည်သို့မျှပြန်မပြောတော့ဘဲ အသင့်ပါသောဓားဖြင့် ဝက်သားကို အတုံးလေးများလှီးဖြတ်ပြီး ပတ်ဝန်းကျင်အနှံ့ ပက်လိုက်၏။ ထို့နောက် ပါးစပ်မှလည်း တိုးတိုးရွတ်ဆိုနေ၏။

ကံရွှေက စောင့်ပေးနေရ၏။

'ကဲ..ကိစ္စမရှိတော့ဘူး။ သူတို့အကြိုက် လုပ်ပေးလိုက်ပြီ။ သွားမယ်'

သူတို့ ခပ်သုတ်သုတ်လာခဲ့ကြရာ အိုင်းမသို့ မိုးချုပ်ခါနီးမှ ရောက်၏။

'ကိုကံရွှေ အိမ်ကစောင့်နေနော်။ ကျွန်တော် ဒါတွေပို့ပြီးတာနဲ့ အရက်ဝယ်ပြီး လာခဲ့မယ်'

'အေးပါ'

'တစ်ခုတော့ပြောမယ်။ ကျွန်တော်က အရက်သောက်ရင် အမြည်းပါမှ သောက်တတ်တယ်ဗျ။ အမြည်းတော့ လုပ်ထားနော်။ ဒါပဲ'

'အေးပါ'

ရွာထိပ်တွင် လမ်းခွဲလိုက်ကြ၏။

အမြည်းအတွက် ကံရွှေ ခေါင်းခဲရတော့၏။

ယနေ့တောလိုက်ခဲ့သော်လည်း ဟင်းစားလေးပင် မရခဲ့ပေ။ တစ်ခုတော့ရှိသည်။ ကြွက်ထိုးသမား သောင်းညွှန့်ဆီကြွက်သွားတောင်းလျှင် တစ်ကောင်လောက်တော့ ရနိုင်ကောင်း၏။

ခေါင်းငိုက်စိုက်ဖြင့် အိမ်သို့ဝင်လိုက်ရာ အမှောင်ထဲတွင် ပိုးစုန်းကျူးအလင်းမှဆောင်သော အလင်းရောင်လေးတွေ့လိုက်ရသဖြင့် ကြည့်လိုက်မိ၏။

'ဟာ..စားဖားကြီးပါလား။ ဘယ်လိုရောက်နေပါလိမ့်'

ဖားအောက်ကြီးတစ်ကောင် သူ့အား မျက်လုံးပြူးပြီးကြည့်နေလေ၏။ အတော်ပဲ၊ ဓားကောက်ဖြင့် ပေါက်၍ အမြည်းလုပ်လိုက်တော့၏။ သန်းစိန် အရက်ပုလင်းများနှင့် ရောက်လာ၏။

'ဟန်ကျလိုက်လေ သန်းစိန်ရာ။ မင်း သိပ်ကံကောင်းတယ်။ အမြည်းရလိုက်ပြီကွ'

'ဟုတ်လား'

'ဒီနေ့တစ်နေကုန် ဟင်းစားရှာလိုက်သွားတာ ဘာမှမရခဲ့ဘူးကွ။ တွေ့ပေမယ့်လည်း မမိဘူး။ မိပြန်တော့လည်း လွတ်ထွက်သွားတယ်။ ဘာမှန်းမသိဘူး။ ဘနိုင်က ပြောတော့ သူ မကြိုက်တာ ငါလုပ်လို့တဲ့။ တောစောင့်တောင်စောင့်တွေ မကြိုက်တာ ငါလုပ်လို့ဆိုပဲ။ ဟင်း'

'ဟုတ်ရင်လည်း ဟုတ်နေမှာပေါ့ဗျ'

'ဘာကွ'

'အခုကြည့်ပါလား။ ကျွန်တော်တို့အပြန် ကွင်းပိုင်အကြိုက်၊ နယ်ပိုင်အကြိုက် လုပ်ပေးခဲ့လို့ သူတို့က အမြည်းပြန်ပေးတာ မဖြစ်နိုင်ဘူးလား'

'ဟေ'

တစ်နေကုန်တစ်နေခန်း ဟင်းစားရှာမရခဲ့ရသော ထိုအဖြစ်နှင့် ယခု အမြည်းရလိုက်သော ဤအဖြစ်တို့သည် မည်သို့ဆက်စပ်မှုရှိနေသည်ကို ကံရွှေတွေးတောကြည့်နေမိ၏။

'ကိုကံရွှေ..ဘာတွေစဉ်းစားနေတာလဲဗျာ။ သောက်လေဗျာ။ အရက်တွေ သိုးကုန်တော့မယ်'

သန်းစိန်က အရက်ငှဲ့ပေးနေ၏။

ကမ္ဘီရ-လူမော့

www.burmeseclassic.com

အချိန်ကာလအားဖြင့် တန်ခူးလသို့ပင် ရောက်ခဲ့ချေပေါ့။ တစ်နည်းပြောရလျှင် နှစ်သစ်ကူးသည့် အတာသင်္ကြန်ပင် ဖြစ်ပါသည်။ မြန်မာလူမျိုးတို့က အခါသင်္ကြန်တွင် ပျော်ကြရွှင်ကြ၊ ကကြခုန်ကြနှင့် ဆင်နွဲကြမည်မှာလည်း အမှန်။ ကာလသားယောကျ်ားများကမူ ပျော်ရွှင်ကခုန်ရုံနှင့်ပင် မဟုတ်ပါလေတော့၊ အပျော်အပါးအား တွန်းအားပေးသည့်အနေဖြင့် သောက်ကြစားကြပေဦးမည်လေ။ တော်ရုံတန်ရုံသောက်စားကြလျှင်တော့ အကောင်းသား၊ အပျော်အပါး ကြီးထွားလာသည်နှင့် အန္တရာယ်ကလည်း ကြီးမားလှပါဘိတော်။

ထိုသို့သောက်စားပြီး ပျော်ရွှင်တတ်ကြသည်ကို ကျော်ကိုကိုအနေဖြင့် မနှစ်သက်ပါချေ။ နောက်ပြီး သင်္ကြန်ရက်များ၌ အများသူငါ ကကြခုန်ကြ တီးကြမှုတ်ကြနှင့် အသံဗလံတွေကလက်ပွက် ကျွက်ကျွက်ညံနေပေလိမ့်ဦးမည်။

ကျော်ကိုကိုအနေဖြင့် မပျော်တတ် မရွှင်တတ်၍တော့မဟုတ်။ သို့လင့်ကစား အပျော်မှ အန္တရာယ်ဖြစ်လာမည်ကိုတော့ ကြောက်သည်လေ။ နောက်တစ်ချက် ကလည်း ရှိထားပြန်သည်။ ထိုအချက်က သူ့အတွက် ပျော်ရွှင်မှုကို အားအင်ချည့်နဲ့

အလင်္ကာသုရ

လူသတ်တဲ့ကြိုး

စေပါသည်။ ပြောရလျှင် အတာသင်္ကြန်ဝယ် ကိုယ့်ချစ်သူနှင့်အတူ ရေကစား ရခြင်းသည် ထူးခြားစွာ ကြည်နူးစရာ အကောင်းဆုံးအချိန်ပင် မဟုတ်ပါလား။ သို့ရာတွင် ယှဉ်တွဲပျော်ရမည့်ချစ်သူဟူ၍ သူ့မှာမရှိ။ ထို အကြောင်း အချက်ကပင်လျှင် နှစ်သစ်သင်္ကြန်ပွဲအား ဆင်နွဲရန် သူ ဆန္ဒမရှိပါလေတော့။ နောက်ဆုံး၌ နှစ်သစ်သင်္ကြန်အား စာရေးခြင်းဖြင့် ကြိုဆိုဂုဏ်ပြုတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိလေတော့သည်။

ဤဆုံးဖြတ်ချက်ကြောင့်ပင် သင်္ကြန်မတိုင်မီ ငယ်သူငယ်ချင်းရှိသော မြို့လေးတစ်မြို့ဆီသို့ ထွက်ခွာလာခဲ့လေတော့၏။ သို့ရာတွင် သူရောက်ရှိသွားချိန်၌ သူသူငယ်ချင်းမှာ မရှိတော့လေပြီ။ ထိုအတွင်း စိတ်မကောင်းဖြစ်မိသည်ကလွဲ၍ သူ ဘာမျှမတတ်နိုင်ပါတော့ချေ။ နောက်ဆုံး၌ ထိုမြို့လေးပေါ်ရှိ တည်းခိုခန်းတစ်ခုသို့ ဝင်ရောက်တည်းခိုရန်မှတစ်ပါး အခြားမရှိပါလေတော့။ ကျော်ကိုကိုက ဆုံးဖြတ်ချက်ချကာ တည်းခိုခန်းတစ်ခုဝယ် ဝင်ရောက်တည်းခိုခဲ့ရတော့၏။

သူတည်းခိုသည့် တည်းခိုခန်းမန်နေဂျာမှာ အမျိုးသမီးတစ်ဦးသာဖြစ်သည်။ မန်နေဂျာအမျိုးသမီးက သူနေရပ် လိပ်စာနှင့် အမည်အား မေးမြန်းစာရင်းရေးသွင်းရာမှ သူ စာရေးဆရာမှန်း

www.burmeseclassic.com

www.burmeseclassic.com

သွားသည်တွင် သူမ အမြဲတစေ နှစ်နှစ်ခြိုက်ခြိုက် ဖတ်ရှုခဲ့သော စာရေးဆရာတစ်ဦးဖြစ်နေသောကြောင့် သူ့အား အရေးပေးလျက် အကောင်းဆုံးအခန်းအား စီစဉ်ပေးခဲ့ရာသည်လေ။

"ဩော်...ဆရာက လက်စသတ်တော့ စာရေးဆရာပဲကိုး။ ပိုပြီးအဆင်ပြေချင်တော့ ဆရာဝတ္ထုတွေကို ကျွန်မက

သိပ်သဘောကျတာကလား။ ခုလို ကိုယ်ကြိုက်နှစ်သက်တဲ့ စာရေးဆရာနဲ့မှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံတွေ့ရတာ ကျွန်အတွက်တော့ သိန်းဆုပေါက်သလိုပါပဲရှင်။ ကျွန်မက တည်းခိုခန်းပိုင်ရှင် မန်နေဂျာဒေါ်မြသီတာပါ ဆရာ"

ကျော်ကိုကိုမှာ ဘာပြောရမှန်းမသိအောင် ဖြစ်သွားခဲ့ရသည်ကတော့ အမှန်ပင်။ ကိုယ့်အား နှစ်သက်သဘောကျသည့် စာဖတ်သူနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်တွေ့လိုက်ရသောအခါ မျက်နှာမထားတတ်အောင်ပင် ဖြစ်သွားရပါလေသည်။ မန်နေဂျာအမျိုးသမီးက သူ့အတွက် အကောင်းဆုံး အဆင်ပြေအောင် စီစဉ်ပေးခဲ့ရှာပါသည်။ သို့ရာတွင် သူ့အတွက် အဆင်မပြေပါ။ တည်းခိုခန်းမှာ သူထင်သလို လွတ်လပ်အေးချမ်းစွာ စာရေးနိုင်သည့်အခြေအနေတွင် မရှိပါလေခဲ့။ အဘယ်ကြောင့်ဟူမူ သူတည်းခိုသည့် တည်းခိုခန်းက ဈေးဖြင့် အလွန်နီးကပ်နေသဖြင့် သူ့စာရေးမှုအတွက် အနှောင့်အယှက်တစ်ခုလို ဖြစ်နေဘိတော့၏။

နောက်တစ်နေ့ဝယ် တည်းခိုခန်းမှထွက်၍ လမ်းလျှောက်ထွက်လာရာမှ မြို့လေး၏ အစွန်ဘက်သို့ ရောက်လာခဲ့တော့၏။

မြို့လေး၏ အစွန်တစ်နေရာဝယ် လူမနေသော အိမ်တစ်အိမ်အား တွေ့လိုက်ရပါလေ၏။ ထိုအိမ်မှာ သူတစ်ယောက်အတွက်ဆိုလျှင် ကြီးကောင်းကြီးနေသော်လည်း ပတ်ဝန်းကျင်အခြေအနေအရ သူ လွတ်လွတ်လပ်လပ် စာရေးနိုင်သောနေရာမျိုးသာ ဖြစ်နေသဖြင့် သူစိတ်ထဲမှ ထိုအိမ်အား ငှားနေထိုင်ရန် ဆုံးဖြတ်ချက်ကို ပြောင်းလဲလိုက်ပါလေတော့၏။

* * *

"ဆရာ...ဘာများဖြစ်လို့ တခြားကို ပြောင်းသွားချင်ရတာလဲရှင်။ ကျွန်မတို့တည်းခိုခန်းက ဆရာ့အတွက် ဘာများအဆင်မပြေတာများရှိနေလို့လဲ ဆရာ။ လိုအပ်တာကိုပြောပါ။ ကျွန်မ စီစဉ်ပေးနိုင်ပါတယ်ရှင်"

သူ အခြားပြောင်းတည်းခိုတော့မည်ဆိုတော့ တည်းခိုခန်းပိုင်ရှင် ဒေါ်မြသီတာဆိုသည့် အမျိုးသမီးက ပျာပျာသလဲ မေးရှာသည်။ ကိုယ့်တည်းခိုခန်းတွင် တည်းခိုသည့်ဧည့်သည် တခြားအိမ်ခန်း ပြောင်းနေမည်ဆိုတော့လည်း မန်နေဂျာအနေဖြင့်သော်လည်းကောင်း ပိုင်ရှင်အနေ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့်သော်လည်းကောင်း စိုးရိမ်ကြောင့်ကြခဲ့သည်ကတော့ အမှန်။

'အို..ဟို..ဒီမှာ နေရေးထိုင်ရေးက ဘာမှအဆင်မပြေစရာ မရှိပါဘူးလေ။ ဒါပေမဲ့ ကျွန်တော် ဒီမြို့လေးကို လာခဲ့တဲ့ အဓိကအကြောင်းက စာရေးချင်လို့ လာခဲ့တာပါ။ တည်းခိုခန်းက ဈေးနဲ့နီးနေတော့ ဆူညံသံတွေက စာရေးတဲ့ နေရာမှာ အနှောင့်အယှက်ဖြစ်လို့ စာရေးမရဘဲ ဖြစ်နေလို့ပါ။ ခုလို ပြောင်းရွှေ့တည်းခိုရတာကို ခွင့်ပြုပါနော်'

'ဩော်..ဟုတ်ပါရဲ့။ ဒီအချက်ကို ကျွန်မက သတိမထားခဲ့မိတာပဲကိုး။ ရပါတယ် ဆရာ၊ အားမနာပါနဲ့။ ဆရာ့မှာလည်း ကိုယ့်ရည်ရွယ်ချက်နဲ့ကိုယ်ဆိုတော့လည်း ဟုတ်ပါတယ်လေ၊ စာရေးတယ်ဆိုတာ ခုလို လူသွားလူလာများတဲ့ဈေးနဲ့ နီးနေတာကိုး။ ရပါတယ် ဆရာ၊ ဆရာ အဆင်ပြေသလိုသာလုပ်ပါ။ ကျွန်မတည်းခိုခန်းမှာ တခြားဘာအဆင်မပြေတာများ ရှိနေသလားလို့ မေးမိတာပါနော်။ စိတ်မရှိပါနဲ့ရှင်။ ဒါနဲ့ တခြားတည်းခိုခန်းတွေကလည်း မြို့ကလေးထဲမှာ ရှိနေလေတော့ ပြောင်းသွားရင်ရော အဆင်ပြေပါ့မလား ဆရာရယ်'

တည်းခိုခန်းပိုင်ရှင်မန်နေဂျာ ဒေါ်မြသီတာက စိတ်မကောင်းသည့်လေသံဖြင့် ကရုဏာသက်စွာ စကားဆိုလာပါသည်။ သူမ၏ မျက်လုံးအကြည့်များက ကျော်ကိုကို့အပေါ် ခင်မင်တွယ်တာလိုသည့် အရိပ်အယောင်လက္ခဏာများက အထင်းသားပေါ်လွင်နေချေသည်လေ။ သူမ စကားအဆုံးမှာပင် ကျော်ကိုကိုအား ဆက်မကြည့်ရဲတော့သလို မျက်လွှာချသွားတော့သည်။

'ကျွန်တော် တည်းခိုခန်းတစ်ခုမှာ ပြောင်းတည်းဖို့အစီအစဉ်မရှိပါဘူးခင်ဗျာ။ ဒီမြို့လေးရဲ့အစွန်မှာရှိတဲ့ အိမ်ကြီးတစ်အိမ်ကို ငှားနေဖို့စိတ်ကူးထားလို့ပါ။ ဩော်..ဒါနဲ့ အဲဒီမြို့အစွန်ကအိမ်ကြီးကို ငှားချင်ရင် ဘယ်သူ့ကို ဆက်သွယ်ရမလဲဆိုတာ ဒေါ်မြသီတာများ သိနိုင်မလား။ တစ်ဆိတ်သိရင် ကျွန်တော့်ကို လမ်းညွှန်ပေးပါလားခင်ဗျာ'

'ရှင်..မြို့အစွန်ကအိမ်ကြီးမှာ ဆရာက သွားနေမယ်။ ဟုတ်လား ဆရာ'

'ဟုတ်ပါတယ်။ အဲဒီအိမ်ကြီးကို ဒေါ်မြသီတာ သိတယ်မဟုတ်လား။ ကျွန်တော့်အတွက် အိမ်ကကြီးနေပေမယ့် ကျွန်တော် နေတတ်ပါတယ်လေ။ ကျွန်တော့်အတွက်တော့ အဲဒီအိမ်ကြီးက လွတ်လပ်တယ်လို့ထင်ပါတယ်။ နောက်ပြီး ပတ်ဝန်းကျင်မှာလည်း ကိုယ့်ဝိုင်းကိုယ့်ခြံနဲ့ဆိုတော့ တိတ်ဆိတ်ငြိမ်သက်လေတော့ စာရေးလို့ အသင့်လျော်ဆုံးနေရာလို့ပဲ ထင်ပါတယ်'

'ဖြစ်နိုင်မယ်ဆိုရင် ဆရာ အဲဒီအိမ်ကြီးမှာ သွားမနေစေချင်ပါဘူးရှင်။ ဒီအိမ်ကြီးက တကယ့်ကို..'

ဒေါ်မြသီတာက အံ့သြထိတ်လန့်သည့် အမူအရာဖြင့် မျက်လုံးပြူး မျက်ဆန်ပြူး တားနေပြန်လေသည်။

'နေပါဦး ဒေါ်မြသီတာရယ်၊ အဲဒီအိမ်ကြီးက တကယ်ကို အထီးကျန်ဆန်လွန်းတယ်လို့ ပြောမလို့လား။ ကျွန်တော်ကတော့ အဲဒီလို အထီးကျန်ဆန်နေတာကိုက သဘောကျစရာ ဖြစ်နေတာကလား။ ဟဲ..ဟဲ..ကျွန်တော်ကိုယ်တိုင်က အထီးကျန်တစ်ယောက်တည်းနေတဲ့ စာရေးဆရာတယောက်ဆိုရင်ရော ဒေါ်မြသီတာ ဘယ်လိုများပြောချင်သလဲ မသိဘူး'

ကျော်ကိုကိုက ထိုစကားလုံးကို ရုတ်တရက်ပြောထွက်မိလိုက်ပါလေတော့၏။ နောက်ပြီးမှ ထိုစကားလုံးသုံးလိုက်မိသည့်အတွက် မှားယွင်းရိုင်းစိုင်းရာများကျသွားလေပြီလားဟု အားနာစိတ်များ ဝင်ရောက်သွားရတော့သည်။ ကျော်ကိုကို စကားလုံးများကြောင့် ဒေါ်မြသီတာခမျာ ဒုတိယအကြိမ် မျက်လွှာချသွားပြန်သည်။

ခဏအကြာမှ မျက်နှာထားကို ပြန်ပြင်လိုက်ကာ-

'အင်း..ပြောပြရရင်တော့ ဆရာတို့လို စာရေးဆရာတွေက ယုံချင်မှယုံကြမှာ။ သို့ပေတဲ့ ကျွန်မလည်း ကြားဖူးနားဝ ရှိခဲ့တာပါ။ ဒီအိမ်ကြီးကို လူတွေ ငှားမနေကြတာ နှစ်ပေါင်းမနည်းမနောတောင် ကြာသွားပါပကောလား ဆရာ'

'လူတွေက ဘာဖြစ်လို့ ငှားမနေကြတာတဲ့လဲ ဒေါ်မြသီတာ။ အိမ်ငှားရမ်းခဈေးက ကြီးနေလို့လား။ ကျွန်တော်က ရက်ပိုင်းလောက်နေမှာဆိုတော့ အိမ်ပိုင်ရှင်က ငှားချလည်း ငှားမှာပေါ့'

'မဟုတ်ဘူး ဆရာ၊ အိမ်ပိုင်ရှင်က မငှားလို့လည်း မဟုတ်ဘူး။ ဈေးကြီးလို့လည်းမဟုတ်ဘူး။ အဲဒီအိမ်ကြီးကို အရင်က တရားသူကြီးတစ်ယောက် ငှားနေခဲ့တာ။ တစ်နေတော့ တရားသူကြီးဟာ အဲဒီအိမ်ကြီးထဲမှာ သူ့ကိုယ်သူ ကြိုးဆွဲချသေသွားတာကလား။ ဘာကြောင့် တရားသူကြီးဟာ သူ့ကိုယ်သူ ကြိုးဆွဲချသေသွားသလဲဆိုတာ ခုထိ သူမ သူမ ဒက်ထိအသေအချာ မပြောနိုင်ကြဘူး။ အဲဒီနောက်

www.burmeseclassic.com

www.burmeseclassic.com

ဆော့ ဒီအိမ်ကြီးကို ဘယ်သူမှ ငှားမနေကြတော့ဘူးဆရာ။ အများပြောတာကတော့ သေသွားတဲ့ တရားသူကြီးဟာ ကျောက်လွတ်ဘဲ အိမ်ကြီးထဲမှာရှိနေတယ်ဆိုပြီး ဘယ်သူမှ အဲဒီအိမ်ကြီးမှာ ငှားမနေကြတော့တာ။ ခုချိန်ထိဆိုပါတော့ ဆရာရယ်'

'ခုလို ကျွန်တော့်အပေါ်ကို စိုးရိမ်စိတ်နဲ့ အိမ်ကြီးကို ငှားမနေဖို့ အကြံပြုတာကို ကျေးဇူးတင်ပါတယ် ဒေါ်မြသီတာ။ ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့။ ဒါမျိုးတွေကို အယုံအကြည်လည်းမရှိဘူး။ ကျွန်တော့်အတွက်တော့ ဒီအိမ်ကြီးဟာ လွတ်လပ်တိတ်ဆိတ်တဲ့အတွက် စာရေးဖို့ အကောင်းဆုံး နေရာတစ်ခုမို့ ငှားနေဖို့ ဆုံးဖြတ်ချက်ချလိုက်ပါပြီ။ အိမ်ပိုင်ရှင်နဲ့သာ ကျွန်တော့်ကို တွေ့ပေးမယ်ဆိုရင် ဒေါ်မြသီတာကို အရမ်းကျေးဇူးတင်မိမှာပဲ'

'ကျွန်မ ဆရာ့အတွက် စိုးရိမ်ပါတယ်ဆရာ။ အကယ်၍သာ ဆရာနဲ့ကျွန်မ အမျိုးတော်စပ်မယ်ဆိုရင် သွားမနေဖို့ တားမြစ်မိမှာ အမှန်ပဲရှင်။ ဆရာ ထပ်စဉ်းစားပါဦးလားဟင်'

ဒေါ်မြသီတာက အမှန်တကယ်စိုးရိမ်စိတ်ဖြင့် တားမြစ်နေပုံရပါလေ၏။ သို့ပေမယ့် သူမ၏ ပြောလိုက်သော စကားလုံးများကိုပင် သူမ စဉ်းစားမိပုံမပေါ်ပါချေ။ ပြောပြီးမှ သူမစကားက အဘယ်မျှထိရောက်သွားသည်ကို နားလည်သွားဟန်ဖြင့် ပါးပြင်လေးနှစ်ဖက် နီမြန်းသွားသည်အထိ ရှက်သွေးဖြာသွားခဲ့ဟန်တူသည်။ စဉ်းစားကြည့်လေ၊ ရှက်သွေးဖြာမည်ဆိုလည်း ဖြာလောက်ပေသည်။ ကျော်ကိုကိုနှင့် သူမမှာ မတိမ်းမယိမ်းအသက်တွေ။ နောက်ပြီး အသက်အရွယ်ကလည်း နှစ်ဆယ်ကျော်ပတ်ဝန်းကျင်။

'ခုလိုစိုးရိမ်စိတ်နဲ့ တားမြစ်တာကို ကျေးဇူးတင်ပါတယ်ဗျာ။ ဖြစ်နိုင်ရင် အိမ်ပိုင်ရှင်ဆီ လိုက်ပို့ပေးပါလား'

ဒေါ်မြသီတာက ရီလဲ့နေသောမျက်လုံးများဖြင့် ကျော်ကိုကိုအားကြည့်ရင်း ခေါင်းညိတ်ပြလိုက်လေတော့၏။

* * *

'အင်း..နှစ်ပေါင်းအတော်ကြာမှ ဒီအိမ်ကြီးကို ရက်သတ္တပတ်လောက် နေချင်ပါတယ်ဆိုပြီး လာငှားတာဟာ ဒါ ပထမဦးဆုံးအချိန်ဖြစ်သလို အဲ့အြသဆုံး အဖြစ်အပျက်လို့ပဲ ဆိုရတော့မှာပေါ့လေ'

တည်းခိုခန်းပိုင်ရှင် ဒေါ်မြသီတာ ပို့ဆောင်တွေ့ဆုံပေးသဖြင့် ကျော်ကိုကိုက အိမ်ငှားလိုကြောင်း ပြောလိုက်သည်နှင့် အိမ်ပိုင်ရှင်ဖြစ်သူ ဦးဝင်းအောင်မြိုင်က မှတ်ချက်ချပြောဆိုလိုက်ခြင်းပင် ဖြစ်ပါ၏။

'အိမ်က မြို့ထဲနဲ့ အလှမ်းနည်းနည်းဝေးတဲ့အတွက် တိတ်ဆိတ်မှုက စာရေးဆရာအတွက် အကောင်းဆုံးအခွင့်အလမ်းတစ်ခု ဖြစ်လိမ့်မယ်ထင်ပါတယ်။ အိမ်မှာ လူမနေတာကြာတော့ နည်းနည်းတော့ ဟောင်းနွမ်းတဲ့အနေအထားကိုတော့ သည်းခံရလိမ့်မယ်ဗျို့။ စာရေးဆရာ နေချင်တဲ့အခန်းကို အလုပ်သမားနှစ်ယောက်လောက်လွှတ်ပြီး ရှင်းခိုင်းလိုက်ပါ့မယ်။ ခုလောလောဆယ်မှာတော့ ကျွပ်အိမ်မှာ စကားစမြည်ပြောရင်း နားနားနေနေပေါ့ဗျာ'

အိမ်ရှင်နှင့်တွေ့ဆုံပြီး အိမ်ခန်းငှားခနှင့်ပတ်သက်၍ မေးမြန်းကြည့်လိုက်ပြန်သည်။

'စာရေးဆရာ နေမှာက ရက်သတ္တပတ်နေမှာပဲလေ။ အိမ်ခန်းငှားခအတွက်တော့ ငွေရေးကြေးရေးမပြောပါနဲ့တော့ဗျာ။ ဒီအိမ်ကြီးမှာ စာရေးဆရာတစ်ယောက် လာနေဖူးသွားတယ်ဆိုတာ တစ်မြို့လုံးသိသွားခြင်းက အဖိုးအခပေးတယ်လို့ အောက်မေ့ပါတယ်လေ'

အိမ်ရှင်စကားကြောင့် ကျော်ကိုကိုက သူ့အား လိုက်ပို့ပေးသော ဒေါ်မြသီတာအား လှမ်းကြည့်လိုက်မိပါလေ၏။ ဒေါ်မြသီတာအနေဖြင့် ထိုပြောစကားအား သဘောမကျလေဟန် စိတ်မသက်မသာ ဖြစ်သွားပုံရပါလေ၏။

'ကျွန်မကို သွားခွင့်ပြုပါ ဆရာကျော်ကိုကို။ ခုလို ဆရာ စာရေးဖို့အတွက် အဆင်ပြေချောမွေ့သွားတာကို ဝမ်းသာမိပါတယ်ရှင်'

ဒေါ်မြသီတာက ပြောပြီးသည့်နောက် သူမ၏တည်းခိုခန်းရှိရာသို့ ပြန်သွားပါတော့သည်။ သို့တမင်ငြား သူမအနေဖြင့် အိမ်ကြီးတွင် ကျော်ကိုကိုတည်းခိုမည့်ကိစ္စအတွက် ဘဝင်ကျပုံ မပေါ်ပါချေ။ သူမအနေဖြင့် အကျိုးအကြောင်းဖြင့် တားမြစ်ခဲ့သည်မှလွဲ၍ အခြားဘာမျှမတတ်နိုင်ပါလေတော့။

'မမြသီတာက စာရေးဆရာ အိမ်ခန်းငှားတာကို သိပ်သဘောကျဟန် မတူဘူးနော်။ အင်းလေ..သူကလည်း ဒီမြို့သူဆိုတော့ အိမ်ကြီးအကြောင်း ကောလာဟာလ ကြားနားထားလို့နေမှာပေါ့။ ခင်ဗျားတို့က အတော်လေးရင်းနှီးကြသလား'

'ကျွန်တော် ဒီမြို့ကိုရောက်တာနဲ့ သူတည်းခိုခန်းမှာ တည်းခဲ့တာပါ။ ဒါပေမဲ့ သူတည်းခိုခန်းက သန့်ရှင်းသော

www.burmeseclassic.com

www.burmeseclassic.com

ရပ်ပေမယ့် ဈေးနဲ့နှိုးတော့ လူသံတွေကြောင့် စာရေးမရလို့ လူကြီးမင်းဆီကို လိုက်ပို့ပေးတာပါ။ ခုမှတွေ့ခဲ့ရတဲ့မိတ်ဆွေတွေ ဆိုပါတော့။ ပြောရရင် လူကြီးမင်းရဲ့အိမ်မှာ တရားသူကြီးရဲ့ဝိညာဉ်က အနှောင့်အယှက်ပေးနေတယ်လို့ ပြောနေကြပါကလား။ ဒါနဲ့ အဲဒီတရားသူကြီးရဲ့နာမည် ဘယ်လိုများ ခေါ်ပါသလဲ'

ကျော်ကိုကိုစကားကြောင့် အိမ်ရှင်ဖြစ်သူက ပြုံးလိုက်ပါလေ၏။

ပြီးလေမှ ရယ်ကျဲကျဲဖြင့်-

'ကျုပ်နာမည်က ဦးဝင်းအောင်မြိုင်ပါ။ အလုပ်ကတော့ ဟိုတုန်းက ရှေ့နေအလုပ်ကို လုပ်ခဲ့ဖူးပါတယ်။ ဒါကလည်း ကြာခဲ့ပါပြီလေ။ ခုနပြောတဲ့ တရားသူကြီးဦးမောင်မောင်မြင့် ရှိစဉ်က ဆိုပါတော့'

'ဒါဆို တရားသူကြီးဦးမောင်မောင်မြင့် သေဆုံးခဲ့တဲ့ ကိစ္စနဲ့ပတ်သက်ပြီး..'

'ဟုတ်တယ်၊ ဒါကိုလည်း ပြောပြဖို့စိတ်ကူးထားတာပါ။ လွန်ခဲ့တဲ့နှစ်အတော်ကြာက ဆိုပါတော့နော်။ အဲဒီတရားသူကြီးဦးမောင်မောင်မြင့် ဒီမြို့ကို တာဝန်နဲ့ပြောင်းလာတော့ ကျုပ်မိဘဆီက အမွေရထားတဲ့ အဲဒီအိမ်ကြီးမှာပဲ အိမ်

ငှားထားလိုက်တယ်။ နောက်မှ အလုပ်ကိုတွဲလုပ်ရင်း သူ့အကြောင်းကို ကောင်းကောင်းကြီးသိလာခဲ့ရတော့တာပဲလေ။ အဂတိလိုက်စားပြီး လောဘရမ္မက်ကြီးတယ်။ ဘယ်သူ့အပေါ်မှ ညှာတာထောက်ထားမှုမရှိဘူး။ ရက်စက်တဲ့နေရာမှာလည်း ကမ်းကုန်တယ်။ အတော်အတန်အမှုကိုသေးရာက ကြီးအောင်လုပ်ပစ်တတ်တယ်။ ကြိုးပေးစီရင်ရာမှာလည်း ပြတ်သားတယ်။ အဲသလို တရားခံတွေအပေါ်မှာ ရက်ရက်စက်စက်စီရင်ချက်ချတဲ့ တရားသူကြီးဟာ တစ်နေ့တော့ သူကိုယ်တိုင် အဲဒီအိမ်ကြီးပေါ်မှာပဲ ကြိုးဆွဲချသေသွားတယ်။ ဘူ ဘာကြောင့် သူကိုယ်သူ အဆုံးစီရင်သွားသလဲဆိုတာ ဘယ်သူမှ အတပ်မပြောနိုင်ကြဘူး'

ရှေ့နေဦးဝင်းအောင်မြိုင်စကားကို နားထောင်ရင်း ကျော်ကိုကိုပင် နားမလည်နိုင်အောင်ဖြစ်သွားသည်။ သူ့မကောင်းမှုကံကြမ္မာက သူ့အား စီရင်ချက်ချသွားသလား မဆိုနိုင်ပါလေတော့။

'အဲ..ဒီနောက်ပိုင်းတော့ အိမ်ကြီးကို ဘယ်သူမှ ဆက်ငှားမယ့်သူ မရှိတော့ဘူးဆိုပါတော့ စာရေးဆရာရယ်၊ တစ်ခုတော့ရှိတယ်ဗျ၊ ဒီအိမ်ကြီးပေါ်မှာ ကိုယ့်ကိုယ်ကို ကြိုးဆွဲချသေသွားတယ်ဆိုတဲ့ တရားသူကြီးရဲ့ ရက်စက်ကြမ်းကြုတ်မှုကို သိထားကြတဲ့လူတွေက အိမ်ကြီးကို အလျောက်ကြောက်လန့်ပြီး အသွားအလာနည်းပါးရာ အိမ်ကြီးပေါ်မှာ မကောင်းဆိုးဝါးတစ်ခုခု ရှိနေသလို အထင်ရောက်သွားကြတာပေါ့ဗျာ။ တစ်ခါတစ်ရံ အိမ်ငှါးနားကို ဖြတ်သွားကြရာက အသံဗလံတွေ ကြားရတာ၊ အတပ်မပြောနိုင်တဲ့ အရိပ်အယောင်တွေ မြင်လိုက်ရတာ ဆိုတဲ့ ကောလာဟာလ စကားတွေကြောင့် အိမ်ကြီးမှာ မကောင်းဆိုးဝါးရှိတယ်ဆိုပြီး ရှောင်လာကြတယ်ဆိုပါတော့နော်။ စာရေးဆရာ စဉ်းစားကြည့်လေ။ လူမနေတဲ့ နှစ်ပျဉ်ထောင်အိမ်ကြီးဟာ နှစ်ပရိစ္ဆေဒကြာလာတော့ ချို့ယွင်းပျက်စီးပြီး အသားတွေက ဟောင်းမြည့်လာပြီး အသံအသိမ်းမရှိလို့ လေတိုက်တိုင်း တံခါးရွက်တွေ အသံကြီးတာပေါ့။ စာရေးဆရာအနေနဲ့ ဒီလိုမရေမရာတဲ့စကားကြောင့် စိတ်ထဲမှာ တစ်စုံတစ်ရာ စိုးရွံ့နေမယ်ဆိုရင် ဒီအိမ်ကြီးကို သွားမနေတာ အကောင်းဆုံးပဲလို့ ပြောပါ

ရှေ့နေဦးဝင်းအောင်မြိုင်က ကျော်ကိုကို၏စိတ်ကို လေ့လာအကဲခတ်သည့်လေသံဖြင့် အဆုံးသတ်ဆိုသည်။

'ကျွန်တော့်အတွက် မစိုးရိမ်ပါနဲ့။ ကျွန်တော်လုပ်

www.burmeseclassic.com

www.burmeseclassic.com

စာရေးရမယ့် အလုပ်ကလွဲပြီး ဘာကိုမှအာရုံမထားတတ်ပါဘူး။ စာရေးနေရရင် ဘာကိုမှလည်း ကြောက်ရွံ့ထိတ်လန့်ဖို့ အချိန်ရမှာ မဟုတ်ပါဘူးခင်ဗျာ'

'ဒါမျိုးမှ ကျုပ်ကကြိုက်တာဗျ။ ခုလို စာရေးဆရာအိမ်ကြီးမှာ ရက်သတ္တပတ်နေပြလိုက်ရင် လူတွေရဲ့ ကောလာဟလစကားတွေအပေါ် အနိုင်ရပြီလို့ ဆိုရတော့မှာပေါ့နော်။ ခင်ဗျားလည်း ဒီမြို့မှာလာပြီး စာရေးတဲ့အတွက် ရိတ်စကကုန်ကျမှု မရှိတော့ဘူးပေါ့ဗျာ။ ဟား..ဟား..ဟား..ဟား'

ရှေ့နေဦးဝင်းအောင်မြိုင်၏ ရယ်မောလိုက်သံက အတော်လေးပင် ကျယ်လောင်သွားသည်ဟု ထင်လိုက်ရပါလေတော့သတည်း။

* * *

အိမ်ကြီးပေါ်ဝယ် အလုပ်သမားများက ရှင်းလင်းသန့်စင်ထားသည်ကို တွေ့လိုက်ရပါလေ၏။ အိမ်ကြီးက ကြီးမားလှသည်မို့ အခန်းတွေက များပြားလှချေသည်ပဲလေ။ သို့ပေမယ့် ဦးဝင်းအောင်မြိုင်၏အလုပ်သမားများက သူနေဖို့ အခန်းတစ်ခန်းအား သန့်စင်စီစဉ်ပေးထားသည်က ကျေနပ်စရာပါ။ သူ့အပေါ် အရေးတယူဆောင်ရွက်ပေးသောအခန်းမှာ ကျယ်ဝန်းသောအခန်းတစ်ခန်းသာ ဖြစ်ပါလေ၏။ ရှေးခေတ်ကဆောက်လုပ်ထားသည်ဆိုပေမယ့် အခန်း၏ဖွဲ့စည်းမှုက အဆင်ပြေသည်ဟုပင် ဆိုရခြိမ့်မည်။ ယခင်ကရှိထားသော နှစ်ယောက်အိပ်ခုတင်တစ်လုံးဝယ် ကျွန်တော့်အတွက် အိပ်ရန် အသင့်ပြင်ဆင်ထားခဲ့ချေသည်လေ။

'ဆရာလိုချင်တဲ့အနေအထားအတိုင်း ပြင်ဆင်ပေးဖို့ မှာလိုက်တာမို့ လိုအပ်တာရှိရင် ကျွန်တော်တို့ကိုပြောနော်'

'အားလုံး အဆင်ပြေပါတယ်။ ဒါပေမဲ့ မနက်ပိုင်း အစောစားဖို့အတွက်တော့ တစ်ခုခုစီစဉ်ပေးပါနော်'

'ရပါတယ်ဆရာ။ ကျွန်တော်လာပြီး စီစဉ်ပေးပါ့မယ်'

ထိုသို့ အိမ်အခန်းသို့ လာရောက်ကြည့်နေစဉ်မှာပင် မထင်မှတ်ဘဲ မြသီတာ ရောက်လာတော့သည်။ သူမ ဘယ်အတွက်ကြောင့် သည်အိမ်ကြီးသို့ လိုက်လာခဲ့ရလေဘိသနည်း။ ထိုမေးခွန်းက ကျော်ကိုကိုအတွက် အစဉ်းစားရကျပ်သော မေးခွန်းတစ်ခုလို ဖြစ်နေရတော့သည်။ မြသီတာက ကျော်ကိုကိုနေထိုင်မည့် အခန်းတွင်းသို့ ဝင်ရောက်လာမိသည်နှင့် သူမ၏ခန္ဓာကိုယ်လေးမှာ တွန့်ခနဲဖြစ်သွားသည်ကို ကျော်ကိုကို အမှတ်မထင်တွေ့မြင်လိုက်ရသည်။ မြသီတာမှာ ကျောထဲဝယ် စိမ့်ခနဲအေးသွားပြီး ထိတ်လန့်စိုးရွံ့မှုများပါ တစ်ပါတည်း ခံစားလိုက်မိသည်ကတော့ အမှန်ပင်။ သည်နောက်တွင် အခန်းအတွင်း ဘယ်နေရာဆီကမှန်း မသိနိုင်သည့်နေရာမှ ကြွက်မြည်သံများအား သူမ၏နားစည်အတွင်းသို့ ဝင်ရောက်လာတော့သည်။

'လူတွေ မနေတာကြာတော့လည်း ကြွက်တွေကြီးစိုးတဲ့ အသိုက်အမြုံကြီးတစ်ခုလို ဖြစ်နေတယ်ထင်ပါရဲ့'

ကျော်ကိုကိုက အိမ်ကြီးထဲမှထွက်ပေါ်လာသော ကြွက်သံများအား မှတ်ချက်ချလိုက်ပါလေ၏။ မြသီတာက အိမ်၏အနေအထားကိုကြည့်ရင်း ကျော်ကိုကိုအတွက် အလိုလိုပူပန်သောကများ ဖြစ်လာမိသည်လေ။

'ဆရာ တကယ်ပဲ ဒီအိမ်ကြီးမှာ စာရေးဖို့ နေခဲ့မှာပေါ့နော်။ အိမ်ကြီးကြည့်ရတာ သိတာတော့ ကြက်သီးများတောင် ထလာတယ်'

'မစိုးရိမ်ပါနဲ့ ဒေါ်မြသီတာရယ်။ ကျွန်တော်က ဘာအယုံအကြည်၊ ဘာအစွဲအလမ်းမှ မရှိပါဘူး'

'ဆရာရယ်..ကျွန်မကို ဒေါ်တပ်ပြီး မခေါ်ပါနဲ့လားရှင်။ တကယ်ဆိုရင် ဆရာနဲ့ ကျွန်မအရွယ်က ရွယ်တူပဲဥစ္စာ။ သိတာလို့ပဲ ခေါ်ပါလား'

မြသီတာက ကျော်ကိုကိုအား အခွင့်အရေးတစ်ခုအနေဖြင့် တောင်းခံလာတော့သည်။ ကျော်ကိုကိုအနေဖြင့် လိုက်လျောရမည်ပင်။ မြသီတာအား စူးစူးရဲရဲပြန်ကြည့်ရင်း ခေါင်းကို အသာညိတ်ပြလိုက်လေသည်။

'ဒါဖြင့် သိတာပြန်တော့မယ်လေ။ အိမ်ကြီးထဲမှာ ကြာကြာမနေရဲဘူး ဆရာ။ မကောင်းဆိုးဝါးတွေကို ကြောက်တယ် ဆရာ။ လိုအပ်တာရှိရင်လည်း မှာလိုက်ပါ။ ဘာမှအားနာစရာ မရှိပါဘူးနော်။ ပြောရရင် ဆရာက မဖိတ်ခေါ်ဘဲ လာခဲ့တဲ့ ဧည့်သည်ပါ။ သိတာက အိမ်ရှင်လေ'

သည်တစ်ခါလည်း ကျော်ကိုကိုက ခေါင်းညိတ်ပြရုံမက အဓိပ္ပာယ်ရှိသော အပြုံးတစ်ခုပါ ပူးတွဲပါလာလေတော့သည်။ ကျော်ကိုကိုအား မြသီတာက ရွှန်းလဲ့သောအပြုံးဖြင့် တုံ့ပြန်ကာ ရုက်သွေးဖြာသော အပျိုဖြန်းလေးပမာ ကျော်ကိုကို့ရှေ့မှ ပြေးထွက်သွားလေတော့သည်။

'ဆရာ... ကျွန်တော် အိပ်ရာပြင်နေတုန်း အိမ်ကြီးအောက်က ခြံထဲမှာ အညောင်းပြေလမ်းလျှောက်နေတုန်း ပါလား။ ခုနက ဒေါ်မြသီတာပြောတဲ့ မကောင်းဆိုးဝါးဆိုတာ မရှိပါဘူးခင်ဗျာ။ မြို့နဲ့အလှမ်းဝေးတာကတစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

လူမနေတာ ကြာတာကာက တစ်ကြောင်းကြောင့် အထင်နဲ့ ပြောနေကြတာပါ။ ညကျမကောင်းဆိုးဝါးကို မတွေ့ရပေမယ့် ကြွက်တွေကို တွေ့ရမှာတော့ သေချာတယ် ဆရာ'

'ကောင်းတယ်၊ ခင်ဗျားပြောသလို ခြံထဲဆင်းပြီး လမ်းလျှောက်ရင်း လေ့လာလိုက်ဦးမယ်။ ကျွန်တော်က ဘာကိုမှ စိုးရိမ်စိတ်မထားပါဘူးလေ'

ပြောရင်း ကျော်ကိုကိုက ခြံထဲသို့ ဆင်းလာခဲ့တော့၏။ ခြံကြီးမှာ ရှင်းလင်းမည်သူ မရှိသဖြင့် ချုံနွယ်သစ်ပင်တို့က တောထနေသည်ပဲလေ။ ညကြီးအချိန်မတော် အောက်ဆင်းဖို့တော့ စိတ်မကူးရဲ၊ သရဲတစ္ဆေကို ကြောက်စရာမလို၊ မြွေပါးကင်းပါးများကိုသာ ကြောက်ဖို့လိုအပ်သည်ပင် မဟုတ်ပါလား။ ခဏအကြာမှာပင် ပုစဉ်းရင်ကွဲသံများ ခပ်သဲ့သဲ့ထွက်ပေါ်လာနေချေပြီပဲ။

ကျော်ကိုကိုက သူ့အခန်းရှိရာသို့ ပြန်တက်လာခဲ့တော့သည်။

'ဆရာစားဖို့ စားပွဲပေါ်မှာ ဒေါ်မြသီတာယူလာတဲ့ခေါက်ဆွဲကြော်ကို အသင့်ပြင်ထားတယ်ဆရာ။ နောက်ပြီးညမှာ ဆာရင်သောက်ဖို့ ကော်ဖီမစ်ထုပ်တွေနဲ့ ရေနွေးဓာတ်ဘူးလည်းရှိတယ်။ ကျွန်တော့်ကို ခိုင်းစရာမရှိတော့ဘူးဆိုရင် ပြန်တော့မယ်ဆရာ။ သြော်..ဒါနဲ့ မိုးချုပ်ရင်ထွန်းဖို့ မီးအိမ်လည်း စားပွဲပေါ်မှာ တင်ထားခဲ့ပါတယ်'

'ကောင်းပါပြီဗျာ။ ခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်နော်'

ကျော်ကိုကို၏ ခွင့်ပြုချက်ကြောင့် ဦးဝင်းအောင်မြင့်၏ လူမှာ ပြန်သွားလေတော့၏။ ကျော်ကိုကိုက စဉ်းစားရင်း စားပွဲခုံသို့ လျှောက်လာခဲ့သည်။ မြသီတာဆိုသော အမျိုးသမီးက အဘယ်ကြောင့် သူ့အပေါ် ခင်မင်တွယ်တာနေဘိလေသနည်း။ ထိုအဖြေအား ဓကျော်ကိုကိုသိချင်နေသည်။

စဉ်းစားကြည့်လေ။ သည်မြို့လေးရောက်၍ သူမ၏ တည်းခိုခန်းသို့ တစ်ညတာတည်းခိုမိရာမှ သူ့အပေါ် သံယောဇဉ်ငြိတွယ်နေသည်မှာ ထူးဆန်းလှသည်။ ကြည့်စမ်းပါဦးတော့။ မည်သည့်အချိန်က ယူဆောင်လာခဲ့မှန်းမသိရသော မြသီတာဝယ်လာသည့် ခေါက်ဆွဲကြော်က သူစားရန် စားပွဲပေါ်ဝယ် အဆင်သင့်ဖြစ်နေပါပကောလား။ ထူးခြားသောရေးကရေစက်ကြောင့်ပင် ဖြစ်ပေလိမ့်မည်ဟု သဘောထားလိုက်ကာ မီးအိမ်ကိုထွန်းညှိလျက် စေတနာဖြင့် ဝယ်ယူလာသော ခေါက်ဆွဲကြော်ကို အားပါးတရ စားမိလိုက်လေတော့၏။ မေတ္တာစေတနာကြောင့်ပဲထင့်၊ ခေါက်ဆွဲကြော်မှာ စား၍ ကောင်းလှပါဘိတောင်း။

ကျော်ကိုကိုက ခေါက်ဆွဲကြော်စားပြီးခဏ၌ သူ၏စာရေးသည့်အလုပ်အား စတင်လုပ်ကိုင်လေတော့သည်။

* * *

သူ စာရေးနေခဲ့သည်မှာ မည်မျှကြာသွားသည်ကိုပင် မမှတ်မိလိုက်တော့။ ရေးလာခဲ့သော ဝတ္ထုစာမျက်နှာများပင် အတော်များများ ရောက်နေခဲ့ပြီပဲ။ ဇာတ်အိမ်ချထားသော စိတ်ကူးအား စာလုံးများအဖြစ် ဖန်တီးယူခဲ့သည့် စွာန်ဝင်စားမှုက အချိန်များကုန်ဆုံးသွားသည်ကိုပင် သတိမထားလိုက်မိပါလေတော့။ ဘောပင်ကိုချလျက် ခါးကိုဆန့်လိုက်၏။ ထိုအခါ ဗိုက်ထဲ၌ ဟာတာတာဖြစ်လာသည်။ ထိုအခါမှ မြသီတာ ယူလာခဲ့သော ကော်ဖီမစ်အား သွားသတိရလိုက်တော့သည်။ ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ကော်ဖျော်သောက်ရင်း မြသီတာနှင့် သူ၏အဖြစ်အား ပြန်လည်စဉ်းစားလိုက်သည်။

မြသီတာမှာ အုပ်ထိန်းသူခင်ပွန်းယောကျ်ား ရှိပါမတူ။ ထို့အတူ သူကိုလည်း လူလွတ်တစ်ယောက်ဖြစ်နေကြောင်း အကဲခတ်မိပုံပေါ်ပါသည်။ မည်သို့ပင်ဆိုစေ မြသီတာ၏ စေတနာ မေတ္တာကိုတော့ လေးစားဂုဏ်ယူရမည်သာဖြစ်သည်။ ကျော်ကိုကိုက စဉ်းစားမိရင်း တစ်ယောက်တည်း ပြုံးလိုက်မိသေးသည်။

ကော်ဖီသောက်ပြီးသည်တွင် မီးအိမ်အားကိုင်မြှောက်ရင်း အခန်းအတွင်းသို့ လှည့်ပတ်ကြည့်လိုက်၏။ အခန်းတွင်းဝယ် ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ပင်ရှိသည်။ ဘာအနှောင့်အယှက်မျှမရှိ။ မည်သည့်ထူးခြားမှုကိုမျှ မတွေ့ရ။ ဤမျှတိတ်ဆိတ်အေးချမ်းသောအိမ်အား [illegible] နေထိုင်ကြခြင်းမရှိသည်ကို အံ့သြနေမိတော့သည်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com

ကြီးဝယ် သဘောထားချင်း မတူညီတတ်ကြသည်ကတော့ ဖြစ်တာပင်မဟုတ်ပါလား။

ကျော်ကိုကိုက အတွေးကိုဖျောက်လျက် စာဆက်ရေးရန် ဟန်ပြင်လိုက်ပါလေ၏။ ထိုအခိုက်မှာပင်ဖြစ်သည်။ ဘကယ့်ကို အခိုက်အတန့်လေးမှာပင် ဖြစ်ပါလေ၏။ ပကတိတိတ်ဆိတ်နေခြင်းအား ကုတ်ခြစ်သံများက ထိုးဖောက်ဝင်ရောက်လာတော့သည်။

ကျော်ကိုကိုက အသံလာရာဆီသို့ မီးအိမ်ကို ကိုင်ခြောက်ကာကြည့်လိုက်၏။ အခန်းမျက်နှာကြက်ရှိ အပေါက်လေးတစ်ခုအတွင်းမှ ကြွက်တစ်ကောင်က သူ့အား အရောင်ဆွေးနေသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ကြွက်၏အကြည့်က ရန်လိုသည့်ပုံစံမျိုး။ သူ့အား ကြည့်နေရင်းက ကျိခနဲ အသံပြုလိုက်ပြန်သည်။ ဇာတိမဲ့မြင်သဘောပင်။ ကျော်ကိုကိုက စိတ်ကို မထိန်းနိုင်တော့ဘဲ အနီးရှိ စာအုပ်တစ်အုပ်ဖြင့် ပစ်ပေါက်လိုက်လေတော့သည်။ စာအုပ်က ကြွက်ကိုလွဲသွားသည်။ သို့စဉ်တိုင် ကြွက်က အပေါက်တွင်းသို့ ပြန်ဝင်သွားခြင်းမရှိ။ ကျိခနဲ အသံပေးလိုက်ပြန်၏။ ကျော်ကိုကိုက ဇော်ကထပ်စာအုပ်တစ်အုပ်ဖြင့် ထပ်ပေါက်ထည့်လိုက်ပြန်သည်။ ထိုအခါ ကြွက်က အပေါက်တွင်းသို့ ပြန်ဝင်သွားတော့သည်။ သို့သော်လည်း အတွင်းမှနေ၍ ကုတ်ခြစ်သံဖြင့် အနှောင့်အယှက်ပေးနေလေတော့၏။

ကျော်ကိုကိုမှာ ကြွက်တစ်ကောင်၏ အနှောင့်အယှက်ပေးမှုကြောင့် စာဆက်ရေးရန် ဆန္ဒမပေါ်တော့ဘဲ အိပ်စက်ရန် ဆုံးဖြတ်လိုက်လေတော့သည်။ ထို့ကြောင့်ပင် ဦးဝင်းအောင်မြိုင်၏အလုပ်သမား ပြင်ဆင်ပေးသွားသော အိပ်ရာထက်သို့ဝင်၍ မျက်စိအားစုံမှိတ်ကာ အိပ်ပျော်သွားအောင် ကြိုးစားလိုက်ရလေတော့သည်။

* * *

ကျော်ကိုကို အိပ်ရာမှနိုးတော့ အရှေ့မိုးကောင်းကင်ဝယ် ရောင်နီသန်းနေချေပြီလေ။ သူနိုးလာချိန်မှာပင် ဦးဝင်းအောင်မြိုင်၏အလုပ်သမား ရောက်လာပါသည်။ ကျော်ကိုကို ကိုယ်လက်သန့်စင်ပြီးသည်နှင့် နံနက်စာတစ်ခုခုစားရန် ထိုလူနှင့်အတူ မြို့လေးဘက်သို့ အတူထွက်လာခဲ့ကြတော့သည်။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် နှစ်ယောက်သား ဝင်သောက်နေကြစဉ် မြသီတာ လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လာသည်။ ကျော်ကိုကိုတို့အား တွေ့လိုက်ရသဖြင့် မြသီတာမျက်နှာ ရွှင်ပျနေသည်ကို တွေ့လိုက်ရသည်။

"ဆရာ...ညက အိပ်ရတာ အဆင်ပြေတယ်မဟုတ်လား။ ကျွန်မစိတ်ထဲမှာ အဆင်မပြေပါ့မလားလို့"

"အဆင်ပြေပါတယ် မြသီတာ။ ညအိပ်ရတာလည်း အေးအေးဆေးဆေးပါပဲ။ စာလည်း ရေးဖြစ်ပါတယ်"

ကျော်ကိုကို ခပ်သွက်သွက်နှင့် ရယ်ရယ်မောမောပြောလိုက်သည့်စကားကြောင့် စိတ်ချလက်ချဖြစ်သွားပုံရပါလေ၏။ ခဏအကြာ၌ သုံးယောက်သား လက်ဖက်ရည်ဆိုင်ထဲမှ အတူတူထွက်လာခဲ့ကြတော့သည်။ ဆိုင်ပြင်ရောက်မှ မြသီတာက နှုတ်ဆက်စကားပြောလျက် ပြန်သွားတော့သည်။ သူမအနေဖြင့် မိမိဂုဏ်သိက္ခာကို ထိန်းထိန်းသိမ်းသိမ်း လုပ်ဆောင်သွားခြင်းဟု ဆိုရမည်သာ။ အပြန်တွင် အလုပ်သမားလေးအား ညနေပိုင်းမှ စားစရာတစ်ခုခုဝယ်လာခဲ့ရန် ပိုက်ဆံထုတ်ပေးပြီး အိမ်ကြီးဆီသို့ ပြန်လာခဲ့တော့၏။

အိမ်ကြီးပေါ်ရောက်တော့ သူ့အိမ်ခန်းလေးမှာ ပကတိတိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ မနေ့ညက သူ့အား အနှောင့်အယှက်ပေးခဲ့သော ကြွက်ကြီးကြီးတစ်ကောင်လည်း ပေါ်မလာပါလေတော့။ ကျော်ကိုကိုက သူ မနေ့ညက ရေးခဲ့သော ဝတ္ထုစာသားများကို ပြန်လည်ဖတ်ရှုကြည့်နေလိုက်သည်။ ညက ညဉ့်နက်အောင် စာထိုင်ရေးခဲ့ခြင်းကြောင့် စာဖတ်ရင်း သူမျက်စိတွေ စင်းလာတော့သည်။ ခဏမှာပင် ကျော်ကိုကိုမှာ အိပ်မောကျသွားတော့သည်။ သူ အိပ်ရာကနိုးတော့ အလုပ်သမားလေး ရောက်နေပေပြီ။

"အေးကွာ...ခုလိုကူညီလုပ်ကိုင်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အေး...အေး...ထားခဲ့တော့။ မင်း ပြန်ချင်ရင် ပြန်လို့ရပါပြီ"

အလုပ်သမားကောင်လေး ပြန်သွားသည်နှင့် ကျော်ကိုကိုက အိပ်ရာထမှ လန်းဆန်းသွားအောင် အိမ်အောက်ခြေကြီးသို့ဆင်းကာ လမ်းလျှောက်နေလိုက်ပြန်သည်။ အတန်ကြာ မှောင်ရီပျိုးသည်မှ အိမ်ကြီးပေါ်သို့တက်၍ အလုပ်သမားကောင်လေး လာပို့သွားသော ညစာအား စားလိုက်လေတော့၏။

ညစာစားပြီးသည်နှင့် မှောင်စပြုလာတော့သဖြင့် မီးအိမ်ကို ထွန်းညှိလိုက်တော့သည်။ မီးအိမ်၏အလင်းရောင်က အိမ်ခန်းအတွင်းသို့ ဖြာကျသွားသည်။ ကျော်ကိုကိုက [illegible] လက်စစာမူအား လှန်ကြည့်ရင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com

အတွက် စဉ်းစားပြီး ချရေးနေလိုက်လေတော့၏။ ကျော်ကိုကို စာနှစ်ဝင်စားစွာ ရေးနေသည်မှာ မည်မျှကြာသွားသည်မသိ။ အိမ်ကြီး၏ခေါင်မိုးဆီမှ တဂျစ်ဂျစ်ကုတ်ဖဲ့နေသည့်အသံက ထွက်ပေါ်လာတော့သည်။ စာရေးနေရာမှ အသံကြားရာဆီသို့ သူက မီးအိမ်ကိုယူလျက် အနီးကပ်သွားကြည့်လိုက်ပါလေ၏။ တွေ့မြင်လိုက်ရသည်က မနေ့ညက သူအား လာနှောင့်ယှက်ခဲ့သော ကြွက်ကြီးပင် ဖြစ်နေတော့သည်လေ။

ကြွက်ကြီး၏မျက်လုံးများက မီးရောင်ဖြင့် လင်းလက်နေသည်။ သူ၏အကြည့်က ရန်မူလိုဟန်ပင်။ ကျော်ကိုကိုအား မြင်လိုက်သည်နှင့် ပါးစပ်မှ တကျိကျိဖြင့် အသံပေးလိုက်ပြန်သည်။ ကျော်ကိုကိုက အနီးရှိ အိုးပဲ့တစ်ခုဖြင့် ပစ်ပေါက်လိုက်သည်။ သူပစ်ပေါက်လိုက်သည့် အိုးပဲ့က ချိန်သားလွဲသွားသည်။ ကြွက်ကြီးက စိုးစဉ်မျှကြောက်ရွံ့ပုံမရ။ ဆက်လက်အသံကျယ်ကျယ်ပေးရင်း သူ့အား နှောင့်ယှက်တိုက်ခိုက်နေပြန်သည်။ ကျော်ကိုကိုက နောက်တစ်ခါ ဆက်ပေါက်မည်ပြုမှ အိမ်ခေါင်မိုးရှိ အပေါက်ဖာစ်ခုထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

ထိုအခါမှ ကျော်ကိုကိုမှာ စာရေးစားပွဲသို့ ပြန်လာရင်း စာဆက်ရေးရန် ဟန်ပြင်လိုက်ပါလေ၏။ သည်မှာပင် မီးအိမ်အလင်းရောင် ထိုးကျနေသော အိမ်နံရံပေါ်ဝယ် လူပ်ရှားနေသော အရိပ်တစ်ခုအား ကျော်ကိုကို လှမ်းမြင်မိလိုက်ပါလေ၏။ ထိုင်နေရင်းမှ ထိုအရိပ်ကျရာ နံရံဆီသို့ ကျော်ကိုကို မျက်စိရောက်သွားတော့သည်။ မထင်မှတ်သောအရိပ်ကို တွေ့မြင်လိုက်ရသည်နှင့် ကျော်ကိုကို ကျောထဲ စိမ့်ခနဲ အေးစက်သွားလိုက်ဘိဖြစ်ခြင်း။ လူပ်ရှားနေသောအရိပ်က တခြားဟုတ်ရိုးလား။ လူတစ်ယောက် ကြိုးဆွဲချကာ ယိမ်းထိုးလူပ်ခါနေသော အရိပ်တစ်ခုပင် ဖြစ်နေပါတော့သည်။ ကျော်ကိုကိုက မီးအိမ်အား ပြန်လှည့်ကြည့်လိုက်၏။ စင်စစ် မီးအိမ်နှင့် နံရံအကြား အခြားဘာမျှမရှိ။ သို့ဆိုလျှင် ထိုအရိပ်က မည်သည့်အတွက် နံရံပေါ်ဝယ် ပေါ်ထွက်လာဘိလေသနည်း။ ထိုအဖြေကား ရှာမရပါလေတော့။

သည်အချိန်မှာပင် အမိုးဆီမှ ကြွက်အော်သံက စူးစူးရှရှပေါ်ထွက်လာပြန်သည်။ ကျော်ကိုကိုက အသံလာရာသို့ မော့ကြည့်လိုက်၏။ စောစောက အပေါက်ထဲရောက်သွားသောကြွက်ကြီး ပြန်ပေါ်လာပါပကော စ်ခါတော့ သူတစ်ကောင်တည်း၏ အသံတစ်သံတည်း မဟုတ်တော့ဘဲ အခြားကြွက်များ၏ အော်ဟစ်သံနှင့် ကုတ်ခြစ်သံတို့က ဆူညံစွာထွက်ပေါ်လာတော့သည်။

ကျော်ကိုကို မော့ကြည့်နေစဉ်မှာပင် ကြွက်ကြီးဝင်သွားရာအပေါက်မှ ကြိုးတစ်ချောင်း ကြမ်းပြင်ဆီသို့ ထွက်ကျလာသည်ကို တွေ့လိုက်ရပါလေ၏။ အဖြစ်ကတော့ ထူးထူးခြားခြားအခြေအနေဟုပင် ဆိုရခြိမ့်မည်။ ထူးခြားသည်ဆိုသည်ထက် အံ့သြထိတ်လန့်စရာပင် ကောင်းနေချေသေးတော့သည်။ ကျော်ကိုကိုအနေဖြင့် တစ်သက်နှင့်တစ်ကိုယ် ယုံနိုင်စရာအကောင်းဆုံးနှင့် တုန်လှုပ်ချောက်ချားဖွယ်ရာ အဖြစ်အား ကိုယ်တွေ့ကြုံလိုက်ရခြင်းပင်ဖြစ်ပေသည်။ တွေ့ကြုံလိုက်ရသည့်အဖြစ်နှင့် မြင်ကွင်းကိုပင် သံသယဝင်လာသဖြင့် သူ အိပ်မက်များ မက်နေလေသလားဟု ဝေဝေဝါး တွေးလိုက်မိသေး၏။ ထိုအခိုက်မှာပင် နံရံပေါ်၌ ကြီးကွင်းနှင့် လူတစ်ယောက်၏အရိပ်မှာ ရုတ်ခြည်းဆိုသလိုပင် ပျောက်ကွယ်သွားတော့သည်။

ကျော်ကိုကိုမှာ ဒေါသစိတ်၊ စိုးရိမ်တုန်လှုပ်မှုနှင့် ကြောက်ရွံ့စိတ်များ ထိန်းမနိုင်အောင် ဖြစ်သွားသည်တွင် ခေါင်မိုးပေါ်မှ ကျလာသော ကြိုးကွင်းအား ဆွဲဖမ်းရင်း ကြွက်ကြီးရှိရာ ခေါင်မိုးပေါ်သို့ ဆွဲတက်သွားတော့သည်။ ဒေါသအရှိန်ကြောင့် ကြိုးပေါ်သို့ ဆွဲတက်ရာဝယ် ချာလည်ချာလည်ဖြင့် တက်သွားသဖြင့် ကြိုးစက သူ့နှာခေါင်းကိုယ်ကြီးအား ရစ်ပတ်ရင်း ကြွက်ကြီးရှိရာ ခေါင်မိုးပေါ်သို့ပင် ရောက်လုနီးနီး ဖြစ်သွားတော့၏။ သို့စဉ်တိုင် ခေါင်မိုးပေါ်က ကြွက်ကြီးကမူ သူ့အား လင်းလက်နေသော မျက်လုံးများနှင့်အတူ ရန်ပြုလိုသော မျက်နှာထားဖြင့် ကုတ်ခြစ်စောင့်ကြည့်နေသည်ကို တွေ့လိုက်ပါလေ၏။ ကြွက်ကြီးအနားရောက်လုရောက်ခင်၌ ကျော်ကိုကိုက ဒေါသတကြီးဖြင့် ကြွက်ကြီးအား လှမ်း၍ပုတ်ချလိုက်သည်။ ဤသည်မှာ သူ၏အမှားပင် ဖြစ်သွားလေတော့သည်။

ဒေါသထွက်နေဟန်တူသောကြွက်ကြီးက လှမ်းပုတ်လိုက်သော ကျော်ကိုကို၏လက်အား ဆတ်ခနဲ သူ့သွားထက်ဖြင့် လှမ်းကိုက်လိုက်ပါလေ၏။ ထိုအခါ ကျော်ကိုကိုမှာ ကြွက်နှင့်အပြိုင် ဒေါသအစိုင်အခဲများ ထွက်ပေါ်လာစိတ်ကိုမထိန်းနိုင်ဘဲ သူ့နှာခေါင်းကိုယ်တွင် ရစ်နှောင့်ဖွဲ့နေသော ကြိုးစအား လက်မှလွတ်ကာ ကြွက်ကြီးကို ဖမ်းမိလိုသော လက်နှစ်ဖက်ဖြင့် ဆွဲဖမ်းလိုက်ပါသည်။ ကြွက်ကြီးသူ မဖမ်းမိ။ ကြိုးစကိုကိုင်ထားသောလက်အား လွတ်ကျ

www.burmeseclassic.com

ဒီသဖြင့် အပေါ်အခြင့်မှ ကြိုးစနှင့်အတူ ကြမ်းပြင်ပေါ်သို့ ချိန်းခနဲ လျှောကျလာတော့သည်။

* * *

နောက်တစ်နေ့နံနက်ပိုင်းဝယ် အလုပ်သမားလေးဇော်သင်းပေးချက်အရ ဦးဝင်းအောင်မြိုင်နှင့်အတူ မြသီတာပါဆောက်လာကြသည်။ သို့ပေမယ့် အလာကောင်းသော်ငြားအခါနှောင်းခဲ့ချေပြီတကား။ ကြမ်းပြင်ပေါ်ဝယ် စာရေးဆရာကျော်ကိုကိုမှာ ကြိုးတစ်ချောင်းဖြင့်ရစ်သိုင်းလျက် ကြမ်းပြင်ပေါ်ဝယ် မလှုပ်မယှက်ရှိနေသည်ကိုသာ တွေ့လိုက်ရလေဆော့သည်။ ဦးဝင်းအောင်မြိုင်က မလှုပ်မယှက်ဖြစ်နေသောကျော်ကိုကိုအနီးသို့ ချဉ်းကပ်ကြည့်လိုက်၏။

ဘုရား..ဘုရား..လက်စသတ်တော့ ကြိုးကွင်းက သူ့လည်ပင်းကို တင်းတင်းကျပ်ကျပ်ပင် တုပ်နှောင်ရစ်ပတ်ထားတာပါတကား။ သည်ကြိုးကွင်းသည်ပင် တရားသူကြီးဦးမောင်မောင်မြင့် မိမိကိုယ်ကို ကြိုးဆွဲချသေခဲ့သော ကြိုးကွင်းကြီးပင် ဖြစ်နေသည်လေ။ သည်ကြိုးကွင်းအား ပစ်ထားခဲ့ရာက ကြွက်များက အိမ်ကြီး၏ခေါင်မိုးပေါ်သို့ သယ်ဆောင်သွားခဲ့ဟန်တူသည်။ ဟော..ခုတော့ သည်ကြိုးကွင်းကပင် စာရေးဆရာကျော်ကိုကိုအား လူ့လောကထဲမှ ဆွဲခေါ်သွားခဲ့ပြန်ချေပြီ။

အစွဲအလမ်းကြီးမားလှစွာဖြင့် ကြင်နာမှုကင်းစွာဖြင့် သူနှင့်အတူ တမလွန်ဘဝဆီသို့ ဆွဲခေါ်သွားခဲ့ပြန်ချေပြီ။ စင်စစ် သည်ကြိုးသည်ပင်လျှင် လူသတ်သည့်ကြိုးတစ်ချောင်း ဖြစ်နေပါရောလား။ သံဝေဂရစရာအဖြစ်ပါတကား။

ဦးဝင်းအောင်မြိုင်မှာ ယခင်ကမူ ပရလောကနှင့်ပတ်သက်၍ အယုံအကြည်ကင်းမဲ့ခဲ့သူတစ်ဦးသာ ဖြစ်ပါလေ၏။ ယခုတော့ သူကိုယ်တိုင် တွေ့ကြုံနေရသည့်အဖြစ်က မယုံနိုင်စရာကောင်းသလို သူ၏ပရလောကအပေါ်ထားခဲ့သည့် သဘောထားအား ပြောင်းလဲသွားခဲ့ပါဘိခြင်း။ သို့စဉ်တိုင် သူ၏အတွေးသံသယမှာမူ ကြိုးကပင် လူကို သတ်ခဲ့လေသလား၊ သို့တည်းမဟုတ် စာရေးဆရာကျော်ကိုကိုကပင် ကြိုးကွင်းအား သူ့လည်ပင်းစွပ်အောင် လုပ်ခဲ့မိရာမှ မတော်တဆ အသက်ဆုံးပါးသွားလေသလားဆိုသည့် သို့လော၊ သို့လော အတွေးများကတော့ သူ့ခေါင်းထဲဝယ် သံသယတွေ တစ်ထွေးကြိုးဖြင့် ဖြစ်နေရသည်ကတော့ အမှန်ပင်။

ပသို့ဆိုစေ သည်အိမ်ကြီးနှင့်ပတ်သက်၍ကား သူမြို့လေးတွင် ဟိုးလေးတကျော်ကျော် ဖြစ်သွားမည်ကတော့

မြေကြီးလက်ခတ်မလွဲ ဇကန်မုချဆိုသည်ကိုတော့ သဘောပေါက်နားလည်လိုက်ရပါတော့သည်။

'ဖြစ်မှဖြစ်ရလေ ဆရာရယ်၊ မြသီတာ အတားကြီးတားခဲ့တဲ့ကြားက ခုလိုဖြစ်သွားရတဲ့အတွက် စိတ်မကောင်းခြင်းများစွာ ဖြစ်ခဲ့ရတာပါပဲလားရင်'

ထိုအသံနှင့်အတူ မည်သည့်အချိန်က သတင်းရ၍ ရောက်နေသည် မသိရသော မြသီတာအား ဦးဝင်းအောင်မြိုင်က လှည့်အကြည့်လိုက်၌ မျက်နှာအား လက်နှစ်ဖက်အုပ်လျက် ငိုရှိုက်ရင်း အိမ်ကြီးပေါ်မှ ပြေးဆင်းသွားသည်ကိုသာ တွေ့လိုက်ရတော့၏။

ဩော်..ကိလေသာတဏှာ၏ သမုဒယသံယောဇဉ်ဆိုသည်ကား ပူလောင်လှချေသည်တကား။

မေတ္တာရည်လျက်

အလင်္ကာသွေး

www.burmeseclassic.com

www.burmeseclassic.com

ကိုမိုး

(ရွှေပြည်သာ)

အနုပညာ မေတ္တာစာ

'မနှင်းအိရေ..ဟေ့..မနှင်းအို'

'လာပြီ ကိုကျော်ရေ၊ စောစောစီးစီး အော်တကြား ဘာများပြောမလို့တုံး'

မနက်ခပ်စောစော စားသောက်လေ့ရှိသောကြောင့် မီးဖိုချောင်၌ ကြော်လော်ချက်ပြုတ်နေစဉ်မှာပင် ဧည့်ခန်းမှ ခေါသံကို ကြားလိုက်ရ၍ ဒေါ်နှင်းအိ ပြေးထွက်လာသည်။

'ကောင်းကြသေးရဲ့လား၊ မင်းသမီး လုပ်ခဲ့ကြည့်ဦး။ ဖိုင်နယ်အောင်စာရင်းထွက်တာမှ တစ်ယောက်မရှိသေးဘူး၊ သူချစ်သူနောက် လိုက်သွားပြီတဲ့။ သမီးမိုက်ကို ခွင့်လွှတ်ပါတဲ့ကွာ။ တောက်'

အိမ်သားများကြားအောင် အသံကိုမြှင့်၍ ရေရွတ်လိုက်သောကြောင့် သမီး ကြည်ပြာထွန်းနှင့် သား

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ထွန်းတို့ပါ ဧည့်ခန်းထဲ ရောက်ရှိလာသည်။

ဒေါ်နှင်းအိ မျက်လုံးများက ပုစွန်မျက်လုံးနှယ်ပင် ပြူးကျယ်သွားရပါ၏။

'အကြီးမကြီး ကျူတာကတောင် ရည်းစားမရှိသေးဘူး။ သူကျမှ ဘွဲ့လည်းရ၊ ယောကျ်ားလည်း ရတယ်။ မိဘကိုလည်း ဘာမှတိုင်ပင်မထားဘူး။ ငါတို့မိသားစုမျက်နှာကို ဒီဟာမ အိုးမည်းသုတ်သွားတာပဲ။ ဘယ်သူမှ ငါမသိဘဲ သွားမတွေ့ရဘူးဟော့။ အမွေဖြတ်ကြောင်းကိုလည်း သတင်းစာထဲမှာ ထည့်ကိုထည့်ဦးမယ်'

ပြောရင်းကမှ စာရွက်ခေါက်ကို ဆက်တီစားပွဲပေါ်သို့ ဦးကျော်ထွန်း ပစ်ချလိုက်သည်။

ဒေါ်နှင်းအိက စာရွက်ခေါက်ကို ဆွဲယူ၍ ဖွင့်ဖတ်လိုက်ရာ-

ဖေဖေနဲ့ မေမေ

သမီးချစ်သူနောက်ကို လိုက်သွားခဲ့ပါပြီ။

သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့နော်။

သမီးမိုက်ကို ခွင့်လွှတ်ပါ။

သီတာထွန်း

'အုတ်ကျင်းမှတ်တိုင် ပါလား'

စပယ်ယာဇာအသံ ကြားလိုက်မှ ဒေါ်နှင်းအိ အတွေးတို့ ရပ်တန့်သွားရသည်။

'ပါတယ်။ မှတ်တိုင်ပါတယ် သား'

စီးလာသောဘတ်(စ်)ကားက ကားဂိတ်အရောက် ထိုးရပ်ပေးလိုက်သည်။ ဒေါ်နှင်းအိ ခပ်သွက်သွက်ပင် ကားပေါ်မှ ဆင်းလိုက်ပါသည်။ ကားဂိတ်ပလက်ဖောင်းမှာ ရပ်နေမိစဉ် လွယ်ထားသော စလင်းဘက်အိတ်အကြီးကြီးထဲမှ စာရွက်ခေါက်လေးတစ်ခုကို ဆွဲထုတ်ကြည့်လိုက်သည်။

မိဘမျိုးရိုးအသိုင်းအဝိုင်းကောင်းတို့၏ ဂုဏ်သိက္ခာကို အရှက်ရစေသူ၊ စေ့စပ်တောင်းရမ်းခြင်းပင် မပြုပါဘဲ ခိုးရာနောက် လိုက်ပြေးသူ၊ မိဘသဘောမတူသည့်သူကိုမှ အိမ်ထောင်ဖက်အဖြစ် ရွေးချယ်ခဲ့သူ သီတာကို ဖခင်၏ ဒေါသမီးတောက်များ ပေါက်ကွဲစေခြင်းပြစ်မှုနှင့် သမီးအဖြစ်မှ စွန့်လွှတ်ခြင်းခေါင်းစဉ်ကို သတင်းစာတစ်စောင်၌ ဖော်ပြပေးခဲ့မိခြင်းဖြစ်သည်။

အိမ်သားများ အဆက်အသွယ်မလုပ်ရဟု ကျောင်းအုပ်ကြီးအငြိမ်းစား ခင်ပွန်းသည်၏ အမိန့်ကို ဒေါ်နှင်းအိ ဆန့်ကျင်ခဲ့မိပြီလား မသိ။

ရုင်နှင့်လွယ်မွေးခဲ့ရသော သမီးထံမှ အဆက်အသွယ် ရခဲ့သည်နှင့် ပြည်မြို့မှ စာရေးဆရာ ယောက်ဖ၏ စာများ ပို့ပေးရန်၊ အခြားလိုအပ်သော ပစ္စည်းများဝယ်ရန် အကြောင်းပြခဲ့ကာ သမီးလတ် သီတာနေထိုင်သည့်ရပ်ကွက်သို့ ခရီးဝင်ရန် ကြံစည်မိခြင်းပင်ဖြစ်သည်။

အုတ်ကျင်းဘူတာရုံလမ်းနှင့် အင်းစိန်လမ်းမကြီးဆုံရာ လမ်းဆုံတွင် ဆိုက်ကားများက အစီအရီရပ်တန့်နေရာယူထားကြသည်။ ဘူတာရုံဘက်၊ ကမ်းနားဘက် သွားလိုကြသူများက အလှည့်ကျဆိုက်ကားကို တက်ရောက်စီးနင်း၊ လိုက်ပါလိုက အဆင်ပြေပါသည်။ ဒေါ်နှင်းအိက ရှေ့ဆုံးမှ ဆိုက်ကားတစ်စီးကို လိပ်စာပါရှိသောစာရွက် ထုတ်ပြလိုက်သည်။

'ဒီလိပ်စာဆီကို သွားချင်တယ်ကွယ်'

ဆိုက်ကားဆရာက ကပ်လျက်ရှိနေသော ကူရှင်(၂)ခုမှ တစ်ခုကို ကျောမှီကပ်ထားပေးလိုက်သည်။

'ရတယ် အန်တီ၊ တက်ပါ။ လိုက်ပို့ပေးပါ့မယ်'

ဆိုက်ကားဆရာက ဒေါ်နှင်းအိ သစ်သားဘော်ဒီတွင် ဖင်ထိုင်ပြီးသည်နှင့် ကတ္တရာလမ်းအတိုင်းနင်း၍ ခေါ်ဆောင်သွားလိုက်သည်။

ယခင်က သူမ၏အမျိုးသား ကျောင်းအုပ်တာဝန်ဖြင့် အ-ထ-က(၃) လှိုင် (OK) ကျောင်း တာဝန်ကျခဲ့စဉ် တစ်နှစ်ခွဲခန့် အုတ်ကျင်းဒေသနှင့် ရင်းနှီးခဲ့ဖူးသည်။ နေရာအတော်များများက ယခင်နှစ်နှစ်ဆယ်ဝန်းကျင်အချိန်ကို ပြောင်းလဲပစ်လိုက်နိုင်စွမ်းရှိနေသည်။ ယခင်က ဓနိမိုး၊ သွပ်မိုး အိမ်ငယ်လေးများနေရာတွင် အထပ်မြင့်တိုက်ကြီးများစွာ နေရာယူထားခဲ့လေပြီ။ အုတ်ကျင်းဘူတာရုံလမ်း၏ လမ်းမပေါ်ရှိနေသော (၇)လွှာတိုက်ခန်းတစ်ခုရှေ့တွင် ဆိုက်ကားက ဘရိတ်ညှစ်ရပ်တန့်လိုက်သည်။

'ရောက်ပြီ အန်တီ'

'ကလင်..ကလင်'

ဘဲ(လ်)သံလေးပါ ပေးလိုက်ရာ တိုက်အတွင်းရှိ မိန်းကလေးက တံခါးဝအနား ပြေးထွက်လာသည်။

'ဟယ်..မေမေ၊ သမီးဆီ လာတယ်နော်'

ဒေါ်နှင်းအိက ဆိုက်ကားခကို ရှင်းပေးလိုက်ရင်း သစ်သားဘော်ဒီခြေနင်းကတစ်ဆင့် မြေပေါ် ဆင်းလိုက်သည်။

'ပေးလေ မေမေ၊ အထုပ်တွေ သမီးသယ်ခဲ့မယ်'

'အေးပါ သမီး၊ သမီးဆီက လျှို့ဝှက်စာရကတည်း

www.burmeseclassic.com

www.burmeseclassic.com

မေမေလာချင်နေတာပါ။ အခုတောင် သမီးအနှံတီမွေး စာမူတွေ ပို့ပေးဖို့ဆိုပြီး ထွက်လာခဲ့တာ။ သမီး လုပ်စရာရှိတာကို အရင်လုပ်ပါ။ မေမေ ဒီမှာ ခဏထိုင်နားနေမယ်လေ'

သမီးသီတာ၏ တိုက်ခန်းက မြေညီထပ်ဖြစ်နေ၍ အထပ်မတက်ခဲ့ရ။ သက်သောင့်သက်သာ ဆက်တီထိုင်ခုံမှာ ဝင်ရောက်၍ ဒေါ်နှင်းအိ အနားယူလိုက်သည်။

'မေမေ...ခဏထိုင်ဦးနော်။ ဒီမှာ သမီး ကလေးထမင်းကျွေးမလို့ ပြင်ဆင်နေလို့'

'ရတယ်လေ သမီး'

ဖျော်ထားပြီးဖြစ်နေသော ဆန်မှုန့်ပန်းကန်ကိုယူ၍ သီတာက ကလေးငယ်ကို ထမင်းခွံ့ကျွေးလိုက်သည်။

'ဖေကြီးရော နေကောင်းတယ်မဟုတ်လား မေမေ။ ဘိုးဘိုးနဲ့ ဘွားဘွားတို့ရော နေကောင်းကြရဲ့လား'

'အားလုံး နေကောင်းတယ် သမီး။ ကလေးကိစ္စကိုပဲ အရင်လုပ်ပါ။ မေမေ ဒီမှာ ခဏထိုင်နားနေလို့ ဖြစ်ပါတယ်'

ကလေးက (၆)လကျော်ခဲ့ပြီဖြစ်သည်။ ကလေးတစ်ဖက်နှင့် အိမ်မှုကိစ္စများ မနိုင်မနင်းလုပ်နေရသော သမီးသီတာကို ဒေါ်နှင်းအိ စိတ်မသက်သာလှစွာ ကြည့်နေခဲ့မိသည်။ အမျိုးသားက ပြည်မြို့ အထက်တန်းကျောင်းကြီးတစ်ကျောင်းမှ အငြိမ်းစားယူခဲ့သည်။ ကျောင်းအုပ်ကြီးဖြစ်၍လည်း အိမ်သားများအပေါ် စည်းကမ်းကြီးခဲ့သည်။ မိဘစကားနားမထောင်သူကို မိသားစုနှင့် ဆက်ဆံမှုမပြုရန် တားမြစ်ထားသည့်ကြားထဲကမှ မိခင်၏ မေတ္တာအရင်းခံသောစိတ်က ထိုအတားအဆီးများကို ကျော်လွှားဖို့ ကြိုးစားခဲ့ခြင်းပင် ဖြစ်ပါသည်။

သီတာ ကလေးငယ်ကို ထမင်းကျွေးနေစဉ်မှာပင် အိမ်နီးချင်း ဒေါ်မြင့်ဆိုသူ ဧည့်သည်တစ်ယောက် အိမ်ထဲဝင်ရောက်လာသည်။

'ဟော့...သီတာရေ၊ နင်က နှင့်ယောကျ်ားအလုပ်သွားရင် အိမ်မှာ တစ်ယောက်တည်း ကျန်ခဲ့တာပဲ။ ငါ့ကို ရပ်ကွက်ထဲက ကိုယ်တော်တစ်ပါးက ဆွမ်းခံကြွရင် ရှမလားတဲ့ မေးနေတယ်။ နင် ဆွမ်းလောင်းမလား။ ငါ ကိုယ်တော့်ကို ပြန်လျှောက်ပေးမယ်လေ'

'ဩော်...ဒေါ်မြင့်ကလည်း မအားပါဘူး။ ဒီမှာကြည့်ပါဦး၊ ကလေးတစ်ဖက်နဲ့ ယောကျ်ားကိစ္စတွေလည်း လုပ်ရတယ်။ လောလောဆယ်တော့ အဆင်မပြေသေးဘူးနော်။ နောက် ကျွန်မ အားတော့ ပြန်ပြောမယ်'

'အေးလေ...နှင့်သဘောသိချင်လို့ ငါ အရင်လာမေးတာပါ။ နင်က ပြောင်းလာတာလည်း မကြာသေးဘူး။ တို့ ဘာသာတရားအရ ကုသိုလ်ပြုခွင့်ရအောင် တိုက်တွန်းရတာပါ။ ဒါဆို ငါ ပြန်ပြီနော်'

ဒေါ်မြင့်ဆိုသူ နူတ်ဆက်ထွက်ခွာသွားသည်အထိ သီတာ တကုတ်ကုတ်နှင့် အလုပ်များကို သိမ်းကျုံးလုပ်ကိုင်ရှင်းလင်းလိုက်သည်။ ထမင်းခွံ့ပြီးသည့်အပြင် နို့လည်းစို့ခွင့်ရထားသော ကလေးငယ်က မျက်လုံးလေးမှေး၍ အိပ်ပျော်သွားခဲ့လေသည်။

အသေအချာ အိပ်ပျော်သွားတော့မှ ပုခက်ပေါ်ထည့်၍ လှုပ်ထားပေးလိုက်ပြီး-

'ကဲ...မေမေရေ၊ သမီးတို့ ထမင်းစားကြရအောင်နော်'

'အေးလေ...သမီး၊ ငါ့သမီးလည်း အတော်မောသွားပြီ။ ညည်း အခုလိုအဆင်ပြေနေတာတွေ့ရတာ ဝမ်းသာပါတယ်။ အခု ဒီအခန်းက ငှားနေရတာလား'

'ဟုတ်တယ် မေမေ၊ ဒီအခန်းငှားခက တစ်လ (၅၀၀၀)ပေးရတယ်'

'အောင်မယ်၊ တော်တော်ဈေးကောင်းသားပဲနော်'

'ဒါတောင် သမီးတို့တိုက်ခန်းက အတွင်းလမ်းထဲရောက်နေလို့ မေမေရဲ့။ လမ်းမကြီးပေါ်က တိုက်ခန်းတွေဆို သိန်းချီပြီးတောင် ပေးနေကြရတာ'

'သမီးယောကျ်ားက အခု လစာဘယ်လောက်ရလို့လဲ'

'လစာကတော့ နှစ်သိန်းရတယ်။ သူက တခြားကုမ္ပဏီတွေကပေးတဲ့ အပိုဝင်ငွေတွေလည်းရှိနေလို့ အဆင်ပြေပါတယ် မေမေ'

'အေး...အေး...ဝင်ငွေကောင်းတုန်း စုထားသမီးရေ။ ဒီအိမ်ရဲ့ ဘုရားကျောင်းဆောင်နေရာလေးက ကျဉ်းကျဉ်းလေးပဲ ရတယ်နော်။ ဘုရားဆွမ်းတော်လေးဘာလေးလည်း မတင်ဘူးလား သမီးရယ်'

'အရင်နေတွေက ကပ်ပါတယ် မေမေ။ ဒီနေတော့ သမီးလည်း မအားလို့'

'အေး...အေး...ဆွမ်းတော်ကတော့ နေ့တိုင်းကပ်သမီးရယ်။ အိမ်ရှင်မဆိုတာ အဲဒီတာဝန် မပျက်ကွက်ရဘူးကွဲ့'

သားအမိနှစ်ယောက် ထမင်းလက်ဆုံ စားခဲ့လို့ရှင်း ရှေးဟောင်းနောင်းဖြစ်များ ပြောဆိုခဲ့မိကြောင်းသည်။ သည်လိုနှင့် မွန်းလွဲ(၁)နာရီတွင် ဒေါ်နှင်းအိ

www.burmeseclassic.com

ပြင်ဆင်သည်။ သီတာက အိမ်နီးချင်း အစ်မတစ်ယောက်ကို ကလေးခဏကြည့်ထားပေးရန် မှာကြားခဲ့ပြီး ဆက်ကျင်းကားဂိတ်ဆီသို့ မိခင်ကိုလိုက်ပို့ရင်း စကားပြောပြောနှင့် လမ်းလျှောက်ခဲ့လေသည်။

'မမေ..ဘိုးဘိုး,ဘွားဘွားတို့ကိုလည်း သမီး သတိရတယ်။ သူတို့အကြောင်းတွေလည်း သိချင်တယ်။ ပြည်မြို့ရောက်ရင် ဘွားဘွားအကြောင်း ပျော်စရာအဖြစ်အပျက်တွေရှိရင် စာထဲမှာ ထည့်ရေးပေးပါလား။ ဖေကြီးကိုလည်း သတိရတယ်။ ဒါပေမဲ့ ကြောက်တယ် မမေ။ ဘယ်တော့များမှ သမီးကို ခွင့်လွှတ်မလဲ မသိဘူးနော်'

နယ်မြို့တစ်မြို့တွင် ကြီးပြင်းခဲ့ရကာ ရန်ကုန်မြို့ထဲရောက်နေရရှာသော သီတာက ပြည်မြို့ဆီသို့ လွမ်းနေမိသည်။ ဖခင်ကြီးမှ စိတ်ဆိုးမပြေသေးပါ၍ ဆက်သွယ်ခွင့်သည်း မရခဲ့ဘဲ ယခု မိခင်ဒေါ်နှင်းအိအိမ်သို့ အလည်ရောက်လာခဲ့၍ မခွဲခွာချင်ပါဘဲ မိဘနှင့် သားသမီးသံယောဇဉ်က အမြစ်တွယ်သယောင် ရှိနေခဲ့ရသည်။

ဒေါ်နှင်းအိအနေနှင့်လည်း အကြောင်းရှာ၍ ရန်ကုန်ရောက်တုန်းရောက်ခိုက်မှာပင် ခဏဝင်ရောက်လည်ပတ်ခဲ့ခြင်းမျှသာဖြစ်သည်။ ကိုယ်တိုင်က စာရေးသူ မဟုတ်သော်လည်း ယောက်မစာရေးဆရာမကြောင့် စာပေများနှင့် ရင်းနှီးနေခဲ့သည်။ ယခင်က ရန်ကုန်ဖြို့ထဲ၌ ဝန်ထမ်းဖြစ်ခဲ့ဖူး၍လည်း ရန်ကုန်သွားရမည့် ကိစ္စရပ်များတွင် ဒေါ်နှင်းအိက ဝင်စွက်ဖွယ်ရန် ရောက်ခဲ့ရင်း စာပေကိစ္စရပ်များနှင့် အခြားကိစ္စများပါ ဆောင်ရွက်ပေးနေခဲ့လေ့ရှိခဲ့သည်ပင်။

'ကဲ..မမေသွားတော့မယ် သမီး။ အမေ့မြေးလေးဆီကို ပြန်လိုက်တော့။ ဘတ်(စ်)ကားလာရင် မမေတက်လိုက်သွားတော့မယ်။ ဒီကို ခဏ,ခဏလည်း ရောက်မှာမဟုတ်ဘူး။ ပြည်ကိုရောက်ရင် အမေ စာရေးပြီး ပို့ပေးလိုက်မယ်နော်။ ဟုတ်ပြီလား'

ချစ်ရသူနောက်ကို တစ်ပြည်တစ်ရွာထင်မှတ်ပြီး လိုက်ပါလာခဲ့မိသော်လည်း ပြည်မြို့ကို သီတာထွန်း လွမ်းနေရဆဲဖြစ်သည်။ ပြည်မြို့၌ နေထိုင်စဉ်က ရွှေဆံတော်ဘုရားကြီး၏ ဗုဒ္ဓဟူးသန့်ရှင်းရေးအသင်းဝင်ဖြစ်ခဲ့ကာ ဝတ်ရွက်ခြင်း၊ လူမှုရေးပရဟိတကိစ္စရပ်များ ကူညီဆောင်ရွက်ပေးခဲ့သူဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့၏ ဉာဏ်ရိုးမီးပူဇော်ပွဲတွင် ထမနဒါနအလှူပွဲ၌ ပျော်ရွှင်ခဲ့ရပုံကို သတိရမိပါသည်။ ရပ်ကွက်အတွင်း သံဃာ့ဒါနဆွမ်းလောင်းအသင်းတွင်လည်း အပတ်စဉ်နီးပါး အရာထမ်းဆွမ်းလောင်း ကုသိုလ်ယူခဲ့ခြင်းများကို အမှတ်တရဖြစ်မိပြန်သည်။

ဘိုးဘိုး၊ ဘွားဘွားတို့ မျိုးရိုးစဉ်ဆက်ပိုင်ဆိုင်ထားသော နေအိမ်နှင့် ခြံအကျယ်ကြီးတွင် နေထိုင်ခဲ့ရင်း ဘဝဟောင်းကို စဉ်းစားမိသည်။ ခြံထဲ၌ ဘိုးဘိုး,ဘွားဘွားတို့၏ အိမ်ကြီးအပြင် ၄င်းတို့မျိုးဆက် အိမ်ထောင်သည်တို့၏ နေအိမ်များလည်း အစီအရီရှိနေကြသည်။

ညဘက်ဆိုလျှင် မမေ ဒေါ်နှင်းအိမှ မွေးထားသော ကလေး(၃)ယောက်၊ ဘဘသိန်း၏ ကလေး(၂)ယောက်၊ အန်တီမွေး၏ ကလေးတစ်ယောက် မြေးစုစုပေါင်း(၆)ယောက်က ဘိုးဘိုး,ဘွားဘွား၏အိမ်၌ ဘုရားဝတ်တက်ကြရလေ့ရှိခဲ့သည်။ ဘိုးဘိုး,ဘွားဘွားတို့မှ ဘုရားရှိခိုးစာပိုဒ်ဆိုသော မြေးများကို မုန့်တစ်ခုခု ကျွေးမွေးလေ့ရှိခဲ့ရာမှ ညဘက် ဘုရားရှိခိုး အိပ်စက်ခြင်းကို သီတာ အလေ့အကျင့်ရရှိခဲ့ခြင်း ဖြစ်ပါသည်။

♦♦♦

'အိမ်ရှင်တို့..စာ ပါပါတယ်'

စာပို့သမားက အိမ်ရှေ့တွင်ရပ်ရင်း စာအိတ်ကို လှမ်းပေးလာသည်။ သီတာ ကမန်းကတန်းပင် ထွက်ယူလိုက်ပြီး ကြည့်လိုက်မိရာ လက်ရေးကို ကြည့်ရုံမျှနှင့် မမေ ဒေါ်နှင်းအိ စာမှန်း သိရှိသွားပါသည်။

မမေ ပြန်သွားခဲ့ပြီး (၁၀)ရက်ကျော်မှာပင် စာတစ်စောင် ရောက်လာခဲ့ခြင်း ဖြစ်သည်။ စာကို အချိန်မဆိုင်းဘဲ ဖွင့်ဖောက်ဖတ်လိုက်ပါသည်။ ဒီတစ်ခေါက် မမေ့စာက A4 ဆိုဒ် စက္ကူဖြူနှင့် စာမျက်နှာ(၅)မျက်နှာခန့် ရေးသားထားသည်။ စာတွင် အဘွားအကြောင်းလည်း ပါရှိသည်။ မိသားစုအကြောင်းလည်း စုံလင်စွာ ပါဝင်သည်။ အိမ်ထောင်သည် သမီးသို့ အမေမှ ပြောဆိုဆုံးမချင်သည်များကို တစုတစည်းတည်း ဖော်ပြထားခြင်းဟု ဆိုနိုင်ပါသည်။ တို့ကြောင့် အမေ့မေတ္တာ စာပေလွှာက ဆုံးမမှုဋ္ဌကာဟုပင် ပြောရလောက်ပေသည်။ စာကို ဖတ်ပြီးသည်နှင့် သီတာ ငေးငိုင်မိသွားသည်။

ဘယ်သူမှ မသိအောင် သူမ သက်ပြင်းမောတစ်ခုကို ချလိုက်မိရင်း-

'သမီး ကြိုးစားပါ့မယ် မမေ'ဟု စိတ်ထဲက ပြောချလိုက်မိတော့သည်။

♦♦♦

www.burmeseclassic.com

"ဟယ်..သူငယ်ချင်းသီတာ၊ နင့်ကို နင်လို့တောင် မထင်ရဘူးဟယ်။ တစ်သားမွေး တစ်သွေးလှဆိုတာ ဒါပဲလား။ အခု နင် ငါ့ဆီ လာလည်တာလား"

သူငယ်ချင်းမိသီက အိမ်ထဲဝင်ရောက်လာသူ သီတာ့ကို နှုတ်ဆက်ရင်းမှ အံ့သြဝမ်းသာစကားဆိုလာသည်။

"နင့်ဆီ ခဏလာတယ်လို့ပဲ ပြောရမှာပေါ့ဟာ။ ငါက နင်တို့ရပ်ကွက်ထဲကလူ ဖြစ်သွားပြီဟ။ ဒီဘက်ခြမ်း နင်တို့နဲ့ နှစ်လမ်းခြားက ထောင့်ကွက်အိမ်လေးကို ငါဝယ်လိုက်ပြီလေ"

"ဩော်..ဟိုခြံစည်းရိုးလေးခတ်ထားတဲ့ သွပ်မိုးအိမ်လေးကို ပြောတာလား"

"ဟုတ်တယ်လေဟာ၊ ချိန်းလင့်သံဆန်ခါ ခြံစည်းရိုးခတ်ထားတယ်။ နင်တို့နဲ့ (၂)လမ်းခြား (၁)လမ်းထောင့်က အိမ်ကလေးပေါ့"

"အေးပါဟာ၊ အခုခေတ်အချိန်အခါမှာ အိမ်ဝယ်နိုင်တယ်ဆိုတာ ကောင်းတာပဲပေါ့ သူငယ်ချင်းရာ။ ဘယ်လိုလဲ၊ နင့်အမျိုးသား အတော်ထောနေတယ်လား"

"အသင့်အတင့်တော့ ပြေလည်တယ်ပြောရမှာပေါ့ဟ"

"အခု နင့်ကလေး ဘယ်နှစ်နှစ်ရပြီလဲ"

"(၆)နှစ်ကျော်ပြီလေ"

"အေးဟယ်.. ငါတို့ ကျောင်းပြီးသွားကတည်းက မတွေ့ကြဘူး။ ငါလည်း ဆရာဖြစ်သင် ပြန်တက်ရသေးတယ်ဟ။ ပြီးမှ ဆရာမ ဖြစ်တာ။ နင်ကတော့ ယောကျ်ားရကံကောင်းပြီး အခု (၆)နှစ်လောက်အတွင်း အိမ်ပိုင်တောင် ဝယ်နိုင်တယ်နော်။ ငါတောင် အားကျလာပြီ"

"ဒါကတော့ဟယ် သူတစ်ယောက်တည်း ကြိုးစားလို့ မဟုတ်ပါဘူး။ ငါ့ဘက်ကလည်း ပါပါသေးတယ်"

"ဟဲ့..မိသီရဲ့၊ နင် ငါ့အိမ်ဘက် လိုက်ခဲ့ပေးဦး။ လမ်းလျှောက်သွားရင်းနဲ့ စကားပြောချင်လို့"

"အေး..အေး..ဒါဆို ငါ ခဏအဝတ်လဲဝတ်လိုက်ဦးမယ်။ စောင့်ပေးနော်"

မိသီက အတွင်းခန်းထဲ ဝင်ရောက်၍ အဝတ်အစား တစ်စုံလဲဝတ်ပြီး ပြန်ထွက်လာသည်။

"ကဲ..လာ..သူငယ်ချင်း၊ သွားကြမယ်"

နှစ်ဦးသား လမ်းအတူလျှောက်လာခဲ့ကြရင်း သီတာထံမှ ဦးစွာစကားစလာသည်။

"ဒီလို မိသီရဲ့.. နင်တို့ရပ်ကွက်ထဲ ငါတို့မိသားစု ပြောင်းလာပြီဆိုတော့ ရပ်ကွက်ထဲကလူတွေနဲ့ သိပ်မရင်းနှီးသေးဘူးလေ။ ဒီရပ်ကွက်ခမျာရုံမှာ ငါ ငွေလျှာချင်တယ်ဟ။ ဆွမ်းလောင်းအသင်းဖြစ်နေလို့ တစ်ပတ်ကို ဆွမ်းစရိတ် အတွက် ငွေ(၅၀၀)ကျပ်လှူမယ်လေ။ နင် ငါနဲ့ ခဏလိုက်ပေးပါလား"

"အေးလေ..ကောင်းတာပဲပေါ့။ ငါ့သူငယ်ချင်းက လှူနိုင်တာမို့ ငါတို့ခမျာရုံကိုယ်စား သာခုခေါ်ပေးပါတယ်နော်။ ပိုပြီးလှူနိုင်တန်းနိုင် ချမ်းသာပါစေလို့လည်း ဆုတောင်းပေးတယ်။ ဟုတ်ပြီလား"

သို့နှင့်ပင် မိသီနှင့် သီတာတို့ သူငယ်ချင်းနှစ်ယောက် ခမျာရုံအဖွဲ့ဝင်လူကြီးများနှင့် တွေ့ဆုံစကားပြောခဲ့ကြပြီး အလှူငွေထည့်ဝင်ခဲ့ကာ အိမ်ပြန်ခဲ့ကြပါသည်။

ငယ်ရွယ်သော အိမ်ထောင်သက်ကာလတစ်ခုမှာပင် ရန်ကုန်မြို့၊ မြို့သစ်တစ်ခုၦ ကိုယ်ပိုင်အိမ်လေးတစ်လုံး ပိုင်ဆိုင်ခွင့်ရခဲ့သည်။ (၂၀×၆၀)ပေ အိမ်မြေကွက်လေးနှင့် ဦးပွားရေးအဆင်ပြေသောဘဝ ရောက်ခဲ့ရခြင်းတွင် မိခင်ဒေါ်နှင်းအိစာက အခြေခံကျသည်။ သူငယ်ချင်းမ ဆရာမ မိသီက သူမဘဝကို အားကျနေမိသော်လည်း သဘာဝတရား၏ စောင့်ရှောက်မှုမခံရသော အပျိုကြီးဖြစ်နေခဲ့ၦ ရှင်းပြရန်ခက်ခဲမည်ဟု ထင်မိပါသည်။

မေမေဒေါ်နှင်းအိ၏ ဆုံးမထားသောစာနှင့်အတူ နေ့ထပ်ဖတ်မှတ်ခွင့်ရသော တရားစာအုပ်များ၏ အထောက်

www.burmeseclassic.com

www.burmeseclassic.com

အပုံကြောင့် သီတာက ဗုဒ္ဓဘာသာဝင်တို့ သိရှိသင့်သော အခြေခံအကြောင်းတရားများကို ပြုလုပ်မှုကိုအဆင့်ရောက်ရှိအောင် နေထိုင်တတ်ခဲ့သည်။ တရားအသိ၊ အချက်အလက်တို့ကို တရားတော်နာယူခြင်းမှလည်းကောင်း၊ တရားစာအုပ်များ ဖတ်ရှုခွင့်ရခြင်းမှလည်းကောင်း သိရှိခဲ့ရကာ တရားသဘောဆင်ခြင်နေထိုင်တတ်ခဲ့၍ အကျိုးတရားကောင်းများ ရယူပိုင်ဆိုင်နိုင်ခဲ့ခြင်းဟု ယုံကြည်မိသည်။

မမေမေဒေါ်နှင်းအိ ဖတ်ရန်ပေးထားသော တရားစာအုပ် တစ်အုပ်ထဲမှ အကြောင်းအရာလေးတစ်ခုကို သီတာ သတိရမိသည်။

ထိုတရားအချက်အလက်က လူသားတိုင်း ဆင်ခြင်ရမည့် နည်းလမ်းတစ်ခုဖြစ်သည်။ ပါဠိအခေါ်အဝေါ်အရ ဣဿာမစ္ဆရိယဟူ၍ ဖြစ်ပါသည်။

ဣဿာ၏ အဓိပ္ပာယ်မှာ မနာလိုခြင်းဖြစ်သည်။ လူသားတိုင်း၏ စိတ်အရိုင်းများထဲတွင် ထိုသို့မနာလိုဝန်တိုတတ်သည့်စိတ် မမွေးမြူရန် လိုအပ်ပါသည်။

မစ္ဆရိယဆိုသည်က မိမိရသလို၊ ကောင်းစားသလို သူတစ်ပါးအား မရစေလိုခြင်း၊ မကောင်းစားစေလိုခြင်းဖြစ်သည်။

မစ္ဆရိယတွင် အမျိုးအစားအားဖြင့် (၅)မျိုးခွဲခြားထားပြန်သည်။

ကောင်းမွန်သောအိမ်ရာ၊ တိုက်၊ ခြံ၊ ကားတို့ကို မိမိကသာ ပိုင်ဆိုင်လိုသည့် အာဝါသမစ္ဆရိယ၊ စီးပွားဥစ္စာကို မိမိတစ်ဦးတည်းသာ တိုးပွားရယူလိုသည့် လာဘမစ္ဆရိယ၊ ပေးကမ်းထောက်ပံ့ခြင်းတွင် မိမိသာရယူလိုသည့် ကုလမစ္ဆရိယ၊ မိမိထက် သာလွန်ထက်မြက်သူကို မချီးကျူးတတ်သည့် ဝဏ္ဏမစ္ဆရိယ၊ တရားအသိကို မိမိကသာ သိရှိပြီး တစ်ပါးသူအား မသိစေလိုသည့် ဓမ္မမစ္ဆရိယဟူ၍ ဖြစ်ပါသည်။

ဆိုးကျိုးဖြစ်စေသည့် မစ္ဆရိယစိတ် ထားရှိကြသူများသည် ကောင်းမှုကံများကို ယခုဘဝမှာပင် လွဲနိုင်ပေသည်။ အပါယ်ငရဲရောက်ရသည်က သေလွန်သည်၏ နောက်ပိုင်းကာလများ၌သာ ဖြစ်နိုင်ပါသည်။ မကောင်းမှုရှောင်ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားတတ်စေရန်မှာ ဗုဒ္ဓဘုရား၏ အဆုံးအမများကို လိုက်နာကျင့်သုံးပြီး အချိန်တိုင်း သတိဖြင့် နေထိုင်တတ်သူကို ဆိုလိုပါသည်။ ထိုမှတစ်ဆင့်သာ ကောင်းမှုကုသိုလ်များအဖြစ် ရောက်ရှိပိုင်ဆိုင်ခဲ့ကြကာ နေထိုင်မှု၊ စားသောက်မှု၊ ပိုင်ဆိုင်မှုများက ရလဒ်ကောင်းအဖြစ် ရရှိနိုင်ကြမည် ဖြစ်ပါသည်။

အမွေဖြတ်ထားသောသမီးကို ပြည်မှ တကူးတက ရောက်အောင်လာခဲ့ပြီး မေမေ့မေတ္တာစာပေလွှာဖြင့် အဝေးရောက် သွန်သင်ဆုံးမပေးခဲ့သည်။ ကိုယ်တိုင်အသုံးချအောင် မြင်ခဲ့ရာမှ အများအကျိုးအတွက် သီတာက ဖြန့်ဝေသိရှိစေချင်ပါသည်။ ဆုံးမစကားရပ်များမှတစ်ဆင့် ပြုလုပ်ခဲ့သော ဒါန၊ စောင့်ရောက်ထိန်းသိမ်းခဲ့ရသော သီလနှင့် မှတ်သားလိုက်နာခဲ့ရသော တရားဘာဝနာများ၏ အကျိုးပေးက သီတာ့ဘဝကို အတိုင်းအတာတစ်ခုဆီ ရောက်ခွင့်ရအောင် ဖန်တီးပေးခဲ့ပါသည်။

ထိုသို့အကြောင်းကောင်းများအတွက် လမ်းညွှန်တရားအသိများကို ဓမ္မမစ္ဆရိယ မဖြစ်ပါဘဲ စာအုပ်စာပေတစ်ခုခုမှသာ တင်ဆက်ခွင့်ရမည် ဆိုပါလျှင်...။

♦ ♦ ♦

တာဝန်ခံအယ်ဒီတာ ကိုထွန်းအောင်၏ စားပွဲရှေ့သို့ စာရေးဆရာတစ်ယောက် ရောက်ရှိလာသည်။

'ဟာ..ကိုမိုး၊ လာ..ထိုင်၊ အခု ဘာစာမူတွေ ပေးခဲ့မလို့လဲ'

'ဒီတစ်ခါတော့ စာမူပေးဖို့ မပါဘူးဆရာ။ ဒါပေမဲ့ ထူးခြားတဲ့စာတစ်စောင်ကတော့ ယူလာခဲ့တယ်။ ဒီစာက ကျွန်တော့်တူမ ဆရာမရဲ့ သူငယ်ချင်းမိန်းကလေးတစ်ယောက် ရထားတဲ့စာပါ။ ကျွန်တော်က စာရေးဆရာမို့လို့ သူ့အမေ ရေးပို့တဲ့စာကို မိတ္တူကူးပြီး ကျွန်တော့်ကို ပေးထားတာလေ။ ဦးလေး စာရေးတဲ့ဆောင်းပါးထဲ ထည့်ရေးပါလားလို့ ပြောထားတာဗျ။ ဘယ်လိုဖော်ပြပေးရင် ကောင်းမလဲလို့'

အယ်ဒီတာကိုထွန်းအောင်က စာရွက်ခေါက်ကိုယူ၍ တစ်ထိုင်တည်း ဖတ်လိုက်သည်။

လောကီလမ်းအတွက် ဓမ္မအလင်းပွင့်များ ခြွေလင့်ပေးနေသည့် အင်အားရှိသောစာများက စာမျက်နှာပေါ်ရှိ စကားလုံးတိုင်းကို ညှင်သာ၍ အင်အားဖြစ်စေသော စကားလုံးတေးသံများအဖြစ် ပေါ်လွင်လာစေရန် ဖော်ညွှန်းရေးသားခြင်း ထားပါသည်။

မမေမေ စာရေးလိုက်တယ် သမီး..

သမီးက ဘိုးဘိုး၊ဘွားဘွားတို့အကြောင်းလည်း စာတွေ ထည့်ရေးပါလို့ ဆိုလာတော့ သမီးအဘွားအကြောင်း ဦး

www.burmeseclassic.com

www.burmeseclassic.com

နည်းပြောပြချင်တယ်။

သမီးအဘွားက လူကသာ တုန်တုန်ယင်ယင် ဖြစ်နေရတာ အသက်(၈၇)နှစ်လို့တောင် မထင်ရဘူး။ အမေတို့အိမ်နဲ့ သိပ်မဝေးလှတဲ့ (၂)လမ်းထဲမှာ မသင်းတို့အိမ် ရှိတယ်လေ။ သမီးလည်း သိပါတယ်။ တစ်နေ့ အဲဒီ မသင်းသားဇင်မောင်မောင်က ဆန်ဆန်ကောကြီးကို ခေါင်းပေါ်တင်ပြီး လမ်းမကနေ အော်သွားတယ်။ ကလေးဆိုတော့ အပျော်အပျက် အော်သွားတာပဲပေါ့။

ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်လို့ ဘာမှမပါဘဲ အော်သွားတာကို သမီးအဘွားက "ဟေ့..ကလေးရေ၊ လာပါဦး"လို့ လှမ်းခေါ်လိုက်တယ်တဲ့။ ကလေးက အစအနောက်သန့်တဲ့သူမို့ အဘွားကြီးတော့ တကယ်ယုံပြီး ခေါ်နေတာလို့ သိသွားတာမို့ ဒီထက်ပိုကျယ်ကျယ်အော်ပြီး လမ်းမဘက်ကနေ ကွေ့ပြီးပြေးသွားတာပေါ့။ အဲဒါကို သမီးအဘွားက နောက်က ပြေးလိုက်ပြီး ခေါ်တယ်လေ။ ကံကောင်းလို့ မှောက်လျက်မလဲတာ သမီးရေ။ ဒါနဲ့ပဲ မေမေက သမီးအဘွားကို နောက်ကလိုက်ခေါ်ပြီး အိမ်အရောက် ပြန်တွဲခေါ်ခဲ့ရတယ်။

အမေရယ်..ဘာဖြစ်လို့ ဝယ်ချင်ရတာလဲဆိုတော့ ငါ့သမီးက ကန်စွန်းရွက်ဝယ်ရမယ်လို့ ပြောထားတာကို သိနေလို့ သွားမဝယ်ရအောင် အိမ်ကနေ ဝယ်ထားပေးမလို့တဲ့လေ။

ပြောချင်တာက အမေမေတွာပဲ သမီး။ အမေတွေဆိုတာက သားသမီးအတွက် အမြဲပဲ စဉ်းစားနေတတ်တယ်။ သမီးနဲ့မေမေဆိုရင် သမီးအဖေက မတွေ့ရဘူးဆိုတာတောင် ခိုးဝှက်ပြီး တွေ့ခဲ့တယ်။ သမီးအဖေ နှစ်သက်တဲ့သူကိုသာ အိမ်ထောင်ပြုခဲ့မိရင် ငါတို့မိသားစု မခွဲဘဲ မြေးလေးကိုလည်း ချစ်ခွင့်ရမှာပဲပေါ့။

မေမေတို့ မျိုးရိုးစဉ်ဆက်ထဲမှာမှ သမီးက ရန်ကုန်မြို့ထဲမှာ နေခွင့်ရတဲ့သူ ဖြစ်လာလို့ မေမေကျေနပ်ပါတယ်။ ဒါပေမဲ့ ရန်ကုန်မှာ နေစရိတ်၊ စားစရိတ်တွေ ကြီးကြီးမားမား သုံးစွဲနေရတာကို မြင်ရတော့ ဒီစာလေး ရေးချင်မိသွားတယ် သမီး။

မေမေတို့၊ သမီးတို့က မြန်မာနိုင်ငံသားတွေပဲလေ။ ဗုဒ္ဓဘာသာအဆုံးအမနဲ့ နေတဲ့သူတွေပဲ။ ဒီတော့ လူကြီးတွေ၊ ဆရာသမားတွေ၊ မိဘတွေက ဒီလိုရွတ်ဆိုရတယ်၊ ဒီလိုနေထိုင်ရတယ်လို့ ပြောဆိုဆုံးမထားခဲ့ကြပေမယ့် လက်တွေ့လုပ်ဆောင်မှုမှာတော့ ကိုယ့်အကြိုက်အဆင်ပြေသလို ထိုင်စာတ်ခဲ့ကြတယ် သမီး။

ဒီတော့ မေမေက ဗုဒ္ဓဘာသာဝင် ဖြစ်ခွင့်ရသူဆိုတာကို ရှင်းပြချင်တယ်။

တို့များကိုးကွယ်တဲ့ ဘုရားရှင်ကို သမ္မာသမ္ဗုဒ္ဓဖြစ်စွာဘုရားလို့ခေါ်တယ်။ အဲဒီဗုဒ္ဓရှင်တော်မြတ်ရဲ့ တရားတော်ကိုမှ ဗုဒ္ဓဘာသာလို့ ခေါ်ရတာပါ။ အဲဒီတရားတော်တွေကို ဆုံးမတော်မူထားတဲ့အတိုင်း လိုက်နာနေထိုင် ပြုမူဆက်ဆံသူများကို ဗုဒ္ဓဘာသာဝင်လို့ ခေါ်တာပဲ သမီး။

အဲဒီတော့ လူဘဝ ရကြတယ်။ လောကီပညာရပ်တွေကို သမီးတို့၊ မေမေတို့ လူသားတွေ တော်တော်များများ ဆည်းပူးခဲ့ကြတယ်။ အဲဒီလို သင်ကြားထားပြီးလို့ တတ်ထားတဲ့ ပညာရပ်တွေကို ဘယ်လိုအသုံးချကြမှာလဲ။ ပထမတော့ နိုင်ငံတော်ရဲ့ သားကောင်း၊သမီးကောင်း ဖြစ်စေပါမယ်လို့ ကြီးကြီးကျယ်ကျယ် ပြောလေ့ရှိကြတယ်။ နိုင်ငံတော်ကို အကျိုးပြုတဲ့ ဝန်ထမ်းဖြစ်စေရမယ်လို့လည်း ကောင်းပေးတတ်ကြတယ် သမီး။ ဘဝပုံစံခုနဲ့ ဖြတ်သန်းမိခဲ့ကြပြီး နောက်ဆုံးတော့ မိသားစုဘဝမှာပဲ ဂိတ်ဆုံးသွားကြပါတယ်။

ကိုယ့်အတွက် ဝင်ငွေအဆင်ပြေမယ့်လုပ်ငန်း၊ အေးတစ်နေရာရာမှာ ရှင်သန်ခွင့်ရခဲ့ကြရင် ပတ်ဝန်းကျင်ကို ဂရုမစိုက်မိကြတော့ဘူး။ ကောင်းမွန်လှပတဲ့ ပြည့်စုံချမ်းသာတဲ့နေထိုင်ရမှုတွေ ရခဲ့တာနဲ့ပဲ တခြားဆင်းရဲတဲ့သူတွေကို ကိုယ်နဲ့မပတ်သက်ဘူးလို့ မာနအထင်က သွေးကြီးနေတွေ ရှိတတ်ကြတယ်။

ကိုယ့်တိုင်းပြည်မှာပဲ နေထိုင်နေပြီး လူဘဝကို အကျိုးတည်ဆောက်ထားတဲ့ မိသားစုမျိုးကို အမေမလိုလားသူ သမီး။ မေမေတို့ နေ့တိုင်းကြည့်နေမိတဲ့ တီဗွီထဲက စကြဝဠာသီချင်းတစ်ပုဒ်မှာပါတဲ့ စာသားအရပြောရရင်-

မျိုးရိုးကောင်းက ဆင်းသက်လာတဲ့ မျိုးနွယ်ဖြစ်တယ်၊ ဒါ တို့ပြည်ပဲ၊ ဒါ တို့မြေပဲလေ။ ကိုယ်ပိုင်မြန်မာပြည်ကြီးပဲတဲ့။

တက်လူတွေက လှံလ၊ ဝီရိယနဲ့ မျိုးရိုးဂုဏ်ကို တိုးတက်အောင် တည်ဆောက်ပြကြတာက မှန်ကန်တဲ့ တာဝန်ပဲတဲ့။

အာနာနည်သားကောင်း ဗုဒ္ဓဘာသာဝင် အမျိုးသားရေးရဲ့ တိုင်းပြည်ဆိုတာ ရှေးရာဇဝင်တွေမှာကတည်းက ရှိခဲ့ဖူးတဲ့၊ တောက်ပခဲ့ဖူးတဲ့ တိုင်းပြည်ကြီးပဲမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ ဗုဒ္ဓဘာသာ အယူအဆအရ ဘဝရတာကို ခြွင်ကောက်ကြည့်ကြရအောင်။

ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်တယ်ဆိုရင် ဘဝတွေထဲမှာမှ လူဘဝရတာဟာ အထူးကံကောင်းသူပဲလို့ ပြောစရာကောင်လိုမယ်မထင်ဘူး သမီး။

တကယ်တော့ ဘဝရတာ အကြွေးရှိနေသေးလို့ရတာပါ။ ဘယ်လိုအကြွေးလည်းလို့ဆိုရင် ရစရာရှိတဲ့အကြွေးနဲ့ ပေးစရာရှိတဲ့အကြွေးပဲ။

ဥပမာ-ဝက်ဘဝ၊ နွားဘဝ ဆိုပါတော့။ အလုပ်အကျွေးပြုဖို့ သူခန္ဓာကိုယ်နဲ့ တခြားရှင်သန်နေတဲ့ဘဝတွေကို အသက်နဲ့ပါ ပေးဆပ်ကြရပါတယ်။ နတ်ဘဝကျတော့ ရစရာတွေ တစ်ပုံတစ်ပင် ဖြစ်မနေဘူးလား သမီး။ အဲဒီမှာ ပေးပြီးလို့ရတာနဲ့ ရပြီးလို့ပေးရတာ အလွှာအဖြစ် ကွာခြားခဲ့ကြရတာပဲ သမီး။

ဒီတော့ လူဘဝရတာ ပေးသင့်ပေးထိုက်တဲ့ ကံသုံးပါးတန်ဖိုးကို ပြည့်ပြည့်ဝဝပေးထားခဲ့လို့ ရရှိထားရတဲ့ အမျှတဆုံးဆုလာဘ်လို့ အမေတြောချင်ပါတယ်။

ပေးပုံချင်း မတူဘူးနော်။ ဒါက သဘာဝတရားကြီးက ချိန်ခွင်လို လိုက်ညီပေးနေခဲ့တာ။ အဝိဇ္ဇာ မသိခြင်းတွေနဲ့ နေထိုင်ကြတဲ့ ဘဝ,ဘဝတွေတိုင်း နိမ့်လိုက်၊ မြင့်လိုက်၊ ချမ်းသာလိုက်၊ ဆင်းရဲလိုက်၊ ဖြစ်နေကြရလိမ့်မယ်။ ပြိုးလိုက်၊ မဲ့လိုက်၊ ငိုလိုက်၊ ရယ်လိုက်၊ နေမကောင်းဖြစ်လိုက်၊ ကျန်းမာလိုက်နဲ့ ဖြစ်နေကြရမှာချည်းပဲ သမီး။

နောက်ဆုံး ကိုယ်လိုချင်တာကို ခွဲခြမ်းစိတ်ဖြာကြည့်လိုက်ရင် ကောင်းတာနဲ့ မကောင်းတာနဲ့ဘဲ အဖြေထွက်ပါလိမ့်မယ်။ ကောင်းတာတွေပဲ လိုချင်တယ်ဆိုရင် မကောင်းတဲ့ အလုပ်တွေကို မလုပ်နဲ့ပေါ့။ ဘယ်လိုမကောင်းတဲ့အလုပ်တွေကို မလုပ်ရဘူးလဲလို့ဆိုလာရင် ကောင်းတဲ့အလုပ်နဲ့ အစားထိုးချေဖျက်ခြင်းပဲပေါ့။

အဲဒီတော့ သမီးကို ပြောမယ်။

ရဟန်းတွေကို ဆွမ်းလောင်းလှူတာဟာ ကောင်းတဲ့အလုပ်။ သီလရှင်ဆရာလေးတွေကို ဆန်၊ ဆေး၊ အသုံးပြုပေးလှူတာဟာ ကောင်းတဲ့အလုပ်။ ဘုရားဆွမ်းတော်ကပ်တာ၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူတာ သံဃာဒါနဆွမ်းလောင်းအသင်းတွေမှာ ဆွမ်းဒါနပြုတာတွေက ကောင်းတဲ့အလုပ်တွေပဲပေါ့ သမီး။

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ လျော်အောင်ဖြန့်

ချိ၊ ပျင်းရိမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာတဲ့။ အဲဒါ မယားဝတ္တရားငါးပါးပဲ သမီး။

တကယ်တော့ အိမ်ထောင်ရှင်အမျိုးသမီးဆိုတာ အိမ်အလုပ်ကို မပျင်းမရိဘဲ လုပ်ရမယ်။ အဝတ်အစား၊ အသုံးအဆောင်နဲ့ ငွေကြေးကို သင့်လျော်သလို သိမ်းထုပ်တဲ့နေရာမှာ လုံခြုံရမယ် သမီး။ တခြားယောကျ်ားလေးတွေနဲ့ ရောယှက်မနေရဘူး။ မဖောက်ပြန်ရဘူး။ ပြီးတော့ မိသားစုရဲ့ လိုအပ်ချက်ကို သင့်လျော်သလို ဖြန့်ဝေရမယ်။

လာဘောစ၊ အလာဘောစ၊ ယသောစ၊ အယသောစ၊ နိန္ဒာစ၊ ပသံသာစ၊ သုခစ္စ၊ ဒုက္ခစ္စဆိုတာ လောကဓံတရား(၈)ပါးပဲသမီး။ အဲဒီအထဲမှာမှ လာဘောစ-လာဘ်ရခြင်းအကြောင်း အမေထပ်ပြောချင်တယ်။

လာဘ-လာဘ်ရခြင်းဆိုတာ နှစ်သက်လိုချင်စရာအသုံးအဆောင်ပစ္စည်းတွေကို ရတာကိုခေါ်တယ်။ လူတွေအတွက်ဆိုရင်တော့ ရွှေ၊ ငွေ၊ စိန်၊ ကျောက်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ဆန်စပါး၊ အဝတ်အထည်၊ ယာဉ်ရထား၊ အိမ်ရာ အစုံပဲပေါ့။ အဲဒါတွေကိုရတာ လာဘ်ရတာပဲပေါ့။ ပင်ပင်ပန်းပန်း ရှာဖွေလုပ်ကိုင်လို့ရတာပဲဖြစ်ဖြစ်၊ ကံအားလျော်စွာရတာကိုပဲဖြစ်ဖြစ် လာဘ်ရတာတွေချည်းပဲ။ သမီး အမျိုးသားက လစာကောင်းကောင်းရနေတဲ့ ဝန်ထမ်းဖြစ်ရတာ၊ အပိုးဉာဿော ငွေဆောင်းရတာတွေဟာ လာဘ်ရတာပဲ။ အဲဒါ သူတစ်ယောက်တည်းအတွက် ရတာလားဆိုတော့ မဟုတ်ဘူး သမီး။ လက်ရှိပတ်သက်ဆက်နွယ်နေသူတွေကို

www.burmeseclassic.com

ခွင့်ဆက်ပုံပိုးနိုင်အောင် ရွှင့်ဂုဏ်တွေက အကျိုးပေးတာပါ။ အဓိကကတော့ မိသားစုဝင်ဖြစ်နေတဲ့ သမီးနဲ့ သမီးအမျိုးသားနဲ့ ကလေးအတွက်ရတယ်ဆိုရင် အတော်များများ ပြည့်စုံပါတယ်။

ဖြစ်ပြီးရင် ပျက်တတ်တဲ့ထုံးစံအရ သူရလာတဲ့ လာဘ်လာဘငွေကြေးကို ပတ်သက်တဲ့ ဇနီးမယားဆီကို အပ်နှင်းဥစ္စာရဲ့ သဘောအရ ပေးအပ်ရမှာက သဘာဝပဲ သမီး။ ဇနီးလုပ်သူကလည်း သင့်တင့်စွာ သုံးစွဲရမယ့်ငွေအတွက် ယောကျ်ားက ပြန်တောင်းရင် လျော်အောင်ဖြန့်ချိဆိုတဲ့ စကားရပ်အရ သင့်လျော်စွာပေးဖို့ အဆင်သင့်ဖြစ်နေရပါမယ်။

တကယ်တော့ ဇနီးမယားဆိုတာ မိသားစုရဲ့ ဘဏ္ဍာတိုက်ပဲပေါ့။ အဲဒီဘဏ်တိုက်ထဲက ပစ္စည်းတွေက ကိုယ့်ပစ္စည်းမဟုတ်ဘူးဆိုတာ သတိထားရမယ်။ အကြောင်းမဲ့ကုန်ကျရတဲ့တန်ဖိုးတွေ မဖြစ်စေရဘူး။ မျိုးရိုးကောင်းက ဆင်းသက်လာတဲ့မျိုးနွယ်။ ပြီးတော့ ဗုဒ္ဓဘာသာမြန်မာလူမျိုး ဖြစ်နေခဲ့ပြီး ကိုယ့်တိုင်းကိုယ့်ပြည်ရဲ့ နေရာဌာနမှာ ဘာလို့ အိမ်ပိုင်နဲ့ မနေနိုင်ရမှာလဲ။ ဒီမြို့နယ်ဆီကို ပြောင်းခဲ့ရင် ဒီမြို့ရဲ့ အိမ်ရာမြေကွက်ကို ဝယ်နိုင်အောင် သမီးတို့ကြိုးစားသင့်တာပေါ့။ အဆင့်အတန်းမြင့်တဲ့ လူနေရပ်ကွက်ကိုပဲ မကြည့်ပါနဲ့။ ကိုယ်နဲ့သင့်လျော်တဲ့ လက်ရှိဝင်ငွေနဲ့ လိုက်ဖက်မယ့် နေရာဒေသကို စဉ်းစားကြည့်စမ်းပါ။

အခု ဘိုးဘိုး,ဘွားဘွားတို့က သူတို့ခြံအကျယ်ကြီးကို သုံးပုံတစ်ပုံလောက် ပြန်ရောင်းချဖို့ ပြင်ဆင်နေပါပြီ။ အဲဒါရောင်းချပြီးသွားရင် သားသမီးတွေတင်မကဘူး၊ အိမ်ထောင်ကျပြီးသားဖြစ်နေတဲ့ မြေးတွေကိုပါ သင့်သလို ဝေခြမ်းပေးဖို့ စီစဉ်နေတယ်။

ဒီတော့ အိမ်ကို ဆွမ်းခံကြွမယ့် ကိုယ်တော်ကို ဆွမ်းလောင်းပါ သမီး။ အိပ်ခန်းထဲမှာ ဘုရားကျောင်းဆောင်ထားတာက ဘုရားရှင်ကို မိမိမိသားစုနဲ့ အတူလာနေဖို့ ပင့်ဖိတ်ထားတယ်လို့ မှတ်ယူပါ။ အဲဒီဗုဒ္ဓရုပ်ပွားဆင်းတုတော်တွေ၊ ပုံတော်တွေက တို့ကိုးကွယ်တဲ့ ဗုဒ္ဓဘုရားရှင်ကိုယ်တိုင်ပဲ ကြည်ညိုတဲ့စိတ်ရင်းအမှန်နဲ့ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ရမယ် သမီး။ တကယ်တော့ ဧည့်သည်ခေါ်ထားပြီး ဧည့်ဝတ်ကျေပွန်စွာ လုပ်ကျွေးပြုစုတဲ့သဘောပဲပေါ့။

သမီး အခု လူဘဝရတာက အရင်ဘဝက ပေးခဲ့တာတွေ အားကောင်းခဲ့လို့လို့ မှတ်ယူပါ။ အခုဘဝမှာ လာဘ်လာဘပေါများချင်ရင်တော့ ရပြီးသားတန်ဖိုးတွေကို ဆုတ်ယုတ်လျော့ကျမသွားအောင် သမီးရထားတဲ့အထဲက ပြန်ပေးရမှာပဲပေါ့။ ပြန်ပေးတဲ့ စနစ်အမှန်က သာသနာတော်ကို စောင့်ရှောက်ရင်း ပေးကမ်းလှူဒါန်းမှုပြုတာပဲ သမီး။

လောကသုံးပါးမှာ တန်ခိုးအထက်မြက်ဆုံး ဗုဒ္ဓရတနာကော်မြတ်ဘုရားကို ရည်မှန်းပြီး ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိလို့ ရွတ်ဆိုပူဇော်မှုပြုရင်တောင် သရဏဂုံတည်သူအဖြစ် နတ်ကောင်းနတ်မြတ်တို့က ကောင်းချီးပေးကြတယ်။

ဒီတော့ ဘုရား၊ တရား၊ သံဃာတော်တို့ရဲ့ ဂုဏ်တော်ကြီးတွေ ကိုယ်ဆီကို ရောက်ချင်တယ်ဆိုရင် အနီးစပ်ဆုံး သံဃာတော်ကို ပူဇော်တာပဲပေါ့ သမီးရယ်။ သံဃာတော်ဆွမ်းလောင်းလှူတာမှာ သံဃာဂုဏ်ကိုရည်မှန်းပြီး စိတ်သန့်သန့်နဲ့ လှူဒါန်းခဲ့ရင် သာသနာတွင်းသား ဗုဒ္ဓဘာသာဝင် စစ်စစ် ဖြစ်ခဲ့ပြီပဲပေါ့။ အိမ်မှာရှိနေတဲ့ ဘုရားကျောင်းဆောင်မှာ ပင့်ဖိတ်ထားတဲ့ ကိုယ်တွားတော်ကို ဆွမ်း၊ ပန်း၊ ရေချမ်း၊ ပုံမှန်ကပ်လှူပူဇော်မှလည်း ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်တွေက သမီးတို့မိသားစုကို စောင့်ရှောက်မှာပဲပေါ့သမီး။ သမီးကို ငယ်ငယ်တုန်းက အဖေကြီးက လက်မထောင်ပြခိုင်းတတ်တယ်။ အဲဒီတုန်းက သမီးလက်မလေးက ကွေးပြီး ကောက်နေတာပဲ။ အဖေက အဲဒီလက် ကောက်တာကို မာနကြီးတဲ့ကလေးလို့ မှတ်ချက်ချဖူးတယ်နော်။ သမီးတို့အဖေ လက်မကျတော့ ဖြောင့်ဖြောင့်ကြီးဖြစ်နေတယ်။ ကောင်းကြည့်လို့တောင် မရဘူးတဲ့။

ဒီတော့ လက်မ ကောက်သူနဲ့ ဖြောင့်သူကို မာနကြီးတဲ့သူနဲ့ မာနမကြီးတဲ့သူလို့ သမီးအဖေက လွယ်လွယ်ပဲ ကောက်ချက်ချခဲ့ဖူးတယ်။ အခုနောက်ပိုင်း အမေတို့ရိပ်သာက အဘွားတွေစုံလို့ တရားစကားနဲ့ ဆွေးနွေးကြည့်တော့ လက်မကောက်တဲ့သူတွေက လာဘ်လာဘ အားကောင်းတဲ့ မိသားစုဝင်တွေဆီမှာ ကြီးပြင်းခွင့်ရကြတယ်တဲ့။

အမေသမီးက လက်မကောက်တယ်။ လာဘ်လာဘရတာလည်း အားကောင်းတာပဲမဟုတ်လား။ ငယ်ငယ်တည်းက အဖေနဲ့အမေက စောင့်ရှောက်ဖြည့်ဆည်းပေးထားတဲ့အပြင် ဘိုးဘိုး,ဘွားဘွားကလည်း မုန့်ဖိုးဆိုပြီး ပေးထားဖူးတာပဲလေ။ တကယ်သိလိုက်တဲ့အထိ မကောင်းတဲ့ မခြောင့်မကြနေခဲ့ရပြီး အခု ယောကျ်ားရလာလည်း ချစ်

www.burmeseclassic.com

ချမ်းသာသာ နေခွင့်ရတာပဲ မဟုတ်ဘူးလား။

မေမေဆိုလိုတဲ့အဓိပ္ပာယ်က အရင်ဘဝကတည်းက ဒါနအားကောင်းခဲ့တဲ့သူ၊ အခုဘဝမှာလည်း လက်ရှိလာဘ်လာဘတွေရနေတဲ့သူဖြစ်လို့ ကုသိုလ်ကံတွေ အားကောင်းနေတုန်းမှာ ကုသိုလ်ဆက်လုပ်စေချင်တယ်သမီး။ ယောကျ်ားရဲ့ လစာနဲ့ အပိုဝင်ငွေကို ဘဏ်စာရင်းနဲ့စုထားပါ။ ကုသိုလ်အလုပ်တွေ များများလုပ်ခဲ့ရင်းကမှ သမီးရဲ့ဒါန၊ သီလတွေရဲ့ အကျိုးပေးအားကောင်းခဲ့ရင် ဘိုးဘိုး၊ဘွားဘွားတို့က ပေးမယ့်အမွေလည်း သမီးရခွင့်ကြုံမှာပဲပေါ့။ အဲဒါဆို ရုန်ကုန်က သင့်လျော်တဲ့နေရာတစ်နေရာမှာ သမီးတို့ အိမ်ပိုင်ဝယ်ပြီး နေနိုင်ကြမယ်လို့ အမေထင်မိပါတယ်။

တို့ဗုဒ္ဓဘာသာရဲ့ လူဖြစ်ရခြင်း အဓိကပန်းတိုင်က နိဗ္ဗာန်ရောက်ချင်ကြတာပဲ သမီး။ ဘဝဆိုတာက တောင့်တရခြင်းတွေ၊ ကြောင့်ကြရခြင်းတွေနဲ့ နေထိုင်နေရတာမို့ ဒုက္ခတောထဲ ကျင်လည်နေတာနဲ့ အတူတူပဲ။ ဘယ်အရာကမှ သာယာပြည့်စုံတာ မရှိပါဘူး။

ဘုရားရှိခိုးစာပိုဒ်ကို ရွတ်ဆိုခဲ့ကြရင် နိဗ္ဗာန်မဂ်ဖိုလ်ကို ရရပါလိမ့်၏ အရှင်ဘုရားလို့ ဆုတောင်းကြပြီး အဲဒီ ဆုတောင်းနဲ့ ပြည့်စုံအောင်နေတတ်ဖို့က ကုသိုလ်အလုပ် အားကောင်းကောင်းနဲ့ လုပ်ဆောင်တတ်ဖို့ လိုပါလိမ့်မယ်။

ဒီတော့ လာဘ်လာဘငွေကြေးဥစ္စာကို အဓမ္မကြောင့်ရတဲ့ငွေလား၊ ဓမ္မကြောင့်ရတာလားဆိုတာ ခွဲခြားတတ်ရမယ် သမီး။ အဓမ္မနဲ့ရတဲ့လစာနဲ့ အပိုဆောင်းရငွေတွေကို မိသားစုစကားဝိုင်းကတစ်ဆင့် တရားသဖြင့်ရတာ ဟုတ်ရဲ့လား။ မတရားသိမ်းပိုက်ယူထားသလားဆိုတာ ခွဲခြားသုံးသပ်တတ်ရမယ်။ လုပ်ကိုင်မှု အမှားမဖြစ်အောင် ပါရမီဖြည့်သူတစ်ယောက်အနေနဲ့ ပြုပြင်ပေးရမယ် သမီး။

ဆရာတော်တစ်ပါးရဲ့ တရားစာအုပ်တစ်ခုမှာ အမေဖတ်ဖူးတဲ့ လင်္ကာလေးကို ပြောပြမယ် သမီး။

သူတော်ကောင်း..သူတော်ကောင်း၊
သူတော်လာအောင် ကိုယ်ကကောင်း၊
သူမတော်လည်း ကိုယ်ကကောင်း၊
သူမကောင်းလည်း ကိုယ်ကကောင်း၊
ဒါမှ သူတော်ကောင်းတဲ့။

တို့ဗုဒ္ဓရှင်တော်မြတ်ဘုရားရဲ့ စကားအဆုံးအမတွေကို လိုက်နာပြီး နားထောင်တတ်တဲ့သူက သူတော်ကောင်းပဲ သမီး။ သမီးတို့အိမ်လေးမှာ သမီးကိုယ်တိုင်က ကောင်းပြမှ ကလေးတွေကိုလည်း ကောင်းလာအောင် ဆုံးမပဲ့ပြင်နိုင်မယ်။ အဲဒီကမှတစ်ဆင့် ကောင်းခြင်းတွေနဲ့ပြည့်နေတဲ့အိမ်ဖြစ်တော့မှာပဲပေါ့။

သူတော်ကောင်းတွေဆီကိုလာတဲ့ လာဘ်လာဘဆိုတာက အဓမ္မမဖြစ်ဘူး သမီး။

အပါယ်လည်း လွတ်မယ်။ နိဗ္ဗာန်လည်း ရောက်ချင်တယ်။ ပြီးတော့ အခုဘဝမှာလည်း ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေချင်တယ်ဆိုရင် ဒါနကို ကွဲကွဲပြားပြားသိရှိပြီး စိတ်ပါလက်ပါ ဆောင်ရွက်စေချင်တယ် သမီးရယ်။

အေးငြိမ်းပါစေ
ချစ်မေမေ ဒေါ်နှင်းအိ

ကိုထွန်းအောင်က စာဆုံးသွားသည်နှင့် စာရေးဆရာကိုမိုးကို စိုက်ကြည့်နေလိုက်သည်။

"အေးဗျာ..ကိုမိုး၊ ခင်ဗျားစာကိုဖတ်ရတာ အိမ်ထောင်သည်မိန်းကလေးတွေအတွက် အတော်ကောင်းမွန်တဲ့ ဆုံးမစကားတွေပဲ။ ဒါနဲ့ အဲဒီကောင်မလေး တကယ်ပဲ အိမ်ပိုင်ဝယ်နိုင်ပြီလား"

"(၆)နှစ်အတွင်းမှာ လုံးချင်းအိမ်လေးနဲ့ ခြံကွက်လေးပိုင်သွားပြီဗျ။ အခုဆို ကျွန်တော်တို့ရပ်ကွက်ထဲက ဓမ္မာရုံဆွမ်းလောင်းအသင်းမှာ လစဉ်ဆွမ်းအလှူ(၁၀၀၀၀)ကျပ် အမြဲထည့်ဝင်ပေးနေလေရဲ့"

"ဒါဆိုရင် ဒီစာကိုရေးတဲ့ ကလေးမအမေရောဗျ"

"သူ့အမေကြီးကတော့ သူ့ယောကျ်ားကျောင်းအုပ်ဆရာကြီး ဆုံးသွားပြီးကတည်းက အိမ်နဲ့ခြံကို သမီးနဲ့သားကို အပိုင်လွှဲပေးခဲ့တယ်တဲ့ဗျာ။ သူကိုယ်တိုင်ကတော့ စစ်ကိုင်း တရားရိပ်သာတစ်ခုမှာ အပြီးနေတော့မယ်လို့ သိရတယ်"

"ဒါဆို အိမ်နဲ့ခြံဝယ်တာက အဘိုး၊အဘွားဆီက အမွေရသွားသေးတာလား"

"အသေအချာပဲပေါ့ဗျာ။ အိမ်ထောင်ကျပြီးသား မြေးဖြစ်နေတာရယ်၊ ကုသိုလ်ကောင်းမှု အမြဲလိုပြုနေတဲ့ ကံတရားတွေကြောင့်ပဲပေါ့"

"အေးဗျာ..အားရစရာကောင်းပါတယ်။ ဗုဒ္ဓဘာသာဝင် မိဘတွေအတွက် အကောင်းဆုံးလမ်းညွှန်ဆုံးမထားတဲ့ စကားရပ်တွေဖြစ်နေလို့ ကျွန်တော်ကတော့ အနုပညာမေတ္တာစာပို့တောင် တင်စားလိုက်ချင်ပါတယ်ဗျာ"

ကိုမိုး(ရွှေပြည်သာ)

www.burmeseclassic.com

ကျွန်တော့်အတိုက ဖြူးမြို့။

ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်ရှိ မြို့ငယ်မြို့တစ်မြို့။ အရောင်းအဝယ် ကုန်သည်ပွဲစား၊ အနုပညာသမားများနှင့် မျိုးချစ်ပုဂ္ဂိုလ်များ ပေါက်ဖွားရာမြို့ဟုလည်း တင်စားခေါ်ဝေါ်ခဲ့ကြသည်။ သည်ထဲမှာ တစ်ယူသန်အတွဲဆန်ပြီး ကိုယ်လုပ်တာ၊ ကိုယ်ပြောတာမျှ မှန်သည်ဟု ထင်နေသော လူတစ်ယောက်ကို ကျွန်တော် သွားသတိရမိသည်။ လွန်ခဲ့သော အနှစ်(၃၀)ခန့်က ဖြစ်သည်။

♦♦♦

ဖြူးမြို့အရှေ့ဘက် စစ်တောင်းမြစ်ကို အမှီပြုနေသော မီးတိုင်တောဆိုသော ရွာလေးရှိသည်။

ထိုရွာလေးတွင် အလွန်စိတ်တိုတတ်သော တစ်ယူသန် ဆန်သော လူတစ်ယောက်ရှိသည်။ သူ့အမည်က ဦးတင်ခေါင် ဖြစ်၏။

အလွန်ဆင်ခြေဆင်လက်များ၍ စောဒကတက်တတ်သော လူငယ်တစ်ယောက်ရှိသည်။ သူက ကျွန်တော်ဖြစ်၏။

♦♦♦

ဒါရိုက်တာမျိုးကော်အောင်
သီချင်းဆိုတဲ့ တာဆွေ



www.burmeseclassic.com

www.burmeseclassic.com

သီချင်းဆိုတတ်သော တစ္ဆေတစ်ကောင်၏ အကြောင်းကို ဦးတက်ခေါင် ပြောပြသောအခါ ကျွန်တော်သည် ယုံတမ်းစကားတစ်ခုလို အပျင်းပြေနားထောင်ရင်း စိတ်ထဲက ရယ်ချင်နေမိသည်။

'တစ္ဆေက အကောင်အထည်မှ မရှိတာ။ ဝိညာဉ်က ဘယ်လိုလုပ်ပြီး သီချင်းဆိုနိုင်မှာလဲဗျာ။ ဦးတက်ခေါင်က ဟာ အဓိပ္ပာယ်မဲ့ လုပ်တော့မယ်'

ကျွန်တော်၏ ဉာဉ်အတိုင်း ဦးတက်ခေါင်ကို စောဒက တက်လိုက်သည်။

'ဒီမယ် မောင်မျိုး၊ မင်းက တစ္ဆေကို မြင်ဖူးလို့လား'

'မမြင်ဖူးပါဘူး'

'အယုံအကြည်ရောရှိလား'

'အယုံအကြည်လည်း မရှိဘူး'

သည်တွင် ဦးတက်ခေါင်က ပြုံးလိုက်သည်။ ဘာ အဓိပ္ပာယ်နှင့်ပြုံးမှန်း ကျွန်တော်မသိ။

'လောကမှာ မမြင်ဖူးတာတွေ ရှိတယ်ဆိုတာရော မင်း ယုံလား'

'ဒါတော့..'

'ဒါတော့'တွင် ကျွန်တော့်စကားရပ်သွားသည်။

'ဒါတော့ဆိုပြီး မလုပ်နဲ့လေ။ ရှိရင် ရှိတယ်၊ မရှိရင် မရှိဘူး တစ်ခုခုတော့ မင်း ပြောရမှာပေ့'

'ဒါတော့..'

'ဒါတော့တွေ ဆက်မနေနဲ့တော့ မောင်မျိုး။ ဆက်လို့ မရရင် ဖြတ်ထားလိုက်။ အဖြေက မခက်ပါဘူး။ ငါ မေးမယ်။ မင်းအသက် ဘယ်လောက်ရှိပြီလဲ'

'(၂၅)နှစ်'

'ဒါဆို မင်းမမွေးခင် လွန်ခဲ့တဲ့နှစ်(၃၀)လောက်က စာရေးဆရာကြီး ဦးရွှေဥခေါင်းဆိုတဲ့ ပုဂ္ဂိုလ်ကြီးကို မင်း မြင်ဖူးလား'

'ဟာ..ဦးတက်ခေါင်ကလည်း ကျွန်တော်မှ မမွေး သေးတာ ဘယ်လိုလုပ် မြင်ဖူးမှာလဲ'

'ရှိခဲ့ဖူးတယ် ဆိုတာရော ယုံလား'

'ယုံတယ်'

'ဘာဖြစ်လို့ ယုံတာလဲ'

'လူကြီးတွေ ပြောပြဖူးလို့။ နောက်ပြီး စာအုပ်စာပေ ထဲလည်း ဖတ်ဖူးလို့ ယုံတာ'

'ကောင်းပြီ။ ဒါဆို မောင်မျိုးကို ဆက်ပြောလို့ရပြီ။ မင်းနဲ့ငါ ဘယ်သူက အသက်ကြီးလဲ'

'ဦးတက်ခေါင်က ကြီးတာပေါ့'

'ဒါဆို မင်းထက်စာရင် ငါက လူကြီးသူမလို့ပြောရင် ရတယ်ပေါ့'

'ရတယ်၊ သိပ်ကိုရတယ်'

'သိပ်ကိုရတယ်ဆိုရင် ငါပြောတဲ့ သီချင်းဆိုတဲ့ တစ္ဆေ အကြောင်းလည်း ယုံရတော့မှာပေါ့။ ဟုတ်ဘူးလား။ ဒါမှ သဘာဝကျမယ်လေကွာ။ ယုံတယ်ဆိုရင်တော့ ငါဆက်ပြော မယ်။ မယုံဘူးဆိုရင်တော့ မင်းပြန်လို့ရပြီ။ နောင်လည်း ငါ့ဆီ လာစရာအကြောင်း မရှိတော့ဘူး။ ရှင်းလား၊ ငါပြော တာ'

လုပ်ငန်းက စပြီ။ စိတ်တိုတတ်သော၊ စိတ်မရှည်တတ် သော ဦးတက်ခေါင် စကားကြောင့် ကျွန်တော် ခပ်ချဉ်ချဉ် ဖြစ်သွားလေသည်။ သူစကားက တိုတောင်းပြတ်သားလှ သောကြောင့်ဖြစ်၏။ လေသံကလည်း နည်းနည်းမာချင် သည်။ စိတ်တိုယောင်ယောင် ပါနေသည်။

'ဦးတက်ခေါင်..ကျွန်တော့်ကို စိတ်ဆိုးနေတာလား'

'စိတ်ဆိုးတာ မဟုတ်ဘူး။ လေကုန်မှာကို နှမြောလို့ သေချာအောင် ပြောနေတာ'

'ဒါလောက်လေးနဲ့တော့ ဦးတက်ခေါင် ကျွန်တော့် အပေါ် စိတ်ဆိုးဖို့ မလိုပါဘူး'

'မောင်မျိုး..မင်း တော်တော်လေကြောရှည်တဲ့ကောင် ပဲ။ မင်းကို ငါပြောနေတာက စိတ်ဆိုးနေတဲ့သဘော မဟုတ် ဘူး။ လေကုန်မခံနိုင်တဲ့သဘောကို ပြောနေတာကွ။ စိတ်တို တာနဲ့ စောဒကကြားမှာ အဖြေဆိုတာ မရှိနိုင်ဘူးကွ။ အရမ်း ဝေးတယ်။ မနီးစပ်ဘူး။ သိပ်မိုးချုပ်နေမယ့်။ မင်းပြန်တော့'

ကျွန်တော့်ဘက်က စောဒကမတက်ခင် ဦးတက်ခေါင် စိတ်တိုတာက အရင်စောနေသည်ဟု ထင်သည်။ စကားက ဘာမှရှိသေးတာမဟုတ်၊ ပြောသေးတာမဟုတ်။ အခုမှ အစ ပဲ ရှိသေးသည်။ မင်းပြန်တော့ဟု ဦးတက်ခေါင်က ကျွန် တော့်ကို နှင်နေပေပြီ။

'ခုလည်း မိုးချုပ်နေပါပြီဗျာ။ ဒီထက်ချုပ်ရရင် မိုး လင်းဖို့ပဲ ကျွန်တော့်တယ်။ ကျွန်တော် ဒီည ဦးတက်ခေါင် အိမ်မှာ အိပ်မှာ'

'ဘာ..ငါ့အိမ်မှာအိပ်မှာ။ ဒီမယ်..မင်းကို အိပ်ခွင့် မပေးနိုင်ဘူး။ မိုးချုပ်လို့ မင်းမပြန်ရဲရင် ငါ လိုက်ပို့ပေးမယ်'

ဦးတက်ခေါင် ကျွန်တော့်ကို စိတ်ဆိုးနေမှန်း သိသာ

www.burmeseclassic.com

သည်။ ကျွန်တော်သိသော ဦးတက်ခေါင်သည် တကယ့်ကို လူခွစာတစ်ယောက် ဖြစ်သည်။ သူ့ကို ဆင်ခြေပေးခြင်း၊ စောဒကတက်ခြင်း လုပ်လို့မရ။ လက်ခံတတ်သူလည်း မဟုတ်ပေ။ သည်လိုလူမျိုးတွေ ဖြူးမြို့နယ်တွင်းသာမက ကမ္ဘာအနှံ့အပြားမှာ အများကြီးရှိကြလိမ့်မည် ထင်သည်။

ကျွန်တော်ကလည်း အငြင်းသန်သည်။ စောဒက မတက်ရလျှင် မနေတတ်။ အခု ကျွန်တော် ဦးတက်ခေါင်ကို စောဒက မတက်ခဲ့။ ဘာကြောင့် စိတ်ဆိုး၊ စိတ်တိုသွားမှန်း ကျွန်တော် မသိချေ။

'ကဲ..ဦးတက်ခေါင်၊ ကျွန်တော် ပြန်မယ်။ ကျွန်တော့်ကို လိုက်ပို့စရာ မလိုပါဘူး။ ယောကျ်ားပဲဗျာ။ ရပါတယ်' ဟု ရိုတိုတိုပြောပြီး ဦးတက်ခေါင်အိမ်က ထွက်လာခဲ့လေတော့၏။

♦♦♦

ကျွန်တော် ဦးစာက်ခေါင်အိမ်က ထွက်လာတော့ မိုးက အရမ်းချုပ်နေပြီ။ မိုးကလည်း ဖွဲဖွဲကျနေသည်။ လေကလည်း ဖြည်းဖြည်းချင်း တိုက်ခတ်နေသည်။ ကျွန်တော့်အိမ်က ဦးတက်ခေါင်အိမ်နှင့် နည်းနည်းလှမ်းသည်။ တစ်မိုင်ခွဲခရီးလောက်တော့ရှိ၏။ ဦးတက်ခေါင်ကို မကျေနပ်၍သာ စိတ်လိုက်မာန်ပါ ထွက်လာခဲ့ခြင်းဖြစ်သည်။ စိတ်ထဲကတော့ အမှောင်ကို ကြောက်နေ၏။

'ဂျိမ်း..ဂျိမ်း'

'ဖျတ်..ဖျတ်'

မိုးချုန်းသံနှင့်အတူ လျှပ်စီးက ပြက်ခနဲလင်းလက်သွား၏။ ရုတ်တရက် လင်းလက်သွားသော လျှပ်ပြက်အောက် အလင်းရောင်ကြား ရှေ့တည့်တည့်တွင် မည်းမည်းအရာဝတ္ထုတစ်ခုက ငုတ်တုတ်ကြီးထိုင်နေသလို သဏ္ဌာန်တစ်ခုကို ဘွားခနဲ တွေ့လိုက်ရ၏။

'ဟာ..ရှေ့က မည်းမည်းကြီးက တစ္ဆေလား၊ သရဲလားမသိဘူး။ ဒုက္ခပဲ'

ကျွန်တော့်အတွေးနှင့်ကျွန်တော် ရေရွတ်လိုက်သည်။ ကြောက်စိတ်၊ လန့်စိတ်၊ ချောက်ချားစိတ်များက ကျွန်တော့်ရင်ထဲ စိမ့်ဝင်လာသည်။

လျှပ်ရောင်က အဆက်မပြတ် လက်နေသည်။ မည်းမည်းငုတ်တုတ်ကောင်ကြီးက ပေါ်လာလိုက် ပျောက်သွားလိုက်။ ကျွန်တော် ရှေ့ဆက် မတိုးရဲအောင်၊ မလျှောက်ရဲအောင် ဖြစ်နေရတော့၏။ ကြောက်စိတ်ကို မနည်းထိန်းပြီး တစ္ဆေလား၊ သရဲလား၊ လူလား မခွဲခြားနိုင် ဖြစ်နေမိတော့၏။

မည်းမည်းသဏ္ဌာန်ကြီးက လှုပ်လိုက်၊ ရပ်လိုက် ဖြစ်နေ၍-

'ဟေ့..ရှေ့..ရှေ့မှာ ဘယ်သူလဲ'

ကျွန်တော် ကြောက်ကြောက်လန့်လန့်ဖြင့် အသံတုန်ယင်စွာ အော်၍မေးလိုက်သည်။

သည်တွင် မည်းမည်းသဏ္ဌာန်ကြီးထံမှ-

'မင်းက ဘာကောင်လဲ'

'ကျွန်တော်..ကျွန်တော်..ဘာကောင်မှ မဟုတ်ပါဘူး၊ လူပါ'

'အေး..ငါက ဒီမီးတိုင်တောက တစ္ဆေ'

'ဗျာ..တစ္ဆေ..တစ္ဆေ..ဟုတ်လားဗျာ။ ကျွန်တော့်ကို မခြောက်လှန့်ပါနဲ့ဗျာ။ ပြန်ရမှာကလည်း မနီးမဝေး၊ ကျွန်တော်..ကျွန်တော်..ကြောက်လွန်းလို့ပါ။ ချမ်းသာပေးပါဗျာ'

'အိမ်း..(အက်သံကြီးဖြင့်) မင်းကြောက်ရင်တော့ ငါ မခြောက်တော့ပါဘူး။ ဒါပေမဲ့ ငါက ဒီမီးတိုင်တောက သီချင်းဆိုတဲ့ တစ္ဆေဆိုတော့ မင်း ငါသီချင်းဆိုတာကို ဂရုတစိုက် ငြိမ်ငြိမ်နားထောင်ရမယ်နော့'

'ဟုတ်..ဟုတ်ကဲ့ပါခင်ဗျား။ ကျွန်တော့်ကို မခြောက်လှန့်ရင် တော်ပါပြီ။ ကျွန်တော် ဒီနေရာကနေ ထိုင်ပြီး ငြိမ်ငြိမ်နားထောင်ပါ့မယ်'

'အိမ်း..ဒီလိုမှပေါ့ကွ။ ခု ငါ မင်း လန့်အောင် လုပ်ကြီးကို ဖျာလိပ်သလို အလိပ်လိုက်လည်း မထုတ်ပြတော့ဘူး။ မျက်လုံးကြီး လင်းကွင်းလောက်လည်း မခြောက်တော့ဘူး။ ငါဆိုတာသာ နားထောင်'

'ဟုတ်..ဟုတ်ကဲ့ပါခင်ဗျား' ဟု ကျွန်တော် မည်းမည်း သဏ္ဌာန်ကြီးကို မကြည့်ရဲကြည့်ရဲနဲ့ကြည့်ပြီး ပြော

www.burmeseclassic.com

www.burmeseclassic.com

သည်။

'အိမ်း..အဟမ်း..အဟမ်း'

ဟု တစ္ဆေထံမှ ပဏာမချောင်းဟန့်သံ ကြားလိုက်ပြီး ဘဲကျောင်းသား ပျော်ပါးပါတဲ့နေရာ အသံသြသြကြီးဖြင့် သီချင်းသွားကို သီဆိုလိုက်သည်။ ကျွန်တော် တွေ့ဆွေးသံကြားတော့ ရင်တုန်ပန်းတုန်ဖြစ်ပြီး မျက်စိစုံမှိတ်ပြီး နားထောင်လိုက်သည်။

'ရှဲဗွက်ကယ်..ရေအိုင်စောင်းကို မောင်းပြန်ရတာ..အိမ်း..အိမ်း..တစ္ဆေထံမှ အသံကပ်သံ၊ ဟဲ..ဟိုဘဲမ ဘယ်ကိုသွား၊ (မနက်ချေ ကြက်တွေကြောင့် အလုပ်များ)၊ ဆန်..ဆန်ကွဲရယ်နဲ့.. ဘဲဥတွေ ရာထောင်သောင်းကို.. (ရောင်းဝယ်လို့စား)၂...

ဝက်တွေကဆူတာ ကြက်တွေကညံတာ၊ ရှဲဗွက်ရေအိုင်ထဲကသာ ဘဲတွေ အော်ကြရာ..ကြက်တူရွေးကိုသာ ခွေးမကိုက်အောင်နေပါ.. သူ့အလိုက် ဘာသာမြူးထူးကာ ငန်းတွေအော်ကြရာ..မန်ဒါလီတွေ ပေါများစွာ..တစ်နေကုန်အောင် ကျောင်းရတာ..ခြံထဲသွင်းဖို့ အားလုံးမောင်းလို့က ဆုံးကြပေတာ...'

ကျွန်တော် ဓာတ်စက်ထဲမှ ကြားဖူးသော ဆရာကြီး ဦးကြင်ခဲရဲ့ ဘဲကျောင်းသားသီချင်း သီဆိုနေသည်မှာ မူရင်းအဆိုရှင် ဥဩဘသောင်လောက် မကောင်းပေမယ့် အသံသြသြကြီးဖြင့် သီဆိုပုံမှာ ကျွန်တော် အလွန်အဲ့သြသွားရသလို အထိတ်တလန့်လည်း ဖြစ်ခဲ့ပြီး ကျွန်တော့်အတွေးထဲမှာ ဦးတက်ခေါင်ပြောတဲ့ သီချင်းဆိုတဲ့တစ္ဆေ တကယ်ရှိမှန်း ခုမှ ကျွန်တော်သိလိုက်ရ၏။

နောက်ပြီး-

'မင်းက တစ္ဆေကို မြင်ဖူးလို့လား'

အယုံအကြည်ရောရှိလားဟူသော ဦးတက်ခေါင်၏ စကားများကို ကြားပြီး မည်းမည်းတစ္ဆေကောင်ကြီး၏ အသံသြသြ သီချင်းဆိုသံကို နားထောင်နေစဉ်မှာပင် မီးတိုင်တောရွာဘက်မှာ လူတစ်စု ပြေးလာသံနှင့်အတူ-

'ကိုတက်ခေါင်..ကိုတက်ခေါင်..ခင်ဗျား အဲဒီလို မလုပ်ပါနဲ့လေဗျာ' ဟူသော အော်ဟစ်သံများနှင့်အတူ အနောက်က လူအုပ်ကြီး ပြေးလိုက်လာနေသံများကို ကျွန်တော် ကြားလိုက်ရလေသတည်း။

ဒါရိုက်တာမျိုးဇော်အောင်

ဝမ္မဒူတစာပေဆုရ

ဝမ္မယောသက-အရှင်ဩတာသ

ဗုဒ္ဓအလိုက္ခ

သမ္မာအာဇီဝ

လောကထဲမှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် အတတ်ပညာက ထောက်ပံ့နိုင်ပေမယ့် အသိပညာလောက် မထိရောက်နိုင်ဘူး။ အသိပညာကသာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင် အထိရောက်ဆုံး စွမ်းဆောင်ပေးနိုင်ပါတယ်။

ပညာကို သင်ယူလေ့လာ ဆည်းပူးတဲ့အခါ အသိပညာကို နံပါတ်(၁)ထားပြီး အတတ်ပညာကို လက်တွဲခေါ်ယူသင့်တယ်။

ဖြန့်ချိရေး - သစ္စာမဏ္ဍိုင်ပို့ဆောင်ရေးစာအုပ်တိုက်

အမှတ်(၂/၃)၊ ရွှေတိုက်ဘုရား(တောင်ဘက်မုခ်)၊ ရန်ကုန်မြို့။ ဖုန်း-(၀၁)၃၈၇၈၄၉

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သောနှစ်ပေါင်း ထောင်ချီရှိစဉ်က ကမ္ဘာကြီးသည် ယခုအနေအထားနှင့် အလွန်ကွဲပြားခြားနားပါဘိ။ ထိုခေတ် ထိုအချိန်က လူသတ္တဝါတိုင်းဟာ ကလေးအရွယ်မျှသာချည်းဖြစ်သည်။ သည်ကလေးတွေကို ပြုစုစောင့်ရှောက်ကျွေးမွေးဖို့ အဖေ၊ အမေ ဆိုသည်မှာလည်း မလိုအပ်။ ဘေးဒုက္ခအန္တရာယ်ဆိုး၍ ဘာတစ်ခုမျှ မရှိသောကြောင့်ဖြစ်၏။ ချက်စရာပြုတ်စရာလည်းမလို၊ ချုပ်စရာ,ဖာထေးစရာ အဝတ်အထည်လည်းမရှိ ကလေးတစ်ဦးက စားစရာတစ်စုံတစ်ရာ လိုအပ်ငြားအံ့ သစ်ပင်တွင် အသင့်ရှိနေသည်ကို လွယ်လင့်တကူတွေ့တိုင်း ယူနိုင်သောကြောင့်ဖြစ်သည်။

အားလုံးထဲမှာ အံ့ဖွယ်အကောင်းဆုံးမှာ ကလေးတွေ အချင်းချင်း ခိုက်ရန်ဖြစ်သည် မရှိခဲ့စဖူး။ မျက်ရည်ဖြိုင်ဖြိုင်ကျ ငိုခဲ့ရသည့်အဖြစ်မျိုးလည်း မရှိခဲ့စဖူး။ အလွန်အရုပ်ဆိုး အကျည်းတန်သော ဒုက္ခဆိုသည့် သတ္တဝါကလေးပင် မမြင်ဖူးကြ။ ယနေ့ခေတ်မှာလို ခြင်၊ ယင်များ တဝီဝီပျံသန်းနေသကဲ့သို့ ပျံဝဲနေခြင်းလည်းမရှိ။

ထိုခေတ် ထိုအခါတုန်းက လူဘဝဆိုသည်မှာ ဟော်

ကျော်ထက်ထွန်း

ထူးထူးဆန်းဆန်း ပုံ

www.burmeseclassic.com

www.burmeseclassic.com

စရာကောင်းပါဘိခြင်း။ ပင်ပင်ပန်းပန်းလုပ်စရာ အလုပ်ဆို လို့လည်း ဘာမျှမရှိ။ စိတ်ညစ်ညူးစရာဆိုလို့လည်း ဘာဆို ဘာမျှမရှိ။ တစ်နေကုန်တစ်နေခန်း ကလေးများရဲ့ ချိုသာ သောရယ်သံများ၊ ကခုန်မြူးထူး ဆော့ကစားကြတာကလွဲ၍ ဘာမျှမရှိ။

စင်စစ် သည်ဖြစ်စဉ်တွေက ပင်ဒိုရာ(Pandora)တစ်ယောက်၊ အပ်ိသင်းရဲ့ ကစားဖော်ကစားဖက်အဖြစ် ရောက်မလာခင်က ဖြစ်စဉ်မျှသာ ဖြစ်ခဲ့သည်။

သူမက အပ်ိသင်းနေထိုင်ရာအိမ်ထဲသို့ ဝင်လာချိန်တွင် ပင်ဒိုရာ ဦးစွာပထမ မြင်တွေ့လိုက်သည့်အရာမှာ ဧရာမ ပုံးကြီးဖြစ်သည်။ သည်ပုံးကြီးက ကြမ်းခင်းပေါ်မှာ ထောင်လျက်သားရှိသည်။ ပြီး လမ်းသွားလမ်းလာနေရာမှာရှိသည်။ သို့ရာတွင် သည်ပုံးကြီးက ဘယ်ကဘယ်လို ရောက်လာကြောင်း၊ ပုံးထဲမှာ ဘာတွေရှိကြောင်း အပ်ိသင်းက ဖွင့်ဟ ပြောဆိုခြင်း မရှိခဲ့။

ရက်တွေကြာလာသည်နှင့်အမျှ ပင်ဒိုရာသည် အခြားကလေးများနှင့်ပါ ဆော့ကစားရသည်ကို မျော်လာသည်။ သို့ရာတွင် နေအိမ်ထဲမှ ထူးဆန်းသောပုံးကို သူမ မေ့မျောက်၍မရနိုင်။ သည်ပုံးအကြောင်းကို သိချင်စိတ်က လွန်ကဲနေသည်။

"ဒီပုံးက ဘယ်ကဘယ်လို ရောက်လာတာလဲ"

"ဒီပုံးထဲမှာ ဘာတွေရှိသလဲ"

သည်မေးခွန်းတွေကို အပ်ိသင်းအား ကြိမ်ဖန်များစွာ မေးခဲ့သည်။

"ပင်ဒိုရာရယ်..ဒီမေးခွန်းတွေ မမေးပါနဲ့ဆို"

အပ်ိသင်းက ဆိုသည်။

"ငါက ဂရုတစိုက်စောင့်ရှောက်ဖို့ ဒီပုံးက ရောက်လာတာလေ။ ပုံးထဲမှာ ဘာတွေရှိသလဲဆိုတာ ငါလည်း မသိဘူးဟ"

နောက်နေ့နောက်နေ့များတွင်လည်း ပင်ဒိုရာက သည်ပဟေဠိဆန်သော ပုံးကိုသာ အတွေးရောက်နေတတ်သည်။ နောက်ဆုံးတွင် သည်ပုံးကို ငှက်တောင်တွေစိုက်ထားသည့် ဦးထုပ်ကိုဆောင်းထားသော အပြုံးပိုင်ရှင်လူကြီးက သူ့ဆီ ယူလာပို့ထားတာဟု ဖွင့်ပြောသည်။

"ပုံးထဲမှာ ဘယ်လိုအရာတွေ ရှိသလဲ"

ပင်ဒိုရာက မေးပြန်သည်။

"အဲဒီအထဲမှာ မြွေနှစ်ကောင်ရစ်ပတ်နေတဲ့ တုတ်ရှည်တစ်ချောင်းရှိတယ်"

အပ်ိသင်းက ပြောပြသည်။

"ကျွမ်းကျွမ်းကျင်ကျင် ထုထွင်းထားတာဟ။ အစစ်လို့ ထင်ရလောက်တယ်"

"အဲဒါဆို ကွစ်ဆေး(လ်)ဗား(Quicks Silver) ဖြစ်ရမယ်ဟု ပင်ဒိုရာက ဆိုသည်။

"သူတစ်ဦးတည်းမှာသာ ဒီလိုပုံသဏ္ဌာန်မျိုးရှိတာလေ။ ဒီနေရာဆီ ငါ့ကို ခေါ်ခဲ့တာလည်း သူပဲလေ။ ဧကန္တ ဒီအထဲမှာ ငါ့အတွက် ကစားစရာလေးတွေ၊ လှပတဲ့အဝတ်အထည်တွေ ရှိနိုင်တယ်။ ဒါမှမဟုတ် တို့နှစ်ယောက်အတွက် စားကောင်းသောက်ဖွယ်တွေ ပါနိုင်တယ်ဟ"

"အေး..ဖြစ်နိုင်တယ်ကွ"

အပ်ိသင်းက ကစားရန်သွားဖို့ အလှည့်မှာ ပြောသည်။

"ဒါပေမဲ့ သူပြန်ရောက်လာပြီး အဲသလိုထုတ်ဖော်ပြောတဲ့အထိ ဒီပုံးကို မတို့မထိဘဲ ထားစို့နော်"

"ဒီကောင်က လူပျင်းကလေးပဲ"

အပ်ိသင်းထွက်သွားလျှင် ပင်ဒိုရာက သူမ ကြားရဲ့လောက် ပြောလိုက်သည်။

တစ်ဖန် သူမက-

"သူ့ကို အရာခပ်သိမ်း စိတ်ဝင်တစား ရှိစေချင်လိုက်တာနော်"

အိမ်မှာ သူမတစ်ဦးတည်း ရှိစဉ်-

"ပင်ဒိုရာက ပဟေဠိဆန်သော ပုံးကိုသာ တကြည့်ကြည့်ရှိနေတတ်သည်။ သည်ပုံးမှာ အနက်ရောင်သစ်သားနှင့် ပြုလုပ်ထားသည်။ ပွတ်တိုက်ပါက မိမိအရိပ်ကိုပင် မြင်ရလောက်အောင် ဖိတ်ဖိတ်တောက်ရှိသည်။ ပုံးတစ်ဖက်တစ်ချက်နှင့် ထောင့်စွန်းများတွင် လှပသော ကနုတ်ပန်းများ၊ သစ်သီးဝလံများ ထုလုပ်ထားသည်။ ကနုတ်ပန်းသစ်ရွက်တွေကြားမှာ လူမျက်နှာများက ဟိုနေရာ သည်နေရာတွင် ရှိသည်။ အလယ်ဗဟို ပြောင်ပြောင်လက်လက်နေရာ၌ အားလုံးတွင် အလှတကာ့အလှဆုံး မျက်နှာပုံရှိသည်။ ချစ်စရာကောင်းသည့် မျက်နှာကလေး။ ပင်ဒိုရာကို ပြုံးပြနေသလို ထင်မှတ်ရသည်။

"ပုံးကို ဘာကြောင့်မဖွင့်တာလဲ။ ပုံးက ပြောနေသယောင်ယောင် ထင်မှတ်မိသည်။

"ဘာအန္တရာယ်ရှိလို့လဲ။ ပုံးထဲမှာ အလွန်နှစ်သက်စရာကောင်းတဲ့ တစ်စုံတစ်ခုကို မင်းတွေ့မှာပါ"

www.burmeseclassic.com

ပင်ဒိုရာက ခန္ဓာကိုယ်ကိုကိုင်းပြီး ဧရာမပုံးကြီးရဲ့ အစွန်း တစ်ဖက်ကို မ,ကြည့်သည်။ သို့ရာတွင် ပုံးက သူမအတွက် သိပ်မလေးလှ။ အဖုံးကို နောက်တစ်ကျော့ ပြန်ကြည့်သည်။ သေခြာတ်ထားခြင်းမရှိ။ ပုံးကို ရွှေကြိုးနှင့် ရစ်ပတ်နှောင်ချည်ထားခြင်းဖြစ်သည်။ ကြိုးအထုံးအဖွဲ့က အဆန်းတကြယ်ရှိသည်။

ပင်ဒိုရာက သည်ကြိုးထုံးကို ကြိမ်ဖန်များစွာ တို့ထိကြည့်မိသည်။ ပြီး အနီးကပ်လည်း ကြည့်ရှုစစ်ဆေးသည်။ သို့ရာတွင် ရွှေကြိုးထုံးတွင် ကြိုးစကြိုးဆုံးကို ရှာလို့မတွေ့ရ။

ပြတင်းပေါက်မှ နေရောင်အောက်တွင် ဆော့ကစားနေသော ကလေးများရဲ့ ပျော်ရွှင်မြူးထူးသံများကို ကြားနေရသည်။ အလွန်ခြေခင်းလက်ခင်းသာသော နေ့တစ်နေ့ဖြစ်သည်။ ပဟေဠိဆန်သော သည်ပုံးကြီးကို ကျောခိုင်းခဲ့ပြီး သည်ကလေးတစ်စုနှင့် ဘာကြောင့်သွားမကစားနိုင်ရမှာလဲ။

သို့ရာတွင် သူမရဲ့လက်ချောင်းကလေးများက ရွှေကြိုးထုံးကလေးကိုသာ ဆော့ကစားနေမိသည်။ ပုံးအဖုံးပေါ်မှ မျက်နှာပုံကလည်း ယခင်ယခင် အချိန်များထက် ပိုပြီး ပဟေဠိဆန်သောအပြုံးဖြင့် ပြုံးပြနေသယောင်ယောင် ထင်ရသည်။

သည်အခိုက်မှာပင် ပင်ဒိုရာက ရွှေကြိုးကလေးကို လိမ်လိုက်မိသည်။ ပဋ္ဌလက်နည်းဖြင့် လုပ်လိုက်ဘိသကဲ့သို့ အလိုလိုလျော့သွားသည်။ ကြိုးထုံးက အလိုလိုပြေသွားသည်။

'ဟာ..အပ်ွိသင်းက အပြစ်တင်မှာလား မသိဘူး'

ပင်ဒိုရာက တွေးမိသည်။

'ဒီကြိုးထုံး အမြန်ပြန်လုပ်မှပဲ'

သို့ရာတွင် ကြိုးထုံးက နဂိုမူလပုံစံ မည်သို့ရှိသည်ကို သူမ မမှတ်မိ။ ပြီး ရွှေကြိုးကိုယ်နှိက်က ထုံးလို့မရအောင် ရှိနေသည်။

အပ်ွိသင်း အိမ်ထဲဝင်လာရင် ကြိုးထုံးပြေနေတာကို သူ မမြင်ဘဲနေမှာမဟုတ်ဘူး။ သူမက စိတ်ထဲမှ ရွတ်နေမိသည်။ ပြီး ပုံးထဲကို ငါ မကြည့်မိပါဘူးလို့ ပြောရင်လည်း သူက ယုံမှာမဟုတ်ဘူး။

ပုံးထဲမှ အသံသေးအသံညှောင်ကလေးတွေနှင့် သူမ အား အော်ခေါ်နေသည်ကို ပင်ဒိုရာ ကြားမိပုံမရ။

'ငါတို့ အပြင်ထွက်ပါရစေ။ မင်းနဲ့ ငါတို့ ဆော့ကစား ကြမယ်လေ။ ငါတို့ အပြင်ထွက်ပါရစေ'

ဘာကြောင့် ပုံးထဲကို မကြည့်ရမှာလဲ။ တစ်ကြိမ်တစ် ခါပါပဲ။ သူမက ပုံးအဖုံးကို လက်ဖြင့် တို့ထိလိုက်သည်။

သည်အခိုက်မှာပင် အပ်ွိသင်းက အိမ်အဝင်ဝသို့ ပြန် ရောက်လာသည်။ အကယ်၍ သူက အော်ဟစ်ပြီး ပင်ဒိုရာ ကို ထားခဲ့လျှင် ပုံးထဲမှာ ဘာတွေရှိနေသည်ကို ဘယ်သော အခါမှ သိရှိနိုင်မည်မဟုတ်။ ပင်ဒိုရာက ပုံးအဖုံးအား ဖွင့် နေသည်ကို သူကိုယ်တိုင် မျက်ဝါးထင်ထင် တွေ့နေရသည်။ စင်စစ် သူမကဲ့သို့ပင် သူကိုယ်တိုင်ကလည်း သိပ်သိချင် သည်။ သူက အဝင်ဝတံခါးဘေးမှာ မလှုပ်မယှက် ရပ်နေ လိုက်သည်။

ပင်ဒိုရာ ပုံးအဖုံးကို ဖွင့်လိုက်သည်နှင့်တစ်ပြိုင်နက် တစ်အိမ်လုံး မှောင်အတိကျသွားသည်။ အထက်ဆီမှလည်း မိုးကြိုးပစ်သံများကို ကြားရသည်။ သူမက ပုံးထဲကို ငုံ့ ကြည့်လျှင် အခန်းအတွင်းမှ အတောင်ရှိ သတ္တဝါကောင် လေးများ ပျံထွက်ကုန်ကြသည်။ နာကျင်သည့် ဝေဒနာကို ခံစားရလျှင် အပ်ွိသင်းက ငယ်သံပါအောင် အော်သည်။

'ငါတော့ အတုပ်ခံရပြီ။ နာလိုက်တာ။ ပင်ဒိုရာ ဘာ ကြောင့် ပုံးကို ဖွင့်ရတာလဲ'

ဒေါသယမ်းအိုးပေါက်ကွဲနေသော ခြင်၊ ယင်များကဲ့သို့ အကောင်ငယ်ကလေးများက တစ်ခန်းလုံး တဝီဝီဝဲပျံနေပြီး သူတို့နှစ်ဦးစလုံးကို တုပ်ကြသည်။ ပင်ဒိုရာက ငယ်သံပါ အောင်ဟစ်အော်ပြီး ချုံးပွဲချင်သည်။

ပဟေဠိဆန်သောပုံးကို ဖွင့်လိုက်မိသည့်အတွက် သူမ ဟာ တစ်လောကလုံးကို ဒုက္ခတွေပေးလိုက်သကဲ့သို့ ဖြစ်နေ သည်။ သောက(Cares)များ၊ ရောဂါဘယများ(Deceases)၊ ကြေကွဲစရာများ(Sorrows)တွေကို သည်အချိန်ထိ ပုံးထဲမှာ အလုံပိတ်ထားခဲ့သည်။ သို့မှသာ ပျော်ရွှင်မြူးထူးနေကြသော ကလေးငယ်များက သည်အရာတွေကို မသိဘဲ ရှိကြနေ ရော့မည်။

သည်မျှသာမကသေး အတောင်ပံရှိ သတ္တဝါကလေး များက အိမ်ပြင်ပျံဝဲကာ အခြားကလေးများကိုတုပ်သည်။ သည်ဖြစ်စဉ်အပြီး နောက်ပိုင်းတွင် ယခင်ကကဲ့သို့ နှုန်း ငယ်ရွယ်သူများ မဟုတ်ကြတော့ဘဲ နေ့စဉ်နှင့်အမျှ ရင့်ကျက် ကြီးထွားလာကြသည်။ ထို့ပြင် အားလုံးသောပန်းပွင့်များ သည်လည်း ယခင်ကကဲ့သို့ မဟုတ်တော့ဘဲ ညှိုးရော့ကြသည်။ ကြွေကျ မြေခကြသည်။

ပင်ဒိုရာရော အပ်ွိသင်းတို့ နှစ်ဦးစလုံး ဝေဒနာကိုယ်

www.burmeseclassic.com

ခံစားလျက် သည်အိမ်မှာပင် ဆက်နေကြသည်။ သည်ကမ္ဘာလောကကြီး စတင်ပေါ်ပေါက်လာချိန်မှစ၍ သည်ဝေဒနာက အစပထမမျှသာဖြစ်သည်။ သည်ထက်ပိုသော ဝေဒနာများကိုပါ ခံစားရဖို့ဖြစ်လာသည်။ ပြီး သူတို့အချင်းချင်း မသင့်မမြတ်ဖြစ်လာသကဲ့သို့ အခြားသောသူများနှင့်ပါ မသင့်မမြတ်ဖြစ်လာကြသည်။

ပင်ဒိုရာက ကြမ်းခင်းပေါ် ပိပိပြားပြားထိုင်ကာ သေမင်းတမန်ပုံးကိုမှီပြီး သည်းထန်စွာငိုသည်။ သူမဟာ ဘယ်လောက်ကြိုဟ်မွေ့ခဲ့မှန်း သိလာရသည်။ အပ္ပိသင်းက သူမကို ကျောခိုင်းကာ အခန်းထောင့်တစ်နေရာတွင် မှိုင်ကာ ထိုင်နေသည်။ သူမကဲ့သို့ သူသည်လည်း အပြစ်မကင်းသည်ကို သိသည်။

ရုတ်ခြည်းဆိုသလို ပုံးထဲမှ ခေါက်သံကို ကြားရသည်။

'အဲဒါ ဘာသံလဲ'

ပင်ဒိုရာက မေးသည်။ သူမ ခေါင်းကိုလည်း မော့လိုက်သည်။ တစ်ဖန် သေးငယ်သော နတ်သမီးကလေးက ပုံးအဖုံးအောက်မှ ခေါက်သံလို့ အသံက ထပ်တလဲလဲ ပေါ်လာသည်။

'ဘယ်သူလဲဟေ့'

ပင်ဒိုရာက အော်မေးသည်။ သူမရဲ့ သိချင်စောက ကဲသထက် ကဲလာသည်။

'အဖုံးကို ဖွင့်လိုက်လေ။ နင် မြင်ရမှာပေါ့'

ချိုသာသော အသံကလေးဖြင့် ပြန်ဖြေသည်။

'ဟင့်အင်း..ဟင့်အင်း'

ပင်ဒိုရာက ဖြေပြီး ငိုပြန်သည်။

'ငါက အမြီးမှာ အဆိပ်ရှိတဲ့ သတ္တဝါကောင်လေးတွေမျိုး မဟုတ်ပါဘူး'ဟု အသံသေးက ပြောသည်။

'ဒီ အပြင်ထွက်ပါရစေ ပင်ဒိုရာရယ်။ ဒါအတွက် နင့်မှာ ကြေကွဲစရာ မဖြစ်စေရပါဘူး'

ပင်ဒိုရာက အပ္ပိသင်းဘက်သို့ လှည့်ကြည့်သည်။

'ပုံးအဖုံးကို ဖွင့်ရမှာလား'

သူမက မေးသည်။

'အေးလေ..အရင်က အန္တရာယ်ကောင်တွေ(Troubles) အတော်များများကို ထုတ်ခဲ့ပြီးပြီပဲဥစ္စာ'ဟု သူက ပြောသည်။

'နောက်တစ်ကောင် လွတ်ရုံနဲ့တော့ သန်းခေါင်ထက် ညဉ့်မနက်တော့ပါဘူးဟာ'

'အကြင်နာမဲ့တဲ့ ကောင်ကလေး'

ပုံးထဲမှအသံက ပြန်ပက်သည်။ တစ်ဖန် အသံက-

'သူက ငါ့ကို ကြည့်ချင်နေတာ တမ်းတမ်းစွဲဆိုတာ သူသိပါတယ်လေ။ ဒီမှာ ပင်ဒိုရာ..ပုံးအဖုံး ဖွင့်စမ်း၊ ငါ့ကို လေကောင်းလေသန့်ဆီ လွှတ်ပေးခဲ့ရင် နင့်ကို စိတ်ချမ်းသာယာရစေမယ်'

'ပုံးကို ဖွင့်မယ်ဟေ့၊ ဖြစ်ချင်ရာဖြစ်ပဲ'

ပင်ဒိုရာက အော်သည်။

'ငါ အကူအညီပေးပါ့မယ်ကွာ'

အပ္ပိသင်းက အခန်းထောင့်ဆီမှ အပြေးအလွှားလာရင်း ပြောသည်။

သူတို့နှစ်ဦးက ပုံးရဲ့အဖုံးကို ပြိုင်တူမ,ပြီး ဖွင့်လိုက်သည်။

နတ်သမီးငယ်လေးလို သတ္တဝါကောင်လေး ပျံထွက်လာကြသည်။ သူပျံဝဲရာ နေရာတိုင်းကို အလင်းရောင်ပေးသည်။ နေရောင်ခြည်က ကြေးမုံမှန်သားပေါ်မှာ အရောင်ဟပ်နေသည်ကို မြင်ဖူးကြမှာပေါ့နော်။ ပြီး သတ္တဝါကလေးက ပင်ဒိုရာရဲ့ နဖူးပြင်ကို နမ်းရှုပ်သည်။ နာကျင်သည့် ဝေဒနာက ရုတ်ခြည်းဆိုသလို ပျောက်သွားသည်။ တစ်ဖန် သတ္တဝါကလေးက အပ္ပိသင်းဆီ ပျံဝဲသွားပြီး အတုပ်ခံရသည့် ဝေဒနာကို အဆိပ်ပြေစေသည်။

BURMESE CLASSIC

တစ်ဖန် နတ်သမီးလေးလို သတ္တဝါက သူတို့နှစ်ဦးကို ချိုချိုသာသာပြုံးပြသည်။ သူတို့နှစ်ဦးကလည်း သည်တစ်ကြိမ် အဖုံးဖွင့်ပေးရခြင်းကို ပျော်နေမိသည်။

'မင်း ဘယ်သူဘယ်ဝါဆိုတာ ငါတို့ကို ပြောပြပါလား'

ပင်ဒိုရာက တောင်းဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မက မျှော်လင့်ခြင်း(Hope)လို့ ခေါ်ပါတယ်ရှင်' ဟု အလင်းရောင်ပေးသည့် သတ္တဝါကလေးက ဖြေသည်။

'ညစ်ညူးစရာကောင်းတဲ့ သတ္တဝါကောင်လေးတွေပေးတဲ့ ဒုက္ခတွေကို အေးငြိမ်းစေဖို့ လူသားမျိုးနွယ်တွေကို ကူညီဖို့ ပုံးထဲကို ထည့်ပေးလိုက်တာပါ'

'အေး..မင်းရဲ့တောင်ပံမှာ သက်တံရောင်စုံအတိုင်း အရောင်စုံ ပါတယ်နော်'

ပင်ဒိုရာက တအံ့တသြမေးသည်။

'ဟုတ်တယ်လေ၊ တောင်ပံအရောင်က သက်တံရောင်အတိုင်းပါပဲ' ဟု မျှော်လင့်ခြင်းက ရှင်းပြသည်။

'ငါဟာ မျက်ရည်တွေ၊ အပြုံးတွေ ရောမွှေထားတဲ့ သတ္တဝါပဲလေ'

'ကျွန်တော်တို့နဲ့အတူ အမြဲထာဝရနေမှာလား'

အပွိသင်းက မေးသည်။

'ရှင်တို့လိုအပ်တဲ့အထိ ကျွန်မ နေရမှာပေါ့'

မျှော်လင့်ခြင်းက ပြုံးပြီးဖြေဆည်။

'ရှင်တို့ကို စွန့်ခွာမသွားပါဘူးဆိုတာ ကတိပေးပါတယ်။ ဒါပေမဲ့ တစ်ခိုနှစ်ခိုနှစ်မှာ ကျွန်မ ပျောက်သွားတဲ့အခါလည်း ရှိလိမ့်မယ်။ ဒါပေမဲ့ ကျွန်မကို မျှော်လင့်တမ်းတမိတယ်ဆိုပဲ ကျွန်မတောင်ပံက အလင်းရောင်ကို ရှင်တို့မြင်တွေ့ရမှာပါ'

သူမ ပြောသောစကားမှာ အမှန်ချည်းဖြစ်သည်ကို ကလေးငယ်များ သိရသည်။ အန္တရာယ်ကောင်လေးများက တစ်လောကလုံး ပျံဝဲသွားလာပြီး လူတွေကို အဆိပ်ခြင်တုပ်နေသေးသော်လည်း မျှော်လင့်ခြင်းရဲ့အလင်းက အလှမ်းမလေးဘဲ ရှိနေသည်ကို တွေ့ရတတ်သည်။

သည်နေ့ သည်ကာလမှာလည်း သည်အတိုင်း အမှန်အကန်ပဲမဟုတ်ပါလား။ မျှော်လင့်ခြင်းမရှိလျှင် ကျွန်တော်၊ ကျွန်မတို့အားလုံး ဘာလုပ်ကြမှာလဲ။ အန္တရာယ်တွေ ဘယ်လောက်ပဲဖိစီးနေပါစေ မျှော်လင့်ခြင်းက သက်သာရာရစေသည်။ အန္တရာယ်ပြမ်းသောလောကကို မျှော်လင့်ခြင်းကသာ ရှင်သန်စေနိုင်သည်။ မျှော်လင့်ခြင်းက အရာခပ်သိမ်းကို အသစ်စက်စက် ဖြစ်စေနိုင်သည်ဟူ၍..။

ကျော်ထက်ထွန်း

Wonder Tales From Greece by Mergery Green စာအုပ်မှ *Pandora and the Box* ကို ပြန်ဆိုပါသည်။